မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ၏

သတ္တမ ကျမ်းစာ

# ပါတိမောက်ဘာသာဋီကာ

ဓမ္မာဘိကာကို နိဿယ အဓိပ္ပါယ် စုံလင်စွာ တန်ဆာ ဆင်ထားသဖြင့်
ဆိုင်ရာစာမေးပွဲများအတွက် တာဝန်ယူပါလိမ့်မည်။

သာသနာ - ၂၅၂၃ ကောဇာ - ၁၃၄၁ စက်တင်ဘာ - ၁၉၇၉

The Most Amiable and Meritorious

Gift of

Field Marshal Thanom and

Thanpaying Chongkol Kittikachorn

of Thailand.

19-3-1981.

၁၅၁၀၉

## အရှင်ဇနကာဘိဝံသ

၏

### သတ္တမ ကျမ်းစာ

# ပါတိမောက်ဘာသာဋီကာ

[ ဒွေမာတိကာကို နိဿယ အဓိပ္ပာယ် စုံလင်စွာ
တန်ဆာဆင်ထားပါသည်။ ]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၃၊ ကောဇာ-၁၃၄၁၊ စက်တင်ဘာလ၊ ၁၉၇၉၊

က (စတုတ္ထအကြိမ်)

ပါဠိမြောက် ဘာသာဋီကာ

ဘုရားဥပဒေသတော်ကြီး

# ဗုဒ္ဓဘာသာ သင်ခန်းစာ

ခုဒ္ဒသိက္ခာ ဘာသာဋီကာ

**အနာဂတ်သာသနာ**

တဘဝသံသရာ, ဒုလ္လဘကထာ

ဆိုင်ရာစာမေးပွဲအောင်မြင်၍ ပဗ္ဗဇိတ ဒုလ္လဘအဖြစ် လဇ္ဇီသူတော်ကောင်း
သာသနာတော်ဝန်ထမ်း ရဟန်းအဖြစ် နေလိုသူများ ဤကျမ်းစာ
များကို ဘတ်ရှု လေ့လာကျင့်သုံးပါ။

စတုတ္ထအကြိမ်

---

အုပ်ရေ - ၅၀၀၀

---

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာန အတွက်
ကိုးမိုးမိတ်ဆက်ပုံနှိပ်တိုက် (၀၂၂၀၉)တွင် ဦးမံလှက ပုံနှိပ်၍
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။



# အရှင်ဇနကာဘိဝံသ ၏

## တဘဝသံသရာ ဖြစ်စဉ် အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄) ရက်၊ ( ၁၉၀၀ ပြည့်၊ ဖေဖော်ဝါရီလ ၂၇ ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆ ခုနှစ်၌ ပထမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅ ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉ ခုနှစ် သက်တော် ၁၈ နှစ် အရွယ်တွင် ပထမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀ ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁ ခုနှစ် နယုန် လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁ ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇ ခုနှစ်၌ ''ပထမကျော်'' အောင်မြင်တော်မူသည်။

၈။ ၁၂၈၉ ခုနှစ်၌ ''သကျသီဟ စာမေးပွဲ'' ခေါ် ''ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ''ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃ ခု၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက် သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့ လာခဲ့စဉ်က သံဃာတော် ၅ ပါးမျှသာ ရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ)"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅ ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ သြဝါဒ စရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ သြသာနသောဓေယျ ပတ္တ ပါဠက အဖြစ် တင်မြှောက်တော်မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၃ ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၀ ခု၊ သက်တော် (၃၀)မှစ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ ၁၂၉၃ ခုနှစ်တွင် ပထမဦးဆုံး ကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၈ ခု၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် "တဘာဝသံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။

၁၅။ ၁၃၃၉ ခုနှစ်၊ သက်တော် (၇၈)နှစ်အရောက် နတ်တော်လပြည့်ကျော် ၂ ရက် (၁၉၇၇ ခု၊ ဒီဇင်ဘာလ ၂၇ ရက်) အင်္ဂါနေ့ညနေ(၄)နာရီ မိနစ် (၃၀)တွင် တဘာဝအတွက် ငြိမ်းတော်မူပါသည်။

## သတ္တမ ကျမ်းစာ

ဤ ပါတိမောက် ဘာသာဋီကာ ဝိနည်းကျမ်းစာကို ၁၃၀၀-ပြည့် တပေါင်းလတွင် ရေးသားပြီးခဲ့ပါသည်။ ထိုအချိန်က ရတနာ့ဂုဏ်ရည်၊ အခြေပြု သဂြိုဟ်၊ အခြေပြုသဒ္ဒါ၊ သဂြိုဟ်ဘာသာဋီကာ၊ ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ၊ ကိုယ်ကျင့်အဘိဓမ္မာ၊ ကျမ်းပေါင်း ခြောက်ကျမ်း ရေးသားပြီးနောက် သက်တော် ၃၉-နှစ်အဝင်တွင် သတ္တမမြောက် ကျမ်းစာကို ရေးသားပြီးခြင်း ဖြစ်ပါသည်။

## ဆရာတော်၏ ဆန္ဒတော်

"ဤ ကျမ်းပေါင်းအရပ်ရပ်ကို ထပ်ကာ ထပ်ကာ စီစဉ်နေခြင်းမှာလည်း ကျမ်းစာတွေကို ညွှန်ပြ၍ "ကျမ်းပြုဆရာတော်" ဟူသော ပကာသနစသည်ကို လိုလားခြင်းကြောင့် မဟုတ်ပါ၊ သာသနာ့ဝန်ကို ထမ်းရာဝယ် စွမ်းဆောင်နိုင်ရာဘက်မှ ဆောင်ရွက်ထိုက်သည်ဟု သဘောရ၍ စိတ်ပန်း ကိုယ်ပန်း ထမ်းနေခြင်း ဖြစ်ပါသည်"

"ဘုရားရှင်သည် လူအပေါင်းတို့၏ ပြုစုသမျှကို ခံထိုက်၍ သုဂတိ ဆိုက်လောက်အောင် အာဏာပါတိမောက် ခေါ် သိက္ခာပုဒ် သီလတော်များကို ပညတ်တော်မူခဲ့ပေရာ ထိုအတိုင်း လိုက်နာပါလျှင် စိတ်အနေအထားလည်း အလိုလို အချိုးအစားကျပြီး ဖြစ်ပါလိမ့်မည်"

ဤ စာ ၂-ပိုဒ်ဖြင့်ပင် ဆရာတော်၏ ကျမ်းပြုခြင်း၊ တရားဟောခြင်း၊ ကျောင်းတိုက်ကို စီမံအုပ်ချုပ်ရခြင်း၊ တပည့်သံဃာ တကာ-တကာမတို့အား ဩဝါဒပေးရခြင်း စသည်တို့မှာ ဘုရားရှင်၏ ဘဝပေါင်းများစွာ မနှိုင်းယှဉ်နိုင်အောင် ဆင်းရဲအမျိုးမျိုးကို ခံစား၍ ထူထောင်လာခဲ့ရသော သာသနာတော်ကြီးကို သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ကြသူ မိမိတို့ကြောင့် ဆုတ်ယုတ်ပျက်ပြားခြင်း မရှိရအောင် ကြိုးစားနေခြင်းမှာ ထင်ရှားလှပါသည်။

## နှစ်သက် ရှင်လန်းနိုင်ပါစေ

ဆရာတော်၏ ကျမ်းစာများကို နိုင်ငံတော်နှင့် သာသနာတော်တွင် အရှည်သဖြင့် အကျိုးပြု တည်တံ့နိုင်အောင် နာယကဆရာတော်များ၏ ညွှန်ကြားချက်အရ ကျမ်းစာအုပ်များ အဆင့်အတန်းမြင့်၍ အရှည် ခိုင်ခံ့နိုင်အောင် စာရွက်ကောင်းများဖြင့်သာ ရိုက်နှိပ်၍ အားလုံး ရိုက်နှိပ်သမျှ ကျမ်းစာများကိုလည်း သီချုပ် ချုပ်၍သာ ဖြန့်ချိမည် ဖြစ်ပါသည်။

စာရွက်ကောင်းခြင်း၊သိချုပ် ချုပ်ရခြင်းတို့ကြောင့် ကျမ်းစာများ စရိတ်မှာ သာမန်စာအုပ်များထက် ဈေး ပိုကျပါသည်။ သို့သော် ယခုခေတ် သာမန် စာအုပ်ဈေးများထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းနိုင်အောင် စီစဉ်ကြ ပါသည်။

ကျမ်းစာများမှာ ထုတ်ဝေသောအခါ အချိန် မကြာမြင့်မီ ကုန်သွားတတ် ပါသဖြင့် ဝယ်မရ၍ ဈေးနှုန်းများနေသော ကျမ်းစာများကို ဦးစားပေး၍ အမြန် ရိုက်နှိပ်နေပါသည်။

ယခု ဝါခေါင်လမှစ၍ တအုပ်ပြီး တအုပ် ထွက်ပေါ်လာပါလိမ့်မည်။

## နှစ်သက် ရှင်လန်းနိုင်ပါစေ

**“တစုံ” “တယောက်”၊ ချမ်းသာရောက်ဘို့၊**
**ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊**
**ငါတို့ဆရာ၊ ထေရ်မဟာ၏၊**
**ဘာသာကျမ်းများ၊ စဉ်ပြန့်ပွား၍၊**
**မြတ်ဖျား(ဘုရား) သာသနာ၊ ခွန့်ရှည်ကြာလျက်၊**
**မြန်မာကောင်းကျိုး၊ အစဉ်တိုးအောင်၊**
**အားကြိုးမာန်တက်၊ တို့ဆောင်ရွက်သည်၊**
**နှစ်သက် ရှင်လန်းနိုင်ပါစေ။**

၁။ အနာဂတ် သာသနာအတွက် ဗုဒ္ဓဘာသာ သင်ခန်းစာ (ထွက်ပြီ)၊ ၂။ ရတနာ့ဂုဏ်ရည် အထူးထုတ် (ထွက်ပြီ)၊ ၃။ ရုပ်ပုံရှင်ကျင့်ဝတ်၊ ၄။ ပါတိမောက် ဘာသာဋီကာ၊ ၅။ ဗုဒ္ဓါနုဿတိဘာဝနာ၊ ဗြဟ္မဇာလသုတ်၊ သာမညဖလသုတ် မြန်မာပြန် ၃ အုပ်တွဲ၊ ၆။ သင်္ဂြိုဟ်ဘာသာဋီကာ၊ ၇။ အဋ္ဌကထာ အခြေပြု၊ ၈။ ရူပသိဒ္ဓိဘာသာဋီကာ၊ ၉။ ကိုယ်ကျင့် အဘိဓမ္မာ၊ ၁၀။ အနာဂတ် သာသနာ၊ ၁၁။ အခြေပြုသဒ္ဒါ၊ ၁၂။ အခြေပြုသင်္ဂြိုဟ်၊ ၁၃။ ဘုရား ဥပဒေတော်ကြီး၊ ၁၄။ အခြေပြု ပဋ္ဌာန်းတရားတော်၊ ၁၅။ ဓမ္မစကြာ တရားတော်၊ ၁၆။ ဒုလ္လဘကထာ၊ ၁၇။ လူ့ချမ်းသာ၊ ၁၈။ ပဋ္ဌပကရဏာဘာသာဋီကာ ၅-တွဲ၊ ၁၉။ ပါရာဇိကဏ်ဘာသာဋီကာ ၄-တွဲ၊ ၂၀။ သီလက္ခန် ဘာသာဋီကာ ၄-တွဲ၊ ၂၁။ အဋ္ဌသာလိနီ ဘာသာဋီကာ ၄-တွဲ၊ ၎င်းကျမ်းစာများ အဆင့်ဆင့် ထွက်ပေါ်လာပါလိမ့်မည်။

(ဆ)

## မပျက်မကွက် အောင်ရမည်

* တို့ဆရာတော် သက်ရှိတုန်းက၊
နောက်ဆုံးအထိ ရေးခဲ့သည်။

* မြတ်ကျမ်းတွေတွေ ရှင်လူလက်သို့၊
ဆက်လက်ပြန့်ပွား ရောက်စေမည်။

* ကျေးဇူးတော်ရှင် ရည်ရွယ်ချက်တော့၊
မပျက်မကွက် အောင်ရမည်။

* နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊
ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဤကဲ့သို့ ကျမ်းစာများ ထုတ်ဝေနိုင်အောင် ငွေအား လူအား ဉာဏ်အားဖြင့် ကူညီကြသော ပုဂ္ဂိုလ်အပေါင်းသည် အတိုင်းအတာ မရှိ အ မြင့် မြတ် ဆုံး ပရိယတ္တိဓမ္မဒါနကြီးကို သာသနာတော် အခွန့်ရှည်ရန် ကူညီအားပေးကြသူများ ဖြစ်သည်နှင့်အညီ သာသနာကို စောင့်ရှောက်ကူညီကြသော အရိယာ, ပုထုဇဉ် သူတော်ကောင်းပုဂ္ဂိုလ် မှန်သမျှတို့က မမေ့မလျော့ ထိုက်တန်သလို ကူညီစောင့် ရှောက်ကြစေရန် မေတ္တာကို သစ္စာဖြင့် ထပ်ဆင့်၍ ဆုတောင်းမေတ္တာ ပြုလိုက် ပါသည်။

ရသင့် ရထိုက် ရခွင့်ရှိသော အကျိုးစီးပွားတို့သည် အပိတ်အပင် အဆီး အတား မရှိ အပြည့်အစုံ ရရှိကြပါစေသတည်း။

# (၈)

## ပရိယတ္တိဓမ္မဒါန ကုသိုလ်ပြုသူများ

ရန်ကုန်မြို့ ဦးကျင်ညွန့်-ဒေါ်ကျင်ဟုန်မိသားစု၊ ပဲခူးမြို့ မင်းကျောင်း ပရိယတ္တိ စာသင်တိုက် ဦးသုရိယ၊ ပဲခူးမြို့ ကွယ်လွန်သူ (ရွှေခြူး) ဦးသူတော်ကို အမှူးထား၍ မုံရွေ့ရိဆေးလိပ်ရုံ ဦးကျော်အေး-ဒေါ်စောရီမိသားစု၊ ရန်ကုန်မြို့ ဗုဒ္ဓဓမ္မလောကစာစောင် ဒေါ်ရင်မေ၊ ၃၁ လမ်း ဦးသိန်းလွင်-ဒေါ်သီမိသားစု၊ အင်းယားလမ်း ပညာရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာ ဒေါ်ကေမြရီ၊ မြင်းခြံမြို့ ဆေးရိုးစက်ပိုင်ရှင် ဦးရီ-ဒေါ်အေးသန်းမိသားစု၊ ၃၅ လမ်း ဦးအုန်းခဲ-ဒေါ်စိန်စိန်၊ ဒုဋ္ဌိလ်မှူးကြီး (အငြိမ်းစား) ရွှေတိဂုံ ဘဏ္ဍာတော်ထိန်း လူကြီး ဦးအောင်သိမ်း-ဒေါ်ညွန့်မေ မိသားစု၊ ဦးထိန်ဝင်းနှင့် မောင်နှမ မိသားစုတို့က တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ အနှစ်သက်ဆုံး အလုပ်ဖြစ်သော ကျမ်းစာများကို ရိုက်နှိပ်ဖြန့်ချိ ထုတ်ဝေနိုင်အောင် စွမ်းနိုင်သမျှ ဉာဏ်အား လူအား ပစ္စည်းအားတို့ဖြင့် ဆရာတော်၏ ဘုန်းကံကို အမှီပြု၍ ကြိုးစားအားထုတ်ကြပြီးလျှင် "သာသနာနှင့် ဆရာတော်အား" ပူဇော်ကြပါသည်။

ဆရာတော်၏ အဆုံးအမ စာပေ ကျမ်းစာများ၌ မွေ့လော် ကျင့်သုံး နေကြသူများ ဝမ်းမြောက်တော်မူကြပါ။

ဤ ကုသိုလ်အဘို့ကို ရသင့် ရထိုက်သော ပုဂ္ဂိုလ် သတ္တဝါအပေါင်း သပ်တူ အမျှရကြ၍ မိမိတို့အလိုဆန္ဒရှိသလို အလိုဆန္ဒရှိသလောက် ရသင့်သော အကျိုး စီးပွားချမ်းသာကို အပြည့်အစုံ ရရှိကြပါစေသတည်း။

### "စဉ်ဆက်သာသနာ တည်စေသော်"

အကယ်၍သာ၊ မြတ်ဗုဒ္ဓါသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။
ယခုခါသော်၊ မြတ်ဇိနော်သည်၊ ပွင့်ပေါ်ထင်ရှား၊ ဟောညွှန်ကြား၍၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထို ဘုံဘဝ၊ သိကြရ၊ များလှ ကျေးဇူးပေ။
ကျေးဇူးတော်ရှင်၊ ဘုရားရှင်၏၊ များဖြင်ဒေသနာ၊ အဖြာဖြာကို များစွာမိုလ်လူ၊ သိစိမ့်ဟူ၍၊ ဆူဆူကျမ်းစာ၊ ဘာသာ ဋီကာနှင့် စာဝါ (အ) မျိုးပျိုး၊ ကမ္ပည်းထိုးခဲ့၊ နောင် (အ) ကျိုးကိုမျှော်၊ တိုဆ (ရာ) တော်၏၊ ဂုဏ်တော်ကျေးဇူး၊ အထူးထူးကို၊ ညွှတ်နူးရည်လျက်၊ တိုဆောင်ရွက်သည်၊ စဉ်ဆက် သာသနာ တည်စေသော်။
သာဓု .... သာဓု .... သာဓု ....။

၁၃၄၁၊ ဝါခေါင်လဆုတ် ၄ ရက်
စနေနေ့၊ (၁၁-၈-၇၉)

# ခေါင်းစဉ် မာတိကာ

အကြောင်းအရာ | စာမျက်နှာ

## ဥပုသ်ပြု ပရိက်မ် အခန်း


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဥပုသ်ပြုခြင်း ပရိကမ် | .... | ၁ |
| ပုဗ္ဗကရဏ ၄ ပါး | .... | ၁ |
| ပုဗ္ဗကိစ္စ ၅ ပါး | .... | ၂ |
| ဆန္ဒပါရိသုဒ္ဓိအက္ခာန | .... | ၃ |
| ဆန္ဒပါရိသုဒ္ဓိပေးပုံ | .... | ၃ |
| ဆန္ဒချည်း ပေးသင့်ရာ | .... | ၄ |
| ဥတုအက္ခာနနှင့် ဘိက္ခုဂဏနာ | .... | ၄ |
| ကရဏနှင့် ကိစ္စအထူး | .... | ၅ |
| ပတ္တကလ္လအင်္ဂါ ၄ ပါး | .... | ၆ |
| ဥပေါသထော | .... | ၆ |
| ပကတတ်ရဟန်း | .... | ၇ |
| သဘာဂ အာပတ် မရှိပုံ | .... | ဂ |
| ဝဇ္ဇနီယ ပုဂ္ဂိုလ် ၂၁ ယောက် | .... | ၉ |
| ပဏ္ဍုက် ၅ မျိုး | .... | ၉ |
| ထေယျသံဝါသက ပုဂ္ဂိုလ် | .... | ၉ |
| လိင်္ဂထေနက | .... | ၁၀ |
| သာမဏေများ သတိထားဘွယ် | .... | ၁၀ |
| သံဝါသထေနက | .... | ၁၀ |
| ဥဘယထေနက | .... | ၁၁ |
| တိတ္ထိယ ပက္ကန္တက | .... | ၁၁ |
| ပါတိမောက္ခုဒ္ဒေသက ရဟန်း၏ ပဋိညာဉ်စကား | .... | ၁၂ |
| ပဋိညာဉ်စကားအတွက် စဉ်းစားဘွယ် | .... | ၁၂ |
| သမာပေတွာပုဒ် အဆုံးအဖြတ် | .... | ၁၃ |
| သာမဂ္ဂီ ၂ မျိုး | .... | ၁၃ |

**အကြောင်းအရာ** စာမျက်နှာ

## နိဒါန အခန်း

ဥတ်ခေါ်ရပုံနှင့် ဥတ်မြန်မာပြန် .... ၁၆
စာတုဒ္ဒသီနှင့် သာမဂ္ဂီဥတ် .... ၁၆
ပါတိမောက်ပြမှုကို ဥပုသ်ပြုခေါ်ရပုံ .... ၁၇
ဥဒ္ဒိသိဿာမိ ဆိုထိုက်ပုံ .... ၁၉
သာခုက်ံ သုဏောမနှင့် မနသိကရောမ .... ၂၀
အာပတ်သင့်-မသင့်အလိုက် တိုက်တွန်းချက် .... ၂၁
အာပတ်သင့်ခြင်းအကြောင်း ၆ ပါး .... ၂၂
အလဇ္ဇီ လက္ခဏာ .... ၂၂
အသားကြီး ၁၀ မျိုး .... ၂၃
အာပတ် ၇ ဖုံ .... ၂၃
မမေးသော်လည်း ဖြေသင့်ပုံ .... ၂၃
ထင်စွာ မပြုလျှင် အာပတ်သင့်ပုံ .... ၂၄
မုသာဝါဒ ဒုက္ကဋ် .... ၂၆
အပြစ်နှင့် အကျိုး .... ၂၆
အကြောင်းအကျိုးဆက်ပုံ .... ၂၇
ပိဋ္ဌာတ္တ ပဥ္စက ၅ ပါးအစွဲ .... ၂၉

## ပါရာဇိက အခန်း

ပထမ ပါရာဇိက သိက္ခာပုဒ် .... ၃၁
သိက္ခာနှင့် သာဇီဝခေါ်ပုံ .... ၃၂
သီလ ၂ မျိုးနှင့် အရကောက် .... ၃၂
ဝါရိတ္တနှင့် စာရိတ္တ သီလ .... ၃၃
ဖြည့်ကျင့်မှုနှင့် မကျူးလွန်မှု ထူးပုံ .... ၃၃
သိက္ခာချနည်း .... ၃၄
သိက္ခာကျကြောင်း အင်္ဂါ ၆ ပါး .... ၃၄
ဒုဗ္ဗလျာ ဝိကမ္မ ၂ မျိုး .... ၃၅
မင်္ဂ ၃ မျိုး .... ၃၆
ပါရာဇိကလောက်သော အငယ်ဆုံး တိရစ္ဆာန်များ .... ၃၆
သိက္ခာပုဒ်နှင့် အာပတ် .... ၃၇
ရဟန်းကောင်းတို့ ပေါင်းသင်းနေထိုင်ရာ ၃ ဌာန .... ၃၇

## အကြောင်းအရာ

စာမျက်နှာ

ဒုတိယ ပါရာဇိက သိက္ခာပုဒ် .... ၃၉
အဒိန္နခေါ်ပုံ .... ၄၀
ပါရာဇိကအတွက် အရေးကြီးသော ငွေတမတ် .... ၄၁
နီလက ဟာပဏ လုပ်နည်း .... ၄၁
တန်ဘိုးအလိုက် အာပတ်ကွဲပြားပုံ .... ၄၂
အယမ္ပိ ပါရာဇိကောဌ် ပိသဒ္ဒါအတွက် မှတ်ချက် .... ၄၂
တတိယ ပါရာဇိက သိက္ခာပုဒ် .... ၄၄
ဇီဝိတ ၂ မျိုး .... ၄၅
ပရိယာယ်ဖြင့် အပြစ်သင့် .... ၄၇
တတိယပါရာဇိက သိက္ခာပုဒ်၌ သတ်နည်း ၄ မျိုး .... ၄၇
စတုတ္ထပါရာဇိက သိက္ခာပုဒ် .... ၅၀
ဥတ္တရိ မနုဿဓမ္မ အဓိပ္ပာယ် .... ၅၀
သမနုဂ္ဂါဟီယမာနောအရ မေးမြန်းနည်း ၆ မျိုး .... ၅၂
တုစ္ဆံနှင့် မုသာအထူး .... ၅၃
အဓိမာန ခေါ်ပုံ .... ၅၄
ပါရာဇိက ၂၄ ပါး .... ၅၆
ယာဝတတိယာနုဿာဝနအကျိုး .... ၅၇

## သံဃာဒိသေသ အခန်း

သုက္ကဝိသဋ္ဌိသိက္ခာပုဒ် .... ၅၈
ကာယသံသဂ္ဂသိက္ခာပုဒ် .... ၆၁
ဩတိဏ္ဏာပုဒ်၏ အနက် ၂ မျိုး .... ၆၁
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ .... ၆၁
ကာယသံသဂ္ဂ အဓိပ္ပာယ် .... ၆၂
သံဃာဒိသေသောပုဒ်၏ ဝစနတ္ထနှင့် အရကောက် .... ၆၃
ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ် .... ၆၄
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ .... ၆၄
အတ္တကာမ ပါရိစရိယ သိက္ခာပုဒ် .... ၆၆
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ .... ၆၆
သဉ္စရိတ္တ သိက္ခာပုဒ် .... ၆၈
အောင်သွယ်မှု မပြုထိုက်သော အောက်ထစ်ဆုံးပုဂ္ဂိုလ် .... ၆၈
ကုဋိကာရ သိက္ခာပုဒ် .... ၇၁

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သံယာစိတ ကုဋိ | .... | ၇၂ |
| ကုဋိတိုင်းတာမှုအတွက် စဉ်းစားဘွယ် | .... | ၇၃ |
| အနာရမ္ဘနှင့် သပရိက္ကမန | .... | ၇၄ |
| ဝိဟာရကာရ သိက္ခာပုဒ် | .... | ၇၆ |
| မဟလ္လကဝိဟာရ | .... | ၇၆ |
| ဒုဋ္ဌဒေါသ သိက္ခာပုဒ် | .... | ၇၈ |
| အမူလက ပါရာဇိကဖြစ်ပုံ | .... | ၈၀ |
| ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် | .... | ၈၃ |
| အညဘာဂိယဖြစ်ပုံ | .... | ၈၃ |
| ဒေသ ၁၀ ပါးနှင့် လေသ ၁၀ ပါး | .... | ၈၄ |
| ကာလအပိုင်းအခြား တူညီမှုများ | .... | ၈၅ |
| သံဃဘေဒ သိက္ခာပုဒ် | .... | ၈၆ |
| ဘေဒါနုဝတ္တကသိက္ခာပုဒ် | .... | ၈၈ |
| ဧကောဝါ-ဒွေဝါ-တယောဝါ ဆိုရပုံ | .... | ၉၁ |
| ကံ ၂ မျိုး | .... | ၉၁ |
| ဒုဗ္ဗစ သိက္ခာပုဒ် | .... | ၉၄ |
| သဟဓမ္မိကံဝုစ္စမာနော | .... | ၉၅ |
| ကုလဒူသက သိက္ခာပုဒ် | .... | ၉၇ |
| ကုလဒူသနဝတ္ထု ၈ ပါး | .... | ၉၈ |
| ကုလဒူသနမှုအတွက် ခြင်းချက်နှင့် ကုလဒူသနအဖြစ် | .... | ၁၀၀ |
| အနေသန မိစ္ဆာဇီဝ | .... | ၁၀၀ |
| ဖုံးထားမှုအတွက် အင်္ဂါ ၁၀ ချက် | .... | ၁၀၆ |
| သံဃာဒိသေသ်အာပတ် ကုစားနည်း အစီအစဉ် | .... | ၁၀၆ |


## အနိယတ အခန်း


| | | |
|---|---|---|
| ပထမ အနိယတ သိက္ခာပုဒ် | .... | ၁၁၀ |
| ရဟော ပဋိစ္ဆန္နေ၌ ယူရမည့် ရဟ | .... | ၁၁၀ |
| ဤသိက္ခာပုဒ်အရ သင့်ခွင့်ရှိသောအာပတ်နှင့် ယူရမည့် မာတုဂါမ | .... | ၁၁၁ |
| ဒုတိယ အနိယတ သိက္ခာပုဒ် | .... | ၁၁၄ |
| အနိယတ ပညတ် ၇ မျိုး | .... | ၁၁၅ |

အကြောင်းအရာ | စာမျက်နှာ

## နိသဂ္ဂိယပါစိတ် အခန်း


ပထမကထိန သိက္ခာပုဒ် .... ၁၁၇
ကထိန်အကျိုး ၅ ပါး .... ၁၁၇
သင်္ကန်း ၆ မျိုး .... ၁၂၀
အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သင်္ကန်းပမာဏ .... ၁၂၀
အဓိဋ္ဌာန် ၂ မျိုး .... ၁၂၀
ပစ္စုဒ္ဓိုရ်အဓိပ္ပာယ် .... ၁၂၂
သင်္ကန်း ၉ ထည် .... ၁၂၃
အဓိဋ္ဌာန်ကျကြောင်း အင်္ဂါနှင့် နိသဂ္ဂိ စွန့်ပုံ စွန့်နည်း .... ၁၂၃
ဒုတိယကထိန သိက္ခာပုဒ် .... ၁၂၇
သင်္ကန်းထားရာဌာနများ .... ၁၂၈
နိသဂ္ဂိမထိုက်စေနည်း .... ၁၂၉
တတိယကထိန သိက္ခာပုဒ် .... ၁၃၀
စီဝရကာလနှင့် စီဝရအကာလ .... ၁၃၁
နိသဂ္ဂိအဝတ်ကို စွန့်ပုံ .... ၁၃၂
ပုရာဏစီဝရ သိက္ခာပုဒ် .... ၁၃၃
ဉာတိများ .... ၁၃၃
ဆွေမျိုးဆက်ပုံ .... ၁၃၄
ပုရာဏစီဝရ အဓိပ္ပာယ် .... ၁၃၄
စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ် .... ၁၃၆
အညာတကဝိညတ္တိ သိက္ခာပုဒ် .... ၁၃၆
တတုတ္တရိ သိက္ခာပုဒ် .... ၁၃၈
သန္တရုတ္တရပရမံ .... ၁၃၉
ပထမ ဥပက္ခဋသိက္ခာပုဒ် .... ၁၄၀
ဒုတိယ ဥပက္ခဋသိက္ခာပုဒ် .... ၁၄၂
ရာဇ သိက္ခာပုဒ် .... ၁၄၅
ဘောင်းမှုနှင့်စပ်၍ မှတ်ရမည့်အချက် .... ၁၄၈
အကပ္ပိယဝတ္ထုများ .... ၁၅၀
ကပ္ပိယတကျိပ် .... ၁၅၁
မေဏ္ဍက သိက္ခာပုဒ် .... ၁၅၂
ကောသိယ သိက္ခာပုဒ် .... ၁၅၅

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


အခင်းလုပ်ပုံ .... ၁၅၅
သုဒ္ဓကာဠကနှင့် ဒွေဘာဂ သိက္ခာပုဒ် .... ၁၅၇
ဆဗ္ဗဿ သိက္ခာပုဒ် .... ၁၅၈
နိသီဒန သန္ထတ သိက္ခာပုဒ် .... ၁၅၉
ဧဠကလောမ သိက္ခာပုဒ် .... ၁၆၁
ဧဠကလောမ ဓောဝါပန သိက္ခာပုဒ် .... ၁၆၂
ရူပိယ သိက္ခာပုဒ် .... ၁၆၄
အယူခိုင်းပြစ် .... ၁၆၄
အလှူခံမှုနှင့် စပ်၍ ခေတ်အလိုက်ကျင့်ဘွယ် .... ၁၆၅
ရွှေ ငွေစွန့်နည်းနှင့် စွန့်ရကျိုး .... ၁၆၆
ရွှေ ငွေ အလှူခံသူ၏ အပြစ် .... ၁၆၆
ရွှေ ငွေနှင့် စပ်၍ သတိပေး တိုက်တွန်းချက် .... ၁၆၆
ရူပိယ သံဝေါဟာရ သိက္ခာပုဒ် .... ၁၆၇
စောဒနာဘွယ် .... ၁၆၈
လဲလှယ်မှုနှင့် စပ်၍ သတိပြုရမည့် ပတ္တစတုက္က .... ၁၆၈
ကယဝိက္ကယ အဓိပ္ပာယ် .... ၁၇၀
မအပ်သောလဲနည်းနှင့် အပ်သောလဲနည်း .... ၁၇၀
ခိုင်းစေရာ၌ အပ်-မအပ် .... ၁၇၁
ပတ္တ သိက္ခာပုဒ် .... ၁၇၃
သပိတ် ၉ လုံးနှင့် အရွယ် အစားစား .... ၁၇၃
ကွမ်းစား ၃ မျိုးနှင့် မှတ်ချက် .... ၁၇၅
သပိတ် အမျိုးအစားနှင့် အဆင်းအရောင် .... ၁၇၅
သပိတ် အဓိဋ္ဌာန်တင်ပုံနှင့် ပစ္စုဒ္ဓိုရ်ပြုပုံ .... ၁၇၆
သပိတ် အဓိဋ္ဌာန်ကျကြောင်း အင်္ဂါ ၉ ပါး .... ၁၇၆
နိဿဂ္ဂိ သပိတ် စွန့်နည်း .... ၁၇၆
ဦန ပဉ္စ ဗန္ဓန သိက္ခာပုဒ် .... ၁၇၇
ဖွဲ့တုပ်ပုံ ဖွဲ့တုပ်နည်း .... ၁၇၈
ခုဒ္ဒ သိက္ခလာ သပိတ်နှင့် စပ်၍ မှတ်ဘွယ်များ .... ၁၈၀
သပိတ်နှင့် စပ်၍ မှတ်သားထိုက်သော အပ်-မအပ် စားခွက်များ .... ၁၈၁
ဘေသဇ္ဇ သိက္ခာပုဒ် .... ၁၈၄
သပ္ပိ နဝ နီတ စသည့် အဓိပ္ပာယ် .... ၁၈၅

အကြောင်းအရာ | မာတိကာ


ဝဿိက သာဋိကာ ဘိက္ခုပုဒ် .... ၁၈၇
ခေတ် ၄ ပါးနှင့် အချုပ်မှတ်ဘွယ် .... ၁၈၈
ပိဋ္ဌိ သမယ၊ ကုစ္ဆိ သမယအစွဲနှင့် အင်္ဂါ ၂ မျိုး .... ၁၈၉
စီဝရ အစ္ဆိန္နန သိက္ခာပုဒ် .... ၁၉၀
သုတ္တ ဝိညတ္တိ သိက္ခာပုဒ် .... ၁၉၁
မဟာပေသကာရ သိက္ခာပုဒ် .... ၁၉၃
အစ္စေက စီဝရ သိက္ခာပုဒ် .... ၁၉၅
အစ္စေက သက်နိုး .... ၁၉၆
စီဝရကာလ သမယ .... ၁၉၇
သာသင်္က သိက္ခာပုဒ် .... ၁၉၈
တောရကျောင်း၏ အကွာအဝေး .... ၁၉၉
သက်နိုးထားခွင့် အင်္ဂါ .... ၂၀၀
ပရိဏတ သိက္ခာပုဒ် .... ၂၀၂
လာဘ်လာဘ ညွတ်စေမှုနှင့် အာပတ် အမျိုးမျိုး .... ၂၀၂


## သုဒ္ဓပါစိတ် အခန်း


မုသာဝါဒ သိက္ခာပုဒ် .... ၂၀၄
မုသာဝါဒကြောင့် သင့်နိုင်သော အာပတ်များ .... ၂၀၅
ဩမသဝါဒ သိက္ခာပုဒ် .... ၂၀၆
ဆဲရေးကြောင်း အက္ကောသ ဝတ္ထု ၁၀ ပါး .... ၂၀၆
ဆဲပုံနှင့် အာပတ် အမျိုးမျိုး .... ၂၀၇
ဒုက္ကဋနှင့် ဒုဗ္ဘာသိတ ခေါ်ပုံ .... ၂၀၇
ပေသုည သိက္ခာပုဒ် .... ၂၀၈
ပဒသောဓမ္မ သိက္ခာပုဒ် .... ၂၀၉
ပဒ ၄ မျိုးနှင့် အဓိပ္ပာယ် .... ၂၀၉
ပဌမ သဟသေယျ သိက္ခာပုဒ် .... ၂၁၁
ရှေ့သိက္ခာပုဒ် အနုပသမ္ပန္နနှင့် ဤသိက္ခာပုဒ် အနုပသမ္ပန္နအထူး .... ၂၁၁
သဟသေယျပုဒ် အဓိပ္ပာယ် .... ၂၁၁
တမိုးတရံတည်းသောကျောင်း .... ၂၁၁
၃ ညဥ့် အတူအိပ်ပုံ .... ၂၁၃
သဟသေယျ ဖြတ်နည်း .... ၂၁၃

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒုတိယ သဟသေယျသိက္ခာပုဒ်နှင့် အစိတ္တကအာပတ် | .... | ၂၁၄ |
| လူသိနည်းသော ဒိဝါသေယျ သိက္ခာပုဒ် | .... | ၂၁၅ |
| ဓမ္မဒေသနာ သိက္ခာပုဒ် | .... | ၂၁၆ |
| ၅ ခွန်းနှင့် ၆ ခွန်း | .... | ၂၁၆ |
| ဘူတာရောစန သိက္ခာပုဒ် | .... | ၂၁၇ |
| ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် | .... | ၂၁၈ |
| အာရောစေယျ အဓိပ္ပာယ်နှင့် မှတ်ချက် | .... | ၂၁၉ |
| ပထဝီခဏန သိက္ခာပုဒ် | .... | ၂၁၉ |
| ပထဝီအမျိုးမျိုး | .... | ၂၂၀ |
| ပူးသော ခွဲဖျက်ခြင်းကြောင့် အာပတ် သင့်-မသင့် စိစစ်ချက် | .... | ၂၂၁ |
| အပ်သောခိုင်းနည်း | .... | ၂၂၁ |
| ဘူတဂါမ သိက္ခာပုဒ် | .... | ၂၂၂ |
| ဗီဇဂါမ်နှင့် ဘူတဂါမ် | .... | ၂၂၂ |
| မအပ်သောခိုင်းနည်းနှင့် အပ်သောခိုင်းနည်း | .... | ၂၂၃ |
| ကပ္ပိနည်း အမျိုးမျိုး | .... | ၂၂၃ |
| ကပ္ပိယံကရောတိ အဓိပ္ပာယ် | .... | ၂၂၄ |
| အညဝါဒက သိက္ခာပုဒ် | .... | ၂၂၅ |
| ပါစိတ် ဒုက္ကဋ် ခွဲခြားချက် | .... | ၂၂၆ |
| ဥဇ္ဈာပနက သိက္ခာပုဒ် | .... | ၂၂၇ |
| ပထမသေနာသန သိက္ခာပုဒ် | .... | ၂၂၈ |
| မဉ္စပီဌ စသည် | .... | ၂၂၉ |
| ဒုတိယ သေနာသန သိက္ခာပုဒ် | .... | ၂၃၀ |
| သေယျာ ၁၀ မျိုး | .... | ၂၃၂ |
| အနုပခဇ္ဇ သိက္ခာပုဒ် | .... | ၂၃၄ |
| နေရာမှ မထစေထိုက်သူ ၃ ယောက် | .... | ၂၃၄ |
| နိက္ကဍ္ဎန သိက္ခာပုဒ် | .... | ၂၃၆ |
| ဝေဟာသကုဋိ သိက္ခာပုဒ် | .... | ၂၃၆ |
| မဟလ္လကဝိဟာရ သိက္ခာပုဒ် | .... | ၂၃၈ |
| သပ္ပါဏက သိက္ခာပုဒ် | .... | ၂၄၁ |
| ဩဝါဒ သိက္ခာပုဒ် | .... | ၂၄၃ |
| ဘိက္ခုနောဝါဒက အင်္ဂါ | .... | ၂၄၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| အတ္တဂ်တနှင့် ဘိက္ခုနူပဿယ သိက္ခာပုဒ် | .... | ၂၄၄ |
| အာမိသ သိက္ခာပုဒ် | .... | ၂၄၅ |
| စီဝရဒါနနှင့် စီဝရသိဗ္ဗန သိက္ခာပုဒ် | .... | ၂၄၆ |
| သံဝိဓာန သိက္ခာပုဒ်နှင့် အဒ္ဓါနမဂ္ဂ၏ အတိုင်းအရှည် | .... | ၂၄၇ |
| နာဝါဘိရုဟန သိက္ခာပုဒ် | .... | ၂၄၇ |
| ပရိပါစိတ သိက္ခာပုဒ် | .... | ၂၄၉ |
| ရဟောနိသဇ္ဇ သိက္ခာပုဒ် | .... | ၂၅၀ |
| အာဝါသထပိဏ္ဍ သိက္ခာပုဒ် | .... | ၂၅၀ |
| ဂဏဘောဇန သိက္ခာပုဒ်နှင့် ဂဏဘောဇဉ်ခေါ်ပုံ | .... | ၂၅၁ |
| မအပ်သောပင့်ဖိတ်နည်းနှင့် မအပ်သောတောင်းနည်း | .... | ၂၅၂ |
| ခံယူပုံနှင့် ပင့်ဖိတ်ရာ၌ သတိပြုဘွယ် | .... | ၂၅၃ |
| သမယ ၇ ပါးနှင့် အဓိပ္ပာယ် | .... | ၂၅၃ |
| ပရမ္ပရဘောဇန သိက္ခာပုဒ် | .... | ၂၅၄ |
| ဝိကပ္ပနာပြုပုံ | .... | ၂၅၄ |
| ကာဏမာတာ သိက္ခာပုဒ် | .... | ၂၅၅ |
| ပူပနှင့် မန္ထ | .... | ၂၅၆ |
| ပထမ ပဝါရဏာ သိက္ခာပုဒ်နှင့် ဘောဇဉ် ၅ ပါး | .... | ၂၅၈ |
| အင်္ဂါ ၅ ပါးစုံမှ ပဝါရိတ်သင့် | .... | ၂၆၀ |
| အတိရိတ်ဝိနည်းကံ ပြုပုံ | .... | ၂၆၁ |
| ဒုတိယ ပဝါရဏာ သိက္ခာပုဒ် | .... | ၂၆၂ |
| ဝိကာလဘောဇန သိက္ခာပုဒ် | .... | ၂၆၃ |
| ကာလိက ၄ ပါးနှင့် ဖျော်ရည် ၈ မျိုး | .... | ၂၆၃ |
| အနုလောမအဖျော်နှင့် ဖျော်ရည်အကပ်ခံ သတိပြု | .... | ၂၆၄ |
| ယာခုခေတ် ချင်းသုပ် | .... | ၂၆၅ |
| သန္နိဓိကာရက သိက္ခာပုဒ် | .... | ၂၆၆ |
| ဒုဒ္ဓေါတ ပတ္တနှင့် စွန့်လျှင် သန္နိဓိ မဖြစ်ပုံ | .... | ၂၆၇ |
| ကာလိက ရောပုံ | .... | ၂၆၈ |
| ပဏီတဘောဇန သိက္ခာပုဒ် | .... | ၂၆၉ |
| ဒန္တပေါဏ သိက္ခာပုဒ်နှင့် အကပ်မြောက်အင်္ဂါ ၅ ပါး | .... | ၂၇၁ |
| ဟတ္ထပါသ် တိုင်းနည်း | .... | ၂၇၂ |
| ဒုရူပစိဏ္ဏနှင့် ဥဂ္ဂဟိတကဒုက္ကဋ် | .... | ၂၇၄ |
| အကပ်ပျက်ကြောင်း အင်္ဂါ ၆ ပါး | .... | ၂၇၅ |

(ဒ)

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အစေလက သိက္ခာပုဒ်နှင့် အစေလက–ပရိဗ္ဗာဇကာ ခြားနားပုံ | .... | ၂၇၇ |
| ဥယျောဇန သိက္ခာပုဒ် | .... | ၂၇၈ |
| သဘောဇန, ရဟောပဋိစ္ဆန္နနှင့် ရဟောနိသဇ္ဇ သိက္ခာပုဒ် | .... | ၂၈၀ |
| စာရိတ္တ သိက္ခာပုဒ် | .... | ၂၈၁ |
| မဟာနမ သိက္ခာပုဒ် | .... | ၂၈၂ |
| ဥယျုတ္တသေနာ သိက္ခာပုဒ် | .... | ၂၈၃ |
| သေနာဝါသ သိက္ခာပုဒ် | .... | ၂၈၄ |
| ဥယျောဓိက သိက္ခာပုဒ် | .... | ၂၈၅ |
| သုရာပါန, အင်္ဂုလိပတောဒက သိက္ခာပုဒ် နှင့် သေရည် ၅ မျိုး၊ အရက် ၅ မျိုးသရုပ် | .... | ၂၈၇ |
| သဟာဓမ္မနှင့် အနာဒရိယ သိက္ခာပုဒ် | .... | ၂၈၈ |
| ဘိံသာပန သိက္ခာပုဒ် | .... | ၂၈၉ |
| ဇောတိနှင့် နှာန သိက္ခာပုဒ် | .... | ၂၉၀ |
| ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ် | .... | ၂၉၂ |
| တိဏ္ဏံအရ ယူဆပုံနှင့် ကပ္ပဗိန္ဒု အဆင်းအရောင် | .... | ၂၉၃ |
| ကပ္ပဗိန္ဒု၏ ပမာဏနှင့် ကပ္ပဗိန္ဒု ထိုးရကျိုး | .... | ၂၉၄ |
| ဝိကပ္ပနာ သိက္ခာပုဒ် | .... | ၂၉၅ |
| ဝိကပ္ပနာ၏ အဓိပ္ပာယ်နှင့် အကျိုးရ | .... | ၂၉၅ |
| ဝိကပ္ပနာ ၂ မျိုး | .... | ၂၉၅ |
| ပစ္စုဒ္ဓိုရ်ပြုပုံနှင့် အဝေးနေသူအား သမ္မုခ ဝိကပ္ပနာပြုပုံ | .... | ၂၉၆ |
| ပရမ္မုခ ဝိကပ္ပနာပြုပုံ | .... | ၂၉၇ |
| စီဝရာ ပနိဓာန သိက္ခာပုဒ် | .... | ၂၉၇ |
| သဥ္စိစ္စပါဏ သပါဏက သိက္ခာပုဒ်နှင့် ပါဏချင်း ထူးခြားပုံ | .... | ၂၉၉ |
| ဥက္ကောဋန သိက္ခာပုဒ် | .... | ၃၀၀ |
| ဒုဋ္ဌုလ္လ သိက္ခာပုဒ် | .... | ၃၀၁ |
| ဦနဝီသတိဝဿ သိက္ခာပုဒ်နှင့် အသက် ၂၀ တွက်ပုံ | .... | ၃၀၂ |
| ပေါရာဏထေရဝါဒနှင့် ယခုခေတ်ဝါဒ | .... | ၃၀၃ |
| ရဟန်းစစ်ဖြစ်ရန် အင်္ဂါ ၅ တန် | .... | ၃၀၃ |
| ရဟန်းမဖြစ်သော်လည်း အကျိုးမယုတ်ပုံ | .... | ၃၀၄ |
| ရဟန်းခေါ်ပုံနှင့် ဦးပဥ္စင်းခေါ်ပုံ | .... | ၃၀၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

| ထေယျသတ္တ သိက္ခာပုဒ် | .... | ၃၀၅ |
| သံဝိဓာနနှင့် အရိဋ္ဌ သိက္ခာပုဒ် | .... | ၃၀၆ |
| ဤသိက္ခာပုဒ်ဝယ် မာတုဂါမေန၌ သွင်းယူရမည့်သူက | .... | ၃၀၆ |
| ဘေးရန်ရှိသော်လည်း မာတုဂါမနှင့်ကား အတူမသွားကောင်း | .... | ၃၀၆ |
| ဥက္ခိတ္တ သမ္ဘောဂ သိက္ခာပုဒ် | .... | ၃၀၉ |
| ကဏ္ဍက သိက္ခာပုဒ် | .... | ၃၁၁ |
| သဟာဓမ္မိက သိက္ခာပုဒ် | .... | ၃၁၃ |
| ဝိလေခန သိက္ခာပုဒ် | .... | ၃၁၄ |
| ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ | .... | ၃၁၅ |
| မောဟန သိက္ခာပုဒ် | .... | ၃၁၆ |
| ပဟာရ သိက္ခာပုဒ် | .... | ၃၁၉ |
| တလသတ္တိကနှင့် အမူလက သိက္ခာပုဒ် | .... | ၃၂၀ |
| သဥ္စိစ္စ သိက္ခာပုဒ် | .... | ၃၂၀ |
| ဥပဿုတိ သိက္ခာပုဒ် | .... | ၃၂၂ |
| ကမ္မပတိဗာဟန သိက္ခာပုဒ်နှင့် ကံ ၄ ပါး | .... | ၃၂၃ |
| ဆန္ဒံ အဒတွာ မဂန သိက္ခာပုဒ် | .... | ၃၂၄ |
| ဒုဗ္ဗလ သိက္ခာပုဒ် | .... | ၃၂၅ |
| ပရိဏာမန သိက္ခာပုဒ် | .... | ၃၂၆ |
| အန္တေပုရ သိက္ခာပုဒ် | .... | ၃၂၇ |
| ရတန သိက္ခာပုဒ် | .... | ၃၂၈ |
| ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ် | .... | ၃၂၉ |
| သူစိဃရနှင့် မဉ္စ သိက္ခာပုဒ် | .... | ၃၃၀ |
| တူလောနဒ္ဓ သိက္ခာပုဒ် | .... | ၃၃၂ |
| လဲ ၃ မျိုးနှင့် ခေါင်းအုံး ပမာဏ | .... | ၃၃၃ |
| နိသီဒန သိက္ခာပုဒ်နှင့် နိသီဒိုင် အသုံးချနည်း | .... | ၃၃၄ |
| ကဏ္ဍုပဋိစ္ဆာဒိ သိက္ခာပုဒ် | .... | ၃၃၅ |
| ဝဿိက သာဋိကနှင့် နန္ဒတ္ထေရ သိက္ခာပုဒ် | .... | ၃၃၆ |
| မိုးရေခံ သင်္ကန်းခေါ်ပုံ | .... | ၃၃၆ |
| တိစီဝရိတ် သင်္ကန်း၏ ပမာဏနှင့် စဉ်းစားဘွယ် | .... | ၃၃၇ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ပါဋိဒေသနီယ အခန်း** | | |
| ပထမ ပါဋိဒေသနီယ သိက္ခာပုဒ် | .... | ၃၃၉ |
| ပါဋိဒေသနီယ ခေါ်ပုံ | .... | ၃၃၉ |
| ဒုတိယ ပါဋိဒေသနီယ သိက္ခာပုဒ် | .... | ၃၄၀ |
| အညီအမျှ စီမံရာ၌ ခံယူသော်လည်း အနာပတ္တိဖြစ်ပုံ | .... | ၃၄၁ |
| တတိယ ပါဋိဒေသနီယ သိက္ခာပုဒ် | .... | ၃၄၂ |
| စတုတ္ထ ပါဋိ ဒေသနီယ သိက္ခာပုဒ် | .... | ၃၄၄ |
| သိစေနှင့် ရကျိုး | .... | ၃၄၄ |
| **သေခိယ အခန်း** | | |
| သေခိယ သိက္ခာပုဒ်များ၌ ဂဏန်းမထားခြင်း အကြောင်း | .... | ၃၄၆ |
| ပရိမဏ္ဍလဝဂ် | .... | ၃၄၇ |
| သေခိယ သိက္ခာပုဒ် ကျူးလွန်လျှင် ဒုက္ကဋ်ချည်း | .... | ၃၄၇ |
| သိက္ခာပုဒ်၌ အာပတ်နာမည် တိုက်ရိုက် မပါပုံ | .... | ၃၄၈ |
| သိက္ခာပုဒ်တိုင်း အင်္ဂါ ၃ ပါးအတွက် မှတ်ချက် | .... | ၃၄၉ |
| ဥဇ္ဈဂ္ဃိကဝဂ် | .... | ၃၅၃ |
| ခမ္ဘကတဝဂ် | .... | ၃၅၅ |
| သာရုပ္ပ သိက္ခာပုဒ်ပေါင်း | .... | ၃၅၆ |
| သက္ကစ္စဝဂ် | .... | ၃၅၈ |
| ကဗဠဝဂ် | .... | ၃၆၂ |
| သုရုသုရုဝဂ် | .... | ၃၆၅ |
| သက္ကစ္စ ဘုဉ္စန ပဋိသံယုတ္တ သိက္ခာပုဒ်ပေါင်း | .... | ၃၆၆ |
| ပါဒုကဝဂ် | .... | ၃၆၇ |
| **အဓိကရဏ သမထ အခန်း** | | |
| အဓိကရဏ်း ၄ ပါး | .... | ၃၇၅ |
| သိက္ခာပုဒ် ၂၂၇ ပါး ရှိသော်လည်း အာပတ်အားဖြင့် ၂၂၀ သာ | .... | ၃၇၆ |
| သမထ ၇ ပါး | .... | ၃၇၆ |
| သမ္မုခါ ဝိနယ သမထ၌ သမ္မုခ ၄ ပါး | .... | ၃၇၇ |
| သမ္ပဇာနမုသာဝါဒဒုက္ကဋ်၌ အာပတ်သင့်ချိန် | .... | ၃၈၂ |
| မဟာနိဂုံးနှင့် ဥဒ္ဒေသ ၅ ပါး | .... | ၃၈၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


နိဒါနုဒ္ဒေသော မပါသင့်ပုံ .... ၃၀၃
သုတသဒ္ဒါဖြင့် သိမ်းပုံ .... ၃၀၄
နောက်နောက်ဝါကျများ၌ "ခေါပနာ ယသ္မန္တေတိ" မပါသင့်ပုံ .... ၃၀၅
သုတသဒ္ဒါ၏ အဓိပ္ပာယ် .... ၃၀၅

## ဘိက္ခုနီပါရာဇိက အခန်း

ပထမ ပါရာဇိသိ သိက္ခာပုဒ် .... ၃၀၇
ပဉ္စမ, ဆဋ္ဌ ပါရာဇိက သိက္ခာပုဒ် .... ၃၀၈
သတ္တမ ပါရာဇိက သိက္ခာပုဒ် .... ၃၉၀
အဋ္ဌမ ပါရာဇိက သိက္ခာပုဒ် .... ၃၉၂

## သံဃာဒိသေသ အခန်း

ပထမ သိက္ခာပုဒ် .... ၃၉၅
အစောင့်အရှောက်တောင်းနည်း .... ၃၉၆
ဒုတိယ သိက္ခာပုဒ် .... ၃၉၇
တတိယ သိက္ခာပုဒ် .... ၃၉၈
စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၃၉၉
ဆဋ္ဌနှင့် ဒသမ သိက္ခာပုဒ် .... ၄၀၀
ဧကာဒသမ သိက္ခာပုဒ် .... ၄၀၂
ဒွါဒသမ သိက္ခာပုဒ် .... ၄၀၃
တေရသမ သိက္ခာပုဒ် .... ၄၀၄

## နိဿဂ္ဂိယပါစိတ် အခန်း

ပတ္တဝဂ် .... ၄၀၇
ပထမသိက္ခာပုဒ်နှင့် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် .... ၄၀၇
ဒုတိယသိက္ခာပုဒ် .... ၄၀၇
တတိယသိက္ခာပုဒ်နှင့် ယခုခေတ် ကထိန်သင်္ကန်း .... ၄၀၈
စတုတ္ထသိက္ခာပုဒ် .... ၄၀၉
ပဉ္စမနှင့် ဆဋ္ဌ နိဿဂ္ဂိယသိက္ခာပုဒ် .... ၄၁၀
သတ္တမ, အဋ္ဌမ, နဝမနှင့် ဒသမသိက္ခာပုဒ် .... ၄၁၂
စီဝရဝဂ် ပထမ၊ ဒုတိယသိက္ခာပုဒ် .... ၄၁၃

အကြောင်းအရာ  စာမျက်နှာ

## သုဒ္ဓပါစိတ် အခန်း

လသုနဝဂ် ပဌမနှင့် ဒုတိယသိက္ခာပုဒ် .... ၄၁၄
တတိယ, စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ် .... ၄၁၅
ဆဋ္ဌနှင့် သတ္တမသိက္ခာပုဒ် .... ၄၁၆
အဋ္ဌမ သိက္ခာပုဒ် .... ၄၁၇
ကျောင်းပေါ်မှ အမှိုက် စသည်ကို ပစ်ချရာ၌ မှတ်ချက် .... ၄၁၇
နဝမနှင့် ဒသမသိက္ခာပုဒ် .... ၄၁၈
ဘုရားပွဲ ကျောင်းပွဲ ဘုန်းကြီးပျံကိစ္စများအတွက်
ပွဲလက်ခံမှု သတိပြု .... ၄၁၈
ရတ္တန္ဓကာရဝဂ် ပဌမ, ဒုတိယနှင့် တတိယ သိက္ခာပုဒ် .... ၄၁၉
စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၄၂၀
ဆဋ္ဌ သိက္ခာပုဒ် .... ၄၂၁
သတ္တမနှင့် အဋ္ဌမ သိက္ခာပုဒ် .... ၄၂၂
နဝမနှင့် ဒသမ သိက္ခာပုဒ် .... ၄၂၃
နဂ္ဂဝဂ် ပဌမနှင့် ဒုတိယ သိက္ခာပုဒ် .... ၄၂၄
ဖုံးကွယ်ခြင်း ၃ မျိုး .... ၄၂၄
တတိယနှင့် စတုတ္ထ သိက္ခာပုဒ် .... ၄၂၅
ပဉ္စမ, ဆဋ္ဌမနှင့် သတ္တမ သိက္ခာပုဒ် .... ၄၂၆
အဋ္ဌမနှင့် နဝမ သိက္ခာပုဒ် .... ၄၂၇
ဒသမ သိက္ခာပုဒ် .... ၄၂၈
ကထိန်နုတ်ခွင့်နှင့် နုတ်ရကျိုး .... ၄၂၈
တုဝဋ္ဋဝဂ် ပဌမနှင့် ဒုတိယ သိက္ခာပုဒ် .... ၄၂၉
တတိယ သိက္ခာပုဒ် .... ၄၃၀
စာအံ မီးထွန်း စသည်အတွက် ခွင့်ပြုမှု အနာပတ္တိဖြစ်ပုံ .... ၄၃၀
စတုတ္ထ, ပဉ္စမနှင့် ဆဋ္ဌ သိက္ခာပုဒ် .... ၄၃၁
သတ္တမနှင့် အဋ္ဌမ သိက္ခာပုဒ် .... ၄၃၂
နဝမနှင့် ဒသမ သိက္ခာပုဒ် .... ၄၃၃
စိတ္တာဂါရဝဂ် ပဌမနှင့် ဒုတိယသိက္ခာပုဒ် .... ၄၃၄
ပန်းခြံနှင့် ကန်တော်ကြီးများသို့ အကြည့်အရှုသွားသော
ရဟန်း သာမဏေတို့ သတိထားဘွယ် .... ၄၃၄
တတိယ, စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၄၃၅

**အကြောင်းအရာ** — **စာမျက်နှာ**

ဆဋ္ဌနှင့် သတ္တမ သိက္ခာပုဒ် .... ၄၃၆
အဋ္ဌမ, နဝမနှင့် ဒသမ သိက္ခာပုဒ် .... ၄၃၇
တိရစ္ဆာန ဝိဇ္ဇာများ .... ၄၃၇
အာရာမဝဂ် ပထမ, ဒုတိယနှင့် တတိယ သိက္ခာပုဒ် .... ၄၄၀
စတုတ္ထ, ပဉ္စမနှင့် ဆဋ္ဌ သိက္ခာပုဒ် .... ၄၄၁
သတ္တမ သိက္ခာပုဒ် .... ၄၄၂
ဘိက္ခုအချင်းချင်း ဖိတ်မန့် (ပဝါရဏာပြု)ပုံ .... ၄၄၃
အဋ္ဌမနှင့် နဝမ သိက္ခာပုဒ် .... ၄၄၄
ဒသမ သိက္ခာပုဒ် .... ၄၄၅
ဂဗ္ဘိနီဝဂ် ပထမ, ဒုတိယနှင့် တတိယ သိက္ခာပုဒ် .... ၄၄၆
သိက္ခမာန် ခေါ်ပုံ .... ၄၄၇
စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၄၄၇
ဆဋ္ဌ, သတ္တမနှင့် အဋ္ဌမ သိက္ခာပုဒ် .... ၄၄၈
နဝမနှင့် ဒသမ သိက္ခာပုဒ် .... ၄၄၉
ကုမာရိဘူတဝဂ် ပထမ, ဒုတိယနှင့် တတိယ သိက္ခာပုဒ် .... ၄၅၀
သိက္ခမာန် ၃ မျိုး .... ၄၅၁
စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၄၅၁
ဆဋ္ဌနှင့် သတ္တမ သိက္ခာပုဒ် .... ၄၅၂
အဋ္ဌမနှင့် နဝမ သိက္ခာပုဒ် .... ၄၅၃
ဒသမနှင့် ဧကာဒသမ သိက္ခာပုဒ် .... ၄၅၄
ဒွါဒသမနှင့် တေရသမ သိက္ခာပုဒ် .... ၄၅၆
ဆတ္တုပါဟနဝဂ် ပထမနှင့် ဒုတိယသိက္ခာပုဒ် .... ၄၅၇
ထီး ဖိနပ် အပ်သောအချက် .... ၄၅၇
တတိယ, စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ် .... ၄၅၈
ဆဋ္ဌ, သတ္တမနှင့် အဋ္ဌမ စသည် .... ၄၅၉

**ပါဋိဒေသနီယအခန်း**

ပထမနှင့် ဒုတိယ သိက္ခာပုဒ် စသည် .... ၄၆၂
နောက်ဆက်တွဲ မှတ်ဘွယ်များ .... ၄၆၃
ဥပုသ် ၉ မျိုး .... ၄၆၃
အကျဉ်းနှင့်အကျယ် သိရမည့် အဓိပ္ပါယ် .... ၄၆၃
အန္တရာယ် ၁၀ ပါး .... ၄၆၃

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃ ပါးနှင့် ၂ ပါးပြုပုံ | .... | ၄၆၄ |
| ပါရိသုဒ္ဓိပြုရာ ဌာနများ | .... | ၄၆၅ |
| ဒေသနာပြော ဒေသနာခံ | .... | ၄၆၆ |
| ရှေးခေတ် ဒေသနာပြောနည်းနှင့် ယခုခေတ် ဒေသနာပြောနည်း | .... | ၄၆၆ |


## နောက်ဆက်တွဲ မှတ်ဘွယ်များ


| | | |
|---|---|---|
| သီတင်းငယ်က သီတင်းကြီးထံ ပြောပုံ | .... | ၄၆၇ |
| သီတင်းကြီးက သီတင်းငယ်ထံ ပြောပုံ | .... | ၄၆၈ |
| သီတင်းငယ်က ထပ်၍ပြောပုံ | .... | ၄၆၉ |
| ဘာသာဋီကာ နိဂုံး | .... | ၄၇၁ |
| မှတ်သားဘွယ် အက္ခရာစဉ် မာတိကာ | .... | ၄၇၄ |

# အချီနိဒါန်း

အာဏာရဟော ဒယာညာဏော, ဝေနေယျာနံ ဝိနာယကော၊
ပဏေတု ဟဒယေ အာဏံ, အညာဏာဠ္ဌ ဝိနာသယံ။

ဒယာညာဏော - သတ္တဝါနူစွာ, မတုသာအောင်, ကရုဏာခေတ်, ဉာဏ်တော်မြတ်လည်း ရှိပေထသော၊ (ဒယာညာဏတ္တာ - သတ္တဝါနူစွာ, မတုသာအောင်, ကရုဏာခေတ်, ဉာဏ်တော်မြတ် ရှိသည့်အဖြစ်ကြောင့်၊), အာဏာရဟော - မတိမ်းမစောင်း, ကောင်းထက် ကောင်းသည့်, ငြိမ့်ငြောင်းသာလွင်, အာဏာရှင်လည်း ဖြစ်ပေထသော၊ ဝေနေယျာနံ - အာဏာတော်ရင်, ဘုရားရှင်မှ, သွန်သင်ထိုက်စွာ, ဝေနေယျာတို့၏၊ ဝိနာယကော - ရှေ့သွား ခေါင်းဆောင်, အခေါင်ထွဋ်ထား, ရှင်တော် မြတ်ဘုရားသည်၊ ဟဒယေ - ဘုရားအာရုံ, ကောင်းစွာထုံလျက်, တလုံလဲလဲ, မှိုဝဲစွဲသုံး, စိတ်နှလုံး၌၊ အညာဏာဠ္ဌ- မသိမိုက်မှောင်, သိဟန်ဆောင်၍, ဉာဏ်ရောင်ကင်းလျက်, ချွတ်ယွင်းချက်ကိုလည်း၊ ဝိနာသယံ - အာဏာတော်နှင့်, လျော်ကန်သင့်အောင်, နှိုင်းချင့်လွယ်ကူ, ပယ်ဖျောက်တော်မူလျက်၊ အာဏံ - ကရုဏာဉာဏ်, အရင်းခံ၍, အမှန်ငြိမ့်ငြောင်း, အမိန့်ကောင်းကို၊ ပဏေတု-အမြဲချဉ်းကပ်, မပြတ်သွင်း၍, အပ်နှင်းတော်မူပါ ဘုရား။

**အာဏာ့ရှင်**။ ။ကရုဏာနှင့် ပညာ ၂ ပါးလုံး ပြည့်စုံသော ပုဂ္ဂိုလ်မှသာ အာဏာ့ရှင် ဖြစ်ထိုက်ပေသည်။ ခဲ့ဦးအံ့—အာဏာ့ရှင်ဟူသည် မိမိ၏အာဏာစက်ရိပ်တွင် ပါဝင်သူများကို နည်းလမ်းညွှန်ပြ စေခိုင်းရမည့် ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ထိုသို့ စေခိုင်းရာဝယ် ပညာရှိမှသာ အလုပ်ကိစ္စတခု၏ အကျိုးအပြစ်ကို အစအဆုံး မြင်နိုင်ပေမည်။ ဉာဏ်ပညာသာရှိ၍ ကရုဏာ မရှိပြန်လျှင်လည်း အပြစ်ဖြစ်လောက်သော ကိစ္စကိုပင် ကိုယ်ရေးအတွက် လက်အောက်ငယ်သားများကို စေခိုင်းမိတတ်၏။ သို့ဖြစ်၍ ကရုဏာလည်း ရှိမှသာ အပြစ် ဖြစ်လောက်သည့် ကိစ္စ၌ မစေခိုင်းဘဲ အကျိုးရလောက်သော ကိစ္စ၌သာ စေခိုင်းပေလိမ့်မည်။ ထို့ကြောင့် အာဏာ့ရှင်အစစ် ဖြစ်ထိုက်သောပုဂ္ဂိုလ်မှန်လျှင် ကရုဏာ ပညာ ၂ ပါးလုံး ပြည့်စုံသူချည်းသာ ဖြစ်သင့်ပေသည်။

**အာဏာဒေသနာ**။ ။ငါတို့ဘုရားရှင်ကား သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြွင်းမဲ့ဉဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသည့်ပြင် မဟာကရုဏာတော်ဖြင့်လည်း သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားညှာတာတော်မူ၏။ မိခင်သည် မိမိသားငယ်၏ ဆင်းရဲရမည့်အရေးကို တွေးကာ တွေးကာ လွန်စွာ ကရုဏာသက်သဖြင့် ကစားနေစဉ် လည်မျိုသို့ မတော်တဆ အလုံးကလေး

ဝင်သွားခဲ့သော် ပါးစပ်ကို အတင်းဟ၍ လည်ပင်းကျအောင် နှိုက်ယူ ထုတ်ပစ်သကဲ့သို့ ထို့အတူ ဘုရားရှင်လည်း သားတော် ရဟန်း သာမဏေတို့၏ နောင်ဆင်းရဲမည့်အရေးကို တွေးတော်မူကာ လတ်တလော ဒုက္ခကလေးကို မငဲ့သာတော့ဘဲ "မည်သည့်အမှုပြုလျှင် မည်သည့်အာပတ် သင့်စေ"ဟု အမိန့်တော်အာဏာပြုလျက် "ဝိနယပိဋက"ခေါ် အာဏာ ဒေသနာတော်ကို ထုတ်ဖော်ပညတ်တော်မူရပေသည်။

**အာဏာတည်ပုံ။** ။လောက၌ မိဘ၏ အာဏာသည် သားကောင်းသမီးကောင်းတို့၏ အပေါ်၌သာ တည်သကဲ့သို့ ထို့အတူ ဘုရားရှင်၏အာဏာသိက္ခာပုဒ်အဖြာဖြာလည်း သားကောင်းရတနာဝင် လဇ္ဇီ သူတော်စင်တို့၌သာ တည်ပေသည်။ ထို့ကြောင့်ပင် ဘုရားလက်ထက်မှစ၍ ယခုအချိန်ကျအောင် ဘုရားသားကောင်း လဇ္ဇီအပေါင်းတို့ တိမ်းစောင်း သွေဖယ်ခြင်း မရှိကြဘဲ ဝိနယ အမိန့်တော်ကို ပျော်ပျော်ကြီး လိုက်နာကြရုံသာမက နောက် နောက် ညီတော် အပေါင်းလည်း တကြောင်းတည်း လိုက်နာရစ်စေလိုကြ သဖြင့် အောက်ပါ ဩဝါဒကို မိန့်တော်မူခဲ့ကြပေသည်။

ပါတိမောက္ခံ ဝိသောဓေန္တော, အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန, န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ–ဝိနည်းပိဋကတ်, အရပ်ရပ်၌, ပညတ်ထုတ်ဘော်, သိက္ခာပုဒ်သီလကော်ကို၊ ဝိသောဓေန္တော–မကျိုးမပေါက်, မညိုးပျောက်ဘဲ, တိုးတောက်စေချင်, သုစိသင်သူသည်၊ ဇီဝိတံ–လွန်စွာစုံမက်, ကိုယ့်အသက်ကို၊ အပ္ပေဝ ဇဟေ–မငွံ့တဝံ့, ရွံ့တရှုံ့ဖြင့်, တွန့်ကာလွှန့်ကာ, စွန့်လိုက်ရစေကာမူ၊ လောကနာထေန–ဗြဟ္မာ လူနတ်, မြတ်ထက်မြတ်သည့်, နတ်နတ်ထိပ်ထား, ဘဘုရားသည်၊ ပညတ္တံ – အာဏာတော်မြတ်, မိန့်တော်မှတ်၍, ပညတ် ထုတ်ဘော်, ဟောပြတော်မူအပ်သော၊ သီလသံဝရံ–ကိုယ် နှုတ် နှစ်တွေ, ချုပ်တည်းစေတို့, ကုဋ္ဌေကိုးထောင်, ကျော်ခေါင်မြင့်ဟီး, သီလတော်ကြီးကို၊ န ဘိန္ဒေ–အမိန့်တော်ချက်, ဦးထိပ်ခွက်၍, မဖျက်မိစေ, စောင့်စည်းသင့်ပေသတည်း။

**ပါတိမောက် ၂ မျိုး။** ။"ပါတိမောက္ခံ ဝိသောဓေန္တော"နှင့် စပ်၍ ပါတိမောက္ခပုဒ်နက်နှင့် အရကိုလည်း မှတ်သားသင့်၏။ ပါတိမောက္ခပုဒ်ကို "ပ+အတိ+မောက္ခ"ဟု ပထမ ပုဒ်ခွဲ၍ အတိနှင့် ပကို ရှေ့နောက် လဲပြီးသော် "အတိ + ပ + မောက္ခ=အလွန်မြတ်" ဟု အနက်ရ၏။ ထို အလွန်မြတ်သော ပါတိမောက္ခဟူသည် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက် ဟု ၂ မျိုး ရှိ၏။ ထိုတွင် "ဩဝါဒပါတိမောက်"ဟူသည် အဆုံးအမကို ပြသော "ခန္တီ

ပရမံ တပေါ် တိတိက္ခာ''စသော ၃ ဂါထာပင်တည်း။ အာဏာ ပါတိမောက်ကား ယခုလက်ရှိ အမိန့်အာဏာ ပညတ်တော်ကို ပြသော သိက္ခာပုဒ်တော်များပင်တည်း။

**ဩဝါဒပါတိမောက်၏ ဂုဏ်။** ။ထို ဩဝါဒ ဂါထာတော်များသည် လွန်စွာ အနက်အဓိပ္ပာယ် ကောင်းလှပေရကား ဩဝါဒတော်အတိုင်း လိုက်နာပါမူ ၃ ဂါထာလုံးကို မဆိုထားဘိ အောက်ပါ တဂါထာမျှဖြင့် ပင်ကိုယ်က ယဉ်ကျေးပြီးသူတို့မှာ တရားထူး ရလောက်ပါပေသည်။ [အောက်ပါဂါထာကို စဉ်းစဉ်းစားစားရှုလျက် နှုတ်တက်ဆောင်ထားပါ။]

သဗ္ဗပါပဿ အကရဏံ, ကုသလဿူပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ, ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ - ယုတ်မာသော့သွမ်း, ဟောခ့ရမ်းသမျှ, အကုသိုလ် အစုစုကို၊ အကရဏံ -့လုံးဝ ပြောင်စင်အောင်, ရှောင်ကြဉ်သမှု, မပြု မလုပ်ခြင်းဒုင်း၊ ကုသလဿ - ကာမ မဟဂ္ဂုတ်, လောကုတ်အထိ, ရှိရှိသမျှ, ကုသလကို၊ ဥပသမ္ပဒါ-တဆင့်ထက် တဆင့်, ရင့်ထက် ရင့်၍, မလင့်ပုံသေ, ပြည့်စုံစေခြင်းဒုင်း သစိတ္တ ပရိယောဒါပနံ - မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရေသင်းအနေ, ဖြူစင်စေခြင်းဒုင်း၊ ဧတံ - အကုသိုလ်ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်း စင်ရိုး ဤ ၃ မျိုးသည်၊ ဗုဒ္ဓါနံ- ဂင်္ဂါသဲတူ, ပွင့်တော်မူသည့်, ဆူဆူထွဋ်ထား, မြတ်ဘုရားတို့၏၊ သာသနံ- လိုရင်းနှုန်းပြ, လုံးအရဖြင့်, သုံးကြပစေ, ဆုံးမတော်မူချက်ပါပေတည်း။

**ဩဝါဒပါတိမောက် ပြခဲ့ရာအခါ။** ။တဂါထာမျှ ထုတ်ပြအပ်သော ဤ ဩဝါဒပါတိမောက်ဖြင့်ပင် ယဉ်ကျေးပြီးသော ရဟန်းသာမဏေတို့အတွက် ဆုံးမဘွယ်အားလုံး ကုန်စင်ပြီဟု ဆိုထိုက်ပေသည်။ ဥပမာ- လိမ္မာပြီးသော သားသမီးတို့မှာ နှိပ်ကွပ် ဆုံးမမှု မလိုဘဲ ကောင်းသည်ထက် ကောင်းလာဘို့ရာ ဩဝါဒမျှသာ ပေးရတော့သကဲ့သို့တည်း။ ထို့ကြောင့် ငါတို့ ဘုရားရှင်လည်း ရဟန်းကောင်း သူတော်စင်များချည်း ပေါ်ထွန်းရာ ဝါတော် ၂၀ အတွင်းမှာ လောကပြစ်ပါသော သိက္ခာပုဒ်များကို ပညတ်တော်မမူရဘဲ ဥပုသ်ပြုရာနေ့များ၌ ဘုရားရှင်ကိုယ်တော်တိုင် ဤ ဩဝါဒပါတိမောက် ၃ ဂါထာကို ရွတ်ပြတော်မူခြင်းဖြင့် ဥပုသ်ပြုကိစ္စကို ပြီးစေတော်မူသည်။

**အာဏာပါတိမောက် စခဲ့ရာ။** ။ဘုရားရှင် ဝါတော် ၂၀ ကျော်သည့် အခါ၌မူ ဘုရား သာသနာတော်တွင် မသန့်စင်မှုများ တစတစ တိုးပွားသဖြင့် ''မည်သည့်အမှုပြုလျှင် မည်သည့်အပြစ် (မည်သည့်အာပတ်)'' ဟု အမိန့်တော် အာဏာပြ၍ အာဏာပါတိမောက်ခေါ် သိက္ခာပုဒ်များကို ပညတ်တော်မူရ

ပေသည်။ ထိုအချိန်မှစ၍ ဘုရားရှင် ကိုယ်တော်တိုင် ဩဝါဒပါတိမောက် ပြမှုကို ချုပ်သိမ်းလျက် ယာခုခေတ်၌ကဲ့သို့ အာဏာ ပါတိမောက်များကိုသာ ရဟန်းတော်များ ရွတ်ပြ၍ ဥပုသ်ကံ ပွဲကို ရွက်ဆောင်ကြရတော့သည်။

**ယဉ်ကျေးမှု**။ ဤအာဏာပါတိမောက်ဖြင့် ကိုယ်နှုတ် ၂ ပါး၏ ယဉ်ကျေးမှုကို အထူး ဆုံးမတော်မူ၏။ ခုံ့ဦးအံ့—"မနောဒွါရေ အာပတ္တိနာမ နတ္ထိ" နှင့်အညီ မနောဒွါရအတွက် စိတ်သက်သက်၌ အာပတ် သင့်ရမည်ဟု အာဏာ သားတော်မမူရကား အားလုံးသော သိက္ခာပုဒ်များသည် စိတ်ကို ဆုံးမသော အာဏာတော်များ မဟုတ်ကြ။ ကိုယ် နှုတ် ၂ ပါးကိုသာ ယဉ်ကျေးအောင် ဆုံးမသော အာဏာတော်များ ဖြစ်ကြပါသည်။ ထို့ကြောင့် ဤ သိက္ခာပုဒ် အာဏာတော်များကို တသွေမတိမ်း လိုက်နာ၍ ပြောဆိုနေထိုင်ပါလျှင် ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံး အဆင့်အတန်း၌ ရဟန်းတော်အားလုံး တည်နိုင်ကြပေလိမ့်မည်။ [ပြအပ်လတ်သော သိက္ခာပုဒ်တော်များကို စဉ်းစားကြည့်ပါ။]

**အချက်ပိုင်သော အာဏာတော်**။ ဤ အာဏာပါတိမောက်ဖြင့် အမိန့်အာဏာတော်ပြ၍ ကိုယ်နှုတ် ၂ ပါးကို ဆုံးမတော်မူခဲ့ပုံမှာ အလွန် အချက်ပိုင်ပါပေသည်။ ထင်ရှားစေအံ့— သာသနာ့ဝန်ထမ်း ရဟန်းတော်များကို အမိမဲ့ လူကြီး လူကောင်း ဆိုသူတို့ကပင် ဦးတင်ရှိခိုး မြတ်နိုးပူဇော်ကြရ၏။ သို့ဖြစ်လျှင် ရဟန်းတော်များမှာ ထို လူကြီး လူကောင်းတို့ထက် ဝတ်ပုံ စားပုံနှင့်တကွ ကိုယ်အနေဖြိမ်သက်၍ နှုတ်မြွက်သည့်အခါမှာလည်း နည်းယူရလောက်အောင် ကုန္ဒြေသိက္ခာကို ဆောင်ကြရပေလိမ့်မည်။ လူကြီး လူကောင်းတို့ထက် သာလွန်၍ ကိုယ် နှုတ် ကုန္ဒြေ မရကြပါလျှင် (မိရိုးဖလာ မလွှဲသာသော ရိုသေမှုဘပါး) အတယ်မှာ လေးစားသော ရိုသေမှုကို ပြုနိုင်ကြပါတော့ မည်နည်း။ သို့ဖြစ်၍ လူကြီး လူကောင်းတို့၏ စိတ်ပါလက်ပါ ရိုသေနိုင်လောက်အောင် ငင်းသိကင်းသုံးတော် အချင်းချင်းလည်း ရိုသေ လေးစားနိုင်လောက်အောင် ငင်း ကိုယ် နှုတ် ၂ ပါးကို အာဏာပါတိမောက်ဖြင့် ဆုံးမတော်မူခဲ့ပါပေသည်။

**အာဏာပါတိမောက် မရှိခဲ့သော်**။ အာဏာပါတိမောက်မရှိခဲ့သော်၊ ရှိစေကာမူ အမိန့်အာဏာကို မလိုက်နာခဲ့သော် ရဟန်း သံဃာတော်များ၏ ကိုယ်နေ နှုတ်ထားသည် အများတို့ လေးစားကြည်ညိုခြင်းကို ခံနိုင်ဘို့ မလွယ်ကူတော့ချေ။ မခံနိုင် ခံနိုင် ခံရပြန်လျှင်လည်း နောင် သံသရာကို ထားဦး၊ ဒိဋ္ဌဓမ္မဘဝ အကျိုးမှာပင် ဆုံးရှုံးကြောင့် ခလုတ်တွေ များစွာ တွေ့ရပေတော့မည်။ ထိုစကား မှန်၏၊ သာသနာ မှန်တို့ မနေနိုင်သော ကျောင်းကြီး အပေါ်၌လည်း စက်တော်ခေါ်ရပြန်၊ ရှိခိုးဦးချနှင့် ဘုရား အထူးကိုလည်း ခံရပြန်၊ စားဦး စားဖွယ်များကိုလည်း စားနေရပြန်၊ ဤကဲ့သို့ အတန်တန် အထက်တန်းကျ၍ ကိုယ်

နှုတ် စိတ်ထားမှာ ဖြစ်ချင်တိုင်း ဖြစ်ပြီးနောက် သေသည့်အခါ နတ်ပြည်ကိုပင် ရောက်နိုင်သေးသည်ဟု ဆိုပါလျှင် သည့်ထက် ကောင်းသော လူပေါ် လူတော် လုပ်နည်းကား အဘယ်မှာ ရှိတော့မည်နည်း။ ထို့ကြောင့် ဘုရားရှင်သည် လူ အပေါင်းတို့၏ ပြုစုသမျှကို ခံထိုက်၍ သုဂတိ ဆိုက်လောက်အောင် "အာဏာ ပါတိမောက်"ခေါ် သိက္ခာပုဒ် သီလတော်များကို ပညတ်တော်မူခဲ့ပေရာ ထို ပညတ်တော်အတိုင်း လိုက်နာပါလျှင် စိတ်နေစိတ်ထားလည်း အလိုလို အချိုး အစားကျပြီး ဖြစ်ပါလိမ့်မည်။

**သီလ–ဂန္ထပါတိမောက်။** ။ထို သိက္ခာပုဒ် သီလတော်များကို "သီလ ပါတိမောက်"ဟု ခေါ်၍ ထို သီလတော်ကိုပြသော သိက္ခာပုဒ်ပါဠိတော်များ ကိုကား "ဂန္ထပါတိမောက်" ဟု ခေါ်သည်။ သီလပါတိမောက်ကို အတ္ထ ပါတိမောက်၊ ဂန္ထပါတိမောက်ကို သဒ္ဒပါတိမောက်ဟု ခွဲလိုက ခွဲနိုင်သေး၏။ ဥပမာ–ပါဏာတိပါတမှုမှ ရှောင်ကြဉ်ခြင်းသည် သီလ မည်၍ ထို သီလကို ပြသော "ပါဏာတိပါတာ ဝေရမဏီ"စသော သဒ္ဒါအစဉ်မှာ သိက္ခာပုဒ်ပါဠိ မည်သကဲ့သို့တည်း။

**ဒွေမာတိကာနှင့် ဝိနယပိဋက။** ။ဤ သီလ ဂန္ထ ၂ မျိုးလုံးအတွက် "ဒွေမာတိကာ"ဟု ခေါ်သော မာတိကာ သိက္ခာပုဒ်များကိုသာ ပါတိမောက် ခေါ်သည်ဟု နားလည်နေကြသည်။ အမှန်မှာ–ဝိနည်းပိဋက အားလုံးကိုင်း၊ ထို ဝိနည်းပိဋကလာ ကုဋေ ကိုးထောင့် တရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်သော သိက္ခာပုဒ် သီလကိုင်း "အတိ+ပ+မောက္ခ = အလွန် မြတ်"ဟူသော အနက်အရ "ပါတိမောက္ခ" ခေါ်နိုင်သည်သာ။ [သာဓကကို သိက္ခာသာဇီဝ သမာပန္နော၏ အဖွင့်၌ တွေ့ရလတံ့။] သို့ရာတွင် "ဥဘယာနိ ခေါပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ" အစရှိသော ပါဠိ၌ကား အများ နားလည်သော ဒွေမာတိကာကိုပင် "ပါတိမောက္ခ" ဟု ဆိုလိုသည်။ အချုပ်မှာ—ဝိနည်းပိဋက အားလုံးကိုင်း၊ ဒွေမာတိကာကိုသာင်း၊ ထို ဒွေ မာတိကာဖြင့် ပြအပ်သော သီလကိုင်း၊ အရာအားလျော်စွာ "ပါတိမောက္ခ" ခေါ်နိုင်သည်ဟု ဆိုလိုသည်။

[**ဆောင်**] ကိုးထောင့် တရာ ရှစ်ဆယ်သာ၊ သင်္ချာ ကုဋေထုတ်။
ငါးသန်း သုံးသောင်း ခြောက်ထောင်ဆောင်း၊ များတောင်း သိက္ခာပုဒ်။

**ကုဋေ ၉ ထောင်ကျော် တွက်နည်း။** ။အာပတ်တို့ကို ခွဲခြား ဝေဘန်၍ ပြရာ ဝိဘင်္ဂပါဠိတော်၌ ဒုတိယပါရာဇိက တပါးတည်းကိုပင် ၁။ မြေ၌ တည်သော ဘဏ္ဍာကို ခိုးမည်ဟု ကြံ၍ ခိုးလိုသောစိတ်ဖြင့် (က) အဖော်ကို

ရှာအံ့၊ ဒုက္ကဋ်အာပတ်။ (ခ) ပေါက်တူးကိုရှာအံ့၊ ဒုက္ကဋ်။ (ဂ) တောင်းကို ရှာအံ့၊ ဒုက္ကဋ်။ (ဃ) ဘဏ္ဍာရှိရာသို့ သွားအံ့၊ ဒုက္ကဋ်။

၂။ (က) အိုးပေါ်၌ပေါက်နေသော သစ်ပင်၊ သို့မဟုတ် နွယ်ကိုဖြတ်အံ့၊ ဒုက္ကဋ်။ (ခ) မြေကိုတူးအံ့၊ ဒုက္ကဋ်။ (ဂ) မြေကိုယက်အံ့၊ ဒုက္ကဋ်။ (ဃ) မြေကို ထုတ်ပစ်အံ့၊ ဒုက္ကဋ်။ (င) အိုးကို သုံးသပ် (ကိုင်)အံ့၊ ဒုက္ကဋ်။ (စ) အိုးကို လှုပ်ခဲစေအံ့၊ ထုလ္လစ္စည်း။ (ဆ) အိုးကို ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

ဤသို့ ခိုးမှု အထမမြောက်မီ ရှေ့၌ အာပတ်များစွာ ပညတ်တော်မူ၏။ ထိုသို့ သော အာပတ်များမှ စောင့်စည်းကြောင်း သိက္ခာပုဒ်တို့ကို ပေါင်းစု၍ "ကုဋေ ၉ ထောင်ကျော်" ဟု ရေတွက်ကြရသည်။

**ဒွေမာတိကာနှင့် ဥဘတောဝိဘင်း**။ ။"ယော ပန ဘိက္ခု ဘိက္ခုနံ" စသော သိက္ခာပုဒ်များသည် အကျဉ်းချုပ် ခေါင်းစဉ်မျှသာ ဖြစ်သောကြောင့် မာတိကာမည်၏။ ထို သိက္ခာပုဒ် မာတိကာနှင့်ဆက်၍ "ယော ပနာတိ ယော ယာဒိသော" စသည်ဖြင့် ပုဒ်ကိုလည်း ဖွင့်ပြ၊ ထို သိက္ခာပုဒ်နှင့်စပ်၍ သင့်နိုင် သမျှသော အာပတ်တို့ကိုလည်း ဝေဘန်ပြသော အကျယ်စကားကို "ပဒ ဘာဇနီယ" ဟုရင်း၊ "ဝိဘင်္ဂ = ဝိဘင်း" ဟုရင်း ခေါ်၏။ [ပဒ = ပုဒ်ကို + ဘာဇနီယ=အကျယ် ဝေဘန်ကြောင်း ပါဠိ၊ ဝိဘင်္ဂ=အကျယ် ဝေဘန်ကြောင်း စကား။] ဘိက္ခု ဘိက္ခုနီအားဖြင့် ၂ ပါးသော မာတိကာကို "ဒွေမာတိကာ" ဟုရင်း၊ ထို မာတိကာ ၂ ပါး၏ အကျယ် ပဒဘာဇနီကို "ဥဘတောဝိဘင်း" ဟုရင်း ခေါ်သည်။

**ဘာသာဋီကာ**။ ။ဤ ဒွေမာတိကာခေါ် ပါတိမောက် သိက္ခာပုဒ်တော် များကိုပင် မိမိတို့ တိုင်းရင်းဘာသာဖြင့် (အဋ္ဌကထာဖွင့်ထက် တဆင့်တက်၍) ဋီကာဖွင့်သကဲ့သို့ ဖွင့်ပြပါတော့မည်။ ထိုသို့ ဖွင့်ပြရာ၌ သိက္ခာပုဒ်ပါဠိဟူသော ဂန္ထပါတိမောက်ကို ဖွင့်လိုက်လျှင် "မည်သည့်အမှုကို ကျင့်က မည်သည့် သီလ ပျက်၏" စသည်ဖြင့် သီလ အပြားကိုလည်း ခွဲခြား သိနိုင်မည် ဖြစ်ရကား ဤ ဘာသာဋီကာသည် သီလ ပါတိမောက်ကိုလည်း တပါတည်း ဖွင့်ပြရာ ရောက် သဖြင့် ဝိနယာနုဂ္ဂဟ (ဝိနည်းကို ချီးမြှောက်သော) ကျမ်းစာတို့တွင် ပါဝင် နိုင်သော ကျမ်းစာတစောင် ဖြစ်ပါလိမ့်မည်။

**ဖွင့်ပြပုံ အကျဉ်းချုပ်**။ ။ဤ ဘာသာဋီကာ၌ နိဿယ၊ အဓိပ္ပာယ်၊ လက်ာ ဆောင်ပုဒ်နှင့် နိသဂ္ဂိယ (ပါစိတ်ကုန်အောင်) လေ့ ကျင့် ခန်း များ ပါရှိ၏။ အခြေပြုသင်္ဂြိုဟ်နှင့် သင်္ဂြိုဟ်ဘာသာဋီကာ ခွဲသကဲ့သို့ နိဿယနှင့်

လွယ်ကူသော အဓိပ္ပာယ်များကို တသန့်ခွဲကာ စီစဉ်သင့်သော်လည်း နိသဂ္ဂိယမှ နောက် သိက္ခာပုဒ်များ၌ ထိုကဲ့သို့ ခွဲခြားလောက်အောင် အဓိပ္ပာယ် မများ၊ ထူးလည်း မထူးခြားသောကြောင့် နိဿယနှင့်တကွ အဓိပ္ပာယ် အားလုံးကိုပင် ဤဘာသာဋီကာ၌ သွင်းလိုက်ရတော့သည်။ [သို့ရာတွင် မူလပညတ် အနုပညတ် ခွဲခြား၍ ဝတ္ထုကြောင်းနှင့်တကွ အောက်ခြေက စပြီးလျှင် "**ဘုရား ဥပဒေ တော်ကြီး**"ခေါ် ကျမ်းစာတစောင်လည်း ရိုက်နှိပ်ပြီးဖြစ်၍ အခြေခံဝတ္ထုများ ကိုလည်း ထိုကျမ်း၌ ရှုကြပါလေ။]

**အာဏာတော်တည်ပါစေ။** ။ဤသို့လျှင် ဩဝါဒပါတိမောက်၊ အာဏာ ပါတိမောက်အားဖြင့် ရှေးဦးစွာ ကွဲပြားပြီးနောက် အာဏာ ပါတိမောက်မှ ဂန္ထ–သီလအားဖြင့် ၂ ပါး၊ ဘိက္ခု – ဘိက္ခုနီအားဖြင့် ၂ ပါး၊ အသီးအသီး ဖြာ၍ ထွက်ရသောကြောင့် အရင်းမူလ ပဘဝဖြစ်သော ဗုဒ္ဓရှင်တော်မြတ်၏ အာဏာတော်သည် ဤပါတိမောက်များကို ဖွင့်ပြသော တပည့်တော်၏ စိတ် နှလုံး ဟဒယ၌ ပထမ တည်တော်မူပြီးလျှင် အစဉ်အတိုင်း ပြန့်နှံ့တော်မူကာ ဤ ကျမ်းစာ ရှုကြသူတိုင်း၏ စိတ်နှလုံးအတွင်း ရောက်အောင် ထွင်းဖောက် တည်ရှိ ပါစေ ခသို့။ ဝိနယောနာမ သာသနဿ အာယု–ဝိနည်းသည် သာသနာ တော်၏ အသက်၊ အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ (၃ ကြိမ်)— အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မည်။

ယဒိဥတ္တံ အယုတ္တေတ္ထ, ပမာဒေန ဘမေနဝါ၊
ဝစော မယာ ဒယာဝန္တော, သန္တော သံသောဓယန္တုတံ။

တေ္တ–ဤဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်း၌၊ ပမာဒေန – သတိကင်းပေါ့, မေ့လျော့ခြင်းကြောင့် သော်ငင်း၊ ဘမေနဝါ– စိတ်စက်ခြောက်ခြား, လွင့်ပါးခြင်းကြောင့်သော်ငင်း၊ အယုတ္တံ – ဖောက်ပြန် ချွတ်ယွင်း, ယုတ္တိကင်းသော၊ ယံ ဝစော–အကြင် စကားကို၊ မယာ – ငါသည်၊ ယဒိ ဥတ္တံ – အကယ် ရေးသား, ဆိုမှားအပ်မိအံ့၊ တံ ဝစော–ထိုသို့ မှားအပ်, စကားရပ်ကို၊ ဒယာဝန္တော–ကရုဏာမှု, မေတ္တာပြု၍, ရှုလေ့ရှုထ, ရှိတော်မူကြ ကုန်သော၊ သန္တော–အဘိဇ္ဈာကင်း, ဣဿာရှင်း၍, ဝမ်းတွင်းစိတ်ကောင်း, သူတော်အပေါင်းတို့သည်၊ သံသောဓယန္တု – မိမိစီရင်, ကျမ်းအသွင်သို့, ပြင်ဆင်ပြုကာ, ရှုနိုင်ကြပါစေသတည်း။

၁၃၀၂
တပေါင်းလ

အရှင် ဇနကာဘိဝံသ

# ပါတိမောက်ဘာသာဋီကာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဥပုသ်ပြု ပရိကမ်

**၁။ ပုဗ္ဗကရဏ ၄ ပါး**

သမ္မဇ္ဇနီ - ဥပုသ် ကျောင်းဆောင်၌ တံမြက်လှည်းရခြင်းငှင်း၊ ပဒီပေါ စ - မီးထွန်းရခြင်းငှင်း၊ အာသနေန - နေရာ ခင်းခြင်းနှင့်တကွ၊ ဥဒကံ စ - သောက်ရေ သုံးရေ တည်ထားရခြင်းငှင်း၊ (ဣတိ - ဤသို့၊) စတာနိ - ဤ လေးပါးသော ပြုဘွယ်တို့ကို၊ ဥပေါသထဿ - ဥပုသ်ကံ၏၊ ပုဗ္ဗကရဏန္တိ - ပုဗ္ဗကရဏဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။ [ရှေးနိဿယ၌ "စတာနိ" ဟူသော ဗဟုဝုစ်ကို ငဲ့၍ "ဝုစ္စတိ ဝုစ္စန္တေ —ဆိုအပ်ကုန်၏" ဟု အနက်ပေး၏၊ ဤ၌ကား "ပုဗ္ဗကရဏန္တိ" ဟူသော အာကာရကို ငဲ့၍ ပါဠ်ရှိအတိုင်း ပေးသည်။]

× × × × ×

**ဥပုသ်ပြုခြင်း၏ ပရိကမ်။** ။ဤ "သမ္မဇ္ဇနီ ပဒီပေါ စ" ဂါထာမှ စ၍ "အာရာဓနံ ကရောမ"တိုင်အောင် စကားစုကား ပါတိမောက် မဟုတ်သေး ရုံသာမက ပါတိမောက်၏ အခြေခံ နိဒါန်းမျှပင် မဟုတ်သေး။ ဥပုသ်ပြုခါနီး ဝယ် ပြုဘွယ်အမှုများနှင့် ပြည့်စုံဘွယ် အင်္ဂါများကို ပြသော ဥပုသ်ပြုခြင်း၊ ပါတိမောက်ပြခြင်း၏ အခြေခံစကားစုသာဖြစ်သည်။ [ပရိကမ္မဘာဝနာ ဟူရာ၌ကဲ့သို့ ရှေးဦးစွာပြုရသော အလုပ်ကို "ပရိကမ်" ဟု ခေါ်၏။]

**ပုဗ္ဗကရဏ ၄ ပါး။** ။ထို ပရိကမ် စကားစုတွင် ["သမ္မဇ္ဇနီ" စသော ဂါထာသည် ပုဗ္ဗကရဏ ၄ ပါးကို ပြသော ဂါထာတည်း။] တံမြက်လှည်းခြင်း အစရှိသော ၄ ပါးကို သံဃာ မစည်းဝေးမီ ရှေ့အဘို့၌ ပြုအပ်သောကြောင့် "ပုဗ္ဗကရဏ" ဟု ခေါ်၏။ [ပုဗ္ဗ=သံဃာ မစည်းဝေးမီ ရှေ့အဘို့၌+ကရဏ= ပြုအပ်သော အမှု၊] ဤ ပုဗ္ဗကရဏ ၄ ပါးကို ဂါထာကြည့်၍—

၂။ ပုဗ္ဗကိစ္စ ၅ ပါး ဆန္ဒ ပါရိသုဒ္ဓိ ဥတုက္ခာနံ - ဆန္ဒကို လျှောက်ခြင်း, ပါရိသုဒ္ဓိကိုလျှောက်ခြင်း, ဥတုကို လျှောက်ခြင်း ၎င်း၊ ဘိက္ခုဂဏနာစ — ရဟန်း အပေါင်းကို ရေတွက်ခြင်း၎င်း၊ ဩဝါဒေါ - ဘိက္ခုနီတို့၏ ဩဝါဒ ခံလိုပါကြောင်း ခွင့်တောင်းမှုကို လျှောက်ခြင်း၎င်း၊ (ဣတိ-သို့) ဘောနို-ဤ ငါးပါးသော ပြုဘွယ်တို့ကို၊ ဥပေါသထဿ - ဥပုသ်ကံ၏၊ ပုဗ္ဗကိစ္စန္တိ - ပုဗ္ဗကိစ္စဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

× × × × ×

၁။ ဥပုသ်ပြုရာ ကျောင်းဆောင်၌ တံမြက်လှည်းရခြင်း၊
၂။ ဥပုသ်ကျောင်းဆောင်အတွင်း၌ နေရောင်မရှိလျှင် မီးထွန်းရခြင်း၊
၃။ ဥပုသ် ကျောင်းဆောင်၏ သင့်တော်ရာ အနီးအပါး၌ သောက်ရေနှင့် (ခြေဆေးဘို့ရာ) သုံးရေများကို တည်ထားရခြင်း၊
၄။ ဥပုသ် ကျောင်းဆောင်အတွင်း၌ နေရာခင်းရခြင်း ဟု ရေတွက်ပါ။

**ရှုဦးအံ့**—ဘုရားလက်ထက်တော်ဝယ် ဥပုသ်ကျောင်းဆောင်၌ တံမြက်မလှည်းသဖြင့် အမှိုက်ရှုပ်နေခြင်း၊ အမှောင်ထဲ၌ တပါးနှင့် တပါး တိုက်မိနင်းမိကြခြင်း၊ နေရာ ခင်းမထားသဖြင့် သံဃာများ၏ ကိုယ်နှင့် သင်္ကန်းတို့၌ ဖုံလူးခြင်း၊ မဟာသိမ်ဖြစ်၍ ခရီးဝေးသော ကျောင်းတိုက်များမှ ဥပုသ်ပြုရန် လာကြလေရာ သောက်ရေ သုံးရေ မရှိသဖြင့် အာဂန္တုရဟန်းတို့ ကဲ့ရဲ့ကြခြင်း၊ ဤ အကြောင်းများကြောင့် တံမြက်လှည်းမှု စသော ၄ ပါးကို "သံဃာ မစည်းဝေးခင် ကြိုတင်၍ ပြုလုပ်ရမည်" ဟု ဘုရားရှင် ပညတ်တော်မူသည်။ ထို အမှုများကို နာယကထေရ်က ကြောင့်ကြစိုက်၍ သင့်တော်သူကို ခိုင်းရမည်။

**ပုဗ္ဗကိစ္စ ၅ ပါး။** ။"ဆန္ဒ ပါရိသုဒ္ဓိ"စသော ဤဂါထာသည် ပုဗ္ဗကိစ္စ ၅ ပါးကို ပြသော ဂါထာတည်း။ ဆန္ဒလျှောက်ခြင်း စသော ၅ ပါးကို သံဃာ စည်းဝေးပြီးနောက် ပါတိမောက်မရွတ်မီ ရှေ့အဘို့၌ ပြုအပ်သောကြောင့် "ပုဗ္ဗကိစ္စ" ဟု ခေါ်၏။ [ပုဗ္ဗ=ပါတိမောက် မရွတ်မီ ရှေ့အဘို့၌+ကိစ္စ=ပြုသင့်သော အမှု၊] ဤ ပုဗ္ဗကိစ္စ ၅ ပါးကိုလည်း ဂါထာကြည့်၍-

၁။ ဆန္ဒကို လျှောက်ခြင်း၊
၂။ ပါရိသုဒ္ဓိကို လျှောက်ခြင်း၊
၃။ ရောက်ဆဲဥတု ရောက်ဆဲပက္ခကို လျှောက်ခြင်း၊
၄။ ဥပုသ်ပြုရာဝယ် ပါဝင်သောသံဃာကို ရေတွက်၍ လျှောက်ခြင်း၊

၅။ ဘိက္ခုနီတို့က အဆုံးအမ ခံလိုပါကြောင်း ခွင့်တောင်းလိုက်သော စကားကို ဆောင်ယူလာသော ရဟန်းက ပါတိမောက်ပြသော ရဟန်းအား လျှောက်ခြင်း ဟု ရေတွက်ပါ။

**ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ**—ဆန္ဒ ပါရိသုဒ္ဓိ ဥတုပုဒ်တို့ကား ဒွန်ပုဒ်တည်း။ "ဆန္ဒောစ ပါရိသုဒ္ဓိစ ဥတုစ ဆန္ဒပါရိသုဒ္ဓိ ဥတုယော" ဟု ဒွန်သမာသ်ဝစနတ်ပြု။ ဥတုက္ခာနံကို "ဥတု+အက္ခာနံ"ဟု ပုဒ်ဖြတ်။ [ဤ အက္ခာနပုဒ်သည် နားဖြင့်ကြားခြင်းအနက်မျိုးကို မဟော၊ နှုတ်ဖြင့် လျှောက်ထားခြင်းအနက်ကို ဟော၏။ ထို့ကြောင့် "ဆန္ဒလျှောက်ခြင်း" စသည်ဖြင့် ဆိုသည်။]

**ဆက်ဦးအံ့**—ဤအက္ခာနပုဒ်သည် ဒွန်၏နောက်၌ရှိသော ပုဒ်တည်း။ ထိုပုဒ်မျိုးကို အနက်သဘောအားဖြင့် ရှေးရှေးပုဒ်များသို့လည်း လိုက်စေရသည်။ ထို့ကြောင့် "ဆန္ဒ+အက္ခာန = ဆန္ဒကို လျှောက်ခြင်း၊ ပါရိသုဒ္ဓိ+အက္ခာန= ပါရိသုဒ္ဓိကို လျှောက်ခြင်း၊ ဥတု+အက္ခာန=ဥတုကို လျှောက်ခြင်း ဟု မှတ်ပါ။

[**ဆောင်**] ဒွန်၏ နောက်၌, ရှိသောပိုဒ်, ယှဉ်လိုက် ပုဒ်တိုင်းသာ။

**ဆန္ဒပါရိသုဒ္ဓိ အက္ခာန။** ။ဥပုသ်ပြုရာ သိမ်တွင်း၌ နေသော ဂိလာန-သို့မဟုတ် အလုပ်ကိစ္စများနေသော ရဟန်းသည် ဥပုသ်ပြုရာဌာနသို့ ကိုယ်တိုင်မလိုက်နိုင်လျှင် ဆန္ဒပါရိသုဒ္ဓိ ၂ မျိုးလုံးကို ရဟန်းတပါးထံ ပေးလိုက်ရသည်။ ထိုတွင် ဆန္ဒပေးခြင်းသည် "ဥပုသ်ကံမှ တပါး အခြားကံများ ပြုဘွယ်ရှိကသဘောတူပါသည်"ဟု မိမိအလိုကို ဖော်ပြသဖြင့် ထိုထို အခြား သံဃာ့ကံကိုထမြောက်စေ၏။ ပါရိသုဒ္ဓိပေးခြင်းကား "မိမိမှာ အာပတ်မှ စင်ကြယ်ပါသည်" ဟု ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် အာပတ်ရှိလျှင် ဒေသနာပြောပြီးမှ ပါရိသုဒ္ဓိ ပေးရသည်။ ထို ပါရိသုဒ္ဓိ ပေးခြင်းဖြင့် မိမိ၏ ဥပုသ်ပြုခြင်း ကိစ္စကိုလည်းပြီးစေ၊ သံဃာ၏ ဥပုသ်ပြုခြင်း ကိစ္စကိုလည်း (ဝဂ်ဖြစ်မှု ဟူသော) အနှောင့်အယှက် မရှိဘဲ ပြီးစေသည်။ ထိုကဲ့သို့ ပေးလိုက်အပ်သော ဆန္ဒ ပါရိသုဒ္ဓိကိုဆောင်ယူလာသော ရဟန်းက သံဃာ့အထံ၌ လျှောက်ခြင်းကို "ဆန္ဒ လျှောက်ခြင်း၊ ပါရိသုဒ္ဓိ လျှောက်ခြင်း" ဟု ခေါ်သည်။

**ဆန္ဒပါရိသုဒ္ဓိ ပေးပုံ။** ။မိမိနေရာ သိမ်ထဲ၌ ဥပုသ်ပြုမည့် အရပ်သို့ မလိုက်နိုင်သော ရဟန်းသည် ရဟန်းတပါးအထံ (အာပတ်ရှိလျှင် ဒေသနာပြောပြီးနောက်) .... "ဆန္ဒပါရိသုဒ္ဓိံ ဒမ္မိ, ဆန္ဒပါရိသုဒ္ဓိံ မေ ဟရ, ဆန္ဒပါရိသုဒ္ဓိံ မေ အာရောစေဟိ"ဟု ဆို၍ ပေးလိုက်ရသည်။ [မြန်မာလို — ဆန္ဒပါရိသုဒ္ဓိကို ပေးပါ၏၊ တပည့်တော်၏ ဆန္ဒပါရိသုဒ္ဓိကို ဆောင်ပါလေ၊ တပည့်တော်၏ ဆန္ဒပါရိသုဒ္ဓိကို သံဃာအား လျှောက်ပါလေ။]

**ဆောင်ယူ၍ လျှောက်ပုံ။** ။ထိုပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိကို လက်ခံခဲ့သော ရဟန်းက သံဃာ၏ ဟတ္ထပါသ်ရောက်လျှင် ပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိလည်း ရောက်ပြီးဖြစ်တော့၏။ သို့သော် ဆောင်ယူခဲ့သော ရဟန်းက သံဃာအား မလျှောက်လျှင် ဒုက္ကဋ်အာပတ်သင့်သောကြောင့် သံဃာအား လျှောက်ရဦးမည်။ ထို့ကြောင့် (ထိုရဟန်း၏ဘွဲ့ကို ဖော်ပြ၍) .... "တိဿော ဘိက္ခု နာ ဆန္ဒပါရိသုဒ္ဓိ ဒိန္နာ, တမဟံ သံဃဿ အာရောစေမိ" ဟု လျှောက်ရသည်။

ယခုကာလ၌ ၃ ကြိမ် ဆိုကြ၏။ တကြိမ်တည်းလည်း ပြီးသည်ပင်။ "တိဿေန" ၌ "တိဿနာမေန = တိဿဝှယေန" ဟု အမျိုးမျိုး ဆိုနိုင်သည်။ ပေးသူက မိမိထက်ကြီးလျှင် "အာယသ္မတာ တိဿေန" ဟု ဆိုပါ။ [တိဿေန ဘိက္ခုနာ-တိဿရဟန်းသည်၊ ဆန္ဒပါရိသုဒ္ဓိ-ကို၊ ဒိန္နာ-ပေးအပ်ပါပြီ၊ တံ-ထိုဆန္ဒပါရိသုဒ္ဓိကို၊ အဟံ-သည်၊ သံဃဿ-အား၊ အာရောစေမိ-လျှောက်ပါ၏။]

**ဆန္ဒချည်း ပေးသင့်ရာ။** ။ဥပုသ်ကံမှတပါး အခြားကံများ၌၎င်း၊ ဥပုသ်ကံပင် ဖြစ်သော်လည်း မိမိက အခြားသိမ်တခု၌ ဥပုသ်ပြုခဲ့ပြီး ဖြစ်လျှင်၎င်း ပါရိသုဒ္ဓိ ပေးဘွယ်မလို၊ ဆန္ဒကိုသာ ပေးရမည်။ ပေးပုံကား— "ဆန္ဒံ ဒမ္မိ, ဆန္ဒံ မေ ဟရ, ဆန္ဒံ မေ အာရောစေဟိ" တည်း။ ထိုဆန္ဒကို ဆောင်ယူသွားသော ရဟန်းကလည်း သံဃာ့အထံ၌ လျှောက်ရမည်မှာ .... "တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော, တမဟံ သံဃဿ အာရောစေမိ" ဟူသတည်း။ [ဤဆန္ဒပါရိသုဒ္ဓိများကို မိမိတို့နားလည်သော ဘာသာဖြင့် ပေးနိုင် လျှောက်နိုင်သည်။]

**ဥတုအက္ခာန, ဘိက္ခုဂဏနာ**—ဘုရားလက်ထက်တော်၌ အချို့ရဟန်းတို့ "ယနေ့ ဘယ်နှစ်ရက်မြောက်နေ့၊ လဆန်း ၁ ရက်နေ့၊ ၂ ရက်နေ့" စသည်ကိုမျှ မသိကြ၍ လူတို့ ကဲ့ရဲ့ခံရဘူးသည်။ အချို့မှာလည်း ကျောင်းတိုက် အတွင်း၌ သံဃာအရေအတွက်ကိုမျှ မသိကြ၍ အကဲ့ရဲ့ခံကြရသည်။ ထို့ကြောင့် ရောက်ရှိသော ဥတုတွင် "ပက္ခပေါင်း မည်မျှ လွန်ပြီ၊ မည်မျှ ကြွင်းသေး၏" ဟု ဥပုသ်ပြုသည့်အခါ ပြောရမည်ဟု၎င်း၊ သိမ်တွင်း၌ ဥပုသ်ပြုသံဃာ မည်မျှရှိသည်ကို ရေတွက်ရမည်ဟု၎င်း ပညတ်တော်မူသည်။ ဤ ဥတုရေတွက်မှု၊ သံဃာရေတွက်မှုကို တပါးပါးကပြု၍ သံဃာအား လျှောက်လျှင် ပြီး၏။ ယခုကာလ၌ ဥပုသ်အဖြေလုပ်သူက လျှောက်လေ့ရှိသည်။

**မှတ်ချက်။** ။ဥတုကို "ဤမျှ လွန်ပြီ၊ ဤမျှ ကြွင်းသေး၏" ဟု လျှောက်လျှင် ပက္ခကို ရေတွက်ရာ ရောက်၏။ ထို့ကြောင့် ပက္ခအက္ခာနကို မပြတော့ဘဲ "ဥတုအက္ခာန" ဟုသာ ဆိုထားသည်။ ဥပေါသထက္ခန္ဓက ပါဠိတော်၌မူ "အနုဇာနာမိ ဘိက္ခဝေ ပက္ခဂဏနံ (တပက္ခ တပက္ခ၌ ရောက်ဆဲ ရက်ကိုပါ ရေတွက်ခြင်းကို) ဥဂ္ဂဟေတုံ" ဟု မိန့်တော်မူသည်။

**ပြဝါဒ။** ။ဘိက္ခုနီတို့သည် ဥပုသ်နေ့၌ ဥပုသ်ပြုချိန်မရောက်မီ ဘိက္ခုနီ တယောက်ယောက်ကို အဖော်နှင့်တကွ ရဟန်းတပါးပါးထံ စေလွှတ်ရသည်။ ထိုစေလွှတ်အပ်သော ဘိက္ခုနီက "အရှင်ဘုရား....၊ ဘိက္ခုနီသံဃာသည် ဘိက္ခု သံဃာ၏ ခြေတော်တို့ကို ရှိခိုးလိုက်ပါသည်။ ဩဝါဒခံဘို့ရာ ချဉ်းကပ်ခွင့်ကို လည်း တောင်းလိုက်ပါသည်။ ဘိက္ခုနီသံဃာသည် ဩဝါဒခံဘို့ရန် ချဉ်းကပ် ခွင့်ကို ရလိုပါသတဲ့ဘုရား" ဟု ခွင့်တောင်း လျှောက်ထားရသည်။ ထိုရဟန်းက ထိုဘိက္ခုနီခွင့်တောင်းချက်ကိုယူဆောင်၍ ဥပုသ်ပြုခါနီး၌ ပါတိမောက်ရွတ်မည့် ရဟန်းအား တဆင့် လျှောက်ထားမှုကို ဂါထာ၌ "ဩဝါဒေါ"ဟု ဆိုသည်။

**ဆက်ဦးအံ့—**ထိုကဲ့သို့ လျှောက်ထားသည့်အခါ ပါတိမောက်ရွတ်ဆိုမည့် ရဟန်းက "ဘိက္ခုနောဝါဒက သမ္မုတိ"ရသော မဟာထေရ်ရှိလျှင် "ဘိက္ခုနီ တို့သည် ထိုမဟာထေရ်အထံ အဆုံးအမ ခံကြလေ" ဟု မှာရသည်။ သမ္မုတိ ရသော မဟာထေရ် မရှိလျှင် "ပါသာဒိကေန ဘိက္ခုနီသံဃော သမ္ပာဒေတု (ဘိက္ခုနီသံဃာသည် ကြည်ညိုခြင်းကို ဆောင်သော ကိုယ် နှုတ် စိတ် အမှုဖြင့် သိက္ခာ ၃ ပါးကို ပြည့်စုံစေ )" ဟု မှာရသည်။ ဩဝါဒခံဘို့ရန် ခွင့်တောင်း သည်ကို ဆောင်ခဲ့သော ပထမရဟန်းက နောက်တရက်နံနက်၌ ဘိက္ခုနီတို့အား ထို မှာလိုက်သည့်အတိုင်း ပြောရသည်။ ဘိက္ခုနီတို့ကလည်း ဩဝါဒပေးမည့် ထေရ်ရှိလျှင် ထို တရက်နေ့မှာပင် ဩဝါဒ ခံယူဘို့ရန် သွားရသည်။

**ကရဏနှင့် ကိစ္စအထူး။** ။ရှေ့ဂါထာ၌ ကရဏဟုဆို၍ ဤဂါထာ၌ ကိစ္စ ဟု ဆိုရာဝယ် မပြုမနေရ ကေန်ပြုရမည့်အလုပ်ကို "ကရဏ"ဟု ခေါ်၏။ တပါး တည်းနေ၍ အဓိဋ္ဌာန်ဥပုသ်ပြုသော ရဟန်းသော်မှ (အာဂန္တုက ရဟန်းများ ရုတ်တရက်လာလျှင် အဆင်သင့်ဖြစ်ဘို့ရာ) တံမြက်လှည်းမှု စသော ၄ ပါးကို ပြုထားရသည်။ ပြုသင့်မှ ပြုရမည့်အလုပ်ကို "ကိစ္စ"ဟု ခေါ်၏။ ဆန္ဒ စသည်ကို ပေးသူရှိမှ လျှောက်ရမည်။တပါးတည်းရှိရာ၌ ဥတုအက္ခာနလည်း မလို၊ ၂ ပါး ၃ ပါး စသည် အနည်းငယ်သာရှိရာ၌ ဘိက္ခုဂဏနာလည်း မလိုတော့ပါ။

[**ဆောင်**] မပြုမနေ, ပြုရချေ, ခေါ်လေ ကရဏ၊
ပြုခွင့်ကြုံလျှင်, ပြုဘို့ပင်, ခေါ်တွင် မှုကိစ္စ။

**မှတ်ချက်။** ။ကရဏနှင့် ကိစ္စအထူးဟု မမေးဘဲ "ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စ အထူး"ဟု မေးရာ၌ကား "သံဃာမစည်းဝေးခင် ကြိုတင်၍ ပြုအပ်သော အလုပ် သည် ပုဗ္ဗကရဏမည်၏၊သံဃာစည်းဝေးပြီးနောက် ပါတိမောက်မရွတ်မီ ပြုအပ် သော အလုပ်သည် ပုဗ္ဗကိစ္စမည်၏"ဟု ဖြေပါ။

၃။ ပတ္တကလ္လအင်္ဂါ ၄ ပါး

ဥပေါသထော - ဥပုသ်နေ့သည်၊ ( ဟောတိ- ဖြစ်အံ့၊) ယာဝတိကာ - အကြင်မျှ အတိုင်း အရှည်ရှိကုန်သော၊ ဘိက္ခူ - ပကတတ်ရဟန်းတို့သည်၊ ကမ္မပတ္တာ-ကံအား လျော်ကုန်၏၊ (တာဝတိကာ-ထိုမျှ အတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခူစ - ပကတတ်ရဟန်းတို့သည်လည်း၊ ဟတ္ထပါသံ - ဟတ္ထပါသ်ကို၊ အဝိဇဟိတွာ - မစွန့်မူ၍၊ ဧကသီမာယံ- တသိမ်တည်း၌၊ ဌိတာ - တည်နေကုန်အံ့၊ ) သဘာဂါပတ္တိယောစ- သဘာဂ အာပတ်တို့သည်လည်း၊ နဝိဇ္ဇန္တိ - မရှိကုန်အံ့၊ ဝဇ္ဇနီယာ- ဟတ္ထပါသ်မှ ကြဉ်ဖယ်အပ်ကုန်သော၊ ပုဂ္ဂလာစ - လူ အစရှိသော နှစ်ကျိပ် တယောက်သော ပုဂ္ဂိုလ်တို့သည်လည်း၊ တသ္မိံ - ထိုသံဃာ၏ ဟတ္ထပါသ် ၌၊ န ဟောန္တိ-မရှိကုန်အံ့၊ ပတ္တကလ္လန္တိ - ပတ္တကလ္လံဟူ၍၊ ဝါ-လျော် ပတ်သော အခါရှိသော ကံဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

× × × × ×

**၃။ ပတ္တကလ္လအင်္ဂါ ၄ ပါး။** ။"ဥပေါသထော၊ ပေ၊ ဝုစ္စတိ" ဂါထာ ကား ပတ္တကလ္လအင်္ဂါ ၄ ပါးကိုပြသောဂါထာတည်း။ ဥပုသ်ပြုဘို့ရန် သင့်လျော် သော အချိန်အခါရှိသောကံ (ဥပုသ်ပြုရန်အချိန်တန်သောကံ)ကို "ပတ္တကလ္လ" ဟု ခေါ်၏။ ပတ္တကလ္လအင်္ဂါ ၄ ပါးကို ဂါထာကြည့်၍-

၁။ စာတုဒ္ဒသီ-ပန္နရသီ-သာမဂ္ဂီဟု ဥပုသ်နေ့ ၃ မျိုးတွင် တနေ့နေ့ဖြစ်ခြင်း၊
၂။ ပကတတ်ရဟန်း ၄ ပါးဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ တသိမ်တည်း၌ ဟတ္ထပါသ်စပ်လျက် တည်ရှိခြင်း၊
၃။ သဘာဂအာပတ် မရှိခြင်း၊
၄။ လူ အစရှိသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်များ သံဃာ၏ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း ဟု ရေတွက်ပါ။

**ဥပေါသထော။** ။ဥပုသ်နေ့ဖြစ်မှုလည်း ဥပုသ်ပြုကောင်း၏။ထို့ကြောင့် ဥပုသ်နေ့ဖြစ်ခြင်းကို ပတ္တကလ္လအင်္ဂါ ၁ ပါး ဟု ဆိုသည်။ ထိုဥပုသ်နေ့ကား တာကူးလကွယ်နေ့ကဲ့သို့ ၁၄ ရက်မြောက်နေ့ ဟူသော စာတုဒ္ဒသီ ဥပုသ်နေ့၊ တာကူးလပြည့် စသည်တို့ကဲ့သို့ ၁၅ ရက်မြောက်နေ့ဟူသော ပန္နရသီ ဥပုသ်နေ့၊ ကျောင်းတိုက်တခုဝယ် အကြီးအကျယ် သံဃာ ကွဲပြားနေသဖြင့် ဥပုသ်ပြုခွင့် မရဘဲ နေခဲ့ရပြီးနောက် "သံဃာ ညီညွတ်ကြသောအခါ" ဟူသော သာမဂ္ဂီ ဥပုသ်နေ့ ဟု ၃ မျိုးရှိသည်။ [ တနှစ်လျှင် စာတုဒ္ဒသီ ဥပုသ်နေ့ပေါင်း ၆ နေ့၊

ပန္နရသီ ဥပုသ်နေ့ပေါင်း ၁၈ နေ့ ရှိ၏။တွက်ကြည့်ပါ။ သံဃာညီညွတ်ရာနေ့သည် ရိုးရိုးဥပုသ်နေ့ မဟုတ်ဘဲ လဆန်း ၁ ရက်၊ ၂ ရက် စသည် ဖြစ်စေကာမူ ထိုနေ့သည်ပင် ဥပုသ်ပြုကောင်းသော သာမဂ္ဂီဥပုသ်နေ့ ဖြစ်တော့၏။ သံဃ-ဂဏ-ပုဂ္ဂလ ဥပုသ်ပြုပုံများကို ဤကျမ်းအဆုံး နောက်ဆက်တွဲ၌ ပြထားသည်။]

**ယာဝတိကာစ ဘိက္ခုကမ္မပတ္တာ။** ။သံဃ ဥပုသ်ကံ၌ အနည်းဆုံး ရဟန်း ၄ ပါးရှိမှ ထိုကံအား လျောက်ပတ်သည်၊ ထိုကံနှင့် သင့်လျော်သည် ဟူလို။ ထိုရဟန်းများလည်း အချင်းချင်း ဟတ္ထပါသ် စပ်လျက် နီးကပ်စွာ တည်သော ပကတတ်ရဟန်းများချည်း ဖြစ်စေရသည်။ ထိုကဲ့သို့ နီးနီးကပ်ကပ် မနေဘဲ ၂ တောင့်ထွာထက် ဝေးကွာနေလျှင် ဆိုင်ရာကံကို မထောက်ခံလိုဘဲ ကန့်ကွက်ရာ ရောက်သည်။ ထို့ကြောင့် ဟတ္ထပါသ် အတွင်း၌ အချင်းချင်း နီးကပ်စွာ နေရခြင်းသည် သံဃကံ အားလုံး၏ ထုံးစံပင်တည်း။ [ယာဝတာ ဧတေသံတိ ယာဝတိကာ၊ ဧတေသံ-ဤရဟန်းတို့၏၊ ယာဝတာ-အကြင်မျှလောက် အတိုင်းအရှည်သည်၊ အတ္ထိ-ရှိ၏ ဟု ပေး။ မောဂ္ဂလ္လာန်ဏာဒိ, ၄၂ နိဿယ၌ တမျိုးစီရင်၏။] "ဟတ္ထဿ-လက်၏၊ ပါသော-အနီးအရပ်သည်၊ ဟတ္ထပါသော-ဟတ္ထပါသ်မည်၏"ဟု ပါစိတ်ယောဇနာ ဝိဂ္ဂြိုဟ်ပြုသည်။

**ပကတတ်။** ။[ပကတ= ပင်ကိုယ်အတိုင်း + အတ္တ = သဘောရှိသူ၊ ] ပါရာဇိကကျ၍ သီလပျက်သူလည်း မဟုတ်ရ။ (အရိဋ္ဌသိက္ခာပုဒ်၌ လာလတံ့အတိုင်း) မိစ္ဆာအယူကို ယူမိ၍ နှင်ထုတ်ခံရသူ၊ အာပတ်သင့်လျက် ထိုအာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ၊ ထိုအာပတ်ကို မကုခြင်းကြောင့် နှင်ထုတ်ခံရသူ၊ ဤဥက္ခိတ္တက (နှင်ထုတ်ခံရသူ) ၃ မျိုးလည်း မဟုတ်ရ။ ပင်ကိုယ်သဘောရှိသူ (အခြေအနေမပျက် သီလရှိသူ)ကို "ပကတတ္တ=ပကတတ်ရဟန်း" ဟု ခေါ်သည်။ အတိုချုပ်မှာ–ပါရာဇိကကျသူနှင့် ဥက္ခိတ္တက ၃ မျိုးမှ တပါးသော ရဟန်းများကို ပကတတ်ရဟန်းဟု မှတ်။ [ယာဝတိကာစ ဘိက္ခူ ကမ္မပတ္တာ၌ ဘိက္ခူအရ "ပကတတ်ရဟန်း"ဟု တိုက်ရိုက် မပြသော်လည်း ဝဇ္ဇနီယ ၂၁ တွင် ပါရာဇိက ဥက္ခိတ္တကတို့ကို ကြဉ်ဖယ်လတံ့ ဖြစ်သောကြောင့် ဘိက္ခူ အရ ပကတတ်ရဟန်းသာ ဖြစ်သင့်သည်ဟု ကောက်ချက်ချရသည်။]

**နိယမ, အနိယမ။** ။"ယ, တ" နှစ်မျိုးရှိရာ၌ ယ သဒ္ဒါ၏ အနက်သည် အနိယမအနက် (မမှတ်သားအပ်သောအနက်) တည်း။ တသဒ္ဒါ၏ အနက်ကား နိယမအနက် (သတ်မှတ်အပ်သောအနက်)တည်း။ ဥပမာ– "ယော အာဂစ္ဆတိ တံ ဂဏှ = အကြင်သူ + လာ၏၊ ထိုသူ့ကို + ဖမ်းခဲ့" ဟူရာ၌ "အကြင်သူ" ဟူရာဝယ် "မည်သူ မည်ဝါ"ဟု မသတ်မှတ်ရသေး။ "ထိုသူ"ဟူရာ၌ကား "လာတဲ့သူ"ဟု သတ်မှတ်အပ်ပြီး ဖြစ်သည်။ ဤသို့ အနိယမဝါစက ယသဒ္ဒါ

ရှိရာဝယ် နိယမဝါစက တ-ဏ္ဍမသဒ္ဒါတို့လည်း ရှိမြဲ၊ မရှိလျှင်လည်း ထည့်မြဲဖြစ်သောကြောင့် "ယာဝတိကာစ ဘိက္ခူ ကမ္မပတ္တာ"နှင့် ရှေ့နောက်လိုက်အောင် "တာဝတိကာ ဘိက္ခူ ဧကေသိမာယံ"စသည်ဖြင့် ရှေးဆရာတို့ ထည့်ကြသည်။ "ယောပန ဘိက္ခု"စသည့် လာရာဝယ် "အယမ္ပိ=တဿ"စသည်ဖြင့် ထည့်ရာ၌လည်း ဤနည်းပင်။

**အဋ္ဌကထာ။** ။"ယတ္ထယတ္ထ ဟိ ယသ္မာတိ အဝတွာ တသ္မာတိ ဝုစ္စတိ, တတ္ထတတ္ထ ယသ္မာတိ အာနေတွာ ယောဇေတဗ္ဗံ၊ အယံ သာသနယုတ္တိ၊ သေနယော သဗ္ဗတ္ထ"-မူလပရိယာယသုတ်။

[ဆောင်] ၁။ ရှေ့ အနိယ, ရှိတုံက, နိယ နောက်နေစေ။
၂။ အကယ်တိတိ, မရှိဘိ, ထည့်ရမည့် ပုံသေ။

**သဘာဂအာပတ်မရှိခြင်း။** ။အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုချင်း သဘောတူသော အာပတ်ကို (ဤနေရာ၌) "သဘာဂအာပတ်"ဟု ခေါ်၏။ ဥပမာ—ညစာ ထမင်းစားခြင်းကြောင့် တတိုက်လုံး ဝိကာလဘောဇန ပါစိတ်အာပတ် သင့်ကြလျှင် ထိုအာပတ်များသည် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုက ညစာ စားမှုချင်း တူသောကြောင့် "သဘာဂ အာပတ်" မည်၏။ ထိုကဲ့သို့ သဘာဂအာပတ် ရှိနေလျှင် အချင်းချင်း ဒေသနာ မပြောကောင်း။ ဒေသနာ မပြောဘဲ အာပတ်တန်းလန်းနှင့်လည်း ဥပုသ်မပြုကောင်းချေ။ ထိုသို့ မပြုကောင်းလျှင် ဥပုသ်ကံ မဖြစ်နိုင်သောကြောင့် သဘာဂအာပတ် မရှိခြင်းကို ပတ္တကလ္လအင်္ဂါ ၁ပါးဟု ဆိုရသည်။ ဒေသနာ မပြောကောင်းဘဲ မတတ်သာ၍ ပြောကြလျှင် ပြောသည့်အတွက် ဒုက္ကဋ်အာပတ် ထပ်၍ သင့်၏။ ဒေသနာခံသူမှာလည်း ခံယူသည့်အတွက် ဒုက္ကဋ်အာပတ် ထပ်၍ သင့်၏။ [ထိုအာပတ် ဖြေပုံကို ဤကျမ်း၏ နောက်ဆက်တွဲမှာ ပြထားသည်။]

**ဝဇ္ဇနီယာစ၊ ပေါန ဟောန္တိ။** ။ဥပုသ်ပြုရာ၌ သံဃာ၏ ဟတ္ထပါသ် အတွင်းဝယ် လူ အစရှိသော ၂၁မျိုးသောပုဂ္ဂိုလ်များ ရှိမှန်းသိလျက် ကံပြုလျှင် ကံမပျက်သော်လည်း အာပတ်သင့်၏။ ဥက္ခိတ္တက ၃ ယောက်ရှိလျက် ကံပြုလျှင် ပါစိတ်၊ ကျန်ပုဂ္ဂိုလ်များ ရှိလျက် ကံပြုလျှင် ဒုက္ကဋ်။ ထို့ကြောင့် ထို လူ စသည်တို့၏ မရှိခြင်းကိုလည်း ပတ္တကလ္လအင်္ဂါ ၁ပါးဟု ဆိုရသည်။ ထိုစကား သင့်၏။ ကိစ္စတခုကို ပြုလုပ်ရာ၌ သက်ဆိုင်သူတို့ချည်းသာ ပါဝင်သင့်၏။ မဆိုင်သူတို့ ပါဝင်နေလျှင် ကိစ္စကိုပင် အနှောင့်အယှက် ပြုတတ်သေး၏။ ထို့ကြောင့် သံဃကိစ္စဖြစ်သော ဥပုသ်ကံကို ပြုရာ၌ မဆိုင်သော ပုဂ္ဂိုလ်တို့ကို ဖယ်ထားမှသာ ပတ္တကလ္လ ဖြစ်သည်။

**ဝဇ္ဇနီယ ၂၁။** ။[ဝဇ္ဇနီယ-သံဃာ၏ ဟတ္ထပါသ်မှ ကြဉ်ဖယ်အပ်သူများ။] ထို ဝဇ္ဇနီယပုဂ္ဂိုလ်သည် "လူ, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ, သိက္ခာချသူ, ပါရာဇိကကျသူ, ဥက္ခိတ္တကပုဂ္ဂိုလ် ၃ မျိုး, ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, အာနန္တရိယကံ ထိုက်သူ ၅ မျိုး, ဘိက္ခုနီဒူသက, ဥဘတောဗျည်း"အားဖြင့် နှစ်ကျိပ် တယောက် ရှိ၏။

[ဆောင်] ၁။ လူ-နီ-သိက်-သာ, သာ-သိက္ခာ, ပါရာ-ဥက္ခိတ်တည်း။
၂။ ပဏ်-ထေ-ပက်-ဆာန်, ပဥ္စာနန်-ဒူသံ-ဥဘောဗျည်း။
၃။ ဟတ္ထပါသ်မှ, ကြဉ်ဖယ်ရ, ဧကဝီသတည်း။
၄။ မစွန့်-မရှု, မကုတ်ငြား, သရုပ်ကြား, ၃ ပါး ဥက္ခိတ်တည်း။

**ချဲ့ဦးအံ့—**လူမှစ၍ သာမဏေတိုင်အောင် ထင်ရှားပြီ။ "သိက္ခာချသူ" ဟူသည် ပါရာဇိက မကျဘဲ သက်သက် သိက္ခာချသူတည်း။ သိက္ခာချပုံမှာ နောက်၌ ထင်ရှားလတ္တံ့။ ပါရာဇိကကျသူကား တစုံတခု ပါရာဇိကမှုကို ပြုကျင့်သူတည်း။ ["ဥက္ခိတ္တက"၌ "နှင်ထုတ်" ဟူသည် သံဃာ့ကံတွင် မပါဝင်ရအောင် ဥက္ခိတ်ကမ္မဝါစာဖြင့် ကံပြုထားခြင်းတည်း။ ထို့ကြောင့် ဤ ဥက္ခိတ္တကတို့ သံဃာ့ကံတွင် မပါဝင်ထိုက်သော ဝဇ္ဇနီယပုဂ္ဂိုလ်များ ဖြစ်ကြရသည်။ ဥက္ခိတ္တက ၃ ယောက်ကို ရှေ့၌ ပြခဲ့ပြီ။ (မစွန့်) မိစ္ဆာ အယူကို မစွန့်သူ၊ (မရှု) အာပတ် သင့်လျက် ထိုအာပတ်ကို အာပတ်ဟု မရှုသူ၊ (မကု) အာပတ်ဟု ရှုသော်လည်း ဒေသနာပြောခြင်း၊ ပရိဝါသ်နေခြင်းတို့ဖြင့် မကုစားသူတည်း။]

**ပဏ္ဍုက်။** ။အာသိတ္တက-ဥသူယ-ဩပက္ကမိက-ပက္ခ-နပုံး ဟု ပဏ္ဍုက် ၅ မျိုး ရှိ၏။ (ထို ပဏ္ဍုက်များ၏ ဖြစ်ပုံကို ထိုထို ကျမ်းဂန်တို့၌၎င်း၊ သဂြိုဟ် ဘာသာဋီကာ ဝီထိမုတ်ပိုင်း ပဋိသန္ဓိစတုက္က၌၎င်း ရှုပါ။) ပဏ္ဍုက် ၅ မျိုးတွင် အာသိတ္တကနှင့် ဥသူယ ပဏ္ဍုက်တို့မှာ ရဟန်းပင် ပြုကောင်းသေးရကား ထို ၂ မျိုးကို ဝဇ္ဇနီယအဖြစ်၌ မယူအပ်။ ပက္ခပဏ္ဍုက်လည်း ကိလေသာ မပူလောင်သော ပက္ခ၌ ရဟန်းပြုကောင်း၏။ ကျန် ၂ မျိုးကား ရဟန်း မပြုကောင်း။ ဤ ရဟန်းမပြုကောင်းသော ၂ မျိုးသည် အမြဲ ဝဇ္ဇနီယတည်း။ ရဟန်းပြုကောင်းသော ၃မျိုးမှာ ရဟန်းပြုနေခိုက် ဝဇ္ဇနီယမဟုတ်၊ ရဟန်းမပြုလျှင်ကား သာမန် လူမျိုးတွင် ပါဝင်လေပြီ။

**ထေယျသံဝါသက။** ။ခိုးသောအားဖြင့် ပေါင်းသင်း နေထိုင်သူကို ထေယျသံဝါသက ဟု ခေါ်၏။ [ထေယျ – ခိုးသူ၏ အဖြစ်ဖြင့်၊ သံဝါသက- ပေါင်းသင်း နေထိုင်သူ၊] ထို ထေယျသံဝါသကသည် လိင်္ဂထေနက၊ သံဝါသ ထေနက၊ ဥဘယထေနက အားဖြင့် ၃ မျိုး ပြား၏။ ထိုတွင် ရဟန်းအသွင်

ကိုသာ ခိုးသူသည် လိင်္ဂထေနကမည်၏။ အသွင်ကို မခိုးဘဲ ရဟန်းဝါကို ရေတွက်ခြင်း၊ ရဟန်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်းကိုသာ ခိုးသူသည် သံဝါသထေနက မည်၏။ ၂ မျိုးလုံးကို ခိုးယူသူသည် ဥဘယထေနက မည်၏။ ခဲ့ဦးအံ့။

**လိင်္ဂထေနက။** ။ဆရာဉပဇ္ဈာယ် မရှိဘဲ မိမိဘာသာ သင်္ကန်းဝတ်လာသူသည် ရဟန်းအသွင်ကို ခိုးယူရာ ရောက်သောကြောင့် လိင်္ဂထေနက မည်၏။ ထို လိင်္ဂထေနကပုဂ္ဂိုလ်သည် သိက္ခာ မည်မျှရပြီဟု ရဟန်းဝါကိုလည်း မရေတွက်၊ ရဟန်း သာမဏေတို့၏ ရှိခိုးခြင်းကိုလည်း မသာယာ၊ ကံကြီး ကံငယ်ပြုရာ၌လည်း မပါဝင်လျှင် သံဝါသထေနကမဟုတ်။ [မင်းဘေး၊ ခိုးသူဘေး စသော အန္တရာယ်ကြောင့် မိမိဘာသာ သင်္ကန်းဝတ်၍ ရဟန်းယောင် ဆောင်လာသော်လည်း ရဟန်းဝါ ရေတွက်ခြင်းစသော သံဝါသအမှုကိုမပြုလျှင် လိင်္ဂထေနကပင် မဟုတ်။]

**သာမဏေများ သတိထားဘွယ်။** ။သာမဏေစစ်စစ် ဖြစ်ပြီးသူသည် ပြန်ဝတ်ဦးမည်ဟု သင်္ကန်း၌ ငဲ့ကွက်ခြင်းမရှိဘဲ သင်္ကန်းကို ချွတ်ပယ်ကာ အခြားအဝတ်ကို ဝတ်၍ ဖြစ်စေ၊ မဝတ်ဘဲ ဖြစ်စေ၊ မေထုန် မှီဝဲပြီးနောက် သင်္ကန်းကို မိမိဘာသာ ပြန်၍ဝတ်အံ့၊ ထိုသူမှာ လိင်္ဂထေနက ဖြစ်၏။ ထို့ပြင် လူထွက်လို၍ သင်္ကန်းကို ခါးတောင်းကျိုက်ကာ သို့မဟုတ် အခြားသော လူဝတ်နည်း တမျိုးမျိုးကို ဝတ်ကာ "ငါ၏ လူ့အသွင်သည် တင့်တယ်လေသလား၊ မတင့်တယ်လေသလား" ဟု စုံစမ်းရုံတွင် စုံစမ်းအံ့၊ လိင်္ဂထေနက မဖြစ်သေး။ စုံစမ်းရုံတွင် မကဘဲ "ငါ၏ လူ့အသွင်သည် တင့်တယ်၏" ဟု သဘောကျကာ လူ့အဖြစ်ကို လက်ခံကျေနပ်ပြီးမှ တဖန် ပြန်၍ သာမဏေဝတ်နည်းအတိုင်း ဝတ်လျှင် လိင်္ဂထေနက ဖြစ်၏။ သင်္ကန်းမှတပါး အခြားအဝတ်ကို ဝတ်၍ စုံစမ်းရာ၌လည်း စုံစမ်းရုံတွင် စုံစမ်း၍ သင်္ကန်းပြန်ဝတ်လျှင် သင်္ကန်း၌ ငဲ့ကွက်ခြင်း ရှိသေးသောကြောင့် လိင်္ဂထေနက မဖြစ်သေး။ စုံစမ်းရုံတွင်မကဘဲ "တင့်တယ်၏"ဟု သဘောကျပြီး လက်ခံပြီးမှ သင်္ကန်းကို ပြန်ဝတ်လျှင် လိင်္ဂထေနက ဖြစ်၏။ဤသို့လျှင် သာမဏေတို့၌ လိင်္ဂထေနကဖြစ်ဘွယ် အပြစ်များကို နားလည်သင့်ပေသည်။ ပါရာဇိကကျပြီးရဟန်းသည် သာမဏေအဖြစ်၌ နေခွင့်ရသေး၏။ လိင်္ဂထေနက ဖြစ်ပြီးသူကား သာမဏေအဖြစ်၌မျှ နေခွင့်မရတော့။

**သံဝါသထေနက။** ။ဆရာဉပဇ္ဈာယ်က သင်္ကန်းဝတ်ပေးသဖြင့် သာမဏေဖြစ်ပြီးသူသည် အရပ်တပါးသို့သွားပြီးနောက် သူ့ကိုယ်သူ ရဟန်းဟု ဝန်ခံကာ ရဟန်းဝါကို လိမ်ပြောခြင်း၊ ထို ပြောအပ်သော ဝါအောက် ငယ်သော ရဟန်းများနှင့် သာမဏေများ၏ ရှိခိုးမှုကို သာယာခြင်း၊ ဥပုသ်ကံ စသည်တို့၌ ပါဝင်ခြင်း စသော ရဟန်းတို့၏ အမှုအရာကို ပြုအံ့၊ ထို သာမဏေသည် သံဝါသကို

ခိုးသောကြောင့် သံဝါသထေနက မည်၏။ [ရဟန်းဝါကို ရေတွက်ခြင်း စသော အပြုအမူများကိုပင် ဤနေရာ၌ သံဝါသဟု ခေါ်သည်။]

**ဥဘယထေနက**။ ။လူတယောက်ကား မိမိဘာသာ သင်္ကန်းဝတ်ပြီးလျှင် ရဟန်းဟု ဝန်ခံကာ ရဟန်းဝါ ရေတွက်ခြင်း စသော အမူအရာကိုလည်း ပြု၏၊ ထိုသူကား အသွင်နှင့် သံဝါသ ၂ မျိုးလုံးကို ခိုးရာ ရောက်သောကြောင့် ဥဘယထေနက မည်၏။ [ ဤ ထေယျသံဝါသကနှင့်စပ်၍ အကျယ် မှတ်ဘွယ် များကို မဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက ပုရာဏကုလပုတ္တဝတ္ထု၌ ရှုပါ။]

**တိတ္ထိယ ပက္ကန္တက**။ ။သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ပါလျက် တိတ္ထိတို့ အယူကို နှစ်သက်၍ တိတ္ထိဘောင် (တိတ္ထိအဖြစ်)သို့ ပြောင်းရွှေ့ကာ တိတ္ထိတို့ အဝတ်ကို ဝတ်နေသူ၊ အဝတ်မဝတ်ဘဲ နေသူကို တိတ္ထိယပက္ကန္တက ဟု ခေါ်၏။ [ပက္ကန္တက – ပြောင်းရွှေ့သူ၊] ဤ တိတ္ထိယပက္ကန္တကသည် ရဟန်းများ၌သာ ဖြစ်နိုင်၏။ ပြအပ်ခဲ့သော ထေယျသံဝါသကား လူနှင့် သာမဏေများ၌သာ ဖြစ်ခွင့်ရှိ၏။ ထို့ကြောင့် ရဟန်းများသည် ရရှိသောဝါထက် ပို၍ ပြောသော်လည်း မုသာဝါဒ အပြစ်လောက်သာ။ သို့သော် ဝါပိုပြော၍ ဝါကြီးသူတို့သာ ရထိုက်သော ပစ္စည်းကို ခံယူလျှင် ဘဏ္ဍာ၏ တန်ဘိုးလိုက်၍ စီရင်ရလိမ့်မည်။

**တိရစ္ဆာန်**။ ။ဤ တိရစ္ဆာန်အရ ရဟန်းမခံတို့ရန် ပယ်ရှားထားသော လူယောင်ဆောင်တတ်သော နဂါး၊ ဂဠုန်နှင့် နတ်များကိုသာ ယူရမည်ဟု ကင်္ခါဋီကာ၌ ဖွင့်၏။ ထိုနဂါး စသည်တို့ကိုလည်း လူယောင် ဆောင်နေခိုက်သာ ယူသင့်သည်။ တန်ခိုးက္လဒ္ဓိပါဒ်ဖြင့် အနီးအပါးမှာ မမြင်သာအောင် နေခိုက်ကို မယူထိုက်။ ဤစကားသင့်၏။ လူ၊ ဘိက္ခုနီ စသော အခြား ဝဇ္ဇနီယ နှစ်ကျိပ်သည် လူသား စင်စစ်တို့သာ ဖြစ်ကြသကဲ့သို့ ဤ တိရစ္ဆာန်လည်း လူယောင် ဆောင်နိုင်သော၊ လူယောင်ဆောင်နေခိုက်လည်းဖြစ်သော နဂါး စသည်သာ ဖြစ်သင့်သည်။ ခွေး, နွား စသော တိရစ္ဆာန်တို့ကား ဟတ္ထပါသ်အတွင်းသို့ ရောက်နေကြသော်လည်း သံဃာ့ကံကို မနှောင့်ယှက်နိုင်သောကြောင့် ဝဇ္ဇနီယ မဖြစ်။ တိရစ္ဆာနဂတောတိ ဧတ္ထ အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယော ကောစိ နာဂမာဏဝကာဒိကော အမနုဿ ဇာတိကော ဝေဒိတဗ္ဗော၊ န အဿဂေါဏာဒယော။-ကင်္ခါဋီကာ။

**ဘိက္ခုနီဒူသက စသည်**။ ။ဘိက္ခုနီ၌ မေထုန်ကျူးလွန်သူကို ဘိက္ခုနီဒူသက (ဘိက္ခုနီဖျက်ဆီးသူ) ဟု ခေါ်ရ၏။ အာနန္တရိယ ကံထိုက်သူ ၅ မျိုးနှင့် ဥဘတောဗျည်းအကြောင်းကို ထိုထို ကျမ်းဂန်များ၌ရင်း၊ ဝိထိမုတ်ပိုင်း သင်္ဂြိုဟ် ဘာသာဋီကာ ကမ္မစတုက္ကနှင့် ပဋိသန္ဓိစတုက္က၌ရင်း ရှုပါ။

**ပဋိညာဉ်** ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ-ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို၊ သမာပေတွာ-ပြီးစေပြီး၍၊(သမာဒါပေတွာရှိလျှင် "ဆောက်တည်စေ၍"ဟု ပေး၊ ) ဒေသိတာပတ္တိကဿ - ဒေသနာ ပြောအပ်ပြီးသော အာပတ်ရှိသော၊ သမဂ္ဂဿ - ညီညွတ်သော၊ ဘိက္ခုသံဃဿ - ရဟန်းအပေါင်း၏၊ အနုမတိယာ - ခွင့်ပြုချက်ဖြင့်၊ ပါတိမောက္ခံ - ပါတိမောက်ကို၊ ဥဒ္ဒိသိတုံ-ရွတ်ပြခြင်းငှာ၊ အာရာဓနံ-နှစ်သက်စေခြင်းကို၊ ကရောမ-ပြုပါကုန်တော့အံ့။

× × × × ×

**ပဋိညာဉ်**။ ။"ပုဗ္ဗကရဏ၊ပေ၊အာရာဓနံ ကရောမ" ကား ပါတိမောက်ပြမည့် ရဟန်း၏ ပါတိမောက်ပြဘို့ရန် ပဋိညာဉ် အချီစကားတည်း။ "ပုဗ္ဗကရဏ ၄ ပါး၊ ပုဗ္ဗကိစ္စ ၅ ပါးကို ပြီးစေပြီး၍ အာပတ်ရှိလျှင် ဒေသနာ ပြောပြီးသော (အာပတ်မရှိလျှင် ဒေသနာပြောဘွယ်မလိုသော)သမဂ္ဂသံဃာ၏ ခွင့်ပြုချက်ဖြင့် ပါတိမောက် ပြကုန်တော့မည်" ဟူလို။

**စဉ်းစားဘွယ်**။ ။ဤ "ပုဗ္ဗကရဏ၊ပေ၊ကရောမ" ဟူသော ပါဠိသည် ဝိနည်းပါဠိတော် အဋ္ဌကထာကြီးတို့၌ မပါ။ ကင်္ခါအဋ္ဌကထာလည်း မဖွင့်။ ထို့ကြောင့် ဤပါဠိသည် အရှင်မဟာဗုဒ္ဓဃောသတို့ လက်ထက်လောက်က ရှိနေသော ပါဠိမဟုတ်။ မူလသိက္ခာနှင့် ယခုလက်ထက် ပါတိမောက်များ၌သာ တွေ့ရသောကြောင့် နောက်ဆရာတို့ ထည့်အပ်သော ပါဠိဖြစ်ကြောင်း သိသာသည်။ ထို့ကြောင့် ပါဠိ၌ တမူနှင့်တမူ မတူကြသည်မှာ အံ့အားသင့်ဘွယ်ရာ မဟုတ်တော့ချေ။ [ "သမ္မဇ္ဇနီ ပဒီပေါစ" စသော ရှေ့ ၃ ဂါထာကား ပါဠိတော်၌လာသော စကားစုကို အကျဉ်းချုပ်၍ အဋ္ဌကထာ၌ပြထားသော ဂါထာများ ဖြစ်သည်။]

**ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ**။ ။"သမာဒါပေတွာ" ဟုဂုဏ်း၊ အာကို ရဿပြု၍ "သမာဒပေတွာ" ဟုဂုဏ်း တချို့ စာရှိ၏။ "ကောင်းစွာ ပြီးစေ၍"ဟုလည်း အနက်ပေးကြသည်။ သို့သော် "သံ+အာပုဗ္ဗ - ဒါဓာတ်, ဏာပေ ပစ္စည်း, တွာပစ္စည်း"ဖြစ်၍ ထိုအနက်မှာ ထိုပါဌ်နှင့် မသင့်လျော်ချေ။ ထိုပါဌ်၏ အနက်မှာ "ကောင်းစွာ ယူစေ၍ = ဆောက်တည်စေ၍" ဟုသာ ထွက်သည်။ ဤအနက်အလို ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို သီလဆောက်တည်သလို စိတ်ထဲ၌ ဆောက်တည်ထားရမည်ကဲ့သို့ ဖြစ်သောကြောင့် ထိုအနက်လည်း ဤနေရာနှင့် မသင့်သေးချေ။ ထို့ကြောင့် သမာဒါပေတွာ ဟူသော ပါဌ်အတွက် သင့်မြတ်ဘွယ် အနက်ကို ပညာရှိတို့ ရှာကြပါကုန်။

**သမာပေတွာ။** ။ဆရာတို့ကား "သမာပေတွာ" ဟု ပို့ချတော်မူကြ၏။ "ဣတိ (သမတ္တော) - ပြီးပြီ" ဟူရာ၌ "သံပုဗ္ဗ+အပဓာတ်" ဖြစ်သကဲ့သို့ ဤ၌လည်း "သံပုဗ္ဗ+အပဓာတ်, ဏေပစ္စည်း, တွာပစ္စည်း" ဟု ကြံတော်မူပြီးလျှင် "သမာပေတွာ - ပြီးစေပြီး၍" ဟု အနက်ပေးစေတော်မူကြသည်။ [ဝိနယာလင်္ကာရဋ္ဌကမူ "သမ္မာ+နိဋ္ဌာပေတွာ=ကောင်းစွာပြီးဆုံးစေ၍" ဟု ပါဌ်တမျိုးကို တွေ့ရ၏။]

**သမဂ္ဂသ။** ။သမံ ဂယှတေတိ သမဂ္ဂေါ၊ သမံ– အလုံးစုံ အကုန်အစင်၊ ဂယှတေ– ယူအပ်၏၊ ဣတိ– ထို့ကြောင့်၊ သမဂ္ဂေါ– မည်၏။ ဤဝိဂြိုဟ်အရ အလုံးစုံ အကုန်အစင် ယူအပ်သော (အကုန်အစင် ပါဝင်သော) သံဃာသည် သမဂ္ဂ မည်၏။ ဤသို့ အကုန်အစင် ပါဝင်ကြသော သံဃာကိုပင် ယခုအခါ၌ "ညီညွတ်သောသံဃာ" ဟု ခေါ်ကြသည်။ [သမဂ္ဂ၌ "သမံ သဒ္ဒူပပဒ+ ဂဟဓာတ်" ဟု ထောမနိဓိ သဏ္ဌာန အဘိဓာန် ကြံသည်။ ဘတ္တဂ္ဂ၌ ဘတ္တ + ဂဟ, က္ဂ ပစ္စည်းဖြင့် ပြီးသကဲ့သို့တည်း။]

**သာမဂ္ဂီ ၂ မျိုး။** ။သမဂ္ဂဿဟူသော ပါဌ်နှင့်စပ်၍ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီဟု သာမဂ္ဂီ ၂ မျိုးကို မှတ်အပ်၏။ ထိုတွင် အချင်းချင်း ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရှိခြင်းသည် ကာယသာမဂ္ဂီမည်၏။ ပြုအပ်သောကံကို မတားမြစ်ဘဲ စိတ်အားဖြင့် သဘောတူခြင်းသည် စိတ္တသာမဂ္ဂီ မည်၏။ ဆန္ဒပေးလိုက်သော ရဟန်းများ၏ ဆန္ဒလည်း သံဃာ့အထံသို့ ရောက်သည့်အခါ သာမဂ္ဂီဖြစ်ပြီ။ [သမဂ္ဂဿ–အကုန်အစင်ပါဝင်သော သံဃာ၏၊ ဝါ– ညီညွတ်သော သံဃာ၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ အကုန်အစင်ပါခြင်းသည်၊ ဝါ-ဖြစ်ကြောင်းဖြစ်ရာ ညီညွတ်ခြင်းသည်၊ သာမဂ္ဂီ– မည်၏။]

**အနုမတိယာ။** ။ထောမနိဓိအဘိဓာန်၌ အနုမတိကို အနုညာဟု ဖွင့်၏။ ထို့ကြောင့် "အနုမတိယာ – ခွင့်ပြုချက်ဖြင့်"ဟု အနက်ဆိုသည်။ "သုဏာတု မေ ဘန္တေ အာယသ္မန္တော ပါတိမောက္ခံ ဥဒ္ဒိသံ အဇ္ဈေသတိ" စသည်ဖြင့် သံဃာက ပါတိမောက်ပြဘို့ရန် တိုက်တွန်းခဲ့သောကြောင့် ထို တိုက်တွန်းချက်၊ ခွင့်ပြုချက်အရ ပါတိမောက် ပြကုန်အံ့ ဟု ဆိုလိုသည်။ [ရှေးနိဿယများ၌ "အနုမတိယာ- အလိုအားဖြင့်" ဟုဎင်း၊ "အလိုအားလျော်သဖြင့်" ဟုဎင်း အနက်ပေးကြ၏။ ထိုအနက်ကို စဉ်းစားပါလေ။]

**အာရာဓနံ ကရောမ။** ။"နှစ်သက်စေခြင်းကိုပြုကုန်အံ့"ဟူသော စကားသည် ကျမ်းစာသဘောအားဖြင့် ယဉ်ကျေးအောင် သုံးအပ်သော စကားတည်း။ သံဃာတော်အားလုံးက ပါတိမောက်ပြခြင်းကို လိုလားနေကြ၏။ ထို့ကြောင့် ပါတိမောက်ပြခြင်းသည် ထိုသိမ်အတွင်းရှိ သံဃာအားလုံးကို နှစ်သက်စေရာ

ရောက်၏။ သို့ဖြစ်၍ "အာရာဓနံ ကရောမ– သံဃာတော်အားလုံး နှစ်သက်စေခြင်းကို ပြုကုန်အံ့" ဟူသော စကားကို အဖြောင့်ပြောရလျှင် "ပါတိမောက်ပြကုန်တော့အံ့၊ ပါတိမောက်ပြသောအားဖြင့် ဤသံဃာတော်ကို နှစ်သက်အောင် ပြုပါအံ့" ဟု ဆိုလိုရင်းပင် ဖြစ်ပါသည်။

**မှတ်ချက်။** ။ အာရာဓနကို ထောမနိဓိ၌ "သာဓန (ပြီးစေခြင်း) တောသန (နှစ်သက်စေခြင်း)" စသည်ဖြင့် ဖွင့်၏။ ထို့ကြောင့် "အာရာဓနံ– နှစ်သက်စေခြင်းကို" ဟု အနက်ပေးသည်။ "အာရာဓနံ – အားထုတ်ခြင်းကို" ဟု ပေးသော ရှေးအနက်ကား "အာရဒ္ဓေါ – အားထုတ်အပ်၏" စသည်ကို နည်းမှီဟန် တူသည်။ သို့သော် အာရာဓန၌ အာ ရှေးရှိသော ရာဓဓာတ်၊ အာရဒ္ဓေါ၌ အာရှေးရှိသော ရဘဓာတ်ဖြစ်၍ ဓာတ်ချင်း မတူရကား အနက်ချင်းလည်း မတူနိုင်။ ထို့ကြောင့် ထိုရှေးနိဿယနက်ကို (အဓိပ္ပာယ်ရသော်လည်း သဒ္ဒါနည်းအရ) စဉ်းစားကြပါကုန်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ "သမ္မဇ္ဇနီ ပဒီပေါ" မှ စ၍ "အာရာဓနံ ကရောမ" တိုင်အောင် စကားများသည် ဘာကိုပြသော စကားတို့ပါနည်း။

ခ ။ မည်သည့်စကားရပ်မှစ၍ မည်သည့်စကားရပ် တိုင်အောင်ကို "ဥပုသ်ပြုခြင်း၏ ပရိကမ်" ဟု ခေါ်သနည်း။

ဂ ။ ဘာ့ကြောင့်"ပုဗ္ဗကရဏ"ဟု ခေါ်သနည်း။ ထို ၄ ပါးကို ရေတွက်ပြပါ။

ဃ။ ဘာ့ကြောင့် "ပုဗ္ဗကိစ္စ"ဟု ခေါ်သနည်း။ ထို ၅ ပါးကို ရေတွက်ပြပါ။

င ။ ကရဏနှင့် ကိစ္စအထူးကို ပြပါ။

စ ။ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စ အထူးကို ပြပါ။

ဆ။ ဆန္ဒပါရိသုဒ္ဓိ ၂ မျိုးလုံးပေးကြရာ၌ ပါရိသုဒ္ဓိပေးခြင်းသည် ဘယ်အကျိုးကို ပြီးစေ၍ ဆန္ဒပေးခြင်းက ဘယ်အကျိုးကို ပြီးစေသနည်း။

ဇ ။ ဆန္ဒပါရိသုဒ္ဓိပေးပုံ၊ ဆောင်လာသောရဟန်း၏ လျှောက်ပုံကို ပြပါ။

ဈ ။ ဆန္ဒသက်သက် ပေးပုံ၊ ပါရိသုဒ္ဓိသက်သက် ပေးပုံကို ပြပါ။

ည ။ ဥတုက္ခာနံအရ ဥတု ၃ မျိုးကို ဖော်ပြပါ။ ဥတုက္ခာနံအရ ဥတုကိုချည်း လျှောက်ရမည်လော၊ သို့မဟုတ် မည်သည့် အရာကို ထည့်၍ လျှောက်ရဦးမည်နည်း။

၄ ။ ဤဝါဒေါအရ ဘိက္ခုနီတို့က ရဟန်းတပါးပါးထံ လာ၍ လျှောက်ပုံကို ပြပြီးလျှင် ထိုရဟန်းက ထိုစကားကို မည်သူ့အား တဆင့် လျှောက်ရမည်ကိုလည်း ပြပါ။

၅ ။ ဘယ်ကံကို "ပတ္တကလ္လ"ခေါ်သနည်း။ ထိုအင်္ဂါ ၄ ပါးကို ရေတွက်ပါ။

၃ ။ ဥပုသ် ၃ မျိုးကို ဖော်ပြ၍ တနှစ်၌ စာတုဒ္ဒသီပေါင်း၊ ပန္နရသီပေါင်း မည်မျှစီ ရှိကြောင်းကိုလည်း ပြပါ။

၈ ။ ဘာ့ကြောင့် "ပကတတ်"ဟု ခေါ်သနည်း။ ဤပကတတ်ရဟန်းတို့ကား အဘယ်ရဟန်းမျိုးပါနည်း။

၉ ။ ယာဝတိကာစ ဘိက္ခူ–ဟူသော ပါဠိ၌ ပကတတ်ရဟန်း ဟု မဆိုဘဲ အဘယ့်ကြောင့် ပကတတ်ရဟန်းကို ယူကြရသနည်း။

၁၀ ။ သံဃဥပုသ်၌ ပကတတ်ရဟန်း မည်မျှရှိမှ ကမ္မပ္ပတ္တဖြစ်သနည်း။

၁၁ ။ အဘယ် အာပတ်မျိုးကို သဘာဂအာပတ်ဟု ခေါ်သနည်း။ ထင်ရှားအောင် ပြပါ။

၁၂ ။ သဘာဂအာပတ် မရှိခြင်းကို အဘယ့်ကြောင့် ပတ္တကလ္လအင်္ဂါ ၁ ပါးဟု ဆိုရသနည်း။

၁၃ ။ အဘယ်ကို "ဝဇ္ဇနီယ" ဟု ခေါ်သနည်း။ ဤ ၂၁ကိုရေတွက်၍"တိရစ္ဆာန်"အရ ယူရမည့် တိရစ္ဆာန်ကိုလည်း ပြပါ။

၁၄ ။ သမဂ္ဂသနှင့်စပ်၍ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ၂ မျိုးကို ပြပါ။

**မှာထားချက်။** ။စာသင်သားတို့သည် ဆရာကပြောသမျှ အဓိပ္ပာယ်ကို နားမလည်ကြပါ။ မေးခွန်းထုတ်လိုက်သော အခါကျမှ ဖြေရမည့် အချက်ကို သဘောကျ၍ ကျမ်းရင်းအဓိပ္ပာယ်ကို နားလည်ကြပါသည်။ ယခုအခါ ခေတ်အားလျော်စွာ ပြုပြင် သင်ပြလေ့ရှိသော တိုက်တို့၌ ပြောအပ်ပြီး အဓိပ္ပာယ်ကို ပြန်၍မေးခြင်း၊ အားလပ်သော သီတင်းနေ့ စသည်၌ အစမ်း မေးခွန်းထုတ်၍ ဖြေဆိုစေခြင်း စသည်ဖြင့် လေ့လာနေစေကြပါပြီ။ ထိုနည်းသည် အမှန် အကျိုးရှိသောနည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤညွှန်ပြအပ်သည်ထက် ပိုမိုသောလေ့ကျင့်ခန်းများကိုလည်း ထုတ်ပြ၍ လေ့လာစေကြပါကုန်။

ဥပုသ်ပြုပရိက်ပ် ပြီးပြီ။

ဥတ် ဘန္တေ-အရှင်ဘုရားတို့၊ သံဃော-သံဃာတော်သည်၊ မေ-တပည့်တော်၏၊ (ဝစနံ-စကားကို၊) သုဏာတု-နားစိုက်တော်မူပါ၊ အဇ္ဇ – ယနေ့၊ ပန္နရသော – တဆယ့်ငါးရက်မြောက်သော၊ ဥပေါသထော – ဥပုသ်နေ့ပါတည်း၊ သံဃဿ-သံဃာတော်၏၊ (ကမ္မံ–

× × × × ×

**နိဒါနအခန်း။** ။"သုဏာတု မေ ဘန္တေ သံဃော" စသည်တို့ကား ပါတိမောက် ပါဠိတော်တည်း။ အချို့နိဒါန်း၌ ပြခဲ့သော အာဏာပါတိမောက်၊ ဩဝါဒ ပါတိမောက် ၂ မျိုးတို့တွင် အာဏာ ပါတိမောက်တည်း။ ထိုတွင် "သုဏာတု မေ"မှ စ၍ "တတ္ထ သဗ္ဗေဟေဝ၊ ပေ၊ သိက္ခိတဗ္ဗံ" တိုင်အောင် အခန်းများကို "ဘိက္ခုပါတိမောက် = ရဟန်းယောက်ျားများ၏ ပါတိမောက်" ဟု ခေါ်၏။ ထိုအခန်းတို့တွင် "သုဏာတု မေ"မှ စ၍ "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော၊ ပေ၊ ဧဝမေတံ ဓာရယာမီတိ" တိုင်အောင် စကားရပ်ကား နိဒါန အခန်းတည်း။

**ဥတ်။** ။"သုဏာတု မေ၊ ပေ၊ ဥဒ္ဒိသေယျ"ဟူသော ဝါကျကို "ဥတ်"ဟု ခေါ်၏။ ပါဠိလို "ဥတ္တိ"၊ မြန်မာလို "ဥတ်"။ အဓိပ္ပာယ်မှာ "သံဃာကို သိစေကြောင်းစကား" ဟု ဆိုလိုသည်။ [ဥတ္တိ၌ ဉာဓာတ်, ဏောပစ္စည်း, တိ ပစ္စည်းတည်း။ ကာရိတ် ဏောပစ္စည်းကြေ၍ "ဥတ္တိ" ဟု ဖြစ်နေသည်။] "သိစေ"ဟူသည်မှာလည်း ယခုပြုလုပ်မည့် ကိစ္စကိုငှ်း၊ ထိုကိစ္စ၏ အချိန်တန်ကြောင်းကိုငှ်း သံဃာအား ပြောပြခြင်းပင်တည်း။ သိစေပုံ ထင်ရှားအောင် ထိုဥတ်ပါဠိကို အောက်ပါအတိုင်း မြန်မာပြန်ကြည့်ပါ။

"အရှင်ဘုရားတို့....သံဃာတော်သည် တပည့်တော်၏စကားကို နားဆင်တော်မူပါ။ ယနေ့ ပန္နရသီဥပုသ်နေ့ ဖြစ်ပါသည်။ သံဃာတော်၏ ဥပုသ်ကံသည် သင့်လျော်သောအခါ ရှိပါလျှင် သံဃာတော်သည် ဥပုသ်ပြုချိန်တန်ပါပြီ၊ ပါတိမောက် ပြချိန်တန်ပါပြီ"

**စာတုဒ္ဒသီ သာမဂ္ဂီဥတ်။** ။စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီအားဖြင့် ဥပုသ်နေ့ ၃ မျိုးရှိကြောင်း ပြခဲ့ပြီ။ ပါတိမောက်၌ တိုက်ရိုက်လာသောဥတ်သည် ပန္နရသီဥပုသ်နေ့အတွက် ဥတ်တည်း။ စာတုဒ္ဒသီ ဥပုသ်နေ့ဖြစ်မူ "အဇ္ဇုပေါသထော ပန္နရသော" အစား "အဇ္ဇုပေါသထော စာတုဒ္ဒသော"ဟု ဆိုပါ။ သာမဂ္ဂီဥပုသ်နေ့ဖြစ်မူ "အဇ္ဇုပေါသထော သာမဂ္ဂီ"ဟု ဆို။ ["အဇ္ဇ–ယနေ့၊ စာတုဒ္ဒသော–တဆယ့်လေးရက်မြောက်သော၊ ဥပေါသထော – ဥပုသ်နေ့ပါတည်း။ သာမဂ္ဂီဥပေါသထော–သာမဂ္ဂီဥပုသ်နေ့ပါတည်း" ဟု ဆိုပါ။]

ကံသည်၊) ပတ္တကလ္လံ-လျောက်ပတ်သောအခါရှိသည်၊ ယဒိ (သိယာ)-အကယ်၍ ဖြစ်အံ့၊ (ဝေံသတိ – ဤသို့ ဖြစ်လသော်၊) သံဃော-သံဃာတော်သည်၊ ဥပေါသထံ-ဥပုသ်ကို၊ ကရေယျ-ပြုရာပါ၏၊ ဝါ-ပြုချိန် တန်ပါပြီ၊ ပါတိမောက္ခံ-ပါတိမောက်ကို၊ ဥဒ္ဒိသေယျ – ရွတ်ပြရာပါ၏၊ ဝါ-ရွတ်ပြချိန် တန်ပါပြီ။

× × × × ×

**ဉတ်ပါဠိ အနက်ပေးပုံ။** ။"ယဒိ သံဃဿ"၌ သဒ္ဒစည်းမျဉ်းကိုရှင်း၊ ဝိမတိဋ္ဌီကာ (ဥပသမ္ပဒဉတ်) အဖွင့်ကိုရှင်း ကြည့်၍ "သံဃဿ-၏၊ ကမ္မံ-သည်"ဟု အနက်ပေးလိုက်သည်။ ထို့ပြင် "ကရေယျ ဥဒ္ဒိသေယျ" တို့၌ ယျေဝိဘတ်များ၏ အနက်ကို ဝိဓိ (စီမံခြင်း)အနက်ဟု ဝိမတိဖွင့်၏။ မောဂ္ဂလ္လာန်၌ကား ဝိဓိသဘောသက်သော "ပတ္တကလ္လ" အနက်ဟု ဆို၏။ ထို့ကြောင့် "ကရေယျ – ပြုချိန်တန်ပါပြီ" ဟု တနည်း ပေးလိုက်သည်။ [ပါတိမောက်၌လာသော ဉတ်သည် သီတင်းငယ်၏ ဉတ်တည်း။ ပါတိမောက် ပြသူက အကြီးဆုံးဖြစ်လျှင် "ဘန္တေ" အစား "အာဝုသော"ဟု လဲ၍ ဆိုပါ။]

**ပါတိမောက်ပြမှုကို ဥပုသ်ပြုခေါ်ပုံ။** ။"ဥပေါသထံ ကရေယျ" အရ "ဥပုသ်ပြုခြင်း"ဟူသည် "ပါတိမောက် ရွတ်ပြခြင်းပင်တည်း"ဟု သိစေတော်မူလိုသောကြောင့် "ပါတိမောက္ခံ ဥဒ္ဒိသေယျ"ဟု ထပ်၍ မိန့်တော်မူသည်။ ဤ "ဥပေါသထံ ကရေယျ, ပါတိမောက္ခံ ဥဒ္ဒိသေယျ"တို့ကိုထောက်၍ ပါတိမောက် ရွတ်ပြမှုကိုပင် (သံဃာ့ဥပုသ်အရာ၌) "ဥပုသ်ပြုခြင်း"ဟု သိသာပြီ။ သို့ရာတွင် ပါတိမောက်ရွတ်မှုကို အဘယ့်ကြောင့် ဥပုသ်ပြုခေါ်သနည်းဟု မေးဘွယ်ရှိ၏။

**အဖြေကား။** ။ဥပေါသထ၌ "ဥပ+ဝသထ"ဟု ပုဒ်ခွဲ။ ဥပသဒ္ဒါသည် "ပြည့်စုံခြင်း" အနက် ရှိ၍ ဝသဓာတ်က "ကျင့်သုံးခြင်း" အနက် ရှိ၏။ ထို့ကြောင့် "ဥပေတေဟိ – စင်ကြယ်သော သီလနှင့် ပြည့်စုံသော သီတင်းသုံးဘော်တို့သည်၊ ဝသီယတိ – ရွတ်ပြခြင်း၊ ကြားနာခြင်းအားဖြင့် ကျင့်သုံးအပ်၏" ဟူသော ဝစနတ်အရ စင်ကြယ်သောသီလနှင့် ပြည့်စုံသော သီတင်းသုံးဘော်တို့ ရွတ်ဆိုခြင်း၊ ကြားနာခြင်းအားဖြင့် ကျင့်သုံးအပ်သောကြောင့် ပါတိမောက် ရွတ်ပြမှုကိုပင် ဥပုသ်ပြုဟု ခေါ်ရသည်။ [စင်ကြယ်သောသီလနှင့် ပြည့်စုံရပုံမှာလည်း အာပတ်ရှိလျှင် ဒေသနာ ပြောရခြင်းဖြင့် ထင်ရှား၏။]

**[ဆောင်]** ဖြူစင်သီလ, ပြည့်စုံကြသည့်, သမဂ္ဂ အားလုံး, ထေရ်ရှင်ဘုန်းတို့,
ကျင့်သုံးအပ်ဘိ, ဗျုပ္ပတ္တိကြောင့်, ပါတိမောက်စု, ရွတ်ပြမှုလျှင်,
ဥပုသ်ပင်, မြတ်ရှင် မိန့်တော်မူ။

**ပုစ္ဆကိစ္စ ၄ ပါးကို မေးခြင်း**

**သံဃဿ-သံဃာတော်၏၊ ဝါ-သံဃာတော်သည်၊ ပုဗ္ဗကိစ္စံ-ပုဗ္ဗကိစ္စ ၄ ပါးကို၊ (ကတံ) ကိံ-ပြုအပ်ပါပြီလော။**

**အာပတ်စင်ကြယ်အောင် တိုက်တွန်းခြင်း**

**အာယသ္မန္တော - အရှင်တို့၊ (တုမှေ-အရှင်တို့သည်၊) ပါရိသုဒ္ဓိံ - အာပတ်မှ စင်ကြယ်သူ၏ အဖြစ်ကို၊ အာရောစေထ-ပြောဆိုကြပါကုန်၊ ပါတိမောက္ခံ-ပါတိမောက်ကို၊ ဥဒ္ဒိသိဿာမိ = ရွတ်ဆိုပါတော့မည်၊ ဝါ-ပြပါတော့မည်။**

× × × × ×

**ပုဗ္ဗကိစ္စကို မေးခြင်း။** ။"ကိံ သံဃဿ ပုဗ္ဗကိစ္စံ"ကား ပုဗ္ဗကရဏ ၄ ပါး၊ ပုဗ္ဗကိစ္စ ၅ ပါးကို "ပြုပြီးပါပြီလား"ဟု ပါတိမောက်ပြမည့် ရဟန်းက ဆိုင်ရာပုဂ္ဂိုလ်များကို မေးသော စကားတည်း။ ဤအမေးအရ ယခုကာလ၌ ပါတိမောက် အမေး-အဖြေ ဖြစ်ပေါ်လာရသည်။ ယခုကာလကဲ့သို့ အကျယ်မမေး မဖြေဘဲ "ကိံ သံဃဿ ပုဗ္ဗကိစ္စံ"ဟု မေးလိုက်သည်နှင့် တပြိုင်နက် ပါတိမောက်ဖြေမည့် ပုဂ္ဂိုလ်က ဖြစ်စေ၊ ဆိုင်ရာတပါးပါးကဖြစ်စေ "ပြီးပါပြီ" ဟု တိုတို ဖြေလျှင်လည်း တာဝန်ကျေသည်သာ။

**အာပတ်စင်ကြယ်ရန် တိုက်တွန်းခြင်း။** ။"ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ" လည်း "အာပတ်မှ စင်ကြယ်ကြောင်းကို ပြောကြပါ" ဟု ပါတိမောက်ပြမည့် ရဟန်း၏ တိုက်တွန်းသောစကားတည်း။ [နောက်၌လည်း နိဒါန်းစကားတို့ကို ပါတိမောက်ပြသော ရဟန်း၏ စကားဟုချည်း မှတ်ပါ။]

**ဆက်ဦးအံ့။** ။"ပါရိသုဒ္ဓိ" အရ "အာပတ်မှ စင်ကြယ်သူ၏ အဖြစ်" ဟူသည် မိမိမှာ အာပတ်သင့်သည်ကို ဖုံးကွယ်၍ မထားဘဲ ပြောပြခြင်းပင်တည်း။ ထို့ကြောင့် အာပတ်သင့်နေလျှင် ထိုအာပတ်ကို ဒေသနာသော်လည်း ပြောကြပါ၊ ပါတိမောက် ပြနေခိုက်ဖြစ်၍ ဒေသနာမပြောသာလျှင်လည်း အနီးအပါး ရဟန်းတို့အား "အာပတ်သင့်ကြောင်း" တိုးတိုးတိတ်တိတ် ပြောကြပါဟု ဆိုလိုသည်။ [ဤအဓိပ္ပာယ်ကိုပင် "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ"ဟု ပြလိမ့်ဦးမည်။ ဒေသနာ ပြောပြပုံကို ဤကျမ်း၏ နောက်ဆက်တွဲ၌ အဓိပ္ပာယ်နှင့်တကွ ပြထားသည်။]

**ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ** – [ဥပေါသထက္ခန္ဓက၌ ဥဒ္ဒိသိဿာမိကို "အာစိက္ခိဿာမိ, ပကာသေဿာမိ" ဟု ဖွင့်ပြသောကြောင့် "ရွတ်ဆိုပါတော့မည်၊ ပြပါတော့မည်"ဟု အနက်ပေးသည်။] ဤစကား၌ "ပါတိမောက်

ပြတော့မည်”ဟု ပဋိညာဉ်ပေးမှုက အရေးမကြီး၊ “ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ”ဟု တိုက်တွန်းရခြင်း၏ အကြောင်းကို ပြမှုကသာ အရေးကြီးသည်။ ခဲ့ဦးအံ့—ဥပုသ်ပြုရာ၌ ပါတိမောက်နာသော ရဟန်းသည် အာပတ်တန်းလန်းနှင့် နာလျှင် “န ဘိက္ခဝေ သာပတ္တိကေန ပါတိမောက္ခံ သောတဗ္ဗံ, ယော သုဏေယျ, အာပတ္တိ ဒုက္ကဋဿ”ဟူသော (ပါတိမောက္ခဋ္ဌပနက္ခန္ဓက) နှင့် အညီ ဒုက္ကဋ်အာပတ် သင့်၏။ ထိုသို့မသင့်အောင် “ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ”ဟု တိုက်တွန်းသည်။ “ပါတိမောက် ပြတော့မည်ဖြစ်သောကြောင့် မိမိ၏ အာပတ်မှ စင်ကြယ်သူဖြစ်ကြောင်းကို ပြောကြပါ” ဟူလို။

**ဥဒ္ဒိသိဿာမိ ဆိုထိုက်ပုံ။** ။ဥတ်ပါဠိ၌ “သံဃော၊ ပေ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ=သံဃာသည် ပါတိမောက် ရွတ်ပြရာ၏”ဟု ဆိုခဲ့ပြီးနောက် ယခု “ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ=တပည့်တော် ပါတိမောက် ရွတ်ပြပါတော့မည်” ဟု ဆိုပြန်ရာ ရှေ့နောက် မဆက်မစပ်သည် မဟုတ်ပါလော ဟု မေးဘွယ်ရှိ၏။ အဖြေကား–သဒ္ဒါ အနေအားဖြင့် ရှေ့နောက် မညီသကဲ့သို့ ထင်ရသော်လည်း လက္ခဏာအားဖြင့် ရှေ့နောက် ညီညွတ်လျက် ရှိသည်။ [လက္ခဏာဟူသည် လိုရင်းအနက်၊ သဘာ၀ ခေါ် အမှန်အနက်တည်း။]

**ချဦးအံ့။** ။“သံဃဿ သာမဂ္ဂိယာ ဂဏဿ သာမဂ္ဂိယာ ပုဂ္ဂလဿ ဥဒ္ဒေသာ သံဃဿ ဥဒ္ဒိဋ္ဌံ ဟောတိ ပါတိမောက္ခံ”ဟူသော ပါဠိတော်နှင့်အညီ ၅ ပါးစသော သံဃာရှိရာ၌ ထိုသံဃာအများ၏ သာမဂ္ဂီဖြစ်ခြင်း၊ ၄ ပါးသာ ရှိရာ၌ ၃ ပါးဂိုဏ်း၏ သာမဂ္ဂီဖြစ်ခြင်း၊ ရဟန်းတပါးက ရွတ်ဆိုခြင်းကြောင့် သံဃာအားလုံးပင် ပါတိမောက်ကို ရွတ်ဆိုရာ (ပြရာ) ရောက်၏။ “သာမဂ္ဂီဖြစ်”ဟူသည် တပါးပါးက ရွတ်ဆိုနေသည်ကို ကန့်ကွက်ခြင်းမရှိဘဲ ညီညွတ်စွာ နားထောင်နေကြခြင်းပင်တည်း။ ဤသို့ ညီညွတ်စွာ နားထောင်နေကြလျှင်ပင် သံဃာအားလုံး သဘောတူရွတ်ရာ ရောက်သောကြောင့် “သံဃော ဥဒ္ဒိသေယျ”ဟူသော ဥတ်ပါဠိတော်စကားနှင့် “ဥဒ္ဒိသိဿာမိ”ဟူသော စကားသည် လိုရင်း အသားကျအားဖြင့် (အမှန်သဘော လက္ခဏာအားဖြင့်) ဆန့်ကျင်ခြင်း မရှိကြ၊ ရှေ့နောက် ဆက်စပ်လျက် ရှိကြပေသည်။ [သံဃဿ-၏၊ ဂဏဿ-ဂိုဏ်း၏၊ သာမဂ္ဂိယာ-ညီညွတ်ခြင်းကြောင့်၊ ပုဂ္ဂလဿ-၏၊ ဥဒ္ဒေသာ-ရွတ်ပြခြင်းကြောင့်၊ သံဃဿ-သံဃာသည်၊ ပါတိမောက္ခံ-သည်၊ ဥဒ္ဒိဋ္ဌံ-ရွတ်အပ်(ပြအပ်)သည် မည်သည်၊ ဟောတိ-၏။]

[**ဆောင်**] ပါတိမောက္ခ, ဥဒ္ဒိသဉ္ဈ, ယျေ-ဿာမိ, ရှေ့နောက်ရှိကာ,
သဒ္ဒါမန္လော, ကွဲဘိသောလည်း, သဘောကိုထောက်, လိုရင်း
ကောက်က, ရှေ့နောက် နှစ်ရပ်, ကောင်းစွာထပ်,မစပ် မရှိပြီ၊

**နားစိုက်ဘို့ရန် တိုက်တွန်းခြင်း** တံ-ထို ပါတိမောက်ကို၊ သဗ္ဗေဝ – အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ သန္တာ-ဤဥပုသ်ကျောင်းဆောင်တွင် ထင်ရှားရှိကုန်သော၊ (မယံ – တပည့်တော်တို့သည်၊) **သာဓုကံ - ကောင်းမွန်စွာ၊ သုဏောမ - နားစိုက်ကြပါကုန်စို့၊ မနသိ- စိတ်၌၊ ကရောမ - ထားကြပါကုန်စို့၊ (တနည်း) မနသိကရောမ - နှလုံး သွင်းကြပါကုန်စို့။**

× × × × ×

**နားစိုက်ဘို့ရန် တိုက်တွန်းခြင်း။** ။"တံ သဗ္ဗေဝ၊ ပေ၊ မနသိကရောမ= နာကြကုန်စို့၊ နှလုံးသွင်းကြကုန်စို့"ဟု ဆိုသောကြောင့် ဤ "တံ သဗ္ဗေဝ၊ ပေ၊ မနသိကရောမ"ဝါကျသည် ပါတိမောက် နာကြဘို့ရန် တိုက်တွန်းသော စကား တည်းဟု မှတ်ပါ။ ဤ၌ "သုဏောမ"ဟူသော အမှုယောဂကြိယာကို ကြည့်၍ "မယံ"ဟု ထည့်ရသည်။ "သဗ္ဗေဝ - အလုံးစုံ" ဟူသည်မှာ "ထေရ၊ နဝ၊ မဇ္ဈိမဖြစ်သော ရဟန်းအားလုံး" တည်း။ [ဆယ်ဝါရသူမှ စ၍ အထက်ပုဂ္ဂိုလ် များကို "ထေရ=ထေရ်" ဟုရင်း၊ ရဟန်းဖြစ်သည်မှ စ၍ ၅ ဝါမရသေးခင် "နဝ=သီတင်းငယ်"ဟုရင်း၊ ၅ ဝါရသည်မှ စ၍ ဆယ်ဝါအတွင်း "မဇ္ဈိမ= သီတင်းလတ်"ဟုရင်း၊ ဝါ ၂၀ အထက်ကို "မဟာထေရ = မဟာထေရ် = မထေရ်"ဟုရင်း ခေါ်၏။ "သန္တာ – သူတော်ကောင်း ဖြစ်ကြကုန်သော" ဟုလည်း ပေးကြသေး၏။ ထိုအနက်ကား "သဗ္ဗေ သန္တာတိ–သဗ္ဗေ တုမှေ ဣဓ ဝိဇ္ဇမာနာ"ဟူသော နာရဒဇာတ် အဋ္ဌကထာနှင့် မညီ။]

**သာဓုကံ သုဏောမ, မနသိကရောမ။** ။သုဏောမတွင်မဆိုဘဲ "သာဓု ကံ-ကောင်းမွန်စွာ"ဟု ဆိုရာ၌ စွဲစွဲမြဲမြဲနာခြင်းကို "အကောင်း"ဟု ဆိုလို သည်။ စိတ်ကို ဟိုအာရုံရောက်၊ သည်အာရုံရောက် မဖြစ်စေဘဲ ပါတိမောက် ရွတ်သံ တခုတည်း၌သာ ထားခြင်း (နားစိုက်၍ထောင်ခြင်း)ကို "သာဓုကံ သုဏောမ"ဟု ဆိုသည်။ ကြားကာမတ္တ မဟုတ်၊ ကြားပြီးနောက် လျှံထွက် မသွားစေဘဲ ထို ပါတိမောက်အာရုံကိုပင် စိတ်ထဲ၌ ကေဂ္ဂတာကျ၍ သမာဓိ ရလောက်အောင် ဆောင်ယူ ချထားခြင်းကို "မနသိ+ကရောမ"ဟု ဆိုသည်။

**[ဆောင်]** ၁။ ပါတိမောက်၌, ရွတ်ဆိုသံကို, မြဲမြဲစေ့ငု, နားစိုက်မှု,
သာဓု သုဏောမ။

၂။ ကြားနာရုံမျှ, မက တိုးတက်, ကေဂ္ဂတာ ကျ, သမာဓိ
ရအောင်, စိတ်၌ ဆောင်ထည့်, ချထားဘိ, မနသိ
ကရောမ။

**အာပတ်သင့်-မသင့် အလိုက် တိုက်တွန်းခြင်း**

ယဿ - **အကြင်ရဟန်း၏** (သန္တာန်၌)၊ **အာပတ္တိ- အာပတ်သည်၊** သိယာ- **ရှိရာ၏၊** **သော- ထိုရဟန်းသည်၊ အာဝီကရေယျ- ထင်စွာ ပြုပါလော၊ အာပတ္တိယာ - အာပတ်သည်၊ အသန္တိယာ — မရှိလျှင်၊ တုဏှီ — ဆိတ်ဆိတ်၊ ဘဝိတဗ္ဗံ - ဖြစ်ပါလော၊ တုဏှီဘာဝေန— ဆိတ်ဆိတ်နေခြင်းကြောင့်လည်း၊ (အပိ-သဒ္ဒါအကြေ၊ ခေါ်ပန်- အနက်မရှိ၊) အာယသ္မန္တေ- အရှင်တို့ကို၊ ပရိသုဒ္ဓါတိ- အာပတ်မှ စင်ကြယ်သူတို့ဟူ၍၊ ဝေဒိဿာမိ- သိနိုင်ပါလိမ့်မည်။**

× × × × ×

**အာပတ်သင့် - မသင့် အလိုက် တိုက်တွန်းခြင်း။** ။"ယဿ သိယာ အာပတ္တိ၊ပေ၊တုဏှီ ဘဝိတဗ္ဗံ" စကားလည်း အာပတ်သင့် – မသင့် အလိုက် တိုက်တွန်းသော စကားပင်တည်း။ ထိုတွင် "ယဿ သိယာ အာပတ္တိ, သော အာဝီကရေယျ"၏ အဓိပ္ပာယ်ကို "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ" ဝါကျ၌ ပြခဲ့ပြီ။ ထိုဝါကျ၌ ပြခဲ့သော ဒေသနာပြောခြင်း၊ တိုးတိုး တိတ်တိတ် ပြောခြင်း ၂ မျိုးလုံးပင် "မိမိမှာ သင့်နေသော အာပတ်ကို ဖုံးကွယ်မထားဘဲ ထင်ရှားပြုရာရောက်သောကြောင့်" ဤ၌ "အာဝီကရေယျ" ဟု ဆိုထားသည်။ ဤ အာဝီကရေယျ၌ ယေဘုယျဘာတ်လည်း ပါတိမောက်ပြသော ရဟန်းအောက် ငယ်သူများကို စေခိုင်းခြင်း အာဏတ္တိအနက်၊ ကြီးသူများကို တိုက်တွန်းခြင်း အဇ္ဈိဋ္ဌအနက်ကို ဟော၏။ ထို့ကြောင့် "အာဝီကရေယျ- ထင်စွာပြုပါလော" ဟု အနက်ပေးသည်။ [ကဲ့ခါ်ဖွင့်ပုံကို ကြည့်ပါ။]

**အသန္တိယာ၊ ပေ၊ ဘဝိတဗ္ဗံ။** ။လုံးလုံး အာပတ်မသင့်ခြင်း၊ အာပတ်သင့်လျှင်လည်း ထိုအာပတ်ကို (ဆိုင်ရာ ဝိနည်းကံဖြင့်) ကုစားပြီး ဖြစ်ခြင်းသည် "အသန္တိယာ အာပတ္တိယာ" အရ "အာပတ် မရှိခြင်း" မည်၏။ ထိုကဲ့သို့ အာပတ်မရှိလျှင် ဆိတ်ဆိတ်နေကြပါ ဟူလို။ [ဘဝိတဗ္ဗံ၌ တဗ္ဗ ပစ္စည်းကို "ပေသ (အာဏတ္တိ–အဇ္ဈိဋ္ဌ) အနက်ဟောတည်း" ဟု မှတ်ပါ။]

**တုဏှီဘာဝေန၊ ပေ၊ ဝေဒိဿာမိ။** ။"တပည့်တော်မှာ အာပတ် စင်ကြယ်ပါသည်" ဟု နှုတ်မြွက် ပြောဆိုမှသာ "ဤရဟန်း ဤရဟန်းသည် အာပတ်မှ စင်ကြယ်ပေသည်" ဟု သိနိုင်သည် မဟုတ်သေးပါ။ ဆိတ်ဆိတ်နေ သဖြင့်လည်း "အာပတ် စင်ကြယ်သော ပုဂ္ဂိုလ်များ" ဟု သိနိုင်ပါလိမ့်မည် ဟူလို။ ထို့ကြောင့် "တုဏှီဘာဝေနပိ"ဟု သမုစ္စည်းအနက်ရှိသော အပိသဒ္ဒါ ကိုပါ ထည့်စွက်၍ အဋ္ဌကထာတို့ ဖွင့်ကြသည်။

၁၅၁၀၉

**ယဿ သိယာ အာပတ္တိ**။ ။ဤ၌ အာပတ်သင့်ခြင်း၏ အကြောင်း ၆ ပါး ကို မှတ်သားသင့်၏။ ၁–အရှက်မရှိခြင်းဟူသော အလဇ္ဇီတာ၊ ၂ – မသိတတ် ခြင်းဟူသော အညာဏတာ၊ ၃– ကုက္ကုစ္စနှိပ်စက်ခြင်း ဟူသော ကုက္ကုစ္စာပကတ တာ၊ ၄– မအပ်သောအရာ၌ အပ်၏ဟု မှတ်ထင်ခြင်းဟူသော အကပ္ပိယေကပ္ပိယ သညိတာ၊ ၅– အပ်သောအရာ၌ပင် "မအပ်"ဟု ထင်မှတ်ခြင်းဟူသော ကပ္ပိယေ အကပ္ပိယသညိတာ၊ ၆– သတိကင်းခြင်းဟူသော သတိသမ္မောသာ တို့တည်း။

[**ဆောင်**] အလဇ်-အညာ, ကုက္ကုစ္စာနှင့်, အကပ္ပာထည့်, နောက်ကပ္ပိတည်း'
သတိမောသတ်, ဤခြောက်ရပ်, အာပတ်သင့်ကြောင်းတည်း။

**ရှေ့ဦးအံ့** —— အာပတ်သင့်မည်ကို မရှက် မကြောက်ဘဲ သင့်ချင် သင့်ပေစေ ဟူသော သဘောထားဖြင့် သိလျက် ကျူးလွန်သူသည် အလဇ္ဇီတာကြောင့် အာပတ်သင့်၏။ အာပတ်သင့်ကြောင်း အပြစ်မှန်း မသိ၍ ပြုသူသည် အညာဏ တာကြောင့် သင့်၏။ တစုံတခုကို "အပ်လေသလား၊ မအပ်လေသလား" ဟု ယုံမှားသံသယ ဖြစ်နေခြင်းသည် ကုက္ကုစ္စာပကတတာ မည်၏။ ထိုသို့ သံသယ ဖြစ်နေလျှင် ဝိနည်းနားလည်သူကိုမေး၍ သံသယပျောက်မှ ထိုကိစ္စကို ပြုကောင်း ၏။ သံသယ မပျောက်သေးဘဲ ပြုလျှင် အပ်သည်ကို ပြုမိသော်မှလည်း ဒုက္ကဋ် သင့်သေး၏။ မအပ်သည်ကို ပြုလျှင်ကား ဆိုင်ရာအာပတ် သင့်လိမ့်မည်။

**ဆက်ဦးအံ့** —— မအပ်သော ဝံသားကို ဝက်သား ထင်မှတ်၍ စားလျှင် အကပ္ပိယေ ကပ္ပိယသညိတာကြောင့် အာပတ်သင့်၏။ အပ်သော ဝက်သားကို ဝံသားထင်၍ စားပြန်လျှင်လည်း ကပ္ပိယေ အကပ္ပိယသညိတာကြောင့် အာပတ် သင့်၏။ [ဤစကားအရ မည်သည့် အသားဟင်းကို မဆို စားမည့်ကြံလျှင် အပ်သောအသား ဟုတ် - မဟုတ်ကို သတိထား၍ စိတ်ထဲ၌ မဆုံးဖြတ်နိုင် လျှင် နားလည်လောက်သူကို မေးပြီးမှ စားရသည်။ ထိုကဲ့သို့ မဆင်ခြင် သတိ မထားဘဲ စားလျှင် အာပတ်သင့်၏ ဟု မှတ်ပါ။] အညာဏတာ ဖြစ်လောက် အောင် (ထိုအမှု မပြုအပ်ဟု) မသိခြင်းလည်း မဟုတ်၊ အလဇ္ဇီတာဖြစ်လောက် အောင် တမင် ကျူးလွန်ခြင်းလည်း မဟုတ်ဘဲ အမှတ်တမဲ့ ပြုမိပြန်လျှင်လည်း သတိသမ္မောသကြောင့် အာပတ်သင့်တတ်၏။ ဥပမာ– တိစီဝရိက် သက်နှီးနှင့် အမှတ်တမဲ့ ညဥ့်ကင်းမိ၍ နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်ခြင်း စသည်တည်း။ ဤသို့လျှင် အာပတ်သင့်ခြင်း၏ အကြောင်း ၆ ပါးရှိသည်။

**အလဇ္ဇီ လက္ခဏာ**။ ။အာပတ်သင့်ခြင်း၏အကြောင်းတို့တွင် အလဇ္ဇီတာ ဟူသော အကြောင်းနှင့်စပ်၍ အလဇ္ဇီ လက္ခဏာကို မှတ်သားထိုက်၏။ အလဇ္ဇီ လက္ခဏာကား ၁– မအပ်မှန်းသိလျက် အာပတ်သင့်အောင်ပြုခြင်း၊ ၂– မသိ၍

**မမေးသော်လည်း ဖြေသင့်ပုံ**

ပစ္စေကပုဋ္ဌော - တယောက်စီ မေးအပ်သူ၏၊ ဝေယျာကရဏံ - စောန် ဖြေဆိုရခြင်းသည်၊ (ဟောတိ) ယထာ - ဖြစ်သကဲ့သို့၊ ဧဝ မေဝ - ဤ့အတူပင်၊ ဧဝရူပါယ - ဤသို့သဘောရှိသော၊ ပရိသာယ - ရဟန်းပရိသတ်၌၊ ယာဝတတိယံ - ၃ ကြိမ်တိုင်အောင်၊ (ပါတိမောက္ခံ – **သည်၊**) အနုဿာဝိတံ - အဖန်ဖန် ကြားစေအပ်သည်၊ ဟောတိ-၏။

× × × × ×

သင့်ပြီးသောအာပတ်ကို လျှို့ဝှက်ကာ ဒေသနာမပြောဘဲနေခြင်း၊ ၃–ပစ္စည်းဝေဘန်မှုတရားဆုံးဖြတ်မှု စသည်၌ အဂတိလိုက်စားခြင်း ဤ ၃ ပါးတို့တည်း။

**[ပရိဝါ]** သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
အဂတိ ဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇိပုဂ္ဂလော။

**အသား ၁၀ မျိုး။** ။အကပ္ပိယေ ကပ္ပိယသညိတာနှင့် စပ်၍ မစားအပ်သော အသား ၁၀ မျိုးကား လူသား–ခွေး–မြင်း–ဆင်–သစ်–ကျား–ခြသေ့–ဝံ–အောင်း–မြွေသားတည်း။ ဤသတ္တဝါ ၁၀ မျိုး၏ အရိုးအရေ အသွေးအမွေးတို့ပါ ရဟန်းနှင့် သာမဏေတို့ မအပ်။ ဤအဓိပ္ပာယ်နှင့်စပ်၍ မှတ်ဘွယ်ကို ဝိနည်းမဟာဝဂ္ဂပါဠိတော် အဋ္ဌကထာ ဘေသဇ္ဇခန္ဓကမှာ ရှုပါ။

**[ဆောင်]** လူ–ခွေး–မြင်း–ဆင်, သစ်–ကျား–လျှင်, ခြသေ့–ဝံ–အောင်း–မြွေ၊
ရိုး–ရေ–သား–သွေး, အမွေးတို့ပါ, မသုံးရာ, ဆယ်ဖြာအမျိုးပေ။

**အာပတ် ၇ ပုံ။** ။ပြခဲ့သော အကြောင်း ၆ ပါးတို့တွင် တပါးပါးကြောင့် သင့်ရောက်အပ်သော အာပတ်တို့ကား ပါရာဇိက၊ သံဃာဒိသေသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီယ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိတအားဖြင့် ၇ ပုံ (၇ မျိုး)ရှိကြ၏။ ထိုတွင် ရှေ့ ၂ ပုံသည် လူထွက်ရခြင်း၊ ပရိဝါသ်မာနတ် ဆောက်တည်ရခြင်းဟူသော ကြီးလေးသောကံဖြင့် ဖြေဖျောက်မှ ပြေသောကြောင့် ဂရုကအာပတ် မည်၏။ ထုလ္လစ္စည်းစသော နောက် ၅ ပုံကား ဒေသနာပြောခြင်းဟူသော ပေါ့သောကံဖြင့် ဖြေဖျောက်ရသောကြောင့် လဟုက အာပတ်မည်၏။

---

**မမေးသော်လည်း ဖြေသင့်ပုံ။** ။“ယထာခေါပန၊ ပေ၊ အနုဿာဝိတံ” ဝါကျကား တိုက်ရိုက် မမေးသော်လည်း ဖြေသင့်ပုံကိုပြသော ဝါကျတည်း။ မည်သည့် မေးဘွယ်ကိစ္စမဆို တယောက်က အခြားတယောက်ကို တိုက်ရိုက် မေးလျှင် အမေးခံရသူသည် ဧကန် ဖြေဆိုရတော့သကဲ့သို့ ထို့အတူ ယခုလို ရဟန်းတော် ပရိသတ်၌ ပါတိမောက်ကိုပြသော ရဟန်းက ၃ ကြိမ်တိုင်တိုင်

**ထင်စွာ မပြုလျှင် အာပတ်သင့်ပုံ**

ယော ပန ဘိက္ခု - အကြင် ရဟန်းသည်၊ ယာဝ တတိယံ - ၃ ကြိမ်တိုင်အောင်၊ (ပါတိမောက္ခ- ပါတိမောက်ကို၊)အနုဿာဝိယမာနေ - အဖန်ဖန် ကြားစေအပ်သော်၊ သရမာနော - သင့်သောအာပတ်ကို အမှတ်ရပါ

× × × × ×

ပါတိမောက်ကို ကြားစေခြင်း၊ မေးစိစစ်ခြင်းသည် တပါးစီ တပါးစီကို မေးနေ သကဲ့သို့ပင် ဖြစ်၏။ "ဧဝရူပါယ ပရိသာယ" အရ "ဤသို့သောပရိသတ်" ဟူရာ၌ "ဤသို့ ဂုဏ်အသရေရှိသော ရဟန်းပရိသတ်"ဟု ဆိုလိုသည်။

**ဆိုလိုရင်းကား**— ရဟန်းတော်ပရိသတ် ဆိုသည်မှာ မြင့်မြတ်သော၊ ဂုဏ် အသရေရှိသော ပရိသတ်ဖြစ်၏။ ဂုဏ်အသရေရှိသူကို တိုက်ရိုက်မေးခြင်းသည် ရိုင်းပျ၏။ သို့ဖြစ်၍ ယခုလို ဂုဏ်အသရေရှိ ရဟန်းပရိသတ်၌ တပါးစီ မေးနေ ဘွယ် မလိုပါ။ ပါတိမောက်ကို ၃ ကြိမ် ရွတ်ဆိုခြင်း ( ၃ ကြိမ် မေးခြင်း ) သည်ပင် တပါးစီ မေးသကဲ့သို့ ဖြစ်သောကြောင့် ရဟန်းတော်များက "ငါ့ကို မေးသည်၊ ငါ့ကို မေးသည်"ဟု သဘောပိုက်ကာ ဂုဏ်အသရေရှိသူ ပီအောင် အာပတ်ရှိလျှင် ဖုံးကွယ်မထားဘဲ ထင်ရှားပြောကြပါဟု ဆိုလိုသည်။

**ယာဝတတိယာနုဿာဝနဝါကျ။** ။"ယာဝတတိယံ အနုဿာဝိတံ" ဝယ် "အနုဿာဝိတံ"၌ သဒ္ဒါနက်အားဖြင့် "အနု=အဖန်ဖန် (အထပ်ထပ်)+ သာဝိတံ=ကြားစေအပ်"ဟု အနက်ထွက်၏။ "ကြားစေခြင်း" ဟူသည်မှာ ကြားအောင် ပြောခြင်းတည်း။ ထို ၃ ကြိမ်တိုင်အောင် အထပ်ထပ်ပြောကြောင်း ဝါကျကား "တတ္ထာယသ္မန္တေ ပုစ္ဆာမိ–ကစ္စိတ္ထ ပရိသုဒ္ဓါ, ဒုတိယမ္ပိ ပုစ္ဆာမိ– ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ပေ၊ ဧဝ မေတံ ဓာရယာမိ"ဟု မေးသော ဝါကျတည်း။ ထို့ကြောင့် "အနုဿာဝိတံ– အဘန်တန် မေးစိစစ်အပ်သည်" ဟု ရှေးက အဓိပ္ပာယ်နက် ပေးကြသည်။

**ကခ်ါ။** ။တဒေတံ (ထိုပါတိမောက်သည်) ယထာ အနုဿာဝိတံ ယာဝ တတိယံ အနုဿာဝိတံ နာမ ဟောတိ၊ တံ ဒဿေတုံ "တတ္ထာ ယသ္မန္တေ ပုစ္ဆာမိ"တိ အာဒိ ဝုတ္တံ၊-အဋ္ဌကထာ။

**ထင်စွာမပြုလျှင် အာပတ်သင့်ပုံ။** ။"ယော ပန ဘိက္ခု၊ ပေ၊ မုသာ ဝါဒဿ" ဝါကျကား အာပတ်ရှိလျက် ထင်စွာမပြုလျှင် နောက်ထပ် အာပတ် သင့်ကြောင်းကို ပြသော ဝါကျတည်း။ ဤဝါကျ၏ အဓိပ္ပာယ်မှာ ပါဠိရှိတိုင်း သိသာပြီ။ [မုသာဝါဒဿကို "မုသာဝါဒေါ+အဿ"ဟု ပုဒ်ဖြတ်။]

**လျက်၊ သန္တိံ-ထင်ရှားရှိသော၊ အာပတ္တိံ - အာပတ်ကို၊ နာဝိကရေယျ- ထင်စွာ မပြုအံ့၊ အဿ - ထိုရဟန်း၏၊ သမ္ပဇာန မုသာဝါဒေါ- သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။**

× × × × ×

**ဆက်ဦးအံ့။** ။"ယာဝတတိယံ အနုဿာဝိယမာနေ-၃ ကြိမ်တိုင်အောင် အဘန်ဘန် ကြားစေအပ်သော်၊ အဘန်ဘန် ကြားစေလျှင်၊ အဘန်ဘန် ကြားစေသောအခါ၊ မေးစိစစ်သောအခါ၌"ဟု ဆိုသောကြောင့် "တတ္ထာ ယသ္မန္တေ ပုစ္ဆာမိ-ကစ္စိတ္ထပရိသုဒ္ဓါ" စသည်ဖြင့် မေးသည့်အခါ "ယဿ သိယာ အာပတ္တိ၊ ပေ၊ ပရိသုဒ္ဓါတိ ဝေဒိဿာမိ"ဟု ဆိုခဲ့သည့်အတိုင်း အာပတ်မရှိမှ ဆိတ်ဆိတ် နေရမည်ဖြစ်၏။ ယခုသော်ကား အာပတ်ရှိလျက် ဆိတ်ဆိတ်နေသောကြောင့် ထို အနုဿာဝန ဝါကျအဆုံးတွင် (ဧဝမေတံ ဓာရယာမိ၌ မိ အပြီးတွင်) သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ် သင့်သည်။

**မုသာဝါဒဖြစ်ပုံ။** ။မုသာဝါဒသုံးစံမှာ ကိုယ် နှုတ် တပါးပါးဖြင့် လိမ်မှ ဖြစ်ရိုးတည်း။ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ"နှင့်အညီ မနောဒွါရ၌ အာပတ် မသင့် ဟုလည်း အမိန့်တော်ရှိ၏။ သို့ပါလျက် ဆိတ်ဆိတ်နေသူမှာ အဘယ် ကြောင့် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်ရပါသနည်းဟု စောဒနာ။

**အဖြေကား။** ။"ယဿ သိယာ အာပတ္တိ, သော အာဝီကရေယျ" ဖြင့် ပါတိမောက်ပြသော ပုဂ္ဂိုလ်က "အာပတ်ရှိလျှင် ထင်စွာပြုပါ"ဟု တိုက်တွန်း နေသောကြောင့် အာပတ်သင့်နေသူမှန်လျှင် ဧကန် ထုတ်ဖော် ပြောဆိုသင့်၏။ ထုတ်ဖော်မပြောလျှင် "တုဏှီဘာဝေန၊ ပေ၊ ပရိသုဒ္ဓါတိ ဝေဒိဿာမိ" အရ အာပတ်မှ စင်ကြယ်သူဟု အထင် လွဲသွားပေလိမ့်မည်။ ဤသို့လျှင် ဆိတ်ဆိတ် နေခြင်းသည် နှုတ်ဖြင့် ထုတ်ဖော်ပြောဆိုရမည်ကို မပြောဘဲ လိမ်ရာ ရောက်သော ကြောင့် "ဝစီဒွါရေ အကြိယသမုဋ္ဌာနာ" ခေါ် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ် အာပတ် သင့်ရလေသည်။ [ဝစီဒွါရေ = ဝစီဒွါရ၌ + အကြိယ = ပြုသင့်သော ပြောဆိုမှုကို မပြုခြင်းကြောင့်+သမုဋ္ဌာနာ=ဖြစ်သောအာပတ်၊] ဤ မုသာဝါဒ ဒုက္ကဋ်အာပတ်သည် မနောဒွါရ၌ သင့်သော အာပတ်မဟုတ်၊ ဝစီဒွါရ၌ ပြုထိုက် သော ပြောဆိုမှုကို မပြုခြင်းကြောင့် သင့်ရကား ဝစီဒွါရ၌ သင့်သော အာပတ် ဖြစ်သည် ဟူလို။

**[ဆောင်]** နှုတ်ဖြင့် ပြောမှု, ပြုထိုက်ပါလျက်, သက်သက် တိတ်ဆိတ်, နေသည့် ဟိတ်ကြောင့်, စိတ်၌ မထိ, နှုတ်ပြစ်မိ, ဆန်းဘိ မုသားပေ။

**အပြစ်နှင့် အကျိုး** ပန - ဆက်ဦးအံ့၊ အာယသ္မန္တော - အရှင်တို့၊ သမ္ပဇာန မုသာဝါဒေ - သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ်ကို၊ အန္တရာယိကော - ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုနိုင်သော၊ ဓမ္မော-အာပတ်ဟူ၍၊ ဘဂဝတာ - မြတ်စွာဘုရားသည်၊ ဝုတ္တော - ဟောတော်မူအပ်ပြီ၊ တသ္မာ - ထို့ကြောင့်၊ သရမာနေန - အာပတ်ကို အမှတ်ရသော၊ **အာပန္နေန** - အာပတ် သင့်သည် ဖြစ်၍၊ ဝိသုဒ္ဓါပေက္ခေန - စင်ကြယ်ခြင်းကို အလိုရှိသော၊ ဘိက္ခုနာ - သည်၊ သန္တီ - ထင်ရှားရှိသော၊ **အာပတ္တိ** - အာပတ်ကို၊ **အာဝိကာတဗ္ဗာ** -

× × × × ×

**မုသာဝါဒဒုက္ကဋ်**။ ။မုသာဝါဒ အပြစ်သင့်လျှင် "သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယံ"နှင့် အညီ ပါစိတ်အာပတ်သာ သင့်ထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသနည်း ဟု မေး။ အဖြေကား–ရိုးရိုး မုသာဝါဒ၏ လက္ခဏာမှာ ကိုယ်သော်လည်း လှုပ်၊ နှုတ်သော်လည်း မြွက်ရ၏။ ထို ရိုးရာအတိုင်းဖြစ်လျှင် ပါစိတ်အာပတ်သာ သင့်ထိုက်ပါပေ၏။ ဤ၌ကား ကိုယ်လည်း မလှုပ်၊ နှုတ်လည်း မမြွက်သောကြောင့် မုသာဝါဒလက္ခဏာနှင့် မညီညွတ်၊ နှုတ်ဖြင့် ပြုရမည့်အမှုကို မပြုဘဲ လိမ်ရာရောက်သော 'မုသာဝါဒ အဆန်းတည်း။ ထို့ကြောင့် ဤ မုသာဝါဒအတွက် ပါစိတ်အာပတ် သင့်ထိုက် လောက်အောင် မလေးနက်၍ "သမ္ပဇာန မုသာဝါဒေ ကိံ ဟောတိ, ဒုက္ကဋံ ဟောတိ"ဟု ဥပေါသထက္ခန္ဓက ပါဠိတော်၌ ဒုက္ကဋ်အာပတ် လောက်သာ ပြစ်ချက် ချတော်မူသည်။

[**ဆောင်**] မုသားလက္ခဏာ, ဖြစ်တုံပါမူ, မှန်စွာ ပါစိတ်, ဖြစ်ကြောင်း ဟိတ်တည်း၊ တိတ်ဆိတ်သောအား, နေမှုများကား, မုသား အဆန်း, နည်း တလမ်းမို့, သူ့စွမ်းသဘော, ဒုက္ကဋ် ဟောသည်, ဥပေါသထက္ခန္ဓကတည်း။

---

**အပြစ်နှင့်အကျိုး**။ ။"သမ္ပဇာန၊ ပေ၊ ဖာသု ဟောတိ" ဝါကျတို့ကား ဒုက္ကဋ်အာပတ်၏ အပြစ်နှင့် အာပတ်ကို ထင်စွာပြုခြင်းကြောင့် အကျိုးရပုံကို ပြသော ဝါကျတို့တည်း။ ထိုတွင် "သမ္ပဇာန မုသာဝါဒေါ၊ ပေ၊ ဝုတ္တော ဘဂဝတာ" ကား အပြစ်ပြ ဝါကျတည်း။ "သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်ကိုပင် ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုနိုင်သည်"ဟု ဘုရား ဟောတော်မူပါသည် ဟူလို။ "တသ္မာ၊ ပေ၊ ဖာသု ဟောတိ"ကား အကျိုးပြ ဝါကျတည်း။ ထို ဒုက္ကဋ်

ထင်စွာ ပြုထိုက်၏၊ ဟိ - အကျိုးကား၊ အာဝီကတာ - ထင်စွာ ပြုခြင်းကြောင့်၊ အသ-ထိုရဟန်း၏၊ ဖာသု-ချမ်းသာ စသည်ကို ရဘို့ရာ ချမ်းသာ လွယ်ကူသော အကျင့်သည်၊ ဟောတိ-ဖြစ်၏။

**နိဂုံးနှင့် တတိယာနုဿာဝန**

အာယသ္မန္တော-အရှင်တို့၊ နိဒါနံ-နိဒါန်းကို ဥဒ္ဒိဋ္ဌံ-ရွတ်ဆိုအပ်ပါပြီ၊ ဝါ - ပြအပ်ပါပြီ၊ တတ္ထ—ထို နိဒါန်း၌၊ အာယသ္မန္တေ-အရှင်တို့ကို၊ ပုစ္ဆာမိ-မေးပါ၏၊ ကစ္စိ-အသို့နည်း၊ (တုမှေ - အရှင်တို့သည်၊)

× × × × ×

အာပတ်က အန္တရာယ်ပြုနိုင်ကြောင်းကို ဟောတော်မူခြင်းကြောင့် အာပတ်ကို အမှတ်လည်း ရ၊ စင်ကြယ်လည်း စင်ကြယ်လိုလှသော သူတော်ကောင်း ရဟန်း မှန်လျှင် သင့်သောအာပတ်ကို ထင်စွာပြုထိုက်၏။ ထိုကဲ့သို့ ထင်စွာပြုလိုက်လျှင် အာပတ်အတွက် တအုံနွေးနွေးဖြင့် မပူဆွေးရတော့ဘဲ ချမ်း မဂ်ဖိုလ်ရဘို့ရာ ချမ်းသာ လွယ်ကူသော အကျင့်တမျိုး ဖြစ်ပါသည် ဟူလို။

**မှတ်ချက်**။ ။"သရမာနေန ဘိက္ခုနာ" ဆိုသောကြောင့် အာပတ်သင့်နေသော်လည်း ထိုအာပတ်ကို အမှတ်မရ(သင့်နေမှန်း မသိ)၍ ဆိတ်ဆိတ်နေသော ရဟန်းမှာ ဒုက္ကဋ်အာပတ် မသင့်ဟု သိသာပြီ။

**အကြောင်းအကျိုးဆက်ပုံ**။ ။အာပတ်ကို မကုစားလျှင် ဝိပ္ပဋိသာရခေါ် နှလုံးမသာယာမှု ဖြစ်၏။ ဝိပ္ပဋိသာရ ရှိနေလျှင် ပါမောဇ္ဇ(ဝမ်းမြောက်မှု)ခေါ် အနုစား အသေးစားပီတိ မဖြစ်နိုင်။ ပီတိနု မဖြစ်လျှင် တိုးတက်လာသော ပီတိ အရင့်စား မဖြစ်နိုင်။ ပီတိအရင့်စားမဖြစ်လျှင် "ပဿဒ္ဓိ"ခေါ် ကိုယ်စိတ် ၂ပါး မငြိမ်းအေးနိုင်။ ပဿဒ္ဓိမဖြစ်လျှင်"သုခ"ခေါ် ကိုယ်စိတ်ချမ်းသာမှု မဖြစ်နိုင်။သုခ မဖြစ်လျှင် သမာဓိမရ။ သမာဓိမရလျှင် ယထာဘူတ(လမ်းမှန်ကျအောင်)မသိ။ ယထာဘူတမသိလျှင် မည်မျှပင် အားထုတ်သော်လည်း ချမ်းမဂ်ဖိုလ်ကို မရနိုင်။ ဤသို့သောအစဉ်ဖြင့် ဒုက္ကဋ်အာပတ်ကလေးသည်ပင် ချမ်းမဂ်ဖိုလ်၏ အန္တရာယ် ကို ပြုနိုင်သည်။ အာပတ်မသင့်လျှင်ကား ဝိပ္ပဋိသာရ မဖြစ်၍ ပါမောဇ္ဇ စသည် အဆင့်ဆင့်ဖြစ်ကာ ကြိုးစားပါလျှင် ချမ်းမဂ်ဖိုလ်ကို ရဘို့ရာ ချမ်းသာ လွယ်ကူလေသည်။

---

**နိဂုံးနှင့် အနုဿာဝန**။ ။"ဥဒ္ဒိဋ္ဌံခေါ၊ ပေ၊ ဓာရယာမိ"ဝါကျများကား နိဂုံးနှင့် ယာဝတတိယာနုဿာဝနကို ပြသော ဝါကျတို့တည်း။ ထိုတွင် "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ"သည် နိဒါန်းပြီးကြောင်းကိုပြသော အဆုံးသတ်

**ပရိသုဒ္ဓါ-အာပတ်မှ စင်ကြယ်သူတို့သည်၊ အတ္ထ-ဖြစ်ပါကုန်၏လော၊ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ပုစ္ဆာမိ-မေးပါ၏၊ ကစ္စိ တုမှေ့ ပရိသုဒ္ဓါ အတ္ထ၊ တတိယမ္ပိ-၃ ကြိမ်မြောက်လည်း၊ ပုစ္ဆာမိ-၏၊ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ (ပါဠိများကို အနက်ဖော်ဆိုပါ။) အာယသ္မန္တော-အရှင်တို့သည်၊ ဧတ္ထ-ဤ နိဒါန်း၌၊ ပရိသုဒ္ဓါ-အာပတ်မှ စင်ကြယ်ကြကုန်၏၊ တသ္မာ-ထို့ကြောင့်၊ တုဏှီ-ဆိတ်ဆိတ်သည်၊ (အာသိ - ဖြစ်ပြီ၊) ဧဝံ - ဤသို့ ဆိတ်ဆိတ် နေခြင်းကြောင့်လည်း၊ ဧတံ-ဤ အာပတ်မှ စင်ကြယ်ကြကြောင်းကို၊ ဓာရယာမိ-သိမှတ်ရပါ၏၊ ဣတိ-နိဒါန်းအပြီးတည်း။**

**နိဒါနံ-နိဒါန်းသည်၊ နိဋ္ဌိတံ-ပြီးပြီ။**

× × × × ×

အနားသတ် နိဂုံးဝါကျတည်း။ "တတ္ထာယသ္မန္တေ ပုစ္ဆာမိ၊ပေ၊ ပရိသုဒ္ဓါ" တို့ကား ၃ ကြိမ်တိုင်အောင် ကြားသိစေသော ( မေးစိစစ်သော ) ယာဝ တတိယာနုဿာဝန ဝါကျတည်း။ ထိုဝါကျတို့၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ပါဠိ အတိုင်းပင် သိသာပြီ။

**မှတ်ချက်။** ။"တတ္ထ-ထို နိဒါန်း၌၊ ပရိသုဒ္ဓါ - အာပတ်မှ စင်ကြယ်ကုန်သည်၊ အတ္ထ - ဖြစ်ပါကုန်၏လော" ဟု မေးရာ၌ နိဒါန်းစကားစုတွင် မည်သည့်အာပတ်ဟု ပညတ်လျက် မပါသော်လည်း "ယဿ သိယာ အာပတ္တိ" တုန်းက အာပတ် ၇ ဖုံလုံး ပါဝင်နေသောကြောင့် "ထို ၇ ဖုံလုံးမှ စင်ကြယ်ကြပါရဲ့လား"ဟု မေးသည်ဟု ပြောဆိုကြသည်။

**ပါတိမောက်ပြသူ၏ ယူဆပုံ။** ။ထိုကဲ့သို့ ၃ ကြိမ် မေးသည့်အခါ တိတ်တိတ် နေကြလျှင် ပါတိမောက်ပြ ရဟန်း၏ ယူဆပုံကိုလည်း ဆက်လက် ပြပြန်လို၍ "ပရိသုဒ္ဓေတ္ထာယသ္မန္တော, တသ္မာ တုဏှီ,ဧဝမေတံ ဓာရယာမိ"ဟု မိန့်တော်မူသည်။ ဓာရယာမီတိဟု မိနောက်၌ (မီတိ=မိ+ဣတိ ဟု)ဣတိ ပါသည်ကား နိဒါန်းအခန်းကို ရုပ်သိမ်းသော "ပရိသမာပန"ဓေါ် စကားသိမ်း နိပါတ်ပုဒ်တည်း။ ["နိဒါနံ နိဋ္ဌိတံ" နေရာဝယ် တချို့စာအုပ်များ၌ "နိဒါနုဒ္ဒေသော ပဌမော" ဟု ရှိ၏။ ထိုသို့ ရှိသင့်-မရှိသင့် စိစစ်ချက်ကို ပါတိမောက် အဆုံး၌ တွေ့ရပါလိမ့်မည်။]

နိဒါနေ ဥတ္တိထပနံ၊ ပုဗ္ဗကိစ္စဿ ပုစ္ဆနံ။
နိဒါနုဒ္ဒေသသဝနေ၊ ဝိသုဒ္ဓါရောစနေ ဝိဓိ။
အနာရောစနေ အာပတ္တိ၊ ဥဿယံ ပိဏ္ဍတ္ထပဉ္စကံ။

၁။ "ပိဏ္ဍတ္ထ=ပိဏ္ဍ+အတ္ထ"ဟူသည် စကားတရပ်အတွက် ပေါင်း၍ ယူလိုက်လျှင် ရအပ်သော အနက်တည်း။ စကားကြောရှည်နေသော်လည်း လိုရင်းမှာ "မည်သည့်အဓိပ္ပာယ်ကို ပြလိုရင်းဖြစ်သည်" ဟု ကောက်ချက်ချရသော အနက် ဟူလို။.... "နိဒါနေ-နိဒါန်း၌၊ ဉတ္တိထပနံ-ဉတ်ထားခြင်း"ဟူသည် "သုဏာတု မေ ဘန္တေ သံဃော၊ ပေ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ"ဟူသော ဉတ်ပါဠိတည်း။

၂။ "ပုဗ္ဗကိစ္စဿ – ပုဗ္ဗကိစ္စကို + ပုစ္ဆနံ – မေးခြင်း" ဟူသည် "ကိံ သံဃဿ ပုဗ္ဗကိစ္စံ"တည်း။[ရှေးနိဿယ၌ "ပါရိသုဒ္ဓိံ၊ ပေ၊ ဥဒ္ဒိသိဿာမိ" ကိုလည်း ပုဗ္ဗကိစ္စ ပုစ္ဆနတွင် သွင်းထား၏။ ပုဗ္ဗကိစ္စကို မေးသောစကား ဟုတ်-မဟုတ်ကို အဓိပ္ပာယ်ပြန်ကြည့်ပါ။]

၃။ "နိဒါနုဒ္ဒေသဿ ဝနေ-နိဒါန်း ရွတ်ပြရာဝယ် ကြားနာခြင်း၌၊ ဝိဓိ-စီမံတိုက်တွန်းခြင်း"ဟူရာ၌ နိဒါနကိုမှတ်၍ ပြောသည်။ ပါတိမောက်အားလုံးကိုပင် ကြားနာခြင်း၌ တိုက်တွန်းခြင်းဖြစ်သည်။ထိုတိုက်တွန်းသော စကားကား "တံ သဗ္ဗေဝ သန္တာ၊ ပေ၊ မနသိကရောမ" တည်း။

၄။ "ဝိသုဒ္ဓါရောစနေ-အာပတ်မှ စင်ကြယ်ကြောင်းကို ပြောပြခြင်း၌၊ ဝိဓိ-တိုက်တွန်းခြင်း" ဟူသည် "ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ, ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဝါကျနှင့် "ယဿ သိယာ အာပတ္တိ၊ ပေ၊ အနုဿာဝိတံ ဟောတိ"ဝါကျလာ အနက်များတည်း။ [ရှေးနိဿယ၌ "ပါရိသုဒ္ဓိံ၊ ပေ၊ ဥဒ္ဒိသိဿာမိ"ကို ဝိသုဒ္ဓါရောစနေဝိဓိ၌ သွင်း၍မယူ။ ဖြစ်သင့်ရာ အဓိပ္ပာယ်ကို ဆင်ခြင်ကြပါကုန်။]

၅။ "အနာရောစနေ-အာပတ်ရှိလျက် မပြောခြင်းကြောင့်၊ အာပတ္တိ-အာပတ်သင့်ပုံ" ဤ အနာရောစနေအာပတ္တိဖြင့် အာရောစနေ အနာပတ္တိ (ပြောလျှင် အာပတ်မသင့်ပုံ) ကိုရင်း၊ အာပတ် သင့်-မသင့်အလိုက် အကျိုးရပုံကိုရင်း "တန္ဒယ်ငင် တစင်ပါ" မကင်းရာ မကင်းကြောင်းဖြစ်၍ သွင်းယူနိုင်သည်။ ထို့ကြောင့် အနာရောစနေ အာပတ္တိ အရ "ယောပန ဘိက္ခု"မှစ၍ "ဖာသု ဟောတိ"တိုင်အောင်သော ပြအပ်သော အနက်ကို ယူပါ။

(ဣတိ-ဤသို့၊) ပိဏ္ဍတ္ထပဒ္ဓကံ – လိုရင်းချုံး၍ ပေါင်းရုံးအပ်သော အနက် ၅ ပါးကို၊ ဝေဒိယံ-သိထိုက်၏။ ["ဥဒ္ဒိဋ္ဌံ ခေါ" စသည်ကိုကား နိဒါန်းအဆုံး နိဂုံးဖြစ်၍ နိဒါန်းအတွင်း၌ ရထိုက်သော ပဒ္ဓကတ္ထတွင် မသွင်းဘဲထားသည်။ ]

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ဥဒ္ဒေသ်ပါဠိမြန်မာပြန်ကိုပြ၍ စာတုဒ္ဒသီဥဒ္ဒေသ်ထားပုံ၊ သာမဂ္ဂီဥဒ္ဒေသ်ထားပုံကိုလည်း ပြပါ။

ခ။ "ပါတိမောက္ခံ ဥဒ္ဒိသေယျ"နှင့် စပ်၍ ပါတိမောက် ၂ မျိုးကို ခွဲပြပြီးလျှင် ဤနေရာ၌ မည်သည့်ပါတိမောက်ကို ယူရမည်ဟုလည်း ပြပါ။

ဂ။ "ကိံ သံဃဿ ပုဗ္ဗကိစ္စံ"ဟူသော အမေးအရ ယခုကာလ၌ ဘယ်အရာများ ဖြစ်ပေါ်လာသနည်း။

ဃ။ "ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ"ဖြင့် ဘာကိုဆိုလိုပါသနည်း။ ဤစကား၏ အဓိပ္ပာယ်ကို နောက်၌ ဘယ်စကားဖြင့် ပြသနည်း။

င။ "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ကား "ပါတိမောက် ပြတော့မည်" ဟု ပဋိညာဉ်ပြုလိုရင်း ဟုတ်ပါ၏လော၊ ဘာကို ပြလိုရင်းပါနည်း။

စ။ "ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ၂ ဝါကျကို အကြောင်းအကျိုး ဆက်စပ်၍ မြန်မာပြန်ပါ။

ဆ။ "တံ သဗ္ဗေဝ သန္တာ" ၌ "အလုံးစုံ"ဟူသည် ဘယ်လိုပုဂ္ဂိုလ် အားလုံးပါနည်း။

ဇ။ ထေရ၊ နဝ၊ မဇ္ဈိမနှင့် မဟာထေရတို့ကို ရဟန်းဝါဖြင့် ပိုင်းခြားပြပါ။

ဈ။ "သာဓုကံ သုဏောမ" ဟု ဆိုရာ၌ သာဓုကံ၏ အဓိပ္ပာယ်နှင့်တကွ သုဏောမနှင့် မနသိကရောမကို ထူးခြားအောင် အဓိပ္ပာယ်ပြပါ။

ည။ အာပတ်သင့်ခြင်း၏ အကြောင်း ၆ ပါးနှင့် အာပတ် ၇ ဖုံကို သရုပ် ရေတွက်ပြပါ။

ဋ။ ပါတိမောက်ပြသော ရဟန်းက ၃ ကြိမ်တိုင်အောင် မေးစိစစ်သောအခါ အာပတ်ရှိသူမှာ ဘယ်လိုလုပ်၍ မရှိသူမှာ ဘယ်လိုနေရမည်နည်း။

ဌ။ ဒုက္ကဋ်အာပတ်က ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ပြုနိုင်ပုံကို ဆက်သွယ်ပြ၍ အာပတ်မရှိက ဈာန် မဂ်ဖိုလ်တိုင်အောင် ချမ်းသာပုံကို ပြပါ။

**နိဒါနအခန်း ပြီးပြီ။**

# ပါရာဇိက အခန်း

ပါရာဇိကအချီ တတြ-ထိုပါတိမောက်၌၊ စတ္တာရော - ၄ ပါးကုန်သော၊ ပါရာဇိကာ - ပါရာဇိက မည်ကုန်သော၊ ဣမေ ဓမ္မာ— ဤ အာပတ်တို့သည်၊ ဥဒ္ဒေသံ - သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့၊ အာဂစ္ဆန္တိ-ရောက်ကုန်၏။

ပထမ ပါရာဇိက ယော ပန ဘိက္ခု - အကြင်ရဟန်းသည်၊ ဘိက္ခူနံ- ရဟန်းတို့၏၊ သိက္ခာသာဇီဝ သမာပန္နော - ပါတိမောက္ခသံဝရသီလ ဟူသော အဓိသီလသိက္ခာ, သိက္ခာပုဒ် ပါဠိတော် ဟူသော သာဇီဝသို့ ကောင်းစွာရောက်သူ (ဖြစ်ပါလျက်)၊ သိက္ခံ-အဓိသီလသိက္ခာကို၊ အပစ္စက္ခာယ-မပယ်စွန့်မူ၍၊ ဝါ-မချမူ၍၊ ဒုဗ္ဗလျံ-အား

× × × × ×

**ပါရာဇိက အချီ။** ။"တတြိမေ၊ ပေ၊ အာဂစ္ဆန္တိ" ဝါကျကား ပါရာဇိက သိက္ခာပုဒ်များ၏ အချီ (အခြေခံနိဒါန်း) ဝါကျတည်း။ [တတြိမေ=တတြ+ ဣမေ] "ဥဒ္ဒေသံ အာဂစ္ဆန္တိ"၌ "သရုပ်အားဖြင့်ရွတ်ပြခြင်း"ဟူသည် သင်္ဂြိုဟ် သရုပ်ခွဲရာ၌ ဤသဘောကား လောဘ၊ ဤသဘောကား ဒေါသ စသည်ဖြင့် သရုပ်သကောင်ကို ပြရသကဲ့သို့ ထို့အတူ "မည်သည့်အမှုကိုပြုလျှင် မည်သည့် အာပတ် သင့်၏"ဟု အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုနှင့်တကွ အာပတ်ကို သရုပ်သကောင် ပေါ်လာအောင် ပြခြင်း၊ ရွတ်ဆိုခြင်းတည်း။ နိဒါနအခန်း၌ "ယဿ သိယာ အာပတ္တိ"ဟု အာပတ်ကို သရုပ်ထုတ်၍ မပြခဲ့ဘဲ အာပတ် အားလုံးကို သာမညအားဖြင့် ပြခဲ့သည်။ ဤ၌ကား "ပါရာဇိကော ဟောတိ" စသည်ဖြင့် အာပတ်များကို သရုပ်သကောင်ပေါ်အောင် ပြမည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ဥဒ္ဒေသ၌ ဥပုဗ္ဗ ဒိသဓာတ် ဏပစ္စည်းဖြစ်၍ "ဒိသ=ဉစ္စာရ ဏေ"နှင့် အညီ "ရွတ်ဆိုအပ်"ဟုရင်း၊ ရွတ်ဆိုခြင်းဟူသည် ထင်ရှားအောင် ပြောပြခြင်းဖြစ်သောကြောင့် "ပြအပ်"ဟုရင်း အနက်ထွက်၏။ "အဖြစ်" ဟူသော ဘာဝပစ္စည်းအနက် မပါသော်လည်း ဘာဝပ္ပဓာန (ဘာဝပစ္စည်း အနက်ကို လိုရင်းကောက်ယူရသော) နည်းဟု မှတ်၍ "ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့"ဟု အနက်ပေးရသည်။ "ရွတ်ပြခံရခြင်းသို့"ဟူလို။

**ပထမ ပါရာဇိက။** ။"ယောပန ဘိက္ခု၊ပေ၊အသံဝါသော"ကား ပထမ ပါရာဇိက သိက္ခာပုဒ် ပါဠိတော်တည်း။ ထို ပါဠိတော်၏ မြန်မာပြန်ကား- အကြင်ရဟန်းသည် ရဟန်းတို့၏ သိက္ခာနှင့် သာဇီဝသို့ရောက်သူ ဖြစ်ပါလျက်

**မရှိသူ၏အဖြစ်ကို၊ အနာဝိကတွာ-ထင်စွာမပြုမူ၍၊** မေထုနံ ဓမ္မံ - မေထုန် အကျင့်ကို၊ ပဋိသေဝေယျ - မှီဝဲအံ့၊ အန္တမသော - အောက်ထစ်ဆုံး **အားဖြင့်၊** တိရစ္ဆာနဂတာယပိ - တိရစ္ဆာန်မဥ္ဇသော်လည်း၊ ( မေထုနံ ဓမ္မံ - **မေထုန်အကျင့်ကို၊ ပဋိသေဝေယျ-မှီဝဲအံ့၊ သောဘိက္ခု-ထိုရဟန်း သည်၊)** ပါရာဇိကော - **သာသနာတော်မှ** ဆုံးရှုံးစေအပ်သူသည်၊ ဝါ- ပါရာဇိက ကျသူသည်၊ အသံဝါသော - ကေကမ္မ, ကေုဒ္ဒေသ, သမသိက္ခာ ဟူသော သံဝါသ မရှိသူသည်၊ ဝါ-ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် **မရှိသူသည်၊** ဟောတိ-ဖြစ်၏။

× × × × ×

သိက္ခာမချဘဲ သိက္ခာပုဒ်၌ ဖြည့်ကျင့်လိုသောစိတ်အား မရှိကြောင်းကိုလည်း ထင်ရှားမပြဘဲ မေထုန်မှီဝဲအံ့၊ အောက်ဆုံး တိရစ္ဆာန်မဥ္ဇပင် မှီဝဲစေဦးတော့၊ ထိုရဟန်းမှာ ပါရာဇိကကျ၍ ရဟန်းကောင်းများနှင့် ပေါင်းသင်းခွင့် မရှိ။

**ဘိက္ခူနံ သိက္ခာသာဇီဝ သမာပန္နော။** ။“သီလသိက္ခာ”ဟု တွဲဘက်၍ ခေါ်ဝေါ်ရိုး ရှိသည့်အတိုင်း ဤနေရာ၌ ပါတိမောက္ခသံဝရဟူသော အဓိသီလ ကို “သိက္ခာ”ဟု ခေါ်၍ ထိုသီလစုကိုပြသော သိက္ခာပုဒ် ပါဠိတော်များကို “သာဇီဝ”ဟု ခေါ်သည်။ ထိုသိက္ခာနှင့် သာဇီဝသည် ဘိက္ခုနီတို့၏ သိက္ခာ သာဇီဝ မဟုတ်၊ လူတို့၏ သိက္ခာသာဇီဝလည်း မဟုတ်၊ ဘိက္ခုတို့နှင့်ဆိုင်သော သိက္ခာသာဇီဝဖြစ်သည် ဟု သိစေတော်မူလိုသောကြောင့် “ဘိက္ခူနံ” ဟု ထည့်တော်မူရပြန်သည်။ “ဘိက္ခုတို့၏ သိက္ခာသာဇီဝ”ဟူလို။

**ချဲ့ဦးအံ့**—သီလဆိုသည်မှာ မိမိတို့သန္တာန်၌ ဖြစ်စေရသော စေတနာနှင့် ဝိရတိစေတသိက်များတည်း။ ထိုသီလသည် သီလ၊ အဓိသီလ ဟု ၂ မျိုးရှိ၏။ ထိုတွင် သာသနာပ ကာလ၌လည်း ရနိုင်သော ၅ ပါး၊ ၈ ပါး၊ ၁၀ ပါးသီလ တို့သည် သီလသာမည်၏။ ဘုရားရှင်ပွင့်မှ ဟောတော်မူသဖြင့် စောင့်သုံးရသော သီလသည် အဓိသီလမည်၏။ ဤအဓိသီလသိက္ခာသည် ဘိက္ခုတို့ မကျင့်ဘဲ နေလို့မဖြစ်၊ ကေန်ကျင့်ရသော ဘိက္ခုတို့၏ သိက္ခာများ ဖြစ်သည်။ [အဓိကံ- ၅ ပါး၊ ၈ ပါး၊ ၁၀ ပါးသီလတို့ထက် သာလွန်သော+သီလံ-သီလသည်+ အဓိ သီလံ-အဓိသီလမည်၏။] ထို အဓိသီလဟူသည် (ဝိနည်းပါဠိတော်ဝယ် ထိုထို သိက္ခာပုဒ်ဖြင့် ပြအပ်သော)ပါတိမောက္ခသံဝရသီလများသာတည်း။

**သာရတ္ထ။** ။ပါတိမောက္ခသံဝရသီလဉ္စိ - စာရိတ္တဝါရိတ္တဝသေန ဒုဝိဓံ ဝိနယပိဋကပရိယာပန္နံ သိက္ခာပဒသီလံ၊.... (ပထမပါရာဇိက အဋ္ဌကထာ အဖွင့်)။

**ဝါရိတ္တ-စာရိတ္တသီလ။** ။မပြုမလုပ်ရဟု တားမြစ်ထားသဖြင့် ထို အမှုမှ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏။ဤ ပထမပါရာဇိကစသော သိက္ခာပုဒ် သီလတည်း။ (အဘိဓမ္မာ တရားကိုယ်အားဖြင့်) ဝိရတိနှင့် စေတနာတို့တည်း။ "ပြုကျင့်ရမည်"ဟု ပညတ်တော်မူသဖြင့် ပြုကျင့်ခြင်းသည် စာရိတ္တသီလမည်၏။ မဟာဝဂ္ဂခန္ဓက စသည်၌လာသော ကျင့်ဝတ်သီလမျိုးတည်း။ ထို သီလမျိုးကို ပြုကျင့်ခြင်းသည် (ရှောင်ကြဉ်မှု မပါသောကြောင့် ဝိရတိသီလမဖြစ်၊)စေတနာ သီလသာ ဖြစ်သည်။

**သိက္ခာနှင့် သာဇီဝသို့ရောက်ပုံ။** ။"သမာပန္န" အရ "ရောက်ခြင်း" ဟူသည် "ဖြည့်ကျင့်ခြင်း၊ မကျူးလွန်ခြင်း"တည်း။ "ဖြည့်ကျင့်" ဟူသည်ကား သိက္ခာပုဒ်ဟု ခေါ်အပ်သော ထို အဓိသီလကို မိမိသန္တာန်၌ ဖြစ်စေခြင်းတည်း။ "မကျူးလွန်"ဟူသည်မှာ "သာဇီဝ"ဟု ခေါ်အပ်သော ထို သိက္ခာပုဒ် ဥပဒေ တော်ကို မကျူးကျော်ခြင်းတည်း။ ထို အဓိသီလသိက္ခာများကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည် သိက္ခာသမာပန္န (သိက္ခာသို့ ကောင်းစွာ ရောက်သူ) မည်၏။ သိက္ခာပုဒ် ဥပဒေတော်ကို မကျူးလွန်သူသည် သာဇီဝ သမာပန္န (သာဇီဝသို့ ကောင်းစွာရောက်သူ)မည်၏။

**[ဆောင်]** ၁။ သိက္ခာ သီလ, မည်ရတုံဘိ, ဝိရတိ စေတနံ, ထို ၂ တန်ကို,
လျော်ကန်ဖြည့်က, မှတ်ကုန်ကြ, သိက္ခာ့ သမာပန်။
၂။ သိက္ခာပုဒ်ဟု, ပညတ်စုကို, မကျူးလွန်က, မှတ်ကုန်ကြ,
သာဇီဝ သမာပန်။

**ဖြည့်ကျင့်မှုနှင့် မကျူးလွန်မှု ထူးပုံ။** ။အမှတ်တမဲ့ စဉ်းစားလျှင် သီလ သိက္ခာကို ဖြည့်ကျင့်မှုနှင့် သိက္ခာပုဒ် ဥပဒေ မကျူးလွန်မှုမှာ အတူတူပင် ဟု ထင်မှတ်ဘွယ် ရှိ၏။ သို့ရာတွင် မတူချေ။ ထင်ရှားစေအံ့။ သီလသိက္ခာဟူသည် စေတနာနှင့် ဝိရတိစေတသိက်များဖြစ်ကြောင်းကို နားလည်ကြပြီ။ ထိုစေတနာ နှင့် ဝိရတိတို့သည် အခါခပ်သိမ်း ဖြစ်နိုင်ကြသည်မဟုတ်။ မေထုန် ကျူးလွန်ခွင့် ကြုံပါလျက် မကျူးလွန်မိအောင် ရှောင်ကြဉ်သည့်အခါသာ ဖြစ်နိုင်ကြသည်။ သိက္ခာပုဒ် ဥပဒေကို မကျူးလွန်မှုကား မကျူးလွန်ဘဲနေသမျှ (အိပ်ပျော်နေစဉ် ကာလ၌ပင်) အမြဲ တည်ရှိပေသည်။ ထို့ကြောင့် မေထုန်မှုမှ ရှောင်ကြဉ်ခိုက်၌ သိက္ခာကို ဖြည့်ကျင့်မှု၊ သိက္ခာပုဒ်ဥပဒေကို မကျူးလွန်မှု ၂ မျိုးလုံး ရ၍ ထိုသို့ ဖြည့်ကျင့်မှု မပါသော မကျူးလွန်ဘဲနေရာကာလ၌ သိက္ခာပုဒ် ဥပဒေတော်ကို မကျူးလွန်မှု တမျိုးသာ ရသည်။ ဤသို့ ထူးခြားပုံကို မှတ်ပါ။ အခြားသော သိက္ခာသီလနှင့် သိက္ခာပုဒ်များ၌လည်း ဤနည်းကို မှီ၍ ခွဲပါ။ (ကင်္ခါ ဋီကာ သစ်ကို ကြည့်ပါ။)

**သိက္ခံအပစ္စက္ခာယ။** ။ပစ္စက္ခာယ၌ ပတိ အာပုဗ္ဗ+ခါဓာတ်၊ တွာပစ္စည်း တည်း။ အက္ခာယတိ စသည်၌ အာပုဗ္ဗ - ခါဓာတ်သည် ပြောဆိုခြင်းအနက်ကို ဟောသော်လည်း ဤနေရာ၌ ပတိဥပသာရလည်း ရှေးရှိသောကြောင့် ပဋိက္ခေပ (ပယ်ခြင်း) အနက်ကို ဟော၏။ ထို့ကြောင့် "အပ္ပဋိက္ခိပိတွာ - မပယ်စွန့်မူ၍" ဟု ဖွင့်သည်။ မပယ်စွန့်မှုကိုပင် ယခုကာလ၌ "မချခြင်း"ဟု ဆိုကြသည်။ ဆက် ဦးအံ့—ဥပုသ်စောင့်သူသည် မိမိ ရည်မှန်းအပ်သော အချိန် စေ့က တမင်လာ ဥပုသ်ချဘွယ်မလို၊ အလိုလို ၀ ပါးသီလ ကင်း၍ ၅ ပါးသီလသာ ကျန်ရစ်၏။ လူထွက်လိုသော သာမဏေသည် သာမဏေ၏ သိက္ခာကို တမင်လာ ချဘွယ် မလို၊ လူဝတ်လဲလိုက်လျှင်ပင် သာမဏေသိက္ခာ ကျသွားတော့၏။ ဤ ရဟန်းတို့ သိက္ခာကား ထိုကဲ့သို့ အလိုလိုမကျဘဲ တမင်လာ ချမှ ကျသည်။

**သိက္ခာချနည်း။** ။"ဗုဒ္ဓံ ပစ္စက္ခာမိ-ဘုရားကို စွန့်ပါ၏" ထို့အတူ "ဓမ္မံ-သံဃံ-သိက္ခံ (အဓိသီလ သိက္ခာကို) - ဝိနယံ" စသည် ထည့်၍ ပစ္စက္ခာမိနှင့် တွဲ၍ ဆိုပါ။ ထို့အပြင် "ဂိဟီတိ မံ ဓာရေဟိ=ငါ့ကို လူဟု မှတ်ပါ" ဟုငင်း၊ ထို့အတူ "သာမဏေရောတိ-တိတ္ထိယ သာဝကောတိ" စသည်ဖြင့် လဲလှယ်၍ "မံ ဓာရေဟိ"နှင့် တွဲ၍ ဆိုပါ။ ထို့ပြင် "အလံ မေ ဗုဒ္ဓေန-ငါ့မှာ ဘုရားဖြင့် အကျိုးမရှိ" ထို့အတူ "အလံမေ"ကို စ၍ "ဓမ္မေန" စသည်တို့နှင့် တွဲဆိုပါ။

**အင်္ဂါစုံမှ သိက္ခာကျ။** ။ဆိုခဲ့သော စကားတို့ဖြင့် သိက္ခာချရာ၌ "စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂလ၊ ဝိဇာနန" ဤ အင်္ဂါ ၆ ပါး စုံမှ သိက္ခာကျသည်။ ထိုတွင်—

**စိတ်။** ။တကယ့်ကို လူထွက်လိုသော စိတ်ပါမှ သိက္ခာကျသည်။ စိတ်မပါဘဲ ပြောင်သလို လှောင်သလို ချလျှင် မကျ။

**ခေတ်။** ။သိက္ခာချနည်းကို ပြသော "ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဂိဟီတိ မံ ဓာရေဟိ" စသော ဝါကျများကို "သိက္ခာချခေတ်"ဟု ဆိုသည်။ ထိုခေတ်တွင် ပါဝင်သော ဝါကျများကို မိမိနားလည်သော ဘာသာဖြင့် သုံးစွဲ၍ ချမှ သိက္ခာကျသည်။ (ထိုဝါကျများကို အဋ္ဌကထာမှာ ရှု။)

**ကာလ။** ။"ပစ္စက္ခာမိ-စွန့်ပါ၏၊ ဓာရေဟိ-မှတ်ပါလော"ဟု ပစ္စုပ္ပန်ကာလ ဖြင့် ဖြစ်စေ၊ "အလံ-အကျိုးမရှိ"စသော အနာဂတ္တကာလဖြင့် ဖြစ်စေ ဆိုမှ သိက္ခာကျသည်။ "ပစ္စက္ခာသိံ-စွန့်ခဲ့ပြီ၊ ပစ္စက္ခိဿံ-စွန့်တော့အံ့"ဟု အတိတ်ကာလ၊ အနာဂတ်ကာလ စသည်ဖြင့် ချလျှင်ငင်း၊ "ယံနူနာဟံ သိက္ခံ ပစ္စက္ခေယျံ = ငါ သိက္ခာချရလျှင် ကောင်းမှာဘဲ" ဟု ပရိကပ္ပ စကားဖြင့် ချလျှင်ငင်း မကျ။

**ပယောဂ။** ။[နှုတ်မြွက်ခြင်းဟူသော ဝစီပယောဂ။] နှုတ်မြွက်၍ "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့် ဆိုမှ သိက္ခာကျသည်။ စာရေး၍ဖြစ်စေ၊ ကိုယ်လက်ပြ၍ ဖြစ်စေ ချလျှင် မကျ။

**ပုဂ္ဂလ။** ။[သိက္ခာချသော ပုဂ္ဂိုလ် = သိက္ခာချသည်ကို နားထောင်သော ပုဂ္ဂိုလ်။] ထို ၂ မျိုးလုံးပင် သွေးပျက်သော အရူးလည်း မဟုတ်ရ၊ ဘီလူးဖမ်းစား၍ စိတ်လွင့်နေသူလည်း မဟုတ်ရ၊ ရောဂါဒဏ်ကို ပြင်းစွာ ခံနေရသူလည်း မဟုတ်ရ၊ ပကတိ လူသားရိုးရိုးဖြစ်မှ သိက္ခာကျသည်။

**ဝိဇာနန။** ။[သိခြင်း – နားလည်းခြင်း။] "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့် ခေတ်တွင်းပါသော စကားကို ဆိုပြီးသည်နှင့် တပြိုင်နက် "ဤသူဟာ လူထွက်လိုပေါ့"ဟု နားထောင်သူက သိမှ နားလည်မှ သိက္ခာကျသည်။ နားမလည်လျှင် မကျ။ ဤသို့ အင်္ဂါ ၆ ပါး ပြည့်စုံစွာ မချခြင်းကိုရင်း၊ လုံးလုံး သိက္ခာမချခြင်းကိုရင်း "သိက္ခံ အပစ္စက္ခာယ" ဟု ဆိုသည်။

[**ဆောင်**] စိတ်–ခေတ်–ကာလ, ပယောဂနှင့်, ပုဂ္ဂလ–ဝိဇာ, ဤ ၆ ဖြာ, သိက္ခာကျကြောင်းတည်း။

**ဒုဗ္ဗလျံ အနာဝိကတွာ။** ။[ဒုဗ္ဗလဿ–အားမရှိသူ၏၊ ဘာဝေါ– အဖြစ်သည်၊ ဒုဗ္ဗလျံ – မည်၏၊ ဘာဝအနက်၌ ဏျပစ္စည်း။] "အားမရှိသူ၏ အဖြစ်" ဟူရာ၌ "သိက္ခာပုဒ်များကို မကျူးလွန်ဘဲ စောင့်စည်းနေဘို့ရာ စိတ်အား မထက်သန်ခြင်း" ဟု ဆိုလိုသည်။ ထိုကဲ့သို့ စိတ်အား မထက်သန်ကြောင်းကို (စိတ်ထဲ၌ မထားဘဲ) သူတပါးအား အထင်အရှား ပြောမှုကို "ဒုဗ္ဗလျာဝိကမ္မ–စိတ်အားမထက်သန်ကြောင်းကို ထင်စွာပြုခြင်း" ဟု ဆိုသည်။

**ဒုဗ္ဗလျာဝိကမ္မ ၂ မျိုး။** ။သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မ၊ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မ ဟု ၂ မျိုးရှိ၏။ ထိုတွင် ရဟန်းတပါးသည် သာသနာ့ဘောင်၌ မပျော်ပိုက်နိုင်တော့ပြီဖြစ်၍ သီတင်းသုံးဖော် စသူအား "ယန္နူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ–ဘုရားကိုစွန့်ရလျှင် ကောင်းမှာဘဲ" ဟု ပြော၏။ ဤအပြောကို စဉ်းစားလျှင် "ဘုရားစွန့်ပါ၏" ဟု တိုက်ရိုက်မပြောဘဲ "ဘုရားကို စွန့်ရလျှင် ကောင်းမှာဘဲ" ဟု ညည်းတွားသော အပြောမျိုးသာ ဖြစ်ကြောင်း သိသာ၏။ ထို့ကြောင့် ဤအပြောမျိုးဖြင့် သိက္ခာမကျသေး၊ ဒုဗ္ဗလျာဝိကမ္မကား ဖြစ်နေပြီ။

**ယခုကာလ။** ။"ကိုရင်ကြီး လုပ်နေရလျှင် ကောင်းမှာဘဲ၊ ရသေ့လုပ်နေရလျှင် ကောင်းမှာဘဲ၊ လူထွက်ရလျှင် ကောင်းမှာဘဲ၊ လူထွက်တော့မယ်" စသည်ဖြင့် ပြောဆိုကြ၏။ ထို အပြောမျိုးလည်း သာသနာ၌ မပျော်ပိုက်၍ အမှန်ပြောခြင်းဖြစ်လျှင် သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မ ပင်တည်း။

**သိက္ခာကျ**။ ။သိက္ခာချနည်း၌ ပြခဲ့သော "ဗုဒ္ဓံ ပစ္စက္ခာမိ" စသော အပြောမျိုးကား သိက္ခာလည်း ကျ၊ (သာသနာ့ဘောင်မှာ စိတ်အား မထက်သန်ကြောင်းကို ပြသော) ဒုဗ္ဗလျာဝိကမ္မလည်း ဖြစ်၏။ ထို ၂ မျိုးသော ဒုဗ္ဗလျာဝိကမ္မတို့တွင် "ဒုဗ္ဗလျံ အနာဝိကတွာ" ၌ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မကိုသာ ယူရသည်။ "သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မနှင့် သိက္ခာချမှုမှာ သဘောတူပင်" ဟု ဆိုလိုသည်။

**မေထုနံ ဓမ္မံ ပတိသေဝေယျ**။ ။[မိထုနာနံ-အချင်းချင်းတို့၏+ အယံ-ဥစ္စာတည်း, ကိစ္စတည်း။ မေထုနော - အချင်းချင်းတို့ဟာ။] မိထုနသဒ္ဒါသည် "အချင်းချင်း" ဟု အနက်ထွက်၏။ "အချင်းချင်း" ဟူသည် "ရာဂ ထကြွသူချင်း" တည်း။ ထိုကိစ္စကို ပြုရာ၌ (များသောအားဖြင့်) မိန်းမ ယောကျ်ား ၂ ဦးလုံးပင် ရာဂ ထကြွချင်း တူကြ၏။ ထိုကဲ့သို့ အတူတူနှင့် အနူနူ ဖြစ်ကြသူ ၂ ဦးတို့၏ ကိစ္စကို "မေထုန=မေထုန်" ဟု ခေါ်သည်။

**မဂ် ၃ မျိုး**။ ။ ပါဠိလို "မဂ္ဂ"၊ မြန်မာလို "မဂ်"။ တမျိုးဆက်လျှင် "လမ်းပေါက်" ဟု အနက်ရ၏။ ထိုမဂ်သည် "မုခမဂ္ဂ - ခံတွင်းလမ်းပေါက်၊ ပဿာဝမဂ္ဂ - ကျင်ငယ်လမ်းပေါက်၊ ဝစ္စမဂ္ဂ - ကျင်ကြီးလမ်းပေါက်" ဟု ၃ မျိုးရှိ၏။ မေထုန်မှီဝဲဘို့ရာ အထီး သတ္တဝါနှင့် နပုံးပဏ္ဍုက်များ၌ မုခနှင့် ဝစ္စ မဂ် ၂ မျိုးပါ၍ အမ သတ္တဝါများ၌ မဂ် ၃ မျိုးပါသည်။ သိက္ခာမချဘဲ ထိုမဂ် တခုခု၌ မိမိ အင်္ဂါဇာတ်ကို နှမ်းတစေ့ခန့်မျှ အတွင်းရောက်အောင် သွင်းလျှင် ပါရာဇိက ကျ၏။

**အန္တမသော**။ ။မေထုန်နှင့်ဆိုင်ရာ အမသတ္တဝါတို့သည် (အထက်တန်းမှစ၍) "ပရနိမ္မိတ စသော နတ်မ၊ လူမ၊ တိရစ္ဆာန်မ" ဟု အမ အမျိုးမျိုး ရှိ၏။ ထိုတွင် တိရစ္ဆာန်မသည် အောက်ထစ်ဆုံး၊ အောက်တန်း အကျဆုံးတည်း ဟု သိစေလို၍ "အန္တမသော" ဟု မိန့်တော်မူသည်။

**တိရစ္ဆာန ဂတာယပိ**။ ။ဤ၌ ပိသဒ္ဒါကား "ဂရဟာ - ရှုတ်ချဘွယ်" အနက်ကို ပြ၏။ "အောက်ထစ်ဆုံး တိရစ္ဆာန်မ၌သော်မှ မေထုန်မှီဝဲလျှင် ပါရာဇိက ကျသေးသည်" ဟူလို။ ထို ပိဖြင့် "သမ္ဘာဝနာ - မြှောက်ပင့်ဘွယ်" အနက်ကိုလည်း ဆည်း၏။ "တိရစ္ဆာန်မထက် အထက်တန်းကျသော လူမ စသည်ကို မှီဝဲလျှင်ကား အဘယ်မှာ ပါရာဇိက မကျဘဲ နေတော့အံ့နည်း" ဟူလို။

**တိရစ္ဆာန် အပိုင်းအခြား**။ ။ခြေထောက်မပါသော သတ္တဝါတို့တွင် အဟိ (မြွေမ)၊ မစ္ဆာ (ငါးမ)၊ ခြေနှစ်ချောင်းပါသူတို့တွင် ကုက္ကုဋီ (ကြက်မ)၊ ခြေ ၄ ချောင်း ပါသူတို့တွင် မဇ္ဇာရီ (ကြောင်မ)၊ ဤတိရစ္ဆာန်မတို့သည် နှမ်းတစေ့ခန့် ဝင်လောက်အောင် မဂ်ပါကြသဖြင့် ပါရာဇိကဖြစ်ဘို့ရာ အငယ်ဆုံး

တိရစ္ဆာန် အပိုင်းအခြားများတည်း။ ထို မြွေ စသည်မှ အထက် ကြီးမားသော တိရစ္ဆာန်မများကို ဤ"တိရစ္ဆာနဂတာ" အရ ယူရမည်ဟု ဆိုလိုသည်။

[**ဆောင်**] အပဒါနံ အဟိ မစ္ဆာ၊ ဒွိပဒါနဥ္စ ကုက္ကုဋိ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထု ပါရာဇိကဿိမာ။

**ပါရာဇိကော။** ။ပရာဇိယတေ–ဆုံးရှုံးစေအပ်၏၊ ဣတိ - ထို့ကြောင့်၊ ပါရာဇိကော-ပါရာဇိက မည်၏။"ဆုံးရှုံးစေအပ်"ဟူသည်လည်း ဆုံးရှုံးခြင်းသို့ ရောက်ခြင်းဖြစ်ရကား "ပရာဇယံ–ဆုံးရှုံးခြင်းသို့ + အာပန္နော–ရောက်ပြီ" ဟု အဓိပ္ပာယ်နက် ဖွင့်ကြသည်။ ယခုလောက၌ ပြင်၍မရအောင် မှားယွင်းမိလျှင် "လူဖြစ်ရှုံးပေါ့"ဟု ပြောကြသကဲ့သို့ ထို့အတူ သိက္ခာမချဘဲ ပါရာဇိကမှုကို ကျူးလွန်သူလည်း တဖန် ပြန်၍ ရဟန်းပြုခွင့်မရ၊ရဟန်းအဖြစ် ဆုံးရှုံးတော့၏။

**သိက္ခာပုဒ်နှင့် အာပတ်။** ။သိက္ခာပုဒ်နှင့် အာပတ်ကို ပါရာဇိက ဟု ခေါ်ရာ၌ကား "ပရာဇယတိ–သာသနာတော်မှ ဆုံးရှုံးစေတတ်၏"ဟု ဝိဂ္ဂြိုဟ် ပြု၍ သိက္ခာပုဒ်ကို "ပါရာဇိကံ"ဟု နပုလ္လိင်ဖြင့်၎င်း၊ အာပတ်ကို "ပါရာဇိကာ" ဟု ဣတ္ထိလိင်ဖြင့်၎င်း ပြီးပါစေ။ ပုဂ္ဂိုလ်ကိုဟောသော ပါရာဇိက သဒ္ဒါသည် ဟေတုကမ္မသာခနကိတ်ပုဒ်တည်း။ ပရာပုဗ္ဗ ဇိဓာတ်၊ ဏေပစ္စည်း၊ တပစ္စည်း၊ ကာရိတ် ဏေပစ္စည်း ကြေသည်။ ပုဒ်ရင်းမှာ "ပရာဇိတော" တည်း။ ပဥ္စ အာဝုဒ္ဓိ–တကို ကပြု၍ ပါရာဇိကဟု ပြီး၏။ သိက္ခာပုဒ်ကို ဟောရာ၌ ဟေတု ကတ္တုသာခန ကိတ်ပုဒ်တည်း။ ဓာတ်ပစ္စည်းနှင့် ပုဒ်ပြီးပုံမှာ မထူးပြီ။

**အသံဝါသော။** ။[သံ=အတူတကွ + ဝါသ = နေထိုင်ရာ + အ=မရှိ။] ရဟန်းကောင်းဟူသမျှတို့ အတူတကွ ပေါင်းသင်းနေထိုင်ရာ ဌာန ၃ ချက်ရှိ၏။ ၁–ဧက ကမ္မ (အတူပြုရသော ကံကြီးကံငယ်)၊ ၂–ဧကုဒ္ဒေသ (အတူပြုရသော ပါတိမောက္ခုဒ္ဒေသ)၊ ၃–သမသိက္ခာ (အားလုံး အညီအမျှ ကျင့်ရသော သီလ သိက္ခာ)တည်း။ လူဖြစ်ရှုံးသူတယောက်ကို သွားတော်လာတော် မပြုကြတော့ သကဲ့သို့ ထို့အတူ သာသနာမှ ဆုံးရှုံးပြီးသူကိုလည်း ထို ၃ ဌာန၌ ရဟန်း ကောင်းတို့က အပေါင်းအသင်း မလုပ်ကြတော့။

**ပထမ ပါရာဇိက အင်္ဂါ။** ။၁–မှီဝဲလိုသောစိတ် ရှိခြင်း၊ ၂–သူတပါး၏ မဂ်တွင်း၌ မိမိအင်္ဂါဇာတ်ကို သွင်းခြင်း၊ ဤအင်္ဂါ ၂ ပါးစုံလျှင် ပထမ ပါရာဇိက အာပတ်သင့်၏။ [အကြောင်းဝတ္ထု၊ မူလပညတ်၊ အနုပညတ်၊ သစိတ္တက၊ အစိတ္တက စသည်ကို ကခ်ါ စသည် ကြည့်ရှုံမျှဖြင့် သိနိုင်ပြီ။]

[**ဆောင်**] မှီဝဲလိုတိ, စိတ်ကူးရှိလျက်[၁], သူ၏မဂ်တွင်း,ကိုယ့်မဂ်သွင်းဟု[၂],
ကြောင်းရင်း ၂ လီ, အင်္ဂါညီ, ကျပြီ ပါရာဇိက်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ "တတြိမေ စတ္တာရော၊ ပေ၊ ဥဒ္ဒေသံ အာဂစ္ဆန္တိ"သည် ဘာကိုပြသော ဝါကျနည်း။ ထိုဝါကျ၌ "ဥဒ္ဒေသံ"အရ သရုပ်အားဖြင့် ပြပုံကို ထင်ရှားအောင် ပြပါ။

ခ။ ပထမ ပါရာဇိက သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

ဂ။ "ဘိက္ခူနံ သိက္ခာသာဇီဝ သမာပန္နော"အရ ဘိက္ခုတို့၏ သိက္ခာနှင့် သာဇီဝများကို ဖော်ပြပါ။ ["သိက္ခာနှင့် သာဇီဝတို့၏ အထူး ပြပါ" ဟု မေးလျှင် အဖြေတူပင်။]

ဃ။ စာရိတ္တ၊ ဝါရိတ္တသီလများကို ခွဲပြ၍ ထိုသီလတို့၏ တရားကိုယ်ကို ကောက်ပြပါ။

င။ "သမာပန္နော"အရ အဘယ်ကို "ရောက်ခြင်း"ဟု ဆိုသနည်း။ သိက္ခာသို့ ရောက်ပုံ၊ သာဇီဝသို့ ရောက်ပုံကို ပြပါ။

စ။ သိက္ခာသမာပန္နနှင့် သာဇီဝသမာပန္န ၂ မျိုးဖြစ်နိုင်ရာအခါ၊ တမျိုးတည်း ဖြစ်နိုင်ရာအခါကို ခွဲပြပါ။ [ သိက္ခာသမာပန္နနှင့် သာဇီဝသမာပန္န အထူးပြပါဟု မေးလျှင်လည်း အဖြေတူပင်။]

ဆ။ သိက္ခာချပုံကို "ပစ္စက္ခာမိ-ဓာရေဟိ"နှင့် တွဲစပ်၍ ၃ မျိုးစီ၊ အလံနှင့် တွဲစပ်၍ ၃ မျိုးစီကို ပြပါ။

ဇ။ သိက္ခာကျခြင်း၏ အင်္ဂါများကိုလည်း ပြပါ။

ဈ။ အဘယ်သို့ဖြစ်မှုကို "ဒုဗ္ဗလျ" ခေါ်သည် ဟု ပြ၍ သိက္ခာ မကျသော ဒုဗ္ဗလျာဝိကမ္မကိုလည်း ၂ မျိုးလောက် ပြပါ။

ည။ ဘာကို "မေထုန်"ဟု ခေါ်၍ ဘာကို "မှီဝဲခြင်း"ဟု ခေါ်သနည်း။

ဋ။ "တိရစ္ဆာနဂတာယ"အရ မည်ကဲ့သို့ တိရစ္ဆာန်မမျိုးကို ယူရမည်နည်း။ ပိသဒ္ဒါ၏ ဂရဟာအနက်နှင့် သမ္ဘာဝနာ အနက်ကိုလည်း ပြပါ။

ဌ။ ပါရာဇိကော၏ သဒ္ဒါနက်ကိုပြ၍ အသံဝါသ၌ သံဝါသ ၃ မျိုးကို ပြပါ။

ဍ။ အဘယ့်ကြောင့် သိက္ခာပုဒ်နှင့် အာပတ်ကို "ပါရာဇိက"ဟု ခေါ်သနည်း။ ဝိဂ္ဂြိုဟ် လုပ်ပြပါ။

ဎ။ ပထမ ပါရာဇိက အာပတ်သင့်ခြင်း၏ အင်္ဂါကို ပြပါ။

ဒုတိယ ပါရာဇိက — ယောပန ဘိက္ခု-အကြင်ရဟန်းသည်၊ ဂါမာဝါ-ရွာမှသော်၎င်း၊ အရညာဝါ— တောမှသော်၎င်း၊ အဒိန္နံ —မပေးအပ်သော လူ့ဥစ္စာကို၊ ထေယျသင်္ခါတံ — ခိုးသူ၏ဖြစ်ကြောင်း စိတ်အစုဖြင့်၊ အာဒိယေယျ - ယူအံ့၊ ယထာရူပေ - အကြင်အနည်းဆုံးတမတ်, တမတ်တန်လောက် သဘောရှိသော၊ အဒိန္နာဒါနေ- မပေးအပ်သော ဥစ္စာကို ယူခြင်းကြောင့်၊ ရာဇာနော — မင်းတို့သည်၊ စောရံ— ခိုးသူကို၊ ဂဟေတွာ-ဖမ်းယူ၍၊ ဟနေယျုံဝါ- နှိပ်စက်မူလည်း

× × × × ×

**ဒုတိယ ပါရာဇိက။** ။"ယောပနဘိက္ခု ဂါမာဝါ" စသည်ကား ဒုတိယ ပါရာဇိက သိက္ခာပုဒ်တည်း။ ဤသိက္ခာပုဒ်၌ "ဘိက္ခူနံ သိက္ခာသာဇီဝ သမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ" ဟူသော ပုဒ်များ မပါ။ သို့သော် ထိုပုဒ်များကို ဤ သိက္ခာပုဒ်မှ စ၍ နောက်နောက် သိက္ခာပုဒ်များသို့ လိုက်စေနိုင်သည်ဟု မှတ်ပါ။ ထိုသို့ လိုက်စေရာဝယ် ကင်္ခါဋီကာဟောင်း၌ ရတနဝင်္ဂအဆုံး သုဂတစီဝရ သိက္ခာပုဒ်တိုင်ရှိသာ လိုက်ပုံကို ပြသော်လည်း သေခိယတိုင်အောင် လိုက်ခွင့်ရှိသည်သာ။ မှန်၏။ ပါဠိဒေသနီယ– သေခိယ သိက္ခာပုဒ်ဆိုင်ရာ အပြစ်များကိုလည်း သိက္ခာမချဘဲ ပြုမှ အာပတ်သင့်သည်။

**လိုက်ပုံ။** ။"ယောပနဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝ သမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ ဂါမာဝါ အရညာဝါ" စသည်ဖြင့် ဆိုရိုးသာတည်း။တချို့ သိက္ခာပုဒ်များ၌ကား စပ်ပုဒ်ကြည့်၍ ပြင်သင့်သလို ပြင်ရမည်။ ထိုပြင်ပုံကိုလည်း ပါဠိ အဝါးဝသည့်အခါ အလိုလို နားလည်ပါလိမ့်မည်။

**သိက္ခာပုဒ် ဘာသာပြန်။** ။အကြင်ရဟန်းသည် ရွာမှဖြစ်စေ၊ တောမှဖြစ်စေ၊ ဥစ္စာရှင်တို့က မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် (လိမ်လိုညာလိုသောစိတ်ဖြင့်) ယူအံ့၊ အနည်းဆုံးအားဖြင့် တမတ်, တမတ်တန်လောက် ဥစ္စာကိုယူလျှင် အစိုးရမင်းတို့က ခိုးသူကိုဖမ်း၍ နှိပ်စက် ညှဉ်းဆဲမှု၊ ချုပ်နှောင်မှု၊ နှင်ထုတ်မှု တခုခုကို ပြုတတ်ကုန်၏။ ထိုတမတ်တန်မှ အထက် လူ့ဥစ္စာခိုးသော ဤရဟန်းလည်း ပါရာဇိကကျ၍ သံဝါသ မရှိတော့ချေ။

**ဂါမာဝါ အရညာဝါ။** ။ဂါမ အရ ရွာနှင့် ရွာ၏ဥပစာ၊ ၂ မျိုးလုံးကိုယူ။ ထိုတွင် လယ်လုပ်တဲ စသည်ဖြစ်၍ တအိမ်တည်းပင် ရှိသော်လည်း ထိုအိမ်၌ ၄ လကျော်ကျော် အိမ်သူ အိမ်သားတို့ နေထိုင်ကြလျှင် "တအိမ်ရွာ"ပင် ဖြစ်၏။ ကိစ္စ တစုံတရာကြောင့် ထိုရွာမှ အခြားအရပ်သို့ ပြောင်းရွှေ့သွားသော်လည်း ပြန်နေဦးမည်ဟု ကြံစည်ချက် ရှိသေးလျှင် ရွာပင်တည်း။

နှိပ်စက်ကုန်ရာ၏၊ ဗန္ဓေယျုံ ဝါ — ချုပ်နှောင်မူလည်း ချုပ်နှောင်ကုန်ရာ၏၊ ပဗ္ဗာဇေယျုံ ဝါ-နှင်ထုတ်မူလည်း နှင်ထုတ်ကုန်ရာ၏၊ စောရော- ခိုးသူသည်၊ အသိ— ဖြစ်၏၊ ဗာလော— လူမိုက်သည်၊ အသိ— ဖြစ်၏၊ မူဠှော- လူဖျင်းသည်၊ အသိ- ဖြစ်၏၊ ထေနော - သူဝှက်သည်၊ အသိ- ဖြစ်၏၊ ဣတိ - ဤသို့ ပြောဆို၍၊ (ပရိဘာသေယျုံ ဝါ — ကြိမ်းမောင်းမူလည်း ကြိမ်းမောင်းကုန်ရာ၏၊) တထာရူပံ - ထို အနည်းဆုံး တမတ်, တမတ်ဘန်လောက် သဘောရှိသော အဒိန္နံ - မပေးအပ်သော လူ့ဥစ္စာကို၊ အာဒိယမာနော-ယူသော၊ အယံပိ ဘိက္ခု - ဤရဟန်းသည်လည်း၊ ပါရာဇိကော- သည်၊ အသံဝါသော - သည်၊ ဟောတိ - ၏။

× × × × ×

**အပိုင်းအခြား။** ။ထိုရွာ၌ စည်းရိုး စသော အကာရှိလျှင် အကာတိုင်အောင် "ရွာ" ဟု ခေါ်၏။ ထိုရွာစည်းရိုး၏ အလယ်တည့်တည့်လောက်မှ ခဲတလုံးကို အားကုန်လွှဲ၍ ပစ်လိုက်သောအခါ ပထမခဲ ကျရာအရပ်သည် "ရွာ၏ ဥပစာ" မည်၏။ အကာအရံ မရှိသောရွာ၌ကား အစွန်ဆုံးအိမ်၏ ဥပစာမှနေ၍ ပစ်အပ်သော ပထမ ခဲတကျအရပ်သည် ရွာမည်၏။ ထိုခဲတကျမှ ဆက်၍ ဒုတိယ ပစ်အပ်သော ခဲတကျသည် ရွာ၏ ဥပစာမည်၏။ ထိုရွာဥပစာ အပြင်ဘက်ကို "အရည=တော" ဟု ခေါ်သည်။ [တံစက်မြိတ်မှ ရေကျရာ အရပ်၏ အတွင်း အရပ်သည် "အိမ်" မည်၏။ ထိုအိမ်၏ ဝင်းအကာကိုဎင်း၊ အကာမရှိလျှင် အိမ်တံခါးမှနေ၍ အိမ်ရှင်မ သွန်လိုက် – ပစ်လိုက်သော ရေ၊ ဗန်း၊ စကောတို့ ကျရာအရပ်ကိုဎင်း "အိမ်၏ ဥပစာ" ဟု ခေါ်သည်။]

**ဆက်ဦးအံ့**—ဂါမဖြင့် ရွာကိုသာ မယူဘဲ ရွာဥပစာကိုပါ ယူရခြင်းသည် ခိုးယူရာအရပ် မကျန်စေလိုခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့် ဂါမဖြင့် ရွာကိုသာ မက နိဂမ၊ နဂရတို့ကိုလည်း ယူရသည်။ မှန်၏။ ဝိနည်းအရာ၌ နိဂုံးမြို့များကို (များသောအားဖြင့်) သီးခြားပြလေ့ မရှိ။ "ဝိကာလေ ဂါမံ ပဝိသေယျ, အန္တမသော ဂါမန္တရံပိ, ဂါမသီမာ" စသည်ဖြင့် ဂါမကိုသာ ပြလေ့ရှိ၏။ ထိုပြတိုင်းပင် နိဂမ၊ နဂရတို့ကိုလည်း ယူရသည်။ [မြို့ရိုးမရှိ ဈေးသာရှိလျှင် နိဂမ၊ မြို့ရိုး ဈေး ၂ မျိုးလုံးရှိလျှင် နဂရ၊ ၂မျိုးလုံး မရှိလျှင် ဂါမဟု ခွဲကြ၏။]

**အဒိန္နံ။** ။လူဇာတ်ရှိသော ပစ္စည်းရှင်တို့က ကိုယ်ထိလက်ရောက် ဖြစ်စေ၊ "ယူပါ" စသည်ဖြင့် နှုတ်မြွက်၍ဖြစ်စေ မပေးအပ်သောပစ္စည်းကို "အဒိန္နံ" ဟု (ဤသိက္ခာပုဒ်၌) ခေါ်ရသည်။ ထို့ကြောင့် "အဒိန္နံ- ကိုယ် နှုတ် ၂ ပါး တပါး ပါးဖြင့် မပေးအပ်သော လူ့ဥစ္စာကို" ဟု အနက်ကျယ် ပေးပါ။

**ထေယျသင်္ခါတံ အာဒိယေယျ။** ။ထေနသ-ခိုးတတ်သူ၏၊ ဘာဝေါ-ဖြစ်ကြောင်းစိတ်သည်၊ ထေယျံ-ထေယျမည်၏၊ "ခိုးတတ်သူ၏ ဖြစ်ကြောင်းစိတ်" ဟူသည်လည်း "ခိုးယူလိုသောစိတ်" ပင်တည်း။ သင်္ခါတ သဒ္ဒါကား "ကောဋ္ဌာသ = အစု"ဟူသော အနက်ကို ဟော၏။ အစုဟူသည် စိတ်တခုတည်းမက အထပ်ထပ်ဖြစ်သော စိတ်အစဉ်တည်း။ [သင်္ခါတံ၌ နိဂ္ဂဟိတ်မှာ ကရိုဏ်းအနက်၌ သက်သော ပထမာဝိဘတ်၏ ကာရိယတည်း။]

**ဆက်ဦးအံ့။** ။ယူရာ၌ "ဝိဿာသဂ္ဂါဟ = အကျွမ်းဝင်၍ ယူလိုသောစိတ်မျိုးတစု၊ တာဝကာလိကဂ္ဂါဟ=ခေတ္တခဏ ငှားရမ်းယူလိုက်သော စိတ်မျိုးတစု၊ ထေယျ=ခိုးလိုသော စိတ်မျိုးတစု" စသည်ဖြင့် စိတ်အစု စိတ်အစဉ် အမျိုးမျိုး ရှိရာ ဝိဿာသဂ္ဂါဟ၊ တာဝကာလိက ယူနည်းများကို တားမြစ်လို၍ "ထေယျသင်္ခါတံ"ဟု ဆိုသည်။ အချုပ်မှာ-စိတ်ရိုး စိတ်ကောင်းဖြင့် ယူခြင်းမဟုတ်ဘဲ ခိုး၍၊ တိုက်ခိုက်လုယက်၍၊ ညာဖြန်းလှည့်ပတ်၍၊ တရားတွေ့၍ ယူလိုသောစိတ်(ရထား၊သင်္ဘောစသည်၌ ကျနွန်းအတိုင်း မပေးရအောင် တိမ်းရှောင်ဖုံးဝှက်လိုသော စိတ်)ဟူသမျှကို "ထေယျသင်္ခါတ"ဟု မှတ်ပါ။

[**ဆောင်**] တာဝကာလိ, ဝိဿာသိက, ယူခြင်းမျှကို, တားမြစ်လို့, မိန့်ဆိုထေယျသင်္ခါတ။

**ယထာရူပေ အဒိန္နာဒါနေ**-ယထာရူပေကို အာဒိန္နတွင် စပ်။ "အကြင်သို့သဘောရှိသော ဥစ္စာ၊ အကြင်မျှလောက်သော ဥစ္စာ"ဟူလို။ "မင်းတို့က ဖမ်း၍ ညှဉ်းဆဲမှု စသည်ကို ပြုလောက်သောဥစ္စာ"ဟူသည် အနည်းဆုံးအားဖြင့် ငွေတမတ်, အထည်ဝတ္ထု တမတ်တန်မှစ၍ အထက်ဥစ္စာများတည်း။

**တမတ်။** ။တမတ်ဆိုသော်လည်း ယခုအခါ သုံးစွဲရိုးဖြစ်နေသော ၄ ပဲ မဟုတ်။ ရှေးက ငွေတကျပ်သည် ပဲ ၂၀ ရှိ၏။တကျပ်၏ လေးပုံတပုံသည် တမတ်တည်း။ ထို့ကြောင့် ဘုရားလက်ထက်တော်က တမတ်ဆိုလျှင် ၅ ပဲရှိသည် ဟု မှတ်ပါ။ ထိုတမတ်ခေါ် ၅ ပဲလည်း ယခုခေတ် ၅ ပဲနှင့် မညီမျှသေး။ "နီလကဟာပဏ"ခေါ် ငွေတကျပ်လုပ်ပုံကို ကြည့်ရဦးမည်။

**နီလကဟာပဏ လုပ်ပုံ။** ။ရွှေသား ၅ ပဲ၊ ငွေသား ၅ ပဲ၊ ကြေးနီ ၁၀ ပဲ၊ ဤပဲ ၂၀ ကိုပေါင်း၍ "နီလကဟာပဏ"ခေါ် ငွေတကျပ် ပြုလုပ်ကြသတဲ့။ ထို့ကြောင့် ထိုငွေတကျပ်သည် ယခုတကျပ်ထက် တန်ဘိုး သာနေရကား ထို ၅ ပဲလည်း ယခု ၅ ပဲထက် တန်ဘိုးသာပြန်သည်။ ထို့ကြောင့် "နီလကဟာပဏ" ငွေတကျပ်၏ တမတ်ငွေဟု သတိပြုကာ ယခုခေတ်ငွေနှင့် မည်မျှတန်ဘွယ်ရှိသည်ကို ခန့်မှန်းကြပါကုန်။ [နီလ = အညစ်အကြေး ကင်းသော၊ စင်ကြယ်သော+ကဟာပဏ = အသပြာ၊ ဝါ-ငွေစင်တကျပ်။]

**တန်ဘိုးအလိုက် အာပတ်ကွဲပုံ။** ။တမတ်, တမတ်တန်မှ စ၍ အထက် ယူလျှင် ပါရာဇိကအာပတ်၊ တပဲအထက် တမတ်အောက်ယူလျှင် ထုလ္လစ္စဉ်း၊ တပဲအောက်ယူလျှင် ဒုက္ကဋ်ဟု ခွဲခြား မှတ်သားပါဦး။

**ရာဇာနော၊ ပေ၊ ပဗ္ဗာဇေယျုံ၀ါ။** ။ဟနေယျုံ၀ါ၌ ရိုက်နှက်ခြင်း၊ လက်ခြေစသည် ဖြတ်ခြင်း စသော ညှဉ်းဆဲနှိပ်စက်မှုများ ပါ၀င်၏။ ဗန္ဓေယျုံ အရ "နှောင်ဖွဲ့ခြင်း"ဟူသည် လက်ထိပ်ခတ်ခြင်း၊ အချုပ်ခန်း၌ ချုပ်ထားခြင်း များတည်း။ ပဗ္ဗာဇေယျုံအရ "နှင်ထုတ်ခြင်း" ဟူသည် ထိုသူခိုး၏ နေရင်း အရပ်ဖြစ်သော ရွာ-နိဂုံး-မြို့မှ နှင်ထုတ်ခြင်း၊ ပြည်နှင်ဒဏ် ပေးခြင်းတည်း။

**ရာဇာနော**—တမတ်, တမတ်တန်ပစ္စည်းကို ခိုးရုံမျှဖြင့် ညှဉ်းပန်းမှု စသည် ပြုဘို့ရန် ဥပဒေ ပြုလုပ်ထားသော မင်းဟူသည် ဗိမ္ဗိသာရမင်းတည်း။ အခြား မင်းများ၌ ထိုဥပဒေ ရှိ- မရှိမှာ လိုရင်းမဟုတ်။ ထင်ရှားစေအံ့။ ဤ ဒုတိယ ပါရာဇိက ပညတ်ဘို့ရန် ခိုးမှုဖြစ်ပေါ်ရာ ဌာနသည် ဗိမ္ဗိသာရမင်း၏ ၀ိုင်းပြည် ဖြစ်သော ရာဇဂြိုဟ်ပြည်တည်း။ ထို့ကြောင့် ရာဇဂြိုဟ်ပြည်၏ ဥပဒေ အရ "ဟနေယျုံ၀ါ" စသည်ကို မိန့်တော်မူရသည်။

**စောရောသိ၊ ပေ၊ ထေနောသိ။** ။ဤစကားကား ရေရွတ် ကြိမ်းမောင်း ငေါက်ငန်းသော စကားတည်း။ ယခုကာလ၌ ခိုးသူ၏ မျက်နှာကို သေသေ ချာချာကြည့်၍ "နင်ဟာ သူခိုးဘဲ၊ လူမိုက်ဘဲ၊ လူဖျင်းဘဲ၊ သူ၀ှက်ဘဲ"စသော အပြောမျိုးတည်း။ ထို့ကြောင့် "ပရိဘာသေယျုံ"ဟု အပိုထည့်၍ အနက်ပေး ရသည်။ [စောရောသိ=စောရော+အသိ။]

**အယမ္ပိ ပါရာဇိကော။** ။အယမ္ပိ၌ အပိသဒ္ဒါသည် ၀ုတ္တသမုစ္စည်းအနက် ရှိ၏။ "ပထမ ပါရာဇိက၌ ပြခဲ့သော ရဟန်းသာ ပါရာဇိကကျသည်မဟုတ်သေး၊ ဤရဟန်းလည်း ပါရာဇိကကျသည်"ဟူလို။ ဤ ၀ုတ္တသမုစ္စည်း အနက်မျိုးကိုပင် သဒ္ဒါကျမ်းတို့၌ "အပေက္ခာအနက်" ဟု သုံးစွဲ၏။ ရှေ့ သိက္ခာပုဒ်၌ ပြခဲ့သော ရဟန်းကိုငဲ့၍ (ထောက်၍) "အယမ္ပိ-ဤရဟန်းသည်လည်း"ဟု အပိသဒ္ဒါဖြင့် ဆိုသည် ဟူလို။ [နာမ် ရူပသိဒ္ဓိ အပိသဒ္ဒါ၏ အဖွင့်ကို ကြည့်။]

**ဒုတိယပါရာဇိက အင်္ဂါ။** ။ ၁-လူဇာတ်ရှိသူ၏ ဥစ္စာဖြစ်ခြင်း၊ ၂-သူ့ ဥစ္စာမှန်း သိခြင်း၊ ၃-ဂရု ပရိက္ခာရာဖြစ်ခြင်း၊ ၄-ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅-ခိုးယူခြင်း။ ဤအင်္ဂါ ၅ ပါးနှင့် ညီလျှင် အဒိန္နာဒါန ပါရာဇိက သင့်၏။

**မှတ်ချက်။** ။လူဇာတ်ရှိသူ၏ဥစ္စာကို ခိုးယူမှ ပါရာဇိက ကျသောကြောင့် နတ် စသူတို့၏ ဥစ္စာကို ခိုးသော်လည်း ပါရာဇိက မကျဟု မှတ်ပါ။ သို့သော် ငါးပါးသီလ ထုံးစံအတိုင်း အဒိန္နာဒါန သိက္ခာပုဒ်အပြစ်ကား မကင်းချေ။ သူ့

ဥစ္စာဖြစ်သော်လည်း ကိုယ့်ဟာထင်၍ ယူမိလျှင် အပြစ်မရှိ။ သို့သော် သူ့ဥစ္စာမှန်း သိလျှင် ပြန်ပေးရမည်။ ဂရုပရိက္ခာရ ဟူရာ၌ တမတ်တန်မှစ၍ အထက် ပစ္စည်းကို "ဂရု=လေးသော+ပရိက္ခာရ"ဟု ဆိုသည်။

[ဆောင်] လူဇာတ် ရှိငြား, သူတပါး၏, ပိုင်ထားဥစ္စာ[၁], သူ့ဥစ္စာဟု, သိမှတ်မှုနှင့်[၂], ဂရုပရိက်[၃], ထေယျစိတ်သွင်း[၄], ခိုးယူခြင်းဟု[၅] ကြောင်းရင်း ၅ လီ, အင်္ဂါညီ, ကျပြီ ပါရာဇိက်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ပထမပါရာဇိကလာ "ဘိက္ခူနံ သိက္ခာ၊ ပေ၊ အနာဝိကတွာ"ပုဒ်များကို မည်သည့်သိက္ခာပုဒ်အထိ လိုက်စေဘို့ရန် ကမ်္ဘီရှိကာ ဖွင့်ပြသနည်း။ အမှန်အားဖြင့် မည်သည့်သိက္ခာပုဒ်အထိ လိုက်သင့်သနည်း။

ခ ။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

ဂ ။ ဂါမာဝါ၌ ဂါမဖြင့် မည်သည့်အရပ်ကိုပါ ယူရမည်နည်း။ ဂါမ၊ ဂါမူပစာရ အရညအရပ်ကို ပိုင်းခြားပြပါ။

ဃ။ နိဂမ၊ နဂရတို့ကို (ဝိနည်းအရာဝယ်) အဘယ်၌ သွင်းလေ့ရှိသနည်း။

င ။ ထေယျသင်္ခါတံ၌ "ထေယျ" အနက်၊ "သင်္ခါတ"အနက်များကို ခွဲခြား၍ ထိုပါဌ်ဖြင့် မည်သည့်ယူနည်းကို တားမြစ်သည်ဟုလည်း ပြပါ။

စ ။ အနည်းဆုံး မည်မျှလောက်သော ဥစ္စာကို ခိုးမှ ပါရာဇိက ကျသနည်း။ ဘုရားလက်ထက်တော်က တမတ်သည် ယခုတမတ်နှင့် ညီပါသလား။

ဆ။ ဟနေယျုံ၊ ဗန္ဓေယျုံ၊ ပဗ္ဗာဇေယျုံတို့၏အဓိပ္ပာယ်ကို ပြ၍ ရာဇာနော အရ မည်သည့်မင်းကို ဆိုလိုကြောင်းလည်း ပြပါ။

ဇ ။ "စောရောသိ၊ ပေ၊ ထေနောသိ"တို့ကား အဘယ်ကိုပြသော စကားပါနည်း။ ထိုစကား၏ မြန်မာလို ဆိုလိုရင်းကိုလည်း ပြပါ။

ဈ ။ အယမ္ပိ၌ အပိသဒ္ဒါ၏ အနက်ကိုပြ၍ မြန်မာလို ဆိုလိုရင်းကိုလည်း ပြပါ။

ည ။ (ရှေးခေတ်အတိုင်း) တပဲအောက်ကိုငင်း၊ တပဲအထက် တမတ်အောက် ကိုငင်း၊ တမတ်မှ စ၍ အထက်ကိုငင်း ခိုးရာ၌ အာပတ်ခွဲခြားပြပါ။

ဋ ။ ဒုတိယ ပါရာဇိကအင်္ဂါကိုပြ၍ ကိုယ့်ဥစ္စာအမှတ်ဖြင့် ယူမိလျှင် အပြစ်ရှိ-မရှိ၊ လူမဟုတ်သူတို့၏ ဥစ္စာကိုယူလျှင် ဤသိက္ခာပုဒ်ဖြင့် အပြစ်မသင့်က မည်သည့်အပြစ် ရသည်ဟု ဖော်ပြပါ။

**တတိယ ပါရာဇိက**

ယော ပန ဘိက္ခု-သည်၊ သဉ္စိစ္စ-**သတ္တဝါ**ဟု သိသော သညာနှင့်တကွ သေစေလိုသော စေတနာဖြင့် စေ့ဆော်၍၊ မနုဿဝိဂ္ဂဟံ - လူ့ကိုယ်ကို၊ ဇီဝိတာ - ဇီဝိတိန္ဒြေမှ၊ ဝေါရောပေယျ - ခွင်းအံ့၊ သတ္ထဟာရကံဝါ - အသက်ကို ဆောင်တတ်သော လက်နက်ကိုမူလည်း၊ အဿ - ထိုလူ့ကိုယ်၏ (အနီး၌)၊ ပရိယေသေယျ - ရှာမှီး၍ ချထားအံ့၊ မရဏဝဏ္ဏံဝါ - သေရခြင်း၌ အကျိုးကိုမူလည်း၊ သံဝဏ္ဏေယျ - ထင်ရှားပြအံ့၊ မရဏာယဝါ - သေဘို့ရာမူလည်း၊

× × × × ×

**တတိယပါရာဇိက။** ။"ယော ပန ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ" စသည်ကား တတိယပါရာဇိက သိက္ခာပုဒ်တည်း။ ဤသိက္ခာပုဒ်၏ မြန်မာပြန် အကျဉ်းကား—"အကြင်ရဟန်းသည် သတ္တဝါမှန်းသိသော သညာနှင့်တကွ ၁-လူကို သတ်အံ့၊ (တိုက်ရိုက် မသတ်လျှင်) ၂-လက်နက်တစုံတရာကို ရှာ၍ ထိုလူ့အနီး၌ (အလွယ်ရအောင်) ထားအံ့၊ (ထိုသို့ လက်နက်ရှာ၍ မထားလျှင်) ၃-သေခြင်း၌ အကျိုးကို (သေချင်လာအောင်) ချီးမွမ်းအံ့၊ (ထိုသို့ မချီးမွမ်းလျှင်) ၄-သေဘို့ရန် နည်းလမ်းပေးအံ့၊ ထိုရဟန်းလည်း ပါရာဇိက ကျ၍ သံဝါသ မရှိတော့ချေ။

**သဉ္စိစ္စ**—"သံ+စိစ္စ",ပုဒ်ဖြတ်။ သံ ဥပသာရသည် "တကွ"ဟူသော အနက်ရှိ၍ "စိစ္စ"၌ စိတိဓာတ် = တွာ ပစ္စည်းက "စေ့ဆော်၍" ဟု အနက်ရှိ၏။ "တကွ" ဟူသည် "သတ္တဝါမှန်းသိသော သညာနှင့်တကွ"တည်း။ "စေ့ဆော်" ဟူသည်လည်း "သေစေလိုသော စေတနာဖြင့် မိမိစိတ်ကို လှုံ့ဆော်ပေးခြင်း၊ သေစေလိုသော စိတ်စေတနာဖြစ်ခြင်း" တည်း။ ထို့ကြောင့် ဤ သဉ္စိစ္စပါဠ်ဖြင့် "သတ္တဝါမှန်းသိခြင်း၊ သတ်လို(သေစေလိုသော)စိတ်ရှိခြင်း" ဟု အင်္ဂါ ၂ ပါး သိသာပြီ။

**မနုဿဝိဂ္ဂဟံ။** ။ဝိဂ္ဂဟသဒ္ဒါသည် "ကိုယ်"ဟူသော အနက်ကို ဟော၏။ လူ့ကိုယ် ဟူရာ၌ လူဇာတ်ရှိသူ လူသားစင်စစ်၏ ကိုယ်ကို ယူရမည်။ လူယောင်ဆောင်ထားသော နတ်၊ နဂါး၊ ဂဠုန် စသည်တို့၏ ကိုယ်ကို မယူရ။ လူယောင်ဆောင်ထားသော်လည်း လူ့ကိုယ်မဟုတ်၊ နတ်ကိုယ်၊ နဂါးကိုယ်၊ ဂဠုန်ကိုယ်သာတည်း။ [ဘီလူး နတ်တို့ကို သတ်လျှင် ထုလ္လစ္စဉ်း၊ နဂါးစသော တိရစ္ဆာန်ကို သတ်လျှင် ပါစိတ်။] ထိုလူ့ကိုယ်လည်း အကောင်အထည် ထင်ရှားမှ မဟုတ်၊ အမိဝမ်းတွင်း၌ ကလလရေကြည် တည်ချိန်မှစ၍ မမွေးခင်လည်း လူ့ကိုယ်ပင်ဖြစ်၏။ ထို့ကြောင့် ကိုယ်ဝန်ဖျက်သော ရဟန်းလည်း ပါရာဇိက ကျသည်။

(ဥပါယံ - နည်းလမ်းကို၊) သမာဒါပေယျ-ကောင်းစွာ ယူစေအံ့၊ အမ္ဗော ပုရိသ - အို ယောကျ်ား၊ တုယှံ - သင်၏၊ ပါပကေန — ယုတ်ညံ့သော၊ ဒုဇ္ဇီဝိတေန - ဤ ဆင်းရဲစွာ အသက်ရှင်ရခြင်းဖြင့်၊ ကိံ — ဘာ အကျိုးရှိအံ့နည်း၊ တေ - သင်၏၊ ဇီဝိတာ - အသက်ရှင်နေရခြင်းထက်၊ မတံ - သေရခြင်းက၊ သေယျော - မြတ်ပါသေး၏၊ ဣတိ - ဤသို့၊ (မရဏ ဝဏ္ဏံဝါ - လည်း၊ သံဝဏ္ဏေယျ - အံ့၊) ဣတိ စိတ္တမနော - ဤသေခြင်း၌ စိတ်ရှိသည်၊ ဣတိ စိတ္တသင်္ကပ္ပေါ - ဤသေခြင်း၌ ဆန်းကြယ်သော

× × × × ×

**ဇီဝိတာ ဝေါရောပေယျ။** ။"ဇီဝိတ" အရ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ၂ မျိုး လုံးကို ယူပါ။ ထိုဇီဝိတ ၂ မျိုးလုံးကိုပင် "အသက်" ဟု ခေါ်သည်။ "ဝေါရော ပေယျ - ချအံ့" ဟု အနက်ပေးရိုး ရှိ၏။ "ဩရောပေတိ = အောက်သို့ ချ၏" ဟူရာ၌ "အဝရှေးရှိသော ရုဟဓာတ်၊ ဏာပေပစ္စည်း၊ တိဝိဘတ်" ဖြစ်သကဲ့သို့ ဤ၌လည်း "ဝိ+အဝ+ရုဟ+ဏာပေ+ယျ" ဖြစ်သောကြောင့် "ချအံ့" ဟု ပေးကြဟန်တူသည်။ သို့သော် ထိုအနက်အရ "လူ့ကိုယ်ကို အသက်မှ ဆွဲချအံ့" ဟု ဆိုရာရောက်သောကြောင့် အဓိပ္ပာယ် ကွေ့ကောက်လျက် ရှိ၏။

အဋ္ဌကထာတို့၌ "ဝေါရောပေယျ" ကို "ဝိယောဇေယျ = ခွဲအံ့" ဟု ဖွင့်၏။ ထို အဖွင့်အတိုင်းသာ အဓိပ္ပာယ်လှသည်။ ဘာ့ကြောင့်နည်း။ "လူ့ကိုယ်ကို အသက်မှ ခွဲအံ့" ဟု ဆိုလျှင် "အသက်ဘခြား ကိုယ်တခြား ဖြစ်အောင် သတ် အံ့" ဟု ဆိုရာရောက်သောကြောင့်တည်း။ ဤ"မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရော ပေယျ"၌ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ ဖြစ်စေ သတ်ခြင်းများ ပါဝင်သည်။

**သတ္ထဟာရကံ ဝါဿ ပရိယေသေယျ။** ။ဤဝါကျကား သေအောင် လုပ်နည်းတမျိုးကိုပြသော ဝါကျတည်း။ "သတ္ထ" အရ "ဓား" ကိုသာ ယူကြ ၏။ သို့သော် "သတ္ထ" သဒ္ဒါသည် လက်နက်အမျိုးမျိုးကို ဟောနိုင်သောကြောင့် ၎င်း၊ ပါဠိတော်၌ "အသိံဝါ - (သန်လျက်) သတ္တိံဝါ- (လှံ)" စသည်ဖြင့် လက်နက် အမျိုးမျိုးကို ဖွင့်သောကြောင့်၎င်း "သတ္ထ"အရ လက်နက်အားလုံးကို ယူရမည်။

**ဟာရက။** ။"အသက်ကိုဆောင်"ဟူရာ၌လည်း လက်နက်ဖြင့် ထိုးခုတ်၍ အသက်ဆုံးလျှင် ထိုအသက်ကို လက်နက်က ဆောင်ယူသွားသကဲ့သို့ ဖြစ်သော ကြောင့် "အသက်ကို ဆောင်တတ်သော လက်နက်" ဟု ဆိုသည်။ ယခုကာလ ၌လည်း "နင့်အသက်ကို ဓားထဲ ပါသွားချင်သလား" စသည်ဖြင့် ကြိမ်းမောင်း လေ့ ရှိကြသည်။

သညာ, စေတနာ, ဝိတက်ရှိသည်၊ (ဟုတ္ဝာ—ဖြစ်၍၊) အနေက ပရိယာယေန — များစွာသော အကြောင်းဖြင့်၊ မရဏ ဝဏ္ဏံ ဝါ — သေခြင်း၌ အကျိုးကိုမူလည်း၊ သံဝဏ္ဏေယျ — ထင်ရှား ပြအံ့၊ ဝါ — ချီးမွမ်းအံ့၊ မရဏာယဝါ - သေဘို့ရာမူလည်း၊ (ဥပါယံ — နည်းလမ်းကို၊) သမာဒါပေယျ — ကောင်းစွာ ယူစေအံ့၊ အယံပိ ဘိက္ခု ပါရာဇိကော အသံဝါသော ဟောတိ။

× × × × ×

**ပရိယေသေယျ။** ။သဒ္ဒါနက်မှာ "ရှာမှီးအံ့" ဟုသာ ထွက်၏။ သို့သော် ရှာရုံမျှဖြင့် အပြစ်မရှိ၊ ကိုယ့်ကိုယ်ကို သတ်သေချင်သူ အလွယ်တကူရအောင် ထိုသူ့အနီး၌ ချထားမှသာ အပြစ်ရှိသည်။ ထို့ကြောင့် သိခါပတ္တ (အပြီးရောက်အနက်ကို) ပြလို၍ "ရှာမှီး၍ ချထားအံ့" ဟု ပေးသည်။ .... အချုပ်မှာ – ဤ "သတ္ထဟာရကံ ဝါဿ ပရိယေသေယျ" ပါဌ်ဖြင့် တိုက်ရိုက်လည်း မသတ်၊ အသတ်လည်း မခိုင်းဘဲ သေချင်နေသူ အလွယ်တကူရအောင် လက်နက်ရှာ၍ ထိုသူ့အနီး၌ ချထားလျှင် ထိုလက်နက်ဖြင့် သူ့ ကိုယ်သူ သတ်၍သေမူ လက်နက်ရှာ၍ ပို့ထားသူမှာ ပါရာဇိက ကျသည်ဟု ပြသည်။

**မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။** ။ဤဝါကျလည်း သူတပါး သေအောင် သတ်နည်းတမျိုးကို ပြသော ဝါကျတည်း။ သေရခြင်း၌ အကျိုးကို ဖော်ပြခြင်းကိုပင် "သေခြင်း၏ဂုဏ်ကို ချီးမွမ်းခြင်း" ဟု ရှေးက သုံးစွဲကြ၏။ အကျိုးကို ဖော်ပြပုံမှာ နောက်၌ "ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန, မတံ တေ ဇီဝိတာ သေယျော" ဟု လာလိမ့်မည်။

**ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန။** ။ဤပါဌ်ဖြင့် အသက်ရှင်နေရခြင်း၌ အပြစ်ကိုပြော၍၊ သေခြင်း၌ အကျိုးကိုပြသည်။ "သင့်မှာ အောက်ကျနောက်ကျရှိလှသော အသက်ရှင်ရခြင်း၊ စားလိုတာ မစားရသော (သို့မဟုတ်) ရောဂါများလှသော ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းဖြင့် အကျိုးမရှိပါ၊ သေရတာကပင် မြတ်ပါသေးသည်" ဟူလို။ ဤ ပြောနည်းကား စီးပွားဥစ္စာမှ စ၍ အောက်ကျသူ၊ စားရမဲ့ ဖြစ်နေသူ၊ ရောဂါများသူကို ပြောနည်းတည်း။

**မတံ တေ ဇီဝိတာ သေယျော။** ။ဤပါဌ်ဖြင့် သေသည့်အခါ အကျိုးရမည်ကိုပြော၍ သေခြင်း၌ အကျိုးကိုပြသည်။ "သင်သည် ကုသိုလ်ကောင်းမှု အားကြီးသူဖြစ်၍ သေလျှင် နတ်ပြည် ရောက်ပါလိမ့်မည်၊ သို့ဖြစ်၍ အသက်ရှင်နေရခြင်းထက် သေရတာကပင် ကောင်းပါသေးသည်" စသည်ဖြင့် ပြောခြင်းတည်း။ ဤနည်းမှာ ကုသိုလ်အားကြီးသူကို သေချင်အောင် ပြောနည်းတည်း။

**ပရိယာယ်ဖြင့် အပြစ်သင့်။** ။ဤမရဏဝဏ္ဏ သံဝဏ္ဏနာ ၂ မျိုးလုံးပင် သတ်လည်း မသတ်၊ အသတ်လည်း မခိုင်း၊ သတ်နည်းကိုလည်း မညွှန်ပြဘဲ ပရိယာယ်ဖြင့် သူတပါး သေချင်လာအောင် ပြောပြခြင်း ဖြစ်၏။ ထို့ကြောင့် မည်သည့်နည်းမျိုးဖြင့် ဖြစ်စေ သူတပါး သေချင်အောင် ပရိယာယ်ပြောပြလျှင် ထိုစကားအရ တယောက်ယောက်သည် (ရှည်သင့်သလောက် မရှည်ဘဲ အချိန် အနည်းငယ်မျှ ) အသက်တိုသွားမူ ပြောဆိုသူမှာ ပါရာဇိက ကျတော့၏။ သို့ဖြစ်၍ လူမမာအနားဌ် လူမမာ အားရအောင် အားပေးရာဝယ် မြန်မြန် သေအောင် အားပေး မမှားကြဘို့ သတိထားသင့်သည်။ [ဒုတိယ ပါရာဇိကဌ် "အာဒိယေယျ" ဟု ဆိုသောကြောင့် ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ ယူမှ အာပတ်သင့်သည်၊ ယူချင်လာအောင် ပရိယာယ်ပြောရုံမျှဖြင့် အာပတ်မသင့်။]

**မရဏာယဝါ သမာဒပေယျ။** ။ဤဝါကျလည်း သူတပါးသေစေရန် သတ်နည်းတမျိုးကိုပြသော ဝါကျပင်တည်း။ "သေဘို့ရန် နည်းလမ်းကို ယူစေအံ့"ဟူရာဌ် "နည်းလမ်းကို ယူစေခြင်း" ဟူသည် နည်းလမ်းပေးခြင်း၊ နည်းပြခြင်းတည်း။ "ဓားဖြင့်ထိုး၍ သေပါလား၊ အဆိပ်သောက်၍ သေပါလား" စသည်ဖြင့် နည်းပေးသည်ဟူလို။ မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျဖြင့် သေချင်စိတ် မရှိသေးသူကို သေချင်လာအောင် ပြော၍ မရဏာယဝါ သမာဒပေယျဖြင့် သေချင်နေသူအား နည်းလမ်းကို ညွှန်ပြသည်။ [မရဏာယပုဒ်ဌ် အာယသည် အတ္ထာယ-ဟိတာယဌ်ကဲ့သို့ သဝိဘတ်၏ ကာရိယတည်း။]

**အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။** ။ဤဝါကျကား "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ"အရ သေခြင်းဌ် အကျိုးရှိပုံကို ပြောပြသော ဝါကျတည်း။ ထို့ကြောင့် "သေယျောတိ"ဌ် ဣတိနောင် "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ" ဟု ရှေ့ပုဒ်များကိုလှည့်၍ အနက်ဖြည့်ရသည်။ အဓိပ္ပာယ်ကိုလည်း ရှေ့ဌ် ပြခဲ့ပြီ။

**ဣတိစိတ္တမနော။** ။ဣတိသဒ္ဒါသည် "မတံ တေ ဇီဝိတာ သေယျော"ဌ် ပြခဲ့သော "မတံ"အရ "သေခြင်း"ကို ပြန်၍ ညွှန်ပြသော (နိဒဿန) အနက် ရှိ၏။ "ဣတိ-မတံ အရဌ် ပြခဲ့သော ဤသေခြင်း"ဟု ဆိုလိုသည်။ စိတ္တသဒ္ဒါသည် စိတ်ဟူသောအနက်၊ အထူးအဆန်းဟူသောအနက်၊ ပန်းချီ ဆေးရေးရုပ်အနက် စသည်ကို ဟောနိုင်သောကြောင့် ဤနေရာဌ် စိတ်ကိုသာ ယူစေလို၍ "မန" ဟု တွဲဘက်ပြရသည်။ "ဣတိစိတ္တမနော-ဤသေခြင်းဌ် စိတ်ရှိသည်" ဟူရာဝယ် "သေစေလိုသော စိတ်ရှိသည်"ဟု ဆိုလိုသည်။

**စိတ္တသင်္ကပ္ပေါ**—ဤဌ် စိတ္တသဒ္ဒါကား "စိတ်"ဟူသော အနက်ကို မဟော၊ "ဆန်းပြား"ဟူသော အနက်ကို ဟော၏။ သင်္ကပ္ပသဒ္ဒါလည်း အများမှတ်ရိုး ဖြစ်သော ဝိတက် (အကြံ) အနက်ကိုသာ မဟော၊ သံဝိဒဟန အနက်ကို

ဟော၏။ "သံဝိဒဟန"ဟူသည်လည်း "သတ္တဝါမှန်းသိသော သညာ၊ သေစေလိုသော စေတနာ၊ သေစေဘို့ရန် အကြံဝိတက်" ဤ ၃ ချက်တည်း။ "ဣတိ" မပါသော်လည်း ဣတိစိတ္တမနော့မှ ဣတိကို လိုက်စေသည်။ စိတ္တသင်္ကပ္ပေါ၌ "ဆန်းပြား"ဟူသည် သညာအမျိုးမျိုး၊ စေတနာ ဝိတက်အမျိုးမျိုးတည်း။

**အနေက ပရိယာယေန**–ဤပုဒ်ကို သံဝဏ္ဏေယျ၊ သမာဒပေယျ ၂ချက်၌ စပ်။ "အမျိုးမျိုးသောအကြောင်း"ဟူသည် ထင်ရှားသောအကြောင်း၊ မထင်ရှားသောအကြောင်း၊ ကြမ်းတမ်းသော အကြောင်း၊ နူးညံ့သော အကြောင်းများတည်း။ ထိုတွင် "ကိံ တုယှိမိနာ–သင့်မှာ ယုတ်ညံ့သော၊ အောက်ကျသော၊ ဆင်းရဲသော အသက်ရှင်ရခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း"ဟု ပြောခြင်းသည် ကြမ်းသောအကြောင်းဖြင့် ပြောခြင်းတည်း။ "မတံ တေ ဇီဝိတာ သေယျော" ဟု ပြောခြင်းသည် နူးညံ့သောအကြောင်းဖြင့် ပြောခြင်းတည်း။

**ဆက်ဦးအံ့**။ ။"အနေက ပရိယာယေန"ဟု ဆိုသောကြောင့် ဤနည်းသာ မက ယခုကာလ နာမည်ကြီးခြင်း၊ ဥစ္စာရခြင်း စသော အကျိုးကို ပြ၍ ပြောလျှင်လည်း မရဏဝဏ္ဏ သံဝဏ္ဏနာပင်တည်း။ ["မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ မရဏာယဝါ သမာဒပေယျ"ဟု ထပ်ဆိုခြင်းကား ရှေ့၌ ပြခဲ့သော မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ စသည်ကို ပြန်အုပ်သော နိဂုံးတည်း။] အယံပိ၌ အပိ၏ အနက်ကို ရှေ့သိက္ခာပုဒ်နည်း မှီး၍ သိပါ။

**အချုပ်မှတ်ဘွယ်**။ ။ဤ တတိယ ပါရာဇိက သိက္ခာပုဒ်၌ (နိဂုံးမှတပါး) ရှေ့က ဝါသဒ္ဒါ ၃ ချက်ကို ရှု၍ (ဝါမသော မူလဝါကျ၏ အနက်နှင့်တကွ) အနက် ၄ ပါးကို(သေအောင်လုပ်နည်း ၄ မျိုးကို) ပိုင်းခြား မှတ်သားသင့်၏။

၁။ "မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ"အရ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ ဖြစ်စေ သတ်ခြင်း၊

၂။ "သတ္ထဟာရကံ ဝါဿ ပရိယေသေယျ"အရ သေချင်သူ အလွယ်တကူ ရအောင် လက်နက်ရှာ၍ ပို့ထားခြင်း၊

၃။ "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ" အရ သေရခြင်း၌ အကျိုးရှိပုံကို ထင်ရှားပြခြင်း (ချီးမွမ်းခြင်း)၊

၄။ "မရဏာယဝါ သမာဒပေယျ" အရ သေဘို့ရာ နည်းပေး လမ်းပြ ပြုလုပ် သင်ပြခြင်းတည်း။

**တတိယ ပါရာဇိက အင်္ဂါ**။ ။၁–လူဇာတ်ရှိခြင်း၊ ၂–သတ္တဝါမှန်းသိခြင်း၊ ၃–သတ်လိုသောစိတ် ရှိခြင်း၊ ၄–လုံ့လအားစိုက်ခြင်း၊ ၅–သေခြင်း။ ဤအင်္ဂါ ၅ ပါး ညီညွတ်လျှင် ပါရာဇိက ကျ၏။ [၄–သတ်ခြင်း၊ အသတ်ခိုင်းခြင်း၊

လက်နက် ရှာထားခြင်း၊ သေချင်လာအောင် ကျေးဇူးပြောခြင်း၊ သတ်နည်း ပေးခြင်း ဟူသော ကာယ ဝစီ ပယောဂတခုခုကို "လုံ့လအားစိုက်"ဟု ဆိုသည်။]

[ဆောင်] လူဇာတ်လည်းရှိ¹, သတ္တဝါဟု သိ၍², သတ်မည့် လိုလား, စိတ်စက်ထားဖြင့်³, အားပါးစိုက်လျှင်း⁴, စုတေခြင်းဟု⁵, ကြောင်းရင်း ၅ လီ, အင်္ဂါညီ, ကျပြီ ပါရာဇိက်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ သိက္ခာပုဒ်ကို အကျဉ်းမြန်မာပြန်၍ သဒ္ဒိစ္စ၌ သံအနက်၊ စိစ္စအနက် ခွဲပြပါ။

ခ ။ "မနုဿဝိဂ္ဂဟံ" အရ ဘယ်အချိန်မှစ၍ ဘယ်အချိန်အထိ လူ့ကိုယ်ကို ယူရမည်နည်း။ ဘီလူး၊ နတ်နှင့် တိရစ္ဆာန်တို့ကို သတ်ရာ၌ အသီးအသီး မည်သည့်အာပတ် သင့်ကြောင်းကိုလည်း ပြပါ။

ဂ ။ "သတ္ထဟာရကံ"၌ သတ္ထအရ ဘာကို ယူရမည်နည်း။ ဟာရကအရ "အသက်ကိုဆောင်"ဟူသော စကား၏ အဓိပ္ပာယ်ကိုလည်း ပြပါ။

ဃ။ "ပရိယေသေယျ" အတွက် "ရှာမှီးအံ့" ဟုသာ အနက် ထွက်ပါလျက် အဘယ်အလို့ငှာ "ရှာမှီး၍ ချထားအံ့"ဟု ပေးပါသနည်း။

င ။ "ကိံ တုယှိမိနာ၊ပေ၊သေယျော"အရ မရဏဝဏ္ဏ သံဝဏ္ဏနာ ၂မျိုးပြပါ။

စ ။ ဤ တတိယပါရာဇိက၌ ပရိယာယ်ဖြင့် ပြောလျှင် အပြစ်သင့်ကြောင်းကို မည်သည့်ပါဌ် ထောက်၍ ဒုတိယပါရာဇိက၌ ပရိယာယ် ပြောရုံမျှဖြင့် အပြစ်မသင့်ကြောင်းကို မည်သည့်ပါဌ် ထောက်မည်နည်း။

ဆ။ "မရဏာယဝါ သမာဒပေယျ"အရ သေဘို့ရာ နည်းပေးပုံကို ပြပါ။

ဇ ။ "ဣတိစိတ္တော" တွင် မဆိုဘဲ ဘာ့ကြောင့် "မန" ထည့်၍ ဆိုသနည်း။

ဈ ။ စိတ္တသင်္ကပ္ပေါ၌ စိတ္တအနက်၊ သင်္ကပ္ပအနက်ကို ခွဲခြားပြ၍ သင်္ကပ္ပအရ မည်သည့် တရားများကို ယူရမည်ဟု ပြပါ။

ည ။ စိတ္တသင်္ကပ္ပေါ၌ ဣတိမပါဘဲ အနက်ပေးသောအခါ အဘယ်မှရ၍"ဣတိ စိတ္တသင်္ကပ္ပေါ"ဟု ဆိုရသနည်း။

ဋ ။ အနေကပရိယာယေန၌ ပရိယာယ်အမျိုးမျိုးဟူသည် အဘယ်ပါနည်း။

ဌ ။ တတိယပါရာဇိက သိက္ခာပုဒ်၌ အချုပ်မှတ်ဘွယ် အနက် ၄ ချက်ကို ပြ၍ တတိယပါရာဇိက အင်္ဂါကိုလည်း ပြပါ။

**စတုတ္ထ ပါရာဇိက**

ယောပန ဘိက္ခု-သည်၊ အနဘိဇာနံ-မိမိ၌ ဥတ္တရိမနုဿဓမ္မရှိကြောင်းကို မသိပါဘဲ၊ အလမရိယ ဉာဏဒဿနံ-ကိလေသာကို ဖျက်ဆီးခြင်း၌စွမ်းနိုင်သော စင်ကြယ်သော ဉာဏ်အမြင်ရှိသော၊ ဥတ္တရိမနုဿဓမ္မံ-မြတ်သော ဈာယီ အရိယာ လူတို့၏ ဈာန် မဂ်ဖိုလ်တရားကို၊ အတ္တုပနာယိကံ-မိမိ၌ ကပ်ဆောင်၍၊ ဣတိ-ဤ အကြောင်းကြောင့်၊ ဇာနာမိ-ငါသိ၏၊ ဣတိ-ဤအကြောင်းကြောင့်၊ ပဿာမိ-ငါမြင်၏၊ ဣတိ-ဤသို့၊ သမုဒါစရေယျ-ပြောပြအံ့။

တတော-ထို ပြောပြရာအခါမှ၊ အပရေန သမယေန-တပါးသော အခါ၌၊ သမနုဂ္ဂါဟီယမာနော ဝါ-စစ်ဆေး မေးမြန်းအပ်သော်ငြင်း၊ အသမနုဂ္ဂါဟီယမာနော ဝါ-မစစ်ဆေး မမေးမြန်းအပ်သော်ငြင်း၊ အာပန္နော-ပါရာဇိက အာပတ်သို့ ရောက်ပြီး (ဖြစ်၍)၊ ဝိသုဒ္ဓါပေက္ခော-စင်ကြယ်ကြောင်း လူ့အဖြစ် စသည်ကို အလိုရှိလသော်၊ ဧဝံ-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့။

× × × × ×

**စတုတ္ထ ပါရာဇိက။** ။"ယောပန ဘိက္ခု အနဘိဇာနံ" · စသည်ကား စတုတ္ထပါရာဇိက သိက္ခာပုဒ်တည်း။ သိက္ခာပုဒ်၏ အကျဉ်းချုပ်ကား—အကြင် ရဟန်းသည် မိမိ၌ "ဥတ္တရိမနုဿဓမ္မ"ဟု ခေါ်သော ဈာန် မဂ်ဖိုလ်တရားများ မရှိမှန်းသိလျက် ဥတ္တရိမနုဿဓမ္မကို မိမိ၌ (ရှိသကဲ့သို့) ကပ်ဆောင် ပြောဆိုအံ့၊ ဥတ္တရိမနုဿဓမ္မကို ရောက်ရပြီဟု မှတ်ထင်မှု မရှိပါဘဲ ဝါကြွားလို၍ ပြောလျှင် ထိုရဟန်းလည်း ပါရာဇိက ကျ၍ သံဝါသ မရှိတော့ချေ။

**အနဘိဇာနံ။** ။[န+အဘိဇာနံ၊ အဘိဇာနံ၌ အဘိပုဗ္ဗ-ဉာဓာတ်၊ နာ ပစ္စည်း၊ အန္တပစ္စည်း၊] အနဘိဇာနံ အရ "မသိ"ဟူသည် မိမိသန္တာန်၌ ဥတ္တရိ မနုဿဓမ္မ ရှိကြောင်းကို မသိခြင်းတည်း။ "ရှိကြောင်းကို မသိခြင်း" ဟူသည် လည်း "ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားက မိမိမှာ ရှိပါလျက် မသိခြင်း" မဟုတ်၊ ရှိကို မရှိ၍ မသိခြင်းတည်း။

**ဥတ္တရိ မနုဿဓမ္မံ။** ။ဥတ္တရိ – မြတ်ကုန်သော၊ မနုဿာ – လူတို့တည်း။ ဥတ္တရိမနုဿာ – မြတ်သောလူတို့၊ "မြတ်သောလူ" ဟူသည် ရိုးရိုး ပုထုဇဉ် လူများထက် သာလွန်သော ဈာယီ (ဈာန်ရသူ)နှင့် အရိယာ (မဂ်ဖိုလ်ရသူ) များတည်း။ "ထိုသူတို့၏တရား"ဟူသည် ထိုသူတို့သန္တာန်၌ ထင်ရှားရှိသော (ထိုသူတို့ အပိုင်ဖြစ်သော) ဈာန်တရား၊ မဂ်ဖိုလ်တရားများတည်း။

(ကထံ - အဘယ်သို့ ပြောဆိုသနည်း၊) အာဝုသော - ငါ့ရှင်တို့၊ အဇာနမေဝ - ဥတ္တရိမနုဿဓမ္မကို မသိပါဘဲ၊ ဇာနာမိ - ငါသိ၏၊ အပဿမေဝ - ဥတ္တရိမနုဿဓမ္မကို မမြင်ပါဘဲ၊ (အဇာနမေဝ-မှ ဧဝကို လိုက်စေသည်၊) ပဿာမိ-ငါမြင်၏၊ ဣတိ-ဤသို့၊ အဝစံ-ပြောဆိုမိပါပြီ၊ တုစ္ဆံ-အနက်မမှီး အချည်းနှီးသော၊ မုသာ-လိမ်လည်လိုခြင်း ချွတ်ယွင်းသော စကားကို၊ ဝိလပိံ-ပြောဆိုမိပါပြီ၊ဣတိ- ဤသို့၊ဝဒေယျ - ပြောဆိုအံ့၊ အဓိမာနာ-ရအပ်ပြီဟု မှတ်ထင်ခြင်းကို၊ ဝါ - လွန်ကဲသော မှတ်ထင်ခြင်းကို၊ အညတြ - ကြဉ်ထား၍၊ သမုဒါစရေယျ - ပြောပြအံ့၊ (ရှေ့က "သမုဒါစရေယျ"ကို ပြန်၍ အနက်ပေးသည်၊) အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော ။

× × × × ×

**အတ္တုပနာယိကံ။** ။ [အတ္တ=မိမိ၌+ဥပနာယိကံ=ဥပ-ကပ်+နာယိကံ-ဆောင်၍၊] "မိမိ၌ ကပ်ဆောင်ခြင်း"ဟူသည် မိမိမှာ ဈာန် မဂ်ဖိုလ်တရားများ ရှိသည့် အနေအထားမျိုး ဖြစ်အောင် မိမိသန္တာန်၌ ကပ်၍ဆောင်ယူခြင်းတည်း။ "ဆောင်"ဟူသည်လည်း လက်ဖြင့် ယူဆောင်ခြင်းမဟုတ်၊ နှုတ်အပြောအားဖြင့် ယူဆောင်ခြင်းတည်း။ ဥပမာ–ငွေမရှိသူက ငွေရှိကြောင်းကို ဝါကြွား ပြောဆိုရာ၌ ထိုငွေများကို သူ့သန္တာန်၌ နှုတ်အပြောအားဖြင့် ယူဆောင်ထားသကဲ့သို့တည်း။

**ကြိယာဝိသေသန။** ။ဤ "အတ္တုပနာယိကံ" သည် "သမုဒါစရေယျ" ဟူသော ကြိယာကို အထူးပြုသော ကြိယာဝိသေသနပုဒ်တည်း။ "မိမိ၌ ဥတ္တရိမနုဿဓမ္မကို ယူဆောင်၍ ပြောပြသည်"ဟူလို။ ထို့ကြောင့် ကြိယာဝိသေသနသဘော ထင်ရှားအောင် "ကတွာ"ထည့်၍ ဖွင့်ရိုးပြုကြသည်။ အနက်ပေးရာ၌ကား ကတွာမထည့်ဘဲ "ယူဆောင်၍"ဟု ပေးနိုင်ပါသည်။

**အလမရိယဉာဏဒဿနံ—** [အလံ=စွမ်းနိုင်သော+အရိယံ=ကိလေသာတို့မှ စင်ကြယ်သော + ဉာဏ=ကသိုဏ်းစသော အာရုံ၊ သစ္စာလေးပါးအာရုံကို သိတတ် + ဒဿန = မျက်စိဖြင့် မြင်သကဲ့သို့ ထိုအာရုံများကို မြင်တတ်သော ဉာဏ်။ ဤပုဒ်အပေါင်းကို ဗဟုဗ္ဗီဟိသမာသ်တွဲ၍ ဥတ္တရိမနုဿဓမ္မကို ရစေသည်။ ] အလံ အရ "စွမ်းနိုင်"ဟူသည် ကိလေသာကို ဖျက်ဆီးခြင်း ကိစ္စ၌ စွမ်းနိုင်ခြင်းတည်း။ ထိုကဲ့သို့ စွမ်းနိုင်သောတရား ဟူသည် ဈာန် မဂ်ဖိုလ်နှင့် ယှဉ်သော ဉာဏ်တည်း။ [ထိုဈာန် မဂ်ဖိုလ်တို့က ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်ပုံကို အဘိဓမ္မာ လေ့လာသူတိုင်း သိနိုင်ပါသည်။]

**သမုဒါစရေယျ။** ။"သမုဒါစရေယျ"အရ "ပြောပြခြင်း"ဟူရာ၌ ကိုယ်လက်ဖြင့် ပြခြင်း၊ စာရေး၍ ပြခြင်း၊ နှုတ်ဖြင့် ပြောခြင်းများ ပါဝင်သည်။ထိုသို့ ပြောရာဝယ် အပြောခံရသူက နားလည်လောက်သူ လူသားစင်စစ် ဖြစ်မှလည်း ပါရာဇိက ကျသည်။ နားမလည်သော ကလေးသူငယ် စသူနှင့် နတ် စသူကို ပြောရာ၌ ပါရာဇိက မကျ။

**ဉာတိဇာနာမိ၊ ဉာတိ ပဿာမိ။** ။ဤစကားကား ပြောပုံ ပြောနည်းကို ပြသော စကားတည်း။ "ဉာတိဇာနာမိ"၌ ဉာတိသဒ္ဒါက သိဘွယ်ဟူသမျှကို ညွှန်ပြ၍ "ဉာတိ ပဿာမိ"၌ ဉာတိသဒ္ဒါက မြင်ဘွယ်ဟူသမျှတို့ကို ညွှန်ပြ၏။ ထို့ကြောင့် တကယ်ပြောသည့်အခါ "ငါ ပထမစျာန်ကို သိ၏၊ ငါ ပထမစျာန်ကို မြင်၏" ဟုငြင်း၊ "ငါ အရဟတ္တဖိုလ်ကို သိ၏၊ ငါ အရဟတ္တဖိုလ်ကို မြင်၏" ဟုငြင်း နည်းအမျိုးမျိုးဖြင့် အလိုရှိသလို ပြောပေလိမ့်မည်။ [ဉာဏ+ဒဿနံဟု ဥတ္တရိမနုဿဓမ္မ၏ ဝိသေသန ၂ ခုကို ငဲ့၍ ဉာဏအတွက် "ဇာနာမိ" ဟုငြင်း၊ ဒဿနအတွက် "ပဿာမိ"ဟုငြင်း ၂ မျိုး ပြသည်။]

**တတော အပရေန၊ပေ၊ဝေ ဝဒေယျ။** ။ဤဝါကျဖြင့် မိမိမှာ အာပတ် သင့်ကြောင်း ဝန်ခံရာအခါကို ပြသည်။ ထိုကဲ့သို့ ပြောဆိုပြီးနောက် သူတပါး၏ အစစ်ဆေး အမေးအမြန်းကို ခံရ၍ဖြစ်စေ၊ မခံရဘဲ (မိမိဘာသာ)ဖြစ်စေ မိမိ ပြောမိ လိမ်မိသည်ကို ဝန်ခံကောင်း ဝန်ခံပေလိမ့်မည် ဟူလို။ သို့သော် ဝန်ခံခြင်း-မခံခြင်းကိုကား ဤသိက္ခာပုဒ်၌ လိုရင်းမဟုတ်။ ဝန်ခံခြင်းဖြင့် သူ၏ စိတ်ကောင်း နှလုံးကောင်း ရှိကြောင်းကိုသာ သိရသည်။ အာပတ်မှာ ပြောဆိုပြီးစတုန်းကပင် သင့်ခဲ့လေပြီ။

**သမနုဂ္ဂါဟိယမာနော ဝါ။** ။ [သံ+အနု+ဂဟ+ဏော+ယ+မာန၊] ဤပုဒ်၌ ဥပသာရနှင့် ပစ္စည်းများစွာ ပါရှိသော်လည်း အနက်မှာ- "စောဒိတော=စစ်ဆေး မေးမြန်းအပ်"ဟု ဖွင့်ကြသည်။မေးမြန်းနည်း ၆ မျိုးကား—

၁။ ကိံ တေ အဓိဂတံ = သင် ဘာကို ရအပ်သလဲ။ "စျာန်ကို ရသလား၊ မဂ်ဖိုလ်ကို ရသလား"ဟူလို။

၂။ ကိန္တိတေ အဓိဂတံ = ဘယ်နည်းဖြင့် သင် ရအပ်သလဲ။ "အနိစ္စကို လိုရင်းပဓာနလုပ်၍ အားထုတ်လို့ ရသလား၊ သမာဓိကို အားထုတ်လို့ ရသလား၊ ဝိပဿနာကို အားထုတ်လို့ ရသလား"ဟူလို။

၃။ ကဒါ တေ အဓိဂတံ = အဘယ်အချိန်မှာ သင် ရအပ်သလဲ။

၄။ ကတ္ထ တေ အဓိဂတံ = အဘယ်နေရာမှာ သင် ရအပ်သလဲ။

၅။ ကတမေ တေ ကိလေသာ ပဟီနာ = အဘယ် ကိုလေသာများကို သင် ပယ်အပ်ကုန်ပြီလဲ။

၆။ ကတမေသံ တွံ လာဘီ = အဘယ် တရားတို့ကို သင်ရသနည်း။ "ဈာန်တို့တွင် ပထမဈာန်ကို ရသလား၊ မဂ်ဖိုလ်တို့တွင် သောတာပတ္တိမဂ်ဖိုလ်ကို ရသလား"ဟုလို။ ဤသို့ မေးနည်း ၆ မျိုးရှိသည်။

**အာပန္နော ဝိသုဒ္ဓါပေက္ခော။** ။အာပန္နောအရ "အာပတ်သင့်ခြင်း" ဟူသည် လိမ်၍ ပြောပြီးစကပင် သင့်ခဲ့ခြင်းတည်း။ ထို့ကြောင့် "အာပန္နော-အာပတ်သင့်ပြီးဖြစ်၍"ဟု အနက်ပေးသည်။ ဝိသုဒ္ဓါပေက္ခောကို "ဝိသုဒ္ဓိ+အပေက္ခော"ဟု ပုဒ်ဖြတ်။ "ဝိသုဒ္ဓိ"အရ စင်ကြယ်ခြင်းကို မယူရ။ စင်ကြယ်ကြောင်း (စင်ကြယ်ခြင်း၏အကြောင်း) ကို ယူရမည်။ "စင်ကြယ်ကြောင်း" ဟူသည်လည်း လူ့အဖြစ် စသည်ပင်တည်း။

**ရှုဦးအံ့**—ပါရာဇိက ကျသူသည် ရဟန်းအသွင်ကို မစွန့်သမျှ မစင်ကြယ်တော့ရကား ထိုအနေမျိုးဖြင့် ဈာန်မဂ်ဖိုလ်ကို မဆိုထားဘိ သေသည့်အခါ သုဂတိဘဝ(လူ နတ်ဘဝ)ကိုမျှ မရနိုင်တော့ချေ။ လူ-ဥပါသကာကြီး အာရာမ်စောင့်-သာမဏေအဖြစ်သို့ ပြောင်း၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်နေလျှင်ကား ထို သုဂတိဘဝနှင့် ဈာန်မဂ်ဖိုလ်တရားများကိုပင် ရခွင့်ရှိသေး၏။ ထို့ကြောင့် လူ့အဖြစ် စသည် သည် ထို ရဟန်းအတု၏ စင်ကြယ်ကြောင်းပေတည်း။ ထို့ကြောင့် "ဝိသုဒ္ဓါပေက္ခော=မိမိ၏ စင်ကြယ်ကြောင်း လူ့အဖြစ် စသည်ကို အလိုရှိလသော်"ဟု အနက်ပေးသည်။

**အဇာနမေဝံ၊ ပေ၊ ဝိလပိန္တိ။** ။ဤဝါကျကား သူ၏ လိမ်လည် ပြောမိကြောင်းကို ဝန်ခံပုံပြသော ဝါကျတည်း။ "ငါ့ရှင်တို့....၊ ဥတ္တရိမနုဿဓမ္မကို မသိပါဘဲ "ငါသိ၏"ဟု၎င်း၊ မမြင်ပါဘဲ "ငါမြင်၏"ဟု၎င်း ပြောမိပြီ၊ အချည်းနှီး မှားယွင်းသောစကားကို ဆိုမိပြီ"ဟုလို။ ["အဇာနမေဝ – အဇာနမေဝံ"ဟု ပါဠ် ၂ မျိုးရှိကြောင်းကို သာရတ္ထဋီကာ ဆို၏။ ဤ နိဿယ၌ ရှေ့ပါဌ်ကိုသာ အနက်ပေးထားသည်။ မေဝံရှိရာ၌ "ဧဝံ–ဤသို့၊ ဇာနာမိ–၏၊ ဧဝံ–ဤသို့၊ ပဿာမိ–၏"ဟု ပေးပါ။ ပဿာမိ နောင် ယခုစာတို့၌ ဣတိမပါ။"ပဿာမိတိ အဝစံ"ဟု ဋီကာဖွင့်သောကြောင့် ပါလျှင်ကောင်း၏၊ မပါလျှင် ထည့်ပေး။]

**တုစ္ဆံ မုသာအလူး။** ။အနက်မရှိခြင်းကို "တုစ္ဆံ" ဟု၎င်း၊ စကားလုံး မှားယွင်းခြင်းကို "မုသာ"ဟု၎င်း ခွဲပါ။ ဆိုလိုရင်းကား– "ပထမဈာန်ကို ငါ ရ၏"ဟု ဆိုရာ၌"ပထမဈာန်"ဟူသော စကား၏ အနက်မှန်ဖြစ်သော ပထမဈာန်တရား၏ သူ့သန္တာန်မှာ မရှိခြင်းသည် "တုစ္ဆံ"တည်း။ "ပထမဈာန်ကို ငါ ရ၏"ဟူသော စကား တဝါကျလုံး မမှန်ခြင်းသည် "မုသာ"တည်း။

**အညတြ အဓိမာနာ။** ။[အဓိ (အဓိဂတ) = ရအပ်ပြီဟု+မာန = မှတ်ထင်ခြင်း။] ဈာန်မဂ်ဖိုလ်ရအောင် ကြိုးကြိုးစားစား အားထုတ်နေသော ယောဂီသူတော်စင်ဖြစ်၍ ကိလေသာများ အထင်အရှား မဖြစ်ရတော့ကား မိမိမှာ ဈာန်-သို့မဟုတ် မဂ်ဖိုလ်များကို မရသေးသော်လည်း "ရနေပြီ"ဟု မှတ်ထင်မှုကို "အဓိမာန"ဟု ခေါ်သည်။ (တနည်း) [အဓိ (အဓိက) = လွန်ကဲသော+မာန=မှတ်ထင်ခြင်း။] မိမိမှာရှိသော ကာမာဝစရ သီလ သမာဓိ ပညာထက် ပို၍ မဟဂ္ဂုတ် လောကုတ္တရာ သီလ သမာဓိ ပညာ ရှိနေပြီဟု မှတ်ထင်မှုကို "အဓိမာန"ဟု ခေါ်သည်။ ထိုကဲ့သို့ ထင်မှတ်၍ စပ်မိစပ်ရာပြောသော ယောဂီပုဂ္ဂိုလ်မြတ်မှာ အာပတ်မသင့်။

**မှတ်ချက်။** ။ဤပြခဲ့သောစကားအရ အဓိမာနရှိသော ပုဂ္ဂိုလ်ဟူသည် ဈာနလာဘီအစစ်၊ အရိယာအစစ်လည်း မဟုတ်။ မေ့မေ့လျော့လျော့နေသော ပုထုဇဉ်လည်း မဟုတ်။ တရားအားထုတ်နေသော ယောဂီ ရဟန်းတော်တည်းဟု မှတ်ပါ။ [ရှေးနိဿယ၌ "အဓိမာနာ-ရနိုးခြင်းကို" ဟု အနက်ပေး၏။ အဓိပ္ပာယ် မထင်ရှား။ သဒ္ဒါနက်အားဖြင့်လည်း မထိမိချေ။]

**စတုတ္ထပါရာဇိကအင်္ဂါ။** ။၁-ဥတ္တရိမနုဿဓမ္မ၏ မိမိ၌ မရှိခြင်း၊ ၂-ယုတ်မာသော(ဝါကြွားလိုသော)စိတ်ဖြင့် ပြောခြင်း၊ ၃-သူတပါးကိုကဲ့သို့ ညွှန်ပြသောအရာ မဟုတ်ခြင်း၊ ၄-နားထောင်သူက လူသားစင်စစ်ဖြစ်ခြင်း၊ ၅-ပြောပြီးသည်နှင့်တပြိုင်နက်"ဤကိုယ်တော်သည် ဈာန်ရ-သို့မဟုတ် အရိယာပုဂ္ဂိုလ်"ဟု သိခြင်း။ ဤအင်္ဂါ ၅ ပါး ညီညွတ်လျှင် ပါရာဇိက ကျ၏။

**[ဆောင်]** ဈာန် မဂ် ဖိုလ် ဥတ္တရိရယ်က, မိမိ၌ မရှိမှန် [၁]၊
ပါပိစ္ဆာ စိတ်ဝါကြွားနှင့်, ပြောမှားမိဟန် [၂]၊
သူတပါး မညွှန်ပြန် [၃], နာခံသူ့ လူသား [၄]၊
ပြောခြင်းပင် အမြန်သိလျှင်လ[၅], အင်ငါးတန် အမှန်ပြည့်တာကြောင့်၊
စတုတ္ထာ ပါရာဇိငယ်, ကျ၏ မမှား။

**သူတပါးကဲ့သို့ ညွှန်ပြပုံ။** ။၃-မိမိကိုပင် သူတပါးအနေမျိုးဖြင့် "ယော တေ ဝိဟာရေ ဝသတိ၊ သော အရဟာ=သင်ဒါယကာရဲ့ ကျောင်း၌နေသော ဘုန်းကြီးဟာ ရဟန္တာဘဲ"စသည်ဖြင့် ပြောခြင်းကို "အညာပဒေသ=အည+အပဒေသ"ဟု ခေါ်၏။ ဤသို့ မိမိကိုပင် သူတပါးကဲ့သို့ ညွှန်ပြ၍ ပြောဆိုရာ၌ နားထောင်သူက ထိုပြောတိုင်း နားလည်လျှင် ပါရာဇိက မကျ၊ ထုလ္လစ္စဉ်း အာပတ်သာ သင့်၏။ နားထောင်သူက နားမလည်လျှင် ဒုက္ကဋ်အာပတ်သာ သင့်၏။

## လေ့ကျင့်ခန်း မေးခွန်းများ

က ။ စတုတ္ထပါရာဇိကသိက္ခာပုဒ် ပါဠိတော်ကို မြန်မာပြန်ပါ။

ခ ။ ဥတ္တရိ+မနုဿ+ဓမ္မတို့၏ အနက်ကို ခွဲပြပြီးလျှင် "ဥတ္တရိ မနုဿ" အရ မည်သည့်လူမျိုးကိုရ၍ "ဥတ္တရိမနုဿဓမ္မ" အရ မည်သည့်တရား ရသည် ဟုလည်း ပြပါ။

ဂ ။ "အတ္တူပနာယိကံ" အရ မိမိ၌ ဥတ္တရိမနုဿဓမ္မ ဆောင်ယူပုံကို ထင်ရှားအောင် ဥပမာဖြင့် ပြပါ။

ဃ။ အလံ+အရိယံ+ဉာဏံ+ဒဿနံတို့၏ အနက်ကို အသီးသီးပြ၍ အလမရိယဉာဏဒဿနံ တပုဒ်လုံး အရ ဥတ္တရိ မနုဿဓမ္မကို ရအောင် မည်သည့်သမာသ် တွဲစပ်ရမည်ကိုလည်း ပြပါ။

င ။ "ဣတိ ဇာနာမိ၊ ဣတိပဿာမိ" သည် ပြောပုံကိုပြသော စကားဖြစ်လျှင် တကယ်ပြောသောအခါ ဘယ်လို ပြောလိမ့်မည်နည်း။

စ ။ "တတော၊ ပေ၊ ဧဝံ ဝဒေယျ" ကား ဘာကိုပြသော စကားပါနည်း။

ဆ။ သမနုဂ္ဂါဟီယမာနော ဝါ အရ မေးပုံကို ပြပါ။

ဇ ။ "အာပန္နော" အရ မေး၍ ဝန်ခံမှ အာပတ်သင့်သည်ဟု မှတ်ရမည်လော၊ အဘယ်အချိန်က သင့်ခဲ့ပါသနည်း။

ဈ ။ "ဝိသုဒ္ဓါပေက္ခော" ၌ အဘယ်အဖြစ်ကို "ဝိသုဒ္ဓိ" ဟု ခေါ်သနည်း။

ည ။ "အဇာနမေဝ၊ပေ၊ဝိလပိန္တိ" ဝါကျသည် ဘာကိုပြသော ဝါကျပါနည်း။ ထိုဝါကျကို မြန်မာပြန်ပါ။

ဋ ။ "အဇာနမေဝံ" ဟု ရှိလျှင် အဘယ်သို့ အနက်ပေးမည်နည်း။

ဌ ။ အဘယ်ကို "အဓိမာန" ဟု ခေါ်သနည်း။ ၂ နည်းလုံးကို ပြပါ။

ဍ ။ စတုတ္ထပါရာဇိက အင်္ဂါကို ပြပါ။

ဎ ။ "အညာပဒေသ ပြောခြင်း" ဟူသည် အဘယ်သို့ ပြောခြင်းပါနည်း။

ဏ။ မိမိကိုယ်ပင် သူတပါးကဲ့သို့ ညွှန်ပြပုံနှင့် အာပတ်သင့်ပုံ ၂မျိုးကိုလည်း ပြပါ။

နိဂုံး အာယသ္မန္တော- အရှင်တို့၊ စတ္တာရော- ၄ ပါးကုန်သော၊ ပါရာဇိကာ - ပါရာဇိကာ မည်ကုန်သော၊ ဓမ္မာ- အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ- သရုပ်အားဖြင့် ရွတ်ပြအပ်ပါကုန်ပြီ၊ ဘိက္ခု – ရဟန်းသည်၊ ယေသံ – ယင်း ပါရာဇိကတို့တွင်၊ အညတရံ ဝါ အညတရံ ဝါ – တပါးပါးသော ပါရာဇိကသို့ မူလည်း၊ အာပဇ္ဇိတွာ – ရောက်လသော်၊ ပုရေ – ရှေး လူဖြစ်စဉ်, သာမဏေဖြစ်စဉ် အခါ၌၊ ဘိက္ခူဟိ – ရဟန်းတို့နှင့်၊ သဒ္ဓိံ – တကွ၊ သံဝါသံ – ကေကမ္မ ကေုဒ္ဒေသ သမသိက္ခာဟူသော သံဝါသကို၊ ဝါ - ပေါင်းသင်းခွင့်ကို၊ န လဘတိ ယထာ - မရသကဲ့သို့၊ တထာ- ထို့ အတူ၊ ပစ္ဆာ – ပါရာဇိကာ ကျပြီးနောက်၌၊ ဘိက္ခူဟိ – ရဟန်းတို့နှင့်၊ သဒ္ဓိံ - ကွ၊ သံဝါသံ - ကို၊ န လဘတိ -မရ၊ ပါရာဇိကော ဟောတိ အသံဝါသော။

တတိယာ နုဿာဝန တတ္ထ–ထိုပါရာဇိကတို့၌၊ အာယသ္မန္တေ ပုစ္ဆာမိ- ကစ္စိ ပရိသုဒ္ဓါ အတ္ထ၊ ဒုတိယမ္ပိ ပုစ္ဆာမိ - ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ - ကစ္စိတ္ထ ပရိသုဒ္ဓါ၊ အာယသ္မန္တော - အရှင် တို့သည်၊ ဧတ္ထ–ဤ ပါရာဇိကတို့၌၊ ပရိသုဒ္ဓါ- စင်ကြယ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ တုဏှီ - သည်၊ (အာသိ - ဖြစ်ပြီ၊) ဧဝ မေတံ ဓာရယာမိ၊ ဣတိ-ပါရာဇိကာ အပြီးတည်း။ [မပါသော အနက်များကို နိဒါန်းအဆုံး ကြည့်၍ ပေးပါ။]

**ပါရာဇိကာ- ပါရာဇိကဓမ္မတို့သည်၊ နိဋ္ဌိတာ- ပြီးကုန်ပြီ။**

× × × × ×

**နိဂုံးနှင့် အနုဿာဝန**။ ။"ဥဒ္ဒိဋ္ဌာ၊ ပေ၊ ဓမ္မာ" သည် နိဂုံးဝါကျ၊ "ယေသံ ဘိက္ခု"မှ စ၍ "အသံဝါသော" တိုင်အောင်ကား အမှာ စကားရပ်၊ "တတ္ထာ ယသ္မန္တေ" စသည်တို့မှာ ယာဝ တတိယာ နုဿာဝန စကားတည်း။ "ဥဒ္ဒိဋ္ဌာ–သရုပ်အားဖြင့် ပြအပ်ပါကုန်ပြီ"ဟူရာ၌ ဘိက္ခု ပါတိမောက္ခုဒ္ဒေသ၌ တိုက်ရိုက်ပြထားသော ပါရာဇိက ၄ ပါးကို ရည်ရွယ်၍ ဆိုသည်။ "ထို ၄ ပါးကို သရုပ် သကောင် ပေါ်အောင် ထုတ်ပြပြီးပြီ" ဟု ဆိုလိုသည်။ [သုခေတ်သည် ဩုခေတ်မှ လာသောကြောင့် ဿဒေဘော်ဖြင့် "အနုဿာ" ဟု ရှိပါစေ။]

**ပါရာဇိက ၂၄**။ ။ပြခဲ့သော ပါရာဇိက ၄ ပါးတွင် မပါဝင်သော ပါရာဇိကများနှင့်တကွ ပါရာဇိက ၂၄ ပါးကို မှတ်သားရာ၏။ ဤပါတိမောက်၌ တိုက်ရိုက်လာသော ဘိက္ခုအတွက် ပါရာဇိက ၄၊ ဘိက္ခုနီအတွက် (၈ ပါး

ရှိသော်လည်း ၄ ပါးက တူပြီးဖြစ်၍ မတူသော) ပါရာဇိက ၄၊ ဝဇ္ဇနီယ ၂၀ ၌ ပြခဲ့သော "ပဏ်-ထေ-ပက်-ဆာန်၊ ပဋ္ဌာနန်၊ ဒူသံ-ဥဘောဗျည်း" ဟူသော အဘဗ္ဗပုဂ္ဂိုလ် ၁၁၊ လူထွက်လို၍ လူဝတ်လဲသော ဘိက္ခုနီ ၁၊ အင်္ဂါဇာတ် ရှည်၍ "လမ္ဗီ"ခေါ် ပုဂ္ဂိုလ် ၁၊ နူးညံ့ပျော့ပျောင်းသော ကျောက်ကုန်းရှိ၍ "မုဒုပိဋ္ဌိက"ခေါ် ပုဂ္ဂိုလ် ၁၊ သူတပါး၏ အင်္ဂါဇာတ်ပေါ်သို့ ရှေ့ရှုထိုင်သူ ၁၊ သူတပါး၏ အင်္ဂါဇာတ်ကို စုပ်သူ (ပန်းစုပ်) ၁၊ ဤအားလုံးကို ပေါင်း၍ ပါရာဇိက ၂၄ ပါး ရှိသည်ဟု မှတ်ပါ။ [လမ္ဗော ယဿ အတ္ထိတိ လမ္ဗီ-တွဲလျား ကျသော ရှည်သော အင်္ဂါဇာတ်ရှိသူ၊ မုဒု+ပိဋ္ဌိ ယဿာတိ မုဒုပိဋ္ဌိကော။]

**[ဆောင်]** ရှစ်ပါး ပါရာ, ဘဗ္ဗာရှောသွတ်, လူဝတ်သည့်နီ, လမ္ဗီ-မုဒု, ရှေ့ရှုထိုင်ခဲ့, စုပ်ပြန်ငှဲ့, နှစ်ဆယ့်လေးပါရာ။

**ချုဦးအံ့။** ။လူထွက်လို၍ လူဝတ်သကဲ့သို့ ဝတ်သော ဘိက္ခုနီသည် (သိက္ခာမချရတော့ဘဲ) လူဖြစ်၏။ နောက်ထပ်လည်း ဘိက္ခုနီ လုပ်ခွင့် မရတော့သဖြင့် ပါရာဇိက ကျလေတော့သည်။ လမ္ဗီပုဂ္ဂိုလ်ကား ရှည်ရုံ သက်သက်ဖြင့် ပါရာဇိက မကျ၊ မိမိ၏ ရှည်သောအင်္ဂါဇာတ်ကို ပါးစပ်ဖြင့်သော်လည်း စုပ်အံ့၊ ဝစ္စမဂ် သို့သော်လည်း သွင်းအံ့၊ ထိုအခါကျမှ ပါရာဇိက ကျသည်။ မုဒုပိဋ္ဌိက ပုဂ္ဂိုလ်လည်း ကျောက်ကုန်းပျော့နေရုံဖြင့် ပါရာဇိက မကျ၊ လမ္ဗီအတိုင်း ပြုမှ ကျသည်။ သူတပါး၏ အင်္ဂါဇာတ်ကို ထိုင်သူ စုပ်သူများ ပါရာဇိက ကျပုံမှာ ထင်ရှားပြီ။

**ယာဝတတိယာနုဿာဝနအကျိုး။** ။တတ္ထာယသ္မန္တေ ပုစ္ဆာမိ စသည်ဖြင့် "ပါရာဇိက အာပတ်မှ စင်ကြယ်ကြပါရဲ့လား"ဟု မေးရာ၌ စင်ကြယ်၍ ဆိတ်ဆိတ်နေသူ့အတွက်မှာ စဉ်းစားဘွယ် မရှိပြီ။ မစင်ကြယ်ဘဲ ဆိတ်ဆိတ်နေသူမှာ လိမ်ရာရောက်၏။ သို့သော် ပါရာဇိက ကျပြီး ဖြစ်၍ သမ္ပဇာန မုသာဝါဒ ဒုက္ကဋ် အာပတ်လည်း ထပ်၍ မသင့်ထိုက်ချေ။ သို့ဖြစ်၍ ပါရာဇိကအဆုံး၌ ၃ ကြိမ် မေးခြင်းသည် ဘာအကျိုးရှိပါလိမ့်မည်နည်းဟု စဉ်းစားဘွယ် ရှိ၏။ စဉ်းစားမိသည်ကား—ပါရာဇိက ကျသူသည် မိမိ ပါရာဇိက ကျမှန်း သိလျှင် မေးသည့်အခါ ဝဇ္ဇနီယပုဂ္ဂိုလ် ဖြစ်သည့်အတွက် သံဃာ့ဘောင်မှ ရှောင်ခွာထသွား၍ လူဝတ်လဲဘို့ရန် တာဝန်ရှိ၏။ ထိုတာဝန်အတိုင်း ဆောင်ရွက်ဘို့ရာ ၃ ကြိမ် မေးရသည်ဟု စဉ်းစားမိပေသည်။

**ပါရာဇိကအခန်း ပြီးပြီ။**

## သံဃာဒိသေသအခန်း

**အချီ** အာယသ္မန္တော - အရှင်တို့၊ တေရသ - တဆယ့်သုံးပါးကုန်သော၊ သံဃာဒိသေသာ - သံဃာဒိသေသ် မည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ - ဤ အာပတ်တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ - ရောက်ကုန်၏၊

**၁။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်** (ဘိက္ခုနော - ရဟန်း၏၊) သုပိနန္တာ - အိပ်မက်၌ သုက်လွှတ်ခြင်းကို၊ အညတြ-ကြဉ်၍၊ သဉ္စေတနိကာ- လွှတ်စေလိုသော စေတနာ ထင်ရှားရှိသော၊ ယာ သုက္ကဝိသဋ္ဌိ - အကြင် သုက်လွှတ်ခြင်းသည်၊ အတ္ထိ - ရှိ၏၊ အယံ - ဤ သုက်လွှတ်ခြင်းသည်၊ သံဃာဒိသေသော - သံဃာဒိသေသ် မည်သော၊ အာပတ္တိ နိကာယော - အာပတ်အပေါင်းသည်၊ ဟောတိ - ၏။ [ပါဠိ၌ မပါသော ပုဒ်များကို ထည့်ပါဠိဟုချည်း မှတ်ပါ။]

× × × × ×

**အချီ။** ။"ဣမေ ခေါ ပနာယသ္မန္တော၊ ပေ၊ အာဂစ္ဆန္တိ" ကား သံဃာဒိသေသ် သိက္ခာပုဒ်များ၏ အချီ (စကားပျိုး-နိဒါန်း) ဝါကျတည်း။ အခန်းတိုင်းဝယ် ဤကဲ့သို့ အချီ နိဒါန်းနှင့် "ဥဒ္ဒိဋ္ဌာ ခေါ အာယသ္မန္တော" စသော အချ နိဂုံးများ ပါရှိသည်။ ထို အချီ အချ ဝါကျတို့သည် ပါတိမောက်ပြသည့် အခါဝယ် ပါတိမောက်နာသော ရဟန်းတို့ကို (ပါတိမောက်ပြသော ရဟန်းက) ပြောပြရသော ဝါကျတို့ချည်းတည်း။ ထို့ကြောင့် ထိုဝါကျတို့၌ ပါသော "အာယသ္မန္တော" အာလုပ်ကို ပါတိမောက်ပြသော ရဟန်းက စည်းဝေး ရောက်လာသော ရဟန်းများကို ခေါ်သော အာလုပ်ဟုချည်း မှတ်ပါ။

**၁။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်။** ။အိပ်မက် မက်၍ သုက်လွှတ်ခြင်းမှတပါး လွှတ်စေလိုသော စေတနာဖြင့် လုံ့လပြု၍ သုက်လွှတ်စေလျှင် သံဃာဒိသေသ် အာပတ်သင့်သည်။ ဤသိက္ခာပုဒ်၌ "ယော ပန ဘိက္ခု" ဟူသော ကတ္တားပုဒ် မပါ၊ ကတ္တားပုဒ် ထည့်၍လည်း အစပ်မတဲ့။ ဘာ့ကြောင့်နည်း။ သုက္ကဝိသဋ္ဌိ ပုဒ်က "ရဟန်း၏ + သုက္ကဝိသဋ္ဌိ" ဟု သမ္ဗန်ကို ငံ့နေသောကြောင့်တည်း။ ထို့ကြောင့် ကတ္တားပုဒ်မထည့်ဘဲ "ဘိက္ခုနော - ရဟန်း၏၊ သိက္ခာသာဇီဝ သမာပန္နဿ - ပါတိမောက္ခသံဝရဟူသော အဓိသီလသိက္ခာ၊ သိက္ခာပုဒ်ပါဠိတော်ဟူသော သာဇီဝသို့ ကောင်းစွာ ရောက်သည်ဖြစ်၍ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ" ဟု ထည့်မှ အစပ်တဲ့သည်။

**သဉ္စေတနိကာ**။ ။ [သံ=ထင်ရှားသော+စေတနာ=စေတနာ+ က္က= အနက်မရှိ။] သုက်ကိုလွှတ်စေရာဝယ် အိပ်မက်ထဲ၌ လွှတ်စေခြင်း၊ နိုးနေစဉ် အခါ တစုံတခု လုံ့လပြု၍ လွှတ်စေခြင်းဟု ၂ မျိုးရှိ၏။ ထို ၂ မျိုးတွင် အိပ်မက်၌ လွှတ်စေရာဝယ် စေတနာပါသော်လည်း အာပတ်၏ အင်္ဂါဟု ဆိုရလောက် အောင် စေတနာအထင်အရှားမရှိ။ နိုးနေစဉ်အခါ လွှတ်စေရာ၌ကား လွှတ်စေ လိုသော စေတနာ အထင်အရှားရှိသည်။ ထို့ကြောင့် "သံ" အတွက် "ဝိဇ္ဇ မာန=အထင်အရှား"ဟူသော အနက်ကြံ၍ "သဉ္စေတနိကာ–ထင်ရှားသော စေတနာရှိသော"ဟု အနက်ပေးသည်။ [စေတနာဟူသည် မောစနသာဒ စေတနာ– လွှတ်စေခြင်း၌ သာယာသော စေတနာတည်း။ ထိုစေတနာကိုပင် "လွှတ်စေလိုသော စေတနာ"ဟု ခေါ်ကြသည်။]

**သုက္ကဝိသဋ္ဌိ**။ ။ဝိသဇ္ဇနံ - လွှတ်ခြင်း + ဝိသဋ္ဌိ – လွှတ်ခြင်း၊ ဝိပုဗ္ဗ–သဇ ဓာတ်သည် ကံရှိသော သကမ္မကဓာတ် ဖြစ်၏။ ဓာတ်နက်မှာလည်း "စာဂ= စွန့်လွှတ်ခြင်း"ဟု အနက်ရှိ၏။ သို့ဖြစ်၍ "ဝိသဋ္ဌိ = လွှတ်ခြင်း"ဟု ‚အနက်မရ။ "လွှတ်"ဆိုသည်မှာ "မုစ"ဓာတ်၏ အနက်သာ ဖြစ်သည်။ "မုစ္စတိ-မုတ္တော" စသည်တည်း။ ထို့ကြောင့် ရှေးက "သုက္ကဝိသဋ္ဌိ=သုက်လွှတ်ခြင်း"ဟု ဟထိုး မပါသော အနက်ကို ဆင်ခြင်ပါ။

**မှတ်ချက်**။ ။ကံရှိသော ဝိ+သဇဓာတ်၏ "လွှတ်"ဟူသော အနက်ကို ကံမရှိသော ဝိဝါဒိ မုစ ဓာတ် – စုဓာတ်တို့ဖြင့် ဖွင့်လျှင် ကာရိတ်ပစ္စည်း ဝင်မှ အဓိပ္ပာယ်ညီမျှ၍ "ဝိသဋ္ဌိ"ကို"မောစနာ-စာဝနာ"ဟု ဖွင့်ကြသည်။ "လွှတ်စေ၊ ရွေ့စေ=လွှတ်=ရွေ့"တို့ကား အသံကွဲ၍ အနက်တူတို့တည်း။ သဇ္ဇတဝယ် သဇဓာတ်၌ သ-မှာ ရိဆွဲနှင့် ရှိ၏။ ထို ရိဆွဲပျောက်နေသော ပါဠိ၌ နောက် အက္ခရာ ဒွေဘော်ရောက်၍ "ဝိသဋ္ဌိ ဝိသဋ္ဌော, ဝိသဇ္ဇေ၊, ဝိသဇ္ဇနံ"ဟု ရှိရသည်။

**ဆက်ဦးအံ့**။ ။"လွှတ်"ဟူသော စကားသည် နိဗ္ဗျာပါရ (ပုဂ္ဂိုလ်၏ အားစိုက်မှု မပါသော) စကားတည်း။ "လွှတ်-လွှတ်စေ" ဟူသော စကား တို့ကား ဗျာပါရပါသော စကားတို့တည်း။ သုက်ကို လွှတ်စေရာ၌ အိပ်မက် ထဲမှာ ဖြစ်သော်လည်း အားစိုက်သော စေတနာ (အနည်းငယ်) ပါသေး သည်သာ။သို့သော် ထိုစေတနာမှာ မစောင့်ထိန်းနိုင်သောအရာဖြစ်၍ အာပတ်၏ အင်္ဂါဟု မဆိုလောက်ဘဲ နိုးနေစဉ်အခါ စိတ်ပါ လက်ပါ ထင်ရှားသော စေတနာဖြင့် လွှတ်စေခြင်းသာ အာပတ်၏ အင်္ဂါဟု ဆိုရသည်။

**အညတြ သုပိနန္တာ**။ ။သုပိန = အိပ်မက်+အန္တ = အနက်သီးခြား မရှိ။ (သုတ္တန္တ၌ အန္တပုဒ်ကဲ့သို့ သုပိနပုဒ်၏ အနက်ကို တွဲဘက်၍ဟောသော ပုဒ် တမျိုးတည်း။) န္တာ၌ သွာဝိဘတ်လည်း အညတြကို ငဲ့၍ ကံအနက် ဟော၏။

သဒ္ဒါနက်အားဖြင့် "သုပိနန္တာ = အိပ်မက်ကို" ဟုသာ ထွက်၏။ သို့သော် ဥပစာနည်းအားဖြင့် "အိပ်မက်၌ သုက်လွှတ်ခြင်းကို" ဟု အနက်ပေးရသည်။ [သံဃာဒိသေသော ပုဒ်ဖွင့်ကို နောက်၌ ပြအံ့။]

**အင်္ဂါ ၃ ပါး။** ။သဉ္စေတနိကာ အရ စေတနာရှိခြင်းကိုင်း၊ "သုက္ကဝိသဋ္ဌိ-သုက် လွှတ်စေသည်"ဟု ဆိုသဖြင့် လွှတ်အောင် လုံ့လပြုခြင်းနှင့် လွှတ်ခြင်းကိုင်း သိနိုင်၏။ ထို့ကြောင့် ဤ သိက္ခာပုဒ်၌ အာပတ်သင့်ဘို့ရာ "၁-လွှတ်စေလိုသော စေတနာ ရှိခြင်း၊ ၂-လုံ့လပြုခြင်း၊ ၃-သုက်လွှတ်ခြင်း" အားဖြင့် အင်္ဂါ ၃ ပါးရှိသည်ဟု မှတ်ပါ။

[**ဆောင်**] လွှတ်စေလို့ငှာ, စေတနာတည့်[၁], ဗျာပါလုံ့လ, ပြုမိကလျှင်း[၂], သုက်လွှတ်ခြင်းဟု[၃], ကြောင်းရင်း သုံးလီ, အင်္ဂါညီ, သင့်ပြီ ဝိသဋ္ဌိ။

**မှတ်ချက်။** ။ကပိမိဒ္ဓပရေတော ခေါ မဟာရာဇ၊ သုပိနံ ပဿတိ-မဟာရာဇ၊ မျောက်သတ္တဝါ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းသည်(အိပ်ပျော်သွားလိုက် နိုးလာလိုက် ဖြစ်ခြင်းသည်) အလွန်ရောက်အပ်သူသည် အိပ်မက်မက်၏။ (မိလိန္ဒပဉှာ)၊ သုပိနံ ပဿန္တေန ပန ကာတေပိ ဝီတိက္ကမေ ဧကေန္တံ အနာပတ္တိ ဧဝ၊-သုက္ကဝိသဋ္ဌိသိက္ခာပုဒ် အဋ္ဌကထာ။

---

## လေ့ကျင့်ခန်း မေးခွန်းများ

က။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ခ။ ထိုသိက္ခာပုဒ်၌ "ယောပန ဘိက္ခု"စသော ကတ္တားပုဒ်မပါ၍ ကတ္တားပုဒ် ထည့်လျှင် စပ်ပုဒ်ရှိမည်လော၊ မရှိလျှင် ဘယ်သို့ ထည့်ရမည်နည်း။

ဂ။ သဉ္စေတနိကာ၌ "သံ"အတွက် "ထင်ရှား" ဟူသော အနက်နှင့်စပ်၍ စေတနာ မထင်ရှားသော လွှတ်ခြင်းကို ထင်ရှားပြပါ။

ဃ။ ဝိသဋ္ဌိ၌ "ဝိ+သဇ"ဓာတ်၏ အနက်ကား အဘယ်ပါနည်း။

င။ "ဝိသဋ္ဌိ=လွှတ်ခြင်း"ဟု ပေးရာ၌ ဓာတ်နက်နှင့် သင့်-မသင့်ကို ဆုံးဖြတ်၍ လွတ်-ရွေ့နှင့် လွှတ်-ရွှေ့တို့၏ အဓိပ္ပာယ် ထူးခြားပုံကိုလည်း ပြပါ။

စ။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်၏ အင်္ဂါကို ပြပါ။

၂။ ကာယသံသဂ္ဂ သိက္ခာပုဒ် — ယော ပန ဘိက္ခု=သည်၊ ဩတိဏ္ဏော–ရာဂဘီလူး ဝင်ပူး သက်ရောက်အပ်သည်၊ ဝါ–ရာဂတွင်းသို့ သက်ဆင်း ကျရောက်သည်၊ (ဟုတွာ — ဖြစ်၍၊) ဝိပရိဏတေန–ဖောက်ပြန်သော၊ စိတ္တေန – စိတ်ဖြင့်၊ မာတုဂါမေန — မာတုဂါမနှင့်၊ သဒ္ဓိ –တကွ၊ ကာယသံသဂ္ဂံ–ကိုယ်ဖြင့် နှီးနှောခြင်းသို့၊ သမာပဇ္ဇေယျ–ရောက်အံ့၊ ဟတ္ထဂ္ဂါဟံဝါ–လက်ကိုကိုင်ခြင်းသို့ သော်၎င်း၊

× × × × ×

၂။ ကာယသံသဂ္ဂသိက္ခာပုဒ်။ ။ကာယသံသဂ္ဂရာဂဖြင့် မာတုဂါမ၏ လက်၊ ဆံထုံး၊ ကြွင်းသော အင်္ဂါတရပ်ရပ်ကို သုံးသပ် ကိုင်ဆွဲသော ရဟန်းမှာ သံဃာဒိသေသ်အာပတ် သင့်၏။

ဩတိဏ္ဏော။ ။ဩတရိယတေ–သက်ရောက်အပ်၏၊ ဣတိ–ဤကမ္မသာဓ် ဝစနတ်ကြောင့်၊ ဩတိဏ္ဏော–၏၊ ဘီလူးက လူကို ပူးဝင်သည့်အခါ လူသည် ဘီလူး သက်ရောက်အပ် ပူးဝင်အပ်သကဲ့သို့ ထို့အတူ ရာဂစိတ် ဖြစ်နေသည့် အခါ လူ၏ ခန္ဓာကိုယ်သည် ရာဂသက်ရောက်အပ်(ရာဂ ဘီလူး အပူးခံအပ်) လျက် ရှိသည်။

တနည်း။ ။ဩတရတိ–ကျရောက်တတ်၏၊ ဣတိ–ဤကတ္တုသာဓ်ဝစနတ် ကြောင့်၊ ဩတိဏ္ဏော–မည်၏၊ ရေတွင်း ရေကန်ထဲသို့ လူကျနေသကဲ့သို့ ထို့အတူ ရာဂစိတ်ဖြစ်နေသည့်အခါ လူတကိုယ်လုံး ရာဂတွင်းသို့ သက်ဆင်း ကျရောက်လျက် ရှိသည်။ [ဤသိက္ခာပုဒ်၌ ရာဂဟူသည် မာတုဂါမကို ကိုင်ဆွဲ လိုသော ကာယသံသဂ္ဂ ရာဂတည်း။]

ဝိပရိဏတေန စိတ္တေန။ ။[ဝိ = ဖောက်ပြန်စွာ + ပရိဏတ = ပြောင်းလဲ သော စိတ်။] ဘဝင် ဟူသော ဝိပါက်များသည် ပဋိသန္ဓေ တည်သည်ကစ၍ ပါသော မူလ ပင်ကိုယ်စိတ်တည်း။ ထို ဘဝင်စိတ်သည် လောဘ စသော အညစ်အကြေးတို့နှင့် မယှဉ်သဖြင့် သန့်ရှင်းစင်ကြယ်၏။ ထို ဘဝင်စိတ်အစဉ်မှ ပြောင်းလွဲ၍ တနဲတဖုံဖြစ်ပေါ်လာသော အကုသိုလ်စိတ်များကား ရာဂအညစ် အကြေးနှင့် တွဲ၍ ဖောက်ဖောက်ပြန်ပြန် ပြောင်းလွဲလာသော စိတ်များတည်း။ ဤနေရာ၌ ကာယသံသဂ္ဂ ရာဂစိတ် (ရာဂနှင့်ယှဉ်သော လောဘမူစိတ်) ကိုပင် "ဝိပရိဏတ စိတ္တ=ဖောက်ပြန်သော စိတ်"ဟု ဆိုလိုသည်။

မာတုဂါမေန။ ။ထိုရာဂစိတ်ဖြင့် ဖွားခါစ သူငယ်မကိုပင် ကိုင်စေကာမူ ဤသိက္ခာပုဒ်အရ အာပတ်သင့်၏။ ထို့ကြောင့် မာတုဂါမ အရ အသက်ရှင်ဆဲ မိန်းမအားလုံးကို ယူ။ [သေပြီးအလောင်းကောင်ကို ဤ ကာယသံသဂ္ဂ ရာဂဖြင့်

**ဝေဏိဂ္ဂါဟံဝါ** - ဆံထုံးကို ကိုင်ခြင်းသို့သော်၎င်း၊ **အညတရဿဝါ** **အညတရဿဝါ** - တပါးပါးလည်းဖြစ်သော၊ **အင်္ဂဿ**—အင်္ဂါကြီးငယ်ကို၊ **ပရာမသနံဝါ** - သုံးသပ်ခြင်းသို့သော်၎င်း၊ **သမာပဇ္ဇေယျ** — ရောက်အံ့၊ (**တဿ ဘိက္ခုနော** - ၏၊) **သံဃာဒိသေသော**—မည်သော၊ **အာပတ္တိ** **နိကာယော**-သည်၊ **ဟောတိ**—၏။

× × × × ×

ကိုင်လျှင်ကား (အလောင်း မပျက်သေးလျှင်) ထုလ္လစ္စည်း၊ အလောင်းပျက်လျှင် ဒုက္ကဋ်တည်း။ မာတုဂါမ၏ ကိုယ်သာမဟုတ်၊ မာတုဂါမ၏ သုံးစွဲရန်ဖြစ်သော (လှူပြီးမဟုတ်သော)အဝတ်များကို ကိုင်လျှင်လည်း ဒုက္ကဋ်ပင်။]

**ကာယသံသဂ္ဂံ**။ ။ [ကာယေန = ကိုယ်ဖြင့်+သံသဂ္ဂေါ = နှီးနှောခြင်း။] "ကိုယ်"ဆိုသော်လည်း တကိုယ်လုံးဖြင့် နှီးနှောမှ မဟုတ်၊ ကိုယ်၏ အစိတ်အပိုင်းဖြစ်သော လက်၊ ခြေ အင်္ဂါကိုလည်း (အပေါင်း၏ အမည်ကို အစိတ်၌ တင်စားသော ကေဒေသျူပစာရအားဖြင့်)ကိုယ်ဟု ခေါ်နိုင်သည်ပင်။ သံသဂ္ဂ အရ နှီးနှောခြင်း ဟူသည် ကိုင်ခြင်း၊ ဆွဲခြင်း၊ ဆိတ်ခြင်း၊ နမ်းခြင်း စသော လောက အပြုအမူ အားလုံးတည်း။

**ဟတ္ထဂ္ဂါဟံ၊ပေ၊ပရာမသနံ**။ ။ဤစကားရပ်ကား "ကာယသံသဂ္ဂံ သမာပဇ္ဇေယျ"၏ အကျယ်ကိုပြသော စကားရပ်တည်း။ ထိုတွင် တံတောင်ဆစ်မှစ၍ လက်ဖျားအထိကို "ဟတ္ထ"ဟု ခေါ်၏။ ဖွတ်မြီးထုံး၍ဖြစ်စေ၊ မထုံးဘဲ ရိုးရိုးဖြစ်စေ၊ ပန်း, ရွှေ, ငွေ, သိုးမွေး စသည်ဖြင့် ရော၍ဖြစ်စေ၊ ဆံချည်းသက်သက်ဖြစ်စေ ထုံးအပ်သော ဆံထုံးကို "ဝေဏိ"ဟု ခေါ်၏။ ဥပလက္ခဏာ နည်းအားဖြင့် ဆံထုံးကိုမှတ်၍ ပြောသည်။ မထုံးဘဲထားသော ဆံပင်များနှင့် အမွေးများကိုပါ ဝေဏိ၌ သွင်းယူရမည်။ ထို လက်၊ ဆံတို့မှ ကြွင်းသမျှ ကိုယ်အင်္ဂါ၌ သုံးသပ်ခြင်းကို "အညတရဿဝါ အညတရဿဝါ အင်္ဂဿ ပရာမသနံ"ဟု ဆိုသည်။ [ဟတ္ထ=လက်+ဂါဟ=ကိုင်ခြင်း၊ ဂါဟဝယ် သက္ကတ၌ "ဂြဟ" ဓာတ်တည်း။ ရ(ရိဆွဲ)ပျောက်၍ ဒွေဘော်ရောက်သောကြောင့် "ဟတ္ထဂ္ဂါဟံ–ဝေဏိဂ္ဂါဟံ"ဟု ပါဠိမှန် ရှိရသည်။]

**သံဃာဒိသေသော**။ ။[ သံဃ+အာဒိ + သေသ။ ] သံဃာဒိသေသ် အာပတ်သင့်၍ အာပတ်မှ ထလို စင်ကြယ်လိုသည့်အခါ ထိုအာပတ်မှ ထမှုအတွက် အစပထမ၌ သံဃာက ပရိဝါသ်ပေးရ၏။ အလယ်၌ သံဃာသည်ပင် မာနတ်ပေးရ(တချို့အရာဝယ် အရင်းသို့ ပြန်ငင်ကာ မူလာယပဋိကဿနခေါ် ပရိဝါသ်–မာနတ် ပြန်ပေးရ)၏။ အဆုံး၌လည်း သံဃာသည်ပင် အဗ္ဘာန် သွင်းပေးရ၏။

ဤသို့လျှင် အစ ပရိဝါသ်ပေးသော ကံ၊ ထိုအစမှ ကြွင်းကျန်သမျှ မာနတ်ပေးသောကံ(မူလာယပဋိကဿနကံ)၊ အဗ္ဘာန ကံတို့၌ သံဃာကို အလိုရှိအပ်(သံဃာပြည့်စုံမှသာ ကိစ္စပြီး)သောကြောင့် အာပတ်မှ ထမှုကို မှူ၍ "သံဃာဒိသေသ"ဟု ခေါ်၏။ သို့သော် အကျိုးအာပတ်မှ ထမှု၏ သံဃာဒိသေသ အမည်ကို အကြောင်းအာပတ်ပေါ် တင်စား၍ ဖလူပစာရအားဖြင့် အကြောင်းအာပတ်ကိုလည်း "သံဃာဒိသေသ"ဟု ခေါ်ရပြန်သည်။

**ဝစနတ္ထ။** ။သံဃော အာဒိမှိစေဝ သေသေစ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။ အဿ-ဤအာပတ်အပေါင်း၏၊ အာဒိမှိစေဝ-အစဖြစ်သော ပရိဝါသဒါနကံ၌၎င်း၊ သေသေစ-ကြွင်းသော မာနတ္တဒါနကံ (မူလာယပဋိကဿနကံ)၊ အဗ္ဘာန ကံ၌၎င်း၊ သံဃော-သံဃာကို၊ ဣစ္ဆိတဗ္ဗော - အလိုရှိထိုက်၏၊ ဣတိ-ထို့ကြောင့်၊ သော - ထို အာပတ်အပေါင်းသည်၊ သံဃာဒိသေသော-မည်၏၊ "အာပတ္တိနိကာယ"ဟု ခေါ်ရပုံကို နောက်၌ ပြအံ့။

**အင်္ဂါ ၅ ပါး။** ။၁-လူမိန်းမဖြစ်ခြင်း၊ ၂-မိန်းမမှန်းသိခြင်း၊ ၃-ကာယသံသဂ္ဂရာဂရှိခြင်း၊ ၄-ထိမိအောင် လုံ့လပြုခြင်း၊ ၅-လက် စသည်ကို ကိုင်မိခြင်း။ ဤအင်္ဂါ ၅ ပါးညီလျှင် အာပတ်သင့်၏။

[**ဆောင်**] လူမိန်းမပင်[၁], မိန်းမထင်လျက်[၂], သံသဂ် ရာဂ[၃], လုံ့လပြုလျှင်[၄],
ကိုင်မိခြင်းဟု[၅], ကြောင်းရင်း ၅ လီ, အင်္ဂါညီ, သင့်ပြီ သံသဂ္ဂ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ကာယသံသဂ္ဂ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ခ ။ ဩတိဏ္ဏော၌ ကမ္မသာဓန အနက်၊ ကတ္တုသာဓန အနက် ၂ ချက်လုံး၏ အဓိပ္ပာယ်ကို ပြပါ။

ဂ ။ ဝိပရိဏတေန စိတ္တေန၌ "ဝိပရိဏတစိတ္တ"အရ စိတ်၏ ဖောက်ပြန်ပုံကို ထင်ရှားပြပါ။

ဃ။ "မာတုဂါမေန"အရ ဤကာယသံသဂ္ဂသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမကို ပြပါ။

င ။ "ဟတ္ထဂ္ဂါဟံဝါ၊ ဝေဏိ၊ ပရာမသနံ"တို့ကား ဘာကိုပြသော စကားတို့ပါနည်း။ ဝေဏိ အရတို့ကိုလည်း ပြပါ။

စ ။ သံဃာဒိသေသ ခေါ်ပုံကို စုံလင်စွာပြ၍ ဝိဂ္ဂဟလည်း ပြပါ။

ဆ။ ကာယသံသဂ္ဂ သိက္ခာပုဒ်၏ အင်္ဂါကို ပြပါ။

**၃။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်**

ယောပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန- စိတ္တေန၊ မာတုဂါမံ-ကို၊ ဒုဋ္ဌုလ္လာဟိ-ရုန့်ရင်းကုန်သော၊ ဝါစာဟိ-ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့် စပ်သော စကားတို့ဖြင့်၊ ဩဘာသေယျ—ယုတ်ယုတ်မာမာ ပြောဆိုအံ့၊ ယုဝါ—လုလင်ပျိုသည်၊ ယုဝတိံ-မိန်းမပျိုကို၊ (ဩဘာသတိယထာ-ယုတ်ယုတ်

× × × × ×

**၃။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်။** ။လုလင်ပျိုက မိန်းမပျိုကို ပြောသကဲ့သို့ ဒုဋ္ဌုလ္လဝါစဿာဒ ရာဂစိတ်ဖြင့် မာတုဂါမကို ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့် ဆိုင်သော စကားတို့ဖြင့် ပြောသောရဟန်းသည် သံဃာဒိသေသ် သင့်၏။

**ဒုဋ္ဌုလ္လဝါစဿာဒ ရာဂ။** ။ဩတိဏ္ဏ ဝိပရိဏတစိတ္တတို့၏ အနက်ကို ရှေ့သိက္ခာပုဒ်အတိုင်း သိနိုင်လောက်ပြီ။ သို့သော် "ဩတိဏ္ဏ" အရ ရာဂမှာ ကာယသံသဂ္ဂ ရာဂမဟုတ်၊ ဒုဋ္ဌုလ္လဝါစဿာဒ ရာဂဖြစ်သည်။ ခဲ့ဦးအံ့—လုလင်ပျိုတယောက်က မိန်းမပျိုတယောက်အား မရှက်တမ်း ပြောဆိုရာ၌ကဲ့သို့ ဝစ္စမဂ် လှကြောင်း-မလှကြောင်းလည်း ပါ၏၊ ပဿာဝမဂ် လှကြောင်း-မလှကြောင်းလည်း ပါ၏၊ ထိုအကြောင်းများ ပြောဆိုနေရခြင်းကို နှစ်သက်၏၊ သာယာ၏။ စိတ်မှာ ရာဂနှင့်ယှဉ်သော လောဘမူ စိတ်ပင်တည်း။ ထို ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခိုက်၌ ဖြစ်သောရာဂကို "ဒုဋ္ဌုလ္လဝါစဿာဒ ရာဂ"ဟု ခေါ်၏။ [ဒုဋ္ဌုလ္လ=ရုန့်ရင်းသော+ဝါစာ=စကားပြောရခြင်းကို+အဿာဒ=သာယာသော+ရာဂ။] ထိုရာဂ သက်ရောက်သည်ကို ဩတိဏ္ဏ၊ ထိုရာဂစိတ်ကို "ဝိပရိဏတစိတ္တ"ဟု ခေါ်သည်။

**မာတုဂါမံ။** ။ဤသိက္ခာပုဒ်၌ အလွန်ငယ်သော ကလေးမနှင့် ကြီးသော်လည်း ထုံထိုင်း ဖျင်း အ သော မိန်းမကို မယူရ၊ ရုန့်ရင်းသော စကားမှန်း (စကားရိုး စကားဆန်းမှန်း)နားလည်လောက်သော မိန်းမကိုသာ ယူရမည်။

**ဩဘာသေယျ။** ။[အဝ+ဘာသေယျ။] အဝ ဥပသာရသည် ဤ၌ "ပရိဘဝ=လွှမ်းမိုးခြင်း"အနက်ဟောတည်း။ အမျိုးကောင်း သားသမီးတို့ စောင့်စည်းရမည့် စည်းမျဉ်းကို လွှမ်းမိုး၍ ပြောသည် ဟူလို။ ထို စည်းမျဉ်းကို ကျူးကျော်၍ ပြောဆိုခြင်းဟူသည် "ယုတ်ယုတ်မာမာ ပြောဆိုခြင်း" ဖြစ်၍ "နာနပ္ပကာရံ အသဒ္ဓမ္မဝစနံ ဝဒေယျ"ဟု အဋ္ဌကထာ၌ အဓိပ္ပာယ်ဖွင့်သည်။

**ယထာတံ ယုဝါ ယုဝတိံ။** ။ဤစကားဖြင့် "ရုန့်ရင်းသော စကားကို ပြောဆိုရာ၌ ကြောက်ရွံ့ တွန့်ဆုတ်ခြင်းမရှိဘဲ ရဲရဲရင့်ရင့် ပြောဆိုကြောင်းကို" ပြ၏။ "လူပျိုက အပျိုကို ပြောရာ၌ ရဲရဲရင့်ရင့် ပြောသကဲ့သို့ ထိုရဟန်းလည်း

မာမာ ပြောဆိုသကဲ့သို့၊) တထာ - ထို့အတူ၊ မေထုနုပသံဟိတာဟိ– မေထုန်နှင့်စပ်သော စကားတို့ဖြင့်၊ ဩဘာသေယျ - ယုတ်ယုတ် မာမာ ပြောဆိုအံ့၊ တဿဘိက္ခုနော–ထိုရဟန်း၏၊ သံဃာဒိသေသော အာပတ္တိ နိကာယော ဟောတိ။

× × × × ×

မာတုဂါမအား ဒုဋ္ဌုလ္လဝါစာကို ပြောရာဝယ် ရဲဝံ့စွာ ပြောသည်” ဟူလို။ [“ယထာတံ” ၌ တံအနက် မရှိ။]

**မေထုနုပသံဟိတာဟိ။** ။[မေထုန= မေထုန် + ဥပသံဟိတာ=စပ်ယှဉ် သည်။] “မေထုန်ကို ဘယ်လို မှီဝဲသနည်း” ဟုငင်း၊ “မေထုန်ကို သည်လို မှီဝဲရ သည်” ဟုငင်း၊ “ငါ့ကို မေထုန် ပေးစမ်းပါ” စသည်ဖြင့်ငင်း ပြောဆိုအပ်သော စကားကို “မေထုန်နှင့်စပ်သော စကား” ဟု ခေါ်၏။ “မေထုနုပသံဟိတာဟိ” ဟူသောပါဠိဖြင့် အစွမ်းကုန် ရှန့်ရင်းသောစကားကို ညွှန်ပြသည်။ မေထုန်နှင့် မစပ်ဘဲ ဝစ္စမဂ်၊ ပဿာဝမဂ်တို့၏ လှ – မလှကို ကဲ့ရဲ့ရုံ၊ ချီးမွမ်းရုံမျှဖြင့်လည်း သံဃာဒိသေသ် အာပတ် သင့်သည်ပင်။

**အာပတ္တိနိကာယော။** ။“သံဃာဒိသေသော” နောက်၌ အဋ္ဌကထာ တို့က “အာပတ္တိနိကာယော” ဟု ထည့်၍ ဖွင့်ကြ၏။ ထိုအဖွင့်၏ ဆိုလိုရင်းမှာ– “သံဃာဒိသေသ” ဟူသော အမည်သည် အာပတ်တခု၏ အမည် မဟုတ်၊ သံဃာဒိသေသ် အာပတ်အများ၏ အမည်သာ ဖြစ်သည်။ သို့သော် အာပတ် အပေါင်း၏ “သံဃာဒိသေသ” ဟူသော အမည်ကို အစိတ် အာပတ် တခုတခု အပေါ်၌ တင်စား၍ အာပတ် တခုတခုကိုပင် (ဧကဒေသျူပစာရအားဖြင့်) “သံဃာဒိသေသ” ဟု ခေါ်နိုင်သည် ဟူလို။

**အင်္ဂါ ၅ ပါး။** ။၁ – လူဇာတ်ရှိသော မိန်းမဖြစ်ခြင်း၊ ၂ – မိန်းမမှန်း သိခြင်း၊ ၃– ဒုဋ္ဌုလ္လဝါစဿာဒရာဂရှိခြင်း၊ ၄– ထိုရာဂဖြင့်(ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့်စပ်၍) ယုတ်ယုတ် မာမာ ပြောဆိုခြင်း၊ ၅ – ပြောလျှင် ပြောချင်း (အပြောခံရသူက) သိခြင်း။ ဤ အင်္ဂါ ၅ပါး ညီညွတ်လျှင် ဤ သိက္ခာပုဒ်အရ သံဃာဒိသေသ်အာပတ် သင့်၏။

[**ဆောင်**] လူမိန်းမပင်[၁], မိန်းမ ထင်လတ်[၂], ဝါစဿာဒ[၃], ထိုရာဂဖြင့်, ပြောပြလေဘိ[၄], ချက်ချင်းသိဟု[၅], ကြောင်းရှိ ၅ လီ, အင်္ဂါ ညီ, သင့်ပြီ ဒုဋ္ဌုလ္လ။

**၄။ အတ္တကာမ ပါရိစရိယ**

ယော ပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန၊ မာတုဂါမဿ — မာတုဂါမ၏၊ သန္တိကေ— အနီး၌၊ အတ္တကာမ ပါရိစရိယာယ- မိမိအကျိုးငှာ ကာမဂုဏ်ဟု မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်း၏၊ ဝဏ္ဏံ— ဂုဏ်ကို၊ ဘာသေယျ— ပြောဆိုအံ့၊ (ကထံ - အဘယ်သို့ ပြောဆိုသနည်း၊) ဘဂိနိ - နှမ၊ ယာ- အကြင်မိန်းမသည်၊ မာဒိသံ - ငါကဲ့သို့သော၊ သီလဝန္တံ - သီလရှိသော၊ ဗြဟ္မစာရိံ - မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော၊ ကလျာဏ ဓမ္မံ— ကောင်းသော ကိုယ်ကျင့်တရားရှိသူကို၊ ဧတေန ဓမ္မေန- ဤ မေထုန်အမှုဖြင့်၊ ပရိစရေယျ-ပြုစုလုပ်ကျွေးအံ့၊ (ဟဿာ- ထို မိန်းမ၏၊) ဧတံ- ဤ လုပ်ကျွေးခြင်းသည်၊ ပါရိစရိယာနံ- ပြုစု လုပ်ကျွေးခြင်းတို့တွင်၊ အဂ္ဂံ—

× × × × ×

**၄။ အတ္တကာမ ပါရိစရိယသိက္ခာပုဒ်။** ။အတ္တကာမ ပါရိစရိယ ရာဂစိတ်ဖြင့် မာတုဂါမအယံ၌ မေထုန်ဖြင့် ပြုစုခြင်း၏ဂုဏ်ကို ပြောဆိုလျှင် သံဃာဒိသေသ်အာပတ် သင့်၏။ [ဤ သိက္ခာပုဒ်၌ "ဩတိဏ္ဏ" အရ ရာဂဟူသည် အတ္တကာမ ပါရိစရိယ ရာဂတည်း။]

**မာတုဂါမဿ သန္တိကေ။** ။ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ပြခဲ့သော စကားရိုး စကားဆန်းကို နားလည်လောက်သော မိန်းမကိုပင် ဤသိက္ခာပုဒ်၌ "မာတုဂါမ" ဟု ဆိုလိုသည်။ သန္တိကေ-အရ "အနီး" ဟူသည် ရဟန်း၏ စကားကို မာတုဂါမ ကြားလောက်ရာ အရပ်တည်း။ ထိုအနီးကိုပင် မြန်မာလို "အထံ" ဟု သုံးနှုန်း၏။

**အတ္တကာမ ပါရိစရိယာယ။** ။ကာမေန – မေထုန်ဟူသော ကာမဖြင့်၊ ပါရိစရိယာ– ပြုစုလုပ်ကျွေးခြင်းတည်း။ ကာမပါရိစရိယာ – မေထုန်ဟူသော ကာမဖြင့် ပြုစုလုပ်ကျွေးခြင်း၊ အတ္တနော – မိမိ၏ (အကျိုးငှာ) ၊ ကာမပါရိစရိယာ-မေထုန်ကာမဖြင့် ပြုစုလုပ်ကျွေးခြင်းသည်၊ အတ္တကာမပါရိစရိယာ–အတ္တကာမ ပါရိစရိယာ မည်၏။

**ဧတဒဂ္ဂံ၊ ပေ၊ ပရိစရေယျ** – ဤဝါကျကား ပြုစု လုပ်ကျွေးခြင်း၏ ဂုဏ်ပြောပုံကိုပြသော ဝါကျတည်း။ ဤဝါကျ၌ ဗြဟ္မစာရီဟူသည် ပထမ ပါရာဇိကအမှုကို မပြုကျင့်သဖြင့် မြတ်သော မေထုနဝိရတိအကျင့်ကို ကျင့်သူတည်း။ ယခုကာလ၌လည်း (အဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းလျက်) မေထုန်မှ ရှောင်နေသူကို "ဗြဟ္မစာရီ" ဟု ခေါ်သည်။ မေထုနဝိရတိမှ တပါး ပါဏာတိ

အမြတ်ဆုံးတည်း၊ ဣတိ - ဤသို့၊ မေထုနုပသံဟိတေန - မေထုန်နှင့် စပ်သောစကားဖြင့်၊ (ဘာသေယျ - ပြောဆိုအံ့၊) တဿ ဘိက္ခုနော- ထိုရဟန်း၏၊ သံဃာဒိသေသော - သံဃာဒိသေသ် မည်သော၊ အာပတ္တိ နိကာယော-အာပတ်အပေါင်းသည်၊ ဟောတိ။

× × × × ×

ပါတဝိရတိ အစရှိသော သီလရှိသူကို သီလဝန္တဟု ခေါ်၏။ ထိုကဲ့သို့ ဗြဟ္မစာရီ ဖြစ်ခြင်း၊ အခြား သီလရှိခြင်းကိုပင် "ကလျာဏဓမ္မ=ကောင်းသော ကိုယ်ကျင့် ရှိသူ"ဟု ဆိုပြန်သည်။

**ဆိုလိုရင်းကား။** ။"ငါကဲ့သို့ သီလသိက္ခာ ပြည့်စုံစွာဖြင့် ဗြဟ္မစာရီ ပီသ၍ ကလျာဏဓမ္မဖြစ်သူမှာ မေထုန်အမှုသည် လွန်စွာရခဲ၏။ ထိုသို့ ရခဲသော မေထုန်မှုဖြင့် ပြုစုခြင်း၊ မေထုန်ပေးခြင်းသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး အလှူများနှင့် လားလားမျှ မတူအောင် မြင့်ခေါ်သော အကျိုးကို ရတတ်သဖြင့် အမြတ်ဆုံးအလှူပင်ဖြစ်သည်"ဟူလို။ [ဧတဒဂ္ဂံပုဒ်ကား လိင်္ဂဝိပလ္လာသ (က္လတ္ထိလိန်မှ နပုလ္လိန်ပြန်နေသော)ပုဒ်တည်း။ "ဧသာ+အဂ္ဂါ" ဟု ဆိုလိုသည်။]

**မေထုနုပသံဟိတေန။** ။[မေထုန-မေထုန် + ဥပသံဟိတေန-စပ်သော စကားဖြင့်။] "ဧဘဒဂ္ဂံ ဘဂိနိ"စသည်ဖြင့် သိုင်းသိုင်း ဝိုင်းဝိုင်း ပြော၍ မေထုန် အလှူခံမှ အာပတ်သင့်သည် မဟုတ်သေး။ အခြားနည်းဖြင့် သွယ်ဝိုက်၍ ပြော ပြော၊ မပြောပြော "ငါ့အား မေထုန် ပေးထိုက်ပါသည်၊ ငါ့အား မေထုန် ပေးစမ်းပါ"စသည်ဖြင့် မေထုန်နှင့်စပ်၍ တောင်းသမျှ သံဃာဒိသေသ်အာပတ် သင့်သည်သာ။

**အင်္ဂါ ၅ ပါး။** ။၁-လူသားစင်စစ် မိန်းမ ဖြစ်ခြင်း၊ ၂-လူမိန်းမမှန်း သိခြင်း၊ ၃-အတ္တကာမ ပါရိစရိယ ရာဂရှိခြင်း၊ ၄-ဂုဏ်အကျိုးကို ပြောဆို တောင်းခံခြင်း၊ ၅-အတောင်းခံရသူ မိန်းမက ("ဤရဟန်းသည် ငါ့ကို မေထုန် ပေးစေလို၍ တောင်းနေ၏"ဟု)နားလည်ခြင်း။ ဤအင်္ဂါ ၅ ပါး ညီလျှင် သံဃာ ဒိသေသ် အာပတ် သင့်သည်။

[**ဆောင်**] လူမိန်းမပင်[၁], မိန်းမ ထင်လျက်[၂], ကိုယ့်တွက်တာ ဟု,
ကာမမှုဖြင့်, ပြုစေလိုတုံ, ရာဂကြုံ၍[၃], ဂုဏ်ကို ပြောဘိ[၄],
ချက်ချင်းသိဟု[၅], ကြောင်းရှိ ၅ လီ, အင်္ဂါညီ, သင့်ပြီကာမ
ပါရိစရိယ။

၅။ သဉ္စရိတ္တ သိက္ခာပုဒ်

ယောပန ဘိက္ခု သဉ္စရိတ္တံ-အောင်သွယ်ခြင်းသို့၊ သမာပဇ္ဇေယျ-ရောက်အံ့၊ ဣတ္ထိယာဝါ - မိန်းမအားလည်း၊ ပုရိသမတိံ - ယောကျ်ား၏ အလိုကို၊ ပုရိသဿဝါ - ယောကျ်ားအားလည်း၊ ဣတ္ထိမတိံ - မိန်းမ၏အလိုကို၊ ဇာယတ္တနေဝါ - မယား၏ အဖြစ်ကြောင့်သော်ငင်း၊ ဝါ - မယားဖြစ်စေလိုခြင်းကြောင့်သော်ငင်း၊ ဇာရတ္တနေဝါ - လင်၏ အဖြစ်ကြောင့်သော်ငင်း၊ ဝါ-လင်ဖြစ်စေလိုခြင်းကြောင့်သော်ငင်း၊ (အာရောစေယျ-ပြောပြအံ့၊) အန္တမ

× × × × ×

၅။ **သဉ္စရိတ္တ သိက္ခာပုဒ်**။ ။ယောကျ်ား၏ အလိုကို မိန်းမအား မယားဖြစ်စေလို၍ ပြောခြင်း၊ မိန်းမ၏ အလိုကို ယောကျ်ားအား လင် ဖြစ်စေလို၍ ပြောခြင်းအားဖြင့် အောင်သွယ်ပေးလျှင် အယုတ်သဖြင့် ခဏမျှပေါင်းဘော်ရန် ဖြစ်စေ သံဃာဒိသေသ်အာပတ် သင့်၏။

**သဉ္စရိတ္တံ**။ ။သဉ္စရဏံ-လှည့်လည်ခြင်း၊ သဉ္စရော-လှည့်လည်ခြင်း၊ [သံ+စရ+အ။] သဉ္စရော ယဿ အတ္ထီတိ သဉ္စရီ-(လှည့်လည်ခြင်းရှိသူ၊) သဉ္စရိနော ဘာဝေါ သဉ္စရိတ္တံ-လှည့်လည်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ လှည့်လည်ခြင်း ကြိယာတည်း။ ဤ၌ "လှည့်လည်ခြင်း"ဟူသည် သွားလိုက် ပြန်လိုက် လုပ်ခြင်းတည်း။ ထို့ကြောင့် မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ အကြား၌ သွားလိုက် ပြန်လိုက်နှင့် တယောက်၏စကားကို အခြားတယောက်ထံ ပို့ပေးခြင်းကို "သဉ္စရိတ္တ=အောင်သွယ်ခြင်း (သူတို့၏ အကြံ အောင်ဘို့ရာ ဆက်သွယ်ပေးခြင်း)" ဟု ခေါ်သည်။

**ဣတ္ထိယာဝါ၊ပေ၊ဇာရတ္တနေဝါ**။ ။"ဣတ္ထိယာဝါ ပုရိသမတိံ ဇာယတ္တနေဝါ, ပုရိသဿဝါ ဣတ္ထိမတိံ ဇာရတ္တနေဝါ" ဟု ဆိုင်ရာပုဒ်ချင်း တွဲစပ်၍ "အာရောစေယျ"ကြိယာကိုလည်း ထည့်ပါ။ [ဇာယာ-မယား၊ ဇာရော-လင်၊ တ္တနေ၌ တ္တနပစ္စည်းက ဘာဝအနက် ရှိ၍, သို့ဝိဘတ်က ဟိတ်အနက် ရှိ၏။ ဇာယာယ ဘာဝေါ ဇာယတ္တနံ-မယား၏အဖြစ်=မယား ဖြစ်စေလိုခြင်း။]

**ဆက်ဦးအံ့**။ ။ယောကျ်ားဘက်က "အရှင်ဘုရား....၊ မည်သည့် မိန်းမကို ပြောပေးစမ်းပါ"ဟု အောင်သွယ်ခိုင်း၍ ထိုယောကျ်ား၏ အလိုကို မိန်းမထံ သွား၍ ပြောရာ၌ ထိုမိန်းမကို မယားဖြစ်စေလို၍ ပြောခြင်းတည်း။ မိန်းမဘက်က "အရှင်ဘုရား....၊ မည်သည့် ယောကျ်ားကို ပြောပေးစမ်းပါ"ဟု စေခိုင်း၍ သွားပြောရာ၌ ထိုယောကျ်ားကို ထိုမိန်းမ၏လင် ဖြစ်စေလို၍ ပြောခြင်းတည်း။

သော – အောက်ထစ်ဆုံးအားဖြင့်၊ တခ်ဏိကာယပိ – တခဏမျှ ပေါင်း ဘော်ထိုက်သော မိန်းမအားလည်း၊ (အာရောစေယျ – အံ့၊) တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

**အနုတ္တမသော တခ်ဏိကာယပိ။** ။တခ်ဏေ – တခဏာ၌ (တခဏမျှ) + သံဝသိတဗ္ဗာ–ပေါင်းဘော်ထိုက်သော မယားသည်၊ တခ်ဏိကာ-မည်၏၊ ဤ "တခ်ဏိကာ"ဟူသည် မာတုရက္ခိတာ၊ ပိတုရက္ခိတာ စသော (ပါဠိတော်လာ) မိန်းမ ၂၀ တွင် မုဟုတ္တိကာခေါ် အောက်တန်းအကျဆုံး ပြည့်တန်ဆာမတည်း။ ယောကျ်ားတို့အလိုကို ထို ပြည့်တန်ဆာမအထံ သွား၍ ပြောရာ၌လည်း (ပြည့် တန်ဆာမကို ခေါ်ပေးရာ၌လည်း) အာပတ်သင့်၏ ဟူလို။

**အင်္ဂါ ၅ ပါး။** ။၁–မိန်းမ ယောကျ်ားတို့ လူသားစင်စစ် ဖြစ်ခြင်း၊ ၂–အောင်သွယ်ထိုက်ခြင်း၊ ၃–ဝန်ခံခြင်း၊ ၄–စုံစမ်းခြင်း၊ ၅–ပြန်ပြောခြင်း။ ဤ အင်္ဂါ ၅ ပါးညီလျှင် သဉ္စရိတ္တသံဃာဒိသေသ်အာပတ် သင့်၏။

**ရှုဦးအံ့။** ။၂– "အောင်သွယ်ထိုက်ခြင်း" ဟူသည် တယောက်နှင့် တယောက် လုံးဝ မဆက်သွယ်ဘူးခြင်း၊ သမီးခင်ပွန်း ဖြစ်ဘူးသော်လည်း ယခု အခါ ကွာပြီး ရှင်းပြီးဖြစ်ခြင်းကို ဆိုလိုသည်။ ၃– "ဝန်ခံခြင်း" ဟူသည် "မည်သူ့ ကို ပြောပေးပါ" ဟု စေခိုင်းသည့်အခါ နှုတ်ဖြင့်ဖြစ်စေ၊ ဦးခေါင်းညိတ်၍ဖြစ်စေ ဝန်ခံခြင်းတည်း။ ၄–"စုံစမ်းခြင်း"ဟူသည် ဝန်ခံခဲ့သည့်အတိုင်း သွား၍ သဘောတူ-မတူကို စုံစမ်းခြင်းတည်း။ ၅–"ပြန်ပြောခြင်း" ဟူသည် ထိုသို့ စုံစမ်း ပြီးနောက် ထိုသူ့သဘောကို ပြန်၍ ပြောခြင်းတည်း။ ထိုကဲ့သို့ အောင်သွယ် ပေးရာ၌ သူတို့ချင်း ပေါင်းရသည်ဖြစ်စေ၊ မပေါင်းရသည်ဖြစ်စေ အင်္ဂါ ၅ ပါး ညီလျှင် အာပတ်သင့်လေပြီ။

[**ဆောင်**] ကျား-မ ၂ ရပ်, လူသားဇာတ်တို့ [၁], ကင်းပြတ် ကွဲခိုက်,
အောင်သွယ်ထိုက်၍ [၂], ခိုင်းခိုက်ဝန်ခံ [၃], စုံစမ်းဟန်နှင့် [၄],
တဘန် မယွင်း, ပြန်ပြောခြင်း ဟု [၅], ကြောင်းရင်း ၅ လီ,
အင်္ဂါညီ, သင့်ပြီ သဉ္စရိတ်။

## လေ့ကျင့်ခန်း မေးခွန်းများ

**က။** ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

**ခ**။ ဒုဋ္ဌုလ္လဝါစသာဒ ရာဂ ဟူသည် ဘယ်လို ရာဂပါနည်း။

ဂ ။ "ယထာတံ ယုဝါ ယုဝတိ"'ကား ဘာကိုပြသော စကားပါနည်း။

ဃ ။ "မေထုနုပသံဟိတာဟိ" ဟု ဆိုသောကြောင့် မေထုန်နှင့်စပ်၍ ပြောမှ အာပတ်သင့်သလော၊ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ အရ ဒုဋ္ဌုလ္လဝါစာတို့ကို စုံလင်စွာ ပြပါ။

င ။ "သံဃာဒိသေသော" နောက်၌ "အာပတ္တိနိကာယော" ဟု ထည့်သော ကြောင့် အာပတ်အပေါင်းကို သံဃာဒိသေသ် ဟု ဆိုလျှင် အာပတ် တခုတည်းကို မည်သည့်နည်းအရ သံဃာဒိသေသ် ဟု ခေါ်ရသနည်း။

စ ။ ဒုဋ္ဌုလ္လဝါစာ အာပတ်၏ အင်္ဂါကို ပြပါ။

ဆ ။ အတ္တကာမ ပါရိစရိယသိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ဇ ။ မာတုဂါမဿ သန္တိကေ ၌ "သန္တိကေ" အရ မည်မျှ နီးသော အရပ်ကို ယူရမည်နည်း။

ဈ ။ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမသိက္ခာပုဒ်တို့၌ ယူရမည့် မာတု ဂါမကို အသီးအသီး ပြပါ။

ည ။ ထိုသိက္ခာပုဒ် ၃ ရပ်၌ဖြစ်သော ရာဂကို ခွဲခြား ပြပါ။

ဋ ။ အတ္တကာမ၌ ကာမ အရနှင့် ထိုကာမဖြင့် လုပ်ကျွေးရပုံကိုလည်း ပြပါ။

ဌ ။ "ဧတဒဂ္ဂံ၊ ပေ၊ ပရိစရေယျ"ကား ဘာကိုပြသော ဝါကျပါနည်း။ထို ဝါကျ၏ မြန်မာလို ဆိုလိုရင်းကို ပြပါ။

ဍ ။ အတ္တကာမပါရိစရိယ အာပတ်၏ အင်္ဂါကို ပြပါ။

ဎ ။ သဉ္စရိတ္တ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ဏ ။ ယောက်ျားအလိုကို မိန်းမအား ပြောရာ၌ ဘာဖြစ်စေလို၍ပြောသနည်း။

တ ။ မိန်းမအလိုကို ယောက်ျာအား ပြောရာ၌ ဘာဖြစ်စေလို၍ပြောသနည်း။

ထ ။ တခ်ဏိကာ မိန်းမ ဟူသည် မည်သည့် မိန်းမမျိုးပါနည်း။

ဒ ။ သဉ္စရိတ္တသိက္ခာပုဒ်၏ အင်္ဂါများကို ပြပါ။

ဓ ။ "အောင်သွယ်ထိုက်"၏ အဓိပ္ပာယ်ကို ပြပါ။

**၆။ ကုဋိကာရ သိက္ခာပုဒ်**

ဘိက္ခုနာ - သည်၊ သညာစိကာယ - ကိုယ်တိုင်ဖြစ်စေ အပ်သော တောင်းခြင်းဖြင့်၊ အသာမိကံ - ကျောင်းရှင် ဒါယကာ မရှိသော၊ အတ္တုဒ္ဒေသံ- မိမိဟူသော ညွှန်ပြ ထိုက်သူရှိသော၊ ဝါ-မိမိဘို့ဖြစ်သော၊ ကုဋိံ - ကျောင်းငယ်ကို၊ ကာရယမာနေန- ဆောက်လုပ်စေလိုလသော်၊ ပမာဏိကာ-ပမာဏနှင့် ယှဉ်သော ကုဋိကို၊ ကာရေတဗ္ဗာ-ဆောက်လုပ်စေထိုက်၏။

တတြ- ထိုကုဋိ၏၊ ဣဒံ- ဤဆိုအပ်လတံ့ကား၊ ပမာဏံ - ပမာဏ တည်း၊ သုဂတဝိဒတ္ထိယာ - ဘုရားအထွာတော်ဖြင့်၊ ဒီဃသော- အလျား မှ၊ ဒွါဒသ ဝိဒတ္ထိယော — တဆယ့်နှစ်ထွာ တို့ရင်း၊ တိရိယံ — အနံမှ၊ အန္တရာ - အတွင်းဘက် အစွန်းဖြင့်၊ သတ္တ ဝိဒတ္ထိယော - ၇ ထွာတို့ရင်း တည်း၊ (ဣတိ- ဤကား၊ ပမာဏံ-ပမာဏတည်း။)

ဘိက္ခူ- ရဟန်းတို့ကို၊ ဝတ္ထုဒေသနာယ - ကုဋိရာကို ညွှန်ပြဘို့ရာ၊ အဘိနေတဗ္ဗာ - ပင့်ဆောင်ထိုက်ကုန်၏၊ တေဟိ ဘိက္ခူဟိ — ထိုရဟန်း တို့သည်၊ အနာရမ္ဘံ—ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ အစရှိသော ဘေးရန် မရှိသော၊ သ ပရိက္ကမနံ — ၂ ကောင်ကပ်လှည်း, ၄ ကောင်ကပ်လှည်း တို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာရှိသော၊ ဝတ္ထု—ကုဋိရာကို၊ ဒေသေ တဗ္ဗံ- ညွှန်ပြထိုက်၏။

ဘိက္ခု— ရဟန်းသည်၊ သာရမ္ဘေ - ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ အစ ရှိသော ဘေးရန်ရှိသော၊ အပရိက္ကမနေ- ၂ ကောင်ကပ်လှည်း, ၄ ကောင် ကပ် လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာ မရှိသော၊ ဝတ္ထုသ္မိံ—

× × × × ×

**၆။ ကုဋိကာရ သိက္ခာပုဒ်။** ။ရဟန်းသည် ပဲခွပ်၊ ပုဆိန် စသော အဆောက်အဦများကို ကိုယ်တိုင်ငှား၍ ဒါယကာ မရှိသော မိမိအတွက် ကျောင်းငယ်ကို ဆောက်စေလိုလျှင် ပမာဏနှင့်သင့်တော်သော ကျောင်းငယ်ကို ဆောက်စေရသည်။ ယခုညွှန်ပြမည့် (ဘုရားအထွာတော်ဖြင့်) အလျား ၁၂ ထွာ၊ အနံ (အတွင်းဘက် တိုင်းတာခြင်းဖြင့်) ၇ ထွာကား ထို ကျောင်းငယ်၏ အကြီး ဆုံး ပမာဏတည်း။

ထို့ပြင် ကျောင်းနေရာကို ညွှန်ပြဘို့ရာ ရဟန်းများကို ထိုကျောင်း ဆောက် မည့် အရပ်သို့ ပင့်ရမည်။ ထိုရဟန်းတို့က ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ စသော ဘေးရန် မရှိရာအရပ်၊ လှည်းတစီး လှည့်ပတ်လောက်ရာအရပ်ကို ညွှန်ပြရမည်။

ကုဋိရာ၌၊ သညာစိကာယ- ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့်၊ ကုဋိံ-ကျောင်းငယ်ကို၊ ခေ ကာရေယျ - အကယ်၍ ဆောက်လုပ်စေအံ့၊ ဘိက္ခုဝေါ— ရဟန်းတို့ကိုမူလည်း၊ ဝတ္ထုဒေသနာယ — ကုဋိရာကို ညွှန်ပြဘို့ရာ၊ ခေ အနဘိနေယျ — အကယ်၍ မပင့်ဆောင်အံ့၊ ပမာဏံဝါ— ပမာဏကိုမူသည်း၊ ခေ အတိက္ကာမေယျ- အကယ်၍ ပိုလွန်စေအံ့၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

ဘေးရန်ရှိ၍ လှည်းမသွားသာသော အရပ်ဝယ် ကိုယ်တိုင် ငှားရမ်း၍ ကျောင်းငယ်ကို ဆောက်စေအံ့၊ ကျောင်းရာကို ညွှန်ပြဘို့ရာ ရဟန်းများကိုလည်း မပင့်ဆောင်အံ့၊ (ပင့်စေကာမူ) ပမာဏကို လွန်စေလျှင် သံဃာဒိသေသ် သင့်သည်။

**သညာစိကာယ**။ ။[သံ = ကိုယ်တိုင် + ယာစိကာ = တောင်းခြင်း၊] သံကို သယံဟု ဖွင့်၍ ယာစိကာကို "ပဝတ္တိတယာစနာ"ဟု ဖွင့်၏။ ထို့ကြောင့် "ကိုယ်ဘိုင်+ ဖြစ်စေအပ်သော တောင်းခြင်း" ဟု ပေးရသည်။ တောင်းခြင်း ဟူသည်သည်း အပိုင်တောင်းခြင်း မဟုတ်၊ ခေတ္တ ငှားခြင်းသာတည်း။ ပဲခွပ်၊ ပုဆိန် စသော အဆောက်အဦများကို ငှား၍ ကျောင်းငယ်ကို ဆောက်လုပ်စေလျှင် ဟူလို။ပဲခွပ်၊ ပုဆိန် စသော လက်နက်သာမက သစ်ဝါး ခုတ်ပေးမည့်သူ၊ မြေတူးပေးမည့်သူကိုလည်း ခေတ္တ ခေါ်ယူရသေးသည်။ ဤသို့ ခေါ်ယူရာ၌ တစုံတခု ဝတ္ထုပစ္စည်းကို တောင်းယူခြင်း မဟုတ်သောကြောင့် သူတို့အိမ်သို့သွား၍ "မည်သည့် ကိစ္စအတွက် ခေတ္တ လိုက်ခဲ့ပါ" စသည်ဖြင့် ခေါ်ယူကောင်းသည်။

**ကုဋိံ**– သက္ကတအဘိဓာန်၌ ဣတ္ထိလိင် ကုဋိပုဒ်ကို "ခုဒ္ဒဂေဟ = အိမ်ငယ်" ဟု ဖွင့်၏။ ထို့ကြောင့် ငယ်သောအိမ်၊ ငယ်သောကျောင်းများကို "ကုဋိ" ဟု ခေါ်၏။ "တဲကုဋ်၊ ကျောင်းကုဋ်" စသော စကားများလည်း ကုဋိပုဒ်၏ ပါဠိပျက်များ ဖြစ်တန်ရာသည်။ ဤ သိက္ခာပုဒ်နှင့်ဆိုင်သော ကုဋိကား ဥလ္လိတ္တကုဋိ၊ အဝလိတ္တကုဋိ၊ဥလ္လိတ္တာဝလိတ္တကုဋိ ဟု ၃ မျိုးရှိ၏။ ထိုတွင် အင်္ဂတေ- သို့မဟုတ် မြေညက်တို့ဖြင့် အတွင်းဘက်၌သာ သုတ်ထားအပ်လျှင် ဥလ္လိတ္တကုဋိ မည်၏။ အပြင်ဘက်၌သာ သုတ်ထားအပ်လျှင် အဝလိတ္တကုဋိ မည်၏။ ၂ ဘက်လုံး သုတ်ထားအပ်လျှင် ဥလ္လိတ္တာဝလိတ္တကုဋိ မည်၏။

**မှတ်ချက်**။ ။အင်္ဂတေ၊ မြေညက် သုတ်ရာ၌ အတွင်းဘက် သုတ်သည့် အခါ အောက်မှစ၍ အထက်သို့ တက်ကာ တက်ကာ သုတ်၍ အပြင်ဘက် သုတ်သည့်အခါ အထက်မှစ၍ အောက်သို့ သက်ကာ သက်ကာ သုတ်ရသတဲ့။ ဥ= အထက်သို့ ရှေ့ရှု+အဝ =အောက်သို့ ရှေ့ရှု+လိတ္တ=သုတ်လိမ်းအပ်သည်။

**ကုဋိဆောက်ပုံ**။ ။ကုဋိကို အင်္ဂတေ၊ မြေညက် မသုတ်ခင် အမြုတ်သည် ဆောက်ရာ၌ မြေညက်များကို ရေဖြင့်နယ်၍ ထိုနံ့ ကိုလုံးကာ အုတ်စီသလိုစီခြင်း၊ အုတ်ကိုပင် စီခြင်း၊ သစ်သား၊ ထရံ၊ သက်ကယ်၊ ဓနိရွက်၊ ထန်းရွက် စသည်ကို (အလိုရှိရာ) ကာခြင်း မိုးခြင်း၊ တိုင်၊ ထုပ်၊ လျှောက်၊ တံခါး၊ လေသာပြူတင်း စသည် တပ်ခြင်းအားဖြင့် ထုံးစံအတိုင်း တည်ဆောက်ရသည်။ ဤ အမြုတ်သည် ဆောက်ရာ၌ အာပတ်နှင့် လုံးဝ မဆိုင်သေး။

ထို့နောက် ထို နံရံ အမိုး အကာ အားလုံးကို သုတ်ရိုးသုတ်စဉ် အတိုင်း အင်္ဂတေဖြင့် ဖြစ်စေ၊ မြေညက်ဖြင့်ဖြစ်စေ သုတ်ရသည်။ ထိုသို့ သုတ်သည့်အခါ အင်္ဂတေချင်း၊ မြေညက်ချင်း စပ်မိလျှင် (ဥလ္လိတ္တကုဋိ၌ အတွင်းဘက် သုတ်သင့် ရာကို အားလုံးသုတ်မိလျှင်၊ အဝလိတ္တကုဋိ၌ အပြင်ဘက် သုတ်သင့်ရာ အားလုံးကို သုတ်မိလျှင်၊ ဥလ္လိတ္တာဝလိတ္တကုဋိ၌ ၂ ဘက်လုံးကို အားလုံး သုတ်မိလျှင်) သံဃာဒိသေသ်အာပတ် သင့်သည်။ သုတ်သင့်ရာအရပ်များ ကွက်လပ် ကျန်နေ သေးလျှင်ကား (အာပတ်မသင့်အောင် တမင် ချန်ထားစေကာမူ) အာပတ် မသင့်။ [အာပတ်သင့်ရာ၌ ပမာဏာတိက္ကန္တ၊ အဒေသိတဝတ္ထုက တမျိုးမျိုး ဖြစ်မှ သင့်သည်ကိုလည်း သတိပြုပါ။]

**ကာရယမာနေန**။ ။[ကရ + ဏာယ + မာန၊] ကာရိတ် ဏာယပစ္စည်း အတွက် "ပြုစေ"ဟူသော အနက်အရ "ပဲခွပ်၊ ပုဆိန် စသည်ကို ငှားရမ်း၍ မြေတူးခိုင်းခြင်း၊ မြေနယ်ခိုင်းခြင်း၊ နံ့လုံးခိုင်းခြင်း၊ အစီခိုင်းခြင်း" စသည်ဖြင့် သူတပါးကို စေခိုင်းသော ရဟန်းသာ ရသော်လည်း မိမိ လုပ်ကောင်းသော ကိစ္စ၌ ကိုယ်တိုင် လုပ်သော ရဟန်းလည်း ကာရယမာနေနတွင် ပါဝင်သည်။

**အဿာမိကံ အတ္တုဒ္ဒေသံ**။ ။ကုဋိဆောက်လုပ်ရာ၌ တာဝန်ခံ ကျောင်း ဒကာ မရှိသောကြောင့် အဿာမိက "မည်သူ့ဘို့ ကုဋိပါနည်း"ဟု မေးလျှင် "မိမိဘို့"ဟု ညွှန်ပြရသောကြောင့် "အတ္တုဒ္ဒေသ"ဟု ခေါ်သည်။

**တတြိဒံ ပမာဏံ၊ ပေ၊ သတ္တန္တရာ**။ ။ဤကား "ပမာဏိကာ ကာရေ တဗ္ဗာ" အရ ကုဋိ၏ ပမာဏကို ပြသော ဝါကျတည်း။ ဘုရား အထွာတော်ဖြင့် အလျား ၁၂ ထွာ၊ အနံ ၇ ထွာသည် ထိုကုဋိ၏ ပမာဏဖြစ်သည်။ အလျားတိုင်း ရာ၌ နံရံအပြင်ဘက်က အစွန်းချင်း တိုင်းရာ၏။ အနံတိုင်းရာ၌ကား "အန္တရာ" ဟု မိန့်သောကြောင့် နံရံ၏ အတွင်းဘက် အစွန်းချင်း တိုင်းရမည်။

**စဉ်းစားဘွယ်**။ ။ဤ သိက္ခာပုဒ်၌ "ဘုရား တထွာသည် မဇ္ဈိမ ပုရိသ (အလယ် အလတ် ယောက်ျား)၏ အထွာဖြင့် "ဒိယဍ္ဎ ဟတ္ထ = တတောင့်ထွာ ရှိ၏"ဟု ဖွင့်ကြ၏။ သို့သော် ထိုစကားကို အငြင်းအခုံ မဖြစ်ပွားစေလိုသည့် အတွက် မစဉ်းစားဘဲ ကုဋိ၏ သဘောသွားကိုသာ စဉ်းစားပါတော့မည်။

၁။ ဤ ကျောင်းကုဋ္ဋ ကုဋိကို တည်ဆောက်ရာ၌ ကျောင်းဒကာ မရှိဘဲ ရဟန်းကိုယ်တိုင် "ဟိုလူ့ ခေါ်ရ၊ သည်လူ့ ခေါ်ရ၊ ဟိုဟာ ငှားရ၊ သည်ဟာ ငှားရနှင့်" အတော် ကြိုးစား၍ ဆောက်ရသည်။

၂။ ယခုလူတို့အထွာဖြင့် အလျား ၁၂ ထွာ၊ အနံ ၇ ထွာရှိသော ကျောင်း ငယ်သည် ယခု ကမ္မဋ္ဌာန်း ကျောင်းငယ်များအောက် မငယ်ပါ။ ခုတင်တလုံး ကောင်းကောင်းထားသာသည့်ပြင် နေရာအပိုပင် ကျန်ပါသေး၏။

၃။ ဘုရားရှင်ကလည်း ငယ်သည့်အတွက် အရေးမကြီးဘဲ "ပမာဏာဝါ အတိက္ကာမေယျ=ပမာဏလွန်လျှင် အာပတ်"ဟု ပညတ်တော်မူပါသည်။

၄။ ထိုအထွာထက် ၃ ဆ တက်လျှင်ကား အလျား ၃၆ ထွာ(၁၈ တောင်)၊ အနံ ၂၁ ထွာ (၁၀ တောင့် တထွာ)ရှိသောကြောင့် ကမ္မဋ္ဌာန်း ၃ ကျောင်းစာ (၃ ခန်း၊ ၂ ခန်းလောက်) ကြီးမားမည် ဖြစ်ရကား ခဲခဲယဉ်းယဉ်း ရှာဖွေ၍ တည်ဆောက်ရသော ထို ကုဋိအတွက် ထိုမျှလောက် ကြီးကျယ်သင့်-မသင့်ကို နှိုင်းချင့်ကြပါကုန်။

**ဘိက္ခူ အဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ။** ။ကိုယ့်ကိုယ်တိုင် တာဝန်ခံ၍ ကိုယ့်ကျောင်း ကိုယ်ဆောက်သော ရဟန်းသည် ပမာဏထက် မပိုလွန်စေရုံသာ မက ဆောက်ချင်သည့် နေရာ၌လည်း ဆောက်ခွင့်မရချေ။ "မည်သည့်နေရာ၌ ဆောက်သင့်သည်"ဟု ကျောင်းရာကို ညွှန်ပြဘို့ရာ ကျောင်းရာ ကြည့်ရှုမည့် ရဟန်းတို့ကို ထိုကျောင်းဆောက်ဘို့ ရည်မှန်းအပ်သောနေရာသို့ ပင့်ရမည်။ [ထို ပင့်ပုံအစီအစဉ်ကို ပါဠိတော်မှာရှုပါ။]ထိုသို့ ပင့်သည့်အခါ သံဃာအားလုံး လိုက်၍ ကြည့်နိုင်လျှင် သံဃာကုန် လိုက်ကြည့်၊ အားလုံး မလိုက်နိုင်လျှင် ၂ ပါး၊ ၃ ပါး စသည် ကျွမ်းကျင်နားလည်သောရဟန်းများကို သံဃာက သမ္မုတိပေး၍ ထိုရဟန်းများက ကျောင်းရာကို လိုက်ကြည့်ရသည်။

**တေဟိ ပေ၊ အနာရမ္ဘံ သပရိက္ကမနံ။** ။ထို သမ္မုတိရသော ရဟန်း များက ဘေးရန်လည်း ရှိ၊ ဥပစာလည်း မရှိလျှင် (သာရမ္ဘ အပရိက္ကမန နေရာ ဖြစ်နေလျှင်) "ဤနေရာ၌ မဆောက်နှင့်"ဟု တားမြစ်ရသည်။ ဘေးရန်လည်း မရှိ၊ ဥပစာလည်း ရှိလျှင် ထိုနေရာ၌ ဘေးရန်ကင်းကြောင်း၊ ဥပစာရှိကြောင်းကို သံဃာ့ထံ ပြန်၍ လျှောက်ရသည်။ ထို့နောက် ထို ကျောင်းရှင်ရဟန်းက သံဃာ့ အထံ ကျောင်းရာ ညွှန်ပြဘို့ တောင်းပန်၍ သံဃာက ဉတ်ကမ္မဝါစာဖြင့် ညွှန်ပြ ရသည်။ ဤ အစီအစဉ်ကို ပါဠိတော်ရင်း ကြည့်ပါ။

**အနာရမ္ဘ။** ။အာရမ္ဘ သဒ္ဒါသည် နှိပ်စက် ဖျက်ဆီးတတ်သော ဘေးရန် အန္တရာယ်ကို ဟော၏။ [န + အာရမ္ဘ = အနာရမ္ဘ = ဘေးရန် အန္တရာယ် မရှိသောအရပ်၊] အနာရမ္ဘကို ပြောင်းပြန် ပြန်၍ "သာရမ္ဘ"ခေါ် ဘေးရန်

ရှိသော အရပ်များကား–ပရွက်၊ ခြ စသည်ဖြင့် သနားဘွယ် သတ္တဝါကလေးများ၏ အမြဲနေရာအရပ်၊ ဆင်၊ မြင်း၊ သစ်၊ ကျား စသော ရန်မူတတ်သော သတ္တဝါတို့၏ အမြဲနေရာ အမြဲကျက်စားရာ အရပ်၊ ကောက်ပဲသီးနှံ စိုက်ပျိုးရာ အရပ်၊ ခိုးသူတို့ကို သတ်ဖြတ်ရာအရပ်၊ လမ်းဆုံကျသော အရပ် စသည်ဖြင့် မလွတ်လပ်သော အရပ်များတည်း။ ထို အရပ်များကို ပါဠိတော်၌ ရှုပါ။

**သ ပရိက္ကမန။** ။[ပရိက္ကမန = လှည့်ပတ်လောက်ရာ ဥပစာ + သ = ရှိသည်။] အကြောင်းကိစ္စရှိ၍ ထို ကျောင်းပတ်ပတ်လည်ကို လှည့်လည်လျှင် နွား ၂ ကောင်၊ သို့မဟုတ် ၄ ကောင်ကပ်အပ်သောလှည်းဖြင့် လှည့်ပတ်လောက်စေရမည်။ ထိုမျှလောက် ကျောင်းဥပစာရှိမှ "သ ပရိက္ကမန" ဟု ဆိုနိုင်သည်။ ထိုသို့ မလှည့်ပတ်လောက်အောင် ချောက်ကမ်းပါး စသည်နှင့် နီးကပ်နေလျှင်ကား အပရိက္ကမနအရပ် မည်၏။

**သာရမ္ဘေ၊ ပေ၊ ကာရေယျ။** ။ဤဝါကျ၌ ၁–သာရမ္ဘ ဖြစ်ခြင်း၊ ၂–အပရိက္ကမနဖြစ်ခြင်း၊ ဤ ၂ ချက်ကြောင့် ဒုက္ကဋ်အာပတ် ၂ ချက် သင့်သည်။ တချက်ချက်သာ ဖြစ်လျှင် ဒုက္ကဋ် ၁ ချက်သာ သင့်၏။

**ဘိက္ခူ ဝါ အနဘိနေယျ၊ ပမာဏံ ဝါ အတိက္ကာမေယျ။** ။ ဤဝါကျ ၂ ရပ်၌ ဝါ ၂ ချက်ရှိပုံကို သတိပြုပါ။ ကျောင်းနေရာ ကြည့်ဘို့ရန် ရဟန်းတို့ကို မပင့်ခြင်းကြောင့်လည်း သံဃာဒိသေသ် အာပတ်တချက် သင့်နိုင်၊ ပမာဏကို လွန်စေခြင်းကြောင့်လည်း အာပတ်တချက် သင့်နိုင်သည်။

**အင်္ဂါ ၆ ပါး၊ ၇ ပါး။** ။၁–ဥလ္လိတ္တစသော ကုဋီ ၃ မျိုးတွင် တမျိုးမျိုး ဖြစ်ခြင်း၊ ၂–အောက်ထစ်ဆုံး ကုဋီပမာဏရှိခြင်း၊ ၃–ကုဋီရာကို မညွှန်ပြအပ်ခြင်း၊ ၄–ပမာဏကို လွန်ခြင်း၊ ၅–မိမိအတွက် ဖြစ်ခြင်း၊ ၆–နေထိုင်ဘို့ရာ ဖြစ်ခြင်း၊ ၇–အင်္ဂတေ၊ မြေညက်တို့ ဆက်စပ်မိခြင်း။ အင်္ဂါ ၆ ပါး၊ ၇ ပါးနှင့် ညီလျှင် သံဃာဒိသေသ်အာပတ် သင့်၏။

> **[ဆောင်]** ဥလ္လိတ္တာဒိ, အစရှိသား, ကုဋီ ၃ လုံး, အောက်ဆုံး ပမာဏ,
> ကျောင်းဌာနလည်း, မပြ မညွှန်, ပမာဏ လွန်လျက်,မိမိတွက်
> တာ, နေထိုင်ရာနှင့်, လျော်စွာ သုတ်လေ, အင်္ဂတေမြေကို,
> စပ်စေမကြွင်း, အကြောင်းရင်း ဟု, ခြောက်ခင်း ခုနစ်လီ,
> လျော်အောင်ညီ, သင့်ပြီ ကုဋီက။

၂–"ကုဋီ၏ အောက်ထစ်ဆုံး ပမာဏ" ဟူသည် ၄ တောင်တည်း။ ထို ၄ တောင် အောက်ထစ်ဆုံးရှိမှ ကုဋီ ခေါ်သည်။ ၄ တောင်မျှ မကျယ်ဝန်းလျှင် နေထိုင်လောက်သော ကုဋီ မဟုတ်၊ အခြား တခုခုထားဘို့သာ ဖြစ်မည်။ [ဤ စကားဖြင့် အကျဉ်းဆုံး ၄ တောင်ရှိ၍ အလွန်ဆုံး အလျား ၁၂ ထွာ၊ အနံ

**၇။ ဝိဟာရကာရ သိက္ခာပုဒ်**

ဘိက္ခုနာ - သည်၊ သဿာမိကံ - ကျောင်းရှင် ဒါယကာရှိသော၊ အတ္တုဒ္ဒေသံ - သော၊ (ရှေ့ သိက္ခာပုဒ်အတိုင်း အနက်ပေး၊ ) မဟလ္လကံ - ကြီးသော၊ ဝိဟာရံ-ကျောင်းကို၊ ကာရယမာနေန - ဆောက်လုပ်စေလိုလသော်၊ ဘိက္ခူ-တို့ကို၊ ဝတ္ထုဒေသနာယ - ကျောင်းနေရာကို ညွှန်ပြဘို့ရာ၊ အဘိနေတဗ္ဗာ - ကုန်၏၊ တေဟိ ဘိက္ခူဟိ ဝတ္ထု (ကျောင်းနေရာကို၊) ဒေသေတဗ္ဗံ အနာရမ္ဘံ သပရိက္ကမနံ၊ သာရမ္ဘေ ဘိက္ခု ဝတ္ထုသ္မိံ အပရိက္ကမနေ၊ မဟလ္လကံ - ကြီးသော၊ ဝိဟာရံ - ကျောင်းကို၊ စေ ကာရေ

× × × × ×

၇ ထွာရှိသော ကျောင်းငယ်ကိုသာ ဤ၌ အလိုရှိအပ်သော "ကုဋိ"ဟု မှတ်ပါ။]

၅- "မိမိအတွက်ဖြစ်ခြင်း"ဟူရာ၌ မိမိနေထိုင်ဘို့ ဆောက်လုပ်မှသာ အာပတ်သင့်သည်။ သူတပါးဘို့ ဆောက်လျှင်ငှင်း၊ သူတပါး ဆောက်ပြီးကို အဆင်သင့်ရ၍ နေလျှင်ငှင်း အာပတ်မသင့်။

၆-"နေထိုင်ဘို့ရာဖြစ်ခြင်း"ဟူရာ၌ နေထိုင်ဘို့ ကျောင်းဖြစ်မှ သင့်သည်။ နေဘို့မဟုတ်ဘဲ ဥပုသ်ကျောင်း၊ ဆွမ်းစားကျောင်း စသည် ပြုလုပ်ရန် ဖြစ်လျှင် အာပတ်မသင့်။ ၇-"အင်္ဂတေ၊ မြေညက် ဆက်စပ်မိခြင်း" ဟူရာ၌ သုတ်သင့်ရာ အရပ်များကို အားလုံး စပ်အောင်သုတ်မိမှ အာပတ် သင့်သည်။ တခါသုတ်လောက် ကျန်နေသေးလျှင် သို့မဟုတ် တမင်ချန်ထားလျှင် အာပတ် မသင့်။

**မှတ်ချက်။** ။၃ နှင့် ၄ အင်္ဂါ ၂ မျိုးတွင် တမျိုးဖြစ်ရုံမျှဖြင့် သံဃာဒိသေသ် ၁ ချက်သင့်၏။ သို့ဖြစ်၍ အင်္ဂါ ၆ ပါးဆိုသည်။ ထို ၃-၄ ၂ မျိုးလုံး ဖြစ်လျှင် သံဃာဒိသေသ် ၂ ချက်သင့်၏။ သို့ဖြစ်၍ အင်္ဂါ ၇ ပါးဆိုသည်။

---

**၇။ ဝိဟာရကာရ သိက္ခာပုဒ်။** ။ရဟန်းသည် ကျောင်းဒကာရှိသော မိမိဘို့ ကျောင်းကြီးကို ဆောက်လုပ်စေလိုလျှင် ရဟန်းတို့ကို ကျောင်းနေရာ ညွှန်ပြဘို့ရန် ပင့်ရမည်။ ထို ရဟန်းတို့က ဘေးရန်မရှိရာ အရပ်၊ လှည်းတစီး လှည့်ပတ်လောက်ရာအရပ်ကို ညွှန်ပြရမည်။ဘေးရန်ရှိ၍ လှည်းမသွားသာသော အရပ်ဝယ် ကျောင်းကြီးကို ဆောက်ရာ၌ ကျောင်းနေရာ ညွှန်ပြဘို့ရန် ရဟန်းတို့ကို မပင့်လျှင် ထို မပင့်မှုကြောင့် သံဃာဒိသေသ်အာပတ် သင့်သည်။

**မဟလ္လကံ ဝိဟာရံ။** ။"ကြီးသောကျောင်း"ဟူရာ၌ ၁-ဆောက်လုပ်သူ ဒါယကာရှိသည့်အတွက် ကြီးမြတ်ခြင်း၊ အထက်တန်းကျခြင်း၊ ၂-သံယာစိတကုဋိထက် ပမာဏကြီးလိုလျှင် ကြီးနိုင်ခြင်း။ဤ ၂ မျိုးလုံးပင် ရ၏။၁-အဓိပ္ပာယ်

ယျ-အံ့၊ ဘိက္ခု-ရဟန်းတို့ကို၊ ဝတ္ထုဒေသနာယ-ငှာ၊ စေ အနဘိနေယျ ဝါ-အကယ်၍ မပင့်ဘဲသာလျှင် နေအံ့၊ တဿ ဘိက္ခုနော သံဃာဒိ သေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

အလို ရှေ့သိက္ခာပုဒ်က ကုဋိထက် အချွယ် မကြီးသော်လည်း ကျောင်းဒကာ ရှိသည့်အတွက် မဟလ္လက ခေါ်နိုင်၏။ ၂-အဓိပ္ပာယ်အလို သံဃာစိတကုဋိမှာ ပမာဏထက် မလွန်စေရ။ ဤကျောင်းကား ပမာဏလွန်သော်လည်း အပြစ်မရှိ ဟု အဓိပ္ပာယ်ရသည်။ ဝိဟာရအရ "ကျောင်း" ဟူသည် ရှေ့သိက္ခာပုဒ်၌ပြခဲ့သော အင်္ဂတေ၊ မြေညက် တခုခုဖြင့် သုတ်အပ်သော ဥလ္လိတ္တ စသော ကျောင်း ၃ မျိုး ပင်တည်း။ အချုပ်မှာ-ဤသိက္ခာပုဒ်၌ ကျောင်းရှင် ဒါယကာရှိခြင်း၊ ပမာဏ သတ်မှတ်ချက် မရှိ(အလိုရှိသလောက် ကြီးကြီး ငယ်ငယ် ဆောက်နိုင်) ခြင်းသာ ရှေ့သိက္ခာပုဒ်မှ ထူးသည်။

**မှတ်ချက်။** ။အင်္ဂတေ၊ မြေညက် သုတ်အပ်သော ဥလ္လိတ္တ စသော ကျောင်း ၃ မျိုးကိုသာ ဆိုလိုသောကြောင့် ယခုကာလ သစ်သားကျောင်း စသည်နှင့် အင်္ဂတေ မသုတ်အပ်သော အုတ်တိုက်တို့မှာ ဤ သိက္ခာပုဒ်အရ ကျင့်ဘွယ်မလို။ အင်္ဂတေသုတ် အုတ်တိုက်ပင် ဖြစ်သော်လည်း သံဃိကကျောင်း ဖြစ်လျှင် အတ္တုဒ္ဒေသမဟုတ်၍ ဤသိက္ခာပုဒ်အရ ပြုကျင့်ဘွယ်မလို။ အင်္ဂတေ သုတ် အုတ်တိုက်ကိုပင် (မုဂ္ဂလိက)ဖြစ်၍ ကိုယ်တိုင်ကြပ်မ စီမံရလျှင်ကား ဤ သိက္ခာပုဒ်အရ ကျင့်ရမည်။ ကိုယ့်အတွက် ဖြစ်စေကာမူ ဒကာ ကြပ်မ ဆောက် လျှင်၊ သို့မဟုတ် အခြားရဟန်း ကြပ်မလျှင် ဤသိက္ခာပုဒ်အရ ကျင့်ဘွယ်မလို။

**ဘိက္ခူ ဝါ အနဘိနေယျ။** ။ဤ၌ ဝါသဒ္ဒါသည် ရှေ့သိက္ခာပုဒ်လာ ဝါ သဒ္ဒါကဲ့သို့ ဝိကပ်အနက် မရ၊ "အယံ ဝါသော မဟာနာဂေါ=ထို ဆင်ပြောင် ဟူသည် ဤဆင်ပင်တည်း" ဟူရာ၌ ဝါသဒ္ဒါ အဝဓာရဏအနက် ရှိသကဲ့သို့ ဤ ဝါသဒ္ဒါလည်း အဝဓာရဏအနက် ရှိ၏။ ဤ သိက္ခာပုဒ်၌ ဝိကပ်ပြုဘို့ရာ တွဲဘက်မရှိ။ "ဘိက္ခူ ဝါ အနဘိနေယျ ဝတ္ထုဒေသနာယ" ဟု တဝါကျတည်း ရှိရကား ရဟန်းတို့ကို မပင့်ခြင်းကြောင့်သာ အာပတ်သင့်သည်ဟု ဆိုလိုသည်။

**အင်္ဂါ ၆ ပါးသာ။** ။ပမာဏကို လွန်ခြင်းဟူသော (ရှေ့သိက္ခာပုဒ်ပြ ၄ နံပါတ်) အင်္ဂါ မလိုသောကြောင့် အင်္ဂါ ၆ ပါးသာ ရှိသည်ကိုလည်း သတိ ပြုပါ။

[**ဆောင်**] ကုဋိကာရ, အင် ခုနစ်ဝတွင်, ပမာဏ လွန်ပယ်,
ကျန်ခြောက်သွယ်, သင့်ဘွယ် ဝိဟာရ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ကုဋိကာရ သိက္ခာပုဒ်ကို လိုရင်း အချုပ်မျှ မြန်မာပြန်ပါ။

ခ ။ သံယာစိတာ အရ ကိုယ်တိုင်တောင်းပုံကို ပြ၍ ထို သံယာစိတ ကုဋိ၏ အလျား အနံ ပမာဏကို ဘုရားအထွာဖြင့် မည်မျှရှိ၍ မဇ္ဈိမ ပုရိသ အထွာဖြင့် မည်မျှရှိသည်ကို ပြပါ။

ဂ ။ ဤ သိက္ခာပုဒ်၌ အလိုရှိအပ်သော ကုဋိမျိုးကိုပြ၍ ထိုကုဋိများ ဆောက်လုပ်ပုံကို အသီးသီး ပြပါ။

ဃ။ ထို ကုဋိများကို ဆောက်လုပ်ရာ၌ မည်သည့်အခါ အာပတ်သင့်သနည်း။

င ။ အဿာမိကံ၊ အတ္တုဒ္ဒေသံတို့၏ ဆိုလိုရင်းကို ပြပါ။

စ ။ ဘိက္ခု အဘိနေတဗ္ဗာ အရ မည်သည့် အရပ်သို့ မည်သည့်အလုပ် လုပ်ရန် ပင့်ရမည်နည်း။

ဆ။ အနာရမ္ဘမှ ပြောင်းပြန်ဖြစ်သော သာရမ္ဘ အရပ်ဟူသည် မည်ကဲ့သို့သော အရပ်များပါနည်း။ ထိုအရပ်များကို ၄-၅ မျိုးမျှ ထုတ်ပြပါ။

ဇ ။ သပရိက္ကမန၊ အပရိက္ကမန နေရာများကို ခွဲခြားပြပါ။

ဈ ။ သာရမ္ဘအတွက်၊ အပရိက္ကမနအတွက်၊ ဘိက္ခု အနဘိနေယျအတွက်၊ ပမာဏ အတိက္ကာမေယျအတွက် သင့်ရသော အာပတ်များကို ခွဲခြား ဖော်ပြပါ။

ဉ။ ကုဋိကာရ သိက္ခာပုဒ် အင်္ဂါများကို ဖော်ပြ၍ ၆ ပါး၊ ၇ ပါး ကွဲပြားခြင်း၏ အကြောင်းကိုလည်း ပြပါ။

ဋ ။ ဝိဟာရကာရသိက္ခာပုဒ်ကို လိုရင်း အချုပ်မျှ မြန်မာပြန်ပြီးလျှင် မဟလ္လက အဓိပ္ပာယ်ကိုရင်း၊ သိက္ခာပုဒ် အင်္ဂါကိုရင်း ပြပါ။

ဌ ။ ယခုကာလ အင်္ဂတေ မသုတ်ရသော သစ်သားကျောင်း စသည်နှင့် မသုတ်ဘဲထားသော အုတ်တိုက်များကို ဤ မဟလ္လကဝိဟာရ အရ ယူနိုင်မည်လော၊ အင်္ဂတေသုတ် အုတ်တိုက်များ၌ ပုဂ္ဂလိက (တပါး ပိုင်) ဖြစ်လျှင် ဤ ဝိဟာရကာရသိက္ခာပုဒ် အရ၌ မပြုကျင့်ဘဲလည်း နေနိုင်မည်လော။

ဍ ။ ကုဋိကာရသိက္ခာပုဒ်နှင့် ဝိဟာရကာရ သိက္ခာပုဒ် အထူးကိုပြ၍ ဝိဟာရ ကာရ သိက္ခာပုဒ်လာ ဝါသဒ္ဒါ၏ အနက်ကိုလည်း ပြပါ။

၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်

ယော ပန ဘိက္ခု-သည်၊ ဘိက္ခုံ-ကို၊ ဒုဋ္ဌော-ဒေါသက ဖျက်ဆီးအပ်သည်၊ ဒေါသော - ဒေါသ အတွက် သူတပါးကိုလည်း ဖျက်ဆီးတတ်သည်၊ အပ္ပတီတော-ပီတိသုခစသည်တို့ မကပ်ရောက်အပ်သည် (ဟုတွာ-ဖြစ်၍၊) အမူလကေန-အခြေအမြစ်မရှိသော၊ ပါရာဇိကေန ဓမ္မေန - ပါရာဇိကအာပတ်ဖြင့်၊ အနုဒ္ဓံသေယျ - စွပ်စွဲ ဖျက်ဆီးအံ့၊ (ကိံ - အဘယ်အလိုဆန္ဒဖြင့် စွပ်စွဲသနည်း၊) နံ-ထိုရဟန်းကို၊ ဣမမှာ ဗြဟ္မစရိယာ-ဤမြတ်သောအကျင့်မှ၊ အပ္ပေဝနာမ စာဝေယျံ-ရွှေ့လျောစေနိုင်တန်ရာ၏၊ (ဣတိ - ဤ အလို ဆန္ဒဖြင့် စွပ်စွဲအံ့၊) တတော - ထို စွပ်စွဲရာအခါမှ အပရေန သမယေန

× × × × ×

၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်။ ။ဒေါသစိတ်ဖြင့် ရဟန်းကို သာသနာမှ ရွှေ့လျောစေလို၊ လူထွက်စေလို၍ အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

**ဒုဋ္ဌော**။ ။[ဒုသဓာတ်, ကံဟော တပစ္စည်းတည်း။] မည်သူမဆို ဒေါသ ဖြစ်နေလျှင် စိတ်ကောင်း နှလုံးကောင်း မရှိနိုင်တော့ဘဲ ထိုဒေါသက ထိုသူ၏ စိတ်ကို ဖျက်ဆီးရာရောက်၏။ "ထိုသူ့စိတ်သည် နဂိုအတိုင်း စိတ်ကောင်း နှလုံးကောင်း မဟုတ်တော့ဘဲ ဒေါသ၏ အဖျက်အဆီးကို ခံရသဖြင့် စိတ်ပျက် စိတ်ဆိုး ဖြစ်နေတော့သည်"ဟူလို။

**ဒေါသော**။ ။[ဒုသဓာတ်, ကတ္တားဟော ဏပစ္စည်းတည်း။] ဒေါသ ဖြစ်နေလျှင် မိမိစိတ်သာ ပျက်စီးသည် မဟုတ်သေး၊ ထို ဒေါသစိတ်ကြောင့် "ဟိုလူ့ ပြောချင်၊ သည်လူ့ ဆိုချင်နှင့်" သူတပါးကိုလည်း နှိပ်စက် ဖျက်ဆီး တတ်သည်။ ဤသို့လျှင် ပုဂ္ဂိုလ်တယောက်တည်းကိုပင် အဖျက်ဆီးခံရပုံ အခြင်း အရာကို စွဲ၍ "ဒုဋ္ဌော"ဟုဂုဏ်၊ သူတပါးအား နှိပ်စက်ဖျက်ဆီးတတ်ပုံ အခြင်း အရာကို စွဲ၍ "ဒေါသော"ဟုဂုဏ် ဆိုရပေသည်။

**အပ္ပတီတော**။ ။ပတီတော၌ "ပတိပုဗ္ဗ-ဣဓာတ်၊ တပစ္စည်း" တည်း။ ပတိ=ရှေးရှု + ဣတော = ရောက်အပ်သည်၊ န+ပတီတော, အပ္ပတီတော၊ ဒေါသဖြစ်သည့်အခါ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော ပီတိ သုခ စသည်တို့ ထိုသူ့ စိတ်အစဉ်မှာ မကပ်ရောက်ကြသည်ကို "အပ္ပတီတော"ဟု ဆိုသည်။ [ပတိ ဥပသာရ၏ အစ အက္ခရာ၌ ဒွေဘော်ရောက်မြဲဖြစ်၍ အပ္ပတီတော ဟု ရှိရသည်။]

သမနုဂ္ဂါဟိယမာနေ၁ဝါ အသမနုဂ္ဂါဟိယမာနေ၁ဝါ (စတုတ္ထ ပါရာဇိက ပြန်ကြည့်၊) တံ အမိကရဏံ - ထို အာပတ္တာ ဓိကရဏ်းသည်၊ အမူလကဉ္စေဝ - အခြေအမြစ် မရှိသည်လည်း၊ ဟောတိ - ဖြစ်အံ့၊ ဘိက္ခုစ-စွပ်စွဲသောရဟန်းသည်လည်း၊ ဒေါသံ-အပြစ်ကို၊ ပတိဋ္ဌာတိ- စွဲ၍ တည်ရတော့၏၊ ဝါ-ဝန်ခံရတော့၏၊ တဿ ဘိက္ခုနော သံဃာဒိ သေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

**အမူလကေန ပါရာဇိကေန**။ ။ပါရာဇိကအာပတ်ဖြင့် သူတပါးကိုစွပ်စွဲ ရာဝယ် အချို့ ပါရာဇိကမှာ အခြေအမြစ်ရှိ၍ အချို့ပါရာဇိကမှာ အခြေအမြစ် မရှိချေ။ ခဲ့ဦးအံ့—ပါရာဇိကမှု ကျူးလွန်နေသော ရဟန်းတပါးကို ကိုယ်တိုင် မြင်အံ့၊ ထိုရဟန်းကို ပါရာဇိကဖြင့် စွပ်စွဲခြင်းသည် မြင်ခြင်း ဟူသော အခြေ အမြစ် ရှိ၏။ သူတပါးထံမှ တဆင့်ကြား၍ စွပ်စွဲလျှင်လည်း ကြားခြင်းဟူသော အခြေအမြစ် ရှိ၏။ မာတုဂါမနှင့် ဆိတ်ကွယ်ရာ၊ သို့မဟုတ် မှောင်အတွင်း၌ နေသည်ကို တွေ့၍ "ပါရာဇိကမှု ကျူးကျော်လေသလား"ဟု ယုံမှားသံသယ ဖြစ်သောကြောင့် စွပ်စွဲလျှင်လည်း ယုံမှားခြင်း ဟူသော အခြေအမြစ် ရှိ၏။ ဤသို့လျှင် ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ(မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း)၃ ပါးကို ပါရာဇိကဖြင့် စွပ်စွဲဘို့ရန် မူလ (အကြောင်းရင်း အခြေခံ၊ အခြေအမြစ်) ဟု ခေါ်၏။ ထိုသို့ မူလ (အခြေအမြစ်) မရှိသော ပါရာဇိကကို အမူလကပါရာဇိက ဟု ခေါ်သည်။ [ဤ၌ ပါရာဇိက အရ ပါရာဇိကအခန်း အဆုံး၌ ပြခဲ့သော ပါရာဇိက ၂၄ ပါးတွင် ဘိက္ခုနီနှင့်သာဆိုင်သော ၅ပါးကို နုတ်၍ ကျန် ၁၉ ပါးသော ပါရာဇိကများကို ယူပါ။]

**အပ္ပေဝနာမ၊မံ၊ဣမမှာ၊ စာဝေယျန္တိ**။ ။ဤ ဝါကျကား စွပ်စွဲသောရဟန်း၏ အလိုဆန္ဒကိုပြသော ဝါကျတည်း။ခဲ့ဦးအံ့—သူတပါးကို စွပ်စွဲရာ၌ ၁-ဆဲလို၍ စွပ်စွဲခြင်း၊ ၂-အာပတ်ကို မရှုလျှင် နှင်ထုတ်ဘို့ရန် ဥက္ခေပနီယကံ စသည်ကို ပြုလို၍ စွပ်စွဲခြင်း၊ ၃-အာပတ်မှ ထမြောက်စေလိုသော စေတနာကောင်းဖြင့် စွပ်စွဲခြင်း စသည်ဖြင့် အလိုဆန္ဒ အမျိုးမျိုးရှိ၏။ ဤ သိက္ခာပုဒ်လာ စွပ်စွဲခြင်းမှာ ထို ရဟန်းကို သာသနာမှ ရွေ့လျောစေလိုသော ဆန္ဒဖြင့် စွပ်စွဲခြင်းတည်း။

**မှတ်ချက်**။ ။"ဣမမှာ ဗြဟ္မစရိယာ" အရ မြတ်သောအကျင့် ဟူသည် သာသနာတော်ပင်တည်း။ "အပ္ပေဝနာမ"ကား "အပိ+ဧဝ+နာမ" နိပါတ် ၃ ခုကို ပေါင်းထားသော ပုဒ်အပေါင်းတည်း။ ဤ အပ္ပေဝနာမသည် သံသယတ္ထ (မိမိအလုပ်ကို ယုံမှားခြင်း၊ မိမိအလုပ်၏ အသေအချာ မဟုတ်ခြင်း၊ ထမြောက်

မည်-မပြောက်မည်ကို မသိရခြင်းအနက်)ရှိ၏။ ထို့ကြောင့် "အပေ့ဝနာမ စာဝေယျံ-ရွှေ့လျောစေနိုင်တန်ရာ၏"ဟု အနက်ပေးသည်။ ဤ၌ "ရွှေ့လျော" ဟူသည် လူထွက်ရခြင်းပင်တည်း။

**တတော အပရေန၊ ပေ၊ ပတိဋ္ဌာတိ။** ။"တတော အပရေန သမယေန၊ ပေ၊ ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော" ဟု ဆိုသောကြောင့် စာသွားအတိုင်း အမှတ်တမဲ့ စဉ်းစားလျှင်"ထိုကဲ့သို့ စွပ်စွဲပြီးနောက်၌ အပြစ်ကို ဝန်ခံမှ သံဃာဒိသေသ်အာပတ် သင့်သည်"ဟု ထင်မှတ်ဘွယ်ရှိ၏။ စင်စစ်မှာ စွပ်စွဲပြီးစကပင် အာပတ်သင့်ခဲ့ပြီ။ ဤ "တတော အပရေန"စသော ဝါကျမှာ စွပ်စွဲမှု၏ အခြေအမြစ် မရှိပုံ ထင်ရှားရာကာလကိုပြသော ဝါကျဖြစ်သည်။

**သမနုဂ္ဂါဟီယမာနော ဝါ။** ။သာသနာတော်၌ စွပ်စွဲမှု ဖြစ်သည့်အခါ တရားရုံး၌ တရားသူကြီးက စစ်သကဲ့သို့ သမ္မုတိရသော ထေရ်က စောဒကကို "ငါ့ရှင်က ဤရဟန်းကို ပါရာဇိကဖြင့် စွပ်စွဲရာ၌ ဤရဟန်းနှင့်စပ်၍ ငါ့ရှင်သည် ဘာကို မြင်သလဲ၊ ဘယ်လိုနေသည်ကို မြင်သလဲ၊ ဘယ်အခါ မြင်သလဲ၊ ဘယ် အရပ်မှာ မြင်သလဲ၊ ဘာကို ကြားသလဲ၊ ဘာကို သံသယဖြစ်သလဲ"စသည်ဖြင့် မေးမြန်းရသည်။ ဤသို့ အစစ်အဆေးခံရမှ အပြစ်ကို ဝန်ခံသူလည်း ရှိ၏။

**အသမနုဂ္ဂါဟီယမာနော ဝါ။** ။ထိုသို့ အစစ်ဆေး မခံရဘဲ မိမိဘာသာ အပြစ်ကို ဝန်ခံသူလည်း ရှိ၏။ [ဤ သမနုဂ္ဂါဟီယမာနော ဝါ၊ အသမနုဂ္ဂါဟီယ မာနော ဝါ ၂ ပုဒ်ကို "ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ"၌ လှမ်းစပ်။ "မေးအပ်သည် ဖြစ်စေ၊ မမေးအပ်သည်ဖြစ်စေ အပြစ်ကို ဝန်ခံရတော့သည်" ဟူလို။]

**အမူလကဉ္စေဝ တံ အဓိကရဏံ။** ။အဓိကရဏံအရ ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါ ဓိကရဏ်း၊ အာပတ္တာ ဓိကရဏ်း၊ ကိစ္စာ ဓိကရဏ်း ဟု ၄ မျိုး ရှိ၏။ အကျယ်ကို အဓိကရဏသမထ အခန်းကျမှ ပြပါဦးမည်။ ဤ သိက္ခာပုဒ်လာ အဓိကရဏ်းဟူသည် အာပတ်နှင့် စပ်၍ဖြစ်သော အာပတ္တာဓိကရဏ်းတည်း။

**ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ။** ။"ဒေါသ" ဟူသည် စွပ်စွဲရာ၌ အမှန် မဟုတ်ဘဲ လိမ်လည်မှု အပြစ်တည်း။ ပတိဋ္ဌာတိ၌ သဒ္ဒါနက်အားဖြင့် "စွဲ၍ တည်ရတော့၏"ဟု ထွက်၏။ "အပြစ်ကို စွဲ၍ တည်ခြင်း" ဟူသည် အပြစ်၌ တန့်ရပ်ခြင်း၊ အပြစ်၌ အဆုံးသတ်ခြင်း၊အပြစ်မှ မရှောင်လွှဲနိုင်တော့ခြင်းတည်း။ မရှောင်လွှဲနိုင်ခြင်းဟူသည်လည်း "တပည့်တော် မဟုတ် မတရား စွပ်စွဲမိပါပြီ" ဟု အပြစ်ကို ဝန်ခံခြင်းပင် ဖြစ်သည်။

**အင်္ဂါ ၅ ပါး။** ။၁-ရဟန်း အရေအတွက်တွင် ပါဝင်ခြင်း၊ ၂-ထိုသူ၌ ပါရာဇိကအာပတ်မှ စင်ကြယ်သူဟု အမှတ်ရှိခြင်း၊ ၃-မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဟူသော အခြေအမြစ် မရှိခြင်း၊ ၄-သာသနာမှ ရွှေ့လျောစေလို၍

မျက်မှောက်၌ စောဒနာခြင်း၊ ၅-အစွပ်စွဲခံရသူက မိမိကို စွပ်စွဲမှန်း ချက်ချင်း သိခြင်း။ ဤအင်္ဂါ ၅ ပါးတည်း။....[၁-ပါရာဇိက ကျနေစေကာမူ သူ့ကိုယ်သူ ရဟန်းဟု ဝန်ခံနေသေးလျှင် ရဟန်းအရေအတွက်တွင် ပါဝင်၏။ ၂-စွပ်စွဲသူ မိမိကလည်း ပါရာဇိကမှ စင်ကြယ်သူဟု အထင်ရှိနေခြင်း၊ ၄-စွပ်စွဲအပ်သော ရဟန်း၏ မျက်မှောက်၌ တိုက်ရိုက်စွပ်စွဲခြင်း၊ တိုက်ရိုက် မဟုတ်ဘဲ ကွယ်ရာမှ စွပ်စွဲနေလျှင် ဤသိက္ခာပုဒ်ဖြင့် အပြစ်မသင့်။]

**မှတ်ချက်။** ။ကိုယ့်ကိုယ်တိုင် နှုတ်ဖြင့်စွပ်စွဲမှုမဟုတ်၊ တယောက်ယောက်ကို မိမိကိုယ်စား စွပ်စွဲခိုင်းခြင်း၊ လက်ပြ ခြေပြဖြင့် စွပ်စွဲခြင်းများလည်း ဤသိက္ခာပုဒ် အရ အပြစ်သင့်သည်သာ။ စေခိုင်းရာ၌ အခိုင်းခံရသူက သူ့သဘောမဟုတ်ဘဲ ခိုင်းသူ၏သဘောအတိုင်းသာ စွပ်စွဲလျှင် အခိုင်းခံရသူမှာ အပြစ်မရှိ၊ သူ့သဘော ကိုပါ ပြောပြ စွပ်စွဲလျှင် အခိုင်းခံရသူမှာလည်း သံဃာဒိသေသ်ပင်။

**[ဆောင်]** ရဟန်းများတွင်, ရေတွက်ဝင်၍[၁], သန့်စင်သသူ, ထင်မှတ်ယူ လျက်[၂], အမူလက[၃], သမ္မုခလျှင်း, စွပ်စွဲခြင်းတည့်[၄], ချက်ချင်း သိဟု[၅], ကြောင်းရှိ ငါးလီ, အင်္ဂါညီ, သင့်ပြီ ဒုဋ္ဌဒေါသ။

**လေ့ကျင့်ခန်း မေးခွန်းများ**

**က**။ ပထမ ဒုဋ္ဌဒေါသသိက္ခာပုဒ် ပါဠိကို အကျဉ်းချုပ် မြန်မာပြန်ပါ။

**ခ** ။ အမူလကေန ပါရာဇိကေန၌ အဘယ်ကို မူလဟု ခေါ်၍ ပါရာဇိကေန အရ အဘယ် ပါရာဇိကတို့ကို ဤသိက္ခာပုဒ်၌ ယူရမည်နည်း။

**ဂ** ။ "အပ္ပေဝနာမ၊ ပေ၊ စာဝေယျံ" ကား ဘာကိုပြသော ဝါကျပါနည်း။ သူတပါးကို စွပ်စွဲရာ၌ အလိုဆန္ဒ အမျိုးမျိုးရှိရာတွင် ၃ မျိုးမျှ ဖော်ပြ၍ ဤသိက္ခာပုဒ်၌ ယူရမည့် အလိုဆန္ဒကိုလည်း ပြပါ။

**ဃ**။ ဤသိက္ခာပုဒ်အင်္ဂါကို ပြ၍ အောက်ပါအချက်ကို ဆုံးဖြတ်လိုက်ပါ။

(၁) ပါရာဇိကကျပြီးသော ရဟန်းတုကို ဒုဋ္ဌဒေါသဖြင့် စွပ်စွဲလျှင် ဤ သိက္ခာပုဒ်အရ အပြစ်ရှိ-မရှိ။

(၂) ကွယ်ရာကနေ၍ စွပ်စွဲလျှင် ဤသိက္ခာပုဒ်အရ အပြစ်ရှိ-မရှိ။

(၃) စုဒိတက၏ မျက်မှောက်သို့ တိုက်ရိုက်သွား၍ စွပ်စွဲဘို့ရန် စေခိုင်း ရာ၌ ခိုင်းသည့်အတိုင်း စွပ်စွဲလျှင် ခိုင်းသူမှာ အပြစ်ရှိ-မရှိ။ အခိုင်း ခံရသူမှာလည်း အပြစ်ရှိ-မရှိ။

၉။ ဒုတိယ ဒုဋ္ဌဒေါသ

ယော ပန ဘိက္ခု ဘိက္ခုံ ဒုဋ္ဌော ဒေါသော အပ္ပတီတော (ရှေ့အတိုင်း အနက်ဆိုပါ) အညဘာဂိယဿ- တပါးသောအဘို့၏ဥစ္စာဖြစ်သော၊ အဓိကရဏဿ - နာမည်တည်ရာ၏၊ ကိဉ္စိ-တစုံတခုသော၊ ဒေသံ-ညွှန်ပြအပ်သော၊ လေသမတ္တံ-အမြွက်မျှကို၊ ဥပါဒါယ - စွဲ၍၊ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျ "အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျန္တိ"၊ တတော အပရေန သမယေန သမနုဂ္ဂါဟီယမာနော ဝါ အသမနုဂ္ဂါဟီယမာနော ဝါ၊ အညဘာဂိယဉ္စေဝ တံ အဓိကရဏံ - ထို အာပတ္တာဓိကရုဏ်းသည်၊ —

× × × × ×

**၉။ ဒုတိယ ဒုဋ္ဌဒေါသ။** ။[ဤသိက္ခာပုဒ်ကို အညဘာဂိယ သိက္ခာပုဒ် ဟုလည်း ခေါ်၏။] ရဟန်းသည် အခြားရဟန်းကို လူထွက်ရအောင် ဖျက်ဆီးလိုသော ဒေါသစိတ်ရှိရကား ထိုရဟန်းနှင့်စပ်သော နာမည်ကို အခြားသတ္တဝါ စသည်အပေါ်၌ တင်ပြီးလျှင် "ထိုရဟန်းကို သာသနာမှ ရွေ့လျောစေနိုင်ပါမူ ကောင်းလေစွ" ဟု သဘောထား၍ ထိုနာမည်ကို ညွှန်ပြပြီးလျှင် ပါရာဇိကဖြင့် စွပ်စွဲအံ့၊ သံဃာဒိသေသ် အာပတ်သင့်၏။

**အညဘာဂိယဿ အဓိကရဏဿ။** ။[အညဘာဂဿ = တပါးသော အဘို့၏ (အခြားတမျိုး၏) +ဣယ=ဥစ္စာ၊ အဓိကရဏ သဒ္ဒါသည် (အဓိကရဏ သာဓန ဟူရာ၌ကဲ့သို့) "တည်ရာ" ဟူသော အနက်ကို ဟော၏။] မေတ္တိယ ဘူမဇက ရဟန်းတို့သည် ရဟန္တာဖြစ်သော အရှင်ဒဗ္ဗကို စွပ်စွဲလိုသောအခါ အရှင်ဒဗ္ဗမှာ စွပ်စွဲစရာ အပြစ်မရှိ၍ အပြစ်ရှာနေကြစဉ် တနေ့သ၌ ဆိတ်မကို မေထုန်မှီဝဲနေသော ဆိတ်ဖိုကို တွေ့ကြရာဝယ် ဆိတ်ဖိုကို "ဒဗ္ဗ မလ္လပုတ္တ" ဟု နာမည်ပေး၍ ဆိတ်မကို "မေတ္တိယာ"ဟု ရဟန်းမတယောက်၏ နာမည်ကို ပေးကြလေသည်။ ဤ၌ ဆိတ်ဖိုနှင့် ဆိတ်မတို့သည် "ဒဗ္ဗ မလ္လပုတ္တ၊ မေတ္တိယာ" ဟူသော နာမည်များ၏ တည်ရာ "အဓိကရဏ" ဖြစ်ကြ၏။ [နာမည်ဟူရာ၌ ဇာတိနာမည် (ခတ္တိယ)၊ ဂေါတ္တနာမည် (ဂေါတမ)၊ နာမ နာမည် (ဒဗ္ဗ၊ မေတ္တိယာ) စသည်ဖြင့် အမျိုးမျိုးရှိသည်။]

**အညဘာဂိယဖြစ်ပုံ။** ။ဆိတ်ဖိုကို "ဒဗ္ဗ မလ္လပုတ္တ" ဟု နာမည်ပေးရာ၌ အရှင်ဒဗ္ဗ၏ လူဇာတ် ရဟန်းအဖြစ်က တဘို့၊ ဆိတ်ဖို၏ တိရစ္ဆာန်ဇာတ် ဆိတ်ဖိုအဖြစ်က တဘို့အားဖြင့် ၂ ပက္ခ၊ ၂ ဘို့ ကွဲလျက် ရှိ၏။ ထိုတွင် "အညဘာဂ" အရ "တပါးသော အဘို့" ဟူသည် လူဇာတ် ရဟန်းအဖြစ်မှ တပါးသော တိရစ္ဆာန်ဇာတ် ဆိတ်ဖိုအဖြစ်တည်း။ ထို "တပါးသောအဘို့၏ ဥစ္စာ"

**တပါးသော အဘို့၏ ဥစ္စာသည်လည်း၊ ဟောတိ - အံ့၊ ကောစိ - တစုံ တခုသော၊ ဒေသော- ညွှန်ပြအပ်သော၊ လေသမတ္တော - အမြွက်မျှသည်၊ ဝါ- ကို၊ ဥပါဒိန္နော-ယူအပ်သည်၊ (ဟောတိ ဖြစ်အံ့၊) ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ, သံဃာဒိသေသော။**

× × × × ×

ဟူသည် ဆိတ်သတ္တဝါတည်း။ အချုပ်မှာ–အညဘာဂိယ၌ အည၏အပါဒါန်ကို လူဇာတ် ရဟန်းအဖြစ်ကိုခံ၍ တပါးသော တိရစ္ဆာန်ဇာတ် ဆိတ်ဖိုအဖြစ်ကို "အညဘာဂ" ဟု ခေါ်ပြီးလျှင် ထို အညဘာဂ၏ဥစ္စာ (အညဘာဂနှင့် စပ်သောအရာ) မှာ ဆိတ်သတ္တဝါ ဖြစ်သည် ဟူလို။ ဤကား ဝတ္ထုအလိုက် အဓိပ္ပာယ်တည်း။ [ဦးတိဿကို ပါရာဇိကဖြင့် စွပ်စွဲလိုသောအခါ နွားမ၌ မေထုန်မှီဝဲနေသော နွားထီးကို တိဿဟု နာမည်မှည့်၍ အဓိပ္ပာယ် ပြောပါ။]

**ကိဉ္စိဒေသံ** ။ဒိဿတိ (အပဒိဿတိ) – ညွှန်ပြအပ်၏၊ ဣတိ- ထို့ကြောင့်၊ ဒေသော - ဒေသမည်၏။ ဤဒေသသည် ဇာတိ၊ ဂေါတ္တ၊ နာမ စသောအားဖြင့် ၁၀ ပါးရှိ၏။ ညွှန်ပြအပ်ပုံကား–မင်းဇာတ်ရှိသော ရဟန်းတပါး ပါရာဇိကမှု ကျူးလွန်နေသည်ကို မြင်ပြီးနောက် မိမိရန်သူဖြစ်သော မင်းဇာတ်ရှိသူ အခြား ရဟန်းကို စွပ်စွဲလိုသောအခါ ထိုမင်းဇာတ်ကို အစွဲပြု၍ "မင်းဇာတ်ရှိသော သင်သည် ပါရာဇိကမှုကို ကျူးလွန်၏" ဟု စွပ်စွဲရာ၌ မင်းဇာတ်သည် ညွှန်ပြ အပ်သော ဒေသမည်၏။ အရှင်ဒဗ္ဗကို စွပ်စွဲကြရာ၌ကား ဆိတ်ဖိုကို "ဒဗ္ဗ မလ္လ ပုတ္တ" ဟု နာမည်ပေးကြပြီးနောက် ထိုဆိတ်နှင့် နာမည်တူဖြစ်နေသော အရှင် ဒဗ္ဗကို စွပ်စွဲကြသည်။ ထို့ကြောင့် "ဒဗ္ဗ မလ္လပုတ္တ" ဟူသော နာမည်သည် ညွှန်ပြ အပ်သော ဒေသမည်၏။ "ညွှန်ပြ" ဆိုသည်ကား "မင်းဇာတ်ရှိသော သင်သည်၊ ဒဗ္ဗမည်သော သင်သည်" ဟု ညွှန်ပြ ပြောဆိုခြင်းတည်း။

**လေသမတ္တံ**။ ။လိဿတိ (သိလိဿတိ) – အခြားဝတ္ထုကိုလည်း ငြိကပ် တတ်၏။ ဣတိ–ကြောင့်၊ လေသော – လေသ မည်၏။ ဤလေသဟူသည်လည်း ထို ဇာတိ၊ ဂေါတ္တ၊ နာမ စသောအားဖြင့် ၁၀ ပါးပင်တည်း။ မင်းတယောက်၏ ခတ္တိယဇာတ်သည် အခြား မင်းတယောက်အပေါ်၌လည်း ငြိကပ်၏၊ ထို့ကြောင့် ခတ္တိယဇာတ်သည် လေသ မည်၏။ "အခြား မင်းတယောက်ကိုလည်း ခတ္တိယ ဟု သုံးနှုန်းနိုင်ခြင်းကို ငြိကပ်သည်" ဟု ဆိုသည်။ ဂေါတ္တ၊ နာမတို့ လေသ ဖြစ်ကြ ပုံကိုလည်း ပြောပါ။ ဤလေသကိုပင် ရှေးဆရာတို့က "အမြွက်" ဟု အနက် ပေးကြ၏။ တိုက်ရိုက် မဟုတ်ဘဲ ဆင်တူရိုးမှားလောက် ဖြစ်သော အရာကို အမြွက်ဟု သုံးစွဲ၍ "အမြွက်ထောင်" ဟု ပြောလေ့ရှိသည်။ ထို အမြွက်ထောင် ခြင်းကိုပင် "လေသ=စကားကပ်ခြင်း" ဟု သုံးစွဲလေ့ ရှိကြသည်။

**လေသမတ္တ ဥပါဒါယ။** ။မတ္တသဒ္ဒါသည် အနည်းငယ်ဟူသော အနက်ကို ဟော၏။ မင်းဇာတ်ရှိသော ရဟန်းတပါး၏ ခတ္တိယဇာတ်ကို စွဲ၍ အခြားမင်းဇာတ်ရှိသော ရဟန်းကို စွပ်စွဲရာ၌ မင်းဇာတ်ချင်းသာတူသည်၊ "ပါရာဇိက ကျူးလွန်မှု"ဟူသော လိုရင်းအချက်ကား မတူချေ။ ဤသို့ အနည်းငယ်တူသော ခတ္တိယဇာတ်လောက်ကို စွဲမှီခြင်းကို "လေသမတ္တံ ဥပါဒါယ"ဟု ဆိုသည်။

**အင်္ဂါ ၆ ပါး။** ။ဒုဋ္ဌဒေါသ၌ ပြခဲ့သော အင်္ဂါ ၅ ပါးအပြင် "အညဘာဂိယာဓိကရဏ၏ တစုံတခု ညွှန်ပြအပ်သော အမြွက်မျှကို စွဲယူခြင်း"ဟူသော အင်္ဂါကို အပိုထည့်၍ အင်္ဂါ ၆ ပါးရှိသည်ဟု မှတ်ပါ။

[**ဆောင်**] ရှေ့ဒုဋ္ဌ ဒေါသ, အင်္ဂါ၀တွင်, အညဘာဂိ, တည်ရာ၏လျှင်, ကိဉ္စိဒေသ, အမြွက်မျှကို, စွဲယူပို, မှတ်လို ဒုတိယ, ဒုဋ္ဌဒေါသ။

**ကာလအပိုင်းအခြား တူများ။** ။၁–သိက္ခာချမှု၊ ၂–(စတုတ္ထပါရာဇိကလာ) အဘူတာရောစန–မဟုတ်မမှန်ပြောမှု၊ ၃–ဒုဋ္ဌုလ္လသိက္ခာပုဒ်အရ ဒုဋ္ဌုလ္လ ၀ါစာ ပြောမှု၊ ၄–အတ္တကာမသိက္ခာပုဒ်အရ အတ္တကာမ ပြောမှု၊ ၅–ဤဒုဋ္ဌ ဒေါသဖြင့် စွပ်စွဲမှု၊ ၆–ပါစိတ်၌လာမည့် ဘူတာရောစန အမှုတို့သည် ပြောပြီးလျှင် ပြီးချင်း သိမှုအားဖြင့် ကာလအပိုင်းအခြား တူကြလေသည်။

[**ဆောင်**] သိက္ခာကိုချ, အဘူတနှင့်, ဋ္ဌုလ္လ၀ါစာ, အတ္တကာတည်း, ဒုဋ္ဌာ ဒေါသ, ဘူတရောစန်, ဤ ၆ တန်တို့, ပိုင်းရန်ကာလ, တူညီမျှ, သိရ ချက်ချင်းသာ။

**လေ့ကျင့်ခန်း မေးခွန်းများ**

**က။** ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်ကို မြန်မာပြန်၍ အင်္ဂါကိုလည်း ပြပါ။

**ခ။** ရှင်ဒဗ္ဗကို စွပ်စွဲသော ရဟန်းများသည် ဆိတ်မ၌ ဆိတ်ဖိုကျင့်ပုံကို မြင်ကြရ၀ယ် ထို ဆိတ်ဖိုနှင့် ဆိတ်မကို အဘယ်သို့ နာမည်ပေးကြသနည်း။

**ဂ။** ထို ၀တ္ထုသွားအလိုက် အညဘာဂိယ၌ အည၏ အပါဒါန်ကိုင်း၊ အညဘာဂအရကိုင်း၊ အညဘာဂိယအရကိုင်း ဖော်ပြပါ။

**ဃ။** ကိဉ္စိဒေသံ လေသမတ္တံအရ "ဒေသ–လေသ" ၁၀ ပါးရှိရာ ၃ မျိုးမျှကို ဖော်ပြ၍ "ဒေသ"အရ ညွှန်ပြပုံကို ထင်ရှားအောင် ပြပါ။

**င။** လေသမတ္တံ ဥပါဒါယ၌ "လေသ"အရ အခြား၀တ္ထု၌ ငြိကပ်ပုံကိုင်း မတ္တ၏ အနက်ကိုင်း၊ စွဲမှီပုံကိုင်း ပြပါ။

**စ။** ဤ ဒုဋ္ဌဒေါသနှင့် ကာလအပိုင်းအခြားတူသော အရာများကို ပြပါ။

**၁၀။ သံဃဘေဒ သိက္ခာပုဒ်**

ယော ပန ဘိက္ခု - သည်၊ သမဂ္ဂဿ - ညီညွတ်သော၊ သံဃဿ - သံဃာ၏၊ ဘေဒါယ - ကွဲပြားခြင်းငှာ၊ ပရက္ကမေယျ - အားထုတ်အံ့၊ ဘေဒန သံဝတ္တနကံ - သံဃာကွဲပြားခြင်း အကျိုးငှာဖြစ်သော၊ အဓိကရဏံဝါ - အကြောင်းကို မူလည်း၊ သမာဒါယ - ယူ၍၊ ပဂ္ဂယှ - ချီးမြှောက်ပြီ၊ တိဋ္ဌေယျ - တည်အံ့၊ သော ဘိက္ခု - ထိုရဟန်းသည်၊ ဝါ - ထိုရဟန်းကို၊ ဘိက္ခူဟိ - မြင်ကုန် ကြားကုန်သော ရဟန်းတို့သည်၊ ဧဝံ-ဤသို့၊ ဝစနီယော - ပြောဆိုထိုက် သည်၊ အဿ - ဖြစ်၏။

(ကိံ - အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ - အရှင်သည်၊ **သမဂ္ဂဿ သံဃဿ, ဘေဒါယ - ငှာ၊ မာ ပရက္ကမိ - အားမထုတ်ပါနှင့်၊ ဘေဒန သံဝတ္တနကံ အဓိကရဏံဝါ သမာဒါယ ပဂ္ဂယှ-၍၊ မာ အဋ္ဌာသိ- မတည်ပါနှင့်၊** အာယသ္မာ - အရှင်သည်၊ သံဃေန - သံဃာနှင့်တကွ၊

× × × × ×

**၁၀။ သံဃဘေဒ သိက္ခာပုဒ်။** ။ တသိမ်တည်း၌ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်လျှင် ထိုရဟန်းကို "သံဃာကွဲပြားအောင် အားမထုတ်ပါနှင့်"ဟု တားမြစ် ပြောဆိုရမည်။ ထိုသို့ တားမြစ် ပြောဆိုအပ် ပါလျက် ရှေးအတိုင်းပင် မိမိ၏အယူဝါဒကို ချီးမြှောက်နေသေးအံ့၊ (မလျှော့ဘဲ အားကြိုးမာန်တက် လုပ်နေသေးအံ့၊) ထိုဝါဒကို စွန့်လွှတ်အောင် ထိုရဟန်းကို အခြားရဟန်းများက သမနုဘာသနကံ ပြုရမည်။ ထို သမနုဘာသနကံ ပြုစဉ် (ပြု၍ မပြီးခင်) ထိုဝါဒကို စွန့်လိုက်လျှင် (သံဃာဒိသေသ်အာပတ် မသင့်ဘဲ့ အကြောင်းဖြစ်၍ )ကောင်းပေ၏။ မစွန့်လျှင်ကား သံဃာဒိသေသ် အာပတ် သင့်ရတော့သည်။ [ဤ၌ သံဃာချင်းကွဲပြားအောင် အားထုတ်ရုံမျှဖြင့် သံဃာ ဒိသေသ် မသင့်သေး။ ဉတ်ဖြင့် တားမြစ်၊ တားမြစ်၍ မရမှ ကံပြု၊ ကံပြု၍မပြီးခင် အားထုတ်မှုကို စွန့်လျှင်လည်း သံဃာဒိသေသ် မသင့်သေး၊ ကံပြု၍ ပြီးသည့် တိုင်အောင် မစွန့်မှ သံဃာဒိသေသ် သင့်သည်ကို သတိပြုပါ။]

**သမဂ္ဂဿ သံဃဿ၊ ပေ၊ ပရက္ကမေယျ။** ။ဤ၌ သမဂ္ဂသံဃာဟူသည် သိမ်တွင်း၌ ကံပြုဘို့ရန် စည်းဝေးနေကြသော သံဃာတည်း။ သိမ်ပြင်ဘက်၌ နေခိုက် သံဃာကို မဆိုလို။ "ကွဲပြားအောင် အားထုတ်ခြင်း"ဟူသည် "ဤ သမဂ္ဂသံဃာသည် ဘယ်လိုနည်းဖြင့် အသီးသီး ကွဲပြားလျက် ဝဂ္ဂ ဖြစ်ပါ အံ့နည်း၊ ဝဂ်ဖြစ်အောင် ဘယ်လို လုပ်ရပါမည်နည်း"ဟု စဉ်းစား၍ သူ့ဘက် ပါမည့် ရဟန်းများကို ရှာခြင်း၊ အသင်းအပင်း ဖွဲ့ခြင်းတည်း။

**သမေတု**-ညီညွတ်ပါလေ၊ ဟိ-ညီညွတ်ရကျိုးကား၊ သမဂ္ဂေါ - ညီညွတ်**သော**၊ သံဃော-သံဃာသည်၊ သမ္မောဒမာနော—လွန်စွာ ဝမ်းမြောက်သည်၊ အဝိဝဒမာနော—ဆန့်ကျင်ဘက် မပြောဆိုရသည်၊ ဧကုဒ္ဒေသော—တခုတည်းသော ပါတိမောက်ပြရခြင်းရှိသည်၊ (ဟုတွာ-ဖြစ်၍၊) ဖာသု-ချမ်းသာစွာ၊ ဝိဟရတိ-နေရပါ၏၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏။

ဧဝဉ္စ-ဤသို့လျှင်၊ သောဘိက္ခု-သည်၊ ဝါ-ကို၊ ဘိက္ခူဟိ—မြင်ကုန်ကြားကုန်သော ရဟန်းတို့သည်၊ ဝုစ္စမာနော - ပြောဆိုအပ်ပါလျက်၊ တထေဝ - ထို ရှေးအတိုင်းသာလျှင်၊ ပဂ္ဂဏှေယျ- ချီမြှောက်အံ့၊ သော ဘိက္ခု - ထိုရဟန်းကို၊ ဘိက္ခူဟိ - ရဟန်းတို့သည်၊ တဿ - ထိုအယူကို၊ ပဋိနိဿဂ္ဂါယ - စွန့်ဘို့ရာ၊ ယာဝတတိယံ – ၃ ကြိမ် တိုင်အောင်၊ သမနုဘာသိတဗ္ဗော - ဉတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုထိုက်၏၊ ယာဝတတိယံ - ၃ ကြိမ်တိုင်အောင်၊ သမနုဘာသိယမာနော - ဉတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုအပ်စဉ်၊ တံ - ထိုအယူကို၊ စေ ပဋိနိဿဇ္ဇေယျ - အကယ်၍ စွန့်အံ့၊ ဣစ္စေတံ – ဤသို့ စွန့်ခြင်းသည်၊ ကုသလံ-ကောင်း၏၊ **နောစေ** ပဋိနိဿဇ္ဇေယျ-အကယ်၍ မစွန့်အံ့၊ တဿ ဘိက္ခုနော သံဃာဒိ**သေသော** အာပတ္တိ နိဿဂ္ဂိယာ ဟောတိ။

× × × × ×

**ဘေဒန သံဝတ္တနကံ ဝါ အဓိကရဏံ**။ ။ဤ၌ "အဓိကရဏ"သဒ္ဒါသည် "အကြောင်း" ဟူသော အနက်ဟောတည်း။ သံဃာ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းဟူသည်လည်း "အဓမ္မံ ဓမ္မောတိ ဒီပေတိ" စသည်ဖြင့် စူဠဝဂ္ဂ-သံဃဘေဒကခန္ဓကာ၌ လာသည့်အတိုင်း ၁-အဓမ္မကို ဓမ္မဟူ၍ ပြခြင်း၊ ၂-ဓမ္မကို အဓမ္မဟူ၍ပြခြင်း စသည်ဖြင့် ၁၈ ပါးရှိ၏။ [အကုသလကမ္မပထ ၁၀ ပါးသည် အဓမ္မတည်း။ ထို အဓမ္မကိုပင် "ဓမ္မ"ဟု ပြောင်းပြန်ပြန်၍ အများနားလည်အောင် ချဲ့ကာ ထွင်ကာ ပြောခြင်းကို "အဓမ္မကို ဓမ္မဟု ပြခြင်း" ဟုဆိုသည်။ ဤနည်းအတိုင်း ကုသိုလ်ဓမ္မကို အဓမ္မဖြစ်အောင် ပြောပုံကိုလည်း သိပါ။] ဤသို့ ပြခြင်းသည်ပင် ထိုစကားကို ယုံကြည်သော သံဃာနှင့် မယုံကြည်သော သံဃာတို့ ကွဲပြားဘို့အကြောင်း ဖြစ်လေတော့သည်။

**သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ**။ ။အဓမ္မ စသည်ကို ဓမ္မ စသည်ဟု မိမိယူထားသော ဝါဒကို လက်ကိုင်လုပ်ထားခြင်းကို "သမာဒါယ - ကောင်းစွာယူ၍"ဟု ဆိုသည်။ ထိုသို့ လက်ကိုင်လုပ်ပြီးလျှင် ထိုဝါဒကို အများသဘော

ကျအောင် အမှုန်းတင်ခြင်း၊ မှန်ကန်ကြောင်း ဟောပြော ပြသခြင်းကို "ပဂ္ဂယှ တိဋ္ဌေယျ=ချီမြှောက်၍ တည်ခြင်း"ဟု ဆိုသည်။ ယခုကာလ နိုင်ငံရေးသမားတို့ ဝါဒတခုခုကို လက်ကိုင်ပြုပြီးလျှင် ထိုမိမိဝါဒ ကောင်းကြောင်းကို မြှောက်ပင့် ပြောဆိုကာ ဝါဒပြန့်ပွားရေးပြုလုပ်ကြသကဲ့သို့တည်း။ဤသို့ ကြိုးစားပြီးနောက် မိမိဘက်သား အတော်များသည့်အခါ တသိမ်တည်း၌ သံဃာစည်းဝေးနေစဉ် မိမိဝါဒကို ပြောပြ၍ မိမိဘက်သား သံဃာများကို ထိုသိမ်တွင်းမှာပင် တနေရာ ရွေ့စေလျက် တသီးတခြား ကံပြုလျှင် သံဃဘေဒကကံ ထိုက်၏။ ထို့ကြောင့် သံဃဘေဒကကံကို ရဟန်းသာ ပြုနိုင်ကြောင်း သတိပြုပါ။

**သော ဘိက္ခု၊ပေ၊ဝစနီယော။** ။ဤသိက္ခာပုဒ်ကား ထို ပြခဲ့သည့်အတိုင်း သံဃဘေဒကံ ပြုဖြစ်သည့်တိုင်အောင် ဆိုင်းငံ့မနေရ၊ သံဃာကွဲပြားအောင် အားထုတ်ခိုက်မှာပင် တွေ့ကြ၊ ကြားကြသော ရဟန်းတို့က တားမြစ် ပြောဆို ကြရမည်။ တွေ့လျက်၊ ကြားလျက် မတားမြစ်လျှင် မတားမြစ်သူတို့မှာ ဒုက္ကဋ် အာပတ်သင့်၏။ [ကြားသော ရဟန်းတို့မှာ တယူဇနာဝက် ခရီးဝေးစေကာမူ သွား၍ တားမြစ်ရမည်ဟု အဋ္ဌကထာ ဆိုထားသည်။]

**မာယသ္မာ၊ပေ၊ဖာသု ဝိဟရတိ။** ။ဤဝါကျတို့ကား တားမြစ်ပြောဆိုပုံ ပြသော ဝါကျတည်း။ "ငါ့ရှင်....၊ ညီညွတ်နေသောသံဃာကို ကွဲပြားအောင် အားမထုတ်ပါနှင့်၊ ကွဲပြားခြင်းကို ဖြစ်စေမည့် အကြောင်းအရာများကိုလည်း လက်ကိုင်ပြုကာ အများသိလောက်အောင် ချီမြှောက်၍ မတည်ပါနှင့်၊ (ဝါဒ ပြန့်ပွားရေး မလုပ်ပါနှင့်)၊ ငါ့ရှင်သည် သံဃာနှင့် ဓမ္မ အဓမ္မ စသော အယူ အဆဝယ် ညီညွတ်ပါစေ၊ သံဃာ ညီညွတ်နေလျှင် အချင်းချင်း ဝမ်းမြောက် ဝမ်းသာရှိရ၊ တဘက်က ဓမ္မ၊ တဘက်က အဓမ္မ စသည်ဖြင့်လည်း ဆန့်ကျင်ဘက် မပြောရ (မငြင်းရ၊ မခုံရ)၊ ပါတိမောက်ကိုလည်း အတူတကွ ရွတ်ပြရသဖြင့် ချမ်းသာစွာ နေနိုင်ပါသည်"ဟူလို။ [ဤ၌ "သမဂ္ဂေါ၊ပေ၊ ဖာသု ဝိဟရတိ" ကား သံဃာ ညီညွတ်ခြင်း၏ အကျိုးကိုပြသော ဝါကျတည်း။ ဤ အကျိုးပြ ဝါကျကို အကြောင်းလုပ်၍ "ကိံ ကာရဏာ"ဟု အဋ္ဌကထာ ဖွင့်သည်။]

**ဝေဋ္ဌ၊ ပေ၊ တထေဝ ပဂ္ဂဏှေယျ။** ။"မာယသ္မာ ဘေဒါယ ပရက္ကမိ" စသော စကားတို့ကို ၁ ကြိမ်၊ ၂ ကြိမ်၊ ၃ ကြိမ်တိုင်အောင် ပြော၍ သူ၏အယူ ဝါဒကို တားမြစ်ရမည်။ သံဃာ့အလယ်သို့ မခေါ်သေးဘဲ ၃ ကြိမ်တိုင်အောင် ပြော၍ မရလျှင် (သူ့အယူ မစွန့်လျှင်) သံဃာ့အလယ်သို့ အတင်းဆွဲ၍ "ငါ့ရှင်၊ သံဃာ့ဘေဒကကံဆိုတာ လွန်စွာ အပြစ်ကြီးပါသည်၊ သံဃာ ကွဲပြားအောင် အားမထုတ်ပါနှင့်" စသည်ဖြင့် ၃ ကြိမ်တိုင်အောင် ပြောရဦးမည်။ ထိုသို့ပြော၍ မရဘဲ သူ့ဝါဒကို ချီမြှောက်နေသူကို "တထေဝ ပဂ္ဂဏှေယျ" ဟု ဆိုသည်။

**၁၁။ ဘေဒါနုဝတ္တက သိက္ခာပုဒ်** တဿေဝ ဘိက္ခုဿ- ထို သံဃာသင်းခွဲသော ရဟန်း၏ပင်၊ အနုဝတ္တကာ – နောက်လိုက် ဖြစ်ကုန်သော၊ ဝဂ္ဂဝါဒကာ-ဝဂ်ဖြစ်ကြောင်း စကားကို ပြောဆိုတတ်ကုန်သော၊ **ဧကောဝါ** – ၁ ပါးသော်လည်း ဖြစ်သော၊ ဒွေဝါ-၂ ပါးသော်လည်း ဖြစ်ကုန်သော၊ တယောဝါ- ၃ ပါးသော်လည်းဖြစ်ကုန်သော၊ ဘိက္ခူ-တို့သည်၊ **ဟောန္တိ**-ကုန်အံ့။

× × × × ×

**ယာဝတတိယံ၊ ပေ၊ ပတိနိဿဇ္ဇေယျ။** ။"ထိုအယူကိုစွန့်ဘို့ရာ (ထိုအယူစွန့်အောင်) သမနုဘာသနကံ ပြုရမည်"ဟူရာ၌ ထိုအယူဟူသည် "အဓမ္မကို ဓမ္မဟု ယူခြင်း"စသော ဘေဒကရဝတ္ထုများတည်း။ ထို့ကြောင့် ပါဠိတော်၌ "တဿ ဝတ္ထုဿ"ဟု ဟောတော်မူသည်။ သမနုဘာသနကံပြုပုံကို သိက္ခာပုဒ် ပါဠိတော်ရင်းမှာ ရှုပါ။

**ယာဝတတိယံ၊ပေ၊သံဃာဒိသေသော။** ။"သမနုဘာသိယမာနော"၌ မာနပစ္စည်းသည် ပစ္စုပ္ပန်အနက်ဟောတည်း။ ပြောဆိုအပ်စဉ် (တတိယကမ္မဝါစာဝယ် "သော ဘာသေယျ"၌ ယျအက္ခရာသို့ မရောက်ခင်) သူ့အယူကို စွန့်လိုက်အံ့၊ ထိုသို့ စွန့်ခြင်းသည် ကောင်း၏။ "ကောင်း"ဆိုသည်ကား သံဃာဒိသေသ်အာပတ် မသင့်ခြင်းတည်း။ တတိယကမ္မဝါစာဝယ် "ယျ" တိုင်အောင် သူ့အယူကို မစွန့်လျှင်ကား သံဃာဒိသေသ် သင့်တော့၏။

**အင်္ဂါ ၄ ပါး။** ။ ၁–သံဃာကွဲအောင် အားထုတ်ခြင်း၊ ၂–ဓမ္မကံ ဖြစ်သော သမနုဘာသနကံ ပြုခြင်း၊ ၃–ကမ္မဝါစာ ပြီးဆုံးခြင်း၊ ၄–အယူကို မစွန့်ခြင်းတည်း။ ["ဓမ္မကံ"ဟု လာသမျှ၌ ဝိနည်းလမ်းနှင့် လျော်ညီသော ကံချည်း ဖြစ်စေရမည်ဟု မှတ်ပါ။]

**[ဆောင်]** သံဃာကွဲမှု, လုံ့လပြု၍ ¹, သမနုဘာသနံ, ဓမ္မကံတည်း², ကမ္မဝါစာ, ပြီးဆုံးရာဝယ် ³, မြဲစွာ ယူလျှင်း, မစွန့်ခြင်းဟု ⁴, ကြောင်းရင်း လေးလီ, အင်္ဂါညီ, သင့်ပြီ ဘေဒက။

---

**၁၁။ ဘေဒါနုဝတ္တက။** ။ ဤ သိက္ခာပုဒ်ကား သံဃာသင်းခွဲသော ရဟန်း၏ နောက်လိုက်များ သံဃာဒိသေသ်အာပတ် သင့်ကြောင်းကို ပြသော သိက္ခာပုဒ်တည်း။ ဤ၌လည်း နောက်လိုက်ရှိမှုဖြင့် သံဃာဒိသေသ်မသင့်သေး၊ သံဃာကွဲပြားအောင် အားထုတ်နေသော ရဟန်းဘက်သို့ မည်သည့်ရဟန်းများ

**တေ** – ထို **ရဟန်းတို့သည်၊** **ဧဝံ**-ဤသို့၊ ဝဒေယျုံ-ပြောဆိုကုန်အံ့၊ (**ကိံ** – အဘယ်သို့ ပြောဆိုကုန်သနည်း၊) **အာယသ္မန္တော** – အရှင်တို့၊ (တုမ္ဟေ-**အရှင်တို့သည်၊**) **တေ** ဘိက္ခူ-**ထိုရဟန်းကို၊** **ကိဉ္စိ** – **ဘာကိုမျှ၊** မာ အဝစုတ္ထ-မဆိုကြပါကုန်လင့်၊ **ဧသော** **ဘိက္ခု** – ထို **ရဟန်းသည်၊** ဓမ္မဝါဒီစ-အမှန်ကိုလည်း **ပြောလေ့ရှိပါ၏၊** **ဧသော** ဘိက္ခု-သည်၊ ဝိနယဝါဒီစ-ငြိမ်းအေးရေးကိုလည်း **ပြောလေ့ရှိပါ၏၊** **ဧသော** ဘိက္ခု-**သည်၊** အမှာကဉ္စ – တပည့်တော်တို့၏လည်း၊ ဆန္ဒဉ္စ-အလိုကိုဝှင်း၊ ရုစိဉ္စ – အကြိုက်ကိုဝှင်း၊ အာဒါယ-ယူ၍၊ ဝေါဟရတိ-ပြောဆိုပါ၏၊ **နော**-တပည့်တော်တို့၏ (**ဆန္ဒစသည်ကို**)၊ ဇာနာတိ-**သိပါ၏၊** **နော**-တပည့် တော်တို့နှင့်တကွ၊ ဘာသတိ-ပြောဆို တိုင်ပင်ပါ၏၊ **အမှာကံပိ**-တပည့် တော်တို့အား**လည်း၊** **ဧတံ**-သူပြုသမျှ ထိုအမှုသည်၊ **ခမတိ – နှစ်သက်**ပါ၏၊ **ဣတိ**-ဤသို့ ပြောဆိုကုန်အံ့။

× × × × ×

ပါနေသည်ဟု ကြားရ၊ မြင်ရသော ရဟန်းတို့က တားမြစ်၍မရလျှင် သမနုဘာသနကံ ပြုရမည်။ ထို သမနုဘာသနကံ ဆုံးသည့်တိုင်အောင် သူတို့အယူကို မစွန့်မှ သံဃာဒိသေသ်အာပတ် သင့်သည်။ [ပါဠိကြည့်၍ မြန်မာပြန်ပါ။]

**တဿေဝ ခေါ်ပန၊ ပေ၊ အနုဝတ္တကာ။** ။အနုဝတ္တကာအရ "နောက်လိုက်"ဟုရာ၍ သံဃာကွဲပြားအောင်ပြုသော ရဟန်း၏နောက်မှ တကောက်ကောက် လိုက်ခြင်းကို ဆိုလိုသည်မဟုတ်။ ထိုရဟန်းက အဓမ္မကို ဓမ္မဟု ယူ၏။ အဓမ္မကို ဓမ္မဟု နှစ်သက်၏။ အဓမ္မကို ဓမ္မဟု ကြိုက်၏။ ထိုရဟန်းယူသည့်အတိုင်း နှစ်သက်သည့်အတိုင်း၊ ကြိုက်သည့်အတိုင်း၊ လိုက်၍ ယူခြင်း၊ နှစ်သက်ခြင်း၊ ကြိုက်ခြင်းကို "နောက်လိုက်"ဟု ဆိုလိုသည်။

**ဝဂ္ဂဝါဒကာ။** ။ဝဂ္ဂသဒ္ဒါသည် "အစု" ဟူသော အနက်ကို ဟော၏။ သမဂ္ဂသဒ္ဒါကား "အားလုံး"ဟူသောအနက်၊ "ညီညွတ်"ဟူသော အနက်ကို ဟော၏။ အဓမ္မကို ဓမ္မဟု ယူလျှင်(ပြောလျှင်) အဓမ္မကို ဓမ္မဟု ယူသောအစုက တဘက်၊ အဓမ္မကို အဓမ္မဟု ယူသောအစုက တဘက်အားဖြင့် ၂ စု၊ ၂ ဘက် ကွဲပြားရတော့၏။ ဤသို့လျှင် ညီညွတ်နေသော သမဂ္ဂသံဃာ၏ ဝဂ္ဂဖြစ်ကြောင်း စကားဟူသည် အဓမ္မကို ဓမ္မဟု ပြောဆိုခြင်း စသော ၁၈ ပါးတို့ ပင်တည်း။ ထို့ကြောင့် ဝဂ္ဂအရ "အစု"ကိုသာ မယူဘဲ အစုဖြစ်ကြောင်း (သံဃာကွဲပြားကြောင်း)စကားကို ယူပါ။ [အကျိုးဝင်ဖြစ်ခြင်း၏ ဝဂ္ဂအမည်ကို အကြောင်းစကားပေါ်၌ တင်စား၍ ဖလူပစာရအားဖြင့် ဝဂ္ဂဟု ခေါ်သည်။ ]

တေ ဘိက္ခူ – ထိုရဟန်းတို့သည်၊ ဝါ – ထိုရဟန်းတို့ကို၊ ဘိက္ခူဟိ–
မြင်ကုန် ကြားကုန်သော ရဟန် တို့သည်၊ ဧဝံ – သို့၊ ဝစနီယာ – ပြောဆို
ထိုက်ကုန်သည်၊ အဿု – ဖြစ်ကုန်၏၊ (ကိံ – အဘယ်သို့ ပြောဆိုထိုက်
ကုန်သနည်း၊ ) အာယသ္မန္တော – အရှင်တို့၊ (တုမှေ – အရှင်တို့သည်၊)
ဧဝံ-ဤသို့၊ မာ အဝစုတ္ထ – မပြောကြကုန်လင့်၊ ဧသော ဘိက္ခု – သည်၊
န စ ဓမ္မဝါဒီ – အမှန်ကို ပြောလေ့ရှိသူလည်း မဟုတ်၊ ဧသော ဘိက္ခု–
သည်၊ န စ ဝိနယဝါဒီ – ငြိမ်းအေးရေးကို ပြောလေ့ရှိသူလည်း မဟုတ်၊
အာယသ္မန္တာနံပိ – အရှင်တို့အားလည်း၊ သံဃဘေဒေါ – သံဃာကွဲပြား
ခြင်းသည်၊ မာရုစ္စိတ္ထ – မနှစ်သက်ပါလင့်၊ အာယသ္မန္တာနံ – အရှင်တို့၏၊
(စိတ္တံ – စိတ်သည်၊) သံဃေန – သံဃာနှင့်တကွ၊ သမေတု – ညီညွတ်
ပါလော၊ သမဂ္ဂေါဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော
ဧကုဒ္ဒေသော ဖာသု ဝိဟရတိ၊ ဣတိ – ဤသို့ ပြောဆိုထိုက်ကုန်၏။

ဧဝဉ္စ-လျှင်၊ တေ ဘိက္ခူ-ထိုရဟန်းတို့သည်၊ ဝါ-တို့ကို၊ ဘိက္ခူဟိ–
ရဟန်းတို့သည်၊ ဝုစ္စမာနာ – ပြောဆိုအပ်ကုန်သော်၊ တထေဝ – လျှင်၊
ပဂ္ဂဏ္ဍေယျုံ – ချီမြှောက်ကုန်အံ့၊ တေ ဘိက္ခူ – တို့ကို၊ ဘိက္ခူဟိ–ရဟန်း
တို့သည်၊ တဿ – ထိုအယူကို၊ ပဋိနိဿဂ္ဂါယ ယာဝတတိယံ သမနု
ဘာသိတဗ္ဗာ–ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုထိုက်ကုန်၏၊ ယာဝ
တတိယံ–အောင်၊ သမနုဘာသီယမာနာ – ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန်
ပြောဆိုအပ်ကုန်စဉ်၊ တံ – ထိုအယူကို၊ စေ ပဋိနိဿဇ္ဇေယျုံ – အကယ်၍
စွန့်ကုန်အံ့၊ ဣစ္စေတံ ကုသလံ၊ နောစေ ပဋိနိဿဇ္ဇေယျုံ – ကုန်အံ့၊ တေသံ
ဘိက္ခူနံ – တို့၏၊ သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

**ဧကော ဝါ ဒွေ ဝါ တယော ဝါ**။ ။ကံသည် နှိပ်နင်းကြောင်း ဖြစ်သော
"နိဂ္ဂဟ"ကံ၊ ချီမြှောက်ကြောင်း ဖြစ်သော "ပဂ္ဂဟ"ကံ ဟု ၂ မျိုးရှိ၏။ ဤ
သိက္ခာပုဒ်၌လာသော သမနုဘာသနကံသည် နိဂ္ဂဟကံမျိုးတည်း။ ထို နိဂ္ဂဟကံ
ပြုရာ၌ အနှိပ်ခံရသူကလည်း ၄ ပါး–၄ ပါးထက်များသော သံဃာဖြစ်နေလျှင်
ကံပြုသော သံဃာကိုပင် သူတို့ကလည်း ပြန်၍ ကံပြုဘွယ်ရှိသောကြောင့် အနှိပ်
ခံရသောဘက်က ၃ ပါးထက် ပိုလျှင် နိဂ္ဂဟကံပြုရန် မထိုက်။ ဤ သိက္ခာပုဒ်
ကလည်း သမနုဘာသနကံ ပြုဘို့တိုင်အောင် မျှော်ထားသော သိက္ခာပုဒ်ဖြစ်၏။
ထို့ကြောင့် "တယော ဝါ"ဟု ၃ ပါးအထိသာ ပြထားခြင်း ဖြစ်သည်။

**ဆိုလိုရင်းကား။** ။"သံဃာသင်းခွဲသူ၏နောက်လိုက်မှာ ၃ ပါးထက် ပို၍လည်း ရှိပေမည်သာ။ သို့ရာတွင် ၃ ပါးထက် ပိုလျှင် ကံပြုဘို့ရန်ပင် မထိုက်သောကြောင့် ၃ ပါးအထိသာ ပြထားသည်" ဟူလို။ ဘေဒါနုဝတ္တက ၅ ပါး ရှိလျှင် "၃ ပါးတခြား၊ ၂ ပါးတခြား ခွဲ၍ ကံပြုရမည်" စသည်ဖြင့် သိပါ။

**မာယသ္မန္တော၊ ပေ၊ ခမတိ။** ။ဤ ဝါကျတို့ကား ထို ဘေဒါနုဝတ္တက ရဟန်းတို့က သံဃာအား ပြောပုံကိုပြသော ဝါကျတို့တည်း။ အရှင်ဘုရားတို့.... အရှင်ဘုရားတို့သည် ထိုရဟန်းကို ဘာတခုမျှ မပြောကြပါနှင့်၊ (အရှင်ဘုရားတို့က သံဃာကွဲပြားအောင် အားထုတ်နေသူဟု အထင်မှားခံရသော) တပည့်တော်တို့၏ခေါင်းဆောင် ထိုရဟန်းသည် အမှန်ကိုလည်း ပြောလေ့ရှိ၊ ငြိမ်းအေးရေးကိုလည်း ပြောလေ့ရှိပါသည်၊ ထိုရဟန်းသည် တပည့်တော်တို့၏ အလိုနှင့် အကြိုက်ကိုယူ၍ ပြောဆိုပါသည်၊ တပည့်တော်တို့၏ အလို အကြိုက် ကိုလည်း သိပါသည်၊ တပည့်တော်တို့နှင့် အတူ တိုင်ပင်၍လည်း ပြောဆိုပါသည်၊ ထို ရဟန်း ပြုသမျှကို တပည့်တော်တို့လည်း နှစ်သက်ကြပါသည် ဟူလို။

**ဓမ္မဝါဒီ ဝိနယဝါဒီ။** ။ဓမ္မဟူသည် ဟုတ်မှန်သော သဘောတည်း။ ထို့ကြောင့် "ဘူတဝါဒီ"ဟု ဖွင့်သည်။ ဝိနယဟူသည် ငြင်းခုံခြင်း မရှိရအောင် ငြိမ်းအေးရေးစကားတည်း။ ထို့ကြောင့် "ဝူပသမဝါဒီ"ဟု ဋီကာ ဖွင့်သည်။

**ဆန္ဒဥ္စ၊ ပေ၊ ဝေါဟရတိ။** ။ဆန္ဒဟူသည် အတွင်းသန္တာန်မှာ ဖြစ်သော "အလို = သဘော"တည်း။ ရုစိ ဟူသည်ကား ကြိုက်နှစ်သက်အပ်သော "အပြောအဆို၊ အသုံးအနှုန်း၊ လုပ်ငန်း"တည်း။ "မည်သည့် ကိုယ်မှု၊ နှုတ်မှု၌ မဆို သူတို့၏ ဆန္ဒရုစိကို မေးပြီးလျှင် သဘောတူတာမှ ပြောဆိုခြင်းကို ဆန္ဒရုစိကိုယူ၍ ပြောဆိုသည်"ဟု ဆိုလိုသည်။

**ဇာနာတိ နော ဘာသတိ။** ။နော၌ ဆဋ္ဌီ နံဝိဘတ်တည်း။ ဤနောကို ကာကောလောကန (ကျီးသည် အစာနှင့် ရန်သူ ၂ ဘက်ကို ကြည့်သကဲ့သို့) နည်းအားဖြင့် ဇာနာတိ၊ ဘာသတိ ၂ ပုဒ်လုံးစပ်ဘို့ရန် အလယ်က ထားသည်။ ထိုတွင် ဇာနာတိ၌ စပ်ခိုက် "နော-တပည့်တော်တို့၏ (ဆန္ဒစသည်ကို)" ဟု ထည့်ပေး။ ဘာသတိ၌ စပ်ခိုက် "နော-တပည့်တော်တို့နှင့် (တကွ)"ဟု ပေး။ ဒုတိယအနက်အလို "နော"၌ ဆဋ္ဌီဝိဘတ်မှ တတိယာဝိဘတ် ပြောင်းလွဲထားသည်ဟု မှတ်ပါ။ ["ဘာသတီတိ ဧတ္ထ နောတိ ဣဒံ ဝိဘတ္တိ ဝိပရိဏာမေန ယုဇ္ဇတိ (ယှဉ်စပ်အပ်၏)" ကင်္ခါဋီကာသစ်။]

**အမှာကမ္ပေတံ ခမတိ။** ။"ယဿ ဒါတုကာမော ရောစတေ" သုတ်နှင့် အညီ ခမတိပုဒ်သည် သမ္ပဒါန်ငဲ့သောပုဒ် ဖြစ်၍ "အမှာကံ – တပည့်တော်တို့ အား"ဟု သမ္ပဒါန်အနက် ပေးရမြဲ ဖြစ်သည်။ ကြွင်းသော ပုဒ်နက် အဓိပ္ပာယ်ကို

ရှေ့သိက္ခာပုဒ်မှီး၍ သိလောက်ပြီ။ [ရှေ့သိက္ခာပုဒ်၌ ၁-နံပါတ် အင်္ဂါဝယ် ဤသိက္ခာပုဒ်၌ သံဃာသင်းခွဲသောရဟန်း၏ နောက်လိုက်ဖြစ်ခြင်းကို လဲ၍ ၂၊ ၃၊ ၄ နံပါတ်များကို ထပ်တူထားလျက် အင်္ဂါ ၄ ပါးပင် ရှိသည်ဟု မှတ်ပါ။]

**[ဆောင်]** သံဃာခွဲသူ, နောက်လိုက်မှုနှင့်', သမနုဘာသန်, ဓမ္မကံတည်း', ကမ္မဝါစာ, ပြီးဆုံးရာဝယ်', မြစ္စာ ယူလျှင်း, မစွန့်ခြင်း' ဟု, ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် နုဝတ္တက။

## လေ့ကျင့်ခန်း မေးခွန်းများ

**က**။ သမဂ္ဂသံဃာဟူသည် ဘယ်သံဃာပါနည်း။ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ၂ မျိုးကိုလည်း ခွဲခြားပြပါ။

**ခ**။ "ဘေဒါယ ပရက္ကမေယျ" အရ ကွဲပြားအောင် အားထုတ်ပုံကို ပြပါ။

**ဂ**။ ဘေဒနသံဝတ္တနက အဓိကရုဏ်းဟူသည် အဘယ်ပါနည်း။

**ဃ**။ "သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ"အရ ယူပုံ၊ ချီးမြှောက်၍ တည်ပုံကို ယခု ခေတ်သုံးအတိုင်း ထင်ရှားအောင် ပြပါ။

**င**။ ထိုရဟန်းကို ကြားသောရဟန်းသည် မည်မျှလောက်ဝေးသော ခရီးမှ လာ၍ ပြောရမည်နည်း။ ပြောပုံကိုလည်း ပါဠိသွားအတိုင်း ပြပါ။

**စ**။ "မာယသ္မာ၊ ပေ၊ ဖာသု ဝိဟရတိ" ဟူသော စကားကို ပထမဆုံး သံဃာ့အလယ်မှာ ပြောရမည်လော။ ဘယ်နေရာမှာ ပြောရမည်နည်း။ ထိုနေရာ၌ ပြော၍မရလျှင် အဘယ်သို့ ခေါ်၍ ပြောရမည်နည်း။ ထိုကဲ့သို့ အကြိမ်ကြိမ်ပြော၍ မရလျှင် ဘာလုပ်ရမည်နည်း။

**ဆ**။ သမနုဘာသနကံပြုရာ၌ ဘယ်အခိုက်ကျမှ သံဃာဒိသေသ် သင့်သနည်း။

**ဇ**။ သံဃဘေဒ သိက္ခာပုဒ် အင်္ဂါကို ပြပါ။

**ဈ**။ ဘေဒါနုဝတ္တက သိက္ခာပုဒ်ကို မည်သူ့အတွက် ပညတ်ရသနည်း။ အင်္ဂါကိုလည်း ပြပါ။

**ည**။ အနုဝတ္တကာအရ အဘယ်ကို "နောက်လိုက်" ဟု ဆိုပါသနည်း။

**ဋ**။ "ဝဂ္ဂဝါဒကာ" ၌ ဝဂ္ဂအရ (ရဟန်းတစု) ကို ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း။ ထို ဝဂ္ဂစကားဟူသည် အဘယ် စကားမျိုးပါသနည်း။

**ဌ**။ "တယောဝါ" ဟု အဘယ့်ကြောင့် ၃ ပါး အထိသာ ပြပါသနည်း။

**ဍ**။ ဓမ္မ၊ ဝိနယ၊ ဆန္ဒ၊ ရုစိတို့ကို မြန်မာလို ထင်ရှားစွာ အသီးအသီး ခွဲပြပါ။

၁၂။ ဒုဗ္ဗစ သိက္ခာပုဒ်

ဘိက္ခုပနေဝ - ရဟန်းဖြစ်ပါလျက်ပင်၊ ဥဒ္ဒေသ ပရိယာပန္နေသု - ပါတိမောက္ခုဒ္ဒေသ၌ အကျုံးဝင်ကုန်သော၊ သိက္ခာပဒေသု — သိက္ခာပုဒ်တို့၌၊ ဒုဗ္ဗစဇာတိကော — အပြောခက် အဆိုခက် သဘောရှိသည်၊ ဟောတိ - ဖြစ်အံ့၊ ဘိက္ခူဟိ— ရဟန်းတို့သည်၊ သဟဓမ္မိကံ - သီတင်းသုံးဘော်တို့ ကျင့်အပ်သော သိက္ခာပုဒ်ဖြင့်၊ ဝုစ္စမာနော - ပြောဆိုအပ်သော်၊ အတ္တာနံ- မိမိကို၊ အဝစနီယံ- မဆိုထိုက်သူကို၊ ကရောတိ - ပြုအံ့။

× × × × ×

**၁၂။ ဒုဗ္ဗစ သိက္ခာပုဒ်။** ။"သိက္ခာပုဒ်တော်အရ မအပ်စပ်ကြောင်း၊ မလုပ်ကောင်းကြောင်း" ပြောလျှင် အပြောမခံဘဲ ပြန်လှန်ပြောသော ရဟန်းမှာ သံဃာဒိသေသ် အာပတ် သင့်ကြောင်းကို ပြသော သိက္ခာပုဒ်တည်း။ သို့သော် အပြောမခံ ပြန်လှန်ပုတ်ခတ်ရုံမျှဖြင့် သံဃာဒိသေသ် မသင့်သေး။ အပြောမခံလျှင် အပြောခံအောင် အကျိုးအကြောင်းပြ၍ ပြော၊ ထိုသို့ ပြော၍ မရလျှင် သမနုဘာသနကံ ပြုပါ၊ သမနုဘာသနကံ ဆုံးသည့်တိုင်အောင် အပြောမခံမှ သံဃာဒိသေသ် အာပတ်သင့်သည်ဟု (ပါဠိတော် အစဉ်ကြည့်၍) သိပါ။

**ဘိက္ခုပနေဝ။** ။ဧဝသဒ္ဒါသည် "သမ္ဘာဝနာ=ချီးမြှောက်ခြင်း" အနက်ရှိ၏။ မြင့်မြတ်သောရဟန်း၏ ထုံးစံမှာ ပြောဆို ဆုံးမလျှင် လွယ်ကူစွာ နာခံရိုးဖြစ်၏။ ယခုမှာ ရဟန်းဖြစ်ပါလျက် အဆုံးအမ ခက်နေသည် ဟူလို။ ဥပက္ခ္ဌ သိက္ခာပုဒ်၌ကား "ဧဝ—အနက်မရှိ" ဟု ဋီကာတို့ ဖွင့်ကြသည်။

**ဒုဗ္ဗစ ဇာတိကော။** ။[ဒု=ခက်ခဲစွာ+ဝစော = စကားရှိသူ၊] ရဟန်းများက ဆုံးမလျှင် အဆုံးအမ မခံသူကို "ခက်ခဲစွာ ဆုံးမအပ်သော စကားရှိသူ၊ အပြောရ အဆိုရ ခက်သူ"ဟု ခေါ်သည်။ ဇာတိအရ "သဘော"ဟူသည် အလေ့အထတည်း။ "ဒုဗ္ဗစ" အရ အပြောအဆို ခက်သူကိုသာ ရသော်လည်း ဤနေရာ၌ ("ဒုဗ္ဗစဘာဝ"ဟု ဆိုလိုလျက် ဘာဝပုဒ် အကြေကြံ၍) အပြောအဆို ခက်သူ၏ ဖြစ်ကြောင်း သဘောကိုပါ ယူ။ ထို့ကြောင့် သဒ္ဒါနက် ကျကျပေးလျှင် "ဒုဗ္ဗစ ဇာတိကော—ခက်ခဲစွာ ပြောဆိုအပ်သော စကားရှိသူ၏ အဖြစ် ဟူသော သဘောရှိသည်"ဟု ပေးပါ။ ဆိုလိုရင်းမှာ— "သူ့ အလေ့အထအားဖြင့် သူများ အပြောအဆို မခံ ပြန်လှန် ပြောဆိုလေ့ရှိသူ"ဟု ဆိုလိုသည်။

**ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု။** ။"ဥဒ္ဒေသ" အရ ပါတိမောက္ခုဒ္ဒေသ (ရွတ်ပြအပ်သော ပါတိမောက်)ကို ယူပါ။ ထို ပါတိမောက်၌ အာပတ် ၇ ဖုံတွင် ထုလ္လစ္စဉ်း၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိတတို့ တိုက်ရိုက် မလာသော်လည်း

(ကိံ-အဘယ်သို့ ပြုသနည်း၊) အာယသ္မန္တော-အရှင်တို့၊ (တုမှေ-သင်တို့သည်၊) မံ-တပည့်တော်ကို၊ ကလျာဏံဝါ-ကောင်းသော စကားကိုဂ်၊ ပါပကံဝါ-မကောင်းသော စကားကိုဂ်၊ ကိဉ္စိ-ဘာစကားကိုမျှ၊ မာ အဝစုတ္ထ-မဆိုကြပါကုန်လင့်၊ အဟံပိ-တပည့်တော်သည်လည်း၊ အာယသ္မန္တေ-အရှင်တို့ကို၊ ကလျာဏံဝါ ပါပကံဝါ ကိဉ္စိ, န ဝက္ခာမိ-ပြောလိမ့်မည် မဟုတ်ပါ၊ အာယသ္မန္တော-အရှင်တို့၊ (တုမှေ-တို့သည်၊) မမ-တပည့်တော်ကို၊ ဝစနာယ-ပြောဆိုကြောင်း စကာ မှ၊ ဝိရမထ-ရှောင်ကြဉ်ကြပါလော၊ ဣတိ-ဤသို့ ပြုအံ့။

သော ဘိက္ခု ဘိက္ခူဟိ ဧဝံ ဝစနီယော အဿ၊ (ကိံ-အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ-အရှင်သည်၊ အတ္တာနံ-မိမိကို၊ အဝစနီယံ-မဆိုထိုက်သူကို၊ မာ အကာသိ-မပြုပါလင့်၊ အာယသ္မာ-

× × × × ×

"ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ"ဟူသော နိဒါန်းဝယ် အာပတ် ၇ ဖုံလုံးကို ယူထားသောကြောင့် "ပါတိမောက္ခုဒ္ဒေသ၌ အကျုံးဝင်သော သိက္ခာပုဒ်"ဟူရာ၌ အာပတ် ၇ ဖုံလုံး ပါဝင်နိုင်သည်။ ထိုသိက္ခာပုဒ်များနှင့် သက်ဆိုင်သော အရာတို့၌ ဆုံးမလျှင် အဆုံးအမ မခံ၊ ပြန်လှန် ပြောဆိုသူကို "ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု ဒုဗ္ဗစဇာတိကော" ဟု ဆိုသည်။

**သဟဓမ္မိကံ ဝုစ္စမာနော။** ။[သဟ = အတူ + ဓမ္မ = တရား + ဣက = ကျင့်သူ၊] [သဟဓမ္မိက=အတူတကွ တရားကျင့်ဘက်ဖြစ်သူ၊ ဝါ - သီတင်းသုံးဘော်၊] သီတင်းသုံးဘော်ကား—ဘိက္ခု၊ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမတည်း။ "သဟဓမ္မိက"အရ သီတင်းသုံးဘော် ပုဂ္ဂိုလ်တို့ကိုသာ ရသေးသော်လည်း "သဟဓမ္မိကေဟိ-သီတင်းသုံးဘော်တို့သည်၊ သိက္ခိတဗ္ဗံ-ကျင့်ထိုက်၏"ဟု သိက္ခိတဗ္ဗတဒ္ဓိတ်ပြု၍ (တနည်း) "သဟဓမ္မိကာနံ ဣဒံ" ဟု ဣဒံတဒ္ဓိတ်လုပ်၍ သီတင်းသုံးဘော်တို့ ကျင့်ထိုက်၊ သီတင်းသုံးဘော်တို့၏ ဥစ္စာ ဖြစ်သော သိက္ခာပုဒ်ကို "သဟဓမ္မိကံ"ဟု ဆိုသည်။ ဒုတိယာ ဝိဘတ်ကိုလည်း ကရိယာအနက်၌ သက်စေ၍ "ဖြင့်"ဟု အနက်ပေးရသည်။

**မာမံ အာယသ္မန္တော၊ပေ၊ဝစနာယ။** ။ဤဝါကျတို့ကား အပြောမခံ ပုံကိုပြသော ဝါကျတည်း။အရှင်တို့က တပည့်တော်ကို ကောင်းကောင်း ဆိုးဆိုး ဘာကိုမျှ မပြောကြပါနှင့်၊ တပည့်တော်ကလည်း အရှင်တို့ကို ပြောလိမ့်မည် မဟုတ်ပါ၊ အရှင်တို့သည် တပည့်တော်ကို ပြောဆိုကြောင်း စကားမှ ရှောင်ကြပါ။ [ယေန ဝစနေန မံ ဝဒထ, တတော ဝစနတော ဝိရမထ၊-အဋ္ဌကထာ။]

အရှင်သည်၊ အတ္တာနံ - မိမိကို၊ ဝစနီယမေဝ — ဆိုထိုက်သူကိုသာ၊ ကရောတု-ပြုပါလော၊ အာယသ္မာပိ-အရှင်သည်လည်း၊ ဘိက္ခူ-ရဟန်းတို့ကို၊ သဟဓမ္မေန – သီတင်းသုံးဘော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်၊ ဝါ-အကြောင်းနှင့်တကွဖြစ်သော စကားဖြင့်၊ ဝဒတု-ပြောဆိုပါလော၊ ဘိက္ခူပိ - ရဟန်းတို့သည်လည်း၊ အာယသ္မန္တံ - အရှင့်ကို၊ သဟဓမ္မေန-ဖြင့်၊ ဝါ-ဖြင့်၊ ဝက္ခန္တိ-ပြောဆိုပါကုန်လတ့်။

ဟိ—အချင်းချင်း ပြောရကျိုးကား၊ ယဒိဒံ - အကြင် အချင်းချင်း ပြောဆိုခြင်း, အချင်းချင်း အာပတ်မှ ထစေခြင်းသည်၊ (အတ္ထိ-ရှိ၏၊) တေန အညမည ဝစနေန - ထို အချင်းချင်း ပြောဆိုခြင်းကြောင့်၎င်း၊ တေန အညမည ဝုဋ္ဌာပနေန – ထို အချင်းချင်း အာပတ်မှ ထစေခြင်းကြောင့်၎င်း၊ တဿ ဘဂဝတော – ထို မြတ်စွာဘုရား၏၊ ပရိသာ – ပရိသတ်သည်၊ ဧဝံ သံဝဍ္ဎာ – ဤသို့ ကြီးပွားရပါ၏၊ ဣတိ - ဤသို့ ပြောဆိုထိုက်၏။

ဧဝဉ္စ သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ, တဿ - ထို ဒုဗ္ဗစ သဘောကို၊ ပဋိနိဿဂ္ဂါယ ယာဝတတိယံ သမနုဘာသိတဗ္ဗော၊ ယာဝတတိယံ စေ သမနုဘာသိယမာနော တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နောစေ ပဋိနိဿဇ္ဇေယျ၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

× × × × ×

**မာယသ္မာ၊ ပေ၊ အညမည ဝုဋ္ဌာပနေန**။ ။ဤဝါကျတို့ကား အပြောမခံသော ရဟန်းကို အခြားရဟန်းတို့က ဖျောင်းဖျပြောပုံကိုပြသော ဝါကျတို့တည်း။ "အရှင်သည် မိမိကိုယ်ကို အပြောအဆိုခံနိုင်သူ လုပ်ပါ၊ အရှင်ကလည်း ရဟန်းတို့ကို သိက္ခာပုဒ်ဖြင့် ပြောပါ၊ ရဟန်းတို့ကလည်း အရှင့်ကို သိက္ခာပုဒ်ဖြင့် ပြောကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ပြောဆိုခြင်း၊ အချင်းချင်း အာပတ်မှ ထစေခြင်းကြောင့် ထိုဘုရားရှင်၏ ပရိသတ်သည် ယခုလို ကြီးပွားနေပါသည်" ဟူလို။

**သဟဓမ္မေန**။ ။"သီတင်းသုံးဘော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်" ဟု အနက်ပေးရာ၌ "သဟ စရိတဗ္ဗော ဓမ္မော ယေသံ"ဟု ဝိဂြိုဟ်ပြု၍ အတူတကွ ကျင့်အပ်သော တရားရှိသူ သီတင်းသုံးဘော်များကို "သဟဓမ္မ"ဟု ယူပါ။ ထို့နောက် "သဟဓမ္မာနံ ဣဒံ"ဟု ဝိဂြိုဟ်ဆက်၍ သိက္ခာပုဒ်ကို ယူပါ။ (တနည်း)

"ယံ–အကြင်စကားသည်၊ ဓမ္မေန–အကြောင်းနှင့်၊ သဟ–တကွ၊ ဝတ္တတိ–ဖြစ်၏"ဟု ဝိဂ္ဂြိုဟ်ပြုပါ။ နောက်နည်းအရ အကြောင်းနှင့် စပ်သော စကား၊ အကျိုးအကြောင်းပြ၍ ပြောအပ်သောစကား၊ ကြည်ညိုဘွယ်ရှိအောင် နေနည်းပြောနည်းကိုပြသော စကားများနှင့် သိက္ခာပုဒ်ဆိုင်ရာ စကားများကိုပါ သဟဓမ္မဟု မှတ်ပါ။

**ဝေ ံ သံဝဍ္ဎာ။** ။"ဤသို့ ကြီးပွားရ၏"ဟူရာ၌ ယခုမျက်မြင် အခြေအနေအထိ ကြီးပွားနေသည်ကို ဆိုလိုသည်။ ထိုသို့ ကြီးပွားနေခြင်းမှာလည်း "အညမညဝစနေန အညမညဝုဋ္ဌာပနေန = အပြစ်တွေ့လျှင် အချင်းချင်း ပြောဆိုသတိပေးကြ၊ အာပတ်သင့်လျှင် ထိုအာပတ်မှ ထအောင် ကူညီကြသောကြောင့်သာ ဖြစ်သည်"ဟူလို။ ["ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန"ကား ကြီးပွားခြင်း၏ အကြောင်းကို ပြသော စကားတည်း။]

[**ဆောင်**] မပြောထိုက်သူ့,ကိုယ့်ကိုယ်ပြု၍[၁],သမနုဘာသနံ, ဓမ္မကံတည်း[၂],
ကမ္မဝါစာ, ပြီးဆုံးရာဝယ်[၃], မြစ္စာယူလျှင်း, မစွန့်ခြင်းဟု[၄],
ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် ဒုဗ္ဗစ။

**အင်္ဂါ ၄ ပါးပင်။** ။သံဃဘေဒသိက္ခာပုဒ်၌ ပြအပ်ခဲ့သော အင်္ဂါ ၄ ပါးတွင် ၁ နံပါတ်ကို နုတ်၍"မပြောဆိုထိုက်သူဟု သူ့ကိုယ်သူ ပြုခြင်း" အင်္ဂါကို ထည့်ပါ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ဒုဗ္ဗစသိက္ခာပုဒ်ကို ဘယ်ရဟန်းမျိုးအတွက် ပညတ်ပါသနည်း။

ခ ။ အပြောမခံ ပြန်လှန် ပုတ်ခတ်ရုံမျှဖြင့် သူ့မှာ သံဃာဒိသေသ် အာပတ်သင့်သလော၊ ဘယ်အခါကျမှ အာပတ်သင့်သနည်း။

ဂ ။ "ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု"၌ "ဥဒ္ဒေသ"အရပါတိမောက်ပြရာ၌ ပါဝင်သော သိက္ခာပုဒ်များကိုသာ ယူလျှင် ထုလ္လစ္စဉ်း၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိတတို့ကို အဘယ်စကားဖြင့် သိမ်းကျုံးမည်နည်း။

ဃ။ "သဟဓမ္မိကံ"အရ သီတင်းသုံးဘော် ၅ ယောက်ကို ပြ၍ "မည်သည့်အရာကို သီတင်းသုံးဘော်တို့၏ ဥစ္စာခေါ်ကြောင်း"ကိုလည်း ပြပါ။

င ။ "မာယသ္မာ၊ ပေ၊ အညမညဝုဋ္ဌာပနေန" ဝါကျကို မြန်မာလို ပြန်ပြီးလျှင် "ယဒိဒံ၊ ပေ၊ ဝုဋ္ဌာပနေန"ဖြင့် ဘာကို ဆိုသည် ဟုလည်း ပြပါ။

**၁၃။ ကုလဒူသက သိက္ခာပုဒ်**

ဘိက္ခုပနေဝ-ရဟန်း ဖြစ်ပါလျက်ပင်၊ အညတရံ-တခုခုသော၊ ဂါမံဝါ - ရွာကိုသော်ငင်း၊ နိဂမံဝါ - နိဂုံးကိုသော်ငင်း၊ ဥပနိဿယ - မှီ၍၊ ကုလဒူသကော - အမျိုး ၄ ပါး၏ သဒ္ဓါတရားကို ဖျက်ဆီးသည်၊ ပါပသမာစာရော - ယုတ်မာသော အကျင့်ရှိသည်၊ (ဟုတ္ဘာ) ဝိဟရတိ-နေအံ့၊ တဿ - ထိုရဟန်း၏၊ ပါပကာ-ယုတ်မာကုန်သော၊ သမာစာရာ-အကျင့်တို့ကို၊ ဒိဿန္တိစေဝ-မြင်လည်း မြင်အပ်ကုန်အံ့၊ သူယျန္တိစ-ကြားလည်း ကြားအပ်ကုန်အံ့၊ တေန-ထိုရဟန်းသည်၊ ဒုဋ္ဌာနိ--ဖျက်ဆီးအပ်ပြီးကုန်သော၊ ကုလာနိစ--အမျိုးတို့ကိုလည်း၊ ဒိဿန္တိစေဝ သူယျန္တိစ။

× × × × ×

**၁၃။ ကုလဒူသက။** ။ဤ သိက္ခာပုဒ်ကား "ကုလဒူသက ရဟန်းကို ကျောင်းတိုက်မှ နှင်ထုတ်ပါ၊ ထိုအခါ နှင်ထုတ်သော ရဟန်းများကို "ဆန္ဒာဂတိလိုက်ကြသည်" စသည်ဖြင့် ပြောလျှင် ရဟန်းတို့က မပြောဘို့ တားမြစ်ပါ၊ တားမြစ်လျက် ထိုအပြောကို မစွန့်လျှင် သမနုဘာသနကံ ပြုပါ၊ ကံပြု၍မပြီးခင် စွန့်လျှင် ကောင်း၏၊ ပြီးသည့်တိုင်အောင် မစွန့်လျှင် သံဃာဒိသေသ် အာပတ်သင့်သည်"ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

**ဘိက္ခုပနေဝ။** ။ဤ၌ ဝေသဒ္ဒါလည်း ရှေး သိက္ခာပုဒ်၌ကဲ့သို့ သမ္ဘာဝနာ အဝဓာရဏအနက် ရှိ၏။ သမ္ဘာဝနာဟူရာ၌ ရဟန်းအဖြစ်ကို ချီမြှောက်ခြင်း၊ ရဟန်းအဖြစ်၏ မြင့်မြတ်ကြောင်းကို ပြခြင်းတည်း။ ထိုသို့ ချီမြှောက်ပြီးနောက် သူ၏ နိမ့်ကျသောအလုပ်ကို ဖော်ပြခြင်းသည် သာ၍ လေးနက်၏။ "မြင့်မြတ်သော ရဟန်းဖြစ်ပါလျက် (မြင့်မြင့်မြတ်မြတ်မနေဘဲ) ကုလဒူသနအမှု၊ ပါပသမာစာရ အမှုများကို ပြုနေသည်"ဟူလို။

**ဂါမံဝါ နိဂမံဝါ ဥပနိဿာယ။** ။ဤ၌ နဂရမပါ။ သို့ရာတွင် နဂရ (မြို့)ဟူသည် ရွာအထူး(ရွာအကြီးစား)ပင် ဖြစ်၍ ဂါမ၌ သွင်းယူရမည်ဟု ဖွင့်ကြသည်။ "ဥပနိဿာယ"အရ "မှီခြင်း" ဟူသည် ထို မြို့၊ ရွာ၊ နိဂုံး တို့မှ ရအပ်သော ပစ္စည်းလေးပါးကို အားထားခြင်း၊ သုံးစွဲခြင်း စသည်တည်း။

**ကုလဒူသကော။** ။"ကုလာနိ-အမျိုး ၄ ပါးတို့ကို၊ ဒူသေတိ-ဖျက်ဆီးတတ်၏"ဟူသော ဝစနတ္ထနှင့်အညီ "ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒ"ဟူသော အမျိုး ၄ ပါး ဖျက်ဆီးသူကို "ကုလဒူသက ရဟန်း"ဟု ခေါ်၏။ "ဖျက်ဆီး" ဟူရာ၌ ပျက်စီးအောင် မစင်ရွှံ့ပုပ်တို့ဖြင့် ပက်သည် မဟုတ်၊ ထိုအမျိုးများ၏

သော ဘိက္ခု ဘိက္ခုပြာ ဝေမဿ ဝစနီယော (ကိ – အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ – အရှင်သည်၊ ကုလဒူသကော– အမျိုး ၄ ပါး၏ သဒ္ဓါတရားကို ဖျက်ဆီးသူတည်း၊ ပါပသမာစာရော – ယုတ်မာသောအကျင့် ရှိသူတည်း၊ အာယသ္မတော – အရှင်၏၊ ပါပကာ သမာစာရာ၊ ဒိဿန္တိစေဝ – မြင်လည်း မြင်အပ်ကုန်၏၊ သူယျန္တိစ–

× × × × ×

သဒ္ဓါတရားကို ဖျက်ဆီးခြင်းတည်း။ ခဲ့ဦးအံ့—လူတယောက်ကို ဖျက်ဆီးရာ၌ မစင် ရွှံ့ပုပ်သည် ဖျက်ဆီးကြောင်းဝတ္ထု ဖြစ်သကဲ့သို့ ထို့အတူ အမျိုး ၄ ပါး ကို ဖျက်ဆီးရာ၌လည်း ဖျက်ဆီးကြောင်းဝတ္ထု ရှိရဦးမည်။ ထို ဝတ္ထုကား—

**“ပန်း-သီး-မှုန့်-မြေ၊ ဝါး-ပူ-ခြေ၊ ဝဇ္ဇေ ဒူရှစ်ဖြာ”**

နှင့် အညီ ၁-ပန်း၊ ၂-သစ်သီး၊ ၃-ရေချိုး ဆပ်ပြာမှုန့်၊ ၄-မြေညက်၊ ၅-ဝါး၊ ၆-ဒန်ပူ၊ ၇-ခြေဖြင့်သွားခြင်း၊ ၈-(ဝဇ္ဇေ) ဆေးကုခြင်းအားဖြင့် ၈ ပါး ရှိ၏။ မိန်းကလေး တယောက်ယောက်အား ပန်းပေးလိုက်လျှင် ထို မိန်းကလေး၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်ရာ ရောက်၏။ [မစင်နှင့် ပန်း၊ ပက်ခြင်းနှင့် ပေးခြင်း၊ အပက်ခံရသူ ပျက်စီးခြင်းနှင့် မိန်းကလေး၏ သဒ္ဓါတရား ပျက်စီးခြင်း၊ မစင် ပက်သူနှင့် ပန်းပေးသူ တူကြလေသည်။]

**သဒ္ဓါတရား ပျက်ပုံ။** ။မိန်းကလေးသည် ရိုးရိုးရာရာအားဖြင့် နဂိုက သဒ္ဓါတရား ကောင်းသူကလေးတည်း။ သို့သော် “ဒါနံ သဗ္ဗတ္ထ သာဓကံ = ပေးကမ်းခြင်းသည် အကျိုးအားလုံး ပြီးစေ၏” ဟူသော စကားကို သဘော ပေါက်၍ ရဟန်း တပါးပါးက သူ့ကို ကြည်ညိုအောင် ထို မိန်းကလေးအား ပန်းကို ပေးလိုက်ရာ ထိုရဟန်းအား လှူချင်စိတ်ဖြစ်ကာ ချစ်ခင်လာပေမည်။ သို့သော် ထိုကဲ့သို့ ပေးဘော်မရသော လဇ္ဇီသူမွန် သီလဝန် အရှင်မြတ်တို့အား မလှူချင်၊မတန်းချင်၊ မဆည်းကပ်ချင်၊မကိုးကွယ်ချင်တော့သဖြင့် ထိုမိန်းကလေး၏ အစစ်အမှန် အဘိုးတန် သဒ္ဓါတရားကား ပျက်ပြားလေပြီ။

ဤနည်းအတိုင်း သစ်သီးပေး၍ ဖျက်ဆီးပုံ၊ (သစ်သီးဖြင့် သစ်ရွက်ကိုပါယူ။) ကုက္ကိုမှုန့်စသော (ကာလပေါ် အမှုန့် ဆပ်ပြာခဲများနှင့် တကွ) ရေချိုးရာ၌ အသုံးပြုရသော အမှုန့်ကိုပေး၍ ဖျက်ဆီးပုံ၊ မြေညက်ပေး၍ဖျက်ဆီးပုံ၊ (အိန္ဒိယ၌ မြေညက်များကိုလည်း မြန်မာနိုင်ငံ သဲဆပ်ပြာကဲ့သို့ အသုံးပြုသည်။) အိမ် စသည် ဆောက်ဘို့ရန်အတွက် ဝါးပေး၍ ဖျက်ဆီးပုံ၊ ဒန်ပူပေး၍ ဖျက်ဆီးပုံ၊ (အိန္ဒိယသားတို့သည် သွားတိုက်ရန် ဒန်ပူကို အများပင် အသုံးပြုကြသည်။ ယခု မြန်မာနိုင်ငံ၌လည်း ကုလားနှင့် ပုဏ္ဏားတို့ ဒန်ပူသုံးကြသည်ကို တွေ့နိုင်

**ကြားလည်း ကြားအပ်ကုန်၏၊ အာယသ္မတာ – အရှင်သည်၊ ဒူဋ္ဌာနိ ကုလာနိစ ဒိဿန္တိစေဝ သူယျန္တိစ၊ အာယသ္မတာ – အရှင်သည်၊ ဣမမှာ အာဝါသာ- ဤကျောင်းတိုက်မှ၊ ပက္ကမတု – ထွက်သွားပါလော၊ တေ– အရှင်၏၊ ဣဓ – ဤကျောင်းတိုက်၌၊ ဝါသေန – ဆက်လက် နေခြင်းဖြင့်၊ အလံ- အကျိုး မရှိတော့ပါ၊ ဣတိ- ဤသို့ ပြောဆိုထိုက်၏။**

× × × × ×

သေး၏။) လူများက စေခိုင်း၍ ခြေဖြင့် လျှောက်သွားခြင်း၊ အစေအပါး အခိုင်းအစေ ခံခြင်းဖြင့် ဖျက်ဆီးပုံ၊ ဆေးကု၍ ဖျက်ဆီးပုံများကိုလည်း သိကြပါလေ။

**ခြွင်းချက်။** ။"မိဘ၊ မိမိ၏ ဝေယျာဝစ္စပြုသူ၊ ရိက္ခာပြတ်၍ ကျောင်းကပ်လာသူ၊ ကျောင်းမှာ မကျန်းမမာ ဖြစ်နေသူနှင့် ကျောင်းသား ရှင်လောင်းတို့အား ပေးကောင်း၊ ဆေးကုကောင်း၏" ဟု အနည်းငယ် ခြွင်းချက်ရှိသေး၏။ ထိုခြွင်းချက်ကို ပါရာဇိကကဏ် အဋ္ဌကထာ ဤသိက္ခာပုဒ်မှာ ရှုပါ။

**ကုလဒူသန အပြစ်။** ။ပြခဲ့သော ကုလဒူသန အမှုကို ပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏။ထိုကုလဒူသနအမှုကြောင့် ရအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော ပစ္စည်းများကိုလည်း ထို ကုလဒူသက ရဟန်းနှင့်တကွ သီတင်းသုံးဖော် ၅ ဦးလုံးပင် မသုံးစွဲကောင်း။ သုံးစွဲသူတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ နဂိုက ဖိတ်မန်ထားသူ ဒကာ ဒကာမတို့အား ပန်း၊ သစ်သီးပေးခြင်း၊ ဆေးပေးခြင်း စသည်ကို ပြုရာ၌ ပြုသည့်အတွက် ဒုက္ကဋ်အာပတ် သင့်သေးသည်သာ။ သို့သော် ထို ဆေးပေးမှုကြောင့် အပိုမလှူဘဲ လှူရိုးလှူစဉ် လှူနေသော ပစ္စည်းများကား အပ်၏။

**အနေသန မိစ္ဆာဇီဝ။** ။န+ဧသန= မသင့်သော၊ မအပ်သော ပစ္စည်းရှာမှုကို "အနေသန" ဟု ခေါ်၏။ ထို အနေသနများကား–ပန်းပေးခြင်းစသော ၈ ပါး အပြင် ဗေဒင်ဟောခြင်း၊ ဒကာ ဒကာမကို မြှောက်ပင့်ခြင်း၊ ကလေးကို ယုယခြင်း စသည်ဖြင့် ဒကာ ဒကာမတို့ကို လှူချင်လာအောင် ပြုလုပ်ခြင်းများတည်း။ ထိုကဲ့သို့ ပြုလုပ်၍ ရသော ပစ္စည်းဖြင့် အသက်မွေးခြင်းကို "မိစ္ဆာဇီဝ (ယုတ်မာသော အသက်မွေးခြင်း)" ဟု ခေါ်သည်။

**ပါပသမာစာရော။** ။ယုတ်မာသောအကျင့် ဟူသည် "ဒကာ ဒကာမတို့အား ပေးကမ်းဘို့ရန် ရည်မှန်း၍ ပန်းပင်စိုက်ခြင်း၊ ရေလောင်းခြင်း" စသော ရဟန်းတို့နှင့် မလျော်သောအကျင့်များတည်း။ ထိုကဲ့သို့ ပန်းပင်စိုက်ခြင်း စသည် ပြုရာ၌လည်း ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်တိုင် မြေတူး၍ စိုက်ခြင်း စသည်၌

ဝေဠု သော ဘိက္ခု ဘိက္ခုဟိ ဝုစ္စမာနော တေ ဘိက္ခူ ဧဝံ ဝဒေယျ၊ (ကိံ-အဘယ်သို့ ပြောဆိုသနည်း၊) ဘိက္ခူ-ရဟန်းတို့သည်၊ ဆန္ဒဂါမိနော စ—ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခူ - တို့သည်၊ ဒေါသဂါမိနော စ-ဒေါသာဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခူ မောဟဂါမိနော စ-မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခူ ဘယဂါမိနော စ-ဘယာဂတိသို့လည်း လိုက်ကုန်၏၊ တာဒိ သိကာယ - ထိုကဲ့သို့ ရှုအပ်သော၊ အာပတ္တိယာ-အာပတ်ကြောင့်၊ ဧကစ္စံ-ကို၊ ပဗ္ဗာဇေန္တိ-နှင်ထုတ်ကုန်၏၊ ဧကစ္စံ-ကို၊ န ပဗ္ဗာဇေန္တိ—နှင်မထုတ်ကုန်၊ ဣတိ-ဤသို့ပြောဆိုအံ့။

× × × × ×

မြေတူးမှုကြောင့် ပါစိတ်အာပတ်လည်း အပို သင့်သေး၏။ ကျောင်းတိုက်သာယာအောင် စသည်ဖြင့် စိုက်လိုလျှင် "ဤမြေကို သိစမ်း၊ ဤ ပန်းပင်ကို သိစမ်း"စသည်ဖြင့် ပြော၍ သာမဏေ စသူကို ခိုင်းရသည်။

**တဿ ခေါ၊ ပေ၊ သူယျန္တိ စ။** ။ထိုရဟန်း၏ (ပန်းပင်စိုက်ခြင်း)စသော ယုတ်မာသော အမှုများကို သူသူ ငါငါလည်း မြင်ရ၊ ဟိုက သည်ကလည်း ကြားရအံ့၊ ထိုရဟန်း ဖျက်ဆီး၍ သဒ္ဓါတရား ပျက်စီးနေသော(အခြားရဟန်းကောင်းများ မကိုးကွယ်သော)အမျိုးများကိုလည်း မြင်ရ၊ ကြားရအံ့။

**သော ဘိက္ခု၊ပေ၊ဝါသေနာတိ။** ။ထို ကုလဒူသကရဟန်းကို မြင်ကုန် ကြားကုန်သော ရဟန်းတို့က ပြောကြ ဆိုကြရမည်။ "အာယသ္မာ ခေါ"မှ စ၍ "အလံ တေ ဣဓ ဝါသေန"ဝိုင်အောင်ကား ရဟန်းတို့က ပြောပုံကိုပြသော ဝါကျတို့တည်း။ ထိုဝါကျများ၏ မြန်မာပြန်ကို နားလည်လောက်ပြီ။ ထိုဝါကျတို့ဖြင့် ထို ကုလဒူသက ရဟန်းအား ပဗ္ဗာဇနီယကံ ပြုထိုက်ကြောင်းကို ပြ၏။ သို့သော် ရဟန်းတို့က ပြောဆိုသည်ကို နားထောင်၍ ထိုကျောင်းမှာ မနေဘဲ ထွက်သွားလျှင် ပဗ္ဗာဇနီယကံ ပြုဘွယ်မလို။ ကုလဒူသနကြောင့် သင့်မိသော ဒုက္ကဋ်ကို ဒေသနာပြော၍ အခြားတရပ်မှာ ကောင်းစွာနေလျှင် စင်ကြယ်၏။

**ပဗ္ဗာဇနီယကံ။** ။ထိုကဲ့သို့ ပြောဆိုရုံမျှဖြင့် မပြီးသူကို ဉတ်ကမ္မဝါစာ ဘတ်ရွတ်၍၊ ကုလဒူသနပြု၍ နေထိုင်ရာကျောင်းတိုက်မှ နှင်ထုတ်ကြောင်းကံကို ပဗ္ဗာဇနီယကံဟု ခေါ်၏။ခဲ့ဦးအံ့— ကုလဒူသနပြုထားသော ရွာ နိဂုံး မြို့တို့မှ ရရှိသော ပစ္စည်းများသည် ထိုရဟန်းမှာလည်း မအပ်၊ သီတင်းသုံးဘော်တို့အားလည်း မအပ်တော့ရကား ထိုရဟန်းသည် ထို ရွာ နိဂုံး မြို့တို့ကို မှီကာ ထို ကျောင်းတိုက်မှာ ဆက်လက်နေသဖြင့် အာပတ်ဇရပွေ သင့်နေဘွယ်ရှိ၏။ ထို့ကြောင့်"အလံ တေ ဣဓ ဝါသေန=ဤ ကျောင်းတိုက်၌ ဆက်လက်ပေကပ်၍

သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော၊– (ကိံ–အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ–သည်၊ ဧဝံ–ဤသို့၊ မာ အဝစ– မပြောပါနှင့်၊ ဘိက္ခူ-တို့သည်၊ နစ ဆန္ဒဂါမိနော–ဆန္ဒာဂတိသို့လည်း မလိုက်ကုန်၊ ဘိက္ခူ နစ ဒေါသာဂါမိနော, ဘိက္ခူ နစ မောဟာဂါမိနော, ဘိက္ခူ နစ ဘယာဂါမိနော၊ ခေါ–စင်စစ်၊ အာယသ္မာ-သည်၊ ကုလဒူသကော–တည်း၊ ပါပသမာစာရော–တည်း၊ အာယသ္မတော-၏၊ ပါပကာ သမာစာရာ ဒိဿန္တိစေဝ သုယျန္တိစ၊ အာယသ္မတာ ဒုဋ္ဌာနိ ကုလာနိစ ဒိဿန္တိစေဝ သုယျန္တိစ၊ အာယသ္မာ ဣမမှာ အာဝါသာ ပက္ကမတု,တေ ဣဓ ဝါသေန အလံ၊ ဣတိ–ဤသို့ ပြောဆိုထိုက်၏။

× × × × ×

နေသဖြင့် သင့်မှာ အကျိုးမရှိတော့ပြီ''ဟု ဆိုသည်။ ထိုသို့ ပြောရုံမျှဖြင့် အခြားကျောင်းတိုက်သို့ ပြောင်းရွှေ့ နေထိုင်လျှင် ကောင်း၏။ ထို ပြောသည့်အတိုင်း နားမထောင်သူကိုသာ ပဗ္ဗာဇနီယကံ ပြုရသည်။

**တာဝန် ဝတ္တရား။** ။ထို ကံပြုခံရသော ရဟန်းသည် ဆိုင်ရာကျင့်ဝတ်ကို ကျင့်၍ ကံငြိမ်းပြီးနောက် ရဟန္တာအဖြစ်ရောက်သော်လည်း ထိုကုလဒူသနဖြင့် ဆက်ဆံမိသော ဒကာ ဒကာမတို့ထံမှ ပစ္စည်းကို အလှူမခံရတော့ သတတ်။ ဘာ့ကြောင့် အလှူမခံပါသနည်း ဟု လူတို့က လျှောက်ကြလျှင် "ရှေးတုန်းက သင်တို့အား ကုလဒူသနအမှုဖြင့် ချီးမြှောက်မိလို့"ဟု ပြောရမည်။ "ရှေးတုန်းက ချီးမြှောက်ခဲ့လို့ လှူခြင်း မဟုတ်ပါ၊ ယခု ကောင်းစွာနေ၍ ကြည်ညိုလို့ လှူပါသည်''ဟု လျှောက်လျှင်ကား ခံယူကောင်းသတတ်။ ပဗ္ဗာဇနီယကံ အပြုမခံရဘဲ နောင်တ ရ၍ ကောင်းစွာ နေထိုင်သူများလည်း ဤနည်းအတိုင်း အလှူမခံဘဲ ရှောင်ကြဉ်နေရမည်။ သူတို့က သဒ္ဓါတရားနှင့် လှူပါကြောင်း လျှောက်မှ အလှူခံလျှင် အပြစ်လွတ်သည်သာ။

**ဆန္ဒဂါမိနော စ ဘိက္ခူ၊ ပေ၊ န ပဗ္ဗာဇေန္တိ။** ။ဤဝါကျတို့ကား ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်းက ကံပြုသောရဟန်းတို့အား စွပ်စွဲပြောဆိုပုံကို ပြသော ဝါကျတို့တည်း။ သူ့ကို ကံပြုသော ရဟန်းတို့သည် အဂတိ ၄ ပါးကို လိုက်သော ရဟန်းများ ဖြစ်ကြသည်။ ဘာ့ကြောင့်နည်း။ ထို ဒုက္ကဋ်အာပတ်မျိုးကြောင့် အချို့ကိုသာ နှင်ထုတ်၍ တချို့ကိုကား နှင်မထုတ်သောကြောင့်တည်းဟု စွပ်စွဲသည်။

**မှတ်ချက်။** ။ဤ စွပ်စွဲသလို ဒုက္ကဋ်အာပတ် သင့်သူတိုင်းကို မနှင်ထုတ်သည်မှာ မှန်၏။ နိဒါန်း၌ ပြခဲ့သော သမ္ဗဇာနမုသာဝါဒ ဒုက္ကဋ်မျိုးမှာ ထိုနေရာ

**ဝေဠု သော ဘိက္ခု ဘိက္ခုံဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခုဟိ၊ ယာဝ တတိယံ သမနုဘာသိတဗ္ဗော၊ ယာဝ တတိယံ သမနုဘာသိယမာနော၊ တံ-ထိုအပြောကို၊ စေ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။**

× × × × ×

တချက်သာသင့်၍ နောက်ထပ် သင့်ဘွယ်မရှိပေ။ သူ၏ ကုလဒူသန ဒုက္ကဋ်ကား ဤတချက်နှင့် မပြီး၊ နောက်နောက် ရသမျှပစ္စည်းများကို သုံးစွဲမှုကြောင့်လည်း ဒုက္ကဋ်အာပတ်တွေ မဆုံးနိုင်အောင် သင့်ရချေဦးမည်။ သို့အတွက် အခြားဒုက္ကဋ်အာပတ်သည် နှင်ထုတ်လောက်အောင် အပြစ်မကြီးဘဲ သူ၏ ကုလဒူသနဒုက္ကဋ်အာပတ်သာ နှင်ထုတ်လောက်အောင် အပြစ်ကြီး၍ သူ့ကို နှင်ထုတ်ရသည်။

**ဆန္ဒဂါမိနော။** ။မရောက်အပ် မရောက်သင့်၊ မပြုအပ် မပြုသင့်သော အမှုကို "အဂတိ"ဟု ခေါ်၏။ ချစ်သည့်အတွက် ထို အဂတိလိုက်သူကို "ဆန္ဒဂါမီ"ဟု ခေါ်၏။ ဆန္ဒေန-ချစ်ခြင်းကြောင့်၊ အဂတိံ - မရောက်ထိုက်သော အမှုသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဆန္ဒဂါမိနော - ဆန္ဒဂါမီတို့ မည်၏။ [ ဒေါသေန - ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မုန်းခြင်းကြောင့်၊ မောဟေန-မသိခြင်း၊နားမလည်ခြင်း၊ဖျင်း အ ခြင်းကြောင့်၊ဘယေန-ကြောက်ရွံ့ခြင်းကြောင့် ဟု နောက်နောက် ပုဒ်များကိုလည်း အနက်ပေးပါ။]

**မာယသ္မာ၊ပေ၊ဝါသေနာတိ။** ။ဤဝါကျတို့ကား အစွပ်စွဲခံကြရသော ရဟန်းတို့က စွပ်စွဲသော ရဟန်းအား ပြန်၍ ပြောပုံကိုပြသော ဝါကျတို့တည်း။ ထိုဝါကျ၏ မြန်မာလို ဆိုလိုရင်းကိုလည်း နားလည်လောက်ပြီ။ ပဗ္ဗာဇနီယ ကံပြုဘို့ ပြသော ရှေးဝါကျ၌ "ပက္ကမတာ၊ ပေ၊ ဝါသေန"သည် ပဗ္ဗာဇနီယ ကံပြုပုံကိုပြသော ဝါကျတည်း။ ဤ၌လာသော "ပက္ကမတာ၊ ပေ၊ ဝါသေန"ကား ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်း၏ ကျင့်ဝတ်ကို ပြသော ဝါကျတည်း။

**ဝေဠု၊ပေ၊သံဃာဒိသေသော။** ။ ဤဝါကျတို့ကား "ဆန္ဒဂါမိနောစ ဘိက္ခူ" စသည်ဖြင့် စွပ်စွဲ ကဲ့ရဲ့ကြောင်းစကားကို မစွန့်လွှတ်ဘဲ ရှေးအတိုင်း (နဂိုပြောမြဲအတိုင်း) ချီမြှောက်နေလျှင် (ပြန့်ပွားအောင် ပြောဆိုနေလျှင်) ထိုအပြောကို စွန့်လွှတ်စေရန် သမနုဘာသနကံပြုပါ၊ ကံပြုနေစဉ် ထိုအပြောကို စွန့်လျှင် သံဃာဒိသေသ် မသင့်တော့သည်ဖြစ်၍ ကောင်း၏၊ ကမ္မဝါစာဆုံး၍ မစွန့်လျှင် သံဃာဒိသေသ် အာပတ် သင့်၏ဟု ပြသော ဝါကျတည်း။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ သမနုဘာသနကံ ပြုရခြင်းမှာ "ဆန္ဒာဂါမိ နော စ ဘိက္ခူ"စသော အပြောမျိုးကို စွန့်လွှတ်စေရန် ဖြစ်၏။ ပဗ္ဗာဇနီယကံ ငြိမ်းအေးဘို့ (ကံကို ပြန်၍ ရုပ်သိမ်းဘို့)အတွက်မှာ ဆိုင်ရာ ကျင့်ဝတ်များကို ပြည့်စုံအောင် ဖြည့်ကျင့်မှသာ ရုပ်သိမ်းရသည်။ ဆိုင်ရာကျင့်ဝတ်ကို စူဠဝဂ္ဂ ပါဠိတော် (ကမ္မက္ခန္ဓက)မှာ ရှုပါ။

**အင်္ဂါ ၄ ပါး။** ။သံဃဘေဒ သိက္ခာပုဒ်လာ အင်္ဂါ ၄ ပါးတွင် ၁ နံပါတ် အင်္ဂါ၌ "ဆန္ဒာဂတိ လိုက်ကြသည်"စသည်ဖြင့် ပြောဆိုခြင်းကို လဲလှယ် ထည့်သွင်း၍ အင်္ဂါ ၄ ပါးပင် ရှိ၏။ [သမနုဘာသနကံပါသော သိက္ခာပုဒ် ၄ ပါး၌ နောက်အင်္ဂါ ၃ ပါးမှာ အတူချည်းသာတည်းဟု သတိပြုပါ။]

**[ဆောင်]** ဆန္ဒာဂတိ, လိုက်ကြ၏ဟု, စသည်ပြောမှု¹, သမနုဘာသန်,ဝမ္မကံတည်း², ကမ္မဝါစာ,ပြီးဆုံးရာဝယ်³, မြဲစွာ ယူလျှင်း, မစွန့်ခြင်းဟု⁴, ကြောင်းရင်း လေးတန်,အင်ညီပြန်,သင့်ရန် ဒုသန။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ကုလဒူသက သိက္ခာပုဒ်သည် အဘယ် ရဟန်းမျိုးအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ပါနည်း။

ခ ။ "ဂါမံဝါ နိဂမံဝါ ဥပနိဿာယ"၌ နဂရကို အဘယ်ဖြင့် သွင်းယူရမည်နည်း။ "ဥပနိဿာယ"အရ မှီပုံကိုလည်း ပြပါ။

ဂ ။ "ကုလဒူသကော"နှင့် စပ်၍ ကုလဒူသနဝတ္ထု ၈ ပါးကို ပြပြီးလျှင် ထိုဝတ္ထုဖြင့် ဖျက်ဆီး၍ ပျက်စီးပုံကိုလည်း ပြပါ။

ဃ။ ကုလဒူသနမှုပြုလျှင် ဘာအာပတ် သင့်သနည်း။ ထို ကုလဒူသနကြောင့် ရသော ပစ္စည်းများကို သုံးစွဲလျှင် ဘာအာပတ် သင့်သနည်း။

င ။ "ပါပသမာစာရော"အရ ယုတ်မာသော အကျင့်များကို ပြပါ။

စ ။ ထိုကုလဒူသက ရဟန်းကို သံဃာညီညွတ်လျှင် အဘယ်ကံ ပြုရမည်နည်း။ ထိုကဲ့သို့ ကံပြုရကြောင်းကို သိက္ခာပုဒ်တွင် ဘယ်စကားဖြင့် ပြသနည်း။

ဆ။ "တာဒိသိကာယ အာပတ္တိယာ ဧကစ္စံ ပဗ္ဗာဇေန္တိ"ဟု စွပ်စွဲရာ၌ ကုလဒူသန ဒုက္ကဋ်ကြောင့်သာ နှင်ထုတ်ထိုက်ပုံကို ပြပါ။

ဇ။ အဘယ်ကို "အဂတိ"ဟု ခေါ်သနည်း။ အဂတိ ၄ ပါးကို ပြပါ။

ဈ။ "ပက္ကမတာ၊ပေ၊ဝါသေန" ဝါကျတို့ ၂ ထပ် ပါနေရာ ရှေ့၌ပါသော စကားဖြင့် ဘာကိုပြ၍ နောက်စကားဖြင့် ဘာကိုပြသည်ဟု ခွဲခြားပါ။

**နိဂုံး** အာယသ္မန္တော-တို့၊ ပဌမာပတ္တိကာ - ပဌမ လွန်ကျူးဆဲခဏ၌ သင့်ရောက်ခြင်း ရှိကုန်သော၊ နဝ - ၉ ပါးသော အာပတ်တို့ကိုလည်းကောင်း၊ ယာဝတတိယကာ - ၃ ကြိမ်မြောက်ကျ, သမနုဘာသနကံ အဆုံး၌ ဖြစ်ကုန်သော၊ စတ္တာရော - ၄ ပါးသော အာပတ်တို့ကိုလည်းကောင်း၊ တေရသ - ၁၃ ပါးကုန်သော၊ သံဃာဒိသေသာ - သံဃာဒိသေသ် မည်ကုန်သော၊ ဓမ္မာ- အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ- သရုပ်အားဖြင့် ရွတ်အပ် ပြအပ်ပါကုန်ပြီ။

**ကျင့်ဝတ်** ဘိက္ခု - ရဟန်းသည်၊ ယေသံ - ယင်း ၁၃ သုံးပါးသော အာပတ်တို့တွင်၊ အညတရံဝါ အညတရံဝါ - တပါးပါး သော အာပတ်သို့လည်း၊ အာပဇ္ဇိတွာ - ရောက်ပြီး၍၊ ယာဝတီဟံ -

× × × × ×

**နိဂုံး**။ ။"ဥဒ္ဒိဋ္ဌာခေါ၊ ပေ၊ ယာဝတတိယကာ" ကား နိဂုံးဝါကျတည်း။ ပဌမာပတ္တိက အာပတ် ၉ ပါးဟူသည် သုက္ကဝိသဋ္ဌိမှ စ၍ ဒုတိယ ဒုဋ္ဌဒေါသ တိုင်အောင်သော သိက္ခာပုဒ်တို့ဖြင့် ပြအပ်သော အာပတ်တို့တည်း။ ယာဝ တတိယက အာပတ် ၄ ပါးကား သံဃဘေဒ၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလ ဒူသက သိက္ခာပုဒ်တို့ဖြင့် ပြအပ်သော အာပတ်တို့တည်း။

**ပဌမာပတ္တိက**။ ။ပဌမ=ပဌမ လွန်ကျူးဆဲခဏ၌ (လွန်ကျူးလျှင် လွန် ကျူးချင်း) + အာပတ္တိ=သင့်ရောက်ခြင်း+ဣက=ရှိသည်။ ၃ ကြိမ် တိုင်အောင် ပြောဆိုဘွယ်မလို၊ လွန်ကျူးလျှင်ပင် သင့်အပ်သော အာပတ်များ ဟူလို။

**ယာဝ တတိယက**။ ။ယာဝတတိယ= ၃ ကြိမ်မြောက် သမနုဘာသနကံ အဆုံး၌+က= ဖြစ်သော အာပတ်။ [သိက္ခာပုဒ်တို့၌ "ယာဝတတိယံ သမနု ဘာသိတဗ္ဗော" စသည်ဖြင့် လာသောကြောင့် ထိုအာပတ်များကို "ယာဝ တတိယကအာပတ်" ဟု ခေါ်သည်။]

**ယေသံ၊ ပေ၊ အာပဇ္ဇိတွာ**။ ။"ယေသံ၊ ပေ၊ သာမိစီ" ဝိုင်အောင် သံဃာဒိသေသ် အာပတ်သင့်သူတို့ ကျင့်ရသော ကျင့်ဝတ်ကို ပြသော ဝါကျတို့ တည်း။ ယေသံ၌ ယသည် နိယမ (တွဲဘက် တ သဒ္ဒါ) မရှိ၊ ဤ ယ သည်ပင် နိယမမျိုး ဖြစ်နေတော့၏။ ထို့ကြောင့် ဆရာတို့က "အကြင်" ဟု မပေးဘဲ "ယင်း" ဟု အနက်ပေးကြသည်။

**ယာဝတီဟံ**။ ။ယာဝတီဟံပုဒ်၌ ပါရာဇိကကဏ် ယောဇနာဝယ် ယာဝတိ နိပါတ်ပုဒ်ဟုကြံ၍ "အဟာဿ- နေ့၏၊ ယာဝတိ-အကြင်မျှလောက်အပိုင်းအခြား သည်၊ ယာဝတီဟံ - မည်၏"ဟု ဖွင့်၏။ ယာဝတိနိပါတ်ကို သက္ကတအဘိဓာန်၌

**အကြွင်မဲ့ အတိုင်းအရှည်ရှိသော** ရက်ပတ်လုံး၊ ဇာနံ - သိလျက်၊ **ပတိစ္ဆာဒေတိ** - ဖုံးထားအံ့၊ တာ ၀တိဟံ - ထိုမျှ **အတိုင်းအရှည် ရှိသော** ရက်ပတ်လုံး၊ တေန ဘိက္ခုနာ - ထိုရဟန်းသည်၊ အကာမာ - အလိုမရှိဘဲလည်း၊ ပရိဝတ္တဗ္ဗံ- ပရိဝါသ် **နေရမည်**။

× × × × ×

မတွေ့ရ။ ဤကျမ်းကား ယာဝတာ နိပါတ်နောင် အဿတ္ထိအနက်၌ ဤပစ္စည်း သက်၍ "ယာဝတီ–အကြွင်မဲ့လောက် အတိုင်းအရှည် ရှိကုန်သော၊ အဟာနိ– ရက်တို့တည်း၊ ယာဝတိဟံ – အကြွင်မဲ့လောက် အတိုင်းအရှည်ရှိသော ရက်" ဟုရင်း၊ ယာဝတီကိုလည်း သချ်ာပုဒ်မျိုးဟုရင်း သဘောထား၍ သမာဟာရ ဒိဂုသမာသ် ကြံလိုက်ပါသည်။ တာဝတိဟံလည်း နည်းတူ။

**ဇာနံ ပဋိစ္ဆာဒေတိ။** ။အာပတ်သင့်မှန်း သိသည်ကို "ဇာနံ" ဟု ဆို၏။ ထိုကဲ့သို့ အာပတ်သင့်မှန်း သိပါလျက် ထင်စွာမပြုခြင်း (အခြားရဟန်း အား မပြောခြင်း)ကို ဖုံးထားသည်ဟု ဆိုသည်။ ဖုံးထားရာ ရောက်ဘို့ရန် အင်္ဂါ ၁၀ ပါး ရှိ၏။ ၁–အာပတ်သင့်ခြင်း၊ ၂– အာပတ်သင့်မှန်း သိခြင်း၊ ၃– ပကတတ်ဖြစ်ခြင်း("ပကတတ်" အကြောင်းကို ပြခဲ့ပြီ)၊ ၄ – ပကတတ်မှန်း သိခြင်း၊ ၅– အန္တရာယ် ၁၀ ပါး မရှိခြင်း၊ ၆– အန္တရာယ် မရှိမှန်း သိခြင်း၊ ၇–အခြားရဟန်း၏အထံသို့ သွားနိုင် သွားပြီး၍လည်း ဒေသနာ ပြောနိုင်ခြင်း၊ ၈– ထိုသို့ စွမ်းနိုင်မှန်းလည်း သိခြင်း၊ ၉– ဒေသနာမပြောဘဲ ဖုံးထားလိုခြင်း၊ ၁၀– ဖုံးထားခြင်း။ ဤသို့ အင်္ဂါ ၁၀ ပါး ရှိသည်။

**မှတ်ချက်။** ။ဤ ၁၀ ပါးသည် ထုလ္လစ္စဉ်းစသော အောက် အာပတ် များကို ဖုံးခြင်းနှင့်လည်း ဆိုင်၏။ မည်သည့် အာပတ်မဆို အာပတ်သင့်ရာ နေ့၏ ညဉ့်အရုဏ်တက်သည့် တိုင်အောင် ဒေသနာ မပြောလျှင် ဖုံးထားသည် မည်၏။ ထိုသို့ ဖုံးထားရာ၌ တညဉ့်ဖုံးလျှင် ဒုက္ကဋ်တချက် တိုး၏။ သံဃာဒိသေသ်ကို ဖုံးထားရာ၌ကား ဒုက္ကဋ် အာပတ်အပြင် ပရိဝါသ်ရက်လည်း တိုးနေရသည်။

[ဆောင်] သင့်တုံ အာပတ်[၁], ပကတတ်တည်း[၂], ကင်းလတ် အန္တရာယ်[၄],
အစွမ်းကြွယ်သား, လေးသွယ်သိစွမ်း[၆], စဉ်တိုင်းပြွမ်း၍[၈], ဖုံးလွှမ်း
လိုငြား[၉], ဖုံးလွှမ်းငြားဟု[၁၀], ၅ ပါး နှစ်လီ, အင် ဆယ်ညီ, ဖုံးပြီ
တိုအာပတ်။

**အကာမာ ပရိဝတ္တဗ္ဗံ။** ။အကာမာကို "အနိစ္ဆန္တေနာပိ" ဟု ဋီကာတို့ ဖွင့်ရကား တေန ဘိက္ခုနာနှင့် ဝိဘတ်တူအောင် နာဝိဘတ်ကို အာပြု၍ အပိ သဒ္ဒါ အကြေကြံသည်။ မိမိနေလိုမှ ပရိဝါသ် နေရမည် မဟုတ်၊ မနေလိုဘဲလည်း

**ပရိဝုတ္ထ ပရိဝါသေန** - ကျင့်သုံးအပ်ပြီးသော ပရိဝါသ် ရှိသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဥတ္တရိ-အလွန်၊ ဆာရတ္တံ-ခြောက်ညဉ့်ပတ်လုံး၊ ဘိက္ခုမာနတ္တာယ - ရဟန်းတို့ မြတ်နိုးကုန်သည်၏ အဖြစ် အကျိုးငှာ၊ ပဋိပဇ္ဇိတဗ္ဗံ-ကျင့်ရမည်၊ (ယဒါ-အကြင်အခါ၌၊) ဘိက္ခု - ရဟန်းသည်၊ စိဏ္ဏမာနတ္တော - ကျင့်အပ်ပြီးသော မာနတ်ရှိ၏၊ (တဒါ - ထိုအခါ၌၊) ယတ္ထ - အကြင် သိမ်၌၊ ဝီသတိဂဏော - နှစ်ကျိပ်ဂိုဏ်းရှိသော၊ ဘိက္ခုသံဃော - ရဟန်းအပေါင်းသည်၊ (သိယာ - ရှိ၏၊) တတ္ထ - ထိုသိမ်၌၊ သော ဘိက္ခု-ထိုရဟန်းကို၊ ဘိက္ခုဟိ-ရဟန်းတို့သည်၊ အဗ္ဘေတဗ္ဗော-လက်ခံထိုက်၏၊ ဝါ-သွင်းခေါ်ထိုက်၏၊

× × × × ×

ပရိဝါသ်နေရမည် ဟူလို။ ဘုရားအမိန့်တော်အတိုင်း ကျင့်နေခြင်းကို ပရိဝါသ် ဟု ခေါ်၏။ "တာဝတီဟံ"ဟု ဆိုသောကြောင့် ဒေသနာမပြောဘဲ အာပတ်ကို တရက်ဖုံးလျှင် ပရိဝါသ် တရက်နေ၊ ၂-၃-၄ ရက် စသည် ဖုံးလျှင်လည်း ၂-၃-၄ ရက် စသည် ပရိဝါသ်နေရမည် ဟူလို။

**ပရိဝုတ္ထ ပရိဝါသေန၊ ပေ၊ ပဋိပဇ္ဇိတဗ္ဗံ။** ။ပရိဝါသ်နေရာ ညဉ့်ထက် ပိုလွန်သည်ကို "ဥတ္တရိ"ဟု ဆိုသည်။ "ဘိက္ခုမာနတ္တာယ" ၌ "ဘိက္ခုမာန" ဟူသည် ရဟန်းတို့၏ မြတ်နိုးခြင်းတည်း။ "မြတ်နိုး" ဟူသည်လည်း "နှစ်သက် ကျေနပ်ခြင်း"တည်း။ "ပရိဝါသ်နေပြီးသော ရဟန်းသည် ပကတတ်ရဟန်းတို့ မြတ်နိုး နှစ်သက် ကျေနပ်ဘို့ရာ ၆ ညဉ့်ပတ်လုံး ကျင့်ရဦးမည်" ဟူလို။ ဤသို့ ၆ ညဉ့် ကျင့်ခြင်းကိုပင် "မာနတ္တာယ+ပဋိပဇ္ဇိတဗ္ဗံ"ကို စွဲ၍ "မာနတ်+ကျင့်" ဟု ခေါ်သည်။ [မာနတ္တာယ၌ တ္တ ပစ္စည်းသည် ဘာဝအနက်၌ သက်၏။ ထို့ကြောင့် "မာနဘာဝါယ"ဟု အဋ္ဌကထာဖွင့်သည်။ အာယကား တဒတ္ထ သမ္ပဒါန်တည်း။ ထို့ကြောင့် "ဘိက္ခုမာနတ္တာယ - ရဟန်းတို့ + မြတ်နိုးကုန်သည်၏+အဖြစ်+အကျိုးငှာ"ဟု ပေးရသည်။]

**စိဏ္ဏမာနတ္တော၊ ပေ၊ အဗ္ဘေတဗ္ဗော၊** ။"စိဏ္ဏမာနတ္တော ဘိက္ခု" ၏ စပ်ဘို့ရာ ကြိယာ မရှိ။ အဗ္ဘေတဗ္ဗော၌ စပ်ဘို့ရာလည်း "သော ဘိက္ခု"ဟု ကံ သီးခြား ရှိလေပြီ။ ထို့ကြောင့် ဘိက္ခုနီ သံဃာဒိသေသ်၌ ကခ်ါဖွင့်ပုံကို နည်းမှီ၍ "ယဒါ တဒါ" ထည့်လျက် အနက်ပေးလိုက်ပါသည်။ "ရဟန်းသည် အကြင် အခါ မာနတ်ကျင့်ပြီးဖြစ်၏၊ ထိုအခါဝယ် ထိုရဟန်းကို အဗ္ဘာန်သွင်းရမည်" ဟူလို။ "အဗ္ဘေ တဗ္ဗော"၌ အဘိပုဗ္ဗ, ဣဓာတ်, တဗ္ဗပစ္စည်းတည်း။ ဓာတ် တို့သည် အနက်များစွာကို ဟောနိုင်ရကား ဤ "အဘိပုဗ္ဗ + ဣ" ဓာတ်သည်

ခေကနာပိ-တပါးဖြင့်လည်း၊ ဥုနော - ယုတ်လျော့သော၊ ဝိသတိဝဂ္ဂေါ-နှစ်ကျိပ်ဂိုဏ်းရှိသော၊ ဘိက္ခုသံဃော - ရဟန်းအပေါင်းသည်၊ တံ ဘိက္ခုံ - ထိုရဟန်းကို၊ စေ အဗ္ဘေယျ - အကယ်၍ လက်ခံအံ့၊ ဝါ- အကယ်၍ သွင်းခေါ်အံ့၊ သော စ ဘိက္ခု - ထိုရဟန်းကိုလည်း၊ အနဗ္ဘိတော-သွင်းခေါ်အပ်ရာ မရောက်၊ တေ စ ဘိက္ခူ - ထိုရဟန်းတို့ကိုလည်း၊ ဂါရယှာ - ကဲ့ရဲ့ထိုက်ကုန်၏၊ အယံ - ဤ ဆိုအပ်ပြီးကား၊ တတ္ထ - ထိုသံဃာဒိသေသ် အာပတ်သင့်ရာ၌၊ သာမိစိ - လောကုတ္တရာ တရားအား လျော်သော ကျင့်ဝတ်တည်း။

× × × × ×

"သမ္ဗုရ္ဆနန=လက်ခံခြင်း၊ ဩသာရဏ = သွင်းခြင်း" အနက်များကို ဟော၏။ မာနတ်ကျင့်ပြီး၍ ရဟန်းများက ကျေနပ်သောကြောင့် သံဃာက လက်ခံနိုင်ပြီ၊ သံဃာ့အလယ်သို့ သွင်းခေါ်နိုင်ပြီ ဟူလို။ ဤသို့ လက်ခံ သွင်းခေါ်ခြင်းကိုပင် "အဗ္ဘာန" ပုဒ်ကိုစွဲ၍ "အဗ္ဘာန်သွင်း"ဟု ခေါ်ကြသည်။

**ခေကနာပိ၊ စေ၊ ဂါရယှာ။** ။"နှစ်ကျိပ်ပြည့် သံဃာက လက်ခံသွင်းခေါ် ရမည်"ဟု ဆိုထားပါလျက် တပါးတလေ လျော့နေလျှင် အဗ္ဘာန်သွင်းရာ မရောက်၊ အဗ္ဘာန်သွင်း အတ မမြောက်၊ နှစ်ကျိပ်မပြည့်မှန်း သိလျက် အဗ္ဘာန် သွင်းပေးသော ရဟန်းများလည်း ကဲ့ရဲ့ထိုက်၏။ "ကဲ့ရဲ့ထိုက်" ဆိုသည်ကား "အပြစ် ရှိသည်၊ ဒုက္ကဋ် အာပတ် သင့်သည်"ဟု ဆိုလိုသည်။ [ထို့ကြောင့် ယခုအခါ အဗ္ဘာန် သွင်းရာ၌ ရဟန်း အစစ်အမှန်ချည်း နှစ်ကျိပ် ပြည့်ဘို့ရာ နှစ်ကျိပ်ကျော်ကျော် ရှိအောင် ကြိုးစားလေ့ ရှိကြသည်။]

**အယံ တတ္ထ သာမိစိ။** ။"အယံ-ဤ ဆိုအပ်ပြီး"ဟူသည် သံဃာဒိသေသ် အာပတ်ကို ဖုံးထားလျှင် ဖုံးထားရာ နေ့နှင့်အမျှ ပရိဝါသ်နေရခြင်း၊ ၆ ညဉ့် ပတ်လုံး မာနတ် ကျင့်ရခြင်း၊ သံဃာ နှစ်ကျိပ်ရှိရာ သိမ်၌ အဗ္ဘာန် သွင်းရခြင်း များတည်း။ "ထို ဆိုအပ်ခဲ့ပြီးသော ကျင့်ဝတ် (တာဝန် ဝတ္တရား) များကား လောကုတ္တရာတရားနှင့် လျော်သော (လောကုတ္တရာတရား ရဘို့ရန်ဖြစ်သော) ကျင့်ဝတ်ဖြစ်သည်"ဟူလို။

**သာမိစိ။** ။သာမိစိသဒ္ဒါသည် "အလျော်" အနက်ကို ဟော၏။ "သမ္မာ+ ဘာဝေါ သာမိစိ-ကောင်းသည်၏ အဖြစ်"ဟု သဒ္ဒတ္ထဖြစ်၏။ ဘာဝအနက်၌ ဏသက်၊ သုတ်ကြီးဖြင့်(စ်)လာ၊ မာ၌ အာကို ဣပြု၊ မ္မ ကိုလည်း ဝိသံယောဂ ပြု၊ နဒါဒိ ဤပစ္စည်းသက်၊ ဤသို့ မောဂ္ဂလာန်နိဿယ - ဏာဒိကဏ္ဍ (၆၉) သုတ်၌ စီရင်၏။ စာအုပ်တို့၌ "သာမိစိ၊ သာမီစိ"ဟု ပါဌ်အထွေထွေရှိသည်။

**အနုသာသန** တတ္ထ - ထို သံဃာဒိသေသ်တို့၌၊ အာယသ္မန္တေ - တို့ကို၊ ပုစ္ဆာမိ-၏၊ ပေ၊ တတ္ထ - ဤသံဃာဒိသေသ်အာပတ်တို့၌၊ ပရိသုဒ္ဓါ-န်၏၊ တသ္မာ တုဏှီ(အာသိ), ဧဝ မေတံ ဓာရယာမိ၊ ဣတိ- သံဃာဒိသေသ် ပြီးပြီ။ [မပါသော ပုဒ်နက်များကို နိဒါန်း အဆုံးမှာ ကြည့်ပါ။]

**သံဃာဒိသေသာ-တို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။**

× × × × ×

**အနုသာသန**။ ။"တတ္ထာ ယသ္မန္တေ ပုစ္ဆာမိ" စသော တတိယာနုသာ ဝန၏ အဓိပ္ပာယ်ကို နိဒါန်းအတိုင်းသိပါ။ ပရိဝါသ်နေနည်း၊ မာနတ်ကျင့်နည်း များကိုကား စူဠဝဂ္ဂ-သမုစ္စယက္ခန္ဓက ပါဠိတော်ကိုဖြစ်စေ၊ ထိုထို ဝိနိစ္ဆယကို ဖြစ်စေ ကြည့်ရှု၍ သီးခြားလေ့လာမှ နားလည်နိုင်မည်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ဥဒ္ဒိဋ္ဌာခေါမှစ၍ ဧဝ မေတံ ဓာရယာမိ တိုင်အောင် မည်သည့် ဝါကျက မည်သည့်အဓိပ္ပာယ်ကို ပြသည်ဟု ခွဲခြားပြပါ။

ခ ။ သံဃာဒိသေသ် ၁၃ ပါးတို့တွင် ပဌမာပတ္တိကနှင့် ယာဝတတိယကတို့ မည်မျှစီ ရှိကြောင်းကို ပြပါ။

ဂ ။ ထိုပဌမာပတ္တိက၊ ယာဝတတိယကပုဒ်တို့၏ မြန်မာလိုဆိုလိုရင်းကိုပြပါ။

ဃ။ ပတိစ္ဆာဒေတိ အရ အဘယ်ကို ဖုံးထားသည်ဟု ခေါ်သနည်း။

င ။ အာပတ်ဖုံးရာရောက်ကြောင်း အင်္ဂါ ၁၀ ပါးကို ပြပါ။

စ ။ သံဃာဒိသေသ်အာပတ်သင့်သူတိုင်း ပရိဝါသ်နေရပါသလော၊နေရလျှင် အဘယ်ပုဂ္ဂိုလ်သည် အဘယ်ရက်မျှ နေရသနည်း။

ဆ။ ပရိဝါသ်နေပြီးနောက် အဘယ်အကျိုးငှာ မာနတ်ကျင့်ရသနည်း။ဆိုင်ရာ ပါဠိကို ထောက်ပြပါ။

ဇ ။ မာနတ်ကျင့်ပြီးသူကို အဘယ်မျှလောက်သော သံဃာက အဗ္ဘာန်သွင်းရ မည်နည်း။ ဘာကို အဗ္ဘာန်ဟု ခေါ်သနည်း။

ဈ။ အဗ္ဘာန် သွင်းနိုင်လောက်အောင် သံဃာ မပြည့်မှန်းသိလျက် အဗ္ဘာန် သွင်းသော ရဟန်းတို့အား ဘာ အာပတ် သင့်သနည်း။

**သံဃာဒိသေသ်အခန်း ပြီးပြီ။**

## အနိယတအခန်း

အချီ — အာယသ္မန္တော-တို့၊ ဒွေ - ၂ ပါးကုန်သော၊ အနိယတာ— အနိယတ မည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ-ဤအာပတ်တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ-ကုန်၏။

ပဌမ အနိယတ သိက္ခာပုဒ် — ယော ပန ဘိက္ခု-သည်၊ မာတုဂါမေန-မာတုဂါမနှင့်၊ သဒ္ဓိံ-တကွ၊ ဧကော ဧကာယ-တယောက်ချင်းချင်း၊ ရဟော-- မျက်စိ၏ကွယ်ရာ၌၊ ပဋိစ္ဆန္နေ — ဖုံးကွယ်အပ်သော၊ အလံ ကမ္မနိယေ-စွမ်းနိုင်သော မေထုန်မှု၌ ခံ့သောသဘော

× × × × ×

**ပဌမ အနိယတ။** ။ဤသိက္ခာပုဒ်ကား "မျက်စိဖြင့် မမြင်နိုင်လောက်အောင် ဖုံးကွယ်အပ်သောနေရာဝယ် မာတုဂါမနှင့် အတူတကွ ထိုင်နေသော ရဟန်းကို အရိယာဥပါသိကာမ တွေ့မြင်၍ ပါရာဇိက၊ သံဃာဒိသေသ်၊ ပါစိတ် အာပတ် တမျိုးမျိုးဖြင့် စွပ်စွဲစေကာမူ၊ သို့မဟုတ် နေထိုင်ပုံ အခြင်းအရာနှင့် တကွ ဝတ္ထုကိုဖော်ပြ၍ စွပ်စွဲစေကာမူ ထိုရဟန်းက ဟုတ်ကြောင်း ဝန်ခံမှသာ ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ" ဟု ဝိနည်းအဆုံးအဖြတ်၏ လက္ခဏာ (ဆုံးဖြတ်ပုံ နည်းလမ်း)ကို ပြသော သိက္ခာပုဒ်တည်း။

**မာတုဂါမေန၊ပေ၊ဧကော ဧကာယ။** ။ဧကောပုဒ်သည် ဘိက္ခုပုဒ်နှင့် အရကျူ၍ ဧကာယကား မာတုဂါမေနနှင့် အရတူသည်။ ထို့ကြောင့် "ဧကော ဧကာယ—တယောက်ချင်းချင်း"ဟု အနက်ပေးရိုး ရှိသော်လည်း ကျကျနန ပေးလျှင် "ယော ပန ဘိက္ခု — အကြင် ရဟန်းသည်၊ ဧကော—တပါးတည်း၊ (ဟုတ္ွာ—၍၊) ဧကာယ—တယောက်တည်းသော၊ မာတုဂါမေန-နှင့်၊ သဒ္ဓိံ— တကွ"ဟု ပေးရမည်။

**ရဟော ပဋိစ္ဆန္နေ အာသနေ။** ။"ရဟော"အရ"စက္ခုရဟ၊ သောတရဟ=မျက်စိကွယ်ရာ နားကွယ်ရာ"ဟု ၂ မျိုးရှိသော်လည်း ဤသိက္ခာပုဒ်၌ စက္ခုရဟကိုသာ ယူရမည်။ ဘာ့ကြောင့်နည်း။........ဤ ရဟော၏ အရကိုပင် "ပဋိစ္ဆန္နေ အာသနေ" ဟု ပြသောကြောင့်တည်း။ "ဖုံးကွယ်အပ်သော နေရာ"ဟု ဆိုလျှင် မျက်စိ၏ ကွယ်ရာဖြစ်ကြောင်း ထင်ရှားပြီ ဟူလို။ ပဋိစ္ဆန္နေ အရ"ဖုံးကွယ်အပ်သောနေရာ"ဟူသည် နံရံ အဝတ် စသည်တို့ဖြင့် ကွယ်ကာထားအပ်သောနေရာတည်း။ ထို့ကြောင့် ၄ တောင်ခန့်ရှိသော အခန်းကလေး၌

**ရှိသော၊ အာသနေ - နေရာ၌၊ နိသဇ္ဇံ- ထိုင်နေခြင်းကို၊ ကပ္ပေယျ-ပြုအံ့၊ တမေနံ (တံ+နေံ)-ထိုရဟန်းကို၊ သဒ္ဓေယျဝစသာ - ယုံကြည်ထိုက်သော စကားရှိသော၊ ဥပါသိကာ—အရိယာ ဥပါသိကာမသည်၊ ဒိသွာ - မြင်၍၊ တိဏ္ဏံ - ၃ ပါးကုန်သော၊ ဓမ္မာနံ - အာပတ်တို့တွင်၊ အညတရေန-**

× × × × ×

ရဟန်းနှင့် မာတုဂါမတို့ တယောက်ချင်း နေထိုင်၍ တံခါးကို ပိတ်ထားလျှင် တံခါးအပြင်ဘက်၌ ယောက်ျားအဖော် ရှိသော်လည်း "ပတိစ္ဆန္န အာသန" ဖြစ်သောကြောင့် ထိုအပြင်ဘက်ယောက်ျားသည် အတွင်းရှိ ရဟန်းကို အာပတ် မသင့်အောင် မတတ်နိုင်တော့ချေ။

**ကစ္ဆါ။** ။ရဟောတိ စက္ခုဿ ရဟော၊ ကိဥ္စာပိ ပါဠိယံ သောတဿ ရဟော အာဂတော၊ စက္ခုဿ ပန ရဟော ရဟောတိ အဓိပ္ပေတော—(ပါဠိ တော်၌) သောတ၏ ကွယ်ရာလည်း လာ၏။ သို့သော် စက္ခု၏ ကွယ်ရာကိုသာ ရဟော ဟု အလိုရှိအပ်၏။....ဤသိက္ခာပုဒ် အဋ္ဌကထာ။

**အလံ ကမ္မနိယေ။** ။[ဤပါဠိဝယ် ပါရာဇိကကဏ်နှင့် ကစ္ဆါတို့ ဖွင့်ကြ ပုံချင်း တူပါလျက် စာမူ မတူဘဲ ဖြစ်နေသည်။ ဤ၌ ပါရာဇိကကဏ် စာမူအတိုင်း ရေးမည်။] ကမ္မနိ-မေထုန်မှု၌၊ ခမံ - ခံ့သော သဘောသည်၊ ဝါ-လျောက် ပတ်သော သဘောသည်၊ ကမ္မနိယံ-မည်၏၊ "မေထုန်မှု၌ လျောက်ပတ်သော သဘော"ဟူသည် မေထုန် မှီဝဲလောက်သော အကွယ်အကာရှိခြင်း၊ လုံ့ခြုံခြင်း သဘောတည်း။

အလံ(ပရိယတ္တံ)+ကမ္မနိယံ+ယဿာတိ အလံ ကမ္မနိယံ။ ယဿ-အကြင် နေရာ၏၊ အလံ(ပရိယတ္တံ)-စွမ်းနိုင်သော၊ ကမ္မနိယံ - မေထုန်မှု၌ ခံ့သော သဘောသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထိုနေရာသည်၊ အလံကမ္မ နိယံ-မည်၏၊ ဤ၌ "စွမ်းနိုင်"ဟူသည် မေထုန်ပြုနေသည့်အခါ "ကွယ်ကာ နိုင်ခြင်း"တည်း။ ဤ စကားစဉ်အရ မေထုန်မှုကို ကွယ်ကာနိုင်လောက်အောင် အကွယ်အကာရှိသော နေရာကို "အလံ ကမ္မနိယ"ခေါ်သည်ဟု မှတ်ပါ။

**နိသဇ္ဇံ ကပ္ပေယျ။** ။"သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း" ဟူသော ဣရိယာပုထ် ၄ ပါးတို့တွင် "နိသဇ္ဇံ"အရ ထိုင်ခြင်း ဣရိယာပုထ်ကို ပြသဖြင့် ထိုင်ပြီးနောက်မှ လျောင်းရသည့်အတွက် ထိုင်ခြင်းထက်ပင် ပို၍ဖြစ်နိုင် ခဲသော လျောင်းခြင်း ဣရိယာပုထ်ကိုပါ ယူ။ [နိသဇ္ဇံ ကပ္ပေယျာတိ နိသဇ္ဇံ ကရေယျ၊ နိသီဒေယျာတိ အတ္ထော၊ ဧတ္ထစ သယနံပိ နိသဇ္ဇာယဧဝ သင်္ဂဟိတံ၊— ကင်္ခါအဋ္ဌကထာ။]

တပါးပါးဖြင့်၊ ပါရာဇိကေနဝါ - ပါရာဇိက အာပတ်ဖြင့် သော်၎င်း၊ သံဃာဒိသေသေနဝါ - သံဃာဒိသေသ် အာပတ်ဖြင့်သော်၎င်း၊ ပါစိတ္တိယေနဝါ - ပါစိတ်အာပတ်ဖြင့်သော်၎င်း၊ ဝဒေယျ - ပြောဆို စွပ်စွဲအံ့၊ ဘိက္ခု - ရဟန်းကို၊ နိသဇ္ဇံ-ထိုင်နေခြင်းကို၊ ပဋိဇာနမာနော - ဝန်ခံမှုသာ၊ တိဏ္ဏံဓမ္မာနံ အညတရေန ပါရာဇိကေနဝါ သံဃာဒိသေသေနဝါ ပါစိတ္တိယေနဝါ၊ ကာရေတဗ္ဗော - ပြုစေထိုက်၏၊ ဝါ-ဆုံးဖြတ်ထိုက်၏၊ သဒ္ဓေယျဝစသာ -သော၊ သာ ဥပါသိကာ- ထိုအရိယာ ဥပါသိကာမသည်၊ ယေနဝါ- အကြင် အခြင်းအရာနှင့် တကွမူလည်း၊ ဝဒေယျ- ဝတ္ထုကိုဖော်ပြ၍ ပြောဆိုအံ့၊ တေန -ထိုအခြင်းအရာဖြင့်၊ သောဘိက္ခု-

× × × × ×

**သဒ္ဓေယျဝစသာ၊ပေ၊ဝဒေယျ။** ။"ယုံကြည်ထိုက်သော စကားရှိသူ" ဟူသည် မည်သည့်နည်းနှင့်မျှ မုသားမပြောသော အရိယာဥပါသိကာမတည်း။ ထို ဥပါသိကာမသည် ပါရာဇိက၊ သံဃာဒိသေသ်၊ ပါစိတ်အာပတ် ၃ မျိုးတွင် တမျိုးမျိုးဖြင့် ပြောဆိုစွပ်စွဲအံ့ ဟူလို။

**နိသဇ္ဇံ ဘိက္ခု ပဋိဇာနမာနော၊ ပေ၊ ကာရေတဗ္ဗော။** ။ပဋိဇာနမာနောကို "ပဋိဇာနမာနော ဧဝ"ဟု ဧဝထည့်၍ ဖွင့်ကြ၏။ ဆိုလိုရင်းကား—ယုံကြည်လောက်သော အရိယာ ဥပါသိကာမက စွပ်စွဲစေကာမူ (သူမြင်တိုင်းဟုတ်ချင်မှ ဟုတ်မည်၊ အမြင်လွဲချင် လွဲတတ်သည်ဖြစ်၍) ရဟန်းက "မာတုဂါမနှင့်အတူ ထိုင်မိကြောင်း" ဝန်ခံမှုသာ သင့်တော်ရာ အာပတ်ဖြင့် ဆုံးဖြတ်ရမည် ဟူလို။

**ယေနဝါ၊ပေ၊ဝဒေယျ။** ။ဤကား ထို အရိယာဥပါသိကာမ၏ ပြောဆိုစွပ်စွဲပုံ တနည်းကို ပြသော ဝါကျတည်း။ ရှေ့နည်း၌ "တိဏ္ဏံ ဓမ္မာနံ အညတရေန ဝဒေယျ ပါရာဇိကေနဝါ"စသည် ဆိုသောကြောင့် အရိယာဥပါသိကာမက အာပတ်တပ်၍ စောဒနာပုံကို ပြ၏။ ဤနည်းကား (အရိယာ ဥပါသိကာမက အာပတ်နာမည် တပ်ချင်မှ တပ်တတ်မည် ဖြစ်သောကြောင့် အာပတ်နာမည် မတပ်ဘဲ) နေထိုင်ပုံ၊ သို့မဟုတ် အိပ်နေပုံ၊ အခြင်းအရာနှင့် တကွ မေထုန်မှု၊ ကိုယ်လက် နှီးနှောမှု အစရှိသော ဝတ္ထုကို ထုတ်ဖော်၍ စောဒနာပုံကို ပြသည်။ [ယေနဝါ သာတိ နိသဇ္ဇာဒီသု အာကာရေသု ယေနဝါ အာကာရေန သဒ္ဓိံ မေထုနာဒီနိ အာရောပေတွာ သာဥပါသိကာ ဝဒေယျ၊ ပဋိဇာနမာနောဝ တေန သော ဘိက္ခု ကာရေတဗ္ဗော၊ န အပ္ပဋိဇာနမာနောတိ အတ္ထော။— ကင်္ခါအဋ္ဌကထာ။]

ထိုရဟန်းကို၊ (ပတိဇာနမာနော- ဝန်ခံမှသာ၊) ကာရေတဗ္ဗော- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏၊ အယံ ဓမ္မော- ဤအာပတ်သည်၊ အနိယတော - အနိယတ အာပတ်တည်း၊ ဝါ - အမြဲ မသတ်မှတ်အပ်သော အာပတ်တည်း။

× × × × ×

**တေန သော ဘိက္ခု ကာရေတဗ္ဗော။** ။ဤဝါကျ၌"ပတိဇာနမာနော" ဟု မပါသော်လည်း ရှေ့ဝါကျမှလိုက်စေရမည်။ထိုအခြင်းအရာနှင့်တကွ ဝတ္ထုကို ဖော်ပြ၍ စောဒနာခံရသော ရဟန်းက ဟုတ်မှန်ကြောင်း ဝန်ခံမှသာ ထိုစွပ်စွဲအပ်သော အခြင်းအရာဖြင့် (အာပတ်တပ်၍) ဆုံးဖြတ်ရမည်။ [ဤယေနဝါ၌ ဝါသဒ္ဒါကို ဝဇိရဗုဒ္ဓိဋီကာ၌ တမျိုးဖွင့်သေး၏။]

**ကာရေ တဗ္ဗော။** ။[ကရ+ဏေ+တဗ္ဗ၊] သဒ္ဒါနက်အားဖြင့် "ပြုစေထိုက်" ဟူရာ၌ "ပြုစေ" ဟူသည် "အာပတ်ကို ကုစားစေခြင်း" တည်း။ ထိုသို့ "ကုစားစေခြင်း" ကိုပင် ဝေါဟာရတ္ထ (သုံးစွဲရိုးအနက်) အားဖြင့် ဆုံးဖြတ်ခြင်းဟု ဆိုကြသည်။ [တဗ္ဗပစ္စည်းဖြင့် လာသမျှ၌ "ထိုက်, သင့်" ဟူသာ အနက်ပေး၊ "အပ်" ဟု မပေးနှင့်၊ တကယ်ပြုနေမှသာ "အပ်" ဟု သုံးရသည်။]

**အယံ ဓမ္မော အနိယတော။** ။ပါရာဇိကဟူ၍၎င်း၊ သံဃာဒိသေသ်ဟူ၍၎င်း၊ ပါစိတ်ဟူ၍၎င်း အမြဲသတ်မှတ်၍ မရသောကြောင့် "အနိယတော= မမြဲသော အာပတ်" ဟု ဆိုသည်။ [ဤ အနိယတ သိက္ခာပုဒ် ၂ ပါး၌ အာပတ်အင်္ဂါဟု အထူးမရှိ။ ပါရာဇိက ဖြစ်လျှင် ပါရာဇိက အင်္ဂါအတိုင်း၊ သံဃာဒိသေသ်၊ ပါစိတ်ဖြစ်လျှင်လည်း ထို ဆိုင်ရာအာပတ်၏ အင်္ဂါအတိုင်းပင်။]

**သင့်ခွင့်ရှိသော အာပတ်။** ။မာတုဂါမနှင့် အတူနေရာဝယ် သင့်ခွင့်ရှိသော အာပတ်များကား ပထမ ပါရာဇိက၊ သံဃာဒိသေသ်တွင်(မျက်စိကွယ်ရာဟု ဆိုသောကြောင့် စကားပြောမှုနှင့် မဆိုင်ရကား) ကာယသံသဂ္ဂ ပါစိတ်တွင် အစေလကဝဂ်လာ ရဟောပတိစ္ဆန္န အာပတ်များတည်း။ ဘိက္ခုနောဝါဒဝဂ်လာ "ရဟောနိသဇ္ဇ" သိက္ခာပုဒ်ကား ဒုတိယ အနိယတနှင့်သာ ဆိုင်သည်။

**မာတုဂါမ။** ။ဤ ပထမ အနိယတ၌ ပထမ ပါရာဇိက ကာယ သံသဂ္ဂတို့ ပါဝင်သောကြောင့် မွေးဖွားစမှစ၍ အသက်ရှင်ဆဲ မိန်းမ ဟူသမျှကို "မာတုဂါမ" အရ ယူပါ။ "ဧကော ဧကာယ" ဟူရာ၌ ယောကျ်ားအဖော် မရှိခြင်းကို ယူပါ။ မိန်းမအဖော် ရှိသော်လည်း ဤသိက္ခာပုဒ်၌ "အဖော်" မမည်။ ဘာ့ကြောင့်နည်း။ မိန်းမတို့သည် မေထုန်မှုကဲ့သို့ ကြီးလေးသော သူတပါး၏ အပြစ်များကို ဖုံးထားလေ့ရှိကြ၊ တယောက်အပြစ်ကို သူတပါးအား ဖော်ပြလေ့ မရှိကြသောကြောင့်တည်း။

**ဒုတိယ အနိယတ သိက္ခာပုဒ်**

အာသန်– နေရာသည်၊ နပဋိစ္ဆန္နံ– မဖုံးကွယ်အပ်သည်၊ န အလံကမ္မနိယံ– စွမ်းနိုင်သော မေထုန်မှု၌ ခံ့သောသဘော မရှိသည်၊ ဟောတိ – ဖြစ်အံ့၊ စ– အနွယကား၊ (အနွယဝါကျ ဇောတက "စ" ဟူလို၊) မာတုဂါမံ– ကို၊ ဒုဋ္ဌုလ္လာယ – ရုန့်ရင်းကုန်သော၊ ဝါစာယ – ဝစီမဂ် ပယာဝမဂ် မေထုန်နှင့်စပ်သော စကားတို့ဖြင့်၊ သြဘာသိတုံ – ယုတ်ယုတ်မာမာ ပြောဆိုခြင်းငှာ၊ အလံ – စွမ်းနိုင်သည်၊ ဟောတိ – ဖြစ်အံ့၊ ယော ပန ဘိက္ခု – သည်၊ တထာရူပေ – ထိုသို့ သဘောရှိသော၊ အာသနေ– နေရာ၌၊ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ၊ ရဟော – နား၏ကွယ်ရာ၌၊ နိသဇ္ဇံ ကပ္ပေယျ၊ တမေနံ သဒ္ဓေယျဝစသာ ဥပါသိကာ ဒိသွာ၊ ဒွိန္နံ – ၂ ပါးကုန်သော၊ ဓမ္မာနံ – အာပတ်တို့တွင်၊ အညတရေန သံဃာဒိသေသေန

× × × × ×

ဒုတိယ အနိယတ။ ။ဤသိက္ခာပုဒ်၌ မြန်မာပြန်ကို ရှေ့သိက္ခာပုဒ် မှီး၍ ပြန်နိုင်လောက်ပြီ။ "နဟောဝ ခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ နာလံ ကမ္မနိယံ=နေရာက အကာမရှိ၊ ဟာလာဟင်းလင်း ဖြစ်၍ မေထုန်ပြုခြင်းငှာ မဖြစ်နိုင်" ဟု ဆိုသောကြောင့် "ရဟော" အရ မျက်စိကွယ်ရာကို မယူဘဲ နား ကွယ်ရာကိုသာ ယူရခြင်း၊ "အသုဒ္ဓ၊ ပေ၊ သြဘာသိတုံ" ဟု ဆိုသောကြောင့် သံဃာဒိသေသ် အရာဝယ် ပါဠိတော်၌ တိုက်ရိုက်ပြသော ကာယသံသဂ္ဂအပြင် ဒုဋ္ဌုလ္လဝါစာ သံဃာဒိသေသ် အာပတ်ကိုလည်း ထပ်မံ သွင်းယူရခြင်း၊ ပါစိတ် အရာဝယ် ဘိက္ခုနောဝါဒဝဂ်၊ အစေလကဝဂ်တို့၌ လာသော ရဟောနိသဇ္ဇ သိက္ခာပုဒ် ၂ ပါးကို ယူရခြင်း၊ မိန်းမများလည်း အဖော်ဖြစ်နိုင်ခြင်းသာ ရှေ့ သိက္ခာပုဒ်မှ ထူး၏။

**ဆက်ဦးအံ့**—မိန်းမတို့သည် အခြားတယောက်၏ မေထုန်ဖြင့် ဖောက်ပြန် သည်ကို မဖော်ပြလိုကြသော်လည်း ကာယသံသဂ္ဂ – ဒုဋ္ဌုလ္လဝါစာ မှုကိုကား ထုတ်ဖော် ကြေငြာဘတ်ကြလေသည်။ "ရဟော" အရ နား၏ ကွယ်ရာအရပ် ကိုလည်း ၁၂ တောင်ဖြင့် သတ်မှတ်ကြ၏။ ထို့ကြောင့် ဟင်းလင်းအပြင်ဝယ် မာတုဂါမနှင့် အတူနေရာ၌ ၁၂ တောင် အတွင်းမှာ အဖော် (ယောက်ျား ဖြစ်စေ၊ မိန်းမ ဖြစ်စေ) မရှိလျှင် "ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ" ဖြစ်သည်။[ဒုတိယေ ဣတ္ထိပိ ပုရိသောပိ ယောကောစိ ဝိညူ အနန္ဓော အဗဓိရော (ကန်းသူ၊ နားထိုင်းသူ မဟုတ်သော) အန္တောဒွါဒသဟတ္ထေ ဩကာသေ ဋ္ဌိတော၊ ပေ၊ အနာပတ္တိံ ကရောတိ။–ကင်္ခါ။]

ဝါ ပါစိတ္တိယေနဝါ ဝဒေယျ၊ (နောက်၌ ပထမ သိက္ခာပုဒ်ကို မှီး၍ အနက်ဆိုလေ၊) ဒွေယမ္ပိဓမ္မော-ဤ အာပတ်သည်လည်း၊ အနိယတော - အနိယတ အာပတ်တည်း၊ ဝါ - သံဃာဒိသေသ် ပါစိတ်ဟု အမြဲ မသတ်မှတ်အပ်သော အာပတ်တည်း၊ [ "ဥဒ္ဒိဋ္ဌာခေါ" စသော နိဂုံးဝါကျ၌လည်း အနက် မထူးပြီ၊ ယာဝ တတိယာနုသာဝနဝယ် "တတ္ထ - ထို အနိယတတို့၌" ဟု အနက်ပေးရုံသာ။]

**အနိယတာ - အနိယတတို့သည်၊ နိဋ္ဌိတာ - ပြီးကုန်ပြီ။**

× × × × ×

**အနိယတပညတ်ရကျိုး။** ။အနိယတသိက္ခာပုဒ် ၂ ပါးအတွက် သီးခြား အာပတ်မရှိ။ ပါရာဇိက၊ သံဃာဒိသေသ်၊ ပါစိတ်တို့၌ ပညတ်တော်မူပြီးသော အာပတ်များကိုပင် "အနိယတအာပတ်" ဟု ထပ်မံ၍ ပြတော်မူသည်။ သို့ဖြစ်၍ အနိယတ ၂ ပါးကို ဘယ်အကျိုးငှာ ပြတော်မူပါသနည်း ဟု မေးဘွယ် ရှိ၏။ အဖြေကား - "သိက္ခာပုဒ်၌ ပြထားသော အရိယာ ဥပါသိကာမ ကိုယ်တိုင်ဖြစ်စေ၊ အခြား ယုံကြည်လောက်သူက ဖြစ်စေ စွပ်စွဲ ပြောဆိုစေကာမူ အစွပ်စွဲခံရသော ရဟန်းက (ဟုတ်ပါသည် ဟု) ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ" ဟု ဝိနည်းတော် ဆုံးဖြတ်နည်း လက္ခဏာကိုပြခြင်းအကျိုးငှာ ဤအနိယတ ၂ ပါးကိုပြတော်မူသည်။[ဤဆုံးဖြတ်နည်း လက္ခဏာသည် ဘိက္ခုနီများအတွက်လည်း သက်ရောက်သောကြောင့် ဘိက္ခုနီ ပါတိမောက်၌ အနိယတ သိက္ခာပုဒ်များကို မပြတော့ချေ။]

[**ဆောင်**] အနိယတုတ်, သိက္ခာပုဒ်၌, ဖော်ထုတ်အာပတ်, ထူး မတပ်
လည်း, ဆုံးဖြတ် နည်းနာ, လက္ခဏာကို, လျော်စွာပြမှု,
ပညတ်ပြု၏, ဘိက္ခုနီလည်း, ဤတိုင်းမှီးဘို့, တသီးတခြား,
ထပ် မထားသည်, မှတ်သား ဋီကာအမိန့်တည်း။

**မှတ်ချက်။** ။နည်း ၂ မျိုးလုံး၌ "ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်" ဟု မိန့်တော်မူသောကြောင့် နဂိုက လဇ္ဇီသူတော်ကောင်းဟု ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်လျှင် ထိုပုဂ္ဂိုလ်က ဟုတ်ကြောင်း ဝန်ခံမှ ဆိုင်ရာအာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ထိုလဇ္ဇီပုဂ္ဂိုလ်က "စွပ်စွဲသလို မဟုတ်ပါ" ဟု ပြောဆိုလျှင်ကား အာပတ်မသင့်ဘဲ သုဒ္ဓ (စင်ကြယ်သော ပုဂ္ဂိုလ်) ဟု ဆုံးဖြတ်ရသည်။ အလဇ္ဇီပုဂ္ဂိုလ်ဟု ထင်ရှားသူက "စွပ်စွဲသည့်အတိုင်း မဟုတ်ပါ" ဟု ငြင်းကွယ်နေလျှင်ကား "နေဝသုဒ္ဓ နာသုဒ္ဓ-စင်ကြယ်သူလည်း မဆိုရ၊ မစင်ကြယ်သူလည်း မဆိုရ" ဟု ဆုံးဖြတ်ရသည်။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ပထမ အနိယတသိက္ခာပုဒ်၌ သိက္ခာပုဒ် မြန်မာပြန်နှင့်တကွ ပြလိုရင်းကိုလည်း ဖော်ပြပါ။

ခ ။ အနိယတ ၂ ပါးလုံး၌“ရဟော”အရ ထူးခြားပုံနှင့် နေရာ ၂ခု ထူးခြားပုံကိုလည်း ပြပါ။

ဂ ။ အနီးအပါး၌ မိန်းမအဖော်ရှိနေလျှင် “ဧကော ဧကာယ” ဖြစ်–မဖြစ်ကို သိက္ခာပုဒ် ၂ ပါး ခွဲခြား၍ စိစစ်ပါ။

ဃ။ ထိုစိစစ်ရာ၌ ဘာ့ကြောင့် မာတုဂါမသည် အဖော်ဖြစ်နိုင်-ဘာ့ကြောင့် အဖော်မဖြစ်နိုင်ပုံကိုလည်း ပြပါ။

င ။ သောတရဟာ၌ မည်မျှလောက်အရပ်ဝယ် အဖော်မရှိမှသာ သောတရဟာ ဖြစ်သနည်း။

စ ။ “နိသဇ္ဇံကပ္ပေယျ”၌ လျောင်းခြင်းကိုလည်း သွင်းသင့် - မသွင်းသင့်ကို အကြောင်းပြ၍ ဖြေပါ။

ဆ။ “သဒ္ဓေယျဝစသာ”ဟူသည် အဘယ် ဥပါသိကာမျိုးပါနည်း။

ဇ ။ “ယေနဝါ၊ ပေ၊ ကာရေတဗ္ဗော”အရ စောဒနာနည်းကို ထင်ရှားပြပါ။

ဈ ။ အာပတ် ၇ ဖုံတွင် “အနိယတအာပတ်”ဟု သီးခြားရှိသေးသလော။

ည။ အနိယတ ၂ ပါးလုံး၌ ယူရမည့် မာတုဂါမကို ခွဲခြားပြ၍ သိက္ခာပုဒ် ၂ ပါးလုံး၌ သင့်ခွင့်ရှိသော အာပတ်များကို ခွဲခြားပြပါ။

ဋ ။ အနိယတသိက္ခာပုဒ်ဖြင့် အထူးပညတ်အပ်သော အာပတ် မရှိပါဘဲလျက် ဘယ်အကျိုးငှာ ဤ အနိယတ ၂ ပါးကို မိန့်တော်မူရသနည်း။

ဌ။ ဘိက္ခုနီများအတွက် ဘာ့ကြောင့် အနိယတ သိက္ခာပုဒ်ကို ပညတ်တော်မမူပါသနည်း။

ဍ ။ နည်း ၂ မျိုးလုံး၌ “ဝန်ခံမှ ဆုံးဖြတ်ရမည်”ဟု ဆိုရာ အလဇ္ဇီက ဝန်မခံလျှင် ဘယ်ပုံ ဆုံးဖြတ်ရမည်နည်း။

[အာပတ်တပ်၍ရင်း၊ အာပတ် မတပ်ဘဲ ဝတ္ထုကို ပြ၍ရင်း စောဒနာနည်း ၂ မျိုးကို “နည်း ၂ မျိုး”ဟု ဆိုသည်။]

**အနိယတအခန်း ပြီးပြီ။**

# နိဿဂ္ဂိယပါစိတ် အခန်း

## (စီဝရဝဂ်)

**အချို** အာယသ္မန္တော-အရှင်တို့၊ တိံသ - သုံးဆယ်သော၊ နိဿဂ္ဂိယာ - စွန့်ခြင်း ဝိနည်းကံရှိကုန်သော၊ ပါစိတ္တိယာ-ပါစိတ် မည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ-တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ-နှ်၏။

**၁။ ပဌမကထိန သိက္ခာပုဒ်** စီဝရသ္မိံ - သင်္ကန်းသည်၊ နိဋ္ဌိတေ - ပြီးဆုံးသော်ငှင်း၊ ကထိနေ-ကထိန်ကို၊ ဥဗ္ဘတသ္မိံ - နုတ်အပ်ပြီးသော်ငှင်း၊ ဘိက္ခုနာ-ရဟန်းသည်၊ ဒသာဟပရမံ-ဆယ်ရက် အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ အတိရေကစီဝရံ-အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှ အပိုသင်္ကန်းကို၊ ဓာရေတဗ္ဗံ-ဆောင်ထားနိုင်၏၊ တံ-ထို ဆယ်ရက်ကာလကို၊ အတိက္ကာမယတော-လွန်စေသောရဟန်း၏၊ နိဿဂ္ဂိယံ - စွန့်ခြင်းဝိနည်းကံရှိသော၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

× × × × ×

**ပဌမ ကထိန**။ ။ဤသိက္ခာပုဒ်ကား "စီဝရ ပလိဗောဓ၊ အာဝါသ ပလိဗောဓ ဟူသော ပလိဗောဓ ၂ မျိုးမရှိလျှင် အသစ်ရအပ်သော သင်္ကန်းကို အဓိဋ္ဌာန်လည်း မတင်၊ ဝိကပ္ပနာလည်း မပြုဘဲ အလွန်ဆုံး ၁၀ ရက်သာ ထားနိုင်၏။ ၁၀ ရက်က လွန်လျှင် နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်သည်"ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

**ဆက်ဦးအံ့—**"ကထိန့်အာနိသင်"ဟု ခေါ်ကြသော "ကထိန်၏ အကျိုး" ကား "အနာမန္တစာရ၊ အသမာဒါနစာရ၊ ယာဝဒတ္ထစီဝရ၊ ဂဏဘောဇန၊ ယောစတတ္ထ စီဝရုပ္ပါဒ" ဟု ၅ မျိုးရှိ၏။ [ထို ၅ မျိုး အကျယ်ကို ကထိန်နှင့် ဆိုင်သော အဆုံးအဖြတ်များနှင့် မဟာဝဂ္ဂ ကထိနက္ခန္ဓကမှာ ရှုပါ။] ထို ၅ မျိုး တွင် ယာဝဒတ္ထစီဝရဟူသည် ကထိန့်အာနိသင် ရနေသမျှ ကာလပတ်လုံး အလို ရှိသလောက် သင်္ကန်းများကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာလည်း မပြုဘဲ ထားခွင့် ရခြင်းတည်း။

**အာနိသင် ရရာကာလ**။ ။ကထိန် မခင်းရလျှင် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၁ လ ကာလသည်ငှင်း၊ ကထိန်ခင်းရလျှင် တပေါင်းလပြည့်အထိ ၅ လ ကာလသည်ငှင်း အာနိသင်ရရာ ကာလမည်၏။

**ဆက်ဦးအံ့**—"ထိုလအတွင်း၌ သင်္ကန်းကို အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရသည်"ဟု ဆိုသော်လည်း စီဝရပလိဗောဓ၊ အာဝါသပလိဗောဓ ၂ ပါးတွင် တပါးပါး ရှိမှသာ ထားခွင့်ရသည်။ ထိုတွင် မချုပ်ရသေးသော သင်္ကန်း အစသည် စီဝရပလိဗောဓ မည်၏။ ကထိန်ခင်းရာ၊ မိမိ၏ နေရာလည်းဖြစ်သော ကျောင်းတိုက်သည် အာဝါသပလိဗောဓ မည်၏။ ထို ပလိဗောဓ ၂ ပါး ပြတ်စဲသွားလျှင်ကား တပေါင်းလ မပြည့်ခင်ပင် ကထိန်နုတ်ပြီး ဖြစ်၍ ကထိန့်အာနိသင် ၅ ပါးလုံး ပျက်ပြယ်ရတော့ကား အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ၁၀ ရက်ထက်ပို၍ သင်္ကန်းထားခွင့် မရတော့ချေ။[ဤစကားနှင့်စပ်၍ ကထိန်ခင်းပုံ၊ ကထိန်နုတ်ပုံများကို မဟာဝဂ္ဂ ကထိနက္ခန္ဓကနှင့် ဆိုင်ရာ ဝိနိစ္ဆယ တို့မှာ ရှုပါ။]

**နိဋ္ဌိတစီဝရသ္မိံ**။ ။နိဋ္ဌိတေဟု ရှိသင့်လျက် သ္မိံ ဝိဘတ်ကိုချေ၍ "နိဋ္ဌိတ" ရှိသည်ဟု သာရတ္ထ ဖွင့်၏။ ကင်္ခါဋီကာ၌ကား "နိဋ္ဌိတဥ္စ (တံ) စီဝရဥ္စ"ဟု ဖွင့်၏။ ကင်္ခါဋီကာအလို "နိဋ္ဌိတ စီဝရသ္မိံ–သင်္ကန်းပြီးဆုံးသော်"ဟု ပေးပါ။ ဤ "နိဋ္ဌိတ စီဝရသ္မိံ"ပါဌ်ဖြင့် ထို ရဟန်းမှာ စီဝရပလိဗောဓ မရှိတော့ကြောင်းကို ပြ၏။ ခဲ့ဦးအံ့—ကထိန်ခင်းရာမှ သင်္ကန်းချုပ်ရန်(အာနိသင်)ပိတ် ဖြင့် ရသော ရဟန်းသည် ထိုသင်္ကန်းကို မချုပ်လိုသေးသောကြောင့် ဖြစ်စေ၊ မချုပ်လောက်သဖြင့် အခြားမှ ပိတ်စ ရခွင့်ကို မျှော်လင့် စောင့်ဆိုင်းနေသော ကြောင့် ဖြစ်စေ သင်္ကန်းချုပ်ခြင်းကိစ္စ မပြီးပြတ်သေးသမျှ စီဝရပလိဗောဓ ရှိနေသေး၏။ စီဝရပလိဗောဓ ရှိနေလျှင် "နိဋ္ဌိတစီဝရ"ဟု မဆိုရသေး။

**ပလိဗောဓ**။ ။ သင်္ကန်း၌ "ချုပ်ဆိုးဦးအံ့" ဟု စိတ်စိုက်နေမှုသည် အခြားကိစ္စကို နှောင့်ယှက် တားမြစ်တတ်သောကြောင့် ပလိဗောဓမည်၏။ ထို စီဝရပလိဗောဓ ရှိနေသမျှ တပေါင်းလပြည့်အတွင်း၌ ကထိန့်အာနိသင် ရနေ သဖြင့် အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ သင်္ကန်းထားခွင့်ရ၏။ ထို သင်္ကန်းစကို ချုပ်၍ ပြီးသော်၎င်း၊ တနည်းနည်းဖြင့် ပျောက်ဆုံးပျက်စီးသော်၎င်း၊ ရဘို့ရန်မျှော်လင့် နေသော အရပ်မှ "မရတော့ပါဘူး"ဟု အာသာပြယ်သော်၎င်း ထိုသင်္ကန်းနှင့် စပ်၍ ကိစ္စပြီးပြတ်လေရကား နိဋ္ဌိတစီဝရဖြစ်လေတော့၏။ ဝါ-စီဝရပလိဗောဓ ပြတ်တော့၏။

**ယခုကာလ မှတ်ဖွယ်**။ ။ယခုကာလ၌ များသောအားဖြင့် နဂိုကပင် ချုပ်ပြီး ဆိုးပြီးသော သင်္ကန်းကို ရလေ့ရှိသောကြောင့် နိဋ္ဌိတစီဝရဖြစ်ပြီး၊စီဝရ ပလိဗောဓ ပြတ်ပြီးဖြစ်လေပြီ။ အာဝါသပလိဗောဓ ရှိသေးသောကြောင့်သာ အသစ်ရအပ်သော သင်္ကန်းကို အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရ ကြသည်။

**ဥဗ္ဘတသ္မိံ ကထိနေ**။ ။"ကထိန်နုတ်" ဟူသည် ကထိန်ခင်းထားသဖြင့် ရရှိနေသော အရှိန်အဝါ အကျိုးအာနိသင်များကို ရုပ်သိမ်းလိုက်ခြင်းတည်း။ ထို နုတ်ခြင်းသည် တပေါင်းလပြည့် မတိုင်မီအတွင်း၌ ကမ္မဝါစာဖြင့် နုတ်ခြင်း၊ တပေါင်းလ ပြည့်သဖြင့် အလိုလိုနုတ်ခြင်း၊ ထို ကထိန်ခင်းရာ ကျောင်းတိုက်၌ ဆက်လက် မနေတော့ဘဲ အခြားကျောင်းတိုက်သို့ ရွှေ့ပြောင်း နေထိုင်သော အားဖြင့် နုတ်ခြင်း၊ တခြားကျောင်းသို့ ခေတ္တသွားလေရာ သဘောကျ၍ မပြန်တော့အံ့ဟု ဆုံးဖြတ်သောအားဖြင့် နုတ်ခြင်း ဟု အမျိုးမျိုး ရှိ၏။ ထိုနည်း တမျိုးမျိုးဖြင့် နုတ်ရာ၌ (နဂိုက စီဝရပလိဗောဓ ပြတ်ပြီးဖြစ်သူမှာ)အာဝါသ ပလိဗောဓ ပြတ်စဲလေတော့သည်။ [ကျောင်းတိုက်အာဝါသ၌ တွယ်တာမှုသည် အခြား၌ နေခြင်းကို နှောင့်ယှက် တားမြစ်သောကြောင့် ပလိဗောဓမည်၏။]

**မှတ်ချက်**။ ။ဤဥဗ္ဘတသ္မိံ ကထိနေ အရ တပေါင်းလ ပြည့်၍ အလိုလို နုတ်ရာ၌ တပေါင်းလ ပြည့်မှပင် ကထိန်အာနိသင် ပြယ်ပေမည်။ တပေါင်းလ မပြည့်မီ အခြားကျောင်းတိုက်သို့ ရွှေ့ပြောင်း နေထိုင်ခြင်း စသည်ဖြင့် နုတ်ရာ၌ကား အာဝါသပလိဗောဓ ပြတ်စဲသောကြောင့် (နိဋ္ဌိတစီဝရ ဖြစ်ပြီးသူမှာ) ကထိန်အာနိသင်အားလုံး ပျက်ပြယ်ပြီဟု မှတ်ပါ။ ယခုကာလ၌ ပြောင်းရွှေ့ နေထိုင်သည့်အတွက် ကထိန်အာနိသင် ပျက်ပုံကို သတိမပြုဘဲ ရှိတတ်သည်။

**ဒသာဟ ပရမံ**။ ။ပရမသဒ္ဒါသည် "အလွန်" ဟူသော အနက်ကို ဟော၏။ အလွန်ဟူသည်လည်း အလွန်ဆုံး အပိုင်းအခြားတည်း။ ထို့ကြောင့် ပရမောကို "ပရိစ္ဆေဒေါ"ဟု အနက်ဖွင့်သည်။ "ဆယ်ရက်အလွန် အပိုင်းအခြား ရှိသော ကာလ"ဟူရာ၌ "ဆယ်ရက်ထက် မပိုစေရ"ဟု ဆိုလိုသည်။

**အတိရေကစီဝရံ ဓာရေတဗ္ဗံ**။ ။"အတိရေက စီဝရ = အပိုသင်္ကန်း" ဟူသည် အဓိဋ္ဌာန်သော်လည်း တင်ထားအပ်၊ ဝိကပ္ပနာသော်လည်း ပြုထားအပ်သော သင်္ကန်းတို့တွင် မပါဝင်ဘဲ ထို သင်္ကန်းတို့မှ အပိုအလျှံဖြစ်သော သင်္ကန်းတည်း။ "အတိရေက စီဝရကို ဆောင်ထားနိုင်၏"ဟူရာ၌ "အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာ မပြုဘဲ (အလွန်ဆုံး ၁၀ ရက်)ထားနိုင်၏၊ ထားကောင်း၏၊ ထားခြင်းကြောင့် အာပတ်မသင့်"ဟု ဆိုလို၏။ [ဓာရေတဗ္ဗ၌ တဗ္ဗပစ္စည်းသည် အနုညာ (ခွင့်ပြုခြင်း) အနက်ဟောတည်း။ ဝိနည်းပညတ်တော်၌ ခွင့်ပြုချက် မှန်သမျှကို အနုညာ ဟုချည်း မှတ်ပါ။]

**နိဿဂ္ဂိယံ ပါစိတ္တိယံ**။ ။ထို ၁၀ ရက် လွန်လျှင် (အဓိဋ္ဌာန်ဝိကပ္ပနာတခုခု မပြုဘဲ ၁၀ ရက်ထက် ပို၍ထားလျှင်) နိသဂ္ဂိယ ပါစိတ်အာပတ် သင့်တော့၏။ "နိသဂ္ဂိယ"၌ "စွန့်ထိုက်"ဟုရင်း၊ "စွန့်ခြင်းရှိ"ဟုရင်း ၂ နည်း ဖွင့်၏။ နိသဇ္ဇီ

ယတော-စွန့်ထိုက်၏၊ ဤတိ-ထို့ကြောင့်၊ နိသဂ္ဂိယံ-မည်၏။ ဤနည်း၌ "အတိက္ကာမယတော-၏၊ စီဝရံ - သင်္ကန်းသည်၊ နိသဂ္ဂိယံ - စွန့်အပ် စွန့်ထိုက်သည်ရှင်း၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်ရှင်း၊ ဟောတိ-ဖြစ်၏"ဟု အနက်ဆို။ ဒုတိယနည်း၌ "နိသဂ္ဂိယံ အဿာတိ နိသဂ္ဂိယံ" "အဿ-ထို ပါစိတ်အာပတ်၏၊ နိသဂ္ဂိယံ-စွန့်ခြင်း ဝိနည်းကံသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ကြောင့်၊ တံ-ထို ပါစိတ်အာပတ်သည်၊ နိသဂ္ဂိယံ-မည်၏" ဟု ပြု။ နိဿယ၌ ဤနည်းအတိုင်း အနက်ပေးထားပြီး။ [ပါစိတ္တိယပုဒ်ကို သုဒ္ဓပါစိတ်ကျမှ ဖွင့်မည်။]

**သင်္ကန်း ၆ မျိုး။** ။"အဓိဋ္ဌာန်ဝိကပ္ပနာ တခုခုမပြုဘဲ ဆယ်ရက်ကိုလွန်၍ မထားရ"ဟု ဆိုသောကြောင့် သင်္ကန်း ၆ မျိုး အဓိဋ္ဌာန်လောက်သော ပမာဏ၊ အဓိဋ္ဌာန်ဝိကပ္ပနာ ပြုပုံများကို သိသင့်ပေသည်။ ထိုတွင် ပမာဏကိုပြရာ၌ အဋ္ဌကထာ ရှိတိုင်းသာ သိက္ခာပုဒ်တိုင်းမှာ ပြလိမ့်မည်။ သင်္ကန်း ၆ မျိုးကား—

၁။ ခေါမ=ခုမ်ချည်ဖြင့် ရက်အပ်သော အဝတ်၊ (တနည်း) ခေါမတိုင်း၌ဖြစ်သော အဝတ်။

၂။ ကပ္ပာသိက=ဝါချည်ဖြင့် ရက်အပ်သော ပိတ်၊ ဖျင်၊ ဇင်၊ အဝတ်။

၃။ ကောသေယျ=ပိုးချည်ဖြင့် ရက်အပ်သော ပိုးထည်အဝတ်။

၄။ ကမ္ဗလ=သားမွေးဖြင့် ရက်အပ်သော ကမ္ဗလာ (သက္ကလပ်) အဝတ်။

၅။ သာဏ=ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်သော အဝတ်။

၆။ ဘင်္ဂ=ဘန်ချည်ဖြင့် ရက်အပ်သော (တနည်း-ရှေ့၌ ပြအပ်ခဲ့သော ချည် ၅ မျိုးရောစ၍ ရက်အပ်သော)အဝတ်၊ ဤသို့ သင်္ကန်း ချုပ်ဘို့ရာ အဝတ် ၆ မျိုးကို မှတ်ပါ။

[**ဆောင်**] ခေါမ ကောသေယျ ကပ္ပါသ-သာဏ ဘင်္ဂါနှိ ကမ္ဗလံ။

**ပမာဏ။** ။[သင်္ကန်း ၃ ထည်၏ ပမာဏကို သုဂတစီဝရသိက္ခာပုဒ်ကျမှ ပြမည်။] ဝဍ္ဎကီဟတ္ထ ဟုရှင်း၊ မဇ္ဈိမပုရိသဟတ္ထဟုရှင်း ခေါ်အပ်သော လက်သမားတို့ အတောင်(ကိုက်တောင်)အားဖြင့် အလျား တတောင်၊ အနံ တထွာရှိသော အဝတ်သည် အဓိဋ္ဌာန်တင်လောက်၊ ဝိကပ္ပနာပြုလောက်သော အဝတ်တည်း။ သို့ဖြစ်၍ သင်္ကန်းချုပ်ဘို့ရန် သင့်တော်သော ပိတ်၊ ဖျင်၊ မျက်နှာသုတ်ပဝါ စသည်ကိုရလျှင် ပမာဏလောက်က ပရိက္ခာရစောဠ-အဓိဋ္ဌာန်တင်၍ဖြစ်စေ၊ ဝိကပ္ပနာပြု၍ဖြစ်စေ သုံးစွဲရမည်။ [အဓိဋ္ဌာန်တင်ပုံ နောက်၌ ပြမည်။]

[**ဆောင်**] ကိုက်တောင် ခေါ်ငြား, လက်သမား၏, အလျား တတောင်မှန်, တထွာနံ, မိဋ္ဌာန် ဝိကပ်လောက်။

**အချို့အယူ။** ။"ရှင်စောတထွာ, မဇ်သုံးထွာ, တို့ထွာ ခေါက်ချိုးတက်" ဟု ဆိုကြ၏။ ဆိုလိုရင်းကား–ဘုရား တထွာသည် မဇ္ဈိမပုရိသတို့ ၃ ထွာနှင့် ညီမျှ၏၊ မဇ္ဈိမပုရိသတို့၏ ပမာဏနှင့် ဝဍ္ဎကီဟတ္ထ (လက်သမားတောင်) မှာ ပမာဏတူပင်။ ထို မဇ္ဈိမပုရိသကို ခေါက်ချိုးတက်၍ ၄ ထွာ လက် ၆ သစ်သည် ငါတို့အတွက် ဖြစ်သတဲ့။ "ထိုတွင် ဘုရားတထွာနှင့် မဇ္ဈိမပုရိသ ၃ ထွာသည် ညီမျှ၏"ဟု ဆိုသောစကားမှာ အဋ္ဌကထာ စကားပင်တည်း။ "ထို မဇ္ဈိမပုရိသ ပမာဏကို ခေါက်ချိုးတက်မှ ငါတို့ တထွာနှင့် ညီမျှသည်" ဟူသော စကားကား အဋ္ဌကထာစကား မဟုတ်၊ မြန်မာနိုင်ငံကျမှ ဝိနယာလင်္ကာရ စသည်တို့ မှန်းဆအပ်သောစကား ဖြစ်သတတ်။

ထို မှန်းဆချက်လည်း ဘုရားအရပ်တော်ကို ၁၈ တောင် အမှန်ယူ၍ "ဘုရားအရပ်တော်သည် ဘုရားအတောင်နှင့် ၄ တောင်သာ ရှိရမည်၊ မဇ္ဈိမပုရိသတို့ အတောင်နှင့် ၃ ဆတက်လျှင် ၁၂ တောင်သာ ရှိသင့်၏။ ထပ်၍ ခေါက်ချိုး (၆ တောင်)တက်ပြန်လျှင် ငါတို့ လူများ၏ အရေအတွက်ဖြင့် ၁၈ တောင် ဖြစ်သင့်သည်"ဟု ကြံဆခြင်း ဖြစ်သည်။

**အဓိဋ္ဌာန် ၂ မျိုး။** ။အဓိဋ္ဌာနသဒ္ဒါသည် "စွဲမြဲစွာတည်ခြင်း =ဆောက်တည်ခြင်း"ဟု အနက်ထွက်၏။ [အဓိ = စွဲစွဲမြဲမြဲ (ဝါ – စိုက်ဆောက်ထားသကဲ့သို့) + ဌာန = တည်ခြင်း။] ထို အဓိဋ္ဌာန်တင်ခြင်းသည် တိစီဝရိတ် အဓိဋ္ဌာန်တင်ခြင်း၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်းဟု ၂ မျိုးရှိ၏။

**တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ။** ။"သင်းပိုင်၊ ဧကသီ၊ သင်္ကန်းကြီး" ဤ ၃ ထည်ကို "တိစီဝရိတ်"ဟု ခေါ်၏။ ထိုတွင် သင်းပိုင်ကိုဖြစ်စေ၊ ဧကသီ၊ သင်္ကန်းကြီး တထည်ထည်ကို ဖြစ်စေ အဓိဋ္ဌာန် တင်လိုလျှင် အနီးအပါးရှိက "ဣမံ"ဟုငင်း၊ အဝေးမှာရှိက ရှိရာအရပ်ကို မှန်းလျက် "ဧတံ"ဟုငင်း တွဲ၍ "၁–ဣမံ အန္တရဝါသကံအဓိဋ္ဌာမိ၊.... ၂–ဣမံ ဥတ္တရာသင်္ဂံအဓိဋ္ဌာမိ၊.... ၃–ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု ဆိုရာ၏။ နှုတ်ဖြင့် မရွတ်နိုင်လျှင် ကိုယ်ဖြင့် သင်္ကန်းကို ကိုင်၍ ဤအဆိုအတိုင်း မှန်းလျက်လည်း အဓိဋ္ဌာန် တင်ကောင်းပါ၏။ [ဣမံ–ဤသင်္ကန်းကို၊ အန္တရဝါသကံ–သင်းပိုင်ဟူ၍၊ အဓိဋ္ဌာမိ – ဆောက်တည်ပါ၏၊ ဝါ–အဓိဋ္ဌာန်ပါ၏၊ "ဥတ္တရာသင်္ဂံ–ဧကသီဟူ၍၊ သံဃာဋိံ – ၂ ထပ်သင်္ကန်းကြီး ဟူ၍"ဟု ဆိုပါ။ "ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ"ဟု ဣတိထည့်၍ ဖွင့်သောကြောင့် "ဟူ၍"ဟု ထည့်ရသည်။]

**စောင့်ရှောက်ပုံ။** ။ဤသို့ ဆိုင်ရာနာမည်တပ်၍ အဓိဋ္ဌာန် တင်ထားအပ်သော တိစီဝရိတ်ကို (ဆရာမှတ်မှတ်၊ တပည့်မှတ်မှတ် ဆိုသကဲ့သို့) သင်းပိုင်မှတ်မှတ်၊ ဧကသီမှတ်မှတ် ဂရုစိုက်ရလိမ့်မည်။ ဂရုစိုက်ပုံကား–ဝတ်၍သော်လည်း

ထားရမည်၊ မဝင်လျှင် ဒုရွက်တက်ချိန်မှာ မိမိ၏ ၂ တောင့်တွာ အတွင်း၌ ရှိစေရမည်၊ ထိုသို့ မစောင့်ရှောက်လျှင် နောက်သိက္ခာပုဒ်အရ နိဿဂ္ဂိယဖြစ်၍ ပါစိတ်အာပတ် သင့်သည်။ [မိမိကျောင်းပေါ်မှာဖြစ်စေ၊ သိမ်တွင်းမှာဖြစ်စေ၊ ဥကာသတဦး၏ ကျောင်းတိုက်၊ သို့မဟုတ် ဘုန်းကြီးတပါးပိုင် ကျောင်းတိုက်မှာ ဖြစ်စေ၊ ၂ တောင့်တွာထက်ဝေး၍ ထားကောင်းပါသေး၏။ အကျယ်ကို နောက် သိက္ခာပုဒ် အဋ္ဌကထာမှာ ရှုပါ။] ဤသို့ အဓိဋ္ဌာန်တင်၍ ဆောင်သူကို "ဝိနည်း ကိစ္စဝရိတ် ဆောင်သူ" ဟု ခေါ်၏။

**သူ့နာမည်ဖြင့် တထည်စီသာ။** ။"ဝိနည်း ကိစ္စဝရိတ်" ဆောင်ရာ၌ "အန္တရဝါသက၊ ဥတ္တရာသင်္ဂ၊ သံဃာဋိ" ဟူသော နာမည်ဖြင့် တထည်စီသာ အဓိဋ္ဌာန်တင်နိုင်သည်။ ကျန်သော သင်းပိုင် စသည်ကို ပရိက္ခာရစောဠအဓိဋ္ဌာန် သော်လည်း တင်ရ၊ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုထားရသည်။ သို့ဖြစ်၍ သင်္ကန်းအသစ် ရသောအခါ သူ့နာမည်ဖြင့် အဓိဋ္ဌာန်တင်လိုလျှင် အဓိဋ္ဌာန် တင်အပ်ပြီးသော အဟောင်းကို "ပစ္စုဒ္ဓိုရ်" ဟူသော ဝိနည်းကံတခုကို ပြုပြီးမှ အသစ်ကို အဓိဋ္ဌာန်တင်ရသည်။

**ပစ္စုဒ္ဓိုရ်။** ။ပစ္စုဒ္ဓရဏ ဟူသော ပါဠိကို "ပစ္စုဒ္ဓိုရ်" ဟု သုံးစွဲကြ၏။ မြန်မာလို "ရုပ်သိမ်းခြင်း" ဟု အနက်လွှတ်၏။ နဂိုက "အန္တရဝါသက" ဟု အဓိဋ္ဌာန်တင်ထားခဲ့ရာ "ထိုအဓိဋ္ဌာန်ချက်ကို ရုပ်သိမ်းလိုက်ပြီ" ဟု ဆိုလိုသည်။ "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ=ဣမံ-ဤသင်္ကန်းကို၊ အန္တရဝါသကံ - အန္တရဝါသကကို၊ ဝါ-အန္တရဝါသကအဖြစ်မှ၊ ပစ္စုဒ္ဓရာမိ - ရုပ်သိမ်းပါ၏"။ ဥတ္တရာသင်္ဂ၊ သံဃာဋိတို့ကိုလည်း ဤနည်းအတိုင်းပြု။ အဝေးမှာရှိလျှင် "ဧတံ" ဟု ဆို။ ဤသို့ ရုပ်သိမ်းပြီးမှ အသစ်သင်းပိုင်ကို ရှေးနည်းအတိုင်း အဓိဋ္ဌာန်တင်ရသည်။ ပစ္စုဒ္ဓိုရ်ပြုထားသော သင်းပိုင်ကိုလည်း သူတပါးအား လှူလိုလျှင် လှူ၊ မလှူ လိုလျှင် ဝိကပ္ပနာနှင့် ပရိက္ခာရစောဠ တခုခု ပြုထားရသည်။ ["ပစ္စုဒ္ဓရာမိ" ကို ထပေမိ, ပရိစ္စဇာမိ ဟု ကင်္ခါဋီကာသစ် ဖွင့်၏။]

**ပရိက္ခာရစောဠ အဓိဋ္ဌာန်။** ။ထိုထိုကိစ္စ၌ သုံးစွဲရန်ဖြစ်သော ပရိက္ခရာ အဝတ်ကို "ပရိက္ခာရစောဠ" ဟု ခေါ်၏။ [ပရိက္ခာရ = အသုံးအဆောင် ပရိက္ခရာဖြစ်သော + စောဠ = အဝတ်၊] ပရိက္ခာရစောဠဟူသော နာမည်ဖြင့် တိစီဝရိတ်နှင့်တကွ မည်သည့်အဝတ်မဆို အဓိဋ္ဌာန်တင်ကောင်း၏။ ဆိုလိုရင်း ကား-တိစီဝရိတ်ကိုလည်း သံဃာဋိ စသော သူ့နာမည်ဖြင့် တိစီဝရိတ်အဓိဋ္ဌာန် မတင်လိုလျှင် ပရိက္ခာရစောဠ နာမည်ဖြင့် တင်နိုင်၏။ အဓိဋ္ဌာန်လောက်သော ပိတ်တို ဖျင်စမှစ၍ အခြား အထည်များကိုလည်း ပရိက္ခာရစောဠ နာမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်း၏ ဟူလို။ [ဘုံလျှို=ဖုံ၊ စောင်၊ ခေါင်းအုံး၊ ကော်ဇော များကိုကား အဓိဋ္ဌာန်တင်ဘွယ် မလို။]

**ပရိက္ခာရစောဠ အဓိဋ္ဌာန်။** ။"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" ဟု ဆို။ အများဖြစ်လျှင် တခါတည်းပေါင်း၍ "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ" ဟု ဆို။ အဝေးရှိလျှင် "ဧတံ စီဝရံ" ဟုဎင်း၊ များလျှင် "ဧတာနိ စီဝရာနိ" ဟုဎင်း ဆိုပါ။ ရဟန်း အသုံးအဆောင် အဝတ်မှန်လျှင် "စီဝရ" မည်သည်သာ။ "ဣမံ စီဝရံ–ဤသင်္ကန်းကို၊ ပရိက္ခာရစောဠံ–ပရိက္ခရာ အဝတ်ဟူ၍၊ အဓိဋ္ဌာမိ– ပါ၏"။ [ဤပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထားလျှင် မိမိနှင့် ညဉ့်မကင်းအောင် စောင့်ရှောက်ဘွယ် မလို။]

**သင်္ကန်း ၉ ထည်။** ။သင်္ကန်း ၉ ထည်ကား – တိစီဝရိတ် ၃ ထည်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ပရိက္ခာရစောဠ (ပိတ်တို ဖျင်စ စသော သင်္ကန်း မချုပ်ရသေးသော အထည်များ)၊ နိသီဒိုန်၊ မိုးရေခံ သင်္ကန်း၊ အမာလွှမ်း သင်္ကန်းတည်း။ [သင်း=သင်းပိုင်။ ကိုယ်=ကိုယ်ရုံ ကောသီ။ ဒု=ဒုကုဋ် ၂ ထပ် သင်္ကန်း။]

**[ဆောင်]** သင်း–ကိုယ်–ဒု–အိပ်, မျက်–ပရိက်, နိသိဒ်–မိုး–အမာ။

**အဓိဋ္ဌာန်ကျကြောင်း။** ။၁ – သူတပါးအား ပေးစွန့်ခြင်း၊ ၂ – ခိုးယူသွားခြင်း၊ ၃– အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့် ယူသွားခြင်း၊ ၄– (သင်္ကန်းရှင်က ဘိက္ခုနီဖြစ်လျှင်) သိက္ခာမချဘဲ လူဝတ်လဲခြင်း၊ ၅– ဘိက္ခု ဖြစ်လျှင် သိက္ခာချခြင်း၊ ၆–သေဆုံးခြင်း၊ ၇–လိင်ပြန်ခြင်း၊ ၈–ပစ္စုဒ္ဓိုရ်ပြုခြင်း။ ဤ အကြောင်းရှစ်ပါးကား ပရိက္ခာရစောဠ ဖြစ်စေ၊ ပစ္စတ္ထရဏ စသော နာမည်ဖြင့် ဖြစ်စေ (အဓိဋ္ဌာန် တင်ထားသော အဝတ်များ၏ အတွက်) အဓိဋ္ဌာန်ကျကြောင်းတည်း။ အဓိဋ္ဌာန်ပျက်သည်ကို "ကျ" ဟု ဆိုသည်။

**တိစီဝရိတ်။** ။တိစီဝရိတ် အဓိဋ္ဌာန်တင်၍ ဆောင်အပ်သော တိစီဝရိတ် အတွက်မှာ လက်သန်း၏ လက်သည်းခွံလောက် အပေါက် ပေါက်လျှင်လည်း အဓိဋ္ဌာန်ကျသဖြင့် အဓိဋ္ဌာန် ကျကြောင်း ၉ ပါးရှိသည်ဟု မှတ်ပါ။ အပေါက် ဟူရာ၌ အနားပတ်လည် ပေါက်ရုံဖြင့် မကျ၊ ၃ ထည်လုံးအတွက် အလျားစွန်း တထွာအတွင်း၊ အနံစွန်း ကောသီနှင့် သင်္ကန်းကြီးအတွက် လက်ရှစ်သစ် အတွင်း၌ဎင်း၊ သင်းပိုင်အတွက် လက်လေးသစ် အတွင်း၌ဎင်း ထုတ်ချင်းပေါက်မှ အဓိဋ္ဌာန်ကျကြောင်း အပေါက်ဖြစ်သည်။ အပေါက်ကို ဖာပြီးသောအခါ ထပ်၍ အဓိဋ္ဌာန်တင်နိုင်၏။

**[ဆောင်]** ၁။ ပေးစွန့်–ခိုးဝှက်, ဝိဿာသဂ်, လူထွက် ချသိက္ခာ။
၂။ သေဆုံး–လိင်ပြန်, ပစ္စုဒ္ဓံ, ရှစ်တန် ကျဓိဋ္ဌာ။
၃။ လက်သန်းသည်းမျှ, ပေါက်လာတ်က, သုံးဝ စီဝရိတ်မှာ။

**နိဿဂ္ဂိစွန့်ပုံ။** ။သင်္ကန်းရပြီးနောက် ၁၀ ရက်အတွင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုမိလျှင် ထိုသင်္ကန်းသည် နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ် သင့်ရုံသာ မက ထိုသင်္ကန်းကို ကိုင်တိုင်း ဒုက္ကဋ်အာပတ်လည်း ထပ်၍ ထပ်၍ သင့်သေးသည်။ ထို့ကြောင့် နိဿဂ္ဂိထိုက်နေသော သင်္ကန်းကို သံဃာ့အထံ၌ ဖြစ်စေ၊ ၂ ပါး၊ ၃ ပါးဂိုဏ်း အထံ၌ ဖြစ်စေ၊ တပါးအထံ၌ ဖြစ်စေ စွန့်ရသည်။ ထိုတွင် တပါး အထံ စွန့်ပုံကား—

"ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊
ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟူသည်တည်း။

၂ ထည်မှ စ၍ အများဖြစ်လျှင် "ဣဒံ၊ နိဿဂ္ဂိယံ၊ ဣမာဟံ" ပုဒ်တို့ အစား "ဣမာနိ၊ နိဿဂ္ဂိယာနိ၊ ဣမာနိ အဟံ" ဟု ပြင်ပါလေ။ [ဘန္တေ – အရှင်ဘုရား၊ မေ–တပည့်တော်၏၊ ဣဒံ ဝစီရံ–ကို၊ ဒသာဟာတိက္ကန္တံ – ဆယ်ရက်လွန်သည် (ဖြစ်၍)၊ နိဿဂ္ဂိယံ–စွန့်အပ် စွန့်ထိုက်ပါ၏၊ အဟံ–သည်၊ ဣမံ–ဤသင်္ကန်းကို၊ အာယသ္မတော– အရှင့်အား၊ နိဿဇ္ဇာမိ–စွန့်ပါ၏၊] နိဿဂ္ဂိသင်္ကန်းကို လက်ခံသူက အငယ်ဖြစ်လျှင် "ဘန္တေ" အရာ၌ "အာဝုသော" ဟု "အာယသ္မတော" အရာ၌ "တုယှံ" ဟု ဆိုပါ။ ပါဠိလို မဆိုတတ်သူများကား–

"အရှင်ဘုရား....၊ တပည့်တော်၏ ဤသင်္ကန်းသည် ၁၀ ရက် လွန်လာသဖြင့် နိဿဂ္ဂိ ထိုက်နေပါသည်၊ ဤသင်္ကန်းကို အရှင်ဘုရားအား တပည့်တော် စွန့်ပါသည်" ဟု—

မြန်မာလိုလည်း ဆိုနိုင်၏။ [သင်္ကန်းခံသူက သီတင်းငယ်ဖြစ်လျှင် "ငါ့ရှင်" ဟုငင်း၊ "သင့်အား" ဟုငင်း ဆိုရုံသာ။ နောက်၌လည်း ဤနည်းချည်း။] ဤသို့ စွန့်ပြီးသောအခါ ယခုကာလ ထုံးစံအတိုင်း ပါစိတ်အာပတ်ကို ရည်မှန်း၍ ဒေသနာပြောရမည်။ဤသို့စွန့်ပြီးနောက်မှဒေသနာပြောရသောပါစိတ်အာပတ် ဖြစ်၍ "စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်" ဟု ဆိုရသည်။

ထို့နောက် နိဿဂ္ဂိသင်္ကန်းကို ခံရသောရဟန်းက "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" "ဤသင်္ကန်းကို (များလျှင် "ဣမာနိ စီဝရာနိ" ဤသင်္ကန်းတို့ကို) အရှင့်အား ပြန်ပေးပါ၏"ဟု ပါဠိလို ဖြစ်စေ၊ မြန်မာလို ဖြစ်စေ ဆို၍ ပြန်ပေးရ သည်။ ထိုကဲ့သို့ ပြန်ပေး၍ ရပြီးနောက် အလိုရှိရာ အဓိဋ္ဌာန်သော်လည်း တင်နိုင် ၏။ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုရသည်။ [ဝိကပ္ပနာပြုပုံကို သုဒ္ဓပါစိတ် သုရာပါနဝဂ် နဝမသိက္ခာပုဒ်ကျမှ ပြမည်။]

**အင်္ဂါ ၅ ပါး။** ။၁– ဇာတ်ပမာဏလောက်သော သင်္ကန်း၏ မိမိဥစ္စာ ဖြစ်ခြင်း၊ ၂–နေ့ရက် အရေအတွက်သို့ ရောက်ခြင်း၊ ၃–ပလိဗောဓပြတ်ပြီးခြင်း၊ ၄– အပိုသင်္ကန်းဖြစ်ခြင်း၊ ၅– ဆယ်ရက်လွန်ခြင်း။ ဤအင်္ဂါ ၅ ပါးတည်း။

**ချဲ့ဦးအံ့**။ ။၁–ခေါမ၊ ကောသေယျ စသော သက်နိုး ၆ မျိုးတွင် ပါဝင်သည်ကို "ဇာတ်"ဟု ခေါ်၍ အလျားတတောင်၊ အနံတထွာ ပမာဏရှိသည်ကို "ပမာဏလောက်"ဟု ခေါ်၏။ ၂–မိမိအား လှူပြီးဖြစ်၍ မိမိဥစ္စာ ဖြစ်နေသော်လည်း (အဝေးမှ လှမ်းလှူလိုက်၍ လမ်းခရီး ရောက်နေခြင်း၊ အနားၵ္ဌ မသိအောင် ထားခဲ့ခြင်း စသည်ကြောင့်) မိမိမသိသေးလျှင် ထို မသိသမျှရက်ကို သက်နိုးရရာရက်ဟု အရေအတွက် မပြုရ၊ မိမိ သိသည့်ရက်မှစ၍ အရေအတွက် ပြုရခြင်းကို "နေ့ အရေအတွက်ရောက်ခြင်း"ဟု ဆိုသည်။

၃–ရှေ့၌ပြအပ်သော စီဝရနှင့် အာဝါသပလိဗောဓ ၂ ပါး ပြတ်စဲခြင်းကို ဆိုသည်။ ၄–အဓိဋ္ဌာန်ဝိကပ္ပနာ ပြုထားအပ်သော သက်နိုးမှ အပိုဖြစ်နေခြင်း (အဓိဋ္ဌာန်ဝိကပ္ပနာ တခုခုမပြုဘဲ အပိုထားခြင်း)။ ၅–လဆန်း ၁ ရက်နေ့ ရလျှင် ထို ရရာရက်၏ လာလတံ့သော အရုဏ်မှ စ၍ ၁၀ အရုဏ် လွန်လျှင် (၁၁ ရက်နေ့ဘက်ရောက်လျှင်) ဒသာဟာတိက္ကန္တ ဖြစ်၏။ လဆန်း ၁ ရက်၏ လွန်ပြီးအရုဏ်ကို ထည့်၍ မရေတွက်ရ။ [အဋ္ဌကထာ၌ ၁၁ အရုဏ် ဆိုသည်မှာ လွန်ပြီးအရုဏ်ပါ ဆိုခြင်းဖြစ်သည်။]

**[ဆောင်]** ဇာတ်ပမာဏ, လောက်ငလေရာ, ကိုယ့်ဟာဖြစ်ခြင်း [၁], ရေတွက်တွင်းသို့, ရောက်လျှင်း တုံဘိ [၂], ပလိဗောဓ, ပြတ်ကြပေလစ် [၃], အပိုဖြစ်လျက် [၄], ၁၀ ရက် လွန်ပြီ [၅], အင်္ဂါလီ, သင့်ပြီ ပဌမကထိန။

## လေ့ကျင့်ခန်း မေးခွန်းများ

**က**။ ကထိန့်အာနိသင် ရရာကာလကို ဖော်ပြ၍ မည်သည့်အရာကို စီဝရပလိဗောဓ၊ အာဝါသပလိဗောဓ ခေါ်ကြောင်းကိုလည်း ပြပါ။

**ခ**။ "နိဋ္ဌိတစီဝရသ္မိံ"အရ နိဋ္ဌိတစီဝရဖြစ်ပုံကိုပြ၍ ထိုပါဌ်ဖြင့် "မည်သည့် ပလိဗောဓ ပြတ်ကြောင်း ပြသည်"ဟုလည်း ဖော်ပြပါ။

**ဂ**။ "ဥဗ္ဘတသ္မိံ ကထိနေ"အရ ဘာကို "ကထိန်နုတ်"ခေါ်ကြောင်းကိုပြ၍ ကထိန်နုတ်ခြင်း အမျိုးမျိုးကိုလည်း ပြပါ။

**ဃ**။ ထို"ဥဗ္ဘတသ္မိံ ကထိနေ"ပါဌ်ဖြင့် မည်သည့် ပလိဗောဓပြတ်ကြောင်းကို ပြလိုပါသနည်း။

**င**။ ယခုကာလ၌ ချုပ်ဆိုးပြီး သက်နိုးကိုသာ အရများသောကြောင့် နိဋ္ဌိတစီဝရ ဖြစ်–မဖြစ်ကို စိစစ်ပါ။

**စ**။ နိဋ္ဌိတစီဝရဖြစ်လျှင် တပေါင်းလ မပြည့်ခင် အတိရေကစီဝရကို ထားခွင့် ရအောင် မည်သည့် ပလိဗောဓ ပြုပါသနည်း။

ဆ။ "အတိရေကစီဝရ"ဟူသည် မည်သည့် အဝတ်မျိုးပါနည်း။

ဇ ။ နိသဂ္ဂိယအတွက် အနက် ၂ မျိုး ဖော်ပြ၍ စီဝရ ၆ မျိုးကိုလည်း ပြပါ။

ဈ ။ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော စီဝရ၏ ပမာဏကို (မဇ္ဈိမ ပုရိသ၏ အတိုင်းအထွာဖြင့်) ပြပါ။

ဉ ။ "ရှင်စော တထွာ, မင်းသုံးထွာ, တို့ထွာ ခေါက်ချိုးတက်" ဟူသော သံပေါက်၌ "တို့ထွာ ခေါက်ချိုးတက်"၏ ရှေးကျမ်းလာ ဟုတ်-မဟုတ်၊ ယုတ္တိ ရှိ-မရှိကို စိစစ်ပါ။

ဋ ။ ဟဲစီဝရိတ် အဓိဋ္ဌာန်ကိုရင်း၊ အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပုံကိုရင်း ပြပါ။

ဌ ။ ဟဲစီဝရိတ် အဓိဋ္ဌာန်တင်ထားသူကို "မည်သည့် ပုဂ္ဂိုလ်"ဟု ခေါ်ကြသနည်း။

ဍ ။ ထို ပုဂ္ဂိုလ်သည် ထို တိစီဝရိတ်ကို မည်သို့ စောင့်ရှောက်ရမည်နည်း။

ဎ ။ ပရိက္ခာရစောဠ နာမည်ဖြင့် မထားကောင်းသော အဝတ်မျိုး ရှိပါသေးသလော။

ဏ။ သင်္ကန်း ၉ မျိုးကို ပါဠိ မြန်မာ ၂ မျိုးဖြင့် နာမည်ပြပါ။

တ။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံကို ပြပါ။

ထ။ ထို ၉ မျိုးအတွက် အဓိဋ္ဌာန်ကျကြောင်း ရှစ်ပါးကို ဖော်ပြပါ။

ဒ ။ ဟဲစီဝရိတ်အတွက် ထူးခြားသော အကြောင်းကိုလည်း ထင်ရှားပြပါ၊

ဓ ။ နိသဂ္ဂိယစီဝရကို မစွန့်ဘဲ သုံးလျှင် ဘာအပြစ်ရှိသနည်း။

န ။ ထို နိသဂ္ဂိယစီဝရကို တပါးအထံ ပါဠိလိုစွန့်ပုံ၊ မြန်မာလိုစွန့်ပုံကို ပြပါ။

ပ ။ နိသဂ္ဂိယစီဝရကို စွန့်ပြီးနောက် ဘာလုပ်ရမည်နည်း။

ဖ ။ ဘာ့ကြောင့် နိသဂ္ဂိယ ပါစိတ် အာပတ်ဟု ခေါ်သနည်း။

ဗ ။ နိသဂ္ဂိယစီဝရကို စွန့်၍ လက်ခံရရှိသော ရဟန်းက မည်သို့ဆို၍ ပြန်ပေးရမည်နည်း။

ဘ။ နိသဂ္ဂိယစီဝရကို ပြန်ရသော ဥပ္ပ္ပာရှင်သည် ထိုသင်္ကန်းကို မည်သို့ပြု၍ ထားရမည်နည်း။

**၂။ ဒုတိယ ကထိန သိက္ခာပုဒ်**

ဘိက္ခုနာ–ရဟန်း၏၊ စီဝရသ္မိံ – သင်္ကန်းသည်၊ နိဋ္ဌိတေ-ပြီးဆုံးသော်ရှင်း၊ ကထိနေ - ကထိန်ကို၊ ဥဗ္ဘတသ္မိံ – နုတ်အပ်ပြီးသော်ရှင်း၊ ဘိက္ခုသမ္မုတိယာ - ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ - ကြဉ်ထား၍၊ ဧကရတ္တံပိ-တညဉ့်မျှသည်း၊ ဘိက္ခု-ရဟန်းသည်၊ တိစီဝရေန – တိစီဝရိတ် သင်္ကန်းနှင့်၊ ဧဝ ဝိပ္ပဝသေယျ-အကယ်၍ ကင်းနေအံ့၊ တဿ ဘိက္ခုနော – ထိုရဟန်း၏၊ နိဿဂ္ဂိယံ-စွန့်ခြင်း ဝိနည်းကံရှိသော၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ – ဖြစ်၏။

× × × × ×

**၂။ ဒုတိယ ကထိန။** ။စီဝရပလိဗောဓ၊ အာဝါသပလိဗောဓ ၂ပါးတို့ ပြတ်ပြီးနောက် တိစီဝရိတ် အဓိဋ္ဌာန် တင်အပ်သော သင်္ကန်းနှင့် ညဉ့်ကင်း နေလျှင် နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်၏။

**ဥဒေါသိတ။** ။တိစီဝရိတ် သင်္ကန်းထားရာ ဌာနများတွင် ဥဒေါသိတ (ဘဏ္ဍာတိုက်) လည်း ပါဝင်သောကြောင့် ဤသိက္ခာပုဒ်ကို အဋ္ဌကထာ၌ "ဥဒေါသိတသိက္ခာပုဒ်"ဟုလည်း နာမည်တပ်၏။

**နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ။** ။ဤဘိက္ခုနာပုဒ်ကို ပထမကထိနသိက္ခာပုဒ်၌ ကဲ့သို့ "ရဟန်းသည်"ဟု အနက်ပေးလျှင် "ရဟန်းသည်+ပြုအပ်"စသည်ဖြင့် စပ်ဘို့ရာ ကြိယာတခုခု ရှိရမည်။ ဤ၌ စပ်ဘို့ရာ ကြိယာ မပါချေ။ ထို့ကြောင့် နာဝိဘတ်ကို သာမီအနက်၌ သက်စေ၍ "ရဟန်း၏"ဟု အနက် ပေးပြီးလျှင် "စီဝရသ္မိံ"ပုဒ်၌ (သာမီ + သံ အဖြစ်ဖြင့်) စပ်စေရသည်။ "ရဟန်း၏+ သင်္ကန်း" ဟူလို။ [နိဋ္ဌိတစီဝရသ္မိံ–ဥဗ္ဘတသ္မိံ ကထိနေ ပုဒ်တို့၏ အဖွင့်မှာ ပထမသိက္ခာပုဒ်အတိုင်းပင်။]

**ဧကရတ္တမ္ပိ ဝိပ္ပဝသေယျ။** ။ဤ၌ "တိစီဝရိတ်"ဟု သာမည ဆိုသော် လည်း "တိစီဝရိတ် အဓိဋ္ဌာန် တင်အပ်သော သင်္ကန်း ၃ ထည်"ဟု မှတ်ပါ။ "ညဉ့်"ဟု ဆိုရာ၌ ဝိနည်းအရာဝယ် အရုဏ်သာ လိုရင်းတည်း။ ထို့ကြောင့် "အရုဏ်တက်ချိန်၌ တိစီဝရိတ်သင်္ကန်းနှင့် ကင်းနေလျှင် တညဉ့် (တအရုဏ်) ကင်းစေကာမူ နိဿဂ္ဂိထိုက်သည်" ဟူလို။

**တိစီဝရေန။** ။"တိစီဝရေန"ဟု သင်္ကန်း ၃ ထည်လုံးကို ဆိုသော်လည်း သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ် ၃ ထည်လုံးနှင့် ကင်းမှ မဟုတ်၊ ထို ၃ ထည်တွင် တထည်ထည်နှင့် ကင်းလျှင်လည်း "တိစီဝရိတ်နှင့် ကင်းသည်"ဟု ဆိုနိုင်သည်။ "အပေါင်း ၃ ထည်၏ တိစီဝရ အမည်ကို အစိတ် ၁ ထည်၊ ၂ ထည်ပေါ်မှာ

တင်စား၍ ကေဒေသျူပစာရ အားဖြင့် ၁ ထည်၊ ၂ ထည်ကိုပင် တိစီဝရိတ် ခေါ်နိုင်သည်''ဟူလို။ ထိုသို့ ကင်းရာ၌ တထည်နှင့် ကင်းလျှင် တထည်သာ နိသဂ္ဂိထိုက်သည်ဟု မှတ်ပါ။ [ကေဒေသီ = အစိတ်ရှိသော အပေါင်း၏ + ဥပစာရ=အမည်ကို ''ကေဒေသျူပစာရ''ဟု ခေါ်သည်။]

**အညတြ ဘိက္ခုသမ္မုတိယာ။** ။တိစီဝရိတ်သက်န်းကို သွားလေရာ ယူ၍ မသွားနိုင်သော ဂိလာန ရဟန်းအား အဝိပ္ပဝါသသမ္မုတိ (တိစီဝရိတ်နှင့် ကင်းသော်လည်း ကင်းရာ မရောက်ကြောင်း သမ္မုတိ) ကို ဂိလာနပုဂ္ဂိုလ်က လျှောက်တောင်းလျှင် သံဃာက ပေးရသည်။ (တောင်းပုံ၊ ပေးပုံကို ပါဠိတော်မှာ ရှုပါ။) ဤသို့ သမ္မုတိရထားသော ဂိလာနမှာ ရောဂါ မပျောက်သေးသမျှ တိစီဝရိတ်နှင့် ညဉ့်ကင်းနေသော်လည်း အာပတ် မသင့်။ ရောဂါပျောက်လျှင်ကား သက်န်းရှိရာအရပ်သို့ ဖြေးဖြေးသက်သာ သွားရမည်။ နဂိုက အဓိဋ္ဌာန် မပျက်သောကြောင့် အဓိဋ္ဌာန် ထပ်၍ မတင်ဘဲ ထိုသက်န်းကို သုံးစွဲနိုင်သည်။

**သက်န်းထားရာ ဌာနများ။** ။ရွာ၊ အိမ်၊ တိုက်၊ (ဘဏ္ဍာတိုက်)၊ ထီးတပ်အပ်သော ပြာသာဒ်၊ ထီး မတပ်အပ်သော ပြာသာဒ်ဦးပြည်း၊ လှေ၊ လှည်း၊ ပြအိုး၊ လယ်(ယာ)၊ ကောက်နယ်တလင်း၊ သစ်ပင်၊ လွင်တီးခေါင်၊ အာရာမ်၊ ကျောင်းတိုက်၊ တန်ဆောင်း။ ဤ ၁၅ ပါးသည် တိစီဝရိတ်သက်န်း ထားရာ အရပ်များတည်း။မည်သည့်အရပ် ထားလျှင် မည်သို့နေရမည် စသော ခွဲခြားချက်ကိုကား ပါဠိတော် အဋ္ဌကထာ၌ ရှုပါ။

**[ဆောင်]** ရွာ-အိမ်နှင့်-တိုက်, ထီးစိုက်ဦးပြည်း, လှေ-လှည်း-ပြ-လယ်,
ကောက်နယ်-သစ်ပင်, လွင်-အာရာမ်-ကျောင်း, တန်ဆောင်း
ဆယ့်ငါး, သက်န်းထား, မှတ်သား အရပ်တည်း။

**နိသဂ္ဂိသက်န်း စွန့်ပုံ။** ။ညဉ့်ကင်းမိ၍ နိသဂ္ဂိထိုက်သော သက်န်းကို သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့တွင် အလိုရှိရာ အထံ၌ စွန့်နိုင်သည်။ ပုဂ္ဂိုလ်အထံ စွန့်ပုံကား—''ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခု သမ္မုတိယာ နိသဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိသဇ္ဇာမိ''ဟူသည်တည်း။

**ပါဠိလို မဆိုတတ်လျှင်။** ။''အရှင်ဘုရား.... တပည့်တော်၏ ဤသက်န်း ကို (ဘိက္ခုသမ္မုတိကို ကြဉ်ထား၍) ညဉ့်ကင်းနေအပ်သည်ဖြစ်၍ စွန့်ထိုက်နေ ပါ၏၊ ဤသက်န်းကို အရှင်ဘုရားအား တပည့်တော် စွန့်ပါ၏''ဟု မြန်မာလို ဆို၍လည်း စွန့်နိုင်၏။သက်န်းက ၂ ထည်၊ ၃ ထည် ဖြစ်လျှင်''ဣမာနိ''စသည်ဖြင့် ဆို၍ အဝေးမှာနေလျှင် ''ဧတံ, ဧတာနိ''ဟု ဆိုပါ။ ထိုသို့ စွန့်ပြီးနောက် ဒေသနာပြောရခြင်း၊ ပြန်ပေးရခြင်း စသည်တို့မှာ နိသဂ္ဂိယဝတ္ထုအားလုံး အတူ ပင်တည်း။

**နိသဂ္ဂိ မထိုက်စေနည်း။** ။တိစီဝရိတ် အဓိဋ္ဌာန် တင်ထားအပ်သော သင်္ကန်းနှင့် အရုဏ်တက်ချိန်မှာ ညဥ့်ကင်းတော့မည်ထင်လျှင် အရုဏ်မတက်ခင် အဝေး သင်္ကန်းရှိရာကိုမှန်း၍ "ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ= ထိုသင်္ကန်းကြီးကို ပစ္စုဒ္ဓိုရ်ပြုပါ၏"ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြုလိုက်လျှင် နိသဂ္ဂိ မထိုက်တော့ပြီ။ အရုဏ်တက်ပြီးသောအခါ အဝေးရှိရာမှန်းပြီး ထပ်၍ အဓိဋ္ဌာန်တင်ပါ။ ဤသို့ပြုလျှင် နိသဂ္ဂိ ပါစိတ်အာပတ်လည်း မသင့်တော့၊ အဓိဋ္ဌာန်လည်း ထပ်မံတင်ပြီး ဖြစ်တော့သည်။

**အင်္ဂါ ၄ ပါး။** ။၁-တိစီဝရိတ် အဓိဋ္ဌာန်တင်ထားအပ်ပြီးသော သင်္ကန်း ဖြစ်ခြင်း၊ ၂- ကထိန်မခင်းခြင်း (ခင်းသော်လည်း နုတ်ပြီးခြင်း)၊၃-အဝိပ္ပဝါသ သမ္မုတိ မရခြင်း၊ ၄- ညဥ့်ကင်းခြင်း။ ဤ ၄ ပါးညီလျှင် နိသဂ္ဂိထိုက်၏။

[**ဆောင်**] မိဋ္ဌာန်တင်လစ်, သင်္ကန်းဖြစ်သား[၁], စင်စစ်ကထိန်, ခင်း
မကြိမ်တည်း[၂], နာချိန် သမ္မုတိ, မရရှိဘဲ[၃], ရတ္တိ အရုဏ်,
ကင်းနေတုံဟု[၄], ကြောင်းစုံ လေးလီ, အင်္ဂါညီ, သင့်ပြီ
ဒုတိယ ကထိန။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ဒုတိယကထိန သိက္ခာပုဒ်ကို အချုပ်မျှ ပြပါ။

ခ ။ "တိစီဝရေန ဝိပ္ပဝသေယျ"၌ အဘယ် တိစီဝရိတ်ကို ယူရမည်နည်း။ ပရိက္ခာရစောဠဖြစ်စေ၊ ဝိကပ္ပနာဖြစ်စေ တခုခုပြုအပ်သော တိစီဝရိတ် ကို ယူနိုင်ပါသလော။

ဂ ။ "တိစီဝရေန" ဆိုသောကြောင့် ၃ ထည်လုံးနှင့် ညဥ့်ကင်းမှ နိသဂ္ဂိ ထိုက်သည်၊ ၁ ထည် ၂ ထည်နှင့် ကင်းရုံဖြင့် နိသဂ္ဂိမထိုက်ဟု မှတ်ရမည် လော။ ဘာဥပစာ စကားပါနည်း။

ဃ ။ "ဘိက္ခုသမ္မုတိ" ဟူသည် ဘယ်လို သမ္မုတိပါနည်း။ ထို သမ္မုတိရသော ရဟန်းမှာ ဘယ်လို လွတ်လပ်ခွင့် ရပါသနည်း။

င ။ ရတ္တိဝိပ္ပဝုတ္ထ (ညဥ့်ကင်းသော) နိသဂ္ဂိသင်္ကန်းစွန့်ပုံကို ပြပါ။

စ ။ ညဥ့်ကင်းဘွယ်ရှိသောအခါ နိသဂ္ဂိမထိုက်အောင် ပြုနည်းကို ပြပါ။

ဆ။ ဒုတိယ ကထိန သိက္ခာပုဒ် အင်္ဂါကို ပြပါ။

**၃။ တတိယကထိန သိက္ခာပုဒ်**

ဘိက္ခုနော-ရဟန်း၏၊ စီဝရသ္မိံ - သည်၊ နိဋ္ဌိတေ - ၎င်း၊ ကထိနေ - ကို၊ ဥဗ္ဘတသ္မိံ - ၎င်း၊ ဘိက္ခုနော ပနေဝ — ရဟန်း၏ ပင်လျှင်၊ အကာလ စီဝရံ - အကာလ သင်္ကန်းသည်၊ ဥပ္ပဇ္ဇေယျ - ဖြစ်အံ့၊ အာကင်္ခမာနေန— အလိုရှိသော၊ ဘိက္ခုနာ— ရဟန်းသည်၊ ပဋိဂ္ဂဟေတဗ္ဗံ - ခံယူနိုင်၏၊ ပဋိဂ္ဂဟေတွာ - ခံယူပြီး၍၊ ခိပ္ပမေဝ — ဆယ်ရက် မလွန်ခင် အလျင်အမြန်သာလျှင်၊ ကာရေတဗ္ဗံ - ပြုစေထိုက်၏၊ ပါရိပူရိ - ပြည့်စုံ လုံလောက်ခြင်း

× × × × ×

**၃။ တတိယ ကထိန**။ ။စီဝရပလိဗောဓ၊ အာဝါသ ပလိဗောဓ ၂ မျိုးစုံ ပြတ်ပြီးနောက် ရရှိသော အကာလသင်္ကန်းကို ခံယူပြီးလျှင် ၁၀ ရက် မလွန်ခင် ချုပ်ရမည်။ မချုပ်လောက်လျှင် ထိုအဝတ်ကို ဖြည့်၍ချုပ်ဘို့ရာ (နောက်ထပ်ရဘို့ လမ်းမြင်လျှင်) မချုပ်သေးဘဲ တလသာ ထားကောင်း၏။ နောက်ထပ် ရဘို့ လမ်းမြင်စေကာမူ တလထက် ပို၍ ထားလျှင်ကား နိဿဂ္ဂိပါစိတ်အာပတ် သင့်သည်ဟု ပြသော သိက္ခာပုဒ်တည်း။

**အကာလ စီဝရံ**။ ။ရှေးဦးစွာ စီဝရကာလနှင့် စီဝရအကာလကို ခွဲခြားရာ၏။ စီဝရကာလဟူသည် (ဤနေရာ၌) သင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရရာ အခါတည်း။ စီဝရအကာလ ဟူသည်ကား အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားခွင့် မရရာ အခါတည်း။ ထို့ကြောင့် ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်း လပြည့်အထိ တလသည် စီဝရကာလ တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ် လပြည့်အထိ ၁၁ လ၊ သည် စီဝရအကာလ။

**ကထိန်ခင်းလျှင်**။ ။ကထိန်ခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် ၁ရက်မှ စ၍ တပေါင်း လပြည့်အထိ ၅ လသည် စီဝရကာလ၊ တပေါင်း လပြည့်ကျော် ၁ ရက်မှ စ၍ သီတင်းကျွတ် လပြည့်အထိ ၇ လသည် စီဝရအကာလတည်း။ ထို အကာလ၌ ရအပ်သော အဝတ်ကို "အကာလစီဝရ" ဟု ခေါ်သည်။ [ဤနေရာဝယ် ကင်္ခါ အဋ္ဌကထာ၌ အကာလစီဝရ အမျိုးမျိုးကို ပြသေး၏။ ထို အမျိုးမျိုး သည် ဤသိက္ခာပုဒ်၌ လိုရင်း မဟုတ်ကြောင်း ဋီကာသစ်မှာ ရှုပါ။]

**ဥပ္ပဇ္ဇေယျ**။ ။"ဥပ္ပဇ္ဇေယျ" အရ "ဖြစ်" ဟူသည် "ရခြင်း" ပင်တည်း။ သံဃာမှ ဝေစုရ၍ ဖြစ်စေ၊ တယောက်ယောက်က လှူ၍ ဖြစ်စေ၊ မိမိ၏ ကပ္ပိယ ဘဏ္ဍာဖြင့် လဲလှယ် ကပ္ပိယူ၍ ဖြစ်စေ တနည်းနည်းဖြင့် ရခြင်းကို ဥပ္ပဇ္ဇေယျဟု ဆိုသည်။

သည်၊ နော့စသာ (နော+စေ+အသာ) - အကယ်၍ မဖြစ်အံ့၊ ဥနသာ-ယုတ်လျော့သော သင်္ကန်း၏၊ ပါရိပူရိယာ – ပြည့်စုံ လိုလောက်ဘို့ရာ၊ ပစ္စာသာယ – သင်္ကန်း၌ အာသာသည်၊ သတိယာ - ရှိလသော်၊ မာသ ပရမံ - တလအလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ တေန ဘိက္ခု နာ-ထိုရဟန်းသည်၊ တံ စီဝရံ–ကို၊ နိက္ခိပိတဗ္ဗံ–ထားနိုင်၏၊ ပစ္စာသာယ–သင်္ကန်း၌ အာသာသည်၊ သတိယာပိ – ရှိပါသော်လည်း၊ တတော – ထို တလထက်၊ ဥတ္တရိ - အလွန်၊ စေ နိက္ခိပေယျ – အကယ်၍ ထားအံ့၊တသာ ဘိက္ခုနော နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

**မှတ်ချက်။** ။အကာလစီဝရဟု ဆိုသော်လည်း သင်္ကန်းလျာ (သင်္ကန်းချုပ်ဘို့ အလောင်းအလျာအဝတ်) ဖြစ်ကြောင်းကို သိပါ။ ဝိနည်း၌ စီဝရဟု လာတိုင်း သင်္ကန်းချုပ်ပြီးဟု မမှတ်ရ။ များသောအားဖြင့် သင်္ကန်းလျာအဝတ်ကိုပင် စီဝရဟု ဆိုလေ့ရှိသည်။

**အာကင်္ခမာနေန၊ ပေ၊ ခိပ္ပမေဝ ကာရေတဗ္ဗံ။** ။အကာလစီဝရ ဖြစ်လာလျှင် လက်ခံလိုက လက်ခံနိုင်၏။ လက်ခံပြီးနောက် အမြန်ချုပ်ရမည်။ "အမြန်"ဟူရာ၌ ပထမကထိန သိက္ခာပုဒ်၌ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ၁၀ ရက် ထက်ပို၍ မထားကောင်းဟု ဆိုသောကြောင့် "၁၀ ရက်အတွင်းမှာ ပြီးအောင် ချုပ်ပါ"ဟု ဆိုလိုသည်။ ဝိကပ္ပနာပြုထားလျှင်၊ သို့မဟုတ် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထားလျှင်ကား အလျင်အမြန် ချုပ်ဘွယ် မလိုပါ။ တိစီဝရိတ် အဓိဋ္ဌာန်တင်မည့် ပုဂ္ဂိုလ်အတွက်သာ ၁၀ ရက်အတွင်း ပြီးအောင် အမြန်ချုပ်ရမည်ဟု မိန့်တော်မူခြင်း ဖြစ်သည်။

**နော စသ ပါရိပူရိ၊ ပေ၊ နိက္ခိပိတဗ္ဗံ။** ။ထို ရရှိသော အဝတ်က တိစီဝရိတ် အဓိဋ္ဌာန်တင်လောက်သော သင်းပိုင်ကိုဖြစ်စေ၊ ကိုယ်ရုံ၊ ဒုကုဋ် တထည်ထည်ဖြစ်စေ မလောက်မဖြစ်နေလျှင် အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ တလ တိတိ ထားကောင်းသေး၏။ [ဤ ခွင့်ပြုချက်ကြောင့် တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးဆောင်မည့်စီဝရအတွက် ပထမကထိနသိက္ခာပုဒ်လာ ၁၀ ရက်ထက် အရက် နှစ်ဆယ်အပို (အားလုံး တလ)ထားခွင့်ရလေသည်။ထို တလ ခွင့်ပေးခြင်းမှာ လည်း ရရှိသောအဝတ်က မလောက်မဖြစ်နေ၍ နောက်ထပ်ရဦးမည့် အဝတ် နှင့် ရောစပ်ဘို့ရန်ဖြစ်သည်။ "ပါရိပူရိယာ"ပုဒ်ကို "နိက္ခိပိတဗ္ဗံ"ပုဒ်၌ တဒတ္ထ သမ္ပဒါန်အဖြစ်ဖြင့် စပ်ပါ။]

**သတိယာ ပစ္စာသာယ။** ။[ပစ္စာသာ = ပတိ + အာသာ။] ပစ္စာသာ ဟူသည် အဝတ်ရလိမ့်ဦးမည်ဟု မျှော်လင့်ချက်တည်း။ ထို မျှော်လင့်ချက်ကို "အာသာ"ဟု ခေါ်သည်။ မူလ ရပြီး၌ မချုပ်လောက်သေးသော အဝတ်ကို တလထားနိုင်သည်ဟု ဆိုသော်လည်း သံဃာ့အထံမှ ဝေစုဖြစ်စေ၊ တယောက် ယောက်ထံမှ ဖြစ်စေ၊ မိမိ ကပ္ပိယဘဏ္ဍာဖြင့် လဲလှယ်၍ဖြစ်စေ နောက်ထပ်ရဘို့ မျှော်လင့်ချက်ရှိမှသာ ထားနိုင်သည်။ မျှော်လင့်ချက်မရှိလျှင်ကား တလမထား ရ။ ပထမ ကထိန သိက္ခာပုဒ် ပညတ်တော်အတိုင်း ၁၀ ရက်အတွင်းမှာပင် ပရိက္ခာရစောဠ အဓိဋ္ဌာန်နှင့် ဝိကပ္ပနာတခုခု ပြုရမည် ဟူလို။

**တတောစေ၊ ပေ၊ သတိယာပိ ပစ္စာသာယ။** ။သင်္ကန်းလျာအဝတ် ရဘို့ရာ မျှော်လင့်ချက်အာသာ ရှိစေကာမူ တလထက်ပို၍ကား မထားကောင်း တော့ချေ။ တလထက် ပို၍ ထားလျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်တော့သည်။ (ရလိမ့်မည်ဟု မျှော်လင့်အပ်သော) ပစ္စာသာသင်္ကန်း ရလာသည့်အခါ မူလ ထားအပ်သောသင်္ကန်းနှင့် အမျိုးအစားမတူလျှင် နောက်ထပ် မျှော်လင့်ဘွယ် ရှိသေးက မူလသင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ နောက် ရအပ်သော ပစ္စာသာသင်္ကန်းကို မူလသင်္ကန်း လုပ်ပြီးလျှင် နောက်ထပ် တလ ထားကောင်း ပါသေး၏။

**၁၁ လအထိ ထားကောင်း။** ။ဤနည်းအတိုင်း ဆက်ကာ ဆက်ကာ အမျိုးချင်းမတူသော သင်္ကန်း ရနေပါလျှင်၊ ဤနည်းအတိုင်းပင် မချုပ်သေးဘဲ ဆက်ကာ ဆက်ကာ ကထိန်မခင်းလျှင် ၁၁ လ၊ ကထိန်ခင်းလျှင် ၇ လ (ဤ သိက္ခာပုဒ်အရ) ထားကောင်း၏။ သင်္ကန်းကာလ ရောက်မူကား ပထမ ကထိန သိက္ခာပုဒ် ထုံးစံအတိုင်းပင် ထားကောင်းပြီ။ [ ယခုကာလ၌ကား ချုပ်ပြီး သင်္ကန်းသာ အရများသောကြောင့် ဤသိက္ခာပုဒ်အရ ပြုကျင့်ဘွယ် မလို။]

**စွန့်ပုံ။** ။ထိုသိက္ခာပုဒ်အရ နိဿဂ္ဂိ သင်္ကန်းလျာအဝတ်ကို စွန့်ပုံကား– "ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ စွန့်ရမည်။ ["ဣဒံ အကာလစီဝရံ–ဤ အကာလသင်္ကန်းကို၊ မာသာတိက္ကန္တံ – တလ လွန်သည် ဖြစ်၍"ဟု အနက်ဆိုပါ။]

**အင်္ဂါများ။** ။အင်္ဂါများကား–ပထမကထိနအင်္ဂါ ၅ ပါးတွင် "၁၀ ရက် လွန်ခြင်း"အစား "တလလွန်ခြင်း"ဟု လဲလှယ်ကာ အင်္ဂါ ၅ ပါးပင် ရှိသည်။

[**ဆောင်**] ပထမကထိန, အင်ငါးဝ၌, တလလွန်အင်, ၁၀ ရက်တွင်,
လဲလျှင် တတိယ ကထိန။

**၄။ ပုရာဏစီဝရ သိက္ခာပုဒ်**

ယောပန ဘိက္ခု - သည်၊ အညာတိကာယ - ဆွေမျိုး မတော်သော၊ ဘိက္ခုနိယာ - ရဟန်းမကို၊ ပုရာဏ စီဝရံ-သင်္ကန်းဟောင်းကို၊ ဓောဝါပေယျဝါ - ဖွပ် မှုလည်း ဖွပ်စေအံ့၊ ရဇာပေယျဝါ-ဆိုးမှုလည်း ဆိုးစေအံ့၊ အာကောဋာ ပေယျဝါ — ထုရိုက်မှုလည်း ထုရိုက်စေအံ့၊ တဿ ဘိက္ခုနော — ထို ရဟန်းအား၊ (တံ စီဝရံ - ထိုသင်္ကန်းကို)၊ နိဿဂ္ဂိယံ-စွန့်အပ် စွန့်ထိုက်၏၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ [အဖွင့်တမျိုး အဘိုင်း အနက်တမျိုး ပေးလိုက်သည်၊ ဖွင့်ပုံကို ပထမ ကထိန သိက္ခာပုဒ် ပြန်ကြည့်ပါ။]

× × × × ×

**၄။ ပုရာဏစီဝရ**။ ။ဆွေမျိုး မတော်သော ဘိက္ခုနီကို သင်္ကန်းဟောင်း ကို အဖွပ်ခိုင်း၊ အဆိုးခိုင်း၊ အထု အရိုက်ခိုင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ [ယခုအခါ ဘိက္ခုနီ မရှိသောကြောင့် ဤသိက္ခာပုဒ်ကိုလည်း အထူး မကျင့်ရတော့ပြီ။]

**အညာတိကာယ**။ ။ဉာယတိ - (အတွင်းသားဟု) သိအပ်၏၊ က္တတိ- ထို့ကြောင့်၊ ဉာတိ-မည်၏၊ ဉာတိဧဝ-ဉာတိသည်ပင်၊ ဉာတိကာ - ဉာတိကာ မည်၏။ အတွင်းသား မဟုတ်သူ၊ သွေးသား မစပ်သူကို "အညာတိ" ဟု ခေါ်၏။ [အညာတိကာယ၌ နာဝိဘတ်ကို "ကာရိတ်ကံ" ဟု သဘောထား၍ "ကို" ဟု အနက်ပေးသည်။ ဓာတ်ကတ္တားလည်း သင့်ပါ၏။]

**ဉာတိများ**။ ။"ဘ - ဘိုး - ဘေး - ဘီ - ဘင် - ဘောင် - ဘော" ဟု အထက် ၇ ဆက်၊ "သား - မြေး-မြစ်-တီ-တွတ်-ကျွတ်-ကျွတ်ဆက်" ဟု အောက် ၇ ဆက်ရှိ၏။ ဘ-ဘိုး စသည်၌ အမိ-အဘွား စသော မိန်းမများ ကို၎င်း၊ သား စသည်၌ သမီး စသည်ကို၎င်း ယူပါ။ [ဘိုး၏ အဘကို ဘေး ဘေး၏ အဘကို ဘီ စသည်ဖြင့်၎င်း၊ မြေး၏ သားကို မြစ်၊ မြစ်၏ သားကို တီ စသည်ဖြင့်၎င်း သိပါ။]

**မှတ်ချက်**။ ။ဤသို့ ဆွေ ၇ ဆက်၊ မျိုး ၇ ဆက်တွင် (အထက်အောက်မှ) မပါဝင်သူ၊ သွေးသားချင်း ဆက်သွယ်၍ မရနိုင်သူကို "အညာတိက" ဟု ခေါ်ကြသည်။ ထို့ကြောင့် သား၏ မယားနှင့် ထိုမယားဘက်မှ ဆယ်သွယ် လာသူတို့သည် ယခုအခါ၌ ဆွေမျိုးဟု အသိအမှတ် ပြုရသော်လည်း ဝိနည်း တော်အရ ဆွေမျိုးမဟုတ်ကြ ဟု၎င်း၊ မိမိ၏ ဇနီးဟောင်းနှင့် ထိုဇနီးဘက်မှ ဆွေမျိုးများလည်း ရဟန်းဖြစ်သူအတွက် ဆွေမျိုးမဟုတ်ဟု၎င်း မှတ်ပါ။

**ဆွေမျိုးဆက်ပုံ**။ ။ဘ=ပထမဆွေမျိုး၊ ဘိုး=ဒုတိယ၊ ဘိုး၏ သားသမီး ဖြစ်သော (ဘ၏ ညီအစ်ကို မောင်နှမ အရင်းဖြစ်သော) ဦးကြီး ဦးလေး စသည်=တတိယ၊ ထိုတတိယ၏ သားသမီးဖြစ်သော (တဝမ်းကွဲ ညီအစ်ကို မောင်နှမ)=စတုတ္ထ၊ ထိုစတုတ္ထ၏ သားသမီးဖြစ်သော (တဝမ်းကွဲ တူ) = ပဉ္စမ၊ ထို ပဉ္စမ၏ သားသမီးဖြစ်သော (တဝမ်းကွဲ မြေး) = ဆဋ္ဌ၊ ထိုဆဋ္ဌ၏ သားသမီးဖြစ်သော (တဝမ်းကွဲ မြစ်)=သတ္တမ၊ တဝမ်းကွဲမြစ်မှ နောက်၌ ဉာတိ စာရင်း၌ မပါဝင်တော့ပြီ။ ဤနည်းအတိုင်း ဘိုး=ဒုတိယ၊ ဘေး = တတိယ၊ ဘိုး၏ မောင်နှမအရင်းဖြစ်သော (ဘိုးလေး ဘွားလေး) စတုတ္ထ၊ ထိုစတုတ္ထ၏ ညီအစ်ကို သားသမီး စသည်ကိုလည်း ပဉ္စမ၊ ဆဋ္ဌ စသည်ဖြင့် ဆက်ပါ။ မိမိ၏ အောက်ဘက်မှာလည်း "သား=ပထမ၊ မြေး=ဒုတိယ"စသည်ဖြင့် ဆက်ပါ။

**ပုရာဏစီဝရံ**။ ။ဆိုးပြီး ကပ္ပဗိန္ဒု ဆိုးပြီးသော ဝတ်လောက်သည့် သင်္ကန်းကို ဤသိက္ခာပုဒ်၌ "စီဝရ"ဟု ခေါ်၏။ "ဟောင်း"ဟူရာ၌ သုံးစွဲသည့် အနေအားဖြင့် တကြိမ်သုံးဘူးလျှင်(ဦးခေါင်းပေါ် တင်သွားဘူး၊ ခေါင်းအုံး လုပ်၍ အုံးဘူးလျှင်) အဟောင်းစာရင်း ဝင်တော့သည်။

**ဓောဝါပေယျ၊ ပေ၊ အာကောဋာပေယျ**။ ။အဖွပ်ခိုင်းခြင်း ဟူသည် အညစ်အကြေး ကင်းစင်သွားအောင် အလျှော်ခိုင်းခြင်းတည်း။ အဆိုးခိုင်းခြင်း ဟူသည် ဆိုးပြီးသားကို ထပ်၍ အဆိုးခိုင်းခြင်းတည်း။ အထုအရိုက် ခိုင်းခြင်း ဟူသည် သင်္ကန်းဖွပ်သောအခါ အညစ်အကြေးများ ကုန်စင်အောင် လက်ဖြင့် ထုစေခြင်း၊ အဝတ်ဖွပ်ဒုတ်ဖြင့် ရိုက်နှက်စေခြင်းတည်း။

**မှတ်ချက်**။ ။ရှေးက "အာကောဋာပေယျ-နယ်စေအံ့"ဟု အနက်ပေးကြ သည်မှာ- "အကောဋေဟီတိ၊ ပေ၊ သကိံ ပါဏိပ္ပဟာရံဝါ (လက်ဖြင့် ထုရိုက် ခြင်း)၊ မုဂ္ဂရပ္ပဟာရံဝါ (လက်ရိုက်ဖြင့် ရိုက်ခြင်း) ဒိန္နေ နိသဂ္ဂိယံ ဟောတိ" ဟူသော ပါဠိတော်နှင့် မလျော်ပါ။

**အင်္ဂါ ၃ ပါး**။ ။၁-သင်္ကန်းဟောင်းဖြစ်ခြင်း၊ ၂-၁၂ တောင် ဥပစာ၌ နေ၍ ဆွေမျိုးမတော်သော ဘိက္ခုနီကို စေခိုင်းခြင်း၊ ၃-ထို ဘိက္ခုနီက ဖွပ်-ဆိုး- ထုရိုက်မှု တခုခု ပြုလုပ်ခြင်း။ ဤအင်္ဂါနှင့် ညီလျှင် နိသဂ္ဂိထိုက်၏။ [ဖွပ်-ဆိုး ၂ခု ခိုင်းရာ၌ တခုကြောင့် နိသဂ္ဂိယ၊ အခြားတခုကြောင့် ဒုက္ကဋ်၊ ၃ ခုလုံး ခိုင်းရာ၌ ၁ ခုကြောင့် နိသဂ္ဂိယ၊ အခြား ၂ ခုကြောင့် ဒုက္ကဋ် ၂ ချက်ဟု သိပါ။ စွန့်ပုံကို ကဒ္ဓါ အဋ္ဌကထာမှာ ရှုပါ။]

[ဆောင်] သင်္ကန်းဟောင်းပြီ, ဆွေမသိသည့်, မယ်နီ ဘိက္ခု, စေခိုင်း
မှုနှင့်၂, ဖွပ်-ထု-ဆိုးခြင်း, သူပြုလျှင်း၃ ဟု, ကြောင်းရင်း
သုံးလီ, အင်္ဂါညီ, သင့်ပြီ ပုရာဏစီဝရ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ တတိယကထိန သိက္ခာပုဒ်ကို အချုပ်မျှ ပြပါ။

ခ ။ အကာလစီဝရံနှင့် စပ်၍ စီဝရကာလ၊ စီဝရ အကာလကို ခွဲပြပါ။

ဂ ။ "ထို အကာလသင်္ကန်းကို ခံယူပြီးနောက် အမြန် ချုပ်ရမည်" ဟူရာ၌ ဘယ်လောက်မြန်အောင် ချုပ်ရမည်နည်း။

ဃ။ ထို ရရှိသော သင်္ကန်းလျာကို ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထားလျှင် ဖြစ်နိုင်ပါလျက် ဘယ်လိုဆောင်ထားလိုသော ပုဂ္ဂိုလ်အတွက် "အမြန် ချုပ်ရမည်"ဟု တိုက်တွန်းပါသနည်း။

င ။ "မချုပ်လောက်လျှင် တလ ထားခွင့်ရ၏"ဟူရာ၌ ပစ္စာသာသင်္ကန်းမရှိဘဲ ထားခွင့်ရမည်လား။

စ ။ အဘယ် သင်္ကန်းမျိုးကို ပစ္စာသာသင်္ကန်း ဟု ခေါ်ပါသနည်း။

ဆ။ ပစ္စာသာသင်္ကန်းနှင့် မူလသင်္ကန်းတို့ တွဲဘက်ချုပ်ဘို့မသင့်လျှင် ပစ္စာသာ သင်္ကန်းကို ဘယ်လိုလုပ်၍ မူလသင်္ကန်းကို ဘယ်လို လုပ်ရမည်နည်း။

ဇ ။ ဤနည်းအတိုင်း ထားသွားလျှင် လပေါင်း မည်မျှ ဆက်ကာ ဆက်ကာ ဤသိက္ခာပုဒ်အရ ထားခွင့်ရမည်နည်း။

ဈ ။ တလလွန်သော နိသဂ္ဂိသင်္ကန်း စွန့်ပုံကို ပြ၍ ဤ တတိယကထိန၏ အင်္ဂါ ကိုလည်း ပြပါ။

ည ။ ပုရာဏစီဝရ သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

ဋ ။ ဆွေမျိုးကို အထက် ၇ ဆက်၊ အောက် ၇ ဆက် ရေတွက်ပါ။

ဌ ။ ညီအစ်ကို မောင်နှမရင်းများ ဘယ်နှစ်ဆက်မြောက်ဖြစ်ကြောင်းကိုပြပါ။

ဍ ။ ပုရာဏစီဝရဟူသည် အလွန်ဟောင်းသော သင်္ကန်းပါလော၊ မည်သည့် သင်္ကန်းမျိုးမှ စ၍ ပုရာဏစီဝရ ခေါ်ပါသနည်း။

ဎ ။ ပုရာဏစီဝရ သိက္ခာပုဒ်၌ "အာကောဋ္ဌာပေယျ" ဟူသည် မည်ကဲ့သို့ ခိုင်းခြင်းမျိုးပါနည်း။

ဏ။ "အာကောဋ္ဌာပေယျ-နယ်စေအံ့"ဟု အနက်ပေးရာ၌ သင့်-မသင့် အထောက်ပြပါ။

၅။ စီဝရပတိဂ္ဂဟဏ သိက္ခာပုဒ် — ယော ပန ဘိက္ခု-သည်၊ ပါရိဝတ္တကာ—လဲလှယ်အပ်သော သက်န်းကို၊ အညတြ - ကြဉ်ထား၍၊ အညာတိကာယ - ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ—ရဟန်းမ၏၊ စီဝရံ-သင်္ကန်းကို၊ ပတိဂ္ဂဏှေယျ - ခံယူအံ့၊ တဿ ဘိက္ခုနော-၏၊ တံ စီဝရံ-ကို၊ နိဿဂ္ဂိယံ—၏၊ ပါစိတ္တိယံ-သည်လည်း၊ ဟောတိ—၏။

၆။ အညာတကဝိညတ္တိ သိက္ခာပုဒ် — ယော ပန ဘိက္ခု-သည်၊ အညာတကံ - ဆွေမျိုးမတော်သော၊ ဂဟပတိံ ဝါ-အိမ်ရှင်ယောကျ်ားကို သော်၎င်း၊ ဂဟပတာနိံ ဝါ-အိမ်ရှင်မကိုသော်၎င်း၊ သမယာ - အခါကို၊ အညတြ - ကြဉ်သား၍၊

× × × × ×

**၅။ စီဝရ ပတိဂ္ဂဟဏ။** ။လဲ၍ယူခြင်း မဟုတ်ဘဲ ဆွေမျိုးမတော်သော ဘိက္ခုနီ၏ သင်္ကန်းကို ခံယူလျှင် ထိုသင်္ကန်းသည် စွန့်အပ်၏၊ ပါစိတ်အာပတ်လည်း သင့်၏။ ဤသိက္ခာပုဒ်၌ "စီဝရ"ဟူသည် အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်ပင်တည်း။ ပိတ်တို ဖျင်စ စသည်နှင့်တကွ ထိုသင်္ကန်းကို ဆီးဖြူသီး၊ ဖန်ခါးသီးမျှဖြင့်လည်း လဲယူလျှင်၎င်း၊ လဲမည်ဟု နှလုံးသွင်း၍ ယူလျှင်၎င်း၊ ယူကောင်း၏။ လဲ၍ယူခြင်း မဟုတ်ဘဲ တောင်း၍ဖြစ်စေ၊ သူ့အလိုအလျောက် လာရောက် လှူဒါန်း၍ဖြစ်စေ လက်ခံယူထားလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ [စွန့်ပုံကို အဋ္ဌကထာမှာ ရှုပါ။]

**အင်္ဂါ ၃ ပါး။** ။၁-အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းဖြစ်ခြင်း၊ ၂-လဲလှယ်မှု မရှိခြင်း၊ ၃-ဆွေမျိုးမတော်သော ဘိက္ခုနီလက်မှ ခံယူခြင်း၊ အင်္ဂါ ၃-ပါးတည်း။ [သူ့လက်က တိုက်ရိုက်မဟုတ်ဘဲ လူ သာမဏေကို တဆင့် အလှူခိုင်းလျှင် ခံယူကောင်း၏။]

[**ဆောင်**] ဓိဋ္ဌာန်ဝိကပ်, လောက်လတ် ဝတ်ထည်[၁], လဲလှယ် မရှိ[၂],
အညာတိက, နီလက်မှယူ[၃], အင်သုံးဆူ, စုံမူ သင့်ရ ပတိဂ္ဂဟ။

**၆။ အညာတက ဝိညတ္တိ။** ။ဆွေမျိုးမတော်သော လူဒကာ ဒကာမကို တောင်းသင့်ရာ မဟုတ်သော အခါ၌ သင်္ကန်းတောင်းလျှင် နိဿဂ္ဂိ ထိုက်၏။ တောင်းသင့်ရာ အခါကား— သူခိုး၊ မင်း စသူတို့ လုယူသွား၍ဖြစ်စေ၊ မီး ရေ စသည်ကြောင့် ပျက်စီးသွား၍ဖြစ်စေ လုံးလုံး ဝတ်ဘို့မရှိရာ အခါတည်း။

**စီဝရံ** - သင်္ကန်းကို၊ **ဝိညာပေယျ** - **တောင်းအံ့**၊ **တဿ** ဘိက္ခုနော - ၏၊ **တံ စီဝရံ** - **ကို**၊ **နိဿဂ္ဂိယံ** - **ထိုက်၏**၊ **ပါစိတ္တိယံ** - **လည်း**၊ **ဟောတိ**-၏၊ **တတ္ထ** - ထို အညတြသမယာဟူသော ပါဠိ၌၊ **အယံ** - ဤ ဆိုအပ်လတ္တံ့ **ကား**၊ **သမယော**- **အခါတည်း**၊ **ဘိက္ခု**- **ရဟန်းသည်**၊ **အစ္ဆိန္နစီဝရော ဝါ**- လုယူအပ်သော သင်္ကန်းရှိသူ သော်ငြင်း၊ **နဋ္ဌစီဝရော ဝါ** - ပျက်စီး **သော** သင်္ကန်းရှိသူ သော်ငြင်း၊ **ဟောတိ** - **အံ့**၊ **အယံ** - ဤအခါကား၊ **တတ္ထ**-ထို အညတြသမယာဟူသော ပါဠိ၌၊ **သမယော** - **တည်း**။

× × × × ×

**ဂဟပတိံ ဂဟပတာနိံ**။ ။"ဂဟဿ-အိမ်၏+ ပတိ-အရှင်တည်း" ဟူသော ဝိဂ္ဂြိုဟ်အရ အိမ်ပိုင်ရှိသူကို "ဂဟပတိ၊ ဂဟပတာနီ" ဟု ခေါ်၏။ သို့သော် ဤသိက္ခာပုဒ်ကား ရဟန်း သာမဏေမှတပါး (အိမ်ပိုင် ရှိရှိ-မရှိရှိ တိတ္ထိ ပရိဗ္ဗိုဇ်တို့ပါ မကျန်) ဂဟပတိ မည်၏။ ထို့အတူ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေတို့မှ တပါး အားလုံးသော မိန်းမများကို ဂဟပတာနီဟု ခေါ်သည်။

**စီဝရံ ဝိညာပေယျ**။ ။စီဝရံအရ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်မှ စ၍ အဝတ်အားလုံးကို ယူ။ "ဝိညာပေယျ" ၌ "သိစေအံ့" ဟူသော သဒ္ဒါနက် ထွက်၏။ "သိစေ" ဟူသည် "မိမိ အလိုရှိကြောင်းကို သိစေခြင်း" တည်း။ သိစေခြင်းဟူသည်လည်း ကိုယ်တိုင်တောင်းခြင်း၊ သူတပါးကို အတောင်း ခိုင်းခြင်းပင်တည်း။ ထို့ကြောင့် ဝိညာပေယျကို "ယာစေယျ ဝါ ယာစာပေယျ ဝါ" ဟု ဖွင့်သည်။

**အစ္ဆိန္နစီဝရော နဋ္ဌစီဝရော**။ ။ခိုးသူ၊ ဒမြ၊ မင်း စသူတို့ အလုခံရသူကို "အစ္ဆိန္နစီဝရ" ဟုငြင်း၊ မီးလောင်၊ ရေမျော၊ ကြွက်ကိုက်ခြင်း စသည်ကြောင့် ပျောက်ပျက်သော သင်္ကန်းရှိသူကို "နဋ္ဌစီဝရ" ဟုငြင်း ခေါ်၏။ ထိုအခါသည် တောင်းကောင်းရာ အခါတည်း။ တောင်းဘို့ရာ လူမရှိသောအရပ် ဖြစ်နေလျှင် သစ်ပင်မှ သစ်ခက်ကို ကိုယ်တိုင် ခုတ် ချိုး ယူကောင်း၏။ ထို သစ်ရွက်များကို လျှော်ဖြင့် တွဲစပ်၍ ဝတ်သွားရမည်။ အဝတ် မဝတ်ဘဲကား မသွားကောင်း။

**အင်္ဂါ ၄ ပါး**။ ။၁- အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊ ၂- သမယ မဟုတ်ခြင်း၊ ၃- ဆွေမျိုး မတော်သူကို တောင်းခြင်း၊ ၄-တောင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၄ ပါး ညီမှသာ နိဿဂ္ဂိ ထိုက်၏။ [၃- ဆွေမျိုး မတော် သော်လည်း ဖိတ်မန်ထား၍ ပဝါရိတ ရသူကိုလည်း တောင်းကောင်းသေး၏။ ၄-"တောင်း၍ ရမှ နိသဂ္ဂိ ထိုက်သည်"ဟု ဆိုသော်လည်း မရခင် တောင်းသည့် အခိုက်မှာပင် ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်သေး၏။ ဤ သိက္ခာပုဒ်ကို

၇။ တတုတ္တရိ သိက္ခာပုဒ်

တံ— ထို အစ္ဆိန္နစီဝရ နဋ္ဌစီဝရ ရဟန်းကို၊ အညာတကော - ဆွေမျိုး မတော်သော၊ ဂဟပတိ ဝါ - အိမ်ရှင် ယောကျ်ားသည် သော်၎င်း၊ ဂဟပတာနီ ဝါ- အိမ်ရှင်မသည်သော်၎င်း၊ ဗဟူဟိ- များစွာကုန်သော၊ စီဝရေဟိ - သင်္ကန်းတို့ဖြင့်၊ အဘိဟဋ္ဌုံ- ဆောင်ယူဘို့ရာ၊ ဝါ- ရှေးရှု ဆောင်ယူ၍၊ စေ ပဝါရေယျ - အကယ်၍ ဖိတ်မန်အံ့၊ တေန ဘိက္ခုနာ - ထိုရဟန်း

× × × × ×

ဉာတိပဝါရိတ မဟုတ်သူထံ သင်္ကန်းကို တောင်းခြင်းကြောင့် ပညတ်တော်မူသည်။ နောက်၌ ဆွမ်းဟင်းများ တောင်းခြင်းကြောင့် "သူပေါဒနဝိညတ္တိ" သိက္ခာပုဒ် လာဦးလတ့်။ ထို သိက္ခာပုဒ်ကျမှ အကျယ်ပြဦးမည်။]

[ဆောင်] ဓိဋ္ဌာန်ဝိကပ်, လောက်အပ်လေရာ°, အခါမလျော်², ဆွေမတော် တောင်း³, ရခြင်းပေါင်း၍⁵, အကြောင်း လေးလီ, အင်္ဂါညီ, သင့်ပြီ ဝိညတ္တိ။

---

၇။ တတုတ္တရိ။ ။ရှေ့ ၆ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့သော အစ္ဆိန္နစီဝရ၊ နဋ္ဌစီဝရ ရဟန်းကို ဆွေမျိုးမတော်သော (ဖိတ်မန်ထားသူလည်း မဟုတ်သော) ဒကာ ဒကာမတို့က သိ၍ များစွာသော သင်္ကန်း (အဝတ်) တို့ဖြင့် ဖိတ်မန်လျှင် ထို သင်္ကန်းအများမှ သင်းပိုင်နှင့် ကိုယ်ရုံ (တစုံ) မျှကိုသာ သာယာကောင်းသည်။ ထို့ထက်ပို၍ သာယာလျှင် (ယူလျှင်)နိဿဂ္ဂိ ပါစိတ်တည်း။

အညာတကော။ ။တောင်းဘို့အရာဝယ် "ဉာတက" ဟု လာသမျှ၌ "ပဝါရိတ=ဖိတ်မန်သူကိုပါ" ယူရမည်။ ဖိတ်မန်ထားသူကို "ပဝါရိတရသူ"ဟု ခေါ်၏။ ထို ပဝါရိတရသူသည် သူတို့ ဖိတ်ထားအပ်သော ပစ္စည်းကို (သင်္ကန်း ဖြစ်လျှင် သင်္ကန်း၊ ပစ္စည်း ၄ ပါးလုံး ဖြစ်လျှင် ၄ ပါးလုံးကို) တောင်းခံရာ၌ ဆွေမျိုးများနှင့် မထူးပြီ။ သို့ရာဝယ် သူတို့ အကြည်ညိုပျက်မှုန်း သိသောအခါ၌ မတောင်းကောင်းတော့ချေ။ ["ပဝါရေတွာပိ အဒါတုကာမော အပဝါရိတဋ္ဌာနေ တိဋ္ဌတိ"– အညာတက ဝိညတ္တိ သိက္ခာပဒ, သာရတ္ထဋီကာ။]

အဘိဟဋ္ဌုံ။ ။[အဘိ+ ဟရဓာတ်၊ တုံပစ္စည်း၊ ဓာတွန်ကိုချေ၊ တကို ဋ္ဌပြု၊] ၂ နက်တွင် ပထမနက်၌ အဘိအနက် မရှိ။ "ဟဋ္ဌုံ= ဟရိတုံ= ဂဏှိတုံ- ယူဘို့ရာ" ဟု ပေး။ ရဟန်း အလိုရှိသလို ယူဘို့ရာ သင်္ကန်းများစွာဖြင့် ဖိတ်မန်သည် ဟူလို။ နောက်အနက်၌ တုံပစ္စည်းသည် တွာပစ္စည်းနှင့် အနက်တူတည်း။ "အဘိ=ရှေးရှု + ဟဋ္ဌုံ=ဆောင်ယူ၍"ဟု ပေး။ ဂဟပတိ ဖြစ်သူ၊ သို့မဟုတ်

သည်၊ တတော—ထိုသင်္ကန်းအများမှ၊ သန္တရုတ္တရ ပရမံ - သင်းပိုင်နှင့်တကွ ကိုယ်ရုံ အလွန် အတိုင်း အရှည်ရှိသော၊ စီဝရံ - ကို၊ သာဒိတဗ္ဗံ—သာယာနိုင်၏၊ တတော - ထို သင်းပိုင် ကိုယ်ရုံထက်၊ ဥတ္တရိ - အပို၊ စေ သာဒယေယျ-အကယ်၍ သာယာအံ့၊ တဿ ဘိက္ခုနော-၏၊ တံ စီဝရံ—ကို၊ နိဿဂ္ဂိယံ-၏၊ ပါစိတ္တိယံ -လည်း၊ ဟောတိ—၏။

× × × × ×

ဂဟပတာနီ ဖြစ်သူသည် ကိုယ်ဖြင့် ယူဆောင်ခဲ့၍ဖြစ်စေ၊ "အလိုရှိသလို အထည်တိုက်မှ ထုတ်ယူပါ"ဟု နှုတ်ဖြင့် ရွေးရှု ဆောင်၍ဖြစ်စေ ဖိတ်မန်သည် ဟူလို။ ["သာဒိသန္တ"စသော သုတ်အဖွင့် ရူပသိဒ္ဓိ၌ကား "အဘိဟဋ္ဌုံ"ဟု ရှိ၏။]

**သန္တရုတ္တရ ပရမံ။** ။[ သ + အန္တရ + ဥတ္တရ။ ] အန္တရသဒ္ဒါသည် "အတွင်းဝတ်=ခါးဝတ်=သင်းပိုင်"ဟူသော အနက်ကို ဟော၏။ ဥတ္တရသဒ္ဒါကား "အပေါ်ရုံ=အပေါ်တင်=ကေသီ" ဟူသော အနက်ကို ဟော၏။ သ+အန္တရ = သင်းပိုင်နှင့်တကွသော + ဥတ္တရ=ကိုယ်ရုံ။ သူခိုးလုယူ၍ဖြစ်စေ၊ တစုံတရာကြောင့် ပျောက်သွား၍ဖြစ်စေ သင်္ကန်းမရှိမှန်းသိသော ဒကာ ဒကာမတို့က ဖိတ်မန်လာလျှင် သင်းပိုင်နှင့် ကိုယ်ရုံ (၂စုံ)ကိုသာ ယူရမည်၊ ဒွိစုံထက်မပိုရ ဟူလို။ ထို့ကြောင့် နဂိုက သင်္ကန်း ၃ ထည်ဖြင့် လှည့်လည်နေသူမှာ တထည်ပျောက်လျှင် (ဘာပျောက်ပျောက်) ၂ ထည်ကျန်သေး၍ မယူကောင်း။ ၂ ထည်ပျောက်လျှင် တထည်ယူ၊ ၃ ထည်ပျောက်လျှင် ၂ ထည်ယူ၊ နဂိုက ၂ ထည်ဖြင့် လှည့်လည်သူမှာလည်း တထည်ပျောက်လျှင် တထည်ယူ၊ ၂ ထည်ပျောက်လျှင် ၂ ထည် ယူကောင်း၏။ ၃ ထည်ပြည့်အောင်ကား မယူကောင်း။

**မှတ်ချက်။** ။ဤကဲ့သို့ "၂ ထည်သာ ယူကောင်း၏"ဟု မိန့်ခြင်းလည်း သင်္ကန်းပျောက်၍ သင်္ကန်းမရှိကြောင်း သိသည့်အတွက် လာရောက် ဖိတ်မန်သူတို့အထံမှ ယူနည်းကို ပြခြင်းဖြစ်သည်။ "လုံလောက်ရုံ ၂ ထည်သာ ယူပါ" ဟူလို။ နဂို ဖိတ်ထားပြီးသူ၊ အခြား ဂုဏ်အတွက် ကြည်ညို၍ ယခုမှ ဖိတ်သူနှင့် ဉာတိပဝါရိတ အထံမှကား ဒွိစုံထက် ပို၍လည်း ယူကောင်းပါ၏။

**အင်္ဂါ ၄ ပါး။** ။၁–သင်းပိုင် ကိုယ်ရုံထက် ပိုလွန်ခြင်း၊ ၂–အစ္ဆိန္နနဋ္ဌ စီဝရဖြစ်ခြင်း၊ ၃– ဉာတိပဝါရိတ မဟုတ်သူကို တောင်းခြင်း၊ ၄–တောင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၄ ပါးရှိ၏။

**[ဆောင်]** သင်းပိုင် ကိုယ်ရုံ, ဒွိတစုံထက်, ပိုလွန်တက်သား[၁], ပျောက်ပျက်လုခံ[၂], ဆွေမဆံတောင်း[၃], ရခြင်းပေါင်း၍[၄], အကြောင်းလေးလီ, အင်္ဂါညီ, သင့်ပြီ တတုတ္တရိ။

**၈။ ပထမ ဥပက္ခဋ သိက္ခာပုဒ်**

ဣမိနာ စီဝရ စေတာပန္နေန — ဤ သင်္ကန်းအဖိုးဖြင့်၊ စီဝရံ-သင်္ကန်းကို၊ စေတာပေတွာ - လဲလှယ်၍၊ ဣတ္ထန္နာမံ-ဤ အမည်ရှိသော၊ ဘိက္ခုံ-ရဟန်းကို၊ စီဝရေန-သင်္ကန်းဖြင့်၊ အစ္ဆာဒေဿာမိ- ဖုံးလွှမ်းအံ့၊ ဣတိ – ဤသို့၊ ဘိက္ခုံ – ရဟန်းကို၊ (ပန + ဝေ အနက်မရှိ၊) ဥဒ္ဒိဿ- ရည်စူး၍၊ ဝါ— ညွှန်ပြ၍၊ အညာတကဿ – ဆွေမျိုးမတော်သော၊ ဂဟပတိဿ ဝါ- အိမ်ရှင် ယောကျ်ားသည်သော်၎င်း၊ ဂဟပတာနိယာ ဝါ – အိမ်ရှင်မသည်သော်၎င်း၊ စီဝရစေတာပန္နံ – သင်္ကန်းအဖိုးသည်၊ ဝါ –ကို၊ ဥပက္ခဋံ-

× × × × ×

**၈။ ပထမ ဥပက္ခဋ။** ။ဉာတိပဝါရိတ မဟုတ်သော ဒါယကာ၊ သို့မဟုတ် ဒါယိကာမက "ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းဝယ်၍ မည်သည့် ရဟန်းအား လှူဒါန်းမည်" ဟု ရဟန်းတပါးပါးကို ရည်စူး ညွှန်ပြ၍ သင်္ကန်းဖိုး စုဆောင်း ထားရာ ထို အလှူရှင်ထံ သွား၍ နဂို သင်္ကန်းဖိုးထက် အပို ကုန်အောင် ထူးထူးထွေထွေ စီမံလျှင် ထိုသင်္ကန်း နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ် သင့်လေ တော့သည်။

**ဘိက္ခုံပနေဝ ဥဒ္ဒိဿ။** ။ဥဒ္ဒိဿကို "အာရဗ္ဘ=ရည်စူး၍" ဟု အဋ္ဌကထာ ဖွင့်ပြီးလျှင် "အပဒိသိတွာ = ညွှန်ပြ၍" ဟု တနည်းဖွင့်၏။ နောက်နည်းအရ "ညွှန်ပြခြင်း"ဟူသည် "မည်သည့်ရဟန်း"ဟု နာမည်ကို ထုတ်ဖော် ပြောဆို ခြင်းတည်း။ "ဂဟပတိဿ"၌ "သ"ဝိဘတ်သည် ဆဋ္ဌီကတ္တားဖြစ်၍ "သည်" ဟု အနက်ပေးရသည်။

**စီဝရစေတာပန္နံ။** ။စိတာဓာတ်သည် ရောင်းဝယ် လဲလှယ်ခြင်း အနက်ကို ဟော၏။ ဤ၌ ကာရိတ် ဏာပေပစ္စည်း ယုပစ္စည်းဖြစ်၍ "စေတာပနံ" ဟု၎င်း န တလုံး ဒွေဘော်လာ၍ "စေတာပန္နံ"ဟု၎င်း ရှိကြောင်းကို ဋီကာတို့ ဖွင့်ကြ၏။ ဧတေန–ဤသင်္ကန်းဖိုးဖြင့်၊ စီဝရံ-သင်္ကန်းကို၊ စေတာပေန္တိ, (ပရိဝတ္တေန္တိ)- လဲလှယ်ကြကုန်၏၊ ဣတိ – ထိုသို့ လဲလှယ်ကြောင်း၏ အဖြစ်ကြောင့်၊ စီဝရ စေတာပန္နံ–မည်၏၊ သင်္ကန်းကို လဲလှယ်၍ (ဝယ်ယူ၍) ရနိုင်သော ရွှေ ငွေ စသော အကပ္ပိယ ဝတ္ထု၊ ချည် စသော ကပ္ပိယဝတ္ထုများတည်း။

**ဥပက္ခဋံ။** ။ဥပ=အနီး၌ + ကတံ = ထားအပ်သည်။ အနီး၌ ထားအပ် ဟူသည် စီစဉ်ထားခြင်း၊ စုဆောင်းထားခြင်းတည်း။ ထို့ကြောင့် "သဇ္ဇိတံ ဟောတိ သံဟရိတွာ ထပိတံ" ဟု ဖွင့်သည်။ [ဥပက္ခဋံ၌ ဥပ+ကရ+တ၊ ပုရ သမ္ပပရိဟိ စသော သုတ်ဖြင့် ကရကို ခပြု၊ က ဒွေဘော်လာ၊ တကို ဋပြု။]

စုဆောင်းထားအပ်သည်၊ ပောတိ - အံ့၊ တတြ - ထို အလှူ့ရှင်ရှိရာသို့၊ သော ဘိက္ခု - ထိုရဟန်းသည်၊ ပုဗ္ဗ - ရှေး၌၊ အပ္ပဝါရိတော - မဖိတ်အပ်ဘူးဘဲ၊ ဥပသင်္ကမိတွာ - ချဉ်းကပ်၍၊ စီဝရေ - သင်္ကန်း၌၊ ဝိကပ္ပံ - ထူးသော စီမံခြင်းသို့၊ စေ အာပဇ္ဇေယျ - အကယ်၍ ရောက်အံ့။

(ကိံ - အဘယ်သို့ စီမံသနည်း၊) အာယသ္မာ - ငါ့ရှင် ဒါယကာ၊ သာဓု-တောင်းပန်ပါ၏၊ ဝတ-အကြံဖြစ်သည်ကား၊ မံ-ငါ့ကို၊ ဣမိနာ စီဝရစေတာပန္နေန-ဤသင်္ကန်းအဖိုးဖြင့်၊ ဝေရူပံဝါ ဝေရူပံဝါ- ဤသို့ သဘောရှိသည်မူလည်း ဖြစ်, ဤသို့ သဘောရှိသည်မူလည်း ဖြစ်သော၊ စီဝရံ - သင်္ကန်းကို၊ စောဒာပေတွာ-လဲလှယ်၍၊ အစ္ဆာဒေဟိ - ဖုံးလွှမ်း

× × × × ×

**ဣမိနာ၊ ပေ၊ အစ္ဆာဒေသာမိ။** ။ဤဝါကျကား "သင်္ကန်းလှူမည့် ဒါယကာ၊ ဒါယိကာမတို့က အလှူခံရဟန်းကို ရည်မှန်းပုံ၊ မည်သည့် ရဟန်းအား လှူမည်ဟု ထုတ်ဖော် ပြောဆိုပုံ အခြင်းအရာကို ပြသော ဝါကျတည်း။ဤဝါကျ၌ "အစ္ဆာဒေသာမိ"ကား ထိုခေတ်က အဝတ်သင်္ကန်း လှူဒါန်းရာ၌ သုံးစွဲရိုး စကားတည်း။ [အာ+ဆာဒ+ဏေ၊] "ဖုံးလွှမ်းအံ့" ဟူရာ၌ ထိုရဟန်းမှာ ဖုံးလွှမ်းစရာရအောင် လှူဒါန်းခြင်းတည်း။ ယခုကာလ၌ ထို"အစ္ဆာဒေသာမိ" အသုံးအတိုင်း "သင်္ကန်းဆည်း" ဟု ခေါ်ကြသည်။

**တတြ၊ ပေ၊ အပ္ပဝါရိတော။** ။"အရှင်ဘုရား၊ သင်္ကန်း အလိုရှိက မိန့်တော်မူပါ" စသည်ဖြင့် ထိုသင်္ကန်းလှူမည့် အလှူ့ရှင်၏ အဖိတ်ကို ရှေးက မခံရဘူးသော ရဟန်းကို "အပ္ပဝါရိတော"ဟု ဆိုသည်။

**စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ။** ။[ဝိ = ထူးသော + ကပ္ပ= ပြုစီမံခြင်း။] "ထူးသော ပြုစီမံခြင်း" ဟူသည် မူလ ရည်စူးထားသော သင်္ကန်းထက် အလျား ရှည်အောင်၊ အနံပြန့်အောင်၊ အသားကျစ်အောင်၊ ချောအောင် စီမံခြင်းတည်း။ ထိုသို့ ထူးထွေ ကောင်းမွန်လာအောင် စီမံရာ၌ စီမံလိုက်သည့်အတွက် မူလ ရည်စူးထားသော တန်ဖိုးထက် ပိုလာမှသာ နိသဂ္ဂိထိုက်သည်။ မူလတန်ဖိုးထက် မပိုလျှင် နိသဂ္ဂိ မထိုက်။

**သာဓုဝတ၊ ပေ၊ အစ္ဆာဒေဟိ။** ။ဤဝါကျကား ရဟန်းက စီမံပုံ အခြင်းအရာကို ပြသော ဝါကျတည်း။ သာဓုသည် တောင်းပန်ခြင်း (အာယာစန) အနက်ရှိသော နိပါတ်၊ ဝတကား ကြံစည်ခြင်း (ပရိဝိတက္က) အနက်ရှိသော နိပါတ်တည်း။ ထိုပါဠိ ၂ ရပ်လုံးပင် မြန်မာလို အနက်ပြန်ရာ၌ အဆင်မပြေလှ။

ပါလော၊ ဣတိ - ဤသို့၊ ကလျာဏကမျတံ - အကောင်းကို အလိုရှိသူ၏ အဖြစ်ကို၊ ဥပါဒါယ- စိတ်ဖြင့်ယူ၍၊ (ဝိကပ္ပံ - ထူးသော ဓိမ်ခြင်းသို့၊ စေ အာပဇ္ဇေယျ - အကယ်၍ ရောက်အံ့၊) တဿ ဘိက္ခုနော တံ စီဝရံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

**၉။ ဒုတိယ ဥပက္ခဋ သိက္ခာပုဒ်**

မယံ-ငါတို့သည်၊ ဣမေဟိ ပစ္စေကစီဝရ စေတာပန္နေဟိ - ဤအသီးအသီးသော သက်နှိုးဖိုးတို့ဖြင့်၊ ပစ္စေကစီဝရာနိ - အသီးအသီးသောသင်္ကန်းတို့ကို၊ စေတာပေတွာ- လဲလှယ်၍၊ ဣတ္ထန္နာမံ - သော၊ ဘိက္ခုံ- ကို၊ စီဝရေဟိ- သင်္ကန်းတို့ဖြင့်၊ အစ္ဆာဒေဿာမ - ဖုံးလွှမ်းကုန်အံ့၊ ဣတိ-ဤသို့၊ ဘိက္ခုံ- ကို၊ ဥဒ္ဒိဿ-၍၊ ဝါ- ၍၊ ဥဘိန္နံ— ၂ ဦးကုန်သော၊ အညာတကာနံ- ဆွေမျိုး မတော်ကုန်သော၊ ဂဟပတိနံဝါ-အိမ့်ရှင် ယောကျ်ားတို့သည် သော်၎င်း၊ ဂဟပတာနီနံဝါ-အိမ့်ရှင်မတို့သည် သော်၎င်း၊ ပစ္စေကစီဝရ

× × × × ×

ရိုးရာအတိုင်း ပြန်လိုက်ရတော့သည်။ "ဧဝရူပံဝါ ဧဝရူပံဝါ" ကား ရဟန်းက လက်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ သင်္ကန်းပုံစံကို ညွှန်ပြသောစကား ဖြစ်သည်။ "သည့်လောက် အလျားရှည်ရှည်၊ သည်လို အနံပြန့်ပြန့်၊ သည်ပုံ ကျစ်ကျစ် သည်နည်း ချောချော" စသည်ဖြင့် ပြောလိုရင်း ဖြစ်သည်။

**ကလျာဏကမျတံ ဥပါဒါယ။** ။ကလျာဏံ – ကောင်းသော သင်္ကန်းကို၊ ကာမေတိ– အလိုရှိ၏၊ ဣတိ– ထို့ကြောင့်၊ ကလျာဏကာမော–မည်၏၊ ကလျာဏကာမဿ – ကောင်းသော သင်္ကန်းကို အလိုရှိသူ၏၊ ဘာဝေါ– ဖြစ်ကြောင်းသည်၊ ကလျာဏကမျံ– မည်၏။ "သင်္ကန်းကောင်းကို အလိုရှိသူ၏ ဖြစ်ကြောင်း" ဟူသည် သင်္ကန်းကောင်းကို လိုချင်သော လောဘပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ပင်တည်း။ [ကမျ၌ ဘာဝတ္ထ ဏျပစ္စည်း၊ ကာ၌ အာကို ရဿပြု၊ ကလျာဏကမျံယေဝ ကလျာဏကမျတာ၊ တာပစ္စည်း အနက်သီးခြား မရှိ၊ ဒုတိယ ဥပက္ခဋ အဆုံးကျမှ အင်္ဂါကို ပြမည်။]

**၉။ ဒုတိယ ဥပက္ခဋ။** ။ဤသိက္ခာပုဒ်၌ ပုဒ်ဖွင့် အထူး မရှိ။ အားလုံး ရှေ့သိက္ခာပုဒ် အတိုင်းပင်။ ရှေ့သိက္ခာပုဒ်၌ သင်္ကန်း ဒါယကာ၊ သို့မဟုတ် ဒါယိကာမ တဦးသာဖြစ်၍ ဤသိက္ခာပုဒ်၌ ၂ ဦး ဖြစ်၏။ ထို ၂ ဦးလည်း နဂိုက အတူပေါင်း၍ (တထည်တည်း) လှူမည်ဟု မကြံရွယ်၊ ကိုယ့်ဘာသာ ကိုယ်

စေတာပန္နာနိ - အသီးအသီးသော သက်နှင်းဖိုးတို့သည်၊ ဥပက္ခဋာနိ- စုဆောင်းထားအပ်ကုန်သည်၊ ဟောန္တိ - ဖြစ်ကုန်အံ့၊ တတြ - ထိုအလှူ ရှင်တို့ ရှိရာသို့၊ သော ဘိက္ခု ပုဗ္ဗေ အပ္ပဝါရိတော ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ။

(ကိံ - နည်း၊) အာယသ္မန္တော - ငါ့ရှင် ဒါယကာတို့၊ သာဓု - ၏၊ ဝတ - ကား၊ ဝေရူပံဝါ ဝေရူပံဝါ - သော၊ စီဝရံ-ကို၊ စေတာပေတွာ- လဲလှယ်၍၊ ဥဘောဝ - ၂ ဦးတို့သည်သာ၊ သန္တာ - ဖြစ်ကုန်လျက်၊ ဧကေ န - တထည်တည်းဖြင့်၊ အစ္ဆာဒေထ၊ - ဖုံးလွှမ်းကြကုန်လော၊ ဣတိ-သို့၊ ကလျာဏကမျတံ ဥပါဒါယ, (ဝိကပ္ပံ - သို့၊ စေ အာပဇ္ဇေယျ - အံ့၊) တဿ ဘိက္ခုနော တံ စီဝရံ နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

ဝယ်၍ ကိုယ့်သင်္ကန်း ကိုယ်လှူမည်ဟု ကြံရွယ်ရင်း ရှိကြ၏။ ထို အကြောင်းကို ကြား၍ "တထည်စီ ခွဲလှူလျှင် ၂ ထည်လုံး ကောင်းတော့မည် မဟုတ်၊ ၂ ထည် စာကို တထည်တည်း ပေါင်းလိုက်မှ ကောင်းမည်"ဟု ကြံ၍ စီမံရာ သူစီမံတိုင်း ပေါင်းစပ်စေသည့်အခါ တန်ဖိုးပိုလာလျှင် နိသဂ္ဂိထိုက်သည်၊ (တန်ဖိုးမပိုလျှင် မထိုက်)ဟု ပညတ်တော်မူပြန်သည်။ အချုပ်မှာ - ရှေ့သိက္ခာပုဒ်၌ အလှူရှင် တဦးသာ ညွှန်းဆဲရာရောက်၍ ဤသိက္ခာပုဒ်၌ အလှူရှင် ၂ ဦးကို ညွှန်းဆဲရာ (စိတ်ထိခိုက်အောင် ပြုလုပ်ရာ)ရောက်သည်။

**မှတ်ချက်။** ။ဉာတိပဝါရိတ မဟုတ်သူတို့က သင်္ကန်းကိုသာ မဟုတ်၊ ကျောင်း စသည်ကို ရည်စူးထားရာဝယ် သွားရောက်စီမံရာ၌လည်း နဂိုရည်စူး ချက်ထက် တန်ဖိုးပိုသွားလျှင် ထိုပစ္စည်းများ မအပ်သည်သာ။ ဉာတိပဝါရိတ ဖြစ်သူတို့က လှူဘို့ရည်ရွယ်ရာ၌ကား ရဟန်း စီမံသည့်အတွက် တန်ဖိုး ပိုသွား သော်လည်း အပ်ပါ၏။

**အင်္ဂါ ၃ ပါး။** ။၁-အပိုအလွန်ကို အလိုရှိခြင်း၊ ၂-အဆွေမတော်သူကို တောင်းခြင်း၊ ၃-တောင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၃ ပါး ရှိ၏။ [ ဥပက္ခဋ သိက္ခာပုဒ် ၂ ပါးလုံးပင် အင်္ဂါတူသည်။]

[**ဆောင်**] အပိုကိုမျှော်[၁], ဆွေမတော်တောင်း[၂], ရခြင်းပေါင်း၍[၃],
အကြောင်း သုံးလီ, အင်္ဂါညီ, သင့်ပြီ ဥပက္ခဋ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ဓိဝရပတိဂ္ဂဟဏ သိက္ခာပုဒ်ကို မြန်မာပြန်၍ အင်္ဂါကိုလည်း ပြပါ။

ခ။ အညာတကဝိညတ္တိ သိက္ခာပုဒ်ကို မြန်မာပြန်၍ အင်္ဂါကိုလည်း ပြပါ။

ဂ။ "ဂဟပတိ"ဟူရာ၌ ပစ္စည်းဥစ္စာ ပေါများ ကြွယ်ဝသော "သူကြွယ်" ကိုသာ ယူရမည်လော။ သဒ္ဒါနည်းအရ ယူအပ်သော ဂဟပတိကို ပြပါ။

ဃ။ "ဝိညာပေ-သိစေ" ဟူရာ၌ ဘာကို သိစေပါသနည်း။ ထိုသို့ သိစေ ဟူသော စကားဖြင့် မြန်မာလို ဘာကို ဆိုလိုပါသနည်း။

င။ "အညတြ သမယာ"အရ တောင်းသင့်ရာ အခါကို ပြပါ။

စ။ အညာတကကို မတောင်းကောင်းလျှင် "ပဝါရိတကိုလည်း မတောင်း ကောင်း"ဟု ယူရမည်လော။

ဆ။ ပဝါရိတ ဖြစ်သူသည် အကြောင်းတစုံတရာကြောင့် အကြည်ညိုပျက်လျှင် တောင်းကောင်းသေးသလော။

ဇ။ တတုတ္တရိ သိက္ခာပုဒ်ကို မြန်မာပြန်၍ အင်္ဂါကိုလည်း ပြပါ။

ဈ။ "အဘိဟဋ္ဌု"ဟူရာ၌ ကိုယ်ဖြင့် ယူဆောင်ခြင်းကိုသာ မှတ်ရမည်လော။ အဘိဟဋ္ဌုံပါဠ်၏ အနက် ၂ မျိုးကိုလည်း ပြပါ။

ည။ ပထမ ဥပက္ခဋ သိက္ခာပုဒ်ကို လိုရင်းအချုပ်မျှ မြန်မာပြန်ပါ။

ဋ။ "အစ္ဆာဒေ-ဖုံးလွှမ်း"ဟူရာ၌ မြန်မာလို ဆိုလိုရင်း အဓိပ္ပာယ်ကို ပြပါ။

ဌ။ ဝိကပ္ပံ အာပဇ္ဇေယျ၌ "ဝိကပ္ပံ"၏ အဓိပ္ပာယ်ကို ပြပါ။

ဍ။ ဥပက္ခဋ သိက္ခာပုဒ် ၂ ပါး၏ ထူးခြားပုံကို ပြပါ။

ဎ။ ဥပက္ခဋ သိက္ခာပုဒ် ၂ ပါး၏ အင်္ဂါကို ပြပါ။

ဏ။ ဉာတိလည်း မဟုတ်၊ ပဝါရိတလည်း မဟုတ်သော ဒါယကာ ဒါယိ ကာမတို့က ကျောင်းဆောက်ဘို့ ရည်စူးထားရာ၌ ရဟန်း စီမံသည့် အတွက် မှန်းထားအပ်သော တန်ဖိုးထက် ပိုသွားလျှင် ထိုကျောင်းသည် ဝိနည်းတော်အရ အပ်ပါဦးမည်လော။

၁၀။ ရာဇသိက္ခာပုဒ် ဘိက္ခုံ-ရဟန်းကို၊ ဥဒ္ဒိဿ - ရည်စူး၍၊ ဝါ— ညွှန်ပြ၍၊ ရာဇာဝါ - မင်းသည် သော်၎င်း၊ ရာဇဘောဂ္ဂေါဝါ - အမတ်သည်သော်၎င်း၊ ဗြာဟ္မဏောဝါ - ပုဏ္ဏား သည်သော်၎င်း၊ ဂဟပတိကောဝါ - အိမ်ရှင်ယောကျ်ားသည်သော်၎င်း၊ ဒူတေန - တမန်ဖြင့်၊ စီဝရစေတာပန္နံ-ကို၊ ပဟိဏေယျ - ပို့အံ့၊ (ကိံ - အဘယ်သို့ မှာ၍ ပို့သနည်း၊) ဣမိနာ စီဝရ စေတာပန္နေန-ဖြင့်၊ စီဝရံ- သင်္ကန်းကို၊ စေတာပေတွာ - လဲလှယ်၍၊ ဣတ္ထန္နာမံ - သော၊ ဘိက္ခုံ- ရဟန်းကို၊ စီဝရေန-ဖြင့်၊ အစ္ဆာဒေဟိ-ဖုံးလွှမ်းချေလော၊ ဣတိ-ဤသို့ မှာ၍ ပို့အံ့။

သော ဒူတော-ထိုတမန်သည်၊ တံ ဘိက္ခုံ - ထိုရဟန်းကို၊ ဥပသင်္ကမိတွာ - ချဉ်းကပ်၍၊ ဧဝံ-ဤသို့၊ ဝဒေယျ—အကယ်၍ လျှောက်အံ့၊ (ကိံ-အဘယ်သို့ လျှောက်သနည်း၊) ဘန္တေ - အရှင်ဘုရား၊ အာယသ္မန္တံ- အရှင်ဘုရားကို၊ ဥဒ္ဒိဿ - ရည်စူး၍၊ ဣဒံ စီဝရ စေတာပန္နံ - ဤ သင်္ကန်းအဖိုးကို၊ အာဘတံ - ဆောင်ယူအပ်ပါပြီ၊ အာယသ္မာ - သည်၊ စီဝရ စေတာပန္နံ - သင်္ကန်းဖိုးကို၊ ပတိဂ္ဂဏှာတု-လက်ခံတော်မူပါ၊ ဣတိ- ဤသို့ လျှောက်အံ့။

× × × × ×

**၁၀။ ရာဇသိက္ခာပုဒ်။** ။ဤ သိက္ခာပုဒ်၌ လိုရင်းအချုပ်မှာ-သင်္ကန်းဖိုး ဖြစ်သော ရွှေငွေစသော အကပ္ပိယဝတ္ထုကို အလှူလာရာဝယ် ပြုလုပ်ရမည့် အစီအစဉ်ကို၎င်း၊ ထို အစီအစဉ်အတိုင်း လိုက်နာ၍ မပြုလုပ်လျှင် နိဿဂ္ဂိပါစိတ် အာပတ်ဟု၎င်း ပညတ်တော်မူခြင်း ဖြစ်သည်။

***ဘိက္ခုံ၊ပေ၊အစ္ဆာဒေဟိ။*** ။"ဤသင်္ကန်းဖိုးဖြင့် ဝယ်၍ မည်သည့်ရဟန်း အား သင်္ကန်းလှူပါလေ"ဟု မှာပြီးလျှင် ရဟန်းကို ညွှန်ပြလျက် မင်း စသူတို့က တမန် စေလွှတ်၍ သင်္ကန်းဖိုးကို ပို့လေသည်။ [ဤ၌ "ဣမိနာ စီဝရ စေတာ ပန္နေန၊ပေ၊အစ္ဆာဒေဟိ"ကား စေခိုင်းပုံ အခြင်းအရာကို ပြသော ဝါကျတည်း။ ထို့အတူ နောက်၌ ဣတိသဒ္ဒါဖြင့် အဆုံးသတ်သော (ကိံဟု မေး၍ အနက် ပေးရသော) ဝါကျများကို "အာကာရဝါကျ"ဟုချည်း မှတ်ပါ။]

**သောစေ ဒူတော၊ပေ၊ စီဝရစေတာပန္နံ။** ။ထို တမန်က ထိုရဟန်းထံ ချဉ်းကပ်ပြီးလျှင် "ဤ သင်္ကန်းဖိုးကို အရှင်ဘုရားတို့ ယူခဲ့ပါသည်၊ သင်္ကန်း အဖိုးကို အလှူခံပါ"ဟု လျှောက်လျှင်....

တေန ဘိက္ခုနာ - ထိုရဟန်းသည်၊ သော ဒူတော - ထို တမန်သည်၊ ဝါ - ကို၊ ဧဝံ - ဤသို့၊ ဝစနီယော - ပြောဆိုထိုက်သည်၊ အဿ-ဖြစ်၏၊ (ကိံ - အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာဝုသော - ငါ့ရှင်၊ မယံ- ငါတို့သည်၊ စီဝရစေတာပန္နံ - ကို၊ နခေါ ပဋိဂ္ဂဏှာမ - မခံယူကုန်၊ မယံ- ငါတို့သည်၊ ကာလေန- သင့်လျော်သောအခါ၌၊ ကပ္ပိယံ-အပ်စပ်သော၊ စီဝရဉ္စ - သင်္ကန်းကိုသာ၊ ပဋိဂ္ဂဏှာမ- ခံယူကုန်၏၊ ဣတိ-ဤသို့ ပြောဆို ထိုက်၏။

သော ဒူတော-သည်၊ တံ ဘိက္ခုံ-ကို၊ ဧဝံ-သို့၊ စေ ဝဒေယျ-အကယ်၍ လျှောက်အံ့၊ (ကိံ - အဘယ်သို့ လျှောက်သနည်း၊) အာယသ္မတော - အရှင်၏၊ ဝေယျာဝစ္စကရော - ကိစ္စ ကြီးငယ်ကို ပြုလုပ်တတ်သော၊ ကောစိ - တစုံတယောက်သည်၊ အတ္ထိ ပန - ရှိပါသလော၊ ဣတိ-ဤသို့ လျှောက်အံ့။

ဘိက္ခဝေ - ရဟန်းတို့၊ စီဝရတ္ထိကေန - သင်္ကန်းကို အလိုရှိသော၊ ဘိက္ခုနာ - ရဟန်းသည်၊ ဝေယျာဝစ္စကရော - ကိစ္စ ကြီးငယ်ကို ပြုလုပ် တတ်သူကို၊ အာရာမိကော ဝါ - အာရာမ်စောင့်ကို သော်၎င်း၊ ဥပါ သကော ဝါ - သီတင်းသည်ကိုသော်၎င်း၊ နိဒ္ဒိသိတဗ္ဗော - ညွှန်ပြနိုင်၏၊ (ကိံ - အဘယ်သို့ ညွှန်ပြရမည်နည်း၊) အာဝုသော - ဒါယကာ၊ သော- ဤသူသည်၊ ဘိက္ခူနံ-ရဟန်းတို့၏၊ ဝေယျာဝစ္စကရော ကိစ္စ ကြီးငယ်ကို ပြုလုပ်တတ်သူတည်း၊ ဣတိ - ဤသို့ ညွှန်ပြနိုင်၏။

× × × × ×

**တေန ဘိက္ခုနာ၊ ပေ၊ ဝေယျာဝစ္စကရောတိ။** ။ထိုရဟန်းက ထိုတမန်ကို "သင်္ကန်းဖိုး (ရွှေ ငွေ စသော) အကပ္ပိယဝတ္ထုကို ငါတို့ လက်မခံကြကုန်၊ သင့်လျော်သောအခါ (အလိုရှိသောအခါ) အပ်စပ်သော သင်္ကန်းကိုသာ ခံယူကြသည်"ဟု ပြောရမည်။ ထိုသို့ ပြောသောအခါ....ထိုတမန်က "အရှင် ဘုရား၏ ဝေယျာဝစ္စကို ရွက်ဆောင်မည့်သူ (ကပ္ပိယကာရက) ရှိပါရဲ့လား" ဟု လျှောက်လျှင်....

**စီဝရတ္ထိကေန၊ ပေ၊ ဝေယျာဝစ္စကရောတိ။** ။(သင်္ကန်းကို အလိုမရှိလျှင် ကပ္ပိယကာရကကို ညွှန်ပြဘို့မလို၊) အလိုရှိသော ရဟန်းကား အာရာမ်စောင့်ကို ဖြစ်စေ၊ သီတင်းသည်ကိုဖြစ်စေ "ဤသူသည် ကပ္ပိယကာရက ဖြစ်သူတည်း" ဟု ညွှန်ပြနိုင်၏။ [အာရာမ်စောင့်နှင့် သီတင်းသည်မှာ ကျောင်း၌ ရှိတတ်

သော ဒူတော-သည်၊ တံ ဝေယျာဝစ္စကရံ-ထို ဝေယျာဝစ္စကရကို၊ သညာပေတွာ - နားလည်စေပြီး၍၊ တံ ဘိက္ခုံ - ကို၊ ဥပသင်္ကမိတွာ - ၍၊ ဝေ-သို့၊ စေ ဝဒေယျ-အကယ်၍လျှောက်အံ့၊ (ကိံ-အဘယ်သို့ လျှောက်သနည်း၊) ဘန္တေ-အရှင်ဘုရား၊ အာယသ္မာ-အရှင်သည်၊ ယံ ဝေယျာဝစ္စကရံ-အကြင် ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူကို၊ နိဒ္ဒိသိ-ညွှန်ပြပြီ၊ သော-ထို ဝေယျာဝစ္စကရကို၊ မယာ-တပည့်တော်သည်၊ သညတ္တော— နားလည်စေအပ်ပါပြီ၊ အာယသ္မာ-သည်၊ ကာလေန--သင့်လျော်သော အခါ၌၊ ဥပသင်္ကမတု-ချဉ်းကပ်တော်မူပါ၊ စီဝရေန-ဖြင့်၊ တံ-အရှင့်ကို၊ အစ္ဆာဒေဿတိ-ဖုံးလွှမ်းပါလိမ့်မည်၊ ဣတိ-ဤသို့ လျှောက်အံ့။

ဘိက္ခဝေ—တို့၊ စီဝရတ္ထိကေန—သော၊ ဘိက္ခုနာ—သည်၊ ဝေယျာဝစ္စကရော-ကို၊ ဥပသင်္ကမိတွာ-၍၊ ဒွတ္တိက္ခတ္တုံ - ၂ ကြိမ် ၃ ကြိမ်၊ စောဒေတဗ္ဗော - တောင်းအပ် တောင်းနိုင်၏၊ သာရေတဗ္ဗော - သတိပေးအပ်

× × × × ×

သူများဖြစ်၍ ညွှန်ပြဘို့ရန်လျှောက်ပတ်သည့်အတွက်ဆိုသည်။ သိတင်းသုံးဘော် ၅ ဦးမှတပါး အခြား (မည်သူ့ကို မဆို)ကပ္ပိယအဖြစ် ညွှန်ပြနိုင်သည်။ ဤသို့ ညွှန်ပြရခြင်းမှာလည်း တမန်က (သို့မဟုတ် အလှူလာသူက) ကပ္ပိယ ရှိပါရဲ့လား ဟု မေးမှ၊ သို့မဟုတ် ကပ္ပိယညွှန်ပါဟု လျှောက်မှ ကပ္ပိယကို ညွှန်ပြခွင့်ရှိသည်။ ထိုသို့ မလျှောက်ဘဲ "ဤသင်္ကန်းဖိုးကို ယူပါ၊ ဘယ်သူ့ ပေးခဲ့ရမည်လဲ"ဟု လျှောက်လျှင် ကပ္ပိယကို မညွှန်ကောင်း။]

**သောစေ ဒူတော၊ပေ၊အစ္ဆာဒေဿတီတိ။** ။ကပ္ပိယကို ညွှန်ပြသော အခါ တမန်က ကပ္ပိယထံ သင်္ကန်းဖိုးအပ်နှံ၍ "ဤ သင်္ကန်းဖိုးဖြင့် သင်္ကန်းကို ဝယ်၍ မည်သည့်အရှင်အား လှူရစ်ပါ"ဟု နားလည်အောင် ပြောပြပြီးနောက် ရဟန်းထံပြန်လာ၍"ကပ္ပိယကို နားလည်အောင် မှာထားခဲ့ပါပြီ၊ အလိုရှိသော အခါ သင်္ကန်းကို အလှူခံရန် ချဉ်းကပ်တော်မူပါ၊ သင်္ကန်းလှူပါလိမ့်မည်"ဟု စာရှိအတိုင်း ဖြစ်စေ၊ ("အရှင်ဘုရား အလိုရှိသောအခါ ကပ္ပိယ မည်သူ့ထံ သင်္ကန်းအလှူခံတော်မူပါ"ဟု စကားတမျိုးမျိုးဖြင့်ဖြစ်စေ) လျှောက်လျှင်....

**စီဝရတ္ထိကေန၊ပေ၊စီဝရေနာတိ။** ။သင်္ကန်းအလိုရှိသော ရဟန်းသည် ကပ္ပိယထံချဉ်းကပ်၍"အတ္ထော မေ အာဝုသော စီဝရေန"ဟု ပါဠိစကားဖြင့် ဖြစ်စေ၊ ထိုပါဠိနှင့် သဘောတူသော မြန်မာစကားဖြင့်ဖြစ်စေ ပြောဆို တောင်းကောင်း၏။ "သင်္ကန်းပေးပါ၊ သင်္ကန်းဝယ်ခဲ့ပါ" စသည်ဖြင့်ကား မပြော

သတိပေးနိုင်၏၊ (ကိံ—အဘယ်သို့ပြော၍ တောင်းနိုင်သနည်း၊) အာဝုသော - ဒါယကာ၊ မေ - ငါ့အား၊ စီဝရေန-သင်္ကန်းဖြင့်၊ အတ္ထော-အလို ရှိ၏၊ ဣတိ—ဤသို့ပြော၍ တောင်းနိုင်၏။

ဒုတိယမ္ပိ တတိယမ္ပိ—၂ ကြိမ်၊ ၃ ကြိမ်၊ **စောဒယမာနေန** - တောင်းလသော်၊ သာရယမာနေန-သတိပေးလသော်၊ တံ စီဝရံ - ထိုသင်္ကန်းကို၊ အဘိနိပ္ဖါဒေယျ- ပြီးစေနိုင်အံ့၊ ဣစ္စေတံ—ဤသို့ ပြီးစေနိုင်ခြင်းသည်၊ ကုသလံ- **ကောင်း၏။** နောစေ အဘိနိပ္ဖါဒေယျ—အကယ်၍ မပြီးစေနိုင်အံ့၊ စတုက္ခတ္တုံ-၄ ကြိမ် သော်၎င်း၊ ပဉ္စက္ခတ္တုံ- ၅ ကြိမ်သော်၎င်း၊ ဆက္ခတ္တုပရမံ- ၆ ကြိမ်အလွန် အပိုင်းအခြားရှိအောင်သော်၎င်း၊ တုဏှီဘူတေန – ဆိတ်ဆိတ် အဖြစ် ဖြင့်၊ ဥဒ္ဒိဿ - သင်္ကန်းကိုရည်မှန်း၍၊ ဌာတဗ္ဗံ-ရပ်ရာ၏။

× × × × ×

ကောင်း။ "အတ္ထော မေ အာဝုသော စီဝရေန"ဟူသော စကားမျိုးဖြင့်လား တကြိမ်တောင်း၍ မရလျှင် ၂ ကြိမ်တောင်း၊ ၂ ကြိမ်တောင်း၍ မရသေးလျှင် ၃ ကြိမ်တောင်းကောင်း၏။ ၃ ကြိမ်အထိ တောင်း၍မှ မရသေးလျှင်....

**စတုက္ခတ္တုံ ပေ၊ ဌာတဗ္ဗံ။** ။၄-၅-၆ ကြိမ် သွား၍ မည်သည့်စကားကိုမျှ မပြောဘဲ ရပ်ရုံသာ ရပ်နေရသည်၊ "ထိုင်ပါဦး၊ တရား ဟောပါဦး".... စသည်ကို လျှောက်စေကာမူ ထိုင်လည်း မထိုင်ဘဲ တရားလည်း မဟောဘဲ (အလိုက်သိစွာ လှူလိမ့်မည်ဟု သဘောထား၍)ဆိတ်ဆိတ်စွာ ရပ်ကောင်း၏။ ထိုသို့ ၆ ကြိမ်အထိ ရပ်၍ ရလျှင်လည်း အာပတ်မသင့်ကြောင်းဖြစ်၍ ကောင်း သေးသည်ပင်။

**မှတ်ချက်။** ။"စီဝရတ္ထိကေန"စသော စကား ၂ ရပ်၌ ၃ ကြိမ်အထိ ဝစီဝိညတ်(နှုတ်)ဖြင့် တောင်းခြင်း၊ ၆ ကြိမ်အထိ ကာယဝိညတ်(ကိုယ်)ဖြင့် ရပ်ခြင်းကို ခွင့်ပြုထား၏။ထိုစကားကို ကောက်ချက်ချလိုက်လျှင် ၁ ကြိမ်တောင်း ခြင်းနှင့် ၂ ကြိမ် ရပ်ခြင်းသည် ညီမျှကြောင်း သိသာ၏။ ဘာ့ကြောင့်နည်း။.... ရပ်ခြင်းကို ပြရာ၌ ၃ ကြိမ် ၂ လီ(၆)ကြိမ်ပြခြင်းကြောင့်တည်း။ သို့ဖြစ်၍ ရပ်မှု မပါဘဲ တောင်းရုံချည်း တောင်းလျှင် (ရပ်မှု ၆ ကြိမ်ကို တောင်းမှု ၃ ကြိမ် လုပ်၍) ၆ ကြိမ်တောင်းကောင်း၏။ တောင်းမှုမပါဘဲ ရပ်ရုံသာရပ်လျှင်လည်း (တောင်းမှု ၃ ကြိမ်ကို ရပ်မှု ၆ ကြိမ်လုပ်၍)၁၂ ကြိမ်ရပ်နိုင်သည်ဟု သိသာ၏။ ဤနည်းအတိုင်း နဂို ၃ ကြိမ်ထက်ပို၍ တောင်းမှုတကြိမ်တိုးလျှင် ရပ်မှုဘက်က ၂ ကြိမ်လျော့ရ၏။ ရပ်မှုဘက်က မူလ ၆ ကြိမ်ထက် ၂ ကြိမ်တိုးလျှင် တောင်းမှု ဘက်က တကြိမ်လျော့ရသည်ဟု သိပါ။

စတုက္ကတ္တံ၊ ပဉ္စက္ခတ္တုံ၊ ဆက္ခတ္တုံ၊ပရမံ, တုဏှိဘူတော - ဆိတ်ဆိတ် ဖြစ်၍ဖြစ်သည်၊ (ဟုတွာ-ဖြစ်၍၊) ဥဒ္ဒိဿ-၍၊ တိဋ္ဌမာနော-ရပ်လသော်၊ တံ စီဝရံ-ကို၊ အဘိနိပ္ဖါဒေယျ-အံ့၊ ဣစ္စေတံ-ဤသို့ ပြီးစေခြင်းသည်၊ ကုသလံ - ကောင်း၏၊ တတော - ထို ၃ ကြိမ် တောင်းခြင်း, ၆ ကြိမ် ရပ်ခြင်းထက်၊ ဥတ္တရိ-အလွန်၊ ဝါယမာနော-အားထုတ်လသော်၊ ဝါ-အားထုတ်မှု၊ တံ စီဝရံ-ကို၊ စေ အဘိနိပ္ဖါဒေယျ၊ တဿ ဘိက္ခုနော တံ စီဝရံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

နော စေ အဘိနိပ္ဖါဒေယျ-အံ့၊ ယတော-အကြင် အလှူရှင်အထံမှ၊ အဿ-ထိုရဟန်းအား၊ စီဝရစေတာပန္နံ - ကို၊ အာဘတံ-ဆောင်ယူအပ်ခဲ့ပြီ၊ တတ္ထ - ထိုအလှူရှင် အထံသို့၊ သာမံဝါ-ကိုယ်တိုင်သော်လည်း၊ ဂန္တဗ္ဗံ-သွားရမည်၊ ဒူတော ဝါ-တမန်ကိုသော်လည်း၊ ပါဟေတဗ္ဗော-စေလွှတ်အပ်၏၊ ဝါ-စေလွှတ်ရမည်၊ (ကိံ - အဘယ်သို့ ပြောဆိုဘို့ရာ သွားရ စေလွှတ်ရမည်နည်း၊) အာယသ္မန္တော - ဒါယကာတို့၊ တုမှေ - သင်တို့သည်၊ ယံ ဘိက္ခုံ - အကြင်ရဟန်းကို၊ ဥဒ္ဒိဿ - ရည်စူး၍၊ ဝါ-ညွှန်ပြ၍၊ စီဝရစေတာပန္နံ - ကို၊ ပဟိဏိတ္ထ - ပို့လိုက်ကုန်ပြီ၊ တံ - ထိုသက်နှင်းဖိုးသည်၊ တဿ ဘိက္ခုနော - ထိုရဟန်း၏၊ ကိဉ္စိအတ္ထံ - တစုံတခုသော ကိစ္စကို၊ န အနုဘောတိ-မပြီးစေ၊ အာယသ္မန္တော-ဒါယကာတို့သည်၊ သကံ-မိမိဥစ္စာကို၊ ယုဉ္ဇန္တု - ပြန်ရဘို့ရန် အားထုတ်ကြကုန်လော၊ ဝေါ - သင်တို့၏၊ သကံ - မိမိဥစ္စာသည်၊ မာ ဝိနဿ-သူများလက်၌ မပျောက်ပျက်စေလင့်၊ ဧတံ-ဤသို့ ပြောဘို့ရာ သွားရ စေလွှတ်ရမည်၊အယံ - ဤသို့ ကိုယ်တိုင်ဖြစ်စေ, စေလွှတ်၍ဖြစ်စေ ပြောရခြင်းသည်၊ တတ္ထ - ထိုသက်နှင်းဖိုးက ကိစ္စကို မပြီးစေရာ၌၊ သာမိစိ - လောကုတ္တရာ တရားသို့ အစဉ်လိုက်သော ကျင့်ဝတ်တည်း။

× × × × ×

**တတော စေ၊ပေ၊ပါစိတ္တိယံ။** ။ထိုသို့ ၃ ကြိမ်တောင်းခြင်း၊ ၆ ကြိမ် ရပ်ခြင်းထက် ပို၍ အားထုတ်မှ ထိုသက်နှင်းရလျှင် နိဿဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ်လည်း သင့်သည်။

**နော စေ၊ပေ၊သာမိစိ။** ။၃ ကြိမ်တောင်း၊ ၆ ကြိမ်ရပ်၍မှ ထိုသက်နှင်းကို မပြီးစေနိုင်လျှင် (မရလျှင်) အလှူရှင်ထံ ကိုယ်တိုင်သွား၍ဖြစ်စေ၊ တယောက်ယောက်ကို စေလွှတ်၍ဖြစ်စေ "သင်တို့ ပို့လိုက်သော သက်နှင်းဖိုးသည် ထို

ရဟန်း၏ မည်သည့်ကိစ္စကိုမျှ မပြီးစေ (ထိုရဟန်းမှာ သင်္ကန်း မရ၊)၊ သို့ဖြစ်၍ ကိုယ့်ဥစ္စာ ကိုယ်ပြန်ရအောင် အားထုတ်ကြပေတော့၊ ကိုယ့်ဥစ္စာကို သူများ၏ လက်၌ မပျောက်ပျက်စေသင့်''ဟု ပြောရမည်။ ဤ ပြောခြင်းသည် ဝိနည်းနှင့် မဆန့်ကျင်ရုံသာ မက လောကုတ္တရာတရား ရဘို့ရန် လျော်ကန်သော အကျင့် ဖြစ်၏ ဟူလို။ ဤသို့ ပြောရမည့် ဝတ္တရားရှိလျက် မပြောလျှင် ဝတ္တဘေဒဒုက္ကဋ် အာပတ်ပင် သင့်သေးသည်။ [ဝတ္တဘေဒ=ဝတ္တရား ပျက်ကွက်မှု။]

**ပုဒ်ကွဲများ။** ။''ရာဇဘော လမ္ဘံ ဘောဂံ ယဿာတိ ရာဇဘောဂေါ= မင်းထံမှ ရအပ်သော စည်းစိမ်ရှိသူ (မှူးမတ်)၊ ''ရာဇဘောဂ''ဟုလည်း ရှိ၏။ အနက်တူပင်။ ဘောဂ္ဂ၌ ဏျပစ္စည်း, ဘောဂ၌ ဏပစ္စည်းသာ ထူး၏၊ ဓာတ်မှာ ဘုဇဓာတ်ချည်းတည်း။ ဝါယမာနော-ဝါယမမာနောဟု ပါဌ် ၂ မျိုး ရှိဆို ကြ၏။ ဝါယမမာနော၌ အပစ္စည်း မာနပစ္စည်း၊ ဝါယမာနော၌ကား ပစ္စုပ္ပန် အနက် ဟောရာဝယ် ရူပသိဒ္ဓိ၌ မာနကို အာနပြု၏၊ မောဂ္ဂလာန်၌ မာနမှ မ ကို ချေသည်၊ ဓာတ်မှာ ဝိ+အာ+ယမုဓာတ်ချည်းပင်။

**မှတ်ချက်များ။** ။သိက္ခာပုဒ် ပါဠိရင်း၌ ရာဇ စသူတို့က တမန် လွှတ်၍ သင်္ကန်းဖိုး လှူပုံကို ပြထား၏။ သို့သော် အလှူ့ရှင်ကိုယ်တိုင် လာ၍ ''သင်္ကန်းဖိုး အလှူခံပါ''ဟု လျှောက်လျှင်လည်း ဤသိက္ခာပုဒ်၏ အစဉ်အတိုင်း ပြောဆို ပြုလုပ်ရမည်သာ။ ဆွမ်း၊ခဲတံ၊ စာအုပ် စသည်တို့အတွက် အဖိုးငွေ လာလှူရာ ၌လည်း ဤနည်းအတိုင်းပင် စီစဉ်ရမည်။ [ဒေသနာမတ္တမေဝ စေတံ ဒူတေန စီဝရစေတာပန္နံ ပဟိဏေယျာတိ၊ သယံ အာဟရိတွာပိ ပိဏ္ဍပါတာဒီနံ အတ္ထာ ယ ဒဒန္တေသုပိ ဧသေဝနယော၊-ရာဇသိက္ခာပုဒ် အဋ္ဌကထာ။]

**အကပ္ပိယဝတ္ထုများ။** ။ရွှေတုံး၊ငွေခဲ၊ရွှေဒင်္ဂါး စျေးသုံး၍ရကောင်းသော ပိုက်ဆံအမျိုးမျိုးကို (နောက် ဇာတရူပ ရဇတ သိက္ခာပုဒ်အရ) နိဿဂ္ဂိယဝတ္ထု ဟု ခေါ်၏။ပုလဲ၊ ပတ္တမြားစသော ရတနာနှင့် ကျွန်မ၊ကျွန်ယောကျ်ား၊လယ်ယာ၊ အာရာမ်၊ဥယျာဉ်များကို ဒုက္ကဋဝတ္ထုဟု ခေါ်၏။ အလှူခံလျှင် ဒုက္ကဋ်အာပတ် သင့်သည်ဟု ဆိုလိုသည်။ ထိုနိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု ၂ခုလုံးပင် မိမိ၊ ဂိုဏ်း၊ သံဃာ၊ စေတီတို့အတွက် မိမိထံ အပ်နှံ လှူဒါန်းလာလျှင် ပယ်ရမည်သာ။

**ကပ္ပိယများ။** ။သိက္ခာပုဒ်၌ ''စီဝရတ္ထိကေန၊ပေ၊ဝေယျာဝစ္စကရော'' ဟု ရဟန်းကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယကိုသာ ပြသော်လည်း ထိုစကားနှင့် မဆန့်ကျင်သော ကပ္ပိယများကိုငင်း၊ ဆန့်ကျင်၍မတောင်းကောင်းသော ကပ္ပိယ များကိုငင်း မှတ်သားထိုက်၏။ [ဤ၌ ပါတိမောက် ရှေးနိဿယလာ လင်္ကာ တို့ကို အခြေတည်၍ ပြမည်။]

[ဆောင်] ၁။ ရဟန်း ညွှန်ပြ, လေးယောက်မျှ, ဒူတ ညွှန်းလေးဖြာ။
၂။ အနိဒ္ဒိဋ္ဌ, ဒုဝိဓ, ပေါင်းက တကျိပ်သာ။
၃။ တဦးမျက်မှောက်, ကွယ်သုံးယောက်, ညွှန်းမြှောက် ရဟန်းမှာ။
၄။ ရှေ့အပ်-ပြန်ကြား, စေ၍ကြား, မှာထား သွားသည့်ခါ။
၅။ တမန်ညွှန်းလည်း, လေးပါးတည်း, ဤနည်း ယူလေပါ။
၆။ ရှေ့အပ် မကြား, ကွယ်အပ်သွား, နှစ်ပါး မညွှန်းရာ။
၇။ ရာဇ-မေဏ္ဍ, အညာတ, ကျင့်ရ စဉ်တိုင်းသာ။

**၁-၂။ ကပ္ပိယ တကျိပ်။** ။"ကပ္ပိယံ - အပ်စပ်သည်ကို၊ ကရောတိ-ပြုတတ်၏"ဟူသော ဝိဂြိုဟ်အရ ရဟန်းများ၌ အပ်စပ်အောင် ပြုတတ်သော ကပ္ပိယကာရက (ကာရကကိုဖြုတ်၍ အတိုသုံးအားဖြင့် ခေါ်ကြသော ကပ္ပိယ) ကား-ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄ ယောက်၊ တမန်ညွှန်းအပ်သော ကပ္ပိယ ၄ ယောက်၊ အနိဒ္ဒိဋ္ဌ (မည်သူမျှ မညွှန်းအပ်သော) ကပ္ပိယ ၂ ယောက်အားဖြင့် တကျိပ်ရှိသည်။

**၃-၄။ ရဟန်းညွှန်း ၄ ယောက်။** ။ ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄ ယောက်ကား-မျက်မှောက် အနီးအပါး၌ ညွှန်ပြအပ်သူ တယောက်၊ အဝေးလှမ်း၍ မျက်ကွယ်၌ ညွှန်ပြအပ်သူ ၃ ယောက်တည်း။ ထို ၄ ယောက်တွင် မျက်မှောက် ညွှန်ပြအပ်သူထံ အလှူရှင်က ( သို့မဟုတ်-တမန်က ) ငွေကို အပ်နှံ၍ "သင်္ကန်းဝယ်၍ လှူရစ်ပါ"ဟု ပြောဆို မှာထားသွားလျှင် ရဟန်းအား အထူးမလျှောက်သော်လည်း (မိမိရှေ့မှာပင် မိမိညွှန်ပြသူထံ အပ်နှံ၍ သင်္ကန်း လှူရစ်ပါဟု မှာသွားသောကြောင့်) သိက္ခာပုဒ် လာသည့်အတိုင်း တောင်းမှု ရပ်မှုကို ပြုနိုင်ပြီ။ ထို့ကြောင့် လက်ာပိုဒ်၌ "ရှေ့အပ်"ဟု ဆိုသည်။

"မျက်ကွယ်၌ ညွှန်ပြအပ်သူ ၃ ယောက်"ဟူရာဝယ် ရဟန်းက အဝေးလှမ်း၍ ညွှန်ပြမှုကြောင့် ၃ ယောက်ပြားသည် မဟုတ်၊ အလှူလာသူက ၁-ကပ္ပိယထံ အပ်နှံပြောပြပြီးနောက် ရဟန်းထံပြန်၍ ကပ္ပိယနာမည်ကို ဖော်ပြလျက်"မည်သူ့ အထံ ငွေ ၁ဝ အပ်ခဲ့ပါသည်၊ အရှင်ဘုရား အလိုရှိသောအခါ အပ်စပ်သော ပစ္စည်းကို အလှူခံတော်မူပါ"ဟု လျှောက်ခြင်း၊ ၂-အပ်နှံ ပြောဆိုပြီးနောက် ကိုယ်တိုင်ပြန်၍ မလျှောက်နိုင်သဖြင့် တယောက်ယောက်ကို စေလွှတ်၍ ထိုနည်း အတိုင်း လျှောက်ခိုင်းခြင်း၊ ၃-ကပ္ပိယရှိရာသို့ သွားခါနီး (မသွားခင်) ကပင် အရှင်ဘုရား ညွှန်ပြအပ်သော ကပ္ပိယထံ သင်္ကန်းဖိုး အပ်နှံခဲ့ပါမည်၊ အလိုရှိ သောအခါ တောင်းတော်မူပါဟု မှာထား၍ သွားခြင်းအားဖြင့် လျှောက်ပုံ

၃ မျိုး ကွဲပြားသောကြောင့် အဝေးညွှန်း ကပ္ပိယ ၃ ယောက် ပြားရသည်။ ထို့ကြောင့် ၄ နံပါတ်လက်ာပိုဒ်၌ "ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည့်ခါ"ဟု ဆိုသည်။

၅။ **တမန်ညွှန်း ၄ ယောက်။** ။တမန်ကိုယ်တိုင် ညွှန်းပြအပ်သော ကပ္ပိယ ၄ မျိုးလည်း ရဟန်းညွှန်းအပ်သူ ၄ မျိုးကဲ့သို့ "ရှေ့အပ်၊ ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားခြင်း"အားဖြင့် ကွဲပြားသည်ဟု မှတ်ပါ။ ချဲ့ဦးအံ့—ကပ္ပိယမရှိသောကြောင့် ဖြစ်စေ၊ ရှိသော်လည်း မညွှန်လိုသောကြောင့် ဖြစ်စေ၊ ရဟန်းက ကပ္ပိယ မညွှန်လျှင် တမန်ကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကို ရှာ၍ ၁–ရှေ့မှာ အပ်နှံ ပြောဆိုခြင်း၊ ၂–အဝေးမှာရှိသူထံ အပ်နှံ၍ ပြန်လျှောက်ခြင်း၊ ၃–စေလွှတ်၍ လျှောက်ခြင်း၊ ၄–သွားခါနီးကပင် လျှောက်သွားခြင်း အားဖြင့် ရှေးနည်းအတိုင်း ၄ မျိုး ပြားသည်။ လျှောက်ပုံ စကားများမှာ ရဟန်းညွှန်း ကပ္ပိယအထံ အပ်နှံရာ၌ လျှောက်သည့်အတိုင်းပင်တည်း။

**မေဏ္ဍက သိက္ခာပုဒ်။** ။[မေဏ္ဍက သေဋ္ဌေးကို အကြောင်းပြု၍ မဟာဝဂ္ဂ ဘေသဇ္ဇခန္ဓက၌ ခွင့်ပြုအပ်သော သိက္ခာပုဒ်ကို "မေဏ္ဍက သိက္ခာပုဒ်"ဟု ခေါ်သည်။] မေဏ္ဍက သိက္ခာပုဒ်၌ နောက်ဆုံး ခွင့်ပြုချက်မှာ–သဒ္ဓါတရားရှိသူတို့က "ဤငွေဖြင့် အပ်သောပစ္စည်းကို ဘုန်းကြီးအား (ဦးပဥ္စင်းအား)လှူပါ" ဟု မှာထား၍ ကပ္ပိယထံ ငွေကို အပ်နှံထားတတ်ကြသည်။ ထိုသို့ အပ်ထားကြရာ၌ ထိုငွေမှ အပ်စပ်သော ပစ္စည်းကို သာယာကောင်း၏၊ (တောင်းယူကောင်း၏၊) ရွှေ ငွေ ကိုကား မည်သည့် ပရိယာယ်နှင့်မျှ မသာယာကောင်းဟု မိန့်တော်မူသည်။ ဤ မေဏ္ဍက သိက္ခာပုဒ်လာ ရွှေငွေ အပ်နှံထားရာ ကပ္ပိယတို့မှာ ရဟန်းက ညွှန်ပြအပ်သောသူများ မဟုတ်ကြ၊ တမန်ကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယတို့တည်း။ သို့ဖြစ်၍ ကပ္ပိယက ရဟန်းမျက်ကွယ်မှာ ဖြစ်လျှင် ရဟန်းကို တနည်းနည်းဖြင့် "မည်သူ့အထံ၌ အပ်သောပစ္စည်းကို တောင်းပါ" ဟု လျှောက်ထားရဦးမည်။ ဤသို့ လျှောက်လျှင် အကြိမ်ပေါင်း ရာထောင်မက (မရမချင်း) တောင်းနိုင်သည်။

၆။ **မညွှန်းအပ် ၂ ယောက်။** ။တမန်က ကပ္ပိယ ရှိပါသလား ဟု လျှောက်သောအခါ ရဟန်းက ကပ္ပိယ မညွှန်ပြဘဲနေလျှင် ၁–အနီးအပါး မျက်မှောက်ရှိသူ လူတယောက်က "ကျွန်တော့်ထံ အပ်ခဲ့ပါ၊ ကျွန်တော်ဝယ်ပြီး လှူလိုက်ပါမည်"ဟု ပြောလေသော် ထိုသူ့အထံ၌ပင် အပ်နှံသွား၏။ တမန်က ကပ္ပိယကိုလည်း "လှူရစ်ပါ"ဟု မမှာ၊ ရဟန်းကိုလည်း "တောင်းရစ်ပါ"ဟု မလျှောက်၊ ၂-တမန်တယောက်ကား ရဟန်း၏ ကွယ်ရာမှာပင် သင့်တော်သူ တယောက်ထံ အပ်ခဲ့၍ "သက်န်းလှူရစ်ပါ" ဟု မှာထားသွား၏။ သို့သော်

ရဟန်းကိုကား မပျောက်ထားခဲ့ချေ။ ဤသို့လျှင် ရဟန်းကလည်း မညွှန်ပြအပ်၊ တမန်ကလည်း မညွှန်ပြအပ်သော ကပ္ပိယ ၂ ယောက် ရှိပြန်သည်။ [ပဌမလူကို "မုခဝေဝဋိက=သူ့နှုတ်ဖြင့် ထုတ်ဖော် ပြောဆို၍ ကပ္ပိယလုပ်သူ" ဟု ခေါ်၏။ ဒုတိယလူကို "ပရမ္မုခ အနိဒ္ဒိဋ္ဌ = ရဟန်း၏ မျက်ကွယ်၌ မညွှန်အပ်သူ" ဟု ခေါ်သည်။]

**ကျင့်ပုံ။** ။ရဟန်း ညွှန်းအပ်သော ကပ္ပိယ ၄ ယောက်၌ ရာဇသိက္ခာပုဒ် အတိုင်း ၃ ကြိမ် တောင်းမှု၊ ၆ ကြိမ် ရပ်မှုကို ပြုရခြင်း၊ တမန် ညွှန်းအပ်သော ကပ္ပိယ ၄ ယောက်၌ မေဏ္ဍက သိက္ခာပုဒ်အတိုင်း ကျင့်ရခြင်း၊ မည်သူမျှ မညွှန်ပြ အပ်သော အနိဒ္ဒိဋ္ဌ ကပ္ပိယ ၂ ယောက်၌ အညာတက အပ္ပဝါရိတ အတိုင်း ကျင့်ရခြင်းကြောင့် "ရာဇ – မေဏ္ဍ, အညာတ, ကျင့်ရစဉ်တိုင်းသာ" ဟု ၇ နံပါတ် သံပေါက်ကို ဆိုရသည်။

**ယခုခေတ်။** ။ယခုခေတ်၌ ဝိနည်းဂရုပြုသော ကျောင်းများ၀ယ် ဝိနည်း ထုံးစံကို တင်ကြို၍ သင်ပြကောင်းသည့် အားလျော်စွာ သင်ပြထားအပ်သော ကျောင်းသား ကပ္ပိယများ ရှိတတ်ကြ၏။ ထို ကျောင်းသား ကပ္ပိယများကား ငွေလာလှူ၍ ဆရာသမားက ငွေကို အလှူမခံ ပယ်လှန်သော်ငြား၊ အလှူလာ သူက နားလည်ပြီးဖြစ်၍ ကပ္ပိယအထံ အပ်နှံပြီးမှ သော်ငြား ကပ္ပိယက ထိုငွေကို လက်ခံပြီးလျှင် "တပည့်တော်ထံ မည်မျှတန်သော အပ်သော ပစ္စည်းကို တောင်းတော်မူပါ၊ လိုခြင်ရာ အရပ်ကိုလည်း ညွှန်းပြတော်မူပါ" ဟု လျှောက် တတ်ကြသည်။ ထိုသို့ လျှောက်လျှင် ဒကာက အထူးလျှောက်သည် ဖြစ်စေ၊ မလျှောက်သည် ဖြစ်စေ ပဝါရိတ (ဖိတ်မန်သူ) ဖြစ်တော့ရကား ထိုငွေနှင့် တန်သလောက် အလိုရှိရာ အပ်သောပစ္စည်းများကို တောင်းကောင်း၏။ ငွေ ကိုလည်း မည်သည့်နေရာ၌ လိုခြင်သည်ဟု ပြောပြကောင်း၏။ "မည်သည့် နေရာမှာ ထားလိုက်" ဟုကား မပြောကောင်း။

**အင်္ဂါ ၄ ပါး။** ။၁– ရဟန်း ညွှန်ပြအပ်သော ကပ္ပိယဖြစ်ခြင်း၊ ၂–အဖိုး ကို အပ်နှံထား၍ ရဟန်းအား လျှောက်ခြင်း၊ ၃– သုံးကြိမ် တောင်းခြင်း၊ ၆ ကြိမ် ရပ်ခြင်းထက် ပို၍ အားထုတ်ခြင်း၊ ၄– ထို အားထုတ်မှုကြောင့် ရခြင်း အားဖြင့် အင်္ဂါ ၄ ပါး ရှိ၏။

**[ဆောင်]** ရဟန်းညွှန်ပြ, ကပ္ပိယမျိုး[၁], သင်္ကန်းဖိုးအပ်, လျှောက်ထား
လတ်တည်း[၂], တောင်းရပ်ခွင့်ထက်, တိုးတက် အားထုတ်[၃],
အားထုတ်၍ရ[၄], အင်လေး၀, ရာဇ နိဿဂ္ဂိ။

## လေ့ကျင့်ခန်း မေးခွန်းများ

က ။ ရာဇသိက္ခာပုဒ်၌ တမန်က "သင်္ကန်းအဖိုးကို လက်ခံပါ"ဟု လျှောက်လျှင် ရဟန်းက မည်သို့ ပြန်ပြောရမည်နည်း။

ခ ။ တမန်က "ကပ္ပိယ ရှိပါသလား၊ ကပ္ပိယ ညွှန်းပါ" ဟု မလျှောက်ဘဲ "သင်္ကန်းအဖိုးကို မည်သူ့ထံ ထားခဲ့ရပါမည်နည်း" ဟု လျှောက်လျှင် ကပ္ပိယ ညွှန်းကောင်းမည်လော။

ဂ ။ ကပ္ပိယ ညွှန်းပြီးနောက် ကပ္ပိယထံ တမန်က သင်္ကန်းအဖိုး အပ်ခဲ့ရုံမျှဖြင့် တောင်းကောင်းမည်လော၊ မည်သို့ လျှောက်မှ တောင်းနိုင်သနည်း။

ဃ ။ ဤရာဇသိက္ခာပုဒ်အတိုင်း သုံးကြိမ် တောင်းနိုင်၊ ၆ ကြိမ် ရပ်နိုင်သော ကပ္ပိယ ၄ မျိုးကို ပြပါ။

င ။ ဤရာဇသိက္ခာပုဒ်၌ တမန်က လျှောက်ပုံကိုသာ ပြထားရာ အလှူရှင် ကိုယ်တိုင် လာ၍ လျှောက်လျှင် တမျိုးတဖုံ စီစဉ်ရဦးမည်လော။

စ ။ သင်္ကန်းအဖိုးကိုသာ ပြထားသောကြောင့် ဆွမ်းအဖိုးစသည်ဖြင့်လှူဒါန်း လာလျှင် တမျိုးတဖုံ စီစဉ်ရဦးမည်လော။

ဆ ။ တမန် (သို့မဟုတ် အလှူရှင်ကိုယ်တိုင်) ညွှန်ပြအပ်သော ကပ္ပိယ ၄ ယောက်ကို ပြပါ။

ဇ ။ ထို ကပ္ပိယ ၄ ယောက်၌ မေဏ္ဍကသိက္ခာပုဒ်အတိုင်း ကျင့်ရမည်ဟု ဆိုရာ မေဏ္ဍကသိက္ခာပုဒ်၏ သဘောသွားကို ပြပါ။

ဈ ။ ယခုကာလ၌ ညွှန်ပြ၍ဖြစ်စေ၊ မညွှန်ဘဲ ဖြစ်စေ ကျောင်းသား စသူတို့ထံ ငွေ ရောက်လာလျှင် အလှူရှင်က အထူး မလျှောက်ခဲ့သော် ဉာတိ မဟုတ်သော ကျောင်းသားက မည်သို့ လျှောက်မှ တောင်းကောင်း သနည်း။

ည ။ အနိဒ္ဒိဋ္ဌကပ္ပိယ ၂ ယောက်ကို ပြ၍ ထို ကပ္ပိယတို့၌ မည်ကဲ့သို့ ကျင့်ရမည် ကိုလည်း ပြပါ။

ဋ ။ ဤ ရာဇသိက္ခာပုဒ်၌ ကိံ သဒ္ဒါဖြင့် မေး၍ ဆုံးသည့်အခါ ကွာတိ သဒ္ဒါဖြင့် ပြန်အုပ်ရသော အာကာရ ဝါကျစုကို တခုစီ ဖော်ပြပါ။

## ဧဠကလောမဝဂ်

**၁။ ကောသိယ သိက္ခာပုဒ်** ယော ပန ဘိက္ခု - သည်၊ **ကောသေယျမိဿကံ** - ပိုးချည်ဖြင့် ရောနှောအပ်သော၊ သန္ထတံ - အခင်းကို၊ ကာရာပေယျ - ပြုစေအံ့၊ တဿ ဘိက္ခုနော - ထို ရဟန်း၏၊ တံ သန္ထတံ - ထိုအခင်းကို၊ နိသဂ္ဂိယံ - ၏၊ ပါစိတ္တိယံ-လည်း၊ ဟောတိ - ဖြစ်၏။

× × × × ×

၁။ **ကောသိယ**။ ။ဤကဲ့သို့ တိုတောင်းသော သိက္ခာပုဒ်များ၌ မြန်မာလို ဆိုလိုရင်း ထင်ရှားပြီးဖြစ်၍ ပုဒ်ဖွင့်ကိုသာ ရေးမည်။ [ကောသိယသိက္ခာပုဒ်ကို ပထမ ပြသောကြောင့် ဤဝဂ်ကို ပါဠိတော် အဋ္ဌကထာတို့၌ "ကောသိယဝဂ်" ဟု နာမည်တပ်သည်။ ကခါနှင့် ယခု ပါတိမောက်စာအုပ်များ၌ "ဧဠကလောမ ဝဂ် = (သိုးမွေးဆိုင်ရာ သိက္ခာပုဒ် များစွာပါခြင်းကြောင့်) ဧဠကလောမ သိက္ခာပုဒ်စု"ဟု နာမည်တပ်သည်။]

**ကောသေယျမိဿကံ**။ ။ [ကောသေယျ=ပိုးချည်+မိဿက = ရောအပ် သော။] မိဿကအရ "ရောခြင်း" ဟူရာ၌ ပိုးချည် အများဖြင့်ရောမှ အရော မဟုတ်၊ အခင်းပြုလုပ်ထားသော နေရာဝယ် လေတိုက်၍ ကျလာသော ပိုးချည် တမျှင်ဖြင့် ရောလျှင်လည်း အရောပင်။ ထို ပိုးချည်ဖြင့် ရောထားအပ်သော မူလ ချည်မှာ ဧဠကလောမတို့ကိုပြသော ဝဂ်ဖြစ်၍ သိုးမွေးချည်များ ဖြစ်သင့်၏ဟု ကြံပြီးလျှင် ဝိမတိဋီကာ၌ "မိဿေတွာတိ–ဧဠကလောမေဟိ (ဧဠကလောမာ နိ)မိဿေတွာ"ဟု ဖွင့်သည်။ အချုပ်မှာ–"သိုးမွေးချည်ကို ပိုးချည်ဖြင့်ရော၍ ပြုလုပ်သည်"ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။ရောရာ၌ကား ပိုးချည်တမျှင် ပါပါ၊ ပိုးချည်အများ ပါပါ၊ သိုးမွေးက တမျှင်သာပါ၍ ကျန်သမျှ ပိုးချည်မျှင်ဖြစ်ဖြစ် "အရော"ပင်တည်း။ ဝိမတိအဖွင့်အတိုင်း မဟုတ်ဘဲ အခြားချည်ကို အခြေတည်၍ ပိုးချည်ဖြင့် ရော လျှင်လည်း ကောသိယမိဿက မဟုတ်ဟု မဆိုသာ။

**သန္ထတံ**။ ။"သန္ထရိယတေ – ခင်း၍ပြုအပ်၏" ဟူသော ဝိဂြိုဟ်အရ သန္ထတအထည်ကို ပြုလုပ်သည့်အခါ ညီညွတ်သော ကြမ်းပြင်၊ မြေပြင် စသည် ဝယ် သိုးမွေးချည်တို့ကို အလျား အနံ အလိုရှိသလို ဖြန့်ထားရမည်။ ထို့နောက် အလိုရှိသလောက် ထူအောင်ထပ်လျက် အထက်အောက် အချင်းချင်း ကပ်နေ အောင် "ကဉ္ဇိယ=ကစည်ရေ (ထမင်းကိုကြိတ်၍ ပြုအပ်သောအရေ)" စသော

စေးကပ်သောအရေတို့ဖြင့် သွန်းလောင်း ဖိနှိပ်ပေးရမည်။ ဤသို့ ညီညွတ်သော အပြင်ဝယ် ဖြန့်ခင်း၍ ပြုအပ်သောကြောင့် "သန္ထတ = အခင်း"ဟု ခေါ်၏။ "ယက်ကန်းစင်ပေါ်တင်၍ ရက်အပ်သောအထည်မျိုးမဟုတ်'ခင်း၍ပြုအပ်သော အထည်မျိုး"ဟု ဆိုလိုသည်။

**မှတ်ချက်။** ။"အခင်း"ဟု ဆိုသဖြင့် ခင်းထိုင်တို့၊ ခင်းအိပ်ဘို့သာ အသုံးဝင်သောကြောင့် "အခင်း"ခေါ်သည်ဟု ထင်မှတ်တတ်ကြ၏။ အမှန်မှာ—ခင်းခြင်းဆိုင်ရာသာမက မျက်နှာကြက်၊ ကန့်လန့်ကာ၊ ခေါင်းအုံးများပင် ပြုလုပ်ရသော အထည်တမျိုး ဖြစ်သည်။ [မျက်နှာကြက် စသည်တို့အတွက် ပြုလုပ်ရာ၌ အနာပတ္တိဟု ဆို၏။]

**ကာရာပေယျ။** ။ "ပြုစေအံ့ = အပြုခိုင်းအံ့" ဟု ဆိုသောကြောင့် "သူတပါးကို အပြုခိုင်းမှ နိသဂ္ဂိထိုက်သည်၊ ကိုယ်တိုင်ပြုလျှင် နိသဂ္ဂိမထိုက်"ဟု ထင်ဘွယ်ရှိ၏။ သို့ရာတွင် မပြုအပ်သောအရာတိုင်း၌ သူတပါးကိုခိုင်းခြင်းထက် ကိုယ်တိုင်ပြုခြင်းက သာ၍ ရှုန့်ရင်း၏။ ထို့ကြောင့် "ကာရာပေယျ" စသည်ဖြင့် လာသော သိက္ခာပုဒ်များ၌ ကိုယ်တိုင်ပြုလုပ်ခြင်းနှင့်လည်း သက်ဆိုင်သည်ဟု မှတ်ပါ။ [ကာရာပေယျ နိသဂ္ဂိယန္တိ – ကရဏ ကာရာပဏ ပယောဂေသု (ကိုယ်တိုင်ပြုခြင်း၊ ပြုစေခြင်းပယောဂကြောင့်) ဒုက္ကဋံ, ပဋိလာဘေ နိသဂ္ဂိယံ ဟောတိ၊–ကင်္ခါအဋ္ဌကထာ။]

**အင်္ဂါ ၃ ပါး။** ။၁–ပိုးချည်ဖြင့် ရောနှောခြင်း၊ ၂–မိမိအတွက် အခင်း ပြုခြင်း ပြုစေခြင်း၊ ၃–ရခြင်း (ပြီးဆုံးခြင်း)ဟု အင်္ဂါ ၃ ပါးရှိသည်။ ကင်္ခါ၌ "ကောသိယဘာဝေါ"ဟု ရှိ၏။ သာရတ္ထ၊ ဝိမတိတို့၌ "ကောသိယမိဿက တာ"ဟု ရှိ၏။ ဋီကာတို့ ဆိုပုံကသာ "ကောသိယမိဿကံ"ဟူသော ပါဠိတော်သွားနှင့် ညီသည်။

၂။ မိမိအတွက် ပြုခြင်း၊ ပြုစေခြင်းကို နိသဂ္ဂိယပါစိတ်အရာဖြစ်၍ ဆိုသည်။ သူများအတွက် ပြုပေးခြင်း၊ သူများပေး၍ ရသည်ကို သုံးစွဲခြင်းတို့ကြောင့် ဒုက္ကဋ္ အာပတ် သင့်သေး၏။

၃။ ပဋိလာဘ(ရခြင်း) ဟူသည် ပြုလုပ် ပြီးဆုံးခြင်းတည်း။

**မှတ်ချက်။** ။ပိုးချည်ဖြင့် ရောအပ်သော သန္ထတ ( ခင်း၍ ပြုအပ်သော အထည်)ကိုသာ တားမြစ်ရကား ပိုးချည်ဖြင့်ရော၍ ရက်အပ်သောအထည်ကို ပြုလုပ် သုံးစွဲကောင်း၏ဟု မှတ်ပါ။

[**ဆောင်**] ပိုးချည်ရောဖက် ၁, မိမိတွက်ဟု, ဆက်ဆက် အခင်း, ပြုစေ
ခြင်းနှင့် ၂, ရခြင်း ၃ သုံးလီ, အင်္ဂါညီ, သင့်ပြီ ကောသိယ။

၂။ သုဒ္ဓကာဠက သိက္ခာပုဒ်

ယော ပန ဘိက္ခု – သည်၊ သုဒ္ဓကာဠကာနံ – သက်သက် မည်းနက်သော အဆင်း ရှိကုန်သော၊ ဧဠကလောမာနံ– သိုးမွေးတို့၏၊ သန္ထတံ–အခင်းကို၊ ကာရာပေယျ–အံ့၊ တဿ ဘိက္ခုနော တံ သန္ထတံ နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

၃။ ဒွေဘာဂ သိက္ခာပုဒ်

နဝံ – အသစ်ဖြစ်သော၊ သန္ထတံ – အခင်းကို၊ ကာရယမာနေန –ပြုစေလိုသော၊ ဘိက္ခုနာ – ရဟန်းသည်၊ သုဒ္ဓကာဠကာနံ – သက်သက် မည်းနက်သော အဆင်း ရှိကုန်သော၊ ဧဠကလောမာနံ – သိုးမွှေ တို့၏ ဒွေဘာဂါ – နှစ်ဘို့တို့ကို ၎င်း၊ ဩဒါတာနံ –ဖြူသောအဆင်း ရှိကုန်သော၊ (ဧဠကလောမာနံ- တို့၏၊) တတိယံ– ၃ ခုမြောက် တဘို့ကို၎င်း၊ ဂေါစရိယာနံ– ညိုရွှေ ရောင်, ကြောင်သော အဆင်းရှိကုန်သော၊ (ဧဠကလောမာနံ – တို့၏၊) စတုတ္ထံ– ၄ ခုမြောက် တဘို့ကို၎င်း၊ အာဒါတဗ္ဗာ– ယူထိုက်ကုန်၏၊ ဘိက္ခု-သည်၊ သုဒ္ဓကာဠကာနံ– ကုန်သော၊ ဧဠကလောမာနံ– တို့၏၊ ဒွေဘာဂေ – ၂ ဘို့ဘို့ကို၎င်း၊ ဩဒါတာနံ-ကုန်သော၊ (ဧဠကလောမာနံ-

× × × × ×

၂။ **သုဒ္ဓကာဠက**။ ။[သုဒ္ဓ= သက်သက် သန့်သန့် (အခြား အဆင်း အရောင်တို့နှင့် မရောသော)+ကာဠက=အနက်ရောင်။] အဖြူ အနီ အကြောင် အကျား အဆင်းတို့နှင့် မရောဘဲ အနက်ရောင် သက်သက်ရှိသော သိုးမွေးတို့ကို အခင်းလုပ်လျှင် ထိုအခင်း နိသဂ္ဂိထိုက်သည်။ ဤသိက္ခာပုဒ်၌ ရှေ့သိက္ခာပုဒ်ကဲ့သို့ အင်္ဂါ ၃ ပါးပင်။ ရှေ့သိက္ခာပုဒ်၌ "ပိုးချည်ဖြင့်ရောနှောခြင်း" ဟူသော ၁ နံပါတ် အင်္ဂါတွင် "သက်သက်နက်သော အဆင်းရှိသော သိုးမွေးဖြစ်ခြင်း" ဟု လဲပါ။

၃။ **ဒွေဘာဂ**။ ။သန္ထတကို အသစ်စ၍ ပြုလုပ်လိုလျှင် မိမိလိုသလောက် သိုးမွေးများ၏ ပိဿာချိန်ကို မှန်းထားပြီးနောက် ထိုသိုးမွေးများကို ချိန်သည့် အခါ အနက်ရောင်ရှိ သိုးမွေး ၂ ဆ၊ အဖြူရောင်ရှိ သိုးမွေး ၁ ဆ၊ (အညို အရွှေ ရောသော အဆင်းကို "ကြောင်သော အဆင်း" ဟု ခေါ်၏။) ထို ကြောင်သောအဆင်းရှိ သိုးမွေး ၁ ဆ ပါစေရသည်။ ထိုတွင် အနက်ရောင် များ နေမည်ကိုသာ တားမြစ်လိုရင်း ဖြစ်၏။ ထို့ကြောင့် အနက်ရောင်လျော့၍ အဖြူ အကြောင်တို့က များနေလျှင် အပြစ်မရှိ။ အနက်ရောင်က ၂ ဆထက် ပိုလာလျှင် နိသဂ္ဂိထိုက်သည်။

တို့၏၊) တတိယံ-ကိုငှင်း၊ ဂေါစရိယာနံ- ကုန်သော၊ (ဌေကလောမာနံ-တို့၏၊) စတုတ္ထံ-ကိုငှင်း၊ အနာဒါ- မယူမူ၍၊ နဝံ-သော၊ သန္ထတံ- အခင်းကို၊ စေ ကာရာပေယျ- အကယ်၍ ပြုစေအံ့၊ တဿဘိက္ခုနော တံ သန္ထတံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

၄။ ဆဗ္ဗဿ သိက္ခာပုဒ်

ဘိက္ခုနာ - ရဟန်းသည်၊ နဝံ - သော၊ သန္ထတံ - ကို၊ ကာရာပေတွာ - ပြုစေပြီး၍၊ ဆဗ္ဗဿာနိ - ၆ နှစ်တို့ ပတ်လုံး၊ ဓာရေတဗ္ဗံ - ဆောင်ထားရမည်၊ ဆန္နံဝဿာနံ - ၆ နှစ်တို့၏၊ ဩရေန - အတွင်း၌၊ တံ သန္ထတံ - ထိုအခင်းကို၊ ဝိဿဇ္ဇေတွာ ဝါ - စွန့်၍ သော်ငှင်း၊ အဝိဿဇ္ဇေတွာ ဝါ - မစွန့်ဘဲသော်ငှင်း၊ ဘိက္ခုသမ္မုတိယာ- ဂိလာန ရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ - ကြဉ်ထား၍၊ နဝံ - အသစ်ဖြစ်သော၊ အညံ သန္ထတံ- အခြားအခင်းကို၊ စေ ကာရာပေယျ- အံ့၊ တဿ ဘိက္ခုနော တံ သန္ထတံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

**အင်္ဂါနှင့် မှတ်ဘွယ်။** ။ဤ သိက္ခာပုဒ်၌ အင်္ဂါ ၃ ပါးပင်။ ၁ နံပါတ် အင်္ဂါ၌ "သိုးမွေး ၄ ပုံတွင် မည်းနက်သော သိုးမွေးတို့၏ ၂ ပုံထက် ပိုလွန်ခြင်း" ဟု ထည့်သွင်း လဲလှယ်ရုံသာ။ ဤ ပြခဲ့သော ၁-၂-၃ နံပါတ် သိက္ခာပုဒ်လာ အခင်းတို့ကို နိဿဂ္ဂိ ထုံးစံအတိုင်း စွန့်ပြီးနောက် ပြန်ရသော်လည်း ထိုင်ခြင်း အိပ်ခြင်း စသော သုံးစွဲမှုကိုပြုလျှင် ဒုက္ကဋ်။ သို့သော် ဗိတာန်၊ မျက်နှာကြက်၊ ကန့်လန့်ကာ၊ ဘုံလျို၊ ခေါင်းအုံး စသည်ကိုကား လုပ်ကောင်း၏။

---

**၄။ ဆဗ္ဗဿ။** ။[ဆ+ဝဿ=ဆဗ္ဗဿ။] ၃ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ၄ ပုံတွင် အနက်ရောင် ၂ ပုံထက်မများသော အခင်းကိုပြုပြီးနောက် ထိုအခင်းကို ၆ နှစ်လုံးလုံး ဆောင်ထားရမည်။ ၆ နှစ် မပြည့်ခင် အဟောင်းကို သူတပါးအား စွန့်ပေးပြီးမှ ဖြစ်စေ၊ မစွန့်ဘဲ ဖြစ်စေ အသစ်အခင်းကို လုပ်လျှင် ထိုအခင်း နိဿဂ္ဂိထိုက်သည်။

**ဘိက္ခုသမ္မုတိ။** ။ဂိလာနရဟန်းအား သွားရာအရပ်သို့ ထိုအခင်းကို မယူနိုင်လျှင် သံဃာ့ထံ သန္ထတသမ္မုတိ (၆ နှစ်အတွင်း အခင်းသစ် ပြုလုပ်ခွင့် သမ္မုတိ) ကို တောင်းရသည်။ ထိုသမ္မုတိကို ရထားလျှင် ရောက်လေရာအရပ်၌ ၆ နှစ် အတွင်းမှာပင် အခင်းအသစ် ပြုခွင့်ရသည်။

၅။ နိသီဒနသန္ထတ သိက္ခာပုဒ် နိသီဒန သန္ထတံ - နိသီဒိုန် အခင်းကို၊ ကာရယမာနေန - ပြုစေလိုသော၊ ဘိက္ခုနာ - ရဟန်းသည်၊ ပုရာဏသန္ထတဿ - အခင်းဟောင်း၏၊ သမန္တာ - ထက်ဝန်းကျင် နံပါးတခုမှ၊ သုဂတဝိဒတ္ထိ - ဘုရားရှင်၏ တထွာလောက် အရပ်ကို၊ ဒုဗ္ဗဏ္ဏကရဏာယ - မကောင်းသော အဆင်းသဏ္ဍာန်ရှိအောင် ပြုခြင်းငှာ၊ အာဒါတဗ္ဗာ - ဖြတ်ယူထိုက်၏၊ ဘိက္ခု - ရဟန်းသည်၊ ပုရာဏသန္ထတဿ -၏၊ သမန္တာ - မှ၊ သုဂတဝိဒတ္ထိံ -ကို၊ အနာဒါ - မယူမူ၍၊ နဝံ - သော၊ နိသီဒနသန္ထတံ - ကို၊ စေ ကာရာပေယျ - အံ့၊ တဿ ဘိက္ခုနော တံ နိသီဒနသန္ထတံ နိသဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။

× × × × ×

**မှတ်ချက်။** ။ဤသိက္ခာပုဒ်ကား မိမိတို့ အသစ်ပြုလုပ်ခြင်းကိုသာ တားမြစ်သောကြောင့် သူများအတွက် ပြုလုပ်ပေးကောင်း၏၊ ၆ နှစ်အတွင်း သူများက လှူလျှင်လည်း သုံးစွဲကောင်းသေး၏ ဟု မှတ်ပါ။ သိက္ခာပုဒ် အင်္ဂါများမှာ သိလောက်ပြီဖြစ်၍ အဋ္ဌကထာ၌ပင် အထူးမပြတော့ချေ။ ထို့ကြောင့် နောက် သိက္ခာပုဒ်များဝယ် အရေးကြီးမှသာ သိက္ခာပုဒ် အင်္ဂါကို ထုတ်ပြတော့မည်။

---

**၁။ နိသီဒန သန္ထတ။** ။နိသီဒိုန်အခင်းကို ပြုလိုလျှင် အခင်းဟောင်းမှ ဘုရားရှင်၏ တထွာ ပမာဏလောက်ရှိသော နံပါးအရပ်ကို ဖြတ်ယူပြီးလျှင် ထို တထွာကို နိသီဒိုန် အခင်းသစ်အတွင်းသို့ ထည့်သွင်း ပြုလုပ်ရမည်။ ထိုကဲ့သို့ မပြုလုပ်လျှင် ထိုနိသီဒိုန်အခင်းသစ် နိသဂ္ဂိထိုက်သည်။

**နိသီဒန။** ။နိသီဒိုန်ဆိုလျှင် အမြိတ်အဆာ ပါရိုးထုံးစံပင် ဖြစ်ဟန်တူ၏။ ထို့ကြောင့် ပါဠိတော်၌ "နိသီဒနံနာမ သဒသံ (အဆာရှိသော အခင်းကို) ဝုစ္စတိ" ဟု ဟောတော်မူသည်။ ထိုအဆာနှင့်တကွ နိသီဒိုန် ပြုလုပ်နည်းကိုကား ရတနဝဂ်ကျမှ ပြမည်။

**ပုရာဏ၊ ပေ၊ အာဒါတဗ္ဗာ။** ။ပုရာဏသန္ထတဿ "သာမန္တာ= သမန္တာ" ဟု ပါဠ် ၂ မျိုးရှိ၏။ သာမန္တာဆိုလျှင် "အနီး"၊ သမန္တာဆိုလျှင် "ပတ်ဝန်းကျင်" ဟု အနက်ပေးရိုးရှိ၏။ အခင်းဟောင်း၏ အနီးဆိုလျှင် အခင်းဟောင်း၏ အနီးအပါး အခြားတခုခုကိုသာ ယူခွင့်ရှိသောကြောင့် "သာမန္တာ" ပါဠ်သည် သင့်ဟန် မတူ။ "အခင်းဟောင်း၏ ပတ်ဝန်းကျင်" ဟူရာ၌ကား "အခင်း၏ ဝန်းကျင်ပတ်လည်(အခင်းဟောင်းတွင် ပါဝင်သော အနားနံပါး)"

အရပ်ကို ယူရသောကြောင့် "သမန္တာ = ကေပယဃတော"ဟူသော အဖွင့်နှင့် ညီမျှ၏။ ဘုရားရှင်၏ တထွာလောက်ရှိသော အနားသားကို အဝိုင်းဖြစ်စေ၊ ၄ ထောင့်ဖြစ်စေ ဖြတ်ယူပါ ဟူလို။

**ဒုဗ္ဗဏ္ဏကရဏာယ။** ။ဤပုဒ်ကို အဋ္ဌကထာ ဋီကာတို့ မဖွင့်ကြသဖြင့် ဆိုလိုရင်းအဓိပ္ပာယ် မထင်ရှားဘဲရှိ၏။ ရှေးကပင် ဤပါဠိမပါလေရော့သလား၊ သို့မဟုတ် ချွတ်ယွင်းသောပါဠိပင် ဖြစ်လေရော့သလားဟု တွေးမိတော့သည်။ ဤပါဠိကို "သုဂတဝိဒတ္ထိ အာဒါတဗ္ဗာ"တွင် စပ်ရမည်မှာ အမှန်ပင်တည်း။ "ပုံသဏ္ဌာန် ပျက်သွားအောင် အခင်းဟောင်းမှ တထွာလောက် ယူရမည်" ဟူရာ၌ ဘုရားရှင်၏ ရည်ရွယ်တော်မူချက်မှာ ဤသို့ ဖြစ်ဟန်ရှိ၏။

အခင်းဟောင်းကို လုံးဝ စွန့်ပစ်လိုက်ရမည်မှာ အလှူ့ရှင်တို့၏ သဒ္ဓါဒေယျ (သဒ္ဓါ၍လှူထားသော) ပစ္စည်းကို ဝိနိပါတန (ဖရိုဖရဲ သုံးစွဲပစ်ရာ) ရောက်၏။ သို့ဖြစ်၍ အခင်းဟောင်းမှ တထွာလောက် ဖြတ်ယူလိုက်လျှင် ထိုအခင်းဟောင်းမှာ ပုံသဏ္ဌာန် ပျက်သွားပြီ၊ ကောင်းသေးသော အသားကိုလည်း ဖြတ်ယူပြီး ဖြစ်၍ အဆွေးအရိမျှသာ ကျန်ဘွယ်ရှိတော့၏။ သို့ဖြစ်လျှင် "အလှူ့ရှင်များ မြင်သော်လည်း ကျေနပ်လောက်ပြီ"ဟု ရည်ရွယ်တော်မူဟန် ရှိသည်။

**ဆက်ဦးအံ့။** ။ထိုသို့ ဒုဗ္ဗဏ္ဏကရဏဖြစ်အောင် "တထွာလောက် ဖြတ်ယူရမည်"ဟုဆိုသော်လည်း နိသီဒိုန်အသစ်၌ ထည့်၍ သင့်တော်လောက်သော အသားကောင်းနေရာက တထွာလောက်ရှိမှသာ တထွာလောက် ယူရမည်။ အခင်းဟောင်းက ရိဆွေးနေသဖြင့် အသားဟောင်း တထွာလောက်မျှ မရှိလျှင် ရတန်သလောက် ဖြတ်ယူရမည်။ လုံးလုံး အသားကောင်း မရှိတော့လျှင်ကား အခင်းဟောင်းမှ အသားကို မယူဘဲလည်း နိသီဒိုန်အခင်းသစ် ပြုလုပ်နိုင်၏။

ထိုကဲ့သို့ တထွာဖြစ်စေ၊ တမိုက်ဖြစ်စေ ရတန်သရွေ့ ဖြတ်ယူပြီးလျှင်ကား နိသီဒိုန်အခင်း ပြုလုပ် ဖြန့်ခင်းသည့်အခါ ထိုအဟောင်းမှ အသားကို နိသီဒိုန်၏ တနေရာရာမှာလည်း သန့်သန့်ထည့်နိုင်၏၊ ထိုသို့ မထည့်ဘဲ ထိုအသားဟောင်းကိုလည်း အားလုံး ပြန်ဖြည်၍ နိသီဒိုန် အခင်းအသစ် လုပ်မည့် သိုးမွေးတို့နှင့် ရောပြီးမှလည်း နိသီဒိုန်အသစ်ဖြစ်အောင် ပြုလုပ်နိုင်သည်။

**အနာဒါယ ဘိက္ခု။** ။ "တထွာလောက်အရပ်ကို အခင်းဟောင်းမှ ဖြတ်မယူဘဲ နိသီဒိုန်ပြုလျှင် နိဿဂ္ဂိထိုက်သည်" ဟု ဆိုရာ၌ အခင်းဟောင်းမှ ရလောက်လျက် ဖြတ်မယူခြင်းကို ဆိုသည်။ မရလောက်၍ မယူခြင်းကြောင့်ကား အပြစ်မရှိ။ ["ပဋိသင်္ခါ ယောနိသော"ဝယ် ပဋိသင်္ခါ၌ "ယ"ကြေသကဲ့သို့ အနာဒါ၌လည်း "အနာဒါယ"ဆိုလိုလျက် "ယ"ကြေနေသည်ဟု မှတ်ပါ။]

၆။ ဧဠကလောမ သိက္ခာပုဒ်

ဘိက္ခုနော – ရဟန်း၏၊ ဝါ – ရဟန်းသည်၊ (ပန+ ဝေဝအနက်မရှိ၊) အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ – အခွင့်ရှည်သော ခရီးကို သွားစဉ်၊ ဧဠကလောမာနိ – သိုးမွေးတို့သည်၊ ဥပ္ပဇ္ဇေယျုံ – ဖြစ်ကုန်အံ့၊ အာကင်္ခမာနေန – အလိုရှိသော၊ ဘိက္ခုနာ – ရဟန်းသည်၊ ပဋိဂ္ဂဟေတဗ္ဗာနိ – ခံယူအပ် ခံယူနိုင်ကုန်၏၊ ပဋိဂ္ဂဟေတွာ – ခံယူပြီး၍၊ ဟာရကေ – ဆောင်ယူမည့်သူသည်၊ အသန္တေ – မရှိလသော်၊ တိယောဇနပရမံ – ၃ ယူဇနာအလွန် အပိုင်းအခြားရှိသော အရပ်တိုင်အောင်၊ သဟတ္ထာ – မိမိလက်ဖြင့်၊ (ဝါ – ကိုယ်တိုင်၊) ဟရိတဗ္ဗာနိ – ဆောင်ယူအပ် ဆောင်ယူနိုင်ကုန်၏၊ ဟာရကေ – သည်၊ အသန္တေပိ – မရှိသော်လည်း၊ တတော – ထို ၃ ယူဇနာ အရပ်ထက်၊ ဥတ္တရိ – အလွန်၊ စေ ဟရေယျ – အကယ်၍ ဆောင်ယူအံ့၊ တဿ ဘိက္ခုနော, တံ ဧဠကလောမံ – (ထို သိုးမွေးအပေါင်းကို)၊နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

**၆။ ဧဠကလောမ။** ။"သိုးမွေးရလျှင် ရရာအရပ်မှ စ၍ ၃ ယူဇနာ အထိ (ယူဆောင်မည့် – ကပ္ပိယ စသူ မရှိလျှင်) ကိုယ်တိုင် ယူသွားနိုင်၏။ ၃ ယူဇနာထက်လွန်၍ ယူသွားလျှင်ကား ထို သိုးမွေးအများပင် နိဿဂ္ဂိထိုက်၍ ရဟန်းမှာလည်း သိုးမွေးမျှင်၏ အရေအတွက်နှင့်အမျှ ပါစိတ်အာပတ် သင့်၏။

**အဒ္ဓါနမဂ္ဂေ ပေ၊ ဥပ္ပဇ္ဇေယျုံ။** ။"ဥပ္ပဇ္ဇေယျုံ" အရ "ဖြစ်ခြင်း"ဟူသည် "ရခြင်း"ပင်တည်း။ "ခရီးရှည်သွားစဉ် ရအံ့" ဟူသည်မှာလည်း သိက္ခာပုဒ်ပညတ်ဘို့ရာ ဝတ္ထုဖြစ်လာပုံ၌ ခရီးသွားစဉ် ရအပ်သောကြောင့် "အဒ္ဓါနမဂ္ဂေ၊ ပေ၊ ဥပ္ပဇ္ဇေယျုံ၊ ပေ၊ ပဋိဂ္ဂဟေတဗ္ဗာနိ"ဟု မိန့်တော်မူသည်။ မည်သည့်နေရာ၌မဆို ရရာအရပ်မှာ အလှူခံကောင်းသည်သာ။

**အင်္ဂါ ၅ ပါး။** ။၁–သိုးမွေးတို့၏ ဘဏ္ဍာမပြုရသေးခြင်း၊ ၂–ပထမ ရခြင်း၊ ၃–ကိုယ်တိုင်ယူ၍ဖြစ်စေ၊ လှည်းသမားကို မသိစေဘဲ လှည်းပေါ်တင်၍ ဖြစ်စေ ၃ ယူဇနာ လွန်သွားခြင်း၊ ၄–အသွားဆောင်၍ အပြန်ဆောင်မှု မဟုတ်ခြင်း၊ ၅–နေဘို့ရန် ရည်ရွယ်ချက်မရှိခြင်း အင်္ဂါ ၅ ပါးတည်း။

၁။ တစုံတခု အထည်ဘဏ္ဍာ ပြုပြီးသော သိုးမွေးအထည်ကို ဆောင်ယူကောင်း၏။ သိုးမွေးများကို ချည်ဖြင့်တွဲထားလျှင်ပင် ဘဏ္ဍာပြုပြီးဖြစ်၍ ဆောင်ယူကောင်းသည်။

**၇။ ဧဠကလောမ ဓောဝါပန**

ယော ပန ဘိက္ခု - သည်၊ အညာတိကာယ - ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ - ရဟန်းမကို၊ ဧဠကလောမာနိ - သိုးမွေးတို့ကို၊ ဓောဝါပေယျ ဝါ –ဖွပ်မှုလည်း ဖွပ်စေအံ့၊ ရဇာပေယျ ဝါ – ဆိုးမှုလည်း ဆိုးစေအံ့၊ ဝိဇဋာပေယျ ဝါ – ဖြေရှင်းမှုလည်း ဖြေရှင်းစေအံ့၊ တဿ ဘိက္ခုနော တံ ဧဠကလောမံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

၂။ ပထမရခြင်း၌ ၃ ယူဇနာထက် မလွန်ကောင်း။ ခိုးသူတို့ ခိုး၍ အသုံးမချ လိုသဖြင့် ရဟန်းကို တဆင့် လှူရာ၌ဖြစ်စေ၊ နိဿဂ္ဂိ သိုးမွေးကို စွန့်ပြီးနောက် ပြန်ရရာ၌ဖြစ်စေ ဒုတိယရခြင်း ဖြစ်၍ ၃ ယူဇနာထက်လွန်အောင် ဆောင်ယူ ကောင်း၏။

၃။ အဓိပ္ပာယ် ထင်ရှားပြီ။

၄။ ၃ ယူဇနာအတွင်း ယူသွား၍ ပြန်ယူလာရာ၌ ခရီးတာမှာ ၃ ယူဇနာ ထက် ပိုသော်လည်း ၃ ယူဇနာအတွင်းဖြစ်၍ အပြစ်မရှိ။

၅။ နေထိုင်လို၍ ၃ ယူဇနာတိတိရှိသောအရပ်သို့ သွားပြီးနောက် ရောက် ပြီးမှ မနေလို၍ နောက်ထပ် ၃ ယူဇနာတိတိ ဆက်လက် ယူသွားပြန်လျှင်လည်း အပြစ် မရှိ။ နေလို၍ မဟုတ်ဘဲ သွားပြီးနောက် ရောက်ရာအရပ်မှ ဆက်လက် ယူသွားလျှင်ကား ၃ ယူဇနာ လွန်လျှင်ပင် အပြစ်ရှိသည် ဟူလို။

[**ဆောင်**] သိုးမွေးအစု, ဘဏ္ဍာမှုကို, မပြုရသေး[၁], ရှေးဦးရခါ[၂], ကိုယ်တိုင်သာလျှင်, ယူဇနာသုံးဆူ, လွန်အောင်ယူ၍[၃], သွားယူပြန်ဆောင်, မဟုတ်အောင်တည့်[၄], နေမည့်စိတ်ရင်း, မရှိခြင်း[၅]ဟု, ကြောင်းရင်းငါးလီ, အင်္ဂါညီ, သင့်ပြီ ဧဠက။

---

**၇။ ဧဠကလောမ ဓောဝါပန**။ ။ဆွေမျိုး မတော်သော ဘိက္ခုနီကို သိုးမွေး အဖွပ်ခိုင်းလျှင် ခိုင်းသည့်အတွက် ဒုက္ကဋ်၊ ဖွပ်ပြီးလျှင် ထို သိုးမွေးများ နိဿဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။

**ရဇာပေယျ ဝိဇဋာပေယျ**။ ။သိုးမွေးများကို ဆေးဆိုးခိုင်းခြင်း၊ ရှုပ် ထွေးနေသော သိုးမွေးများကို ဖြေရှင်းခိုင်းခြင်းကြောင့်လည်း ဤနည်းအတိုင်း အာပတ်များ သင့်၏။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ကောသိယသိက္ခာပုဒ်၌ သန္ထတပြုလုပ်ပုံကို ပြပါ။

ခ ။ "ကောသိယမိဿက"အရ ပိုးချည်မျှင်မည်မျှပါလျှင် အရောဖြစ်ကြောင်းကိုလည်း ပြပါ။

ဂ ။ "အခင်း"ဟု ဆိုရာ၌ ခင်းထိုင် ခင်းအိပ်ရ၍ "အခင်း"ဟု ဆိုပါသလော။ ဘာ့ကြောင့် "အခင်း"ဟု ဆိုပါသနည်း။

ဃ။ "ကာရာပေယျ=ပြုစေအံ့"ဟု ဆိုသောကြောင့် ကိုယ်တိုင်ပြုလျှင် အပြစ်ရှိ-မရှိ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

င ။ သုဒ္ဓကာဠက သိက္ခာပုဒ်အရ အားလုံး သိုးမွေးအနက်ချည်း အခင်း မပြုကောင်းလျှင် ဒွေဘာဂ သိက္ခာပုဒ်အရ သိုးမွေးအနက် အပုံ မည်မျှအလွန်ဆုံး ပါနိုင်ခွင့် ရပါသနည်း။

စ ။ အဖြူရောင်၊ အကြောင်ရောင်ရှိသော သိုးမွေးတို့သည် တဖို့စီထက်ပိုလျှင် အာပတ်သင့်သလော။

ဆ။ မည်သည့် အရောင်ရှိသော သိုးမွေးတို့ ပိုနေမည်ကို ထို သိက္ခာပုဒ်က တားမြစ်လိုပါသနည်း။

ဇ ။ ဆဗ္ဗဿ သိက္ခာပုဒ်အရ သမ္မုတိ မရသော ရဟန်းသည် အခင်း လုပ်ပြီးနောက် ၆ နှစ်အတွင်း အခင်းသစ် ပြုလုပ်ခွင့် မရလျှင် ရှိပါစေတော့၊ ထိုအတွင်း၌ နိသီဒိုန်အခင်းကိုမျှ မပြုရဟု မှတ်ရမည်လော။ [နိသီဒနသန္ထတနှင့် သန္ထတ မတူကြောင်းကို သတိပြုပါ။]

ဈ ။ နိသီဒနသန္ထတကိုပြုရာ၌ အခင်းဟောင်းမှ တထွာကို အဘယ်အကျိုးငှာ ယူရပါသနည်း။

ည ။ ထို ယူအပ်ပြီးသော တထွာလောက်ကို အခင်းသစ်၌ ဘယ်ပုံ ထည့်၍ အသုံးပြုရမည်နည်း။

ဋ ။ ဋ္ဌေကလောမသိက္ခာပုဒ် အင်္ဂါကို ပြပါ။

ဌ ။ "အသွားဆောင်၍ အပြန်ဆောင်မှု မဟုတ်ခြင်း" ဟူသော အင်္ဂါ၏ အဓိပ္ပာယ်ကို ရှင်းလင်းပါ။

ဍ ။ "နေဘို့ရန် ရည်ရွယ်ချက်မရှိခြင်း"ဟူသောအင်္ဂါ၏ အဓိပ္ပာယ်ကို ပြပါ။

ဎ ။ ဋ္ဌေကလောမ ဓောဝါပန သိက္ခာပုဒ်၌ ရဇာပေယျ၊ ဝိဇဋ္ဌာပေယျတို့၏ အဓိပ္ပာယ်ကို ပြပါ။

**၈။ ရူပိယ သိက္ခာပုဒ်**

ယော ပန ဘိက္ခု - သည်၊ ဇာတရူပရဇတံ - ရွှေငွေကို၊ ဥဂ္ဂဏှေယျ ဝါ - ကိုယ်တိုင်မူလည်း ခံယူအံ့၊ ဥဂ္ဂဏှာပေယျ ဝါ - သူတပါးကိုမူလည်း ခံယူစေအံ့၊ ဥပနိက္ခိတ္တံ - အပ်နှံ လှူဒါန်းအပ်သော ရွှေငွေကို၊ သာဒိယေယျ ဝါ-သာယာမူလည်း သာယာအံ့၊ တဿ ဘိက္ခုနော တံ ဇာတရူပရဇတံ နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

**၈။ ရူပိယ။** ။ဤသိက္ခာပုဒ် ပါဠိ၌ ရူပိယပုဒ် မပါသော်လည်း ရူပိယသဒ္ဒါသည် ရှင်ဘုရင်တို့၏ အရုပ်ဖြစ်စေ၊ ဒေါင်းရုပ်စသည်ဖြစ်စေ အရုပ်ရှိသော (အရုပ်တံဆိပ် ခတ်နှိပ်ထားအပ်သော) ရွှေ ငွေ ၂ ရပ်လုံးကိုပင် ဟောနိုင်သောကြောင့် အဋ္ဌကထာဆရာက "ရူပိယသိက္ခာပုဒ်"ဟု နာမည်တပ်သည်။ ရွှေ ငွေ ဆိုင်ရာကို ကိုယ်တိုင် ခံယူသည် ဖြစ်စေ၊ မိမိအတွက် သူတပါးကို အယူ (ယူလိုက်ဟု) ခိုင်းသည်ဖြစ်စေ၊ တခုခုသောနေရာ၌ အပ်နှံ၍ လှူဒါန်းအပ်သော ရွှေ ငွေကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ သာယာသည်ဖြစ်စေ ထို ရွှေ ငွေများ နိဿဂ္ဂိ ထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။

**ဇာတရူပ ရဇတံ။** ။"ယဿ-အကြင် ရွှေ၏၊ ဇာတံ-ဖြစ်မြဲတိုင်းသော၊ ရူပံ-သဘောသည်၊ အတ္ထိ-ရှိ၏"ဟူသော ဝိဂ္ဂြိုဟ်အရ မူလဖြစ်မြဲတိုင်း သဘောရှိသော (မူလအနေမှ မပြောင်းလွှဲသော)ရွှေကို "ဇာတရူပ"ဟု ခေါ်၏။ ဤဇာတရူပအရ ရွှေတုံးရွှေခဲနှင့် ရွှေဒင်္ဂါးကိုယူ။ "ဧတ္ထ-ဤငွေ၌၊ ဇနာ-လူတို့သည်၊ ရဉ္ဇန္တိ - တပ်မက်ကြကုန်၏" ဟူသော ဝိဂ္ဂြိုဟ်အရ လူအများတို့၏ နှစ်သက်မက်မောစရာဖြစ်သော ငွေတုံး ငွေခဲနှင့် ငွေဒင်္ဂါးကို "ရဇတ" ဟု ခေါ်ရိုးရှိ၏။ သို့သော် ဤနေရာ၌ကား ငွေအဖြစ်ဖြင့် သုံးစွဲရသော ပိုက်ဆံအမျိုးမျိုးနှင့် ငွေစက္ကူများကိုပါ "ရဇတ"ဟု ခေါ်သည်။

**ဥဂ္ဂဏှေယျ ဥဂ္ဂဏှာပေယျ။** ။ဥသဒ္ဒါသည် အနက်ထူးမရှိ။ "ဂဏှေယျ" အရ "ယူခြင်း"ဟူသည် လှူအပ်သော ရွှေငွေကိုဖြစ်စေ၊ လမ်း စသည်၌ ဥစ္စာရှင်မရှိသော ရွှေငွေကို ဖြစ်စေ ကိုယ်တိုင်ယူခြင်းတည်း။ "ဂဏှာပေယျ" အရ "ယူစေခြင်း"ဟူသည် ထိုရွှေငွေတို့ကို ကိုယ်တိုင်မယူဘဲ တယောက်ယောက်ကို အယူခိုင်းခြင်းတည်း။

**အယူခိုင်းပြစ်။** ။အယူခိုင်းရာ၌ မိမိဘို့ အယူခိုင်းလျှင် နိဿဂ္ဂိယပါစိတ်၊ အခြား သီတင်းသုံးဘော်များဘို့ အယူခိုင်းလျှင် ဒုက္ကဋ်၊ လူများ ပိုင်ဆိုင်သော ရွှေ ငွေကို "ယူလော၊ သိမ်းထားလော၊ မည်သည့်အဖိုး ပေးလိုက်လော"ဟု

မစီမံကောင်းကြောင်းကိုလည်း ဖွင့်ကြ၏။[တ၀ စောဒ္ဒကံ ပဿာဟိတိ ဣမိနာ ဂိဟိသန္တကေပိ "ဣဒံ ဂဏှထာ" တိ အကပ္ပိယဝေါဟာရေန ဝိစာနံ ဘိက္ခုနော န ကပ္ပတီတိ၊–သာရတ္ထ။]

**ဥပနိက္ခိတ္တံ သာဒယေယျ။** ။အနီးအပါးမျက်မှောက်၌လာရောက်ပြီးလျှင် "ဤဟာသည် အရှင်ဘုရားဘို့ ဖြစ်ပါသည်"ဟု လျှောက်ထား၍ လှူအပ်သော ရွှေ ငွေ "မည်သည့်အရပ်မှာ (ဘဏ်တိုက်မှာ)၊ သို့မဟုတ် မည်သူ့ လက်မှာ ရှိသော ရွှေ ငွေများ အရှင့်ဘို့ ဖြစ်ပါစေ (အရှင့်အား လှူပါ၏)" ဟု အဝေးရပ်ကို ညွှန်ပြ၍ လှူအပ်သော ရွှေငွေ၊ ဤ ၂ မျိုးကို "ဥပနိက္ခိတ္တ(အပ်နှံလှူဒါန်းအပ်သော ရွှေငွေ)" ဟု ခေါ်၏။ ထိုကဲ့သို့ လှူရာ၌ (ဦးခေါင်းခါ၍ ဖြစ်စေ၊ ငါတို့မှာ ရွှေငွေမအပ်၊ ရွှေငွေကို ငါတို့ အလိုမရှိဟု ပြော၍ဖြစ်စေ) ကိုယ် နှုတ် တခုခုဖြင့် မပယ်ရှားဘဲ စိတ်ဖြင့် လက်ခံမှုကို "သာယာခြင်း"ဟု ဆိုသည်။

**ခေတ်အလိုက် ကျင့်ဘွယ်။** ။"သာဒယေယျ"အရ သာယာမှု နိဿဂ္ဂိယပါစိတ်အာပတ် သင့်ရကား ယခုကာလ အလှူစသည်၌ ငွေကို လှူသောအခါ တပါးတည်း ထူးချွန်၍ ကိုယ်နှုတ်ဖြင့် မပယ်သာလျှင် "ငါမယူလို၊ ငါမသာယာ၊ ကပ္ပိယသုံးချင်ရာ သုံးပေစေ" ဟု အမှန် စင်ကြယ်သော၊ မသာယာသောစိတ် ဖြစ်နိုင်ပါလျှင် အာပတ်မသင့်။ထိုငွေကို ကျောင်းသားယူလာ၍ "အရှင်ဘုရား၊ မည်မျှတန်သော အပ်သောပစ္စည်းကို တပည့်တော်ထံ တောင်းတော်မူပါ" ဟု လျှောက်လျှင် မူလက ငွေကို မသာယာခဲ့သောကြောင့် အပ်ဘွယ်ရှိသည်။ ဤသို့ မလျှောက်ဘဲ ကျောင်းသား စသူက ယူရုံသာ ယူထားလျှင် ထိုငွေနှင့် စပ်၍ ဘာမျှမအပ်တော့ချေ။ဤသိက္ခာပုဒ်အရအလှူ့ရှင်များနှင့် အလှူခံပုဂ္ဂိုလ်တိုင်း၊ ကပ္ပိယလုပ်သူတိုင်း နားလည်ဘို့ အရေးကြီးပါသည်။

**စောဒနာဘွယ်။** ။"ရွှေငွေကို လှူသည့်အခါ စိတ်ထဲ၌ သာယာနေလျှင် အာပတ်သင့်သည်" ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလောဟု စောဒနာဘွယ် ရှိ၏။ အဖြေကား – စိတ်ထဲ၌ သာယာနေရုံမျှကြောင့် သင့်သည် မဟုတ်၊ ကိုယ်နှုတ်ဖြင့် ပယ်ရှားမှုကို ပြုရမည်ဖြစ်လျက် မပယ်ခြင်းကြောင့် သင့်ရကား "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" နှင့် မဆန့်ကျင်ပါ။ [အကြိက=ကိုယ်နှုတ်ဖြင့် ပြုရမည့် ပယ်ရှားမှုကို မပြုခြင်းကြောင့်+ သမုဋ္ဌာန=ဖြစ်သောအာပတ်။]စိတ်ထဲ၌ သာယာနေစေကာမူ ကိုယ် နှုတ် တပါးပါးဖြင့် ပယ်လျှင် အာပတ်မသင့်။

[ဆောင်] စိတ်၌ သာယာ, နေတုံပါလည်း, ခေါင်းခါ နှုတ်မြွက်, ပယ်သင့်
လျက်ပင်, မပယ်အင်ကြောင့်, ကိုယ်တွင် နှုတ်၌, အပြစ်ဆိုက်,
စိတ်၌ မသင့်ချေ။

**အမှာ။** ။ဤသို့ ကိုယ်နှုတ်ဖြင့် ပယ်ပါလျက် အလှူလာသူက အတင်းထားသွားလျှင် ထိုရွှေငွေမှ ဖြစ်သောပစ္စည်းများ သုံးစွဲခွင့်ရသော နည်းလမ်းကို ပါရာဇိကကဏ် အဋ္ဌကထာ၌ အကျယ်ဆိုထား၏၊ ရှုလေတော့။

**စွန့်ပုံ။** ။ဤ ရွှေငွေကို စွန့်ရာ၌ကား သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်အားလုံးပင် မအပ်သောကြောင့် အခြား နိဿဂ္ဂိယပစ္စည်းကဲ့သို့ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်အား စွန့်ခွင့် မရ။ သံဃာ့အလယ်တွင် "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ, ဣမာဟံ နိဿဇ္ဇာမိ" ဟု ဆို၍ ပါဠိလို ဖြစ်စေ "အရှင်ဘုရား....၊ တပည့်တော်သည် ရွှေ (ငွေ) ကို ခံယူမိပါပြီ၊ ဤ ရွှေ (ငွေ) ကို တပည့်တော် စွန့်ပါ၏" ဟု မြန်မာလိုဖြစ်စေ စွန့်ရသည်။

**စွန့်ရခြင်း အကျိုး။** ။ထိုကဲ့သို့ စွန့်ပြီးသောအခါ လူတယောက်ယောက် လာလျှင် "ဤဟာကို သိလော"ဟု ပြော။ "ဤငွေဖြင့် ဘာကို ယူခဲ့ရမည်နည်း" ဟု ဒကာက လျှောက်လျှင် "မည်သည့် ပစ္စည်းကို ယူစေလိုသည်" ဟု မပြောဘဲ "မည်သည့် ပစ္စည်းတော့ သံဃာမှာ အပ်ထာဘဲ"ဟု ပြောနိုင်၏။ ထိုသို့ ပြော၍ ဝယ်ယူလာလျှင် ထိုပစ္စည်းကို သံဃာအားလုံး ဝေ၍ သုံးဆောင်ကောင်း၏။ ဤသို့ မစွန့်လျှင် မည်သည့် ရဟန်းမျှ မအပ်တော့ဘဲ စွန့်လျှင် သံဃာများ၌ ပစ္စည်းသုံးခွင့် ရခြင်းသည် ရွှေ ငွေကို စွန့်ရခြင်း၏ အကျိုးပင်တည်း။

**ရွှေ ငွေ ခံသူ။** ။ရွှေငွေကို အလှူခံမိသော ရဟန်းမှာကား စွန့်လိုက်သည့်အတွက် မိမိမှာ အဆက်ဆက် အပြစ်ကင်း၍ သန့်ရှင်းခြင်းအကျိုး ရှိ၏။ ထို စွန့်ပြီး ရွှေ ငွေမှ ကပ္ပိယတို့ ဝယ်ယူပေးသော ပစ္စည်းများကား မအပ်တော့ချေ။ သံဃာမှ ဝေစုရသော ပစ္စည်းကို ရဟန်း၊ သာမဏေ၊ ကပ္ပိယတို့က တဆင့်ပေး သော်လည်း မသုံးစွဲကောင်း။ ထို စွန့်ပြီး ရွှေ ငွေဖြင့် မျိုးစေ့ကို ဝယ်၍ စိုက်ထား အပ်သော သစ်ပင်၌သော်မှ ထိုရဟန်းမှာ အရိပ် မခိုကောင်း။ ထို ငွေဖြင့် ဝယ်ထားအပ်သော ဆီ၏ မီးရောင်၌ စာသော်မျှ မချကောင်း။

**အင်္ဂါ ၃ ပါး။** ။၁– ရွှေ ငွေဖြစ်ခြင်း၊ ၂– မိမိဘို့ဖြစ်ခြင်း၊ ၃– ကိုယ်တိုင် ခံယူခြင်း စသော ၂ ပါးတွင် တပါးပါး ဖြစ်ခြင်း၊ အင်္ဂါ ၃ ပါးတည်း။ [စေတီ၊ သံဃာ၊ အခြားပုဂ္ဂိုလ်အတွက် ခံရာ၌ကား ဒုက္ကဋ် အာပတ်တည်း။]

**[ဆောင်]** ရွှေငွေဖြစ်လျက်[၁], မိမိတွက်ဟု[၂], ခံယူ-ခံစေ, သာယာနေ[၃],
သင့်လေ ရူပိယ။

**တိုက်တွန်းချက်။** ။ရွှေငွေကို အလှူခံ၍ ထိုရွှေငွေဖြင့် ဝယ်ယူအပ်သော ပစ္စည်းများ၊ ကုလဒူသနပြု၍ ရအပ်သော ပစ္စည်းများ၊ မိမိကို ကြည်ညိုအောင် ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီး၍ လှူအပ်သော ပစ္စည်းများသည် သီတင်း

၉။ ရူပိယ သံဝေါဟာရ

ယော ပန ဘိက္ခု–သည်၊ နာနပ္ပကာရကံ- အထူးထူးသော အပြားရှိသော၊ ရူပိယသံဝေါဟာရံ - ရွှေငွေကို လဲလှယ်ခြင်းသို့၊ သမာပဇ္ဇေယျ - ရောက်အံ့၊ တဿ ဘိက္ခုနော၊ တံ - (ထို လဲလှယ်အပ်သောဝတ္ထုကို၊) နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

× × × × ×

သုံးဘော် ၅ ဦးလုံးပင် မသုံးစွဲအပ်တော့ပြီ။ သုံးစွဲသူတိုင်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။ ထို့ကြောင့် ဤရွှေငွေနှင့် စပ်၍ အပ်သော နည်းလမ်းများကို ရာဇသိက္ခာပုဒ်ဝယ် ကပ္ပိယအမျိုးမျိုးဖြင့် ပြခဲ့သော နည်းလမ်းအတိုင်း စိစဉ်တတ်ဘိ့ရာ ကိုယ်စီကိုယ်င အလေ့အလာ ပြုသင့်ကြပါသည်။

**၉။ ရူပိယသံဝေါဟာရ**။ ။ရွှေသိက္ခာပုဒ်က ရွှေ ငွေ အတုံးအခဲနှင့် ဒင်္ဂါးပိုက်ဆံဟူသော နိဿဂ္ဂိယဝတ္ထု၊ အခြားရတနာ အမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်၍ ဤသိက္ခာပုဒ်က ထိုနိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုဖြင့် အခြားဝတ္ထုကို လဲလှယ်ခြင်းမှ တားမြစ်သည်။ [နာနပ္ပကာရက ရွှေငွေဟူသည် “၁–ကတ=လက်ဝတ်တန်ဆာ ပြုလုပ်အပ်သော ရွှေငွေ၊ ၂-အကတ=ဘန်ဆာ မပြုလုပ်ရသေးသောရွှေငွေ၊ ကတာကတ=တန်ဆာပြုပြီး မပြုသေး ၂ မျိုးလုံးပါဝင်သော ရွှေငွေများတည်း။]၊

ဤသို့လျှင် ဤသိက္ခာပုဒ်က နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုချင်းဖြစ်စေ၊ နိဿဂ္ဂိယ ဒုက္ကဋဝတ္ထုဖြင့် အခြားသော ကပ္ပိယဝတ္ထုကိုဖြစ်စေ လဲလှယ်ခြင်းမှ တားမြစ်သောကြောင့် မိမိ အလှူခံထားသော ငွေဖြင့်၊ သို့မဟုတ် အခြား ရတနာဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ကပ္ပိယကို ခိုင်း၍ဖြစ်စေ ဈေးသည် စသူ၏ ဆွမ်း၊ သင်္ကန်း စသော ကပ္ပိယဝတ္ထုကို လဲလှယ်လျှင် (ဝယ်လျှင်) ထို ဆွမ်း၊ သင်္ကန်းစသည်တို့ နိဿဂ္ဂိထိုက်၏။ မိမိကပ္ပိယဝတ္ထုဖြင့် အခြားရဟန်း၏ နိဿဂ္ဂိပစ္စည်းကို ကိုယ်တိုင်ဖြစ်စေ၊ ကပ္ပိယကို ခိုင်း၍ဖြစ်စေ လဲယူလျှင် “ဒုက္ကဋ ကပ္ပိယဝတ္ထုဟိစ နိဿဂ္ဂိယဝတ္ထုံ ပရိဝတ္တေန္တဿ နိဿဂ္ဂိယံ ဟောတိ”ဟူသော ကင်္ခါနှင့် အညီ မူလ နိဿဂ္ဂိယဝတ္ထုသည် နိဿဂ္ဂိယ ဖြစ်မြဲ ဖြစ်ရုံသာမက ထို နိဿဂ္ဂိယ ဝတ္ထုဖြင့် လဲကြောင်းဖြစ်သော မူလ ကပ္ပိယဝတ္ထုလည်း နိဿဂ္ဂိယဖြစ်သည်သာ။

[**ဆောင်**] ရဟန်းချင်းတည့်, လဲလှယ်မိသော်, နိဿဂ္ဂိယ, တဘက်မှမူ,
ကပ္ပတဖက်, ဖြစ်တုံလျက်လည်း, နှစ်ဘက်လုံးလျှင်, မအပ်ပင်,
ဆင်ခြင်စဉ်းစားလေ။

**အင်္ဂါ ၂ ပါး။** ။၁-လဲလှယ်အပ်သော ဝတ္ထု၊ လဲလှယ်ကြောင်းဝတ္ထု ၂ ခုတွင် တခုခုဘက်၌ ရွှေငွေဖြစ်ခြင်း၊ ၂-လဲလှယ်ခြင်း၊ အင်္ဂါ ၂ ပါးတည်း။

[**ဆောင်**] လဲလှယ်အပ်တောင်း, လဲလှယ်ကြောင်းဖြင့်, အပေါင်း နှစ်ထွေ, တထွေထွေ၌, ရွှေငွေဖြစ်ခြင်း[၁], လဲလှယ်ခြင်း[၂]ဟု, ကြောင်း ရင်း နှစ်လီ, အင်္ဂါညီ, သင့်ပြီ သံဝေါဟ။

**စောဒနာဘွယ်။** ။"အင်္ဂါ ၂ ပါးတွင် လဲလှယ်သူ တဘက်ဘက်က ရူပိယပါမှ ဤသိက္ခာပုဒ်အရ နိဿဂ္ဂိထိုက်သည်"ဟု ဆိုသောကြောင့် ရဟန်းတပါး အလှူခံထားသော ငွေဖြင့် ဝယ်မိ၍ နိဿဂ္ဂိထိုက်နေသော သင်္ကန်းကို အခြားရဟန်းက ကပ္ပိယဝတ္ထုဖြင့် လဲယူရာ၌ ဤသိက္ခာပုဒ်အရ အဘယ်မှာ အပြစ်ရှိနိုင်အံ့နည်းဟု စောဒနာဘွယ်ရှိ၏။ အဖြေကား — အလှူခံထားသော ငွေဖြင့် ဝယ်အပ်သော ပစ္စည်းသည် ငွေမဟုတ်သော်လည်း ငွေနှင့် အလားတူ၏။ မည်သည့်သီတင်းသုံးတော်မျှ မအပ်။ သို့ဖြစ်၍ ထို သင်္ကန်းကို ကပ္ပိယ ဝတ္ထုဖြင့် လဲယူရာ၌ ၂ ဘက်လုံးပင် နိဿဂ္ဂိထိုက်သည်။

**ပတ္တစတုက္က။** ။ဤနေရာဝယ် ရွှေ ငွေဖြင့် လဲလှယ်မိသော နိဿဂ္ဂိယ ပစ္စည်း၏ အပြစ်ကြီးလေးပုံကို နားလည်ဘို့ရာ ဝိနည်းမိုရ်များ၏နယ်၌ အလွန်ထင်ရှားသော "ပတ္တစတုက္က"ခေါ် သပိတ် ၄ လုံးအကြောင်းကို ပြဦးအံ့။

၁။ ရဟန်းတပါးသည် ရူပိယသိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ငွေကို အလှူခံ၍ ထိုငွေဖြင့် သံမျိုးစေ့ကို ဝယ်၊ ထိုသံမျိုးစေ့ကို သံဖြစ်အောင် ထုရိုက်၊ ထိုသံဖြင့် သပိတ်လုပ်ထားအံ့။ ဤသပိတ်ကား မည်သည့်နည်းနှင့်မျှ အပ်အောင် လုပ်၍ မရတော့သော "မဟာ အကပ္ပိယ" သပိတ်တည်း။ [ ထို သပိတ်ကို ဖျက်ဆီး၍ ခွက်လုပ်၊ ပဲခွပ်လုပ်၊ ထို ပဲခွပ်ဖြင့် ဒန်ပူ ဖြတ်အံ့။ ထို ခွက်၊ ပဲခွပ် ဒန်ပူတို့ပင် မအပ်။ ထို ပဲခွပ်ကို မီးဖုတ်၍ ထိုခွက်ဖြင့် ရေ စသည်ကို နွေးလျှင် ထိုရေလည်း မအပ်ပင်။ ထို သပိတ်ပျက်များကို ငါးမျှားချိတ်လုပ်၍ ငါးများ သဖြင့် ရအပ်သော ငါးများပင် သီတင်းသုံးတော်အားလုံး မအပ်ဟု ဆို၏။]

၂။ ရဟန်းတပါးကား ငွေကို အလှူခံ၍ သပိတ်ဝယ်အံ့။ ထိုသပိတ်လည်း သီတင်းသုံးတော် ၅ ဦးလုံး မအပ်။ သို့ရာတွင် သပိတ်သည်အား သပိတ်ကို ပေး၍ ငွေကို ပြန်ယူလျှင် ထိုသပိတ် သန့်စင်၏။ ထို သပိတ်ကို ကပ္ပိယဖြင့် အပ်အောင် ကပ္ပိနိုင်သေးသည်။

၃။ ရဟန်းတပါးကား ငွေကို အလှူခံပြီးနောက် သပိတ်ဆိုင်သွား၍ မိမိ အလိုရှိအပ်သောသပိတ်ကို ပြ၏၊ ကပ္ပိယက ဝယ်လှူ၏၊ ထိုသပိတ်လည်း မူလက ငွေကို အလှူခံမိသောကြောင့် မအပ်ပင်။ ဒုတိယ သပိတ်ကဲ့သို့ ပြန်ပေးရမည်။

၄။ ရဟန်းတပါးကား ငွေကို အလှူမခံ၊ ဆိုင်ရာ ဒကာ ဒကာမတို့က "သပိတ် ဝယ်လှူပါ" ဟု မှာလိုက်သော ကပ္ပိယနှင့်အတူ၊ သို့မဟုတ် ဉာတိ ပဝါရိတနှင့်အတူ သွား၍ သပိတ်သည်အား "ဤငွေကိုယူ၍ ဤ သပိတ်ကို ပေးပါ" ဟု ပြောအံ့။ "ရဟန်းကိုယ်တိုင် ဝယ်အံ့" ဟူလို။ ထို သပိတ်ကား မူလက အတိုးကို အလှူမခံခဲ့သောကြောင့် အခြား သီတင်းသုံးဖော်များအား အပ်သော်လည်း ထိုရဟန်းက အစီအမံ မတတ်၊ သူ့ကိုယ်တိုင် ဝယ်၍ အလယ် လုပ်မိသောကြောင့် သူ့မှာ မအပ်တော့ချေ။

**၁။ မှတ်ချက်။** ။၁-နံပါတ် သပိတ်၌ "မည်သည့် နည်းနှင့်မျှ အပ်အောင် လုပ်၍ မရတော့" ဟူရာဝယ် ရဟန်းသံဃာများ၏ ပစ္စည်း အနေအားဖြင့် သပိတ်၊ ခွက် စသည် ပြောင်းလဲနေသမျှကို ရည်ရွယ်၍ ဆိုခြင်းတည်း။ "ငါးမျှား ချိတ်" ဟူရာ၌လည်း အလဇ္ဇီ ရဟန်းဖြစ်လျှင် လုပ်ချင်ရာ လုပ်မည် ဖြစ်သော ကြောင့် အစွမ်းကုန် မအပ်သောအရာကို ညွှန်ပြခြင်း ဖြစ်သည်ဟု မှတ်ပါ။ အကယ်၍ ထို ၁-နံပါတ် သပိတ်၊ ခွက်၊ သံများကို လူက ဝယ်၍ဖြစ်စေ၊ လုယူ၍ ဖြစ်စေ၊ ပေးလိုက်၍ ဖြစ်စေ လူပိုင်ပစ္စည်း ဖြစ်သွားပြီးနောက် လူက ပြန်လှူလျှင် ထို သပိတ်၊ ခွက် စသည်တို့ အပ်ကြောင်းကို ဋီကာတို့ ဆိုကြသည်။

**[သာရတ္ထ]** န သက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုန္တိ - ဣဒံ ပဋ္ဌန္နိယေဝ သဟဓမ္မိကာနံ အန္တရေ ပရိဝတ္တနံ သန္ဓာယ ဝုတ္တံ၊ ဂိဟီဟိ ပန ဂဟေတွာ အတ္တနော သန္တကံ ကတွာ ဒိန္နံ သဗ္ဗေသံ ကပ္ပတီတိ ဝဒန္တိ။

ဤဝါဒကို လက်ခံနိုင်ပါလျှင် မိမိ အလှူခံမိသော ငွေကို မိဘ စသူတို့အား မငဲ့မကွက် စွန့်လွှတ်ပြီးနောက် မိဘစသူတို့က အပ်သောပစ္စည်းများကို မိမိသား ရဟန်း၊ သို့မဟုတ် အခြား သီတင်းသုံးဖော်တို့အား လှူရာ၌ အပ်သည်ဟုပင် ဝန်ခံကြရပေလိမ့်မည်။ ဘာ့ကြောင့်နည်း။ ငွေဖြင့် ဝယ်အပ်သော ပစ္စည်းနှင့် ငွေတို့မှာ ရဟန်းများအတွက် သဘောတူ ဖြစ်သောကြောင့်တည်း။

**၄။ မှတ်ချက်။** ။[၂၊ ၃ သပိတ်များအတွက် ထင်ရှားပြီ၊] ၄-နံပါတ် သပိတ်၌ ငွေကို အလှူမခံဘဲ ကပ္ပိယနှင့်သွား၍ ဈေးသည်ထံကျမှ မိမိကိုယ်တိုင် ဈေးဆစ်ခြင်း၊ ဝယ်ခြင်းများကို ကျမ်းဂန်တို့၌ "ဒုဗ္ဗိစာရဏာ= မကောင်းသဖြင့် စီမံခြင်း" ဟု ဆို၏။ ပစ္စည်းကို ကပ္ပိရာ၌ ဒုဗ္ဗိစာရဏာဖြစ်လျှင် မိမိမှာ ထိုပစ္စည်းကို ကိုင်တိုင်း ဒုက္ကဋ်အာပတ် သင့်တော့၏။ [ရှေ့သပိတ် ၃ လုံးသည် နိဿဂ္ဂိယ ဝတ္ထု၊ ၄ နံပါတ် သပိတ်ကား ဒုက္ကဋဝတ္ထု၊ ကပ္ပိယ ဟူရာ၌ကား ရာဇသိက္ခာ ပုဒ်၌ ပြအပ်ခဲ့သော ကပ္ပိယနှင့် ဉာတိပဝါရိတတို့ကို ယူရသည်။]

၁၀။ ကယဝိက္ကယ သိက္ခာပုဒ် — ယော ပန ဘိက္ခု – သည်၊ နာနပ္ပကာရကံ– သော၊ ကယဝိက္ကယံ – ဝယ်ခြင်း ရောင်းခြင်းသို့၊ သမာပဇ္ဇေယျ - အံ့၊ တဿ ဘိက္ခုနော တံ (ထို ဝယ်အပ် ရောင်း၍ ရအပ်သော ဝတ္ထုကို၊) နိဿဂ္ဂိယံ - ၏၊ ပါစိတ္တိယံ- လည်း၊ ဟောတိ- ၏။

× × × × ×

**ဝွန့်ပုံ။** ။ရွှေငွေဖြင့် ဝယ်အပ်မိသော နိဿဂ္ဂိ ပစ္စည်းများလည်း ရွှေ ငွေ ကဲ့သို့ပင် သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်ထံ မစွန့်ရ။ သံဃာ့အလယ်မှာ "အဟံ ဘန္တေ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ, ဣမာဟံ နိဿဇ္ဇာမိ" ဟု ပါဠိလို ဖြစ်စေ၊ "အရှင်ဘုရား၊ တပည့်တော်သည် ငွေဖြင့် ဝယ်မိသည်ဖြစ်၍ ဤပစ္စည်းကို စွန့်ထိုက်ပါ၏၊ ဤပစ္စည်းကို တပည့်တော် စွန့်ပါ၏" ဟု မြန်မာလို ဖြစ်စေ အလိုရှိရာဖြင့် စွန့်၍ ရူပိယသိက္ခာပုဒ်အတိုင်း စီစဉ်ရမည်။

---

**၁၀။ ကယဝိက္ကယ။** ။ဤ၌ "နာနပ္ပကာရက" ဟူသည် သက်န်းစသော အပ်သော အသုံးအဆောင် အမျိုးမျိုးတည်း။ [ကယ= ဝယ်ခြင်း+ ဝိက္ကယ= ရောင်းခြင်း။] ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ ရွှေငွေဖြင့် ဝယ်ခြင်း၊ ရွှေငွေကို ဖြစ်စေ၊ရွှေငွေဖြင့် သိတင်းသုံးဘော်တို့ ဝယ်ထားအပ်သော နိဿဂ္ဂိယပစ္စည်းကို ဖြစ်စေ လဲလှယ် ယူခြင်းကြောင့် အာပတ်သင့်ကြောင်းကို ပြ၏။ ဤသိက္ခာပုဒ်၌ ကပ္ပိယ ဝတ္ထုများကို လူ စသူများနှင့် လဲခြင်းကြောင့် အာပတ်သင့်ကြောင်းကို ပြသည်။

**မအပ်သော လဲနည်း။** ။ဈေးသည် စသူတို့အထံ၌ ရှိသော ပစ္စည်းကို မိမိမှာရှိသော သင်္ကန်း၊ ဖိနပ် စသည်ဖြင့် လဲလှယ်ယူလိုလျှင် မိမိကိုယ်တိုင် "ဤ သင်္ကန်းဖြင့် ထို သပိတ်ကိုပေးပါ" ဟုငြင်း၊ "ဤသင်္ကန်းကို ယူလော၊ ထိုသပိတ် ကို ပေးလော" ဟုငြင်း ပြောဆို၍ မလဲလှယ်ကောင်း။ ဤသို့ လဲလှယ်သော စကားမျိုးကို ပြော၍ကား လူ့ ပစ္စည်းမှန်လျှင် မိဘပစ္စည်းကိုပင် မလဲကောင်း။ လဲလှယ်၍ရလျှင် ထိုပစ္စည်း နိဿဂ္ဂိထိုက်၏။

**အပ်သော လဲနည်း။** ။"ဈေးသည်ထံက ထိုသပိတ်ကို လိုချင်သည်၊ ဤသင်္ကန်းဖြင့် လဲပေးစမ်း" ဟုကား ကပ္ပိယလုပ်သူကို ပြောကောင်းသည်။ ကျောင်းသား ကပ္ပိယ မရှိလျှင် ဈေးဆိုင်သို့ သွား၍ (ဈေးသည်မှ တပါး) ဈေးသည်၏ သားသမီး စသူကိုပင် "ငါ့မှာ သင်္ကန်းရှိသည်၊ ဤသင်္ကန်းဖြင့် ထိုသပိတ်ကို လဲပေးပါ" ဟု စေခိုင်း၍ လဲကောင်း၏၊ မည်သည့် နည်းနှင့်မျှ

ကပ္ပိယ ရှာမရလျှင်(သို့မဟုတ် ကပ္ပိယ မရှာလိုလျှင်) ဈေးသည်အထံ သွား၍ "ငါ့မှာ ဤသင်္ကန်းရှိသည်၊ သင်္ကန်းတော့ အသုံးမကျ၊ သပိတ်သာလိုသည်" ဟု ပရိယာယ်ပြောရာ ဈေးသည်က သင်္ကန်းကိုယူ၍ သပိတ်ကို ပေးလိုက်လျှင် ထိုသပိတ် အပ်၏။ ဤ ပြခဲ့သောနည်းအရ ယခုကာလ ကဝါသည် စသူတို့ထံမှ အပ်သောပစ္စည်းဖြင့် လဲယူနည်းကို သတိပြုသင့်ကြပေသည်။

**ခိုင်းစေရာ၌ အပ် - မအပ်**။ ။တောင်းရမ်း စားသောက် နေသော (စားကြွင်းစား) နှင့် လက်သမား စသူကို မြင်၍ "ဤထမင်းကို စားပြီးလျှင် ဆိုးရည်ခေါက် ခွာပေးစမ်းလော၊ ကျောင်းကို ပြင်ပေးစမ်းလော" စသည်ဖြင့် ခိုင်းရာ၌ နိဿဂ္ဂိပါစိတ်အာပတ်ပင်။ ထိုသို့ ခိုင်းစေသည့်အတွက် ဆိုးရည်ခေါက် စသော ပစ္စည်းတစုံတရာရလျှင် ထိုပစ္စည်းပါ စွန့်ရ၏။ ကျောင်းပြင် ခေါင်းရိတ် ခိုင်း စသည်၌ ပစ္စည်းတစုံတရာ မရလျှင် အာပတ်ကိုသာ ဒေသနာပြောရမည်။ "ထမင်းကိုစားပြီးလျှင် အလုပ်လုပ်"ဟု တဆက်ထည်း စကားမပြောဘဲ "ဤ ထမင်းကို စားလော(သို့မဟုတ် စားရလိမ့်မည်)၊ ဤအလုပ်ကို လုပ်လော" ဟု စကား ၂ ရပ်ခွဲ၍ ပြောဆိုစေခိုင်းလျှင် အပ်၏။

**စွန့်ပုံ**။ ။နိဿဂ္ဂိထိုက်သော ပစ္စည်းကို စွန့်ရာ၌ ကင်္ခါဋီကာဝယ် "သံဃဿ နိဿဇ္ဇာမိ"ဟု သံဃာအား စွန့်ပုံကိုသာ ပြထား၏။ ဂိုဏ်း၊ ပုဂ္ဂိုလ်အားလည်း စွန့်နိုင်ပါသည်။ ထိုစကား သင့်၏။ အပ်သောပစ္စည်းချင်း လဲလှယ်သောကြောင့် ပစ္စည်းမှာ နဂိုကပင် အပ်၏။ မအပ်သော စကားအသုံးအနှုန်း အတွက်သာ နိဿဂ္ဂိဖြစ်ရသည်။ သို့ဖြစ်၍ ထိုပစ္စည်းများမှာ ငွေဖြင့် ဝယ်အပ်သော နိဿဂ္ဂိနှင့် မတူ။ အခြားပုဂ္ဂိုလ်အား အပ်သည်ဟုပင် ယူဘွယ်ရှိသည်။ "အဟံ ဘန္တေ နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇိံ, ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ပါဠိ မြန်မာ အလိုရှိရာ ဆို၍ စွန့်နိုင်သည်။

**အင်္ဂါ ၃ ပါး**။ ။၁-ကပ္ပိယဝတ္ထုဖြစ်ခြင်း၊ [၂ ဘက်လုံးက ကပ္ပိယဝတ္ထု ချည်း ဟူလို။ ယခုကာလ၌ ဘုန်းကြီးက သင်္ကန်းစသော ပရိက္ခရာကို ငွေဖြင့် ရောင်းရာ၌ကား ကပ္ပိယဝတ္ထုချင်း မဟုတ်သောကြောင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ အာပတ်သင့်သည်။ ] ၂-သီတင်းသုံးဘော် မဟုတ်ခြင်း၊ ၃-အရောင်းစကား အဝယ်စကားပြော၍ လဲလှယ်မှု အထမြောက်ခြင်း။

[ဆောင်] ကပ္ပိယဟု, ဝတ္ထုဖြစ်ခြင်း[၁], သီတင်းသုံးသူ, မဟုတ်လူနှင့်[၂],
ရောင်းမှုဝယ်လျှင်း, ထမြောက်ခြင်းဟု[၃], ကြောင်းရင်းသုံးလီ,
အင်္ဂါညီ, သင့်ပြီ ကယဝိက္ကယ။

## လေ့ကျင့်ခန်း မေးခွန်းများ

က။ ရူပိယသိက္ခာပုဒ်လာ "ဥဂ္ဂဏှေယျ၊ ဥဂ္ဂဏှာပေယျ၊ ဥပနိက္ခိတ္တံ သာဒယေယျ" ၃ ချက်၏ အဓိပ္ပာယ်ကို ပြပါ။

ခ ။ ယခုကာလ အလှူစသည်၌ ငွေကို လှူရာဝယ် ရေစက်ချသောအခါလည်း မအပ်၊ ကပ္ပိယလက်၌ လှူသောအခါလည်း မအပ်လျှင် မိမိမှာ အပြစ်လွတ်အောင် အဘယ်သို့ သဘော ထားရမည်နည်း။

ဂ ။ ငွေကိုလှူသောအခါ ကိုယ် နှုတ် မလှုပ်ဘဲ စိတ်ထဲ၌ သာယာနေရုံမျှဖြင့် အပြစ်ရှိသည်ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" နှင့် မဆန့်ကျင်အောင် ရှင်းလင်းပါ။

ဃ။ ရွှေ ငွေ စွန့်ပုံကိုပြ၍ ထိုစွန့်ပြီး ရွှေ ငွေများအတွက် သံဃာမှာ အပြစ်လွတ်၍ အကျိုးရအောင် စီမံနည်းကိုလည်း ပြပါ။

င ။ ရူပိယသိက္ခာပုဒ်ဖြင့် ဘာကိုတားမြစ်၍ ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် ဘာကို တားမြစ်သနည်း။

စ ။ "နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ"၌ နာနပ္ပကာရက ဟူသည် အဘယ်နည်း။

ဆ။ အခြား သိတင်းသုံးတော်၏ ရွှေ ငွေဖြင့် ဝယ်အပ်သော ဝတ္ထုကို မိမိ၏ ကပ္ပိယ ဝတ္ထုဖြင့် လဲရာ၌ ဝတ္ထု ၂ မျိုးလုံး အပ်-မအပ် ဆုံးဖြတ်ပါ။

ဇ ။ ရူပိယ သံဝေါဟာရ သိက္ခာပုဒ်အင်္ဂါကိုပြ၍ ပတ္တစတုက္က(သပိတ် ၄ လုံး) မအပ်ပုံကို အသီးသီး ပြပါ။

ဈ။ ကယဝိက္ကယ သိက္ခာပုဒ်ဖြင့် မည်သည့်ပုဂ္ဂိုလ်နှင့် မည်သည့်ဝတ္ထု လဲလှယ်ရာဝယ် အပြစ်ရကြောင်းကို ပြသနည်း။

ည ။ မအပ်သော လဲလှယ်နည်းများကို အသီးသီး ပြပါ။

ဋ ။ ကျောင်း၌ လာရောက်၍ တောင်းရမ်း စားသောက်နေသူ၊ သို့မဟုတ် လက်သမား စသူကို ထမင်း၊ မုန့် စသည် ပေး၍ အလိုရှိရာ စေခိုင်းရာ၌ မအပ်သော ခိုင်းနည်း၊ အပ်သော ခိုင်းနည်းများကို ပြပါ။

ဌ ။ ဤ ကယဝိက္ကယ နိဿဂ္ဂိယပစ္စည်းများကို လဲလှယ်သော ရဟန်းမှ တပါး အခြား ရဟန်းတို့ အပ်-မအပ် စိစစ်၍ စွန့်ပုံကိုလည်း ပြပါ။

## ပတ္တဝဂ်

**၁။ ပတ္တ သိက္ခာပုဒ်** ဒသာဟပရမံ - ဆယ်ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ အတိရေကပတ္တော- အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သောသပိတ်မှ အပိုဖြစ်သော သပိတ်ကို၊ ဓာရေတဗ္ဗော - ဆောင်ထားအပ် ဆောင်ထားနိုင်၏၊ တံ - ထို ဆယ်ရက်ကို၊ အတိက္ကာမယတော - လွန်စေသောရဟန်း၏၊ နိသဂ္ဂိယံ - စွန့်ခြင်း ဝိနည်းကံရှိသော၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ- ၏။ [''တံ - ထို သပိတ်ဟူသော ဝတ္ထုကို၊ နိသဂ္ဂိယံ - စွန့်အပ် စွန့်ထိုက်၏'' ဟုလည်း ပေးပါ။]

× × × × ×

**၁။ ပတ္တသိက္ခာပုဒ်။** ။သင်္ကန်းကဲ့သို့ သပိတ်ကိုလည်း အဓိဋ္ဌာန်တင်မှု၊ ဝိကပ္ပနာပြုမှု တခုခုပြုထားရသည်။ထိုသို့ မပြုဘဲ ရသည့်နေ့မှ နောက် ဆယ်ရက် လွန်မြောက်သော အရုဏ်တက်သည့်တိုင်အောင် အဓိဋ္ဌာန်မတင်ဘဲ၊ သို့မဟုတ် ဝိကပ္ပနာမပြုဘဲထားလျှင် နိသဂ္ဂိယဖြစ်၏။ သို့ရာတွင် ''သပိတ်'' နာမည်ရတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာပြုလောက်သော သပိတ်မဟုတ်၊ အရွယ်ပမာဏနှင့် အဆင်းအရောင် လုံလောက်သော မြေသပိတ်၊ သံသပိတ် ၂ မျိုးသာ သပိတ်အစစ်ဖြစ်၍ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သည်။

**သပိတ် ၉ လုံး။** ။ဥက္ကဋ္ဌသပိတ်၊ မဇ္ဈိမသပိတ်၊ ဩမကသပိတ်ဟု မူလ သပိတ် ၃ မျိုးပြား၏။ ထိုတွင် ဥက္ကဋ္ဌလည်း ဥက္ကဋ္ဌုက္ကဋ္ဌ (ဥက္ကဋ္ဌထက်ကြီးသော) သပိတ်၊ ဥက္ကဋ္ဌသပိတ်၊ ဥက္ကဋ္ဌောမက (ဥက္ကဋ္ဌအောက် ငယ်သော) သပိတ် အားဖြင့် ၃ မျိုး ပြားပြန်၏။ ထို့အတူ မဇ္ဈိမသပိတ်လည်း မဇ္ဈိမုက္ကဋ္ဌ၊ မဇ္ဈိမ၊ မဇ္ဈိမောမကဟု ၃ လုံး။ ဩမကသပိတ်လည်း ဩမကုက္ကဋ္ဌ၊ ဩမက၊ ဩမကောမက ဟု ၃ လုံးပြား၏။ ဤသို့ သပိတ် ၉ လုံး ပြားသည်။ [ပါဠိတော်ရင်း၏ အဓိပ္ပာယ်ပါ ရှင်းလင်းအောင် ဩမကသပိတ်ကို စ၍ အကျယ်ပြမည်။]

**ဩမကသပိတ်။** ။''ဩမကောနာမပတ္တော - ဩမကသပိတ် မည်သည်၊ ပတ္တောဒနံ–ဆန် တစလယ်ချက် ထမင်းကိုငင်း၊ စတုဘာဂံ– ၄ ဘို့ တဘို့ဖြစ်သော၊ ခါဒနံ–မကျဲ မပျစ် လက်ကော်၍ဖြစ်သော ပဲဟင်းကိုငင်း၊ တဒုပိယံ– ထို ထမင်းနှင့် သင့်တော်လောက်သော၊ ဗျဉ္ဇနံ–အမဲသားငါး ဟပါးပါးသော ဟင်းလျာကိုငင်း၊ ဂဏှာတိ–ယူနိုင်၏၊ ဝါ–ဆံ့၏'' ဟူသော ပါဠိတော်နှင့် အညီ ရဟန်းတပါး ကောင်းကောင်း စားလောက်ဘို့ရာ ဆန် တစလယ်ချက်

ထမင်း၊ ထိုထမင်း၏ ၄ ပုံ့တပုံ ပဲဟင်း၊ ထိုထမင်း အလုပ်တိုင်း ပါနိုင်သော အမဲသားငါးဖြင့် ချက်အပ်သော ဟင်းလျာ တမျိုး၊ ဤ အားလုံးကိုဆံ့သော သပိတ်သည် ဩမကသပိတ်မည်၏။

**ဆက်ဦးအံ့။** ။ဆန်တစလယ်ကိုချက်လျှင် (ဆန်ထက် ထမင်းက နှစ်ဆ ပွားသောကြောင့်) ထမင်းတခွက် ဖြစ်၏။ ထိုတခွက်၏ ၄ ပုံ့တပုံ ဟင်းကား တလမယ်ရှိရမည်။ "ဟင်းလျာကို အလုပ်တိုင်း လောက်အောင် ပါစေရမည်" ဟူရာ၌ "ဗျဉ္ဇနဿ မတ္တာနာမ ဩဒနစတုတ္ထဘာဂေါ=ဟင်းလျာ၏ ပမာဏ မည်သည် ထမင်း၏ ၄ ဘို့တဘို့ပင်"ဟူသော မဇ္ဈိမပဏ္ဏာသ–ဗြဟ္မာယုသုတ္တဋ္ဌကထာနှင့် အညီ ထမင်း ၄ ပုံ့တပုံ (တလမယ်)ကိုပင် ထည့်ရမည်ဖြစ်သောကြောင့် ချက်ပြီးထမင်း ဟင်း အစုံအားဖြင့် ၃ စလယ်ဆံ့သော သပိတ်သည် ဩမကသပိတ်တည်း။

၃ စလယ် ထည့်သည့်အခါ ဟောက်နေလျှင် ဩမကသပိတ်ထက် အနည်းငယ်ကြီးသော (မဇ္ဈိမသပိတ်လောက်လည်း မကြီးသော) ဩမကုက္ကဋ္ဌသပိတ်၊ ၃ စလယ်ထည့်သည့်အခါ သပိတ်အပေါ် မောက်တက်နေလျှင် ဩမကအောက်ငယ်သော ဩမကောမက သပိတ်မည်၏။ [မြတ်စွာဘုရားက တယောက်စာ ကောင်းကောင်းဆံ့သည့် ဩမကသပိတ်ကို ခွင့်ပြုသောကြောင့် ဤနောက်ဆုံး ဩမကောမက သပိတ်သည် သပိတ်အရာ မဝင်၊ အဓိဋ္ဌာန်ဝိကပ္ပနာ တင်စရာ မဟုတ်၊ သာမန် စားခွက်အဖြစ်ဖြင့်သာ အသုံးပြုရမည်။]

**မဇ္ဈိမသပိတ်။** ။"မဇ္ဈိမောနာမ ပတ္တော နာဠိကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ"ဟူသော ပါဠိတော်၌ "နာဠိကောဒနံ=တကွမ်းစားချက် ထမင်း"ဟုပင် အနက်ပေးကြ၏။ အဘိဓာန်၌လည်း "ပတ္ထော တု နာဠိ"ဟု ဆိုသောကြောင့် "ပတ္ထ=နာဠိ" ၂ ပုဒ်လုံးပင် "ကွမ်းစား=စလယ်" ဟူသော အနက်ကို ဟောလျက်ရှိ၏။ သို့ဖြစ်စေကာမူ ဤနေရာဝယ် ဩမကသပိတ်အတွက် ပတ္ထောဒနနှင့် မဇ္ဈိမသပိတ်အတွက် နာဠိကောဒနတို့သည် ပမာဏချင်း မညီမျှထိုက်။ ထို့ကြောင့် နာဠိကောဒန၌ နာဠိကာအရ "ပကတိကွမ်းစား(စလယ်)ထက် ၂ ဆကြီးသော မာဂဓကွမ်းစားကို ယူရမည်" ဟု ဖွင့်ကြသည်။

ဤစကားစဉ်အရ "မဇ္ဈိမသပိတ်သည် ဆန်တခွက်ကို ချက်၍ရသော ထမင်းတပြည်၊ ပဲဟင်းတစလယ်၊ ဟင်းလျာတစလယ်၊ ပေါင်း တပြည့်တခွက်ဝင်၏" ဟု မှတ်ပါ။ အချုပ်မှာ–"ဩမကသပိတ်ထက် ၂ ဆဝင်သော သပိတ်သည် မဇ္ဈိမ သပိတ်တည်း"ဟု ဆိုလိုသည်။ ထို တပြည့်တခွက် ထည့်သောအခါ ဟောက်နေလျှင် မဇ္ဈိမုက္ကဋ္ဌ၊ မောက်နေလျှင် မဇ္ဈိမောမက ဖြစ်သည်။

**ဥက္ကဋ္ဌသပိတ်။** ။"ဥက္ကဋ္ဌော နာမ ပတ္တော အឌ္ឍာဠ္ဟကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ" [အာဠ္ဟက = ပြည်+အឌ္ឍ=ထက်ဝက်၊] "အឌ္ឍာဠ္ဟကောဒနံ–တပြည်ထက်ဝက် ၁ ခွက်ချက် ထမင်းကို"ဟု ပေးရသော်လည်း ထို တခွက်သည် မာဂဓတိုင်းသုံး တခွက်ဖြစ်ရကား ပကတိ အသုံးထက် ၂ ဆ ကြီးသောကြောင့် ယခုကာလ ချင့်ကိန်းဖြင့် တပြည်ပင်တည်း။ ထို့ကြောင့် "ဆန်တပြည်ကို ချက်ရသော ထမင်း ၂ ပြည်၊ ပဲဟင်း ၁ ခွက်သား၊ ဟင်းလျာ ၁ ခွက်သား၊ ပေါင်း ၃ ပြည်ဆံ့သော သပိတ်သည် ဥက္ကဋ္ဌသပိတ်တည်း" ဟု မှတ်ပါ။

အချုပ်မှာ–"မဇ္ဈိမသပိတ်ထက် ၂ ဆ ဝင်သော သပိတ်သည် ဥက္ကဋ္ဌသပိတ်တည်း"ဟု ဆိုလိုသည်။ [အချို့ကား–၃ ပြည် ၁ ခွက်ဝင် သပိတ်သည် ဥက္ကဋ္ဌ သပိတ်ဟု ဆို၏။ ထိုဆရာတို့သည် "အမဲဟင်း ၁ ခွက်သား၊ ငါးဟင်း ၁ ခွက် သား"ဟု ခွဲယူဟန်တူသည်။] ထို ၃ ပြည် ထည့်သည့်အခါ ဟောက်နေလျှင် ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်၊ မောက်နေလျှင် ဥက္ကဋ္ဌောမက သပိတ်ဖြစ်သည်။ [ဘုရားရှင်က ဥက္ကဋ္ဌသပိတ်ကိုသာ ခွင့်ပြုသောကြောင့် ဥက္ကဋ္ဌထက်ကြီးသော ဥက္ကဋ္ဌုက္ကဋ္ဌလည်း သပိတ်အရာ မဝင်၊ အဓိဋ္ဌာန် ဝိကပ္ပနာ မပြု၊ စားခွက် သာမန်အဖြစ်ဖြင့်သာ သုံးစွဲအပ်သည်။]

[**ဆောင်**] ၁။ သုံးပြည်–သုံးခွက်, သုံးစလယ်တွက်, ဆွမ်းကျက် ဟင်းစုံခတ်။
၂။ ဥက္ကဋ် မဇ္ဈ, ဩမက, ဝင်ကြ စဉ်တိုင်းမှတ်။

**ကွမ်းစား ၃ မျိုး မှတ်ချက်။** ။ရှေးက"စလယ်ကွမ်းစား၊ ခွက်ကွမ်းစား၊ ပြည်ကွမ်းစား"ဟု ကွမ်းစား ၃ မျိုး ခေါ်ရိုးရှိကြ၏။ ထိုတွင် စလယ်ကွမ်းစား အသုံးအနှုန်းမှာ ..., ဤသိက္ခာပုဒ်လာ ဩမကသပိတ်အတွက် အသုံးတည်း။ ခွက်စားကွမ်း (တခွက်ကိုပင် ပါဠိလို "နာဠိ" မြန်မာလို "ကွမ်းစား") ဟု သုံးစွဲခြင်းမှာ မဇ္ဈိမသပိတ်အတွက် အသုံးတည်း။ တပြည်ကိုပင် ပါဠိလို "ပတ္ထ" မြန်မာလို "ကွမ်းစား"ဟု သုံးပြန်ခြင်းမှာ ဤသိက္ခာပုဒ်နှင့် မဆိုင်။ သုတ္တနိပါတ် အဋ္ဌကထာ (ကောကာဠိကသုတ် အဖွင့်) ၌ "မာဂဓပတ္ထေန စတ္တာရော ကောသလပတ္ထော ဧကော ပတ္ထော ဟောတိ = မာဂဓတိုင်းသုံး ကွမ်းစားဖြင့် ၄ ကွမ်းစား (၄ စလယ်) သည် ကောသလတိုင်းသုံး တပတ္ထ (တကွမ်းစား) ဖြစ်သည်"ဟူသော စကားကို ထောက်၍ သုံးစွဲခြင်း ဖြစ်ဟန်တူသည်။

**အမျိုးအစားနှင့် အရောင်။** ။မြေသပိတ်၊သံသပိတ်အားဖြင့် ၂ မျိုးသော သပိတ်သာ အပ်၏။ ထို ၂ မျိုးတွင် မြေသပိတ်ကို ၂ ကြိမ်မီးဖုတ်၍ သံသပိတ်ကို ၅ ကြိမ် မီးဖုတ်ရမည်ဟု အဋ္ဌကထာတို့၌ ဆို၏။ ထို ဆိုခြင်း၌ ရည်ရွယ်ချက်မှာ ဖြူကြောင်ကြောင် အဆင်းမရှိစေဘဲ "ညိုမှောင်မှောင် အဆင်းအရောင်" ရှိစေ

လိုရင်း ဖြစ်သည်။ သို့ဖြစ်၍ ကခါ၌ မီးဖုတ်အကြိမ်ကို မပြုတော့ဘဲ "သမဏ သာရုပ္ပေန-ရဟန်းတို့အား လျောက်ပတ်သောအားဖြင့်၊ ပက္ကံ-ကျက်ပြီးသော" ဟု မိန့်သည်။ ဤ ကခါမိန့်ချက်အရ "ညိုမှောင်သော အဆင်းအရောင်ရှိလျှင် သပိတ်အရာဝင်ပြီ၊ အဓိဋ္ဌာန်ဝိကပ္ပနာ တင်နိုင် ပြုနိုင်ပြီ"ဟု မှတ်။ [ယခုကာလ သားရိုးကိုင်ထားသော သပိတ်များ၌ကား သားရိုးအတွင်းက အရောင်သည် ညိုမှောင်ခြင်း မရှိသောကြောင့် အချို့ဝိနည်းခိုရ်များသည် မိမိကိုယ်တိုင် မီးဖုတ်ပြီးမှ သားရိုးကိုင်စေပြီးလျှင် အဓိဋ္ဌာန်တင်၍ သုံးစွဲကြသည်။

**အဓိဋ္ဌာန်တင်ပုံ။** ။"ဣမံ ပတ္တံ အဓိဋ္ဌာမိ"ဟု ဆို၍ သပိတ်ကို အဓိဋ္ဌာန်တင်။ [ဣမံ-ဤခွက်ကို၊ ပတ္တံ-သပိတ်ဟူ၍၊ အဓိဋ္ဌာမိ-စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။] အဝေးရှိလျှင် "ဧတံ ပတ္တံ အဓိဋ္ဌာမိ"ဟု ဆိုပါ။ တလုံးသာ အဓိဋ္ဌာန်တင်ထားကောင်း၏။ အခြားသပိတ်များ ရှိသေးလျှင် ဝိကပ္ပနာချည်း ပြုထားရမည်။ အဓိဋ္ဌာန် မတင်ဘဲ သပိတ်အားလုံးကိုပင် (သင်္ကန်းကဲ့သို့) ဝိကပ္ပနာချည်းလည်း ပြုထားနိုင်၏။[ဝိကပ္ပနာပြုပုံကို သုဒ္ဓပါစိတ် သုရာပါနဝဂ် ဝိကပ္ပနာသိက္ခာပုဒ်ကျမှ ပြအံ့။]

**ပစ္စုဒ္ဓိုရ်ပြုပုံ။** ။သပိတ်ဟောင်းကို အဓိဋ္ဌာန်တင်၍ ဆောင်ထားသော ရဟန်းသည် သပိတ်သစ်ရသဖြင့် ထိုအသစ်ကို အဓိဋ္ဌာန်တင်လိုလျှင် အဓိဋ္ဌာန်တင်၍ တလုံးသာ ထားကောင်းသောကြောင့် သပိတ်အဟောင်းကို ပစ္စုဒ္ဓိုရ်ပြုရမည်။ "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ"ဟု ဆို။ [ဣမံ-ဤခွက်ကို၊ ပတ္တံ-သပိတ်ကို၊ ဝါ-သပိတ်အဖြစ်မှ၊ ပစ္စုဒ္ဓရာမိ-ရုပ်သိမ်းပါ၏။] ဤသို့ ပစ္စုဒ္ဓိုရ်ပြုပြီးသော သပိတ်ကိုလည်း ၁၀ ရက်အတွင်းမှာပင် ဝိကပ္ပနာ ပြုထားရမည်။

**အဓိဋ္ဌာန်ကျကြောင်း ၉ ပါး။** ။ဤ သပိတ် အဓိဋ္ဌာန်ကျကြောင်းများမှာ တိစီဝရိတ် အဓိဋ္ဌာန်ကျကြောင်းကဲ့သို့(အပေါက်ပေါက်ခြင်းနှင့်တကွ) ၉ ပါးပင်တည်း။ "အပေါက်"ဟူရာ၌ နှုတ်ခမ်းမှ လက်၂သစ်အောက် ဆပ်ဆန်ထမင်း ဝင်လောက်လျှင် "အပေါက်"ဟု မှတ်ပါ။ [စပါးမျိုးတွင် "ကင်္ဂု" ဟုခေါ်အပ်သော စပါးတမျိုး ရှိ၏။ ထိုဆပ်ဆန်သည် အငယ်ဆုံး ဆန်လုံးဖြစ်သတတ်။]

**နိဿဂ္ဂိသပိတ် စွန့်ပုံ။** ။အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာလည်းမပြုဘဲ ၁၀ ရက်လွန်သွားလျှင် နိဿဂ္ဂိသင်္ကန်းကို စွန့်သည့်အတိုင်း စွန့်ရမည်။ ပုလ္လိန်ဖြစ်၍ "အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော, ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆိုရသာ။ ဒေသနာပြောပြီးနောက် ထိုသပိတ်ကို လက်ခံသူက (သင်္ကန်းကဲ့သို့) ပြန်ပေး၍ ရသောအခါ အဓိဋ္ဌာန်သော်လည်း တင်၊ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုရမည်။

၂။ ဥနပဉ္စ ဗန္ဓန သိက္ခာပုဒ်

ယော ပန ဘိက္ခု - သည်၊ ဥနပဉ္စဗန္ဓနေန - ယုတ်လျော့သော ၅ ဖွဲ့ရှိသော၊ ပတ္တေန - သပိတ်ဖြင့်၊ အညံ - တပါးသော၊ နဝံ - အသစ်ဖြစ်သော၊ ပတ္တံ- သပိတ်ကို၊ စေတာပေယျ - တောင်းအံ့၊ တဿ ဘိက္ခုနော - ၏၊နိသဂ္ဂိယံ- သော၊ ပါစိတ္တိယံ - သည်၊ ဟောတိ-၏၊ တေန ဘိက္ခုနာ-ထိုရဟန်းသည်၊ သော ပတ္တော - ထို သပိတ်ကို၊ ဘိက္ခု ပရိသာယ - ရဟန်း ပရိသတ်၌၊ နိသဇ္ဇိတဗ္ဗော - စွန့်အပ် စွန့်ထိုက်၏၊ တဿာ ဘိက္ခု ပရိသာယ - ထို ရဟန်းပရိသတ်၏၊ ယော ပတ္တပရိယန္တော - အကြင် အဆုံးစွန်သပိတ်သည်၊ (အတ္ထိ-ရှိ၏၊) သော စ - ထို အဆုံးစွန် သပိတ်ကိုလည်း၊ (ယောစမှ စကို ရွှေ့ထိုင်စေသည်၊) တဿ ဘိက္ခုနော - ထို ရဟန်းအား၊ ပဒါတဗ္ဗော - ပေးထိုက်၏။

(ကိ' - အဘယ်သို့ ပြော၍ ပေးရမည်နည်း၊) ဘိက္ခု - ရဟန်း၊ တေ- သင်သည်၊ အယံ ပတ္တော - ဤသပိတ်ကို၊ ယာဝ ဘေဒနာယ - ကွဲရာကာလတိုင်အောင်၊ ဓာရေတဗ္ဗော - ဆောင်ထိုက်၏၊ ဝါ - ဆောင်ရမည်၊ ဣတိ - ဤသို့ ပြော၍ ပေးရမည်၊ အယံ - ဤ အစီအစဉ်သည်၊ တတ္ထ-ထို သပိတ်အဟောင်း ၅ ဖွဲ့ မပြည့်သေးဘဲ သပိတ်အသစ်ကို တောင်းမိရာ၌၊ သာမိစိ - လောကုတ္တရာအားလျော်သော ကျင့်ဝတ်တည်း။

× × × × ×

**၂။ ဥနပဉ္စဗန္ဓန။** ။သပိတ်အဟောင်းက ၅ ဖွဲ့မပြည့်သေးဘဲ သပိတ်အသစ်ကို တောင်းလျှင် ထိုသပိတ်ကို ရဟန်းပရိသတ်အလယ်မှာ စွန့်ရမည်။ [ရဟန်းများကလည်း ကိုယ်စီကိုယ်င မိမိသုံးနေကျ သပိတ်ကို ယူ၍ စည်းဝေးကြရမည်။] ထို စွန့်အပ်သော သပိတ်ကို ပတ္တဂ္ဂါဟက သမ္မုတိရသော ရဟန်းက သပိတ်၏ ကောင်းမွန်ကြောင်း၊ ထေရ်ကြီးနှင့် သင့်တော်ကြောင်းကို လျှောက်၍ ထေရ်ကြီးယူဘို့ရန် တိုက်တွန်းရမည်။ထေရ်ကြီးကယူလျှင် ထေရ်ကြီး၏ ရှိရင်းစွဲ သပိတ်ကို ပတ္တဂ္ဂါဟက သမ္မုတိရသော ရဟန်းက ရှေးအတိုင်း သပိတ်၏ဂုဏ်ကို ပြော၍ ဒုတိယထေရ်အား ပေးရမည်။

**အဆင့်ဆင့်ပေးရပုံ။** ။စွန့်အပ်သော သပိတ်ကို ပထမထေရ်ကြီးမယူလျှင် ဒုတိယထေရ် ယူဘို့ရန် တိုက်တွန်းရမည်။ ဤနည်းအတိုင်း ဆင့်ကာ ဆင့်ကာ (ယူလိုသူက ယူ၊ မယူလိုသူက မယူဘဲ) သွားပြီးနောက် မည်သူမျှ မယူလို၍ ကျန်နေသော နောက်ဆုံး သပိတ်သည် ''ပတ္တပရိယန္တ = အဆုံးစွန် သပိတ်''

ဖြစ်၏။ အဆုံးစွန် သပိတ်ကို ထို ပတ္တဂ္ဂါဟက သမ္မုတိရသော ရဟန်းကပင် "ငါ့ရှင်....၊ ဤသပိတ်ကို ကွဲသည့်တိုင်အောင် ဆောင်ထားရမည်"ဟု ပြော၍ ပေးရမည်။

**သာမိစိ**။ ။ပြခဲ့သည့်အတိုင်း.... ၁–ဘိက္ခုပရိသတ်၌ နိသဂ္ဂိသပိတ်ကို စွန့်ရခြင်း၊ ၂–ထို စွန့်အပ်ပြီးသော သပိတ်ကို ထေရ်ကြီးမှစ၍ ဆင့်ကာ ဆင့်ကာ ယူစေရခြင်း၊ ၃–မယူချင်၍ ကျန်နေသော သပိတ်ကိုမှ ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဆောင်ရမည်"ဟု ပြော၍ ပေးရခြင်းသည် ၅ ဖွဲ့ မပြည့်သေးဘဲ သပိတ်ကို တောင်းမိရာ၌ ကျင့်ဝတ်ထုံးစံပင် ဖြစ်သည်။

**မှတ်ချက်**။ ။တောင်းအပ်သော သပိတ်မှစ၍ သပိတ်များကို အဆင့်ဆင့် ယူစေသော ရဟန်းကို "ပတ္တ=သပိတ်တို့ကို+ဂါဟက = ယူစေသော ရဟန်း" ဟု ခေါ်၏။ ထိုရဟန်းအား ပတ္တဂ္ဂါဟက သမ္မုတိ ပေးရသည်။ ထို ပတ္တဂ္ဂါဟက သမ္မုတိ ပေးပုံကို ဤသိက္ခာပုဒ် ပါဠိတော်မှာ ရှုပါ။

**ဦနပဥ္စ ဗန္ဓနေန**။ ။ဗန္ဓနအရ "ဖွဲ့တုပ်ခြင်း"ဟူသည် ကွဲအက်နေသော အရေး၏ ဝဲဘက် ယာဘက်ကို စူးဖြင့် ဖောက်၍ ကြိုးဖြင့် ဖွဲ့တုပ်ရခြင်းတည်း။ ခဲ့ဦးအံ့ — ခမြေသပိတ်၌ အထက်နှုတ်ခမ်းမှစ၍ အက်ရာရှိလျှင် ဖွဲ့တုပ်မထားက ထို အရေးအကြောင်းကလေး ဆက်လက် ရှည်သွားဘွယ် ရှိသည်။ ထို့ကြောင့် ဖွဲ့တုပ်ထားရမည်။ ဖွဲ့တုပ်သည့်အခါ နှုတ်ခမ်းအနီးအပါးကို စူးဖြင့်ဖောက်လျှင် (နှုတ်ခမ်းက ထူသည့်အတွက်) ကွဲသွားမည်စိုးရကား နှုတ်ခမ်းအောက် လက်နှစ်သစ်လောက်အရပ်ကို စူးဖြင့်ဖောက်၍ ရိုးရိုးအပ်ချည်ဖြင့် ဖြစ်စေ၊သင်ပေါင်းလျှော် စသော လျှော်မျှင်ဖြင့် ဖြစ်စေ၊ ခဲ (သံနန်း) သေးသေးဖြင့် ဖြစ်စေ တုပ်ထားရမည်။ နှုတ်ခမ်းမှအောက် လက် ၄ သစ်လောက် အက်ကြောင်းရှိလျှင် (လက် ၂ သစ် တဖွဲ့ကိန်းဖြင့်) ၂ ဖွဲ့တုပ်၊ ၆ သစ်ရှည်လျှင် ၃ ဖွဲ့တုပ်၊ ၈ သစ် ရှည်လျှင် ၄ ဖွဲ့တုပ်၊ အက်ကြောင်း တနေရာတည်း မဟုတ်ဘဲ ၃ နေရာ ရှိလျှင်လည်း နေရာအလိုက် ၂ ဖွဲ့၊ ၃ ဖွဲ့၊ ၄ ဖွဲ့ တုပ်နိုင်သည်။

**ဖုံးအုပ်ပါ**။ ။ထိုသို့ တုပ်ဖွဲ့အပ်ပြီးသော နေရာ၌ ဆေးကြောသည့်အခါ ဆွမ်း ဟင်း စသော (အဖတ် အဆီ) အာမိသတို့ ငြိကပ်၍ မကျန်ရစ်ရအောင် သလွဲမည်းအပြား ပါးပါးဖြင့်ဖြစ်စေ၊ သစ်စေးဖြင့်ဖြစ်စေ ဖုံးအုပ်ထားရမည်။

**အဓိဋ္ဌာန်တင်ပါ**။ ။ထိုသို့ ပြုလုပ်ပြီးနောက် ထပ်မံ၍ အဓိဋ္ဌာန်တင်ရမည်။ ဘာ့ကြောင့်နည်း။ အပေါက် ဖောက်စဉ်က အပေါက်မှာ ဆပ်ထမင်းလုံး ဝင်လောက်လျှင် အဓိဋ္ဌာန်ပျက်သောကြောင့်တည်း။ ထိုသို့ အဓိဋ္ဌာန် ထပ်မတင်ရအောင် အပေါက်ကို ကျဉ်းကျဉ်းသော်လည်း ဖောက်ရမည်။

**ဆက်ဦးအံ့။** ။ထိုသို့ ၄ ဖွဲ့ တုပ်ပြီးနောက် ၂ လက်မလောက် အရေးအကြောင်းရှိပြန်လျှင် ၅ခုမြောက်အဖွဲ့ကို ဖွဲ့တုပ်သည်ဖြစ်စေ၊မဖွဲ့တုပ်သည်ဖြစ်စေ အခိဋ္ဌာန် ဝိကပ္ပနာ တင်လောက်သော သပိတ် မဟုတ်တော့။ ပထမ အက်ကွဲကတည်းက ၅ဖွဲ့ ဖွဲ့လောက်အောင် ရှည်ရှည် (သို့မဟုတ်၅နေရာ)အက်ကြောင်းထင်နေလျှင် လုံးလုံး မဖွဲ့မတုပ်ရစေကာမူ သပိတ်အရာ မဝင်တော့ပြီ။

**သံသပိတ်။** ။၌ ပြခဲ့သော ဖွဲ့မှု တုပ်မှုတို့သည် မြေသပိတ် အတွက်သာတည်း။ သံသပိတ်၌ အက်ကြောင်း မရှိ၊ အပေါက်သာ ပေါက်မည်။ ထိုအပေါက်ကို သံမှုန့်ဖြင့်ဖြစ်စေ၊ စို့ရိုက်၍ဖြစ်စေ၊ သံပြားဝိုင်းကလေးဖြင့် ဖြစ်စေ ဖာထေးရမည်။ ထိုသို့ ဖာထေး၍ ညက်ညောသဖြင့် အာမိသ မကပ်ငြိနိုင်လျှင် သပိတ်အရာ ဝင်ပါသေးသည်။ အပေါက်က ကြီးနေသောကြောင့်ဖြစ်စေ၊ များသောကြောင့် ဖြစ်စေ ဖာထေး၍ မညက်ညောလျှင် သပိတ်အရာ မဝင်တော့ပြီ။

**နဝံ ပတ္တံ စေတာပေယျ။** ။စေတာပေယျအရ "တောင်းခြင်း" ဟူသည် ဆွေမတော်သူ၊ မဖိတ်သူကို တောင်းခြင်းတည်း။ မြေသပိတ်က ၅ ဖွဲ့ မပြည့်သေးလျှင်၊ သံသပိတ်လည်း ဖာထေး၍ဖြစ်နိုင်သေးလျှင် အခြားသပိတ်သစ် မတောင်းကောင်း။ တောင်းမိလျှင် သိက္ခာပုဒ်အတိုင်း ရဟန်း ပရိသတ်မှာ....

"အယံ မေ ဘန္တေ ပတ္တော ဦနပဉ္စဗန္ဓနေန ပတ္တေန၊
စေတာပိတော နိသဂ္ဂိယော, ဣမာဟံ သံဃဿ နိသဇ္ဇာမိ"ဟု ....

စွန့်၍ ရဟန်းပရိသတ် မကြိုက်သော အညံ့ဆုံး ပတ္တပရိယန္တကိုမှ မိမိ သုံးဆောင်ရမည်။ မြေသပိတ်၌ ၅ ဖွဲ့ ဖွဲ့လောက်နေလျှင်၊ သံသပိတ်၌ ဖာထေး၍ မညက်မညော ရှိလျှင်ကား ဉာတိပဝါရိတ မဟုတ်သူတို့၏ အထံ၌ပင် သပိတ်အသစ်ကို တောင်းကောင်းပြီ။ [ဘန္တေ-တို့၊ မေ-သည်၊ ဦနပဉ္စဗန္ဓနေန-ယုတ်သော ၅ဖွဲ့ ရှိသော၊ ပတ္တေန-သပိတ်ဖြင့်၊ အယံပတ္တော-ဤသပိတ်ကို၊ စေတာပိတော-တောင်းအပ်မိသည်၊ (ဟုတ္တွာ-၍၊) နိသဂ္ဂိယော-၏၊ အဟံ-သည်၊ ဣမံ-ဤသပိတ်ကို၊ သံဃဿ-အား၊ နိသဇ္ဇာမိ-စွန့်ပါ၏။]

**အင်္ဂါ ၄ ပါး။** ။၁-အဓိဋ္ဌာန် တင်လောက်သော သပိတ်ဖြစ်ခြင်း၊ ၂-မိမိဘို့ဖြစ်ခြင်း၊ ၃-မဖိတ်ဘူးသူ့ထံ တောင်းခြင်း [ဖိတ်သူ့ထံ ဉာတိထံ၌ကား လက်ရှိသပိတ်က ၅ ဖွဲ့ မပြည့်စေကာမူ တောင်းကောင်း၏။] ၄-တောင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။

[**ဆောင်**] ဓိဋ္ဌာန် လောက်ငဲ့, သပိတ်ကွဲလျှင်, ငါးဖွဲ့မပြည့်[၁], မိမိဘို့ဟု,
ရည်ရွယ် ပြုသား[၂], မဖိတ်သူ့ထံ, တောင်းခံမိလျှင်း[၃], ရရှိခြင်း[၄]
ဟု, ကြောင်းရင်း လေးလီ, အင်္ဂါညီ, သင့်ပြီ ဦနပဉ္စန။

## ၃၃ သိက္ခာ
## သပိတ်နှင့်စပ်၍ မှတ်ဘွယ်များ

ပတ္တံ နပတိသာ မေယျ, သောဒကံ နစ ဩဘပေ၊
ဥဏှေ နနိဒဟေ ဘူမျံ, နဌပေ နောစ လဂ္ဂယေ။

သောဒကံ ပတ္တံ–ရေမစင်သောသပိတ်ကို၊ န ပတိသာမေယျ–မသိမ်းထားရ၊ နစ ဩဘပေ – နေလည်း မလှန်းရ၊ ဥဏှေ–နေပူ၌၊ နနိဒဟေ – ကြာမြင့်စွာ လှန်းမထားရ၊ ဘူမျံ–ကြမ်းသော မြေပေါ်၌၊ နဌပေ–အခင်းမပါ သပိတ်ခြေ မပါဘဲ မထားရ၊ နောစ လဂ္ဂယေ–ဆင်စွယ်ကောက် စသည်တို့၌ ချိတ်မထားရ။

**မှတ်ချက်**။ ။ဆွမ်းစားပြီးလျှင် သပိတ်ကို စင်ကြယ်စွာ ဆေး၊ ရေ စင်အောင် သုတ်ပြီးမှ ဟင်းနံ့ ပျောက်အောင် ခေတ္တ နေလှန်း၊ ကြာရှည်စွာ နေပူမှာ မထားရ၊ နေလှန်းပြီးနောက် ရုပ်သိမ်း၍ အခင်းမပါ သပိတ်ခြေ မပါသော မြေပေါ်မှာ မထားဘဲ နံရံကောက် စသည်၌လည်း မချိတ်ဘဲ သပိတ်ခြေပေါ်မှာ ဖြစ်စေ၊ အခင်းရှိသော မြေပေါ်မှာဖြစ်စေ၊ သပိတ်မပျက်စီးလောက်သော မြေပေါ်မှာဖြစ်စေ ထားရမည်။ သပိတ်ဖုံးဖြင့် ဖုံးထားလျှင် အနံ့ မကောင်းသောကြောင့် သပိတ်ကိုလည်း ဖွင့်ထားသင့်သည်။

မိဍ္ဍန္တေ ပရိဘဏ္ဍန္တေ, အင်္ကေ ဝါ အာတပတ္တကေ၊
ပါဒေသု မဉ္စပီဌေ ဝါ, ဌပေတုံ နစ ကပ္ပတိ။

မိဍ္ဍန္တေ–အတွင်း အကျည်စွန်း၌ဎင်း၊ ပရိဘဏ္ဍန္တေ–အပြင်ဘက် အကျည်စွန်း၌ဎင်း၊ အင်္ကေ ဝါ–တင်ပလ္လင် ရင်ခွင်၌ဎင်း၊ အာတပတ္တကေ – ထီးပေါ်၌ဎင်း၊ ပါဒေသု ဝါ–ခြေတို့၌ဎင်း၊ မဉ္စပီဌေ ဝါ–ညောင်စောင်းအင်းပျဉ်(ခုတင်-ထိုင်ခုံ)ပေါ်၌ဎင်း၊ ဌပေတုံစ–ထားခြင်းငှာလည်း၊ န ကပ္ပတိ–မအပ်။

**မှတ်ချက်**။ ။ရှေးက နံရံအခြေခိုင်အောင်၊ သို့မဟုတ် ထိုင်ရအောင် နံရံ၏ အတွင်းအပြင်၌ မြေခုံ အပိုရှိတတ်၏။ ထိုမြေခုံကို "အကျည်"ဟု ခေါ်သည်။ ထိုအကျည်၌ သပိတ်ထားလျှင် လိမ့်ကျမည်စိုး၍ မထားရဟု တားမြစ်သည်။ ယခုကာလ အုတ်တိုက် အစွန်းများ၌လည်း အကျည်သဘောပင် ဖြစ်၍ မထားရ။ အကျည်က တတောင်လောက် ကျယ်ဝန်းလျှင် ထားကောင်း၏။ သပိတ်ခြေပါလျှင်လည်း ထိုအကျည်မှာ ထားကောင်း၏ဟု ဋီကာဆိုသည်။

န နီဟရေယျ ဥစ္ဆိဋ္ဌော–ဒကဉ္စ စလကဋ္ဌိကံ၊
ပတ္တေန ပတ္တဟတ္ထော ဝါ, ကဝါဋံ န ပဏာမယေ။

ဥစ္ဆိဋ္ဌောဒကံ–လုပ်ဆေးရေကိုဎင်း၊ စလကဋ္ဌိကံ–စုပ်၍ပစ်အပ်သော ဟင်းဖတ်နှင့် အရိုးကိုဎင်း၊ န နီဟရေယျ–သပိတ်၌ထည့်၍ မထုတ်ဆောင်ရ၊ [သပိတ်

ထဲ၌ ထည့်၍ မစွန့်ရ ဟူလို။ သပိတ်ကို လက်ဆေးခံလုပ်၍ လက်မဆေးရ၊] ပတ္တေန-သပိတ်ဖြင့်၎င်း၊ ပတ္တဟတ္ထေဝါ-လက်၌ သပိတ်ရှိလျက်၎င်း၊ကဝါဋံ-တံခါးရွက်ကို၊ န ပဏာမေယျ- မတွန်း မဖွင့်ရ။

**မှတ်ချက်**။ ။လက်၌ သပိတ်ရှိခိုက်သာ မဟုတ်၊ လက်မှာ ဖြစ်စေ၊ ခြေဖမိုးပေါ်မှာ ဖြစ်စေ၊ ကိုယ်၏ အစိတ်အပိုင်းမှာ သပိတ်ရှိနေလျှင် တံခါးရွက်ကို မတွန်းရ။ မင်းတုတ် ကလန့်ကိုလည်း မဖြုတ်ရ။ သို့ရာတွင် သပိတ်ကို အိတ်ဖြင့် ပခုံးစွန်း၌ လွယ်ထားခိုက် ဖြစ်လျှင်ကား ထိုအားလုံးကိုပင် ပြုကောင်း၏။ မပြုရဟု ဆိုသမျှ၌ ပြုလျှင် ရဟန်းမှာ ဒုက္ကဋ်၊ သာမဏေမှာ ဒဏ်။

## သပိတ်နှင့်စပ်၍ မှတ်သားထိုက်သော အပ်-မအပ် စားခွက်များ

ကပ္ပိယာ ထာလကာ တိဿော, တမ္ဗာယောမတ္တိကာမယာ၊
ဒါရုသောဝဏ္ဏ ရဇတ-မဏိ ဝေဠုရိယာမယာ။
အကပ္ပါ ဖလိကော ကာစ- ကံသဇာ ဂိဟိသန္တကာ၊
သံဃိကာ ကပ္ပိယာ တုမ္ဗ-ဃဋိဇာ တာဝကာလိကာ။

တမ္ဗာယောမတ္တိကာ မယာ – ကြေးနီ, သံ, မြေဖြင့် ပြုအပ်ကုန်သော၊ တိဿော–၃ မျိုးကုန်သော၊ ထာလကာ–စားခွက် သောက်ခွက်တို့သည်၊ ကပ္ပိယာ – အပ်ကုန်၏။ [ကြေးနီခွက်၊ မြေခွက်၊ သံခွက် ၃ မျိုးတို့သည် ရဟန်း သာမဏေတို့ ကိုယ်ပိုင် (ပုဂ္ဂလိက) အဖြစ်ဖြင့် သုံးစွဲကောင်း၏။ ထိုခွက်တို့၌ ထည့်၍ စားကောင်း သောက်ကောင်း၏။]

ဒါရုသောဝဏ္ဏ ရဇတ မဏိဝေဠုရိယာ မယာ – သစ်သားခွက်, ရွှေခွက်, ငွေခွက်, ပတ္တမြားခွက်, ကြောင်မျက်ရွဲခွက် တို့သည်၊ အကပ္ပါ – မအပ်ကုန်၊ [ရွှေခွက် စသည်တို့သည် ကိုင်ရုံ ထိရုံမျှ မအပ်။ သစ်သားခွက်ကား ထည့်၍သာ မစား မသောက် ကောင်းသည်၊ ကိုင်ရုံကား ကိုင်ကောင်းပါသေး၏။ယခုကာလ ကွမ်းအစ် စသည်၌ ငွေကုံးဗူး စသည်တို့မှာ လူ့ဉစ္စာပင် ဖြစ်စေကာမူ ကိုင်ရုံမျှ မကိုင်ကောင်းရကား အဘယ်မှာ ထည့်၍ စားကောင်းပါတော့ မည်နည်း။ နှီးခွက်၊ နှီးကွမ်းအစ်တို့ကိုပင် သစ်သားခွက်နှင့် အလားတူဟု သဘောထား၍ လက်ဖက်၊ ကွမ်း စသည် ထည့်စားမှုကို ရှောင်ကြဉ်ကြသည်။]

ဖလိကောစ – ဖန်ခွက်သည်၎င်း၊ ကာစကံသဇာ – ချက်ကျောက်ခွက်နှင့် စဋ္ဌခွက်, ကြေးဖြူ, ကြေးဝါခွက်တို့သည်၎င်း၊ ဂိဟိသန္တကာ – လူ့ဉစ္စာဖြစ်ကုန် သော်၎င်း၊ သံဃိကာ – သံဃိက ဖြစ်ကုန်သော်၎င်း၊ ကပ္ပိယာ – အပ်ကုန်၏။

[ပါရာဇိကဏ်-ကာယသံသဂ္ဂ ဋ္ဌကထာ၌ "ဇာတိဖလိက (ဖန်စစ် – တွင်းထွက်ဖန်) ကို ပတ္တမြားနှင့် အလားတူ မသုံးသပ်ကောင်း" ဟု ဆိုထား၏။ ဤ၌ကားသုံးသပ် ကိုင်ကောင်းသေးသောကြောင့် "ဖလိက" အရ ဖန်စစ်ခွက် မဟုတ်ရာ သဲကိုချက်၍ ပြုလုပ်အပ်သော ယခုကာလ ဖန်ခွက်သာ ဖြစ်တန်ရာ၏။ ထို့ပြင် "ပစိတ္ဗာ ကတော ကာစမဏီ" ဟု ထို အဋ္ဌကထာ ဆိုသောကြောင့်၎င်း၊ "ကာစော–သည်၊ ကဋ္ဌနသံသဂ္ဂါ – ရွှံနှင့် ပေါင်းမိခြင်းကြောင့်" ဟု စာဏကျနီတိ ဆိုသောကြောင့်၎င်း ချက်ကျောက်ကို ကာစ၌ သွင်းယူလိုက်ပါသည်။]

**သတိပြု။** ။ဤစကားအရ – ချက်ဖန်ခွက်၊ ချက်ကျောက်ခွက်၊ စဉ့်ခွက်၊ ကြေးဖြူ ကြေးဝါခွက်တို့မှာ ပုဂ္ဂလိကအဖြစ်ဖြင့် မသုံးစွဲအပ်။ သံဃိက၊သို့မဟုတ် လူ့ဥစ္စာဖြစ်မူ ထည့်၍ စားကောင်း၏ ဟု၎င်း၊ ကြေးဝါဇွန်းနှင့် ဖန်ခွက်၊ ဖန်ချိုင့် စသည်တို့မှာ ပုဂ္ဂလိက မအပ်ကြောင်းကို၎င်း သတိပြုပါ။

တုမ္ဗဃဋိဇာ- နှီးခွက် အိုးခွက်တို့သည်၊ တာဝကာလိကာ- တခဏမျှ ထည့်၍ စားသောက်ကောင်းကုန်၏။ [သွားလေရာယူ၍ သပိတ်ကဲ့သို့ကား အမြဲ မသုံးစွဲကောင်း။ ခဏလောက် ထည့်စား၍ စွန့်ပစ်ထားခဲ့ရမည် ဟူလို။ ဖက်ရွက် သစ်ရွက်ဖြင့် ပြုလုပ်အပ်သော ဖက်ခွက်များလည်း ထို့အတူ တခဏမျှ ထည့်စားကောင်း၏ဟု ဋီကာတို့ ဆို၏။]

**စဉ်းစားဘွယ်။** ။"ထည့်မစားကောင်း"ဟု ဆိုခဲ့သော သစ်သားခွက်၊ နှီးခွက် စသည်၌ တချို့က ယာဝကာလိကဖြစ်သော ခဲဘွယ် ဘောဇဉ်ကိုသာ ထည့်၍ မစား မသောက်ကောင်း၊ ယာမကာလိက အဖျော်ရည် စသည်ကိုကား စားသောက်ကောင်း၏ ဟု ယူကြ၏။ ဝိနယ ကောသလ္လ၌ကား မည်သည့် ကာလိက မဆို ထည့်၍ မစားသောက်ကောင်းဟု ယူလို၏။

**ဆက်ဦးအံ့။** ။ဤအားလုံးသည် စူဠဝဂ္ဂ-ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော်၌ သပိတ်အမျိုးမျိုးကို ပယ်ချက်နှင့်စပ်၍ အဋ္ဌကထာ၌ ခွက်အဖြစ်ဖြင့် အပ်- မအပ် ကို စိစစ်ထားသော အရာဖြစ်၏။ သပိတ် – ခွက်ဟူသည်မှာ စားသောက်ဘွယ် အားလုံးကို (ယာမ, သတ္တာဟ ယာဝဇီဝိက မကျန်) ထည့်၍ စားဘို့ရာ ဖြစ်၏။ သို့ဖြစ်၍ "ထည့်၍ မစားကောင်း" ဟု ပယ်ရှားအပ်သော ခွက်များ၌ မည်သည့် ကာလိကကိုမျှ ထည့်၍ မစားခြင်းသာ သင့်ဘွယ်ရှိ၏။ ထို့ကြောင့် ဝိနည်းခိုရ် ပုဂ္ဂိုလ်များသည် နှီးကွမ်းအစ်၌ ကွမ်းထည့်၍ မစားကြ၊ နှီးအစ်ဖြင့် ကပ်လျှင် လက်ပေါ် တဆင့်ပြောင်း၍ စားကြ၏။ နှီးခွက်ဖြင့်လည်း အဖျော်ရည် စသည်ကို မသောက်ကြကုန်။

## လေ့ကျင့်ခန်း မေးခွန်းများ

၈။ သပိတ် ၉ လုံးကို ပမာဏနှင့်တကွပြ၍ ထို ၉ လုံးတွင် အဓိဋ္ဌာန်ဝိကပ္ပနာ မဝင်သော သပိတ် ၂ လုံးကို ပြပါ။

၁။ သပိတ်အမျိုးအစားနှင့် အရောင်ကို ပြ၍ သပိတ်သစ်ကို အဓိဋ္ဌာန်တင်ပုံ၊ အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပုံကို ပြပါ။

၈။ သပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ လုံးရေမည်မျှကိုသာ တင်ကောင်းသနည်း။ အဓိဋ္ဌာန် မတင်လျှင် ဝိနည်းပြစ် လွတ်အောင် ဘယ်လို ပြုထားရမည်နည်း။

ဃ။ အဓိဋ္ဌာန်ကျကြောင်း ၉ ပါးကို ပြ၍ အပေါက် ပမာဏကိုလည်း ပြပါ။

င ။ ဥနပဉ္စဗန္ဓန အရ ဖွဲ့ချည်ပုံကို ပြ၍ လက်သစ် မည်မျှရှည်သော အက်ကွဲကြောင်းကို တဖွဲ့ ဖွဲ့ရမည်ဟုလည်း ပြပါ။

စ ။ "နဝံ ပတ္တံ စေတာပေယျ"အရ ဉာတိပဝါရိတကိုတောင်းလျှင် အပြစ်ရှိ-မရှိ ပြ၍ နိသဂ္ဂိယသပိတ် စွန့်ပုံကိုလည်း ပြပါ။

ဆ။ ထို သပိတ်ကို စွန့်ရမည့် နေရာနှင့်တကွ စွန့်ပြီးနောက် ပြုလုပ်ရမည့် အစီအစဉ်ကို စုံလင်အောင် ပြပါ။

[အောက်ပါ မေးခွန်းများသည်ကန်ဒါအဓိပ္ပာယ်မဟုတ်၍ ပုစ္ဆာထုတ်သူတို့ အစိုးရ စာမေးပွဲ၌ မမေးမိရန် သတိပြုပါ။]

ဇ ။ သိက္ခာပုဒ် အင်္ဂါ ၄ ပါးကိုပြ၍ သပိတ် မထားကောင်းသော နေရာများကိုလည်း အထောက် သာဓကနှင့်တကွ ပြပါ။

ဈ ။ သပိတ်ထဲ၌ လုပ်ဆေးရေ လက်ဆေးရေနှင့် စုပ်ဖတ် အရိုးတို့ကို ထည့်ကောင်းသလော၊ သာဓက ပြပါ။

ဥ ။ ကိုယ်အစိတ်အပိုင်း၌ သပိတ်ရှိနေလျှင် (အိတ်နှင့် လွယ်ထားခိုက်လည်း မဟုတ်လျှင်) တံခါးရွက်ကို တွန်း၍ မဖွင့်ကောင်းကြောင်း သာဓက ပြပါ။

ဋ ။ ၁– ကိုယ်ပိုင် ပုဂ္ဂလိကအဖြစ် မအပ်သော ခွက်မျိုး၊ ၂–လုံးလုံး ထည့်၍ မစားကောင်းသောခွက်မျိုး၊ ၃–သံဃိက ဂိဟိသန္တက ဖြစ်လျှင် ထည့်၍ စားသောက်ကောင်းသော ခွက်မျိုး၊ ၄– တကြိမ်သာ စားကောင်းသော ခွက်မျိုးများကို ခွဲခြားပြပါ။

၃။ ဘေသဇ္ဇ သိက္ခာပုဒ် ဂိလာနာနံ - မကျန်းမာကုန်သော၊ ဘိက္ခူနံ - ရဟန်းတို့၏၊ ဝါ-ရဟန်းတို့သည်၊ ပဋိသာယနီယာနိ- သာယာအပ်, သာယာထိုက်ကုန်သော၊ ဝါ - သုံးဆောင်အပ်, သုံးဆောင်ထိုက်ကုန်သော၊ ယာနိ တာနိ ဘေသဇ္ဇာနိ - အကြင် ဆေးတို့သည်၊ (သန္တိ-ရှိကုန်၏၊) သေယျထိဒံ - ဤဆေးတို့ဟူသည် အဘယ်နည်း၊

× × × × ×

၃။ **ဘေသဇ္ဇ**။ ။ထောပတ်စသော ၅ မျိုးကို အကပ်ခံပြီးနောက် ၇ ရက်အထိ သိမ်းဆည်း၍ ဆေးအဖြစ်ဖြင့် စားသောက်နိုင်၏။ ၇ ရက် လွန်လျှင်ကား ထို ထောပတ် စသည်တို့ နိဿဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။ ထို့ကြောင့် ထို ထောပတ် စသည်ကို အကပ်ခံသည့်အခါ ၇ ရက်စာလောက်မှန်း၍ အကပ်ခံရမည်။ ၇ ရက် လွန်သည့်တိုင်အောင် ကုန်ပုံမရလျှင် (၇ ရက် မလွန်ခင်) "ဤထောပတ် စသည်ကို ငါ မစားတော့ပြီ၊ ခြေနယ်ဆီ စသည် ပြုလုပ်၍ ကိုယ်၏ အပြင်၌သာ သုံးစွဲတော့မည်" ဟု ဓိဋ္ဌာန်လိုက်ရမည်။ ထို အပြင်ပ၌ သုံးဘို့ဖြစ်လျှင်ကား ၇ ရက် လွန်သော်လည်း အပြစ်မရှိ။

**ပဋိသာယနီယာနိ**။ ။[ပဋိ+ သာ-အနီယ။] "သာ = အဿာဒေ" ဟု ဓာတ်ကျမ်းတို့၌ ရှိသောကြောင့် "သာယာအပ်" ဟု အနက်ပေးသည်။ "သာယာ" ဟူသည် စားသောက်ခြင်း ဖြစ်သောကြောင့် "သုံးဆောင်" ဟု နောက်ထပ် အနက်ပေးသည်။ "ပဋိသာယနီယ" အရ "သုံးဆောင်ထိုက်" ဆိုသဖြင့် ရဟန်းများ စားထိုက်လောက်အောင် အကပ်ခံထားသော ဆေးများ ဖြစ်ကြောင်း၊ အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူထားသော ထောပတ် စသည်တို့ မစားကောင်းကြောင်းကိုရင်း၊ အပြင်ပ သုံးဘို့ရန်ဖြစ်လျှင် ၇ ရက် လွန်သော်လည်း အာပတ်မသင့်ကြောင်းကိုရင်း ပြသည်။

**ဘေသဇ္ဇာနိ**။ ။"ဆေး"ဟု ဆိုသော်လည်း တကယ့်ကို အနာရောဂါ ပျောက်နိုင်မှ ဆေးအမည်ရသည် မဟုတ်၊ အများက ဆေးဟု သမုတ်ထားလျှင် ဆေးအမည် ရသည်ပင်တည်း။ ဤ ထောပတ်စသည်ကိုကား အများက ဆေးဟု အသိအမှတ်ပြုထားကြ၍ ဘေသဇ္ဇ အမည်ရသည်။ ဤထောပတ် စသော ဆေးများကို "၇ ရက်အတွင်း စားကောင်းသည်" ဟု ဆိုသော်လည်း မွတ်သိပ် ဆာလောင်ရုံ သက်သက်ဖြင့် မစားကောင်း။ အားနည်းသောရောဂါ၊ အသွေး အသားနည်းသော (ပိန်ခြောက်သော) ရောဂါနှင့် လေနာရောဂါစသည် ရှိသူတို့သာ စားကောင်းသည်။ [မွတ်သိပ် ဆာလောင်ရုံ သက်သက်ကား "ယာမကာလိက" ခေါ် အဖျော်ရည် စသည်ကိုသာ သောက်ကောင်းသည်။]

သပ္ပိ–ထောပတ်ငှင်း၊ နဝနီတံ – ဆီဦးငှင်း၊ တေလံ – ဆီငှင်း၊ မဓု–ပျားရည်ငှင်း၊ ဖာဏိတံ–တင်လဲငှင်းတည်း၊ တာနိ–ထို ဆေးတို့ကို၊ ပဋိဂ္ဂဟေတွာ – အကပ်ခံပြီး၍၊ သတ္တာဟပရမံ – ၇ ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ သန္နိဓိကာရကံ–သိုမှီး သိမ်းဆည်းမှုကို ပြု၍၊ ပရိဘုဉ္ဇိတဗ္ဗာနိ–သုံးဆောင်အပ် သုံးဆောင်နိုင်ကုန်၏၊ တံ–ထို ၇ ရက်ကို၊ အတိက္ကာမယတော–လွန်စေသောရဟန်း၏၊ နိသဂ္ဂိယံ–သော၊ ပါစိတ္တိယံ–သည်၊ ဟောတိ။

× × × × ×

**ဆက်ဦးအံ့။** ။သက်ဆိုင်သော ရောဂါရှိလျှင် အကပ်ခံအပ်ပြီး စတုမဓုစသော ဆေးများကို နေလွဲ–နေမလွဲ အချိန်တိုင်းမှာပင် စားကောင်း၏။သို့သော် နေမလွဲမီစားရာဝယ် ပထမ အကပ်ခံရာ တနံနက်၌သာ ဆွမ်းခဲဘွယ်တို့နှင့်ရော၍ စားကောင်း၏။ နောက် နံနက်များ၌ကား ဆွမ်းခဲဘွယ်တို့နှင့် ရော၍ မစားရ။ ပါးစပ်တွင်း၌ ဆွမ်းခဲဘွယ် အာမိသရှိလျှင် ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ဆေးကို စားရသည်။ ဆေးကို အလျှင်စားလျှင်လည်း ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ခဲဘွယ်ဘောဇဉ်ကို စားရသည်။

**သေယျထိဒံ။** ။ဤပုဒ်ကို ပုစ္ဆာအနက်ရှိသော "နိပါတ်တပုဒ်"တည်းဟုငှင်း၊ "သေယျထာ+ဣဒံ"နိပါတ်ပုဒ် ၂ ခု ပေါင်းထားသည်ဟုငှင်း ဖွင့်ကြ၏။ ဤ၌ နိပါတ်တပုဒ်တည်းဟု ယူ၍ တပေါင်းတည်း အနက်ပေးလိုက်သည်။

**သပ္ပိ, နဝနီတံ။** ။အပ်သော အသားရှိသော နွား ကျွဲ ဆိတ် အစရှိသော သတ္တဝါတို့မှဖြစ်သော ထောပတ် ဆီဦးကို ဤသိက္ခာပုဒ်၌ "သပ္ပိ, နဝနီတံ"ဟု ဖွင့်ကြ၏။ [မအပ်သောအသားရှိသော သတ္တဝါတို့မှဖြစ်သော ထောပတ် ဆီဦးတို့ကား နိသဂ္ဂိယဝတ္ထု မဟုတ်၊ ၇ ရက်လွန်အောင် အကပ်ခံထားလျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်းဖြစ်သော ဒုက္ကဋဝတ္ထုများဖြစ်၏။ သို့သော် လူမှဖြစ်သော ထောပတ် ဆီဦးမှတပါး စားကောင်းပါ၏။]

**ဆီဦး။** ။နို့ရည်ကို ထောပတ်ဖြစ်အောင် ချက်ရာ၌ ထောပတ် မဖြစ်မီ အထက်သို့ နို့အဆီခဲများ တက်လာ၏။ ထို အဆီဦးကို ပါဠိလို "နဝနီတ (နဝ = အသစ် + နီတ = ထုတ်ယူအပ်သော အဆီ)"ဟု ခေါ်၏။ ၎င်းကို "ထောပေး"ဟုငှင်း၊ "မသကာ"ဟုငှင်း ခေါ်သေး၏။ ["မဆကာ" ဟူသော ပါရယှီဘာသာမှ "မသကာ"ဟု ပြောင်းလာသတတ်။]

**တေလံ။** ။နှမ်းဆီ၊ မုန်ညင်းဆီ၊ ကြက်ဆူဆီ၊ သားဆီများကို တေလ၌ သွင်းယူရမည်။ [ဝံဆီ၊ ငါးဆီ၊ လင်းပိုင်(လပိုင်)ဆီ၊ ဝက်ဆီ၊ မြည်းဆီများကို

"ဝသာတေလ=သားဆီ"ဟု ဆိုသည်။ ရှေးခေတ်က မြေပဲမှ ဆီမထုတ်သေးသောကြောင့် မြေပဲဆီ မပါသေး။ နှမ်းဆီနှင့် အလားတူ၏။ ဝသာတေလ၌ ငါးဆီများ ပါဝင်ရကား ယခုကာလ ငါးကြီးဆီများသည် မုယောမှုန့်စသည်နှင့် မရောဘဲ(သန့်သန့်ဖြစ်မူ) အားနည်းသော စာသင်သားများအတွက် ညဥ့်အခါ ရေနွေးနှင့်သောက်လျှင် သင့်လည်း သင့်မြတ်၊ အပ်လည်း အပ်သည်။]

**မဓု, ဖာဏိတံ။** ။မခုကို"မက္ခိကာမခု"ဟု ဖွင့်၏။ ပျားကြီးရည်၊ ပျားငယ်ရည် ၂ မျိုးကို "မခု"ဟု မှတ်ပါ။ "ဖာဏိတံနာမ-ဖာဏိတမည်သည်၊ ဥစ္ဆုမှာ-ကြံမှ၊ နိဗ္ဗတ္တံ-ဖြစ်သောဝတ္ထုတည်း"နှင့်အညီ အဖတ်မပါအောင် စစ်ပြီးသော ကြံရည်မှစ၍ ကြံနှင့်ဆိုင်သမျှ အားလုံးကို "ဖာဏိတ"ဟု ဆိုသည်။ ယခုအခါ ကြံမှတပါး အခြားသောဝတ္ထုမှ ထွက်သော သကြားများနှင့် ထန်းရည်၊သကာ၊ ထန်းလျက်များလည်း ဤ ဖာဏိတပင်တည်း။ [ရှေးခေတ်က ထန်းရည် အသုံးနည်း၍ ကျမ်းဂန်မှာ မပါဟန်တူသည်။ ]

**မှတ်ချက်။** ။ ဤပြခဲ့သော စကားစဉ်အရ ထန်းရည်၊ ထန်းလျက်ရည်၊ သကြားနှင့် သံပုရာ စသော ယာဝဇီဝိက အသီးရည်၊ ဖျော်ရည်၊ လမနစ် (ဘိလပ်ရည်)စသည်တို့သည် သတ္တာဟကာလိကတို့တည်း။ သို့သော် ဘေသဇ္ဇခန္ဓက၌.... "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ, အဂိလာနဿ ဂုဠောဒကံ=ဂိလာနအတွက် ကြံသကာ ထန်းလျက်အခဲကိုငှင်း၊ ဂိလာန မဟုတ်သူအတွက် ကြံရည်၊ ထန်းရည်ထန်းလျက်ရည်ကိုငှင်း ခွင့်ပြုတော်မူ၏"ဟု မိန့်တော်မူသောကြောင့် (ဆာလောင်မွတ်သိပ်လျှင်)သောက်ကောင်း၏။

## လေ့ကျင့်ခန်း မေးခွန်းများ

**က**။ စတုမခုဆေးများကို အကပ်ခံပြီးလျှင် ၇ရက်အတွင်း၌အဘယ်အကြောင်းရှိမှ စားကောင်းသနည်း။

ခ ။ ဒုတိယနေ့မှစ၍ အကြောင်းရှိသဖြင့် စားရာ၌ နံနက်ပိုင်းဝယ် ဆွမ်းခဲဘွယ်စသည်နှင့် ရောနှော၍စားကောင်းမည်လော နံနက်စားလျှင် မည်ကဲ့သို့ စင်ကြယ်အောင် ပြု၍ စားရမည်နည်း။

ဂ ။ ထန်းရည်ချို၊ ကြံရည်၊ သကြားနှင့် သံပုရာသီးဖျော်ရည်၊ လမနစ် ဘိလပ်ရည်တို့ အဘယ်ကာလိက၌ ပါဝင်ကြသနည်း။

**ဃ**။ ထို ထန်းရည်စသည်ကို ဆာလောင် မွတ်သိပ်ရုံမျှဖြင့် သောက်ကောင်း-မသောက်ကောင်း ပါဠိသာဓကဖြင့် ဆုံးဖြတ်ပါ။

**၄။ ဝဿိက သာဋိက သိက္ခာပုဒ်** ဂိမှာနံ – နွေလတို့၏၊ ဝါ – နွေလတို့တွင်၊ မာသော – တလသည်၊ သေသော – ကြွင်းတော့၏၊ ဣတိ–ဤသို့ ဆိုထိုက်ရာ နေ့မှစ၍၊ ဘိက္ခုနာ – ရဟန်းသည်၊ ဝဿိက သာဋိကစီဝရံ – မိုးရေခံ သင်္ကန်းကို၊ ပရိယေသိတဗ္ဗံ – ရှာမှီးအပ် ရှာမှီးနိုင်၏၊ဂိမှာနံ – တို့၏၊ ဝါ – တို့တွင်၊ အဍ္ဎမာသော–တလ ထက်ဝက်, ဆယ့်ငါးရက်သည်၊သေသော–ကြွင်းတော့၏၊ ဣတိ – ဤသို့ ဆိုထိုက်ရာနေ့မှစ၍၊ ဘိက္ခုနာ–သည်၊ကတွာ–ချုပ်ဆိုးမှုကို ပြု၍၊ နိဝါသေတဗ္ဗံ – ဝတ်အပ် ဝတ်နိုင်၏၊ဂိမှာနံ – တို့၏၊ မာသော–

× × × × ×

**၄။ ဝဿိက သာဋိက။** ။[ ဝဿိက = မိုးအခါ ဝတ်အပ်သော + သာဋိက=အဝတ်, သင်္ကန်း။] ဤ သိက္ခာပုဒ်ဖြင့် မိုးရေခံ သင်္ကန်းကို ရှာနိုင်ရာ ခေတ်၊ ချုပ်ဆိုး၍ ဝတ်နိုင်ရာခေတ် (ကာလ)ကို ပြ၍ ထို ကာလ မဟုတ်ဘဲ ရှာလျှင်ငင်း၊ ချုပ်ဆိုး၍ ဝတ်လျှင်ငင်း နိသဂ္ဂိပါစိတ်ဟု ပညတ်တော်မူသည်။

**မာသော၊ပေ၊ပရိယေသိတဗ္ဗံ။** ။ဤကား ရှာရာခေတ်ကိုပြသော ဝါကျတည်း။ နွေလ၏ နောက်ဆုံးတလဟူသည် မြန်မာအသုံးအားဖြင့် နယုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်အထိတည်း။ ရှာပုံကား–ဉာတိပဝါရိတအထံသို့ သွား၍ ဖြစ်စေ (ဉာတိပဝါရိတ မဟုတ်သော်လည်း) ရေးက လှူနေကျ သူတို့ အထံသို့ သွား၍ဖြစ်စေ “မိုးရေခံသင်္ကန်း အချိန်တန်ပြီ” စသည်ဖြင့် ပြောဆို သတိပေးရသည်။ ဉာတိပဝါရိတဖြစ်သူတို့ အထံ၌ကား “ငါ့အား မိုးရေခံ သင်္ကန်း လှူကြလော”ဟု တိုက်ရိုက်လည်း ပြောကောင်း၏။ ထိုသို့ သတိပေး၍ ငင်း၊ ပြော၍ငင်း ရလျှင် ဝါဆိုလ မဆန်းခင် မချုပ် မဆိုးရသေး။ [ရှေးရိုက် စာအုပ်၌ “အမိကိုမျှ မတောင်းကောင်း”ဟု မှားသွားသည်။]

**အဍ္ဎမာသော၊ပေ၊ နိဝါသေတဗ္ဗံ။** ။ဤကား ရှာမှီး၍ ရပြီးနောက် ချုပ်ဆိုးရာခေတ်ကိုပြသော ဝါကျတည်း။ နွေလတွင် နောက်ဆုံး ၁၅ ရက် ဟူသည် ဝါဆိုလဆန်း ၁ ရက်မှ လပြည့်အထိတည်း။ ဆက်ဦးအံ့—သိက္ခာပုဒ် ပါဠိ၌ “မာသော, အဍ္ဎမာသော”ဟု “နွေလ၏ နောက်ဆုံးတလကို ရှာမှီးရာ ခေတ်၊ နောက်ဆုံး ၁၅ ရက်ကို ချုပ်ဆိုးရာ ဝတ်ရာခေတ်” အနေဖြင့် ပြထား ခြင်းမှာ မိုးလ မရောက်ခင် မိုးရေခံ သင်္ကန်းကိစ္စ အပြီးအစီး ဖြစ်နှင့်လောက် သော အချိန်ကို ပြထားခြင်းတည်း။ ထိုအတွင်းမှာ မရသေး၊ ရစေကာမူ ဝါဆို လပြည့်နေ့မှ ရသဖြင့် မချုပ်ဆိုးရသေးလျှင် တန်ဆောင်မုန်းလပြည့်ထိအောင် မရမချင်း ရှာခွင့်၊ မပြီးမချင်း ချုပ်ဆိုးခွင့် ရှိသည်။

**သည်၊ သေသော - ၏၊ ဣတိ - ဤသို့ ဆိုထိုက်ရာလ၏၊ ဩရေန-ဤဘက်၌၊ ဝဿိကသာဋိက စီဝရံ - ကို၊ စေ ပရိယေသေယျ - အကယ်၍ ရှာမှီးအံ့၊ ဂိမှာနံ – တို့၏၊ အဝမာသော-သည်၊ သေသော- ၏၊ ဣတိ-ဤသို့ဆိုထိုက်ရာ ရက်၏၊ ဩရေန – ၌၊ ကတွာ - ၍၊ စေ နိဝါသေယျ - အကယ်၍ ဝတ်အံ့၊ တဿ ဘိက္ခုနော နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။**

× × × × ×

**ခေတ် ၄ ပါး။** ။နယုန်လပြည့်မှ စ၍ ထို လကွယ်အထိ ၁၅ ရက်သည် မိုးရေခံသင်္ကန်းကို ရှာရုံသာ အခွင့်ရသော ပရိယေသနခေတ် ( ကာလ ) တည်း။ဝါဆိုလဆန်း ၁ ရက်မှစ၍ ထိုလပြည့်အထိ ၁၅ ရက်သည် မရသေးလျှင် ဆက်လက်ရှာခွင့်၊ ရပြီးလျှင် ချုပ်ဆိုးခွင့်၊ဝတ်ခွင့်ရသော ခေတ်တည်း။ [ဝါဆိုလပြည့်ကျော် ၁ ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၄ လသည် မရသေးလျှင် ဆက်လက်ရှာခွင့်၊ ချုပ်ဆိုးခွင့်၊ဝတ်ခွင့်၊အဓိဋ္ဌာန်တင်ခွင့် ၄ မျိုးလုံး ရရာ ခေတ်တည်း။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစ၍ လာမည့် နယုန်လပြည့်အထိ ၇ လကား မိုးရေခံသင်္ကန်းနှင့် လုံးဝမစပ်သော ပိဋ္ဌိသမယတည်း။

**အချုပ်မှတ်ဘွယ်။** ။ဤစကားအရ ရှာရာခေတ်သည် နယုန်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၅ လဟုရင်း၊ ချုပ် – ဆိုး–ကပ္ပဗိန္ဒု ထိုး၍ ဝတ်ရာခေတ်သည် ဝါဆိုလဆန်း ၁ ရက်မှ တန်ဆောင်မုန်း လပြည့်အထိ ၄ လခွဲဟုရင်း၊ အဓိဋ္ဌာန်တင်ရာ ခေတ်သည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၄ လတည်းဟုရင်း မှတ်ပါ။ [ပါရာဇိကဏ် အဋ္ဌကထာ လက်ရှိစာမူများကို ပါဌ်ပျက်နေသည်ဟု သာရတ္ထဋီကာ မှာသည်။]

**မှတ်ချက်။** ။နယုန်လပြည့်ကျော် ၁ ရက်နေ့၌ ရ၍ သင်္ကန်းမချုပ်လောက်သေးသော ပိတ်စ ဖျင်စ စသည်ကို မချုပ်ရသေးသမျှ တန်ဆောင်မုန်းလပြည့် အထိ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားနိုင်၏။ ကထိန်အာနိသင် ရပြန်လျှင် ပထမ ကထိနသိက္ခာပုဒ်အရ တပေါင်းလပြည့်အထိ ထားနိုင်၏။ ဆက်စပ် ချုပ်ဘို့ရန် ပစ္စာသာ သင်္ကန်း ရှိနေသေးလျှင် တတိယကထိန သိက္ခာပုဒ်၏ ခွင့်ပြုချက်အရ နောက်ထပ်တလ ထားနိုင်၏။ဤသို့ ဝါထပ်လျှင် ၁၁ လ၊ ဝါမထပ်လျှင် ၁၀ လ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားခွင့်ရသည်။ ချုပ်ဆိုးပြီးလျှင်ကား "ဣဒံ ဝဿိက သာဋိကံ အဓိဋ္ဌာမိ"ဆို၍ မိုးလအတွင်း အဓိဋ္ဌာန်၊ မိုးလလွန်လျှင် ပစ္စုဒ္ဓိုရ်ပြု၍ ပရိက္ခာရစောဠ–ဝိကပ္ပနာ တခုခု ပြုထားရမည်။

**ဩရေနစေ၊ ပေ၊ ပရိယေသေယျ။** ။"ဩရေန" အရ "ဤဘက်" ဟူသည် တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်နေ့မှ စ၍ နယုန်လပြည့်အထိ

၇ လတည်း။ ထို ၇ လ အတွင်း၌ မိုးရေခံသင်္ကန်းကို မရှာကောင်း၊ ရှာ၍ ရလျှင် နိဿဂ္ဂိထိုက်၏။ "ဩရေနမုမာသော" ၌ "ဩရေန" အရ "ဤဘက်" ဟူရာ၌ကား 'ချုပ် ဆိုး ဝတ်ရာ ခေတ်ဖြစ်သော ဝါဆိုလဆန်း မရောက်ခင် နယုန်လပြည့်ကျော် ၁ ရက်မှ နယုန်လကွယ် အထိတည်း။ ထိုရက် အတွင်း၌ ချုပ် ဆိုး ဝတ်ခြင်းကို မပြုကောင်း၊ ပြုလျှင် နိဿဂ္ဂိထိုက်၏။ [နယုန်လမပြည့်ခင် ရှေ့ ၇ လမှာ ချုပ် ဆိုးမှုကို မဆိုထားဘိ၊ ရှာရုံမျှပင် မရှာကောင်းရကား ရှာ၍ ရစဉ်ကပင် နိဿဂ္ဂိထိုက်ပြီးဖြစ်၍ ချုပ် ဆိုး ဝတ်သည့်အတွက် မထိုက်တော့။]

**ပိဋ္ဌိ-ကုစ္ဆိသမယ ၂ မျိုး။** ။ကုစ္ဆိသမယ=ဝမ်းဘက်နှင့်တူသော အတွင်းဘက် (မိုးရေခံ သင်္ကန်းကို ရှာမှီးခွင့်-ချုပ် ဆိုးခွင့်ရသော ကာလ)၊ ပိဋ္ဌိသမယ = ကျောဘက်နှင့်တူသော အပြင်ဘက် (ရှာမှီး-ချုပ်-ဆိုး-ဝတ်ခွင့် မရသော ကာလ)။ ထိုတွင် နယုန်လပြည့်ကျော် ၁ ရက်မှစ၍ တန်ဆောင်မုန်း လပြည့်အထိ ကုစ္ဆိသမယ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစ၍ နယုန် လပြည့်အထိ ပိဋ္ဌိသမယတည်း။

**အင်္ဂါ ၂ မျိုး။** ။ဤသိက္ခာပုဒ်၌ အချိန်မဟုတ်ဘဲ ရှာမှီး၍ ရခြင်းကြောင့် အာပတ် တချက်၊ ချုပ် ဆိုး၍ ဝတ်ခြင်းကြောင့် အာပတ် တချက်ဟု ၂ ချက် ရှိရကား အင်္ဂါကိုလည်း ၂ မျိုးခွဲ၍ ပြကြရသည်။ ၁-မိုးရေခံ သင်္ကန်း၏ မိမိအတွက် ဖြစ်ခြင်း၊ ၂-အခါ မဟုတ်ဘဲ ရှာခြင်း (ပိဋ္ဌိသမယ၌ ရှာခြင်း ဟူလို။)၊ ၃-ရခြင်းဟု ရှာမှီးမှုအတွက် အင်္ဂါ ၃ ပါး။ ၁-သင်္ကန်းရှိခြင်း၊ ၂-ဘေးရန် မရှိခြင်း၊ ၃-မိုးရေခံ သင်္ကန်း၏ ကိုယ်ပိုင်ဖြစ်ခြင်း၊ ၄-အခါ မဟုတ်ဘဲ ဝတ်ခြင်းဟု ဝတ်မှုအတွက် အင်္ဂါ ၄ ပါး။

**မှတ်ချက်။** ။၁-ပိဋ္ဌိသမယ၌ ခိုးသူ စသည် လုယူသွား၍ သင်္ကန်းမရှိလျှင် မိုးရေခံ သင်္ကန်းကို ဝတ်ကောင်း၏။ ၂-မိုးရေခံ သင်္ကန်းကို မဝတ်ဘဲ ရေချိုးလျှင် ခိုးသူယူသွားဘွယ်ရှိခြင်းသည် ဘေးရန်တည်း။ ထိုသို့ ခိုးသူဘေးရန် ရှိလျှင် မိုးရေခံ သင်္ကန်းကို ပိဋ္ဌိသမယ၌လည်း ဝတ်ကောင်း၏။ ထို့ကြောင့် မဝတ်ကောင်းသည့်ဘက်၌ (အခြားဝတ်ဘွယ်) သင်္ကန်းရှိခြင်း၊ ဘေးရန် မရှိခြင်းဟု အင်္ဂါ ၂ ပါးကို ထည့်ရသည်။

[ဆောင်] မိမိတွက်တာ^၁, ချိန်အခါလည်း, မဟုတ်ပါဘိ, ဘွေရှာမိလျှင်း^၂, ရရှိခြင်း^၃ဟု, ကြောင်းရင်းသုံးချက်, ရှာမှုတွက်တည်း၊ နောက် ဆက် ဝတ်လွှမ်း, အပြစ်ခန်းကား, သင်္ကန်းလည်းရှိ^၁, ဘေးကင်း ဘိသား^၂, မိမိလည်းပိုင်^၃, ခါမတိုင်ဘဲ, စွဲကိုင်ဝတ်မှီ^၄, ကြောင်း စုံညီ, သင့်ပြီ ဝသိက။

၅။ စိဝရအစ္ဆိန္ဒန

ယော ပန ဘိက္ခု-သည်၊ ဘိက္ခုဿ-ရဟန်းအား၊ သာမံ – ကိုယ်တိုင်၊ စီဝရံ– သင်္ကန်းကို၊ ဒတွာ-ပေးပြီး၍၊ ကုပိတော-စိတ်ဆိုးသည်၊ အနတ္တမနော – မိမိစိတ် မရှိသည်၊ (ဟုတွာ-ဖြစ်၍၊) အစ္ဆိန္ဒေယျ ဝါ – ကိုယ်တိုင်မူလည်း လုယူအံ့၊ အစ္ဆိန္ဒာပေယျ ဝါ – သူတပါးကိုမူလည်း လုယူစေအံ့၊ တဿ ဘိက္ခုနော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။

× × × × ×

၅။ **စီဝရအစ္ဆိန္ဒန။** ။"မိမိ၏ ဝေယျာဝစ္စကို ပြုလိမ့်မည်" စသော မျှော်လင့်ချက်ဖြင့် ရဟန်းတပါးအား သင်္ကန်းပေးပြီးနောက် မျှော်လင့်ချက် မကိုက်၍ စိတ်ဆိုးဆိုးနှင့် ပေးပြီးသင်္ကန်းကို ပြန်၍ ကိုယ်တိုင် လုယူသည်ဖြစ်စေ၊ ဘယောက်ယောက်ကို လုယူရန် ခိုင်းသည်ဖြစ်စေ နိဿဂ္ဂိယပါစိတ်။

**အနတ္တမနော။** ။အတ္တနော–မိမိ၏+မနော–စိတ်ဘည်း။ အတ္တမနော–မိမိစိတ်။ မိမိစိတ်ဟူသည် ပီတိသုခနှင့်ယှဉ်၍ ကြည်လင် ချမ်းမြသော (မိမိသဘောကျဖြစ်သော)စိတ်တည်း။ ဒေါမနဿဖြစ်လျှင်ကား ထိုစိတ်မျိုး မဖြစ်တော့ချေ။ နတ္ထိ အတ္တမနော ယဿာတိ အနတ္တမနော=မိမိစိတ် မရှိသူ၊ ပီတိသုခနှင့် ယှဉ်၍ ကြည်လင်သောစိတ် မရှိသူတည်း။

**အင်္ဂါ ၅ ပါး။** ။၁–အမိဋ္ဌာန် ဝိကပ္ပနာ လောက်သော အဝတ်သင်္ကန်း ဖြစ်ခြင်း၊ ၂–ကိုယ်တိုင်ပေးခြင်း၊ ၃–ကိုယ့်ဥစ္စာဟု အမှတ်ရှိသေးခြင်း၊ ၄–အလုခံရသူက ရဟန်းဖြစ်ခြင်း၊ ၅–စိတ်ဆိုး၍ လုခြင်း ၅ ပါးတည်း။

**မှတ်ချက်။** ။၂–ကိုယ်တိုင်ပေးပြီး ပြန်လုယူမှ အပြစ်ရှိသည်။ ကိုယ်တိုင် မပေးဘဲ သူများပေးလိုက်သည်ကို ပြန်ယူက အပြစ်မရှိ။ ၃–မိမိနှင့် ဆိုင်သေးသည်ဟု ထင်၍ သကသညာဖြင့် လုယူမှသာ နိဿဂ္ဂိယ။ သူပိုင်မှန်း သိလျက် လုယူရာ၌ကား တန်ဖိုး လိုက်၍ ပါရာဇိကအထိ ဆုံးဖြတ်ခွင့် ရှိသည်။ ၄–ရဟန်း၏သင်္ကန်းကို လုယူမှ နိဿဂ္ဂိ ထိုက်သည်။ ရဟန်း၏ အခြားဥစ္စာကိုင်း၊ လူသာမဏေ၏ ဥစ္စာအားလုံးကိုင်း(ပေးပြီးနောက်)ပြန်၍လုယူရာ၌ ဒုက္ကဋ်ဟု မှတ်ပါ။

[**ဆောင်**] ဝိကပ်လောက်လစ်, သင်္ကန်းဖြစ်ရေး¹, ကိုယ်တိုင် ပေး၍², ထင်ကြေး ကိုယ့်ဟာ, မကင်းပါဘဲ³, ဥစ္စာရှင်မူ, ရဟန်းဟူသား⁴, လုယူ လုစေ⁵, အင်္ဂါတွေ, သင့်လေ အစ္ဆိန္ဒ။

၆။ သုတ္တဝိညတ္တိသိက္ခာပုဒ် ယော ပန ဘိက္ခု – သည်၊ သာမံ-ကိုယ်တိုင်၊ သုတ္တံ – ချည်ကို၊ ဝိညာပေတွာ - တောင်း၍၊ တန္တဝါယေဟိ- ယက်ကန်းသည် တို့သည် (ဓာတ်ကတ္တား)၊ ဝါ - ယက်ကန်းသည်တို့ကို (ကာရိတ်ကံ)၊ စီဝရံ –သင်္ကန်းကို၊ ဝါယာပေယျ- ရက်စေအံ့၊ တဿ ဘိက္ခုနော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။

× × × × ×

**၆၊ သုတ္တဝိညတ္တိ**။ ။ဉာတိပဝါရိတ မဟုတ်သူ့ထံ ကိုယ်တိုင် ချည်တို့ကို (မအပ်သောနည်းဖြင့်)တောင်း၍ ထို ချည်တို့ကိုပင် ဉာတိပဝါရိတ မဟုတ်သော ယက်ကန်းသည်တို့ကို မအပ်သောနည်းဖြင့် အရက်ခိုင်းလျှင် နိဿဂ္ဂိယ ပါစိတ်။

**မှတ်ချက်**။ ။ကာယဝိညတ်ဖြင့် ထိုသူ့အနီးသို့သွား၍ ရပ်ပြီးလျှင် "ဘာ အလိုရှိပါတုံး ဘုရား"ဟု မေးမှ အလိုရှိရာ ပြောခြင်းသည် အပ်၏။ ထိုသို့ ပြောခြင်း မဟုတ်ဘဲ"ချည်ကိုလှူစမ်းပါ၊ ယက်ကန်း ရက်ပေးစမ်းပါ"စသည်ဖြင့် တောင်းခြင်း ခိုင်းခြင်းကို "မအပ်သောတောင်းခြင်း၊ ခိုင်းခြင်း"ဟု ဆိုလိုသည်။ သုတ္တ အရ "ခေါမ" စသော ချည် ၆ မျိုးနှင့် ထိုချည်တို့ အားလျော်သော ချည်အမျိုးမျိုးတည်း။

**အင်္ဂါ ၃ ပါး**။ ။၁–သင်္ကန်းရက်ရန် တောင်းအပ်သော ချည်ဖြစ်ခြင်း၊ ၂–မိမိအတွက်ဖြစ်ခြင်း၊ ၃–မခိုင်းကောင်းသော (ဉာတိပဝါရိတ မဟုတ်သော) ယက်ကန်းသည်ကို မအပ်သောနည်းဖြင့် ရက်စေခြင်းတည်း။ [ အပ်သော နည်းဖြင့် တောင်းအပ်သောချည်ကို မအပ်သောနည်းဖြင့် ရက်စေမှ နိဿဂ္ဂိထိုက် သည်။ ချည်က ဖြစ်စေ၊ ယက်ကန်းသည်က ဖြစ်စေ တဘက်ဘက်က အပ်နေ သေးလျှင် ဒုက္ကဋ်။]

**မှတ်ချက်**။ ။သင်္ကန်းဟူရာ၌လည်း အဓိဋ္ဌာန်ဝိကပ္ပနာလောက်၍ အလျား တတောင်၊ အနံ တထွာရှိသော အဝတ်တည်း။ အလျား ၂ တောင်၊ အနံ ၂ထွာ ရှိလျှင် နိဿဂ္ဂိ ၂ ချက် စသည်ဖြင့် အတောင်အထွာများလျှင် များသလောက် အာပတ်တိုး၍ တတောင်တထွာ မပြည့်သေးသော သင်္ကန်းသားအတွက် ဒုက္ကဋ် ချည်းဟု မှတ်ပါ။

**[ဆောင်]** တောင်းအပ်သည့်ချည်°, ကိုယ့်ဘို့ရည်သား၊', ရက်သည့်သူ့ကပ်, နည်း မအပ်ဖြင့်, ရက်လတ်စေမူ³, အင် သုံးဆူ, မှတ်ယူ သုတ္တဝိညတ္တိ။

## လေ့ကျင့်ခန်း မေးခွန်းများ

**က**။ အဘယ်သက်န်းကို မိုးရေခံသက်န်း ဟု ခေါ်သနည်း။

**ခ**။ “မာသော သေသော ဂိမှာနံ”စသည်၌ မာသနှင့် အနုမာသတို့ဟူသည် အဘယ်လ၊ အဘယ်ရက်များပါနည်း။

**ဂ**။ ထိုမာသနှင့် အနုမာသတို့ အတွင်း၌သာ ရှာနိုင်၊ ချုပ်ဆိုးနိုင်ပါသလော။

**ဃ**။ မိုးရေခံသက်န်း ရှာရာခေတ်၊ ချုပ်ဆိုးရာခေတ်များကို ပိုင်းခြားပြပါ။

**င**။ မိုးရေခံသက်န်းနှင့်စပ်၍ ပရိယေသနခေတ်စသော ခေတ်ကာလ ၄မျိုးကို ပိုင်းခြားပြပါ။

**စ**။ “ဩရေန စေ၊ ပေ၊ပရိယေသေယျ၊ပေ၊နိဝါသေယျ”တို့၌ ဩရေန ၂မျိုးအရ ယူရမည့်ရက်များကို ခွဲခြားပြပါ။

**ဆ**။ ပိဋ္ဌိသမယ၊ ကုစ္ဆိသမယ ၂ မျိုးကို ခွဲခြားပြပါ။

**ဇ**။ ဝဿိကသာဋိကာကို ရှာမှီးမှုအတွက် အင်္ဂါ ၃ ပါးကို ပြပါ။

**ဈ**။ ဝဿိကသာဋိကာကို ဝတ်မှုအတွက် အင်္ဂါ ၄ ပါးကို ပြပါ။

**ည**။ စီဝရအစ္ဆိန္နက သိက္ခာပုဒ်၏ အင်္ဂါကို ပြပါ။

**ဋ**။ ရဟန်း၏(စီဝရမှတပါး)အခြားပစ္စည်းကို လုယူလျှင် မည်သည့်အာပတ် သင့်သည်ဟု ဆုံးဖြတ်ပါ။

**ဌ**။ သုတ္တဝိညတ္တိ သိက္ခာပုဒ်ဝယ် ဉာတိပဝါရိတ မဟုတ်သူ၏ အထံ၌ မအပ်သော တောင်းနည်းနှင့် အပ်သောတောင်းနည်း ၂ မျိုးကို ခွဲခြား၍ပြပါ။

**ဍ**။ ချည်ကာ ဖြစ်စေ၊ ယက်ကန်းသည်က ဖြစ်စေ တဘက်ဘက်က အပ်နေလျှင် အဘယ်အာပတ် သင့်သနည်း။

**ဎ**။ အလျား တတောင်အထက် အနံ တထွာအထက် ရှည်လျှင် ဘယ်အခါ၌ အဘယ်အာပတ် သင့်သနည်း။

**ဏ**။ ထို သုတ္တဝိညတ္တိ သိက္ခာပုဒ်အရ ရက်စေရာ၌ သက်န်းပြီးမှ အာပတ်သင့်သလော၊ မည်မျှပြီးလျှင် အာပတ်သင့်ပါသနည်း။

၇။ မဟာပေသကာရ သိက္ခာပုဒ် ဘိက္ခုံ ဥဒ္ဒိဿ အညာတကော ဂဟပတိဝါ ဂဟပတာနီဝါ (တတုတ္တရိ သိက္ခာပုဒ် ပြန်ကြည့်၊) တန္တဝါယေတိ - ယက်ကန်းသည်တို့သည်၊ ဝါ- တို့ကို၊ စီဝရံ-သင်္ကန်းကို၊ ဝါယာပေယျ - ရက်စေအံ့၊ တတြ - ထို ရက်ကန်းသည်တို့ ရှာနိုင်ရာသို့၊ သော ဘိက္ခု - ထိုရဟန်းသည်၊ ပုဗ္ဗေ - ရှေး၌၊ အပ္ပဝါရိတော-အလှူရှင်တို့က မဖိတ်အပ်ဘဲ၊ တန္တဝါယေ - ယက်ကန်းသည်တို့သို့၊ ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ(ကိံ)၊ (ဥပက္ခဋသိက္ခာပုဒ် ပြန်ကြည့်။)

အာဝုသော - ဒါယကာတို့၊ ဣဒံ စီဝရံ - ဤသင်္ကန်းကို၊ မံ-ငါ့ကို၊ ဥဒ္ဒိဿ-ရည်စူး၍၊ ဝိယျတိ-ရက်အပ်၏၊ အာယတဉ္စ - အလျား ရှည်သည်ကိုလည်း၊ ကရောထ-ပြုကုန်လော၊ ဝိတ္ထတဉ္စ - အနံ ပြန့်သည်ကိုလည်း၊ ကရောထ လော၊ အပ္ပိတဉ္စ-ပိတ်ပိတ်သဲသဲ တခဲနက်ကိုလည်း၊ ကရောထ-လော၊ သုဝီတဉ္စ-ကောင်းစွာအညီ ရက်အပ်သည်ကိုလည်း၊ ကရောထ-လော၊ သုပ္ပဝါယိတဉ္စ - ကောင်းစွာအညီ ဖြန့် အပ်သည် ကို လည်း၊ ကရောထ-လော၊ သုဝိလေခိတဉ္စ - ကောင်းစွာမှန်မှန် နယ်ဖြင့် ကန်အပ်သည်ကိုလည်း၊ ကရောထ-လော၊ သုဝိတစ္ဆိတဉ္စ - ကောင်းစွာ ဘီးဖြင့် ဖြီးအပ်သည်ကိုလည်း၊ ကရောထ-ပြုကြကုန်လော၊ မယမ္ပိ - ငါတို့သည် လည်း၊ အာယသ္မန္တာနံ-ဒါယကာတို့အား၊ ကိဉ္စိမတ္တံ-စိုးစဉ်း အနည်း ငယ်မျှကို၊ အပ္ပေဝနာမ အနုပ ဒဇ္ဇေယျာမ-နောက်ထပ် ပေးနိုင်ကုန်တန် ရာ၏၊ ဣတိ-ဤသို့ စီမံအံ့။

× × × × ×

**၇။ မဟာပေသကာရ။** ။ပေသကာရနှင့် တန္တဝါယသည် "ယက်ကန်း သည်"ဟူသော အနက်ဟောချင်း တူ၏။ ရှေ့သိက္ခာပုဒ်လည်း ယက်ကန်းသည် နှင့်စပ်။ ဤသိက္ခာပုဒ်လည်းယက်ကန်းသည်နှင့်စပ်ရာဝယ် ဤသိက္ခာပုဒ်က ကျယ် သောကြောင့် "မဟာပေသကာရ"ဟု နာမည်တပ်သည်။ "သင်္ကန်း လှူမည့် အလှူရှင်က မဖိတ်ဘဲ ယက်ကန်းသည်ထံ သွားလျက် နဂို ရည်မှန်းထားသော ချည်ထက် ပိုလွန်အောင် စီမံခြင်းကြောင့် ထိုသင်္ကန်း နိသဂ္ဂိထိုက်၏။

**ဣဒံ ခေါ၊ ပေ၊ အနုပဒဇ္ဇေယျာမ။** ။ဤဝါကျကား ရဟန်း၏ စီမံပုံ အခြင်းအရာကိုပြသော ဝါကျတည်း။ဤသင်္ကန်းသည် ငါ့ကိုရည်စူး၍ ရက်အပ် သော သင်္ကန်းတည်း။ထို့ကြောင့် အလျား ရှည်ရှည်၊ အနံပြန့်ပြန့်၊ ပိတ်ပိတ်သဲသဲ၊

**ဝေဠ–ဤသို့လျှင်၊ သော ဘိက္ခု- ထိုရဟန်းသည်၊ ဝတွာ-ပြောဆိုပြီး၍၊ ကိဥ္စိမတ္တံ-စိုးစဉ်းအနည်းငယ်မျှကို၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ ပိဏ္ဍပါတမတ္တံပိ-ဆွမ်းမျှကိုလည်း၊ အနုပဒဇ္ဇေယျ-နောက်ထပ်ပေးအံ့၊ တဿ ဘိက္ခုနော နိဿဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။**

× × × × ×

တခဲနက်ဖြစ်အောင် ရက်ပါ၊ ညီညီလည်း ရက်ပါ၊ ယက်ကန်းစင်ပေါ်၌ ဖြန့်သည့်အခါလည်း ညီညီညွတ်ညွတ် ဖြန့်ပါ၊ နယ်ဖြင့်လည်း ကောင်းစွာ ကန်ပါ၊ ဘီးဖြင့်လည်း ကောင်းစွာဖြီးပါ၊ ငါတို့ကလည်း ဒကာတို့အား နဲနဲပါးပါး လက်ခ ထပ်၍ ပေးနိုင်ကောင်းပါရဲ့ ဟူ၍။ ဤသို့ ပြောဆို စီမံရာ၌ အလျားရှည်မှု၊ အနံပြန့်မှု၊ ပိတ်ပိတ်သဲသဲ ဖြစ်မှုတို့အတွက် နဂိုရည်မှန်းအပ်သော ချည်ထက် ပို၍ ချည်ကုန်ဘွယ်ရှိ၏။ ထိုသို့ ချည်ကုန်သည့်အတွက် နိဿဂ္ဂိဖြစ်ရသည်။ ရဟန်းက ဆွမ်း အစရှိသော ယက်ကန်းလက်ခကို ထပ်၍ ပေးမှုကြောင့် နိဿဂ္ဂိ ဖြစ်သည် မဟုတ်၊ နောက်ဆပ် မပေးစေကာမူ ချည်ပို၍ ကုန်လျှင် နိဿဂ္ဂိထိုက်သည်ပင်။

**မှတ်ချက်။** ။“အပ္ပိတ” အရ “ထူထဲ”ဟု ပေးကြ၏။ ထူခြင်းကား အကောင်းမဟုတ်၊ အသား ကျစ်၍ ပိတ်ပိတ်သဲသဲ ရှိခြင်းသာ ကောင်းသည်။ ယက်ကန်း ရက်သည့်အခါ ပြုပြင်အပ်ပြီးသော ချည်ကို ယက်ကန်းစင်ပေါ်၌ ဖြန့်ရသည်။ ၎င်းကို ပါဠိလို “ပဝါယိတ” ဟု ခေါ်၏။ ထိုသို့ ဖြန့်ပြီးနောက် ရက်သည့်အခါ ရက်အပ်ပြီးသော ယက်ကန်းသားတို့ကို အတွင်းသို့ မကျုံ့ဝင်စေခြင်းငှာ အဖျား၌ အချွန်ကလေး တခုစီ တပ်အပ်သော ဒုတ် ၂ ချောင်းကို ကန့်လန့်ကြက်ခြေဖြစ်စေ၊ လေးကိုင်းကဲ့သို့ဖြစ်စေ ထား၍ သံချွန်ကလေးများကို ယက်ကန်းသားအနား၌ ထိုးထားပြီးလျှင် တွန်းကန် ပေးရသည်။ ထို သံချွန်ဒုတ် ၂ ချောင်းကို ပါဠိလို “လေခနီ = ယက်ကန်းသား အနားကို ခြစ်ထားကြောင်းဒုတ်”ဟု ခေါ်၍ မြန်မာလို “နယ်”ဟု ခေါ်၏။ [အနုပဒဇ္ဇေယျာမဌ် အနက်ကား “နောက်ထပ်” အနက်ဟောသည်း။ အခပ္ပေနာမကား “သံသယ= ပေးဘို့ရန် မသေချာခြင်း” အနက်ဟောတည်း။]

**အင်္ဂါ ၄ ပါး။** ။၁–ဉာတိပဝါရိတမဟုတ်သော အသူ့ရှင်တို့ အရက်ခိုင်းအပ်သော ယက်ကန်းသည်ထံ ချဉ်းကပ်၍ ပိုလွန်အောင် စီမံခြင်း ၂–မိမိဘို့ဖြစ်ခြင်း၊ ၃–စီမံမှုကြောင့် ချည်ပိုကုန်ခြင်း၊ ၄–သင်္ကန်းရခြင်း ၄ ပါးတည်း။

[**ဆောင်**] ပဝါရိနှင့်, ဉာတိမဟူ, ထိုသူခိုင်းအပ်, ရက်သူ့ကပ်၍, ထူးမြတ်စေမှု, စီမံပြု၏¹, မိမိဘို့ပင်², ချည်ပိုကုန်လျှင်³, ရရှိခြင်း⁴ဟု, ကြောင်းရင်း ပေးဖြာ, အင်ညီညာ, မဟာဒေသ သင့်။

၈။ အစ္စေကစီဝရ သိက္ခာပုဒ်

ဒသာဟာနာဂတံ–ဆယ်ရက်သည် မရောက်အပ်သေးသော၊ ကတ္တိကတေမာသိက ပုဏ္ဏမံ – သီတင်းကျွတ်လပြည့်နေ့၌၊ ဘိက္ခုနော–ရဟန်း၏၊ (ဝါ–ရဟန်းတို့၊) အစ္စေကာစီဝရံ–အဆောတလျင်သင်္ကန်းသည်၊ ဥပ္ပဇ္ဇေယျ–ဖြစ်အံ့၊ အစ္စေကံ–အဆောတလျင်သင်္ကန်း ဟူ၍၊ မညမာနေန–သိသော၊ ဘိက္ခုနာ–ရဟန်းသည်၊ ပဋိဂ္ဂဟေတဗ္ဗံ–ခံယူအပ် ခံယူနိုင်၏၊ ပဋိဂ္ဂဟေတွာ–ခံယူပြီး၍၊ ယာဝ စီဝရကာလ သမယံ – သင်္ကန်းကာလ သမယ ကုန်အောင်၊ နိက္ခိပိတဗ္ဗံ–ထားအပ် ထားနိုင်၏၊ တတော – ထိုသင်္ကန်း ကာလထက်၊ ဥတ္တရိ – အလွန်၊ စေ နိက္ခိပေယျ – အကယ်၍ ထားအံ့၊ တဿ ဘိက္ခုနော - ၏၊ (တံ စီဝရံ-ကို၊) နိဿဂ္ဂိယံ - စွန့်အပ် စွန့်ထိုက်၏၊ ပါစိတ္တိယံ-သည်လည်း၊ ဟောတိ။

× × × × ×

**၈။ အစ္စေကစီဝရ။** ။ဤ သိက္ခာပုဒ်ကား "သီတင်းကျွတ်လ မပြည့်မီ ၁၀ ရက်အတွင်း၌ အစ္စေကသင်္ကန်းရလျှင် ထိုသင်္ကန်းကို အစ္စေက သင်္ကန်းဟု သိသော ရဟန်းသည် ခံယူနိုင်ကြောင်း၊ ခံယူပြီးနောက် သင်္ကန်းကာလ ကုန်အောင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားနိုင်ကြောင်းကိုင်း၊ ထို့ထက် အလွန် အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲထားလျှင် နိသဂ္ဂိပါစိတ် ဟုင်း ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။ သင်္ကန်း လှူရိုးလှူစဉ်ဖြစ်သော သီတင်းကျွတ် လပြည့်ကျော်သို့ မရောက်သေးခင် အရေးတကြီး လှူအပ်သောကြောင့် "အစ္စေက သင်္ကန်း"ဟု ခေါ်သည်။

**ဒသာဟ၊ ပေ၊ ပုဏ္ဏမံ။** ။ဒသာဟ=ဆယ်ရက် + အနာဂတ = မရောက်အပ်သေး၊ ကတ္တိက=ပထမ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သော+တေမာသိက= မိုး ၃ လနှင့်ယှဉ်သော (မိုး ၃ လ အဆုံးဖြစ်သော) + ပုဏ္ဏမာ = လပြည့်နေ့၊ (သီတင်းကျွတ် လပြည့်နေ့ ဟူလို၊) "ဆယ်ရက်သည် မရောက်အပ်သေးသော သီတင်းကျွတ်လပြည့်" ဟူရာ၌ လပြည့်ဘို့ရန် လိုသေးသော သီတင်းကျွတ် လဆန်း ၅ ရက်မှ ၁၄ ရက် အထိတည်း။

**မှတ်ချက်။** ။ဤ "ဒသာဟာနာဂတံ ကတ္တိကတေမာသိက ပုဏ္ဏမံ" တို့၌ ဒုတိယဝိဘတ်ကို သတ္တမီအနက်မှာ သက်ဟု ဆို၏။ သို့သော် ရိုးရိုး သတ္တမီ မဟုတ်၊ အစ္စန္တသံယောဂ သဘော ပါသော သတ္တမီတည်း။ ထို့ကြောင့် "သီတင်းကျွတ် လပြည့် မတိုင်မီ ဆယ်ရက်ပတ်လုံး၌ အစ္စေကသင်္ကန်း ဖြစ်ပေါ်လာအံ့"ဟု ဆိုလိုသည်ဟု မှတ်ပါ။

**အစ္စေကစီဝရံ**။ ။၁–ခရီးသွားမည့်သူ၊ ၂–ကိုယ်ဝန်ရှိသူ၊ ၃–မကျန်းမာသူ၊ ၄–တရားနာရခြင်းစသည်ကြောင့် ရတ်တရက်သဒ္ဓါဖြစ်သူ၊ ဤအလှူ့ရှင်များတွင် ရှေ့ ၃ မျိုးက အသက်အတွက် စိုးရိမ်ခြင်းစသည်ကြောင့်၊ နောက်ဆုံးတမျိုးက ထူးခြားစွာဖြစ်ပေါ်လာသော သဒ္ဓါတရားကြောင့် အရေးတကြီးပင့်၍ဖြစ်စေ၊ ရဟန်းအထံသို့ ကိုယ်တိုင် လာ၍ဖြစ်စေ "ဝဿာဝါသိကံ ဒမ္မိ=ဝါဆိုသင်္ကန်း လှူပါ၏"ဟု လျှောက်၍ လှူအပ်သော သင်္ကန်းကို"အစ္စေကသင်္ကန်း"ဟု ခေါ်သည်။

[ဆောင်] ခရီးသွားမည်, ဂဗ္ဘိနီနှင့်, မအီ မကျန်း, သဒ္ဓါစွမ်းကြောင့်,
ရဟန်းထံရင်း, ရှတ်ချင်းပင့်ကာ, လာတန်လာ၍,ဝဿာဝါသိ,
ဒဿာမိဟု, ဆိုဘိလှူဒါန်း, ထိုသင်္ကန်း, ခေါ်မှန်း အစ္စေက။

**ဥပ္ပဇ္ဇေယျ**။ ။ဝါတွင်း၌ ဝါကပ်နေသော သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်အားဝဿာဝါသိက သင်္ကန်းလှူလျှင် သံဃာမှ၊ သို့မဟုတ် ဂိုဏ်းမှ ဝေစုရ၍ ဖြစ်စေ၊ မိမိအား တိုက်ရိုက်လှူသည်ဖြစ်စေ တနည်းနည်းဖြင့် ရခြင်းကို "ဥပ္ပဇ္ဇေယျ" ဟု ဆိုသည်၊ ထိုသို့ ရရာ၌ သီတင်းကျွတ်လဆန်း ၅ ရက် မတိုင်မီ ရအပ်သော သင်္ကန်းအတွက် ဤသိက္ခာပုဒ်က အထူး လွတ်လပ်ခွင့် မပေးနိုင်၊ (ပဌမကထိန သိက္ခာပုဒ်အရ) ဆယ်ရက် မလွန်ခင် အဓိဋ္ဌာန်ဝိကပ္ပနာ တခုခု ပြုထားရမည်။ သီတင်းကျွတ်လဆန်း ၅ ရက်နေ့၌ ရအပ်သော အစ္စေက သင်္ကန်းအတွက်သာ ဤသိက္ခာပုဒ်အရ လွတ်လပ်ခွင့် တရက် ပိုရသည်။

**ထင်ရှားစေအံ့**—၅ ရက်နေ့ရအပ်သော သင်္ကန်းသည် ၆ ရက် တအရုဏ်စသည်ဖြင့်တွက်လျှင် လပြည့်နေ့၌ ၁၀ အရုဏ်ရနေပြီ။ ထို လပြည့်နေ့ည အရုဏ်တက်လျှင် ၁၁ အရုဏ်မြောက် ဖြစ်၍ အခြားသင်္ကန်း တုံးစံအတိုင်း ဆိုသော် နိသဂ္ဂိထိုက်ရတော့မည်။ သို့သော် (ဤသိက္ခာပုဒ်၏ ခွင့်ပြုချက်အရ) နိသဂ္ဂိ မထိုက်။

**ဆက်ဦးအံ့** — ထို သီတင်းကျွတ်လဆန်း ၅ ရက်နေ့၌ ဝဿာဝါသိက သင်္ကန်းကိုပင် ရစေကာမူ အစ္စေကမဟုတ်ဘဲ ဖြေးဖြေးသက်သာ ရိုးရာလှူနေကျ လှူဒါန်းအပ်သော သင်္ကန်းဖြစ်လျှင် ဤ အစောင့်အရှောက် မရ၊ လပြည့်နေ့ည အရုဏ်တက်လျှင် နိသဂ္ဂိဖြစ်မည်။ လဆန်း ၆ ရက်မှ စ၍ရသော သင်္ကန်းများကား အစ္စေကသင်္ကန်း ဟုတ်ဟုတ်-မဟုတ်ဟုတ် ၁၁ ရက်မြောက် အရုဏ်မှာ သင်္ကန်းထားခွင့်ရသော ကာလ၌ အရုဏ်တက်သောကြောင့် နိသဂ္ဂိ မဖြစ်နိုင်။ ထို့ကြောင့် ဤသိက္ခာပုဒ်သည် ပဌမ ကထိနသိက္ခာပုဒ် ခွင့်ပြုချက်ထက် လဆန်း ၅ ရက်နေ့ရသော သင်္ကန်းအတွက် တရက်ပို၍ ထားခွင့်ရသောကြောင့် ပဌမကထိန သိက္ခာပုဒ်၏ အနုပညတ်သဘွယ် ဖြစ်သည်ဟု ဆိုကြသည်။

**စိဝရကာလ သမယ**။ ။ကာလသဒ္ဒါ၏ အနက်များစွာတွင် ဤနေရာ၌ "အခါ"ဟူသော အနက်ကို ယူစေလို၍ သမယဟု ထပ်ဆိုသည်။ ထို "သင်္ကန်း အခါ" ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်း လပြည့်အထိ တလ၊ ကထိန်ခင်းလျှင် တပေါင်း လပြည့်အထိ ၅ လတည်း။

**မှတ်ချက်**။ ။"ဝဿာဝါသိက" ပုဒ်၏ အနက်ကို "ဝါဆိုသင်္ကန်း" ဟု ပြန်ကြ၏။ ယခုကာလ၌လည်း ဝါမဆိုခင် "ဝါဆိုသင်္ကန်း" ဟု ခေါ်လျက် သင်္ကန်းလှူကြ၏။ကျမ်းဂန်လာ ဝဿာဝါသိကသင်္ကန်းကား ဝါတွင်း၌ ဝါကပ် နေသော ရဟန်းသံဃာအား လှူအပ်သောသင်္ကန်းဖြစ်သည်။ ထိုဝဿာဝါသိက စီဝရသည် အစ္စေကစိဝရ၊ အစ္စေက မဟုတ်သော စီဝရဟု ၂ မျိုးရှိရာ ဝဿာ ဝါသိက ဖြစ်သော်လည်း အစ္စေက မဟုတ်လျှင်၊ အစ္စေက ဟုတ်သော်လည်း ဝဿာဝါသိက မဟုတ်လျှင်၊ ထို ၂ မျိုးလုံး ဟုတ်စေကာမူ သီတင်းကျွတ်လဆန်း ၅ ရက်မှ လပြည့်အတွင်း မဟုတ်လျှင် ဤသိက္ခာပုဒ်နှင့် မဆိုင်။

**အင်္ဂါ ၄ ပါး**။ ။၁-ဇာတ်ပမာဏလောက်သော စီဝရ၏ မိမိပိုင်ဖြစ်ခြင်း၊ ၂-သီတင်းကျွတ်လပြည့် မတိုင်မီ ၁၀ ရက်အတွင်း၌ ရခြင်း၊ ၃ - အဓိဋ္ဌာန် ဝိကပ္ပနာ မပြုအပ်ခြင်း၊ ၄-စီဝရကာလကို လွန်အောင်ထားခြင်း၊ အင်္ဂါ ၄ ပါး စုံလျှင် နိသဂ္ဂိယပါစိတ်။

**[ဆောင်]** ဇာတ်ပမာဏ, လောက်ငလေရာ, ကိုယ့်ဟာဖြစ်ခြင်း^၁, သီတင်းလ မပြည့်, ဆယ်ရက်၏လျှင်း, ထိုအတွင်းရမှန်^၂, ဓိဋ္ဌာန်ဝိကပ်, မပြု အပ်ဘဲ^၃, လွန်ကဲလေရာ, သင်္ကန်းခါ^၄ ဟု, အင်္ဂါလေးလီ, စုံပြည့် ညီ, သင့်ပြီ အစ္စေက။

## လေ့ကျင့်ခန်း မေးခွန်းများ

**က**။ မဟာပေသကာရ သိက္ခာပုဒ်၌ ရဟန်း၏ စီမံပုံ ဝါကျကို ထုတ်ပြပါ။

**ခ** ။ မဟာပေသကာရ သိက္ခာပုဒ်၌ ရဟန်းက ဆွမ်း စသည် ပေးသည့်အတွက် နိသဂ္ဂိထိုက်ရသလော၊ ဘာ့ကြောင့် ထိုက်ပါသနည်း။

**ဂ** ။ အစ္စေက စီဝရဟူသည် မည်ကဲ့သို့သော စီဝရပါနည်း။

**ဃ**။ အစ္စေကသင်္ကန်းမဟုတ်သော ဝဿာဝါသိက သင်္ကန်းများကို ပြပါ။

**င** ။ သီတင်းကျွတ်လဆန်း ၅ရက်မတိုင်မီရအပ်သော အစ္စေကစီဝရများသည် ဤသိက္ခာပုဒ်အရ ၁၁ ရက် အစောင့်အရှောက် ရနိုင်မည်လော၊မရလျှင် အဘယ် သိက္ခာပုဒ်အတိုင်း ကျင့်ရမည်နည်း။

၉။ သာသက်သိက္ခာပုဒ်

ဉပဝဿံ — ဝါဆိုလည်းကာပ် မကျိုးပြတ်အောင် နေလတ်ပြီး၍၊ ကတ္တိကပုဏ္ဏမံ — တန်ဆောင်မုန်းလပြည့်ဘိုင်အောင်၊ သာသာက်သမ္မတာနိ - ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော၊ သပ္ပဋိဘယာနိ - ဘေးရန်နှင့် တကွဖြစ်ကုန်သော၊ အာရညကာနိ - တောရ ဖြစ်ကုန်သော၊ ယာနိ တာနိ သေနာသနာနိ - အကြင် ကျောင်းတို့သည်၊ (သန္တိ-ရှိကုန်၏၊) တထာရူပေသု - ထိုသို့ သဘောရှိကုန်သော၊ သေနာသနေသု - ကျောင်းတို့၌၊ ဝိဟရန္တော - နေသော၊ ဘိက္ခု - သည်၊ အာကင်္ခမာနော - ထားလိုလတ်သော်၊ တိဏ္ဏံ - ၃ ထည်ကုန်သော၊ စီဝရာနံ - သင်္ကန်းတို့တွင်၊ အညတရံ - တထည်သည်ထည်သော၊ စီဝရံ-ကို၊ အန္တရဃရေ - ရွာတွင်း၌၊ နိက္ခိပေယျ - ထားနိုင်၏။

စ-ထားနိုင်ရုံသာ မကသေး၊ တဿ ဘိက္ခုနော - ထိုရဟန်း၏၊ တေန စီဝရေန - ထိုသင်္ကန်းနှင့်၊ ဝိပ္ပဝါသာယ- ကင်း၍ နေခြင်းငှာ၊ ကောစိ ဒေဝ - တစုံတခုသောလျှော်ဖြစ်သော၊ ပစ္စယော - အကြောင်းသည်၊ သိယာ - ရှိအံ့၊ ဆာရတ္တ ပရမံ — ၆ ညဉ့်အလွန် အပိုင်းအခြားရှိသော ကာလ

× × × × ×

၉။ **သာသက်**။ ။တောကျောင်း ဖြစ်စေ၊ ရွာကျောင်း ဖြစ်စေ ပုရိမဝါကပ်၍ မကျိုး မပြတ် နေပြီးနောက် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးလျှင် သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ တလလုံးလုံး သာသက်သပ္ပဋိဘယ ဖြစ်သော တောကျောင်း၌နေသော ရဟန်းသည် သင်္ကန်း ၃ ထည်တွင် တထည်ထည်ကို အနီးအပါး ဆွမ်းခံရွာ၌ ထားသိုလျှင် ထားနိုင်၏။ (ထို သင်္ကန်းနှင့် တလလုံးလုံး ညဉ့်ကင်းနေသော်လည်း အနီးအပါး ဆွမ်းခံရွာမှာပင် သင်္ကန်းရှိသောကြောင့် ညဉ့်ကင်းရာ မရောက်၊ နိဿဂ္ဂိ မထိုက် ဟူလို။)

ထို့ပြင် ထို နေမြဲ တောကျောင်းမှ အခြားကျောင်းသို့ ကိစ္စရှိ၍ သွားရသည့်အတွက် ထိုသင်္ကန်းနှင့် လုံးလုံးကင်းနေခွင့် ကြုံပြန်လျှင် ၆ညဉ့်အထိ ကင်းနေခွင့်ရ၏။ သမ္မုတိရသူ မဟုတ်ဘဲ ထို ၆ ညဉ့်ထက် ပို၍ ကင်း မနေရ၊ ကင်းနေလျှင် နိဿဂ္ဂိထိုက်သည်။

**ဉပဝဿံ**။ ။"ဉပဝဿ" ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ "ဉပဝဿံ" ဟု ဖြစ်နေသည်။ ဉပသဒ္ဒါသည် "ကပ်ရောက်ခြင်း (ဝါကပ်ခြင်း)" အနက်ရှိ၍

ပတ်လုံး၊ တေန ဘိက္ခုနာ-ထိုရဟန်းသည်၊ တေန စီဝရေန-ထိုသင်္ကန်းနှင့် ဝိပ္ပဝသိတဗ္ဗံ - ကင်း၍နေနိုင်၏၊ ဘိက္ခု သမ္မုတိယာ—ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ-ကြဉ်၍၊ တတော-ထို ၆ ညဉ့်ထက်၊ ဥတ္တရိ-အလွန်၊ စေ ဝိပ္ပဝသေယျ-အကယ်၍ ကင်းနေအံ့၊ တဿ ဘိက္ခုနော နိသဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။

× × × × ×

ဝဿံဝုတ္ထ ဝသဓာတ် တွာပစ္စည်းသည် "နေပြီး (ဝါကျွတ်ပြီး)၍"ဟု အနက်ရှိ၏။ "ဝါသို့လည်း ကပ်သည်၊ ဝါမကျိုးအောင်လည်း နေပြီး ဖြစ်သည်"ဟု ဆိုလိုသည်။ [ဤ "ဥပဝဿံ"ပုဒ်ကို "တထာရူပေသု သေနာသနေသု ဝိဟရန္တော" ၌ စပ်။ "ဝါကပ်၍ ဝါကျွတ်ပြီးနောက် ထိုတောကျောင်း၌၊ တန်ဆောင်မုန်းလပြည့်တိုင်အောင် နေသည်"ဟူလို။]

**အာရညကာနိ။** ။"အရညေ-တော၌၊ ဇာတာနိ-ဖြစ်သောကျောင်းတို့" နှင့်အညီ တောကျောင်းကို "အာရညက"ဟု ခေါ်၏။ ထို တောရကျောင်းနှင့်ဆိုင်သော "တော"ဟူသည် ရွာ၏ အကာအရံ စည်းရိုး၊ သို့မဟုတ် အရံဖြစ်ထိုက်ရာ ခဲတပစ်အရပ်မှ စ၍ ညို့တင်အပ်ပြီးသော လေးဖြင့် တိုင်းတာလျှင် အနီးဆုံး အပြန်ငါးရာ ကွာဝေးသော တောတည်း။ [လေးဆရာတို့ ကိုင်နေကျလေးသည် ၄ တောင်နှင့် တထွာရှိ၍ ညို့တင်လိုက်သည့်အခါ ၄ တောင်ရှိ၏။ ညို့တင်ပြီးလေးဖြင့် တိုင်းတာရမည် ဖြစ်သောကြောင့် လေးအပြန်ငါးရာဆိုလျှင် "အတောင်ပေါင်း ၂၀၀၀ (နှစ်ထောင်)ဝေးသည်"ဟု မှတ်ပါ။]

**သာသင်္က သမ္မတာနိ။** ။[သ = ရှိသည် + အာသင်္က = ယုံမှားဘွယ်၊ သာသင်္က=ယုံမှားဘွယ် ရှိသည်။] ထို တောရကျောင်း၏ အတွင်းမှာ ဖြစ်စေ၊ ကျောင်း၏အနီး ဥပစာမှာ ဖြစ်စေ ခိုးသူတို့ သွားလာ နေထိုင်ရာ အရပ်များကို တွေ့ရသဖြင့် "သင်္ကန်း အပိုကိုလည်း ထို ခိုးသူတို့ ခိုးယူချင် ခိုးယူလိမ့်မည်" ဟု ယုံမှား သံသယ ဖြစ်ဘွယ်ရှိသော ကျောင်းဟု သမုတ်ထားအပ်သည်။

**သပ္ပဋိဘယာနိ။** ။[သ = ရှိသည် + ပဋိဘယ = ဘေးရန်။] ခိုးသူတို့ ရိုက်နှက် ပုတ်ခတ် သတ်ဖြတ် လုယူထားအပ်ရာ နေရာကို တွေ့ရသဖြင့် ဘေးအန္တရာယ် မကင်းသော ကျောင်းဖြစ်သည်။

**အညတရံ စီဝရံ အန္တရဃရေ နိက္ခိပေယျ။** ။ထိုသို့ သာသင်္ကသပ္ပဋိဘယဖြစ်သော တောရကျောင်းများဝယ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ စ၍ တန်ဆောင်မုန်းလပြည့်အထိ နေရသော ရဟန်းသည် အပိုသင်္ကန်း တထည်ကို (ခိုးသူအတွက် စိုးရိမ်ရ၍) ရွာတွင်း၌ ထားလိုလျှင် အနီးအပါးရှိ ဆွမ်းခံရွာအများတွင် မိမိနှစ်သက်ရာ ရွာ၌ ထားနိုင်သည်။

**အန္တရဃရေ**။ ။"အန္တရဃရာနိ ဧတ္တ ဧတဿာတိ ဝါ အန္တရဃရော၊ ဧတ္ထ-ဤရွာ၌၊ ဝါ-တနည်း၊ ဧတဿ-ဤရွာ၏၊ အန္တရေ-လမ်းတို့၏အကြား၌၊ ဃရာနိ-အိမ်တို့သည်၊ သန္တိ-ရှိကုန်၏၊ ဣတိ အန္တရဃရော" အရ လမ်းတို့၏ အကြား၌ အိမ်ရှိသော ရွာကို "အန္တရဃရ"ဟု ခေါ်၏။

**ဆက်ဦးအံ့**—(မြန်မာနိုင်ငံ အချို့အရပ်၌ "ပန်းထိုးကာလ" ခေါ်သော တန်ဆောင်မုန်း လပြည့်ဝယ် အပျော်ခိုးတမ်း ကစားကြသကဲ့သို့) ထို့အတူ သီဘင်းကျွတ် လပြည့်ကျော်မှ တန်ဆောင်မုန်း လပြည့် အတွင်းဝယ် "ကတ္တိက စောရ"ဟု ခေါ်အပ်သော အပျော်တမ်း သူခိုးတွေ အလွန် ပေါများသတတ်။ ထို့ကြောင့် ထိုကာလအတွင်း၌ သင်္ကန်းကို ဆွမ်းခံရာ ရွာတွင်း၌ထား၍ ညဥ့် ကင်းခွင့် ပေးတော်မူသည်။

**မှတ်ချက်**။ ။ထိုသို့ ညဥ့်ကင်းနေသော်လည်း မိမိသင်္ကန်း ပျောက်ပျက် သည်၊ မပျောက်ပျက်သည်ကိုကား နေ့စဉ် သိတို့ အရေးကြီးသောကြောင့် မိမိ ဆွမ်းခံနေကျ ရွာ၌သာ ထားခွင့်ပြုတော်မူသည်။ထို့ကြောင့် ထိုသင်္ကန်းထားခွင့် ရသော ရွာသည် တောကျောင်းအင်္ဂါနှင့် ပြည့်စုံအောင် လေး အပြန်ငါးရာ အောက်လည်း မနီးစေရ၊ ဆွမ်းခံသွားနိုင် ပြန်နိုင်လောက်အောင် တဂါဝုတ် ထက်လည်း မဝေးစေရ။

**သင်္ကန်းထားခွင့် အင်္ဂါ**။ ။၁ – "ဥပဝဿံ"အရ ပုရိမဝါ ကျွတ်သူ ဖြစ်ခြင်း၊ ၂–"ကတ္တိကပုဏ္ဏမံ" အရ တန်ဆောင်မုန်းလဖြစ်ခြင်း၊ ၃–"အာရညကာနိ"အရ လေး အပြန်ငါးရာထက် မနီးသော တောရကျောင်း ဖြစ်ခြင်း၊ ၄–"သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ"အရ သာသင်္ကသပ္ပဋိဘယ ဖြစ်ခြင်း၊ အင်္ဂါ ၄ ပါး စုံမှ ရွာတွင်း၌ သင်္ကန်းထား၍ ထိုသင်္ကန်းနှင့် ညဥ့်ကင်းနေခွင့် ရသည်။

**မှတ်ချက်**။ ။သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့် အထိ "ကတ္တိကမာသ = တန်ဆောင်မုန်းလ" ဟု ခေါ်သည်။ မဇ္ဈိမဒေသ ထုံးစံမှာ ကောင်းကင်က လ ပြည့်လျှင် ခေါ်ဝေါ်နေကျ ဝေါဟာရမာသလည်း ပြည့်တော့သည်။ ထို တန်ဆောင်မုန်းလပြည့် အထိသာ ဤ သိက္ခာပုဒ် အရ သင်္ကန်းထားခွင့်ရသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစ၍ ထားခွင့် မရတော့ပြီ။

[ဆောင်] ဝါပုရိမ, ကျွတ်ပြီးမှလျှင်၊ လ တန်ဆောင်မုန်း၊ နည်းထုံး ကျနု တောရကျောင်းတွင်၊ သာသင်သပ္ပဋိ၊ လေးအင်ပြည့်မှ, မိမိ ဆွမ်းခံ, ရပ်ရွာထံ, ထားရန် ခွင့်ပြုသည်။

**မှတ်ချက်။** ။သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ သက်န်းကာလ ဖြစ်၏။ ထို သက်န်းကာလ၌ပင် သက်န်းနှင့် ညဥ့်ကင်းနေခွင့်ကို တောကျောင်း ဘုန်းကြီးများအတွက် သီးခြား ခွင့်ပြုချက်ကို ထောက်၍ အခြား ပုဂ္ဂိုလ်များမှာ ကထိန်နှင့်အာနိသင် မရလျှင် သက်န်းကာလ ဖြစ်စေကာမူ တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သက်န်းနှင့် ညဥ့်မကင်းရဟု မှတ်ပါ။

**သိယာစ၊ ပေ၊ ဝိပ္ပဝသိတဗ္ဗံ။** ။ဤဝါကျကား "ထို တလလုံးလုံး နေရာတောကျောင်းမှ အခြားကျောင်းသို့ ကိစ္စရှိ၍ ညဥ့်အိပ်သွားရသဖြင့် ထိုသက်န်းနှင့် ကင်းနေခွင့် ကြုံလျှင် ၆ ညဥ့်အထိ ကင်းနေနိုင်သေးကြောင်းကို" ပြသော ဝါကျတည်း။

**တတော စေ ဥတ္တရိ ဝိပ္ပဝသေယျ။** ။ထို ၆ ညဥ့်ထက်ကား အခြားမှာ နေသောအားဖြင့် ညဥ့်မကင်းရတော့ချေ။ မိမိ အမြဲနေရာ တောကျောင်းကို ပြန်နိုင်လျှင် ပြန်လာခဲ့ရမည်။ တောကျောင်းက သက်န်းထားရာ ရွာ၏ အရှေ့ဘက်၌ရှိ၊ ကိစ္စဖြင့် သွားရာအရပ်က ရွာ့အနောက်ဘက်မှာ ရှိရာ ကိစ္စလည်း မပြီးသေးသဖြင့် မူလကျောင်း ရောက်အောင် မပြန်နိုင်သေးသော် သက်န်းထားရာ ရွာသို့ ရောက်ရုံလာ၍ သင့်လျော်သောနေရာဝယ် နေလျက် ၇ ရက်မြောက် အရုဏ်ကို တက်စေကာ မိမိသက်န်း၏ သတင်းကို နားထောင်ပြီးမှ ကိစ္စ မပြီးသေးရာ အရပ်သို့ ပြန်သွားရမည်။ ထိုကဲ့သို့ မတတ်နိုင်လျှင် သက်န်းကို ပစ္စုဒ္ဓိရ်ပြု၍လည်း အာပတ်မသင့်အောင် စီမံနိုင်သေး၏။ ထိုသို့မပြုဘဲ သမ္မုတိရသူလည်း မဟုတ်ဘဲ ၇ ရက်မြောက် အရုဏ်ကို အခြားတရပ်မှာ တက်စေလျှင်ကား ထိုသက်န်း နိသဂ္ဂိထိုက်၏။

**အမှာ။** ။သမ္မုတိရပုံကို ဒုတိယကထိန သိက္ခာပုဒ်၌ ပြခဲ့ပြီ။ဤသိက္ခာပုဒ်၏ အဓိပ္ပာယ်မှာ ပါဠိ အဋ္ဌကထာဖြင့် မထင်ရှားသေး၊ ဋီကာများကိုပါ ကြည့်မှ ထင်ရှားမည်။

**အင်္ဂါ ၄ ပါး။** ။ဤသိက္ခာပုဒ်လာ အင်္ဂါ ၄ ပါးကား ဒုတိယ ကထိန သိက္ခာပုဒ်၌လာသော ၁– တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သက်န်းဖြစ်ခြင်း၊ ၂– ကထိန် မခင်းခြင်း၊ ၃– အဝိပ္ပဝါသသမ္မုတိ မရခြင်း၊ ဤ ၃ ပါး၏နောက်၌ "ညဥ့်ကင်းခြင်း" ဟူသော စတုတ္ထ အင်္ဂါဝယ် "၆ ညဥ့်ထက် ပို၍ ညဥ့်ကင်းခြင်း" ဟု လဲလှယ် ထည့်သွင်းရုံသာ ထူးသည်။

[ဆောင်] ဒုတိယကထိန, အင်လေးဝတွင်, စတုတ္ထတွက်, ခြောက်ညဥ့်ထက်လျှင်း, ညဥ့်ကင်းခြင်းဟု, လဲလှယ်ပြု, ကြွင်းစု အားလုံးတူ။

၁၀။ ပရိဏတ သိက္ခာပုဒ် ယော ပန ဘိက္ခု - သည်၊ ဇာနံ - သံဃာသို့ ညွတ်ပြီး ဟု သိလျက်၊ သံဃိကံ - သံဃာ့ဥစ္စာ ဖြစ်သော၊ ပရိဏတံ- သံဃာသို့ ညွတ်ပြီးသော၊ လာဘံ - လာဘ်ကို၊ **အတ္တနော** - မိမိ၏ အထံသို့၊ ပရိဏာမေယျ- **ညွတ်စေအံ့၊** ဘဿ ဘိက္ခုနော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁၀။ ပရိဏတ။** ။သံဃာ၌ ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိသို့ ညွတ်စေလျှင် နိဿဂ္ဂိပါစိတ် သင့်၏။ [ဈေးခေတ် စာအုပ်တို့၌ "ညွတ်စေအံ" ဟု ပေးခဲ့၏။ "သံဃဿ နိန္နံ ပေါဏံ ပဗ္ဘာရံ"ဟု ဖွင့်သောကြောင့် သဒ္ဒကတ္တားအနက် ပြင်လိုက်သည်။]

**ဆက်ဦးအံ့။** "လဗ္ဘတိ-ရအပ်၏" ဟူသော ဝိဂြိုဟ်အရ ရအပ် ရထိုက်သော ဆွမ်းစသော ပစ္စည်းနှင့် ဒန်ပူ မြိတ်ဆာချည်မျှင်တိုင်အောင် ပစ္စည်းများကို "လာဘ= လာဘ်"ဟု ခေါ်၏။ ထိုပစ္စည်းများကို "မည်သည့် ကျောင်းတိုက် သံဃာအား လှူမည်၊ သံဃာ့အတွက် ဆောက်လုပ်မည်" စသည်ဖြင့် အလှူရှင်က နှုတ်မြွက် ပြောဘူးလျှင်၊ သို့မဟုတ် လက်ဖြင့် ပြဘူးလျှင် "ပရိဏတ" မည်၏၊ ထိုသို့ နှုတ်မြွက် ပြောဆိုပြီးသည်မှ စ၍ သံဃာ့ထံသို့ မရောက်သေးသော်လည်း "သံဃိက"ဟု ဆိုရတော့သည်။

**ဇာနံ အတ္တနော ပရိဏာမေယျ။** ။ထိုသို့ သံဃာ့ထံ ညွတ်ပြီးသော လာဘ်ဖြစ်နေလျှင် မယ်ဘော့ ပစ္စည်းကိုပင် ဖြစ်စေ မိမိသို့ မညွတ်စေကောင်း ညွတ်စေလျှင် နိဿဂ္ဂိ ထိုက်တော့သည်သာ။

**မှတ်ချက်။** ။သံဃိကလာဘ်ကို အခြား ပုဂ္ဂိုလ်အား ညွတ်စေရာ၌ ပါစိတ် အာပတ် သင့်ကြောင်းကို နောက်၌ပြလိမ့်မည်။ အခြားတိုက် သံဃာသို့ ညွတ်ပြီး လာဘ်ကို အခြားတတိုက် သံဃာသို့ ဖြစ်စေ၊ စေတီသို့ဖြစ်စေ ညွတ်စေလျှင်၎င်း၊ ပုဂ္ဂိုလ်တပါးသို့ ညွတ်ပြီးလာဘ်ကို သံဃာ၊ စေတီနှင့် အခြားပုဂ္ဂိုလ်သို့ ညွတ်စေလျှင်၎င်း ဒုက္ကဋ် အာပတ် သင့်၏။ "မည်သည့် နေရာ၌ လှူသင့်ပါသနည်း" ဟု တိုင်ပင်လာလျှင်ကား မိမိသဘောအတိုင်း ညွှန်ပြကောင်း၏။

**[ဆောင်]** သံဃာ စေတီ, တလီလီဝယ်, ရွယ်ရည်ပိုင်းခြား, ညွတ်ပြီးသားကို, အခြား သံဃာ, စေတီမှာပင်, ပြောင်းကာညွတ်စေ, တထွေပုဂ္ဂိုလ်, ညွတ်ပြီးကိုလည်း, ပုဂ္ဂိုလ်တခြား, သံဃာများနှင့်, ဘုရားစေတီ, ညွတ်စေမိသော်, သင့်၏ ဒုက္ကဋ်, တိုင်ပင်လတ်မူ, သင့်မြတ်တော်ရာ, ညွှန်ကောင်းပါသည်, ကျမ်းလာ မိန့်ခွန်း အချုပ်တည်း။

**နိဂုံးနှင့် အနုသာသန**

အာယသ္မန္တော-တို့၊ တိံသ-သုံးဆယ်သော၊ နိသဂ္ဂိယာ-စွန့်ခြင်း ဝိနည်းကံ ရှိကုန်သော၊ ပါစိတ္တိယာ - ပါစိတ် မည်ကုန်သော၊ ဓမ္မာ-တို့ကို၊ ဥဒ္ဒိဋ္ဌာ - ကုန်ပြီ၊ တတ္ထ-ထို နိသဂ္ဂိယပါစိတ် အာပတ်တို့၌၊ (စသည်ဖြင့် အနက်ဆို၊) ဣတိ – အပြီး တည်း။

**နိသဂ္ဂိယာ-န်သော၊ ပါစိတ္တိယာ-တို့သည်၊ နိဋ္ဌိတာ-န်ပြီ။**

× × · × × ×

**အင်္ဂါ ၃ ပါး။** ။၁–သံဃာ၌ ညွတ်ပြီးဖြစ်ခြင်း၊ ၂–သံဃာ၌ ညွတ်ပြီးမှန်း သိလျက် မိမိသို့ ညွတ်စေခြင်း၊ ၃–ရခြင်းအားဖြင့် အင်္ဂါ ၃ ပါး ရှိသည်။

**[ဆောင်]** သံဃာရည်မှတ်, ညွတ်လတ်ပြီးဘိ[၁], သိလည်း သိလျက်,
မိမိညွတ်စေ[၂], ရရှိလေ[၃], သုံးထွေအင်္ဂ ပရိဏာတ။

**လေ့ကျင့်ခန်း မေးခွန်းများ**

**က**။ သာသက် သိက္ခာပုဒ်၌ မြန်မာလို ဆိုလိုရင်း အချုပ်ကို ပြပါ။

**ခ** ။ ဥပဝဿပုဒ်၏ စပ်ဆိုင်ရာပုဒ်များကို ပြ၍ မြန်မာလို ပြောပြပါ။

**ဂ**။ မည်မျှဝေးသောကျောင်းကို တောရကျောင်းဟု ခေါ်ရသနည်း။ တောရ တိုင်းတာပုံကိုလည်း ပြပါ။

**ဃ**။ ထို တောရကျောင်း၏ သာသက်ဖြစ်ပုံ၊ သပ္ပဋိဘယဖြစ်ပုံကို ခွဲခြားပြပါ။

**င** ။ အဘယ့်ကြောင့် တန်ဆောင်မုန်းလကိုမှ သင်္ကန်းနှင့် ညဥ့်ကင်းခွင့်ပြုတော်မူရသနည်း။

**စ** ။ ရွာတွင်း၌ သင်္ကန်းထားခွင့် အင်္ဂါကို သိက္ခာပုဒ်ပါဠိနှင့် တွဲစပ်ပြပါ။

**ဆ**။ "သိယာစ၊ပေ၊ဝိပ္ပဝသိတဗ္ဗံ"တို့ကား ဘာကို ပြသော ဝါကျတို့ပါနည်း။

**ဇ** ။ ၆ ညဥ့်ထက်ပို၍ အခြားတနေရာ ညဥ့်ကင်းမနေရလျှင် ၇ ညဥ့်မြောက်၌ မူလ တောကျောင်းအရောက် မပြန်နိုင်သူတို့ အာပတ် မသင့်ရအောင် မည်ကဲ့သို့ စီမံခွင့် ရှိသနည်း။

**ဈ** ။ ဒုတိယ ကထိနနှင့် ဤ သာသက်သိက္ခာပုဒ်တို့ အင်္ဂါချင်းထူးပုံကို ပြပါ။

**ဉ** ။ ပရိဏတသိက္ခာပုဒ်၌ အဘယ်ကို "ပရိဏတ" ခေါ်သနည်း။ ညွတ်ရုံသာ ရှိပါသေးလျက် အဘယ့်ကြောင့် "သံဃိက"ဟု ဆိုနိုင်ပါသနည်း။

# သုဒ္ဓပါစိတ် အခန်း

(မုသာဝါဒဝဂ်)

အာယသ္မန္တော - တို့၊ ဒွေ နဝုတိ - ၉၂ ပါးသော၊ ပါစိတ္တိယာ - ပါစိတ် မည်ကုန်သော၊ ဓမ္မာ - တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ-ကုန်၏။

**၁။ မုသာဝါဒ** (ဘိက္ခုနော-ရဟန်း၏၊) သမ္ပဇာနမုသာဝါဒေ - သိလျက် ချွတ်ယွင်းသော **စကားကို ပြောဆိုခြင်း** ကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ **ဟောတိ-ဖြစ်၏။**

× × × × ×

**သုဒ္ဓပါစိတ်**။ ။နိဿဂ္ဂိယသဘောမပါသောကြောင့် "သုဒ္ဓပါစိတ်=ပါစိတ်သက်သက်"ဟု ဆိုသည်။ စိတ္တံ ပါတေတီတိ ပါစိတ္တိယံ၊ စိတ္တံ-ကုသိုလ်စိတ်ကို+ပါတေတိ-ကျစေတတ်၏၊ ဣတိ-ကြောင့်၊ ပါစိတ္တိယံ-မည်၏၊ စေတနာနှင့်တကွ သင့်အပ်သော ပါစိတ်အာပတ် ဖြစ်သောအခါ ကုသိုလ်စိတ် ကွယ်ပျောက်သောကြောင့် "ကုသိုလ်စိတ်ကို ကျစေသော အာပတ်"ဟု ဆိုသည်။

**ဆက်ဦးအံ့**။ ။ပါရာဇိက စသည်တို့လည်း ကုသိုလ်စိတ်ကို ကျစေတတ်သည်ပင်။ သို့သော် ပါရာဇိက စသော နာမည်ထူးကို ရပြီးဖြစ်၍ ဤအာပတ်များကိုသာ ပါစိတ္တိယဟု ခေါ်ရတော့သည်။ [ပါစိတ္တိယ၌ "စိတ္တ+ပါတိယ" ပုဒ်ရင်း၊ ပါတနှင့် စိတ္တကို ရှေ့နောက်ပြန်၊ (တ)ကိုလည်း ချေ၍ "ပါစိတ္တိယ" ဟု ဖြစ်၏။ ပါတိယ၌လည်း ပတဓာတ် ဏျ ပစ္စည်း(က္က)အာဂုံ၊ ဏျ ပစ္စည်းသည် ဟေတုကတ္တား အနက်ဟောတည်း။ (ပရိဝါယောဇနာ)။]

**၁။ မုသာဝါဒ**။ ။လိမ်သည်၍ ပြောခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ဘိက္ခုနောပုဒ်ကို "ရဟန်း၏ မုသားမှန်း" ထင်ရှားအောင် ထည့်ပေးသည်။ ရှေးရှေး သိက္ခာပုဒ်များ၌လည်း "တဿ ဘိက္ခုနော – ထိုရဟန်း၏"ဟု သမ္ဗန်အနက်ကိုချည်း ပေးခဲ့သည်မှာ "ထိုရဟန်း၏+အာပတ်" ဟု သိစေလိုခြင်းကြောင့်တည်း။ ရှေးဆရာတို့က "အား"ဟု သမ္ပဒါန်အနက် ပေးကြသည်ကား "ဟောတိ"၌ စပ်လိုဟန်တူသည်။ သို့သော် "ဟောတိ – အတ္ထိ" ကြိယာတို့ သမ္ပဒါန်ငဲ့ကြောင်းကို သဒ္ဒါကျမ်း၌ အဆိုမရှိပါ။

**ဆက်ဦးအံ့**။ ။ဤဘိက္ခုနောနှင့် သမ္ပဇာနပုဒ်လည်း အနက်အရ တူသောကြောင့် (သိသူလည်း ရဟန်း၊ ရဟန်းလည်း သိသူဖြစ်သောကြောင့်) "သမ္ပဇာနန္တဿ+မုသာဝါဒေ=သမ္ပဇာန မုသာဝါဒေ"ဟု ဆဋ္ဌီတပ္ပုရိသ်ပြု၊ ဇာနန္တ

ဉာဏာတ်၊ ကိယာဒိ နာပစ္စည်း၊ အန္တပစ္စည်းတည်း။ ထို့ကြောင့် "သမ္ပဇာနန္တ မုသာဝါဒေ"ဟု ရှိသင့်လျက် "န္တ" ကို ချေထားသည်။ ဝါဒေ၌ သို့ဝိဘတ်မှာ နိမိတ်အနက်၌ သက်သည်။

**သမ္ပဇာန။** ။မပြောမီ၊ ပြောခါနီးခဏနှင့် ပြောဆဲခဏ၌ အလွဲအမှားကို မိမိက လိမ်ပြောနေကြောင်း သိခြင်း (အမှားကို အမှားမှန်း သိခြင်း)ကို "သမ္ပဇာန" ဟု ဆိုသည်။ တချို့အရာ၌ကား အလွဲကို ပြောဆိုပြုလုပ်နေသော်လည်း ကိုယ်တိုင်ကမူ အမှန်ထင်နေတတ်၏။ ထိုနေရာမျိုး၌ မုသာဝါဒပြစ် မရှိ။

**မုသာဝါဒ။** ။မဟုတ် မမှန်သော ဝတ္ထုကို "မုသာ" ဟု ခေါ်၏။ "မဟုတ်" ဟူရာ၌ ပြောတိုင်း မဟုတ်သည်ကို ဆိုလိုသည်။ ရွှေအစစ်ကို "ရွှေ မဟုတ်" ဟု ပြောဆိုရာ၌ ပြောတိုင်း မဟုတ်သောကြောင့် ထိုရွှေအစစ်သည်ပင် "မုသာ" ဖြစ်ရလေသည်။ ဝါဒသဒ္ဒါသည် "ပြောခြင်း" အနက် ရှိ၏။ ထိုသို့ ပြောခြင်းမျိုးကိုသာ ပြထားရာ၌ ယေဘုယျနည်းတည်း။ လက် စသော ကိုယ် အင်္ဂါဖြင့် လိမ်ခြင်းကိုပါ "ဝါဒ" အရ သွင်းယူရသည်။ ထို့ကြောင့် ကိုယ် နှုတ် တပါးပါးဖြင့် လိမ်ကြောင်း စေတနာကို "မုသာဝါဒ"ဟု မှတ်ပါ။

**အင်္ဂါ ၂ ပါး။** ။၁– အလွဲအမှားကို မှတ်မှားစေလိုခြင်း၊ ၂– မိမိ ပြော အပ်သောအကြောင်းကို တဘက်သား နားလည်အောင် ကိုယ် နှုတ် ပယောဂ တပါးပါးကို ပြုခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။

**[ဆောင်]** လွဲအမှားကို, မှတ်စေလို၍, ပြောဆိုပြုမူ, ကိုယ် နှုတ် ကူပြား, အင်နှစ်ပါး, မုသား ဖြစ်ကြောင်းတည်း။

**မုသားပြစ်များ။** ။၁– ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် စတုတ္ထ ပါရာဇိက၊ ၂– အမူလက ပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်၊ ၃– အမူလက သံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်၊ (ဤ ၃ ပါးကား ဒွေမာတိကာ၌ သိက္ခာပုဒ် တိုက်ရိုက်ရှိ၏။) ၄– အမူလက၊ ထုလ္လစ္စည်း စသော အောက်အာပတ် ၅ ဖုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်၊ ၅– ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြောဘဲ "အကြင်သူသည် မည်သည့်ကျောင်း၌ နေ၏၊ ထိုသူသည် ရဟန္တာတည်း" စသည်ဖြင့် သွယ်ဝိုက်၍ ပြောခြင်းကြောင့် ထုလ္လစ္စည်း၊ ၆– ထိုသို့ သွယ်ဝိုက်ပြောရာ၌ တဘက်သား နားမလည်လျှင် ဒုက္ကဋ်၊ ၇– ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်အားဖြင့် မုသားအတွက် အာပတ် ၇ ချက် သင့်သည်။

**[ဆောင်]** စတုတ္ထ ပါရာ, သံဃာဒိသေသ်, ပါစိတ်ဖြစ်လတ်, ဒုက္ကဋ်– ထုလ္လစ္စည်း, တခင်း ဒုက္ကဋ်, ပါစိတ် ထပ်ပြား, ခုနစ်ပါး, မုသား အပြစ်တည်း။

၂။ **ဩမသဝါဒ** (ဘိက္ခုနေဒ-ရဟန်း၏) ဩမသဝါဒေ - နှုတ်လုံ ထိုးခြင်းကြောင့်၊ ပါစိတ္တိယံ - ပါစိတ် အာပတ်သည်၊ ဟောတိ- ဖြစ်၏။

× × × × ×

**၂။ ဩမသဝါဒ၊** ။ရဟန်းကို ဆဲရေးခြင်းကြောင့် ပါစိတ်အာပတ် သင့်၏၊ ဘိက္ခုနီများနှင့် သာမဏေ လူများကို ဆဲရေးခြင်းကြောင့်ကား ဒုက္ကဋ် အာပတ်သင့်၏။ ထိုသို့ ဆဲရေးသည့်အခါ နားလည်း မခံသာ၊ စိတ်နှလုံးလည်း မခံသာအောင် ရှိရကား လှံဖြင့် ထိုးဆွသကဲ့သို့ ဖြစ်သောကြောင့် ထို ဆဲရေး ကြောင်း စကား (ဆဲဆိုသော စကားလုံး) များကို နှုတ်လှံ (လှံနှင့် တူသော နှုတ်) ဟု ခေါ်သည်။ [ထို စကားလုံးများကို ပြောဆို ဆဲရေးခြင်းသည် လှံဖြင့် ထိုးသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် "ဩမသဝါဒ= နှုတ်လှံထိုးခြင်း" ဟု အနက် ပေးကြသည်။]

**သဒ္ဒတ္ထ၊** ။မသဓာတ်က "ဟိံသာ= ညှဉ်းဆဲခြင်း" အနက်ရှိသောကြောင့် သဒ္ဒါနက်မှာ "ညှဉ်းဆဲ နှိပ်စက်ကြောင်း စကားကို+ ပြောဆိုခြင်းကြောင့်" ဟု ပေးရမည်။ [ပါစိတ်ယောဇနာ၌ကား "မသဓာတ်သည် ဝိဇ္ဈနတ္ထ= ထိုးဆွခြင်း အနက်ရှိ၏" ဟု ဖွင့်လေသည်။]

**ဆဲရေးကြောင်း ဝတ္ထု။** ။လှံကိုင်၍ ထိုးရာ၌ လှံသည် အရာဝတ္ထု ဖြစ်သကဲ့သို့ ထို့အတူ ဆဲရေးရာ၌ အမျိုးကိုင်၍ အမည်ကိုင်၍ ဆဲခြင်း (အမျိုး အမည် စသည်ကို ထိပါးပုတ်ခတ်၍ ဆဲခြင်း) စသည်ဖြင့် ကိုင်တွယ် ထိပါးဘွယ် အရာဝတ္ထုများ ရှိ၏။ ထို အရာဝတ္ထုများကို "အက္ကောသ + ဝတ္ထု = ဆဲရေး ခြင်း၏တည်ရာ+ ဝတ္ထု" ဟု ခေါ်၏။

**ဝတ္ထု ၁၀ ပါး။** ။ထို အက္ကောသဝတ္ထုကား—ဇာတိ = အမျိုးဇာတ်၊ နာမ=နာမည်၊ ဂေါတ္တ= အနွယ်၊ ကမ္မ= သူ၏ အလုပ်အကိုင်၊ သိပ္ပ= အတတ် ပညာ၊ အာဗာဓ= သူ့မှာရှိသော အနာရောဂါ၊ လိင်္ဂ= သူ၏ အချိုးကျ- မကျ သော ပုံသဏ္ဌာန်၊ ကိလေသ= သူ့မှာ ဖြစ်တတ်သော လောဘ ဒေါသ မာန ကြီးသော မစ္ဆရိယ စသည်၊ အာပတ္တိ= သူ့မှာသင့်သော အာပတ်၊ အက္ကောသ= မေထုန်နှင့် စပ်၍ရင်း၊ ယောက်ျား အင်္ဂါဇာတ် မိန်းမအင်္ဂါဇာတ်နှင့် စပ်၍ရင်း၊ ဟဲ့နွား ဟဲ့ခွေး စသည်ဖြင့်ရင်း ဆဲခြင်း ဤသို့လျှင် ပါစိတ်အာပတ် သင့်ဘို့ရာ အက္ကောသဝတ္ထု ၁၀ ပါး ရှိသည်။

[**ဆောင်**] ဇာတိ-နာမ, ဂေါတ္တ-ကမ္မာ, သိပ္ပါဗာဓ, လိင်္ဂ- ကိလေသာ, အာပတ္တာ-အက္ကောသ, ဤဆယ်ဝ, အက္ကောသဝတ္ထုတည်း။

**ဆဲပုံနှင့် အာပတ်အမျိုးမျိုး။** ။တကယ်စိတ်ဆိုး၍ ဒွန်းစဏ္ဍား ဇာတ်ရှိသူကို "ဟဲ့ ဒွန်းစဏ္ဍား"ဟူ၍၊ မင်းဇာတ် ရှိသူကို "ဟဲ့ မင်းမျိုး" ဟူ၍ ဆဲလို၍ ပြောလျှင် ပါစိတ်ပင်တည်း။ ထို အက္ကောသဝတ္ထုများဖြင့်ပင် တိုက်ရိုက်မဆဲဘဲ "ယခုကာလ၌ ဒွန်းစဏ္ဍားများ ရှိတယ်ဟေ့" စသည်ဖြင့် စောင်း၍ ပြောလျှင် ဒုက္ကဋ်အာပတ်။ အက္ကောသဝတ္ထု ၁၀ ပါးမှ အလွတ်ဖြစ်သော "ဟဲ့ သူခိုး"စသည်ဖြင့် ဆဲရာ၌လည်း ဒုက္ကဋ်ပင်။ ထို အက္ကောသဝတ္ထုဖြင့်ပင် ရဟန်းဖြစ်စေ၊ သာမဏေ လူကိုဖြစ်စေ ပြောင်လှောင်၍ "ဟော့....ခတ္တိယကြီးလာပြီကွ" စသည်ဖြင့် ပြောရာ၌ ဒုဗ္ဘာသိတအာပတ် သင့်၏။

**ဒုက္ကဋ။** ။ဒု=မကောင်းသဖြင့်၊ ကတ = ပြုအပ်သော အမှု၊ မကောင်းသဖြင့် ပြုအပ်သော ကိုယ်မှု နှုတ်မှုကို "ဒုက္ကဋ"ဟု ဆိုရသော်လည်း ဤနေရာ၌ မကောင်းသဖြင့် ပြုမှု ပြောမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကိုလည်း (ကာရဏူပစာရအားဖြင့်) "ဒုက္ကဋ"ဟု ခေါ်ရသည်။

**ဒုဗ္ဘာသိတ။** ။ဒု = မကောင်းသဖြင့် + ဘာသိတ = ပြောဆိုအပ်သော စကား။ ထို ပြောမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကို ကာရဏူပစာရအားဖြင့် "ဒုဗ္ဘာသိတ"ဟု ခေါ်ရသည်။ [ကာရဏ=အကြောင်း၏+ဥပစာရ=တင်စားအပ်သော နာမည်။]

**အင်္ဂါ ၄ ပါး။** ။၁-ဆဲရေးအပ်သူ၏ ရဟန်းဖြစ်ခြင်း၊ ၂-အခြားသူကို ညွှန်ပြခြင်း မရှိဘဲ ဇာတ် စသည်ဖြင့် ဆဲခြင်း [ယခုအခါ၌ "ဒွန်းစဏ္ဍားရှိသည်" ဟု ဆိုရာ၌ အခြားသူကို ညွှန်ပြခြင်းဖြစ်၏။ ထိုသို့ မညွှန်ပြဘဲ တိုက်ရိုက်ဆဲခြင်း ဟူလို]၊ ၃-အဆဲခံရသူက သူ့ကို ဆဲမှန်း သိခြင်း၊ ၄-အတ္ထပုရေက္ခာရတာ စသည် မရှိခြင်း၊ ဤ ၄ ပါးတည်း။

**မှတ်ချက်။** ။၄-"စဏ္ဍာလော-သိ"စသော ပါဠိ၏အနက်ကို ချပေးရာ၌ "အတ္ထ=အနက်ကို+ပုရေက္ခာရတာ = ရှေးရှုပြုသူ၏အဖြစ်" ဟူ၍၊ ပါဠိကို ချပေးမှုကို ဓမ္မ ပုရေက္ခာရတာ ဟူ၍၊ သွန်သင် ဆုံးမမှုကို အနုသာသနီ ပုရေက္ခာရတာ ဟူ၍ ခေါ်၏။ ထိုကဲ့သို့ အနက်ချပေးရာ၊ ပါဠိချပေးရာ၊ ဆုံးမ သြဝါဒ ပေးရာတို့၌ "စဏ္ဍာလောသိ"စသော ဆဲလုံးများ ပါစေကာမူ အာပတ် မသင့်။

[ဆောင်] ဆဲရေးအပ်သူ, ရန်သူဟူလတ်[3], ဇာတ်စသည်စွဲ, တိုက်ရိုက်ဆဲနှင့်[2], ဆဲရေးခံသူ, သိမှုတဝ[?], အတ္ထပုရိ, စ မရှိပေ[?], လေးထွေအင်မျှ, သြမသ-ဝါဒ ပါစိတ်သင့်။

၃။ ပေသုည ဘိက္ခုနော - ရဟန်း၏၊ ဘိက္ခု ပေသုညေ - ရဟန်း၏ အတံသို့ ဆောင်ပို့အပ်သော ကုန်းတိုက် စကားကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

× × × × ×

**၃။ ပေသုည။** ။ဦးတိဿသည် ဦးဒတ္တ၏ ကွယ်ရာ၌ အက္ကောသဝတ္ထု ၁၀ ပါးတွင် တပါးပါးဖြင့် ဦးဒတ္တကို ဆဲ၏။ ထို ဆဲသံကို ဦးမေ့က ကြား၍ (ဦးတိဿနှင့် ဦးဒတ္တကွဲအောင်) ဦးဒတ္တအထံ သွား၍ ပြော၏။ ဤသို့ ဆဲသူလည်း ရဟန်း၊ ကုန်းတိုက်သူလည်း ရဟန်း၊ ကုန်းတိုက်ရာပုဂ္ဂိုလ်လည်း ရဟန်း ဖြစ်သောကြောင့် "ဘိက္ခုပေသုည" ဟု ခေါ်သည်။ "ရဟန်းတို့နှင့်စပ်သော ကုန်းတိုက်ခြင်း"ဟူလို။ ဘိက္ခုနီ လူသာမဏေတို့ကို ကုန်းတိုက်လျှင် ဒုက္ကဋ်။

**ရည်ရွယ်ချက်။** ။ဤသို့ ကုန်းတိုက်ရာ၌ ကုန်းတိုက်သူမှာ ထိုသူ ၂ ဦးကို ကွဲစေလိုသော ရည်ရွယ်ချက်၊ မိမိကို "ပြောဘော်ရသည်"ဟု ကျေးဇူးတင်ကာ ချစ်ခင်လာစေလိုသော ရည်ရွယ်ချက်၊ ဤ ၂ မျိုးတွင် တမျိုးမျိုး ရှိတတ်သည်။ ထို့ကြောင့် "အတ္တနော-မိမိ၏၊ ပိယံ-ချစ်အပ်သူ၏ အဖြစ်ကိုငှင်း၊ ပရဿ-ကုန်းတိုက်အပ်သူ အခြားလူ၏၊ သုညံ-အချစ်မှ ကင်းဆိတ်သည်၏ အဖြစ်ကို ငှင်း၊ ကရောတိ-ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထို ကုန်းတိုက်မှုသည်၊ ပေသုညံ-ပေသုည မည်၏။ ဤသို့ ဝိဂြိုဟ်ပြုရသည်။ ["ပိယသုညကရဏ" ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် ယချေ၊ ပိ၏ ဣကို ပြေ၍ ပေသုညဟု ပြီး၏။]

**တနည်း။** ။ပိသတိ-မိတ်ဆွေ ၂ ဦးကို ကွဲပြားအောင် ကြိတ်ချေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပိသုနော-ပိသုနပုဂ္ဂိုလ်မည်၏၊ ပိသုနဿ-မိတ်ဆွေ ၂ ပါး ကွဲပြားအောင် ကြိတ်ချေတတ်သူ၏၊ ကမ္မံ - အမှုလုပ်ငန်းသည်၊ (ကုန်းချော စကား ပြောမှုသည်၊) ပေသုညံ - မည်၏၊ ပိသုနနောက် ကမ္မအနက်၌ ဏျ ပစ္စည်း၊ နှုကို ဉ ပြု၊ ပိ၌ ဣကို ပြေ၍ "ပေသုည"ဟု ပြီးသည်။

**အင်္ဂါ ၃ ပါး။** ။၁-ဇာတိ စသော အက္ကောသဝတ္ထုဖြင့် ဆဲသည်ကို ကြား၍ အဆဲခံရသူ့ထံသို့ ပို့ဆောင်ခြင်း [အက္ကောသဝတ္ထုမှတပါး အခြား ဆဲနည်းဖြင့် ဆဲသည်ကိုပို့လျှင် ဒုက္ကဋ်၊]၊ ၂-မိမိကို ချစ်ခင်စေလိုသူတို့ ၂ ဦး ကွဲစေလိုခြင်း ၂ မျိုးတွင် တမျိုးမျိုးကို အလိုရှိခြင်း၊ ၃-ကုန်းတိုက်ခံရသူက နားလည်ခြင်း ၃ ပါးတည်း။

[**ဆောင်**] ရဟန်းချင်းအား, ဆဲသံများကို, ကြား၍ပို့လျှင်း၊, ချစ်-ကွဲခြင်းကို, တခုခုလိုရှိ၊, ထိုသူ သိတုံ၊, အင်္ဂါသုံးစုံ, ပေသုဉ် ပါစိတ်သင့်။

၄။ ပဒသောဓမ္မ   ယော ပန ဘိက္ခု-သည်၊ အနုပသမ္ပန္နံ - လူသာမဏေကို၊ ပဒသော - အစုအစုဖြစ်သော၊ ဓမ္မံ - ပါဠိအဋ္ဌကထာဓမ္မကို၊ ဝါစေယျ-တပြိုင်နက် ဆိုစေအံ့၊ ဝါ- တပြိုင်နက် ပို့ချအံ့၊ တဿ ဘိက္ခုနော-၏၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏။

× × × × ×

**၄။ ပဒသောဓမ္မ။** ။လူသာမဏေအား သံပြိုင် စာချပေးလျှင် ပါစိတ်အာပတ်သင့်၏။ ရဟန်းချင်းဖြစ်စေ၊ ဘိက္ခုနီအားဖြစ်စေ သံပြိုင် စာချရာ၌ကား အနာပတ္တိ၊ "ဓမ္မ" အရလည်း ပါဠိတော်နှင့် အဋ္ဌကထာ တရားများကိုသာ ဆိုလိုသည်။ ပါဠိတော် အဋ္ဌကထာ မဟုတ်၊ တစုံတယောက် စီကုံးအပ်သော ပါဠိများနှင့် အခြားဘာသာများကို သံပြိုင်ချသော်လည်း အာပတ်မသင့်။

**ပဒသော။** ။ပဒသော၌ "ပဒ" သဒ္ဒါသည် အစုဟူသော အနက်ကို ဟော၍ "သော" ပစ္စည်းက ဝိစ္ဆာအနက်ကို ဟော၏။ ထို့ကြောင့် "ပဒံ ပဒံ= ကောဋ္ဌာသံ ကောဋ္ဌာသံ=အစုအစု" ဟု ဖွင့်ကြသည်။ ရှေးက "ပဒသော=ပုဒ်ပြိုင်" ဟု အနက်ပေးသည်ကို စဉ်းစားပါ။ ဤသိက္ခာပုဒ်၌ "ပဒ" အရ အားလုံး နားလည်နေသော "ဝိဘတျန္တံ ပဒံ= တဝိဘတ်ဆုံး တပုဒ်" ဟုခေါ်သော ပုဒ်မျိုးသာမက အက္ခရာ တလုံးထည်းကိုင်း၊ ဝိဘတျန္တပုဒ် ၂ ပုဒ် ၃ ပုဒ် စသည် ပါသော ဂါထာ တပါဒကိုင်း "ပဒ" အရ၌ သွင်းယူရသည်။

**ပဒ ၄ မျိုး။** ။ပဒသောအရ "ပဒ၊ အနုပဒ၊ အန္ဝက္ခရ၊ အနုဗျဥ္ဇန" ဟု ပဒ ၄ မျိုးရှိ၏။ ထိုတွင် ဂါထာ၏ ပထမပါဒသည် ပဒမည်၏။ ဒုတိယပါဒသည် အနုပဒမည်၏။ အက္ခရာ တလုံးတလုံးသည် အန္ဝက္ခရမည်၏။ ရှေးဝါကျ၌ ရှိသော ဝိဘတျန္တပုဒ်နှင့်တူသော နောက်ဝါကျရှိ ဝိဘတျန္တပုဒ်သည် အနုဗျဥ္ဇန မည်၏။ [အနု (ပစ္ဆာ) = နောက်ဖြစ်သော+ ပဒံ = အစု (ဂါထာပါဒ)၊ အနုပဒံ- နောက်အစု၊ အနုအက္ခရံ= အက္ခရာတိုင်း၊ အနု (သဒိသံ) - ရှေ့ဝါကျရှိ ပုဒ်နှင့် တူသော+ဗျဥ္ဇနံ= နောက်ဝါကျရှိပုဒ်။]

**[ဆောင်]** ဂါထာပါဒ, ပထမကို, ပဒဆိုလော, ထို့နောက် ဒုတိယ, နုပဒ
တည်း, အက္ခရာတိုင်းတွက်, အန္ဝက္ခရံ, ဝိဘတျန္တ, ရှေ့ ပဒနှင့်,
နောက် ပဒတူလျှင်, နုဗျဥ္ဇန, မည်ကြသဘော, ပဒသောသည်,
မိန့်ဟော လေးမျိုး အပြားတည်း။

**သံပြိုင်ဆိုချပုံ။** ။"မနောပုဗ္ဗင်္ဂမာ ဓမ္မာ, မနောသေဋ္ဌာ မနောမယာ" ဟူသော ဂါထာ၌ ပထမပါဒကို ဆရာ တပည့် (အစတူ အပြီးတူ) သံပြိုင်ဆိုမိလျှင် "ပဒ" အရ အာပတ်၊ ဆရာက ပထမပါဒကို ရွတ်သည့်အချိန်မှာ တပည့်က

မမိ၍ ခုန်ကျော်လိုက်ကာ "မနောသေဋ္ဌာ မနောမယာ"၌ သံပြိုင် ရွတ်မိအံ့၊ "အနုပဒ" အရ အာပတ်၊ "ရူပံ အနိစ္စံ, ဝေဒနာ အနိစ္စာ" ဟူသော စုဏ္ဏိယ၌ "ရူ" ဟူသော အက္ခရာကို သံပြိုင်ရွတ်ပြီးနောက် ဆရာက ရပ်နေအံ့၊ ရူကို သံပြိုင် ရွတ်မိသည့်အတွက် "အန္ဝက္ခရ" အရ အာပတ်၊ ဆရာက "ရူပံ....အနိစ္စံ" ဟု ရွတ်ရာ၌ ရူပံနောက် အတော်ကြာ ပြတ်ပြီးမှ အနိစ္စံကို ရွတ်၏၊ တပည့်က ဉာဏ် ထက်ထက် နှုတ်သွက်သွက်နှင့် လိုက်၍ဆိုရာ "ရူပံ အနိစ္စံ, ဝေဒနာ အနိစ္စာ" ဟု ၂ ဝါကျ ပြီး၏။ ထိုသို့ပြီးရာ၌ ဆရာ၏ ပထမဝါကျ "အနိစ္စံ"ပုဒ်နှင့် တပည့်၏ ဒုတိယဝါကျ "အနိစ္စာ" ပုဒ်တို့ သံပြိုင်ကျလျှင် "အနုဗျဉ္ဇန" အရ အာပတ် သင့်သည် ဟူလို။

**မှတ်ချက်**။ ။ဤအန္ဝက္ခရ၊ အနုဗျဉ္ဇနတို့အတွက် အာပတ်သင့်ပုံမှာ ဂါထာ၌လည်း ဖြစ်နိုင်သည်။ အနုဗျဉ္ဇနအရ ထိုကဲ့သို့ ရှေ့ပုဒ်နှင့်တူသော နောက်ပုဒ်ကို မယူဘဲ ဝိဘတ်မဆုံးသေးသော အက္ခရာ ၂ လုံး ၃ လုံး အပေါင်းကို ယူရသော နည်း၊ ပဒအရ ဂါထာပါဒကိုသာ မယူဘဲ ဝိဘတျန္တပုဒ်ကို ယူရသောနည်း လည်း ရှိသေး၏။ ထိုနည်းများအရ လူသာမဏေကို သံပြိုင်စာချရာ၌ အာပတ်မှ လွတ်ဘို့ခဲယဉ်း၏။သို့ဖြစ်၍ သံပြိုင်မဖြစ်အောင် ဆရာရဟန်းကရွတ်ပြီးမှ တပည့် လူ သာမဏေက လိုက်၍ ရွတ်ရမည်။ [ရှေးခေတ်က စာအုပ် မရှိသောကြောင့် အလွတ်ချ အလွတ်ဆိုရသဖြင့် သာ၍ သံပြိုင်ဖြစ်လွယ်သည်။]

**အနာပတ်များ။** ။"ဝါစေယျ=ပို့ချအံ့" ဟု ဆိုသောကြောင့် သံပြိုင် စာချမှ အာပတ် သင့်ရကား စာချသောအရာ မဟုတ်လျှင် အာပတ် မသင့်။ ထို့ကြောင့် သာမဏေနှင့် ရဟန်း တွဲ၍ စာတက်ရာ၌ငင်း၊ တွဲ၍ စာပြန်ရာ၌ငင်း၊ သာမဏေ့အထံ ရဟန်းက စာတက်ရာ၌ငင်း သံပြိုင်ဆိုသော်လည်း အာပတ် မသင့်ပါ။ သာမဏေ့ကိုယ်တိုင် ရပြီးလျက် ကြောက်၍ မဆိုဝံ့သော (သို့မဟုတ် မကျေပွန်သော) စာကိုဖြစ်စေ၊ သာမဏေ ဟောအပ်သော တရားကို ဖြစ်စေ သံပြိုင် ထောက်ပေးရာ၌လည်း အာပတ် မသင့်။

**အင်္ဂါ ၃ ပါး။** ။၁- လူ သာမဏေ ဖြစ်ခြင်း၊ ၂- အစုအစု အားဖြင့် ပါဠိတော် အဋ္ဌကထာမမှကို ပို့ချခြင်း၊ ၃- သံပြိုင်ရွတ်ခြင်း၊ အင်္ဂါ ၃ ပါးတည်း။ [၃ နံပါတ်အင်္ဂါဝယ် ကခ်ါ အဋ္ဌကထာ၌ "ကေတော သြသာပနာ=တပြိုင်နက် ပြီးစေခြင်း" ဟု ရှိ၍ တေရသကဏ်၌ "ကေတောဘဏနံ" ဟု ရှိသည်။ ဋီကာ ပါဌ်က ကောင်းသည်။]

[**ဆောင်**] ရဟန်းမဟူ, လူရှင်စသည့်ံ, ပါဠိဋ္ဌကထာ့, မမှဆိုင်ဆိုင်၂,
သံပြိုင် ချပြော, အင်သုံးနှော, ပဒသော ပါစိတ်သင့်။

**၅။ ပဌမ သဟသေယျ**

**ယော ပန ဘိက္ခု** - သည်၊ အနုပသမ္ပန္နေန-လူ **သာမဏေ** တိရစ္ဆာန်နှင့်၊ သဟ-တကွ၊ ဥတ္တရိ ဒိရတ္တတိရတ္တံ - ၂ ညဉ့် ၃ ညဉ့်၏ အထက်ညဉ့်၌၊ **သေယျံ** - တမိုးတရံ တည်းသော ကျောင်းသို့၊ (ပဝိသိတွာ - ဝင်၍၊) သေယျံ - အိပ်ခြင်းကို၊ **ကပ္ပေယျ** - ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၅။ ပဌမ သဟသေယျ။** ။တမိုးတရံတည်းသော ကျောင်း၌ သာမဏေ လူ တိရစ္ဆာန်နှင့် အတူ ၃ ညဉ့်ထက် ပို၍ ၄ ညဉ့်မြောက် အိပ်လျှင် ပါစိတ် အာပတ်သင့်၏။ "၃ ညဉ့်အထိကား အိပ်ကောင်း၏"ဟူလို။

**အနုပသမ္ပန္န။** ။ရှေ့သိက္ခာပုဒ်၌ ဘိက္ခု၊ ဘိက္ခုနီမှတပါး လူ သာမဏေ များကို အနုပသမ္ပန္နဟု ခေါ်၏။ ဤသိက္ခာပုဒ်၌ကား ဘိက္ခုမှ တပါးသော လူ သာမဏေ တိရစ္ဆာန်များကို အနုပသမ္ပန္နဟု ခေါ်၏။ ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ မာတုဂါမနှင့် အတူအိပ်ခြင်းကို တားမြစ်မည် ဖြစ်သောကြောင့် ဤသိက္ခာပုဒ်၌ ဘိက္ခုနီနှင့် လူမိန်းမ တိရစ္ဆာန်များကို ယူဘွယ်မလိုဟု ဋီကာ တို့၌ ဆိုကြ၏။ [အနုပသမ္ပန္နနှင့်စပ်၍ မှတ်ဘွယ်ကို သပ္ပါဏကဝဂ် ဥနဝီသတိ ဝဿ သိက္ခာပုဒ်ကျမှ ပြမည်။]

**ဥတ္တရိ ဒိရတ္တ တိရတ္တံ။** ။[ဒိရတ္တ=၂ ညဉ့်+တိရတ္တ=၃ ညဉ့်။] ၃ ညဉ့် အထိ အိပ်ခွင့်ရလျှင် ၂ ညဉ့်အတွက်မှာ ယုံမှားစရာမရှိ၊ ဧကန် အိပ်ခွင့်ရသော ကြောင့် "ဒိရတ္တ" သဒ္ဒါကို လောက ပြောရိုးအတိုင်း ဝါစာသိလိဋ္ဌ (စကား ချောဘို့) အကျိုးငှာ အပိုထည့်ထားသည်။ မြန်မာ၌ စကားချောအောင် "၂ ခု ၃ ခု၊ ၃-၄ ခု၊ ၄-၅-၆ ခု"စသည်ဖြင့် ရှေ့က သချာများကို တွဲဘက် သုံးစွဲကြ သကဲ့သို့ ပါဠိ၌လည်း စကားချောအောင် "ဒိရတ္တ၊ တိရတ္တံ"ဟု တွဲဘက် သုံးစွဲ ထားသည်။ အမှန်အားဖြင့် ဒိရတ္တမှာ အပိုပင် ဟူလို။ [အခြား တနည်းကို အဋ္ဌကထာမှာ ရှုပါ။]

**သဟသေယျံ။** ။သဟသဒ္ဒါသည် "အတူ = တကွ"ဟူသော အနက်ကို ဟော၏။ "အတူ—တကွ"ဟူရာ၌ တပြိုင်နက်အိပ်ခြင်း (လူကလည်း သူ့နေရာ နှင့် သူ၊ ရဟန်းကလည်း သူ့နေရာနှင့် သူ အိပ်ခြင်း)ကို ဆိုလိုသည်။ သေယျာ ပုဒ်ကား သေယျာ ၂ ပုဒ်ကို ဧကသေသ်လုပ်ထားသော ပုဒ်တည်း။ ထိုတွင် သေယျာတပုဒ်သည် "အိပ်ရာ နေရာ ကျောင်း"ဟူသော အနက်ကို ဟော၏။ "သေန္တိ ဧတ္ထာတိသေယျာ=ဧတ္ထ-ဤ အိပ်ရာ နေရာ ကျောင်း၌၊ သေန္တိ-အိပ်ကြ နေကြကုန်၏"ဟု အနက်ဆို။

သေဃျာတပုဒ်ကား "အိပ်ခြင်း"ဟူသော အနက်ကို ဟော၏။ "သယန်–အိပ်ခြင်း၊ သေယျာ–အိပ်ခြင်း"ဟု ပြုပါ။ သေယျာစ–ကျောင်း အိပ်ရာ နေရာလည်း၊ သေယျာစ – အိပ်ခြင်းလည်း၊ သေယျာ – ကျောင်း အိပ်ရာ နေရာ အိပ်ခြင်း၊ ဤနည်းအရ အိပ်ရာ နေရာဟောသော သေယျံ၏ စပ်ရာပုဒ်ကို "ပဝိသိတွာ"ဟု ထည့်လျက် သေယျံကို အနက် ၂ ထပ် ပေးရသည်။ [ဤကဲ့သို့ အနက် ၂ ချက် ထပ်ရသောပုဒ်များကို "သာမညနိဒ္ဒေသနည်း"ဟု ခေါ်၏။ သာမည=ပုဒ်နေတူသည့်အတွက်+နိဒ္ဒေသ=တပုဒ်တည်း ညွှန်းအပ်သည်။]

**တမိုးတရံတည်းသောကျောင်း။** ။အမိုးမှာ ယခုမျက်မြင် အမိုးများပင်တည်း။ အရံ(အကာ)ကား ဝဓုကီဟတ္ထခေါ် လက်သမားတောင် အားဖြင့် တတောင့်ထွာမြင့်လျှင် အရံအကာဖြစ်ပြီ။ယခုခေတ် အကာရှိသော ဇရပ်များနှင့် တထပ်ကျောင်းများသည် ဤ သိက္ခာပုဒ်နှင့် ဆိုင်သော သေယျာ များတည်း။ ၂ ထပ်၊ ၃ ထပ် စသည်ရှိသော အိမ် ကျောင်းများ၌လည်း အတွင်း၌ လှေကား တပ်ထားလျှင် အပေါ်ထပ်နှင့် အောက်ထပ်တို့ အပြင်မထွက်ရဘဲ အဆက် အသွယ် ဖြစ်နိုင်သောကြောင့် အထပ်အားလုံးပင် သဟသေယျာကို ဖြစ်စေနိုင်၏။ အပြင်လှေကား တပ်ထားသဖြင့် အထက်ထပ် အောက်ထပ် အဆက်အသွယ် မရလျှင်ကား သဟသေယျာကို မဖြစ်စေနိုင်။

**ဆက်ဦးအံ့။** ။တချို့ အိမ် ဇရပ် ကျောင်းတို့၌ ဖိနပ်ချွတ် (ဆင်ဝင်) စမုခ်ရှိတတ်၏။ ထိုစမုခ်၌ အမိုးအကာ လုံလောက်စွာပါလျှင် အတွင်းဆောင်နှင့် ယခင် အထက်ထပ်တို့ပါ သဟသေယျာပင်တည်း။ အတွင်းဘက်ရှိ အခန်းတို့ အသီးအသီး အကာခြား၍ တံခါးပိတ်ထားစေကာမူ သဟသေယျာ ပင်တည်း။ ထို့ကြောင့် သင်္ဘော ပထမ ဒုတိယခန်းများနှင့် ရွက်ထည်အကာ ချထားသော တတိယတန်း ကုန်းပတ်တို့မှာ အချင်းချင်း သဟသေယျတို့ချည်း သာတည်း။ မီးရထား တတွဲတည်း၌ သဟသေယျာ ဖြစ်ပုံမှာ ဆိုဘွယ်ရာ မရှိပြီ။ ထိုကဲ့သို့ သဟသေယျာ ဖြစ်လောက်သော နေရာတို့၌ သဟသေယျာ လွတ်အောင် ကန့်လန့်ကာ ကာထားခြင်း၊ ကြိုးတန်းထားခြင်းတို့ဖြင့် သဟသေယျ မလွတ်နိုင်သည်သာ။ [ဤ တမိုးတရံနေရာများကို အဋ္ဌကထာတို့၌ ကျယ်ဝန်းစွာ ပြ၏။]

**အတူအိပ်ခြင်း။** ။ပြခဲ့သော သဟသေယျ ဖြစ်လောက်သည့် ကျောင်း ဇရပ် အိမ် ရထား သင်္ဘောများ၌ လူ သာမဏေ၊ တိရစ္ဆာန် တဦးဦးက (အိပ်ပျော်ပျော်–မပျော်ပျော်) ဦးခေါင်းချခိုက် ရဟန်းကလည်း ဦးခေါင်း ချသိုက်လျှင် သဟသေယျာ (တကွအိပ်ခြင်း) ဖြစ်တော့၏။ ဦးခေါင်းမချဘဲ ထိုင်၍ အိပ်နေလျှင်ငြင်း၊ ခြေထောက် ၂ ဘက်ကို ကြမ်းပြင်ပေါ်မှာ ထိစေလျက် ကုလားထိုင်ပေါ်၊ ခုတင်ပေါ်၌ ခါးမဆန့်ဘဲ တဖက်စောင်း အိပ်လျှင်ငြင်း သဟ

သေယျာ မဖြစ်ပါ။ [ဒိဝါ ကိလန္တရူပေါ မဇ္ဈေ နိသိန္နော ပါဒေ ဘူမိတော အမောစေတွာဝ နိဒ္ဒါဝသေန နိပဇ္ဇတိ၊ တဿ အနာပတ္တိ၊ -ပထမပါရာဇိက ဒိဝါသေယျ အဋ္ဌကထာ၊ -ဤ အဋ္ဌကထာ၏အဓိပ္ပာယ်ကို ထို၏ ဘာသာဋီကာ၌ရှု။]

**ပြင်ဆင်ချက်။** ။ထို အဋ္ဌကထာကို ထောက်၍ ကုလားထိုင်ပေါ်၌ ခါးဆန့်လျက် ခြေထောက်က ကြမ်းပြင်၌ ထိနေလျှင်လည်း သဟသေယျာ မဖြစ်ဟု ရှေးရိုက် စာအုပ်များ၌ ရေးလိုက်၏။ ထိုစကားကိုကား "ကဋ္ဌိဋ္ဌိ ပန ဘူမိံ ဖုသာပေန္တဿ သယနံ ဟောတိ" ဟူသော ပထမ ပါရာဇိက ဒိဝါသေယျ သိက္ခာပုဒ် ဝိမတိဋီကာကို ထောက်၍ "သဟသေယျသင့်၏"ဟု ပြင်ပါ၏။

**၃ ညဉ့်အိပ်ပုံ။** ။"၃ ညဉ့်အိပ်"ဟူရာ၌ ၃ ညဉ့်လုံး အရုဏ်တက်အောင် ချည်း လူ စသည်နှင့် အတူအိပ်မှ ၃ ညဉ့်အိပ်ရာရောက်သည်။ အရုဏ် မတက်ခင် ထ-ထနေလျှင်ကား ၃ ညဉ့်အပြည့် အိပ်ရာမရောက်၍ ၄ ညဉ့်မြောက်မှာ အာပတ် မသင့်။ ၃ ညဉ့်အပြည့် အိပ်ပြီးနောက် ၄ ညဉ့်မြောက် သဟသေယျ အာပတ် သင့်ရာ၌ကား လူ သာမဏေ တိရစ္ဆာန် များလျှင် များသလောက်၊ ထ၍ ထိုင်လိုက် အိပ်လိုက် အကြိမ်များသလောက် အာပတ်လည်း တိုးပွားသည်။ ["တိရစ္ဆာန်" ဟူရာ၌ကား ပါရာဇိက၌ ပြခဲ့သော ပါရာဇိကလောက်သော တိရစ္ဆာန် အကြီးစားများတည်း။ အိမ်မြှောင် စသည်တို့ကား သဟသေယျ မလောက်ကြ။]

**သဟသေယျဟင်းလေး။** ။ထိုကဲ့သို့ အရုဏ်တက်အောင် ၃ ညဉ့်အပြည့် အိပ်လျှင်ကား ၄ ရက်နေ့ နေဝင်လျှင် လူ သာမဏေ တိရစ္ဆာန်ရှိရာ (သဟသေယျာလောက်သော) ကျောင်း စသည်၌ ဦးခေါင်းမချရ၊ ဦးခေါင်း ချသည်နှင့် တပြိုင်နက် အာပတ်သင့်၏။ ထိုဦးခေါင်းချပြီးနောက် (အရုဏ်မတက်ခင် ထစေကာမူ)အာပတ်မှ မလွတ်တော့ပြီ။ ၅ ရက်နေ့ နေဝင်လျှင် လူ စသည်ရှိရာ ကျောင်း၌ ဦးခေါင်းချလျှင် သဟသေယျအာပတ် ဆက်ဖြစ်၏။ ဤနည်းအတိုင်း လူ သာမဏေရှိရာကျောင်း၌ ဆက်ကာ ဆက်ကာ အိပ်လျှင် (အရုဏ်မတက်ခင် ထသော်လည်း) အာပတ် အဆက်မပြတ်ချေ။ ဤကဲ့သို့ အဆက် မပြတ်သော အာပတ်ကို "သဟသေယျ ဟင်းလေးအိုး"ဟု ခေါ်ရိုးပြုကြသည်။

**အဋ္ဌကထာ။** ။ယော ကေသိဉ္စိ အာဝါသေ ဧကေနေဝ အနုပသမ္ပန္နေန သဒ္ဓိံ တိရတ္တံ သဟသေယျံ ကပ္ပေတိ, တဿ စတုတ္ထဒိဝသတော ပဋ္ဌာယ ဒေဝသိကာ (နေ့တိုင်း သင့်အပ်သော) အာပတ္တိ။

**သဟသေယျဖြတ်နည်း။** ။ဤ အဆက် မပြတ်နိုင်သော သဟသေယျ အာပတ်ကို ဖြတ်လိုလျှင် နေဝင်ပြီးနောက် လူ စသည်ရှိရာ ကျောင်း၌ ဦးခေါင်း မချမိစေဘဲ လူစသည် မရှိရာ(ရဟန်းရှိချင် ရှိပါစေ)ကျောင်း၌ဖြစ်စေ၊ လွင်ပြင်၌

၆။ ဒုတိယ သဟသေယျ — ယော ပန ဘိက္ခု - သည်၊ မာတုဂါမေန - မာတုဂါမနှင့်၊ သဟ - တကွ၊ သေယျံ-သို့၊ (ပဝိသိတွာ - ၍၊) သေယျံ ကို၊ ကပ္ပေယျ - အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ဖြစ်စေ အိပ်ရမည်။ ဤသို့ အိပ်လျှင် သဟသေယျ အဆက်ပြတ်၍ နောက်ထပ် ၃ ညဥ့် လူ စသည်နှင့် အတူ အရုဏ်တက်အောင် အိပ်ခွင့်ရသေး၏။

**အင်္ဂါ ၃ ပါ**။ ။၁-ပါစိတ်အာပတ်လောက်သော ကျောင်း အိပ်ရာ နေရာ ဖြစ်ခြင်း၊ ၂-လူ စသည်နှင့် အတူတကွ အိပ်ခြင်း၊ ၃-လေးရက်မြောက် နေဝင်ခြင်း၊ အင်္ဂါ ၃ ပါးတည်း။ [တဝက်ထက်များသော အမိုး၊ တဝက်ထက် များသော အကာရှိသော ကျောင်း အိပ်ရာများကို ပါစိတ်အာပတ် လောက် သော ကျောင်း အိပ်ရာဟု ဆိုသည်။]

**[ဆောင်]** တဝက်ထက်တိုး, အမိုးအကာ, ရှိရာကျောင်းဟူ[၁], လူစသည်နှင့်,
အသင့်အိပ်လျက်[၂], လေးရက် နေဝင်[၃], သုံးအင်စုံက, တူဆဟ,
သေယျပါစိတ်သင့်။

**၆။ ဒုတိယ သဟသေယျ**။ ။မာတုဂါမနှင့်အတူ တမိုးတရံတည်းသော ကျောင်း အိမ် ဇရပ် စသည်၌ အိပ်လျှင် ပါစိတ်အာပတ် သင့်၏။ ရှေ့သိက္ခာပုဒ် အရ လူယောကျ်ား စသော (အထီး)များနှင့် ၃ ညဥ့် အိပ်ခွင့် ရသေး၏။ ဤ သိက္ခာပုဒ်၌ကား မာတုဂါမနှင့် အတူတကွ တညဥ့်မျှ (နေဝင်သည်နှင့် တပြိုင် နက်) အိပ်ခွင့် (ဦးခေါင်းချခွင့်) မရတော့ချေ။ လူမိန်းမမှတပါး ပါရာဇိက လောက်သော အခြားတိရစ္ဆာန်မများနှင့် အတူအိပ်ရာ၌ကား ဒုက္ကဋ်အာပတ် သင့်၏။ [လူမိန်းမနှင့် ၄ ညဥ့်အထိ အိပ်ရာ၌ကား ဤဒုတိယသဟသေယျသာ ထပ်သင့်၏။ ပဌမ သဟသေယျ သင့်ဘွယ် မရှိ။(ဝိမတိ)။]

**အစိတ္တက အာပတ်**။ ။ [အ + စိတ္တ + က။] စိတ်မရှိဘဲ (စိတ်မပါဘဲ၊ မသိဘဲ) သင့်ရောက်အပ်သော အာပတ်ကို "အစိတ္တကအာပတ်"ဟု ခေါ်ကြ ၏။ ဤ သဟသေယျ ၂ ပါးလည်း အစိတ္တကပင်တည်း။ ထို့ကြောင့် "သဟ သေယျအာပတ် သင့်ချင် သင့်ပေစေတော့"ဟု လွန်ကျူးလိုသောစိတ် မရှိသော် ငြား၊ မာတုဂါမ လူ သာမဏေ စသူတို့ ရှိမှန်းမသိ၍ ဝင်ရောက် အိပ်လျှင်ငြား၊ မိမိနေရာ အရပ်သို့ မာတုဂါမ စသူတို့ မိမိ မသိဘဲ ဝင်ရောက် အိပ်လျှင်ငြား ဆိုင်ရာ သဟသေယျ အာပတ်များ သင့်တော့သည်သာ။

**အင်္ဂါ ၃ ပါး။** ။ဤဒုတိယ သဟသေယျ အင်္ဂါများလည်း "၁- အမိုးအကာ တဝက်ကျော်ကျော် မိုးပြီးကာပြီးသော ကျောင်း အိပ်ရာနေရာ ဖြစ်ခြင်း၊ ၂-မာတုဂါမနှင့် အတူအိပ်ခြင်း၊ ၃- နေဝင်ခြင်း"အားဖြင့် ၃ ပါးပင်ဖြစ်သည်။

**ဒိဝါသေယျ သိက္ခာပုဒ်။** ။အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပတိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပတိသလ္လီယိတုံ၊ "ဘိက္ခုတို့............နေ့အခါ၌ ကိန်းအောင်းသော (အိပ်သော) ရဟန်းသည် တံခါးပိတ်၍ ကိန်းအောင်းခြင်းငှာ ခွင့်ပြုတော်မူ၏" ဟူသော ပထမ ပါရာဇိက ဝိနီတဝတ္ထု ပါဠိတော်နှင့်အညီ နေ့အခါ တံခါးရှိသော ကျောင်းအတွင်း အခန်းတွင်းတို့၌ အိပ်သောရဟန်းသည် မိမိနှင့် သက်ဆိုင်ရာ တံခါးကို ပိတ်ရမည်။ အခန်းတွင်း အိပ်လျှင် အခန်းတံခါးကို ပိတ်ပါ။ တပါးနေကျောင်း၌ (ကမ္မဋ္ဌာန်းကျောင်း စသည်၌) အိပ်လျှင် ကျောင်းတံခါးပိတ်၍ အိပ်ရမည်။ မပိတ်ဘဲ အိပ်လျှင် ဤ ဒိဝါသေယျ သိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ် သင့်သည်။

**အများဆိုင် ကျောင်း။** ။ထိုကျောင်း၏ အခန်းများ၌ကား "နောက်ဝင်မည့်ပုဂ္ဂိုလ် ပိတ်လိမ့်မည်"ဟု နှလုံးသွင်း၍ အိပ်ရမည်။ တံခါးစောင့်ရှိလျှင် ထိုသူ့ကို စောင့်ဘို့ရန်မှာ၍ ဖြစ်စေ၊ သူစောင့်လိမ့်မည်ဟု နှလုံးသွင်း၍ ဖြစ်စေ အိပ်ကောင်း၏။ ထိုသို့ နှလုံးမသွင်းဘဲ အိပ်လျှင် ဒုက္ကဋ်ပင်။ သို့သော် "တံခါး" ဟူရာ၌ ယခုကာလ ပတ္တာတပ်ထားသော (ရှေးက အထက်၌ ကွင်းတပ်၍ အောက်၌ ဆုံငယ်တပ်အပ်သော) တံခါးတည်း။ ယခုခေတ် ဆွဲလိုက် ရှုံ့လိုက် ရသော သံတံခါးမျိုးနှင့် ကဲလားစသော တံခါးမျိုးမှာ ပိတ်ဘွယ်မလို။ ထို့ပြင် အထွက်အဝင် မဟုတ်သော ပြူတင်းပေါက်များလည်း ပိတ်ဘွယ်လိုမည် မထင်။ "ပိတ်" ဟူရာ၌လည်း မင်းတုတ်ချထားမှ မဟုတ်၊ ဦးခေါင်း မဝင်သာရုံ စေ့ထားလျှင်လည်း "အပိတ်" ပင်တည်း။

**သတိပြုဘွယ်။** ။နေ့အခါ၌ အိပ်ပျော်နေမှ အာပတ်သင့်သည် မဟုတ်သေး။ အိပ်မပျော်ဘဲ အိပ်ရာပေါ်၌ လှဲလျောင်းနေလျှင်ငင်း၊ ပက်လက်ကုလားထိုင်ပေါ်၌ ခါးကိုဆန့်၍ နေလျှင်ငင်း သေယျအမည် ဖြစ်သည်သာ။ သေယျအမည်ရလျှင် အာပတ်လည်း သင့်သည်သာ။ ဒိဝါသေယျ သိက္ခာပုဒ်၏ ဝတ္ထု၌ အိပ်ပျော်နေသော ရဟန်းဖြစ်သော်လည်း ထို သိက္ခာပုဒ် အရကား အိပ်မပျော်စေကာမူ အာပတ်သင့်သည်ဟု မှတ်ပါ။ [ဒိဝါသေယျ သိက္ခာပဒေဝိယ ပိဋ္ဌိပသာရဏာဿာပိ သယနက္ခရိယာပထဘာဝေန ကေလက္ခဏတ္တာ၊ - သီလက္ခန်သာမညဖလသုတ် သတိသမ္ပဇညကထာအဖွင့် ဋီကာသစ်။]

၇။ ဓမ္မဒေသနာ ယောပန ဘိက္ခု - သည်၊ ဝိညုနာ - တတ်သိ နားလည်သော၊ ပုရိသဝိဂ္ဂဟေန - ယောကျ်ားဖြစ်သော ကိုယ်ကို၊ အညတြ - ကြဉ်ထား၍၊ မာတုဂါမဿ - အား၊ ဆပ္ပဉ္စဝါစာဟိ - ၆ ခွန်း ၅ ခွန်းသော စကားတို့ထက်၊ ဥတ္တရိ - အလွန်၊ ဓမ္မံ - ပါဠိအဋ္ဌကထာဓမ္မကို၊ ဒေသေယျ - ဟောအံ့၊ တဿ ဘိက္ခုနော၊ ပေ၊ ဟောတိ။

× × × × ×

**၇။ ဓမ္မဒေသနာ။** ။အနီးအပါး၌ နားလည်သူ လူယောကျ်ား မရှိဘဲ မာတုဂါမအား တယောက်လျှင် ၆ ခွန်းကျူထက် ပို၍ ပါဠိ အဋ္ဌကထာ ဓမ္မကို ဟောလျှင် ပါစိတ်။ နားလည်သောယောကျ်ား ဟူသည် "ရိုးရိုးသားသား ပြောအပ်သောစကား၊ ဆန်းဆန်းပြားပြား ပြောအပ်သော စကား"ဟု ခွဲခြားနိုင်သူဘည်း။ မာတုဂါမ ဟူသည်လည်း ထိုကဲ့သို့သော စကားမျိုးကို နားလည်လောက်သော မိန်းမဘည်း။ ဝိဂ္ဂဟာသဒ္ဒါနှင့် လာသမျှ အယောင်ဆောင်ထားသူကို မယူရ။ လူစင်စစ် ယောကျ်ားတို့၏ ကိုယ်ကိုသာ ယူရသည်။

**ဓမ္မ။** ။ဓမ္မဟူသည် ပဒသောဓမ္မ သိက္ခာပုဒ်၌ ပြအပ်ခဲ့သော ပါဠိတော် အဋ္ဌကထာများတည်း။ ထို့ကြောင့် မြန်မာဘာသာ စသည်ဖြင့် တရားစကား ပြောရာ၌ အနားက ယောကျ်ား မရှိဘဲ ၆ ခွန်းထက် ပို၍ ပြောသော်လည်း အနာပတ္တိ။ ယခုကာလ သီလပေးရာ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ပါဠိတွေ ပါနေသော်လည်း ထိုပါဠိသည် ဓမ္မဒေသနာသဘော (တရားဟော) မဟုတ်သောကြောင့် အာပတ်သင့်ဘွယ် မရှိဟု ဆိုကြ၏။

**၅ ခွန်း ၆ ခွန်း။** ။"ဆပ္ပဉ္စဝါစာ" ဟူရာ၌ ပဉ္စမှာ ဝါစာသိလိဋ္ဌ(စကားချောအောင် ထည့်ရိုးအတိုင်း ထည့်ခြင်း) သာတည်း။ အခွန်းရေတွက်ရာ၌ကား ဂါထာရွတ်၍ ဟောရာဝယ် တပါဒလျှင် တခွန်းကျ၊ စုဏ္ဏိယဖြင့် ဟောရာဝယ် တဝိဘတ်ဆုံးလျှင် တခွန်းကျ ရေတွက်ရမည်။ ထို ၆ ခွန်းထက် ပိုလျှင်ကား အက္ခရာတလုံး ဖြစ်စေ၊ တပါဒ ဖြစ်စေ၊ တပုဒ်ဖြစ်စေ ပိုလျှင် အာပတ်ပင်တည်း။

**အင်္ဂါ ၅ ပါး။** ။၁ - ပါဠိအဋ္ဌကထာဓမ္မကို ၆ ခွန်းထက် ပို၍ ဟောခြင်း၊ ၂ - တတ်သိ နားလည်လောက်သော မာတုဂါမ ဖြစ်ခြင်း၊ ၃ - ကြိယာပုထ် အပြောင်းအလွှဲ မရှိခြင်း၊ ၄ - တတ်သိ နားလည်သူ ယောကျ်ားမရှိခြင်း၊ ၅ - ပြဿနာဖြေသောအရာ မဟုတ်ခြင်း၊ ဤ ၅ ပါးတည်း။

၃။ မာတုဂါမတယောက်အား ရပ်လျက် ၆ ခွန်းဟောပြီးနောက် ထိုင်လျက် ၆ ခွန်းဟော၊ သို့မဟုတ် ပထမ တထိုင် ၆ ခွန်း ဟောပြီးနောက် တခါထပြီး ဒုတိယတထိုင် ၆ ခွန်းဟော၊ ဤသို့ ကြိယာပုထ်ကို ပြောင်း၍ဟောလျှင် ၅ ခွန်း

**၈။ ဘူတာရောစန** ယော ပန ဘိက္ခု - သည်၊ အနုပသမ္ပန္နဿ – လူ သာမဏေအား၊ ဥတ္တရိမနုဿဓမ္မံ - မြတ်သော ဈာယီ အရိယာလူတို့၏ ဥစ္စာဖြစ်သော ဈာန် မဂ်ဖိုလ် တရားကို၊ အာရောစေယျ - ပြောအံ့၊ ဘူတသ္မိံ ဟုတ်မှန်လသော်၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ပေါင်းများစွာ ဟောနိုင်၏။ မာတုဂါမအများ နေရာ၌လည်း တယောက်လျှင် ၆ ခွန်းကျ မှန်း၍ဖြစ်စေ (၆ ခွန်းစီဟောမည်ဟု ပြော၍ဖြစ်စေ) ဟောနိုင်သည်။

၅–မာတုဂါမက "ဒီဃနိကာယ်ဆိုတာ ဘယ်လို အကြောင်းအရာကို ပြသော နိကာယ်ပါလဲဘုရား" စသည်ဖြင့် မေးလျှင် ဒီဃနိကာယ် ပါဠိတော် အဋ္ဌကထာအားလုံးပင် ဟောကောင်းသည်။

**[ဆောင်]** ဓမ္မခြောက်ခု, ပိုအောင်ပြုသား၁, မာတုဂါမ, နားလည်စွာနှင့်၂,
ပထဝ္ပရိ, ပြောင်းမလှည့်ဘဲ၃, တတ်သိယောကျာ်း, နီးနားမပါ၄,
ပြဿနာဖြေခင်း, မဟုတ်ခြင်းဟု၅, ကြောင်းရင်း ၅ လီ, အင်္ဂါညီ,
သင့်ပြီ ဓမ္မ–ဒေသန။

---

**၈။ ဘူတာရောစန။** ။ [ဘူတ = ဟုတ်မှန်သည်ကို + အာရောစန = ပြောခြင်း။] ဈာန်ကိုရပြီးသော၊ သို့မဟုတ် မဂ်ဖိုလ်ကို ရပြီးသော ရဟန်းသည် မိမိမှာ ဈာန်မဂ်ဖိုလ်ရကြောင်းကို လူ သာမဏေအား အမှန်အတိုင်း ပြောလျှင် ပါစိတ်အာပတ်။ [လိမ်ပြောလျှင်ကား ပါရာဇိကဟု ဆိုခဲ့ပြီ။]

**အင်္ဂါ ၄ ပါး။** ။၁-ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း၊ ၂-လူသာမဏေအား ပြောခြင်း [သာသနာတော်၏ မွန်မြတ်ကြောင်းကို သိစေလို၊ အားကျစေလို၍ ဘိက္ခု – ဘိက္ခုနီတို့အား ပြောကောင်း၏။]၊ ၃ – ထို ပြောပြီးခဏ၌ သိခြင်း [အတော်ကြာ၍ စဉ်းစားမှသိလျှင်၊ သို့မဟုတ် လုံးလုံးမသိလျှင် ဒုက္ကဋ်။]၊ ၄–သူတပါးအား မညွှန်ပြခြင်း [အကျယ်ကို စတုတ္ထပါရာဇိက၌ ပြခဲ့ပြီ။]

**[ဆောင်]** ဈာန် မဂ်ဖိုလ် ဥတ္တရိရယ်က, မိမိ၌ ရှိသည်မှန်၁,
သာမဏေ လူပါနှော–ပြောပြမိပြန်၂,
ချက်ချင်းလည်း သိဟန်၃, မညွှန်ပြန် သူများ၄,
အင်လေးဖြာ အစုံကပ်လျှင်လ, ပါစိတ္တိ - ဘူတာပတ်ရယ်ဟု,
ဆုံးဖြတ် မမှား။

---

၉။ ဒုဋ္ဌုလ္လာရောစန

ယော ပန ဘိက္ခု - သည်၊ ဘိက္ခု သမ္မုတိယာ- ရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ - ၍၊ ဘိက္ခုဿ - ရဟန်း၏၊ ဒုဋ္ဌုလ္လံ - ရှုန့်ရင်းသော၊ အာပတ္တိံ - အာပတ်ကို၊ အနုပသမ္ပန္နဿ - လူ သာမဏေအား၊ အာရောစေယျ- ပြောအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၉။ ဒုဋ္ဌုလ္လာရောစန။** ။ [ဒုဋ္ဌုလ္လ=ရှုန့်ရင်းသော အာပတ်ကို + အာရောစန = ပြောခြင်း။] ရဟန်းတပါးသည် သံဃာဒိသေသ် အာပတ် သင့်၏။ ထိုသို့ သင့်သည်ကို မိမိက သမ္မုတိရသူ မဟုတ်ဘဲ လူ သာမဏေအား ပြောလျှင် ပါစိတ်အာပတ်။ [ပါရာဇိကနှင့် သံဃာဒိသေသ် အာပတ်ကို ဒုဋ္ဌုလ္လသဒ္ဒါက ဟောနိုင်သော်လည်း ဤသိက္ခာပုဒ်၌ သံဃာဒိသေသ် အာပတ်ကိုသာ ဒုဋ္ဌုလ္လ အရ ယူရမည်။ ထိုသို့ ယူရကြောင်းကို နောက်၌ (၃) မှတ်ချက်ဖြင့် ထင်ရှား စေလတ္တံ့။]

**ဘိက္ခုသမ္မုတိယာ။** ။ဦးတိဿသည် သံဃာဒိသေသ် အာပတ် မပြတ်သင့်နေအံ့၊ "နောင်ခါ ရှက်ကြောက်သော အားဖြင့် ထို အာပတ် အပြစ်မှ ရှောင်ကြဉ်ပါစေတော့" ဟု သဘောထား၍ ထိုဦးတိဿ၏အပြစ်ကို လူဒကာ ဒကာမတို့အား ပြောဘို့ရန် သံဃာက အပလောကနကံ (သံဃာ့အလယ်မှာ ခွင့်ပန်သောကံ)ဖြင့် ရဟန်းတပါးအား သမ္မုတိ ပေးရသည်။ ထို သမ္မုတိကို "ဘိက္ခုသမ္မုတိ"ဟု ခေါ်သည်။

**သမ္မုတိပေးပုံ။** ။သံဃာ စည်းဝေးပြီးနောက် သံဃာ့ အလယ်မှာ "ဦးတိဿ၏ ဒုဋ္ဌုလ္လအာပတ်ကို လူ သာမဏေအား ပြောနိုင်ဘို့ရန် ဦးဓမ္မကို သမုတ်ပါသည်။ သဘောတူလျှင် ဆိတ်ဆိတ်နေပါ" ဤသို့ ၃ ကြိမ် ပြော၍ ပေးရသည်။ ထို သမ္မုတိရသော ရဟန်းက ထို ဦးတိဿ၏ ဒုဋ္ဌုလ္လအာပတ်ကို လူတို့အား ပြောကောင်း၏။ ထိုသို့ သမ္မုတိမရဘဲ ပြောလျှင် ပါစိတ်အာပတ် သင့်သည်။

**၁။ မှတ်ချက်။** ။နောင် ရှောင်ကြဉ်စေရန် လူတို့အား ပြောခွင့်သမ္မုတိ ပေးမှုကို ထောက်၍ "ဒုဋ္ဌုလ္လ"အရ သံဃာဒိသေသ်ကိုသာ ယူရကြောင်း သိသာသည်။ ပါရာဇိကအာပတ် သင့်ပြီးဖြစ်လျှင်ကား နောင်ခါ ရှောင်ကြဉ်ဘို့ မလိုသောကြောင့် သမ္မုတိရသော ရဟန်းက ပြောသော်လည်း အကျိုးမရှိပြီ။ ထို့ကြောင့် "ဤသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအရ သံဃာဒိသေသ် အာပတ်ကိုသာ ယူရသည်"ဟု ဆိုခဲ့သည်။

**၁၀။ ပထဝီခဏန** ယော ပန ဘိက္ခု - သည်၊ ပထဝိံ - မြေကို၊ ခဏေယျ ဝါ - ကိုယ်တိုင်မူလည်း တူးအံ့၊ ခဏာပေယျ - ဝါ - သူတပါးကိုမူလည်း တူးစေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

**ပထမော-ပထမ ဖြစ်သော၊ မုသာဝါဒဝဂ္ဂေါ-မုသာဝါဒဝဂ်တည်း။**

× × × × ×

**အာဇရာစေယျ။** ။"ပြော" ဟူရာ၌ "ဦးတိဿသည် သံဃာဒိသေသ် အာပတ်သင့်၏"ဟု အာပတ်ကိုသာ ပြောသည်ဖြစ်စေ၊ "ဦးတိဿသည် သုက္က ဝိသဋ္ဌိအမှုကို ပြု၏"ဟု ဝတ္ထုကိုသာ ပြောသည် ဖြစ်စေ အာပတ် မသင့်သေး။ "ဦးတိဿသည် သုက္ကဝိသဋ္ဌိအမှုကို ပြုသောကြောင့် သံဃာဒိသေသ်အာပတ် သင့်၏"ဟု ဝတ္ထုနှင့် အာပတ်ကို တွဲစပ်၍ ပြောမှ အာပတ်သင့်သည်။

**၂။ မှတ်ချက်။** ။အောက် အာပတ်များကိုငင်း၊ သာမဏေများ၏ လွန်ကျူးမှုကိုငင်း ပြောလျှင် ဒုက္ကဋ်။ သာမဏေများ၏ ပါဏာတိပါတ စသော ရှေ့ငါးပါးကို ကျူးလွန်ခြင်းသည် ဒုဋ္ဌုလ္လ (အကြမ်း) အပြစ်တည်း။ ဝိကာလ ဘောဇန စသည်နှင့် သံဃာဒိသေသ်လာ သုက္ကဝိသဋ္ဌိ စသော အမှုများကို ကျူးလွန်ခြင်းသည် အဒုဋ္ဌုလ္လ (မကြမ်းသော) အပြစ်များတည်း။ ထို့ကြောင့် ပါတိမောက်လာ အချို့ သိက္ခာပုဒ်များသည် သာမဏေများ ကျင့်ထိုက်သော သိက္ခာပုဒ်များတည်း ဟု မှတ်ပါ။

**အင်္ဂါ ၃ ပါး။** ။၁-ပါရာဇိက မကျသေးသော ရဟန်း၏ သံဃာဒိသေသ် အာပတ် ဖြစ်ခြင်း၊ ၂-လူ သာမဏေအား ပြောခြင်း၊ ၃-သမ္မုတိ မရခြင်း၊ ၃ ပါးတည်း။ [လူ ဟူရာ၌ ရသေ့ ပရိဗ္ဗိုဇ်များပါ ပါသည်။]

[**ဆောင်**] ရဟန်းစင်စစ်, ဖြစ်သည့်သူ၏, ဝတ္ထုလည်းပါ, သံဃာဒိသေသ်,
အာပတ်ဖြစ်စေ[၁], သာမဏေ လူ, ပြောမူတဝ[၂], မရ သမ္မုတိ[၃],
အင်သုံးပြည့်, သင့်၏ ဒုဋ္ဌုလ္လ။

**၁၀။ ပထဝီခဏန။** ။မြေကို ကိုယ်တိုင် တူးလျှင်ငင်း၊ "သူတပါးကို တူးစမ်း" ဟု ခိုင်းလျှင်ငင်း ပါစိတ်။ "ခဏေယျ"ဟု တူးခြင်း ကြိယာကိုသာ ဆိုသော်လည်း တူးခြင်းတမျိုးသာမက ပေါက်ခွဲခြင်း၊ ခြစ်ခြင်း၊ မီးတိုက်ခြင်း စသော ဖျက်ဆီးခြင်း အားလုံးကို ယူပါ။ ခဏနကြိယာကို ဥပလက္ခဏနည်း အားဖြင့် မှတ်၍ ပြထားသည်ဟု ဆိုလိုသည်။

**ပထဝီ အမျိုးမျိုး။** ။ဇာတပထဝီ၊ အဇာတပထဝီ ဟု ၂ မျိုး ရှိသည်။ ထိုတွင် ''ဇာတပထဝီ''ဟူသည် မြေဖြစ်ပြီးသော ပထဝီ (မြေအမျိုးတွင် ပါဝင်သော ပထဝီ)တည်း။ ''အဇာတပထဝီ''ဟူသည်ကား မြေအမျိုးတွင် မပါဝင်သော ပထဝီတည်း။ ဇာတပထဝီလည်း သုဒ္ဓပထဝီ၊ မိဿပထဝီ၊ ပုဉ္ဇပထဝီ အားဖြင့် ၃ မျိုးပြား၏။

**သုဒ္ဓ ပထဝီ။** ။သုဒ္ဓပထဝီဟူသည် မြူမှုန် (ဖုံ) သက်သက်၊ သို့မဟုတ် မြေညက်သက်သက်တည်း။ [''မြေမှုန်–မြူမှုန်–ဖုံ''ဟု ခေါ်အပ်သော အပေါ်မြေကို ''ပံသု''ဟု ခေါ်၏။ မြူ ဖုံတို့၏ အောက်၌ရှိသော မြေသားကို''မတ္တိကာ- မြေညက်''ဟု ခေါ်သည်။]

**မိဿ ပထဝီ။** ။မိဿပထဝီ ဟူသည် ကျောက်ခဲ၊ ကျောက်စရစ်၊ အိုးခြမ်း၊ ကျောက်ပြုပ်ခဲတို့နှင့်ရောနေသော ယခင် ပံသု-မတ္တိကာပထဝီများတည်း။ထိုသို့ ရောရာ၌ ပံသုဖြစ်စေ၊ မတ္တိကာဖြစ်စေ၊ တဝက် တဝက်ထက်များလျှင် ဇာတပထဝီတွင် ပါဝင်၏။ ပံသု-မတ္တိကာတို့က နည်း၍ ကျောက်ခဲစသည်က များလျှင် အဇာတပထဝီတွင် ပါဝင်သည်။

**ပုဉ္ဇပထဝီ။** ။ပုဉ္ဇပထဝီ ဟူသည်ကား စုပုံထားသော မြေမှုန် မြေညက်များတည်း။ ထို မြေပုံများသည် အမိုး အကာ မရှိသော လွင်ပြင်၌၊ သို့မဟုတ် မိုးမလုံသောနေရာ၌ ပုံထားသဖြင့် တကြိမ် မိုး စွတ် ပြီး နောက် လေးလ ကြာလျှင် ဇာတပထဝီတွင် ပါဝင်တော့သည်။ အထက်ပိုင်းသာ မိုးစို၍ အောက်ပိုင်း အတွင်းပိုင်း၌ မိုးမစိုလျှင်ကား ထိုနေရာသည် ဇာတပထဝီတွင် မပါဝင်သေး။

**မှတ်ချက်။** ။ဤ ပုဉ္ဇပထဝီနှင့် စပ်၍ လွင်ပြင်ရှိ ခြတောင်ပို့၊ ခြအိမ်များနှင့် ပန်းအိုး၌ ထည့်ထားအပ်သော မြေများလည်း ပထမတကြိမ် မိုးစွတ်ပြီးနောက် လေးလကြာလျှင် ဇာတပထဝီတွင် ပါဝင်ကြသည်။ ထို့ကြောင့် ပန်းအိုး၌ ရှိသော မြေများကို ရဟန်းများ မဖျက်ကောင်းဟု မှတ်ပါ။

**အာပတ်သင့်နိုင်ရာများ။** ။ထို ဇာတပထဝီတွင် ပါဝင်သော သုဒ္ဓပံသု၊ သုဒ္ဓမတ္တိကာ၊ မိဿပံသု၊ မိဿမတ္တိကာများကို တူးဖောက် ခွဲဖျက် မီးတိုက်ခြင်း၊ ထို ဇာတပထဝီများကို ခြေ လက် ဒုတ်တို့ဖြင့် ခြစ်ခြင်း၊ ရေးသားခြင်း (အယုတ်သဖြင့် မြေပျက်အောင် ကျင်ငယ်ကို ပြင်းပြင်းစွန့်ခြင်း)တို့တွင် တခုခုကို ပြုလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။ ထိုဇာတပထဝီပေါ်၌ သပိတ်ဖုတ်ရန်၊ ဆိုးရည်ကျိုရန် မီးမွှေးလျှင်လည်း ထိုပထဝီကို မီးတိုက်ရာ ရောက်သောကြောင့် ပါစိတ်အာပတ်ပင်တည်း။

**အာပတ်မသင့်ရာများ။** ။ဇာတပထဝီတွင် မပါဝင်သော အုတ်၊ကျောက် စသည်တို့ များစွာမပါသော မြေ၊ သပိတ်ဖုတ်ဖူးသောနေရာ ဖြစ်၍ မီးလောင် ပြီးသော မြေ၊ မိုးမစွတ်သေးသော၊ စွတ်သော်လည်း ၄ လမပြည့်သေးသော မြေပုံ၊ တောင်ပို့၊ ခြအိမ်များနှင့် ပန်းအိုးအတွင်း၌ရှိသော မြေကို ဖျက်ဆီးသော်လည်း အပြစ်မရှိ။ ထိုဇာတပထဝီကိုပင် သစ်တုံးလိမ့်ရင်း၊ တောင်ဝှေးထောက် ရင်း၊တံမြက်လှည်းရင်း ပျက်စေသော်လည်း ဖျက်လိုသောစိတ် မရှိလျှင် အာပတ် မသင့်ပါ။ သို့သော် ပျက်စေလိုသောစိတ် ရှိလျှင်ကား မိမိ၏ စင်္ကြံသွားလမ်းကို သူတပါးသိအောင် ခြေဖြင့် ပြင်းပြင်းနင်း၍ သွားရုံမျှဖြင့် ဤသိက္ခာပုဒ်အရ အာပတ်သင့်၏။

**ခဏာပေယျ။** ။တူးစေခြင်း (အတူးခိုင်းခြင်း)၌ အပ်သော ခိုင်းနည်း၊ မအပ်သောခိုင်းနည်းဟု ၂ မျိုးရှိ၏။ "ဤမြေကို တူးစမ်း၊ ဤတွင်းကို တူးစမ်း၊ ဤမြေကို ခွဲစမ်း၊ ဖောက်စမ်း၊ ဖြိုဖျက်စမ်း၊ မီးတိုက်စမ်း" စသည်ဖြင့် မြေကို တိုက်ရိုက် ညွှန်ပြ၍ ခိုင်းခြင်းသည် မအပ်သော ခိုင်းခြင်းတည်း။

**ကဲ့ါ။** ။ဣမံ ပဒေသန္တိ ဝါ–ဤအရပ် ဟူ၍သော်၎င်း၊ဣမံ ပထဝိံ တိ ဝါ– ဤမြေကိုဟူ၍သော်၎င်း၊ ဧဝံ နိယမေတွာ–ဤသို့ သတ်မှတ်ပြီး၍၊ ခန–တူးလော၊ ဘိန္ဒ–ဖောက်လော၊ ဣတိ အာဒိနာ နယေန အာဏာပေန္တဿ အာဏတ္တိယာ ဒုက္ကဋံ၊ ပေ၊ ပါစိတ္တိယံ၊–ဤသိက္ခာပုဒ် အဋ္ဌကထာ။

**အပ်သောခိုင်းနည်း။** ။"ဤတွင်းကို ဤမြေကို ကပ္ပိစမ်း၊ သိစမ်း၊ ဤမြေဖြင့် အလိုရှိသည်၊ ဤမြေကို ယူခဲ့စမ်းပါ" စသော ခိုင်းခြင်းများသည် အပ်သော ခိုင်းခြင်းတည်း။ နေရာကို မသတ်မှတ်ဘဲ "မြေပေါက်လိုက်၊ တွင်း တူးလိုက်"စသော ခိုင်းခြင်းများ၌လည်း အာပတ်မသင့်ပါ။ သို့ရာတွင် ဝိနည်း အရာ၌ အကျင့်ရအောင် "ကပ္ပိစမ်း၊ သိစမ်း" စသော အသုံးများကိုသာ သုံးမိ အောင် သတိပြုသင့်ပါသည်။

**အင်္ဂါ ၃ ပါး။** ။၁–ဇာတပထဝီဖြစ်ခြင်း၊ ၂–ဇာတပထဝီမှန်းသိခြင်း [သွားရင်းလာရင်းဖြစ်စေ၊ အခြားသူနှင့်စကားပြောရင်းဖြစ်စေ သတိမထားဘဲ အမှတ်တမဲ့ ခြစ်မိ တူးမိရာ၌ ဖျက်လိုသောစိတ် မရှိသောကြောင့် အနာပတ္တိ။]၊ ၃–ကိုယ်တိုင်တူးခြင်း၊ သို့မဟုတ် သူတပါးကို တူးစေခြင်း၊ ၃ ပါးတည်း။

[**ဆောင်**] ပထဝီဇာတ, ဖြစ်ကြဆိုင်ဆိုင်[၁], သိမှတ်နိုင်လျက်[၂], ကိုယ်တိုင်
တူးခြင်း, တူးစေခြင်း[၃] ဟု, ကြောင်းရင်း သုံးလီ, အင်္ဂါညီ,
ပထဝီ ပါစိတ်သင့်။

# ဘူတဂါမဝဂ်

**၁။ ဘူတဂါမ** ဘူတဂါမပါတဗျတာယ - ဖြစ်ဆဲ ကြီးပွားဆဲ, ဖြစ်ပြီး ကြီးပွားပြီးသော မြက်သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းကြောင့်၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ - ဖြစ်၏။

× × × × ×

၁။ **ဘူတဂါမ။** ။သစ်ပင်ကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ ဖျက်ဆီးလျှင် ပါစိတ်အာပတ်သင့်၏။ "ဖျက်ဆီး"ဟူသည် ဖြတ်ခြင်း၊ခွဲခြင်း၊ မီးတိုက်ခြင်းစသည်များတည်း။ "ဘူတဂါမ"၌ ဘူတသဒ္ဒါသည် အမြစ်အညွန့် ထွက်သည်မှစ၍ စည်ကားမှု မကုန်သေးသမျှ စည်ကားနေဆဲ၊ ကြီးနေဆဲဖြစ်သော သစ်ပင်များကိုရင်း၊ အစွမ်းကုန် စည်ကားပြီး၊ ကြီးပွားပြီးသော သစ်ပင်ကြီးများကိုရင်း ဟော၏။

**ဝစနတ္ထ။** ။ဘဝန္တီတိ ဘူတာ, အဘဝုန္တိ ဘူတာ၊ "ဘဝန္တိ - ဖြစ်ကုန် ကြီးပွားကုန်ဆဲ၊ အဘဝုံ - ဖြစ်ကုန် ကြီးပွားကုန်ပြီး" ဟု အနက်ဆိုပါ။ ဂါမသဒ္ဒါကား "အပေါင်း အနက်ဟော၊ ဘူတာနံ - ဖြစ်ဆဲ ကြီးပွားဆဲ, ဖြစ်ပြီး ကြီးပွားပြီးသော သစ်ပင်တို့၏၊ ဂါမော-အပေါင်းတည်း၊ ဘူတဂါမော-ဖြစ်ပြီး ဖြစ်ဆဲသော သစ်ပင်အပေါင်း။

**ပါတဗျတာ။** ။ "ပါတဗျ"၌ ပါဓာတ် (တဗ္ဗပစ္စည်းနှင့် အလားတူသော) တဗျပစ္စည်းတည်း။ ဤနေရာ၌ ပါဓာတ်သည် "သုံးစွဲခြင်း"အနက်ဟောတည်း။ ပါတဗျဿ - ဖြတ်ခြင်း၊ ခွဲခြင်း၊ မီးတိုက်ခြင်း စသည်ဖြင့် အလိုရှိတိုင်း သုံးစွဲအပ်သော သစ်ပင်အပေါင်း၏၊ ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ ဖြတ်ခြင်း၊ ခွဲခြင်း၊ မီးတိုက်ခြင်း စသည်ဖြင့် ဖျက်ဆီးခြင်းကြိယာတည်း။ ပါတဗျတာ-အလိုရှိတိုင်း သုံးစွဲထိုက်သော သစ်ပင်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာ ဖျက်ဆီးခြင်းကြိယာ။ ဆိုလိုရင်းမှာ- "သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်း"ဟု ဆိုလိုသည်။

**ဗီဇဂါမ် ဘူတဂါမ်။** ။မျိုးစေ့အပေါင်းကို (ဗီဇဂါမ) ဗီဇဂါမ်၊သစ်ပင်အပေါင်းကို (ဘူတဂါမ) ဘူတဂါမ်ဟု ခေါ်သည်။ ထိုတွင် ဗီဇဂါမ်သည် မူလ(အမြစ်)၊ ခန္ဓ (ပင်စည်)၊ ဖလု(အဆစ်)၊ အဂ္ဂ(အညွန့်)၊ ဗီဇ (အစေ့) အားဖြင့် ၅ ပါးပြား၏။ ထိုမျိုးစေ့အဖြစ်၌တည်ရှိသော ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ် သင့်၏။ ထိုမျိုးစေ့ကို စိုက်ပျိုးသည့်အခါ အမြစ်သာ ထွက်၍ အညွန့်မထွက်သေးလျှင်ရင်း၊ အညွန့်သာထွက်၍ အမြစ် မထွက်သေးလျှင်ရင်း ဗီဇဂါမ်ပင်တည်း။ အမြစ် အညွန့် ၂ မျိုးလုံး ထွက်လျှင်ကား ဘူတဂါမ်တွင် ပါဝင်လေပြီ။

**မှတ်ချက်။** ။သောက်ရေအိုးများ၏ အပြင်ဘက်၌ "ရေညှိ" ဟု ခေါ်အပ်သော မှော်သေးကလေးများကို တွေ့ရတတ်၏။ ထိုမှော်သေးကလေးများ၌ အရွက် အညွန့်လည်း မပါရကား ဗီဇဂါမ်တွင် ပါဝင်လေသည်။ သို့ဖြစ်၍ ထိုရေညှိများကို ရဟန်းကိုယ်တိုင် မဆေးမိရန် သတိပြုပါ။

**[ဆောင်]** မြစ်–ဆစ်–ပင်စည်, ညွန့်-စေ့မို့, ငါးလီ ဗီဇဂါမ်။
ဖျက်လေသမျှ, ဒုက္ကဋ္ဌ, မုချ သင့်ရမှန်။

**မအပ်သော ခိုင်းနည်း။** ။"ဤသစ်ပင်ကို ဖြတ်စေ၊ ခုတ်စမ်း၊ လှဲစမ်း၊ ချိုင်စမ်း၊ ဤအသီးကို ဆွတ်စမ်း" ရေပ်သီး၊ ကြက်သွန် စသည်ကို "ထောင်းစမ်း၊ ချက်စမ်း" အပင်ပေါက်မည့် ကြံ စသည်ကို "ဖြတ်စမ်း" စသော ခိုင်းခြင်းသည် မအပ်သော ခိုင်းခြင်းဖြစ်၍ အာပတ်သင့်၏။ ထိုတွင် သစ်ပင်ကား ဘူတဂါမ်၊ ရေပ်သီးစသော အပင်မှလွတ်ပြီး မျိုးစေ့ကား ဗီဇဂါမ်တည်း။

**အပ်သော ခိုင်းနည်း။** ။"ဤသစ်ပင်ကို သိစမ်း၊ ကပ္ပိစမ်း၊ ဤရေပ်သီးကို ကပ္ပိစမ်း" စသော ပထဝီခဏနသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ခိုင်းနည်းကား အပ်သော ခိုင်းနည်းတည်း။ မည်သည့် သစ်ပင်၊ မည်သည့် ရေပ်သီးဟု မညွှန်ဘဲ "သစ်ပင်ခုတ်လိုက်၊ ရေပ်သီးထောင်းလိုက်" စသော ခိုင်းခြင်း၌ အပြစ်မရှိပါ။ သို့ရာတွင် "သိစမ်း၊ ကပ္ပိစမ်း" ဟု ပြောလေ့ရှိပါစေ။ ဤသိက္ခာပုဒ်၌လည်း ဖျက်ဆီးလိုသော စိတ် မရှိဘဲ သစ်တုံးလှိမ့်ရာ၊ တောင်ဝှေးထောက်၍ စင်္ကြံသွားရာ အခါတို့၌ မြက် သစ်ပင်တို့ ပျက်စီးသော်လည်း အနာပတ္တိပင်။

**ကပ္ပိခြင်း။** ။အပ်သောနည်းဖြင့် သစ်ပင်၊ သစ်သီး၊ ကြံ စသည်ကို ဆွတ်ခြင်း၊ ခုတ်ခြင်းကို ပြုစေပြီးသောအခါ ဘူတဂါမ်အဖြစ်မှ ကင်းလေပြီ။ သို့သော် နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်လျှင် ဗီဇဂါမ် ဖြစ်နေသေးသောကြောင့် ထို ဗီဇဂါမ် သစ်ပင်၊ သစ်သီး၊ ကြံ စသည်ကို ရဟန်းများ သုံးဆောင်ကောင်းလောက်အောင် (ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင်) "ကပ္ပိခြင်း" ခေါ်ဝိနည်းကံတခုကို ပြုရသေးသည်။

**ကပ္ပိနည်း အမျိုးမျိုး။** ။ကပ္ပသဒ္ဒါသည် ဤနေရာ၌ သမဏဝေါဟာရ (ရဟန်းတို့၏ အပ်အောင် ပြုကြောင်း ဖြစ်သော အသုံးအနှုန်း) အနက်ကို ဟော၏။ ထို အသုံးအနှုန်းကား—၁–မီးဖြင့်တိုက်ခြင်း၊ ၂– ဓားဖြင့် ခုတ်ခြင်း၊ ၃–လက်သည်း ခြေသည်းတို့ဖြင့် ဆိတ်ဖြတ် ထိုးဖောက်ခြင်း၊ ၄– နဂို အစေ့နှု၍ အပင်မပေါက်နိုင်ခြင်း၊ ၅– သရက်သီးမှည့် စသည်ကဲ့သို့ အစေ့ကို ထုတ်ပစ်၍ ဖြစ်ခြင်းများတည်း။ ဤ ၅ မျိုးလုံးပင် ရဟန်းတို့အား အပ်သော အသုံးအနှုန်းများ ဖြစ်သောကြောင့် "ကပ္ပ"ဟု ခေါ်သည်။ [ထိုတွင် အစေ့နှုနှင့် ထုတ်ပစ်၍ ရကောင်းသော အစေ့တို့မှာ ကပ္ပိဘွယ် မလို၊ နဂိုအတိုင်း ကပ္ပဖြစ်သည်။]

**ကပ္ပိယံ။** ။သူ၏ မျိုးစေ့မှ အပင်ပေါက်လောက်သာ သစ်သီး၊ ကြံတို့ကို စားလိုလျှင် ရဟန်းက "ကပ္ပိယံ+ကရောဟိ"ဟု ဆိုပြီးနောက် လူ သာမဏေက "ကပ္ပိယံ+ဘန္တေ"ဟု ဆိုလျက် (ဆိုတုန်း ဖြစ်စေ၊ ဆိုပြီး ချက်ချင်း ဖြစ်စေ) မီးဖြင့်သော်လည်း ထိုး၊ ဓားဖြင့်သော်လည်း ခုတ်၊ လက်သည်းဖြင့် သော်လည်း ဆိတ်ရမည်။ ဓား၊ လက်သည်းဖြင့် ထိုး ခုတ် ဆိတ်ဖြတ်ရာ၌ ထက်ပိုင်း မပြတ်ဘဲ ဓားရာ၊ လက်သည်းရာ အပေါက်အပြတ် ထင်ရှားလျှင် အပ်ပြီ။ ထက်ပိုင်း ပြတ်လျှင်လည်း အပ်မည်ဟု ထင်၏။ သို့သော် ဝိမတိဌကား "တဒ္ဓ ဒွိဓာ အကတွာ (၂ ပိုင်း မပြုဘဲ) ဆေဒနဘေဒနမေဝ ဒဿေတဗ္ဗံ"ဟု ဆို၏။ စဉ်းစားပါ။

**ဆက်ဦးအံ့——** "ဓားဖြင့်ခုတ်" ဟူရာ၌ အပ်ဖြင့် ထိုးခြင်းများလည်း ပါဝင်၏။ ထိုသို့ ကပ္ပိရာ၌ သစ်သီး စသော ဝတ္ထုက ရဟန်း၏ လက်ထဲ၌ ရှိနေမှ မဟုတ်၊ ထောင်ပုံ ရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ၊ ကြံပုံ တို့ကိုလည်း ရဟန်းတပါးက မထိမကိုင်ဘဲ "ကပ္ပိယံ ကရောဟိ" ဟု ဆိုသော အခါ လူဝတ်ကြောင်က ဖြစ်စေ၊ သာမဏေက ဖြစ်စေ တစပ်ထည်းနေသော သစ်သီးတလုံးကို၊ ကြံတချောင်းကို "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ ခုတ်လိုက် ထိုး လိုက်လျှင် အားလုံးပင် ကပ္ပိပြီး ဖြစ်တော့၏။ တကြိမ် ကပ္ပိပြီးသော သစ်သီး များကို (အကပ်မခံရသေးလျှင်) နောက်နောက်ရက်များ၌ပင် ထပ်၍ မကပ္ပိဘဲ အကပ်ခံ၍ စားသောက်နိုင်၏။

**ကပ္ပိယံ ကရောဟိ အဓိပ္ပာယ်။** ။ကပ္ပဿ-သမဏာဝေါဟာရအား+အနု ရူပံ-လျော်သောအမှုတည်း၊ ကပ္ပိယံ-မှု "ကပ္ပိယံ-ရဟန်းတို့အား အပ်ကြောင်း ဖြစ်သော အသုံးအနှုန်းအား လျော်သောအမှုကို (သဒ္ဒါနက်)၊ ဝါ-အပ် သည်ကို (အဓိပ္ပာယ်နက်)၊ ဝါ-ကပ္ပိခြင်းကို (ဝေါဟာရ - သုံးစွဲရိုးအနက်)၊ ကရောဟိ-ပြုလော"ဟု အနက်ဆို။ "ကပ္ပိယံ ဘန္တေ"၌ "ဘန္တေ- အရှင်ဘုရား၊ ကပ္ပိယံ-အပ်သည်ကို၊ (ကရောမိ - ပြုပါ၏)" ဟု ဆို။ ပါဠိလို မဆိုတတ်လျှင် မြန်မာလို ဆရာက "ကပ္ပိစမ်း"၊ တပည့်က "ကပ္ပိပါ၏ ဘုရား" ဟု ဆို၍ ဓား စသည်ဖြင့် ခုတ်လျှင် အပ်သည်သာ။

**အင်္ဂါ ၃ ပါး။** ။၁-ဘူတဂါမ်ဖြစ်ခြင်း၊ ၂-ဘူတဂါမ်ဟု သိခြင်း၊ ၃-ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ ဖျက်ဆီးခြင်း၊ ၃ ပါးတည်း။ [ပါစိတ်၏ အင်္ဂါဖြစ်၍ ဘူတဂါမ်ဟု ဆိုသည်။ ဒုက္ကဋ်၏အင်္ဂါဟုဆိုလျှင် ဗီဇဂါမ်ဟု ဆိုပါ။]

[ဆောင်] ဘူတဂါမ် ဆိုင်ဆိုင်¹, သိမှတ်နိုင်လျက်², ကိုယ်တိုင် ဖျက်ခြင်း, ဖျက်စေခြင်းဟု³, ကြောင်းရင်း သုံးတန်, အင်ညီပြန်, ဘူတဂါမ် ပါစိတ်သင့်။

၁
၂။ အညဝါဒက — အညဝါဒကေ - မေးအပ်သော အကြောင်းမှ တပါးသော အကြောင်းကို ပြောဆိုတတ်သူ၏ အဖြစ်ကြောင့်ဇုင်း၊ ဝိဟေသကေ - သံဃာကို ညှဉ်းဆဲတတ်သူ၏ အဖြစ်ကြောင့်ဇုင်း၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

× × × × ×

၂။ **အညဝါဒက**။ ။အညဝါဒကကြောင့် ပါစိတ် ၁၊ ဝိဟေသက ကြောင့် ပါစိတ် ၁ ချက် သင့်သည်။ ထိုတွင် အညဝါဒကဟူသည် မေးမြန်းအပ်သော အကြောင်းကို မဖြေလိုသဖြင့် ထိုစကားကို အခြားစကားဖြင့် ဖုံးလွှမ်းပစ်ခြင်းတည်း။ ဤ ဖုံးလွှမ်းခြင်းကို ရှေးနိဿယ၌ "အဖျင်းဖျင်း ပြောဆိုခြင်း" ဟု ဆို၏။ [အနက်ဆန် မရှိဘဲ စပါးပိန် စပါးဖျင်းနှင့်တူသော စကားကို "အဖျင်းဖျင်း" ဟု ဆိုလိုသည်။] ဝိဟေသက ဟူသည် ဆိတ်ဆိတ်နေလျက် သံဃာကို ညှဉ်းဆဲခြင်းတည်း။

**ဆက်ဦးအံ့**။ ။သံဃာဒိသေသ် စသော အာပတ်များကို သာဝသေသ အာပတ်ဟု ခေါ်၏။ "ပါရာဇိကအာပတ်ကဲ့သို့ အမြစ်အရင်း မပြတ်သေးဘဲ အကြွင်းအကျန် ရှိသေးသော အာပတ်များ"ဟူလို။ ထို သာဝသေသ အာပတ် သင့်နေသော ရဟန်းကို ဝိနည်းဓိုရ်က သံဃာ့အလယ်၌ "ငါ့ရှင် အာပတ် သင့်သည် မဟုတ်လော"ဟု အာပတ်ဖြင့်ဖြစ်စေ၊ "ငါ့ရှင် သုက္ကဝိသဋ္ဌိ အမှုကို ပြုသည် မဟုတ်လော"ဟု ဝတ္ထုဖြင့်ဖြစ်စေ မေးလျှင် "ဘယ်သူသင့်သလဲ" ဟု ပြန်မေး၏။ ဤ ပြန်မေးခြင်းကား ဝိနည်းဓိုရ်မေးသည်ကို မဖြေလို၍ ဝိနည်းဓိုရ် စကားကို ဖုံးလွှမ်းပစ်ခြင်းတည်း။ ဤနည်းအတိုင်း....

ဝိနည်းဓိုရ်။ ။သင် သင့်သည်။
ရဟန်း ။ ။ဘာအာပတ် သင့်သလဲ။
ဝိနည်းဓိုရ်။ ။ပါစိတ်အာပတ်၊ သို့မဟုတ် ဒုက္ကဋ်အာပတ်သင့်သည်။
ရဟန်း ။ ။ဘာ့ကြောင့် သင့်သလဲ။
ဝိနည်းဓိုရ်။ ။မုသာဝါဒကြောင့် သင့်သည်။
ရဟန်း ။ ။တပည့်တော် ဘာလုပ်ရင်း သင့်သလဲ။

ဤသို့ စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံး မေးသမျှကို ဖုံးလွှမ်းပစ်နေခြင်းကို "အညဝါဒက"ဟု ခေါ်သည်။ ["အညံ-မေးအပ်သော အကြောင်းမှ တပါးသော အကြောင်းကို+ဝဒတိ-ပြောဆိုတတ်၏"နှင့် အညီ အညဝါဒက အရ မေးအပ်သောအနက်မှ တပါးသောအနက်ကို ပြောဆို ဖုံးလွှမ်းသော ရဟန်းကို ရသော်လည်း ဤနေရာ၌ ဘာဝပ္ပဓာန (ဘာဝလောပ) ကြံ၍ မေးအပ်သော

အနက်မှ တပါးသောအနက်ကို ပြောဆို ဖုံးလွှမ်းတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ (တပါးသောအနက်ကို တပါးသောအနက်ဖြင့် ဖုံးလွှမ်းပစ်ခြင်း) ကြိယာကို အရကောက်ပါ။

[ဆောင်] အညဝါဒက, ပုဒ်အရစ္ဆ်, မုချပြောသူ, ရ၏ဟူလည်း, ဤမူဘာဝ, ပခာနဖြင့်, အညအနက်, မေးသည့်ချက်ကို, အနက်တလမ်း, ဖျက်ဘို့မှန်း၍, ဖုံးလွှမ်းပြောခါ, ကြိယာ, မှန်စွာ အရကောက်။

**ဝိဟေသက**။ ။"ဝိဟေသေတိ – သံဃာကို ညှဉ်းဆဲတတ်၏" ဟူသော ဝိဂြိုဟ်အရ ညှဉ်းဆဲတတ်သော ရဟန်းကို ရသော်လည်း ဘာဝပ္ပဓာန ကြံ၍ ညှဉ်းဆဲတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဆိတ်ဆိတ်နေသော အားဖြင့် ညှဉ်းဆဲခြင်း ကြိယာကို အရကောက်ပါ။

**ရှုဦးအံ့**—သံဃာ့အလယ်၌ ဝိနည်းဓိုရ်က "အာပတ်သင့်သလော" ဟု စစ်ဆေး မေးမြန်းသည့်အခါ လုံးလုံး မဖြေဆိုဘဲ ဆိတ်ဆိတ် နေ၏။ ထိုသို့ ဆိတ်ဆိတ်နေသည့်အတွက် သံဃာများမှာ အထိုင်ရ ကြာသဖြင့် ညောင်း၏။ ထပ်ကာထပ်ကာမေးရသဖြင့် အာခေါင်ခြောက်၏။ ဤသို့လျှင် မေးအပ်သည်ကို မဖြေဘဲ ဆိတ်ဆိတ်နေခြင်းသည် သံဃာကို ညှဉ်းဆဲရာ ရောက်သည်။

[ဆောင်] ဝိဟေသက, ပုဒ်အရစ္ဆ်, မုချညှဉ်းသူ, ရ၏ဟူလည်း, ဤမူဘာဝ, ပခာနဖြင့်, သံဃာ့ ညှဉ်းရန်, အတွင်းကြံ၍, နှုတ်သံ မချွေ, ဆိတ်ဆိတ်နေ, ကောက်လေ သတိပြု။

**အချုပ်မှာ**။ ။"ဝိနည်းဓိုရ်ကမေးသည်ကို တိုက်ရိုက်မပြောဘဲ တောပြော တောင်ပြောနှင့် ရှောင်လွှဲ၍ပြောနေလျှင် အညဝါဒကဖြစ်၏။သံဃာကို ညှဉ်းဆဲလိုသော သဘောဖြင့် မေးသည်ကိုမဖြေဘဲ ပေနေလျှင် ဝိဟေသက ဖြစ်သည်" ဟု မှတ်ပါ။

**ပါစိတ် ဒုက္ကဋ် ခွဲချက်**။ ။ထို အညဝါဒကအမှု၊ ဝိဟေသကအမှု ပြုသော ရဟန်းကို သံဃာက ကမ္မဝါစာဖြင့် အညဝါဒကကံ၊ ဝိဟေသကကံသို့ တင်ပေးရသည်။ "ကံပြုရသည်"ဟူလို။ ထိုကံပြုပြီးနောက် အညဝါဒကအမှု၊ သို့မဟုတ် ဝိဟေသကအမှုကို ထပ်မံ၍ ပြုမှ ပါစိတ်အာပတ် သင့်သည်။ ကံ မပြုသေးခင် အညဝါဒကအမှု၊ ဝိဟေသကအမှုကို ပြုခိုက်၌ကား ဒုက္ကဋ်အာပတ်သာ သင့်၏။ [အညဝါဒက၊ ဝိဟေသကကံသို့ တင်ပုံကို ပါဠိတော်မှာ ရှုပါ။]

**အင်္ဂါ ၃ ပါး**။ ။၁–အညဝါဒကကံ၊ ဝိဟေသကကံသို့ ဓမ္မကံ အဖြစ်ဖြင့် တင်အပ်ပြီး ဖြစ်ခြင်း၊ ၂–အာပတ်ဖြင့် ဖြစ်စေ၊ ဝတ္ထုဖြင့်ဖြစ်စေ အမေးအမြန်း

**၃။ ဥဇ္ဈာပနက** ဥဇ္ဈာပနကေ - အထင်သေး အမြင်သေးစေကြောင်း စကားကို ပြောဆိုခြင်းကြောင့်၎င်း၊ ဝါ - ကဲ့ရဲ့ခြင်းကြောင့်၎င်း၊ ခိယျနကေ - အပြစ်ကို ထင်ရှားပြခြင်းကြောင့် ၎င်း၊ ဝါ- ရှုတ်ချခြင်းကြောင့်၎င်း၊ ပါစိတ္တိယံ-သည်၊ ဟောတိ- ဖြစ်၏။

× × × × ×

ခံရခြင်း၊ ၃- မိမိအပြစ်ကို ဖုံးလွှမ်းလိုသည့်အတွက် တပါးသော အနက်ဖြင့် တပါးသောအနက်ကို ဖုံးလွှမ်းခြင်း၊ သို့မဟုတ် ဆိတ်ဆိတ်နေခြင်းအားဖြင့် ၃ ပါးတည်း။

[ဆောင်] ဓမ္မထုံးနည်း, ကံ တင်ပြီးလတ်[၁], အာပတ် ဝတ္ထု, တခုခုစစ်[၂],
ကိုယ့်အပြစ်ကို, ဖုံးလွှမ်းလို၍, ထိုထိုစကား, ရှောင်ရှားဆိုလေ,
ဆိတ်ဆိတ်နေ[၃] ဟု, သုံးထွေအင်္ဂ, စုံညီမျှ, အည ဝိဟေသင့်။

**၃။ ဥဇ္ဈာပနက။** ။ဥဇ္ဈာပနကဟူသည် မိမိမုန်းသူ၏ အကြောင်းကို အခြားရဟန်းတို့ အထံ သွား၍ အထင်သေး အမြင်သေးဖြစ်အောင် တိုက်ရိုက် ပြောခြင်းတည်း။ ဥပမာ- “ရှင်ဒဗ္ဗသည် ဆန္ဒာဂတိ လိုက်၏” ဟု ပြောလာသည်ကို ကြားရသော ရဟန်းတို့က (ခေတ်မသိလျှင် တကယ့်ကို ဆန္ဒာဂတိ လိုက်သူဟု မှတ်ထင်ကာ) ရှင်ဒဗ္ဗအပေါ်မှာ အထင်သေး အမြင်သေး ဖြစ်ကြ၏။ ထိုကဲ့သို့ အခြားရဟန်းတို့က မိမိမုန်းသူအပေါ်၌ အထင်သေး အမြင်သေးစေကြောင်း စကားကို “ဥဇ္ဈာပနက”ဟု ခေါ်သည်။

**ခိယျနက။** ။“ရှင်ဒဗ္ဗသည် ဆန္ဒာဂတိလိုက်၏” စသော စကားကို တစုံတယောက်ထံသို့ တိုက်ရိုက်ကား သွား၍မပြော။ သို့သော် ထိုထို ရဟန်းများ ကြားလောက်အောင် (ကြားလောက်သည့် နေရာတို့၌) မိမိတို့ အပေါင်းအဖော်ချင်း မုန်းသူ၏အပြစ်ကို အတင်းပြောခြင်း၊ မကောင်းသတင်း လွှင့်ခြင်းသည် “ခိယျနက” မည်၏။ ယခုကာလ၌ ဥဇ္ဈာပနကကို ကဲ့ရဲ့ခြင်း၊ ခိယျနကကို ရှုတ်ချခြင်းဟု အနက်ပြန်ကြသည်။

**သမ္မုတိရသူကိုပြောမှု။** ။ထိုကဲ့သို့ တိုက်ရိုက်သွားပြောလျှင်၎င်း၊ မိမိတို့ အချင်းချင်း အတင်းပြောလျှင်၎င်း အသီးအသီး ပါစိတ်အာပတ် သင့်၏။ သို့သော် အပြစ်ပြော အတင်းပြောခံရသော ရဟန်းက ကမ္မဝါစာဖြင့် သမုတ် အပ်သူ (အိပ်ရာ နေရာကို အာဂန္တုများအတွက် ခင်းပေးသော သေနာသန ပညာပက၊ သံဃာများကို ဆွမ်းလှည့် ညွှန်ပြသော ဘတ္တုဒ္ဒေသက၊ သစ်သီး ဝေဘန်သော ဖလဘာဇက၊ ဤသို့ စသည်ဖြင့် သံဃာက သမုတ်ထားသော

သံဃာ့တာဝန်ဆောင်) ရဟန်းဖြစ်မှ ပါစိတ်အာပတ် သင့်၏။ ထိုကဲ့သို့ သမုတ်ရသူ မဟုတ်လျှင်ငင်း၊ ပြောရာပုဂ္ဂိုလ်က ရဟန်းမဟုတ်၊ လူ သာမဏေဖြစ်လျှင်ငင်း၊ လူ သာမဏေ၏ မဟုတ်မမှန်သောအပြစ်ကို ပြောလျှင်ငင်း ဒုက္ကဋ်အာပတ်သာ။ အမှန် အဂတိ လိုက်သူကို ပြောလျှင်ကား အနာပတ္တိ။

**အင်္ဂါ ၆ ပါး။** ။၁– ဓမ္မကံဖြင့် သမုတ်အပ်သူဖြစ်ခြင်း [ဝိနည်းထုံးတမ်းနှင့် ညီညွတ်ခြင်းကို ဓမ္မကံဟု ခေါ်သည်။]၊ ၂– အပြစ်ပြောခံရသူက ရဟန်းဖြစ်ခြင်း၊ ၃– အဂတိ မလိုက်စားခြင်း၊ ၄–ထိုသူ၏ ကျေးဇူးမဲ့ကို (ဂုဏ်ပျက်ခြင်း၊ မကောင်းသတင်း ပြန့်ခြင်းကို) လိုလားခြင်း၊ ၅–ပြောရာပုဂ္ဂိုလ်ကလည်း ရဟန်းဖြစ်ခြင်း၊ ၆– ဥဇ္ဈာပန ခိယျနမှု တခုခုကို ပြုခြင်းအားဖြင့် အင်္ဂါ ခြောက်ပါးရှိသည်။

**[ဆောင်]** ဓမ္မထုံးနည်း, သမုတ်ပြီးလစ်[၁], ရဟန်းဖြစ်ခိုက်[၂], မလိုက် ဂတိ[၃], ထိုသူ၏ငဲ့, ကျေးဇူးမဲ့လို[၄], ထိုထိုပြောရာ, ရဟန်းသာလျှင်[၅], ဥဇ္ဈာပန, ခိယျနမှု, တခုခုလျှင်း, ပြုမိခြင်း[၆] ဟု, ကြောင်းရင်း ခြောက်ဖြာ, အင်ညီညာ, ဥဇ္ဈာပါစိတ်သင့်။

**သဒ္ဒါနည်း။** ။ဥဇ္ဈာပနကဥ္စ "အဝပုဗ္ဗ ဈေခေတ်၊ ဏာပေပစ္စည်း၊ ယုပစ္စည်း" အဝကို ဥပြု၊ယုကို အနပြု၍ ဥဇ္ဈာပန အပြီးမှာ ကပစ္စည်းထပ်၍ "ဥဇ္ဈာပနက"ဟု ပြီး၏။ အဝသည် အဘိဓာန်လာ အနက်တို့တွင် အဘိဘဝန (လွှမ်းမိုးခြင်း) အနက်ရှိ၏။ လွှမ်းမိုးဟူသည် နှိမ့်ချခြင်းတည်း။ ဈေခေတ်ကား ရိုးရာ "စိန္တန" အနက်နှင့် "ခေတူနံ အနေကတ္ထတ္တာ" ပရိဘာသာ ဟိတ်အရ "ဩလောကန" အနက်ရှိ၏။ [အဝ = အောက်ချ၍ + ဈာပန = ကြံစေကြောင်းစကား၊ ဝါ– ကြည့်စေကြောင်းစကား။]

**ဆက်ဦးအံ့—** အောက်ချ၍ ကြံစေခြင်း ဟူသည် ယခု ခေတ်သုံးအားဖြင့် "အထင်သေးစေခြင်း" တည်း။ အောက်ချ၍ ကြည့်စေခြင်းဟူသည် "အမြင်သေးစေခြင်း" တည်း။ခိယျနကဥ္စ ခိဓာတ်၊ယုပစ္စည်း၊ခိဥ္စ ဣကို ဣယပြု (တနည်း ဤယပြု) ၍ ယ ဒွေးဘော်လာ၊ ခိယျနကဟု ဖြစ်၏။ ခိဓာတ်သည် ကောဓ (စိတ်ဆိုးခြင်း) အနက်ရှိသော်လည်း ဤနေရာ၌ စိတ်ဆိုး၍ အပြစ်ပြန့်နှံ့အောင် လွှင့်ခြင်းကို ယူပါ။ "ဥပဇ္ဈာပေန္တိ တေနာတိ ဥဇ္ဈာပနကံ, ခိယန္တိ တေနာတိ ခိယျနကံ"ဟု ဝိဂြိုဟ်ပြု။ တေန– ဤစကားဖြင့်၊ ဥဇ္ဈာပေန္တိ– အထင်သေးစေကြကုန်၏၊ ဝါ– အမြင်သေးစေကြကုန်၏၊ ခိယန္တိ – အပြစ်ပြောကြကုန်၏ ဟု အနက်ဆိုပါ။

**၄။ ပထမ သေနာသန** ယော ပန ဘိက္ခု-သည်၊ သံဃိကံ-သံဃာ့ဥစ္စာဖြစ်သော မဉ္စံဝါ-ညောင်စောင်းကိုသော်ငင်း၊ ပီဌံဝါ-အင်းပျဉ်ကိုသော်ငင်း၊ ဘိသိံဝါ-ဘုံလျှိုကိုသော်ငင်း၊ ကောစ္ဆံဝါ-ခတ် အခင်းကိုသော်ငင်း၊ အဇ္ဈောကာသေ-လွင်တီးခေါင်၌၊ သန္ထရိတွာဝါ-ကိုယ်တိုင် ခင်းပြီး၍သော်ငင်း၊ သန္ထရာပေတွာဝါ - သူတပါးကို ခင်းစေပြီး၍သော်ငင်း၊ တံ-ထိုညောင်စောင်း စသည်ကို၊ ပက္ကမန္တော-အခြားတနေရာသို့ ဖဲသွားလိုလသော်၊ နေဝ ဥဒ္ဓရေယျ - ကိုယ်တိုင်မူလည်း မရုပ်သိမ်းအံ့၊ န ဥဒ္ဓရာပေယျ - သူတပါးကိုမူလည်း မရုပ်သိမ်းစေအံ့၊ အနာပုစ္ဆံဝါ-မပန်ပြောဘဲမူလည်း၊ ဂစ္ဆေယျ-သွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၄။ ပထမ သေနာသန**။ ။သံဃိက ညောင်စောင်း စသည်ကို လွင်တီးခေါင်၌ ကိုယ်တိုင်ခင်းပြီး၍ ဖြစ်စေ၊ လူ သာမဏေကို အခင်းခိုင်း၍ဖြစ်စေ ထိုနေရာမှ အခြားတနေရာသို့ သွားလိုလျှင် (ညဉ့်အိပ်ရာအရပ်သို့ဖြစ်စေ၊ ကိစ္စရှိ၍ ရွာတွင်း စသည်သို့ဖြစ်စေ သွားလိုလျှင်)ထို ညောင်စောင်း စသည်ကို ကိုယ်တိုင်သော်လည်း ရုပ်သိမ်း၍ သင့်တော်ရာ၌ သိမ်းမထားလျှင်ငင်း၊ တယောက်ယောက်ကိုသော်လည်း အသိမ်းမခိုင်းလျှင်ငင်း၊ ကိုယ့်ပစ္စည်းလို သဘောထား၍ စောင့်ရှောက်မည့် ရဟန်း၊ သာမဏေ၊ အာရာမ်စောင့်ကိုသော်လည်း ကြည့်ရှုရစ်ရန် အပ်နှံ ပန်ပြောခြင်း မပြုလျှင်ငင်း သွားသောရဟန်းမှာ ပါစိတ်အာပတ်သင့်၏။

**မဉ္စ ပီဌ**။ ။မဉ္စ (ညောင်စောင်း) ဟူသည် ယခုကာလ အိပ်ရာ ခရှင်အမျိုးမျိုးတည်း။ သက္ကတအဘိဓာန်၌ မဉ္စ၏ ပရိယာယ်တွင် "ခဋ္ဂါ"ဟု ရှိ၏။ ဟိန္ဒီ၌ "ခဋိးယား"ဟု ခေါ်၍ မြန်မာက "ခရှင်"ဟု ခေါ်၏။ ပီဌ (အင်းပျဉ်) ဟူသည် ယခုကာလ စားပွဲ ကုလားထိုင် အမျိုးမျိုးတည်း။

**ဘိသိ**။ ။အပြင်က အဝတ်၊ သို့မဟုတ် သမင်ရေ စသော အပ်သော သားရေကို ချုပ်ပြီးလျှင် အတွင်း၌ အဆာသွတ်ထားသော (ထိုင်စရာ အိပ်စရာ) ဖုံ မွေ့ယာအမျိုးမျိုးကို "ဘိသိ=ဘုံလျှို"ဟု ခေါ်၏။ [လဲ၊ ဝါဂွမ်း အဆာသွတ်ထားလျှင်ကား ရဟန်း သာမဏေ ဥပုသ်သည်တို့ မထိုင်ကောင်း၊ မအိပ်ကောင်း။ အဝတ် အဆာ၊ သားမွေး သိုးမွေး အဆာ၊ ပိုးချည် အဆာ၊ မြက်သစ်ရွက်အဆာ၊ အုန်းဆံ အဆာတို့တွင် တမျိုးမျိုးကို သွတ်ထားလျှင်ကား အိပ်ကောင်း၊ ထိုင်ကောင်းပါ၏။]

**ကောဋ္ဌ**။ ။အလယ်၌ အတွင်းသို့ ကျုံ့ဝင်၍ အထက်အောက် အပြန့် ကျယ်သော အခင်းတမျိုးကို "ကောဋ္ဌ"ဟု ခေါ်၏။ ဤကောဋ္ဌ၌ အတွင်းမှာ အဆာ မပါ။ မြက် စသည်ကို အလယ်က ထုံးဖွဲ့၍ ခပ်နိမ့်နိမ့် ထိုင်ဖြစ်လောက် အောင် ပြုလုပ်အပ်သော အရာဝတ္ထုတမျိုးတည်း။ရုပ်တုတော်များ၏ အောက်၌ ရှိသော ပလ္လင်တော်များနှင့် ပုံသဏ္ဌာန်တူသည် ဟု ပါစိတျာဒိ ယောဇနာ ဆိုသည်။

**အဇ္ဈောကာသေ**။ ။လွင်တီးခေါင်၌ ညောင်စောင်း စသည်ကို ခင်း၍ နေထိုင်ပြီးနောက် မိမိက အခြားတနေရာသို့ သွားလျှင် ရုပ်သိမ်းပြီးမှ သွားရ မည်ဟု မိန့်တော်မူရာ၌ ရည်ရွယ်တော်မူချက်ကား (မိုးရွာလျှင်) မိုးစိုခြင်း၊ ကျီး စသည်တို့ ကျင်ကြီးစွန့်ချခြင်း စသည်ကြောင့် သံဃိကညောင်စောင်းစသည် တို့ကို ပျက်စီးမည်မှ ကာကွယ်တော်မူလိုရင်းတည်း။ ထို့ကြောင့် မိုး ၄ လ ပတ်လုံးငင်း၊ ဆောင်းအခါ၀ယ် မကြာ မကြာ မိုးရွာတတ်သော ဒေသ၌ ဆောင်း ၄ လနှင့်တကွ ၈ လပတ်လုံးငင်း အမိုးမရှိသော လွင်တီးခေါင်၊ အမိုး ရှိသော်လည်း မိုးမလုံသော မဏ္ဍပ် စသည်၌ ထားမပစ်ခဲ့ရ။

**ဆက်ဦးအံ့** — နွေခေါင်ခေါင်၌ငင်း၊ မိုးရွာလေ့ မရှိသော ဆောင်း အခါနှင့် မိုးလုံသောနေရာတို့၌ငင်း ထားခဲ့လျှင်ကား အနာပတ္တိ။ သို့သော် ကျီး စသည်တို့၏ အမြဲနေရာ သစ်ပင်အောက်၌ကား မိုးလုံစေကာမူ မိုး ဆောင်း နွေဟု ဥတုခပ်သိမ်းပင် ထားမပစ်ခဲ့ရ။ ထိုနေရာအားလုံးကို "အဇ္ဈော ကာသ"၌ သွင်းယူရသည်။

**သန္ထရာပေတွာ**။ ။မဥ္စ စသည်ကို ရဟန်းကိုယ်တိုင် ခင်းရာ၌ သူ့တာဝန် ဖြစ်ကြောင်းမှာ ဆိုဘွယ်ရာ မရှိ။ လူ သာမဏေများကို အခင်းခိုင်းရာ၌လည်း ရဟန်းတာဝန် ဖြစ်၍ ထိုနေရာမှ သွားလိုသောအခါ ကိုယ်တိုင်သော်လည်း ရုပ်သိမ်းရ၏၊ တယောက်ယောက်ကိုသော်လည်း အသိမ်းခိုင်းရ၏။ သို့မဟုတ် အလုပ်ဝတ္တရားကို လေးလေးစားစား စောင့်ရှောက်မည့် ကပ္ပိယ၊ သို့မဟုတ် သာမဏေရှိလျှင် တဦးဦးအထံ အပ်နှံ၍သော်လည်း သွားရမည်။ [အနာ ပုစ္ဆံ၌ အာပုစ္ဆ ပုစ္ဆာတေ၊ တွာပစ္စည်း၊ နိဂ္ဂဟိတ်ကား ဥပ၀ သံကဲ့သို့ အပိုလာ အက္ခရာတည်း။]

**အင်္ဂါ ၆ ပါး**။ ။၁ – ညောင်စောင်း စသည်တို့၏ သံဃိကဖြစ်ခြင်း [အခြားပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိကပစ္စည်းကို ထားပစ်ခဲ့လျှင်ကား ဒုက္ကဋ်၊ မဥ္စ စသော ၄ မျိုးမှ အခြားအခင်းနှင့် အခြား သံဃိကဘဏ္ဍာတို့ကို ထားပစ်ခဲ့လျှင်လည်း ဒုက္ကဋ်ပင်၊ ကြိမ် စသည် မကွပ်ဘဲ သစ်သားသက်သက် ပီဌလည်း ဒုက္ကဋ်ဝတ္ထု ပင်တည်း။]

**၅။ ဒုတိယသေနာသန သိက္ခာပုဒ်**

ယော ပန ဘိက္ခု - သည်၊ သံဃိကေ-သံဃာ့ဥစ္စာဖြစ်သော၊ ဝိဟာရေ-ကျောင်း၌၊ သေယျံ-အိပ်ရာနေရာအခင်းကို၊ သန္ထရိတွာဝါ - ခင်း၊ သန္ထရာပေတွာဝါ - ခင်း၊ တံ - ထိုအခင်းကို၊ ပက္ကမန္တော - လသော်၊ နေဝ ဥဒ္ဓရေယျ, နဥဒ္ဓရာပေယျ, အနာပုစ္ဆံဝါ ဂစ္ဆေယျ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၂-ပြခဲ့ပြီးသော (မိုးရွာရာအခါ ၄ လ၊ သို့မဟုတ် ၈ လအတွင်း လွင်တီးခေါင်အရပ်၊ မိုးမလုံသော မဏ္ဍပ်နှင့် ကျိုး စသည်တို့ အမြဲနေရာ) အရပ်ဝယ် ခင်းနေခြင်း၊ ၃-အစိုးရသူတို့က အာဏာဖြင့် ညောင်စောင်းအင်းပျဉ်ကိုယူခြင်း၊ သို့မဟုတ် ဘီလူး သားရဲ ထိုင်နေခြင်း၊ ခြသေ့ သစ် ကျား လိုက်ခြင်း စသော အနှောင့်အယှက် မရှိခြင်း။

၄-ဘေးရန်မရှိခြင်း [အသက်ဘေး၊ သာသနာ့အန္တရာယ် ပြုမည့်ဘေး ရှိ၍ ရဟတ်တရက် ထပြေးရလျှင် အနာပတ္တိ၊]၊ ၅-မငဲ့မကွက် သွားခြင်း [ခေတ္တခဏ ကုဋီ စသည်သို့ သွားခြင်း မဟုတ်၊ ယနေ့အတွင်း၌ ပြန်၍ မထိုင်တော့ဟု နှလုံး သွင်း၍ သွားခြင်း။]

၆-ခဲတကျကို လွှန်ခြင်း [ညောင်စောင်း စသည်မှ ခဲတပစ်အရပ်ကို လွှန်မှ အာပတ်သင့်သည်၊ ထို ခဲတပစ်အတွင်း သတိရသဖြင့် ပြန်၍ရုပ်သိမ်းလျှင် အနာပတ္တိ၊] ဤသို့ အင်္ဂါ ၆ ပါးရှိသည်။

[**ဆောင်**] မဋ္ဌ စသည့်, သံဃိကဖြစ်[၁], ပြခဲ့လစ်သား, အရပ်များ၌, ခင်းထား နေခြင်း[၂], နှောင့်ယှက်ကင်း၍[၃], ဘေးရှင်းပါလျက်[၄], မငဲ့ကွက်ဘဲ[၅], ခဲတကျတွင်း, လွှန်မြောက်ခြင်း[၆] ဟု, ကြောင်းရင်း ခြောက်လီ, အင်္ဂါညီ, သင့်ပြီ ပထမ သေနာသန။

---

**၅။ ဒုတိယ သေနာသန။** သေနာသန သဒ္ဒါသည် ကျောင်းကိုရင်း၊ အိပ်ရာ နေရာ အခင်းများကိုရင်း ဟော၏။ ဤ ပထမ ဒုတိယ သေနာသန သိက္ခာပုဒ်တို့၌ သေနာသနသဒ္ဒါကား အိပ်ရာ နေရာများကိုဟော၏။ [သေန္တိ ဧတ္ထာတိ သေနံ=အိပ်ရာ(အိပ်စရာ)အခင်း၊ အာသန္တိ ဥပဝိသန္တိ ဧတ္ထာတိ အာသနံ= ကပ်ဝင်နေထိုင်ရာ (ထိုင်စရာ)အခင်း၊ သေနံစ –''အိပ်စရာ အခင်းလည်း+အာသနံစ–ထိုင်စရာအခင်းလည်း၊ သေနာသနာနိ– အိပ်စရာနှင့် ထိုင်စရာ အခင်းတို့၊] သံဃိက ကျောင်းပေါ်ဝယ် အိပ်စရာ နေစရာ အခင်းများကိုခင်း၍ နေထိုင်

ပြီးနောက် ထိုနေရာမှ ဖဲသွားလိုသည့်အခါ ကိုယ်တိုင်ရုပ်သိမ်းခြင်း၊ သို့မဟုတ် သူတပါးကို အသိမ်းခိုင်းခြင်း၊ သို့မဟုတ် တယောက်ယောက်ထံ အပ်နှံ ပန်ပြော ခြင်းမရှိဘဲ သွားလျှင် ပါစိတ်အာပတ်။

**သေယျာ**။ ။[ သံဃိက ဝိဟာရကို နားလည်လောက်ပြီ၊] "သေန္တိ ဧတ္ထာတိ သေယျာ=ဧတ္ထ–ဤနေရာ၌၊ သေန္တိ–အိပ်ကြ ထိုင်ကြကုန်၏" အရ အိပ်စရာ ထိုင်စရာ အခင်းများကို "သေယျာ"ဟု ခေါ်သည်။ ထို သေယျာ မည်သော အခင်းကား....

ဘိသိ စိမိလိကာစေဝ, ဥတ္တရတ္ထရဏံ ပိစ၊
ဘူမတ္ထရဏံ တဋ္ဋိကာ, စမ္မခဏ္ဍော နိသီဒနံ။
ပစ္စတ္ထရဏံစ တိဏ, သန္ထာရော ပဏ္ဏသန္ထာရော၊
ဒသယိမာ သေယျာ ဝုတ္တာ, မုနိနာ ဒိစ္စဗန္ဓုနာ။

ဘိသိ–ဘုံလျို၊ စိမိလိကာ – အဝတ်ကြမ်း၊ ဥတ္တရတ္ထရဏံ – အပေါ်လွှမ်း အခင်း၊ ဘူမတ္ထရဏံ – မြေအခင်း၊ တဋ္ဋိကာ–ဖျာကြမ်း၊ စမ္မခဏ္ဍော–သားရေ ပိုင်း၊ နိသီဒနံ–နိသီဒိုင်၊ ပစ္စတ္ထရဏံ–သီးခြားအခင်း၊ တိဏသန္ထာရော – မြက် အခင်း၊ ပဏ္ဏသန္ထာရော–သစ်ရွက်အခင်း၊ ဣမာ ဒသ သေယျာ – ဤအခင်း ဆယ်မျိုးတို့ကို၊ မုနိနာ ဒိစ္စဗန္ဓုနာ–နေမျိုးထွဋ်တင် ဘုရားရှင်သည်၊ ဝုတ္တာ– ဟောတော်မူအပ်ကုန်ပြီ။

**စိမိလိကာ**။ ။အင်္ဂတေ စသည် အချောကိုင်အပ်သော မြေ၌ အရောင် မပျက်အောင် ခင်းထားအပ်သော အခင်းကြမ်း တမျိုးတည်း။

**ဥတ္တရတ္ထရဏ**။ ။[ဥတ္တရိ = အပေါ်၌ + အတ္ထရဏ = ခင်းအပ်သော၊] ညောင်စောင်း အင်းပျဉ်တို့အပေါ်၌ ခင်းအပ်သော အိပ်ရာခင်းစသော အခင်း များတည်း။

**ဘူမတ္ထရဏ**။ ။စိမိလိကာရှိလျှင် စိမိလိကာ အပေါ်၌ ခင်းရသော၊ စိမိလိကာ မရှိလျှင် ရိုးရိုးမြေ၌ ခင်းအပ်သော သင်ဖြူး စသည်တည်း။

**တဋ္ဋိကာ**။ ။သင်ဖြူးစသည်ကဲ့သို့ အနုအချော မဟုတ်၊ ထန်းရွက် စသည် ဖြင့် ပြုလုပ်အပ်သော ဖျာကြမ်းတည်း။

**စမ္မခဏ္ဍ**။ ။ခြင်္သေ့ရေ၊သစ်ရေ၊ကျားရေမှစ၍ အားလုံးသော သားရေ တည်း။ ထိုသားရေကိုပင် နံဘေးပတ်လည် ဖြတ်ထားအပ်သောကြောင့် "စမ္မ= သားရေ+ခဏ္ဍ=အပိုင်းအပြတ်"ဟု ခေါ်သည်။[ ခြင်္သေ့ရေ စသည်ကို ပုဂ္ဂလိက အဖြစ်ဖြင့် သွားလေရာယူ၍ မသုံးစွဲကောင်း၊ ကျောင်းအသုံးအဆောင် အဖြစ် ဖြင့်ကား သားရေအားလုံး သုံးဆောင်ကောင်း၏။]

**နိသီဒနႇ စသည်။** ။နိသီဒိုန်ကို နိသီဒနသန္ထတ သိက္ခာပုဒ်၌ ပြထားပြီ။ “ပစ္စတ္ထရဏ = (ပတိ + အတ္ထရဏ = သီးခြားအခင်း)” ဟူသည် ပါဝါရ (ခြုံထည်) သားမွေးကော်ဇော အခင်းများတည်း။ “တိဏသန္ထာရ” ဟူသည် မြက်များကိုဌင်း၊ သစ်ရွက်များကိုဌင်း တွဲစပ်၍ အခင်း, လုပ်ထားအပ်သော အခင်းများတည်း။

**တာဝန်ဝတ္တရား။** ။ထိုအခင်းများကို သံဃိကကျောင်းပေါ်၌ ခင်းနေပြီးနောက် တခြားအရပ်သို့ ညဥ့်အိပ်သွားလျှင် ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ သိမ်းထားခဲ့ရမည်။ သို့မဟုတ် ရဟန်း၊ သာမဏေ၊ အာရာမ်စောင့် ၃ မျိုးလုံး ရှိလျှင် ရဟန်းထံ၊ ရဟန်းမရှိလျှင် သာမဏေ ထံ၊ ရဟန်း သာမဏေ မရှိလျှင် အာရာမ်စောင့်ထံ အပ်နှံ၍ ပန်ပြော၍ သွားရမည်။ မည်သူမျှမရှိလျှင် ကျောင်း ဒကာအထံ အပ်နှံ၍ သွားရမည်။ ကျောင်းဒကာက သံဃိကပစ္စည်းကို အိမ်မှာ လက်မခံလိုလျှင် တနည်းနည်းဖြင့် ကြံဖန် သိမ်းထား၍ သွားရမည်။ ထိုကဲ့သို့ မသိမ်းဘဲသွားလျှင် ခြတက်၍ ကျောင်းပါ ပျက်စီးတတ်သောကြောင့် ပါစိတ် အာပတ်သင့်သည်။

**မှတ်ချက်။** ။ကျောင်းတွင်း မဟုတ်ဘဲ အခြား မလုံခြုံသောနေရာ၌ ထား ပစ်ခဲ့လျှင် ကျောင်းမပျက်၊ အခင်းများသာ ပျက်သောကြောင့် ဒုက္ကဋ်။ [ခြလည်း တက်မည်ဟု မထင်ရ၊ မိုးလည်း လုံသောကျောင်းမှ သွားရာ၌ကား မသိမ်း မပန်ဘဲ သွားခြင်းကြောင့် အာပတ်မသင့်ပါ။ သို့ရာတွင် ရုပ်သိမ်း၍ သွားခြင်းမှာ ဝတ္တရား ဖြစ်သည်။]

**အင်္ဂါ ၇ ပါး။** ။၁– ပြခဲ့သော သေယျာဖြစ်ခြင်း၊ ၂– သံဃိကဖြစ်ခြင်း၊ ၃– မိုးမလုံသော သံဃိကကျောင်း၌ ခင်းခြင်း – ခင်းစေခြင်း၊ ၄– အနှောင့် အယှက်မရှိခြင်း၊ ၅–ဘေးရန်မရှိခြင်း၊ ၆–မငဲ့မကွက်သွားခြင်း၊ ၇–အာရာမ်နှင့် အာရာမ်ဖြစ်ထိုက်ရာအရပ်ဟူသော ဥပစာကို ကျော်လွန်ခြင်း၊ ဤအင်္ဂါ ၇ ပါး တည်း။ [ဤအင်္ဂါတို့၏ အကျယ်ကို ပဌမသေနာသန သိက္ခာပုဒ် အင်္ဂါအတိုင်း နည်းမှီ၍ သိပါ။]

[**ဆောင်**] ဆယ်မျိုးအပြား, သေယျာများတွင်, တပါးပါးတည့်[၁], သံဃိက ဖြစ်[၂], ပြခဲ့လစ်သား, ကျောင်းဆောင်များ၌, ခင်းထားနေခြင်း[၃], နှောင့်ယှက်ကင်း၍[၄], ဘေးရှင်းပါလျက်[၅], မငဲ့ကွက်သာ[၆], ဥပစာ တွင်း, လွန်မြောက်ခြင်း[၇] ဟု, ကြောင်းရင်း ခုနစ်လီ, အင်္ဂါညီ, သင့်ပြီ ဒုတိယ သေနာသန။

၆။ အနုပခဇ္ဇ ယော ပန ဘိက္ခု သံဃိကေ၊ ဝိဟာရေ-၌၊ ဇာနံ-မထ စေထိုက်သူဟု သိလျက်၊ ပုဗ္ဗုပဂတံ – မိမိ အလျင်ကပ်ဝင်နေသော၊ ဘိက္ခုံ -ရဟန်း၏၊ အနုပခဇ္ဇ -အနီးသို့ ကပ်ဝင်၍၊ သေယျံ-ထိုင်ခြင်း အိပ်ခြင်းကို၊ ကပ္ပေယျ-ပြုအံ့၊ (ကိံ- အဘယ်သို့ကြံ၍ ပြုသနည်း၊) ယဿ – အကြင် ရဟန်း၏၊ သမ္ဗာဓော – ကျဉ်းကျပ်ခြင်းသည်၊ ဘဝိဿတိ - ဖြစ်လတ္တံ့၊ သော – ထိုရဟန်းသည်၊ ပက္ကမိဿတိ – ဖဲသွားလတ္တံ့၊ ဣတိ – ဤသို့ကြံ၍၊ ဧတဒေဝ- ဤ ကျဉ်းကျပ်စေလိုခြင်းကိုသာလျှင်၊ ပစ္စယံကရိတွာ- အကြောင်းပြု၍၊ အနညံ– အခြား အကြောင်းမရှိဘဲ၊ (သေယျံ – ထိုင်ခြင်း အိပ်ခြင်းကို၊ ကပ္ပေယျ - ပြုအံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၆။ **အနုပခဇ္ဇ။** ။သံဃိကကျောင်း၌ တခုသောနေရာ၌ မိမိအလျင်နေနှင့်သော ရဟန်းကို ထသွားစေထိုက်သူ မဟုတ်မှန်း သိလျက် ထိုရဟန်းအနီးသို့ ကပ်ရောက်နေထိုင်အံ့၊ ထိုသို့ ကပ်ရောက် နေထိုင်ရာ၌ "ကျဉ်းကျပ်သူထွက်သွားလိမ့်မည်"ဟု ကြံရွယ်ချက် (စိတ်ယုတ်မာ) လည်း ရှိအံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။

**ဇာနံ**။ ။၁–မိမိထက် သိက္ခာ (ဝါ) ကြီးသူ၊ ၂– ဂိလာန၊ ၃–သံဃာမှာ ကျေးဇူးများသဖြင့်၊ သို့မဟုတ် ဂုဏ်အထူးရှိသဖြင့် သီးခြား နေရာပေးထားသူ၊ ဤ ၃ မျိုးသော ပုဂ္ဂိုလ်များကို သူတို့နေနှင့်ပြီးသော နေရာမှ ပြောင်းရွှေ့မသွားစေထိုက်။

**ချုံဦးအံ့——** ဝါကြီးသူကို မိမိထက် ကြီးသောကြောင့်ပင် ဝါငယ်ရဟန်းက ထသွားအောင် မပြုရ။ ဂိလာနမှာ သနားထိုက်သူဖြစ်၍ အားလုံးက ညှာတာရမည်။ သံဃာ့ပစ္စည်းကို စောင့်ရှောက်နေသော ဘဏ္ဍာဂါရိက (ဘဏ္ဍာစိုး) ရဟန်းမှာ သံဃာအား ကျေးဇူးများသဖြင့် သံဃာကပန်ပြော၍ နေရာ သီးခြားပေးထားလေ့ ရှိသည်။ ဓမ္မကထိက ဝိနည်းမိုရ်များနှင့် ဂဏဝါစက (စာချ) ပုဂ္ဂိုလ်တို့အားလည်း ဂုဏ်အထူးရှိသူများ ဖြစ်၍ သံဃာက သီးခြားနေရာကို သံဃာ့ထံ ပန်ပြောလျက် ပေးထားလေ့ရှိသည်။ ထိုပုဂ္ဂိုလ်များကို သူတို့နေရာမှ ထွက်သွားအောင် မပြုထိုက်။ ထိုသို့ မပြုထိုက်မှန်းသိသော ရဟန်းကို "ဇာနံ" ဟု ဆိုသည်။

[**ဆောင်**] သိက္ခာကြီးစွာ, ဂိလာနနှင့်, သံဃာ့ကျေးဇူး, ဂုဏ်အထူးကြောင့်, အထူးရကြ, နေရာမှ, မထသွားစေထိုက်။

**ပုဗ္ဗုပဂတံ။** ၎ ။[ပုဗ္ဗ = ရှေ့(အလျှင်)+ဥပဂတ = ကပ်ရောက်နေထိုင်သူ၊] မိမိအလျှင် နေနှင့်သူကို "ပုဗ္ဗုပဂတ"ဟု ဆိုသည်။[ပုဗ္ဗုဂတံနှင့်ဘိက္ခုံကို အနူဋ္ဌ စပ်ဘို့ရန် "၏"ဟု အနက်ပေးသည်။ "ရဟန်း၏+အနီး"ဟူလို။]

**အနုပခဇ္ဇ။** ။အနုပခဇ္ဇ၌ "အနု=အနီး+ဥပခဇ္ဇ=ညှဥ်းဆဲ၍"ဟု အနက် ထွက်၏။ ခဇ္ဇ၌ ခဒဓာတ်၊ တွာပစ္စည်းဖြစ်၍ ခဒဓာတ်သည် ဟိံသာ (ညှဥ်းဆဲ ခြင်း) အနက်ဟောတည်း။ "အနီး"ဟူသည်မှာလည်း ထို ဝါကြီးသူ စသည်တို့ နေရာ ခင်္ဂင်၏ ပတ်ပတ်လည် တတောင့်ထွာ ဥပစာတည်း။ [နံရံကပ်ထား၍ နံရံဘက်က ဥပစာ မရလျှင်ငင်း၊ ကျောင်းက ငယ်၍ ဥပစာမရလျှင်ငင်း ရသမျှ ဥပစာကို ယူရမည်။] ထို တတောင့်ထွာအတွင်းသို့ ဝင်ရောက် နေထိုင်ခြင်းကို "အနုပခဇ္ဇ"ဟု ဆိုသည်။ ရှေးနိဿယ၌ "အနုပခဇ္ဇ–တိုးဝှေ့၍"ဟု အနက် ပေးသည့်အတွက် "ပွတ်ကပ်ကျပ်နေအောင် နေထိုင်သည်"ဟု ထင်မှားတတ် ကြသည်။

**သေယျံကပ္ပေယျ။** ။ဤ၌ ထိုင်ခြင်း အိပ်ခြင်း ၂ မျိုးလုံးကိုပင်"သေယျာ" ဟု ခေါ်၏။ ထို့ကြောင့် ဥပစာအတွင်း ဝင်၍ အိပ်ရာ နေရာခင်းလျှင် ဒုက္ကဋ်၊ ထို့နောက် ထိုင်လျှင် ပါစိတ်တချက်၊ အိပ်လျှင် ပါစိတ်တချက် သင့်၏။ ထ၍ ထ၍ ထိုင်မှု အိပ်မှု အကြိမ်များသလောက် ပါစိတ်အာပတ်များ တိုးပွားသည်။

**ယသ သမ္ဘာဓော၊ပေ၊အနညံ။** ။ဤဝါကျကား ထိုရဟန်း၏ကြံရွယ်ပုံ၊ စိတ်ထား ယုတ်မာပုံကိုပြသော ဝါကျတည်း။ ထိုကဲ့သို့ စိတ်ယုတ်မာဖြင့် ကပ်ဝင် နေထိုင်မှ အာပတ်သင့်သည်။ မကျန်းမာခြင်း စသည်ကြောင့် ကပ်ဝင်နေထိုင် သူမှာ အနာပတ္တိ။ [အနညံ၌ "န + အညံ"ဟု ပုဒ်ခွဲ၍ "အညံ – တခြား အကြောင်းကို၊ ပစ္စယံ–အကြောင်းကို၊ န ကရိတွာ–မပြုမူ၍"ဟု ရှေ့ပုဒ်များကို ယူ၍ အနက်ပေးနိုင်၏၊ ဤ၌ အလွယ်ပေးလိုက်သည်။]

**အင်္ဂါ ၄ ပါး။** ။၁–သံဃိကကျောင်း ဖြစ်ခြင်း [သူများပိုင် ပုဂ္ဂလိကဥ ဒုက္ကဋ်၊ မိမိပိုင်၌ အနာပတ္တိ။]၊ ၂–ထိုနေရာမှ ထွက်ခွာ ထသွားစေထိုက်သူ မဟုတ်မှန်း သိခြင်း၊ ၃–ကျဥ်းကျပ်စေလိုခြင်း၊ ၄–ဥပစာ၌ ထိုင်ခြင်း၊ သို့မဟုတ် အိပ်ခြင်း ၄ ပါးတည်း။

[ဆောင်] ကျောင်းသံဃိက်, ထသွားစေမှု, မပြုထိုက်မှန်း, သိစွမ်းနိုင် လတ်, ကျဥ်းကျပ်စေလို, သဘောအိုဖြင့် , ထို ဥပစာတွင်း, ထိုင် အိပ်ခြင်း' ဟု, ကြောင်းရင်းလေးခု, အင်္ဂါစု အနုပ ခဇ္ဇသင့်။

၇။ နိကာစုန — ယော ပန ဘိက္ခု ဘိက္ခုံ-ကို၊ ကုပိတော အနတ္တမနော (စိတ်ရအစ္စန္ဒန ပြန်ကြည့်၊) သံဃိကာ – သံဃာ့ဥစ္စာ ဖြစ်သော၊ ဝိဟာရာ – ကျောင်းမှ၊ နိကၡေယျ ဝါ – ကိုယ်တိုင်မူလည်း နှင်ထုတ်အံ့၊ နိက္ကဍ္ဍာပေယျ ဝါ – သူတပါးကိုမူလည်း နှင်ထုတ်စေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၈။ ဝေဟာသကုဋိ — ယော ပန ဘိက္ခု သံဃိကေ၊ ဝိဟာရေ-၌၊ ဥပရိ ဝေဟာသကုဋိယာ–အထက်ဆင့်တွင် ဟင်းလင်း အပြင်ရှိသော ကုဋိ၌၊ အာဟစ္စပါဒကံ – အဘောင်၌ သွင်းအပ်သော

× × × × ×

**၇။ နိကာစုန။** ။ရဟန်းတပါးကို သံဃိကကျောင်းမှ နှင်ထုတ်လျှင်ဇင်း၊ နှင်ထုတ်ခိုင်းလျှင်ဇင်း ပါစိတ်။ "နှင်ထုတ်" ဟူရာ၌ တရားသဖြင့် နေသူကို နှင်ထုတ်မှသာ အာပတ်သင့်သည်။ ခိုက်ရန်ပြုတတ်သော ရဟန်းများနှင့် ထို သူတို့၏ ပရိက္ခရာကိုကား သံဃိက တတိုက်လုံးမှ နှင်ထုတ်သော်လည်း အနာပတ္တိ။ အလဇ္ဇီ ရဟန်း သာမဏေနှင့် ကောင်းစွာဆုံးမသည်ကို မလိုက်နာသော ရဟန်း သာမဏေများကိုမူ မိမိနေရာ သံဃိကကျောင်း တကျောင်းမှသာ နှင် ထုတ်နိုင်ခွင့် ရှိ၏။ တတိုက်လုံးမှကား နှင်ထုတ်ခွင့် မရှိ။

**မှတ်ချက်။** ။မိမိနှင့် အကျွမ်းမဝင်သူ၏ ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်ရာ နှင့် လူသာမဏေကိုဇင်း၊ ရဟန်းပစ္စည်းနှင့် လူသာမဏေ၏ ပစ္စည်းများကိုဇင်း ဆွဲထုတ်ရာတို့၌ ဒုက္ကဋ်။ မိမိနှင့် အကျွမ်းဝင်သူ၏ ကျောင်းမှ စိတ်ဆိုး၍ နှင် ထုတ်ရာ၌ အနာပတ္တိဟု ဆို၏။ သို့ဖြစ်လျှင် မိမိပိုင် ပုဂ္ဂလိကကျောင်းမှ သဘော မကျသူ ဟူသမျှကို နှင်ထုတ်ခြင်းကြောင့် အနာပတ္တိဟု သိသာပြီ။

**အင်္ဂါ ၃ ပါး။** ။၁–သံဃိကကျောင်း ဖြစ်ခြင်း၊ ၂–ခိုက်ရန်ဒေါသ မပြု တတ်သော ရဟန်းဖြစ်ခြင်း ၃–စိတ်ဆိုး၍ နှင်ထုတ်ခြင်း၊ သို့မဟုတ် အနှင် ခိုင်းခြင်း ၃ ပါးတည်း။

[**ဆောင်**] သံဃာ့ကျောင်းမှန်[၁], ခိုက်ရန်ကင်းတောင်း, ရဟန်းကောင်းကို[၂], အကြောင်းမဲ့လျှင်း, စိတ်ဆိုးခြင်းကြောင့်, နှင်ခြင်း စေလတ်[၃], အင်္ဂါသုံးရပ်, နိကာဍ်ပါစိတ်သင့်။

**၈။ ဝေဟာသကုဋိ။** ။၂ ထပ် ၃ ထပ် စသည် ဆောက်လုပ်ထားအပ် သော ကုဋိ(ကျောင်းငယ်)များ၌ ဒုတိယ တတိယ အထပ်များတွင် ကြမ်းမခင်း ရသေးသော် ထို အထပ်များသည် ဟာလာဟင်းလင်း ဖြစ်၏။ ကြမ်းမခင်းရ

**အခြေရှိသော၊ မဉ္စဝါ - ညောင်စောင်းကိုသော်ငင်း၊ ပီဌံဝါ—အင်းပျဉ်ကိုသော်ငင်း၊ အဘိနိသီဒေယျဝါ-ဖိ၍မူလည်း၊ ထိုင်အံ့၊ အဘိနိပဇ္ဇေယျဝါ-ဖိ၍မူလည်း အိပ်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။**

× × × × ×

သေးသော်လည်း ထုပ် လျှောက် ဆင့်များ ''တင်ထားပြီး၍ ညောင်စောင်း အင်းပျဉ်များကို ထို အဆင့်ပေါ်၌ ခင်းထားနိုင်၏။ သို့ရာဝယ် ခင္ဒင်ခြေများဖြင့် ထိုဆင့်ပေါ်၌ ထောက်ထားရန် မလွယ်ရကား ခင္ဒင်ခြေများလည်း ဆင့်တို့၏ အောက်၌ တွဲလျားကျနေပေလိမ့်မည်။ ထိုသို့ ဟာလာဟင်းလင်း ဖြစ်နေသော အထက်ဆင့်တွင် ခင်းထားအပ်သော ခင္ဒင်၊ ကုလားထိုင်များကို ထိုင်လျှင်၊ သို့မဟုတ် အိပ်လျှင် ပါစိတ်အာပတ် သင့်၏။

**ဥပရိ ဝေဟာသကုဋိယာ။** ။ဝေဟာသ သဒ္ဒါသည် ကောင်းကင် ဟာလာဟင်းလင်း ဟူသော အနက်ကို ဟော၏။ ၂ ထပ် ၃ ထပ် စသည် ရှိရာဝယ် အထက်ထပ်၌ ကြမ်းမခင်းရသေး၍ ဟာလာဟင်းလင်းဖြစ်သည်ကို ဤ၌ "ဝေဟာသ"ဟု ဆိုသည်။ [ဥပရိ = အထက်၌ + ဝေဟာသ = ဟာလာဟင်းလင်း အပြင်ရှိသော + ကုဋိ = ကျောင်းငယ်။]

**အာဟစ္စပါဒကံ။** ။အာဟစ္စ၌ အာပုဗ္ဗ ဟနဓာတ်၊ ဏျပစ္စည်း၊ ဟနဓာတ်သည် ဂတိ အနက်ဟောတည်း။ အာဟညတေ – ရှေးရှုရောက်အပ် သွင်းထားအပ်၏၊ ဣတိ–ထို့ကြောင့်၊ အာဟစ္စော–မည်၏၊ အာဟစ္စော + ပါဒေါ ယဿာတိ အာဟစ္စပါဒေါ၊ အာဟစ္စပါဒေါယေဝ အာဟစ္စပါဒကော (က ပစ္စည်း သီးခြားအနက် မရှိ။)

**ဆက်ဦးအံ့**—ဤသိက္ခာပုဒ်သည် ညောင်စောင်း အင်းပျဉ် ခြေများ ပြုတ်ထွက်၍ အောက်ထပ်ဝယ် သွားနေသူ၏အပေါ်၌ ခင္ဒင်ခြေ ကျတူးသောကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။ ထို့ကြောင့် အဘောင်ထွင်း၍ သွင်းအပ်သော အခြေရှိသော "အာဟစ္စပါဒက" ညောင်စောင်း အင်းပျဉ်ကိုသာ ဤသိက္ခာပုဒ်ဝယ် ပြဆိုရသည်။ ခြေထောက်ကိုထွင်း၍ အဘောင် တပ်ထားလျှင်ကား ပြုတ်ထွက်သွားဘွယ် မရှိ၍ ဤသိက္ခာပုဒ်နှင့် မဆိုင်ပါ။ ဤသိက္ခာပုဒ်နှင့် ဆိုင်သော ထို အာဟစ္စပါဒက ညောင်စောင်း ခြေများလည်း အဘောင်၌ စွဲနေအောင် စို့(သံ)ရိုက်ထားလျှင် ကျွတ်ထွက်ဘွယ် မရှိရတော့ကား စို့(သံ) မရိုက်ဘဲ တပ်ရုံ တပ်ထားအပ်သော ခြေများသာ ဖြစ်သည်ဟု မှတ်ပါ။

**အဘိနိသီဒေယျဝါ။** ။အဘိဥပသာရကို "အဘိဘဝန – လွှမ်းမိုးခြင်း၊ ဖိခြင်း" အနက်ဟောကြ၍ မဉ္စဝါ – ကိုသော်ငင်း"ဟု အနက် ပေးခဲ့သည်။ "ညောင်စောင်းကို+ဖိထိုင်အံ့" ဟူလို။ (တနည်း) အဘိသည် အနက်သီးခြား

၉။ မဟလ္လကဝိဟာရ မဟလ္လကံ - ကြီးသော၊ ဝိဟာရံ - ကျောင်းကို၊ ကာရယမာနေန - ဆောက်လုပ်စေလိုသော၊ ဘိက္ခုနာ - ရဟန်းသည်၊ ယာဝဒွါရကောသာ-တံခါးဘောင်၏ ထက်ဝန်းကျင် ၂ တောင့်ထွာ အရပ်တိုင်အောင်၊ အဂ္ဂဠဋ္ဌပနာယ - တံခါးရွက် တံခါးဘောင်တို့ကို မလှုပ်ရှားအောင် ထားခြင်းငှာရင်း၊ အာလောကသန္ဓိ ပရိကမ္မာယ-လေသောက်ပြူတင်း တံခါးရွက်ကို ခိုင်မြဲအောင် ပြုခြင်းငှာ

× × × × ×

မရှိ၊ "ပဒသောဘန=နိသီဒေယျပုဒ်ကို တင့်တယ်ဝေဆာလာအောင် တန်ဆာဆင်ပေးသောပုဒ်"ဟုသာ ကြံလျှင် "မဉ္စံဝါ-၌သော်ရင်း၊ ပီဌံဝါ-၌သော်ရင်း၊ အဘိနိသီဒေယျဝါ - ထိုင်မူလည်း ထိုင်အံ့၊ အဘိနိပဇ္ဇေယျဝါ - အိပ်မူလည်း အိပ်အံ့" ဟု ဆိုပါ။

**အင်္ဂါ ၄ ပါး** ။၁-သံဃိကကျောင်းဖြစ်ခြင်း၊ ၂-ဦးခေါင်းကို မတိုက်မိလောက်အောင် မြင့်သော ဝေဟာသကုဋိဖြစ်ခြင်း [ဦးခေါင်းကို တိုက်မိလောက်အောင် နိမ့်နေလျှင် နေထိုင်သူမှာ အနာပတ္တိ၊ အောက်က သွားလာသူ၏ တာဝန်သာ။]

၃-အောက်ထပ်၌ သွားလာ သုံးစွဲလေ့ရှိခြင်း [အောက်ထပ်၌ သစ်သားစသည် ပုံထား၍ နေထိုင် သုံးစွဲခြင်းမရှိလျှင် အပေါ်ထပ် ခရှင်၌ ထိုင်နေသော်လည်း အနာပတ္တိ၊ နေထိုင်ရာမဟုတ်သော အောက်ထပ်၌ လာရောက် နေထိုင်သူ၏ အပြစ်သာ၊]၊ ၄-စို့(သံ)မရိုက်အပ်သော အာဟစ္စပါဒက ညောင်စောင်းအင်းပျဉ်၌ ထိုင်ခြင်း၊ သို့မဟုတ် အိပ်ခြင်း၊ ၄ ပါးတည်း။

[**ဆောင်**] သံဃိကကျောင်း¹, ဦးခေါင်းမထိ, ကုဋိဝေဟာ², အောက်မှာ သုံးထိုက်³, စို့မရိုက်လစ်, အာဟစ် ပါဒက, မဉ္စပီဌတွင်း, ထိုင်အိပ်ခြင်း⁴ ဟု, ကြောင်းရင်းလေးဖြာ, အင်ညီညာ, ဝေဟာ ပါစိတ်သင့်။

---

**၉။ မဟလ္လက ဝိဟာရ** ။[ မဟလ္လကဝိဟာရ အဓိပ္ပာယ်ကို သံဃာဒိသေသ် ဝိဟာရကာရ သိက္ခာပုဒ် ပြန်ကြည့်။] ကျောင်းဒကာရှိ၍ ကြီးသော ဥလ္လိတ္တာဝလိတ္တကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည် တံခါးရွက် တံခါးဘောင်များကို ခိုင်မြဲစေဘို့ရာ တံခါးဘောင်ကို (ကျိုးခွေ)၏ပတ်ပတ်လည် ၂ တောင့်ထွာအရပ်ကို အင်္ဂတေ၊ သို့မဟုတ် မြေညက်တို့ဖြင့် အထပ်ထပ် သုတ်နိုင်သည်။လေသောက်ပြူတင်း တံခါးရွက်များကို ခိုင်မြဲအောင် ပြုဘို့ရန်လည်း

ငှင်း၊ (ပုနပ္ပုနံ - အထပ်ထပ်၊ လိမ္ပိတဗ္ဗာဝါ - ကိုယ်တိုင်မူလည်း လိမ်းကျံအပ်, လိမ်းကျံနိုင်၏၊ လိမ္ပာပေတဗ္ဗာဝါ - သူတပါးကိုမူသည်း လိမ်းကျံစေအပ်, လိမ်းကျံစေနိုင်၏၊) ဆဒနုဿ - အမိုး၏၊ ဒွတ္တိပရိယာယံ- ဝန်းကျင်လှည့်ပတ် ၂ ထပ် ၃ ထပ်ကို၊ အပ္ပဟရိတေ - စိမ်းစိုသောကောက်ပဲ မရှိရာအရပ်၌၊ ဌိတေန- ရပ်တည်လျက်၊ အဓိဋ္ဌာတဗ္ဗံ - စီမံအပ်, စီမံနိုင်၏၊ တတော- ထို ၂ ထပ် ၃ ထပ်ထက်၊ ဥတ္တရိ - အလွန်၊ အပ္ပဟရိတေပိ-စိမ်းစိုသော ကောက်ပဲမရှိရာ အရပ်၌မူလည်း၊ ဌိတော - ရပ်လျက်၊ စေ အဓိဋ္ဌေဟယျ - အကယ်၍ စီမံအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ထို လေသောက်ပြူတင်း၏ ပတ်လည်၌ အထပ်ထပ် လိမ်းကျံနိုင်သည်။ အမိုးကိုလည်း ၂ ထပ် ၃ ထပ်အထိ ကောက်ပင် ပဲပင် မရှိရာအရပ်၌ ရပ်လျက် ကိုယ်တိုင် စီမံနိုင်သည်။ထို ၂ ထပ် ၃ ထပ်ထက် တိုး၍ စီမံလျှင်ကား ကောက်ပဲ သီးနှံ မရှိရာအရပ်၌ ရပ်လျက် စီမံစေကာမူ ပါစိတ်အာပတ် သင့်၏။

**ယာဝ ဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ**။ ။တံခါးဘောင် ကျီးခွေ၏ ၂ တောင့်ထွာပတ်လည် အရပ်ကို "ဒွါရကောသ" ဟု ခေါ်၏။ တံခါးရွက်သည် အပြား အကျယ်ဆုံး ၂ တောင့်ထွာသာ ရှိမည်ဖြစ်၍ တံခါးရွက် ရိုက်မိတတ်ရာ အရပ်ကိုလည်း ၂ တောင့်ထွာသာ အလွန်ဆုံး သတ်မှတ်ထားသည်။ အဂ္ဂဠ သဒ္ဒါသည် တံခါးရွက်ကိုသာ ဟောသော်လည်း ထို တံခါးရွက်သည် တံခါး အဘောင်နှင့် မကင်းကောင်းရကား အဝိနာဘာဝနည်းအားဖြင့် တံခါးဘောင် ကိုပါ ယူရတော့၏။ ဌပနအရ ထားခြင်းဟူသည် ခိုင်မြဲအောင် ထားခြင်းတည်း။

**လိမ္ပိတဗ္ဗာ**။ ။တံခါးရွက် တံခါးဘောင်တို့ကို ခိုင်မြဲအောင်ထားခြင်းငှာ "ဘာလုပ်ရမည်"ဟု သိက္ခာပုဒ် ပါဠိတော်၌ မပါသော်လည်း တကျောင်းလုံး နှံ့စပ်အောင် သုတ်လိမ်းသည့်အတွက် ပညတ်တော်မူရကား "တကျောင်းလုံး အနှံ့ အထပ်ထပ် မသုတ်ရ၊ တံခါး၏ ၂ တောင့်ထွာ ဟတ္ထပါသ် တိုင်ရုံနှင့် လေသောက်ပြူတင်း၏ တံခါးရွက်ပမာဏ ပတ်လည်လောက်ကိုသာ အထက် အောက် နံပါးအရပ်တို့၌ အထပ်ထပ် သုတ်ရမည်" ဟု သိသာသောကြောင့် "ပုနပ္ပုနံ လိမ္ပိတဗ္ဗာဝါ လိမ္ပာပေတဗ္ဗာဝါ"ဟု အဋ္ဌကထာ ထည့်သည်။

**ထင်ရှားစေအံ့**— တံခါးမကြီး၏ တံခါးရွက်ကို ဖွင့်လိုက်သည့်အခါ နံရံကို ရိုက်မိ၏။ ပိတ်သည့်အခါ တံခါးဘောင်ကို ရိုက်မိ၏။ ထိုသို့ ရိုက်ဖန်များလျှင် အင်္ဂတေ၊ သို့မဟုတ် မြေညက်များ လျှပ်၍ ကွာကျတတ်၏။ ကွာကျရုံသာမက

ရိုက်မိဖန်များလျှင် စီထားအပ်သော အုတ်များလည်း တုန်လှုပ်ကာ ရွေ့ရဲရဲ ဖြစ်တတ်၏။ တံခါးဘောင် တံခါးရွက်များလည်း မခိုင်မြဲနိုင်။ ထို့ကြောင့် ခိုင်မြဲ အောင်ထားခြင်းငှာ တံခါးရွက် ရိုက်မိတတ်ရာ ၂ တောင့်ထွာအရပ်၌ အင်္ဂတေ မြေညက်ကို အထပ်ထပ် သုတ်နိုင်သည်။

**အာလောကသန္ဓိ ပရိကမ္မာယ။** ။"အာလောကံ - အရောင် အလင်းကို+ သန္ဓေတိ-ပိတ်ကွယ်တတ်၏"ဟူသော ဝိဂြိုဟ်အရ အပြင်က အရောင်များကို ပိတ်ကွယ်တတ်သော လေသောက်ပြူတင်း၏ တံခါးရွက်ကို "အာလောက သန္ဓိ" ဟု ခေါ်၏။ ထို တံခါးရွက်များ ခိုင်မြဲအောင်ပြုခြင်းကို "ပရိကမ္မ" ဟု ခေါ်သည်။ထို လေသောက်ပြူတင်း၏ တံခါးရွက်များကို ခိုင်မြဲအောင်ပြုဘို့ရာ အထပ်ထပ် သုတ်လိမ်းနိုင်သည်။

**ဒွတ္တိစ္ဆဒနဿ ပရိယာယံ။** ။ဒွတ္တိနှင့် ပရိယာယပုဒ်ကို ဆဒနဿပုဒ် ခြားလျက် သမာသ်စပ်ထားသည်။ ထို့ကြောင့် ဒွတ္တိပရိယာယံဟု တွဲ၍ အနက် ပေးသည်။ ပရိယာယ သဒ္ဒါသည် "ထက်ဝန်းကျင် လှည့်ပတ်ခြင်း" အနက် ကိုသာ ဟောသော်လည်း ဤ၌ ထက်ဝန်းကျင် လှည့်ပတ်၍ မိုးခြင်းတိုင်အောင် ယူရမည်။ ထက်ဝန်းကျင်လှည့်ပတ်၍ မိုးခြင်း ဟူသည်လည်း မိုးသင့်သောအရပ် အားလုံးတို့ကို မိုးခြင်းတည်း။

**အပ္ပဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ။** ။အပ္ပသဒ္ဒါသည် "အဘာဝ=မရှိ ခြင်း" အနက်ဟောတည်း။ (ကောက်ပင် ပဲပင်ပေါ် ရပ်တည်လျှင် ထိုအပင်များ သေမည်စိုးသောကြောင့်) ၂ ထပ် ၃ ထပ် မိုးပုံ မိုးနည်းများကို စိမ်းစိုသောပဲပင် ကောက်ပင် မရှိရာအရပ်၌ တည်လျက် စီမံရမည်။

**သစေ ဘာ မက္ခါရျှင် ပြင်။** ။ထိုသို့ စီမံရာ၌ ၂ ထပ်မိုးပုံကို သဘောမကျ သေးလျှင် ဖျက်ကာ ဖျက်ကာ သဘောကျသည့်တိုင်အောင် စီမံနိုင်၏။၃ခုမြောက် အထပ်ကိုကား "ဤနည်းအတိုင်း မိုးရစ်တော့" ဟု မှာထား၍ သွားရမည်။ မသွားဘဲ ကြည့်နေလျှင်လည်း ထပ်၍ မပြောရ။ထပ်၍ ပြောဆိုစီမံလျှင် ပါစိတ် အာပတ် သင့်သည်။ [အထပ်ထပ် မိုးထားလျှင် ကြာကြာခံသောကြောင့် ရှေး ခေတ်က ၃ ထပ် ၄ ထပ် ထပ်၍ မိုးလေ့ရှိကြသတတ်။]

**အင်္ဂါ ၃ ပါး။** ။၁-မဟလ္လကဝိဟာရဖြစ်ခြင်း၊ ၂-မိမိနေဘို့ရာ ကျောင်း ဖြစ်ခြင်း၊ ၃- ပြခဲ့သည်ထက် ပို၍ စီမံခြင်း၊ အင်္ဂါ ၃ ပါးတည်း။

**[ဆောင်]** မဟလ္လက, ဝိဟာရတည့်', မိမိ နေရန်', စီမံပိုထ', အင်္ဂသုံးဝ, မဟလ္လ ပါစိတ်သင့်။

**၁၀။ သပါဏက** ယော ပန ဘိက္ခု-သည်၊ ဇာနံ - ပိုးရှိသောရေဟု သိလျက်၊ သပါဏကံ-ပိုးရှိသော၊ ဥဒကံ-ရေကို၊ တိဏံဝါ-မြက်သို့သော်၎င်း၊ မတ္တိကံဝါ - မြေညက်သို့သော်၎င်း၊ သိဉ္စေယျဝါ-ကိုယ်တိုင်မူလည်း သွန်လောင်းအံ့၊ သိဉ္စာပေယျဝါ - သူတပါးကိုမူလည်း သွန်လောင်းစေအံ့၊ တဿ ဘိက္ခုနော၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

(တနည်း) ဇာနံ-လျက်၊ သပါဏကံ-သော၊ ဥဒကံ - ရေထဲသို့၊ တိဏံဝါ-မြက်ကိုသော်၎င်း၊ မတ္တိကံဝါ-မြေညက်ကိုသော်၎င်း၊ သိဉ္စေယျဝါ-ကိုယ်တိုင်မူလည်း လောင်းထည့်အံ့၊ သိဉ္စာပေယျဝါ - သူတပါးကိုမူလည်း လောင်းထည့်စေအံ့၊ တဿ ဘိက္ခုနော - ထိုရဟန်း၏၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

ဒုတိယော - ဒုတိယဖြစ်သော၊ ဘူတဂါမဝဂ္ဂေါ - ဘူတဂါမဝဂ်တည်း။

× × × × ×

**၁၀။ သပါဏက။** ။ဒုတိယာဝိဘတ်အတွက် "ကို" ဟူ၍၎င်း၊ "သို့" ဟူ၍၎င်း ကံအနက် ၂ မျိုးထွက်၏။ ထိုတွင် ကြိယာနှင့် တိုက်ရိုက် ဆက်စပ်နေသော ကံကို "ကို"ဟု အနက်ပေးရ၏။ ဥပမာ–"ထမင်းကို+စား၏၊ လူကို+သတ်၏၊ လမ်းကို+သွား၏"စသည်တည်း။ ဤ၌ ထမင်းသည် စားခြင်းကြိယာနှင့်၊ လူသည် သတ်ခြင်းကြိယာနှင့်၊ လမ်းသည် သွားခြင်းကြိယာနှင့် တိုက်ရိုက်ဆက်စပ်လျက် ရှိ၏။ ထိုသို့ တိုက်ရိုက်မဆက်စပ်ဘဲ ရှေးရှုရုံ ရှေးရှုအပ်သော ကံကို "သို့"ဟု အနက်ပေးရ၏။ ဥပမာ–ရွာမရောက်ခင် "ရွာသို့+သွား၏" ရေ၌ မကျခင် "ရေထဲသို့+လောင်းထည့်၏" စသည်တည်း။

[**ဆောင်**] ကံနှင့်ကြိယာ, တိုက်ရိုက်သာလျှင်, ထင်စွာစပ်ဆက်, ကို-အနက်တည်း, မဆက်ရှေးရှု, ထိုကံစုကို, သို့-ဟု မှတ်သား, နှစ်မျိုးပြားသည်, ခွဲခြား တွေ့တိုင်း ဤနည်းတည်း။

**ပထမနည်း။** ။"သပါဏကံ ဥဒကံ တိဏံဝါ မတ္တိကံဝါ" ပုဒ်တို့ကို ၂ နည်း အနက်ပေးရာ၌ ပထမနည်းအလို "ပိုးရှိသော ရေကို ယူ၍ မြက်ထဲသို့ သော်၎င်း၊ မြေညက်ပေါ်သို့သော်၎င်း၊ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ သွန်ပစ် လောင်းထည့်သည်"ဟု ဆိုလိုသည်။ ဤနည်းအရ "ရေအိုး၊ ရေကန်၊ ရေတွင်း

များမှ ပိုးရှိသောရေကို (ပိုးရှိမှန်း သိလျက်) မသွန် မလောင်းကောင်း'' ဟု မှတ်ပါ။ [ဤ ပဌမနည်းသည် ''တေန ဥဒကေန (ထို ပိုးရှိသောရေဖြင့်)သယံ ဝါ သိဉ္စေယျ''စသော ကင်္ခါအဋ္ဌကထာနှင့် လျော်၏။]

**ဒုတိယနည်း**။ ။''ပိုးရှိသော ရေထဲသို့ မြက် (သစ်ရွက်၊ သစ်ခက်) တို့ကိုသော်ငြား၊ မြေညက်ကို သော်ငြား၊ ကိုယ်တိုင် ဖြစ်စေ၊ ခိုင်း၍ ဖြစ်စေ လောင်းထည့်သည်'' ဟု ဆိုလိုသည်။ ဤနည်းဝယ် ''ပိုးရှိသော ရေ''ဟူရာ၌ သစ်ရွက်၊ သစ်ခက်၊ အမှိုက်၊ မြေညက်တို့ကို ထည့်လိုက်လျှင် ရေ နောက်သွားသဖြင့် ပိုးကလေးများ သေဘွယ်ရှိသော နဲနဲပါးပါးရေကိုသာ ဆိုလိုသည်။ မြစ်ချောင်း ကန်ကြီးများဝယ် များစွာရှိသော ရေ၌ကား ထို မြက် စသည် ထည့်ခြင်းကြောင့် ပိုး မသေနိုင်။ [ဤ ဒုတိယနည်းကား ''ဗဟုကံပိ တိဏပဏ္ဏာဒိံ ကေပယောဂေန ဥဒကေ (ပိုးရှိသော ရေ၌) ပက္ခိပန္တဿ ဧကာဝ အာပတ္တိ'' စသော ကင်္ခါအဋ္ဌကထာနှင့် လျော်သည်။ ဝိမတိဋီကာ၊ ပါစိတ်ယောဇနာနှင့် ရှေးနိဿယတို့ အမျိုးမျိုး ဖွင့်ကြသေး၏။]

**အင်္ဂါ ၄ ပါး**။ ။၁–ပိုးရှိသောရေ ဖြစ်ခြင်း၊ ၂–သွန်လောင်းခြင်းကြောင့် ပိုးများသေမည်ကို သိခြင်း၊ ၃–ထိုသို့ ပိုးသေလောက်သော ရေလည်း ဖြစ်ခြင်း၊ ၄–မြက် စသည် သွန်လောင်းခြင်း ၄ ပါးတည်း။ [ဤသိက္ခာပုဒ်ကို သိဉ္စနသိက္ခာပုဒ်ဟုလည်း တချို့နေရာ၌ နာမည်ပေးသည်။]

[**ဆောင်**] ပိုးရှိသောရေ၁, သွန်လောင်းလေသော်, ပိုးသေမည်သိ၂,
ရေ၏ဖြစ်ချက်, သေလောက်လျက်ပင်၃, မြေ မြက်ခပင်း,
သွန်ထည့်ခြင်းဟု၄, ကြောင်းရင်း လေးဖြာ, အင်္ဂါညာ,
သပါဏက သင့်။

**မှတ်ချက်**။ ။နောက်သပါဏကဝဂ်၏''ဇာနံ သပ္ပာဏကံ ဥဒကံ ပရိဘုဉ္ဇေယျ''ဟု ပိုးရှိသောရေကို ရေချိုးခြင်း၊ သောက်ခြင်း စသောအားဖြင့် ကိုယ်နှင့်စပ်သော အတွင်းသုံးဆောင်မှုကို ပြလတ့ံ ဖြစ်သောကြောင့် ဤသိက္ခာပုဒ်ကို ဗာဟိရပရိဘောဂ (ကိုယ်ပ သုံးဆောင်မှု)ကို ပြသောအားဖြင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟု မှတ်ပါ။

**ဋီကာ**။ ။ဣမဿ သိက္ခာပဒဿ သိဉ္စေယျဝါ သိဉ္စာပေယျဝါတိ ဗာဟိရပရိဘောဂဝသေန ပဌမံ ပညတ္တတ္တာ သပ္ပာဏကံ ဥဒကံ ပရိဘုဉ္ဇေယျာတိ သိက္ခာပဒံ အတ္တနော နဟာနပါနာဒိပရိဘောဂဝသေန ပညတ္တံတိ ဝေဒိတဗ္ဗံ၊– တေရသကဏ် ဤသိက္ခာပုဒ်။

# ဘိက္ခုနောဝါဒဝဂ်

၁။ ဩဝါဒ ယော ပန ဘိက္ခု- သည်၊ အသမ္မတော- မသမုတ်အပ်ဘဲ၊ ဝါ- သမ္မုတိ မရဘဲ၊ ဘိက္ခုနိယော - ရဟန်းမတို့ကို၊ ဩဝဒေယျ- ဆုံးမအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁။ ဩဝါဒ။** ။သမ္မုတိမရဘဲ ဘိက္ခုနီတို့ကို ဂရုဓမ်တရားဖြင့် ဆုံးမလျှင် ပါစိတ်အာပတ် သင့်၏။ သီလရှိခြင်း၊ ဗဟုဿုတရှိခြင်းစသော အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော ရဟန်းအား ဉတ်ကမ္မဝါစာဖြင့် ဘိက္ခုနောဝါဒက သမ္မုတိ ပေးရ၏။ ထို သမ္မုတိမရသောရဟန်းကို "အသမ္မတ"ဟု ခေါ်၏။ ဆုံးမ ဟူရာ၌ "ဝဿသတူပသမ္ပန္နာယ ဘိက္ခုနိယာ တဒဟုပသမ္ပန္နဿ ဘိက္ခုနော" အစ ရှိသော ဂရုဓမ်ပါဠိကိုရွတ်၍ ဆုံးမမှသာ ပါစိတ်အာပတ်သင့်၏။အခြားပါဠိကို ရွတ်၍ ဆုံးမရာ၌ကား ဒုက္ကဋ်သာသင့်၏။ [ဂရုဓမ် ၈ ပါး အကျယ်ကို ပါဠိတော် အဋ္ဌကထာကြီးတို့မှာ ရှု။]

**အင်္ဂါ ၃ ပါး။** ။၁- သမ္မုတိ မရခြင်း၊ ၂- ဘိက္ခုနီ၏ ပြည့်စုံသော ရဟန်းမိန်းမ ဖြစ်ခြင်း [ဘိက္ခုနီသံဃာ၌ ပထမ ရဟန်းဖြစ်၊ ဘိက္ခုသံဃာ၌ ဒုတိယ ရဟန်းဖြစ်သူကို "ပြည့်စုံစွာဖြစ်သော ရဟန်းမ" ဟု ခေါ်၏။ ဘိက္ခုနီ တဖက်၌သာ ရဟန်းပြုပြီးစ ဖြစ်သူကို ဆုံးမလျှင် ဒုက္ကဋ်။]၊ ၃-ဂရုဓမ်တရားဖြင့် ဆုံးမခြင်း၊ အင်္ဂါ ၃ ပါးတည်း။

**[ဆောင်]** မရ သမ္မုတိ¹, ဘိက္ခုနိကား,ပြီးပြည့်စုံစွ,ရဟန်းမ-မှန်², ဂရုဓမ် ဆုံးမ³, အင်သုံးဝ, ဩဝါဒက သင့်။

**ဘိက္ခုနောဝါဒက အင်္ဂါ။** ။ဘိက္ခုနီတို့ကို ဆုံးမထိုက်သူ၏ အင်္ဂါ ၈ ပါးကား ၁- ပါတိမောက္ခသံဝရသီလရှိခြင်း၊ ၂-ပိဋကဗဟုဿုတရှိခြင်း၊ ၃- ပါတိမောက် နှစ်စောင်ကို နှုတ်တက် အာဂုံရခြင်း၊ ၄- ကောင်းသော စကားလုံးနှင့် ကောင်းသောအသံ ရှိခြင်း၊ ၅- ဘိက္ခုနီသံဃာ (အားလုံး မဟုတ်သော်လည်း) အများ၏ အကြည်ညိုခံရခြင်း၊ ၆- ဘိက္ခုနီတို့ကို တရား ဟောစွမ်းနိုင်ခြင်း၊ ၇- ရှေး လူ့ဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ၊ သိက္ခမာန်၊ သာမဏေမတို့၌ မေထုန်မှုကို မပြုဘူးခြင်း၊ ၈- ဝါ ၂၀ ရရှိခြင်း အားဖြင့် အင်္ဂါ ၈ ပါးတည်း။

သီလဝါ¹ ဗဟုဿုတော စ², သွာဂတော စ³ သုဝါစကော⁴၊
ပိယော⁵ ပဋိဗလော စာပိ⁶, နဂ္ဂါပန္နော စ⁷ ဝီသတိ⁸။

၂။ အတ္တဂ်တ

သမ္ဘတောပိ - သမုတ်အပ်သူလည်း ဖြစ်သော၊ ဝါ— သမ္မုတိ ရပြီးသူလည်း ဖြစ်သော၊ ဘိက္ခု - သည်၊ သူရိယေ- နေသည်၊ အတ္ထင်္ဂတေ - ဝင်လသော်၊ ဘိက္ခုနိယော - တို့ကို၊ စေ ဩဝဒေယျ - အကယ်၍ ဆုံးမအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၃။ ဘိက္ခုနုပဿယ

ယော ပန ဘိက္ခု - သည်၊ သမယာ - ချဉ်းကပ်၍ ဆုံးမသင့်ရာ အခါကို၊ အညတြ - ကြဉ်၍၊ ဘိက္ခုနုပဿယံ -ဘိက္ခုနီ ကျောင်းသို့၊ ဥပသင်္ကမိတွာ - ချဉ်းကပ်၍၊ ဘိက္ခုနိယော - ရဟန်းမတို့ကို၊ ဩဝဒေယျ - အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ ... တတ္ထ - ထို အညတြသမယာဟူသော ပါဌ်၌၊ အယံ - ဤ ဆိုအပ်လတ္တံ့ကား၊ သမယော - အခါသည်။ ဘိက္ခုနီ - ရဟန်းမသည်၊ ဂိလာနာ- မကျန်းမာသည် ဟောတိ- ဖြစ်အံ့၊ အယံ - ဤ မကျန်းမာရာ အခါသည်၊ တတ္ထ - ထို အညတြသမယာဟူသော ပါဌ်၌၊ သမယော- အခါတည်း။

× × × × ×

**၂။ အတ္တဂ်တ။** ။သမ္မုတိရသော ရဟန်း ဖြစ်စေကာမူ နေဝင်လျှင် ဘိက္ခုနီများကို ဩဝါဒ မပေးရ။ နေဝင်သည့်တိုင်အောင် ဩဝါဒ ပေးနေလျှင် ပါစိတ်အာပတ် သင့်သည်။ [ဤသိက္ခာပုဒ်၌ ဂရုဓမ်တရားသာမက အခြား တရားဖြင့် ဩဝါဒပေးလျှင်လည်း ပါစိတ်အာပတ်ပင်။]

**အင်္ဂါ ၃ ပါး။** ။၁- နေဝင်ခြင်း၊ ၂-ပြည့်စုံစွာ ဘိက္ခုနီမ ဖြစ်ခြင်း ၃- ဆုံးမခြင်း၊ အင်္ဂါ ၃ ပါးတည်း။

**[ဆောင်]** နေဝင်ချိန်ကျ[၁], ပြည့်စုံစွာသည့်, - ရဟန်းမ ဖြစ်အင်[၂], ဆုံးမလျှင်[၃], အတ္တင်္ဂတ သင့်။

---

**၃။ ဘိက္ခုနုပဿယ။** ။ဘိက္ခုနီက ဂိလာန ဖြစ်နေရာအခါမှ တပါး အခြားအခါများ၌ ဘိက္ခုနီကျောင်းသို့သွား၍ ဩဝါဒပေးလျှင် ပါစိတ်အာပတ် သင့်၏။ [ဩဝါဒဟူရာ၌ ဂရုဓမ်တရားကိုသာ ယူရမည်။ ဂိလာန ဘိက္ခုနီဟူရာ ၌လည်း အဆုံးအမခံဘို့ ဖြစ်စေ၊ ကံကြီး ကံငယ် ပြုရန် ဖြစ်စေ မသွားနိုင်လောက် အောင် မကျန်းမာသူကို ယူရမည်။]

**၄။ အာမိသ သိက္ခာပုဒ်** ယော ပန ဘိက္ခု-သည်၊ ဝေံ-ဤသို့၊ ဝဒေယျ-ပြောဆို ကဲ့ရဲ့အံ့၊ (ကိံ-အဘယ်သို့ ပြောဆို ကဲ့ရဲ့သနည်း) အာမိသဟေတု - အာမိသအကြောင်းကြောင့်၊ ထေရာ-ထေရ် ဖြစ်ကုန်သော၊ ဘိက္ခူ - ရဟန်းတို့သည်၊ ဘိက္ခုနိယော - တို့ကို၊ ဩဝဒန္တိ-ဆုံးမကြကုန်၏၊ ဣတိ-ဤသို့ ပြောဆိုကဲ့ရဲ့အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**ဘိက္ခုနုပဿယံ**။ ။ဘိက္ခုနီတို့သည် မြို့ ရွာ အတွင်း၌ အစွန်အဖျား အရပ်ဝယ် ကျောင်းများကို တည်ထောင်နေထိုင်ကြသည်။ ထိုကဲ့သို့ ကျောင်းကို "ဘိက္ခုနုပဿယ"ဟု ခေါ်၏။ ဘိက္ခုနီ + ဥပဿယ=ဘိက္ခုနီတို့၏ + မှီတင်းနေထိုင်ရာကျောင်း။

**အင်္ဂါ ၄ ပါး**။ ။၁-ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်ခြင်း၊ ၂-ပြည့်စုံစွာ ရဟန်းမ ဖြစ်ခြင်း၊ ၃-အခါမဟုတ်ခြင်း [ဂိလာနမဟုတ် ဟူလို။] ၄-ဂရုဓမ်ဖြင့် ဆုံးမခြင်းတည်း။ [သမ္မုတိလည်း မရ၊ နေလည်း ဝင်၊ ဘိက္ခုနီကျောင်းသို့လည်း သွား၍ ဂရုဓမ်တရားဖြင့် ဩဝါဒပေးလျှင် ပါစိတ် ၃ ချက်သင့်၏။]

[**ဆောင်**] ရဟန်းမ ကျောင်းတွင်း, ချဉ်းကပ်ခြင်းတည့်[၁], ပြီးပြည့်စုံစွာ, ရဟန်းမမှန်[၂], ခါမတန်ဘဲ[၃], ဂရုဓမ် ဆုံးမ[၄], အင်လေးဝ, ဥပဿယ သင့်။

---

**၄။ အာမိသ**။ ။"အာမသိယဘေ - တဏှာဖြင့် ငါ့ဟာဟု သုံးသပ်အပ်၏"ဟူသော ဝိဂြိုဟ်အရ ငါ့ဟာ ငါ့ဟာဟု တဏှာဖြင့် သုံးသပ်အပ်သော ပစ္စည်းများကို အာမိသဟု ခေါ်၏။ "အာမိသ အကြောင်းကြောင့်" ဟူရာ၌ "အာမိသကို အလိုရှိသောကြောင့်"ဟု ဆိုလိုသည်။

**ထေရာဘိက္ခူ**။ ။ဘိက္ခုနောဝါဒက သမ္မုတိ ရသူတို့သည် ဝါ ၂၀ ရပြီးသော ထေရ်ကြီးများသာတည်း။ ထို့ကြောင့် "ထေရာဘိက္ခူ"ဟု ဆိုသည်။ "ထေရ်ကြီးများသည် ယဉ်ကျေးလိမ်မာစေလိုခြင်းကြောင့် ဘိက္ခုနီတို့ကို ဆုံးမကြသည်မဟုတ်၊ သက်နိုးစသော အာမိသကို ရလိုမှုကြောင့် ဆုံးမကြသည်" ဟု ကဲ့ရဲ့လျှင် ပါစိတ်အာပတ် သင့်၏။

**အင်္ဂါ ၄ ပါး**။ ။၁-ရဟန်းဖြစ်ခြင်း၊ ၂-တရားသဖြင့် သမ္မုတိရသူ ဖြစ်ခြင်း၊ ၃-အာမိသငဲ့မှု မရှိခြင်း [အာမိသငဲ့သူကို ကဲ့ရဲ့လျှင် အနာပတ္တိ၊]၊ ၄-ကျေးဇူးမဲ့ကို လိုလားသဖြင့် ပြောဆိုခြင်းများတည်း။ [သမ္မုတိ မရသော

၅။ စိဝရဒါန — ယော ပန ဘိက္ခု - သည်၊ ပါရိဝတ္တကာ - လဲလှယ်အပ်သော သက်န်းကို၊ အညတြ ကြဉ်၍၊ အညာတိကာယ—ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ—အား၊ စီဝရံ-ကို၊ ဒဒေယျ—ပေးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၆။ စိဝရသိဗ္ဗန — ယော ပန ဘိက္ခု-သည်၊ အညာတိကာယ ဘိက္ခုနိယာ -၏ စီဝရံ-ကို၊ သိဗ္ဗေယျ ဝါ - ကိုယ်တိုင်မူလည်း ချုပ်အံ့၊ သိဗ္ဗာပေယျ ဝါ — သူတပါးကိုမူလည်း ချုပ်စေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ဘိက္ခုနှင့် ရဟန်းဘဝတုန်းက သမ္မုတိ ရဘူးသော သာမဏေ၊ သမ္မုတိ မရဘူးသော သာမဏေများကို ကဲ့ရဲ့လျှင် ဒုက္ကဋ်။]

**[ဆောင်]** ရဟန်းလည်းဖြစ်°, တရားစစ်ဖြင့်, ရလစ် သမ္မုတိ¹, အာမိသမငဲ့², ကျေးဇူးမဲ့လို့, ပြောဆိုတုံက³, အင်လေး၀, အာမိသ ပါစိတ်သင့်။

---

၅။ **စိဝရဒါန**။ ။ဘိက္ခုနီအား လဲခြင်းမဟုတ်ဘဲ သက်သက် သင်္ကန်း ပေးလျှင် ပါစိတ်အာပတ် သင့်၏။ [မှတ်ဘွယ်ကို နိဿဂ္ဂိယစိဝရဝဂ် စိဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်အတိုင်း သိပါ။ ထို သိက္ခာပုဒ်၌ ဘိက္ခုက ခံယူသူဖြစ်ခြင်း၊ ဤ၌ ဘိက္ခုနီက ခံယူသူဖြစ်ခြင်းသာလျှင် သိက္ခာပုဒ် ၂ ပါး ထူးခြား၏။]

---

၆။ **စိဝရသိဗ္ဗန**။ ။ဆွေမျိုးမတော်သော ဘိက္ခုနီ၏ ဝတ်လောက် ရုံလောက်သော သင်္ကန်းကို ကိုယ်တိုင် ဖြစ်စေ၊ ခိုင်း၍ ဖြစ်စေ ချုပ်ပေးလျှင် ပါစိတ်အာပတ်သင့်၏။ [ချုပ်ရာ၌ အပ်တချက် တချက် အနုတ်၌ ပါစိတ်တချက် တချက် သင့်၏။] ၁—ဆွေမျိုး မတော်သော ဘိက္ခုနီ၏ သင်္ကန်း ဖြစ်ခြင်း၊ ၂—ဝတ်လောက် ရုံလောက်ခြင်း၊ ၃—ချုပ်ခြင်း၊ သို့မဟုတ် ချုပ်စေခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။

**[ဆောင်]** ဆွေမျိုး မသိ, ဘိက္ခုနီ၏, အထည်သင်္ကန်း°, ဝတ်စွမ်းရုံနိုင်¹, ကိုယ်တိုင် သို့မဟုတ်, စေ၍ချုပ်က², အင်သုံး၀, သိဗ္ဗန ပါစိတ် သင့်။

**၇။ သံဝိဓာန** ယော ပန ဘိက္ခု - သည်၊ သမယာ - သွားသင့်ရာအခါ ကို၊ အညတြ - ကြဉ်၍၊ ဘိက္ခုနိယာ - ရဟန်းမနှင့်၊ သဒ္ဓိံ - တကွ၊ သံဝိဓာယ-ကောင်းစွာစီစဉ်၍၊ ဝါ- ချိန်းချက်၍၊ **ဧကဒ္ဓါန မဂ္ဂံ**-တကြောင်းတည်း အဓွန့်ရှည်သော ခရီးကို၊ အန္တမသော - **အောက်ထစ်ဆုံးအားဖြင့်**၊ ဂါမန္တရမ္ပိ - အခြား တရွာသို့လည်း၊ ပဋိပဇ္ဇေယျ - **သွားအံ့**၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ- ထို **အညတြ သမယာဟူသော** ပါဌ်၌၊ **အယံ - ကား၊ သမယော - တည်း၊** မဂ္ဂေါ-

× × × × ×

**၇။ သံဝိဓာန**။ ။လမ်းခရီးက ဘေးအန္တရာယ် ရှိနေရာအခါ မဟုတ်လျှင် ဘိက္ခုနီနှင့်အတူ ချိန်းချက်၍ အောက်ထစ်ဆုံးအားဖြင့် မိမိရွာမှ အနီးအပါး အခြားရွာသို့မျှ မသွားကောင်း၊ သွားလျှင် ပါစိတ်အာပတ် သင့်၏။

**သံဝိဓာယ**။ ။ဝိပုဗ္ဗ ဓာဓာတ် တွာပစ္စည်း၊ ဝိ+ ဓာဓာတ်သည် ပြုစီရင်ခြင်း (စီစဉ်ခြင်း) အနက်ကို ဟော၏။ "ကောင်းစွာ စီစဉ်" ဟူသည် ရဟန်းက ဘိက္ခုနီကိုမြင်၍ "သင် မည်သည့်ရွာကို ရောက်ဘူးရဲ့လား၊ ငါ သွားမလို့၊ သင်လိုက်ခဲ့၊ မည်သည့်အချိန် သွားမည်" စသည်ဖြင့် စီစဉ်ခြင်းတည်း။ ဤကဲ့သို့ စီစဉ်ခြင်းကိုပင် "ချိန်းချက်ခြင်း" ဟုလည်း ဖွင့်၏။ ဤကဲ့သို့ ချိန်းချက်ခြင်းကိုပင် "တိုင်ပင်ခြင်း" ဟုလည်း ခေါ်သေး၏။

**စီစဉ်မှု**။ ။ထိုသို့ စီစဉ်ရာ၌ ရဟန်း၏ ကျောင်း၊ ဘိက္ခုနီ တိတ္ထိတို့၏ ကျောင်း အိပ်ရာ နေရာများသည် ကပ္ပိယဘူမိ ဖြစ်၏။ ထိုနေရာတို့၌ နေ၍ စီစဉ်လျှင် စီစဉ်မှုကြောင့် အာပတ် မသင့်သေး၊ လမ်းဆုံ လမ်းမ စသည်၌ နေ၍ စီစဉ်လျှင်ကား စီစဉ်မှု သက်သက်ကြောင့် ဒုက္ကဋ်အာပတ် သင့်၏။

**ဧကဒ္ဓါနမဂ္ဂံ**။ ။အဒ္ဓါန သဒ္ဒါသည် "အဓွန့် (ခရီးရှည်)" ဟူသော အနက်ကို ဟော၏။ ခရီးရှည် ဟူရာ၌လည်း တယူဇနာဝက်ရှိလျှင် ခရီးရှည်ပင် တည်း။ ထို့ကြောင့် ရွာချင်းမနီးသော တောလမ်းခရီးဖြစ်လျှင် မူလရွာမှထွက်၍ တယူဇနာဝက် အလွန်တွင် အာပတ်သင့်၏။ ရွာချင်းနီးသော ခရီးဖြစ်လျှင်ကား မိမိရွာမှထွက်၍ အခြား တရွာ၏ ဥပစာသို့ ဝင်မိလျှင် ပထမခြေလှမ်း ဒုက္ကဋ်၊ ဒုတိယခြေလှမ်း ပါစိတ်အာပတ်သင့်၏။

**ဧက၏ အနက်**။ ။ဧကဒ္ဓါန၌ ဧကသဒ္ဒါသည် "တခု" ဟူသော အနက် ဟောတည်း။ တခုတည်းသော ခရီး ဟူရာ၌ "လမ်းကြောင်း တကြောင်းတည်း၊ တလမ်းတည်း"ဟု ဆိုလိုသည်။ (တနည်း) "ဧကတော (တပေါင်းတည်း)" **အနက်ဟောတည်း**။ "ဘိက္ခုနီနှင့် တပေါင်းတည်း" ဟူလို။

ခရီးသည်၊ သတ္တဂမနီယော - ကုန်သည် အပေါင်းနှင့် အတူသွားထိုက်သည်၊ သာသင်္ကသမ္မတော - ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်သည်၊ သပ္ပဋိဘယော - ဘေးရန်နှင့် တကွ ဖြစ်သည်၊ ဟောတိ- အံ့၊ အယံ - ဤအခါသည်၊ တတ္ထ- ထို အညတြသမယာဟူသော ပါဠ်၌၊ သမယော - တည်း။

ဂ။ နာဝါဘိရုဟန ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ- ၍၊ တိရိယံ ဗိလႆ၊ တရဏာယ - ဖြတ်ကူးခြင်းကို၊ အညတြ - ကြဉ်၍၊ ဥဒ္ဓံဂါမိနိံ ဝါ - အထက်သို့ ဆန်တက်သည်မူလည်း ဖြစ်သော၊ အဓောဂါမိနိံ ဝါ - အောက်သို့ စုန်ဆင်းသည်မူလည်း ဖြစ်သော၊ ဧကံနာဝံ - တစင်းတည်းသော လှေကို၊ အဘိရုဟေယျ - တက်စီးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊

× × × × ×

**သတ္တဂမနီယော၊ ပေ၊ သပ္ပဋိဘယော။** ။တချို့ ခရီးရှည်များသည် တောပုန်း ဒမြ သူခိုးတို့ ထကြွနေသဖြင့် "ငါတို့လည်း အတိုက်ခံကြရမည်လားမသိ"ဟု ယုံမှားဘွယ် ရှိ၏။ သတ်ဖြတ် လုယူကြောင်းကိုလည်း ကြားနေရ တွေ့နေရသဖြင့် ဘေးအန္တရာယ် ပေါများလှ၏။ သို့ဖြစ်၍ ခြေလျင်ကုန်သည် အပေါင်းနှင့်ဖြစ်စေ အတူသွားမှသာ ဘေးအန္တရာယ်လွတ်မည့် ခရီးဖြစ်ရကား ထိုအခါမျိုး၀ယ် ဘိက္ခုနီတို့ အန္တရာယ် ကင်းလွတ်အောင် ဘိက္ခုနီနှင့် အတူ ချိန်းချက်၍ သွားကောင်းသည်။

**အင်္ဂါ ၅ ပါး။** ။၁- နှစ်ဦးသဘောတူ စီစဉ်၍ သွားခြင်း၊ ၂- ချိန်းချက်မှု မချွတ်ယွင်းခြင်း [မည်သည့်အချိန် သွားကြစို့ဟု ချိန်းချက်ထားသည့်အတိုင်း သွားဖြစ်ခြင်း ဟူလို။]၊ ၃-ချိန်းချက်သွားသင့်ရာအခါ မဟုတ်ခြင်း၊ ၄-တိုင်းပြည်ပျက်၍ ထွက်ပြေးကြရခြင်း စသည်ကဲ့သို့ ဘေးရန်မရှိခြင်း၊ ၅-အခြားတရွာသို့ သက်ရောက်ခြင်း၊ သို့မဟုတ် ယူဇနာဝက်ကို လွန်ခြင်းတည်း။

**[ဆောင်]** သဘောတူလျက်, စီစဉ်မြွက်၍¹, ချိန်းချက်လည်း မှန်², ခါ မတန်ဘဲ³, ဘေးရန်ကင်းကွာ⁴, တခြားရွာနှင့်, ယူဇနာဝက်, ဝင်သက်မိလျှင်း, လွန်မြောက်ခြင်း⁵ဟု, ကြောင်းရင်း ငါးလီ, အင်္ဂါညီ, သင့်ပြီ ဝိဓာန။

---

**ဂ။ နာဝါဘိရုဟန။** ။"မည်သည့်နေ့ရက်၊ မည်သည့်အချိန်၊ မည်သည့်လှေကို (သင်္ဘောကို) စီးကြစို့"ဟု ဘိက္ခုနီမနှင့် သဘောတူ ချိန်းချက်၍ ဆန်လှေ စုန်လှေ တစင်းစင်းကိုစီးလျှင် ပါစိတ်အာပတ်သင့်၏။ ဟိုဘက်ကမ်းနှင့်

၉။ ပရိပါစိတ
ယော ပန ဘိက္ခု-သည်၊ ပုဗ္ဗေ-ဘိက္ခုနီ မစီမံမီရှေ့၌၊ ဂိဟိသမာရမ္ဘာ-လူတို့ အားထုတ်အပ်သော ဆွမ်းကို၊ အညတြ-၍၊ ဇာနံ-ဘိက္ခုနီ စီမံအပ်သော ဆွမ်းဟု သိလျက်၊ ဘိက္ခုနီ ပရိပါစိတံ-ရဟန်းမသည် စီမံအပ်သော၊ ပိဏ္ဍပါတံ - ဆွမ်းကို၊ ဝါ - ဘောဇဉ်ငါးပါး တပါးပါးကို၊ ဘုဉ္ဇေယျ-စားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

သည်ဘက်ကမ်းကို ဖြတ်ကူးရုံကား ကူးကောင်းသည်။ [ဤသိက္ခာပုဒ်နှင့်စပ်၍ ကြွင်းသော မှတ်ဘွယ်များကို ဿံဝိဓာန သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ။ ထိုသိက္ခာ ပုဒ်၌ ၃ နံပါတ် အင်္ဂါ၏အစား "ဖြတ်ကူးရာအခါ မဟုတ်ခြင်း" ဟူသော အင်္ဂါကို လဲလှယ်သွင်းသင့်မည် ထင်သည်။]

**၉။ ပရိပါစိတ။** ။ဘိက္ခုနီမ မစီမံမီ လူတို့ဘာသာ စီမံအပ်သော ဆွမ်းသည် "ဂိဟိသမာရမ္ဘ"မည်၏။ [ဂိဟီနံ-ကို၏ + သမာရဗ္ဘော-ကောင်းစွာ အားထုတ်အပ်ပြီးသော ဆွမ်းသည်၊ ဂိဟိသမာရဗ္ဘော-မည်၏။] ထို ဆွမ်းကို ဘိက္ခုနီက ထပ်၍ (လောကွတ်လုပ်၍) စီမံသော်လည်း စားကောင်း၏။ ထိုသို့ လူတို့ဘာသာ စီမံအပ်ပြီး မဟုတ်ဘဲ ဘိက္ခုနီက လူတို့ကို လှူဘို့ရန် စီမံ တိုက်တွန်းမှု ဖြစ်ပေါ်လာသောဆွမ်းကို သိလျက် စားလျှင် ပါစိတ်အာပတ်သင့်သည်။

**ပိဏ္ဍပါတံ။** ။ပိဏ္ဍသဒ္ဒါသည် "ဇီဝန = အသက်ရှည်ကြောင်း အစာ" ဟူသော အနက်ကို ဟော၏။ ပိဏ္ဍဿ-အစာ၏၊ ပါတော-သပိတ်၌ ကျခြင်းသည်၊ ပိဏ္ဍပါတော-၏၊ "သပိတ်၌ ကျခြင်း"ဟူရာဝယ် လက်ဆုပ် လက်ကိုင် ပြုလျှင် ကျသောအစာကိုသာ ပြနိုင်ရကား သပိတ်၌ ကျရောက်သော အစာ ဟူသမျှကို "ပိဏ္ဍပါတ"ဟု ခေါ်နိုင်၏။ သို့သော် ဤသိက္ခာပုဒ်၌ကား ပိဏ္ဍပါတ အရ ဘောဇဉ် ၅ ပါးကိုသာ ယူရသည်။ [ဘောဇဉ် ၅ ပါးကို နောက်၌ပြမည်။]

**အင်္ဂါ ၅ ပါး။** ။၁-ဘိက္ခုနီ စီမံခြင်း၊ ၂-ဘိက္ခုနီ စီမံအပ်သော ဆွမ်းဟု သိခြင်း၊ ၃-ဘိက္ခုနီ မစီမံမီ ရှေးအဘို့က လူတို့ စီမံမှု မရှိခြင်း၊ ၄-ဘောဇဉ် ငါးပါးတွင် တပါးပါးဖြစ်ခြင်း၊ ၅-ထိုဘောဇဉ်ကို စားမျိုခြင်းတည်း။

**[ဆောင်]** ဘိက္ခုနီစီမံ[၁], စီမံမှန်းသိ[၂], သူ၏ အလျင်, လူ စဘင်၍, စီရင် မထား[၃], ဘောဇဉ် ငါးတွင်, တပါးဖြစ်လျှင်း[၄], စားမျိုခြင်း ဟု[၅], ကြောင်းရင်း ငါး၀, အင်ညီမျှ, ပရိပါစိတ သင့်။

**၁၀။ ရဟောနိသဇ္ဇ** ယော ပန ဘိက္ခု - သည်၊ ဘိက္ခုနိယာ - နှင့်၊ သဒ္ဓိံ-ကွ၊ ဧကောဧကာယ-တယောက်ချင်းချင်း၊ ရဟော-နားဓါကွယ်ရာ အရပ်၌၊ နိသဇ္ဇံ-ထိုင်နေခြင်းကို၊ ကပ္ပေယျ - အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [ဤသိက္ခာပုဒ်၌ မှတ်သားဘွယ် အဓိပ္ပာယ်ကို ဒုတိယ အနိယတ သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ။]

တတိယော-သော၊ ဘိက္ခုနော ဝါဒဝဂ္ဂေါ-တည်း။

## ဘောဇနဝဂ်

**၁။ အာဝသထပိဏ္ဍ** အဂိလာနေန - ဂိလာနမဟုတ်သော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဧကော-တနေ့စာဖြစ်သော၊ အာဝသထပိဏ္ဍော-တည်းခိုရာ ဇရပ်စသည်၌ ဝတ်ဘည်အပ်သော ဆွမ်းကို၊ ဘုဉ္ဇိတဗ္ဗော-စားအပ် စားနိုင်၏၊ တတော-ထို တနေ့စာထက်၊ ဥတ္တရိ - အလွန်၊ စေ ဘုဉ္ဇေယျ-အကယ်၍ စားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၁။ **အာဝသထပိဏ္ဍ**။ ။ဂိလာန မဟုတ်လျှင် (ကျန်းမာသူ ဖြစ်လျှင်) အာဝသထပိဏ္ဍကို တနေ့စာသာ စားနိုင်၏။ နောက်တရက်၌ စားလျှင်ကား ပါစိတ်အာပတ်သင့်သည်။ ဂိလာနဖြစ်မူ နောက်ရက်များ၌လည်း စားကောင်းသည်သာ။ ဂိလာနဟူရာ၌ တယူဇနာဝက်ခရီးကိုမျှ ဆက်မသွားနိုင်သူတည်း။

**အာဝသထပိဏ္ဍော**။ ။"အာဂန္တွာ ဝသန္တိ ဧတ္ထ" ဟူသော ဝိဂ္ဂြိုဟ်အရ ခရီးသွား စသူတို့ လာရောက်တည်းခိုနေရာ ဇရပ်စသည်ကို "အာဝသထ"ဟု ခေါ်၏။ ထို၌ ဝတ်ဘည်ထားအပ်သောဆွမ်းကို "အာဝသထေ-၌+ပညတ္တော-သော၊ ပိဏ္ဍော-တည်း" အရ "အာဝသထပိဏ္ဍ"ဟု ခေါ်သည်။

**ချဲဦးအံ့**။ ။ခရီးသွားသူ၊ မကျန်းမာသူ၊ ကိုယ်ဝန်ရှိသူ၊ ရသေ့ ရဟန်း စသူတို့ တည်းခိုနေထိုင်ကြဘို့ရာ ညောင်စောင်း၊ အင်းပျဉ် (ခရွင်၊ ကုလားထိုင်) များကို ထိုက်တန်သလို ခင်းထား၍ အခန်းများစွာ သူ့မျက်နှာသာနှင့် သူ ပိုင်းခြား ကန့်ထားအပ်သော မိုးလုံ လေလုံ တန်းလျားရှည် ဇရပ် စသည်ကို ကောင်းမှု လိုလားသူတို့က လမ်းဆုံ လမ်းမ စသော အများနှင့် ဆက်ဆံမည့် နေရာဝယ် ဆောက်လုပ်ထားတတ်ကြ၏။ ထိုသို့ ဆောက်လုပ်ပြီးလျှင် ထိုဇရပ် စသည်၌ ယာဂုထမင်းနှင့် ဆေးအမျိုးမျိုးကိုပါ ထားလေ့ရှိကြသည်။

၂။ ဂဏဘောဇနေ
သမယော-စားသင့်ရာအခါကို၊ အညတြ-ကြဉ်၍၊ ဂဏဘောဇနေ — ဂဏ ဘောဇဉ်ကို စားခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ၊ တတ္ထ — ထို အညတြသမယာ ဟူသော ပါဌ်၌၊ အယံ—ဤ ဆိုအပ်လတ္တံ့ကား၊ သမယော-အခါတည်း၊ ဂိလာန သမယော-မကျန်းမာရာ အခါငှင်း၊ စီဝရဒါန သမယော — သက်န်း

× × × × ×

**မှတ်ချက်။** ။ယခုအခါ ကြီးကျယ်သော ဘုရားပွဲသွား လမ်းများ၌လည်း ထိုမျှလောက် မကျနစေကာမူ စားဘွယ် သောက်ဘွယ်များနှင့်တကွ တည်းခို ဘို့ရာ စာတုဒ္ဒိသာ မဏ္ဍပ်များ ရှိတတ်ကြ၏။ ထို မဏ္ဍပ်များ၌ ထားအပ်သော စားဘွယ် သောက်ဘွယ်လည်း အာဝသထပိဏ္ဍတွင် ပါဝင်နိုင်သည်။

**ကော အာဝသထပိဏ္ဍော။** ။"ကောတိ ကေဒိဝသိကော=တနေ့၌ စားထိုက်သော"ဟု ကင်္ခါအဋ္ဌကထာ ဖွင့်၏။ ကေဒိဝသေ – တနေ့၌ + ဘုဉ္ဇိတဗ္ဗော–စားထိုက်သော အစာသည်၊ ကေဒိဝသိကော – မည်၏၊ ပိဏ္ဍအရလည်း ဘောဇဉ် ၅ ပါးလုံးပင် ယူရမည်။

**မှတ်ချက်၊** ။သာရတ္ထဋီကာဝယ် " ကေဒိဝသံ သကိံ ယေဝ ဘုဉ္ဇိတဗ္ဗံ= တနေ့ တကြိမ်သာ စားရမည်"ဟု ဆိုထားရာ၌ ရှေးခေတ်က တထပ်တည်းဖြင့် ကိစ္စပြီးအောင် စားလေ့ရှိပုံကို ကြည့်၍ ဆိုဟန်တူသည်။ ယခုခေတ် အလိုက် မွန်းလတ်မှာ ဆွမ်းစား၍ ၁၁ နာရီလောက် (ဘောဇဉ်အပါအဝင် မုန့်များဖြင့်) လက်ဖက်ရည် သောက်သော်လည်း "ကေဒိဝသိကော–တနေ့စာ" ဟူသော အဋ္ဌကထာစကားနှင့် သင့်တင့် ညီညွတ်မည်သာ။

**အင်္ဂါ ၃ ပါး။** ။၁–အာဝသထပိဏ္ဍဖြစ်ခြင်း၊ ၂–ဂိလာန မဟုတ်ခြင်း၊ ၃–နေ့စဉ်နေ၍ စားခြင်း ၃ ပါးတည်း။

[**ဆောင်**] အာဝသထ, ပိဏ္ဍဖြစ်ငြား[၁], မနာဖျားဘဲ[၂], ယူစားနေ့စဉ်[၃], သုံးပါးအင်, စုံလျှင် အာဝသထ သင့်။

---

**၂။ ဂဏဘောဇနေ။** ။ဂိလာနသမယ စသောအခါ၌ ဂဏဘောဇဉ်ကို စားကောင်း၏။ ထိုအခါများမှတပါး အခြားအခါတို့၌ ဂဏဘောဇဉ်ကို စားလျှင် ပါစိတ်အာပတ် သင့်သည်။

**ဂဏဘောဇဉ်ခေါ်ပုံ။** ။ဂဏဿ - ဂိုဏ်း၏၊ သန္တကံ–ဥစ္စာဖြစ်သော၊ ဘောဇနံ–ဘောဇဉ်သည်၊ ဂဏဘောဇနံ-ဂဏဘောဇနမည်၏။ ဤ၌"ဂိုဏ်း" ဟူသည် ဂဏဥပုသ်ဟူရာ၌ကဲ့သို့ ၂ ပါး ၃ ပါး မဟုတ်၊ ၄ ပါးမှ စ၍ အထက်

လှူရာအခါဂိုင်း၊ **စီဝရကာရသမယော** - သင်္ကန်း ချုပ်ဆိုးရာ အခါဂိုင်း၊ အဒ္ဓါနဂမန သမယော - အဓွန့်ရှည်သော ခရီးကို သွားရာ အခါဂိုင်း၊ **နာဝါဘိရုဟနသမယော**-လှေစီးရာအခါဂိုင်း၊ မဟာသမယော - ရဟန်းများစွာ စုမိရာအခါဂိုင်း၊ သမဏဘတ္တသမယော - သမဏအမည် ရသူတို့၏ ထမင်းကျွေးရာအခါဂိုင်း၊ အယံ - ဤ ဆိုအပ်ပြီးသော အခါသည်၊ တတ္ထ - ထို အညတြသမယာဟူသော ပါဌ်၌၊ **သမယော** - အခါတည်း။ [“တတ္ထ - ထို ဂဏဘောဇဉ်ကို စားရာ၌” ဟု ရှေးနိဿယ ပေးသည်၊ နောက်၌လည်း တတ္ထအစွဲချင်း မတူသည်ကို သတိပြု။]

× × × × ×

ရာ ထောင် စသော ရဟန်းများတည်း။ ထို “ဂိုဏ်း၏ ဥစ္စာဖြစ်သော ဂဏဘောဇဉ်”ဟူသည် မအပ်သောနည်းဖြင့် ဖိတ်မန်ခြင်းကြောင့်ဖြစ်စေ၊ ရဟန်းများကိုယ်ဘိုင် ဘောင်းခြင်းကြောင့်ဖြစ်စေ ရအပ်သော ဘောဇဉ်တည်း။ ဤ၌ကား ထို ဂဏဘောဇဉ်ကို စားခြင်းတိုင်အောင် ယူရမည်ဖြစ်သောကြောင့် “ဂဏဘောဇန ဘောဇနေ”ဟု ဆိုလိုလျက် ဘောဇနတပုဒ် ကြေသည်ဟု ကြံပါ။

**မအပ်သော ပင့်ဖိတ်နည်း**။ ။တစုတဝေးတည်း နေသည် ဖြစ်စေ၊ သို့မဟုတ် ကိုယ့်နေရာနှင့် ကိုယ် (ကိုယ့်ကျောင်းနှင့် ကိုယ်) အသီးသီး နေသည် ဖြစ်စေ၊ ရဟန်း ၄ ပါး ၅ပါး စသူတို့ထံ သွား၍ “ဩဒနေန နိမန္တေမိ-ထမင်းဖြင့် ဖိတ်မန်ပါ၏”ဟု လျှောက်လျှင် မအပ်သော ဖိတ်ခြင်း ဖြစ်၏။ ဤနည်းအတိုင်း ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာ စသော အခြားဘာသာဖြင့် ဖြစ်စေ ဘောဇဉ် ငါးပါးကို နာမည်တပ်၍ “ထမင်း ဘုဉ်းပေး ကြွပါ၊ ငါး ဘုဉ်းပေး ကြွပါ”စသည်ဖြင့် ဖိတ်ခြင်းကို မအပ်သော ဖိတ်ခြင်းဟု ဆိုလိုသတတ်။

**မအပ်သော တောင်းနည်း**။ ။ရဟန်း ၄ ပါး ၅ပါး စသူတို့ ပေါင်း၍ ဖြစ်စေ၊ အသီးအသီးဖြစ်စေ ဒကာ ဒကာမတို့ထံ “ဘတ္တံ မေ ဒေဟိ=ငါ့အား ထမင်း လှူစမ်းပါ” စသည်ဖြင့် ဘောဇဉ် တပါးပါး၏ နာမည်ဖြင့် တောင်းလျှင် (ဉာတိပဝါရိတကိုပင် တောင်းစေကာမူ) မအပ်သော တောင်းခြင်း မည်၏။

**အချုပ်မှာ**—ဘောဇဉ် ၅ ပါးနှင့်စပ်၍ “ပိဏ္ဍပါတ”ဟူသော ပါဠိအသုံး “ဆွမ်း—ဆွမ်းဟင်း” စသော မြန်မာ အသုံးအနှုန်းများသည် ကျောင်းသုံး ဘုန်းကြီးသုံး ဖြစ်၍ အပ်သောအသုံးများတည်း။ “ဩဒန—သတ္တု—ကုမ္မာသ—မစ္ဆ—မံသ — ထမင်း — ငါးဟင်း — အမဲဟင်း — အသားဟင်း”စသော အသုံးအနှုန်းသည် အရပ်သုံး လူသုံးဖြစ်၍ မအပ်သော အသုံးအနှုန်းများတည်း ဟု ပြောရိုးရှိသည်။

**ခံယူပုံ။** ။ဤ ပြခဲ့သော မအပ်သောဖိတ်ခြင်း၊ မအပ်သော တောင်းခြင်း ၂ မျိုးတွင် တမျိုးမျိုးနှင့်ဆိုင်သော ဘောဇဉ်ကို ၄ ပါး ၅ ပါးစသော ရဟန်းတို့ အတူတကွ ခံယူကြလျှင် ထိုဘောဇဉ်သည် ဂဏဘောဇဉ်အစစ် ဖြစ်လေပြီ။ ထို ဂဏဘောဇဉ်ကို စားလျှင် ဆွမ်းလုတ်တိုင်း ပါစိတ်အာပတ်သင့်၏။ [ခံယူရန် လာစဉ်က ထိုရဟန်းများ တကွဲတပြားစီ လာသည်ဖြစ်စေ၊ ခံယူပြီးနောက် တခြားစီပြန်၍ တခြားစီ စားကြသည်ဖြစ်စေ လိုရင်းမဟုတ်။ အတူတကွ ခံယူခြင်းသာ လိုရင်းဖြစ်သည်။ ထို့ကြောင့် ဂဏဘောဇဉ်ကို ၄ ပါးလုံး တပြိုင်နက် မခံဘဲ တပါးက နောက်မှခံလျှင် အားလုံး အပြစ်လွတ်သည်။]

**[ဆောင်]** ရဟန်း ၄ ပါး, စသည်များကို, ၅ ပါးဘောဇဉ်, နာမံ တင်၍, ဖိတ်လျှင်ငရင်း, တောင်းလျှင် တခြား, ရတုံငြားက, ၄ ပါး စသူ, တူခံမူ, မှတ်ယူ ဂဏဘောဇဉ်တည်း။

**သတိပြုဘွယ်။** ။ယခုကာလ၌ "ဆွမ်းစားကြွပါ၊ ဆွမ်းဘုဉ်းပေးကြွပါ" စသည်ဖြင့် ဆွမ်း ဟူသော အသုံးအနှုန်းများ နှုတ်တက်ရနေကြပြီဖြစ်၍ ထမင်း အတွက် ဂဏဘောဇဉ်ဖြစ်ဘွယ် မရှိပြီ။ သို့သော် "ငါးကြော် ဘုဉ်းပေးကြွပါ၊ ငါတို့အား ငါးကြော် လှူစမ်းပါ၊ ငါးခြောက် - ငါး - ဘုဉ်းပေးကြွပါ၊ မုန့်တီ ဘုဉ်းပေးကြွပါ" စသော အသုံးအနှုန်းများသည် မအပ်သော အသုံးအနှုန်း များတည်း။ ထို အသုံးအနှုန်းမျိုးဖြင့် ၄ ပါး စသည်အား ပင့်ဖိတ်လာသော် ပယ်သာလျှင် ပယ်၊ မပယ်သာလျှင် ၃ပါးစီ ခံယူကာ အခြားတနေရာသို့ သွား၍ စားသောက်နိုင်၏။ မုန့်တီဆွမ်းဟင်းဟူသော အသုံးများကို အပ်သော အသုံးဟု ယူကြ၏။[အခြားသော အပ်သည့်နည်းများကို အဋ္ဌကထာမှာ ရှုပါ။]

**သမယ ၇ ပါး။** ။ဆွမ်းခံမသွားနိုင်လောက်အောင် မကျန်းမမာ ဖြစ်ရာ အခါသည် ဂိလာနသမယမည်၏။ စီဝရဒါနသမယ ဟူသည် ကထိန် အာနိသင် မရလျှင် ကထိန်သင်္ကန်း လှူဒါန်းရာ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့် အထိ တလတည်း။ ကထိန် အာနိသင် ရလျှင်ကား တပေါင်းလပြည့်တိုင်အောင် ၅ လတည်း။ အများဝိုင်း၍ သင်္ကန်းချုပ်ရာ ဆိုးရာ အခါသည် စီဝရကာရသမယတည်း။ အဒ္ဓါနသမယ၌ တယူဇနာဝက် ခရီးကို "အဒ္ဓါန"ဟု ခေါ်၏။ [နာဝါဘိရုဟန ထင်ရှားပြီ။]

**မဟာသမယ။** ။ရွာတရွာဝယ် ရဟန်း ၃ ပါးသာ ဆွမ်းခံစားလောက်၏။ ၄ ပါးမြောက် တပါးလာလျှင် ဆွမ်းခံ၍ မမျှတ။ ထိုရွာအတွက် ထို ရဟန်း ၄ ပါး ရာအခါသည် မဟာသမယတည်း။ ထို့ထက် ကြီးသော ရွာ မြို့များ၌ ထို့ထက်များသော ရဟန်းများ စုမိသဖြင့် ဆွမ်းခံ၍ မမျှတလျှင် မဟာသမယ ပင်တည်း။

၃။ ပရမ္ပရဘောဇန

သမယာ - စားသင့်ရာ အခါကို၊ အညတြ — ၍၊ ပရမ္ပရ ဘောဇနေ – နောက်နောက် ပင့်ဖိတ်သူ၏ ဘောဇဉ်ကို စားခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ၊ တတ္ထ အယံ သမယော၊ ....... ဂိလာနသမယော, စီဝရဒါန သမယော၊ စီဝရကာရ သမယော၊ အယံ တတ္ထ သမယော။

× × × × ×

**သမဏဘတ္တသမယ။** ။သမဏဟူသည် သိတင်းသုံးဘော် ၅ ဦးနှင့် ပရိဗ္ဗိုဇ်ရသေ့များဘည်း။ ထိုသူတို့က "ဘတ္တ" ဟူသော နာမည်ဖြင့် ထမင်းကျွေးလျှင်လည်း စားကောင်းသည်သာ။ [၁-ဂဏဘောဇဉ်ဖြစ်ခြင်း၊ ၂-အခါ (သမယ) မဟုတ်ခြင်း၊ ၃-စားခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။]

[**ဆောင်**] ဘောဇဉ် ဂဏ[၁], ခါ မရဘဲ[၂], စားမိကြလျှင်[၃], အင်စုံလင်, ဘောဇဉ်ဂဏ သင့်။

---

**၃။ ပရမ္ပရ ဘောဇန။** ။ဂဏဘောဇန သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း မအပ်သော ဖိတ်နည်းဖြင့် ဖိတ်မန်ထားသော ဘောဇဉ်ရှိလျှင် (ဖိတ်သူ တဦးတည်းဖြစ်က အခြားနည်းအားဖြင့် ရသောဆွမ်းကို မစားသေးဘဲ) ထိုသူ၏ ဘောဇဉ်ကိုသာ ပထမ စားရမည်။ "စား" ဟူရာ၌ တလုတ်လောက် စားမိလျှင် "စားခြင်း" ဖြစ်တော့၏။ မအပ်သောနည်းဖြင့် ၂ ဦး ၃ ဦး စသည် ဖိတ်ထားလျှင်လည်း အစဉ်အတိုင်း စားရမည်။

**အာပတ်သင့်ပုံ။** ။ဂိလာနသမယ စသော အခါရသူလည်း မဟုတ်၊ ဝိကပ္ပနာလည်း မပြုဘဲ ရှေ့ဖိတ်သူ၏ ဘောဇဉ်ကို နောက်မှစား၍ နောက်ဖိတ်သူ၏ ဘောဇဉ်ကို အလျှင်စားလျှင် ဆွမ်းလုတ်တိုင်း အာပတ်သင့်၏။ ဂိလာန သမယ စသည်ဖြစ်မူ ထိုကဲ့သို့ အစဉ်အတိုင်း မဟုတ်ဘဲလည်း စားနိုင်၏။ ဂိလာန ဟူသည်ကား တထိုင်တည်း၌ ဝအောင် မစားနိုင်သော ပုဂ္ဂိုလ်တည်း။

**ဝစနတ္ထ။** ။ပရောစ ပရောစ ပရမ္ပရော၊ ပရပရ ဆိုလိုလျက် ဝါစာသိလိဋ္ဌ ဖြစ်အောင် နိဂ္ဂဟိတ် လာထားသည်။ ပရောစ- နောက်ဖိတ်သူလည်း၊ ပရောစ- နောက်ဖိတ်သူလည်း၊ ပရမ္ပရော-နောက်နောက်ဖိတ်သူ၊ ပရမ္ပရဿ + ဘောဇနံ ပရမ္ပရ ဘောဇနံ။ ဤ၌လည်း ပရမ္ပရ ဘောဇနကို စားခြင်းတိုင်အောင် ယူပါ။

**ဝိကပ္ပနာပြုပုံ။** ။မအပ်သောနည်းဖြင့် ဒါယကာ ၂ဦး ၃ဦး စသည်က ဖိတ်ထားရာ၌ ပထမဒကာ၏ဘောဇဉ်ကို မစားခင် ဒုတိယ ဒကာ၏ ဘောဇဉ်ကို စားလိုသော် ပထမဘောဇဉ်ကို အနီးအပါးရှိ မိမိနှစ်သက်ရာ သိတင်းသုံးဘော်

**၄။ ကာဏမာတာ** ကုလံ – အိမ်သို့၊ ဥပဂတံ – ချဉ်းကပ်လာသော၊ ဘိက္ခုံ-ရဟန်းကို၊ (ပန + ၈၀ အနက်မရှိ၊) ပူဝေဟိ ဝါ-လက်ဆောင်ပေးရန် စီမံအပ်သော မုန့်တို့ဖြင့်ဧင်း၊ မန္ထေဟိ ဝါ-ရိက္ခာပြုရန် စီမံအပ်သော သတ္တု တိလ တဏ္ဍုလ စသည်တို့ဖြင့်ဧင်း၊ အဘိဟဋ္ဌုံ-ရှေးရှူဆောင်၍၊ ပဝါရေယျ-ဖိတ်အံ့၊ အာကင်္ခမာနေန – ခံယူလိုသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဒွတ္တိပတ္တပူရာ-၂ သပိတ်ပြည့် ၃ သပိတ်ပြည့်တို့ကို၊ ပဋိဂ္ဂဟေတဗ္ဗာ-ခံယူအပ် ခံယူနိုင်ကုန်၏၊ တတော – ထို ၂ သပိတ်ပြည့် ၃ သပိတ်ပြည့်ထက်၊ ဥတ္တရိ-အလွန်၊ စေ ပဋိဂ္ဂဏှေယျ–အကယ်၍ ခံယူအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၅ ဦးတွင် တဦးဦးအား "မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ = ငါ၏ မည်သည့်ဒါယကာ့ဘတ်၌ မျှော်လင့်ဘွယ်ကို သင့်အား လှူပါ၏"ဟု ဆို၍ ပေးလိုက်ရသည်။ မိမိပေးလိုက်သူက အဝေးမှာရှိလျှင် "မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ (ဤအမည်ရှိသူအား) ဒမ္မိ"ဟု မိမိဘာသာ ဆို၍ ပေးပါ။ မြန်မာလို ဆို၍လည်း ပေးနိုင်၏။ ဤသို့ ပေးလိုက်ခြင်းကို ဝိကပ္ပနာပြုခြင်းဟု ခေါ်၏။ထိုသို့ ပြုလိုက်လျှင် ဒုတိယဘောဇဉ်ကို စားကောင်းပြီ။ တတိယဘောဇဉ်ကို အလျင် စားလိုရာ၌လည်း ဤနည်းအတိုင်း ပထမ ဒုတိယ ဘောဇဉ်များကို ဝိကပ္ပနာ ပြုပါ။

**အင်္ဂါ ၃ ပါး။** ။၁–ပရမ္ပရဘောဇဉ်ဖြစ်ခြင်း၊ ၂–အခါ မဟုတ်ခြင်း၊ ၃–စားမျိုခြင်း၊ ၃ ပါးတည်း။ [မအပ်သောနည်းဖြင့် ဖိတ်လျှင် တပါးတည်း ပင့်သည်ဖြစ်စေ၊ အများ ပင့်သည်ဖြစ်စေ နောက်နောက် ဘောဇဉ်များ ပရမ္ပရဘောဇန ဖြစ်နိုင်သည်။ရှေ့ ဂဏဘောဇနကား တပါးတည်း ပင့်ရာ၌ မဖြစ်။]

[**ဆောင်**] ပရမ္ပရ, ဘောဇနကို, မရ အခါ', စားမိပါပြန်', အင်္ဂသုံးတန်, ပရမ္ပရ သင့်။

---

**၄။ ကာဏမာတာ။** ။ကာဏာ သတို့သမီး၏ မိခင်ကို အကြောင်းပြု၍ သိက္ခာပုဒ်ဖြစ်ပေါ်လာသောကြောင့် "ကာဏမာတာ သိက္ခာပုဒ်"ဟု နာမည်တပ်သည်။ [အိမ်သို့ ချဉ်းကပ်လာသော ရဟန်းကို ပူပ-မန္ထတို့ဖြင့် ရဟန်းအထံ ဆောင်ယူ၍ (အလိုရှိသလို ခံယူဘို့ရန်) ဖိတ်မန်လျှင် ၂ သပိတ် ၃ သပိတ်ပြည့် လောက်သာ ခံယူနိုင်၏၊ ထို့ထက်ဘိုး၍ ခံယူလျှင်ကား ပါစိတ်အာပတ် သင့်၏။ ၂ သပိတ် ၃ သပိတ်ပြည့် ခံယူပြီးနောက်လည်း ထို ပူပ – မန္ထတို့ကို အခြားရဟန်းများနှင့်အတူ ဝေဘန်၍ သုံးဆောင်ဘို့ရန် ဝတ္တရားရှိသည်။]

ဒွတ္တိပတ္တပူရေ-တို့ကို၊ ပဋိဂ္ဂဟေတွာ-ခံယူပြီး၍၊ တတော - ထိုအရပ်မှ၊ နိဂ္ဂဟိတွာ-ထုတ်ဆောင်၍၊ ဘိက္ခူဟိ - ရဟန်းတို့နှင့်၊ သဒ္ဓိံ - တကွ၊ သံဝိဘဇိတဗ္ဗံ - ဝေဘန်ရာ၏၊ ဝါ-ဝေဘန်ရမည်၊ အယံ – ဤဝေဘန်ရခြင်းသည်၊ တတ္ထ—ထို ၂ သပိတ် ၃ သပိတ်ပြည့် ခံယူရာ၌၊ သာမိစီ—လောကုတ္တရာအားလျော်သော ကျင့်ဝတ်တည်း။

× × × × ×

**ပူဝေဟိ။** ။ပူရခါတ်, တနည်း–ပူခါတ် ပ-ပစ္စည်းဖြင့် ပြီးသောကြောင့် သက္ကတအဘိဓာန်နှင့် ကောင်းစွာ သုတ်သင်ထားအပ်သော မာဂဓ အဘိဓာန်တို့၌ “ပူပ”ဟု ရှိ၏။ ယခု စာအချို့ဝယ် “ပူဝ” ဟု ရှိသည်မှာ ပါဌ်ပျက်သာတည်း။ ဤပူပသဒ္ဒါသည် စပါးမျိုး ၇ ပါး၏ ဆန်အမျိုးမျိုးကို အမှုန့်ထောင်း၍ ပြုလုပ်အပ်သော မုန့်ဟူသမျှကိုဟောသော်လည်း ဤသိက္ခာပုဒ်၌(ဝတ္ထုကြောင်းအားလျော်စွာ) လက်ဆောင်ပေးဘို့ လုပ်အပ်သော ပူပကိုသာ ယူပါ။

[**ဆောင်**] ကျမ်းဘိဓာန, ဟူသမျှက, ပူပ ဆိုလျှင်, ထိုထို မုန့်စု, ဟောရိုးပြုလည်း, ဝတ္ထုကြောင်းထွက်, လျော်အောင်ဆက်၍, လက်ဆောင်ပေးစရာ, မုန့်ကိုမျှ, ပူပ ဟောလေသည်။

**မန္ထေဟိ။** ။မန္ထသဒ္ဒါသည် အဘိဓာန်အလို အဗဒ္ဓသတ္တု (ဆန်အမျိုးမျိုး၏ အမှုန့်သက်သက်ကို ထောပတ် စသည် ရောလျက် ရေအေး နှော၍ပြီးလျှင် သောက်ဘို့ရာဖြစ်သော အမှုန့်သာမန်)ကို ဟော၏။ သို့သော် ဤ သိက္ခာပုဒ်၌ကား ဆုပ်အပ်ပြီးသော အလုံးအခဲဖြစ်စေ၊ မဆုပ်ရသေးသော အမှုန့်ဖြစ်စေ၊ နှမ်းလုံး ဆန်လုံးသက်သက်ဖြစ်စေ၊ လမ်းခရီး၌ ရိက္ခာအလို့ငှာ စီမံအပ်သမျှကို “မန္ထ”ဟု ဆိုသည်။ [အဗဒ္ဓ=မဖွဲ့ မဆုပ်အပ်သော+သတ္တု=အမှုန့်။]

[**ဆောင်**] မန္ထသဒ္ဒါ, ဘိဓာန်လာကား, များစွာမုန့်မှုန့်, ဟောရိုးကြုံလည်း, မချုံ့ပေါင်းရုံး, ဤအသုံးမူ, မုန့်လုံးမုန့်ခဲ, မုန့်ညက်ကဲ့နှင့်, နှမ်းလဲဆန်ပါ, လမ်းရိက္ခာရ, မှန်သမျှ, မန္ထ ဟောလေသည်။

**ဒွတ္တိပတ္တပူရာ ပဋိဂ္ဂဟေတဗ္ဗာ။** ။ထိုသို့ ပူပ-မန္ထ အမျိုးမျိုးဖြင့် ခံယူဘို့ရန် ဖိတ်မန်လျှင် ၂ သပိတ်ပြည့်ဖြစ်စေ၊ ၃ သပိတ်ပြည့်ဖြစ်စေ ခံယူနိုင်သည်။ “အပြည့်”ဟူရာ၌ သပိတ်အတွင်းနှုတ်ခမ်းနှင့် ညီမျှသည်ကို ဆိုလိုသည်။ [“ဒွေ+ပတ္တပူရာ” စသော ဝါကျကို ထောက်၍ “ပတ္တေသု - သပိတ်တို့၌ + ပူရာ-ပြည့်သော ပူပ စသည်တို့ဘည်း။ ပတ္တပူရာ–သပိတ်တို့၌ပြည့်သော ပူပ စသည်တို့”ဟု ပြုပါ။ ဒွေဝါ+တယောဝါ+ပတ္တပူရာ=ဒွိတ္တိပတ္တပူရာ– ၂ သပိတ်ပြည့်၊ သို့မဟုတ် ၃ သပိတ်ပြည့်တို့။]

**တတော စေ ဥတ္တရိ။** ။ပင်ကိုယ်က လက်ဆောင်ပေးရန်၊ သို့မဟုတ် ရိက္ခာပြုရန် စီမံအပ်သော ပူပ စသည်ဖြစ်၍ ၃ သပိတ် အပြည့်ထက် ပိုအောင် ခံယူလျှင် အလှူရှင်မှာ လက်ဆောင်ရိက္ခာ လုံလောက်ဘွယ်မရှိရကား အလိုက်မသိရာ ရောက်၏။ ထို့ကြောင့် "၃ သပိတ်ပြည့်ထက် ပို၍ ခံယူသော ရဟန်းအတွက် ပါစိတ်အာပတ်"ဟု ပညတ်တော်မူရသည်။

**ဆက်ဦးအံ့**—ထိုကဲ့သို့ ပူပ စသည်ဖြင့် လောင်းလှူရာဝယ် တသပိတ် ပြည့်သာ ခံယူခဲ့သူသည် အိမ်မှထွက်၍ အခြားရဟန်းတပါးတွေ့လျှင်"တပည့်တော်မည်သည့်အိမ်မှ တသပိတ် ခံယူခဲ့ပြီ"ဟု ပြောရမည်။ ဒုတိယ ရဟန်းကလည်း တသပိတ်ပြည့်သာ ခံယူလျှင် အခြားရဟန်းအား "ပထမ ရဟန်းက တသပိတ်၊ တပည့်တော်က တသပိတ် ခံယူပြီးပြီ" ဟု ပြောရမည်။ တတိယ ရဟန်းက တသပိတ် ခံယူပြီးနောက် အခြားတွေ့သော ရဟန်းအား "ပထမ-ဒုတိယရဟန်း ၂ ပါးနှင့် မိမိတို့ တသပိတ်စီ ခံယူပြီးဖြစ်၍ နောက်ထပ် မခံယူနှင့်တော့" ဟု ပြောရမည်။ ပထမရဟန်းက ၂ သပိတ် ခံယူရာ၌၊ သို့မဟုတ် ၃ သပိတ်ပြည့် ခံယူရာ၌လည်း ထိုနည်းအတိုင်း အခြားရဟန်းများအား ပြောရမည်။ မည်သည့်နည်းနှင့်မဆို ထို တအိမ်တည်းမှ ရဟန်းအားလုံးအတွက် ၃ သပိတ်ပြည့်ထက် မပိုလွန်စေရ။

**ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ။** ။ထိုကဲ့သို့ ခံယူကြရာဝယ် ၃ သပိတ်ပြည့် ခံယူသူသည် တသပိတ်ကို မိမိအတွက်ထား၍ ကျန် ၂ သပိတ်ကို အခြားရဟန်းများနှင့်အတူ ဝေဘန်၍ သုံးဆောင်ရမည်။ ၂ သပိတ်ပြည့်သာ ခံယူသူဖြစ်လျှင်လည်း တသပိတ်ကို ဝေဘန်ရမည်။ တသပိတ်ပြည့်သာ ခံယူသူကား ဝေဘန်ဘို့တာဝန်မရှိ။ မိမိဝေဘန်ချင်မှ ဝေဘန်ရမည်။ ထိုသို့ ဝေဘန်ရာ၌လည်း မိတ်ဆွေရဟန်းများကိုသာရွေးချယ်၍ မဝေဘန်ရ၊ ထို မုန့်ရရာအိမ်နှင့်အနီးဆုံးဖြစ်သော ရဟန်းအများ စုဝေးရာအရပ်သို့ သွား၍ ဝေဘန်ရမည်။ဤကဲ့သို့ မဝေဘန်လျှင် ဝတ္တဘေဒကြောင့် ဒုက္ကဋ်အာပတ်ဟု ဆုံးဖြတ်ဘွယ်ရှိ၏။

**အင်္ဂါ ၅ ပါး။** ။၁-ဆိုအပ်ပြီးသော လက္ခဏာရှိသော (လက်ဆောင် ရိက္ခာ အလို့ငှာ စီရင်အပ်သော) ပူပ-မန္ထ ဖြစ်ခြင်း၊ ၂-အကြွင်း အကျန် မဟုတ်ခြင်း [လက်ဆောင်ပေးပြီး၊ ရိက္ခာလုပ်ပြီး၍ အကြွင်း အကျန် ဖြစ်လျှင် ၃ သပိတ်ထက်ပို၍ ခံယူသော်လည်း အနာပတ္တိ။]၊ ၃-သွားခြင်းကိစ္စ မပြီးငြိမ်းသေးခြင်း [လက်ဆောင်ပေးဘို့ရန် ယူသွားဘို့ရာ ဖြစ်သော်လည်း "မသွားတော့ပါဘူး"ဟု ဆုံးဖြတ်လိုက်သဖြင့် သွားခြင်းကိစ္စ ပြီးလျှင် ၃ သပိတ်ထက် အပိုခံသော်လည်း အနာပတ္တိ။]၊ ၄-ဉာတိပဝါရိတ မဟုတ်ခြင်း၊ ၅-၃ သပိတ်

**၅။ ပဌမ ပဝါရိတ**

ယော ပန ဘိက္ခု - သည်၊ ဘုတ္တာဝီ - တချို့ တဝက် စားပြီးသည်၊ ပဝါရိတော - ပယ်မြစ်စေအပ်ပြီးသည်၊ ဟုတ္တာ - ဖြစ်ပါလျက်၊ အနတိရိတ္တံ – အတိရိတ်ဝိနည်းကံလည်း မပြုအပ်, ဂိလာန၏ အကျန်လည်း မဟုတ်သော၊ ခါဒနီယံ

× × × × ×

ပြည့်ထက် ပို၍ ခံခြင်း၊ [ပူပ တခုပိုလျှင် အာပတ် တချက်၊ ၂ ခုပိုလျှင် ၂ ချက် ဟု မှတ်ပါ။]

**[ဆောင်]** လက်ဆောင် ရိက္ခာ, အလို့ငှာလျှင်, ပူပါမန္ထ, ဖြစ်ကြလေလျှင်း, ကျန်ကြွင်းမဟု, သွားမှုမငြိမ်း, သူစိမ်းသက်သက်, မဆက် ဉာတိ, ပဝါရိနှင့်, သပိတ်ပြည့်ထုံး, သုံးလုံးထက်လျှံ, အင်ငါးတန်, သင့်ရန် ကာဏမာတာတည်း။

---

**၅။ ပဌမ ပဝါရဏာ။** ။ဘောဇဉ် ၅ ပါးတွင် တပါးပါးကို တချို့ တဝက် စားပြီးနောက် ကျန်တချို့ကို ဆက်လက် စားနေစဉ် ပဝါရိတ်သင့်အံ့၊ ထိုသို့ပဝါရိတ်သင့်ပြီးနောက် ဣရိယာပုထ်တမျိုးပြောင်းလျက်အတိရိတ်ဝိနည်းကံ မပြုအပ်၊ သို့မဟုတ် ဂိလာန၏ အကျန်မဟုတ်သော ခဲဘွယ် ဘောဇဉ်ကို စားလျှင် ပါစိတ်အာပတ် သင့်၏။

**ဘောဇဉ် ၅ ပါး။** ။ဩဒန (ထမင်း)၊ သတ္တု (ဆန်မှုန့်) ကုမ္မာသ (မုယောစပါးဖြင့် ပြုအပ်သော တဝက်ကျက် အစာတမျိုး)၊ မစ္ဆ (ငါး)၊ မံသ (အမဲ=နွားသား စသည်)ကို ဘောဇဉ် ၅ ပါးဟု ခေါ်၏။ ထိုတွင် ဩဒန ဟူသည် စပါးမျိုး ၇ ပါး၏ ဆန်တို့ကို ချက်အပ်သော ထမင်းတည်း။ လက်ဖြင့် ကော်၍ ရကောင်းသော ယာဂုအပျစ်လည်း ပါဝင်၏။ အကျဲကား မပါဝင်။

**သတ္တု။** ။စပါးမျိုး ၇ ပါး၏ ဆန်ကိုလှော်၍ အမှုန့်ပြုထားအပ်သော ဆန်မှုန့်ညက်ကို သတ္တုဟု ခေါ်၏။ ထို ဆန်မှုန့်ညက်ကို ထောပတ်၊ ပျားရည်၊ တင်လဲ စသည်ဖြင့် ရော၍ ရေအေးဖြင့် မွှေနှောက်လျက် စားသောက်လေ့ရှိကြသတတ်။ ထိုအမှုန့်ကိုပင် ထောပတ် စသည်နှင့်တွဲ၍ အခဲ အလုံးပြုလျက်လည်း စားကြဟန်ရှိ၏။ ထို့ကြောင့် သတ္တုဘာသ ဇာတ်တော်၌ ဗဒ္ဓသတ္တု (ဖွဲ့ဆုပ်အပ်ပြီးသော မုန့်အခဲ)၊ အဗဒ္ဓသတ္တု (မုန့်မှုန့်)ဟု ၂ မျိုး လာသည်။ မည်ကဲ့သို့ပင် ပြုလုပ်၍ သောက်ကြ စားကြသည်ဖြစ်စေ သတ္တု၏ပင်ရင်းမှာ ဆန်မှုန့်ညက်သာ ဖြစ်သည်။ [''သတ္တု-မုန့်လုံး''ဟု ရှေးက ပေးကြသည်မှာ အခြေအမြစ် မရှိ။]

**ဝါ- ခဲဘွယ်ကို သော်ငှင်း၊ ဘောဇနီယံဝါ- ဘောဇဉ်ကို သော်ငှင်း၊ ခါဒေယျံဝါ- ခဲမှုလည်း ခဲအံ့၊ ဘုဉ္ဇေယျံဝါ -စားမှုလည်း စားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။**

× × × × ×

**ကုမ္မာသ**။ ။ကုမ္မာသဟူသည် ဆန်ကို တဝက်ကျက်ရုံမျှ ပြုတ်အပ်သော အစာတမျိုးတည်း။ မုဂ္ဂ စသည်ကိုလည်း ထိုကဲ့သို့ ချက်ပြုတ်ကြ၏။ သို့သော် ပဝါရိတ်အရာ၌ ဆန်ကိုလုပ်သော ကုမ္မာသကိုသာ ယူရ၏။ ရှေးက "ကုမ္မာသ-မုယောမုန့်"ဟု ပေးကြ၏။ မုယောကို အဘိဓာန် နိဿယသစ်၌ "ဂျုံဖြူ" ဟု ပေးသည်။

**မဇ္ဈိမံသ။** ။မစ္ဆ မံသတို့ကား ထင်ရှားပြီ။ ယာဂုနှင့် ဟင်းချိုများ၌ ပုဇွန်ခြောက်-ငါး အမဲ အနည်းငယ်ပါလျှင် ထိုယာဂု ဟင်းချိုများပင် ပဝါရိတ် သင့်စေနိုင်၏။ ငါးချက် အမဲချက် စသည်တို့မှာ ဆိုဘွယ်ရာ မရှိပြီ။

**မှတ်ချက်။** ။ဘောဇဉ် ၅ ပါးတွင် စပါးမျိုး ၇ ပါး၏ ဆန်ကို ထမင်းနှင့် လက်ကော်ရ ယာဂုအဖြစ်ဖြင့် ချက်ထားလျှင် ဩဒနတွင် ပါဝင်၏။ ထို ဆန်တို့ကို အမှုန့်ပြု၍ မုန့်အမျိုးမျိုး လုပ်ထားလျှင် သတ္တုတွင် ပါဝင်၏။ ထို့ကြောင့် ခေါက်ဆွဲ စသည်များလည်း ပဝါရိတ် သင့်စေနိုင်သည်ဟု မှတ်ပါ။

**ဘုတ္တာဝီ**။ ။ဘုဇဓာတ် "အတီတေ တ တဝန္တုတာဝီ" သုတ်ဖြင့် သက်ရသော တာဝီပစ္စည်းသည် "စားပြီး" ဟူသော အတိတ် အနက်ကို ဟော၏။ သို့သော် ပဝါရိတ်သင့်ရာ၌ လုံးဝ စားပြီးသူမှာ မသင့်၊ စားဆဲ စားတုန်းသာ သင့်သည်။ ထို့ကြောင့် တချို့တဝက် စားပြီးသမျှကို ရည်ရွယ်၍ "ဘုတ္တာဝီ" ဟု ဆိုရသည်။

**ပဝါရိတော**။ ။ပပုဗ္ဗ ဝရဓာတ်သည် ပယ်မြစ်ခြင်း (ပဋိက္ခေပ) အနက်ကို ဟော၏။ ဤ၌ ကာရိတ် ဏေနှင့် တပစ္စည်း ၂ ချက် ပါရကား "ပယ်မြစ်စေအပ်ပြီးသူ" ဟု သဒ္ဒါနက် ထွက်၏။ "ပယ်မြစ်စေအပ်" ဟူရာ၌ ဖြောင့်ဖြောင့် ရိုးရိုး ဆိုလျှင် "ပယ်မြစ်သူ" ပင် ဖြစ်၏။

**ရှုဦးအံ့—** ဆွမ်း စသည်ကို လောင်းသူ (လိုက်၍ထည့်သူ) က ထည့်ပေးသည့်အခါ ရဟန်းက ပယ်မြစ်လိုက်လျှင် လောင်းသူသည် "ပယ်မြစ်စေသူ၊ ပယ်မြစ်ရလောက်အောင်ပင် ထည့်ပေးနေသူ" တည်း။ စားသောရဟန်းသည် "ပယ်မြစ်စေအပ်သူ၊ မလိုချင်လျှင် ပယ်မြစ်ပါဟု စေခိုင်းအပ်သကဲ့သို့ ဖြစ်သူ" တည်း။ ထို့ကြောင့် "ပဝါရိတော- ပယ်မြစ်စေအပ်ပြီးသူ" ဟူရာ၌ အဖြောင့်အားဖြင့် "ပယ်မြစ်သူပင်" ရသည်။

**ပယ်မြစ်ပုံ။** ။ရှေးက ဆွမ်းကပ်ရာ၌ တပါးစီ တန်း၍ ဆွမ်းစားလေ့ရှိ၏။ ဟင်း စသည်ကို လိုက်သူများက အစအဆုံး လှည့်၍ လိုက်ကြ၏။ မိမိမလိုသော ဟင်း စသည်တို့ အနားရောက်လျှင် “မလို”ဟူသော အထိမ်းအမှတ်ဖြင့် လက်ကို သော်လည်း ကာ၍ ပြကြ၏။ “အလံ အလံ – တော်ပြီ တော်ပြီ” ဟု နှုတ်ဖြင့် သော်လည်း တားမြစ်ကြ၏။ ထိုသို့ တားမြစ်လျှင် ပဝါရိတ်သင့်ပြီ။

**အင်္ဂါ ၅ ပါး စုံမှ သင့်။** ။ ၁– စားဆဲ (စား၍ မပြီးသေး) ဖြစ်ခြင်း ၂–ဘောဇဉ် ၅ ပါး တပါးပါး ဖြစ်ခြင်း၊ ၃–ပေးသူက ၂ တောင့်ထွာဟတ္ထပါသ် အတွင်းသို့ ဝင်ရောက်ခြင်း (ဟတ္ထပါသ် ပြင်ဘက်က ပေးသည်ကို ပယ်သော် လည်း ပဝါရိတ် မသင့်။)၊ ၄– ဆောင်ယူခိုက် ဖြစ်ခြင်း (လက်မြှောက်၍ ဆောင် ထားခိုက်ကို ပယ်မှ ပဝါရိတ်သင့်သည်။ “ယူမလား” ဟု နှုတ်ဖြင့် မေးသည်ကို ပယ်ရာ၌ ပဝါရိတ် မသင့်။)၊ ၅– ကိုယ် နှုတ်ဖြင့် ပယ်ခြင်း (လက်ကာခြင်း၊ ခေါင်းရမ်းခြင်း စသော ကိုယ်အမူအရာ၊ “တော်ပြီ၊ မထည့်နှင့်” စသော နှုတ် အနူအရာဖြင့် ပယ်မြစ်မှ ပဝါရိတ် သင့်သည်။)

[**ဆောင်**] စားဆဲ ဘောဇဉ်, ဟတ်တွင်းဝင်, ဆောင်စဉ် ကိုယ် နှုတ်မြစ်။
အင်္ဂါ ငါးလီ, စုံပြည့်ညီ, သင့်ပြီ ပဝါရေတ်။

**သတိပြုဘွယ်။** ။ဤအင်္ဂါများကို သတိပြု၍ ရဟန်းအချင်းချင်း ဆွမ်းအတူ စားရာ၌ ဆွမ်းစသည်ကို ထည့်ပေးလိုလျှင် ရှေးဦးစွာ လက်ဖြင့် မကော် မခပ် သေးဘဲ“ဆွမ်း အလိုရှိပါသလား”ဟု နှုတ်ဖြင့်မေးပြီးမှ အလိုရှိလျှင် သင့်တော်ရုံ (မများလွန်းစေဘဲ) ထည့်ပေးသင့်သည်ကို သတိပြုပါ။

**အနတိရိတ္တံ၊ ပေ၊ ဘုဉ္ဇေယျ ပါ။** ။ထို အင်္ဂါ ၅ ပါး ညီညွတ်စွာ ပဝါရိတ် သင့်ပြီးသော ရဟန်းသည် ပဝါရိတ်သင့်ရုံဖြင့် မည်သည့်အာပတ်မျှ မသင့်သေး၊ ထိုင်လျက် ပဝါရိတ်သင့်လျှင် ထို ထိုင်ခြင်းဣရိယာပုထ်ကို မဖျက်သေးဘဲ ဆက်၍ စားသောက်နိုင်၏။ လမ်းသွားရင်း စားနေခိုက် ပဝါရိတ် သင့်ပြန်လျှင်လည်း သွားခြင်း ဣရိယာပုထ်ကို မဖျက်ဘဲ မဝ မချင်း စားနိုင်သေး၏။ ပဝါရိတ်သင့် ပြီး၍ ဣရိယာပုထ် ပြောင်းလွှဲပြီးနောက်ကား အတိရိတ်ဝိနည်းကံ သော်လည်း မပြုအပ်၊ ဂိလာန၏ အကြွင်းအကျန်သော်လည်း မဟုတ်သော ခဲဘွယ်ဘောဇဉ် (ယာဝကာလိက အစာ) အမျိုးမျိုးကို မစားကောင်းတော့ပြီဟု မှတ်ပါ။

**ဂိလာန အကျန်။** ။ဂိလာနအကျန် ဟူရာ၌ ဂိလာနစားပြီး၍ ကျန်မှသာ မဟုတ်၊ ဂိလာနတို့ ရည်မှန်းအပ်သော ခဲဘွယ်ဘောဇဉ် ဟူသမျှကို “ဂိလာနာ တိရိတ္တ= ဂိလာနအကျန်”ဟုပင် ဆိုရသည်။ ဘောဇဉ် ၅ ပါးတွင် မပါဝင်သော မုန့် သစ်သီးများကို “ခဲဘွယ်” ဟု ခေါ်သည်။

**အတိရိတ်ဝိနည်းကံ ပြုခြင်းအင်္ဂါ။** ။၁–အပ်စပ်အောင် ပြုပြီးဖြစ်ခြင်း၊ ၂–အကပ်ခံပြီး ဖြစ်ခြင်း၊ ၃–ဝိနည်းဓိုရ်၏ အနီး၌ မြှောက်ချီ ထားခြင်း၊ ၄–ဝိနည်းဓိုရ်၏ ဟတ္ထပါသ်သို့ရောက်ခြင်း၊ ၅–ဝိနည်းဓိုရ်က အနည်းငယ်ဖြစ်စေ စားပြီးခြင်း၊ ၆–ဝိနည်းဓိုရ်ကိုယ်တိုင်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ်သင့်ရာ နေရာမှ မထခြင်း၊ ၇–ဝိနည်းဓိုရ်က "အလမေတံ သဗ္ဗံ"ဟု ရွတ်ဆိုခြင်း၊ ဤအင်္ဂါ ၇ ပါး ညီမှ အတိရိတ်ဝိနည်းကံ အထမြောက်သည်။ ["အလမေတံ သဗ္ဗံ"ဟု ဆို၍ အတိရိတ်ဝိနည်းကံ ပြုပေးမည့်ရဟန်းကို "ဝိနည်းဓိုရ် ပုဂ္ဂိုလ်" ဟု ဆိုသည်။]

**ချဲ့ဦးအံ့**——ပဝါရိတ် သင့်၍ ဣရိယာပုထ် ပြောင်းပြီးသော ရဟန်းသည် နောက်ထပ်စားလိုလျှင် မိမိစားလိုရာ ခဲဘွယ်ဘောဇဉ်ကို ခွက်တခု၌ ထည့်ပါ။ ၁–ထို အစာအားလုံး အပ်စပ်သော ကပ္ပိယပစ္စည်း–အပင်ပေါက်ဘွယ် ပါလျှင် ကပ္ပိပြီး ဖြစ်စေရမည်။ ၂–ထိုကပ္ပိယအစာများကို အကပ်ခံ၍ ၃–၄ ဝိနည်းဓိုရ်၏ ဟတ္ထပါသ်အနီးသို့ သွား၍ ထို စားခွက်ကို လက်ဖြင့် မြှောက်ထားရမည်၊ သို့မဟုတ် ဝိနည်းဓိုရ်ဘက်သို့ စောင်းငဲ့ထားရမည်။ ၅–ဝိနည်းဓိုရ် ရဟန်းသည် ထိုနေ့အတွင်း၌ ဘောဇဉ်တခုခုကို အနည်းငယ်ဖြစ်စေ စားပြီးသူ ဖြစ်ရမည်။ ၆–အကယ်၍ ဝိနည်းဓိုရ်ကိုယ်တိုင် ပဝါရိတ်သင့်နေလျှင် ထိုနေရာမှ မထရ၊ ပဝါရိတ်သင့်သူ မဟုတ်လျှင်ကား ထသော်လည်း အင်္ဂါမပျက်။ ၇–ထို ဝိနည်းဓိုရ်က မိမိဟတ္ထပါသ်အတွင်း၌ ချီမြှောက်ထားသော စားဘွယ်များကို "အလမေတံ သဗ္ဗံ"ဟု ဆိုလိုက်လျှင် အတိရိတ်ဝိနည်းကံ ပြုပြီးဖြစ်၏။

[**ဆောင်**] ကပ္ပိယမှန်, အကပ်ခံ၍, ချီပြန် ညွတ်လတ်, ဟတ္ထပါသ်နှင့်,
စားလတ်လေသတိ, ပဝါရိမူ, ဣရိ မဖျက်, နှုတ်ဖြင့်မြွက်လေ,အလ
မေတံ, သဗ္ဗံ ခုနစ်, အင်္ဂါဖြစ်သည်, စင်စစ် တိရိတ် ဝိနည်းတည်း။

**အလမေတံ အဓိပ္ပာယ်။** ။ဧတံသဗ္ဗံ–ဤ အလုံးစုံသည်၊ အလံ–တော်ပြီ၊ "ဤခွက်ထဲ၌ရှိသော အားလုံးကို ငါ တော်ပြီ၊ ငါ မစားလိုပြီ"ဟု ဆိုလိုသည်။ ချဲ့ဦးအံ့——အတိရိတ္တသဒ္ဒါသည် "အဓိက=အပိုအလျှံ အကြွင်းအကျန်"ဟူသော အနက်ကို ဟော၏။ "အတိရိတ်ဝိနည်းကံပြုခြင်း" ဟူသည်လည်း အပိုအကျန် ဖြစ်အောင် ပြုခြင်းတည်း။ ထို့ကြောင့် "အလံ"သဒ္ဒါ၏ ပဋိက္ခေပ (ပယ်ခြင်း) အနက်အရ "ငါ တော်ပြီ၊ ငါ့အကျန်ဖြစ်ပြီ" ဟု ဆိုလို၏။ ကင်္ခါဋီကာသစ်၌ အလံသဒ္ဒါ၏ သင့်တော်ခြင်း "အရဟတိ"အနက် ဖွင့်၏။ ဆင်ခြင်ပါ။

**အင်္ဂါ ၃ ပါး။** ။၁–ပဝါရိတ်သင့်ခြင်း၊ ၂–စားမည့်အာမိသ၏ အတိရိတ္တ မဟုတ်ခြင်း၊ ၃–နံနက်ကာလ၌ စားခြင်း၊ အင်္ဂါ ၃ ပါးတည်း။ [ကိုယ် နှုတ်ဖြင့် ပယ်မြစ်သူကို ပါဠိလို "ပဝါရိတ"ဟု ခေါ်၏။ ထို ပဝါရိတ ဖြစ်သည့်

၆။ ဒုတိယ ပဝါရဏာ

ယော ပန ဘိက္ခု၊ ဘုတ္တာဝိ - တချီတဝက် စားပြီးသည်ဖြစ်၍၊ ပဝါရိတံ - ပယ်မြစ်စေအပ်ပြီးသော၊ ဝါ- ပဝါရိတ်သင့်ပြီးသော၊ ဘိက္ခုံ - ကို၊ အနတိရိတ္တေန- အတိရိတ်ဝိနည်းကံသည်း မပြုအပ်, ဂိလာန၏ အကျန်လည်း မဟုတ်သော၊ ခါဒနီယေန ဝါ - ခဲဘွယ်ဖြင့် သော်လည်း၊ ဘောဇနီယေန ဝါ- ဘောဇဉ်ဖြင့်သော်လည်း၊ အဘိဟဋ္ဌုံ - ရှေးရှုဆောင်၍၊ ဘိက္ခု - ရဟန်း၊ ဟန္ဒ -ရော့၊ ခါဒ ဝါ-ခဲမူလည်း ခဲပါလော၊ ဘုဉ္ဇ ဝါ-စားမူလည်း စားပါလော၊ ဉတွာ-ဤသို့၊ ဇာနံ - ပဝါရိတ်သင့်ပြီးသော ရဟန်းဟု သိလျက်၊ အာသာဒနာပေက္ခော - အပြစ်တင်ခြင်းကို ငဲ့သည်၊ (ဟုတ္တာ၊) ပဝါရေယျ-ဖိတ်အံ့၊ ဘုတ္တသ္မိံ - စားပြီးလသော်၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ကိုပင် "ပဝါရိတ်သင့်သည်"ဟု ခေါ်သည်။ ခဲဘွယ်ဘောဇဉ်ကို "အာမိသ"ဟု ခေါ်၏။ ထိုအာမိသ၏ အတိရိတ်ဝိနည်းကံ မပြုအပ်၊ ဂိလာန၏အကျန် မဟုတ်သည်ကို "အတိရိတ္တ မဟုတ်ခြင်း"ဟု ဆိုသည်။]

[**ဆောင်**] ပဝါရိတ, သင့်တုံကလျှင်, အာမိသ၏, အတိရိတ္တ, မဟုတ်စွန့်, ကာလချိန်တွင်း, စားမျိုခြင်း ဟု, ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီ ပထမ ပဝါရဏာ။

**၆။ ဒုတိယ ပဝါရဏာ။** ။ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းကို ပဝါရိတ်သင့်သော ရဟန်းမှန်းသိလျက် အပြစ်တင်လို၍ အတိရိတ်ဝိနည်းကံ မပြုရသေးသော၊ သို့မဟုတ် ဂိလာနအကျန် မဟုတ်သော ခဲဘွယ်ဘောဇဉ်ကို ဆောင်ယူပြီးလျှင် "ရော့-ခဲစမ်းပါ၊ စားစမ်းပါ"ဟု ဖိတ်လျှင် ဖိတ်သည့်အတွက် ဒုက္ကဋ်သင့်ပြီ။ ထိုအဖိတ်ခံရသောရဟန်း စားလျှင် ထိုရဟန်းမျိုတိုင်း ဖိတ်သော ရဟန်းမှာ ဒုက္ကဋ်များစွာ သင့်၏။ ထို အဖိတ်ခံရသော ရဟန်း၏ စားခြင်းကိစ္စ ပြီးလျှင် ဖိတ်သောရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။

**အင်္ဂါ ၅ ပါး။** ။၁-အဖိတ်ခံရသောရဟန်း၏ ပဝါရိတ်သင့်သူဖြစ်ခြင်း၊ ၂-ပဝါရိတ်သင့်သူမှန်း သိခြင်း၊ ၃-စောဒနာဘို့ရန် ရှေ့ရှုခြင်း၊ ၄-အတိရိတ္တ မဟုတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ဖိတ်ခြင်း၊ ၅-အဖိတ်ခံရသော ရဟန်း၏ စားခြင်းကိစ္စ ပြီးဆုံးခြင်း၊ ဤသို့ အင်္ဂါ ၅ ပါးရှိသည်။

၇။ ဝိကာလ — ယော ပန ဘိက္ခု - သည်၊ ဝိကာလေ - နေလွဲအခါ၌၊ ခါဒနီယံဝါ - ကိုသော်ငြင်း၊ ဘောဇနီယံဝါ - ကိုသော်ငြင်း၊ ခါဒေယျဝါ၊ ဘုဉ္ဇေယျဝါ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**မှတ်ချက်**။ ။၃-အာသာဒနဉ္စ အာပုဗ္ဗ သဒ္ဒဓာတ် ကာရိတ် ဏေပစ္စည်းကြေ၊ ယုပစ္စည်းတည်း။ အာသာဒနကို ထောမနိဓိ အဘိဓာန်၌ "သ္တာပန-အာရောပန=(တင်ခြင်း)"ဟု ဖွင့်၏။ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ္တ မဟုတ်သော ခဲဘွယ်ဘောဇဉ်ကို အတိရိတ္တ မဟုတ်မှန်း သိသိ-မသိသိ စားလျှင် ပထမပဝါရဏာ သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်၏။ ထိုပါစိတ်အာပတ်ဖြင့် အပြစ်တင်လိုခြင်းကို "အာသာဒနာပေက္ခ"ဟု ခေါ်သည်။

[**ဆောင်**] ပဝါရိတ်သင့်, သူဖြစ်လင့်သား, သင့်မှန်း သိပါ, စေဒနာလိုရိပ်,
နတိရိတ် ဟု, စားဘွယ်စုဖြင့်, ဖိတ်မှု တခင်း, စားပြီးခြင်း ဟု,
ကြောင်းရင်း ငါးလီ, အင်္ဂါညီ, သင့်ပြီ ဒုတိယ ပဝါရဏာ။

**၇။ ဝိကာလ ဘောဇန**။ ။ကာလတော - ရဟန်းတော်တို့ ဆွမ်းဘုဉ်းပေးချိန်ကာလမှ၊ ဝိဂတော-ကင်းသောအခါသည်၊ ဝိကာလော-မည်၏။ ကာလအရ ရဟန်းတော်တို့၏ ဆွမ်းဘုဉ်းပေးချိန်အခါ (အရုဏ်တက်ပြီးမှစ၍ မွန်းတည့်ဘိုင်အောင်သော အခါ )ကို ယူပါ။ ထိုကာလမှ ကင်းသော ဝိကာလ ဟူသည် မွန်းတည့်ပြီးနောက် အရုဏ်တက်သည့် တိုင်အောင် အခါတည်း။ ဝိကာလ-ဆွမ်းဘုဉ်းပေးချိန်မှ ကင်းသောအခါ၌ (သဒ္ဒါနက်)၊ ဝါ - နေလွဲအခါ၌ ( အများ သတ်မှတ်အပ်သော သင်္ကေတအနက်) ထို နေလွဲအခါ၌ ခဲဘွယ်ဘောဇဉ်ကို ခဲစားလျှင် ပါစိတ်အာပတ် သင့်သည်။

**ကာလိက ၄ ပါး**။ ။"ကာလေ - သတ်မှတ်အပ်သော အခါ၌၊ ဘုဉ္ဇိတဗ္ဗာနိ-စားထိုက်ကုန်၏"အရ ပိုင်းခြားအပ်သော သူ့ကာလ အတွင်း၌ စားထိုက်သော အစာများကို "ကာလိက"ဟု ခေါ်၏။ ထို ကာလိကကား-ယာဝကာလိက၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိက အားဖြင့် ၄ မျိုးရှိ၏။

**ယာဝကာလိက**။ ။"ယာဝကာလံ-မွန်းတည့်ကာလတိုင်အောင် + ပရိဘုဉ္ဇိတဗ္ဗံ-စားကောင်း၏"အရ အရုဏ်တက်ပြီးမှစ၍ မွန်းတည့်တိုင်အောင် စားသောက်ကောင်းသော ဘောဇဉ် ၅ ပါးနှင့် ခဲဘွယ်ဟူသမျှ(နွားနို့စသော သောက်ဘွယ်များပါ) ယာဝကာလိက မည်၏။

**ယာမကာလိက**။ ။"ယာမကာလံ - နောက်ဆုံးညဉ့်ယာပ်တိုင်အောင် + ပရိဘုဉ္ဇိတဗ္ဗံ"အရ မွန်းတည့်ပြီးနောက် အရုဏ် မတက်မီ မိုးသောက်ယာမ် တိုင်အောင် သောက်ဆိုက်သော အဖျော်ရည်သည် ယာမကာလိက မည်၏။ အဖျော်ရည်လုပ်ရန် အသီးများကို ကျမ်းဂန်၌ ၈ မျိုးပြ၏။ ၁–သပြေသီး၊ ၂–သရက်သီး၊ ၃–မုဒရက်သီး၊ ၄ – ဖက်သက်သီး၊ ၅ – သစ်မည်ဆီသီး၊ ၆–တောငှက်ပျောသီး၊ ၇–အိမ်ငှက်ပျောသီး၊ ၈–ကြာစွယ်။[မုဒရက်သီးဟူသည် သဗျက်သီးတည်း။ အောက်မြန်မာပြည် အချို့အရပ်၌ရှိသော "မြရာသီး"ကိုပင် ရခိုင်နယ်၌"ဖက်သက်သီး"ဟု ခေါ်သတဲ့။ ပုံသဏ္ဌာန်မှာ အထက်မြန်မာပြည် တောထဲ၌ ပေါက်သော "ဗောင်မဲ့သီး"နှင့် တူ၏။]

[ဆောင်] သပြေ-သရက်, မုဒရက်, ဖက်သက် သစ်မည်ဆီ။
တော အိမ် ငှက်ပျော, ကြာစွယ်နှော, မှတ်လော ရှစ်ဖျော်ရည်။

**အနုလောမအဖျော်**။ ။ပြခဲ့သော အဖျော် ၈ မျိုး၌ မန်ကျည်းဖျော်ရည်၊ ဆီး၊ ရှောက် ဖျော်ရည်စသည်တို့ မပါသေး။ ထို မန်ကျည်းဖျော်ရည် စသည်ကို "အနုလောမ(တိုက်ရိုက်ပြအပ်သော အဖျော် ၈ မျိုးအား လျော်သော အတူ ဖြစ်သော)အဖျော်"ဟု ခေါ်သည်။ အဖျော်ရည်လုပ်ရာ၌ ရေစိမ်းဖြင့် လုပ်ရ မည်။ မန်ကျည်း၊ ရှောက်၊ လိမ္မော်များကို မီးဖြင့်ချက်၍ ဖျော်ရည်လုပ်ထားလျှင် အမှုန့် မပါသော်လည်း ယာမကာလိက မဟုတ်၊ ယာဝကာလိကသာ။ သို့ဖြစ်၍ ယခုအခါ နိုင်ငံခြားမှ မီးဖြင့်ချက်၍ ကြာရှည်ခံအောင်လုပ်ထားသော လိမ္မော် ဖျော်ရည် စသည်ကို ယာမကာလိက မဟုတ်ဟု မှတ်ပါ။

**ဖျော်ရည် အကပ်ခံ သတိပြု**။ ။မန်ကျည်းဖျော်ရည် စသည်၌ အသီး များကို မွန်းလွဲလျှင် အကပ်မခံကောင်းတော့ပြီ။ သို့အတွက် ရဟန်းတော်တို့ ဖျော်ရည်သောက်လိုသည့်အခါ မန်ကျည်းသီး စသည်ကို ကိုယ်တိုင် အကပ်ခံ၍ မစိမ်ကောင်း၊ စစ်လည်း မစစ်ကောင်း။ လူသာမဏေတို့ကို အစိမ်ခိုင်း၍ သူတို့ ဘာသာ အဖတ် အမှုန် မပါအောင် စစ်ပြီးသော ဖျော်ရည်သာ မွန်းလွဲအခါ၌ သောက်ကောင်းသော ယာမကာလိက ဖြစ်သည်။

**အကြောင်းရှိမှ**။ ။ထိုသို့ စစ်ပြီးသော ဖျော်ရည်ကိုကား နံနက် မွန်းမတည့်မီ အကပ်ခံထားစေကာမူ ထိုနေ့အတို့၌ နောက်ဆုံးညဉ့်၏ အရုဏ် မတက်မီတိုင်အောင် သောက်ကောင်း၏။ သို့သော် နေလွဲအခါ၌မူ အကြောင်းမဲ့ သက်သက် မသောက်ကောင်း။ "ပိပါသ"ခေါ် မွတ်သိပ်ဆာလောင်နေမှသာ အဆာပြေအောင် သောက်ကောင်းသည်။ "ဖျော်ရည်သောက်ရာ၌ မွတ်သိပ် ဆာလောင်ခြင်းဟူသော ပိပါသသည်ပင် သောက်ကောင်းခြင်း၏ အကြောင်း ဖြစ်သည်"ဟု ဆိုလိုသည်။

**သတ္တာဟကာလိက**။ ။"သတ္တာဟကာလံ-၇ ရက် ကာလပတ်လုံး+ပရိဘုဉ္ဇိတဗ္ဗံ"အရ ၇ ရက်လုံးလုံး စားသုံးထိုက်သော (ဘေသဇ္ဇ သိက္ခာပုဒ်လာ) သပ္ပိစသော ၅ မျိုးကို သတ္တာဟကာလိကဟု ခေါ်သည်။ အကျယ်ကို ထို သိက္ခာပုဒ်၌ ပြခဲ့ပြီ။ "သတ္တာဟံ+ကာလော သတ္တာဟကာလော, သတ္တာဟကာလော အဿ အတ္ထီတိ သတ္တာဟကာလိကံ"ဟုလည်း တနည်းပြုပါ။

**ယာဝဇီဝိက**။ ။ယတ္တကော-အကြင်မျှလောက်သော၊ ဇီဝေါ-အသက် တည်း။ ယာဝဇီဝံ-အသက်ရှည်သမျှ (အသက်ထက်ဆုံး)၊ "ယာဝဇီဝံ - ပရိဘုဉ္ဇိတဗ္ဗံ"အရ တသက်ပတ်လုံး သုံးစားကောင်းသော ဆား၊ ချင်း စသည်ကို "ယာဝဇီဝိက"ဟု ခေါ်သည်။ ဤ ယာဝဇီဝိက အစာတို့ကား ထိုထိုမြို့နယ်၌ ထမင်း ဟင်း အစာအဖြစ်ဖြင့် သုံးစွဲလေ့မရှိသော (အဖျော်ရည်-သတ္တာဟကာလိက ဆေးမျိုးတွင်လည်း မပါဝင်သော) မန်ကျည်းရွက်အကြမ်း၊ ကင်ပွန်းရွက် အကြမ်း စသော အရွက် အမြစ် အခေါက် အဉများတည်း။

**ဆက်ဦးအံ့**။ ။ဆား၊ ချင်းစိမ်း စသည်တို့ကို နံနက်စားရန် ဟင်းလျာများတွင် ထည့်ခတ်ကြသော်လည်း ဟင်း၏ အထည်ကိုယ် ပဓာန မဟုတ်၊ ဟင်း၏ အဆာမျှသာ ဖြစ်သည်။ ထိုကဲ့သို့ ခဲဘွယ် ဘောဇဉ်အရာဝယ် ပဓာန အဖြစ်ဖြင့် မသုံးစွဲရသော ဆား၊ ချင်း၊ ငရုပ်၊ ကြက်သွန်တို့မှာ ယာဝဇီဝိကသာ ဖြစ်သည်။ သို့ရာတွင် ထို ယာဝဇီဝိကတို့ကို အကြောင်းမဲ့ သက်သက် (အဆာ ပြေရုံမျှ အကျိုးငှာ) မစားကောင်း၊ တစုံတခု ရောဂါရှိ၍ ဆေး အဖြစ်ဖြင့်သာ စားကောင်းသည်။

**ယခုခေတ် ချင်းသုပ်**။ ။ယခုခေတ်ပေါ် ညချင်း (ဂျင်း)သုပ် များကား ကြက်သွန်၊ ဆီ၊ ဆား၊ ချင်းများကို တခုစီကြည့်လျှင် သတ္တာဟကာလိကနှင့် ယာဝဇီဝိကချည်း ဖြစ်၍ "အပ်၏" ဟု ထင်ဘွယ်ရှိ၏။ သို့သော် ချင်းကို (ပင်ကိုယ် အကြမ်းအတိုင်း မဟုတ်ဘဲ) စားကောင်းအောင် ပြုပြင်ကာ လက်သုပ်တမျိုး ဖြစ်အောင် စီမံထားသဖြင့် "ယာဝကာလိက ခဲဘွယ်တွင် ပါဝင်နေပြီ" ဟု ဆရာတို့ ယူကြ၏။ "ယာဝကာလိက မဟုတ်"ဟု ငြင်းစေကာမူ ထို ချင်းသုပ် ကြောင့် ကင်းပျောက်မည့်ရောဂါရှိမှ စားကောင်းမည်။ အကြောင်းမဲ့ ဖြစ်စေ၊ မွတ်သိပ် ဆာလောင်၍ ဖြစ်စေ စားလျှင်ကား မည်သည့်နည်းနှင့်မျှ လွတ်လပ်ခွင့် မရချေ။ အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်များစွာ သင့်သည်။

[က၁] ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ အဇ္ဈောဟာရေ၊ ပေ၊ ဒုက္ကဋံ၊ ယာမကာလိကာဒီနိ သတိ ပစ္စယေ (ပိပါသ အကြောင်း ဂေလည အကြောင်း ရှိလသော်) ပရိဘုဉ္ဇတဿ၊ ပေ၊ အနာပတ္တိ။

၈။ သန္နိဓိကာရက — ယော ပန ဘိက္ခု – သည်၊ သန္နိဓိကာရကံ – သိုမှီး သိမ်းဆည်းမှုကို ပြုခြင်းရှိသော၊ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**အချုပ်မှာ** – ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို နေလွဲအခါ စားသောက်လျှင် ပါစိတ်။ ယာမကာလိက အဖျော်ရည်နှင့် သတ္တာဟကာလိကတွင် ပါဝင်သော ကြံရည်၊ ထန်းရည်ချို စသည်ကို မွတ်သိပ်ခြင်း အကြောင်းရှိ၍ ဆာ၍ သောက်လျှင် အနာပတ္တိ။ အကြောင်းမဲ့ သက်သက် သောက်လျှင် (အာဟာရ အကျိုးငှာ သောက်ရာ ရောက်၍) ဒုက္ကဋ်။ သတ္တာဟကာလိက၊ ယာဝဇီဝိက လျက်သား စသည်ကို ထို အစာ စားလျှင် ပျောက်ကင်းလောက်သော လေထခြင်း၊ လေနာခြင်း၊ အားနည်းခြင်း စသော ရောဂါကြောင့် စားလျှင် အနာပတ္တိ။ အကြောင်းမဲ့ဖြစ်စေ၊ ဆာလောင်ရုံဖြင့်ဖြစ်စေ စားလျှင် ဒုက္ကဋ်။

**အင်္ဂါ ၃ ပါး။** ။၁ – ဝိကာလဖြစ်ခြင်း၊ ၂ – ယာဝကာလိက ခဲဘွယ်ဘောဇဉ်ဖြစ်ခြင်း၊ ၃ – စားမျိုခြင်း ၃ ပါးတည်း။ [ပါစိတ်အာပတ် အရာဖြစ်၍ "ယာဝကာလိက"ဟု ဆိုသည်။ ဒုက္ကဋ်အတွက် ဖြစ်မူ ယာမကာလိက စသည်များကို ၂ နံပါတ်၌ ထည့်သွင်းရမည်။]

[ဆောင်] ဝိကာလ၌, ယာဝကာလိ, မည်ရှိဝတ္ထု, စားမျိုမှုပါ,
အင်သုံးဖြာ ဝိကာ ပါစိတ်သင့်။

---

**၈။ သန္နိဓိကာရက။** ။အကပ် ခံထားသော ခဲဘွယ်ဘောဇဉ်ကို သိုမှီး သိမ်းဆည်း၍ နောက်တနေ့၌ ခဲစားလျှင် ပါစိတ်အာပတ်သင့်၏။ ယနေ့နံနက်က အကပ်ခံထားသော ခဲဘွယ်ဘောဇဉ်ကို နက်ဖန် နံနက်၌ စားလျှင် သိုမှီး သိမ်းဆည်း၍ စားသည် မည်၏။ သဘက်ခါ စသော နောက်နောက် ရက်များ၏ နံနက်၌ စားလျှင်လည်း ဤသိက္ခာပုဒ်အရ အာပတ်ပင်။ မွန်းလွဲမှ စားလျှင်ကား ဝိကာလဘောဇန ပါစိတ်လည်း တိုးပြန်၏။ ခဲဘွယ် ဘောဇဉ်သာမက ယာမကာလိက အဖျော်ရည်ကိုလည်း တည၌လွန်ပြီးနောက် နံနက်၌ စားသောက်လျှင် ဤသိက္ခာပုဒ်အရ ပါစိတ်ပင်ဟု အဋ္ဌကထာဆို၏။

**ဝစနတ္ထ။** ။သန္နိဓိံ ကာရော ယဿာတိ သန္နိဓိကာရော၊ ယဿ – အကြင် ခဲဘွယ် ဘောဇဉ်၏၊ သန္နိဓိံ – သိုမှီး သိမ်းဆည်းမှုကို၊ ကာရော–ပြုခြင်းသည်၊ အတ္ထိ–ရှိ၏၊ သန္နိဓိကာရောဧဝ – သန္နိဓိကာရသည်ပင်၊ သန္နိဓိကာရကော –

(ကပ္ပစ္စည်း အနက်သီးခြား မရှိသောကြောင့်) သန္နိဓိကာရက မည်၏၊ "သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော ခဲဘွယ်ဘောဇဉ်" ဟူရာ၌ "အကပ်ခံပြီး၍ တညဥ့်လွန်အောင် မစွန့်ဘဲ သိမ်းဆည်းထားအပ်သော ခဲဘွယ်ဘောဇဉ်" ဟု ဆိုလိုသည်။ [ပါစိတျာဒိယောဇနာ၌ "သန္နိဓိ"ဟု နိဂ္ဂဟိတ်မဲ့ ပါဌ်ကို တွေ့၍ ကာရဉ် ကမ္ဘသာခ်ကြံလေသည်။]

**ဒုဓ္ဓောတပတ္တ။** ။[ဒုဓ္ဓောတ- မကောင်းသဖြင့် ဆေးအပ်သော + ပတ္တ= သပိတ် (ပန်းကန် ခွက်စသည် အားလုံး)။] သပိတ် ပန်းကန်တို့၌ ထည့်၍ စားပြီးနောက် စင်ကြယ်စွာ မဆေးလျှင် ဆီ စသော အာမိသကလေးများသည် ငြိကပ်ကျန်နေတတ်၏။ သပိတ် ပန်းကန်တို့၏ ကွဲအက်ကြောင်း၌လည်း ဆီဝင်နေတတ်၏။ ထို ဆီ စသော အာမိသတို့သည် နက်ဖန် နံနက်ကာလ၌ သန္နိဓိဖြစ်ကြလေပြီ။ ထိုသန္နိဓိ အာမိသများသည် နက်ဖန်နံနက်၌ ဆွမ်းပူဟင်းပူနှင့်ရောမိကာ ရဟန်း၏ ခံတွင်းသို့ ဝင်သွားလျှင် သန္နိဓိအာမိသတို့ အတွက် ပါစိတ်အာပတ် သင့်သည်။ ထို့ကြောင့် သပိတ် ပန်းကန်တို့၌ ဆီ စသော အာမိသ မကျန်အောင် စင်ကြယ်စွာ ဆေးရသည်။ ကွဲအက်ကြောင်းရှိသော သပိတ် ပန်းကန်များကိုလည်း ဖာထေး၍ မဖြစ်နိုင်လျှင် စွန့်ပစ်ကြရသည်။

**စွန့်လျှင် သန္နိဓိမဖြစ်။** ။အကပ်ခံပြီးနောက် ခဲဘွယ် ဘောဇဉ်များကို လူ သာမဏေတို့အား စွန့်ပေးလိုက်လျှင် သန္နိဓိမဖြစ်။နက်ဖန်နံနက်၌ သူတို့သိမ်းထားအပ်သော အာမိသကို သူတို့ထံမှ တဖန် အကပ်ခံ၍ စားကောင်း၏။ သို့သော် စွန့်သည့်အခါ၌ကား "အနပေက္ခ ဝိသဇ္ဇန" ခေါ် "ထို အာမိသကို ငါ မစားတော့ပြီ" ဟု မငဲ့မကွက် စွန့်လိုက် ပေးလိုက်မှသာ စွန့်ရာရောက်သည်။

**သာရတ္ထဝါဒ။** ။သာရတ္ထဒီပနီဋီကာ၌ကား "ဝတ္ထုပစ္စည်းကို စွန့်လိုက် ပေးလိုက်မှသာ စွန့်ရာရောက်သည် မဟုတ်သေး၊ အကပ်ခံပြီးသော ဝတ္ထု၌ အကပ်ကို စွန့်လိုက်လျှင်လည်း (ယခု ကပ်ပြီးအတိုင်း မစားတော့ပြီ၊ အကပ်ဖျက်လိုက်ပြီ ဟူသော သဘောဖြင့် အကပ်ကို စွန့်ထားလိုက်လျှင်လည်း) သန္နိဓိမဖြစ်။ နက်ဖန် နံနက်၌ အကပ်ခံ၍ ထပ်မံ စားကောင်းသည်"ဟု ဆို၏။ သို့သော် ထို သာရတ္ထဋီကာ၏ အကပ်စွန့်ဝါဒကို ဆရာတို့ မနှစ်သက်ကြ။ ဘာ့ကြောင့်နည်း။ အဋ္ဌကထာတို့၌ အနပေက္ခ ဝိသဇ္ဇန ဟူသာ လာ၏။ အကပ်ကိုသာ စွန့်လျှင် ဝတ္ထု အာမိသကို ငဲ့ကွက်နေသေးရာ ရောက်သဖြင့် "အနပေက္ခ" ဟူသော ထိုစကားနှင့် ဆန့်ကျင်သောကြောင့်တည်း။

**မှတ်ချက်။** ။သန္နိဓိနှင့်စပ်၍ အောက်ပါအချက်များ ပေါ်ထွက်လာ၏။ သပိတ် ပန်းကန် ခွက် လက်ဖက်ရည်ကရား စသည်များ၌ ထည့်၍ စားသောက်ပြီးနောက် သပိတ်စသည်နှင့်တကွ အကြွင်းအကျန်ကို လူ သာမဏေတို့အား မပေး

မစွန့်ဘဲ ထိုသပိတ်စသည်ကို ကိုယ်တိုင်ဆေးရာဝယ် မစင်ကြယ်၍ အာမိသကျန်နေလျှင် နက်ဖန်နံနက်၌ အခြား အာမိသနှင့် ရောနှော၍ ဝမ်းတွင်းသို့ ပါသွားပါက ဤသိက္ခာပုဒ်အရ အာပတ်သင့်၏။

ထို့ပြင် ထိုသပိတ် စသည်၌ ရှိသော အာမိသကို လူ သာမဏေအား ပေးလိုက်လျှင် လူ သာမဏေတို့က ထိုသပိတ်စသည်ကို ဆေးရာဝယ် မစင်ကြယ်သော်လည်း ထိုအာမိသ အဆီအကပ်တို့ သန္နိဓိ မဖြစ်။ သို့ရာဝယ် ထိုအာမိသ အဆီအကပ် ကျန်ရှိသော သပိတ် ပန်းကန် လက်ဖက်ရည်ကရား၌ ထည့်၍ နက်ဖန်နံနက် စားသောက်လိုလျှင် ရဟန်းကိုယ်တိုင် မကိုင်ရ၊ လူ သာမဏေတို့ထံ အကပ်ခံရဦးမည်။ ထိုသို့ အကပ်မခံဘဲ ကိုင်လျှင် ကိုင်သည့်အတွက် ဥဂ္ဂဟိတ (ကောက်ယူမှု) ဒုက္ကဋ်နှင့် ထိုအာမိသကို အကပ်မခံဘဲ စားရာရောက်သဖြင့် ဒန္တပေါဏ သိက္ခာပုဒ်အတွက် ပါစိတ်အာပတ်လည်း သင့်လိမ့်မည်။

**ကာလိက ရောပုံ**။ ။ထိုသို့ အကပ်ခံအပ်သော ယာဝကာလိကဝတ္ထုနှင့် ထိုနေ့ အကပ်ခံအပ်သော ယာမ၊ သတ္တာဟ၊ယာဝဇီဝိက ဝတ္ထုတို့ ရောလျှင် ထိုရောရာနံနက်၌သာ အပ်၏၊ ညနေကစ၍ မအပ်။ ရှေ့နေ့က အကပ်ခံအပ်သော သတ္တာဟ၊ ယာဝဇီဝိကတို့နှင့် ရောရာ၌ကား ယာဝ၊ ယာမကာလိကတို့ မအပ်ကြတော့ပြီ။ ဥပမာ-ရှေ့နေ့က အကပ်ခံထားသော ထောပတ်၊ ဆားတို့နှင့် ထိုနေ့ အကပ်ခံအပ်သော ဆွမ်း၊ ဖျော်ရည်တို့ ရော၍ မစားကောင်း။သတ္တာဟကာလိက ထောပတ် စသည်နှင့် ယာဝဇီဝိက ဆား စသည်တို့ ရောရာ၌ကား သတ္တာဟကာလိက၏ သက်တမ်းရှိသမျှ ဆားက လိုက်နိုင်သည်။ "သတ္တာဟကာလိကဝတ္ထုက အကပ်ခံရက် ၂ ရက်လွန်မှ ရောလျှင် နောက်ထပ် ၅ ရက်သာအပ်၏" စသည်ဖြင့်သိပါ။ ကာလိကချင်း ရောရာ၌ ရက်တို ကာလိကသဘောကို ရက်ရှည် ကာလိကက အမြဲလိုက်ရသည်။

[ဆောင်] ကာလိက လေးဖြာ, ရောနှောရာဝယ်, သတ္တာဟနှင့်, ယာဝဇီဝီ,
ရှေ့နေ့ဆီက, ကပ်ပြီးမှုကို, ယာဝ-ယာမံ, ယနေ့ခံနှင့်, ရောပြန်
သော်လည်း, မအပ်ချည်းသာ, တနည်းမှာမူ, ယာဝဇီဝံ, ရှေ့နေ့
ခံနှင့်, ခုခံ သတ္တာဟ, ရောတုံကလျှင်, သတ္တာဟသက်, ခုနစ်ရက်
ဟု, အခွင့်ပြုသည်, မှတ်ရှု နောင်လာ အချုပ်တည်း။

**အင်္ဂါ ၃ ပါး**။ ။၁- ခဲဘွယ် ဘောဇဉ် ဟူသော အာမိသ ဖြစ်ခြင်း၊ ၂-တညဥ့်လွန်အောင် သိုမှီး သိမ်းဆည်းခြင်း၊ ၃- စားမျိုခြင်း၊ ၃ ပါးတည်း။

[ဆောင်] အာမိသဖြစ်, သိုမှီးလစ်သား, သုံးစားမျိုဘိ, အင်သုံးပြည့်,
သန္နိဓိ ပါစိတ်သင့်။

**၉။ ပဏီတဘောဇန**

ယာနိ (ခေါပန) တာနိ ပဏီတဘောဇနာနိ–အကြင် မွန်မြတ်သောအာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ် တို့သည်၊ (သန္တိ–ရှိကုန်၏၊) သေယျထိဒံ–ဤ မွန်မြတ် သော အာဟာရတို့ဟူသည် အဘယ်နည်း၊ သပ္ပိ–ထောပတ်၊ နဝနီတံ–ဆီဦး၊ တေလံ–ဆီ၊ မဓု–ပျားရည်၊ ဖာဏိတံ–တင်လဲ၊ မစ္ဆော–ငါး၊ မံသံ–ကုန်းသတ္တဝါတို့၏အသား၊ ခီရံ–နို့ရည်၊ ဒဓိ–နို့ခဲမ်းတည်း၊ ယော

× × × × ×

**၉။ ပဏီတ ဘောဇန**။ ။ထောပတ် စသည်နှင့် ရောအပ်သော ထောပတ် ထမင်း၊ ဆီဦးထမင်း၊ နွားနို့ထမင်း စသည်များကို "ပဏီတဘောဇဉ်" ဟု ခေါ်၏။ ပဏီတေန–မွန်မြတ်သော ထောပတ် စသည်နှင့်၊ သံသဋ္ဌာနိ–ရောစပ် အပ်ကုန်သော၊ ဘောဇနာနိ–ဘောဇဉ်တို့တည်း၊ ပဏီတဘောဇနာနိ–မွန်မြတ်သော အာဟာရနှင့် ရောအပ်သော ဘောဇဉ်တို့၊ (သံသဋ္ဌ အလယ်ပုဒ် ကြေသည်။) ထို ပဏီတဘောဇဉ်များကို ဂိလာန မဟုတ်ဘဲ ဉာတိပဝါရိတ မဟုတ်သူ့ထံ "ထောပတ်နှင့် ဆွမ်း လှူစမ်းပါလော" စသည်ဖြင့် တောင်း၍ စားလျှင် ပါစိတ်အာပတ် သင့်၏။

**ဂိလာန်**။ ။ဂိလာန ဖြစ်လျှင်ကား ထို ပဏီတဘောဇဉ်ကို ဉာတိပဝါရိတ မဟုတ်သူ့ထံမှာပင် တောင်းစားကောင်း၏။ သို့သော် ထို ထောပတ် စသည်က ရောဂါနှင့်စပ်၍ ခါတ်စာကျမှ တောင်းစားကောင်းသည်။

**မှတ်ချက်**။ ။ဂိလာန မဟုတ်သူသည် ထမင်းနှင့် ရောလျက် မဟုတ်ဘဲ ထောပတ်စသော အစာ ၅ မျိုးကို ဆေးအတွက် တောင်းလျှင် အစေလကဝဂ် မဟာနာမ သတ္တမသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏။ မစ္ဆ စသော ၄ မျိုးကို တောင်းလျှင်၎င်း၊ ထောပတ် စသည်ကို ဆေးအတွက် မဟုတ်ဘဲ သက်သက် စားလို၍ တောင်းလျှင်၎င်း သေခိယဌ်လာသော သူပေါဒနဝိညတ္တိ သိက္ခာပုဒ် အရ ဒုက္ကဋ်အာပတ် သင့်သည်။

**သပ္ပိ၊ပေ၊ဖာဏိတံ**။ ။သေယျထိဒံ၊ သပ္ပိနဝနီတံ စသည်ကား ဘောဇဉ် ထဲ၌ ရောစပ်ဘို့ရာ ပဏီတအာဟာရတို့ကို ပြသော စကားတည်း။ ဤစကား အရ ထောပတ်စသော ၉ ပါးကို "ပဏီတ–မွန်မြတ်သောအာဟာရ" ဟူ၍၎င်း၊ ထောပတ် စသည်တို့နှင့် ရောအပ်သောထမင်းက "ပဏီတ ဘောဇန" ဟူ၍၎င်း ခွဲခြား မှတ်သားပါ။ ထိုတွင်–သပ္ပိ စသော ၅ မျိုးကို နိဿဂ္ဂိယ ဘေသဇ္ဇ သိက္ခာ ပုဒ်၌ ပြခဲ့ပြီ။

ပန ဘိက္ခု - သည်၊ ဝေရူပါနိ - ဤသို့ သဘောရှိကုန်သော၊ ပဏီတ ဘောဇနာနိ-မွန်မြတ်သော အာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ် တို့ကို၊ အဂိလာနော-ဂိလာန မဟုတ်ဘဲ၊ အတ္တနော-မိမိ၏၊ အတ္ထာယ-အကျိုးငှာ၊ ဝိညာပေတွာ-တောင်း၍၊ ဘုဉ္ဇေယျ-စားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**မဇ္ဈာ၊ မေပ၊ ခီရံ။** ။မဇ္ဈ အရ ရေသတ္တဝါအားလုံးကို ယူ၍ မံသအရ အသားကြီး ဆယ်မျိုးမှ တပါး စားကောင်းသော ကုန်းသတ္တဝါအားလုံး၏ အသားကို ယူပါ။ ခီရ ဒဓိများလည်း အပ်သောအသားရှိသော ကုန်းသတ္တဝါ၏ နို့ရည် နို့ဓမ်းများကိုသာ ဤသိက္ခာပုဒ်၌ ယူရသည်။[အသားကြီးဆယ်မျိုးတွင် ပါဝင်သည့်အတွက် မအပ်သောအသားရှိသော သတ္တဝါများ၏ ခီရ ဒဓိတို့ကား ဒုက္ကဋဝတ္ထုများတည်း။]

**ဒဓိ။** ။မီးဖြင့် ပူအောင်ချက်၍ အလွန်ပျစ်သော၊ မချဉ်သေးသော နို့ကို ၎င်း၊ တညဉ့်လောက်ကြာလျှင် အနည်းငယ် ချဉ်နံ့ပေါက်သော၊ ၂ ညဉ့် ၃ ညဉ့် ကြာလျှင် အတော်ချဉ်သော နို့ပျစ်ကို၎င်း "ဒဓိ"ဟု ခေါ်သည်။ [အဘိဓာန် နိဿယသစ် (၅၀၁)၌ "ဒဓိ–ဒိန်၊ နို့ချဉ်"ဟု ပေး၏။]

**နဝနီတံ။** ။မူလက နို့ပျစ်၊ တညဉ့်လောက်ကြာမှ အနည်းငယ် ချဉ်နံ့ပါသော ထိုဒဓိကို မွှေတံဖြင့် မွှေလိုက်သည့်အခါ "နဝနီတ" ခေါ် "ဆီဦး၊ မသကာ၊ ထောပေး" ဖြစ်လာ၏။

**မှတ်ချက်။** ။နဝနီတကို သက္ကတ၊ ဟိန္ဒီ အဘိဓာန်များ၌ ဒဓိဇ (ဒဓိမှ ဖြစ်သည်)ဟု၎င်း၊ ဒဓိသာရ (ဒဓိ၏အနှစ်) ဟု၎င်း ပရိယာယ်ပုဒ်များ ထုတ်ပြကြသည်။ မြန်မာနိုင်ငံ၌ တမင်္ဂလာ အချဉ်တယ်၍ ချဉ်စုတ်နေသော နို့ချဉ်ကား ထောပေး၊ ဆီဦး မဖြစ်နိုင်။

**အင်္ဂါ ၄ ပါး။** ။၁–ပဏီတဘောဇဉ် ဖြစ်ခြင်း၊ ၂–ဂိလာန မဟုတ်ခြင်း၊ ၃–တောင်း၍ရခြင်း၊ ၄–စားမျိုခြင်း၊ အင်္ဂါ ၄ ပါးတည်း။

[**ဆောင်**] ပဏီတ ခေါ်တွင်, ဘောဇဉ်ဖြစ်စွ, ဂိလာန မဟူ, တောင်းယူ
ရလျှင်း, စားမျိုခြင်းဟု, ကြောင်းရင်း လေးလီ, အင်္ဂါညီ,
သင့်ပြီ ပဏီတ ဘောဇန။

**၁၀။ ဒန္တပေါန** ယော ပန ဘိက္ခု - သည်၊ ဥဒကဒန္တပေါနာ - ရေ၊ ဒန်ပူကို၊ အညတြ - ကြဉ်၍၊အဒိန္နံ - မပေးမကပ်အပ်သော၊ အာဟာရံ - အာဟာရကို၊ မုခဒွါရံ - ခံတွင်းဝသို့၊ အာဟာရေယျ- ဆောင်အံ့၊ ဝါ - မျိုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

[စတုတ္ထော - သော၊ ဘောဇနဝဂ္ဂေါ - တည်း။]

× × × × ×

**၁၀။ ဒန္တပေါန**။ ။[ဒန္တံ - သွားကို၊ ပုနာတိ - သုတ်သင်တတ်၏၊ ဣတိ-ထို့ကြောင့်၊ ဒန္တပေါနော-မည်၏၊ "ပုနာတိ ဧတေန"ဟု ကရဏသာဓ်လည်း ပြုကြ၏။ ] ရေနှင့် ဒန်ပူမှ တပါးသော အခြား အာဟာရများကို လူသာမဏေ တိရစ္ဆာန် နတ်တို့က မပေးအပ် (မကပ်အပ်)ဘဲ စားလျှင် ပါစိတ်။ ဒုတိယပါရာဇိကဉ္စ ဥစ္စာရှင်က မပေးအပ်သော ဥစ္စာကို "အဒိန္န"ဟု ဆို၏။ ဤသိက္ခာပုဒ်ကား မိမိပိုင်ပစ္စည်း ဖြစ်စေကာမူ အကပ်မခံအပ်သော အာဟာရကို "အဒိန္န"ဟု ခေါ်သည်။

**အကပ်မြောက် အင်္ဂါ ၅ ပါး**။ ။၁-ကပ်မည့်သူက ရှေးရှုဆောင်ခြင်း၊ ၂-အကပ်ခံမည့် ရဟန်း၏ ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း ၃-အား အလတ်စားရှိသူ မြှောက်ချီနိုင်သော ဝတ္ထုဖြစ်ခြင်း၊ ၄-ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက် စသည်ဖြင့် ဖြစ်စေ, ပစ်၍ဖြစ်စေ, ဤ ၃ မျိုးတွင် တမျိုးမျိုးဖြင့် ကပ်သူက ပေးခြင်း၊ ၅-ကိုယ်၏ အစိတ်အပိုင်း လက် စသည်ဖြင့် ဖြစ်စေ, ကိုယ်နှင့်စပ်သော ကိုင်ထားသော ခွက် ဒုတ် စသည်ဖြင့် ခံ၍ ထိ၍ဖြစ်စေ ဤ၂မျိုးတွင်တမျိုးမျိုးဖြင့်အကပ်ခံရသောရဟန်းက ခံယူခြင်း၊ ဤ ၅ ပါး ပြည့်စုံမှ အကပ်မြောက်သည်။

**[ဆောင်]** ရှေးရှုလည်းဆောင်, ၂ တောင့်ထွာရောက်, မြှောက်နိုင်ဝတ္ထု, သုံးခုပေးခြင်း, ခံခြင်းနှစ်လျောက်, ကပ်ခံမြောက်, မှတ်လောက် အင်္ဂါ ၅ ပါးတည်း။

**ချဲ့ဦးအံ့**—"ရှေးရှုဆောင်"ဟူရာ၌ လက်ဖြင့် ရှေ့တိုးပေးမှ ရှေးရှုဆောင်ရာ ရောက်သည် မဟုတ်သေး။ ဦးခေါင်းပေါ်၌ ရွက်ထားသော စားဘွယ်ခွက်ကို လှူလို၍ ဦးခေါင်းကို အနည်းငယ် စောင်းပေးလိုက်လျှင် ရှေးရှုဆောင်ရာ ရောက်သောကြောင့် ရဟန်းက ထိုခွက်ကို လက်ဖြင့် ထိကာ အလိုရှိရာ ယူစားနိုင်၏။ အားအလတ်ရှိသူ ကြွမြှောက်နိုင်သော ယာဂုအိုးကြီးကို ရှင်ငယ်ကလေးက မကြွနိုင်၍ မြေပေါ်မှာပင် လှိမ့်လျက် ကပ်ရာ၌လည်း ရဟန်းက လက်ထိုးပေးကာ (ထိရုံ ထိ၍ဖြစ်စေ) အကပ်ခံနိုင်၏။

**မှတ်ချက်။** ။ဤစကားအရ ယခုကာလ တယောက်ထည်း ကြွနိုင်သော စားပွဲကို ဟင်းဖိတ်မည်စိုး၍ ၂ ယောက် ၃ယောက် ကိုင်လျက် ကပ်ခြင်း၊ စားပွဲ အခင်းတို့ ကြမ်းပြင်မှာ ထိနေလျက် ကပ်ခြင်း၊ ကပ်မည့်သူက ရှေးရှုဆောင်၍ ၂ တောင့်ထွာအတွင်း ရောက်ရှိသော ဝတ္ထုကို လက်မြောက် လှမ်းယူ၍ အကပ်ခံ ခြင်းများ၌ အကပ်မြောက်သည်ဟုချည်း မှတ်ပါ။

**ဟတ္ထပါသ် တိုင်းနည်း။** ။၂ တောင့်ထွာ ဟတ္ထပါသ် တိုင်းရာ၌ ရှေ့က သော၍ ကပ်ရာဝယ် ရဟန်းက ထိုင်နေလျှင် တင်ပါး၏ နောက်ဘက်အစွန်းဖြင့်၊ ရပ်နေလျှင် ဖနောင့်စွန်းဖြင့်၊ စောင်းလျက် လှဲနေလျှင် စောင်းသော နံပါး၏ ပြင်ဘက်စွန်းဖြင့်၊ ဝမ်းလျားမှောက်၍နေရာ ဦးခေါင်းနား၌ လာ၍ ကပ်လျှင် ခေါင်းစွန်း၏ အနီးဆုံးဖြစ်သော လည်ပင်းဖြင့်၊ ဤသို့လျှင် လှမ်းယူသော လက်မှတပါး အနီးဆုံး ကိုယ်အင်္ဂါ၏ နောက်ဘက်စွန်းဖြင့် တိုင်း၍ ကပ်သူ့ အတွက်လည်း လှမ်း၍ပေးသော လက်မှတပါး အခြားသော အနီးဆုံး အင်္ဂါ၏ ဤဘက် အစွန်းဖြင့် တိုင်းတာရသည်။ [စားပွဲကြီး အလယ်ခြား၍ အကပ်ခံကြ ရာ၌ အနီးဆုံး အင်္ဂါချင်း ဟတ္ထပါသ်ကို သတိပြုရာ၏။]

**မုခဒွါရ။** ။"ခံတွင်းအဝ"ဟူသည် ပါးစပ်ပေါက် မဟုတ်၊ အောက်ပိုင်း အာဖြစ်သော လည်ချောင်းပေါက်တည်း။ မုခတော-ခံတွင်းမှ၊ ဟေဋ္ဌာ-အောက် ဖြစ်သော၊ ဒွါရံ-အပေါက်သည်၊ မုခဒွါရံ-မည်၏၊ ထို့ကြောင့် အာဟာရကို ပါးစပ်က ဖြစ်စေ၊ နှာခေါင်းပေါက်က ဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်၏ အတွင်း ရောက်လျှင် မျိုရာ ရောက်တော့၏။

**မှတ်ချက်။** ။လည်ချောင်း မရောက်ခင် ပါးစပ်အတွင်း၌ ငုံရုံငုံပြီး (အရည် မဝင်စေဘဲ) ထွေးပစ်နိုင်လျှင် အကပ် မခံသော်လည်း အပြစ်မရှိဟု ပြောကြ ၏။ ထိုသို့ ပြုနိုင်ပါလျှင် ညနေဘက်မှာလည်း ဝိကာလဘောဇန အပြစ်မရှိပါ။ သို့သော် အကျိုးမရှိသော ထို အလုပ်မျိုးကို မလုပ်ခြင်းသာလျှင် ကောင်း၏။

**အာဟာရံ။** ။ယာဝကာလိက စသော ၄ ပါးကို အာဟာရ ဟု ဆိုသည်။ ထို အာဟာရကို အကပ်ခံရာ၌ ရထရေဏုမြူသည် အကပ်ခံနိုင်သော အသေးဆုံး အာဟာရတည်း။ အကပ်ခံပြီးသော အာဟာရ၌ ရထရေဏုမြူ ကျလျှင်လည်း အကပ် ပျက်တော့သည်သာ။ [လှည်း ရထားတို့ သွားသည့်အခါ၌ ထသော မြူမှုန်ကို "ရထရေဏုမြူ"ဟု ခေါ်၏။ တံမြက်လှည်း၍၊ လေတိုက်၍ ထသော မြူမှုန်များလည်း ရထရေဏုပင်။ ထို့အောက်ငယ်သော နံရံပေါက်မှ ဝင်သော (နေရောင်ဖြင့်သာ မြင်နိုင်သော) မြူကို တဇ္ဇာရီမြူ ဟု ခေါ်၏။ ထို တဇ္ဇာရီ မြူမှုန်နှင့် အဏုမြူ၊ ပရမာဏုမြူတို့မှာ အကပ် မပျက်နိုင်။ မြူမှုန် (ဖုံ)များကို ယာဝဇီဝိက အာဟာရတွင် ပါဝင်သည်ဟု မှတ်ပါ။]

**အညတြ ဥဒကဒန္တပေါနာ။** ။ဥဒကဟူသည် ရထရေဏုပမာဏရှိသော မြူမှုန်မပါသည့် သန့်ရှင်းသောရေတည်း။ ထို သန့်ရှင်းသောရေသည် ကာလိက လေးပါးမှ အလွတ်ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်း၏။ ကိုယ်တိုင်လည်း ကျိုကောင်း၏၊ ချက်ကောင်း၏။ ရထရေဏုမြူမှုန်များပါသော ရေကား မြူ အတွက် အကပ်မခံဘဲ မသောက်ရ။ သို့ဖြစ်၍ ဝိနည်းဂရုပြုသော ပုဂ္ဂိုလ်များသည် အကပ်မခံအပ်သောရေကို အမြဲ စစ်၍ သောက်လေ့ ရှိကြသည်။

**ဒန်ပူ။** ။ဒန်ပူစားရာ၌ အိန္ဒိယထုံးစံမှာ သွားဖြင့် ဝါး၍ ဒန်ပူရည် ထွက်လာအောင် စားလေ့ရှိ၏။ ထိုအရည်ထွက်မှ သွားပိုးမစားနိုင်ဘဲ သွားစင်ကြယ်သည်ဟု အယူရှိသည်။ ထိုသို့ ဒန်ပူစားရာ၌ ဒန်ပူရည်များ လည်ချောင်းတွင်း မဝင်လျှင် အကပ်ခံဘွယ် မလိုသောကြောင့် "အညတြ ဥဒကဒန္တပေါနာ" ဟု မိန့်တော်မူသည်။ အကယ်၍ လည်ချောင်းအတွင်းသို့ ဒန်ပူရည် ဝင်လျှင်ကား အကပ်ခံမှသာ အပ်သည်။ အကပ်မခံလျှင် ဤသိက္ခာပုဒ်အရ အာပတ်သင့်တော့မည်သာ။

**အချုပ်မှာ။** ။"အညတြ ဥဒကဒန္တပေါနာ" ဖြင့် လွတ်လပ်ခွင့် အထူးမရ၊ ရေကြည်ကြည်ကလည်း ကာလိကဝိမုတ်ဖြစ်၍ နဂိုကပင် အပ်၏။ ဒန်ပူလည်း အရည်မဝင်လျှင် ပင်ကိုယ်ကပင် အကပ်မခံဘဲ အပ်၏။ သို့ရာတွင် ဘုရားရှင်၏ လက်ထက်တော်က ရဟန်းအချို့တို့သည် ရေနှင့် ဒန်ပူအတွက် သံသယ ဖြစ်ကြသောကြောင့် ဘုရားရှင်က ထပ်၍ ခြွင်းချက်ပြုတော်မူရသည်။

**မှတ်ချက်။** ။ပြခဲ့သော စကားများအရ ရထရေဏုမြူသည် အကပ်ခံလောက်သော အာဟာရတွင် ပါဝင်ရကား ဆွမ်းခံတုန်းဖြစ်စေ၊ ဆွမ်းစားတုန်း ဖြစ်စေ ခွက်အတွင်းသို့ ထို မြူမှုန်မျိုး ကျလျှင် ထို မြူမှုန်နှင့်တကွ ဆွမ်းအနည်းငယ်ကို ယူပစ်ရမည်။ သို့မဟုတ် ထပ်၍ အကပ်ခံရမည်။ ယူ၍လည်း မပစ်၊ ထပ်၍လည်း အကပ်မခံဘဲ ဆက်လက်၍ ဆွမ်းခံလျှင် ဝိနယဒုက္ကဋ်ခေါ် ဒုက္ကဋ် အာပတ် သင့်၏။ ဆက်၍ ဆွမ်းစားလျှင် ထိုမြူမှုန်ကို စားမိက ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်၏။

ထို့ပြင်– ဆွမ်းလုတ်ကို ပါးစပ်သို့ သွတ်သွင်းပြီးနောက် ပါးစပ်အတွင်းမှ ဆွမ်းလုံးတလုံး ဖြစ်စေ သပိတ်ထဲသို့ ပြန်၍ ကျလျှင် ထပ်၍ အကပ်ခံလေ့ ရှိကြ၏။ သို့သော် ထို ပြန်ကျလာသော ဆွမ်းလုံးသည် ပါးစပ်ထဲ၌ ရှိသော သွားရည်၊ နှုတ်ခမ်းရည် စသည်နှင့် မလူးဘဲ ပြန်ကျလျှင် အကပ် မပျက်သေး၊ သွားရည် စသည်နှင့် လူးပြီးမှ ပြန်ကျလျှင်သာ ထို သွားရည်အတွက် အကပ် ပျက်ရသည်။ ထို့ကြောင့် ပါးစပ်မှ ဆွမ်းလုံး ပြန်ကျသည့်အခါ ထပ်၍ အကပ် ခံလေ့ရှိရာ၌ ဆွမ်းတလုံးကျသည့်အတွက် သပိတ်အတွင်းရှိ ဆွမ်းများ အကပ်

ပျက်သောကြောင့် မဟုတ်၊ ပြန်ကျလာသော ဆွမ်းလုံးက သွားရည် စသည်ဖြင့် လူးလာခဲ့လျှင် အကပ်ပျက်ရာ ရောက်သောကြောင့် ထို ပြန်ကျလာသော ဆွမ်းလုံးကို ထပ်၍ အကပ်ခံခြင်း ဖြစ်သည်ဟု မှတ်ပါ။

ထို့ပြင်– ဆွမ်း၊ အချိုပွဲ စသည် စားရာ၌ လက်မဆေးဘဲ စားလျှင် လက်၌ ရထရေကျမျှလောက်သောမြူမှုန်များ ကပ်နေခဲ့သော် ထို မြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဘွယ် ဘောဇဉ်တို့ပါ အကပ်ပျက်တတ်ရကား ဆွမ်းစားခါနီး လက်ဆေး၊ ဆွမ်းစားပြီးနောက် အချိုပွဲစားခါနီး လက်ဆေးရမည်။ ညာလက်ကိုသာ ဆေး၍ ဘယ်လက်ကို မဆေးလျှင် ဘယ်ဘက်လက်ဖြင့် စားဘွယ်များကို ကိုင်ရာ၌လည်း ဤနည်းအတိုင်းပင်။ ထို့ကြောင့် ဘယ်ဘက်လက်ကို မဆေးလျှင် ထိုလက်ဖြင့် စားဘွယ်များကို မကိုင်မိစေရ။

ဆိုဘွယ်ရှိသေး၏။ အချို့ကား စားမည်ဟု လက်ဆေးပြီးမှ ထိုလက်ဖြင့် သင်္ကန်းကို သိမ်းကြ၏။ ထိုသို့ သိမ်းကြရာဝယ် သင်္ကန်း၌ ရထရေကျမြူမှုန်ကို ကိုင်မိလျှင် လက်မဆေးသူနှင့် အတူပင်တည်း။ တချို့ကား အချိုပွဲ စားစဉ် အကပ် ခံမထားသော လက်သုတ်ပဝါကို သုတ်လိုက်၊ အချိုပွဲကို နှိုက်လိုက်နှင့် စားကြ၏။ ထိုသို့ စားရာ၌ လက်သုတ်ပဝါ ညစ်ပေတော့မည်မှာ သေချာပြီ။ လက်သုတ်ပဝါ၌ ရထရေကျမြူမှုန် ပါလျှင် စားဘွယ်များလည်း အကပ်ပျက်လိမ့်မည်။ ထို့ကြောင့် "အစာ စားမည်"ဟု လက်ဆေးပြီးနောက် ထိုလက်ဖြင့် အစာမှတပါး အခြားသော လက်သုတ်ပဝါ၊ သင်္ကန်း စသည်တို့ကို မကိုင်ဘဲ စားခြင်းကိစ္စ ပြီးမှသာ လက်ဆေး၍ လက်သုတ်ပဝါကို သုတ်သင့်ကြသည်။

**ဒုရုပစိဏ္ဏဥဂ္ဂဟိတက ဒုက္ကဋ်။** ။ရှေ့၌ ဝိနယဒုက္ကဋ်ကို ပြခဲ့ပြီ။ အကပ်မခံရသေးသော ခဲဘွယ်ဘောဇဉ်ကို(လူ သာမဏေအား ပေးရန်မဟုတ်ဘဲ)သက်သက် လက်ဆော့ ခြေဆော့ သဘောဖြင့် ထိလျှင် (နေရာမှ မရွေ့စေဘဲ ကိုင်လျှင်) ဒုရုပစိဏ္ဏ ဒုက္ကဋ်အာပတ် သင့်၏။ ဥပမာ–သာမဏေ ဆွမ်းချက်နေရာ၌ ဆွမ်းအိုးကို ဖွင့်ခြင်း စသည်နှင့် အကပ်မခံဘဲ ချထားသော သပိတ်၏အဖုံးကို ဖွင့်ခြင်း စသည်များတည်း။ သစ်ပင်ပေါ်ရှိ သစ်သီးနှင့် စားဘွယ် အရွက်များကို ကိုင်ရာ၌လည်း ဒုရုပစိဏ္ဏပင်။ ကိုင်ရုံ ထိရုံ မကဘဲ နေရာရွေ့လောက်အောင် ကိုင်လျှင် ဥဂ္ဂဟိတဒုက္ကဋ်အာပတ် သင့်၏။ [ဒုရုပစိဏ္ဏ = ဒု+ ဥပစိဏ္ဏ = မကောင်းသဖြင့် ပြုကျင့်မှု၊ ဥဂ္ဂဟိတ= ကြွချီ မြှောက်ယူမှု။]

ထို့ပြင် လူ သာမဏေတို့၏ ခွက်ထဲသို့ ရဟန်းက အကပ်ခံပြီးသော ဆွမ်းဟင်း၊ မုန့် စသည်တို့ ထည့်ပေးရာ (ဆွမ်းဟင်းလိုက်ရာ) တို့၌ လူသာမဏေတို့၏ ရှိရင်းအစာနှင့် မထိအောင် မြှောက်၍ထည့်ရမည်။ ဘာ့ကြောင့်နည်း။ လူ သာမဏေတို့၏ အစာသည် ရဟန်း၏ လက် စသည်၌ ငြိကပ် ပါလာလျှင် ထို

အစာက အကပ်မခံရသေးသဖြင့် ကပ်ပြီးအစာနှင့်ရောက ကပ်ပြီးအစာပါ အကပ်ပျက်ဘွယ်ရာ ရှိသောကြောင့်တည်း။ ထို ဒုရူပစိဏ္ဏဖြစ်သော အစာကို ထိကိုင်သော ရဟန်းတပါးသာ မစားကောင်း၊ အခြား ရဟန်းများကား စားကောင်းသေး၏။ ဥဂ္ဂဟိတကဖြစ်သော အစာကိုကား ရဟန်းအားလုံးပင် မစားကောင်းတော့ပြီ။

**သူတပါးဘို့ယူခြင်း။** ။ခရီးသွားစဉ် မိဘ သာမဏေများဘို့ အစာကိုကား အကပ်မခံဘဲလည်း ယူသွားကောင်း၏။ မိမိဘို့ ဟု ရည်ရွယ်ချက် လုံး၀ မပါ၊ မိဘ စသူတို့သာဟု မိမိစိတ်ကို စင်ကြယ်စေနိုင်လျှင် ကိုယ်တိုင်ယူခဲ့သော ထိုအစာများကို ရောက်ရာအရပ်၌ အလိုရှိက အကပ်ခံ၍ စားကောင်း၏။ထို့ထက်အကျယ်ကို ပါစိတျာဒိ အဋ္ဌကထာမှာ ရှုပါ။

## အကပ် ပျက်ကြောင်း

စွန့်။ ။အကပ်ခံအပ်ပြီးသော အစာကို မစားတော့အံ့ဟု အာလယပြတ် (ငဲ့ကွက်မှု မရှိဘဲ) စွန့်လိုက်ခြင်းကြောင့်လည်း အကပ် ပျက်၏။ ထိုသို့စွန့်ရာ၌ လက်က လွတ်မှ အကပ် ပျက်သည်။

ချ။ ။သိက္ခာ ချခြင်းကြောင့်လည်း အကပ် ပျက်၏။

ပေး။ ။သူတပါးကို ပေးခြင်းကြောင့်လည်း အကပ် ပျက်၏။ [ဤသို့ ပေးရာ၌ နှုတ်က ပေးသော်လည်း လက် မလွှတ်သေးလျှင် အကပ်မပျက်။]

လု။ ။လူ ့စသူတို့ လုယူသောကြောင့်လည်း အကပ် ပျက်၏။

မစ္စု။ ။သေခြင်းကြောင့်လည်း အကပ် ပျက်၏။

လိင်ပြန်။ ။ဘိက္ခု အဖြစ်မှ ဘိက္ခုနီအဖြစ်၊ ဘိက္ခုနီ အဖြစ်မှ ဘိက္ခု အဖြစ်သို့ လိင်ပြန်ခြင်းတို့ကြောင့်လည်း အကပ် ပျက်၏။

[**ဆောင်**] စွန့်-ချ-ပေး-လု, မစ္စု-လိင်ပြန်, ဤ ခြောက်တန်, ကပ်ခံ ပျက်ကြောင်းတည်း။

**မှတ်ချက်။** ။ဤ အကပ်ခံပျက်ရာ၌ အာဟာရကို တပါးပိုင် အာဟာရဟု မှတ်ပါ။ ၂ ပါး ၃ ပါး စသည်ဆိုင်သော စားဘွယ်၌ တပါးကစွန့်ရုံဖြင့် အကပ်မပျက်နိုင်။ ထို့ပြင် စွန့်မှ အကပ် ပျက်ရကား စားနေစဉ် လူ သာမဏေတို့ လာ၍ ကိုင်ရာ၌ (ရဟန်းက လက်ဖြင့် မထိစေကာမူ) အကပ်မပျက်။ အကပ်ခံပြီးသော သပိတ်ကို မစွန့်၊ လူ သာမဏေကို အခြားတနေရာသို့ အထားခိုင်းသော်လည်း အကပ် မပျက်။ သို့ရာတွင် လူ သာမဏေတို့ကိုယ်မှ မြူမှုန်များသည် အကပ်ခံပြီး အာဟာရ၌ ကျနေရစ်လျှင်ကား ထို မြူမှုန်အတွက် ထပ်၍ အကပ်ခံရမည်။

**အင်္ဂါ ၄ ပါး**။ ။၁–အကပ် မခံခြင်း၊ ၂–သီးခြား ခွင့်ပြုချက်မရှိခြင်း၊ ၃–မီးခိုးစသော အဗ္ဗောဟာရိက မဟုတ်ခြင်း၊ ၄–စားမျိုခြင်းများတည်း။ [၂–"ကျင်ကြီး၊ ကျင်ငယ်၊ သစ်စိမ်းပြာ၊ မြေညက်" ဤ ၄ ပါးကို မဟာဝိကတဆေးဟု ခေါ်၏။ ထိုဆေးဘက်ဝင်သော ပစ္စည်းတို့ကို မြွေကိုက်သည့်အခါ၌ ကပ်သူမရှိလျှင် အကပ်မခံဘဲစားခွင့်ပြုတော်မူ၏။ ၃–မီးခိုးများသည် နှာခေါင်းမှ ဝမ်းတိုင်အောင် ဝင်သော်လည်း အဗ္ဗောဟာရိက (အာပတ်သင့်ရန် အင်္ဂါဟု မပြောပလောက်) ဖြစ်၍ အနာပတ္တိ။]

[**ဆောင်**] ကောင်းစွာ အကပ်, မခံအပ်ငြား, သီးခြား ခွင့်ပြု, မရှိမူနှော, အဗ္ဗောဟာရိ, မဟုတ်တိလျှင်း, စားမျိုခြင်းဟု, ကြောင်းရင်း လေးလီ, အင်္ဂါညီ, သင့်ပြီ ဒန်ပေါန။

---

## လေ့ကျင့်ခန်း မေးခွန်းများ

က။ အဘယ်ကို "ပဝါရိတ်သင့်"ဟု ခေါ်သနည်း။ ထိုအင်္ဂါ ၅ ပါးကို ပြပါ။

ခ။ ပဝါရိတ် သင့်ပြီးသူသည် မည်ကဲ့သို့သော ခဲဘွယ်ဘောဇဉ်ကိုသာ စားသောက်ကောင်းသနည်း။ အတိရိတ်ဝိနည်းကံ ပြုရာ၌ အင်္ဂါ ၇ ပါးကို ပြပါ။

ဂ။ အဘယ့်ကြောင့်"ယာဝကာလိက"ဟု ခေါ်သနည်း။ ထိုယာဝကာလိက အာဟာရကို အနည်းငယ်မျှ ညွှန်ပြပါ။

ဃ။ အဘယ့်ကြောင့် "ယာမကာလိက"ဟု ခေါ်သနည်း။ အဖျော် လုပ်ရန် အသီး ၈ မျိုးနှင့် အနုလောမ အသီးတချို့ကိုလည်း ပြပါ။

င။ သတ္တာဟကာလိက အာဟာရများကို တော်တော် စုံလင်စွာပြ၍ ယာဝဇီဝိကကို သိသာရုံမျှ ထုတ်ပြပါ။

စ။ သန္နိဓိသိက္ခာပုဒ်၌ အကပ်စွန့်၊ ဝတ္ထုစွန့် ၂ ဝါဒကို ခွဲပြ၍ မည်သည့်ဝါဒကို ဆရာတို့က နှစ်သက်ကြသည် ဟုလည်း ပြပါ။

ဆ။ ကာလိကချင်းချင်း ရောရာ၌ အရှည်ကာလိက၏ အတိုကာလိကဘက်သို့ လိုက်ရပုံကို ထင်ရှားအောင် ပြပါ။

ဇ။ အကပ်ခံရာ၌ အင်္ဂါ ၅ ပါးနှင့် အကပ်ပျက်ကြောင်း ၆ ပါးကို ပြပါ။

ဈ။ တယောက်နိုင် ဝတ္ထုကို ၂ ယောက် ၃ ယောက် ကပ်မှု၊ စားပွဲခင်းက ကြမ်းမှာ ထိနေလျက် ကပ်မှု၊ ကပ်သူက ရှေးရှုဆောင်ခိုက်၌ လက်ဆိုး၍ အကပ်ခံမှုများကို အကပ်မြောက်–မမြောက် ဆုံးဖြတ်ပါ။

---

## အစေလကဝဂ်

၁။ အစေလက — ယော ပန ဘိက္ခု-သည်၊ အစေလကဿဝါ-အဝတ်မရှိသော တက္ကတွန်း အားသော်၎င်း၊ ပရိဗ္ဗာဇကဿဝါ-ပရိဗိုဇ် အားသော်၎င်း၊ ပရိဗ္ဗာဇိကာယဝါ - ပရိဗိုဇ်မ အားသော်၎င်း၊ သဟတ္ထာ-မိမိလက်ဖြင့်၊ ခါဒနီယံဝါ - ခဲဘွယ်ကိုသော်၎င်း၊ ဘောဇနီယံဝါ - ဘောဇဉ်ကိုသော်၎င်း၊ ဒဒေယျ - ပေးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁။ အစေလက။** ။အစေလကနှင့် ပရိဗိုဇ် ယောကျ်ား မိန်းမတို့သည် တိတ္ထိများချည်းသာတည်း။ ထို တိတ္ထိများအား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ကို ပေးလျှင် ပါစိတ်။ သို့ရာတွင် ဝမ်းတွင်းမျိုတို့ မဟုတ်သော ဗာဟိရလေပ (အပြင်ဘက် သုတ်လိမ်းဘို့သာ)ဖြစ်သော ဆီ စသည်ကို ပေးရာ၌ကား အနာပတ္တိ။ အဝတ်မရှိသော တိတ္ထိတမျိုးကို "နတ္ထိ စေလံ(အဝတ်)ယဿ" အရ "အစေလက"ဟု ခေါ်၏။ မြန်မာက "တက္ကတွန်း"ဟု ခေါ်သည်။

**ပရိဗ္ဗာဇက။** ။ပရိပုဗ္ဗ ဝဇဓာတ် ဏွု ပစ္စည်းဖြင့် ပရိဗ္ဗာဇက ဟု ဖြစ်၏။ ပရိ (ပရိစ္စဇိတွာ)- လူမှုကိစ္စ ဟူသမျှကို စွန့်ခွာ၍၊ ဝဇတိ-အဿမ (သိမ်းကျောင်း)သို့ သွားနေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပရိဗ္ဗာဇကော-မည်၏။ ဤ ဝိဂ္ဂဟအရ လူမှုကိစ္စကို စွန့်ခွာ၍ ကမ္မဋ္ဌာန်းကျောင်းသို့ သွားနေသော ရသေ့ ရဟန်း အမျိုးမျိုးကို ရသော်လည်း ဤသိက္ခာပုဒ်၌ သာသနာမှ အပဖြစ်သော တိတ္ထိအားလုံးကိုသာ ပရိဗ္ဗာဇက အရ ယူပါ။ ထိုတွင်လည်း အဝတ် မဝတ်သူများကို "အစေလက"ဟု သီးခြားယူပြီးဖြစ်၍ အဝတ်ဝတ်သူကိုသာ ယူပါ။

**မှတ်ချက်။** ။ယခုကာလ ဖိုးသူတော်၊ သီလရှင်များသည် သာသနာ့ပြင်ပ အယူကို ယူသူမဟုတ်ရကား ဤ ပရိဗ္ဗာဇက-ပရိဗ္ဗာဇိကာအရတွင် မပါဝင်ကြ။ သုတ်ပါထေယျ(သမ္ဗာဒနီယ)အဋ္ဌကထာ၌ပြအပ်သော "အဝတ်ဖြူဝတ်သော ရဟန်း အန္ဓယ်ဝင်များ"ဟု ယူသင့်သည်။

**အင်္ဂါ ၅ ပါး။** ။၁-တိတ္ထိဖြစ်ခြင်း၊ ၂-ပြင်ပ လိမ်းကျံရန်အတွက် ခွင့်ပြုအပ်သော ဆီ စသည် မဟုတ်ခြင်း၊ ၃-စားမျိုကောင်းသော အာဟာရဖြစ်ခြင်း၊ ၄-ချထားခိုက်မဟုတ်သော ခွက်ထဲ၌ မိမိလက်ဖြင့် စားဘို့ရာ ထည့်ခြင်း၊ အင်္ဂါ ၄ ပါးတည်း။ [တိတ္ထိရှေ့ဝယ် ချထားအပ်သောခွက်၌ ထည့်ပေးလျှင်၎င်း၊ ရဟန်းက ခဲဘွယ်ခွက်၊ ဘောဇဉ်ခွက်ကို ရှေ့၌ ချထားပြီးမှ ထို ခွက်ထဲက

၂။ ဥဃျောဇနေ ယော ပန ဘိက္ခု-သည်၊ ဘိက္ခုံ-ရဟန်းကို၊ အာဝုသော-ငါ့ရှင်၊ ဧဟိ - လိုက်ခဲ့လော၊ ဂါမံဝါ - ရွာသို့သော်၎င်း၊ နိဂမံဝါ - နိဂုံးသို့သော်၎င်း၊ ပိဏ္ဍာယ - ဆွမ်းအလို့ငှာ၊ ပဝိသိဿာမ-ဝင်ချေကြစို့၊ ဣတိ—ဤသို့ (ပြောဆို ခေါ်သွားပြီး၍)၊ တဿ - ထိုရဟန်းအား၊ ဒါပေတွာဝါ - အာမိသ တခုခုကို ပေးစေ၍သော်၎င်း၊ အဒါပေတွာဝါ-အာမိသ တခုခုကို မပေးစေဘဲသော်၎င်း၊ ဥယျောဇေယျ - ပြန်လွှတ်အံ့၊ (ကိံ - အဘယ်သို့ပြော၍ ပြန်လွှတ်သနည်း၊) အာဝုသော-ငါ့ရှင်၊ ဂစ္ဆ - သွားဘော့၊ မေ-ငါ၏၊ တယာ-

× × × × ×

ယူလော ဟု ဆို၍ ပေးလျှင်၎င်း အနာပတ္တိ။ ကစ်ါ၌ "အဇ္ဈာဟရဏီယတာ" အင်္ဂါဝယ် "အဇ္ဈာဟရဏီယံ"ဟု ပါ၌ပျက်ကို မြင်၍ အင်္ဂါ ၃ ပါးဟု စာပြင်မှားကြသည်။]

[ဆောင်] တိတ္ထိသက်သက်, ဖြစ်တုံလျက်လည်း, ခြင်းချက်ပေးမှု, ခွင့်ပြုအပ်ဘွင်, မပါဝင်သား, မျိုးစားဘို့ရာ, အစာဖြစ်ဘိ, တိတ္ထိတို့လက်, ကိုင်ထားခွက်ဝယ်, ကိုယ့်လက် ဖြစ်လျှင်း, ထည့်ပေးခြင်းဟု, ကြောင်းရင်း လေးလီ, အင်္ဂါညီ, သင့်ပြီ စေလကာ။

---

၂။ **ဥယျောဇန**။ ။ရဟန်းတပါးကို ဆွမ်းခံအတူ ခေါ်သွားပြီးနောက် မလျောက်ပတ်သောအကျင့်ကို ကျင့်လိုခြင်းကြောင့် ထိုရဟန်းကို ပြန်လွှတ်လျှင် ပါစိတ်အာပတ် သင့်၏။

**ဘိက္ခုံ ဣတိ ဥယျောဇေယျ**။ ။ဘိက္ခုံပုဒ်ကို ဣတိပုဒ် နောက်၌ ထည့်ထားအပ်သော "ပြောဆို ခေါ်သွား၍"ဟူသော အနက်နှင့် ဥယျောဇေယျပုဒ်၌စပ်။ "ရဟန်းတပါးကို ပြောဆိုခေါ်သွား၍ ပြန်လွှတ်လိုက်သည်"ဟူလို။

**ဧဟာဝုသော ပဝိသိဿာမ**။ ။ဤဝါကျကား ခေါ်မသွားမီ ပြောဆိုပုံ အခြင်းအရာကိုပြသော ဝါကျတည်း။ ဤဝါကျ၌"ဂါမံဝါ နိဂမံဝါ"တို့ကား ဝါကျ ၂ ရပ်ကို တဝါကျတည်းပြီးအောင် ပေါင်းထားအပ်သော ပုဒ်တို့တည်း။ "ဧဟာဝုသော ဂါမံ ပိဏ္ဍာယ ပဝိသိဿာမ"ဟု ၎င်း၊ "ဧဟာဝုသော နိဂမံ ပိဏ္ဍာယ ပဝိသိဿာမ" ဟု၎င်း ၂ ဝါကျ ခွဲရမည်။ "ငါ့ရှင်....လိုက်ခဲ့၊ ရွာသို့ ဆွမ်းခံဝင်ချေကြစို့"ဟု ဖြစ်စေ၊ "ငါ့ရှင်....လိုက်ခဲ့၊ နိဂုံးသို့ ဆွမ်းခံဝင်ချေကြစို့"ဟု ဖြစ်စေ တမျိုးမျိုးသာ ပြောခွင့်ရှိသည်။ "ငါ့ရှင်....လိုက်ခဲ့၊ ရွာသို့ ဖြစ်စေ၊ နိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်ချေကြစို့"ဟု ပြောလိုရင်း မဟုတ်။

**သင်နှင့်၊ သဒ္ဓိံ - အတူ၊ ကထာဝါ-စကားပြောရခြင်းသည်ငှင်း၊ နိသဇ္ဇာဝါ-ထိုင်နေရခြင်းသည်ငှင်း၊ ဖာသု-ချမ်းသာမှုသည်၊ န ဟောတိ - မဖြစ်၊ ကကာဿ - တယောက်ထည်းသော၊ မေ-ငါ၏၊ ကထာဝါ နိသဇ္ဇာဝါ ဖာသု ဟောတိ၊ ဣတိ-ဤသို့ ပြောဆို၍၊ တေ ဒေဝ - ဤမလျောက်ပတ်သော အကျင့်ကို ကျင့်လိုခြင်းကိုသာလျှင်၊ ပစ္စယံကရိတွာ - အကြောင်းပြု၍၊ အနည်း-အခြား သင့်လျော်သော အကြောင်းမရှိဘဲ၊ (ဥယျောဇေယျ-ပြန်လွှတ်အံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။**

× × × × ×

**တဿ ဒါပေတွာ၊ ပေ၊ ဥယျောဇေယျ။** ။အိမ်တအိမ် ရောက်သောအခါ ထို အဖော်ခေါ်ခဲ့သော ရဟန်းအား ခဲဘွယ် ဘောဇဉ် စသော အာမိသတခုခုကို အလှူခိုင်းပြီး၍ဖြစ်စေ၊ အလှူမခိုင်းဘဲဖြစ်စေ ပြန်လွှတ်အံ့။

**ဂန္တာဝုသော၊ပေ၊ဖာသု ဟောတိ။** ။ဤဝါကျကား ပြန်လွှတ်ခါနီးဝယ် ပြောဆိုပုံ အခြင်းအရာကိုပြသော (အာကာရ) ဝါကျတည်း။ "သင်နှင့် အတူ စကားပြောရတာလဲ မကောင်း၊ နေရတာလဲ မကောင်း၊ ငါတယောက်ထဲ ပြောဆို နေထိုင်ရတာက ကောင်းသည်" ဟူလို။

**တေဒေဝ ပစ္စယံ ကရိတွာ အနည်း။** ။တေဒေဝဥ္ဒတော၏ စွဲဘို့ရာ တိုက်ရိုက် မရှိ။ "မာတုဂါမနှင့် အတူ ရယ်မောလို၊ ကျီစယ်လို၊ ဆိတ်ကွယ်ရာ၌ နေလိုခြင်း" စသော မလျောက်ပတ်သော အကျင့်ကို စွဲရမည်။ ထို မလျောက်ပတ်သော အကျင့်ကို ကျင့်လိုမှုသည်ပင် ပြန်လွှတ်ခြင်း၏ အကြောင်းတည်း။ "၂ ပါး အတူ ဆွမ်းခံလျှင် မျှတအောင် မရပေဘူး" စသော လျောက်ပတ်သော အကြောင်း မရှိဟူလို။ [အနည်း၏ သေချာသော အနက်ကို အနုပခဇ္ဇသိက္ခာပုဒ်ကြည့်။]

**အင်္ဂါ ၃ ပါး။** ။၁-မလျော်သောအကျင့်ကို ပြုကျင့်လိုခြင်း၊ ၂-ထိုသို့ ကျင့်လိုသည့်အတွက် ရဟန်းကို ပြန်လွှတ်ခြင်း [အတူ ဆွမ်းခံရန် ခေါ်ခဲ့သော သာမဏေကို ပြန်လွှတ်ရာ၌ကား ဒုက္ကဋ်။]၊ ၃-မိမိ၏ မြင်လောက် ကြားလောက် ရာ ဥပစာကို ပြန်လွှတ်အပ်သူက လွန်ခြင်း၊ အင်္ဂါ ၃ ပါးတည်း။ [ဥပစာ ဟူရာ၌ အကွယ်အကာအတွင်းကို ဥပစာဟု ခေါ်၍ အကွယ်အကာ မရှိသော ဟင်းလင်းအပြင်၌ ၁၂ တောင်ကို "ဥပစာ"ဟု ခေါ်သည်။

**[ဆောင်]** မလျော်အကျင့်, ကျင့်လိုလင့်သား, သို့ဖြင့်ဘိက္ခု, ပြန်လွှတ်မှုနှင့်,
ဥပစာတွင်း, လွန်မြောက်ခြင်းဟု, ကြောင်းရင်း သုံးလီ, အင်္ဂါညီ,
သင့်ပြီ ဥယျောဇန။

၃။ သဘောဇနေ — ယော ပန ဘိက္ခု –သည်၊ သဘောဇနေ- သမီးခင်ပွန်း ၂ ယောက်တို့နှင့် တကွဖြစ်သော၊ ကုလေ — အိမ်၌၊ အနုပခဇ္ဇ—အိပ်ရာအနီးသို့ ကပ်ဝင်၍၊ နိသဇ္ဇံ - ထိုင်နေခြင်းကို၊ ကပ္ပေယျ- ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၄။ ရဟော ပဋိစ္ဆန္န — ယော ပန ဘိက္ခု –သည်၊ မာတုဂါမေန - မာတုဂါမနှင့်၊ သဒ္ဓိံ–တကွ၊ ရဟော-မျက်စိ၏ကွယ်ရာ၌၊ ပဋိစ္ဆန္နေ-ဖုံးကွယ်အပ်သော၊ အာသနေ - နေရာ၌၊ နိသဇ္ဇံ - ကို၊ ကပ္ပေယျ-ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [အဓိပ္ပာယ်ကို ပထမ အနိယတ သိက္ခာပုဒ်အတိုင်း သိပါ။]

၅။ ရဟော နိသဇ္ဇ — ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ - တယောက်ချင်းချင်း၊ ရဟော-နား၏ကွယ်ရာ၌၊ နိသဇ္ဇံ – ကို၊ ကပ္ပေယျ - အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [ဤအဓိပ္ပာယ်ကို ဒုတိယ အနိယတသိက္ခာပုဒ်အတိုင်း သိပါ။]

× × × × ×

**၃။ သဘောဇနေ။** ။သဘောဇနကို "သ+ဥဘောဇန"ဟု ပုဒ်ဖြတ်။ သမီးခင်ပွန်း ၂ ယောက်ကို ဥဘောဇန၊ ထို သမီးခင်ပွန်းနှင့် တကွဖြစ်သော အိမ်ကို "သဥဘောဇန၊ သဘောဇန"ဟု ခေါ်သည်။ သမီးခင်ပွန်း ၂ ယောက်တို့က အိပ်ခန်းမှာ တည်ရှိနေစဉ် ထို အိပ်ခန်းတွင်း ဝင်၍ (အိပ်ရာအနီး၌ ထိုင်လျှင်) ရဟန်းက အလိုက်မသိရာ ရောက်သောကြောင့် ပါစိတ် အာပတ်ဟု ပညတ်တော်မူသည်။ [တနည်း—သဘောဇနေ၌ ဘောဇနအရ ခံစားအပ်သော စည်းစိမ်ကို ယူ။ ယောကျ်ား၏ စည်းစိမ်သည် မိန်းမ၊ မိန်းမ၏ စည်းစိမ်ကား ယောကျ်ားတည်း။ ထို့ကြောင့် "သဘောဇနေ-စည်းစိမ်ခံစားအပ်သော မိန်းမ ယောကျ်ားနှင့်တကွ ဖြစ်သော"ဟု တနည်းဖွင့်သေး၏။]

**အင်္ဂါ ၄ ပါး။** ။၁–ရာဂ မကင်းသေးသော (အနာဂါမ် ရဟန္တာ မဖြစ်သေးသော) သမီးခင်ပွန်းတို့ ထိုအိမ်၌ တည်ရှိခြင်း၊ ၂–ထိုင်နေရာ ဌာနက အိပ်ခန်းဖြစ်ခြင်း၊ ၃–ရဟန်းအဖော် မပါခြင်း၊ ၄–ဝင်၍ ထိုင်ခြင်းတည်း။

[**ဆောင်**] ရာဂ မကင်း, ခင်ပွန်းချင်းတို့, ယင်း၌ တည်လစ်, အိပ်ခန်းဖြစ်သား, တပါးရဟန်း, ဖော်မပြွမ်းဘဲ, အိပ်ခန်းဝင်လျှင်း, ထိုင်နေခြင်းဟု ကြောင်းရင်းလေးလီ, အင်္ဂါညီ, သင့်ပြီ သဘောဇန။

၆။ စာရိတ္တ ယော ပန ဘိက္ခု-သည်၊ နိမန္တိတော - ဘောဇဉ် တပါး ပါးဖြင့် ဖိတ်မန်အပ်သည်၊ (ဟုတွာ - ၍၊) သဘတ္တော-ဘတ်ရှိသည်၊ သမာနော - ဖြစ်ပါလျက်၊ သမယာ - အခါကို၊ အညတြ-ကြဉ်၍၊ သန္တံ - ထင်ရှားရှိသော၊ ဘိက္ခုံ - ရဟန်းကို၊ အနာပုစ္ဆာ - မပန် ပြောဘဲ၊ ပုရေဘတ္တံဝါ — ထိုနိမန္တနဘတ်ကို မစားမီ ရှေ့၌သော်၎င်း၊ ပစ္ဆာဘတ္တံဝါ - ထိုနိမန္တနဘတ်ကို စားပြီးနောက်၌သော်၎င်း၊ ကုလေသု-အိမ်တို့၌၊ စာရိတ္တံ - လှည့်လည်ခြင်းရှိသူ၏အဖြစ်သို့၊ အာပဇ္ဇေယျ-ရောက်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ - ထိုအညတြ သမယာဟူသော ပါဌ်၌၊ အယံ - ဤ ဆိုအပ်လတ္တံ့ကား၊ သမယော-အခါတည်း၊ စီဝရဒါနသမယော - သင်္ကန်းလှူရာအခါ၎င်း၊ စီဝရကာရသမယော - သင်္ကန်းချုပ်ဆိုးရာအခါ၎င်း၊ အယံ တတ္ထ သမယော။

× × × × ×

**၆။ စာရိတ္တ၊** ။ဘောဇဉ် ၅ ပါးတွင် တပါးပါးဖြင့် ဖိတ်မန်အပ်သော ရဟန်းကို "နိမန္တိတ"ဟု ခေါ်၏။ ထိုဖိတ်မန်ကြောင်းဖြစ်သော ဘတ်ရှိသူကို "သဘတ္တ"ဟု ခေါ်၏။ "နက်ဖန် တပည့်တော်အိမ်သို့ ဩဒန (ထမင်း) အလှူခံကြွပါ" စသည်ဖြင့် ဖိတ်မန်ထားအပ်သော ရဟန်းသည် ထင်ရှား ရှိနေသော ရဟန်းကို မတိုင်ကြားဘဲ ထိုဘတ်ကို မစားမီ ဖြစ်စေ၊ စားပြီးနောက် မွန်းမတည့်မီဖြစ်စေ အခြားအိမ်တို့၌ လှည့်လည်သွားလာလျှင် ပါစိတ်အာပတ်သင့်၏။ သို့ရာတွင် စီဝရဒါနသမယ၊ စီဝရကာရသမယ တို့၌ကား ထင်ရှားရှိသော ရဟန်းကို မတိုင်ကြားဘဲလည်း သွားကောင်း၏။

**သန္တံ ဘိက္ခုံ၊** ။အိမ်သို့ သွားလိုစိတ် ဖြစ်သည်မှစ၍ တွေ့ရ မြင်ရသော သို့မဟုတ် ၁၂ တောင်အတွင်းမှာ ရှိသဖြင့် လှမ်း၍ တိုင်ကြားလျှင် ဖြစ်နိုင်သော ရဟန်းသည် သန္တဘိက္ခု (ထင်ရှားရှိသောရဟန်း)တည်း။ ထိုကဲ့သို့ မတွေ့မြင်ရလျှင် အသန္တဘိက္ခုဖြစ်၍ ဟိုဟိုသည်သည် လိုက်ရှာနေဘွယ် မလို။

**ပုရေဘတ္တ ပစ္ဆာဘတ္တံ။** ။ ဖိတ်ကြောင်း ဖြစ်သော ဘတ်ကို မစားမီ ကာလသည် ပုရေဘတ္တ မည်၏။ ထိုဘတ်ကို စားပြီးလျှင် နံနက် ၇ နာရီ လောက်အချိန်လည်း ပစ္ဆာဘတ္တပင်။ [ဤပစ္ဆာဘတ္တမှာ မွန်းမလွဲသေး။]

**ကုလေသု စာရိတ္တံ။** ။ကုလေသု ဆိုသော်လည်း ဘတ်ကို ဖိတ်သော အိမ်မှတပါး အခြားအိမ်ကို ယူရမည်။ ဘတ်ကို ဖိတ်ထားသော အိမ်သို့ကား ပုရေဘတ္တ (ဘတ်မစားမီ) အခါမှာပင် ကေန် သွားရလိမ့်မည်။

၇။ မဟာနာမ အဂိလာနေန - ဂိလာန မဟုတ်သော၊ ဘိက္ခုနာ- သည်၊ ပုနပ ဝါရဏာယ - **နောက်ထပ် ဖိတ်ခြင်းကို၊** **အညတြ-ကြဉ်၍ငင်း၊** နိစ္စပ ဝါရဏာယ - **အမြဲ ဖိတ်ခြင်းကို၊ အညတြ- ငင်း၊** စာတုမာသပစ္စယ ပဝါရဏာ - **လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို၊** သာဒိတဗ္ဗာ - **သာယာအပ် သာယာနိုင်၏၊** တတော - ထို **ပိုင်းခြားအပ်ရာအခါ ပိုင်းခြားအပ်သော ဆေးထက်၊** ဥတ္တရိ - **အလွန်၊** စေ သာဒယေယျ - **အကယ်၍ သာယာအံ့၊ ( အကယ်၍ တောင်းအံ့၊ )** **တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။**

× × × × ×

**အင်္ဂါ ၅ ပါး။** ။၁-ဘောဇဉ် ၅ ပါးတွင် တပါးပါးဖြင့် ဖိတ်သည်ကို သာယာခြင်း (လက်ခံခြင်း ဟူလို)၊ ၂-"တပည့်တော် မည်သူ့အိမ်သို့ သွားပါဦးအံ့"စသည်ဖြင့် ထင်ရှားရှိသော ရဟန်းထံ ခွင့်မပန်ခြင်း၊ ၃-ဘတ်ရှိရာ အိမ်မှ အခြားအိမ်သို့ ဝင်ခြင်း၊ ၄-မွန်းတည့်အချိန်ကို မလွန်သေးခြင်း (မွန်းလွဲမှ သွားလျှင်ကား ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ်နှင့်သာ ဆိုင်သည်။) ၅-စီဝရဒါနစသော သမယဖြစ်စေ၊ ရွာတွင်းသို့ အရေးတကြီး ဝင်ရလောက်အောင် ဘေးအန္တရာယ်ဖြစ်စေ မရှိခြင်း၊ ၅ ပါးတည်း။

[**ဆောင်**] ဘောဇဉ်ဖိတ်ထား, သာယာငြားတည်း, ထင်ရှားရဟန်းထံ, ခွင့်မပန်ဘဲ, ဖိတ်မန်အိမ်မှ, အခြားကြွဘိ, မွန်းမတည့်သေး, အခါဘေးတို့, ကင်းဝေးလေကုန်, အင်ငါးစုံ, သင့်တုံ စာရိတ္တ။

**၇။ မဟာနာမ။** ။[ဘုရားရှင်၏ တဝမ်းကွဲ နောင်တော် ဖြစ်သော မဟာနာမ်မင်းကိုအကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်။] သံဃာ့အတွက် ဆေးပစ္စည်းဖြင့်ဖိတ်ရာ၌ ထပ်၍ဖိတ်ခြင်းမဟုတ်လျှင်ငင်း၊ အမြဲ ဖိတ်ခြင်း မဟုတ်လျှင်ငင်း ၄ လပတ်လုံး ဖိတ်ခြင်းကို သာယာနိုင်သည်။ မကျန်းမာသော အခါ တောင်းမည်ဟု ကြံ၍ ဖိတ်သည်ကို လက်ခံခြင်းကို "သာယာခြင်း" ဟု ဆိုသည်။ ပထမအကြိမ် ဖိတ်ထားရာ လစေ့၍ နောက်ထပ် ဖိတ်လျှင်လည်း သာယာနိုင်၏။ တသက်လုံး ဖိတ်လျှင်လည်း သာယာနိုင်သည်သာ။ [ ဤ၌ "၄ လဖိတ်၊ ထပ်၍ဖိတ်၊ အမြဲဖိတ်များကို သာယာနိုင်သည်" ဟု ၃ မျိုးခွဲ၍ ဆိုထားခြင်းကို ဝတ္ထုကြောင်းအလိုက် ဆိုထားခြင်းဟု မှတ်ပါ။ အချုပ်မှာ— ဒါယကာက ဖိတ်သမျှ ကာလ၌ (၄ လမက ၅ လ စသည်၌လည်း) သာယာနိုင်သည်။ တလသာ ဖိတ်လျှင်လည်း တလ သာယာနိုင်သည်။]

၈။ ဥယျုတ္တသေနာ

ယော ပန ဘိက္ခု - သည်၊ တထာရူပပစ္စယာ-ထို့သွားဆိုက်သော သဘောရှိသော အကြောင်းကို၊ အညတြ - ကြဉ်၍၊ ဥယျုတ္တံ - မြို့ရွာမှ ထွက်ပြီးသော၊ သေနံ - စစ်တပ်ကို၊ ဒဿနာယ - ကြည့်ရှုခြင်းငှာ၊ ဂစ္ဆေယျ - သွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**တဒေဝ စေ ဥဒ္ဒိဿ သာဒယေယျ**။ ။ဒါယကာက သတ်မှတ်ထားသော ရက်ထက် ပို၍ သာယာလျှင်ဧင်း၊ ဒါယကာက "မည်မျှလောက်သောဆေး"ဟု သတ်မှတ်အပ်သော ဆေးထက် ပို၍ သာယာလျှင်ဧင်း ပါစိတ်။

**ဆက်ဦးအံ့**။ ။ဤသိက္ခာပုဒ်လာ ဖိတ်ခြင်းသည် သံဃာကိုဖိတ်ခြင်းတည်း။ ထိုသို့ သံဃာကိုဖိတ်ရာ၌ မကျန်းမာသောအခါ အလိုက်သိစွာ သင့်တော်အောင် တောင်းကြဘို့ရာ ဤ သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ သို့ရာတွင် မိမိမှာ တကယ် မကျန်းမာလျှင်ကား ဖိတ်ဘူးသော ဒါယကာထံ သွား၍ ဒါယကာ.... ဖိတ်ထားတဲ့ ရက်တော့ဖြင့် လွန်ခဲ့ပြီ၊ သို့သော် ဘုန်းကြီးမှာ ယခုမှ မည်သည့် ဆေးကို အလိုရှိနေသည်ဟု ပြော၍ တောင်းလျှင်ဧင်း၊ လုံးဝ မဖိတ်သူ့ထံကိုပင် အမှန် အသုံးဝင်နေသောဆေးကို တောင်းလျှင်ဧင်း အနာပတ္တိ။

**အင်္ဂါ ၄ ပါး**။ ။၁-သံဃာကို ဖိတ်ခြင်း၊ ၂-ဆေးကို တောင်းခြင်း၊ ၃-ဂိလာနမဟုတ်ခြင်း (ဤကဲ့သို့ သံဃာကိုဖိတ်ရာ၌ ဂိလာနမှ တောင်းကောင်းသည်၊ မိမိကို သီးခြားဖိတ်ရာ၌ကား ဂိလာန မဟုတ်သော်လည်း တောင်းကောင်း၏။)၊ ၄-ဖိတ်ထားသော လ ရက် အပိုင်းအခြားကိုဖြစ်စေ၊ ဆေးအပိုင်းအခြားကိုဖြစ်စေ လွန်ခြင်း၊ ၄ ပါးတည်း။

**[ဆောင်]** သံဃာဖိတ်မူ့, ဆေးတောင်းယူ၍, နာသူအဖြစ်, ကင်းကွာ
လစ်သား, ပိုင်းခြားအတွင်း, ကျော်လွန်ခြင်းဟု, ကြောင်းရင်း
လေးဖြာ, အင်ညီညာ, မဟာနာမ သင့်။

---

**၈။ ဥယျုတ္တသေနာ**။ ။[ဥယျုတ္တာ၌ ဥပုဗ္ဗ ယုဇဓာတ်၊ တ ပစ္စည်းတည်း။ "ဓာတူနံ အနေကတ္ထတ္တာ (ဓာတ်တို့က အနက်များစွာ ရှိသည်၏ အဖြစ်ကြောင့်)"ဟူသော ပရိဘာသာနှင့်အညီ ဤနေရာ၌ ယုဇဓာတ်သည် ဂမန အနက်ကို ဟော၏။ ဥနောက်ဖြစ်၍ ယ ဒွေးဘော်လာသည်။ ဥ = ထ၍ + ယုဇ= သွားသည်၊] စစ်တပ်သို့ သွားဆိုက်သော အကြောင်းမရှိဘဲ ဆိုင်ရာမြို့ရွာမှ ထ၍ သွားသော (ထွက်သွားသော) စစ်တပ်ကို အကြည့်အရှုသွားလျှင် ပါစိတ်။

**၉။ သေနာ၀ါသ** စ - ဆက်ဦးအံ့၊ တဿ ဘိက္ခုနော - ထိုရဟန်း၏၊ သေနံ - စစ်တပ်သို့၊ ဂမနာယ - သွားဘို့ရာ၊ ကောစိ ဒေ၀ - တစုံတခုသော်လျှင်ဖြစ်သော၊ ပစ္စယော - အကြောင်းသည်၊သိယာ- အကယ်၍ရှိအံ့၊ **တေန ဘိက္ခုနာ**–ထိုရဟန်းသည်၊ ဒိရတ္တ တိရတ္တံ ၂ ညဉ့် ၃ ညဉ့်ပတ်လုံး၊ **သေနာယ** - စစ်တပ်၌၊ ၀သိတဗ္ဗံ - **နေနိုင်၏**၊ တတော– ထို ၂ ညဉ့် ၃ ညဉ့်ထက်၊ ဥတ္တရိ – အလွန်၊ စေ ၀သေယျ - အကယ်၍ နေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ **ဟောတိ**။

× × × × ×

**သွားထိုက်သောအကြောင်း။** ။ထိုစစ်တပ်၌ ဆွေမျိုးတယောက်ယောက် မကျန်းမာနေ၍ ထိုသူ့ကို ကြည့်ရှုရန် သွားခြင်း စသည်တည်း။ ထိုသို့သော အကြောင်းရှိ၍ သွားရာ၌ အနာပတ္တိ။ "သေနာ"ဟူသည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် ၄ မျိုးပေါင်းတည်း။ အင်္ဂါ ၄ ပါးတွင် ပါ၀င်သော ဆင်တပ်ကိုချည်းဖြစ်စေ၊ ဆင်တစီးကိုသာဖြစ်စေ အကြည့်သွားရာ၌ ဒုက္ကဋ်။

**အင်္ဂါ ၄ ပါး။** ။၁–ဥယျုတ္တသေနာဖြစ်ခြင်း၊ ၂–ကြည့်ရှုရန်သွားခြင်း၊ ၃–ခွင့်ပြုရာအရပ်မှ အခြားအရပ်၌ ကြည့်ခြင်း [မိမိနေရာသို့ လာလျှင်ငင်း၊ ခရီးရင်ဆိုင် တွေ့လျှင်ငင်း ကြည့်နိုင်သည်ဟု ခွင့်ပြုချက်ရှိသည်။] ထိုအရပ်မှ အခြားအရပ်၌ကြည့်လျှင်၊ ၄–အကြောင်းနှင့် ဘေးရန်မရှိခြင်းတည်း။ဘေးရန် ရှိလျှင် စစ်တပ်သို့ ၀င်ပြေးနိုင်သည်။

[**ဆောင်**] စစ်တပ်ထွက်ငြား, ကြည့်ရှုသွားနှင့်, ခွင့်မပြုအပ်, ကြည့်လတ်ငင်း, အကြောင်းမဲ့လျှင်း, ဘေးရန်ကင်းဟု, ကြောင်းရင်း လေးဖြာ အင်ညီညာ, သေနာဥယျုတ်သင့်။

---

**၉။ သေနာ၀ါသ သိက္ခာပုဒ်။** ။ဥယျုတ္တသေနာသိက္ခာပုဒ်၏ ခွင့်ပြုချက် အရ ဆွေမျိုး၏ မကျန်းမမာခြင်းစသော အကြောင်းရှိ၍ စစ်တပ်သို့သွားရလျှင် အလွန်ဆုံး ၃ ညဉ့်သာ နေနိုင်သည်။ အကြောင်းထူးမရှိဘဲ ၃ ညဉ့်ထက် ပို၍ နေလျှင် ပါစိတ်။

**အနာပတ္တိ။** ။မိမိကိုယ်တိုင်က မကျန်းမာနေသောကြောင့်ဖြစ်စေ၊ မကျန်း မာသူ၏ ကိစ္စကြောင့်ဖြစ်စေ၊ မိမိနေရာ စစ်တပ်ကို အခြားစစ်တပ်က ပိတ်ဆို့ ထားသဖြင့် မထွက်နိုင်သောကြောင့်ဖြစ်စေ၊ တစုံတယောက် (ရန်သူ) စသည်က မသွားရအောင် နှောင့်ယှက်ထားသောကြောင့်ဖြစ်စေ၊ ဘေးရန်ကြောင့်ဖြစ်စေ ၃ ညဉ့်ထက်ပို၍ နေရလျှင် အနာပတ္တိ။

၁၀။ ဥယျောဓိက — ဘိက္ခု - ရဟန်းသည်၊ ဒိရတ္တ တိရတ္တံ - ၂ ညဉ့် ၃ ညဉ့်ပတ်လုံး၊ သေနာယ - စစ်တပ်၌၊ ဝသမာနော-နေစဉ်၊ ဥယျောဓိကံဝါ—စစ်ပွဲသို့သော်၎င်း၊ ဗလဂ္ဂံဝါ-စစ်သည်အစုကို ရေတွက်ရာသို့သော်၎င်း၊ သေနာဗျူဟံဝါ - စစ်ဆင်ရာသို့သော်၎င်း၊ အနီကဒဿနံဝါ - ဆင်တပ် မြင်းတပ် စသည်ကို ကြည့်ရှုရာသို့သော်၎င်း၊ စေ ဂစ္ဆေယျ-အကယ်၍ သွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

**ပဉ္စမော - သော၊ အစေလကဝဂ္ဂေါ - တည်း။**

× × × × ×

**အင်္ဂါ ၃ ပါး။** ။၁–သုံးညဉ့်လွန်ခြင်း (ဒိရတ္တ တိရတ္တံ၌ ဒိရတ္တအတွက် အဓိပ္ပာယ် အထူးမရှိ၊ ဝါစာသိလိဋ္ဌသာတည်း။)၊ ၂–စစ်တပ်၌ နေဝင်စေခြင်း (၄ ရက်နေ့အချိန်ကို စစ်တပ်အတွင်းမှာပင် ကုန်လွန်စေ၍ နေဝင်သွားလျှင် ၄ ရက်မြောက်ညဉ့်ကို စစ်တပ်မှာနေသည်မည်၏။)၊ ၃–မကျန်းမာမှုစသည် မရှိခြင်း၊ ၃ ပါးတည်း။ [ဝါစာသိလိဋ္ဌအပြင် "၂ ညဉ့်၏ တဆက်တည်းဖြစ်သော ၃ ညဉ့်ကို ယူစေလို၍ ဒိရတ္တဟု ဝိသေသနပြုသည်"ဟု သော်လည်း ကြံပါ။]

**[ဆောင်]** သုံးညဉ့်လွန်လတ်၊ စစ်တပ်၌တွင်၊ နေဝင်စေကာ၊ မကျန်းမာခြင်း၊ စသည်ကင်း ဟု၊ ကြောင်းရင်း သုံးဖြာ၊ အင်ညီညာ၊ သေနာဝါသ သင့်။

---

**၁၀။ ဥယျောဓိက။** ။ သေနာဝါသ သိက္ခာပုဒ်အရ နေသင့်သော အကြောင်းရှိ၍ ၂ ညဉ့် ၃ ညဉ့်မျှ စစ်တပ်၌နေစဉ် ဥယျောဓိကစသည်သို့ အကြည့်အရှုသွားလျှင် ပါစိတ်အာပတ်။

**ဥယျောဓိကံ။** ။ဧတ္ထ — ဤစစ်ပွဲ၌၊ ဥဂ္ဂန္တွာ ဥဂ္ဂန္တွာ — နိုင်သည့်ဘက်က တိုးတက်၍ တိုးတက်၍၊ ယုဇ္ဈန္တိ – တိုက်ခိုက်ကြကုန်၏၊ ဣတိ – ထို့ကြောင့်၊ တံ–ထိုစစ်ပွဲသည်၊ ဥယျောဓိကံ–မည်၏။ ဤဝိဂ္ဂဟအရ စစ်ပွဲကို ဥယျောဓိက ဟု ခေါ်သည်။

**ဗလဂ္ဂံ။** ။ ဗလဿ–စစ်သည်ဗိုလ်ပါ၏+အဂ္ဂံ–အတို့အစုသည်၊ ဗလဂ္ဂံ–မည်၏၊ "ဗလဂ္ဂံ ဇာနန္တိ ဧတ္ထ" အရ "ဆင် မည်မျှရှိ၏၊ မြင်း မည်မျှရှိ၏" စသည်ဖြင့် စစ်တပ်ကို အုပ်ချုပ်သူတို့က စစ်သည်စုကို သိရာ (ရေတွက်ရာ) အရပ်ကို "ဗလဂ္ဂ"ဟု ခေါ်သည်။

**သေနာဗျူဟံ**။ ။သေနာယ–စစ်တပ်၏၊ ဗျူဟော–စစ်တိုက်ရန် စုဝေးရာအရပ်တည်း၊ သေနာဗျူဟော–စစ်တပ်၏စုဝေးရာအရပ်။ "ဤနေရာ၌ ဆင်တပ်နေစေ၊ ဤနေရာ၌ မြင်းတပ် နေစေ၊ ဤနေရာ၌ ရထားတပ်၊ ခြေလျင်တပ်နေစေ"စသည်ဖြင့် စစ်တိုက်ဘို့ရန် သူ့နေရာနှင့်သူ စုဝေးချထားခြင်း (စစ်ဆင်ခြင်း)ကို "သေနာဗျူဟ"ဟု ခေါ်၏။

**ဗျူဟ၏ အနက်**။ ။ဗျူဟ သဒ္ဒါသည် သမူဟ (အပေါင်း) နိမ္မာဏ (ဖန်ဆင်းခြင်း) သမ္မာတက္က (ကောင်းစွာကြံခြင်း) ဒေဟ (ကိုယ်) သေန္ဒ (စစ်သည်အပေါင်း) သေနာသန္နိဝေသန ဝိသေသ (စစ်တိုက်ဘို့ရန် စစ်တပ်၏စုဝေးတည်နေပုံအထူး)ဟု အနက်များစွာရှိ၏။ ဤနေရာ၌ နောက်ဆုံးအနက်သာ သင့်လျော်သည်။

**အနီကဒဿနံ**။ ။ အနီက သဒ္ဒါသည် ဆင်တပ်၊ မြင်းတပ် စသောအပေါင်းကို ဟော၏။ "အန–ဇီဝနေ"ဟူသော ဓာတ်ဖြင့် "အနတိ ဇီဝတိ အနေနာတိ အနီကံ"ဟု ပြု၏။ ဤကန်ပစ္စည်းဟု ထောမနိဓိဆို၏။ ထိုအနီကကို ကြည့်ရှုခြင်းကို "အနီကဒဿန"ဟု ဆိုသည်။

**စစ်တပ်ဖွဲ့ပုံ**။ ။ စစ်သား ၁၂ ယောက်စီးပါသော ဆင် ၃ စီးသည် ဟတ္ထာနီက(ဆင်တပ်)မည်၏။ စစ်သား ၃ ယောက်စီးပါသော မြင်း ၃ စီးသည် ဟယာနီက(မြင်းတပ်)မည်၏။ စစ်သား ၄ ယောက်စီးပါသော ရထား ၃ စီးသည် ရထာနီက (ရထားတပ်)မည်၏။ လက်နက်ကိုင်စစ်သား ၄ ယောက်သည် ပတ္တာနီက (ခြေလျင်တပ်)မည်၏။ ဤ အရေအတွက်ကား အနည်းဆုံး စစ်တပ်တဖွဲ့၏ အရေအတွက်တည်း။ ဤ စစ်တပ် ၄ မျိုး အပေါင်းကိုမှ "သေနာ"ဟု ခေါ်သည်။

**အင်္ဂါ ၃ ပါး**။ ။ ၁–ဉယျောဓိက စသည်ကို ကြည့်ရှုရန် သွားခြင်း၊ ၂ – ခွင့်ပြုရာအရပ်မှတပါး အခြားအရပ်ကို ကြည့်ရှုခြင်း၊ ၃–သွားသင့်သောအကြောင်း၊ သို့မဟုတ် ဘေးရန်မရှိခြင်း၊ ၃ ပါးတည်း။ [၂-၃–အကျယ်ကို ဉယျုတ္တသေနာ အင်္ဂါအတိုင်း ယူပါ။]

[**ဆောင်**] စစ်တိုက်ရာ ဟု, စစ်သည် စုကို, ကြည့်ရှု သွားနှင့်, ခွင့်မပြု
အရပ်, ကြည့်လတ်ငင်း, အကြောင်းမဲ့လျှင်း, ရန်ဘေးကင်း
ဟု, ကြောင်းရင်းသဘော, သုံးပါးနှော, ဉယျောဓိကသင့်။

## သုရာပါနဝဂ်

၁။ သုရာပါန — (ဘိက္ခုနော—၏၊) သုရာမေရယပါနေ – သေရည် အရက်ကို သောက်ခြင်းကြောင့်၊ ပါစိတ္တိယံ - ပါစိတ် အာပတ်သည်၊ ဟောတိ-ဖြစ်၏။

၂။ အင်္ဂုလိ ပတောဒက — (ဘိက္ခုနော–ရဟန်း၏၊) အင်္ဂုလိ ပတောဒကေ -လက်ချောင်းထိုးခြင်းဟူသော ကစားခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁။ သုရာပါန။** ။သေရည် ငါးမျိုး၊ အရက် ငါးမျိုးရှိ၏။ ထိုတွင် ဆန်မှုန့်ကို လုပ်အပ်သော-ပိဋ္ဌသုရာ၊ မုန့်ကို လုပ်အပ်သော-ပူပသုရာ၊ ထမင်းကို လုပ်အပ်သော-ဩဒနသုရာ၊ "တဆေးမှုန့်" ခေါ် သေရည်ဖြစ်ရန် မျိုးစေ့ကို ထည့်ခတ်၍ လုပ်အပ်သော-ကိဏ္ဏပက္ခိတ္တသုရာ၊ ဖန်ခါးသီး၊ မုန်ညင်းစေ့ စသော အဆောက်အဦးကို ရောစပ်၍ လုပ်အပ်သော – သမ္ဘာရသံယုတ္တသုရာတို့ကား သေရည် ငါးမျိုးတည်း။

**အရက်။** ။သစ်မည်စည်ပွင့်၊ ထန်းပွင့်၊ အုန်းပွင့် စသော ပန်းပွင့်တို့ကို ကြာမြင့်စွာ စိမ်အပ်သော–ပုပ္ဖါသဝ၊ အသီးစိမ်ရည် ဟူသော – ဖလာသဝ၊ "မုဒရက်"ခေါ် သဗျက်သီးစိမ်ရည် ဟူသော မဓွာသဝ၊ ကြံရည်၊ ထန်းရည်ကို စိမ်အပ်သော–ဂုဠာသဝ၊ ဖန်ခါးသီး စသော အဆောက်အဦး အမျိုးမျိုးတို့၏ စိမ်ရည်ဟူသော–သမ္ဘာရသံယုတ္တာသဝတို့ကား အရက် ငါးမျိုးတည်း။

**အင်္ဂါ ၂ ပါး။** ။၁–သေရည်အရက်ဖြစ်ခြင်း၊ ၂–သောက်ခြင်းအားဖြင့် အင်္ဂါ ၂ ပါးသာ။ ထို သေရည်အရက်ကို ဟင်း၌ အနံ့ကောင်းရုံမျှ အနည်းငယ် ထည့်ခတ်ရာ၌ အနာပတ္တိဟု မိန့်ရကား.,..အချို့သော ဆေးရည်များ၌လည်း အခိုးပြင်းရုံမျှ သေရည်အရက်နံ့ မသိမသာ ပါနေလျှင် အာပတ်သင့်ဘွယ် မရှိ။ သေရည်အနံ့ အရသာ ထင်ရှားနေလျှင်ကား အာပတ်ပင်တည်း။

[ဆောင်] မဇ္ဇဖြစ်ငြား, သောက်မျိုအားဖြင့်, ၂ ပါး အင်္ဂါ, ပြည့်စုံစွာ, သုရာပါန သင့်။

---

**၂။ အင်္ဂုလိပတောဒက။** ။[အင်္ဂုလိ = လက်ချောင်း + ပတောဒက = ထိုးခြင်း။] လက်ချောင်းတို့ဖြင့် လက်ကတီး (ချိုင်း) စသည်ကို ကလိထိုး၍ ကစားခြင်းတည်း။ ကိုယ်ဖြင့် ထိပါး၍ ကစားခြင်း ဟူသမျှလည်း ပါဝင်သည်။

၃။ ဟာသဓမ္မ (ဘိက္ခုနော—ရဟန်း၏) ဥဒကေ - ဖမျက်မြုပ်လောက်သော ရေ၌၊ ဟာသဓမ္မေ - ရယ်မြူးခြင်းသဘောရှိသော ကစားခြင်းကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ - ဖြစ်၏။

၄။ အနာဒရိယ (ဘိက္ခုနော - ရဟန်း၏) အနာဒရိယေ - ပုဂ္ဂလဓမ္မကို မရိုမသေ မလေးစားခြင်းကြောင့်ပါစိတ္တိယံ—သည်၊ ဟောတိ—၏။

× × × × ×

**အင်္ဂါ ၂ ပါး။** ။၁-ရယ်မြူးလို (ကစားလို)ခြင်း၊ ၂-ရဟန်းချင်း၏ ကိုယ်ချင်း (လက်ပါ) သုံးသပ်ခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။ [ကိုယ်ချင်းမဟုတ်ဘဲ ကိုယ်နှင့်စပ်နေသော ဒုတ် စသည်ဖြင့် တို့၍ ကစားလျှင် ဒုက္ကဋ်သင့်၏။ လူ သာမဏေ ဘိက္ခုနီတို့အား ကိုယ် လက်ဖြင့် ဖြစ်စေ၊ ဒုတ်ဖြင့် ဖြစ်စေ တို့၍ ကစားရာ၌လည်း ဒုက္ကဋ်ပင်။]

**[ဆောင်]** ကစားလိုလျှင်း ရဟန်းချင်း၏, ကိုယ်ချင်းထိမှု, အင် နှစ်ခု, အင်္ဂုပတော သင့်။

---

**၃။ ဟာသဓမ္မ။** ။ဖမျက် (ခြေမျက်စိ) မြုပ်လောက်သော မြစ် ချောင်း ရေကန်တို့၌ ရှိသော ရေဝယ် ငုပ်ခြင်း ပေါ်ခြင်း ကူးခြင်းတို့ကို ပျော်မြူးလို၍ ပြုလျှင် ပါစိတ်။ လှေဖြင့် ကစားလျှင်ငှင်း၊ အိုးခွက်တို့၌ ထည့်ထားသောရေကိုဖြစ်စေ၊ ကစည်ရည်ကို ဖြစ်စေ၊ တစက်လောက်မျှ မြှောက်၍ ကစားလျှင်ငှင်း ဒုက္ကဋ်။ မကျွန်းမာ၍ဖြစ်စေ၊ တဘက်ကမ်းသို့ သွားလို၍ဖြစ်စေ ကူးရာ၌ အနာပတ်။ ၁-ဖမျက်မြုပ်လောက်သောရေ ဖြစ်ခြင်း၊ ၂-ပျော်မြူးလို၍ ကစားခြင်း အားဖြင့် အင်္ဂါ ၂ ပါးတည်း။

**[ဆောင်]** ဖမျက်ရေတွင်း, ကစားခြင်းမျှ, အင်နှစ်ဝ, ဟာသဓမ္မ သင့်။

---

**၄။ အနာဒရိယ။** ။"နတ္ထိ အာဒရော ယဿာတိ အနာဒရော၊ အနာဒရဿ+ဘာဝေါ အနာဒရိယံ"အရ ရိုသေလေးစားခြင်းမရှိသူ၏ အဖြစ်ဟူသော မရိုသေ မလေးစားခြင်း ကြိယာကို "အနာဒရိယ"ဟု ခေါ်သည်။

**မရိုသေခြင်း ၂ မျိုး။** ။ထို မရိုသေခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း၊ ပါဠိ အဋ္ဌကထာဓမ္မကို မရိုသေခြင်းအားဖြင့် ၂ မျိုး ပြား၏။ ထိုတွင် မသင့်မတော် ပြုလုပ်နေသော ရဟန်းကို အခြားရဟန်းက ဝိနည်းလမ်းကြောင်းဖြင့်

၅။ ဘိံသာပန — ယော ပန ဘိက္ခု-သည်၊ ဘိက္ခုံ-ရဟန်းကို၊ ဘိံသာပေယျ-ကြောက်စေအံ့၊ ဝါ- ခြောက်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ပြောလျှင်"မင်းပြောတာကို ငါက လိုက်နာရမှာတဲ့လား"ဟူသော သဘောဖြင့် နားမထောင်ဘဲ ပြုမြဲ ပြု၏။ ထို နားမထောင်ခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း (မလေးစားခြင်း၊ ဂရုမစိုက်ခြင်း) တည်း။ ဝိနည်း သိက္ခာပုဒ် ဟူသော ဓမ္မဖြင့် ပြောဆိုလျှင် ထို ဝိနယဓမ္မကိုပင် ကွယ်ပျောက်စေလို၊ ပျက်ပြယ် စေလိုသော သဘောဖြင့် ပြုမြဲ ပြု၏။ထိုသို့ ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဝိနယဓမ္မကိုဖြစ်စေ မရိုသေခြင်း၊ အရေးမစိုက်ခြင်းကြောင့် ပါစိတ်။

**အင်္ဂါ ၂ ပါး။** ။၁-ရဟန်းက ဝိနည်းပညတ်ဖြင့်ပြောဆိုခြင်း၊ ၂-မလေးမစား ပြုခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။ ရဟန်းက ထို ဝိနည်းပညတ်မှတပါး သုတ် အဘိဓမ္မာလာ တရားတော်ဖြင့် ဆိုဆုံးမသည်ကို မလေးစားရာ၌ဒုက္ကဋ်၊ လူ သာမဏေတို့က ဝိနည်းဖြင့်ဖြစ်စေ၊ အခြားတရားဖြင့်ဖြစ်စေ ပြောဆိုသည်ကို မလေးမစား လုပ်ရာ၌ဒုက္ကဋ်။

[ဆောင်] ရဟန်းချင်းက, ဝိနယဖြင့်, ဆုံးမသည်ကို, မရိုသေစွာ,
အင် ၂ ဖြာ, အနာဒရိယ သင့်။

---

၅။ **ဘိံသာပန။** ။[ဘိသိဓာတ် ဏာပေပစ္စည်း၊ ယုပစ္စည်း၊ ဘိဠ္ဌ ဣကို ဒီဃပြု၍ ဘီသာပနဟု ဖြစ်၏။ သဒ္ဒနီတိ၌ နိဂ္ဂဟိတ်လာ၍ ဘိံသာပနဟု ရှိသည်။ သဒ္ဒါနက်အားဖြင့် "ကြောက်စေခြင်း"ဟု ထွက်၏။ အဓိပ္ပာယ်မှာ-ခြောက်လှန့်ခြင်းပင်တည်း။] ရဟန်း အချင်းချင်း ကြောက်ဘွယ်ကောင်းသော အဆင်း အသံကို ပြ၍ (ပြုလုပ်၍) ကြောက်အောင် ခြောက်လျှင် အခြောက် ခံရသူ ကြောက်ကြောက်-မကြောက်ကြောက် ပါစိတ်။

**အင်္ဂါ ၂ ပါး။** ။၁-ရဟန်းဖြစ်ခြင်း၊ ၂- ထိုရဟန်း၏ မြင်လောက်ရာ ကြားလောက်ရာ အရပ်၌ ခြောက်လှန့်ဘို့ရာ အားထုတ်ခြင်း အားဖြင့် အင်္ဂါ ၂ ပါးတည်း။ လူသာမဏေကို ခြောက်လှန့်လျှင် ဒုက္ကဋ်။

[ဆောင်] ရဟန်းဖြစ်ခြင်း, ခြောက်လှန့်ခြင်းပါ, အင် ၂ ဖြာ,
ဘိံသာပန သင့်။

---

၆။ ဇောတိ ယော ပန ဘိက္ခု-သည်၊ အဂိလာနော - ဂိလာနမဟုတ်ဘဲ၊ ဝိသိဗ္ဗနာပေက္ခော - လှုံခြင်းကို ရှုငဲ့သည်၊ (လှုံလိုသည်၊) (ဟုတွာ-၍၊) တထာရူပပစ္စယာ - ထို မီးတောက်စေထိုက်သော သဘောရှိသော အကြောင်းကို၊ အညတြ- ၍၊ ဇောတိံ - မီးကို၊ သမာဒဟေယျဝါ - ကိုယ်တိုင်မူလည်း တောက်စေအံ့၊ သမာဒဟာပေယျဝါ— သူတပါးကိုမူလည်း တောက်ပါစေဟု စေခိုင်းအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၇။ နှာန သိက္ခာပုဒ် ယော ပန ဘိက္ခု-သည်၊ သမယာ-ရေချိုးသင့်ရာ အခါကို၊ အညတြ-၍၊ အဍ္ဍမာသံ-တလထက်ဝက် ဆယ့်ငါးရက်၏၊ ဩရေန - အတွင်း၌၊ နှာယေယျ - ရေချိုးအံ့၊ တဿ

× × × × ×

၆။ ဇောတိ။ ။မီးထွန်းခြင်း၊ သပိတ်ဖုတ်ခြင်း စသော အကြောင်းကို "တထာ ရူပပစ္စယ"ဟု ခေါ်၏။ ထိုကဲ့သို့ အကြောင်းမျိုး မရှိဘဲ၊ ဂိလာနလည်း မဟုတ်ဘဲ သက်သက် မီးလှုံလို၍ မီးမွှေးလျှင်ငှင်း၊ လူ သာမဏေတို့ မွှေးပြီး သားကို တောက်အောင် မှုတ်လျှင် ထင်းထည့်ပေးလျှင်ငှင်း၊ မီးလှုံဘို့ရန် လူ သာမဏေကို မီးမွှေး မီးထည့်ခိုင်းလျှင်ငှင်း ပါစိတ်။ [ဤ၌ "မီးသိစမ်း" စသော ကပ္ပိယဝေါဟာရဖြင့် ခိုင်းကောင်းသည်ဟု အဆိုမရှိ။]

အင်္ဂါ ၄ ပါး။ ။၁- ဂိလာန မဟုတ်ခြင်း [မီးမလှုံရလျှင် မသက်သာ နိုင်အောင် မကျန်းမာသူကို "ဂိလာန"ဟု ဆိုလိုသည်။]၊ ၂- ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ ၃—လှုံလိုခြင်း [ရေနွေးတည်ရန်၊ ဆွမ်းချက်ရန် စသည် အတွက် ရဟန်းက မီးမွှေးပေးလျှင်လည်း တထာရူပပစ္စယတွင် ပါဝင်၍ အနာ ပတ္တိ။ သို့သော် မီးမွှေးသောနေရာက ဇာတပထဝီ (မြေသား) မဟုတ်မှ ပထဝီ ခဏန အပြစ်လွတ်မည်။]၊ ၄- မီးတောက်စေခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။ [လူ သာမဏေတို့ မွှေးပြီးမီးကို လှုံရာ၌ အနာပတ္တိ။]

[ဆောင်] မကျန်းမာသူ, မဟုတ်မှုနှင့်, ခွင့်ပြုအပ်တောင်း, အကြောင်း မကြုံ, မီးလှုံလိုခြင်း, တောက်စေခြင်းဟု, ကြောင်းရင်းလေးရှိ, အင်္ဂါပြည့်, ဇောတိပါစိတ်သင့်။

---

၇။ နှာန သိက္ခာပုဒ်။ ။"ဩရေနဍ္ဍမာသံ" အရ ၁၅ ရက်အတွင်း ဟူသည် ၁၅ ရက် မပြည့်ခင်တည်း။ ၁၅ ရက်ပြည့်မှ တကြိမ်သာ ရေချိုးခွင့် ရသည်။ ၁၅ ရက်မပြည့်ခင် ရေချိုးလျှင် ပါစိတ်။ သို့ရာတွင် ဥဏှသမယစသော

ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ - ထို အညတြသမယာ ဟူသော ပါဌ်၌၊ အယံ-ဤ ဆိုအပ်လတ့်ကား၊ သမယော-အခါတည်း၊ ဂိမှာနံ-နွေလတို့၏၊ သေသော-ကြွင်းကျန်သော၊ ဒိယဍ္ဎောမာသော - တလခွဲ ရှင်း၊ ဝဿာနဿ - မိုးဥတု၏၊ ပဌမော - ရှေးဦးစွာသော၊ မာသော-တလရှင်း၊ ဣတိ-ဤသို့၊ ဒွေ အဍ္ဎတေယျမာသာ-ဤ ၂ လခွဲ ဟူကုန်သော၊ ဥဏှသမယော - ပူရာအခါရှင်း၊ ပရိဠာဟသမယော - အိုက်ရာအခါရှင်း၊ ဂိလာနသမယော-မကျန်းမာရာအခါရှင်း၊ ကမ္မသမယော - အလုပ်လုပ်ရာ အခါရှင်း၊ အဒ္ဓါနဂမနသမယော - အဓွန့်ရှည်သောခရီးကို သွားရာအခါရှင်း၊ ဝါတဝုဋ္ဌိသမယော - လေ မိုး ကျရာ အခါရှင်း၊ အယံ-ဤ ဆိုအပ်ပြီးကား၊ တတ္ထ - ထို အညတြသမယာ ဟူသော ပါဌ်၌၊ သမယော-အခါတည်း။

× × × × ×

သီးခြားခွင့်ပြုအပ်သောအခါများ၌ကား ၁၅ရက်မပြည့်သော်လည်း ရေချိုးခွင့်ရ၏။ [ဤ သိက္ခာပုဒ်သည် မဇ္ဈိမဒေသ အိန္ဒိယနယ်ဟူသော တစိတ်တပိုင်းအရပ်၌ ပညတ်အပ်သော ပဒေသပညတ်တည်း။ ထို့ကြောင့် မြန်မာနိုင်ငံစသော ပစ္စန္တရာဇ်၌ အခါမရွေး ရေချိုးနိုင်သည်။]

**ဒိယဍ္ဎောမာသော၊ ပေ၊ ပရိဠာဟ သမယော။** ။နွေလတို့တွင် နောက်ဆုံး တလခွဲဟူသည် (မြန်မာအခေါ် အားဖြင့်) နယုန်လဆန်း ၁ ရက်မှ ဝါဆိုလပြည့် အထိတည်း။ ဤ တလခွဲသည် ဥဏှသမယ မည်၏။ မိုးဥတု၏ ပထမ တလဟူသည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ ဝါခေါင်လပြည့်အထိတည်း။ ဤတလသည် ပရိဠာဟသမယ မည်၏။ "ဣစ္စေတေ အဍ္ဎတေယျမာသာကို ဥဏှသမယော၊ ပရိဠာဟသမယောတို့၏ ဝိသေသနပုဒ်" ဟု မှတ်ပါ။ [မိုးနှင့်လုံးလုံးဝေးသည့်အခါ ပူ၏။ မိုးရွာခါနီးသောအခါ အိုက်၏။ ဤသို့ ဥဏှသမယနှင့် ပရိဠာဟသမယတို့ မတူကြပုံကို သတိပြုပါ။]

**ဂိလာနသမယ စသည်။** ။ဂိလာနသမယ ဟူသည် ရေချိုးမှ ရောဂါ သက်သာမည့် အခါတည်း။ ကမ္မသမယ ဟူရာ၌ ကျောင်းဝင်းအတွင်း တံမြက်လှည်းမှုများလည်း ကမ္မအရတွင် ပါဝင်နိုင်သည်။ အဒ္ဓါနဂမနသမယဟူသည် အနည်းဆုံး တယူဇနာဝက်ခရီး သွားရာအခါတည်း။ ထိုအခါ၌ သွားတုန်းလည်း ရေချိုးနိုင်၊ လိုရာအရပ်သို့ ရောက်လျှင်လည်း ချိုးနိုင်ပါသည်။ ဝါတဝုဋ္ဌိသမယဟူသည် မြူမှုန်နှင့်တကွ လေလာ၍ မိုးလည်း တဖြောက်ဖြောက်နှင့်

၈။ ဒုဗ္ဗဏ္ဏကရဏာ

နဝံ စီဝရလာဘေန - အသစ်သင်္ကန်းကို ရသော၊ ဘိက္ခုနာ - ရဟန်းသည်၊ တိဏ္ဏံ-၃မျိုးကုန်သော၊ ဒုဗ္ဗဏ္ဏကရဏာနံ - ပျက်သောအဆင်းရှိအောင် ပြုတတ်သော ကပ္ပဗိန္ဒု တို့တွင်၊ အညတရံ - တမျိုးမျိုးသော၊ နီလံဝါ - စိမ်းညိုရောင်ရှိသည် မှုလည်း ဖြစ်သော၊ ကဒ္ဒမံဝါ - ရွှံ့ညွန်ရောင် ရှိသည်မှုလည်း ဖြစ်သော၊ ကာဠသာမံဝါ - မည်းညိုရောင် ရှိသည်မှုလည်း ဖြစ်သော၊ ဒုဗ္ဗဏ္ဏကရဏံ- ပျက်သော အဆင်းရှိအောင် ပြုတတ်သော ကပ္ပဗိန္ဒုကို၊ အာဒါတဗ္ဗံ - ယူရာ၏၊ ဝါ-ယူရမည်၊ ဘိက္ခု-ရဟန်းသည်၊ တိ ံ - ကုန်သော၊ ဒုဗ္ဗဏ္ဏ

× × × × ×

ကိုယ်ပေါ်မှ ကျရာအခါတည်း။ ထိုအခါ၌ ကိုယ်မှာ မြူမှုန်ကပ်နေသည့်အပြင် ကိုယ်ကို မိုးပေါက် မှန်ထားသဖြင့် ရေချိုးမှသာ စင်ကြယ်နိုင်မည်။

**အင်္ဂါ ၃ ပါး**။ ။၁-မဇ္ဈိမဒေသဖြစ်ခြင်း၊ ၂-၁၅ ရက်မပြည့်မီ ရေချိုးခြင်း၊ ၃-ခွင့်ပြုထားရာအခါ၊ မြစ်တဘက်သို့ သွားရာအခါ၊ ဘေးအန္တရာယ် ရှိရာ အခါ မဟုတ်ခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။

[**ဆောင်**] တိုင်း မဇ္ဈိမ, ဒေသဖြစ်ငြား, ဆယ့်ငါးရက်လည်, မပြည့်မီချိုး, ခါမျိုးမကြုံ, အင်သုံးစုံ, မှတ်တုံ နှာနသင့်။

---

၈။ **ဒုဗ္ဗဏ္ဏကရဏာ**။ ။ကပ္ပဗိန္ဒု မထိုးရသေးလျှင် သာမဏေတို့ ဝတ်ပြီး ဖြစ်၍ ဟောင်းနွမ်းနေသော်လည်း ဤသိက္ခာပုဒ်အရ နဝစီဝရပင်တည်း။ ထိုသို့ သင်္ကန်းသစ် ရပြီးသော ရဟန်းသည် နီလ၊ ကဒ္ဒမ၊ ကာဠသာမဟူသော ဗိန္ဒု ၃ မျိုးတွင် တမျိုးမျိုး ထိုးပြီးမှ ဝတ်ရမည်။ ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်လျှင် ပါစိတ်။ [ပါဠိ၌ "အာဒါတဗ္ဗံ=ယူခြင်း"ဟူသည် ဗိန္ဒုပြောက် ထင်စေခြင်းတည်း။]

**ဝိမတိ**။ ။"ရက်အနည်းငယ်မျှ ဌားဝတ်ရာ၌လည်း ဗိန္ဒုမထိုးရသေးလျှင် ထိုးပြီးမှ ဝတ်ရမည်"ဟု ဝဒန္တိဝါဒ လာ၏။ ထိုဝါဒအရ သာမဏေတို့ သင်းပိုင်ကို ခေတ္တယူ၍ ရေသနုပ် လုပ်ရာ၌ပင် ကပ္ပဗိန္ဒု ထိုးကြသည်။

**နဝံ၊ ပေ၊ စီဝရလာဘေန**။ ။ဤ၌ နဝနှင့် စီဝရလာဘေနသည် ပန+ ဘိက္ခုနာ ၂ ပုဒ် ခြားသော်လည်း "နဝစီဝရလာဘ=အသစ်သင်္ကန်းကို ရသူ" ဟု အနက်စပ်လျက် ရှိသောကြောင့် "နဝစီဝရလာဘေန"သည် သမာသ်ပုဒ် တပုဒ်ထည်း ဖြစ်၏။ နဝံ၌ နိဂ္ဂဟိတ်ကား ဝါစာသိလိဋ္ဌတည်း။

ကရဏာနံ - ပျက်သော အဆင်းရှိအောင် ပြုတတ်သော ကပ္ပဗိန္ဒုတို့တွင်၊ အညတရံ - သော၊ ဒုဗ္ဗဏ္ဏကရဏံ - ကို၊ အနာဒါ-မယူမူ၍၊ နဝံ-အသစ် ဖြစ်သော၊ စီဝရံ-ကို၊ စေ ပရိဘုဉ္ဇေယျ - အကယ်၍ သုံးစွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ။** ။[ဒုဗ္ဗဏ္ဏ=ဒု+ဝဏ္ဏ=မကောင်းသောအဆင်း ရှိသည်ကို+ကရဏ=ပြုတတ်သည်။] သင်္ကန်း၌ ဗိန္ဒုပြောက် ထိုးလိုက်သည့် အခါ ထို အပြောက် အကွက်ကလေး သင်္ကန်းမှာ ထင်သွားသဖြင့် သင်္ကန်း၏ အဆင်းသည် အနည်းငယ် ပျက်သွား၏။ ထို့ကြောင့် ဗိန္ဒုပြောက်ကိုပင် ဒုဗ္ဗဏ္ဏ ကရဏ(အဆင်းပျက်အောင် ပြုတတ်)ဟု ဆိုရသည်။ ထို ဗိန္ဒုအတွက် သင်္ကန်း တထည်လုံး အဆင်းပျက်သွားသည် ဟု မမှတ်ရ။ ထို ဗိန္ဒုပြောက်သည် နီလ၊ ကဒ္ဒမ၊ ကာဠသာမအားဖြင့် ၃ မျိုးရှိ၏။

အချို့ကား-တိဏ္ဏံအရ နီလ စသော ၃ မျိုးကိုမယူဘဲ သင်္ကန်းထောင့်စွန်း၌ ၃ ပွင့်ဆိုင်ထိုးခြင်းကို ယူ၍ သင်္ကန်းထောင့်စွန်း၌ ၃ ပွင့်ဆိုင် ဗိန္ဒုထိုးကြသည်။ ထိုနည်းကို အဋ္ဌကထာ၌ "မအပ်" ဟု ပယ်ထား၏။ ထို့ကြောင့် (သင်္ကန်း တထောင့်လျှင် တပြောက်ကျ) ၄ ထောင့်လုံးဖြစ်စေ၊ ၂ ထောင့် ၃ ထောင့်မှာ ဖြစ်စေ၊ တထောင့်မှာဖြစ်စေ တပြောက်စီသာ ထိုးရမည်။ [ကင်္ခါ၌"ထောင့်၌ ထိုးရမည်ဟု မဆို၊ ယသ္မိံ ဝါ တသ္မိံ ဝါ ပဒေသေ-ဘယ်နေရာမဆို ထိုးနိုင်၏" ဟု ဆိုသည်။]

**ဗိန္ဒုအဆင်း။** ။ကပ္ပဗိန္ဒုထိုးရာ၌ နီလရောင်၊ ကဒ္ဒမရောင်၊ ကာဠသာမ ရောင် ၃ မျိုးတွင် တမျိုးမျိုး ထိုးနိုင်သည်။ ထိုတွင် သားရေများကို အညိုရည် စိမ်ရာ၌ အသုံးပြုသော အညိုရောင်ကိုဂုဏ်း၊ စိမ်းစို ညိုသောသစ်ရွက်၏ အရည် ရောင်ကိုဂုဏ်း နီလရောင်ဟု ခေါ်၏။ ကဒ္ဒမရောင် (ရွှံ့ညွန်ရောင်)မှာ ယခု မျက်မြင် ရွှံ့ညွန်များ၏ အရောင်ပင်တည်း။

**ကာဠသာမံ။** ။သာမ သဒ္ဒါသည် အရွှေ၊ အညို အဆင်း ၂ မျိုးကိုပင် ဟောနိုင်သည် ဟု သက္ကတအဘိဓာန် ဆို၏။ ဤ၌ ကာဠသဒ္ဒါနှင့် တွဲဘက်၍ ပြသောကြောင့်မည်းညိုအဆင်းကိုဟောရမည်။ထိုအညိုဟူသည်လည်းနီလအညို မျိုး မဟုတ်၊မည်းနက် မည်းညိုသောအညိုတည်း။ထို့ကြောင့် ယခုအခါ ကပ္ပဗိန္ဒု ထိုးရာ၌ သစ်ရွက်စိမ်းကို သင်္ကန်းပေါ်တင်၍ ဒုတ်ချောင်းကလေးဖြင့် သစ်ရွက် ရည်များထွက်အောင် ခြစ်ကြ၏။ ထိုသို့ထိုးလျှင် နီလရောင်ဖြစ်၏။ ခဲတံဖြင့်ခြစ်၍ ထိုးလျှင် ကဒ္ဒမရောင်ဖြစ်၏။ မင်နက်ဖြင့်ထိုးလျှင် ကာဠသာမရောင် ဖြစ်သည်။

**ဝိန္ဒုပမာဏ**။ ။ကပ္ပဗိန္ဒု၏ အရွယ်ပမာဏမှာ ဥဒေါင်းမျက်လုံးလောက်ဖြစ်စေ၊ ကြမ်းပိုး၏ ကျောက်ကုန်းလောက်ဖြစ်စေ ရှိစေရမည်။ ထို ကပ္ပဗိန္ဒု၏ အလယ်၌ သုညဝိုင်းကဲ့သို့ ကွက်လပ်လည်း မရှိစေရ။ ပြည့်ပြည့်ဝန်းဝန်း ရှိစေရမည်။ အချုပ်မှာ—သင်္ကန်း၏ ၄ ထောင့်၌ ဖြစ်စေ၊ ၃-၂-၁ ထောင့်၌ဖြစ်စေ (အစွန်းလည်း သိပ်မကျစေဘဲ) ကြမ်းပိုး၏ ကျောက်ကုန်း၊ ဥဒေါင်းမျက်လုံး သဏ္ဌာန်ရှိသော ဗိန္ဒုကို တထောင့်လျှင် တပြောက်သာ ထိုးရမည်။ တထောင့်လျှင် ၂ ပြောက် ၃ ပြောက်စသည် စဉ်တန်း၍ဖြစ်စေ၊ သုံးပွင့်ဆိုင်စသည်ဖြစ်စေ မထိုးရဟု မှတ်ပါ။ တကြိမ်ထိုးပြီးဖြစ်လျှင် (ခဝါပေး၍၊ သို့မဟုတ် နောက်ထပ် ဖာထေး၍ ဗိန္ဒုပျက်စေကာမူ) ထပ်၍ ထိုးဘွယ် မလိုတော့ပြီ။ [ကပ္ပကတော ကာသေ ဇိဏ္ဏော၊ ပေ၊ အနာပတ္တိ၊ -ကင်္ခါ အဋ္ဌကထာ။]

**ကပ္ပဗိန္ဒု ထိုးရကျိုး**။ ။ကပ္ပဗိန္ဒုထိုးရာ၌ "ဒုဗ္ဗဏ္ဏကရဏ" ပုဒ်ကို ထောက်၍ တချို့က "သင်္ကန်းအဆင်းပျက်စေခြင်းငှာ ကပ္ပဗိန္ဒုထိုးရသည်"ဟု ဆိုကြ၏။ တချို့က"သင်္ကန်းကို မှတ်မိအောင် ကပ္ပဗိန္ဒု ထိုးရသည်"ဟု ဆိုကြ၏။ ထိုတွင် သင်္ကန်းထောင့်၌ တပြောက်မျှ ထိုးရုံဖြင့် အဆင်းများစွာ မပျက်၊ ရဟန်းအားလုံး၏ သင်္ကန်းတိုင်းမှာ ထို အပြောက်မျိုး ပါနေသောကြောင့် မှတ်မိဘွယ်လည်း မရှိရကား ထို ၂ ဝါဒလုံး အခြေအမြစ် မရှိကြချေ။ ဘုရားလက်ထက်တော်၌ တိတ္ထိများနှင့် ရဟန်းများ ခရီး အတူသွားစဉ် ဒမြတို့က အဝတ်တို့ကို လုယူပြီးနောက် မင်းမှုထမ်းတို့ ဖမ်း၍ ပြန်ရသောအခါ တိတ္ထိတို့ အဝတ်နှင့် မိမိတို့ သင်္ကန်းကို ရဟန်းများ မခွဲခြားနိုင်သောကြောင့် တိတ္ထိတို့ အဝတ်နှင့် ခွဲခြားခြင်းအကျိုးငှာ ရဟန်းများ၏သင်္ကန်းကို "ကပ္ပဗိန္ဒု" ခေါ် အပြောက်တမျိုးဖြင့် မှတ်သားထားစေတော်မူခြင်း ဖြစ်သည်။

**အင်္ဂါ ၃ ပါး**။ ။၁-ဝတ်ရုံလောက်သော သင်္ကန်း၏ ကပ္ပဗိန္ဒု မထိုးရသေးခြင်း၊ ၂-ပျောက်သောသင်္ကန်းရှိသူ စသည် မဟုတ်ခြင်း (သင်္ကန်းကို ဒမြ စသည်တို့ လုယူထားသည့်အခါ ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်းကိုပင် ဝတ်ကောင်းသည်။)၊ ၃-သင်းပိုင် ကိုယ်ရုံ တခုခုဖြစ်ခြင်း၊ အင်္ဂါ ၃ ပါးတည်း။

[ဆောင်] ဝတ်ရုံလောက်စွ, စီဝရ၏, ကပ္ပဗိန္ဒု, မပြုရလျှင်း, သင်္ကန်း ပျောက်လတ်, မဟုတ်တတ်ဘဲ, ခါးဝတ် ကိုယ်ရုံ, အင်သုံးစုံ, သင့်တုံ ဒုဗ္ဗဏ္ဏ။

၉။ ဝိကပ္ပနာ ယော ပန ဘိက္ခု - သည်၊ ဘိက္ခုဿ ဝါ - ရဟန်းအား သော်၎င်း၊ ဘိက္ခုနိယာ ဝါ - ရဟန်းမအားသော်၎င်း၊ သိက္ခမာနာယ ဝါ - သိက္ခာမာန်အား သော်၎င်း၊ သာမဏေရဿ ဝါ— သာမဏေအားသော်၎င်း၊ သာမဏေရိယာ ဝါ - သာမဏေမ အားသော်၎င်း၊ သာမံ - ကိုယ်တိုင်၊ စီဝရံ - သင်္ကန်းကို၊ ဝိကပ္ပေတွာ - ဝိကပ္ပနာ ပြုပြီး၍၊ အပစ္စုဒ္ဓရဏံ - ပစ္စုဒ္ဓိုရ် မပြုအပ်သေးသော သင်္ကန်းကို၊ ဝါ- ဝိကပ္ပနာ မပြန်အပ်သေးသော သင်္ကန်းကို၊ ပရိဘုဉ္ဇေယျ - သုံးစွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၉။ ဝိကပ္ပနာ။** ။ဘိက္ခုစသော သီတင်းသုံးဘော် ၅ ယောက်တွင် တယောက်ယောက်အား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီးနောက် ပစ္စုဒ္ဓိုရ် မပြုအပ်သေးသော ထိုသင်္ကန်းကို ဝတ်ရုံ သုံးစွဲလျှင် ပါစိတ်။

**ဝိကပ္ပနာ၏ အဓိပ္ပာယ်နှင့် အကျိုးရ။** ။ [ ဝိ = မိမိဥစ္စာ အဖြစ်မှ ကင်းအောင် + ကပ္ပန = ပြုခြင်း။] မိမိသင်္ကန်း (မိမိသပိတ်)ဟု အမှတ်မထား တော့ဘဲ သီတင်းသုံးဘော် တပါးပါးအား ပေးလိုက်သောအခါ ကိုယ့်ဥစ္စာ အမှတ်မှ ကင်းကွာတော့သဖြင့် သီတင်းသုံးဘော်အား ပေးခြင်းကိုပင် ဝိကပ္ပနာ ပြုခြင်းဟု ခေါ်၏။ ထို ဝိကပ္ပနာပြုပြီးသောအခါ မိမိဥစ္စာ မဟုတ်တော့ရကား ၁၀ ရက် လွန်သော်လည်း နိဿဂ္ဂိ မထိုက်တော့။

**ဝိကပ္ပနာ ၂ မျိုး။** ။သမ္မုခ ဝိကပ္ပနာ၊ ပရံမုခ ဝိကပ္ပနာ ဟု ဝိကပ္ပနာ ၂ မျိုးရှိ၏။ ထိုတွင် "သံမုခေန-မိမိနှုတ်ဖြင့်+ဝိကပ္ပနာ-ဝိကပ္ပနာ ပြုခြင်းသည်၊ သမ္မုခဝိကပ္ပနာ-မည်၏"ဟူသော ဋီကာနှင့်အညီ သင်္ကန်းရှင်ကိုယ်တိုင် မိမိ နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းသည် သမ္မုခ ဝိကပ္ပနာမည်၏။ ဝိနည်းမိုရ် တပါးပါးထံ အပ်နှံ၍ သူတပါးဟု ဆိုရသော ထိုဝိနည်းမိုရ်၏နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းသည် ပရံမုခ ဝိကပ္ပနာ မည်၏။

**သမ္မုခ ဝိကပ္ပနာ ၂ မျိုး။** ။သံမုခဝိကပ္ပနာလည်း မိမိပေးလိုရာ သီတင်း သုံးဘော်က အနီးအပါးမှာရှိစဉ် ဝိကပ္ပနာပြုပုံတမျိုး၊ မိမိပေးလိုရာ သီတင်း သုံးဘော်က အဝေးမှာရှိစဉ် ဝိကပ္ပနာပြုပုံ တမျိုးအားဖြင့် ၂ မျိုးရှိ၏။[ပရံမုခ ဝိကပ္ပနာမှာ တမျိုးတည်းသာ ရှိသည်။]

**အနီးရှိသူအား သမ္မုခ ဝိကပ္ပနာပြုပုံ။** ။သင်္ကန်းရှင်က ဦးတိဿအား ပေးလိုလျှင် ဦးတိဿထံ ချဉ်းကပ်၍ သင်္ကန်းတထည်ကို ကိုင်၍ဖြစ်စေ၊ အနီး၌ ချ၍ဖြစ်စေ "ဣဒံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟု ဆိုပါ။ သင်္ကန်း များနေလျှင်

"ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဟု ဆို။ သင်္ကန်းက အနီးမှာမရှိလျှင် အဝေးရှိရာကို ပြောပြ၍ (မန္တလေးနေခိုက် စစ်ကိုင်းမှာရှိလျှင် စစ်ကိုင်း မည်သည့် နေရာမှာ မည်သည့်သင်္ကန်း ရှိပါသည်ဟု ပြောပြ၍) "ဣမံ" နေရာဝယ် "ဧတံ"၊ ဣမာနိ နေရာဝယ် "ဧတာနိ"ဟု ပြောင်းလွှဲ၍ ဆိုပါ။ [ဣမံ စီဝရံ–ဤသင်္ကန်းကို၊ တုယှံ–သင့်အား (အရှင့်အား)၊ ဝိကပ္ပေမိ–ဝိကပ္ပနာပြုပါ၏။]

**ပစ္စုဒ္ဓိုရ်ပြုပုံ။** ။ပြခဲ့သောနည်းဖြင့် ဝိကပ္ပနာပြုပြီးသည့်အခါ ထိုသင်္ကန်းကို မိမိနေရာ၌ ပြန်ယူ သိမ်းထားရုံကား သိမ်းထားခွင့်ရ၏၊ နိသဂ္ဂိ မထိုက်။ သို့သော် မိမိက ဦးတိဿအား ပေးထား၍ ဦးတိဿ၏ ပစ္စည်း ဖြစ်သောကြောင့် မိမိကိုယ်ဘိုင် ဝတ်ရုံခြင်း၊ တဆင့်ပေးလှူခြင်းစသည်တို့ကိုကား ပြုပိုင်ခွင့်မရှိချေ။ အကယ်၍ သုံးစွဲလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်သည်။ ထို့ကြောင့် ဝိကပ္ပနာပြုအပ်ပြီးသော သင်္ကန်းကို ဦးတိဿက "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ပစ္စုဒ္ဓိုရ် ပြုရဦးမည်။ [မယှံ–ငါ၏၊ (တပည့်တော်၏၊) သန္တကံ–ဥစ္စာကို (ဥစ္စာဖြစ်သော သင်္ကန်းကို၊) ပရိဘုဉ္ဇ ဝါ–သုံးစွဲလိုမူလည်း သုံးစွဲပါ၊ ဝိသဇ္ဇေဟိ ဝါ – စွန့်လိုမူလည်း စွန့်ပါ၊ ယထာပစ္စယံ–အကြောင်းအား လျော်စွာ၊ ကရောဟိ–ပြုပါ။] သင်္ကန်းများလျှင် "မယှံ သန္တကာနိ"ဟု ဆိုရမည်။ ဤသို့ ပစ္စုဒ္ဓိုရ်ပြုပြီးသည့်အခါ ထိုသင်္ကန်းကို မူလ သင်္ကန်းရှင်က အလိုရှိသလို ပြုနိုင်ပြီ။

**ဆက်ဦးအံ့။** ။ဤပစ္စုဒ္ဓိုရ်ပြုခြင်းသည် ပထမ ကထိနသိက္ခာပုဒ်၌ပြခဲ့သော ရုပ်သိမ်းခြင်းမျိုး မဟုတ်၊ အလိုရှိသလို သုံးစွဲနိုင်ရန် ခွင့်ပြုခြင်းတည်း။ ထိုသို့ ပစ္စုဒ္ဓိုရ်ပြုသင့်လျက် မပြုလျှင် ဝိနည်းမိုရ်မှာ ဒုက္ကဋ်ဟု ပထမကထိန သိက္ခာပုဒ်၌ ဆိုခဲ့ပြီ၊ "ယထာပစ္စယံဝါ"ဟု အချို့စာ၌ ဝါသဒ္ဒါပါ၏။ ထိုဝါသဒ္ဒါ လိုမည်မထင်။ ဘာ့ကြောင့်နည်း။ "ယထာပစ္စယံ ကရောဟိ"သည် "ထို သင်္ကန်းနှင့် စပ်၍ ပြုခွင့်ရှိသမျှကို ပြုတော့"ဟု အကျဉ်းချုပ်ဆိုသော စကားဖြစ်၍ ထိုစကားတွင် ပရိဘုဉ္ဇန၊ ဝိသဇ္ဇနတို့လည်း ပါဝင်ခွင့် ရှိသောကြောင့်တည်း။

**မှတ်ချက်။** ။ဤ "ယထာပစ္စယံ ကရောဟိ"အရ တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးစွဲလိုလျှင်လည်း ဝိကပ္ပနာပြုပြီး သင်္ကန်းကို တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးစွဲနိုင်၏ ဟု မှတ်ပါ။ ဤ ပစ္စုဒ္ဓိုရ်ပြုခြင်းကို "ဝိကပ္ပနာပြန်ခြင်း"ဟု ခေါ်ကြသည်။

**အဝေးနေသူအား သမ္မုခ ဝိကပ္ပနာပြုပုံ။** ။မိမိပေးလိုရာ ပုဂ္ဂိုလ်က အဝေး (အခြားကျောင်းတိုက်)၌ နေလျှင် ဝိနည်းမိုရ် တပါးပါးထံ သွား၍ မိမိပေးလိုရာ ပုဂ္ဂိုလ်၏နာမည်ကို လျှောက်ပြီးနောက် (ဥပမာ–မည်သည့် အရပ်၌ နေသူ ဦးတိဿအား ပေးလိုပါသည်ဟု လျှောက်ပြီးနောက်) "ဣမံ စီဝရံ

**၁၀။ စိဝရာပနိဓာန** ယော ပန ဘိက္ခု- သည်၊ ဘိက္ခုဿ- ရဟန်း၏၊ ပတ္တံ ဝါ- သပိတ်ကိုသော်၎င်း၊ စီဝရံ ဝါ- သင်္ကန်းကိုသော်၎င်း၊ နိသီဒနံ ဝါ- နိသီဒိုင်ကို သော်၎င်း၊ သူစိဃရံ ဝါ- အပ်ဗူးကို

× × × × ×

တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ''ဟု ဆို၍ ဝိကပ္ပနာ ပြုရသည်။ ထို့နောက် ဝိနည်းဓိုရ်ကပင် ''တိဿဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ''ဟု ပစ္စုဒ္ဓိုရ် ပြုပေးရသည်။

**ပရံမုခ ဝိကပ္ပနာပြုပုံ။** ။မိမိကိုယ်တိုင် ဝိကပ္ပနာပြုနည်းကို နားမလည်၊ နားလည်သော်လည်း ပါးစပ် နာနေခြင်း စသော အကြောင်း တခုခုကြောင့် ဝိနည်းဓိုရ်တပါးပါးထံ ''ဣမံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ''ဟု ပါဠိလိုဖြစ်စေ၊ ''ဤသင်္ကန်းကို ဝိကပ္ပနာပြုရန် အရှင့်အား ပေးပါ၏''ဟု မြန်မာလို ဖြစ်စေ ဝိကပ္ပနာပြုဘို့ ပေးရမည်။ ထိုအခါ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က ''ကိုယ်တော် ပေးလိုရာ သီတင်းသုံးဘော်ကို ညွှန်ပြပါ'' ဟု ဆိုလျှင် ''မည်သည့် ကျောင်း၌ နေသော ဦးတိဿတဲ့'' စသည်ဖြင့် ညွှန်ပြရမည်။ ထိုအခါ ဝိနည်းဓိုရ်က ''အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ''ဟု ဆို၍ ဝိကပ္ပနာပြုရသည်။ ထို့နောက် ဝိနည်းဓိုရ်ကပင် ''တိဿဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ''ဟု ဆို၍ ပစ္စုဒ္ဓိုရ် ပြုပေးရဦးမည်။ ဘိက္ခုနီ စသည်အား ပေးလိုလျှင်လည်း ''တိဿာယ ဘိက္ခုနိယာ, တိဿဿ သာမဏေရဿ'' စသည်ဖြင့် အလိုရှိရာ သီတင်းသုံးဘော် နာမည်ကို ထည့်၍ ဆိုပါ။

**အင်္ဂါ ၃ ပါး။** ။၁-ကိုယ်တိုင် ဝိကပ္ပနာပြုအပ်သောသင်္ကန်း၏ ပစ္စုဒ္ဓိုရ် မပြုရသေးခြင်း၊ ၂-ဝိကပ္ပနာလောက်သော သင်္ကန်း ဖြစ်ခြင်း၊ ၃- သုံးစွဲခြင်း အားဖြင့် အင်္ဂါ ၃ ပါးတည်း။

**မှတ်ချက်။** ။ဝိနည်းဓိုရ်က ပစ္စုဒ္ဓိုရ်မပြုရသေးခင် သုံးစွဲလိုလျှင် (ဝိနည်းဓိုရ် မဟုတ်သော) ဝိကပ္ပနာပြုဘက် ပုဂ္ဂိုလ်၏ ဥစ္စာကိုပင် ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့် ယူ၍ သုံးစွဲလျှင်လည်း အနာပတ္တိ။

**[ဆောင်]** ကိုယ်တိုင်ဝိကပ်, ပြုအပ်ပြီးကို, ပစ္စုဒ္ဓိုရ်မှု, မပြုရဘိ, ဝိကပ္ပနာ,
လောက်စွာ သင်္ကန်း, တင်လွှမ်း ဝတ်ရုံ, အင် သုံးစုံ, သင့်တုံ
ဝိကပ္ပန။

---

**၁၀။ စီဝရာပနိဓာန။** ။ရဟန်း၏ သပိတ်၊ သင်္ကန်း စသည်ကို ဝှက်ထားလျှင်၎င်း၊ သူတပါးကို အဝှက်ခိုင်းလျှင်၎င်း၊ အယုတ်သဖြင့် ဥစ္စာရှင်ဖြစ်သူမှာ ဟိုရှာ သည်ရှာဖြင့် ပျူးတူးပျာတာ ဖြစ်နေသည်ကို ကြည့်ကာ ရယ်ရွှင်လိုသော

သော်၎င်း၊ ကာယဗန္ဓနံဝါ - ခါးပန်းကြိုးကို သော်၎င်း၊ အန္တမသော—အောက်ထစ်ဆုံး အားဖြင့်၊ ဟသာပေက္ခော - ရယ်ရွှင်ခြင်းကို ငဲ့သည်၊ (ဟုတ္တွာပိ-၍လည်း၊) အပနိဓေယျ ဝါ - ကိုယ်တိုင်မူလည်း ဝှက်ထားအံ့၊ အပနိဓာပေယျ ဝါ - သူတပါးကိုမူလည်း ဝှက်ထားစေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

သဒ္ဒေသ-သော၊ သုရာပါနဝဂ္ဂေါ - တည်း။

× × × × ×

ကြောင့် ဖြစ်စေ ကိုယ်တိုင်ဝှက်ထားလျှင်၊ သို့မဟုတ် အဝှက်ခိုင်းလျှင် ပါစိတ်၊ ရယ်ရွှင်လို၍ မဟုတ်ဘဲ သက်သက် ညှဉ်းဆဲလို၍ ဝှက်ထားလျှင်ကား ပါစိတ် သင့်ကြောင်းမှာ ဆိုဘွယ်ရာ မရှိပြီ။

**ပတ္တစသည်။** ။သပိတ်၊ သက်န်းဟူရာ၌ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်၊ သက်န်းတည်း။ နိသီဒိုန်မှာ နောက်၌ ထင်ရှားလတ့ံ။ သူစိဃရ၌ "သူစိ-အပ်၏+ ဃရ-အိမ်" အရ အပ်ထည့်ရာ အိမ်ဟူသည် အပ်ဗူးတည်း။ ဤ အပ်ဗူး ကိုပင် ကျည်တောက်နှင့်လည်း တူသောကြောင့် "အပ်ကျည်" ဟုလည်း ခေါ် လေ့ရှိသည်။ ကာယဗန္ဓနကား ယခုမျက်မြင် ခါးပန်းအပြားနှင့် ဝက်အူကဲ့သို့ အထဲ၌ အခေါင်းပါအောင် ရက်ထားအပ်သော ခါးပန်းလုံးတည်း။

**အခြားပစ္စည်း ဝှက်မှု။** ။ဤ ပြအပ်ခဲ့သော ပတ္တ စသည်မှတပါး အခြား သပိတ် အိတ် စသည်ကို ဝှက်လျှင်၎င်း၊ လူ သာမဏေ၏ ပစ္စည်းဟူသမျှကို ဝှက် လျှင်၎င်း ဒုက္ကဋ်။ မတော်မလျော် ပစ်ထားသည်ကို သိမ်းထားလျှင်၎င်း၊ မတော် မလျော် ထားသူကို ဆုံးမလို၍ ခေတ္တ ဝှက်ထားလျှင်၎င်း အနာပတ်။

**အင်္ဂါ ၂ ပါး။** ။၁-ရဟန်း၏ ဥစ္စာဖြစ်သော သပိတ် စသည် ၅ မျိုးကို ဝှက်ထားခြင်း၊ ၂-ညှဉ်းဆဲလို၊ သို့မဟုတ် ရယ်ရွှင်လိုခြင်းအားဖြင့် ၂ ပါးတည်း။ [ညှဉ်းဆဲလိုမှုနှင့် ရယ်ရွှင်လိုမှု ၂ ပါးတွင် ညှဉ်းဆဲလိုမှုက သာ၍ နာဘွယ် ကောင်းခြင်း၊ ရယ်ရွှင်လိုမှုက သက်သာသေးခြင်းကြောင့် ရယ်ရွှင်လိုမှုကို "အန္တမသော-အောက်ထစ်ဆုံး ရည်ရွယ်ချက်" ဟု မိန့်တော်မူသည်။]

**[ဆောင်]** ဘိက္ခုသန္တက, သပိတ် စသား, မျိုးငါးပါးကို, ဝှက်ထားဘိလျှင်း, ညှဉ်းဆဲခြင်းလို, ရယ်ရွှင်လိုဟု, ကြောင်း ထိုနှစ်လီ, အင်္ဂါညီ, သင့်ပြီ စိဝရ-ပနိဓာန။

## သပါဏကဝဂ်

**၁။ သဉ္စိစ္စပါဏ** ယော ပန ဘိက္ခု-သည်၊ သဉ္စိစ္စ-သတ္တဝါဟု သိသော သညာနှင့်တကွစေ့ဆော်၍၊ ပါဏံ-တိရစ္ဆာန်သတ္တဝါကို၊ ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဝေါရောပေယျ-ခွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

**၂။ သပါဏက** ယော ပန ဘိက္ခု-သည်၊ဇာနံ-ပိုးကောင်ရှိသော ရေဟု သိလျက်၊ သပါဏကံ-ပိုးကောင်နှင့် တကွဖြစ်သော၊ ဝါ-ပိုးကောင်ရှိသော၊ ဥဒကံ-ရေကို၊ ပရိဘုဉ္ဇေယျ-သုံးစွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁။ သဉ္စိစ္စပါဏ။** ။တတိယ ပါရာဇိကၥ် လူကို သတ်ခြင်းကြောင့် ပါရာဇိကအာပတ် ပညတ်တော်မူခဲ့ပြီ။ ထို့ကြောင့် ဤသိက္ခာပုဒ်၌ ပါဏအရ တိရစ္ဆာန်သတ္တဝါကိုသာ ယူရတော့သည်။ တိရစ္ဆာန်ကို သတ်လျှင် ငယ်သည် ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပါစိတ်အာပတ် ချည်းသာ။ သို့ရာတွင် ကြီးသော တိရစ္ဆာန်ကို သတ်ရာ၌ လုံ့လပယောဂ များစွာစိုက်ရသောကြောင့် အဘိဓမ္မာနည်းအရ အကုသိုလ်အပြစ်ကား အငယ်ကို သတ်ခြင်းထက် ကြီးမား များပြားလေသည်။ [ကြွင်းအဓိပ္ပာယ်များကို တတိယပါရာဇိက အတိုင်း သိပါ။ လူဇာတ်ရှိခြင်း အင်္ဂါ၌ တိရစ္ဆာန်ဖြစ်ခြင်းအင်္ဂါကို လဲပါ။]

---

**၂။ သပါဏက။** ။အရာဝတ္ထု ၂ မျိုးကွဲရာ၌ (သဟယောဂ + သဟယောဂဝန္တ ၂ မျိုးခွဲ၍ရရာ၌) သ၏ အနက်ကို "တကွ"ဟု ပေးရ၏။ အရာဝတ္ထု တခုတည်းရှိရာ၌ သ၏အနက်ကို "ရှိ၏"ဟု ပေးရမည်။ ဥပမာ- "သဝိတက္ကာ-ဝိတက်နှင့် တကွဖြစ်သော တရားတို့၊ သလောမကော-အမွေးရှိသော ငှက်"ဟူသည်တည်း။ ဤ သပါဏကၥ်လည်း ရေနှင့် ပါဏ ၂ မျိုးပြားသောကြောင့် သ၏အတွက် "တကွ" ဟူသော အနက်သာ မှန်သည်။ သို့သော် အများသုံး လိုက်၍ "သပါဏကံ-ပိုးကောင်ရှိသော"ဟု တနည်းပေးသည်။

**ပါဏ ချင်း ထူးပုံ။** ။ပရိဘုဉ္ဇေယျအရ သုံးစွဲခြင်းဟူရာ၌ "သောက်ခြင်း" တမျိုးသာ မက သောက်ခြင်း၊ ဆေးခြင်း၊ မီးငြိမ်းခြင်း၊ ရေချိုးခြင်း စသော အားလုံးကို ယူပါ။ ထို သောက်ခြင်းစသည်ကို ပြုလိုက်လျှင် သေလောက်သော ပိုးကောင်ငယ်များကို သပါဏကံပုဒ်၌ ပါဏအရ ယူရမည်။ ရှေ့သိက္ခာပုဒ်၌ ပါဏအရ တိရစ္ဆာန် ဟူသမျှကို ယူရခြင်း၊ ဤ၌ သေးငယ်သော ပိုးကောင်

၃။ ဥက္ကောဋ္ဌန ယော ပန ဘိက္ခု–သည်၊ ဇာနံ–တရားသဖြင့် ငြိမ်းစေအပ်ပြီးသော အဓိကရုဏ်းဟု သိလျက်၊ ယထာဓမ္မံ–တရားနည်းလမ်း အတိုင်း၊ နိဟတာဓိကရဏံ – နှိပ်နင်း အပ်ပြီးသော အဓိကရုဏ်းကို၊ ဝါ – ငြိမ်းအပ်ပြီးသော အဓိကရုဏ်းကို၊ ပုနကမ္မာယ–ထပ်မံ၍ ကံပြုဘို့ရာ၊ ဥက္ကောဋေယျ–လှုပ်ရှားစေအံ့၊ ဝါ – လှုံ့ဆော်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

ကိုသာ ယူရခြင်းသည် ပါဠာ ၂ မျိုး အထူးတည်း။ ပိုးကောင်ရှိမှန်း သိလျက် ထိုရေ သောက်ခြင်း စသည် ပြုလျှင် ပါစိတ်အာပတ်။ ကြွင်းသောအင်္ဂါ စသည် မှတ်ဘွယ်များကို ဘူတဂါမဝဂ် ၁၀ နံပါတ်သိက္ခာပုဒ်ကို နည်းမှီး၍ သိပါ။

---

**၃။ ဥက္ကောဋ္ဌန**။ ။စူဠဝဂ္ဂ သမထက္ခန္ဓက ပါဠိတော်၌ အဓိကရုဏ်း ငြိမ်းကြောင်း တရားနည်းလမ်းများကို ဘုရားရှင် ပြထားတော်မူ၏။ ထိုတရားနည်းလမ်းအတိုင်း ဝိနည်းခိုရ်ပုဂ္ဂိုလ်တို့ ငြိမ်းစေအပ်ပြီးသော အဓိကရုဏ်းကို (တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီးမှန်း)သိလျက် နောက်ထပ်ကံပြုဘို့ရာ "အဓိကရုဏ်း မငြိမ်းသေးဘူး၊ မကြာမီက ငြိမ်းစေတယ်ဆိုသော်လည်း မတရား ငြိမ်းစေခြင်းဖြစ်သည်၊ အဓိကရုဏ်းငြိမ်းအောင် နောက်ထပ် ကံပြုသင့်သည်"ဟု ထိုထိုရဟန်းအထံ သွား၍ လှုံ့ဆော်လျှင် ပါစိတ်။

**နိဟတာဓိကရဏံ**။ ။"နိဟတ" ပုဒ်ကို "ငြိမ်းစေအပ်ပြီး"ဟု ပေးရာ၌ အဓိပ္ပာယ်နက်သာ။ ဤ၌ "နိဟတော–တွမသိအန္တက"ဟူသော ပါဠိတော်ကို ထောက်၍ "နှိပ်နင်းအပ်ပြီးသော"ဟု သဒ္ဒါနက် ပေးလိုက်သည်။

**ဥက္ကောဋေယျ**။ ။"ဥစ္စာလေယျ" ဟု ဖွင့်၏။ " လှုပ်ရှားစေခြင်း " ဟူသည် ငြိမ်းစေအပ်ပြီးသည့်အတိုင်း ငြိမ်ငြိမ်သက်သက် မရှိစေဘဲ ထို အဓိကရုဏ်းနှင့် ဆိုင်ရာ ပုဂ္ဂိုလ်တို့ လှုပ်လှုပ်ရွရွ ဖြစ်လာစေခြင်းတည်း။ ဤကဲ့သို့ လှုပ်ရှားစေခြင်းမျိုးကို "လှုံ့ဆော်ခြင်း"ဟု ခေါ်သည်။

**အင်္ဂါ ၃ ပါး**။ ။၁–တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီးဖြစ်ခြင်း၊ ၂–ထိုသို့ ငြိမ်းစေပြီးမှန်း သိခြင်း၊ ၃–လှုံ့ဆော်ခြင်းအားဖြင့် ၃ ပါးတည်း။

[**ဆောင်**] တရားနည်းလမ်း, ဖြောင့်တန်း မသွေ, ငြိမ်းစေအပ်ဘိ, ထိုသို့ သိလျှင်း, လှုံ့ဆော်ခြင်းဟု, ကြောင်းရင်းသဘော, ၃ ပါးနှော, ဥက္ကောဋ္ဌန သင့်။

၄။ ဒုဋ္ဌုလ္လ — ယော ပန ဘိက္ခု - သည်၊ ဇာနံ - ဒုဋ္ဌုလ္လအာပတ်ဟု သိလျက်၊ ဘိက္ခုဿ - ရဟန်း၏၊ ဒုဋ္ဌုလ္လံ- ရုန့်ရင်းသော၊ အာပတ္တိံ - အာပတ်ကို၊ ပဋိစ္ဆာဒေယျ - ဖုံးထားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၄။ ဒုဋ္ဌုလ္လ။** ။ဤသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအရ သံဃာဒိသေသ်အာပတ်ကို ယူပါ။ ဦးတိဿ၌ ဒုဋ္ဌုလ္လအာပတ် သင့်နေကြောင်းကို ဦးဒတ္တက သိပါလျက် ဦးတိဿကို အရှက်တကွဲ အကျိုးနဲမည်စိုး၍ အခြားရဟန်းတို့အား မပြောဘဲ ဖုံးထားလျှင် ဦးဒတ္တ၌ ပါစိတ်အာပတ် သင့်၏။

**မှတ်ချက်။** ။ဤသို့ ဖုံးထားရာ၌ "မပြောတော့ဘူး" ဟု ဆုံးဖြတ်လိုက်လျှင်ပင် အာပတ်သင့်ပြီ။ထိုသို့ ဆုံးဖြတ်ပြီးမှ ပြောသော်လည်း အာပတ်မှမလွတ်။ ပထမ အာပတ်သင့်သော ရဟန်းက ဒုတိယရဟန်းကို ဒေသနာပြော ပြော၍ ဒုတိယရဟန်းက ဖုံးထားလျှင်လည်း အာပတ်သင့်ပြန်သည်။

**အာပတ်အဆက်။** ။ဒုတိယ ရဟန်းက တတိယအား ပြောသော်လည်း "ကိုယ်တော်သာ သိပါစေ၊သူများကို မပြောလိုက်ပါနှင့်"ဟု ဖုံးပြော ပြောလျှင် ဒုတိယရဟန်းမှာ အာပတ်မလွတ်။ဤနည်းအတိုင်း ဖုံးပြော ပြောကြလျှင် ရဟန်းရာ ထောင်ပင် အာပတ် မလွတ်ကြ။ ဒုတိယရဟန်းက တတိယအား ပြော၊ တတိယကလည်း (ဖုံးထားလျှင် သူ့မှာ အာပတ်သင့်မည်စိုး၍) ဒုတိယအား ပြန်ပြော၊ ဤသို့ ပြောမှ အာပတ် အဆက်ပြတ်သည်။

**အင်္ဂါ ၂ ပါး။** ။၁-ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊ ၂-ဖုံးထားလိုသည့်အတွက် "မပြောတော့ပါဘူး"ဟု ဝန်ချခြင်း [ ပြောဘို့ရန်ရှိသော တာဝန်ကို လျှော့ချလိုက်ခြင်းကို "ဓုရနိက္ခေပ=ဝန်ချခြင်း"ဟု ခေါ်ကြသည်။]၊ ဤသို့ အင်္ဂါ ၂ ပါးရှိ၏။ ထိုတွင် ရဟန်း၏ ဒုဋ္ဌုလ္လကို ဖုံးမှ ပါစိတ် သင့်ရကား သာမဏေ၏ ဒုဋ္ဌုလ္လဖြစ်စေ၊ ဒုဋ္ဌုလ္လမဟုတ်သော လွန်ကျူးမှုကိုဖြစ်စေ ဖုံးထားလျှင် ဒုက္ကဋ်။ ထို့ပြင်-အာပတ်သင့်သူကို ဩတာသောသဘောဖြင့် ဖုံးထားမှ အပြစ်သင့်ရကား ဩတာ၍ မဟုတ်ဘဲ "သူ့အပြစ်နှင့်သူ ထင်ရှားလိမ့်မည်" စသော သဘောဖြင့် အခြားရဟန်းအား မပြောလျှင် အနာပတ္တိ။

[ဆောင်] ရဟန်း ချင်းချင်း, ရုန့်ရင်းစွာတိ, အာပတ္တိမှန်း, သိစွမ်းလျက်ကိုယ်, ဖုံးဝှက်လိုသဖြင့်, တဆင့် မပြောတုံ, အင် ၂ ပါးစုံ, ဒုဋ္ဌုံ ပါစိတ်သင့်။

**၅။ ဥနဝီသတိဝဿ** ယော ပန ဘိက္ခု - သည်၊ ဇာနံ-အသက် ၂၀ မပြည့်သေးသူ ဟု သိလျက်၊ ဥနဝီသတိဝဿံ-ယုတ်လျော့သော အနှစ် ၂၀ ရှိသော၊ ဝါ - အသက် ၂၀ မပြည့်သေးသော၊ ပုဂ္ဂလံ-ပုဂ္ဂိုလ်ကို၊ ဥပသမ္ပာဒေယျ-ဥပဇ္ဈာယ်လုပ်၍ ပဉ္စင်းခံ

× × × × ×

**၅။ ဥနဝီသတိဝဿ။** ။အသက် ၂၀ မပြည့်သေးသော ရဟန်းလောင်းကို (အသက် ၂၀ မပြည့်မှန်း သိပါလျက်)ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးလျှင် ရဟန်းလောင်းလည်း ဦးပဉ္စင်း မဖြစ်၊ ကာရကသံဃာ (ကံပြုသော ကမ္မဝါစာဆရာနှင့် အခြားရဟန်း)တို့မှာလည်း အကဲ့ရဲ့ မလွတ်ကြ။ "အကဲ့ရဲ့ မလွတ်" ဟူရာ၌ "ဒုက္ကဋ်အာပတ်သင့်သည်"ဟု ဆိုလိုသည်။ ဥပဇ္ဈာယ်ဆရာမှာကား ပါစိတ်အာပတ်သင့်သည်။

**အသက် ၂၀ တွက်ပုံ။** ။အသက် ၂၀ ရေတွက်ရာ၌ ပဋိသန္ဓေတည်သည်မှစ၍ ရေတွက်ရသည်။ ပဋိသန္ဓေတည်၍ အမိဝမ်း၌ အောင်းစဉ် တချို့မှာ ၇ လ၊ တချို့ ၈ လ၊ ၉ လ၊ ၁၀ လ၊ ၁၁ လ၊ ၁၂ လ၊ အမျိုးမျိုးကြာ၏။ မွေးဖွားပြီးနောက်နှစ်များနှင့် အမိဝမ်း၌ အောင်းခဲ့ရသောလများကို စုပေါင်းရေတွက်၍ အသက် ၂၀ ပြည့်လျှင် "ပရိပုဏ္ဏဝီသတိဝဿ=ပြည့်သော အသက် ၂၀ ရှိသူ" ဟု ခေါ်၏။ တရက်မျှဖြစ်စေ လိုနေသေးလျှင် "ဥနဝီသတိဝဿ"ဟု ခေါ်၏။ [ဥန=ယုတ်လျော့သော+ဝီသတိဝဿ=အနှစ် ၂၀။]

**ဆက်ဦးအံ့**—အမိဝမ်း၌ ၇ လကြာလျှင် ဖွားပြီးနောက် ၁၉ နှစ်နှင့် ၅ လ ပြည့်မှ အသက် ၂၀ပြည့်၏။ အမိဝမ်း၌ ၁၂ လကြာလျှင် ဖွားပြီးနောက် ၁၉နှစ်ပြည့်က အသက် ၂၀ ပြည့်၏။ ဤသို့ စသည်ဖြင့် အတိုး အဆုတ်ကို သိရာ၏။ သို့ရာတွင် အမိဝမ်းတွင်း၌ အောင်းခဲ့ရသော လကို သေသေချာချာ သိနိုင်ရန် မလွယ်ကူလှသောကြောင့် အမိဝမ်းတွင်း၌ အနည်းဆုံး ၇ လထား၍ ရေတွက်သင့်သည်။

**ပေါရာဏကထေရဝါဒ။** ။အဋ္ဌကထာ၌ပြအပ်သော ရှေးဆရာတို့ကား အမိဝမ်း၌ အောင်းခဲ့ရသောလကို မရေတွက်ဘဲ ဖွားပြီးနောက် ဝါထပ်သော လ အပိုနှင့်တကွ ရေတွက်ကြသည်။ ချဲ့ဦးအံ့—၃ နှစ် တကြိမ်ကျ ဝါထပ်လေ့ရှိရာ ၁၉ နှစ်ကြာလျှင် ဝါထပ်သည့်အတွက် လပေါင်း ၆လ ပိုလာ၏။သို့ရာတွင် ၁၉ နှစ်အတွင်း၌ (တနှစ်လျှင် ရက်မစုံ ၆ လအတွက် ၆ ရက်ကျ လျော့ခဲ့သောကြောင့်) ၃ လနှင့် ၂၄ ရက် လျော့ခဲ့လေ၏။ လျော့ခဲ့သော ရက်များကို ၆ လ အပိုမှ ဖြည့်လျှင် ၂ လနှင့် ၆ ရက်သာ အပိုကျန်တော့၏။ ထို့ကြောင့် သီတင်းကျွတ် လပြည့်နေ့၌ ဖွားသူသည် ၁၉ နှစ် ပြည့်ပြီးနောက် (၁၉ နှစ်မြောက်

ပေးအံ့၊ သောစပုဂ္ဂလော - ထိုပဉ္စင်းလောင်းပုဂ္ဂိုလ်သည်လည်း၊ အနုပသမ္ပန္နော-ဦးပဉ္စင်း မဖြစ်၊ တေစ ဘိက္ခူ- ထိုရဟန်းခံကိစ္စတွင် ပါဝင်သော ရဟန်းတို့ကိုလည်း၊ ဂါရယှာ- ကဲ့ရဲ့အပ်, ကဲ့ရဲ့ထိုက်ကုန်၏၊ တသ္မိံ - ထို ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးခြင်းကြောင့်၊ ဣဒံ ပါစိတ္တိယံ - ဤပါစိတ် အာပတ်သည်၊ ဟောတိ- ဖြစ်၏။

× × × × ×

သိတင်းကျွတ် လပြည့်နောက်) တန်ဆောင်မုန်း၊ နတ်တော် စသည် သွား၍ ဝါခေါင်လပြည့်ကျလျှင် ၁၉ နှစ်နှင့် ၁၀ လ ရှိရကား အပို ၂ လ ၆ ရက်နှင့် ပေါင်းသော် အသက် ၂၀ နှင့် ၆ ရက် ရှိတော့၏။ ထို့ကြောင့် ဝါခေါင် လပြည့်ကျော် ၁ ရက်နေ့၌ စိတ်ချလက်ချ ရဟန်းခံပေးကြတော့သည်။ ထိုဝါဒ၌ စိတ်လည်း ချထိုက်ပေသည်။ ဘာ့ကြောင့်နည်း။ ထိုရဟန်းလောင်း၌ အမိ ဝမ်းက လများပါ ရေတွက်လျှင် အသက် ၂၀ နှင့် ၇ လကျော် အနည်းဆုံးရှိရာ သောကြောင့်တည်း။

**ယခုခေတ် ဝါဒ။** ။ယခုခေတ် တချို့ဆရာတို့ကား အမိဝမ်း၌အောင်း ခဲ့ရာ လများကိုရင်း၊ ဝါထပ်သည့်အတွက် (ရက်မစုံကို ဖြည့်၍) အပိုထွက် လာသော ၂ လကျော်ကိုရင်း ယူ၍ ရေတွက်ကြ၏။ ဥပမာ–အမိဝမ်း၌ (မိခင် ဖြစ်သူကို မေး၍) ၁၀ လ ကြာသည်ဟု သိရလျှင် ဖွားမြင်ပြီးနောက် ၁၉ နှစ် ပြည့်က အပို ၃ လကျော်ပါ အသက် ၂၀ ပြည့်ပြီဟု ယူကြသည်။ သို့ရာတွင် ဤဝါဒသည် အဋ္ဌကထာ၌ ပထမပြသောဝါဒနှင့်ရင်း၊ ပေါရာဏကထေရဝါဒ နှင့်ရင်း မထပ်မိချေ။ ထို့ပြင် – ဘုရားရှင်လည်း လောက သုံးစွဲရိုးကို လိုက်၍ အသက် ၂၀ ဟု ပညတ်တော်မူရကား အသက် ၂၀ မပြည့် ပြည့်အောင် ဝါထပ် ရက်ပို ထည့်၍ တွက်ခြင်းကို ဘုရားရှင်၏ အလိုတော် ကျမည်ဟုလည်း မထင်ပေ။ [ပေါရာဏကထေရဝါဒ၌ ဝါထပ် ရက်ပိုကို ယူ၍ တွက်ထားသော်လည်း အမိ ဝမ်း၌ အောင်းခဲ့ရာ လများကို မယူသောကြောင့် သံသယဖြစ်ဘွယ် မရှိတော့။]

**သောစ၊ ပေ၊ အနုပသမ္ပန္နော။** ။ပြခဲ့သော ရေတွက်နည်း အတိုင်း အသက် ၂၀ မပြည့်သူကို ရဟန်းခံပေးလျှင် ရဟန်းအစစ် မဖြစ်နိုင်။ ချဲ့ဦးအံ့—ရဟန်းအစစ် ဖြစ်ဘို့ရာ အင်္ဂါ ၅ ပါး ရှိ၏။ ၁– ဝတ္ထု၏ ပြည့်စုံခြင်း (ရဟန်း လောင်းကို ဝတ္ထုဟု ခေါ်၏။ ထိုဝတ္ထုက အသက် ၂၀ ပြည့်ခြင်း၊ ပါရာဇိကဌ် ပြခဲ့သော အဘဗ္ဗပုဂ္ဂိုလ် မဟုတ်ခြင်းကို ဝတ္ထု၏ ပြည့်စုံခြင်းဟု ဆိုသည်။)၊ ၂– သိမ်၏ ပြည့်စုံခြင်း (သိမ်သမုတ်စဉ်က သိမ်အစစ်ဖြစ်အောင် သမုတ်ထား သော သိမ်ဖြစ်ခြင်း ဟူလို။)၊ ၃–ပရိသတ်၏ ပြည့်စုံခြင်း (မဇ္ဈိမဒေသဖြစ်လျှင်

ရဟန်းစစ်စစ် အနည်းဆုံး ၁၀ ပါး၊ မြန်မာနိုင်ငံလို ပစ္စန္တရာဇ်ဖြစ်လျှင် အနည်းဆုံး ၅ ပါးရှိမှ ပရိသတ် ပြည့်စုံသည်။)၊ ၄-ဉတ်၏ ပြည့်စုံခြင်း (ဉတ်ကို ဌာန်ကရိုဏ်း မှန်ကန်ကျနစွာ ရွတ်ဆိုခြင်း။)၊ ၅- ကမ္မဝါစာ၏ ပြည့်စုံခြင်း (ကမ္မဝါစာကို ကျနစွာ ရွတ်ဆိုခြင်း။) ထိုတွင် တခုခု ချွတ်ယွင်း၍ ဝိပတ္တိဖြစ်လျှင် ရဟန်းမဖြစ်။

[**ဆောင်**] ဝတ္ထု-သီမာ, ပရိသာ, ဉတ်ပါ ကမ္မဝါထည့်။
ပဥ္စင်းမြောက်ရန်, အင်္ဂါးတန်, ဖောက်ပြန် ဝိပတ္တိ။

**ရဟန်း မဖြစ်သော်လည်း အကျိုး မယုတ်။** ။ထိုသူသည် ရဟန်းမဖြစ်မှန်း မသိဘဲ မိမိကိုယ်ကို ရဟန်းဟု အထင်ရှိနေက နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ချာန်၏ အန္တရာယ် မဖြစ်ပါ။ သို့ရာတွင် ရဟန်းမဖြစ်မှန်း သိသောအခါ ထပ်မံ၍ ရဟန်းခံရမည်။ ထို့ပြင်-ရဟန်း မဖြစ်သူသည်ပင် ဆယ်နှစ်ကျော်၍ ဥပဇ္ဈာယ်လုပ်လျက် သူတပါးကို ရဟန်းခံပေးလျှင်လည်း သူမှတပါး အခြားရဟန်းများဖြင့် ရဟန်းခံဂိုဏ်း ပြည့်စုံလျှင် ရဟန်းအစစ် ဖြစ်နိုင်ပါ၏။ "ဥပဇ္ဈာယ်က ရဟန်း မဖြစ်သော်လည်း တပည့်မှာ ရဟန်းအစစ် ဖြစ်သည်" ဟူလို။

**ရဟန်းခေါ်ပုံ။** ။ပြခဲ့သော အင်္ဂါများနှင့် ပြည့်စုံသူကို ရဟန်း ဟုငင်း၊ ဦးပဥ္စင်းဟုငင်း ယခုအခါ ခေါ်ကြ၏။ ထိုတွင် ပုဂံပြည် အနော်ရထာမင်းလက်ထက်၌ ကြွလာသော ရှင်အရဟံကို အစပြု၍ နောက်နောက်ပုဂ္ဂိုလ်များကို "အရဟံ၊ ရဟံ၊ ရဟန်း" ဟု အဆင့်ဆင့် အသံပြောင်းကာ ခေါ်လာခဲ့ကြသည်။ အရှင် အရဟံကိုလည်း အရဟန္တပုဒ်ကိုစွဲ၍ "အရဟံ"ဟု ခေါ်လာဟန်တူသည်။ ထိုရဟန်းအဖြစ်ကို ခံယူခြင်းကို "ရဟန်းခံ" ဟု ခေါ်ကြသည်။

**ဦးပဥ္စင်း ခေါ်ပုံ။** ။ဤရဟန်းတော်များကို ဥပသမ္ပန္နပုဒ်သို့ လိုက်၍ သီဟိုဠ်၌ "ဥပသမ်း (သီဟိုဠ်သံဖြင့်) ဥပစမ်း" ဟု ခေါ်၏။ ထို "ဥပစမ်း" ကို လိုက်၍ မြန်မာတို့က "ဥပစင်း" ဟု ခေါ်ခဲ့ရာ ကာလကြာသဖြင့် "ဦးပစင်း၊ ဦးပဥ္စင်း"ဟု ခေါ်ဝေါ် ရေးသားကြသည်။ အချို့ကား- ဝတ္ထုသီမာ စသော အင်္ဂါ ၅ ပါးနှင့် ပြည့်စုံ၍ မြင့်မြတ်သူ ဖြစ်သောကြောင့် "ပဥ္စ အင်္ဂါနိ ယဿ တိ ပဉ္စင်္ဂေါ၊ ဥတ္တမော ပဉ္စင်္ဂေါ ဥပဉ္စင်္ဂေါ" ဟူသော သဒ္ဒါနည်းအရ ဥပဉ္စင်္ဂမှ ဦးပဥ္စင်း ဖြစ်လာသည်ဟု (မန် သိရိ ဓာရေတီတိ မန္တလေး) အကြံမျိုးဖြင့် ကြံကြံဖန်ဖန် ကြံကြလေသေးသည်။ ["မန် (သိရိံ)-ကြက်သရေကို၊ ဓာရေတီတိ- ဆောင်တတ်သောကြောင့်၊ မန္တလေးမည်၏" တဲ့။]

**လူကိုပင် ရဟန်းခံပေးကောင်းပုံ။** ။"ဉူနဝီသတိဝဿံ သာမဏေရံ" ဟု မဆိုဘဲ "ပုဂ္ဂလံ"ဟု ပုဂ္ဂိုလ်သာမန်အဖြစ်ဖြင့် ဆိုသောကြောင့်ငင်း၊ ရဟန်းဖြစ်ကြောင်း အင်္ဂါ ၅ ပါးတွင် ဝတ္ထုသမ္ပတ္တိ အင်္ဂါ၌ သာမဏေ ဖြစ်ရမည်ဟု

၆။ ထေယျသတ္ထ ယောပန ဘိက္ခု - သည်၊ ဇာနံ - ထေယျသတ္ထဟု သိလျက်၊ ထေယျသတ္ထေန - ခိုး၍လာသည့်ကုန်သည် ခိုး၍ သွားမည့် ကုန်သည် အပေါင်းနှင့်၊ သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပတိပဇ္ဇေယျ အန္တမသော ဂါမန္တရံပိ၊ ပါစိတ္တိယံ။ [အနက်ဆိုဘိက္ခုနောဝါဒဝဂ် ၇ နံပါတ် သိက္ခာပုဒ်ကို ပြန်ကြည့်။]

× × × × ×

မဆိုဘဲ အသက် ၂၀ ပြည့်ခြင်းနှင့် ပဏ္ဍုက် စသော အဘဗ္ဗပုဂ္ဂိုလ်မျိုး မဟုတ်ခြင်းကိုသာ ဆိုသောကြောင့်ရင်း ရဟန်းခံခါနီးမှ သက်န်းပေး၍ သရဏဂုံ မယူဘဲ သင်္ကန်းဝတ်ထားသူ လူကိုပင် ရဟန်းခံပေးကောင်းသည်ဟု မှတ်ပါ။

**အင်္ဂါ ၃ ပါး**။ ။၁- အသက် ၂၀ မပြည့်သေးခြင်း၊ ၂- အသက် ၂၀ မပြည့်မှန်း သိခြင်း၊ ၃ - ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။

[**ဆောင်**] နှစ်ဆယ်ဘိတိ, သက်မပြည့်ကို, မပြည့်လေမှန်း, သိရှိစွမ်းလျက်,
ရဟန်းခံပေးက, အင်သုံးဝ, ဥနဝီသတိ သင့်။

---

**၆။ ထေယျသတ္ထ**။ ။[ထေယျဋ္ဌ ထေနခါတ် တွာ ပစ္စည်းကို ယပြု၊ ဒွေးတော်လာ န ချေ။] ထေယျ - ခိုးပြီး၍၊ ဝါ - ခိုးလတံ့ဖြစ်၍၊ ပဋိပန္နော- သွားသော၊ သတ္ထော - ကုန်သည်အပေါင်းသည်၊ ထေယျသတ္ထော - မည်၏။ ဤ ဝိဂ္ဂဟအရ ထေယျသတ္ထပုဒ်၌ သတ္ထဟူသည် ကူးသန်း ရောင်းဝယ်သော ကုန်သည် အပေါင်းတည်း။ သို့သော် ဘုရင်၏ ဘဏ္ဍာတော်ကို လှည့်ပတ်ယူလာခဲ့၍ ခိုးပြီး ဖြစ်ကြသောကြောင့်ရင်း၊ ကင်းခွန်ကောက်မည့် အရပ်ကို (ကင်းခွန် မပေးရအောင်) ရှောင်သွားလို၍ ခိုးလတံ့ဖြစ်သောကြောင့်ရင်း ထေယျသတ္ထ မည်ရလေသည်။ ဤသို့ ထေယျသတ္ထမှန်း သိပါလျက် ချိန်းချက်၍ (အချိန်အခါ၊ နေ့ရက်၊ ရထား၊ သဘော်များကို သဘောတူစီစဉ်၍) သွားလျှင် ပါစိတ်။

**အင်္ဂါ ၄ ပါး**။ ။၁-ထေယျသတ္ထဖြစ်ခြင်း၊ ၂-ထေယျသတ္ထမှန်း သိခြင်း၊ ၃- တိုင်ပင်ခြင်း၊ ၄- မချွတ်မယွင်း သွားဖြစ်ခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။ ကြွင်းသော မှတ်ဘွယ်များကို ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ်အတိုင်း သိပါ။

[**ဆောင်**] ထေယျသတ္ထ, ဖြစ်ကြလေဘိ, သိရှိထားခြင်း, တိုင်ပင်ခြင်းနှင့်,
မယွင်းသွားက, အင်လေးဝ, ထေယျသတ္ထသင့်။

---

**၇။ သံဝိဓာန** ယော ပန ဘိက္ခု - သည်၊ မာတုဂါမေန-နှင့်၊ သဒ္ဓိံ-တက္ခ၊ သံဝိဓာယ-၍၊ ဧကဒ္ဓါနမဂ္ဂံ-ကို၊ အန္တမသော-ဖြင့်၊ ဂါမန္တရမ္ပိ - သို့လည်း၊ ပတိပဇ္ဇေယျ - အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [အနက်ကို ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ်ကို ပြန်ကြည့်။]

**၈။ အရိဋ္ဌ** ယော ပန ဘိက္ခု-သည်၊ ဧဝံ-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိံ- အဘယ်သို့ ပြောဆိုရာသနည်း၊) ယထာ (ယေ ဣမေ) ဓမ္မာ - အကြင် မေထုန်အကျင့်တို့ကို၊ အန္တရာယိကာ - နတ်ရွာနိဗ္ဗာန်, ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တာ - ဟောတော်မူအပ်ကုန်ပြီ၊ တေ ဓမ္မေ - ထို

× × × × ×

**၇။ သံဝိဓာန**။ ။ဤသိက္ခာပုဒ်၌ အထူးမှတ်ဘွယ် မရှိ။ ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ် သိက္ခာပုဒ်အတိုင်းပင် ဖြစ်သည်။ ထိုသိက္ခာပုဒ်၌ ဘိက္ခုနီနှင့် ချိန်းချက်၍ သွားခြင်း၊ ဤသိက္ခာပုဒ်၌ မာတုဂါမနှင့် ချိန်းချက်၍ သွားခြင်းသာ ထူး၏။ [အင်္ဂါကိုလည်း ဘိက္ခုနီ သံဝိဓာနသိက္ခာပုဒ်၌ ပြခဲ့သော ၅ ပါးတွင် "အခါ၏ မရှိခြင်း"ဟူသော အင်္ဂါကို ဖြုတ်၍ အင်္ဂါ ၄ ပါးဟု မှတ်ပါ။]

**မှတ်ချက်**။ ။ဘိက္ခုနောဝါဒဝဂ်၌ ဘိက္ခုနီသံဃာနှင့် ဘိက္ခုသံဃာ့အထံ ဘိက္ခုနီဖြစ်သော "ဥဘတော ဥပသမ္ပန္နာ ဘိက္ခုနီ"ကိုသာ ယူခဲ့သောကြောင့် မိထွေးတော် ဂေါတမီနှင့်အတူ ဘိက္ခုနီပြုကြသော သာကီဝင်မင်းသမီးတို့ကဲ့သို့ ဘိက္ခုသံဃာ့ထံ၌သာ ဘိက္ခုနီဖြစ်သော ဧကတော ဥပသမ္ပန္နာ ဘိက္ခုနီများနှင့် သိက္ခမာန်၊ သာမဏေမ ၃ မျိုးကို ဤသိက္ခာပုဒ်၌ သွင်းရမည်။ သို့ရာတွင် ထို ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမများနှင့် သာသက်သပ္ပဋိဘယ ခရီးကို သွားရာ အခါ၌ အတူသွားခွင့်ရသေး၏။ မာတုဂါမနှင့်ကား မည်သည့်အခါမျှ တိုင်ပင် ချိန်းချက်၍ ဘုရားဖူး စသည် အတူမသွားရ။

**၈။ အရိဋ္ဌ**။ ။အရိဋ္ဌရဟန်းကို အကြောင်းပြု၍ ပညတ်အပ်သောကြောင့် အရိဋ္ဌသိက္ခာပုဒ်ဟု နာမည်တပ်သည်။ ချဲ့ဦးအံ့- အရိဋ္ဌရဟန်းသည် ဗဟုဿုတ ဓမ္မကထိက ပုဂ္ဂိုလ်ဘည်း။ သုတ္တန် အဘိဓမ္မာ၌သာ ကျွမ်းကျင်၍ ဝိနည်း၌ မကျွမ်းကျင်ချေ။ ထို့ကြောင့် ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ ပညတ္တိ (အာဏာ) ဝီတိက္ကမန္တရာယ် အားဖြင့် အန္တ

မေထုန် အကျင့်တို့ကို၊ ပတိသေဝတော—မှီဝဲသော ရဟန်း၏၊ (တေ ဓမ္မာ—ထို မေထုန်အကျင့်တို့သည်၊) ယထာ – အကြင်သို့သော အပြား အားဖြင့်၊ အန္တရာယာယ-နတ်ရွာ နိဗ္ဗာန်, ဈာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာ၊ နာလံ—မစွမ်းနိုင်ကုန်၊ တထာ-ထို အပြားအားဖြင့်၊ အဟံ– ငါသည်၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဒေသိတံ-ဟောတော်မူအပ် သော၊ ဓမ္မံ—တရားကို၊ အာဇာနာမိ- သိ၏၊ ဣတိ–ဤသို့ ပြောဆိုအံ့။

× × × × ×

ရဟန်း ၅ ပါး ရှိသည်တွင် ရှေ့ အန္တရာယ် ၄ ပါးကို နားလည်၍ ဘုရားရှင်၏ အမိန့်အာဏာ ပညတ်တော်ကို ကျူးကျော်ခြင်းကြောင့် (ပါရာဇိက ကျလျှင် လူမထွက်သေးသမျှ၊ သံဃာဒိသေသ်သင့်လျှင် ပရိဝါသ် မဆောက်တည်သေး သမျှ၊ အယုတ်သဖြင့် ဒုက္ကဋ် ဒုဗ္ဘာသိတအာပတ်ပင် ဖြစ်စေကာမူ စေတနာနှင့် တကွ သင့်ထားလျှင် ဒေသနာမပြောသေးသမျှ) နိဗ္ဗာန်ကို မသိ မရနိုင်အောင်၊ ဈာန် မဂ် ဖိုလ်ကိုလည်း မရနိုင်အောင်၊ သေလျှင် လူ့ပြည် နတ်ပြည် မရောက် နိုင်အောင် ထိုအာပတ်က အန္တရာယ်ပြုကြောင်းကို နားမလည်ချေ။

သို့ဖြစ်၍ တနေ့သ၌ ဆိတ်ငြိမ်ရာဝယ် နေလျက် စဉ်းစားသည်မှာ "လူတို့ သည် ကာမဂုဏ်ခံစားရင်းပင် (ကာမဂုဏ်ကို မစွန့်ကြဘဲ)သောတာပန်ဖြစ်သူ ဖြစ်၊ သကဒါဂါမ် ဖြစ်သူ ဖြစ်၊ အနာဂါမ်ဖြစ်သူ ဖြစ်ကြ၏။ (အနာဂါမ်ဖြစ်ပြီးမှ ကာမဂုဏ်ကို စွန့်လွှတ်ကြ၏။) ရဟန်းတော်များလည်း ကောင်းမွန် လှပသော အဆင်း အနံ့ အရသာနှင့် နူးညံ့သော ဖဲမွေ့ယာ ကမ္ဗလာတို့ကို သုံးစွဲကြ၏။ ဤ အားလုံး အပ်လျှင် ဘာ့ကြောင့် မာတုဂါမ၏ အဆင်း အနံ့စသည်ကျမှ မအပ်ဘဲ ရှိရမည်နည်း။ ဘုရားရှင်သည် မဟာသမုဒ္ဒရာကို ကန်သင်း (ကဇင်း) ဆယ် သကဲ့သို့ ဘာ့ကြောင့် ပထမပါရာဇိကအမှုကို ကြိုးစားမင်းစား ပညတ်တော်မူရ သတဲ့နည်း" ဟု စဉ်းစားမိလေသည်။ ဤသို့ စဉ်းစားမိသည့် အားလျော်စွာ "တထာဟံ၊ ပေ၊ အန္တရာယာယ"ဟု ဆိုသည်။

**တထာဟံ၊ပေ၊အန္တရာယာယ။** ။ယထာ တထာပါသော ၂ ဝါကျတွင် ယထာပါသောဝါကျကို (နောက်မှာ ရှိသော်လည်း) ရှေးဦးစွာ အနက်ပေး ရသည်။ ထို ယထာကိုလည်း "ယေန ပကာရေန" ဟု ဋီကာတို့ ဖွင့်၍ နာလံ၌ စပ်ကြသည်။ "ပကာရ"ဟူသည်မှာ နည်းအမျိုးမျိုးတွင် သူရည်ရွယ်အပ်သော နည်းတမျိုးတည်း။ ထိုဝါကျများ၏ မြန်မာလိုကား– "အကြင် မေထုန်အကျင့် တို့ကို အန္တရာယ်ပြုတတ်၏ ဟု ဘုရားရှင် ဟောတော်မူထား၏။ (သို့သော်) ထို မေထုန်မှုကို မှီဝဲသော ရဟန်းမှာ အကြင်နည်းဖြင့် မှီဝဲလျှင် အန္တရာယ် မပြုနိုင်၊ ထို အန္တရာယ် မပြုနိုင်သောနည်းကို ငါသိသည်" ဟူပို။

သော ဘိက္ခု–ထိုရဟန်းသည်၊ ဝါ–ကို၊ ဘိက္ခူဟိ–မြင်ကုန် ကြားကုန်သော ရဟန်းတို့သည်၊ ဝံ–ဤသို့၊ ဝစနီယော–ပြောဆိုထိုက်သည်၊ အာသ-ဖြစ်၏၊ (ကိံ—အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ–အရှင်သည်၊ ဝံ–ဤသို့၊ မာ အာဝစ–မပြောပါနှင့်၊ ဘဂဝန္တံ –မြတ်စွာဘုရားကို၊ မာ အဗ္ဘာစိက္ခိ – မစွပ်စွဲပါနှင့်၊ ဘဂဝတော — ကို၊ အဗ္ဘာစိက္ခနံ—စွပ်စွဲခြင်းသည်၊ နဟိ သာဓု–မကောင်းပေ၊ ဘဂဝါ – သည်၊ ဝံ–ဤ ငါ့ရှင် ပြောသည့်အတိုင်း၊ နဟိ ဝဒေယျ – မဟောတန်ရာ၊ အာဝုသော - ငါ့ရှင်၊ အနေကပရိယာယေန – ပရိယာယ်အမျိုးမျိုးဖြင့်၊ အန္တရာယိကာ – အန္တရာယ်ကို ပြုတတ်ကုန်သော၊ ဓမ္မာ – မေထုန်အကျင့်တို့ကို၊ အန္တရာယိကာ – အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍၊ ဘဂဝတာ–သည်၊ ဝုတ္တာ – ဟောတော်မူအပ်ကုန်ပြီ၊ တေ ဓမ္မေ–ထို မေထုန်အကျင့်တို့ကို၊ ပဋိသေဝတော–မှီဝဲသောရဟန်း၏၊ (တေ ဓမ္မာ – ထို မေထုန်အကျင့်တို့သည်၊) အန္တရာယာယ - ငှာ၊ အလဉ္စပန - စွမ်းနိုင်ကုန်သည်သာ၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏၊ ဝေဉ္စ ပန သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သော ဘိက္ခု ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗော တဿ (ထိုအယူကို) ပဋိနိဿဂ္ဂါယ၊ ယာဝတတိယံ စေ သမနုဘာသိယမာနော တံ (ထိုအယူကို) ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ, တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [ဝေဉ္စ ပန စသော ပါဠိ၏ နိသျနက်ကို သံဃာဒိသေသ် ဒုဗ္ဗစသိက္ခာပုဒ် ပြန်ကြည့်။]

× × × × ×

ဆိုလိုရင်းကား—"ဖဲမွေ့ယာ ကမ္ဗလာ စသော အနူ အညံ့ကို သုံးစွဲရာ၌ အလွန် သာယာစွာ သုံးစွဲလျှင် အပြစ်မကင်းသကဲ့သို့ ထို့အတူ မေထုန်ကိုလည်း အလွန်သာယာစွာ မှီဝဲမှ အပြစ်ကြီးသည်။ ဖဲမွေ့ယာ စသည်ကို သင့်တော်သလို နှလုံးသွင်းကာ လွန်မင်းစွာ မသာယာလျှင် အပြစ်မကြီးသကဲ့သို့ ထို့အတူ မေထုန်ကိုလည်း လွန်လွန်မင်းမင်း မသာယာလျှင် ပါရာဇိက ဖြစ်လောက်အောင် အပြစ်မကြီးသင့်"ဟု ဆိုလိုသည်။

**မှတ်ချက်**။ ။အရိဋ္ဌစဉ်းစားသည့်အတိုင်း ဖဲမွေ့ယာစသည်ကို တော်သလို နှလုံးသွင်းကာ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲနိုင်သလို မေထုန်ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သိပ် မသာယာဘဲ မမှီဝဲနိုင်။ မေထုန်မှီဝဲမှုဖြင့် အလွန်အမင်း

**၉။ ဥက္ခိတ္တသမ္ဘောဂ** ယော ပန ဘိက္ခု–သည့်၊ဇာနံ–ဥက္ခိတ္တက ရဟန်းဟု သိလျက်၊ တထာဝါဒိနာ – ထို "တထာဟံ ဘဂဝတာ"အစရှိသော စကားကို ပြောလေ့ရှိသော၊ အကတာနုဓမ္မေန—

× × × × ×

သာဃာတော့မည်သာ။ ထို့ကြောင့် မေထုန်အရသာနှင့်ဖဲမွေ့ယာတို့၏ အရသာကို တန်းတူထား၍ စဉ်းစားခြင်းသည် ဆီးစေ့နှင့် မြင့်မိုရ်တောင်ကို နှိုင်းယှဉ်ခြင်းနှင့် တူလေရကား အရိဋ္ဌရဟန်း၏ စဉ်းစားမှုအားလုံးသည် မှားယွင်းသော မိစ္ဆာအယူမျှသာဖြစ်၍ ပထမပါရာဇိကကို ပယ်ရှားခြင်းမှာလည်း ဘုရားရှင်ကို နားမလည်ရာ ရောက်စေရကား သဗ္ဗညုတဉာဏ်တော်ကို သူ့ဉာဏ်လောက် မလေးနက်ဟု ပယ်ဖျက်ရာ ရောက်လေတော့သည်။

**ဆက်ဦးအံ့—**သူစွပ်စွဲသော စကားရပ်တွင် "တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ = အန္တရာယ် မပြုနိုင်လောက်သော နည်းဖြင့် ဘုရားဟောထားသော တရားကို ငါသိ၏"ဟု ဆိုခြင်းမှာလည်း ဓမ္မကထိကပီပီ သက်သက် အခြောက်ကြွား ကြွားလိုက်ခြင်းပင်တည်း။ အမှန်မှာ – ထိုကဲ့သို့ (မေထုန်ကို အန္တရာယ် မပြုနိုင်သော နည်းဖြင့်) ဟောထားအပ်သော တရား မရှိချေ။ ဤမှ နောက်၌ ရဟန်းများက ထိုသို့ပြောဆိုသောရဟန်းအား ဆုံးမရပုံ စသည်ကို သံဃာဒိသေသ် ဒုဗ္ဗစ သိက္ခာပုဒ်အဖွင့်ကို နည်းမှီး၍ သိနိုင်ပြီ။ ဤသိက္ခာပုဒ်လာ အရိဋ္ဌရဟန်း၏ ဖြစ်ထွေကို မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ်အဖွင့်ပါ ကြည့်မှ သာ၍ သနားဘွယ် ကောင်းသည်။ ထို အရိဋ္ဌ ရဟန်းသည် နောက်ထပ် မည်မျှပင် ကျင့်သော်လည်း ငရဲက လွတ်မည်မဟုတ်။ ထို့ကြောင့် ဘုရားရှင်နှင့် တရားတော်ကို မစွပ်စွဲမိရန် သတိထားသင့်ကြပေသည်။

**အင်္ဂါ ၃ ပါး။** ။၁–သမနုဘာသနကံ၏ ဓမ္မကံဖြစ်ခြင်း၊ ၂–သုံးကြိမ်တိုင်အောင် ဆုံးမခြင်း၊ ၃–အယူကို မစွန့်ခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။ [သမနုဘာသနကံ မပြုရသေးခင် ဆုံးမ၍ မရလျှင်ကား ဒုက္ကဋ်။]

[**ဆောင်**] သမနုဘာသန, ထိုကမ္မ၏, ဓမ္မကံဖြစ်, ဆုံးမလစ်ဘိ, သုံးကြိမ်ပြည့်သား, မစွန့်ငြားဟု, သုံးပါးအင်္ဂ, ပြည့်စုံမှ, အရိဋ္ဌပါစိတ်သင့်။

**၉။ ဥက္ခိတ္တသမ္ဘောဂ။** ။အရိဋ္ဌရဟန်း ယူအပ်သော မိစ္ဆာအယူမျိုးကို ယူလျှင် ထိုရဟန်းကို ဥက္ခေပနီယကမ္မဝါစာဖြင့် နှင်ထုတ်ရ၏။ ထို နှင်ထုတ်အပ်သော ဥက္ခိတ္တက ရဟန်းမှန်း သိလျက် အာမိသ သမ္ဘောဂ၊ ဓမ္မ သမ္ဘောဂ စသည်ကို ပြုလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်သည်။

မပြုံအပ်သေးသော ဩသာရဏာကံရှိသော၊ တံ ဒိဋ္ဌိံ — ထိုမိစ္ဆာအယူကို၊ အပ္ပဋိနိဿဇ္ဇန္တ - မစွန့်သေးသော၊ ဘိက္ခုနာ - ရဟန်းနှင့်၊ သဒ္ဓိံ-တကွ၊ သံဘုဉ္ဇေယျဝါ - အာမိသ ဓမ္မသံဘောဂကိုမူလည်း ပြုအံ့၊ သံဝသေယျ ဝါ - ဥပုသ် ပဝါရဏာစသော သံဝါသကိုမူလည်း ပြုအံ့၊ သဟဝါ သေယျံ - သဟသေယျကိုမူလည်း၊ ကပ္ပေယျ - ပြုအံ့၊ တဿ - ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**အကတာနုဓမ္မေန**။ ။ထိုသို့ ဥက္ခေပနီယကံ အပြုခံရသဖြင့် မာန်မာန ကျ၍ ဆိုင်ရာ ကျင့်ဝတ်များကို ကျင့်ပြီး၍ ထိုကံကို ငြိမ်းစေပါမည့်အကြောင်း တောင်းပန်သောအခါ သံဃာ့ဘောင်သို့ ပြန်၍သွင်းသော "ဩသာရဏာကံ" ပြုရသည်။ ထိုဩသာရဏာကံ မပြုရသေးသော ဥက္ခိတ္တကရဟန်းကို "အကတာနုဓမ္မ"ဟု ခေါ်သည်။ [အနုရူပေါ - ဥက္ခေပနီယကံ အားလျော်သော၊ ဓမ္မော- ဩသာရဏာကံဟူသော ဝိနည်းတရားသည်၊ အနုဓမ္မော-မည်၏။ "အကတော အနုဓမ္မော ယဿာတိ အကတာနုဓမ္မော"ဟု ပြု။] ဩသာရဏာကံ မပြုရသေး သော်လည်း မိစ္ဆာအယူဝါဒကို စွန့်ပြီးပြီဟုသိလျှင် သမ္ဘောဂ စသည်ကို ပြုနိုင် ပြီ။ ထို့ကြောင့် "တံ ဒိဋ္ဌိံ အပ္ပဋိနိဿဇ္ဇန္တ=ထိုအယူကို မစွန့်သေးသူ"ဟု ထပ်၍ ဝိသေသန ကူမရသည်။

**သံဘုဉ္ဇေယျ**။ ။ဆွမ်း စသော အာမိသ ပစ္စည်းကို (မိမိအား ပေးလျှင်) ခံယူ သုံးစွဲခြင်း၊ မိမိက ထိုသူ့အား ချီးမြှောက် ပေးကမ်းခြင်းသည် အာမိသ သမ္ဘောဂ၊ ပါဠိတော် အဋ္ဌကထာဓမ္မကို ပို့ချပေးခြင်း၊ ထိုရဟန်းအထံ သင်ယူ ခြင်းသည် ဓမ္မသမ္ဘောဂ မည်၏။

**သံဝသေယျ၊ ပေ၊ ကပ္ပေယျ**။ ။ဥပုသ်ပဝါရဏာ၊ အခြားသံဃာ့ကံများ၌ ထို ဥက္ခိတ္တကရဟန်းနှင့် အတူတကွ ကံပြုခြင်းကို "သံဝါသ"ဟု ဆို၏။ [ဤ သံဝါသကို တားမြစ်ခြင်းကြောင့် "ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ" အဖွင့်၌ ဥက္ခိတ္တကရဟန်း ၃ မျိုးကို ထည့်သွင်းခဲ့ရသည်။] အကာအရံ ကွဲသော် လည်း အမိုးတူသော ကျောင်း အိပ်ရာ၌ ဥက္ခိတ္တကရဟန်းနှင့် အတူမအိပ်ရ။

**အင်္ဂါ ၃ ပါး**။ ။၁–ဩသာရဏာကံ မပြုရသေးခြင်း၊ ၂–ဩသာရဏာကံ မပြုရသေး၊ သို့မဟုတ် ထိုအယူကို မစွန့်သေးဟု သိခြင်း၊ ၃–သမ္ဘောဂစသည်ကို ပြုခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။

**[ဆောင်]** ကံ ဩသာရဏ,မပြုရသေး, သိရေး တဝ, သမ္ဘောဂမှု, စသည် ပြုဟူ, သုံးခုကြောင်းဟိတ်, အင်စုံကြိတ်, ဥက္ခိတ် သမ္ဘောသင့်။

**၁၀။ ကဏ္ဍက** **သမဏုဒ္ဒေသောပိ** - သာမဏေသည်လည်း၊ **ဧဝံ** - ဤသို့၊ **ဧဝ ဝဒေယျ** - အကယ်၍ ပြောဆိုအံ့၊ (ကိံ - နည်း၊) [“တထာဟံ ဘဂဝတာ ဓမ္မံ”မှ စ၍ “ဘိက္ခုဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ” တိုင်အောင် အရိဋ္ဌသိက္ခာပုဒ်အတိုင်း အနက်ဆို။] **သော သမဏုဒ္ဒေသော** - ထိုသာမဏေသည်၊ **ဝါ** - ကို၊ **ဘိက္ခူဟိ** - တို့သည်၊ **ဧဝံ**-ဤသို့၊ **ဝစနီယော** - ပြောဆိုထိုက်သည်၊ **အဿ** - ဖြစ်၏၊ (ကိံ — အဘယ်သို့ ပြောဆိုထိုက်သနည်း။)

**အာဝုသော သမဏုဒ္ဒေသ** - ငါ့ရှင် သာမဏေ၊ **အဇ္ဇတဂ္ဂေ** - ယနေ့ကို အစပြု၍၊ **တေ**—သင်သည်၊ **သော ဘဂဝါ**- ထို ငါတို့မြတ်စွာဘုရားကို၊ **သတ္ထာ**— ဆရာဟူ၍၊ **န စေဝ အပဒိသိတဗ္ဗော** —မညွှန်ပြထိုက်၊ **စ**— သည်သာ မကသေး၊ **အညေ**- သင်မှ တပါးကုန်သော၊ **သမဏုဒ္ဒေသာ**- **သာမဏေ**တို့သည်၊ **ဘိက္ခူဟိ** — ရဟန်းတို့နှင့်၊ **သဒ္ဓိံ** — တကွ၊ **ဒိရတ္တ တိရတ္တံ** – ၂ ညဥ့် ၃ ညဥ့်ပတ်လုံး၊ **ယမ္ပိ သဟသေယျံ** - အကြင် အတူ အိပ်ခွင့်ကိုမူလည်း၊ **လဘန္တိ**- ရကြကုန်၏၊ **သာပိ**- ထို အတူအိပ်ခွင့်သည် လည်း၊ **တေ**- သင့်အတွက်မှာ၊ **နတ္ထိ**- မရှိတော့ပြီ၊ **ပိရေ** - ပြင်ပသူစိမ်းဟဲ့ လူပြိန်း၊ **စရ**- သွားလော၊ **ဝိနဿ** - ဘော်ရာချောင်ကြား ပျက်ပြားလေလော၊ **ဣတိ**-ဤသို့ ပြောဆိုထိုက်၏။

× × × × ×

**၁၀။ ကဏ္ဍက။** ။ကဏ္ဍကသာမဏေကို အကြောင်းပြု၍ ပညတ်တော်မူအပ်သောကြောင့် “ကဏ္ဍကသိက္ခာပုဒ်”ဟု နာမည်တပ်သည်။ အရိဋ္ဌရဟန်းကဲ့သို့ ကဏ္ဍကသာမဏေမှာလည်း မိစ္ဆာအယူဖြစ်၍ “တထာဟံ ဘဂဝတာ ဓမ္မံ” စသည်ကို ပြောဆိုသည်။ ယခုအခါ ဘုရားစွပ်စွဲသော ထို သာမဏေမျိုး ပေါ်လာလျှင် သိက္ခာပုဒ်အတိုင်း ဆုံးမရသည်။ ဆုံးမ၍ မရခဲ့သော် ဆက်လက်၍ ပြောဆိုရသည်မှာ....

**အဇ္ဇတဂ္ဂေ၊ ပေ၊ တေ နတ္ထိ။** ။ယနေ့ကစ၍ ငါတို့ဘုရားရှင်ကို သင်က ဆရာဟူ၍ မညွှန်ပြနှင့်တော့။ “သင်က ဘုရားရှင်ကို စွပ်စွဲထားသောကြောင့် သင်လဲ ဘုရားရှင်၏တပည့် မဟုတ်နိုင်တော့ပြီ” ဟူလို။ အခြားသာမဏေများမှာ ရဟန်းတော်များနှင့်အတူ ၃ ညဥ့်အိပ်ခွင့် ရကြသေး၏။ သင့်မှာ ထိုအိပ်ခွင့်မျိုး မရတော့ပြီ။ “သင်နှင့် အတူတကွ တမိုးတည်းသော ကျောင်း၌ အိပ်သော ရဟန်းမှာ အာပတ်သင့်သည်” ဟူလို။

ယော ပန ဘိက္ခု - သည်၊ ဇာနံ - ဖျက်ဆီးအပ်ပြီးသော သာမဏေ ဟု သိလျက်၊ တထာ နာသိတံ - ထို ဆိုအပ်ပြီးသောနည်းဖြင့် ဖျက်ဆီးအပ်ပြီးသော၊ သမဏုဒ္ဒေသံ-သာမဏေကို၊ ဥပလာပေယျဝါ - သွေးဆောင်မှုလည်း သွေးဆောင်အံ့၊ ဥပဋ္ဌာပေယျဝါ- လုပ်ကျွေးမှုလည်း လုပ်ကျွေးစေအံ့၊ သံဘုဉ္ဇေယျဝါ- အာမိသ ဓမ္မ, သံဘောဂကိုမှုလည်း ပြုအံ့၊ သဟ ဝါသေယျ-သဟသေယျကိုမှုလည်း၊ ကပ္ပေယျ - ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

**သတ္တမော-သော၊ သပါဏကဝဂ္ဂေါ-တည်း။**

× × × × ×

**စရ ပိရေ ဝိနဿ။** ။"သင်သည် ငါတို့၏ မမြင်ကွယ်ရာအရပ်သို့ သွား၍ ပျက်စီးလေတော့"ဟု ပြောဆိုရမည်။ အင်္ဂတဝဂ္ဂမှ စ၍ ဤဝိနဿတိုင်အောင် စကားဖြင့် ထိုသာမဏေကို ဖျက်ဆီးရာရောက်သည်။ ထို့ကြောင့် နောက်၌ "တထာနာသိတံ"ဟု ဆိုလိမ့်မည်။ ["ပိရေ" ကား ပရနှင့် အနက်တူသော (အာလုပ်အနက်ရှိသော) နိပါတ်ပုဒ်တည်း။ ပရ ဟူရာ၌ သာသနာတော်၏ အတွင်းသား' မဟုတ်၊ သူစိမ်း ပြင်ပဖြစ်သူ ဟု ဆိုလိုသည်။ လူပြိန်းဟူသည် "အဖျင်း=အနံ=အအ" တည်း။]

**တထာနာသိတံ။** ။တထာနာသိတံ အရ ဖျက်ဆီးမှု ဟူရာ၌ အရိဋ္ဌ ရဟန်းကို ဖျက်ဆီးသလို အပေါင်းအသင်းမလုပ်ရအောင် ဖျက်ဆီးခြင်းဟူသော "သံဝါသ နာသန"၊ အသွင်ကိုဖျက် လူထွက်စေခြင်းဟူသော "လိင်္ဂနာသန"၊ အပြစ်ဒဏ်ပေး၍ ဖျက်ဆီးခြင်းဟူသော "ဒဏ္ဍကမ္မနာသန" ဟု ၃ မျိုး ရှိ၏။ ထိုတွင် သာမဏေကို ဖျက်ဆီးရာ၌ ရဟန်းချင်း မဟုတ်၍ အပေါင်းအသင်းကို ဖျက်ဆီးဘွယ်မလိုရကား နှင်ဒဏ်ပေးခြင်းဟူသော "ဒဏ္ဍကမ္မနာသန" ကိုသာ ယူရမည်ဟု မှတ်ပါ။

**ဥပလာပေယျ၊ ပေ၊ ကပ္ပေယျ။** ။"သပိတ်ပေးမည်၊ သင်္ကန်းပေးမည်၊ စာချပေးမည်" စသည်ဖြင့် ပြောဆို၍ ထို နှင်ဒဏ်ပေးထားသော သာမဏေကို သွေးဆောင် ခေါ်ယူလျှင်ငြား၊ အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ပြုလျှင်ငြား၊ အမိုးတူသောကျောင်း၌ တည်ခ္ဆမျှဖြစ်စေ အတူအိပ်လျှင်ငြား ထိုအမှု တခုခုကို ပြုသောရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။ [အင်္ဂါကို ရှေ့ဥက္ခိတ္တသမ္ဘောဂ အတိုင်း ဆိုပါ။]

## သဟဓမ္မိကဝဂ်

**၁။ သဟဓမ္မိက** ယော ပန ဘိက္ခု-သည်၊ ဘိက္ခူဟိ-ရဟန်းတို့သည်၊ သဟဓမ္မိကံ - သီတင်းသုံးဘော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်၊ ဝုစ္စမာနော-ပြောဆို ဆုံးမအပ်သော်၊ ဧဝံ-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိံ-အဘယ်သို့ ပြောဆိုရာသနည်း။)

အာဝုသော - အရှင်တို့၊ ယာဝ-အကြင်မျှလောက်၊ အညံ - အရှင်တို့မှ တပါးသော၊ ဗျတ္တံ - ထက်မြက်သော၊ ဝိနယဓရံ - ဝိနည်းဓိုရ်ဖြစ်သော၊ ဘိက္ခုံ - ရဟန်းကို၊ န ပရိပုစ္ဆာမိ-မမေးရသေး၊ တာဝ-ထို အခြား ဝိနည်းဓိုရ်ကို မမေးရသေးမီ၊ အဟံ - တပည့်တော်သည်၊ ဧတသ္မိံ သိက္ခာပဒေ-ဤသိက္ခာပုဒ်၌၊ န သိက္ခိဿာမိ - ကျင့်လိမ့်ဦးမည် မဟုတ်၊ ဣတိ-ဤသို့ ပြောဆိုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

ဘိက္ခဝေ - ရဟန်းတို့၊ သိက္ခမာနေန - ကျင့်ကြံလိုသည်သာလျှင်၊ (ဟုတွာ-ဖြစ်၍၊) ဘိက္ခုနာ-ရဟန်းသည်၊ အညာတဗ္ဗံ-မသိ သိအောင် ပြုရာ၏၊ ပရိပုစ္ဆိတဗ္ဗံ – မသိလျှင်လည်း မေးရာ၏၊ ပရိပဥှိတဗ္ဗံ - မေးပြီး နောက်သည်း အခေါက်ခေါက်အခါခါ ကြံစည်ရာ၏၊အယံ-ဤ သိအောင် ပြုခြင်း, မေးခြင်း, ကြံစည်ခြင်းသည်၊ တတ္ထ–ထို သိက္ခာပုဒ်ကို ကျင့်လိုရာ၌၊ သာမိစိ-လောကုတ္တရာအားလျော်သော ကျင့်ဝတ်တည်း။

× × × × ×

**၁။ သဟဓမ္မိက။** ။အနာဒရိယ သိက္ခာပုဒ်၌ ဝိနည်းပညတ်တော် ဓမ္မကို မလေးမစား ဂရုမစိုက် လုပ်လျှင် အာပတ်ဟု ပညတ်ခဲ့ပြီ။ ဤ သိက္ခာပုဒ်၌ကား သီတင်းသုံးဘော် ရဟန်းများက ဝိနည်းသိက္ခာပုဒ်ဖြင့် “ဤကဲ့သို့ မလုပ်သင့်ကြောင်း”ကို ပြောဆို ဆုံးမသောအခါ “ဤသိက္ခာပုဒ်ကို မကျင့်နိုင်ဘူး” ဟု တိုက်ရိုက် ပြောဆိုလိုက်လျှင် အနာဒရိယ သိက္ခာပုဒ်အရ ပါစိတ်။ အာပတ်ကို ကြောက်သောကြောင့် တိုက်ရိုက် မငြင်းဆန်ဝံ့ဘဲ “ဤ သိက္ခာပုဒ်၌ ဤကဲ့သို့ ကျင့်ရမည်မှာ အမှန်ပင် ဖြစ်ပါသလား”ဟု ထင်ရှားသော အခြားဝိနည်းဓိုရ်ကို မေးဦးမည်၊ ထိုကဲ့သို့ မေးမြန်း စုံစမ်းနေခိုက်မှာဖြင့် ဤသိက္ခာပုဒ်ကို မကျင့်နိုင်သေး ဟု သွယ်ဝိုက်၍ ငြင်းဆန်သည်။ ထိုကဲ့သို့ ငြင်းဆန်လျှင်လည်း ပါစိတ် အာပတ်ပင် ဖြစ်သည်။ [သဟဓမ္မိကံ ဝုစ္စမာနော ပုဒ်၏ အဖွင့်ကို ဒုဗ္ဗစသိက္ခာပုဒ် ပြန်ကြည့်ပါ။]

၂။ ဝိလေခနံ ယော ပန ဘိက္ခု–သည်၊ ပါတိမောက္ခေ – ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ–ရွတ်ဆိုအပ်သော်၊ ဧဝံ–ဤသို့၊ ဝဒေယျ – ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆိုရာသနည်း၊) ဥဒ္ဒိဋ္ဌေဟိ - ရွတ်ဆိုအပ်ကုန်သော၊ ခုဒ္ဒါနုခုဒ္ဒကေဟိ–ငယ်ကုန် သာ၍ ငယ်ကုန်သော၊ ဣမေဟိ သိက္ခာပဒေဟိ – ဤသိက္ခာပုဒ်တို့ဖြင့်၊ ကိံ ပန–အဘယ်အကျိုး

× × × × ×

**သိက္ခမာနေန**၊ **ပေ**၊ **သာမိစီ**။ ။ဤဝါကျကား ရဟန်းဆိုတာ ကျင့်လို စိတ် ရှိလျက် သိက္ခာပုဒ်ဆိုင်ရာဝယ် မသိ သိအောင် ပြုရမည်။ သိအောင် ပြုပါလျက် မသိလျှင်လည်း "ဤပါဠိက ဘာကို ဆိုလိုပါသနည်း၊ ဤပါဠိ၏ အနက်ကား ဘယ်လိုပါနည်း"စသည်ဖြင့် မေးရမည်။ မေးပြီးနောက်လည်း အခေါက်ခေါက် အခါခါ ကြံစည်ရ၊ နှိုင်းချိန်ရမည်။ ဤသို့ သိအောင် ပြုမှု၊ မေးမြန်းမှု၊ နှိုင်းချိန်မှုကို ပြုရခြင်းသည် လောကုတ္တရာရကြောင်း ကောင်းမြတ်သောအကျင့် ဖြစ်သည် ဟု တိုက်တွန်းသော ဝါကျတည်း။

**အင်္ဂါ ၂ ပါး**။ ။၁–ရဟန်းက ပညတ်တော်ဖြင့် ပြောဆိုခြင်း၊ ၂–မကျင့်လိုသည့်အတွက် "နတာဝါယံ"စသည်ဖြင့် ပြောဆိုခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။ [ဝိနည်းပညတ်တော်မှ တပါးသော သုတ္တန် အဘိဓမ္မာ နည်းလမ်းဖြင့် ပြောဆိုရာ စသည်၌ ဤသို့သွယ်ဝိုက်၍ ငြင်းဆန်လျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်းကိုလည်း သိပါ။]

**[ဆောင်]** ရဟန်းချင်းက, ပညတ်ပြ၍, ဆုံးမလေလင့်, မကျင့်ကြံလို,
ရှောင်လွှဲဆိုဟု, နဂိုကြောင်းမျှ, အင်နှစ်ဝ, သဟဓမ္မိကသင့်။

---

**၅၊ ဝိလေခန**။ ။ပါတိမောက်ကို တပါးပါးက ရွတ်ဆိုနေလသော် ထို ရွတ်ဆိုသံကို ကြားရသော ရဟန်းက "ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တွေကို ရွတ်နေလို့ ဘာလုပ်မှာလဲ၊ ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တွေဟာ အလွန့်ကို ကုက္ကုစ္စ ဝိဟေသ ဝိလေခ ဖြစ်စေနိုင်သည်" ဤသို့ သိက္ခာပုဒ်ကို ကဲ့ရဲ့လျှင် ပါစိတ်အာပတ်ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

**ဥဒ္ဒိဿမာနေ**။ ။ဥပုဒ္ဓ ဒိသဓာတ်သည် ရွတ်ဆိုခြင်း အနက်ကို ဟော၏။ ထို့ကြောင့် ဆရာ့ကိုယ်တိုင် တပည့်အား ရွတ်ဆို၍ (ပို့ချ) နေသည် ဖြစ်စေ၊ တပည့်က တောင်းပန်၍ ရွတ်ဆိုနေသည်ဖြစ်စေ၊ ထို ပါတိမောက်ကို တပါးပါးက စာပြန်သလို ရွတ်ဆိုနေသည်ဖြစ်စေ၊ ပါတိမောက်ပြသည့်အခါ ရွတ်ဆိုနေသည်ဖြစ်စေ ထို ရွတ်ဆိုမှု အားလုံးကိုပင် ဥဒ္ဒိဿမာနေ၌ သွင်းယူနိုင်သည်။

ရှိအံ့နည်း၊ (ဣမာနိ- ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့သည်၊) ယာဝဒေဝ- အလွန်အကဲသာလျှင်၊ ကုက္ကုစ္စာယ - ကုက္ကုစ္စအကျိုးငှာရင်း၊ ဝိဟေသာ ယ- ပင်ပန်းခြင်း အကျိုးငှာရင်း၊ ဝိလေခါယ - စိတ်ကို ရေးခြစ်သကဲ့သို့ ဖြစ်သော ဝိစိကိစ္ဆာအကျိုးငှာရင်း၊ သံဝတ္တန္တိ - ဖြစ်ကုန်၏၊ ဣတိ- ဤသို့ ပြောဆိုအံ့၊ (ဣတိ-ဤသို့၊) သိက္ခာပဒ ဝိဝဏ္ဏကေ - သိက္ခာပုဒ်ကို ကဲ့ရဲ့ ခြင်းကြောင့်၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**ခုဒ္ဒါနုခုဒ္ဒကေဟိ။** ။"ကိံ ပနိမေဟိ၊ ပေ၊ သံဝတ္တန္တိ" ဤဝါကျကား ထိုရဟန်း၏ ကဲ့ရဲ့ပုံကိုပြသော ဝါကျတည်း။ ထိုဝါကျ၌ ခုဒ္ဒါနုခုဒ္ဒကကို "ခုဒ္ဒ+ အနုခုဒ္ဒက" ဟု ပုဒ်ဖြတ်ပါ။ ပါရာဇိကကို ထောက်၍ သံဃာဒိသေသ်စသော သိက္ခာပုဒ်များကို ခုဒ္ဒ (ငယ်သော) သိက္ခာပုဒ်များဟု ဆိုနိုင်၏။ ခုဒ္ဒအမည် ရပြီးသော သံဃာဒိသေသ်ကို ထောက်၍ ထုလ္လစ္စဉ်းစသော သိက္ခာပုဒ်များကို အနုခုဒ္ဒက (သာ၍ငယ်သော) သိက္ခာပုဒ်များ ဟု ဆိုနိုင်သည်။ အချုပ်မှာ- သံဃာဒိသေသ်သည် ခုဒ္ဒသာမည်၍ ထုလ္လစဉ်း စသည်တို့မှာ ခုဒ္ဒ+ အနုခုဒ္ဒက ၂ မျိုးလုံး မည်သည်ဟု ဆိုလိုသည်။ [အကျယ်ကို ကင်္ခါဋီကာသစ်မှာ ရှုပါ။]

**ယာဝဒေဝ။** ။ဤပုဒ်ကို "အတိသယတ္ထ" အနက် "သံဝတ္တန မရိယာဒ ပရိစ္ဆေဒတ္ထ" အနက်အားဖြင့် ၂ နက် ဖွင့်၏။ နိဿယ၌ အတိသယတ္ထ ပေးခဲ့ သည်။ "ဤသိက္ခာပုဒ်များသည် အလွန့်ကို ကုက္ကုစ္စ စသည့်အကျိုးငှာ ဖြစ်ကြ သည်။ ဤသိက္ခာပုဒ်များ ရှိသည့်အတွက် ကုက္ကုစ္စ စသော မကောင်းကျိုးများ အလွန် ဖြစ်ကြရသည်" ဟု ဆိုလိုသည်။

**မရိယာဒ ပရိစ္ဆေဒ။** ။သံဝတ္တန္တိ အရ သံဝတ္တနကြိယာ၏ အပိုင်း အခြားကို ကန့်သတ်ခြင်း အနက်တည်း။ ဤ သိက္ခာပုဒ်များသည် ကုက္ကုစ္စ တိုင်အောင်၊ ဝိဟေသတိုင်အောင်၊ ဝိလေခတိုင်အောင် ဖြစ်ကြ၏။ ဤသိက္ခာပုဒ် များကြောင့် သင်အံလေ့ကျက် ဆောင်ရွက်ရသော ဒုက္ခမှစ၍ ကုက္ကုစ္စ၊ ဝိဟေသ၊ ဝိလေခအထိ မကောင်းကျိုးများကို ရကြသည်ဟု ဆိုလိုသည်။ ယာဝဒေဝ၌ ဝေကား ထို မကောင်းကျိုးမှတပါး ကောင်းကျိုးမရှိဟု ကန့်သည်။ ["ယာဝ ဒေဝ ကုက္ကုစ္စာယ-ကုက္ကုစ္စတိုင်အောင်သော အကျိုးငှာသာလျှင်" စသည်ဖြင့် ယာဝဒေဝကို ၃ ပုဒ်လုံး၌ လိုက်၍ပေးပါ။]

**ကုက္ကုစ္စာယ၊ ပေ၊ ဝိလေခါယ။** ။သိက္ခာပုဒ်များ ရှိသည့်အတွက် "ငါ ပြုလုပ်အပ်သောအမှုသည် အပ်မှ အပ်ပါ့မလား၊ မအပ်ဘဲများ နေမလား"ဟု ကြံစည်၍ နှလုံး မသာမယာ ဖြစ်နေမှုကို "ကုက္ကုစ္စ"ဟု ခေါ်၏။ ထိုသို့ ကြံစည်၍

**၃။ မောဟန** ယော ပန ဘိက္ခု - သည်၊ အနွဒ္ဓမာသံ - အစဉ်အားဖြင့် လခွဲတိုင်း၊ ပါတိမောက္ခေ - ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ-ရွတ်အပ် ပြအပ်သော်၊ ဧဝံ- ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိံ နည်း၊) ဣဒါနေဝ- ယခုမှသာ၊ အဟံ - တပည့်တော်သည်၊ ဇာနာမိ- သိရ၏၊ အယမ္ပိဓမ္မော - ဤသိက္ခာပုဒ် တရားတော်သည်လည်း၊ သုတ္တာဂတော - ပါတိမောက် ပါဠိတော်၌ လာသည်၊ သုတ္တပရိယာပန္နော- ပါတိမောက် ပါဠိတော်၌ အကျုံးဝင်သည်၊ (ဟုတ္ဝာ-၍၊) အနွဒ္ဓမာသံ- လခွဲတိုင်း၊ ဥဒ္ဒေသံ - ရွတ်ပြအပ်သည်၏ အဖြစ်သို့၊ အာဂစ္ဆတိ ကိရ- ရောက်သတဲ့၊ ဝါ- ရောက် ဆိုပါတကား၊ ဣတိ - ဤသို့ ပြောဆိုအံ့။

× × × × ×

စိတ်ပင်ပန်းနေမှုကို "ဝိဟေသာ" ဟု ခေါ်၏။ ထိုသို့ ယုံမှားသံသယ ဝိစိကိစ္ဆာဖြစ်စေမှုကို "ဝိလေခါ"ဟု ခေါ်သည်။ [မနော= စိတ်ကို+ ဝိလေခါ= ရေးခြစ်သကဲ့သို့ ဖြစ်ခြင်း။]

**အင်္ဂါ ၂ ပါး။** ။၁- ကဲ့ရဲ့လိုခြင်း၊ ၂- ရဟန်း၏အနီး၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။ [လူ သာမဏေ၏အနီး၌ သိက္ခာပုဒ်ကို ဖြစ်စေ၊ ရဟန်းနှင့် လူ သာမဏေတို့အထံ၌ သိက္ခာပုဒ်မှတပါး အခြားသော ပါဠိ အဋ္ဌကထာဓမ္မကို ဖြစ်စေ ကဲ့ရဲ့လျှင် ဒုက္ကဋ်။]

**[ဆောင်]** ကဲ့ရဲ့လိုလျှင်း, ရဟန်းချင်း၏, ထံရင်းနီးပါး, သိက္ခာများထိ, ကဲ့ရဲ့မိချေ, အင်နှစ်ထွေ, ဝိလေခနသင့်။

---

**၃။ မောဟန။** ။ဤသိက္ခာပုဒ်၌ အချုပ်ကား - ရဟန်း တပါးသည် မကြာမီက သိက္ခာပုဒ် တပါးပါးကို ကျူးလွန်ခဲ့၏။ ထို့နောက် ဥပုသ်နေ့၌ ပါတိမောက်ပြသည့်အခါ "မကြာမီက မသိလို့ သိက္ခာပုဒ်ကို ကျူးလွန်ခဲ့သည်၊ သိများသိလျှင် ကျူးလွန်မှာမဟုတ်"ဟု အခြားရဟန်းတို့က သူ့အပေါ် တွေးကြထင်ကြ ညှာတာကြအောင် "တပည့်တော်သည် ယခုမှ သိရပါတယ်၊ ဤသိက္ခာပုဒ်လဲ ပါတိမောက်မှာ လာ၍ ပါတိမောက်ပြရာတွင် ပါဝင်သကိုး" ဟု ပြောဆိုလေသည်။

သို့သော် အခြားရဟန်းများက "ထိုရဟန်းသည် ရှေးရှေး ပါတိမောက်ပြရာအခါတွင် ၂ ကြိမ် ၃ ကြိမ် သံဃာများနှင့်အတူ ပါဝင်နေထိုင်ဘူးပြီ" ဟု သိကြလျှင် (၂ ကြိမ် ၃ ကြိမ်ထက်ပို၍ပင် ပါဝင်ဘူးသည်ဟု သိလျှင်ကား ပြောဘွယ်မရှိပြီ။) ထိုရဟန်းမှာ ရှေးတုန်းက ကျူးလွန်ခဲ့သော အပြစ်အတွက် အာပတ်ကို

တံ ဘိက္ခုံ-ထိုရဟန်းကို၊ အညေ-တပါးကုန်သော၊ ဘိက္ခူ-ရဟန်းတို့သည်၊ ဒွတ္တိက္ခတ္တုံ-၂ ကြိမ် ၃ ကြိမ်၊ ပါတိမောက္ခေ-ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ-ရွတ်အပ် ပြအပ်စဉ်၊ ဣမိနာ ဘိက္ခုနာ- ဤရဟန်းသည်၊ နိသိန္နပုဗ္ဗံ-ဥပုသ်ပြုသံဃာတွင် ပါဝင်နေထိုင်အပ်ဘူးသည်ကို၊ စေ ဇာနေယျုံ-အကယ်၍ သိကုန်အံ့၊ ဘိယျော- ၂ ကြိမ် ၃ ကြိမ်ထက် အလွန် ပါဝင်ဘူးမှုကား၊ ကောပနဝါဒေါ-ဘာပြောဘွယ် ရှိတော့အံ့နည်း။

စ-ဆက်ဦးအံ့၊ တဿ ဘိက္ခုနော - ၏၊ အညာဏကေန - မသိဟန်ဆောင်ခြင်းကြောင့်၊ မုတ္တိ-အာပတ်မှ လွတ်ခြင်းသည်၊ န အတ္ထိ - မရှိ၊ တတ္ထ - ထို သိက္ခာပုဒ်ကို လွန်ကျူးခဲ့ရာ၌၊ ယဉ္စ အာပတ္တိံ - အကြင်

× × × × ×

ကုစားစေ၍ ထို့ထက်အလွန် "တဿ တေ အာဝုသော အလာဘာ" စသော စကားဖြင့် ကဲ့ရဲ့ ရှုတ်ချပြီးနောက် မောဟကံသို့ တင်ရမည်။ ["ဣမိနာ ဘိက္ခုနာ"ဟု ရှိသောကြောင့် "နိသိန္နပုဗ္ဗံ-နေထိုင်အပ်ဘူးသည်ကို"ဟု ကံ အနက်ပေးလိုက်ရသည်။ စာသွား မကောင်းလှ။ "ဣမိနာ ဘိက္ခုနာ" မပါမှ သာ၍ စာသွားလှမည်။]

ထို မောဟကံသို့ တင်ပြီးသောအခါ ထပ်၍ "ဣဒါနေဝ ခေါ အဟံ ဇာနာမိ"စသော စကားမျိုးကိုပြောကာ မသိလို့ ပြုမိလေဟန်ဆောင်ပြန်လျှင် ပါစိတ်အာပတ်သင့်သည်။ [မောဟကံသို့ မတင်မီ မသိဟန်ဆောင်ခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သာ သင့်၏။ မောဟကံသို့ တင်သည့်အခါ ဉတ်ကမ္မဝါစာဖြင့် တင်ရသည်။ ထို တင်ပုံကို ဤသိက္ခာပုဒ် ပါဠိတော်ရင်းမှာ ရှုပါ။]

**အန္ဝဍ္ဎမာသံ၊ ပေ၊ ဥဒ္ဒိဿမာနေ။** ။အနု+အဍ္ဎမာသံ၌ အနု သဒ္ဒါသည် အစဉ်အတိုင်းဟူသော အနက်ကို အတွင်းပြု၍ ဝိစ္ဆာ အနက်ကို ဟောသည်။ ထို့ကြောင့် "အစဉ်အားဖြင့် လခွဲတိုင်း"ဟု အနက်ပေးသည်။ ဥဒ္ဒိဿမာနေ အရ ရှေ့သိက္ခာပုဒ်၌ကဲ့သို့ သင်အံ ပို့ချခြင်းကို မယူရ၊ ဥပုသ်ပြုသည့်အခါ ပါတိမောက်ပြခြင်းကို ယူရမည်။ ဥဒ္ဒိဿမာနေဟု ပစ္စုပ္ပန်အနက်ဟော မာန ပစ္စည်းဖြင့် ဆိုထားသော်လည်း ပါတိမောက်ပြတုန်း လောလောဆယ်ကိုမယူရ၊ ပါတိမောက် ပြပြီး နောက်မှ ပြောဆိုသည်ဟု ယူရမည်။ ဘာ့ကြောင့်နည်း။ သင့်အပ်ပြီးသော အာပတ်ကို ကုစားစေခြင်း၊ မောဟကံသို့ တင်ခြင်း ကိစ္စတို့ကို ထိုရဟန်း ပြော၍ မကြာခင်ပင် ပြုခွင့်ရှိ၍ ထို ကိစ္စများကိုလည်း ပါတိမောက်ပြတုန်းဝယ် ပြုဘို့ရန် မလွယ်ကူသောကြောင့်တည်း။

အာပတ်သို့လည်း၊ အာပန္နော - ရောက်ပြီ၊ တဥ္စ — ထို အာပတ်ကိုလည်း၊ ယထာ - အကြင် အခြင်းအရာအားဖြင့်၊ ဓမ္မော - တရားတော်သည်၊ (ဠိတော - တည်ရှိ၏၊ တထာ - ထို အခြင်းအရာအားဖြင့်၊) ကာရေ တဗ္ဗော - ပြုစေထိုက်၏၊ ဝါ - ကုစားစေထိုက်၏၊ ဥတ္တရိစ-ယထာဓမ္မ ကာရဏာထက် တိုးတက်၍လည်း၊ တဿ - ထိုရဟန်း၏ (အပေါ်သို့)၊ မောဟော - မောဟာကံကို၊ အာရောပေတဗ္ဗော — တင်ထိုက်၏၊ (ကံ - အဘယ်သို့ ကဲ့ရဲ့ပြီး၍ တင်ထိုက်သနည်း။)

အာဝုသော - ငါ့ရှင်၊ ယံ တွံ-အကြင် သင်သည်၊ ပါတိမောက္ခေ-ကို၊ ဥဒ္ဒိဿမာနေ—ရွတ်အပ် ပြအပ်စဉ်၊ သာဓုကံ - ကောင်းမွန်စွာ၊ အဋ္ဌိံ ကတွာ - အကျိုးရှိသည်ကိုပြု၍၊ န မနသိကရောသိ - နှလုံးမသွင်း၊ တဿ တေ - ထို သင်သည်၊ အလာဘာ - ဒိဋ္ဌဓမ္မိက သမ္ပရာယိက လာဘ်တို့ကို မရအပ်လေကုန်စွ၊ တဿ တေ - ထို သင်သည်၊ (မနသိကတ္တံ - ကံကောင်း ထောက်မသဖြင့် ရအပ်သော လူ့အဖြစ်ကို၊) ဒုလ္လဒ္ဓံ - မကောင်းသဖြင့် ရအပ်လေစွ၊ ဝါ - အရ မတော်လေစွ၊ ဣတိ - ဤသို့ ကဲ့ရဲ့ပြီး၍ မောဟ ကံသို့ တင်ထိုက်၏၊ တသ္မိံ မောဟနကေ - ထို မသိဟန်ဆောင်သော ပုဂ္ဂိုလ်၌၊ ဣဒံ ပါစိတ္တိယံ — ဤ ပါစိတ်အာပတ်သည်၊ ဟောတိ - ၏။

× × × × ×

**ယဉ္စ တတ္ထ၊ ပေ၊ ကာရေတဗ္ဗော။** ။တတ္ထ၏ အစွဲကို ရှေးတုန်းက (ပါတိမောက် မပြမီ) သူပြုကျင့်ခဲ့သော လွန်ကျူးမှုကို စွဲရမည်။ ပါတိမောက်ကို (ယခု အကြိမ်) မနာမီ ရှေးက လွန်ကျူးခဲ့သော အပြစ်များအတွက် မသိ၍ ပြုခဲ့မိဟန် ဆောင်သော်လည်း အာပတ်မှ မလွတ်၊ ဆိုင်ရာ ဝိနည်းတရားတော် အတိုင်း ထိုအာပတ်ကို ကုစားစေရမည်။

**ဥတ္တရိစဿ၊ ပေ၊ အာရောပေတဗ္ဗော။** ။[ယထာဓမ္မ = ဝိနည်းတရား တော် အတိုင်း + ကာရဏာ=ပြုစေခြင်း၊] ဆိုင်ရာအာပတ်ကို ကုစားစေရုံ မက မောဟာကံသို့လည်း တိုး၍တင်ရမည်။ "နောက်ထပ် မောဟာကံပြုရမည်"ဟူလို။

**တဿ တေ၊ ပေ၊ မနသိကရောသိ။** ။ဤဝါကျကား မောဟာကံ မတင်မီ ပြောဆိုရမည့် စကားတည်း။ ထိုဝါကျ၌ နိဿယလာ အနက်များကို အဓိပ္ပာယ် ပေါ်အောင် အဋ္ဌကထာဖွင့်အတိုင်း ပေးထားသည်။ အဋ္ဌိံ ကတွာ၌ သမာသ် မဟုတ်။ အဋ္ဌိံ တပုဒ်၊ ကတွာ တပုဒ်တည်း။ "အတ္ထော ယဿ အတ္ထိတိ အဋ္ဌိ" တ္ထကို ဋ္ဌ (ဋ္ဌ ဆင့်လျက်) ပြုထားသည်။ ပါတိမောက်ကို ကောင်းစွာ နှလုံး

**၄။ ပဟာရ**

ယော ပန ဘိက္ခု-သည်၊ ဘိက္ခုဿ-ရဟန်းအား၊ ကုပိတော-စိတ်ဆိုးသည်၊ အနတ္တမနော - မိမိစိတ် မရှိသည်၊ (ဟုတွာ - ၍) ပဟာရံ - ပုတ်ခတ်ခြင်းကို၊ ဒဒေယျ - ပေးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

သွင်း၍ နာခြင်းကြောင့် ရအပ်သော ဒိဋ္ဌဓမ္မကျိုး၊ သမ္ပရာယိက (တမလွန်ကျိုး) ရှိသူကို "အဋ္ဌိ"ဟု ဆိုသည်။ မိမိကိုယ်ကို ထိုအကျိုး ၂ မျိုးရှိသူဖြစ်အောင် ပြု၍ မနာယူဘူး ဟူလို။ [အဋ္ဌကပုဒ်နောင် တွာပစ္စည်းကြံ၍ ပါစိတျာဒိယောဇနာ၌ တနည်း ဖွင့်သေး၏။]

**အင်္ဂါ ၄ ပါး**။ ။၁-မောဟကံကို တင်ပြီးခြင်း၊ ၂-ထို တင်ပြီးနောက် မသိဟန်ဆောင်လိုသောစိတ် ဖြစ်ပြန်ခြင်း၊ ၃-ပါတိမောက် အကျယ်ပြသည်ကို ၂ ကြိမ် ၃ ကြိမ်မျှ ကြားဘူးခြင်း၊ ၄-မသိဟန်ဆောင်ခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။ [(၃) အင်္ဂါအရ ရဟန်းဖြစ်ခါစ ဖြစ်၍ ပါတိမောက် အကျယ်ပြသည်ကို ၂ ကြိမ် ၃ ကြိမ် မနာဘူးသေးလျှင် မောဟကံသို့ မတင်ရ၊ လွန်ကျူးမိသော အာပတ်ကိုကား တရားအတိုင်း ကုစားစေရမည်သာ။ ၂ ကြိမ် ၃ ကြိမ် နာဘူးစေကာမူ အကျဉ်းပြကိုသာ နာဘူးလျှင်လည်း မောဟကံသို့ မတင်ရ။]

**[ဆောင်]** မောဟကံတွင်, တင်ပြီးလျှင်သား, မသိချင်ဟန်, ဆောင်လိုပြန်ခါ, နှစ်-သုံးခါမျှ, အကျယ်ပြကို, နာရလေဘိ, မသိဟန်ပြု, အင်လေးခု, သင့်မှု မောဟန။

---

**၄။ ပဟာရ။** ။စိတ်ဆိုး၍ ရဟန်းအား ရိုက်နှက် ပုတ်ခတ်လျှင် ပါစိတ်။ သေစေလိုသောစေတနာ မရှိလျှင် ရိုက်သည့်အတွက် သေစေကာမူ ပါစိတ်ပင်။ နဂိုကပင် အင်္ဂါ ချွတ်ယွင်းစေလို၍ နှိပ်စက်မူ ဒုက္ကဋ် ဟူ၏။ လူ သာမဏေကို ရိုက်နှက်ရာ၌ကား ဒုက္ကဋ်ချည်းသာ။ ရန်သူတို့က နှိပ်စက်လာသဖြင့် လွတ်မြောက်အောင် ကာကွယ်ရာ၌ လက်လွန်၍ သေစေကာမူ အနာပတ္တိ။

**အင်္ဂါ ၃ ပါး**။ ။၁-စိတ်ဆိုးခြင်း၊ ၂-လွတ်မြောက်အောင် ကာကွယ်သော အရာ မဟုတ်ခြင်း၊ ၃-ရဟန်းအား ပုတ်ခတ် ရိုက်နှက်ခြင်းတည်း။

**[ဆောင်]** စိတ်ဆိုးလေ၍, လွတ်မြောက်စေ့ငှာ, ကွယ်ကာ မဟုတ်, ရိုက်ပုတ် သတ်ညှဉ်း, ရဟန်းချင်းဟု, ကြောင်းရင်း သုံးဝ, အင်စုံက, ပဟာရ ပါစိတ်သင့်။

---

၅။ **တလသတ္တိက** ယော ပန ဘိက္ခု - သည်၊ ဘိက္ခုသ - ရဟန်း၏ (အပေါ်၌)၊ ကုပိတော အနတ္တမနော (ဟုတွာ) တလသတ္တိကံ-လှံ၏အလား, လက်ဝါးပြင်ကို၊ ဥဂ္ဂိရေယျ - မြှောက်အံ့၊ ဝါ-မိုးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၆။ **အမူလက** ယော ပန ဘိက္ခု-သည်၊ ဘိက္ခုံ - ကို၊ အမူလကေန-သော၊ သံဃာဒိသေသေန-သံဃာဒိသေသ် အာပတ်ဖြင့် အနုဒ္ဓံသေယျ-အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၅။ **တလသတ္တိက**။ [သတ္တိ = လှံ + က = တူသည်၊ သတ္တိက=လှံနှင့် တူသော+တလ=လက်ဝါးပြင်။] လှံသည် ထိုးဆွစရာ ဖြစ်သကဲ့သို့ လက်ဝါးအပြင်လည်း ရိုက်ပုတ်စရာဖြစ်သည်။ လက်ဝါးအပြင်ကို ဥပလက္ခဏနည်းဖြင့် မှတ်၍ ဆိုထားသည်။ လက်ဝါးသာမက ခြေ၊ ဒူး စသော ကိုယ်အင်္ဂါ အစိတ်များကိုပါ "တလသတ္တိက"အရ ယူရသည်။

ရိုက်မည်ဟု မကြံဘဲ ခြိမ်းခြောက်သော အားဖြင့် ရဟန်း၏ အပေါ်၌ လက်ဝါးကြီး တမိုးမိုး၊ လက်သီး တရွယ်ရွယ်၊ ခြေ တရမ်းရမ်း၊ ဒုတ် ဓား တပြုပြု လုပ်လျှင် ပါစိတ်။ ထိုကဲ့သို့ ခြိမ်းခြောက် ရွယ်မိုးရာ၌ မချိန်ဆနိုင်၍ လက်လွန်သွားလျှင် (ရိုက်မိလျှင်) ဒုက္ကဋ် ဟူ၏။ ဤ၌လည်း ရန်သူက ရန်မူလာသဖြင့် လွတ်မြောက်လို၍ ရွယ်မိုးလျှင် အနာပတ္တိ။ အင်္ဂါမှာ ရှေ့ သိက္ခာပုဒ် အတိုင်း ၃ ပါးပင်။ "ပုတ်ခတ် ရိုက်နှက်"နေရာဝယ် "ရွယ်မိုးခြင်း"ကို လဲရုံသာ။

၆။ **အမူလက**။ ဤသိက္ခာပုဒ်လာ မှတ်ဘွယ်များကို သံဃာဒိသေသ်၌ ပြအပ်ခဲ့သော အမူလကသိက္ခာပုဒ်အတိုင်း သိပါ။ ထို၌ ပါရာဇိကဖြင့် စွပ်စွဲခြင်း၊ ဤ၌ သံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်းသာ ထူးသည်။ အင်္ဂါမှာ ၁-စွပ်စွဲခံရသူ၏ ရဟန်းဖြစ်ခြင်း၊ ၂-သံဃာဒိသေသ်၏ အမူလကဖြစ်ခြင်း၊ ၃-စွပ်စွဲခြင်း၊ ၄-ထို စွပ်စွဲပြီး ခဏ၌ သိခြင်းအားဖြင့် ၄ ပါးတည်း။

[**ဆောင်**] ရဟန်း ဖြစ်ဘိ, သံဃာဒိသ, အမူလဖြင့်, စွပ်စွဲလင့်သား,
ချက်ခြင်း အားပင်, သိနိုင်လျှင်ဟူ, အင်လေးဆူ, အ-မူ
ပါစိတ်သင့်။

၇။ သဉ္စိစ္စ ယော ပန ဘိက္ခု - သည်၊ ဘိက္ခုဿ- ရဟန်း၏၊ သဉ္စိစ္စ- သညာနှင့်တကွ စေ့ဆော်၍၊ ကုက္ကုစ္စံ - ကုက္ကုစ္စကို၊ ဥပဒဟေယျ - ဖြစ်စေအံ့၊ (ကိံ - အဘယ်သို့ ရည်ရွယ်၍ ဖြစ်စေသနည်း၊) ဣတိ-ဤသို့ ဖြစ်စေရလျှင်၊ အဿ - ထိုရဟန်း၏၊ မုဟုတ္တမ္ပိ - တမုဟုတ်မျှလည်း၊ အဖာသု- မချမ်းသာမှုသည်၊ ဘဝိဿတိ-ဖြစ်လတ့်၊ ဣတိ - ဤသို့ ရည်ရွယ်၍၊ စေတဒေဝ-ဤ စိတ်မချမ်းသာစေလိုခြင်းကိုသာလျှင်၊ ပစ္စယံ - အကြောင်းကို၊ ကရိတွာ - ပြု၍၊ အနညံ – အခြားအံကြောင်း မရှိဘဲ၊ (ဥပဒဟေယျ—အံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၇။ **သဉ္စိစ္စ**။ ။[ငါပြောလိုက်လျှင် သူ စိတ်မချမ်းသာ ဖြစ်လိမ့်မည်ဟု သိသော သညာကို သဉ္စိစ္စ၌ သံအရ "သညာနှင့် တကွ" ဟု ဆိုသည်။] "ကိုယ်တော် ရဟန်းခံခဲ့တာ အသက် ၂၀ မပြည့်ဘူး ထင်တယ်၊ ဆွမ်းဘုဉ်းပေးတုန်းက နေလွဲတယ်ထင်တယ်" စသည်ဖြင့် ပြောလိုက်လျှင် အပြောခံရသော ရဟန်းမှာ "ငါသည် ရဟန်းမှုဖြစ်ပါ့မလား၊ ငါဆွမ်းစားတုန်းက နေလွဲနေလေသလား" စသည်ဖြင့် ယုံမှားသံသယ ဖြစ်၏။ ထိုသံသယကိုပင် ဤသိက္ခာပုဒ်၌ "ကုက္ကုစ္စ"ဟု ခေါ်သည်။

**အနည်း**။ ။ထိုကဲ့သို့ ကုက္ကုစ္စဖြစ်နေအောင် ပြောဆိုအံ့၊ ပြောဆိုရာ၌လည်း "ယခုလို ပြောလျှင် သူ့မှာ ကုက္ကုစ္စဖြစ်ကာ တမုဟုတ် (တခဏ) လောက်ဖြစ်စေ၊ စိတ်နှလုံး မချမ်းသာခြင်း ဖြစ်လိမ့်မည်"ဟု ရည်ရွယ်ချက်ထားအံ့၊ ဤသို့ ကုက္ကုစ္စဖြစ်စေလိုသော ရည်ရွယ်ချက်မှတပါး အခြားအကြောင်းမရှိမူ ပါစိတ်။ တကယ်ပင် အသက်မစေ့ဘူးထင်၍ နောင်ခါ ထိုရဟန်း၌ သံသယဖြစ်မည်စိုးသောကြောင့် အကျိုးလိုသောစိတ်ဖြင့် ပြောလျှင်ကား ထိုရဟန်းမှာ ကုက္ကုစ္စဖြစ်သော်လည်း အနာပတ္တိ။

**အင်္ဂါ ၃ ပါး**။ ။၁-ပြောဆိုအပ်သူက ရဟန်းဖြစ်ခြင်း၊ ၂-စိတ်မချမ်းသာစေလိုခြင်း၊ ၃- ကုက္ကုစ္စဖြစ်စေခြင်း (ကုက္ကုစ္စ ဖြစ်အောင် ပြောဆို – စာရေးခြင်း) အားဖြင့် အင်္ဂါ ၃ ပါးတည်း။ [ထိုသို့ ကုက္ကုစ္စဖြစ်အောင် ပြုလုပ်ရာ၌ ထိုသူ့မှာ ကုက္ကုစ္စဖြစ်ဖြစ်–မဖြစ်ဖြစ် အာပတ်သင့်သည်။]

[**ဆောင်**] ချင်းချင်းရဟန်း, စိတ်မချမ်းစေ, လိုဆိုးထွေလျက်, ဖြစ်စေ
ကုက္ကုစ္စ, အင်သုံးဝ, သဉ္စိစ္စ ပါစိတ်သင့်။

၈။ ဥပဿုတိ ယော ပန ဘိက္ခု — သည်၊ ဘဏ္ဍနဇာတာနံ – ဖြစ်သော မိမိတို့ဘက်တွင် တိုင်ပင်ခြင်း ရှိကုန်သော၊ ကလဟဇာတာနံ-ဖြစ်သော ခိုက်ရန်ရှိကုန်သော၊ ဝိဝါဒါပန္နာနံ- ငြင်းခုန်ခြင်းသို့ ရောက်ကုန်သော၊ ဘိက္ခူနံ - ရဟန်းတို့၏၊ ဥပဿုတိံ - တိုင်ပင်သံ၏ အနီး၌၊ ဝါ- တိုင်ပင်သံကို ကြားလောက်ရာအရပ်၌၊ တိဋ္ဌေယျ-တည်နေအံ့၊ (ကိံ - အဘယ်သို့ကြံ၍ တည်နေသနည်း၊) ဣမေ - ဤရဟန်းတို့သည်၊ ယံ - အကြင်စကားကို၊ ဘဏိဿန္တိ - ပြောဆိုကုန်လတံ့၊ တံ- ထိုစကားကို၊ သောဿာမိ-နားထောင်အံ့၊ ဣတိ-ဤသို့ကြံ၍၊ ဧတဒေဝ - ဤနားထောင်လိုခြင်းကိုသာလျှင်၊ ပစ္စယံ - အကြောင်းကို၊ ကရိတွာ - ပြု၍၊ အနညံ- အခြား အကြောင်း မရှိဘဲ၊ (တိဋ္ဌေယျ - တည်နေအံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၈။ **ဥပဿုတိ**။ ။တဘက်နှင့်တဘက် ခိုက်ရန်ဖြစ်နေကြရာဝယ် တခြားဘက်သား ရဟန်းတို့၏ တိုင်ပင်သံကို သက်သက် ကြားလိုသဖြင့် ချောင်း၍ နားထောင်လျှင် ပါစိတ်။ [နားထောင် ဟူရာ၌ သွား၍ နားထောင်ခြင်းသာမက မိမိနေထိုင်ရာအနီးသို့ မိမိရှိမှန်းမသိ၍ တိုင်ပင်ရန်လာကြလျှင် မိမိရှိကြောင်းကို သိအောင် အသံပြုရမည်။ အသံမပြုဘဲ နားထောင်နေလျှင်လည်း ပါစိတ်။]

**ဘဏ္ဍန၊ ပေ၊ ဝိဝါဒါပန္နာနံ**။ ။"သူတို့က သည်လိုပြောလျှင် ငါတို့က သည်လိုပြောမည်၊ ချေပမည်" စသည်ဖြင့် မိမိတို့ဘက်သားချင်း တိုင်ပင်မှုကို "ဘဏ္ဍန"ဟု ခေါ်၏။ တဘက်နှင့် တဘက် ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ ထိခိုက်၍ ရန်ဖြစ်ခြင်းကို "ကလဟ = ခိုက်ရန်" ဟု ဆိုသည်။ "သူ့ဘက်က မှန်သည်၊ ငါ့ဘက်က မှန်သည်" စသည်ဖြင့် ဝိဝါဒါဓိကရဏ်း ဖြစ်လျက် တဘက်နှင့် တဘက် ငြင်းကြ၊ ငြင်းကြရင်းပင် အလွန်ဒေါ်ထ၍ ခုန်ကြခြင်းကို "ဝိဝါဒါပန္န=ငြင်းခုန်ခြင်း"ဟု ဆိုသည်။

**ဥပဿုတိံ**။ ။"သူယတိ-ကြားအပ်၏" ဟူသော ဝစနတ္ထအရ အသံကို "သုတိ"ဟု ခေါ်၏။ သုတိယာ – ကြားအပ်သောအသံ၏၊ သမီပံ- အနီးတည်း။ ဥပဿုတိ- နီး၊ အသံ၏ အနီးဟူသည် အသံကို ကြားလောက်ရာ အရပ်တည်း။ [ဋီကာ၌ တနည်း ဖွင့်သေး၏။] ဥပဿုတိသည် အဗျယီဘောသမာသ်တည်း။ ထို့ကြောင့် "အညသ္မာလောပေါစ"သုတ်ဖြင့် သ္မံဝိဘတ်ကိုချေ၍ ဥပဿုတိဟု ပုဒ်ရင်းရှိသည်။သို့ရာဝယ် အချို့အရာ၌ "စက္ခုံ ဥဒပါဒိ, တတော စ ဥတ္တရိံ" ကဲ့သို့ ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်လာ၍ "ဥပဿုတိံ"ဟုလည်း ရှိသည်။

**၄။ ကမ္မပတိဗာဟန** ယော ပန ဘိက္ခု – သည်၊ ဓမ္မိကာနံ-တရားရှိကုန်သော၊ဝါ – တရားသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနံ- ကံတို့ဘို့၊ ဆန္ဒံ - ဆန္ဒကို၊ ဒတွာ – ပေးပြီး၍၊ ပစ္ဆာ – နောက်၌၊ ခိယန ဓမ္မံ – ရှုတ်ချခြင်းသဘောသို့၊ အာပဇ္ဇေယျ-ရောက်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ **ဟောတိ။**

× × × × ×

**ယံ ဣမေ၊ပေ၊သောဿာမိ။** ။ဤဝါကျကား ချောင်း၍နားထောင်ရာ၌ နားထောင်သူ၏ ရည်ရွယ်ချက်ကိုပြသော ဝါကျတည်း။ သို့ရာတွင် ထိုဝါကျ ရှိရင်းအတိုင်း နားထောင်လိုရုံသက်သက် မဟုတ်၊ နားထောင်ပြီးလျှင် သူတို့ စကားအရ စောဒနာမည် ဟု ရည်ရွယ်ချက်လည်း ရှိမှ အာပတ် သင့်သည်။ စောဒနာလို၍ မဟုတ်ဘဲ သူတို့စကားကို ကြားလျှင် "ထို အဓိကရုဏ်းမှ မိမိ လွတ်အောင်ရှောင်မည်၊ အဓိကရုဏ်းကို ငြိမ်းစေမည်"စသော ကောင်းသော စိတ်ဆန္ဒဖြင့် ချောင်း၍နားထောင်လျှင် အနာပတ္တိ။ [၁–ရဟန်းများဖြစ်ခြင်း၊ ၂–စောဒနာလိုခြင်း၊ ၃–နားထောင်ခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။]

[**ဆောင်**] ရဟန်းများဖြင့်, တိုင်ပင်လေရာ, စောဒနာလိုခြင်း, နားထောင် ခြင်းဟု, ကြောင်းရင်းသုံးရပ်, အင်စုံလတ်, ဥပဿုတိသင့်။

---

**၄။ ကမ္မပတိဗာဟန။** ။ [ကမ္မ=ကံ+ပတိဗာဟန = တားမြစ်ခြင်း။] ကံပြုဘို့ရန် သဘောတူ ဆန္ဒပေးပြီးနောက် ထိုကံကို ရှုတ်ချပြစ်တင်လျှင် ထိုကံကို တားမြစ်ရာရောက်၍ "ကမ္မပတိဗာဟနသိက္ခာပုဒ်"ဟု နာမည်တပ်သည်။

**ဓမ္မိကာနံ ကမ္မာနံ။** ။ဓေတသုး–ဤကံတို့၌၊ ဓမ္မော–တရားသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ ဓမ္မိကာနိ–တို့မည်၏။ ဝိနည်းတရားနှင့်အညီ ပြုအပ်သော ကံများကို "ဓမ္မိက–တရားရှိသောကံများ"ဟု ခေါ်၏။ ထိုကံများကား–အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံအားဖြင့် ၄ ပါးရှိ၏။

**အပလောကန။** ။သံဃာ စည်းဝေးပြီးနောက် ဆိုင်ရာ အကြောင်းကို ပြောပြ၍ ပါဠိလို "ရုစ္စတိ သံဃဿ"ဟု ဖြစ်စေ၊ မြန်မာလို"သံဃာတော်အား နှစ်သက်ပါ၏လော"ဟု ဖြစ်စေ ၃ကြိမ်ပြော၍ ပြုအပ်သောကံကို"အပလောကနကံ"ဟု ခေါ်၏။ ကဏ္ဍကသိက္ခာပုဒ်၌ ကဏ္ဍကသာမဏေကို နှင်ထုတ်ကြောင်း ကံသည် ဤ အပလောကနကံ ပင်တည်း။ ယခုကာလ၌ မတာသန္တက သင်္ကန်း စသော သံဃိကပစ္စည်းကို တစုံတယောက်အား ပေးလိုရာ၌ ဖြစ်စေ၊ ပစ္စည်း ဝေတန်ရန် သမ္မုတိပေးရာ၌ဖြစ်စေ ဤ အပလောကနကံကို အသုံးပြုကြသည်။

**၁၀။ ဆန္ဒံ အဒတွာ ဂမန** ယော ပန ဘိက္ခု - သည်၊ သံဃေ-သံဃာ၌၊ ဝိနိစ္ဆယကထာယ - ဆုံးဖြတ်ကြောင်း စကား သည်၊ ဝတ္တမာနာယ - ဖြစ်နေစဉ်၊ ဆန္ဒံ-ဆန္ဒကို၊ အဒတွာ - မပေးဘဲ၊ အာသနာ - နေရာမှ၊ ဥဋ္ဌာယ - ထ၍၊ ပက္ကမေယျ - ဖဲသွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**ဥတ္တိက စသည်။** ။ဥတ်တကြိမ်တည်းဖြင့် ပြုအပ်သော ဥပုသ်ကံ၊ ပဝါရဏာကံ စသည်သည် ဥတ္တိကံ မည်၏။ ဥတ်တကြိမ်၊ ကမ္မဝါစာတကြိမ်ဖြင့် ပြုအပ်သော ကထိနစီဝရဒါနကံ၊ သိမာသမ္မုတိကံ စသည်တို့သည် ဥတ္တိဒုတိယ ကံတို့ မည်၏။ ဥတ်တကြိမ်၊ ကမ္မဝါစာ ၃ ကြိမ်ဖြင့် ပြုအပ်သော ဥပသမ္ပဒကံ စသည်တို့သည် ဥတ္တိစတုတ္ထကံ မည်၏။ [ ဥတ္တိဒုတိယ=ဥတ်လျှင် ၂ ကြိမ်မြောက် ရှိသောကံ။]

**အင်္ဂါ ၃ ပါး။** ။၁-ဓမ္မကံဖြစ်ခြင်း၊ ၂-ဓမ္မကံဟု အမှတ်ရှိခြင်း၊ ၃-ဆန္ဒ ပေးပြီးနောက် ရှုတ်ချခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။ [ အဓမ္မကံကိုဖြစ်စေ၊ အဓမ္မကံဟု ထင်၍ဖြစ်စေ ရှုတ်ချလျှင် အနာပတ္တိ။]

[**ဆောင်**] ဓမ္မကံပင်, ဓမ္မကံထင်လျက်, နှုတ်မြွက်ဆန္ဒ, ပေးပြီးမှလျှင်,
ရှုတ်ချအင်, သုံးခွင်ကမ္မ, ပတိဗာဟန။

---

**၁၀။ ဆန္ဒံ အဒတွာ ဂမန။** ။အဓိကရုဏ်းတခုကို ဆုံးဖြတ်ဘို့ရန် သံဃာ စည်းဝေးပြီးနောက် စုဒိတက (စောဒနာအပ်သူ၊ တရားခံ)၊ စောဒက (စောဒနာတတ်သူ၊ တရားလို)တို့က ဆိုင်ရာစကားကို ပြောဆိုခြင်း၊ "အနုဝိဇ္ဇက"ခေါ် စစ်ဆေး ဆုံးဖြတ်မည့် ဝိနည်းဓိုရ်ကို သမုတ်ခြင်း၊ ထို့နောက် စစ်ဆေးမေးမြန်းခြင်း၊ အဆုံးအဖြတ်နှင့် စပ်သော ဥတ်ကမ္မဝါစာကို ရွတ်ဆိုရာဝယ် ဥတ်ထားပြီး၍ ကမ္မဝါစာ မပြီးဆုံးသေးခြင်း၊ ဤကိစ္စအတွင်းမှာ ဝိနိစ္ဆယကထာ ပြီးပြီဟု မခေါ်ရ။ ဝိနိစ္ဆယကထာ ဖြစ်တုန်းဖြစ်ဆဲဟုသာ ခေါ်ရသည်။ [ဝတ္တမာနာယ၌ မာန ပစ္စည်းသည်"ဝတ္တမာနာ ပစ္စုပ္ပန္နေ"ဟူသော ကစ္စည်း သုတ်နှင့်အညီ "ဖြစ်တုန်းဖြစ်ဆဲ"ဟူသော ပစ္စုပ္ပန် အနက်ဟောတည်း။

**ဆန္ဒံ အဒတွာ၊ ပေ၊ ပက္ကမေယျ။** ။ထို ဝိနိစ္ဆယကထာ ဖြစ်စဉ် (မိမိက ဟတ္ထပါသ်အတွင်း မရှိ၍ ဝဂ်ဖြစ်လျှင် မဟာသိမ်မှာ ကံပျက်သောကြောင့်) ကံပျက်စေလိုသော စိတ်ဖြင့် ဆန္ဒမပေးဘဲ သွားလျှင် ပါစိတ်အာပတ် သင့်၏။ [ဆန္ဒပေးပြီးမှငှင်း၊ ရိုးရိုးအကြောင်းရှိ၍ငှင်း သွားလျှင် အနာပတ္တိ။]

**၁၁။ ဒုဗ္ဗလ** ယော ပန ဘိက္ခု-သည်၊ သမဂ္ဂေန-ညီညွတ်သော၊ သံဃေန- သံဃာနှင့်တကွ၊ စီဝရံ-သင်္ကန်းကို၊ ဒတွာ-ပေးပြီး၍၊ ပစ္ဆာ- နောက်၌၊ ခိယျနဓမ္မံ- ရှုတ်ချခြင်းသဘောသို့၊ အာပဇ္ဇေယျ- ရောက်အံ့၊ (ကိံ-အဘယ်သို့ ရှုတ်ချသနည်း၊) ယထာသန္ထုတံ- အကြောင်းအကြောင်း မိတ်ဆွေရဟန်းသို့၊ ဘိက္ခူ - ရဟန်းတို့သည်၊ သံဃိကံ- သံဃာ့ဥစ္စာဖြစ်သော၊ လာဘံ- လာဘ်ကို၊ ပရိဏာမေန္တိ - ညွတ်စေကုန်ဘိ၏၊ ဣတိ-ဤသို့ ရှုတ်ချအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**အင်္ဂါ ၆ ပါး။** ။၁– ဝိနိစ္ဆယကထာ ဖြစ်နေခိုက် ဖြစ်ခြင်း၊ ၂– ဓမ္မကံ ဖြစ်ခြင်း၊ ၃– ဓမ္မကံဟု မှတ်ထင်ခြင်း၊ ၄– တူသောသိမ်၌ တည်ခြင်း၊ ၅– တူသော သံဝါသရှိသူဖြစ်ခြင်း၊ ၆– ကံပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်း အားဖြင့် ၆ ပါးတည်း။ [(၄) ခဏ္ဍသိမ်ဖြစ်၍ သိမ့်ပြင်ဘက် ရောက်အောင် သွားလျှင် အာပတ် မသင့်၊ သိမ်အတွင်း၌ ဟတ္ထပါသ်စွန့်နေမှ အာပတ်သင့်သည်။]

**[ဆောင်]** ဝိနိစ္ဆယကထာ, ဖြစ်တုန်းခါဝယ်, ကံမှာ ဓမ္မ, ဓမ္မကံဟူ,
မှတ်ထင်မူသား, သိမ်တူ၌တည်, တူညီ သံဝါသံ, ရှိသူမှန်
လျက်, ကံဖျက်လိုလတ်, ဟတ္ထပါသ်စွန့်ခွာ, အင်ခြောက်ဖြာ,
ဆန္ဒာအဒတ် သင့်။

---

**၁၁။ ဒုဗ္ဗလ။** ။[ဤသိက္ခာပုဒ်၏ ဝတ္ထုရင်း၌ အရှင်ဒဗ္ဗမှာ ဒုဗ္ဗလစီဝရ= နည်းပါးသောသင်္ကန်း ရှိသောကြောင့် ထို ဒုဗ္ဗလပုဒ်ကို ယူ၍ ဤသိက္ခာပုဒ်ကို "ဒုဗ္ဗလသိက္ခာပုဒ်"ဟု နာမည်တပ်သည်။] သမဂ္ဂသံဃာနှင့်အတူ (ထို သမဂ္ဂသံဃာတွင် မိမိလည်း ပါဝင်၍) သင်္ကန်းရှားပါးသော၊ သံဃာ့ကိစ္စကိုလည်း ရှက်ဆောင်နေရသော ရဟန်းအား သဘောတူ သင်္ကန်းပေးပြီးနောက် ရှုတ်ချကဲ့ရဲ့လျှင် ပါစိတ်။

**ယထာသန္ထုတံ၊ပေ၊ပရိဏာမေန္တိ။** ။ဤဝါကျကား ရှုတ်ချပုံကိုပြသော ဝါကျတည်း။ "ရဟန်းများသည် မိမိတို့၏ မိတ်ဆွေရဟန်းကိုသာ သံဃိကပစ္စည်းကို ညွတ်စေကြ၊ ပေးကြသည်" ဟု ဆိုလိုသည်။ [သန္ထုတံအရာဝယ် သန္ထတံဟု ပါဠိပျက်တတ်၏။ မိတ္တသန္ထဝပုဒ်ကဲ့သို့ သံပုဗ္ဗ ထုဓာတ်ဖြစ်၍ တပစ္စည်းဖြင့် သန္ထုတံပုဒ်သာ သင့်သည်။ ယောယော – အကြောင်းအကြောင်းသို့သော၊ သန္ထုတော–မိတ်ဆွေတည်း၊ ယထာသန္ထုတံ- အကြောင်းအကြောင်း မိတ်ဆွေ။]

၁၂။ ပရိဏာမန — ယော ပန ဘိက္ခု- သည်၊ ဇာနံ-သံဃာသို့ ညွတ်ပြီးဟု သိလျက်၊ သံဃိကံ — သံဃာ့ဥစ္စာ ဖြစ်သော၊ ပရိဏတံ - သံဃာသို့ ညွတ်ပြီးသော၊ လာဘံ- လာဘ်ကို၊ ပုဂ္ဂလဿ— ပုဂ္ဂိုလ်၏ အထံသို့၊ ပရိဏာမေယျ - ညွတ်စေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊

အဋ္ဌမော-သော၊ သဟဓမ္မိကဝဂ္ဂေါ-တည်း။

× × × × ×

**အင်္ဂါ ၄ ပါး။** ။၁– သင်္ကန်းပေးရာ ပုဂ္ဂိုလ်က ရဟန်းဖြစ်ခြင်း၊ ၂– ထိုပုဂ္ဂိုလ်သည်ပင် တရားသဖြင့် သေနာသနပညာပက သမ္မုတိ စသည်ကို ရရှိထားသူ ဖြစ်ခြင်း၊ ၃– သံဃာနှင့်အတူ ဝိကပ္ပနာလောက်သော သင်္ကန်းကို ပေးခြင်း၊ ၄–ပေးပြီးနောက်၌ ရှုတ်ချခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။

**မှတ်ချက်။** ။သင်္ကန်းမှတပါး အခြားဝေဘန်ဘွယ် ပစ္စည်းများကို သဘောတူ ပေးပြီးနောက် ရှုတ်ချရာ၌ရှင်း၊ သမ္မုတိ မရသူအား ပေးပြီးနောက် ရှုတ်ချရာ၌ရှင်း၊ သာမဏေများအား သဘောတူ ပေးပြီးနောက် ရှုတ်ချရာ၌ရှင်း ဒုက္ကဋ်အာပတ်တည်း။

**အနာပတ္တိ။** ။ပင်ကိုယ်ကပင် ဆန္ဒ စသည်တို့၏ အစွမ်းကြောင့် ပြုလုပ်နေသည်ကိုမြင်၍ "ကော အတ္ထော တဿ ဒိန္နေန– ထိုသူ့အား ပေးခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း၊ ရသောအခါ မသုံးသင့်သောနေရာ၌ သုံးလိမ့်မည်" ဟု ပြောဆို ရှုတ်ချလျှင် အနာပတ္တိ။

[ဆောင်] ရဟန်း ဖြစ်ငြား, တရား အရှိ, သမ္မုတိရသူ, အတူ သံဃာ,
ဝိကပ္ပနာလောက်စွမ်း, သင်္ကန်းပေးလျှင်း, ရှုတ်ချခြင်း ဟု,
ကြောင်းရင်းလေးဝ, အင်ညီမျှ, ဒုဗ္ဗလ ပါစိတ်သင့်။

**၁၂။ ပရိဏာမနံ။** ။ဤသိက္ခာပုဒ်၌ မှတ်ဘွယ်ကို နိသဂ္ဂိယပါစိတ် ပရိဏာမန သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ။ ထို သိက္ခာပုဒ်၌ သံဃိကလာဘ်ကို မိမိသို့ ညွတ်စေခြင်းကြောင့် နိသဂ္ဂိယပါစိတ် သင့်၍ ဤ၌ သံဃိကလာဘ်ကို အခြားပုဂ္ဂိုလ် တပါးပါးသို့ ညွတ်စေခြင်းကြောင့် သုဒ္ဓပါစိတ် သင့်ခြင်းသာ သိက္ခာပုဒ် ၂ ပါး ထူးခြားတော့သည်။

## ရတနဝဂ်

[ရာဇဝဂ် ဟုလည်း ခေါ်သည်။]

၁။ အန္တေပုရ

ယော ပန ဘိက္ခု – သည်၊ ခတ္တိယဿ – မင်းဇာတ်ရှိသော၊ မုဒ္ဓါဘိသိတ္တဿ – ဦးထိပ်၌ ဘိသိက်ရေစင်ဖြင့် သွန်းလောင်းအပ်ပြီးသော၊ ဝါ – ဘိသိက်ခံပြီးသော၊ ရညော– မင်း၏၊ အနိက္ခန္တရာဇကေ – မထွက်သေးသော မင်းရှိသော၊ အနိဂ္ဂတရတနကေ – မထွက်သေးသော မိဖုရားရတနာရှိသော၊ (သယနိဃရေ – စက်တော်ခန်းဆောင်၌၊) ပုဗ္ဗေ–မဝင်မီ ရှေး၌၊ အပ္ပဋိသံဝိဒိတော– မသိစေဘဲ၊ ဣန္ဒခီလံ–တံခါးခုံကို၊ အတိက္ကာမေယျ – ကျော်လွန်စေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၁။ အန္တေပုရ။** ။[နန်းတော်တွင်းနှင့်စပ်၍ ပညတ်အပ်သောကြောင့် "အန္တေပုရ သိက္ခာပုဒ်" ဟု နာမည်တပ်သည်။] ခတ္တိယဇာတ်ရှိ၍ ဘိသိက်ခံပြီးမင်းနှင့် မိဖုရားရတနာတို့ စက်တော်ခန်းဆောင်မှ မထွက်သေးမီ ရဟန်းက မိမိ ဝင်လာမည့်အကြောင်း မသိစေဘဲ (တယောက်ယောက်ကို သံတော်ဦးအတင်မခိုင်းဘဲ) ရုတ်တရက် ဝင်သွားလျှင် မင်းနှင့် မိဖုရားတို့ ပျော်ပါးခိုက်ကြုံနေက မျက်နှာပျက်စရာဖြစ်သောကြောင့် ရဟန်းမှာ ပါစိတ်အာပတ်သင့်၏။ [သယနိဃရေကို ပါဠိသေသဟု မှတ်ပါ။ ထို့ကြောင့် ထည့်ပေးရသည်။]

**အင်္ဂါ ၅ ပါး။** ။၁–ခတ္တိယဇာတ် ရှိခြင်း၊ ၂–အဘိသိက် သွန်းပြီးခြင်း၊ ၃–မင်း မိဖုရား ၂ ပါးတို့ စက်တော်ခန်းမှ မထွက်သေးခြင်း၊ ၄–လာမည့်အကြောင်း ကြိုတင်၍ မသိစေခြင်း၊ ၅–စက်တော်ခန်းဆောင်၏ တံခါးခုံကို ကျော်လွန်ခြင်းအားဖြင့် ၅ ပါးတည်း။ [အမျိုးအားဖြင့် ခတ္တိယ မဟုတ်ဘဲ ဘိသိက်ခံသောမင်း ဖြစ်လျှင်၎င်း၊ ခတ္တိယဇာတ် ဖြစ်သော်လည်း ဘိသိက်မခံရသေးလျှင်၎င်း၊ မင်း မိဖုရား တပါးပါးက စက်တော်ခန်းမှ ထွက်ပြီးဖြစ်လျှင်၎င်း အနာပတ္တိ။ "စက်တော်ခန်း"ဟူရာ၌ ကန့်လန့်ကာ (လိုက်ကာ) ကာထားသော အခန်းများလည်း ပါဝင်သည်။]

**[ဆောင်]** မင်းဇာတ်လည်းမှန်, ဘိသိက်ခံလျက်, ခန်းဆောင်စက်ရာ, မထွက်ခွာမီ, ဝင်လာမည့် အနေ, မသိစေဘဲ, လွန်လေ တံခါးခုံ, အင်ငါးစုံ, သင့်တုံ အန္တေပုံ။

၂။ ရတန

ယော ပန ဘိက္ခု-သည်၊ ရတနံ ဝါ-ရတနာကိုသော်၎င်း၊ ရတန သမ္မတံ ဝါ – ရတနာဟု သမုတ်အပ်သော အသုံးအဆောင်ကိုသော်၎င်း၊ အဇ္ဈာရာမေ ဝါ – အာရာမ်တွင်းကို သော်၎င်း၊ အဇ္ဈာဝသထေ ဝါ - မိမိနေရာ ဌာနအတွင်းကိုသော်၎င်း၊ အညတြ - ကြဉ်၍၊ ဥဂ္ဂဏှေယျ ဝါ - ကိုယ်တိုင်မူလည်းကောက်ယူအံ့၊ ဥဂ္ဂဏှာပေယျ ဝါ-သူ့ဘပါးကိုမူလည်း ကောက်ယူစေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

ပန – ဆက်ဦးအံ့၊ ဘိက္ခုနာ - ရဟန်းသည်၊ ရတနံ ဝါ – ရတနာကိုသော်၎င်း၊ ရတန သမ္မတံ ဝါ - ရတနာဟု သမုတ်အပ်သော အသုံးအဆောင်ကိုသော်၎င်း၊ အဇ္ဈာရာမေ ဝါ - အာရာမ်အတွင်း၌သော်၎င်း၊ အဇ္ဈာဝသထေ ဝါ – မိမိနေရာဌာနအတွင်း၌သော်၎င်း၊ ဥဂ္ဂဟေတွာ ဝါ - ကိုယ်တိုင် ကောက်ယူပြီး၍သော်၎င်း၊ ဥဂ္ဂဏှာပေတွာ ဝါ - သူ့ဘပါးကို ကောက်ယူစေပြီး၍သော်၎င်း၊ နိက္ခိပိတဗ္ဗံ – သိမ်းထားရာ၏၊ (ကိံ – အဘယ်သို့ ရည်ရွယ်၍ သိမ်းထားရမည်နည်း၊) ယဿ – အကြင်သူ၏ (ဥစ္စာသည်)၊ ဘဝိဿတိ - ဖြစ်လတ္တံ့၊ သော - ထိုဥစ္စာရှင်သည်၊ ဟ

× × × × ×

၂။ **ရတန**။ ။ရွှေ ငွေ ပုလဲ စသော ရတနာ ၁၀ ပါးကို ရတန၌ သွင်းယူ၍ ရတနာ အတုများနှင့် ဝတ်စားတန်ဆာ စသော လူတို့အသုံးအဆောင်(စောင်၊ အိပ်ရာလိပ် စသည်)ကို ရတနသမ္မတ၌ သွင်းယူရမည်။ ထို ရတန၊ ရတနသမ္မတ အသုံးအဆောင်များကို ကျောင်းတိုက်အတွင်း မိမိနေရာဌာန အတွင်းမှတပါး အခြားအရပ်၌ လူတို့ မေ့နေရစ်၊ ကျနေရစ်ခဲ့သော် ကောက်ယူ၍ သိမ်းမထားရ။ ကောက်ယူ သိမ်းထားလျှင် ပါစိတ်။ အာရာမ်အတွင်း၊ မိမိနေရာဌာန အတွင်း ဖြစ်မူကား ကိုယ်တိုင် ဖြစ်စေ၊ သူတပါးကို ခိုင်း၍ ဖြစ်စေ ကောက်ယူ သိမ်းထားရန် ဝတ္တရားရှိ၏။ ထို ဝတ္တရား ပျက်လျှင်ကား ဝတ္တဘေဒ (ဝတ္တရားပျက်ကွက်မှုကြောင့်) ဒုက္ကဋ်အာပတ် သင့်သေးသည်။

**အဇ္ဈာရာမ အဇ္ဈာဝသထ**။ ။ရဟန်းများ၏ နေထိုင်ရာ ကျောင်းတိုက်ကို (အကာရှိလျှင် အကာအထိ၊ အကာ မရှိလျှင် အစွန်ဆုံးကျောင်းမှ ခဲ ၂ ကျ အထိကို) အာရာမဟု ခေါ်၍ ထို အာရာမ်အတွင်းရှိ ကျောင်းဆောင်များနှင့် ကျောင်းပရိဝုဏ်များကို "အဇ္ဈာရာမ"ဟု ခေါ်၏။ အဇ္ဈာဝသထ၌ အာဝသထ ဟူသည် မိမိနေရာအရပ်တည်း။ ထို မိမိနေရာအရပ်ဟူသည် အာရာမ်အတွင်းမှာ

ရိသတိ-ဆောင်ယူလာလိမ့်မည်၊ ဣတိ- ဤသို့ ရည်ရွယ်၍ သိမ်းဆည်းရာ၏၊ အယံ - ဤ ကောက်ယူ၍ သိမ်းထားခြင်းသည်၊ တတ္ထ - ထို ရတနျ, ရတန သမ္မတကို တွေ့ရာ၌၊ သာမိစိ-တည်း။

**၃။ ဝိကာလေဂါမ ပဝိသန** ယော ပန ဘိက္ခု - သည်၊ တထာရူပါ - ထိုသို့ သဘောရှိသော၊ အစ္စာယိကာ - အဆောတလျင် ဖြစ်သော၊ ကရဏီယာ — ပြုဘွယ်ကိစ္စကို၊ အညတြ - ကြဉ်၍၊ သန္တံ - ထင်ရှားရှိသော၊ ဘိက္ခုံ — ကို၊ အနာပုစ္ဆာ - မပန်

× × × × ×

ဖြစ်စေ၊ အခြားအရပ် (ရွာ-တော) မှာဖြစ်စေ၊ (ခေတ္တာဖြစ်စေ၊ အမြဲဖြစ်စေ) မိမိနေခိုက် အိမ် ကျောင်းများတည်း။ ထို မိမိနေရာဌာနက အကာအရံရှိလျှင် အကာအရံအတွင်းကိုရင်း၊ အကာအရံမရှိလျှင် ကျည်ပွေ့တကျ အတွင်းကိုရင်း အဇ္ဈာဝသထဟု ခေါ်သည်။ [ဋီကာများကို ကြည့်ပါ။]

**ယသ၊ပေ၊သော ဟရိသတိ**။ ။ဤဝါကျကား ကောက်ယူသိမ်းထားရာ၌ သိမ်းထားသောရဟန်း၏ ရည်ရွယ်ချက်ထားရပုံကိုပြသော ဝါကျတည်း။ထိုသို့ ကျနေ၊မေ့နေရစ်ရာ၌သာ "ဥစ္စာရှင်တို့ လာ၍ယူလိမ့်မည်"ဟု ရည်ရွယ်ချက်ဖြင့် သိမ်းထားခွင့်ရှိသည်။ လူတို့က သိမ်းပေးပါဟု ခိုင်း၍ဖြစ်စေ၊ ကိုယ့်ကိုယ်တိုင် ဘဏ္ဍာစိုးလုပ်၍ဖြစ်စေ သိမ်းထားလျှင် ပါစိတ်။ [ကပ္ပိယဝတ္ထုံဝါ အကပ္ပိယ ဝတ္ထုံဝါ အန္တမသော မာတုသန္တကံပိ (အမိ၏ ဥစ္စာပင် ဖြစ်စေကာမူ) ဘဏ္ဍာဂါရိကသီသေန ပဋိသာမေန္တဿ ပါစိတ္တိယံ။-ကင်္ခါအဋ္ဌကထာ။]

**အင်္ဂါ ၄ ပါး**။ ။၁-ခွင့်မပြုအပ်သောအမှုကိုပြုခြင်း၊ ၂-သူတပါးဥစ္စာ ဖြစ်ခြင်း၊ ၃-ဝိဿာသဂ္ဂါဟ ပံသုကူလသညာ မရှိခြင်း၊ ၄-ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ သိမ်းထားခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။ [၁-အဇ္ဈာရာမ၊ အဇ္ဈာဝသထတို့၌ ကောက်ယူသိမ်းထားရန် ခွင့်ပြုတော်မူရာ ထိုကဲ့သို့ ခွင့်မပြုအပ်သော အရပ်၌ ကောက်ယူ သိမ်းထားသည် ဟူလို။ ၃-ဉာတိ စသူတို့၏ ဥစ္စာလည်း ဖြစ်၊ သုံးသပ် ကိုင်ယူကောင်းသော အသုံးအဆောင်လည်း ဖြစ်မူ ဝိဿာသဂ္ဂါဟဖြင့် ကိုယ်ပိုင်ဖြစ်အောင်ယူ၍ သိမ်းထားလျှင် အနာမတ္တိ။ ပံသုကူ ကောက်ယူရာ၌ကား ဆိုဘွယ် မရှိပြီ။]

**[ဆောင်]** ခွင့်မပြုအပ်, ပြုလတ်ဟတန်, လူ့သန္တက, ဝိဿာသမူ, ပံသုကူလာ, သညာမရှိ, ယူသိမ်းမိလျှင်း, သိမ်းစေခြင်း ဟု, ကြောင်းရင်းလေးဝ, အင်ညီမျှ, ရတန ပါစိတ်သင့်။

မြောဘဲ၊ ဝိကာလေ - နေလွဲအခါ၌၊ ဂါမံ – ရွာတွင်းသို့၊ ပဝိသေယျ- ဝင်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

၃။ **ဝိကာလေဂါမ ပဝိသန။** ။"အစ္စာယိက ကရဏီယ – အဆော တလျင် (ရုတ်တရက်) ဖြစ်ပေါ်လာသော ကိစ္စ" ဟူသည် ဒမြွေဘေး၊ မီးဘေး စသော ဘေးရန်အန္တရာယ်တို့ ဖြစ်ပေါ်လာခြင်းတည်း။ ထိုကဲ့သို့ အန္တရာယ် မရှိလျှင် ထင်ရှားရှိသော ရဟန်းကို ခွင့်မပန်ဘဲ (မတိုင်ကြားဘဲ) မွန်းတည့်ပြီး နောက် နေလွဲအခါ ရွာတွင်းသို့ဝင်လျှင် ပါစိတ် အာပတ်တည်း။ အန္တရာယ် တပါးပါးရှိလျှင်ကား ဝင်ကောင်း၏။

**အမှာ။** ။သန္တံ ဘိက္ခုံ အနာပုစ္ဆာတို့၏အဖွင့်ကို အစေလကဝဂ် စာရိတ္တ သိက္ခာပုဒ်၌ ပြခဲ့ပြီ။ ထို သိက္ခာပုဒ်၌ နိမန္တနဘတ်ရှိသော ရဟန်းအတွက် နေ မလွဲမီ ရွာတွင်း ဒကာ ဒကာမတို့အိမ်သို့ လှည့်လည်ခြင်းကြောင့် ပညတ်ခဲ့၍ ဤသိက္ခာပုဒ်၌ ရဟန်းအားလုံးအတွက် နေလွဲအခါ ရွာတွင်း ဝင်ခြင်းကြောင့် ပညတ်တော်မူသည်။

**ပန်ပြောပုံ။** ။ထင်ရှားရှိသော ရဟန်းအထံ "ဝိကာလေဂါမပ္ပဝိသနံ အာပုစ္ဆာမိ"ဟု ပါဠိလိုဖြစ်စေ၊ "နေလွဲအခါ ရွာတွင်းဝင်ခြင်းကို ပန်ပြောပါ ၏"ဟု မြန်မာလိုဖြစ်စေ၊ "ရွာတွင်းဝင်မလို့ပါ၊ ရွာတွင်း သွားပါရစေ" စသည်ဖြင့်ဖြစ်စေ ပန်ပြော တိုင်ကြား လျှောက်ထား၍ သွားရမည်။ရဟန်း ၂ပါး မြို့တွင်း ရွာတွင်းသို့ အတူဝင်လိုရာ၌ အချင်းချင်း အပြန်အလှန် ပန်ပြောနိုင်၏။ အများဝင်ရာ၌လည်း နီးရာ ရဟန်းအား ပန်ပြောနိုင်သည်။

**အင်္ဂါ ၃ ပါး။** ။၁–ထင်ရှားရှိသောရဟန်းကို မပန်ပြောခြင်း၊၂–ခွင့်ပြု အပ်သော အကြောင်းမရှိခြင်း [အဆောတလျင် ပြုဘွယ်မရှိခြင်း ဟူလို။]၊ ၃–ရွာတွင်းသို့ဝင်ခြင်းအားဖြင့် ၃ ပါးတည်း။ [မြို့ရွာအတွင်းရှိ ကျောင်းတိုက် များသို့ သွားလိုရာ၌ကား ပန်ပြောဘွယ်မလိုရုံသာမက ခါးပန်းမပန်း၊ သင်္ကန်း မရုံဘဲပင် သွားနိုင်သတဲ့။]

[ဆောင်] ထင်ရှား ရဟန်းထံ, ခွင့်မပန်မှု,ခွင့်ပြုအပ်တောင်း,အကြောင်း
မဲ့စွာ, နေလွဲခါဝယ်, မြို့ ရွာ အတွင်း, ဝင်ရောက်ခြင်း ဟု,
ကြောင်းရင်းသုံးဝ, ဝိကာလ, ဂါမ ပဝိသင့်။

၄။ သူစိဃရ  ယော ပန ဘိက္ခု-သည်၊ အဋ္ဌိမယံ ဝါ-အရိုးဖြင့် ပြုအပ်သည့် မူလည်း ဖြစ်သော၊ ဒန္တမယံ ဝါ - ဆင်စွယ်ဖြင့် ပြုအပ်သည်မူလည်း ဖြစ်သော၊ ဝိသာဏမယံ ဝါ - ဦးချိုဖြင့် ပြုအပ်သည့် မူလည်း ဖြစ်သော၊ သူစိဃရံ-အပ်ကျည်ကို၊ ကာရာပေယျ - ပြုလုပ်စေအံ့၊ တဿ ဘိက္ခုနော - ၏၊ ဘေဒနကံ - ခွဲခြင်းရှိသော၊ ပါစိတ္တိယံ-ပါစိတ် အာပတ်သည်၊ ဟောတိ - ၏။

၅။ မဉ္စ သိက္ခာပုဒ်  နဝံ - အသစ်ဖြစ်သော၊ မဉ္စံ ဝါ - ညောင်စောင်း ကိုသော်၎င်း၊ ပီဌံ ဝါ - အင်းပျဉ်ကိုသော်၎င်း၊ ကာရယမာနေန - ပြုစေလိုသော၊ ဘိက္ခုနာ - ရဟန်းသည်၊ ဟေဋ္ဌိမာယ-

× × × × ×

**၄။ သူစိဃရ။** ။[အဋ္ဌိနာ—အရိုးဖြင့်၊ ပကတံ - ပြုအပ်သော ဗူး သည်၊ အဋ္ဌိမယံ-မည်၏။] နွားရိုး ကျွဲရိုး စသော အရိုးတမျိုးမျိုးဖြင့် ဖြစ်စေ၊ ဆင်စွယ် ဖြင့် ဖြစ်စေ၊ နွား စသည်တို့၏ ဦးချိုဖြင့်ဖြစ်စေ အပ်ကျည် (အပ်ဗူး) ပြုလုပ် ရာဝယ် ကိုယ်တိုင် စ၍ ပြုခြင်း၊ သို့မဟုတ် အပြုခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်၍ ကိုယ်တိုင် ပြုပြီးသည့်အခါ၊ သို့မဟုတ် ခိုင်းပြီး၍ ရသည့်အခါ ပါစိတ် အာပတ်သင့်၏။

**ဘေဒနကံ။** ။ဘေဒနမေဝ-ခွဲခြင်းသည်ပင်၊ (က ပစ္စည်း အနက်သီးခြား မရှိ၍) ဘေဒနကံ-ဘေဒနကမည်၏။ "ဘေဒနကံ အဿ အတ္ထိတိ ဘေဒနကံ" ဟု ဝိဂြိုဟ်ပြု။ ပါစိတ်အာပတ်ကို ဒေသနာမပြောခင် ထိုအပ်ဗူးကို ခွဲပစ်ရဦး မည် ဖြစ်၍ "ခွဲခြင်းရှိသော ပါစိတ်အာပတ်" ဟု ဆိုသည်။

**အင်္ဂါ ၃ ပါး။** ။၁-အပ်ဗူးဖြစ်ခြင်း၊ ၂-အဋ္ဌိမယ စသည် ဖြစ်ခြင်း၊ ၃-ကိုယ်တိုင် ပြုပြီးခြင်း၊ သို့မဟုတ် အပြုခိုင်း၍ ရခြင်းအားဖြင့် ၃ ပါးတည်း။ [အပ်ဗူးမှတပါး အနားပတ်သီး၊ ခါးပန်းသီးကို အရိုး စသည်ဖြင့် ပြုကောင်း ၏။ အပ်ဗူးကိုကား ဝါး၊ သစ်သား စသည်ဖြင့်သာ ပြုကောင်းသည်။]

**[ဆောင်]** အပ်ကျည်ဖြစ်ဘိ, အဋ္ဌိမယ, စသည်ဖြစ်မှု, ပြုပြီးပြုစေ,
ရရှိလေဘိ, အင်သုံးပြည့်, သူစိဃရ သင့်။

---

**၅။ မဉ္စသိက္ခာပုဒ်။** ။[မဉ္စ ပီဌတို့ကို ယခုခေတ်၌ ခုတင်၊ ကုလားထိုင် စသည် ခေါ်ကြောင်း ပြခဲ့ပြီ။] မဉ္စ ပီဌတို့ကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ၊ အသစ် ပြုလုပ်စေလိုလျှင် ဘုရားရှင်၏လက်သစ်တော်ဖြင့် ရှစ်လက်သစ် (အလွန်

အောက်၌ဖြစ်သော၊ အဋ္ဌနိယာ - ဘောင်ကို၊ အညတြ—ကြဉ်၍၊ သုဂတင်္ဂု လေန-ဘုရားရှင်၏ လက်သစ်တော်ဖြင့်၊ အင်္ဂုလပါဒကံ - လက်ရှစ်သစ် အခြေရှိအောင်၊ ကာရေယျ — ပြုစေနိုင်၏၊ တံ - ထို လက်ရှစ်သစ် ပမာဏကို၊ အတိက္ကာမယတော - လွန်စေသော ရဟန်း၏၊ ဆေဒနကံ - ဖြတ်ခြင်းရှိသော၊ ပါစိတ္တိယံ - သည်၊ ဟောတိ - ၏။

၆။ **တူလောနဒ္ဓ** ယော ပန ဘိက္ခု – သည်၊ မဉ္စံဝါ-ကိုသော်၎င်း၊ ပီဌံ ဝါ - ကိုသော်၎င်း၊ တူလောနဒ္ဓံ - မြွေးယှက်အပ် သော လဲ ရှိသည်ကို၊ ဝါ-လဲပါသော အခင်းရှိသည်ကို၊ ကာရာပေယျ- ပြုစေအံ့၊ တဿ ဘိက္ခုနော-၏၊ ဥဒ္ဒါလနကံ—လဲကို ထုတ်ခြင်းရှိသော၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

× × × × ×

ဆုံး) အခြေရှိစေရမည်။ ထို့ထက် ရှည်လျှင်ကား ဆေဒနက ပါစိတ်အာပတ် သင့်၏။ "ခြေထောက်၏ ပိုသောပမာဏ"ကို ဖြတ်ပြီးမှ ဒေသနာပြောရသော အာပတ်ကို "ဆေဒနကပါစိတ်"ဟု ခေါ်သည်။

**အညတြ၊ ပေ၊ အဋ္ဌနိယာ။** ။အခြေကို တိုင်းရာ၌ကား "ဘောင်" ဟု ခေါ်သော အပေါင်ကို ထည့်၍ တိုင်းဘွယ်မလို။ သူတပါးထံမှ အခြေရှည် ညောင်စောင်းကိုရလျှင် ဖြတ်၍၊ သို့မဟုတ် အပိုကို မြေတွင်မြှုပ်၍ သုံးစွဲရမည်။

**အင်္ဂါ ၂ ပါး။** ။၁-ပမာဏလွန်သော ညောင်စောင်း စသည် ဖြစ်ခြင်း ၂-မိမိအတွက် ပြုပြီးခြင်း၊ သို့မဟုတ် အပြုခိုင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၂ ပါး တည်း။ [ဘုရားရှင်၏ ရှစ်လက်သစ်သည် မဇ္ဈိမပုရိသ လက်သစ်ဖြင့် ၂၄ သစ် ရှိကြောင်း၊ ယခုလူတို့ လက်သစ်ဖြင့် (၂၄ သစ် ခေါက်ချိုးတက်၍) ၃၆ သစ် ရှိကြောင်းကို ဆိုကြ၏။ ထိုအရာဝယ် စဉ်းစားဘွယ်ရှိပုံကို သံဃာဒိသေသ် ကုဋိ ကာရ သိက္ခာပုဒ်၌ ပြခဲ့ပြီ။]

[**ဆောင်**] တိုင်းရှည်လွန်တောင်း, ညောင်စောင်း အင်းပျဉ်,ကိုယ်ပင်ပြုပြီး, တနည်းသူ့စေ, ရရှိလေက, အင်နှစ်ဝ, မဉ္စ ပါစိတ်သင့်။

---

၆။ **တူလောနဒ္ဓ။** ။ညောင်စောင်း ခဋင်ကို ဖြစ်စေ၊ အင်းပျဉ် ထိုင်ခုံကို ဖြစ်စေ အပေါ်၌ လဲ အဆာသွတ်သော အခင်းရှိအောင် ကိုယ်တိုင်ပြုပြု၊ သူ တပါးကို ခိုင်း၍ ရရ၊ လဲ အဆာကို ထုတ်ပြီးနောက် ဒေသနာ ပြောရသော ဥဒ္ဒါလနက ပါစိတ်အာပတ် သင့်သည်။

**တူလောနဒ္ဓ။** ။တွေ-ဤညောင်စောင်း အင်းပျဉ်၌၊ ဩနဒ္ဓ - ဖြန့်ယှက် အပ်သော၊ တူလံ-လဲသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ကြောင့်၊ တံ-ထို ညောင်စောင်း အင်းပျဉ်သည်၊ တူလောနဒ္ဓံ - မည်၏။ ညောင်စောင်း အင်းပျဉ်ပေါ်၌ အဝတ် တထည်ကို ခင်းပြီးလျှင် ထိုအဝတ်ပေါ်၌ လဲတို့ကို ထည့်ပြီးနောက် အထက်က အဝတ်ဖြင့် ချုပ်စပ်ထားသည်ကို တူလောနဒ္ဓ မဉ္စ ပီဌဟု ခေါ်၏။ မိန့်လိုရင်းမှာ- "ညောင်စောင်း အင်းပျဉ်ပေါ်၌ လဲ အဆာ သွတ်ထားအပ်သော ဖုံမွေ့ယာကို မခင်းရ"ဟု မိန့်တော်မူလိုသည်။

**ဆက်ဦးအံ့။** ။လဲ အမျိုးအစားသည် လက်ပံပင် စသော သစ်ပင်မှ ဖြစ်သော သစ်ပင်လဲ၊ နွယ်ပင်မှဖြစ်သော နွယ်လဲ၊ ရှင်မွေ့လွန်းပင်စသော မြက် မျိုးမှဖြစ်သော မြက်လဲဟု ၃ မျိုးရှိ၏။ ယခုအခါ ဝါများလည်း လဲ အမျိုးပင်။ လဲမှို့သွတ်ထားသော အခင်းများကို ဂိလာနမဟုတ်လျှင် မအိပ် မထိုင်ကောင်း။ အနာပေါက်ခြင်း စသော မကျန်းမာမှုကြောင့် ရိုးရိုး အခင်းပေါ်၌ မထိုင်နိုင်၊ မအိပ်နိုင်သော ဂိလာနတို့ကား ထို လဲမှို့အခင်းများနှင့် ခေါင်းအုံးများကို ခင်း၍ အိပ်ကောင်း၏။

**ခေါင်းအုံး ပမာဏ။** ။ခေါင်းအုံး၏ပမာဏမှာ အရှည် ၂ တောင်၊ အနံ တောင်ဆုပ်သာလျှင် အလွန်ဆုံး (အကြီးဆုံး) ရှိစေရမည်။ ထို့ထက်ကြီးသော မှီအုံးကြီးတို့ကား မအပ်။ ငယ်သည့်အတွက် တားမြစ်ချက် မရှိ။ [ဝိနည်းမိုရ် ပုဂ္ဂိုလ်များကား ခေါင်းအုံးများကို လက်ထောက်ခြင်း၊ ရင်အောက်၌ ထားခြင်း ကိုလည်း ရှောင်ကြဉ်ကြ၏။ ကျမ်းဂန်၌မူ ဂိလာန မဟုတ်လျှင် ခေါင်းအုံး ခြေအုံး ၂ မျိုး အပ်ကြောင်းကို မိန့်သည်။]

**အင်္ဂါ ၂ ပါး။** ။၁- တူလောနဒ္ဓ မဉ္စ ပီဌဖြစ်ခြင်း၊ ၂- မိမိအတွက် ကိုယ်တိုင်ပြုပြီးခြင်း၊ သို့မဟုတ် သူတပါးကို အပြုခိုင်း၍ ရခြင်းအားဖြင့် ၂ ပါး တည်း။ [သူတပါးထံမှ မခိုင်းဘဲ ရလျှင်ငှင်း၊ လူတို့က လှူလျှင်ငှင်း၊ လဲကို ထုတ်ပြီးမှ သုံးစွဲရမည်။ ထို လဲမှို့ ဝါများကို ခါးပန်းကြိုး စသည်၌သာ ထည့် ကောင်း၏ဟု မိန့်သောကြောင့် ယခုကာလ၌ ဝါဂွမ်းများကို အတွင်းသွင်း၍ ချုပ်ထားသော စောင်ကို ကိုယ်အောက်မှာ ထား၍ မအိပ်သင့်။]

[**ဆောင်**] တူလောနဒ္ဓ, မဉ္စ ပီဌတည်း, ပြုပြီး ပြုစေ, ရရှိလေဟု, ၂ ထွေ အင်္ဂါ, အစုံနှော, တူလောနဒ္ဓသင့်။

၇။ နိသီဒန — နိသီဒနံ - နိသီဒိုန်ကို၊ ကာရယမာနေန -ပြုစေလိုသော၊ ဘိက္ခုနာ — သည်၊ ပမာဏိကံ — ပမာဏနှင့် ယှဉ်သော နိသီဒိုန်ကို၊ ကာရေတဗ္ဗံ—ပြုစေထိုက်၏၊ တတြ— ထို နိသီဒိုန်၏၊ ဣဒံ— ဤ ဆိုအပ်လတံ့ကား၊ ပမာဏံ - ပမာဏတည်း၊ သုဂတဝိဒတ္ထိယာ — ဘုရား ရှင်၏ အထွာတော်ဖြင့်၊ ဒီဃသော-အလျားမှ၊ ဒွေ ဝိဒတ္ထိယော— ၂ ထွာ တို့ရှင်း၊ တိရိယံ— အနံမှ၊ ဒိယဍ္ဍံ— တထွာခွဲရှင်း၊ ဝိဒတ္ထိ - တထွာရှိသော၊ ဒသာ — အမြိတ်အဆာရှင်း၊ (ဣတိ — ဤကား ပမာဏတည်း၊) တံ— ထို ပမာဏကို၊ အတိက္ကာမယတော — လွန်စေသော ရဟန်း၏၊ ဆေဒနကံ - သော၊ ပါစိတ္တိယံ - သည်၊ ဟောတိ။

× × × × ×

၇။ **နိသီဒန။** ။နိသီဒိုန်ကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ ချုပ်လိုသော ရဟန်းသည် ဘုရားရှင်၏ အထွာတော်ဖြင့် အလျား ၂ ထွာ၊ အနံ တထွာခွဲ၊ အမြိတ်ခေါ်သော အဆာ တထွာ၊ ဤအတိုင်း အရှည်ရှိသော (ငယ်သာလျှင် ငယ်စေ၊ သည့်ထက် မပိုရသော) နိသီဒိုန်ကိုသာ ချုပ်နိုင်သည်။ ထို အတိုင်း အရှည်ထက် လွန်လျှင်ကား လွန်သမျှကို ဖြတ်ပစ်ရခြင်းရှိသော ပါစိတ်။

**အမြိတ်အဆာ။** ။နိသီဒိုန် ချုပ်ဘို့ရန် ဖြစ်သော ပိတ်စ ဖျင်စ တခုခုကို ထို ပမာဏအတိုင်း ချုပ်သည့်အခါ တထွာလောက်သော အဆာကို မိမိလိုရာ တဘက်ဘက်က တပ်၍ ၂ နေရာ၌ ခွဲထားလျက် ရှိစေရမည်။ ထိုကဲ့သို့ ခွဲထား သည့်အခါ အမြိတ်အဆာသည် တခုနှင့်တခု မစပ်ဘဲ သုံးမြွာကွဲလျက်ရှိလိမ့်မည်။

**သုက်နှီးသက်န်း။** ။ဤနိသီဒိုန်ကို မူလ ပညတ်တော်မူရခြင်း၏ အကြောင်း မှာ ရဟန်းတို့သည် မွန်မြတ်သောအစာကို စားပြီးနောက် တရားနှလုံးမသွင်းဘဲ အိပ်ပျော်ကြသည့်အခါ အိပ်မက် မက်၍ သုက်ထွက်သဖြင့် သင်္ကန်းလည်း ပေ၊ ကျောင်း အိပ်ရာ နေရာနှင့် ခန္ဓာကိုယ်လည်း ပေသောကြောင့် ထို သင်္ကန်း ကျောင်း ကိုယ်ခန္ဓာများကို စောင့်ရှောက်ဘို့ရာ (မလူး မလဲဘို့ရာ) ပညတ် တော်မူရခြင်း ဖြစ်သည်။ ထို့ကြောင့် နိသီဒိုန်ကို "သုက်နှီးသက်န်း" ဟုလည်း ခေါ်စမှတ် ပြုကြသည်။

**အသုံးချပုံ။** ။ဤနိသီဒိုန်ကို ယခုအခါ နေရာထိုင်ကဲ့သို့ ခင်း၍လည်း ထိုင်နိုင်၏။ ဆွမ်းစားသည့်အခါ တပိုင်းကိုခင်း၍ အမြိတ်အဆာကို တင်ပလ္လင် ပေါ်၌တင်ကာ ဆွမ်းဟင်း အစက်များကိုလည်း ကာကွယ်နိုင်၏။ အထူးအား ဖြင့်ကား သင်းပိုင်အတွင်းမှ ရှေ့ဘည့်ဘည့်က ခံ၍ ဝတ်ဘို့ရန်ဖြစ်၏။ ဝတ်သည့် အခါ အသယ်က အမြိတ်ကို ခါးတောင်းကျိုက်သလို နောက်ပို့၍ ကြိုးငယ်၊

**၈။ ကဏ္ဏုပဍ္ဍိဥ္စွာဒိ** ကဏ္ဏုပဍ္ဍိစ္စွာဒိ - အနာသွမ်းသက်န်းကို၊ ကာရယ မာနေနေ - သော၊ ဘိက္ခုနာ - သည်၊ ပမာဏိကာ- ပမာဏနှင့်ယှဉ်သော အနာသွမ်း သက်န်းကို၊ ကာရေတဗ္ဗာ - ပြုစေ ထိုက်၏၊ တတြ - ထို အနာသွမ်း သက်န်း၏၊ ဣဒံ - ဤ ဆိုအပ်လတ္တံ့ကား၊ ပမာဏံ - တည်း၊ သုဂတဝိဒတ္ထိယာ - ဖြင့်၊ ဒီဃသော - မှ၊ စတဿော ဝိဒတ္ထိယော - ၄ ထွာတို့ရှိင်း၊တိရိယံ မှ၊ ဒွေ ဝိဒတ္ထိယော - တို့ရှင်း၊(ဣတိ- တည်း၊) တံ - ထို ပမာဏကို၊ အတိက္ကာမယတော-၏၊ ဆေဒနကံ - သော၊ ပါစိတ္တိယံ ဟောတိ။

× × × × ×

သို့မဟုတ် တွယ်အပ်တို့ဖြင့် ချိတ်ဆွဲထားရမည်။ ဆရာတို့ကား တင်ပါးဘက်က ဖုံး၍ အလယ်က အမြိတ်ကို ပေါင်ကြားမှ ရှေ့သို့ပို့ကာ ဆီးပုံးပေါ်မှာ ဖုံး၍ ကြိုးဖြင့် ချည်ထားပုံကို ပြကြသည်။

**အင်္ဂါ ၂ ပါး။** ။၁-နိသီဒိုန်၏ ပမာဏကို လွန်ခြင်း၊ ၂-မိမိအတွက် ကိုယ်တိုင်ပြုရာ၌ ပြု၍ပြီးခြင်း၊ သို့မဟုတ် အပြုခိုင်းရာ၌ ပြုပြီးသောအခါ ရခြင်း အားဖြင့် အင်္ဂါ ၂ ပါးတည်း။

[**ဆောင်**] နိသီဒန, စီဝရ၏, ပမာဏလွန်ဘိ, မိမိတွက်ဟု, ပြုပြီး ပြုစေ,
ရရှိလေက, အင်္ဂါနှစ်ဝ, နိသီဒန သင့်။

---

**၈။ ကဏ္ဏုပဋိစ္ဆာဒိ။** ။[ကာရေတဗ္ဗာဟူသော ပဓာနကြိယာကို မငဲ့ဘဲ ကာရယမာနေနကိုငဲ့၍"ကဏ္ဍုပဋိစ္ဆာဒိ"ဟု ဒုတိယာ ဝိဘတ်ဖြင့်လည်း ပါဌ် ရှိ၏။] ကဏ္ဍု သဒ္ဒါသည် ယားနာကိုသာ ဟောသော်လည်း ဤသိက္ခာပုဒ်၌ ယားနာကို ဥပလက္ခဏနည်းအားဖြင့် သတ်မှတ်၍ ဆိုထားသည်။ ထို့ကြောင့် ကဏ္ဍုသဒ္ဒါဖြင့် ယားနာ၊ ဝဲနာ၊ သွေးစုနာ၊ အရည်ထွက်သော ဘဂန္ဒိုရ်နာ၊ ဆီးချိုရောဂါ၊ ဒူလာ မြင်းသရိုက်နာနှင့် ကြီးကျယ်သော အရည်ထွက်သော အနာဟူသမျှကို ယူစေလိုသည်။

ထိုအနာများသည် ချက်မှ အောက်ပိုင်း ဒူးပဆစ်မှ အထက် ပေါက်လျှင် သင်းပိုင်ကို ပေမည်စိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်း ကာကွယ်ဘို့ရာ အနာလွှမ်းခေါ် သင်္ကန်းတမျိုးကို ခွင့်ပြုတော်မူရသည်။ [ကဏ္ဍု = အနာကို+ ပဋိစ္ဆာဒိ=ဖုံးလွှမ်းသည်။] ထို အနာလွှမ်း သင်္ကန်း၏ ပမာဏကို သိက္ခာပုဒ် ပါဠိအတိုင်း သိပါ။ အင်္ဂါမှာ နိသီဒနသိက္ခာပုဒ်အတိုင်း ၂ ပါးပင်။

---

**၉။ ဝဿိကသာဋိကာ** ဝဿိကသာဋိကာ - မိုးရေခံ သင်္ကန်းကို၊ ကာရယမာနေန - သော၊ ဘိက္ခုနာ - သည်၊ ပမာဏိကာ — ပမာဏနှင့်ယှဉ်သော မိုးရေခံ သင်္ကန်းကို၊ ကာရေတဗ္ဗာ-၏ တတြ - ထို မိုးရေခံသင်္ကန်း၏၊ ဣဒံ ပမာဏံ၊ သုဂတဝိဒတ္ထိယာ - ဖြင့်၊ ဒီဃသော - မှ၊ ဆ ဝိဒတ္ထိယော- ၆ ထွာတို့ရင်း၊ တိရိယံ - မှ၊ အဍ္ဎတေယျာ - ၂ ထွာခွဲတို့ရင်း၊ (ဣတိ - ဤကား ပမာဏတည်း၊) တံ- ထို ပမာဏကို၊ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

**၁၀။ နန္ဒတ္ထေရ** ယော ပန ဘိက္ခု - သည်၊ သုဂတစီဝရပ္ပမာဏံ- ဘုရားရှင်၏ သင်္ကန်းတော် ပမာဏ ရှိသည်မူလည်း ဖြစ်သော၊ အတိရေကံဝါ-ပိုလွန်သည်မူလည်း ဖြစ်သော၊ စီဝရံ-သင်္ကန်းကို၊ ကာရာပေယျ- ပြုစေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

× × × × ×

**၉။ ဝဿိက သာဋိကာ။** ။[ဝဿေ - မိုးအခါ၌၊ အဓိဋ္ဌာတဗ္ဗာ- အဓိဋ္ဌာန်တင်ထိုက်သော သင်္ကန်းသည်၊ ဝဿိကာ — မည်၏။] မိုးအခါဝယ် "ဝဿိကသာဋိကာ"ဟူသော နာမည်ဖြင့် အဓိဋ္ဌာန်တင်၍ အခြားအခါဝယ် ဝိကပ္ပနာပြု၍ဖြစ်စေ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ဖြစ်စေ ဆောင်အပ်သော သင်္ကန်းကို "ဝဿိကသာဋိကာ"ဟု ခေါ်သည်။ သာဋိကာ သဒ္ဒါသည် ဝတ္ထ သဒ္ဒါ၏ ပရိယာယ်တည်း။

**မိုးရေခံ သင်္ကန်း။** ။ဘုရားရှင်၏ အထွာတော်ဖြင့် အလျား (အရှည်) ၆ ထွာ၊ အနံ ၂ ထွာခွဲမျှရှိသော (နဂိုမရှိလျှင် ဆက်စပ်ထားသော) ပိတ်-ဖျင် စသည်ကို မိုးရွာသည့်အခါ ဝတ်၍ (ရေသနုတ်ကဲ့သို့ အသုံးချ၍) မိုးရေကို ခံကြရ ချိုးကြရသောကြောင့် "မိုးရေခံသင်္ကန်း"ဟု ခေါ်သည်။ သင်္ကန်း ဟု ဆိုသော်လည်း ဆိုးရည်ဖြင့် ပကတိ သင်္ကန်းရောင်ထွက်အောင် ဆိုးမှ မဟုတ်၊ ဆင်စွယ်ရောင်ကဲ့သို့ ခပ်ဝါဝါအရောင်ထွက်ရုံ တကြိမ်လောက်မျှ ဆိုးလျှင်ပင် ဝတ်ကောင်းပြီ။ အင်္ဂါမှာ နိဿီဒနသိက္ခာပုဒ်အတိုင်း ၂ ပါးပင်။

**၁၀။ နန္ဒတ္ထေရ။** ။ညီတော်နန္ဒကို အကြောင်းပြု၍ ပညတ်အပ်သောကြောင့် "နန္ဒတ္ထေရသိက္ခာပုဒ်"ဟု ခေါ်သည်။ ခဲ့ဦးအံ့—ညီတော်နန္ဒထေရ်၏ အရပ်သည် ဘုရားရှင်အောက် လက် ၄ သစ်လောက်သာ ငယ်၏။ ထို့ကြောင့် အခါတပါး၌ ဘုရားရှင်၏ သင်္ကန်းတော်နှင့် ပမာဏချင်းတူသော သင်္ကန်းကို

တတြ - ထို''သုဂတ စီဝရပ္ပမာဏံ စီဝရံ ကာရာပေယျ အတိရေကံ ဝါ'' ဟူသော စကားရပ်၌၊ [ရှေ့သိက္ခာပုဒ်များကဲ့သို့ ''၏'' ပေး၍ မဖြစ်၊] ဣဒံ - ဤ ဆိုအပ်လတ္တံကား၊ သုဂတဿ - မြတ်စွာဘုရား၏၊ သုဂတစီဝရပ္ပမာဏံ - ဘုရားရှင်၏ သင်္ကန်းတော် ပမာဏတည်း၊ သုဂတဝိဒတ္ထိယာ - ဖြင့်၊ ဒီဃသော - မှ၊ နဝဝိဒတ္ထိယော - ၉ ထွာတို့ရင်း၊ တိရိယံ-မှ၊ ဆ ဝိဒတ္ထိယော—၆ ထွာတို့ရင်း၊ ဣဒံ - ဤ ဆိုအပ်ပြီးကား၊ သုဂတဿ-၏၊ သုဂတစီဝရပ္ပမာဏံ - တည်း။ [ပမာဏံ၏နောက်၌ ''ဣတိ'' ပါသည်ကို အပိုဟု ထင်၏။ အနက်ပေးလိုလျှင် ''ဣတိ-ဤသို့မှတ်အပ်၏''ဟု ပေး။]

**နဝမော-၉ ခုမြောက်သော၊ ရတနဝဂ္ဂေါ-ရတနဝဂ်တည်း။**

× × × × ×

ဝတ်၍ အဝေးမှလာသည်ကို မြင်လျှင် ဘုရားရှင်ဟု ထင်သောကြောင့် ရဟန်းအများပင် ထိုင်ရာမှ ထနှင့်ကြလေသည်။ ဤဝတ္ထုကို အကြောင်းပြု၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်။

**သုဂတစီဝရ။** ။ဘုရားရှင်၏ သင်္ကန်းတော်နှင့် ညီမျှသော၊ သို့မဟုတ် ထို့ထက် ရှည်သော သင်္ကန်းကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ ချုပ်ရာဝယ် ရသည် ဖြစ်စေ၊ထိုသင်္ကန်း၏ အပိုပမာဏကို ဖြတ်ရခြင်းရှိသော ပါစိတ်အာပတ်သင့်၏။ ဘုရားရှင်၏ သင်္ကန်းတော်ကား ဘုရား အထွာတော်ဖြင့် အလျား ၉ ထွာ၊ အနံ ၆ ထွာ ရှိ၏။ သင်္ကန်းဟူရာ၌လည်း သင်းပိုင်ကို ဆိုလိုသည်မဟုတ်၊ ကေသီနှင့် သင်္ကန်းကြီးကိုသာ ဆိုလိုသည်။ [သင်းပိုင်၏ ပမာဏမှာ ထိုမျှလောက်ပင် မရှည်ရာ။]

**မှတ်ချက်။** ။ဘုရားရှင်၏ ဝတ်ရုံတော်မူမြဲ သင်္ကန်းသည် ဘုရား အထွာတော်ဖြင့် အလျား ၉ ထွာ(၄ တောင်ထွာ)၊ အနံ ၆ ထွာ(၃ တောင်ရှိရကား)၊ ယခုကာလ ပုဂ္ဂိုလ်များသည် မိမိ အထွာဖြင့် အလျား ၄ တောင်ထွာ၊ အနံ ၃ တောင် ရှိသော ကေသီ-သင်္ကန်းကြီးကိုသာ ဝတ်ရုံထိုက်သည်။[ထိုမျှလောက် သင်္ကန်းဖြင့် သုပ္ပဋိစ္ဆန္နပရိမဏ္ဍလဖြစ်အောင် ဝတ်နိုင်သည်သာ။]

**တိစီဝရိတ်၏ ပမာဏ။** ။ပဌမကထိန သိက္ခာပုဒ်၏ ဘာ်၌ ကေသီ သင်္ကန်းကြီးအတွက် အလျား ၅ တောင် တောင်ဆုပ်၊ အနံ ၃ တောင် တောင်ဆုပ် ဟုရင်း၊ သင်းပိုင်အတွက် အလျား ကေသီအတိုင်း၊ အနံ ၂ တောင်ဟုရင်း အမိဋ္ဌာန်လောက် သင်္ကန်း၏ အတိုဆုံး ပမာဏကို ပြထား၏။ အကြီးဆုံးမှာ ဘုရားရှင်၏ သင်္ကန်းတော်အောက် နဲနဲပါးပါး လျော့စေရမည်ဟု ဆို၏။

နိဂုံး အာယသ္မန္တော–တို၊ ဒွေ နဝုတိ– ၉၂ ပါးသော၊ ပါစိတ္တိယာ–ပါစိတ်မည်ကုန်သော၊ ဓမ္မာ–တို့ကို၊ ဥဒ္ဒိဋ္ဌာ–ကုန်ပြီ။ တတ္ထ–ထို ပါစိတ်အာပတ်တို့၌၊ အာယသ္မန္တေ – အရှင်တို့ကို၊ ပုစ္ဆာမိ – မေးပါ၏၊ ကစ္စိ – အသို့နည်း၊ ပေ၊ ဧဝံ – ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်လည်း၊ ဧတံ – ဤအာပတ်မှ စင်ကြယ်ကြကြောင်းကို၊ ဓာရယာမိ – သိမှတ်ရပါ၏၊ ဣတိ – ပါစိတ် အပြီးတည်း။

**ပါစိတ္တိယာ–တို့သည်၊ နိဋ္ဌိတာ–ပြီးကုန်ပြီ။**

× × × × ×

**တောင်ဆုပ် ယူပုံ။** ။"တောင်ဆုပ်" ဟူရာ၌ အားလုံး အတောင်များကို လက်သီးဆုပ်၍တောင်လျှင် အလျား ၄ တောင်ထွာ၊ အနံ ၃တောင်မျှ ရှိရကား အတိုဆုံးပမာဏ ဟူသော စကားနှင့် သင့်တင့်ပေသည်။ ၄ တောင် အပြည့် တောင်၏ နောက်ဆုံးတတောင်ကိုသာ တောင်ဆုပ်တောင်လျှင်ကား ၄ တောင် ထွာ မကသဖြင့်ရင်း၊ မုဋ္ဌိပဉ္စမက (ငါးခုမြောက် တောင်ဆုပ်ရှိ)ဟု မဆိုဘဲ မုဋ္ဌိပဉ္စက (တောင်ဆုပ် ၅ ခုအပေါင်း) ဟု ဆိုသောစကားဖြင့်ရင်း စဉ်းစားသင့်လေသည်။

**ယခုခေတ်။** ။ယခုအခါ၌ကား သုဂတဝိဒတ္ထိ လာသမျှ၌ "ရှင်စော တထွာ, မဇ်သုံးထွာ, တို့ထွာ ခေါက်ချိုးတက်" ဟူသော စကားကို လက်ကိုင် ထားကြလျက် ဘုရားရှင်၏ တထွာသည် ယခု လူတို့ အထွာဖြင့် (၃ ဆတက်၊ ထက်ဝက်တိုး) ၄ ထွာခွဲ ရှိသည်ဟု ကြံဆကာ တိစီဝရိတ် စသော သင်္ကန်း တို့နှင့် ညောင်စောင်း အင်းပျဉ်များကို အတော် ကြီးမား ရှည်လျားစွာ သုံးစွဲ နေကြလေပြီ။

**စဉ်းစားဘွယ်။** ။ထိုသို့ သုံးစွဲကြရာ၌ ဘုရားရှင်၏ သင်္ကန်းတော်ကို ခေါက်ချိုးတက်အထိ တွက်ကြည့်က ယခု လူတို့အထွာဖြင့် အလျား အတောင် ၂၀ နှင့် လက် ၈ သစ်ရှိ၍ အနံလည်း ၁၃ တောင်နှင့် တထွာ ရှိသောကြောင့် ထို့အောက် နဲနဲလျော့သောသင်္ကန်းသည် ယခုပုဂ္ဂိုလ်များ ဝတ်ဘွယ် အကြီးဆုံး သင်္ကန်းဖြစ်ရာ၏။ ထို့ကြောင့် "ရှင်စောတထွာ"စသော အသုံးများကို ထပ်မံ၍ စဉ်းစားသင့်ကြပါသည်။ သို့ရာတွင် ဆရာမြတ် အစဉ်အဆက်တို့၏ အယူ အတိုင်း ကောင်းသော စိတ်ထားဖြင့် သုံးစွဲနေကြသောကြောင့် အပြစ်ရှိသည် ဟုကား မမှတ်သင့်ပါ။

**သုဒ္ဓပါစိတ်အခန်း ပြီးပြီ။**

# ပါဠိဒေသနီယ အခန်း

**နိဒါန်း** အာယသ္မန္တော- တို့၊ စတ္တာရော - လေးပါးကုန်သော၊ ပါဋိဒေသနီယာ - ပါဋိဒေသနီယ မည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ-တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ- ရောက်ကုန်၏။

**ပထမ ပါဋိဒေသနီယ** ယော ပန ဘိက္ခု - သည်၊ အန္တရဃရံ - ရွာတွင်းသို့၊ ပဝိဋ္ဌာယ - ဝင်ပြီးသော၊ အညာတိကာယ- ဆွေမျိုး မတော်သော၊ ဘိက္ခုနိယာ ရဟန်းမ၏၊ ဟတ္ထတော- လက်မှ၊ ခါဒနီယံဝါ- ခဲဘွယ်ကိုသော်၎င်း၊ ဘောဇနီယံဝါ- ဘောဇဉ်ကို သော်၎င်း၊ သဟတ္ထာ - မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ- ခံယူ၍၊ ခါဒေယျ ဝါ-ခဲမူလည်း ခဲအံ့၊ ဘုဉ္ဇေယျဝါ - စားမူလည်း စားအံ့၊ တေန ဘိက္ခု နာ - ထိုရဟန်းသည်၊ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ, တံ ပဋိဒေသေမီတိ - "ဂါရယှံ၊ပေ၊ ပဋိဒေသေမိ" ဟူ၍၊ ပဋိဒေသေတဗ္ဗံ-သီးခြား ပြောရာ၏၊ ဝါ - သီးခြား ဒေသနာကြားရာ၏၊ [အာဝုသော-ငါ့ရှင်၊ (အဟံ- တပည့်တော်သည်၊) ဂါရယှံ- ကဲ့ရဲ့ ထိုက် သော၊ အသပ္ပါယံ - နတ်ပြည် နိဗ္ဗာန်အား မလျောက်ပတ်သော၊ ပါဋိ ဒေသနီယံ - ပါဋိဒေသနီယ မည်သော၊ ဓမ္မံ - အာပတ်သို့၊ အာပဇ္ဇိံ— ရောက်ပါပြီ၊ တံ-ထို ပါဋိဒေသနီယ အာပတ်ကို၊ ပဋိဒေသေမိ- သီးခြား ပြောပါ၏၊ ဝါ- သီးခြား ဒေသနာ ကြားပါ၏။]

× × × × ×

**ပထမ ပါဋိဒေသနီယ။** ။ဘိက္ခုနီများသည် သိက္ခုများလောက် လာဘ် လာဘ မရလွယ်ကြ။ ထို့ကြောင့် ခဲယဉ်းစွာရအပ်သော ဘိက္ခုနီတို့လာဘ်ကို မခံယူဘဲ ရှောင်သင့်သမျှ ရှောင်ကြဘို့ရာ ဤ ပထမပါဋိဒေသနီကို ပညတ်တော် မူရသည်။ ရွာတွင်းသို့ ဝင်ပြီးသော ဉာတိမဟုတ်သူ ဘိက္ခုနီ၏ လက်မှ ခဲဘွယ် ဘောဇဉ် တမျိုးမျိုးကို မိမိလက်ဖြင့် (ကိုယ်တိုင်) ခံယူလျှင် ခံယူသည့်အတွက် ဒုက္ကဋ်၊ စားတိုင်း ပါဋိဒေသနီယအာပတ် သင့်သည်။

**ပါဋိဒေသနီယ ခေါ်ပုံ။** ။အခြား အာပတ်များကဲ့သို့ ဒေသနာ မပြော (ဒေသနာ မကြား) ရဘဲ သိက္ခာပုဒ်၌ တိုက်ရိုက်ပြသည့် အတိုင်း "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ, တံ ပဋိဒေသေမိ" ဟု ဆို၍ ဒေသနာ ပြောရသောကြောင့် "ပါဋိဒေသနီယ" ဟု ခေါ်သည်။ ပါဋိ

**ဒုတိယ ပါဋိဒေသနီယ**

ဘိက္ခူ - ရဟန်းတို့သည်၊ (ပန + ဝေ အနက်မရှိ၊) ကုလေသု - အိမ်တို့၌၊ နိမန္တိတာ - ပင့်ဖိတ်အပ်ကုန်သည် (ဖြစ်၍)၊ ဘုဉ္ဇန္တိ - ဆွမ်း ဘုဉ်းပေးကြကုန်၏၊ တတြ - ထို ဆွမ်းကပ်ရာ အရပ်၌၊ သာ ဘိက္ခုနီ - ထို ရဟန်းမသည်၊ ဣဓ-ဤ၌၊ သူပံ- ဟင်းကို၊ ဒေထ- ပေးကုန်လော့၊ ဣဓ-ဤ၌၊ ဩဒနံ- ထမင်းကို၊ ဒေထ-ပေးကုန်လော့၊ ဣတိ-ဤသို့၊ ဝေါသာသ မာနရူပါ- စီမံသူ၏ အဖြစ်ဟူသော သဘောရှိသည်၊ (ဟုတ္ဝာ - ၍၊) ဌိတာ - တည်သည်၊ စေ ဟောတိ - အကယ်၍ ဖြစ်အံ့၊ တေဟိ ဘိက္ခူဟိ - ထို ဆွမ်း

× × × × ×

ဒေသနီယ အာပတ်သင့်လျှင် "အဟံ ဘန္တေ" စသည်ဖြင့် ထုံးစံအတိုင်း ဒေသနာမပြောဘဲ "ဂါရယှံ အာဝုသော" စသည်ဖြင့် တသီးတခြား ဒေသနာပြောရမည် ဟူလို။ [ပတိ (ဝိသုံ) - သီးခြား + ဒေသေတဗ္ဗာ- ဒေသနာပြောထိုက်၏၊ ဣတိ-ကြောင့်၊ ပါဋိဒေသနီယာ- မည်၏။] သို့ရာတွင် "အခြား အာပတ်များကဲ့သို့ ဒေသနာပြောလျှင်လည်း အာပတ်မှမထ"ဟု မဆိုသာ။

**အင်္ဂါ ၅ ပါး။** ။၁- ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူ ဖြစ်ခြင်း၊ ၂- ဉာတိ မတော်ခြင်း၊ ၃- မြို့ရွာတွင်းသို့ ဝင်ပြီးသော ရဟန်းမ၏လက်မှ မိမိလက်ဖြင့် ခံယူခြင်း၊ ၄- ယာဝကာလိက (ခဲဘွယ်ဘောဇဉ်) ဖြစ်ခြင်း၊ ၅- စားမျိုခြင်း အားဖြင့် အင်္ဂါ ၅ ပါးတည်း။ [၁- ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ ၂ ဘက်၌ ဘိက္ခုနီဖြစ်သူ ဟူလို။ သို့သော် ဘိက္ခုသံဃာ့ထံ၌ ဘိက္ခုနီဖြစ်လျှင်လည်း ပါဋိဒေသနီယပင် ဟူ၏။ ၃- မြို့တွင်း မဝင်သေးသော၊ သို့မဟုတ် ဝင်၍ ခံယူပြီး၍ ထွက်လာသော၊ သို့မဟုတ် ရွာတွင်းရှိ ဘိက္ခုနီကျောင်း၊ ဘိက္ခုကျောင်း၊ တိတ္ထိ အာရာမ်တို့၌ ရောက်နေသော ဘိက္ခုနီက ပေးလျှင် ခံယူကောင်း၏။ ကြွင်းသော မှတ်ဘွယ်ကို အဋ္ဌကထာမှာ ရှုပါ။]

**[ဆောင်]** ဥပသမ္ပဒ, ဖြစ်စဉ်ကဝယ်, ၂ သွယ် သံဃာ, ပြည့်စုံစွာဘိ, ဉာတိ
လည်း ကင်း, ရွာတွင်းဝင်လျက်, သူ၏လက်မှ, ကိုယ့်လက်ဖြင့်
ယူ, အစာဟူက, ယာဝကာလိ, ဖြစ်တုံဘိလျှင်း, စားမျိုခြင်းဟု,
ကြောင်းရင်းငါးလီ, ဒေသနီ, သင့်ပြီ ပထမ။

---

**ဒုတိယ ပါဋိဒေသနီယ။** ။ဆွမ်း ပင့်ကျွေးရာ အိမ်၌ ရဟန်းအများ ဆွမ်း ဘုဉ်းပေးနေစဉ် ဘိက္ခုနီက "သည်မှာ ဟင်းလိုက်လော၊ သည်မှာ ဆွမ်း လိုက်လော" စသည်ဖြင့် စီမံနေလျှင် ထို ရဟန်းမကို ရဟန်းများက "နှမ.

ဘုဥ်းပေးသော ရဟန်းတို့သည်၊ သာ ဘိက္ခုနီ - ထို ရဟန်းမကို၊ အပ သာဒေတဗ္ဗာ - တားမြစ်ထိုက်၏၊ (ကိံ - အဘယ်သို့ တားမြစ်ထိုက် သနည်း၊) ဘဂိနိ - နှစ်မ၊ ယာဝ - အကြင်မျှလောက်၊ ဘိက္ခူ-ရဟန်း တို့သည်၊ ဘုဉ္ဇန္တိ - ဆွမ်း ဘုဉ်ပေးကြကုန်သေး၏၊ တာဝ - ထို ဆွမ်း ဘုဉ်းပေးနေသမျှ၊ အပသက္က - တော်ရာသို့ ဖဲသွားဦးလော၊ ဣတိ-ဤသို့ တားမြစ်ထိုက်၏၊ ကေနစိ-တပါးလည်းဖြစ်သော၊ ဘိက္ခုနော— ရဟန်း၏ (စိတ်၌)၊ တံ ဘိက္ခုနိံ - ထို ရဟန်းမကို၊ အပသက္က တာဝ ဘဂိနိ, ယာဝ ဘိက္ခူ ဘုဉ္ဇန္တိတိ-"အပသက္က တာဝ ဘဂိနိ, ယာဝဘိက္ခူ ဘုဉ္ဇန္တိ" ဟူ၍၊ အပသာဒေတုံ - တားမြစ်ခြင်းငှာ၊ စေ န ပဋိဘာသေယျ - အကယ်၍ မထင်အံ့၊ တေဟိ ဘိက္ခူဟိ - ထို ရဟန်းတို့သည်၊ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပ္ပါယံ ပါဋိဒေသနီယံ, တံ ပဋိဒေသေမာ တိ-"ဂါရယှံ၊ပေ၊ပဋိဒေသေမ"ဟူ၍၊ ပဋိဒေသေတဗ္ဗံ – သီးခြား ပြောပြ ရာ၏၊ ဝါ - သီးခြား ဒေသနာကြားရာ၏။ [အာဝုသော-ငါ့ရှင်၊ (မယံ-ငါတို့သည်၊) ဂါရယှံ အသပ္ပါယံ ပါဋိဒေသနီယံ ဓမ္မံ - သို့၊ အာပဇ္ဇိမှ — ရောက်ပါကုန်ပြီ၊ တံ - ထို အာပတ်ကို၊ ပဋိဒေသေမ - ကုန်၏။]

× × × × ×

ရဟန်းများ ဆွမ်း ဘုဉ်းပေးနေတုန်းမှာ တော်ရာ သွားနေစမ်းပါ" ဟု ပြော ဆို၍ တားမြစ်ရမည်။ ထို ရဟန်းအများတွင် တပါးတလေကမျှ ထို ဘိက္ခုနီမကို တားမြစ်ဘို့ရန် စိတ်ကူးမပေါ်လာလျှင် (စိတ်ကူးရ၍ မတားမြစ်လျှင်) ရဟန်း အားလုံးပင် သူ စီမံသည့်အတိုင်း ထည့်ပေးအပ်သော အာမိသကို ခံယူရာ၌ ဒုက္ကဋ်၊ စားမျိုတိုင်း ပါဋိဒေသနီယအာပတ် သင့်ကြသည်။

**အနာပတ္တိ**။ ။ဤ သိက္ခာပုဒ်၌လာသော ရဟန်းမ၏ စီမံပုံမှာ မညီမမျှ (သူ ကြည်ညိုရာ ကိုယ်တော်ကိုသာ လှူဘို့ ဆွမ်း ဟင်းလိုက်ဘို့) စီမံခြင်း ဖြစ်သည်။ အကယ်၍ ညီညီမျှမျှ ဆွမ်းဟင်း လိုက်ဘို့ရန် စီမံလျှင် ခံယူသော ရဟန်းတို့မှာ အနာပတ္တိ။ ဘိက္ခုနီက သူ့ဆွမ်းကို အလှူခိုင်း၍ ခံယူလျှင်လည်း အနာပတ္တိ။ သူ့ဆွမ်းကို သူ့ကိုယ်တိုင်ပေးလျှင် ရှေ့သိက္ခာပုဒ်အရ အာပတ်။ ဒကာ ဒကာမ၏ ဆွမ်းကို သူ့ကိုယ်တိုင် ပေးလှူရာ၌လည်း အနာပတ္တိ။ မလှူရ သေးသော ဆွမ်း ဟင်းကို အလိုက် အထည့်ခိုင်းရာ၊ မရသေးသော ကိုယ်တော် အား ဆွမ်း ဟင်းကို အလိုက် အထည့်ခိုင်းရာ၌လည်း ခံယူသော ရဟန်းမှာ အနာပတ္တိ။

**တတိယ ပါဋိဒေသနီယ**

သေက္ခ သမ္မတာနိ - သေက္ခဟု သမုတ်အပ်ကုန်သော၊ ယာနိ ခေါပန တာနိ ကုလာနိ-အကြင်အမျိုးတို့သည်၊ (သန္တိ - ရှိကုန်၏၊) ယော ပန ဘိက္ခု — သည်၊ တထာ ရူပေသု-ထိုသို့သဘောရှိကုန်သော၊ သေက္ခသမ္မတေသု - သေက္ခဟု သမုတ်အပ်ကုန်သော၊ ကုလေသု - အမျိုးတို့၌၊ ပုဗ္ဗေ - အိမ့်ဥပစာ မရောက်မီ ရှေးအဘို့၌၊ အနိမန္တိတော - ပင့်လည်း မပင့်အပ်ဘဲ၊ အဂိလာနော —

× × × × ×

**မှတ်ချက်။** ။ဝေါသာသမာနရူပ၌ ဝိ + အဝ + သာသဓာတ်၊ ဝေါသာသမာနအရ စီမံသူရ၍ ရူပနှင့် အနက်မတူသောကြောင့် "စီမံသူ၏အဖြစ်" ဟု ဘာဝပုဒ် အကြေကြံလျက် အနက်ပေးသည်။ "အပ + သာဒေတဗ္ဗာ"ကို လည်း "ခြိမ်းခြောက် မောင်းမဲအပ်၏"ဟု အနက်ပေးကြ၏။ ဤ၌ "အနိဝါရိတာ"ဟူသော အင်္ဂါကို ကြည့်၍ "တားမြစ်ခြင်း"ဟု အနက်ဆိုသည်။

**အင်္ဂါ ၅ ပါး။** ။၁-ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူ ဖြစ်ခြင်း၊ ၂-ဘောဇဉ် ၅ ပါးတွင် တပါးပါးဖြစ်ခြင်း၊၃-ရွာတွင်း၌ ခွင့်ပြုအပ်သောစီမံနည်းမှ အခြားနည်းဖြင့် စီမံခြင်း၊ ၄-ရဟန်းတို့က မတားမြစ်ခြင်း၊ ၅-စားမျိုခြင်းအားဖြင့် အင်္ဂါ ၅ ပါးတည်း။ [(၃) ခွင့်ပြုအပ်သော စီမံမှုဟူသည် ညီညီမျှမျှ စီမံခြင်း စသော အနာပတ္တိအခန်း၌ ပြခဲ့သော စီမံနည်းတည်း။]

[ဆောင်] ဥပသမ္ပဒ,ဖြစ်စဉ်ကဝယ်, ၂ သွယ် သံဃာ,ပြည့်စုံစွာပင်,ဘောဇဉ်
ဖြစ်မှု,ခွင့်ပြုနည်းအား,တမျိုးပြား၍,အခြားစီမံ,မတားပြန်လျှင်း,
စားမျိုခြင်းဟု, ကြောင်းရင်း ငါးလီ, ဒေသနီ, သင့်ပြီ ဒုတိယ။

---

**တတိယ ပါဋိဒေသနီယ။** ။အိမ်တအိမ်ရှိ သမီးခင်ပွန်း ၂ ဦးတို့သည် အလွန် သဒ္ဓါတရား ထက်သန်ကြ၏။ ရဟန်းသံဃာကို နံနက်ပိုင်း မြင်ရလျှင် မိမိတို့ မစားရလျှင် ရှိစေ၊ မလှူဘဲကား မနေနိုင်ကြ။ သို့သော် စီးပွားဥစ္စာမှာ တဖြည်းဖြည်း ယုတ်လျော့နေ၏။ထိုသို့ စီးပွားဆုတ်ယုတ်လျက် သဒ္ဓါလွန်ကဲသော အမျိုးကို ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် "သေက္ခမျိုး = သေက္ခအရိယာပုဂ္ဂိုလ် များကဲ့သို့ သဒ္ဓါတရား လွန်ကဲသောအမျိုး"ဟု သမုတ်ဘို့ရန် ဘုရားရှင် မိန့်တော်မူသည်။ ထိုသို့ သေက္ခသမ္မုတိရသော အမျိုးအိမ်မှ ခဲဘွယ် ဘောဇဉ်ကို ပင့်ဖိတ်ထားအပ်သူလည်း မဟုတ်၊ ဂိလာနလည်း မဟုတ်ဘဲ ခံယူလျှင် ဒုက္ကဋ် စားမျိုလျှင် ပါဋိဒေသနီယအာပတ်ဟု ပညတ်တော်မူရသည်။

ဂိလာနလည်း မဟုတ်ဘဲ၊ ခါဒနီယံဝါ - ကိုသော်၎င်း၊ ဘောဇနီယံဝါ- ကိုသော်၎င်း၊ သဟတ္ထာ- မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ- ခံယူ၍၊ ခါဒေယျ ဝါ- ခဲမူလည်း ခဲအံ့၊ ဘုဉ္ဇေယျဝါ - စားမူလည်း စားအံ့၊ တေန ဘိက္ခု နာ-သည်၊ ဂါရယှံ အာဝုသော၊ ပေ၊ ပဋိဒေသေမိတိ— "ဂါရယှံ၊ ပေ၊ ပဋိဒေသေမိ" ဟူ၍၊ ပဋိဒေသေတဗ္ဗံ - ၏၊ [ဂါရယှံ စသည်၏ အနက်ကို ပထမသိက္ခာပုဒ်အတိုင်း ပေးပါ။]

× × × × ×

**မှတ်ချက်**။ ။ဤ သိက္ခာပုဒ်သည် မြတ်စွာဘုရား၏ ကရုဏာတော်ကို ထင်ပေါ်စေတော်မူ၏။ ဤသို့ ပညတ်တော် မမူလိုက်လျှင် ရဟန်း သံဃာများ ဆွမ်းခံလာတိုင်း လှူနေရသဖြင့် ပစ္စည်းဆုတ်သည်ထက် ဆုတ်ယုတ်ကာ အိမ်သူ အိမ်သားလည်း (စားဘို့အစာကို လှူကြရသဖြင့်)မစားရဘဲရှိရာ၏။ ထို့ကြောင့် ထိုအိမ်သားများကို "သေက္ခ" ဟု သမုတ်စေပြီးကာ ထိုအိမ့်ရှင်တို့ တမင်လာ ပင့်ဖိတ်လှူသည့်အခါ၊ သို့မဟုတ် မကျန်းမာသော ရဟန်းမှသာ ထိုအိမ်မှ ခဲဘွယ် ဘောဇဉ်များကို ခံယူဘို့ရန် ပညတ်တော်မူသည်။ ဤသို့ ပညတ်တော်မူသည့် အတွက် ထို အိမ်သူ အိမ်သား၏ အလိုရှိက ပင့်ဖိတ် လှူခွင့်ရသဖြင့် သဒ္ဓါတရား ကိုလည်း မပျက်စေ။ ထို့ကြောင့် ဤသိက္ခာပုဒ်သည် ထင်ရှားသော၊ သနား ညှာတာချက်ကို ပြရာရောက်သော သိက္ခာပုဒ်ပါပေတည်း။

**အင်္ဂါ ၅ ပါး**။ ။၁- သေက္ခ ဟု သမုတ်အပ်သော အမျိုးဖြစ်ခြင်း၊ ၂-ရှေး၌ မပင့်ဖိတ်အပ်ခြင်း ["ရှေး" ဟူရာ၌ အိမ်၏ဉပစာသို့ ရဟန်း မရောက်မီ ကာလကို "ရှေး" ဟု ဆိုလိုသည်။]၊ ၃-ဂိလာန မဟုတ်ခြင်း၊ ၄- အိမ်၏ဉပစာသို့ သက်ရောက်ခြင်း (အိမ့်ဉပစာ မရောက်မီ အိမ်မှ ထုတ်ယူ၍ လှူလျှင် ခံယူသော် လည်း အနာပတ္တိ။)၊ ၅- နိစ္စဘတ် စသည်ကို ထား၍ အခြား အာမိသကို ခံယူ သုံးဆောင်ခြင်းအားဖြင့် အင်္ဂါ ၅ ပါးတည်း။ [ထို အမျိုးမှ အမြဲ ဆွမ်းဝတ် ဟူသော နိစ္စဘတ်နှင့် စာရေးတံမဲချ၍ လှူအပ်သော သကာလဘတ် စသော ဆွမ်းကိုကား ခံယူအပ်၏။]

**[ဆောင်]** သေက္ခသမ္မုတိ, ရရှိလေခိုက်, ရှေး၌ အသင့်, မပင့်အပ်ဘိ, ဂိလာန
လည်း, မဟုတ်တည်းသာ, ဉပစာ အိမ်ပေါက်, သက်ရောက်မိ
လတ်, နိစ္စဘတ် စသား, ကြဉ်ဖယ်ထား၍, အခြား အာမိသ, ခံပြီး
မှနှောင်, သုံးဆောင် ငါးလီ, ဒေသနီ, သင့်ပြီ တတိယ။

**စတုတ္ထ ပါဋိဒေသနီယ**

အာရညကာနိ — တော၌ ဖြစ်ကုန်သော၊ သာသင်္ကာ သမ္မတာနိ- ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော၊ သပ္ပဋိ ဘယာနိ - ဘေးရန်နှင့်တကွ ဖြစ်ကုန်သော၊ ယာနိ တာနိ **သေနာသနာနိ** - အကြင်ကျောင်းတို့သည်၊ သန္တိ- ရှိကုန်၏၊ ယော ပန ဘိက္ခု - သည်၊ တထာရူပေသု - ထိုသို့သဘောရှိကုန်သော၊ သေနာသနေသု- ကျောင်းတို့၌၊ ပုဗ္ဗေ - အာရာမ်၏ ဥပစာသို့ မရောက်မီ ရှေး၌၊ အပ္ပဋိသံဝိဒိတံ-မသိစေအပ်သော၊ ခါဒနီယံဝါ - ခဲဘွယ်ကိုသော်ငင်း၊ ဘောဇနီယံဝါ - ဘောဇဉ်ကို သော်ငင်း၊ အဇ္ဈာရာမေ - အာရာမ်တွင်း၌၊ သဟတ္ထာ - မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ - ခံယူ၍၊ အဂိလာနော- ဂိလာန မဟုတ်ဘဲ၊ ခါဒေယျဝါ - ခဲမူလည်း ခဲအံ့၊ ဘုဉ္ဇေယျဝါ - စားမူလည်း စားအံ့။

× × × × ×

**စတုတ္ထ ပါဋိဒေသနီယ။** ။သာသင်္ကာ သပ္ပဋိဘယဖြစ်သော တောရကျောင်းဝယ် နေသော ရဟန်းသည် ရှေးဦးစွာ မသိစေအပ်သော ခဲဘွယ် ဘောဇဉ် ဟူသော ယာဝကာလိက အာမိသကို ဂိလာန မဟုတ်လျှင် မခံယူကောင်း။ ခံယူလျှင် ဒုက္ကဋ်အာပတ်သင့်၍ စားမျိုလျှင် ပါဋိဒေသနီယ အာပတ်သင့်သည်။

**ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ။** ။"ပုဗ္ဗ" အရ ရှေးဦးစွာဟူသည် အာရာမ်၏ ဥပစာသို့ မရောက်မီ ရှေးရှေး အချိန်အခါများတည်း။ နက်ဖန် ဘောဇဉ်ကို တောကျောင်းသို့သွား၍ ပို့လှူလိုလျှင် ယနေ့လိုက ဖြစ်စေ၊ အာရာမ် ဥပစာသို့ မရောက်မီ အချိန်ကပ်၍ ဖြစ်စေ "မည်သူက ခဲဘွယ် (သို့မဟုတ် ဘောဇဉ်၊ သို့မဟုတ် ၂ မျိုးလုံး) ပို့လှူလာပါလိမ့်မည် ဘုရား" ဟု ရှေးဦးစွာ ကြိုတင်၍ မလျှောက်အပ်သော အာမိသကို "အပ္ပဋိသံဝိဒိတ" ဟု ခေါ်သည်။ "နက်ဖန် မည်သူက ဆွမ်း အလှူလာပါလိမ့်မည်" ဟု ကြိုတင်၍ မလျှောက်အပ်သော အာမိသ ဟူလို။

**သိစေနှင့် ရကျိုး။** ။တင်ကြို၍ လျှောက်လာသည့်အခါ "အနီးအပါးမှာ ခိုးသူဘေးရန်ရှိကြောင်း"ကို ပြောပြရသဖြင့် အလှူရှင်တို့မှာ ဘေးအန္တရာယ် လွတ်ကင်းအောင် အစောင့်အရှောက်များစွာနှင့် လာနိုင်ခွင့်ရခြင်းအကျိုးရှိ၏။ ထို့ပြင် ခိုးသူများကိုလည်း "နက်ဖန် လူတွေလာကြလိမ့်မည်၊ သင်တို့ကို မဖမ်းမိအောင်၊ မသိအောင် လွတ်ရာသို့ ရှောင်နေကြ" ဟု သတိပေးရခြင်း အကျိုး

တေန ဘိက္ခုနာ – သည်၊ ပဋိဒေသေတဗ္ဗံ – ရာ၏၊ (ကိံ - နည်း၊) အာဝုသော – ငါ့ရှင်၊....အဟံ – သည်၊ ဂါရယှံ - ကဲ့ရဲ့ထိုက်သော၊ အသပ္ပါယံ – နတ်ပြည် နိဗ္ဗာန်အား မလျောက်ပတ်သော၊ ပါဋိဒေသနီယံ – ပါဋိဒေသနီယမည်သော၊ ဓမ္မံ-အာပတ်သို့၊ အာပဇ္ဇိံ-ရောက်ပါပြီ၊ တံ-ထို ပါဋိဒေသနီယအာပတ်ကို၊ ပဋိဒေသေမိ-၏၊ ဣတိ-ဤသို့ သီးခြား ပြောရာ၏၊ [ဤသို့ ဂါရယှစသော ဝါကျကို အပြင်ထုတ်၍လည်း အနက် ပေးနိုင်၏။]

အာယသ္မန္တော - တို့၊ စတ္တာရော – ကုန်သော၊ ပါဋိဒေသနီယာ – မည်ကုန်သော၊ ဓမ္မာ - တို့ကို၊ ဥဒ္ဒိဋ္ဌာ – ကုန်ပြီ၊ တတ္ထ–ထိုပါဋိဒေသနီယ အာပတ်တို့၌၊ အာယသ္မန္တေ – အရှင်တို့ကို၊ ပုစ္ဆာမိ - မေးပါ၏၊ ပေ၊ ဓာရယာမိ - သိမှတ်ရပါ၏။

**ပါဋိဒေသနီယာ-ပါဋိဒေသနီယတို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။**

× × × × ×

ရှိသည်။ ထိုသို့ ပြောမထားလျှင် "ရဟန်းများသည် ငါတို့ကိုမျှ သတိမပေးကြ" ဟု အလှူ့ရှင်တို့ဘက်၊ ခိုးသူတို့ဘက် ၂ ဘက်လုံးကပင် အပြစ် တင်စရာ ရှိသည်။

**အင်္ဂါ ၇ ပါး။** ။၁–သာသင်္ကသပ္ပဋိဘယ တောကျောင်း ဖြစ်ခြင်း၊ ၂–ယာဝကာလိက အာမိသ၏ တတ္ထဇာတက (ထို တောကျောင်း၌ဖြစ်သော အစာ) မဟုတ်ခြင်း၊ ၃–ဂိလာနမဟုတ်ခြင်း၊ ၄–ဂိလာန၏ အကျန် မဟုတ် ခြင်း၊ ၅–တင်ကြို၍ မသိစေအပ်ခြင်း၊ ၆–အာရာမ်တွင်း၌ ခံယူခြင်း၊ ၇–စားခြင်း အားဖြင့် အင်္ဂါ ၇ ပါး ရှိသည်။

**[ဆောင်]** သပ္ပဋိဘယ, သာသင်္ကဟု, တောရကျောင်းတည့်, ကာလိယာဝ,
အာမိသ၏, တတ္ထဇာတကာ, မဟုတ်ပါသား, ဂိလာနလဲ,
မဟုတ်ဘဲဆို, ထို၏အကျန်, မဟုတ်မှန်ပင်, ကြိုတင်မသိ, စေအပ်
ဘိလျှင်း, အာရာမ်တွင်းယူ, စားမျိုမူကား, ၇ ပါးပြည့်ညီ,
ဒေသနီ, သင့်ပြီ စတုတ္ထ။

**ပါဋိဒေသနီယ ပြီးပြီ။**

## သေခိယအခန်း

**နိဒါန်း** အာယသ္မန္တော - တို့၊ သေခိယာ - သေခိယ မည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ - တို့သည်၊ ဥဒ္ဒေသံ - သို့၊ အာဂစ္ဆန္တိ - ရောက်ကုန်၏။

× × × × ×

**နိဒါန်း**။ ။[သေခိယ၌ သိက္ခာတတ် ဏျ ပစ္စည်း၊ သွာက္ခာတ၌ ကကို ချေ၍ သွာခါတ ဖြစ်သကဲ့သို့ သိက္ခ၌ ကကိုချေ၊ ဣကို ဧ-ပြု၊ ဣလာ၍ "သေခိယ"ဟု ဖြစ်၏။] သိက္ခိတဗ္ဗာတိ သေခိယာ၊ သိက္ခိတဗ္ဗာ - ကျင့်ကြံ ကြိုးကုတ် အားထုတ်ထိုက်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သေခိယာ - သေခိယတို့ မည်၏။ ဤ သေခိယ သိက္ခာပုဒ်များသည် "သိက္ခာ ကရဏီယာ - ကျင့်ကြံ ကြိုးကုတ် အားထုတ်မှုကို ပြုထိုက်၏၊ ပြုရမည်" ဟု မိန့်တော်မူသည့်အတိုင်း နားလည် အောင်လည်း သင်ထိုက်၊ သိလျှင်လည်း ကျင့်ထိုက်၊ ကျင့်မိအောင်လည်း သတိ ထား၍ ကြိုးစားထိုက်သည်၊ ကြိုးစားရမည် ဟူလို။ [သိက္ခာ ကရဏီယာ၌ သိက္ခာ၏ အဓိပ္ပာယ်လည်း ဤနည်းပင်တည်း။]

**မေးဘွယ်**။ ။အခြားအခန်းများ၏ နိဒါန်းစကား၌ "စတ္တာရော ပါရာဇိကာ ဓမ္မာ" စသည်ဖြင့် "စတ္တာရော" စသော ဂဏန်းအကန့်အသတ် အပိုင်း အခြားကို ပြသကဲ့သို့ ဤ သေခိယသိက္ခာပုဒ်များလည်း ၇၅ ပါးရှိရကား "ပဉ္စ သတ္တတိ သေခိယာ"စသည်ဖြင့် အဘယ့်ကြောင့် ဂဏန်းအပိုင်းအခြားကို မပြ ပါသနည်းဟု မေးဘွယ် ရှိ၏။

**အဖြေကား**။ ။စူဠဝဂ္ဂ ဝတ္တက္ခန္ဓက ပါဠိတော်ဝယ် အာဂန္တုကဝတ်၊ အာဝါသိကဝတ် စသည်ဖြင့် ကျင့်ဝတ်များစွာရှိသေး၏။ထိုကျင့်ဝတ်များလည်း ကျင့်ထိုက်သော သေခိယများပင် ဖြစ်သောကြောင့် ဤ ဒွေးမာတိကာ၌ ပြထား သော သေခိယမျှဖြင့် မကုန်သေးရကား "ပဉ္စသတ္တတိ=၇၅ ပါး"ဟု ပိုင်းခြား ကန့်သတ်၍ ဂဏန်းမဖြတ်ဘဲ ရှိရပေသည်။ [ဧတ္ထစ ယသ္မာ ဝတ္တက္ခန္ဓကေ ဝုတ္တ ဝတ္တာနိပိ သိက္ခိတဗ္ဗတ္တာ သေခိယာနေဝ ဟောန္တိ၊ တသ္မာ ပါရာဇိကာဒီသု ဝိယ ပရိစ္ဆေဒေါ နကတော၊ -ကင်္ခါအဋ္ဌကထာ။]

[**ဆောင်**] ဝတ္တက္ခန္ဓက, ပါဠိပြသည့်, ဝတ္တများဘိ, အားလုံး၏လည်း, သေခိယပင်, ဖြစ်ကြအင်ကြောင့်, ဤတွင် ခန်းရပ်, ဂဏန်း ဖြတ်, ကန့်သတ်တော်မမူ။

# ပရိမဏ္ဍလဝဂ်

**၁။ ပရိမဏ္ဍလ နိဝါသန**

ပရိမဏ္ဍလံ - ထက်ဝန်းကျင် ဝန်းဝိုင်းစွာ၊ နိဝါ
သေဿာမိ - သင်းပိုင်ကို ဝတ်အံ့၊ ဣတိ-ဤသို့၊
သိက္ခာ-သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို၊
ကရဏီယာ-ပြုအပ် ပြုထိုက်၏။

× × × × ×

**၁။ ပရိမဏ္ဍလ နိဝါသန။** ။[ပရိ (သမန္တတော) = ထက်ဝန်းကျင်+မဏ္ဍလံ-ဝန်းဝိုင်းသည်။ ] သင်းပိုင်ကို ဝတ်ရာ၌ အထက်ပိုင်းဝယ် ချက်၏ ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ဖုံးအုပ်စေ၍ အောက်ပိုင်း၌ ဒူးဆစ်မှ အောက် ခြေသလုံးရိုး အဆက်မှစ၍ လက်ရှစ်သစ်မျှ ချပြီးလျှင် ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ဝတ်ရမည်။ "ဝန်းဝိုင်း" ဆိုသည်ကား တဘက်က အထက်မြင့်၊ တဘက်က အောက်နိမ့် မရှိစေဘဲ ကတ်ကြေးဖြင့် တိဖြတ် ထားသကဲ့သို့ ဝိုင်းဝိုင်းစက်စက်၊ ညီညီညွတ်ညွတ် ဝတ်ခြင်းကို ဆိုလိုသည်။ [ပရိမဏ္ဍလံသည် ကြိယာဝိသေသန ပုဒ် ဖြစ်၍ "ဧကမန္တံ-သင့်တင့် လျောက်ပတ်စွာ" ဟူသကဲ့သို့ "ထက်ဝန်းကျင် ဝန်းဝိုင်းစွာ = အဝန်းညီစွာ"ဟု ပေးကြသည်။]

**လက်ရှစ်သစ်။** ။"ဒူးဆစ်မှအောက် လက်ရှစ်သစ်ချလျက် ဝတ်ရမည်" ဟူသော စကား၌ "လက်ရှစ်သစ်" အတိအကျဖြစ်ဘို့ ခဲယဉ်း၏။ ထို့ကြောင့် လက်ရှစ်သစ်လောက်မှန်း၍ ဝတ်ရာ၌ အနည်းငယ် အတိုအရှည် ရှိသော်လည်း အပြစ်မရှိ။ ထို့ကြောင့်လည်း ကျမ်းဂန်တို့၌ "လက်ရှစ်သစ်" ဟု အတိအကျ မဆိုဘဲ "အဋ္ဌင်္ဂုလမတ္တ=လက်ရှစ်သစ်လောက်"ဟု မတ္တသဒ္ဒါဖြင့် မသေမချာ ဆိုသည်။ အချုပ်မှာ— "လက်ရှစ်သစ်လောက် အောက်ကျအောင် မှန်း၍ သိပ်လည်း မတိုစေရ၊ သိပ်လည်း မရှည်စေရဘဲ သင့်လျော်အောင် ဝတ်ပါ" ဟု ဆိုလိုသည်။ ["လက်ရှစ်သစ်"ဟူရာ၌လည်း ယခု လက်ချောင်း ရှစ်ချောင်းဖြင့် မတိုင်းရ၊ ပိုက်ဆံတပြားစာလျှင် တလက်သစ်ကျ တိုင်းရမည်။]

**ဝိမတိ။** ။အဋ္ဌင်္ဂုလမတ္တံတိ-မတ္တသဒ္ဒေန တတော ကိဉ္စိ အဓိကံ ဥနမ္ပိ
သင်္ဂဏှာတိ၊ ပေ၊ တသ္မာ ယထာ သာရုပ္ပံ ဟောတိ, ဧဝံ
အဋ္ဌင်္ဂုလာနုသာရေန နိဝါသနံယေဝ အဓိပ္ပေတံ။

**အာပတ်။** ။ဤ သေခိယ သိက္ခာပုဒ်တို့ကို ကျူးလွန်ရာ၌ "မည်သည့် အာပတ် သင့်သည်"ဟု သိက္ခာပုဒ်ပါဠိဖြင့် မသိရသော်လည်း ထို သိက္ခာပုဒ်တို့ကို ဖွင့်ပြရာ ပဒဘာဇနီ၌ ဒုက္ကဋ်အာပတ်ဟု ပညတ်တော်မူသည်။ ဤ သေခိယ သိက္ခာပုဒ်များကို သာမဏေတို့ လွန်ကျူးလျှင် ဒဏ်ထိုက်သည်။

**မေးဘွယ်**။ ။ဤသေခိယသိက္ခာပုဒ်များကို လွန်ကျူးရာ၌ ဒုက္ကဋ်အာပတ် သင့်လျှင် အဘယ့်ကြောင့် "ယော ပန ဘိက္ခု ဩလမ္ဗေန္တော (တွဲရရွဲချလျက်) နိဝါသေယျ၊ ဒုက္ကဋံ"ဟု (အခြား သိက္ခာပုဒ်များကဲ့သို့) အာပတ်နာမည်တပ်၍ မဟောပါသနည်း။

**အဖြေကား**။ ။ဤ သိက္ခာပုဒ်များ၏ စာရိတ္တဝိနည်း ဖြစ်ကြောင်းကို ပြတော်မူလိုသောကြောင့် အာပတ်နာမည်တပ်၍ ပညတ်တော်မမူ။ ချဲ့ဦးအံ့— စာရိတ္တဝိနည်းဟူသည် လူကောင်းသူကောင်းတို့ ကျင့်ရသော ကျင့်ဝတ်တည်း။ ထို ကျင့်ဝတ်ကို မသိ၍ မကျင့်လျှင် အပြစ်မရှိ၊ သိလျက်နှင့် မကျင့်လျှင်သာ မလေးစားသည့်အတွက် အပြစ်ရှိ၏။ သိ၍ ကျင့်လျှင်လည်း အကျိုးရပြန်သည်။ ဥပမာ–လူကြီးသူမ တို့ကို ရိုသေရမည် ဟူသော အကျင့်သည် မျိုးကောင်း ရိုးကောင်းတို့ အကျင့်တည်း။ ထိုအကျင့်ကို မသိ၍ မကျင့်လျှင် အပြစ်မရှိ၊ သိ၍ မကျင့်လျှင် အပြစ်ရှိ၍ ကျင့်လျှင် အကျိုးရသကဲ့သို့တည်း။

ထို့အတူ ဤသေခိယ သိက္ခာပုဒ်များသည် စာရိတ္တ ဝိနည်းများ ဖြစ်၏။ "ညီညီဝတ်ရမည်"စသော အကျင့်ကို မသိသေး၍ မကျင့်လျှင် "အဇာနန္တဿ အနာပတ္တိ"အရ အာပတ်မသင့်သေး။ သိလျက်နှင့် မကျင့်လျှင်ကား အနာဒရိယ (မလေးစားမှု)ကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ကျင့်ပြန်မူ ဤသိက္ခာပုဒ် သီလ လုံခြုံသဖြင့် ကုသိုလ်အကျိုး ရပေသည်။ အကယ်၍ ဒုက္ကဋ်အာပတ် ဟု အတိအလင်း တပ်ထားလျှင် မသိ၍ မကျင့်သူပါ အာပတ်သင့်ဘွယ်ရာ ရှိသော ဝါရိတ္တ သိက္ခာပုဒ်များ ဖြစ်ရာ၏။ ဤကဲ့သို့ ဝါရိတ္တမဟုတ်၊ စာရိတ္တဝိနည်း ဖြစ်ကြောင်းကို ပြတော်မူလိုသောကြောင့် အာပတ်တပ်၍ ပညတ်တော်မမူ။ [ကင်္ခါဋီကာသစ်ဆိုပုံနှင့် မတူပါ။]

[**ဆောင်**] စာရိတ္တ ဝိနယ, ဖြစ်ကြောင်းပြဘို့, ရှေးကဖော်ထုတ်, သိက္ခာပုဒ် များ, ကဲ့အလားသို့, ထင်ရှားအာပတ်, တိုက်ရိုက်တပ်, ပညတ် တော် မမူ။

**အနာပတ္တိများ**။ ။ကျင့်နည်းကို မသိသေး၍ မကျင့်သူသာ အာပတ်မသင့်သည် မဟုတ်သေး။ ခြေသလုံးကြီးနေခြင်း၊ အမာရွတ်ရှိခြင်း၊ အနာပေါက်ခြင်း အစရှိသော အကြောင်းများကြောင့် ခြေသလုံး ပေါ်နေလျှင် မလျော်သည့် အတွက် လက်ရှစ်သစ်လောက်ထက် သိသိသာသာ ရှည်စွာချ၍ဖြစ်စေ၊ လက် ရှစ်သစ်ထက် တို၍ဖြစ်စေ ဝတ်သူတို့လည်း အာပတ်မသင့်ကြ။ ဘေးရန်ရှိ၍ မညီမညွတ် ဝတ်လျက် ပြေးသွားရခြင်း၊ အမှတ်တမဲ့ မညီမညွတ် ဝတ်မိခြင်း၊ ညီညီဝတ်မည်ဟု နှလုံးသွင်း၍ ဝတ်ရာ မညီမညွတ် ဖြစ်သွားခြင်းတို့ကြောင့် လည်း အာပတ် မသင့်ကြပါ။

**၂။ ပရိမဏ္ဍလ ပါရုပန**

ပရိမဏ္ဍလံ- စွာ၊ ပါရုပိဿာမိ— ကိုယ်ဝတ်ကို ရုံအံ့၊ ဝါ-ကိုယ်ဝတ်ကို ရုံအံ့၊ ဣတိ- ဤသို့၊ သိက္ခာ-ကို၊ ကရဏီယာ-ပြုထိုက်၏။

× × × × ×

**အင်္ဂါ ၃ ပါး။** ။၁–သိက္ခာပုဒ်ကို မကျင့်လိုသော အနာဒရိယစိတ်ထား ရှိခြင်း၊ ၂– အနာပတ္တိဖြစ်ရန် အကြောင်းမရှိခြင်း (ကျင့်နည်းကို မသိခြင်း စသော အကြောင်းမရှိ ဟူလို။)၊ ၃– ထက်ဝန်းကျင် ဝန်းဝိုင်းစွာ မဝတ်ခြင်း အားဖြင့် အင်္ဂါ ၃ ပါးတည်း။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ ပြထားသော အင်္ဂါ ၃ ပါးတွင် ရှေ့ ၂ ပါး သည် သေခိယအားလုံးနှင့် ဆိုင်၏။ နောက်ဆုံးတပါးမှာ သိက္ခာပုဒ်၌ပြသော ကျင့်ဘွယ်ကို ပြောင်းပြန် ပြန်ထားသော အင်္ဂါဖြစ်သည်။ ထို့ကြောင့် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်၌ "ကောင်းစွာ မဖုံးဘဲ ရုံခြင်း" ဟု တတိယအင်္ဂါ ဖြစ်လိမ့်မည်။ ဤသို့လျှင် ရှေ့အင်္ဂါ ၂ ပါး၏ သေခိယအားလုံးနှင့် ဆိုင်ခြင်း၊ တတိယအင်္ဂါမှာ သိက္ခာပုဒ်ကို ပြောင်းပြန် ပြန်ထားခြင်းကြောင့် နောက်နောက် သေခိယတို့၌ အင်္ဂါကို အထူးပြဘွယ် မလိုတော့ပြီ။

**[ဆောင်]** အနာဒရိ, စိတ်ထားရှိကာ, အနာပတ်ကြောင်း၏, လျှင်းမရှိဘဲ, ပရိမဏ္ဍလ, မဝတ်ကလျှင်, သုံးခွင်အင်ရပ်, ပြည့်စုံ လတ်၍, ဒုက္ကဋ်သင့်မှု၊.,.. နောက်နောက်စုလည်း, ယခု ရှေ့ဖျား, အင် ၂ ပါးနှင့်, နောက်သွားတမျိုး, သင့်အောင်တိုးသည်, မှတ်ရိုး ၃ ပါးချည်းသာတည်း။

---

**၂။ ပရိမဏ္ဍလ ပါရုပန။** ။["ပါရုပိဿာမိ-ရုံအံ့" ဟု ဆိုသော်လည်း ယခုကာလ သင်္ကန်းရုံခြင်းကို မဆိုလို၊ ရမ်းခြင်းကိုသာ ဆိုလိုသည်။ ပါရုပန၏ သဒ္ဒါနက်မှာ ခြုံခြင်းပင်တည်း။] သင်္ကန်းအနားစွန်း ၂ ခုကို ညီအောင်ထား၍ ခြုံခြင်း ရမ်းခြင်းကို ပရိမဏ္ဍလပါရုပန ဟု အဋ္ဌကထာဆို၏။ "သင်္ကန်းအနား စွန်း ၂ ခုကို ညီအောင်ထား"ဟူသောစကား၌ အယူအဆမတူကြချေ။ အချို့က ယခုကာလ သင်္ကန်းရမ်းနည်း၌ ရှေ့ဘက်ကျသော အနားစွန်းနှင့် ကျောဘက် ကျသော အနားစွန်း ၂ ခုတို့ အကျညီခြင်းကို "အနားစွန်း ၂ ခု ညီခြင်း" ဟု ယူကြသည်။

တချို့ကမူ ယခုကာလ သင်္ကန်းရမ်းနည်းသည် ကျမ်းဂန်အဆိုနှင့် မညီ၊ သင်္ကန်းရုံသည့်အခါ မလိပ်မီ အနားစွန်း ၂ ခုကို ညီစွာထားသကဲ့သို့ ထို့အတူ အနားစွန်း ၂ ခုကို ညီစွာထားခြင်းကို "ဥဘောကဏ္ဏေ- အနားစွန်း ၂ ခုတို့ကို၊

၃-၄။ သုပ္ပဋိစ္ဆန္န
သုပ္ပဋိစ္ဆန္နော – လည်ပင်း လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးအုပ်လျက်၊ အန္တရဃရေ – ရွာတွင်း၌၊ ဂမိဿာမိ- သွားအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × × ×

သမံကတွာ-ညီစွာထား၍" ဟု အဋ္ဌကထာဆိုသည်ဟု ယူကြ၏။ ဤ ဒုတိယ ဝါဒ၌ အနားစွန်း ၂ ခုကို ညီစွာထားရုံသာမက ရမ်းသည့်အခါလည်း ဘုရား ရှေ့၊ ဆရာသမားရှေ့၊ သံဃာ့အစည်းအဝေး စသည် မဟုတ်လျှင် လက်ျာပခုံးကို သင်္ကန်းရုံသည့်အခါကဲ့သို့ ဖုံး၍ ထားစေလိုကြသည်။ ဝါဒ ၂ ရပ်လုံးမှာပင် အောက်အကျကိုမူ ဒူးဆစ်အောက် လက်လေးသစ်လောက် ချ၍ ရမ်းရမည်ဟု ဝိမတိ အဆိုအတိုင်း လိုက်နာစေလိုကြသည်။

**ဆက်ဦးအံ့၊** ။ယခုကာလ သင်္ကန်းများ ရှည်လျားဟန်တူကြောင်း ပြခဲ့ပြီ။ စီဝရက္ခန္ဓကမှာလည်း လည်ပင်း၊ ခြေသလုံးတို့၌ အထိအခိုက်များ၍ သင်္ကန်း အနား စုတ်လွယ်သောကြောင့် "ဂီဝေယျက = လည်ပင်းဖုံး၊ ဇင်္ဃေယျက = ခြေသလုံးဖုံး" များကို ခွင့်ပြုတော်မူသည်။ သို့ဖြစ်လျှင် သင်္ကန်းရမ်းသည့်အခါ အထက်ပိုင်း အဆုံးသည် လည်ပင်းလုံရုံသာ ဖြစ်၍ အောက်ပိုင်း အဆုံးသည် ခြေသလုံးကြွက်သား လုံရုံသာ ရှိပေလိမ့်မည်။ သို့ဖြစ်လျှင် အရှည် အလျား ၄ တောင်ထွာ၊ အနံ ၃ တောင်ရှိ သင်္ကန်းသည် ပရိမဏ္ဍလဖြစ်အောင် ခြုံနိုင် ရမ်းနိုင်လောက်တန်ရာ၏။ [လည်ပင်းကို ထိခိုက်မည့်နေရာ၌ အနားပတ် ၂ ထပ် ရှိနေသည်ကို "လည်ဖုံး" ဟုရင်း၊ ခြေသလုံး ထိခိုက်မည့်နေရာ၌ အနားပတ် ၂ ထပ် ရှိနေခြင်းကို "ခြေသလုံးဖုံး" ဟုရင်း ဆိုသည်။]

**မှတ်ချက်။** ။"ဤ ပရိမဏ္ဍလ သိက္ခာပုဒ် ၂ ပါးကို ကျောင်းတိုက်တွင်း၌ ၎င်း၊ ရွာတွင်း၌၎င်း ကျင့်ရမည်" ဟု အဋ္ဌကထာ၌ ဆို၏။ ထိုတွင် ကျောင်းတိုက် တွင်း၌ ကျင့်ဘွယ်တို့ကား ဘုရားရှေ့ သံဃာ့အစည်းအဝေး သံဃာအများနှင့် ဆက်ဆံရာ ဆွမ်းစားကျောင်း ဒကာ ဒကာမတို့ရှေ့ စသည်နှင့် ဆရာသမား ထေရ်ကြီးများရှေ့ စသည်တည်း။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် လွတ်လပ်ခွင့်ရသည့် ဝါသူပဂတဖြစ်မူ ရွာတွင်း၌လည်း ဤ ပရိမဏ္ဍလသိက္ခာပုဒ် ၂ ပါးကို ကျင့်ရ မည်။ အိပ်ပျော်နေသည့်အခါ စသည် ဖြစ်စေ၊ မိမိချည်း နေသည့်အခါ ဖြစ်စေ၊ အခြားသိတင်းသုံးဘော်များနှင့်. လွတ်လပ်စွာနေသည့်အခါ ဖြစ်စေ ဤ သိက္ခာ ပုဒ် ၂ပါးအတိုင်း နေနိုင်ရန် ခဲယဥ်း၏။ထိုသို့ မနေနိုင်ခြင်းကြောင့် အပြစ်ရှိသည် ဟုလည်း အဆို မရှိချေ။

သုပ္ပဋိစ္ဆန္နော - လျက်၊ အန္တရဃရေ - ရွာတွင်း၌၊ နိသီဒိဿာမိ - နေထိုင်အံ့၊ ဣတိ - သို့၊ သိက္ခာ - ကို၊ ကရဏီယာ - ၏။

× × × × ×

**၃-၄။ သုပ္ပဋိစ္ဆန္န။** ။မြို့တွင်း ရွာတွင်းသို့ သွားလိုသောအခါ အနားပတ်သီးကို တပ်ပြီးလျှင် လည်ပင်း၊ လက်ကောက်ဝတ်များကို ဖုံးမိလောက်အောင် သင်္ကန်းရုံ၍သွားခြင်းကို "သုပ္ပဋိစ္ဆန္န သွားခြင်း"ဟု ခေါ်၏။ လည်မျိုမှ အထက် ဦးခေါင်းကိုရင်း၊ လက်ကောက်ဝတ်မှ ပြင်ဘက် (အဖျားဘက်) လက်ကိုရင်း၊ သလုံးသားမှ အောက်ခြေကိုရင်း ဖော်ပြီးလျှင် အခြား ကိုယ်အင်္ဂါများကို ဖုံး၍ ထိုင်ခြင်းကို "သုပ္ပဋိစ္ဆန္န ထိုင်ခြင်း" ဟု ခေါ်သည်။ [ဦးခေါင်းအတွက်မှာ ဩဂုဏ္ဍိတ အပြစ်ရှိ၍ လုံးလုံး မဖုံးမိစေရ၊ လက်ဖျားနှင့် အောက်ပိုင်း ခြေတို့ကိုကား ဖုံးမိခြင်းကြောင့် အပြစ်သင့်ဘွယ် မရှိ။]

**အနာပတ္တိ။** ။အနာပတ္တိဝါရ၌ ဂိလာန စသူတို့အပြင် "ဝါသူပဂတဿ- နေဘို့ရန် ကပ်ရောက်ပြီးသော ရဟန်း၏၊ အနာပတ္တိ-အာပတ်မသင့်ခြင်းသည်၊ ဟောတိ-ဖြစ်၏"ဟုလည်း လာရကား မြို့ရွာတွင်း၌ ခေတ္တတည်းခိုနေထိုင်သော ရဟန်းမှာ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ သင်္ကန်းရုံ၍ မနေသော်လည်း အာပတ် မသင့်။ သို့သော် တည်းခိုနေထိုင်ရန် သွားသည့်အခါ၌မူ သင်္ကန်းရုံ၍သွားရမည့် အပြင် ပရိမဏ္ဍလသိက္ခာပုဒ်နှင့် အညီ နေထိုင်ရမည်။

**ဆက်ဦးအံ့** —— "တည်းခို" ဟူရာ၌ ကင်္ခါဋီကာသစ်ဝယ် ညဥ့်အိပ်နေမှ "အနေ"ဟု ဆို၏။ အဋ္ဌကထာ၌မူ "ရတ္တိဘာဂေဝါ ဒိဝသဘာဂေဝါ ကာယံ ဝိဝရိတွာ နိသီဒတော အနာပတ္တိ"ဟု ရှိ၏။ ထို၌ ဒိဝသဘာဂေဝါ ဟူသော အမြွက်ကို ထောက်၍ နေ့အဘို့အတွက် တည်းခိုခြင်းလည်း "အနေပင်" ဟု ယူသင့်သည်။ တည်းခို နေထိုင်ခြင်း မဟုတ်ဘဲ ပရိတ်ရွတ် တရားဟော ကိစ္စ အတွက် နေရာ၌ကား အချိန်ကြာသော်လည်း သင်္ကန်းရုံလျက် နေရမည်သာ။

**အချို့ ပြုမူပုံ။** ။ယခုကာလ၌ အချို့ ဒကာ ဒကာမများက မိမိအိမ်သို့ ရောက်လာသော ရဟန်းကို ချမ်းသာစွာ နေထိုင်ခွင့် ရစေလိုသောသဘောဖြင့် "ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ" ဟုရင်း၊ "အရှင်ဘုရား နေသမျှ ဤအိမ်၊ ဤမဏ္ဍပ်ကို လှူပါ၏"ဟုရင်း လျှောက်လေ့ရှိကြ၏။ သို့သော် ထိုသို့ လျှောက်ရုံမျှဖြင့် ထိုအိမ်၊ ထိုမဏ္ဍပ်သည် ကျောင်းလည်းမဖြစ်၊ ထိုသို့ လှူမှုသည် တကယ်လှူခြင်း မဟုတ်သောကြောင့် အလှူလည်း မမြောက်ရကား ရဟန်းမှာ ထူး၍ လွတ်လပ်စွာ နေနိုင်ခွင့် မရနိုင်။ [ဝိမတိဋီကာ။]

၅-၆။ သုသံဝုတ — သုသံဝုတော - ကောင်းစွာ စောင့်စည်းအပ်သော လက် ခြေရှိသည်၊ (ဟုတွာ - ဖြစ်၍) အန္တရဃရေ ဂမိဿာမိ တ္တိ သိက္ခာ ကရဏီယာ၊ ပေ၊ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇-၈။ ဩက္ခိတ္တစက္ခု — ဩက္ခိတ္တစက္ခု - ၄တောင်ခန့်မျှ ကြည့်သော အားဖြင့် အောက်၌ ချအပ်သော မျက်လုံး ရှိသည်၊ (ဟုတွာ - ၍)၊ ပေ၊ သိက္ခာ ကရဏီယာ။

× × × × ×

**၅-၆။ သုသံဝုတော။** ။သံဝရိယန္တေ-စောင့်စည်းအပ်ကုန်၏၊ ဣတိ- ထို့ကြောင့်၊ သံဝုတာ-တို့မည်၏၊ ယဿ-အကြင်သူ၏၊ သုဋ္ဌု-ကောင်းစွာ၊ သံဝုတာ-စောင့်စည်းအပ်သော လက် ခြေတို့သည်၊ သန္တိ-ရှိကုန်၏၊ ဣတိ - ကြောင့်၊ သုသံဝုတော-မည်၏၊ လက် ခြေများကို မလှုပ် မယမ်းဘဲ ကောင်းမွန် ငြိမ်သက်စွာ ထား၍ မြို့ရွာတွင်း၌ သွားလာ နေထိုင်ရမည် ဟူလို။

**မှတ်ချက်။** ။ရှေးနိဿယများ၌ အဓိပ္ပာယ် ပေါ်လွင်အောင် "သုသံ ဝုတော-လက် ခြေတို့ကို မကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက်" ဟု အနက်ပေး၏။ နောက်၌လည်း ရှေးနိဿယများနှင့် မတူလျှင် ဤနိဿယ၌ သဒ္ဒါနည်း မလွတ်အောင် ပေးထားသည်ဟု မှတ်ပါ။

**၇-၈။ ဩက္ခိတ္တစက္ခု။** ။[ဩသည် အဝ၏ ကာရိယတည်း၊ အဝ - အောက်၌ + ခိတ္တ-ချထားအပ်သော + စက္ခု - မျက်စိ။] ယဉ်ကျေးပြီးသော အာဇာနည်မြင်းများသည် ရထားထမ်းပိုး တပြန်မျှလောက်ကိုသာ (၄ တောင် လောက်ကိုသာ) ကြည့်ကာ ငြိမ်သက်စွာ သွားလေ့ရှိကြ၏။ ယခုခေတ် လူကြီး လူကောင်း အခေါ်ခံသူတို့လည်း တောင်ကြည့် မြောက်ကြည့် သွားလေ့မရှိကြ။ ထို့ကြောင့် အယဉ်ကျေးဆုံးဟု အခေါ်ခံကြရသော ဘုရားရှင်၏ သားတော် (ရှင်-ရဟန်း)များလည်း မြို့ရွာအတွင်းဝယ် နေထိုင်သွားလာရာ၌ ယဉ်ကျေးသူ ပီသအောင် ၄ တောင်လောက်ကိုသာမှန်း၍ကြည့်မိဘို့ရန် မျက်လုံးကို အောက် ချလျက် သွားလာ နေထိုင်ရသည်။

**အမှာ။** ။ဝါသူပဂတ ပုဂ္ဂိုလ်များသည် ရှေ့ သုသံဝုတ သိက္ခာပုဒ်နှင့် ဤ သိက္ခာပုဒ်များမှ လွတ်လပ်ခွင့် မရကြ။ ဘေးရန် ရှိ-မရှိ သိဘို့ရန် ကြည့်သင့် သော နေရာဝယ် သွားလာရင်းပင် ဝေးဝေး လှမ်း၍ကြည့်မှုကြောင့် အနာပတ္တိ။

၉-၁၀။ ဥက္ခိတ္တက　ဥက္ခိတ္တကာယ - မြှောက်ပင့်အပ်သောသက်န်းဖြင့်၊ အန္တရဃရေ-၌၊ န ဂမိဿာမိ-မသွားအံ့၊ ပေ၊ န နိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

ပဌမော-သော၊ ပရိမဏ္ဍလဝဂ္ဂေါ-ပရိမဏ္ဍလဝဂ်တည်း။

× × × × ×

**၉-၁၀။ ဥက္ခိတ္တကာယ။** ။ဥက္ခိတ္တက-မြှောက်ပင့်အပ်သောသက်န်း + အာယကား နာဝိဘတ်၏ကာရိယတည်း။ နာဝိဘတ်လည်း ဣတ္ထမ္ဘူတလက္ခဏ အနက်၌ သက်ရကား "ဉူနပဉ္စဗန္ဓနေန ပတ္တေန-ဖြင့်"ဟူရာ၌ကဲ့သို့"မြှောက်ပင့် အပ်သော သက်န်းဖြင့်"ဟု အနက်ပေးသည်။

သင်းပိုင် ကေသီများကို အထက်သို့ ပင့်ကာ ပင့်ကာ စွန်တောင်ဆွဲကာ (လူများ ဟန်ပါပါသွားသကဲ့သို့)မြို့ရွာတွင်း၌ မသွားရ၊ ထိုင်သည့်အခါလည်း အတွင်းအိတ်မှ ရေစစ်ကိုထုတ်ရာ၌ပင် ရုံထားသောသက်န်းကို ခါးပေါ်အောင် မပင့် မမြှောက်မိစေရ။ [ညဉ့်အိပ် နေ့နေ နေထိုင်သော ဝါသူပဂတပုဂ္ဂိုလ်မှာ ပင့်မြှောက်သင့်၍ ပင့်မြှောက်မှုကြောင့် အနာပတ္တိ။ သို့သော် ပရိမဏ္ဍလ စသော သိက္ခာပုဒ်များ မပျက်အောင်ကား သတိထားရမည်။]

## ဥဇ္ဇဂ္ဃိကဝဂ်

၁၁-၁၂။ ဥဇ္ဇဂ္ဃိက　ဥဇ္ဇဂ္ဃိကာယ - ကျယ်စွာ ရယ်ခြင်းဖြင့်၊ အန္တရဃရေ-၌၊ န ဂမိဿာမိ-မသွားအံ့၊ ပေ၊ န နိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × × ×

**၁၁-၁၂။ ဥဇ္ဇဂ္ဃိက။** ။ဥ သဒ္ဒါသည် မြင့်မြင့်ကျယ်ကျယ် ဟူသော အနက်ကို ဟော၏။ ဇဂ္ဃဓာတ်ကား "ဟသန"အနက်ကို ဟော၏။ အာယမှာ ဣတ္ထမ္ဘူတလက္ခဏ အနက်ရှိသော နာဝိဘတ်၏ ယာရိယတည်း။ ရယ်ခွင့် ကြုံစေကာမူ မြို့ရွာအတွင်း၌"ဟားဟား"စသည်ဖြင့် ကျယ်စွာ မရယ်ရ၊"ပြုံးရုံ လောက်သာ ပြုံးရမည်"ဟု ဆို၏။ သို့သော် အနာဒရိယစိတ် မရှိလျှင် အသံ အနည်းငယ် ထွက်သွားသော်လည်း အာပတ်မသင့်တန်ရာ။

၁၃-၁၄။ **အပ္ပသဒ္ဒ** အပ္ပသဒ္ဒေါ - တိုးသောအသံ ရှိသည်၊ (ဟုတ္ဘာ- ၍၊) အန္တရဃရေ ဂမိဿာမိတိ၊ ပေ၊ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၁၅-၁၆။ **ကာယပ္ပစာလက** ကာယပ္ပစာလကံ - ကိုယ်ကို လှုပ်စေ၍ လှုပ်စေ၍၊ ပေ၊ ကရဏီယာ။

၁၇-၁၈။ **ဗာဟုပ္ပစာလက** ဗာဟုပ္ပစာလကံ - လက်ရုံးကို လှုပ်စေ၍ လှုပ်စေ၍၊ ပေ၊ ကရဏီယာ။

၁၉-၂၀။ **သီသပ္ပစာလက** သီသပ္ပစာလကံ—ဦးခေါင်းကို လှုပ်စေ၍ လှုပ်စေ၍၊ ပေ၊ ကရဏီယာ။

ဒုတိယော - ၂ ခုမြောက်သော၊ ဥဇ္ဇုဂ္ဂိကဝဂ္ဂေါ - တည်း။

× × × × ×

**၁၃-၁၄။ အပ္ပသဒ္ဒ။** ။"အပ္ပ" သဒ္ဒါ၌ "အနည်းငယ်" ဟူသော အနက်ပေးရိုး ရှိသော်လည်း ဤ၌ "တိုးတိုး"ဟု ဆိုလိုသည်။ ၁၂ တောင် ကျယ်သော အိမ်ဝယ် မြောက်အစွန်မှတပါး၊ အလယ်၌တပါး၊ တောင်အစွန်၌တပါး ထိုင်နေလျှင် မြောက်ဆုံးပုဂ္ဂိုလ်က ၆ တောင်ခန့်ကွာသော အလယ်ပုဂ္ဂိုလ်ကို လှမ်း၍ စကားပြောရာ၌ အလယ်ပုဂ္ဂိုလ်သာ အသံကိုလည်း ကြား၊ စကား၏ အဓိပ္ပာယ်ကိုလည်း နားလည်၍ တောင်ဆုံးပုဂ္ဂိုလ်မှာ အသံသာကြား၍ စကား၏ အဓိပ္ပာယ်ကို သဲသဲကွဲကွဲ နားမလည်လျှင် အပ္ပသဒ္ဒဖြစ်ပြီ။ တောင်ဆုံးပုဂ္ဂိုလ်မှာလည်း ကွဲကွဲပြားပြား နားလည်လျှင်ကား မဟာသဒ္ဒဖြစ်၍ အပြစ်သင့်သည်။

**ဆက်ဦးအံ့—**ဤ အပ္ပသဒ္ဒသိက္ခာပုဒ်မှာ ရဟန်းချင်း အလွတ် စကားပြောရာ၌ ပညတ်တော်မူလိုဟန် ရှိ၏။ ဘာ့ကြောင့်နည်း။ မြို့ရွာအတွင်း တရားဟောသည့်အခါနှင့် အနီးအပါး ချဉ်းကပ်လာသူ လူတို့အား စကားပြောသည့် အခါတို့၌ တိုးတိုးပြောလျှင် အကျိုးမရသောကြောင့်တည်း။ [ဝိမတိဋီကာ။]

**ပစာလကသိက္ခာပုဒ်များ။** ။[ပ = အပြားအားဖြင့် + စာလက = လှုပ်စေသည်။ အံဝိဘတ်သည် ကြိယာဝိသေသန အနက်ဟောတည်း။] "လှုပ်" ဟူရာ၌ ကိုယ်ကို ငြိမ်သက် တည့်မတ်စွာ မထားဘဲ ဆန့်ခြင်း၊တန်းခြင်း၊ ငေါ့ယမ်းခြင်း၊ ဦးခေါင်းကို ငြိမ်သက် တည့်မတ်စွာမထားဘဲ ခေါင်းညိတ်ခြင်း၊ ခါခြင်း ယမ်းခြင်း စသည်များတည်း။ ထိုကဲ့သို့ မလှုပ်စေရအောင် ကိုယ်၊ လက်ရုံး၊ ဦးခေါင်းတို့ကို တည့်မတ်စွာနှင့် ငြိမ်သက်စွာထား၍ သွားလာ နေထိုင်ရသည်။

## ခမ္ဘကတဝဂ်

၂၁-၂၂။ ခမ္ဘကတ ခမ္ဘကတော - ပြုအပ်သော ခါးထောက်ခြင်း ရှိသည်၊ (ဟုတ္ဘာ-၍)၊ပေ၊ န ဂမိဿာမိ-အံ့၊ ပေး န နိသီဒိဿာမိ-အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၂၃-၂၄။ သြဂုဏ္ဌိတ သြဂုဏ္ဌိတော - ခြုံအပ်သော ဦးခေါင်းရှိသည်၊ (ဟုတ္ဘာ-၍)၊ ပေ၊ န ဂမိဿာမိ နနိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၅။ ဥက္ကုဋိက ဥက္ကုဋိကာယ - အထက်၌ ခြေဖဝါးစွန်းရှိသော သွားခြင်းဖြင့်၊ ဝါ-ဘဝါးစွန်း နင်းလျက်၊ ပေ၊ န ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

× × × × ×

၂၁-၂၂။ ခမ္ဘကတ။ ။ခမ္ဘ သဒ္ဒါသည် "ပဋိဗန္ဓ = ဆက်စပ်ခြင်း" အနက်ဟောဟု ပါစိတ်ယောဇနာ ဆို၏။ ဆက်စပ် ဟူသည်မှာလည်း "ခါး၌ ဆက်စပ်ခြင်း"ဟု ယူပါ။ ထိုအလို "ခါး၌ပြုအပ်သော ဆက်စပ်ခြင်းရှိသည်"ဟု အနက်ပေး။ ဓာတွတ္ထသင်္ဂဟ၌ ခမ္ဘသဒ္ဒါသည် "ခါး" ဟူသော အနက်ဟောဟူ၏။ ဤ၌ ခါးထောက်ခြင်းတိုင်အောင် "ဌာနူပစာရ"အားဖြင့် ယူ၍ "ကတ= ပြုအပ်သော+ခမ္ဘ=ခါးထောက်ခြင်းရှိသည်" ဟု အနက်ပေး။ မြို့ရွာအတွင်း၌ ခါးထောက်၍ မသွားရ၊ ခါးထောက်၍ မထိုင်ရ။ သို့သော် ဝါသူပဂတဖြစ်မူ ခါးထောက်၍ ထိုင်ရုံကား ထိုင်ကောင်း၏။

၂၃-၂၄။ သြဂုဏ္ဌိတ။ ။အဝပုဗ္ဗ(ရစ်ပတ်ခြင်း အနက်ဟော) ဂုဏ္ဌ ဓာတ်, ကံဟော တ ပစ္စည်း၊ အဝဂုဏ္ဌိယတေ-လွှမ်းခြုံ ရစ်ပတ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ သြဂုဏ္ဌိတံ-မည်၏။ ဦးခေါင်းကို ရစေ "သြဂုဏ္ဌိတံ ယဿာတိ သြဂုဏ္ဌိတော"ဟု ဝိဂ္ဂဟပြု၍ ခြုံအပ်သော ဦးခေါင်းရှိသူကို ရစေ၊ [ထောမနိဓိ အဘိဓာန် အတိုင်းတည်း။ ယောဇနာ၌ ဒုရင်ကောက်ဖြင့် သြဂုလ္ဌိတ ဟုရင်း၊ ကတ္တုရုပ်ဖြင့်ရင်း ကြံလေသည်။] မြို့ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မသွား၊ မထိုင်ကောင်း။ ဝါသူပဂတဖြစ်မူ ခေါင်းမြီးခြုံ၍ နေကောင်း၏။

၂၅။ ဥက္ကုဋိက။ ။ဥဒ္ဓံ ကော ကောဋိ ယဿာတိ ဥက္ကုဋိကာ၊ ယဿာ-အကြင်သွားခြင်း၏၊ ဥဒ္ဓံ-အထက်၌၊ ကော-တခုသော၊ ကောဋိ-အစွန်းသည်၊ အတ္ထိ-ရှိ၏။ ဣတိ-ကြောင့်၊ (ဥက္ကောဋိကာဟု ဆိုသင့်လျက် ဩကို ဝိပရိတ် ဥ ပြု၍)ဥက္ကုဋိကာ-မည်၏။ရှေ့က ခြေဖျားကို မြှောက်၍ဖြစ်စေ၊နောက်ဖနောင့်ကို

၂၆။ ပလ္လတ္ထိက
ပလ္လတ္ထိကာယ - လက် သက်န်းတို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့ခြင်းဖြင့်၊ ပေ၊ န နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁။ သက္ကစ္စံ ပတိဂ္ဂဟဏ
သက္ကစ္စံ - လေးစားသောအား, သတိထား၍၊ ပိဏ္ဍပါတံ- ဆွမ်းကို၊ ပတိဂ္ဂဟေဿာမိ- ခံယူအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၂။ ပတ္တသညီ ပတိဂ္ဂဟဏ
ပတ္တသညီ - သပိတ်၌ သညာရှိသည်၊ (ဟုတွာ - ၍၊) ပိဏ္ဍပါတံ - ကို၊ ပတိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

× × × × ×

မြှောက်၍ ဖြစ်စေ သွားရာ၌ တဘက်အစွန်းမှာ အထက်သို့ ထောင်နေသည်။ ထိုသွားခြင်းကိုပင် "ဘဝါးစွန်းနင်း၍ သွားခြင်း"ဟု ခေါ်၏။"ခြေဘဝါးကို မြေ၌ ထုံးစံအတိုင်း မနင်းဘဲ တစွန်းတစဖြင့် နင်း၍သွားခြင်း"ဟု ဆိုလိုသည်။

၂၆။ **ပလ္လတ္ထိက**။ ။ပရိ (သမန္တတော)-ထက်ဝန်းကျင်မှ အသနံ (ခိပနံ) ,ပစ်ချ ရစ်ပတ်ခြင်းသည်၊ ပလ္လတ္ထိ-မည်၏။ [အသဓာတ် တိပစ္စည်းဖြင့် အတ္တိဟု ပြီးစေ၍ ရိ၌ ဣကို ယပြု၊ ရျကို လပြု၊ ဒွေးဘော်လာ၊ ပလ္လတ္ထိဟု ဖြစ်၏။] ထိုင်သည့်အခါ ဒူး ၂ ဘက်ကို ထောင်၍ လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းကို ဟတ္ထပလ္လတ္ထိကာ၊ သက်န်းဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းကို ဒုဿပလ္လတ္ထိကာဟု ခေါ်သည်။ မြို့ရွာအတွင်း၌ ထိုကဲ့သို့ မထိုင်ကောင်း၊ ဝါသူပဂတဖြစ်မူ ထိုင်ကောင်း၏။ [ဤ ပြခဲ့သော သိက္ခာပုဒ် ၂၆ ပါးကို လျောက်ပတ် သပ္ပာယ်စွာ နေထိုင်ဘို့ရန် ဖြစ်သောကြောင့် "သာရုပ္ပ သိက္ခာပုဒ်များ"ဟု ခေါ်သည်။

---

၁။ **သက္ကစ္စံ ပတိဂ္ဂဟဏ**။ ။ဤ၌ "သက္ကစ္စံ" အရ လေးစားခြင်းဟူသည် ဆွမ်းခံရာ၌ ဆွမ်းကို မလိုချင်သလို၊ သွန်ပစ်တော့မလို မလေးမစား မလုပ်ဘဲ ဆွမ်းကို လေးလေးစားစား သတိထား၍ ခံယူခြင်းတည်း။

၂။ **ပတ္တသညီ ပတိဂ္ဂဟဏ**။ ။ဆွမ်းခံနေခိုက်ဝယ် တောင်ကြည့် မြောက်ကြည့် မကြည့်ဘဲ မိမိ၏ သညာကို သပိတ်၌သာ ထား၍ ဆွမ်းခံရမည်။ ထိုကဲ့သို့ သပိတ်၌ သညာ မထားလျှင် လောင်း၍ ပြီးသည်ကိုလည်း မသိရ၊ လောင်း၍ မပြီးသေးသည်ကိုလည်း မသိရဘဲ ရှိလိမ့်မည် ဟူလို။ [သညာကို မှတ်၍ ဆိုထားသည်။ မျက်စိရော စိတ်ပါ သပိတ်၌ ထားရမည်ဟု မှတ်ပါ။]

၃။ သမသူပက — သမသူပကံ - ဆွမ်း၏ လေးဘို့တဘို့မျှ လက်ကော်ရပဲဟင်း ရှိရုံသာ၊ ပိဏ္ဍပါတံ ပတိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သမတိတ္တိက — သမတိတ္တိကံ-သပိတ်အတွင်း အနားရစ်နှင့် ညီမျှသော ခဲဘွယ် ဘောဇဉ်ရှိရုံသာ၊ ပိဏ္ဍပါတံ ပတိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

[တတိယော-သုံးဝဂ်မြောက်ဖြစ်သော၊ ခန္ဓကတဝဂ္ဂေါ-တည်း။]

× × × × ×

**၃။ သမသူပက။** ။ဤ သိက္ခာပုဒ်၌ လက်ကော်၍ ရလောက်အောင် မကျဲ မပျစ်လွန်းသော ပဲဟင်း ဟူသမျှကို "သူပ" ဟု ခေါ်၏။ ထို သူပသည် ဆွမ်း၏ ၄ ပုံ ၁ ပုံဆိုလျှင် စားလောက်ပြီဖြစ်၍ "သမ=သင့်တော်ညီမျှသည်" ဟု ဆိုရသည်။ ထိုသို့ ဆွမ်း၏ ၄ ပုံ ပုံလျှင် ၁ ပုံလောက်မျှ သင့်တော် ညီမျှသော ပဲဟင်း ရှိရုံသာ ခံယူရမည်။ ပဲဟင်းကို ဆွမ်းပမာဏ၏ ၄ ပုံ ၁ ပုံထက်ပို၍ ခံလျှင် ဒုက္កဋ်။ ပဲဟင်းမှတပါး အခြား သား၊ငါး၊အသုပ်၊အကြော် စသော ဟင်းကောင်းများကိုကား ဆွမ်း၏ ၄ ပုံ ၁ ပုံထက် ပိုသော်လည်း အနာပတ္တိ။ ပဲဟင်းကိုလည်း ဉာတိပဝါရိတအထံမှ ပို၍လည်း ခံယူကောင်း၏။

**မှတ်ချက်။** ။"သမသူပကံ"၌ အံဝိဘတ်ကား ကြိယာဝိသေသန ခေါ် ဘာဝနပုံးကိုပြသော နိဂ္ဂဟိတ်တည်း။ ထို့ကြောင့် "ရှိရုံ" ဟု ဝိသေသနသံပါအောင် ပေးလိုက်သည်။ "သာ"ကား ထို့ထက် မပိုရဟု သိစေလို၍ ရသင့်သောကြောင့် ထည့်အပ်သော အနက်တည်း။ နောက်နောက် နိဂ္ဂဟိတ်ဆုံး၍ ဝိသေသနသံ ပေးသမျှ၌ ကြိယာဝိသေသန(ဘာဝနပုံး)ချည်း မှတ်ပါ။

**၄။ သမတိတ္တိက။** ။တိတ္ထသဒ္ဒါသည် မြစ်ကမ်းကိုဟော၏။ ဤ၌ "တိတ္ထံ ဝိယ-ဆိပ်ကမ်းနှင့်တူ၏၊ ဣတိ-ထို့ကြောင့်၊ တိတ္တံ-မည်၏" သပိတ်၏ အတွင်း နှုတ်ခမ်းကို ရစေ၊တိတ္တေန သမံ ယဿာတိ သမတိတ္တိကံ၊ သပိတ်၏နှုတ်ခမ်းသည် အတွင်းနှုတ်ခမ်း၊ အပြင်နှုတ်ခမ်းဟု ၂ မျိုးရှိရာ အတွင်းနှုတ်ခမ်းနှင့် ညီမျှရုံသာ ဆွမ်းခံရမည်၊ ဆွမ်း ဟူရာ၌လည်း ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို ဆိုသည်။

**အနာပတ္တိ။** ။သပိတ်အပေါ်၌ တင်လျက် ခွက် စသည်ဖြင့် ထည့်၍ခံရာ၌၎င်း၊ အဓိဋ္ဌာန်လောက်သော သပိတ်မဟုတ်သော ခွက်ဖြင့် ခံရာ၌၎င်း မိုမောက်နေသော်လည်း အနာပတ္တိ။ သပိတ်တလုံးပြည့်နေ၍ ထိုတလုံးကို အခြားသူအား ပေးပြီးနောက် အခြားသပိတ်ဖြင့် ခံရာ၌လည်း အနာပတ္တိပင်။

## သက္ကစ္စဝဂ်

၅။ သက္ကစ္စံ ဘုဉ္ဇန် — သက္ကစ္စံ-လေးစားသောအား, သတိထား၍၊ ပိဏ္ဍပါတံ - ကို၊ ဘုဉ္ဇိဿာမိ - စားအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၆။ ပတ္တသညီ ဘုဉ္ဇန် — ပတ္တသညီ-သည်၊ (ဟုတ္វာ-၍)၊ ပေ၊ ဘုဉ္ဇိဿာမိ ဣတိ သိက္ခာ ကရဏီယာ။

၇။ သပဒါန် — သပဒါနံ - အစဉ်အတိုင်း၊ ပေ၊ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ သမသူပကဘုဉ္ဇန် — သမသူပကံ - သာ၊ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

× × × × ×

**၅။ သက္ကစ္စံ ဘုဉ္ဇန်။** ။ဆွမ်းစားသည့်အခါ (ဂိလာန မဟုတ်လျှင်) မစားချင့် စားချင် စားရသည့် အမူအရာမျိုးကို မပြုဘဲ စားလိုသော အမူအရာဖြင့်သာ လေးလေးစားစား သတိထား၍ စားရမည်။

**၆။ ပတ္တသညီ ဘုဉ္ဇန်။** ။ဆွမ်းစားသည့်အခါ "တောင်ကြည့် မြောက်ကြည့်" မစားရ၊ မိမိခွက်၌ သညာ (စိတ်ရော မျက်စိပါ)ထား၍ ကွန္ဒြေရစွာ စားရမည်။

**၇။ သပဒါန်။** ။ဒါ ဓာတ်သည် "အဝခဏ္ဍန=ပိုင်းဖြတ်ခြင်း" အနက်ကို ဟော၏။ ဒါနတော-ပိုင်းဖြတ်ခြင်းမှ၊ အပေတံ—ကင်းသော အမူအရာသည်၊ အပဒါနံ-မည်၏။ "သဟ အပဒါနေန ယံ ဝတ္တတီတိ သပဒါနံ-ပိုင်းဖြတ်ခြင်းမှ ကင်းသော အမူအရာနှင့်တကွဖြစ်သော စားခြင်း" တည်း။ ဆွမ်းစားသည့်အခါ ဆွမ်းခွက်ထဲဝယ် "ဟိုနား နှိုက်လိုက်၊ သည်နား နှိုက်လိုက်" လုပ်သော အမူအရာ မရှိဘဲ မိမိဘက်ရှိ အစမှ စ၍ အစဉ်အတိုင်း စားခြင်းကို "သပဒါန စားခြင်း"ဟု ဆိုသည်။ သူတပါးကို ပေးသည့်အခါ၊ သူတပါး၏ ခွက်ထဲဝယ် ထည့်သည့်အခါ၌ကား မိမိ အလိုရှိရာကို (အစဉ်အတိုင်း မဟုတ်ဘဲ) ယူ၍ ပေးနိုင်ပါ၏။

**၈။ သမသူပကဘုဉ္ဇန်။** ။အဓိပ္ပာယ်ကို သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်အတိုင်း သိပါ။ "ဉာတိပဝါရိတ မဟုတ်သူတို့၏ ဆွမ်းကို စားသည့်အခါ ပဲဟင်းကိုချည်း များစွာ မစားရ" ဟူလို။

၉။ ထုပက — ထူပကတော - ဆွမ်းဦး ဆွမ်းထိပ်မှ၊ ဩမဒ္ဒိတွာ - နှိပ်၍၊ ဝါ — နှိုက်၍၊ ပိဏ္ဍပါတံ - ကို၊ န ဘုဉ္ဇိဿာမိ-မစားအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၀။ ပဋိစ္ဆာဒန — သူပံ ဝါ - ပဲဟင်းစသည်ကိုငင်း၊ ဗျဉ္ဇနံ ဝါ-ဟင်းလျာကိုငင်း၊ ဘိယျောကမျတံ - အများကို အလိုရှိသူ၏ အဖြစ်ကို၊ ဥပါဒါယ - စွဲ၍၊ ဩဒနေန - ဆွမ်းဖြင့်၊ န ပဋိစ္ဆာဒေဿာမိ-မဖုံးအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၁။ သူပေါဒန ဝိညတ္တိ — သူပံ ဝါ-ပဲဟင်းစသည်ကိုငင်း၊ ဩဒနံ ဝါ—ဆွမ်းကိုငင်း၊ အဂိလာနော-ဂိလာန မဟုတ်ဘဲ၊ အတ္တနော-မိမိ၏၊ အတ္ထာယ - အကျိုးငှာ၊ ဝိညာပေတွာ - တောင်း၍၊ န ဘုဉ္ဇိဿာမိ - မစားအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × × ×

**၉။ ထုပက**။ ။ထူပသဒ္ဒါသည် စေတီ ပုထိုးကဲ့သို့ အထက်၌ မို့မောက်နေသော အရာများကို ဟော၏။ ဤ၌ "ထူပမေဝ ထူပကံ"ဟု ယောဇနာ၌ ကပစ္စည်း အနက်သီးခြားမရှိ ကြံလေသည်။ ထူပ ကဲ့သို့ မို့မောက်သောဆွမ်းဦး ဆွမ်းထိပ် (စားခွက်ဝယ် အလယ်ဗဟို) အရပ်ကို "ထူပက" ဟု ဆိုလိုသည်။ ဆွမ်းစားသည့်အခါဝယ် အလယ်တည့်တည့်မှ ယူ၍ မစားရဟူလို။ သို့သော် ကုန်ခါနီး၍ သိမ်းကျုံး စားရာ၌ကား အလယ်ကို ယူမိသော်လည်း အနာပတ္တိ။

**၁၀။ ပဋိစ္ဆာဒန**။ ။ဤသိက္ခာပုဒ်၌ သူပ အရ သောက်၍ စားကောင်းသော ဟင်းရည်မျိုးကို ယူသင့်၏။ "သူဓေန ပါတဗ္ဗတိ သူပံ"ဟု ထောမနိဓိ ဆိုသည်။ ကျမ်းစာတို့၌ကား ပဲဟင်းကိုသာ အဖွင့်များ၏။ ဗျဉ္ဇနကား သားငါး စသော ဟင်းလျာများတည်း။ ထို သူပဗျဉ္ဇနများကို (ဆွမ်းခံစဉ်) ဆွမ်းဖြင့် ဖုံးထားလျှင် "သည်ကိုယ်တော်မှာ ဟင်း မရရှာဘူး"ဟု ထင်၍ ဆွမ်းလောင်းသူတို့က နောက်ထပ် လောင်းချင်လိမ့်မည်။ ထိုသို့လောင်းချင်အောင် များများ အလိုရှိ၍ သူပဗျဉ္ဇနတို့ကို ဖုံးမထားရ၊ လောင်းသူတို့ ကိုယ်တိုင်က "မာဿာတ သမယ=သားငါး မသတ်ရ"ဟု ကြွေးကြော်ရာ အခါဖြစ်၍ လူ မမြင်အောင် ဖုံးလျက် လောင်းလိုက်လျှင် ခံယူသူမှာ အနာပတ္တိ။

**၁၁။ သူပေါဒနဝိညတ္တိ**။ ။"သူပံ"ဟု ဆိုသော်လည်း ဟင်းကို မှတ်၍ ဆိုသည်။ ပဏီတဘောဇနမှလွတ်သော စားဘွယ် အားလုံးကိုပင် ဤ သူပံ ဝါ ဩဒနံ ဝါ အရ၌ သွင်းရမည်။ ထိုစကား မှန်၏။ ပဏီတဘောဇန သိက္ခာပုဒ်၌ မစ္ဆ မံသ ခီရ ဒဓိတို့ကို တောင်းစားလျှင် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်အရ

ဒုက္ကဋ် ဟု အဋ္ဌကထာတို့ ဖွင့်ကြသည်။ ထို့ကြောင့် ဂိလာန မဟုတ်လျှင် ဉာတိ ပဝါရိတ မဟုတ်သော ဒကာ ဒကာမတို့အထံ၌ မည်သည့်အစာကိုမျှ(အယုတ် သဖြင့် သူတို့ပိုင်ပြီး ရေကိုမျှ)မတောင်းကောင်း၊ သံဃာ့အတွက် ဖိတ်ထားသူ့ အထံ ဖြစ်စေ၊ လုံးလုံး မဖိတ်သူ့ အထံ ဖြစ်စေ ဂိလာနမဟုတ်ဘဲ ဆေးပစ္စည်းကို တောင်းလျှင် မဟာနာမ သိက္ခာပုဒ်တော်အရ ပါစိတ်၊ ထောပတ်ဆွမ်း စသော ပဏီတဘောဇဉ်ကို တောင်းစားလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်။ ကြွင်းသောအစားကို တောင်း၍စားလျှင် ဤ သိက္ခာပုဒ်အရ ဒုက္ကဋ်။ [ဂိလာန ကား ဓာတ်စာနှင့် အမှန် သင့်မြတ်သော ဆေးများကို တောင်းကောင်း၏။]

**သူတပါးအတွက် တောင်းပေးမှု။** ။နိသဂ္ဂိယ၌ ပြခဲ့သော အညာတက ဝိညတ္တိသိက္ခာပုဒ်မှစ၍ တောင်းမှုနှင့် ဆိုင်သမျှဝယ် "အညဿ–အခြားသော ရဟန်း၏၊ အတ္ထာယ–အကျိုးငှာ၊ ဝိညာပေန္တဿ–တောင်းသော ရဟန်း၏၊ အနာပတ္တိ–သည်၊ ဟောတိ–ဖြစ်၏"ဟု လာ၏။ ဤ ပါဠိတော်သွားအတိုင်း တိုက်ရိုက်ယူလျှင် "အခြားရဟန်းအတွက် တောင်း၍ပေးမှု တောင်းပေးသော ရဟန်းမှာလည်း အနာပတ္တိ၊ သုံးဆောင်သော ရဟန်းမှာလည်း အနာပတ္တိ"ဟု ထင်ရ၏။ သို့သော် အညာတကဝိညတ္တိ သိက္ခာပုဒ် အဋ္ဌကထာရင်း၌....

"၁–အခြားရဟန်းအတွက် မိမိ၏ ဉာတိပဝါရိတအထံ တောင်းပေးခြင်း၊ ၂–အခြားရဟန်း၏ ဉာတိပဝါရိတ အထံ ထိုရဟန်းအတွက်ပင် တောင်းပေး ခြင်းကြောင့်သာ အနာပတ္တိ"ဟု ဖွင့်၏။ ဉာတိပဝါရိတ မဟုတ်သူ့ထံ တောင်း ပေးခြင်းကြောင့် အနာပတ္တိ ဟု မဖွင့်။ ထို့ကြောင့် ဉာတိပဝါရိတ မဟုတ်သူ ဒကာ ဒကာမတို့ အထံ၌ မိမိဘို့ တောင်းခြင်းသာ မအပ်သည် မဟုတ်သေး၊ သူတပါးအတွက် တောင်းပေးခြင်း၊ ဆွမ်းဖိတ်ပေးခြင်း၊ ပစ္စည်း ၄ ပါး အဖိတ် ခိုင်းခြင်း၊ ရဟန်းခံ ရှင်ပြုကိစ္စ စသည်တို့၌ ရဟန်းဒကာ ရှင့်ဒကာ လုပ်ရန် တိုက်တွန်းခြင်းများသည် တိုက်တွန်းသူမှာလည်း မအပ်၊ တိုက်တွန်း၍ ရရှိသော ပစ္စည်း အဆက်ဆက်လည်း မအပ် စင်စစ်သာ။

**ဝိမတိ။** ။ပဉ္စသဟဓမ္မိကာနံ အတ္ထာယ အညာတက အပ္ပဝါရိတဋ္ဌာနေ ဝိညာပေန္တော ဝိညတ္တိက္ခဏေ အဋ္ဌကထာသု သုတ္တာနုလောမ တော ဝုတ္တ အကတဝိညတ္တိဒုက္ကဋတော န မုစ္စတိ၊ သဒ္ဓိဉ္စ ဘုဉ္ဇ နက္ခဏေ သယံစ အညေစ မိစ္ဆာဇီဝတော န မုစ္စန္တိ။

**[ဆောင်]** အပ္ပဝါရိ၊ အညာတိကို၊ မိမိတွက်တောင်း၊ သူ့တွက်တောင်း တည့်၊ သောင်းပြောင်း ဟင်း ဆွမ်း၊ ဖိတ်မန်ခန်းနှင့်၊ ရဟန်းဒကာ၊ ရှင့် ဒကာဟု၊ လုပ်စေမှုစပ်၊ အရပ်ရပ်၊ မအပ် ဆက်ဆက်တည်း။

၁၂။ ဥစ္စာနသဒ္ဒိ　ဥစ္စာနသညီ ကဲ့ရဲ့ခြင်း၌ သညာရှိသည် (ဟုတ္တာ) ပရေသံ-သူတပါးတို့၏၊ ပတ္တံ-ကို၊ န ဩလောကေယာမိ-မကြည့်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၃။ အတိမဟန္တ　အတိမဟန္တံ - ဒေါင်းဥအလား အလွန် ကြီးမားသော၊ ကဗဠံ- ဆွမ်းလုတ်ကို၊ န ကရိဿာမိ - မပြုအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၄။ ပရိမဏ္ဍလ အာလောပ　ပရိမဏ္ဍလံ - ထက်ဝန်းကျင် ဝန်းဝိုင်းသော၊ အာလောပံ - ဆွမ်းလုတ်ကို၊ ကရိဿာမိ - ပြုအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

[စတုတ္ထာ - လေး ဝဂ်မြောက်သော၊ သက္ကစ္စဝဂ္ဂေါ- သက္ကစ္စဝဂ်တည်း]

×　×　×　×　×

**၁၂။ ဥစ္စာနသညီ**။　။သူတပါး သပိတ်ထဲ၌ ဆွမ်းဟင်း နည်းပါးလျှင် လှောင်ပြောင်လို၍၎င်း၊ များလျှင်လည်း "ဒကာ ဒကာမကို မည်ကဲ့သို့ ဆက်ဆံတာကိုး၊ ရမှာပေါ့" စသည်ဖြင့် ရှုတ်ချလို၍၎င်း၊ သူတပါး သပိတ်ကို မကြည့်ရ။ နည်းနေလျှင် လှူမည်၊ များနေလျှင် လှူစေမည် (အလှူခံမည်) စသည်ဖြင့် ရိုးသားသောစိတ်ဖြင့်ကား ကြည့်ကောင်း၏။

**၁၃။ အတိမဟန္တ**။　။ဒေါင်းဥသည် အလွန် ကြီး၏။ ကြက်ဥကား ငယ်လွန်း၏။ ထို ဒေါင်းဥနှင့် ကြက်ဥအကြားလောက်ရှိသော ဆွမ်းလုတ်ကို ပြုရမည်။ ဆွမ်းလုတ်ကို ကြီးစွာလုပ်၍ ပါးစပ် ပြည့်မောက်နေအောင် မစားရ၊ ဒေါင်းဥလောက်ကြီးလျှင် အာပတ်ဟု ဆိုလိုသည်။ ကြက်အုလောက် အငယ်ကိုကား မလျော့က်ပတ်၍သာ အဋ္ဌကထာ ပြသည်။ အာပတ်ကား မသင့်ဟု ဝိမတိ ဆိုသည်။ မုန့် ခဲဘွယ်များနှင့် သစ်သီးများကိုကား ကြီးနေသော်လည်း အနာပတ္တိ။

**၁၄။ ပရိမဏ္ဍလ အာလောပ**။　။"ထက်ဝန်းကျင် ဝန်းဝိုင်း" ဆိုသော်လည်း ကွန်ပါဖြင့် ရစ်ဝိုင်းထားသလို ဖြစ်အောင် ဝိုင်းစေရမည်ဟု မဆိုလို။ "အဒီဃံ – ရှည်လျားလျား မဖြစ်အောင်" ဟု အဋ္ဌကထာ ဖွင့်သောကြောင့် ရှည်လျားလျား မဖြစ်စေဘဲ အထိုက်အလျောက် ဝိုင်းအောင် သတိထား၍ ဆွမ်းလုတ်ကို ပြုပြင် စားရမည်ဟု ဆိုလိုသည်။ ဤ၌လည်း ခဲဘွယ် သစ်သီးနှင့် လက်သုပ်များ၌ မဝိုင်းစေနိုင်သော်လည်း အနာပတ္တိ။

## ကဗဠဝဂ်

၁၅။ **အနာဟဋ** ကဗဠေ – ဆွမ်းလုတ်ကို၊ အနာဟဋေ – ခံတွင်းဝသို့ မဆောင်ယူအပ်သေးမီ၊ မုခဒွါရံ- ခံတွင်း အဝကို၊ န ဝိဝရိဿာမိ- မဖွင့်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၆။ **ဘုဉ္ဇမာန** ဘုဉ္ဇမာနော - ဆွမ်းစားစဉ်၊ သဗ္ဗံ ဟတ္ထံ — အလုံးစုံသော လက်ချောင်းကို၊ မုခေ - ခံတွင်း၌၊ န ပက္ခိပိဿာမိ- မထည့်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၇။ **သ ကဗဠ** သ ကဗဠေန- ဆွမ်းလုတ်နှင့်တကွ ဖြစ်သော၊ မုခေန- ခံတွင်းဖြင့်၊ န ဗျာဟရိဿာမိ-စကားမပြောအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × × ×

**၁၅။ အနာဟဋ။** ။ဆွမ်းစားသည့်အခါ ပါးစပ်ပေါက်သို့ ဆွမ်းလုတ်မရောက်မီ ပါးစပ်ကို ဖွင့်ထားနှင့်ခြင်းကား မယဉ်ကျေးသော အမူအရာတမျိုးဖြစ်၏။ ထို့ကြောင့် ခံတွင်းအဝ (ပါးစပ်ပေါက်) သို့ ဆွမ်းလုတ်ကို မတွေ့မီခင် ခံတွင်းကို ဟ၍ မထားနှင့်ရ၊ ဤ အမူအရာမျိုးကို ဂိလာနလည်း မပြုရ။

**၁၆။ ဘုဉ္ဇမာန။** ။ထမင်းမစားတတ်သေးသောကလေးတို့သည် ထမင်းလုတ်ကို ပါးစပ်သို့ သွင်းသည့်အခါ လက်ချောင်းများပါ သွင်းလိုက်သကဲ့သို့ ထို့အတူ ဆွမ်းစားစဉ် လက်ချောင်းများကိုပါ ခံတွင်းသို့ မသွင်းမိစေရ။

**မှတ်ချက်။** ။ဟတ္ထ သဒ္ဒါသည် လက်ကောက်ဝတ်မှ စ၍ လက်ချောင်းအဖျားတိုင်အောင် ဟောသော်လည်း ဤ၌ လက်ချောင်းသက်သက်ကိုသာ ဧကဒေသျူပစာရအားဖြင့် ဟောသည်။ သဗ္ဗံဟု ဆိုသောကြောင့် "လက်ချောင်းအားလုံးကို (တချောင်းတလေမျှ) မသွင်းရ" ဟု ဋီကာတို့ ဖွင့်ကြ၏။ တချို့စားနည်း၌ လက်မ အဖျားလောက် အနည်းငယ် ဝင်သွားတတ်၏။ သို့သော် အနာဒရိယစိတ် မရှိလျှင် အနာပတ္တိပင်။

**၁၇။ သ ကဗဠ။** ။ပါးစပ်ထဲ၌ ဆွမ်းလုတ်ရှိနေလျှင် စကားမပြောရ။ "ဆွမ်းလုတ်" ဟူရာ၌ စကားလုံး မပီလောက်အောင် ပြည့်နေသော ဆွမ်းလုတ်ကို ဆိုလိုသည်။ တရားဟောစဉ် ရှစ်ရှားသီးကို ပါးစပ်ထဲ၌ ငုံ၍ ဟောကောင်းသကဲ့သို့ ဆွမ်းလုတ်က အနည်းငယ်သာရှိသဖြင့် စကားလုံး ပီသအောင် ပြောနိုင်လျှင်ကား အနာပတ္တိ။

၁၈။ ပိဏ္ဍုက္ခေပက — ပိဏ္ဍုက္ခေပကံ-ဆွမ်းလုတ်ကို မြှောက်၍မြှောက်၍၊ န ဘုဉ္ဇိဿာမိ-မစားအံ့၊ ဣတိ - ဤသို့၊ သိက္ခာ- ကို၊ ကရဏီယာ — ပြုထိုက်၏။

၁၉။ ကဗဠာဝစ္ဆေဒက — ကဗဠာဝစ္ဆေဒကံ-ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍၊ န ဘုဉ္ဇိဿာမိ-အံ့၊ ဣတိ-ဤသို့၊ သိက္ခာ - ကို၊ ကရဏီယာ – ပြုထိုက်၏။

၂၀။ အဝဂဏ္ဍကာရက — အဝ ဂဏ္ဍကာရကံ - မျောက်ကဲ့သို့ ပါးစောင် ကို မို့မောက်အောင်ပြု၍၊ န ဘုဉ္ဇိဿာမိ - အံ့၊ ဣတိ – သို့၊ သိက္ခာ – ကို၊ ကရဏီယာ – ပြုထိုက်၏။

× × × × ×

**၁၈။ ပိဏ္ဍုက္ခေပက။** ။[ပိဏ္ဍ=ထမင်းခဲ (ဆွမ်းလုတ်ပါယူ) + ဥက္ခေပ က=ပစ်မြှောက်သည်။ နိဂ္ဂဟိတ်ကြောင့် ကြိယာဝိသေသန ဟု မှတ်ပါ။ ] ဆွမ်းလုတ်ဖြစ်စေ၊ ဆွမ်းခဲတခုကို ဖြစ်စေ ပါးစပ်၌ ကပ်၍ သွင်းရမည်။ ပါးစပ် ထဲ၌ မြှောက်ပစ်၍ မသွင်းရ။ မုန့် ခဲဘွယ်များနှင့် သစ်သီးများကိုကား ပစ်၍ သွင်းသော်လည်း အနာပတ္တိ ဟူ၏။ သို့သော် ပါးစပ်၌ ကပ်၍ သွင်းခြင်းသာ ယဉ်ကျေးသည်။

**၁၉။ ကဗဠာဝစ္ဆေဒက။** ။[အဝစ္ဆေဒက–ကိုက်ဖြတ်သည်။ ] ဆွမ်း လုတ်ကို ဆုပ်ပြီးလျှင် သွားဖြင့် ကိုက်ဖြတ်၍ မစားရ ဟူလို။ ဆွမ်းလုတ်ပြုပြီးလျှင် ထို ဆွမ်းလုတ်က များနေ၍ လက်ဖြင့် တော်သင့်ရုံပိုင်းပြီးမှ သွင်းမှု အပြစ်မရှိသင့်၊ မုန့် ပဲ စသော ခဲဘွယ်နှင့် လက်သုပ်များကိုကား ကိုက်ဖြတ် စားကောင်းသည်ဟု ဆို၏။ ထို့ကြောင့် ပြောင်းဖူးကို ကိုက်၍စားခြင်း၊ ငှက်ပျောသီးကို ကိုက်၍ စားခြင်း စသည်၌ အနာပတ္တိ။

**၂၀။ အဝဂဏ္ဍကာရက။** ။ [ဂဏ္ဍ သဒ္ဒါသည် ပါးကိုဟောရင်း ဖြစ် သော်လည်း "အဝ" သဒ္ဒါက "ဟီန=ယုတ်ညံ့"ဟူသော အနက်ဟော ဖြစ်ရ ကား ပါးစောင်ကို ရိုးရိုးမနေစေဘဲ အမြင်မကောင်းအောင် မို့မောက်နေပုံကို ယူ။] မျောက်သတ္တဝါများ စားသည့်အခါ ပါးဖောင်းလာအောင် စားသကဲ့သို့ ဆွမ်းကို ပါးဖောင်းနေအောင်မစားရ ဟူလို။ ရှစ်ရှားသီးစသည်ကို ပါးတဘက်၌ ငုံထားလျှင် ဖောင်းနေသကဲ့သို့ သစ်သီး ဟူသမျှကို စားရာ၌ ဖောင်းနေစေသော် လည်း အနာပတ္တိ။

၂၁။ ဟတ္ထနိဒ္ဓုနက — ဟတ္ထနိဒ္ဓုနကံ - လက်ကို ခါ၍ ခါ၍၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၂၂။ သိတ္ထာဝကာရက — သိတ္ထာဝကာရကံ - ဆွမ်းလုံးများကို ဖြန့်ကြဲ၍ ဖြန့်ကြဲ၍၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၂၃။ ဇိဝှါနိစ္ဆာရက — ဇိဝှါနိစ္ဆာရကံ - လျှာကို ထုတ်၍ ထုတ်၍၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၂၄။ စပုစပု ကာရက — စပုစပု ကာရကံ - စပု စပုဟု အသံပြု၍၊ ဝါ - စပ်စပ်, ပျတ်ပျတ်မြည်အောင်၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

[ပဉ္စမော - ငါးဝဂ်မြောက်သော၊ ကဗဠဝဂ္ဂေါ-ကဗဠဝဂ်တည်း။]

× × × × ×

၂၁။ **ဟတ္ထနိဒ္ဓုနက**။ ။တချို့ ထမင်းစားရာ၌ လက်ကို မကြာခဏခါ၏။ ထိုကဲ့သို့ လက်ကိုခါ၍ ဆွမ်းမစားရ၊ ဆွမ်းထဲ၌ ကျောက်ခဲ အမှိုက် ပါလာ၍ ထိုအမှိုက်များကို စွန့်ပစ်သောအခါမျိုး၌ကား ခါကောင်းသည်။

၂၂။ **သိတ္ထာဝကာရက**။ ။[သိတ္ထ=ဆွမ်းလုံး + အဝကာရက=မသင့်မတော် ပြုသည်။] ဖရိုဖရဲ ကြဲနေအောင် ဆွမ်းလုံးများကို ဟိုပစ်လိုက်၊ သည်ပစ်လိုက် လုပ်ခြင်းကို "အဝကာရက"ဟု ဆိုသည်။ ဆွမ်းလုံးများကို မဖိတ်မစဉ်အောင် ကောင်းစွာ သိမ်းသိမ်းဆည်းဆည်း စားရမည် ဟူလို။ အရိုးအမှိုက်များကို စွန့်ပစ်ရင်း ဆွမ်းလုံးပါသွားရာ၌ကား အနာပတ္တိ။

၂၃။ **ဇိဝှါနိစ္ဆာရက**။ ။တချို့ စားကြရာ၌ ထမင်းလုတ်ကို လျှာထုတ်၍ ကော်ယူတတ်၏။ ထိုသို့ လျှာထုတ်၍ ဆွမ်းလုတ်ကိုဋ်း၊ ဟင်းကိုဋ်း၊ ကော်မယူရ။

၂၄။ **စပုစပု ကာရက**။ ။"စပု စပု"သဒ္ဒါကား ပါးစပ်မှ မြည်သံကို အတုလိုက်၍ ပြုထားသော "အနုကရဏ"သဒ္ဒါတည်း။ အသံကြားရာ၌ လူတမျိုးနှင့်တမျိုး ကြားပုံချင်း မတူကြ။ ထမင်းစားသည့်အခါ တချို့ မြည်တတ်သော အသံကို မြန်မာတို့က "ပျတ်=ပျတ်"ဟု ကြား၏။ တချို့ကား "စပ်=စပ်"ဟု ကြား၏။ ပါဠိသုံးမှာမူ "စပု=စပု"ဟု ကြားဟန်တူသည်။ ထိုကဲ့သို့ အသံမထွက်အောင် ဆွမ်းစားရမည် ဟူလို။

# သုရုသုရုဝဂ်

၅၅။ သုရုသုရု ကာရက သိက္ခာ ကရဏီယာ။ — သုရုသုရု ကာရကံ – သုရုသုရု ဟု အသံပြု၍၊ ဝါ – ရှပ်ရှပ်မြည်အောင်၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၅၆။ ဟတ္ထ နိလ္လေဟက — ဟတ္ထနိလ္လေဟကံ- လက်ကို လျက်၍ လျက်၍၊ န ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

၅၇။ ပတ္တနိလ္လေဟက — ပတ္တနိလ္လေဟကံ–သပိတ်ကို ခြစ်၍ ခြစ်၍၊ပေ၊ ကရဏီယာ။

၅၈။ ဩဋ္ဌနိလ္လေဟက — ဩဋ္ဌနိလ္လေဟကံ-နှုတ်ခမ်းကို လျက်၍လျက်၍၊ ပေ၊ ကရဏီယာ။

× × × ×

**၅၅။ သုရုသုရု ကာရက။** ။ဤ "သုရုသုရု" သဒ္ဒါလည်း "အနုကရဏ= အသံကို အတုလိုက်၍ ပြုထားသော" သဒ္ဒါပင်တည်း။ ပါဠိက "သုရု = ရုသု" မြန်မာက "ရှုရု=ရှုရု" အသံကြားသည်။ ထိုအသံမျိုး မဖြစ်အောင် ဆွမ်းကိုလည်း စား၊ ဟင်း နွားနို့ စသည်ကိုလည်း သောက်ရမည်။

**၅၆။ ဟတ္ထနိလ္လေဟက။** ။တချို့လူများ ထမင်းစားရာ၌ လက်ချောင်းကို လျှာဖြင့် လျက်၏။ ပါးစပ်ဖြင့် စုပ်၏။ လက်ဝါးပြင်ကိုပင် လျက်တတ်သေး၏။ ထိုအားလုံးကို မလုပ်ကောင်း။ သို့သော် လက်ချောင်းဖြင့် ကော်၍ စားရမသော ယာဂုပျစ်၊ နို့ဃနာ၊ တင်လဲ၊ ပျားရည် စသည်ကိုကား လက်ချောင်းကို ပါးစပ်တွင်း သွင်း၍ စုပ်ယူမှုကြောင့် သဗ္ဗ ဟတ္ထံ မုခေ ပက္ခိပန သိက္ခာပုဒ်အရ အနာပတ္တိ။

**၅၇-၅၈။ ပတ္တနိလ္လေဟက၊ ဩဋ္ဌနိလ္လေဟက။** ။ဆွမ်းစားသည့်အခါ ကုန်လုနီးသော် သပိတ်ကို လက်ချောင်း တချောင်းနှင့်မျှ ခြစ်ချုပ်၍ မစားရ။ ထုံးစံအတိုင်း သိမ်းရုံး၍သာ စားကောင်းသည်။ နှုတ်ခမ်းကိုလည်း လျှာဖြင့် (အကပ် အသတ်ကလေးများ ကုန်အောင်) မလျက်ရ။ အကပ် အသတ်များကို နှုတ်ခမ်းချင်းဖြင့်သာ သိမ်းယူ၍ ခံတွင်းရောက်အောင် သွင်းယူရမည်။ ["လျက်" ဟူရာ၌ နှုတ်ခမ်းပြင်ဘက်သို့ လျှာထွက်လာသော လျက်ခြင်းကို တားမြစ်တော်မူလိုမည် ထင်သည်။ လျှာမပေါ်အောင် အတွင်းက နှုတ်ခမ်းကို လျက်ရာ၌ အပြစ်မရှိတန်ရာ။]

**၂၉။ ပါနီယတ္ထာလက** သာမိသေန- ဆွမ်းစသော အာမိသနှင့်တကွ ဖြစ်သော၊ ဟတ္ထေန - လက်ဖြင့်၊ ပါနီယတ္ထာလကံ - သောက်ရေခွက်ကို၊ န ပဋိဂ္ဂဟေဿာမိ - မကိုင်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

**၃၀။ သသိတ္ထက** သသိတ္ထကံ - ဆွမ်းလုံးနှင့် တကွဖြစ်သော၊ ပတ္တဓောဝနံ - သပိတ်ဆေးရေကို၊ အန္တရဃရေ- ရွာတွင်း၌၊ န ဆဍ္ဍေဿာမိ- မစွန့်အံ့၊ ဣတိ = ဤသို့၊ သိက္ခာ- ကို၊ ကရဏီယာ- ပြုထိုက်၏။

**၁။ ဆတ္တပါဏိ** ဆတ္တပါဏိဿ - လက်၌ ထီးရှိသော၊ အဂိလာနဿ- ဂိလာန မဟုတ်သူအား၊ ဓမ္မံ- ပါဠိ အဋ္ဌကထာ ဓမ္မကို၊ န ဒေသေဿာမိ- မဟောအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × ×

**၂၉။ ပါနီယတ္ထာလက။** ။[ပါနီယ= သောက်ရေ+ ထာလက= ခွက်ငယ်။] သံဃာ့ဥစ္စာ ကိုယ့်ဥစ္စာ လူ့ဥစ္စာ အားလုံးကိုပင် သောက်ရေခွက်မှန်က ဆွမ်းစားပြီး၍ လက်၌ ဆွမ်းဟင်း၊ သရည်စာ အာမိသ ပေနေလျှင် ထိုလက်ဖြင့် မကိုင်ရ။ သို့သော် အာမိသ မပေသော လက်ချောင်းဖြင့်ကား ကိုင်ကောင်း၏။ ''ရေခွက်ကို အာမိသ ရှိသောလက်ဖြင့် ကိုင်ပြီးလျှင် ဆေးမည်''ဟု နှလုံးသွင်း၍ ကိုင်မှု အနာပတ္တိ။

**၃၀။ သသိတ္ထက။** ။ဆွမ်းလုံးပါသော သပိတ်ဆေးရေကို မြို့ရွာတွင်း၌ မသွန်ရ။ ဆွမ်းကို တနေရာမှာ စုပုံပြီးမှ ရေချည်းသက်သက် ဖြစ်စေ၊ ဆွမ်းလုံးများကို အားလုံး မထင်ရှားအောင် ချေပြီးမှ ရေနှင့်တကွ ဖြစ်စေ သွန်ကောင်း၏။ လက်ဆေးရုံ စသည်၌ကား ဆွမ်းလုံးရော ရေပါ မြို့ရွာတွင်း ဖြစ်စေကာမူ သွန်ကောင်း၏။ မြို့ရွာ၏ အပြင်ဘက်ရောက်မှ သွန်ရာ၌ကား ဆိုဘွယ်ပင်မရှိ။

**''သက္ကစ္စဘုဉ္ဇနပဋိသံယုတ္တ'' သိက္ခာပုဒ်များ ပြီး၏။**

**၁။ ဆတ္တပါဏိ။** ။လက်၌ ထီးကိုင်လျက် ရှိသူအား (ဂိလာန မဟုတ်လျှင်) တရား မဟောရ။ တရားဟောလိုလျှင် ထီးကို လက်မှ လွှတ်စေပြီးမှသာ ဟောရမည်။ [ကိုယ်အင်္ဂါ တစုံတခုနှင့် ထိနေစေကာမူ လက်ဖြင့် မထိလျှင် ဆတ္တပါဏိ မဟုတ်၊ နောက်နောက် ဒဏ္ဍပါဏိ စသည်၌လည်း ဤနည်းပင်။]

၂။ ဒဏ္ဍပါဏိ — ဒဏ္ဍပါဏိဿ - လက်၌ ၄ တောင်ပြည့် ဒုတ်ရှိသော၊ အဂိလာနဿ - အား၊ ဓမ္မံ - ကို၊ န ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။

၃။ သတ္ထပါဏိ — သတ္ထပါဏိဿ-လက်၌ ဓားစသော လက်နက်ရှိသော၊ အဂိလာနဿ - အား၊ ဓမ္မံ - ကို၊ န ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။

၄။ အာဝုဓပါဏိ — အာဝုဓပါဏိဿ-လက်၌ လေးရှိသော၊ ပေ၊ သိက္ခာ ကရဏီယာ။

ဆဋ္ဌော-ခြောက်ဝဂ်မြောက်သော၊ သုရုသုရုဝဂ္ဂေါ-တည်း။

## ပါဒုကဝဂ်

၅။ ပါဒုကာရုဠှ — ပါဒုကာရုဠှဿ - ခြေနင်းစီးသော၊ အဂိလာနဿ - အား၊ ဓမ္မံ န ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။

၆။ ဥပါဟနာရုဠှ — ဥပါဟနာရုဠှဿ - ဖိနပ်စီးသော၊ ပေ၊ သိက္ခာ ကရဏီယာ။

× × × × ×

၂-၃-၄။ ။"ဒဏ္ဍ"အရ ၄ တောင်ရှိ ဒုတ်ကိုသာ ယူရမည်။ ထို့အောက် တိုသော ဒုတ်၊ ထို့ထက်ရှည်သော ဒုတ်ကို မယူရ။ "သတ္ထ"အရ ဓား သန်လျက် လှံ စသော လက်နက်တွင် ပါဝင်သမျှကို ယူ။ "အာဝုဓ"အရ ညှို့တင်ပြီးဖြစ်စေ၊ မတင်သေးဖြစ်စေ၊ လေးဆိုင်ရာ အားလုံး (လေးကိုင်း၊ လေးကြိုး၊ မြားတို့ပါ) ယူရမည်။ [ဓား စသည်ကို လက်ဖြင့် မကိုင်ဘဲ ပခုံးဖြင့် လွယ်ထားလျှင် သတ္ထပါဏိ စသူ မဟုတ်။]

၅-၆။ ။ပါဒုကနှင့် ဥပါဟနကို သဏ္ဍာတအဘိဓာန်၌ အနက်တူ ဖွင့်ထား၏။ မင်းမြောက်တန်ဆာ ၅ ပါးကို ပြရာ၌လည်း အဘိဓာန်၌ "ပါဒုကာ"ဟု လာ၍ သံကိစ္စဇာတ်၌ "ဥပါဟန"ဟု လာ၏။ ထို့ကြောင့် အခြားကျမ်းဂန်တို့အလို ဥပါဟနနှင့် ပါဒုကာသည် အနက်တူ ဟုပင် မှတ်သင့်၏။ ဤ သေခိယ၌ကား သိက္ခာပုဒ် ၂ ပါး ရှိသောကြောင့် ဟိန္ဒူများ စီးလေ့ရှိသော သဲကြိုးမပါ၊အဖျား၌ ကြေးဗုတပ်၍ ထိုကြေးဗုကို ခြေမ ခြေညှိုးဖြင့်ညှပ်လျက် စီးရသော ဖိနပ်ကို "ပါဒုကာ"ဟု ခေါ်၍ အခြား သဲကြိုးတပ် အမျိုးမျိုးနှင့် ယခုခေတ် ရှူးဖိနပ်(ခြေနင်း)များကို "ဥပါဟန"ခေါ်သည်ဟု မှတ်ပါ။

၇။ ယာနဂတ — ယာနဂတဿ-ယာဉ်ပေါ်၌ တက်ရောက်နေသော၊ ပေ၊ ကရဏီယာ။

၈။ သယနဂတ — သယနဂတဿ - အိပ်ရာ၌ ရောက်နေသော၊ အဂိလာနဿ - အနာ၊ ပေ၊ သိက္ခာ ကရဏီယာ။

× × × × ×

**၇။ ယာနဂတ။** ။[ယာန-ယာဉ်ပေါ်၌+ ဂတ - ရောက်နေသူ(စီးနေသူ)။] "ယာဉ်"ဟူရာ၌ ယခုကာလ လှည်း၊ လန်ချား၊ ရထား၊ ကားအမျိုးမျိုး အပြင် အဝတ်ထမ်းစင်များနှင့် လူ၂ယောက် လက်ချင်းယှက်၍ ချီ မ ယူအပ်သော လက်ယှက်များကိုပါ ယူရမည်တဲ့။ ထိုယာဉ်ပေါ်နေသူကို ယာဉ်အောက်နေသူက တရား မဟောရ။အကြောင်းအားလျော်စွာ တရားဟောသူပါ ယာဉ်တခုပေါ်၌ အတူနေလျှင် ဟောကောင်း၏။ သို့သော် ဟောသူမှာ နောက်ကလည်း မနေရ၊ နိမ့်ရာ၌လည်း မနေရ။ ယာဉ် ၂ စီးပေါ်၌ အသီးအသီး ရောက်နေမှုကား ဟောသူ၏ ယာဉ်က နောက်လည်း မကျစေရ၊ နိမ့်လည်း မနိမ့်စေရ။

**၈။ သယနဂတ။** ။အိပ်ရာ ဟူရာ၌ အိပ်ဘို့ပြင်ထားသော နေရာကိုသာ ဆိုလိုသည် မဟုတ်။ မြေကြီးပေါ်၌ဖြစ်စေ လျောင်းနေလျှင် ထို မြေကြီးသည် "အိပ်ရာ" ပင်တည်း။ မိန့်တော်မူလိုရင်းမှာ - "လျောင်းအိပ်နေသူကို ဓမ္မကထိက လုပ်သူက တရားဟောပလ္လင် အင်းပျဉ်ညောင်စောင်းမှာ နေလျက်ပင် ဖြစ်စေ၊ ရပ်၍ ထိုင်၍ဖြစ်စေ မဟောရ"ဟူလို။ လျောင်းနေချင်းတူလျှင်(ဟောသူ နေရာက မနိမ့်မူ) ဟောကောင်း၏။ လျောင်းနေသော ဓမ္မကထိကက ထိုင်သူ ရပ်သူ ၂ မျိုးလုံးအားလည်း ဟောကောင်း၏။ ထိုင်နေသော ဓမ္မကထိကသည် ထိုင်သူ ရပ်သူ ၂ မျိုးလုံးကို ဟောကောင်း၏။ "ရပ်နေသော ဓမ္မကထိကကား ရပ်နေချင်းတူသူကိုသာ ဟောကောင်းသည်"ဟု နောက်၌"နဋ္ဌိတော နိသန္နဿ" စသည်ဖြင့် မိန့်တော်မူဦးလတံ့။

**အချုပ်မှာ**-ဣရိယာပုထ် ၄ ပါးတွင် ရပ်ခြင်းဣရိယာပုထ်သည် လေးစားရာ အရောက်ဆုံး၊ ထို့နောက် ထိုင်ခြင်းသည် လေးစားရာရောက်၏။ ထို့ကြောင့် လေးစားသောဣရိယာပုထ်ဖြင့် တရားနာသူ၊ ညီမျှသောဣရိယာပုထ်ဖြင့် တရားနာသူကိုသာ ဟောရမည် ဟူလို။ ထို့ကြောင့် ယခုကာလ မတ်တတ်ရပ်၍ ရဟန်းသာမဏေကိုယ်တိုင် သြဘာစာ ဖတ်ကြားရာ၌ ပါဠိအဋ္ဌကထာ ပါဝင် နေသော် လာလတံ့ဖြစ်သော "န ဋ္ဌိတော နိသိန္နဿ" သိက္ခာပုဒ်အရ အပြစ် မဖြစ်အောင် ဒကာ တယောက်ယောက်ကို မတ်မတ် ရပ်စေပြီးလျှင် ဖတ်သူ ကလည်း ထို ဒကာကို ဖတ်ပြသည်ဟု သဘောထားရန် စီမံလေ့ရှိကြသည်။

၉။ ပလ္လတ္ထိကနိသိန္န — ပလ္လတ္ထိကာယ - လက်, အဝတ်တို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့ခြင်းဖြင့်၊ နိသိန္နဿ - သော၊ ပေ၊ ကရဏီယာ။

၁၀။ ဝေဌိတသိသ — ဝေဌိတသီသဿ - ရစ်ပတ်အပ်သော ဦးခေါင်းရှိသော၊ အဂိလာနဿ ပေ၊သိက္ခာ ကရဏီယာ။

၁၁။ ဩဂုဏ္ဌိတသိသ — ဩဂုဏ္ဌိတသီသဿ - ခြုံအပ်သော ဦးခေါင်းရှိသော၊ အဂိလာနဿ၊ပေ၊သိက္ခာ ကရဏီယာ။

၁၂။ ဆမာ — ဆမာယံ-မြေ၌၊ နိသီဒိတွာ-ထိုင်၍၊ အာသနေ-နေရာ၌၊ နိသိန္နဿ အဂိလာနဿ ဓမ္မံ န ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၁၃။ နိစ — နီစေ - နိမ့်သော၊ အာသနေ- နေရာ၌၊ နိသီဒိတွာ-ထိုင်၍ ဥစ္စေ - မြင့်သော၊ အာသနေ - နေရာ၌၊ နိသိန္နဿ၊ ပေ၊ ကရဏီယာ။

× × × × ×

၉။ ပလ္လတ္ထိကန်၏ အနက်ကို ဓမ္မကတဝဂ်၌ ပြခဲ့ပြီ။ ထိုကဲ့သို့ ထိုင်နေသူအား တရားမဟောကောင်း။

**၁၀။ ဝေဌိတသိသ။** ။"ဝေဌိတ" အရ "ရစ်ပတ်"ဟူရာ၌ ခေါင်းပေါင်းပေါင်းသော ရစ်ပတ်ခြင်း၊ ဦးထုပ်ဆောင်းသော၊ မကိုဋ်ဆောင်းသော ရစ်ပတ်ခြင်း၊ ပန်ချာပီခေါင်းပေါင်း ရစ်ပတ်ခြင်းအားလုံးကိုယူ။ ထိုသို့ ရစ်ပတ်ထားရာ၌ ဆံစ မပေါ်သူကိုသာ တရား မဟောကောင်း။ မြန်မာတို့ ခေါင်းပေါင်းပုံမှာ များသောအားဖြင့် ဆံစ ပေါ်နေသောကြောင့် တရားဟောကောင်းပါ၏။ ဆံစ မပေါ်လျှင် ဆံစကို ဖော်ပြီးမှ တရားဟောရမည်။

၁၁။ ဩဂုဏ္ဌိတအနက်ကို ဖွင့်ပြခဲ့ပြီ။ ပသိမိန်းမများ ခေါင်းမြီးခြုံသလို ခြုံထားလျှင် ထို ခေါင်းမြီးခြုံကို ဖွင့်စေပြီးမှ တရားဟောရမည်။

**၁၂။ ဆမာ။** ။မြေကြီးပေါ်၌ ထိုင်နေသော ဓမ္မကထိကသည် မြက်အခင်းဖြစ်စေ၊ အဝတ်ဖြစ်စေ ခင်းထိုင်နေသူအား တရားမဟောကောင်း။

**၁၃။ နိစ။** ။မြေပြင်ချင်း တူသော်လည်း နိမ့်သောမြေပေါ်၌ ထိုင်လျက် မြင့်မောက်သော မြေပေါ်ဝယ် ထိုင်နေသူအား တရားမဟောကောင်း။

၁၄။ ဌိတ — ဌိတော – ရပ်လျက်၊ နိသိန္နဿ – ထိုင်နေသော၊ အ ဂိလာနဿ၊ ပေ၊ သိက္ခာ ကရဏီယာ။

၁၅။ ပစ္ဆတော ဂစ္ဆန္တ — ပစ္ဆတော – နောက်မှ၊ ဂစ္ဆန္တေန – သွားစဉ်၊ ပုရတော – ရှေ့မှ၊ ဂစ္ဆန္တဿ – သွားသော၊ အဂိလာနဿ၊ ပေ၊ ကရဏီယာ။

၁၆။ ဥပ္ပထေန ဂစ္ဆန္တ — ဥပ္ပထေန – လမ်းမဟုတ်သော ခရီးဖြင့်၊ ဂစ္ဆန္တေန – သွားစဉ်၊ ပထေန – လမ်းဖြင့်၊ ဂစ္ဆန္တဿ၊ ပေ၊ ကရဏီယာ။

၁၇။ ဌိတော ဥစ္စာရ — ဌိတော – ရပ်လျက်၊ အဂိလာနော – ဂိလာနမဟုတ်ဘဲ၊ ဥစ္စာရံ ဝါ-ကျင်ကြီးကိုရင်း၊ ပဿာဝံ ဝါ – ကျင်ငယ်ကိုရင်း၊ န ကရိဿာမိ – မပြုအံ့၊ ပေ၊ ကရဏီယာ။

× × × × ×

**၁၄။ ဌိတ။** ။မတ်မတ်ရပ်နေသူက ထိုင်နေသူအား တရား မဟောကောင်း။ ဆရာထေရ်ကြီးသည် ထိုင်လျက် မိမိ အနီးအပါး၌ ရပ်နေသူ ရဟန်းသာမဏေအား ပါဠိအဋ္ဌကထာ ဆိုင်ရာ ပြဿနာကို မသိ၍ မေးလျှင် ရဟန်းသာမဏေက မဖြေကောင်း၊ ဆရာကို "ရပ်၍မေးပါ"ဟု လျှောက်ရန်လည်း မသင့်၊ ထိုသို့ အခက်အခဲ ကြုံနေသည့်အခါ မိမိ အနီးအပါး၌ (ရပ်နေသူ)ကို ဖြေမည်ဟု နှလုံးသွင်း၍ ဖြေရမည်ဟု အဋ္ဌကထာ မိန့်၏။ [ဆရာက တပည့်ဉာဏ်ကို စမ်းလို၍ ထိုင်လျက် မေးရာ၌ကား ရပ်နေသော တပည့်ကလည်း "သည်သို့ မဟုတ်ပါလား"ဟု ပြန်မေးသည့်အနေအားဖြင့် ဖြေကောင်း၏။]

**၁၅။ ပစ္ဆတော ဂစ္ဆန္တ။** ။ခရီးသွားစဉ် နောက်ကလိုက်သောရဟန်းက ရှေ့ကသွားသူအား တရား မဟောကောင်း။ ပါဠိအဋ္ဌကထာ ဆိုင်ရာ ပြဿနာ မေးလျှင်လည်း မိမိနောက်ကသူအား ဖြေမည်ဟု နှလုံးသွင်း၍ ဖြေရမည်။

**၁၆။ ဥပ္ပထေန ဂစ္ဆန္တ။** ။လမ်းဘေးမှ လိုက်နေသော ရဟန်းသည် လမ်းပေါ်၌ သွားနေသူအား တရားမဟောကောင်း။ ["တရား"ဟု လာသမျှ၌ ပါဠိအဋ္ဌကထာဆိုင်ရာ ပါဠိဘာသာဖြင့် ပြောသော တရားဟုချည်း မှတ်ပါ။ အခြားဘာသာစကားဖြင့်ကား ပြောဟောကောင်းသည်ချည်းသာ။]

**၁၇။ ဌိတော ဥစ္စာရ။** ။ဂိလာနဖြစ်သူမှာ ချမ်းသာသလို ကျင်ကြီးကျင်ငယ် စွန့်နိုင်သော်လည်း ဂိလာနမဟုတ်သူကား မတ်မတ်ရပ်လျက် ကျင်ကြီးကျင်ငယ် မစွန့်ရ။ စွန့်ရာအရပ်သို့သွားနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားသော် အနာပတ္တိ။

**ကုဋိဝတ်**။ ။ရှေး ဆရာတော်တို့သည် ကျောင်းတိုက်၏ စည်းကမ်း ရှိ-မရှိကို ဝစ္စကုဋိအိမ်၏ အခြေအနေကြည့်၍ အသိအမှတ်ပြုကြပါသည်။ သို့ဖြစ်၍ ဝစ္စကုဋိနှင့် ပဿာဝကုဋိတို့ကို ပထမ သန့်ရှင်းစွာတည်ရှိစေပြီးနောက် ရေစစ်နှင့် တကွသော သန့်သက်ရေအိုးနှင့် ကနုတ် ကနုတ်ပုံးများကိုလည်း ထို ဝစ္စကုဋိ၌ တည်ရှိစေသင့်သည်။

ကနုတ်ပုံး ၂ လုံးတွင် အဟောင်းပုံးကို ထိုင်သောနေရာ၏ ဝဲဘက်၌ ထား၍ အသစ်ပုံးကို ယာဘက်က ထားသင့်သည်။ သုံးပြီး ကနုတ်များကို အဟောင်းပုံးတွင် ဖရိုဖရဲ ချမထားဘဲ စီလျက်နေအောင် ချထားသင့်သည်။ ရေများများ သုံးနိုင်လျှင်၊ သို့မဟုတ် သံဃာနည်းပါးသော ကျောင်းဖြစ်လျှင် ကနုတ်များကို ပုံး၌ များစွာမထားဘဲ သုံးပြီးသော ကနုတ်ကို ကိုယ်စီကိုယ်င ချက်ခြင်းဆေးသော နည်းများကိုလည်း အသုံးပြုသင့်ပါသည်။ ဤကဲ့သို့ နေသားတကျ ရှိစေလျက် ညွှန်ပြအပ်လတ့်သော ဝတ်များကို ပြုလုပ်သင့်ပါသည်။

၁။ ပဝိသေယျုဗ္ဘဇိတွာ နော, သဟသာ ပဝိသေယျစ၊
ဥက္ကာသိတွာ ဝုဗ္ဘဇေယျ, ပါဒုကာသွေဝ သဏ္ဍိတော။

ဥဗ္ဘဇိတွာ-သင်းပိုင်ကို ပင့်၍၊ နော ပဝိသေယျ-မဝင်ရာ၊ သဟသာစ-အဆောတလျင်လည်း၊ နော ပဝိသေယျ-ရာ၊ ဥက္ကာသိတွာဝ-ချောင်းဟန့်၍သာလျှင်၊ ပဝိသေယျ-ဝင်ရာ၏၊ ပါဒုကာသု-ခြေနင်းခုံတို့၌၊ သဏ္ဍိတောဧဝ-ကောင်းစွာ ရပ်ပြီးမှသာလျှင်၊ ဥဗ္ဘဇေယျ-သင်းပိုင်ကို မ ရာ၏။

[ဝစ္စကုဋိတွင်းသို့ မရောက်ခင် (ကလေးများကဲ့သို့) သင်းပိုင် မ ၍ မဝင်ရ၊ အရေးတကြီး သုတ်သီး သုတ်ပျာလည်း မဝင်ရ။ ရှေးက ကုဋိများ၌ အားလုံး တံခါးပိတ်ထားကြသည်။ သို့ဖြစ်၍ အတွင်း၌ တယောက်ယောက် ရှိ-မရှိ သိဘို့ အပြင်ဘက်မှ ဝင်ခါနီး၌ "အဟမ်း"ဟု ချောင်းသံ ပြုရမည်။ အတွင်း၌ ရှိလျှင်လည်း ထိုအတွင်းပုဂ္ဂိုလ်က ပြန်၍ ချောင်းသံပြုရမည်။ ကုဋိတွင်း၌ ခြေနင်းခုံများပေါ်ဝယ် ရပ်မိမှ သင်းပိုင်ကို မ ရမည်။ ပဿာဝကုဋိ (ကျင်ငယ်အိမ်) ၌လည်း ဆိုင်ရာကျင့်ဝတ်များ ကျင့်ရမည်။]

၂။ န ကရေ နိတ္ထုနံ ဝစ္စံ, ဒန္တကဋ္ဌဉ္စ ခါဒယံ၊
ဝစ္စပဿာဝ ဒေါဏီနံ, န ကရေယျုဘယံ ဗဟိ။

နိတ္ထုနံ-ညည်းလျက်ငင်း၊ ဒန္တကဋ္ဌံ-ဒန်ပူကို၊ ခါဒယံ-ခဲလျက်ငင်း၊ ဝစ္စံ-ကျင်ကြီးကို၊ န ကရေယျ-မစွန့်ရာ၊ ဝစ္စပဿာဝ ဒေါဏီနံ-ကျင်ကြီးခွက်၊ ကျင်ငယ်ခွက်တို့၏၊ ဗဟိ-ပြင်ဘက်၌၊ ဥဘယံ - ကျင်ကြီး ကျင်ငယ် ၂ မျိုးကို၊ န ကရေယျ-မပြုရာ။ [ကျင်ကြီးစွန့်ရာ၌ "အင်း=အင်း" နှင့် ညည်းညူလျက်

လည်း မစွန့်ရ၊ ဒန်ပူကိုက်၍လည်း မစွန့်ရ၊ ကျင်ကြီးတွင်း ကျင်ကြီးခွက် ကျင်ငယ် လမ်း ကျင်ငယ်ခွက်များ ရှိ၏။ ထိုတွင်း ထိုခွက် ထိုလမ်းများ၏ အပြင်ဘက်၌ (ဘေး၌) ချော်ထွက်အောင်လည်း မစွန့်ရ။ ထို့ပြင် ကျောင်းတိုက်တွင်းဖြစ်မူ ကျင်ကြီးကျင်ငယ်စွန့်ရန် သတ်မှတ်ထားသောနေရာမှတပါး အခြား တလင်းပြင် စသည်၌ မစွန့်ရ။]

၃။ ကူပေ ကဋ္ဌံ န ပါတေယျ, ခေဠံ ပဿာဝဒေါဏိယံ၊
နာဝလေခေယျ ဖရုသေ, ဥဟဒက္ခာပိ ဓောဝယေ။

ကူပေ—ကျင်ကြီးတွင်း၌၊ ကဋ္ဌံ—ကနုတ်ကို၊ န ပါတေယျ—တမင်လာ မချရာ၊ ပဿာဝဒေါဏိယံ — ကျင်ငယ်ချောင်း (ကျင်ငယ်ခွက်)၌၊ ခေဠံ—တံတွေးကို၊ န ပါတေယျ—မထွေးရာ၊ ဖရုသေန—ကြမ်းသော ဆွေးသော ကွဲအက်သော ကနုတ်ဖြင့်၊ န အဝလေခေယျ—မခြစ်, မသုတ်ရာ၊ ဥဟဒက္ခာပိ—ကျင်ကြီးပေနေ သည်ကိုလည်း၊ ဓောဝယေ – ဆေးပစ်ခဲ့ရာ၏။ [ကျင်ငယ်ချောင်း၌ တံတွေး ထွေးလျှင် သုက်အဆင်း ထင်ဘွယ်ရာ ရှိသောကြောင့် “ကျင်ငယ်ချောင်း၌ တံတွေးမထွေးရ၊ နှပ်လည်း မညှစ်ရ”ဟု တားမြစ်တော်မူသည်။ သို့ဖြစ်၍ ကုဋီ အိမ်အတွင်း၌ ထွေးခံဘလုံး ထားသင့်သည်။]

၄။ န နိက္ခမေယျ သဟသာ, ဥဗ္ဘဇိတွာ န နိက္ခမေ၊
စပု စပု နာစမေယျ, ဥက္လာပဉ္စ ဝိသောဓယေ။

သဟသာ—အဆောတလျင်၊ န နိက္ခမေယျ—မထွက်ရာ၊ ဥဗ္ဘဇိတွာ—သင်းပိုင် ကို မ ၍လည်း၊ န နိက္ခမေ—မထွက်ရာ၊ စပုစပု—စပ်စပ် အသံမြည်အောင်၊ န အာစမေယျ—သန့်သက်ရေ မဆေးရာ၊ ဥက္လာပဉ္စ—အမှိုက်ကိုလည်း၊ ဝိသောဓယေ—သုမ်သင်ခဲ့ရာ၏။

**မှတ်ချက်**။ ။ယခုကာလ၌ ကုဋီ တက်ရာဝယ် သန့်သက်ရေ ဆေးသူ နည်းပါးရုံမက တချို့ကုဋီများ၌ ဆေးဘို့ရန် ရေပင် မရှိကြချေ။ သန့်သက်ရေ ဆေးမှုသည် အလွန်တန်းမြင့်သော ယဉ်ကျေးမှုတမျိုးဖြစ်၏။ ကနုတ်ခြစ်ရုံမျှဖြင့် မစင်ကြယ်နိုင်သည်မှာ (မိမိလက်ကို မစင်လူးရာ၌ သုတ်ပစ်ရုံဖြင့် အနံ့မပျောက် ပုံကို ထောက်၍) သိသာပါ၏။ ထို့ကြောင့် ဒုတ်သုတ်၊ စက္ကူသုတ် ၂ မျိုးလုံးပင် သန့်ရှင်းအောင် မတတ်နိုင်ရကား (သံဃာတော်များသာ မက) မြန်မာလူမျိုး အားလုံးပင် ဒုတ် စက္ကူတို့ဖြင့် သုတ်ပြီးနောက် ရေဆေးခြင်းကို အားကြီးလေ့လာ သင့်ကြပါသည်။ တတ်နိုင်ပါမူ ကျင်ငယ် စွန့်ပြီးနောက်လည်း ရေဖြင့် အင်္ဂါကို ဆေးသင့်သေး၏။ ထိုကဲ့သို့မဆေးလျှင် ညစ်ပေမှုနှင့်စပ်သော ရောဂါများလည်း ဖြစ်တတ်လေသည်။

၁၈။ ဟာရိတေ ဥစ္စာ၁ရ အဂိလာနော – ဂိလာန မဟုတ်ဘဲ၊ ဟာရိတေ– စိမ်းစိုသော မြက် သစ်ပင်ရှိရာ အရပ်၌၊ ဥစ္စာ–ရဲ ဝါ– ကိုဂုင်း၊ ပဿာဝံ ဝါ–ကိုဂုင်း၊ ခေဠံ ဝါ – တံတွေးကိုဂုင်း၊ န ကရိဿာ မိ- မပြုအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

× × × × ×

ပုဂံပြည်၌ ကုလားကျမင်းသည် ကုလားအမျိုးသမီးကို မိဖုရား မြှောက်ထား ၏။ ရှင်ဘုရင်က သန့်သက်ရေ မဆေးသောကြောင့် မိဖုရားက အကပ်မခံသဖြင့် မိဖုရားကိုသတ်။ မိဖုရားဆိုင်ရာ ကုလားတွေကလည်း နောက်၌ ရှင်ဘုရင်ကို သတ်သတဲ့။ သန့်သက်ရေ ဆေးပြီးနောက် လက် မသန့်ရှင်းသေးဟု ထင်လျှင် လက်ကို ဆပ်ပြာဖြင့် ဆေးပစ်ပါလေ။ ထို သန့်သက်ရေ ဆေးရာ၌ "စပ်စပ်= ပျတ်ပျတ်" အသံမျိုး မမြည်အောင် ငြိမ်သက်စွာ ဆေးရမည်။ ရေမရှိလျှင်လည်း ခပ်ရမည်။ ကုဋိအတွင်း၌ အမှိုက်ရှိလျှင် လှဲပစ်ရမည်။ သို့ဖြစ်၍ ကုဋိအတွင်း၌ တံမြက်စည်းတချောင်း ရှိသင့်ပေသည်။

ထို့ပြင်– ယခုကာလ၌ ကုဋိတက်ခါနီးဝယ် အတွင်းသို့ မဝင်မီ ကေသီကို တန်းပေါ်တင်ထားခဲ့သူ နည်းပါးနေရုံမက တချို့ ကုဋိများ၌ သက်န်းတန်းကို အတွင်းထား၍ တချို့ ကုဋိမှာ သက်န်းတန်းပင် မရှိ။ ကေသီအတွင်းရောက်နေ လျှင် နံစော်မည်စိုး၍ အပြင်ထားခဲ့ရန် ပညတ်တော်မူသောကြောင့် သက်န်း တန်းကို အပြင်ဘက်ထား၍ ထိုတန်းပေါ်၌ ကေသီ (ခြုံထည်ပါ) ထားခဲ့ခြင်း သာလျှင် ပညတ်တော်နှင့် ညီပါသည်။

---

၁၈။ ဟာရိတေ ဥစ္စာ၁ရ။ ။ဤသိက္ခာပုဒ်နှင့် နောက် သိက္ခာပုဒ်၌ ခေဠ သဒ္ဒါဖြင့် သိင်္ဃာဏိကာ (နှပ်) ပါ ယူ။ ထို့ကြောင့် ဂိလာနမဟုတ်လျှင် မသေ သေးသော မြက်ပေါ်၌ဂုင်း၊ မြေကြီးပေါ်ဝယ် ပေါ်ထွက်နေသော သစ်မြစ်နှင့် ပင်စည် အကိုင်း အခက်တို့ အပေါ်၌ဂုင်း၊ ကျင်ကြီး ကျင်ငယ် နှပ် တံတွေးများ မစွန့် မထွေးကောင်း။ ပါးစပ်ဖြင့် ငုံထားသော ရေ၊ ကြံဖတ်၊ အရိုး စသည်ကို ကား ထွေးပစ်ကောင်း၏။ သစ်ကိုင်းပေါ်၌ နေ၍ စိမ်းစိုသော မြက် သစ်ခက် မရှိရာ အရပ်၌ကား စွန့်ချကောင်း၏။ မြက်ခင်းပေါ်၌နေစဉ် လွတ်လပ်သော မြေကွက်ကို မရနိုင်မူ မြက်ကရွတ်ခွေ၊ သစ်ရွက်ခြောက် စသည်တို့ အပေါ်၌ စွန့်ရမည်၊ ထို မြက်ခွေ သစ်ရွက်ခြောက်တို့မှ တဆင့် စီးသွား၍ မြက်ပေါ်ကျ လျှင်ဂုင်း၊ မြက် သစ်ပင် မရှိရာအရပ်ကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွား လျှင်ဂုင်း အနာပတ္တိ။

**၁၉။ ဥဒကေ ဥစ္စာရ** အဂိလာနော – ဂိလာန မဟုတ်ဘဲ၊ ဥဒကေ– သုံးဆောင်ကောင်းသော ရေ၌၊ ဥစ္စာရံဝါ– ကျင်ကြီးကိုဖြစ်စေ၊ ပဿာဝံဝါ – ကျင်ငယ်ကိုဖြစ်စေ၊ ခေဠံဝါ –တံတွေးကိုဖြစ်စေ၊ န ကရိဿာမိ- မပြုအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

**သတ္တမော-ခုနစ်ဝဂ်မြောက်သော၊ ပါဒုကဝဂ္ဂေါ-တည်း။**

**နိဂုံးနှင့် အနုသာဝန** အာယသ္မန္တော- တို့၊ သေခိယာ-သေခိယ မည်ကုန်သော၊ ဓမ္မာ–သိက္ခာပုဒ်တို့ကို၊ ဥဒ္ဒိဋ္ဌာ–ကုန်ပြီ၊ တတ္ထ- ထို သေခိယဘို့၌၊ အာယသ္မန္တေ-အရှင်တို့ကို၊ ပုစ္ဆာမိ - မေးပါ၏။ ကစ္စိ-အသို့ပါနည်း၊ ပရိသုဒ္ဓါ- အာပတ်မှ စင်ကြယ်သူတို့သည်၊ အတ္ထ – ဖြစ်ပါကုန်၏လော၊ ဒုတိယမ္ပိ –နှစ်ကြိမ်မြောက်လည်း၊ ပုစ္ဆာမိ –၏၊ ကစ္စိ-နည်း၊ ပရိသုဒ္ဓါ-တို့သည်၊ အတ္ထ – ဖြစ်ပါကုန်၏လော၊ တတိယမ္ပိ— လည်း၊ ပုစ္ဆာမိ-၏၊ ကစ္စိ, ပရိသုဒ္ဓါ, အတ္ထ၊ အာယသ္မန္တော - အရှင်တို့ သည်၊ ဧတ္ထ–ဤသေခိယဘို့၌ ပရိသုဒ္ဓါ- အာပတ်မှ စင်ကြယ်ကြကုန်၏။ တသ္မာ-ထို့ကြောင့်၊ တုဏှီ-ဆိတ်ဆိတ်သည်၊ အာသိ-ဖြစ်ပြီ၊ ဧဝံ-ဤသို့ ဆိတ်ဆိတ် နေခြင်းကြောင့်လည်း၊ ဧတံ - ဤ အာပတ်မှ စင်ကြယ်ကြ ကြောင်းကို၊ ဓာရယာမိ–သိမှတ်ရပါ၏၊ ဣတိ - သေခိယ အပြီးတည်း။

**သေခိယာ-တို့သည်၊ နိဋ္ဌိတာ- ပြီးကုန်ပြီ။**

× × × × ×

**၁၉။ ဥဒကေ ဥစ္စာရ။** ။ဥဒက အရ သုံးစွဲ သောက်ချိုးကောင်းသော ရေကိုသာ ယူရမည်။ ကုဋီအတွင်း၌ ရေဝင်နေသော် ထိုရေမျိုး၌ ဥစ္စာရစသည် ပြုသော်လည်း အနာပတ္တိ။ သမုဒ္ဒရာရေများလည်း သုံးဆောင်ကောင်းသော ရေမဟုတ်၊ မြစ်ထဲ၌ လှေ သင်္ဘော စသည်ကို စီးသွားစဉ်ဖြစ်စေ၊ မိုးရွာသဖြင့် ရေပြင်ကြီး ဖြစ်နေစဉ်ဖြစ်စေ ဥစ္စာရ စသည်ပြုဘို့ ရေလွတ်သောအရပ်ကို မရနိုင်မှု "ဧတာဒိသေကာလေ– ဤကဲ့သို့သော ကာလ၌၊ အနုဒကဋ္ဌာနံ–ရေ မရှိသော အရပ်ကို၊ အလဘန္တေန – မရနိုင်သူသည်၊ ကာတုံ– ရေထဲ၌ စွန့်ချခြင်းငှာ၊ ဝဋ္ဋတိ–အပ်၏"ဟု အဋ္ဌကထာ မိန့်သည်။

**သေခိယအဖွင့် ပြီးပြီ။**

## အဓိကရဏသမထအခန်း

နိဒါန်း အာယသ္မန္တော-တို့၊ သတ္တ-ခုနစ်ပါးကုန်သော၊ အဓိကရဏသမထာ - အဓိကရဏသမထမည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ - ဤသိက္ခာပုဒ်တို့သည်၊ ဥဒ္ဒေသံ - သို့၊ အာဂစ္ဆန္တိ - ရောက်ကုန်၏။

× × × × ×

**နိဒါန်း**။ ။အဓိကရဏ ဟူသည် သမထတို့၏ တည်ရာဖြစ်သော ငြင်းခုံမှုစသော ၄ ပါးတည်း။ "အဓိကရီယန္တိ ဧတ္ထာတိ အဓိကရဏာနိ" ဧတ္ထ-ဤငြင်းခုံမှု စသည်တို့၌၊ သမထေဟိ-သမထတို့သည်၊ အဓိကရီယန္တိ - ငြိမ်းစေသော အားဖြင့် တည်နေအပ်ကုန်၏၊ ဣတိ-ဤသို့ သမထတို့၏ တည်နေရာ၏ အဖြစ်ကြောင့်၊ အဓိကရဏာနိ-အဓိကရဏ်းတို့ မည်၏။ အဓိကရဏ်းဖြစ်လျှင် သမထများက ထို အဓိကရဏ်းကို ငြိမ်းစေနိုင်ကြ၏။ မီးကိုငြိမ်းစေသောရေသည် မီးပေါ်မှာ တည်ရသကဲ့သို့၊ ထို့အတူ အဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထတို့လည်း အဓိကရဏ်းပေါ်မှာ တည်ကြသည် မည်၏။ ဤသို့လျှင် သမထတို့၏ တည်ရာဖြစ်သောကြောင့် ဝိဝါဒစသော ၄ ပါးကို "အဓိကရဏ"ဟု ခေါ်ရ၏။

**ဝိဝါဒါဓိကရဏ်း**။ ။ထို အဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်းအားဖြင့် ၄ ပါး ရှိ၏။ ထိုတွင် တစုံတခုသောတရားကို တဘက်က ဓမ္မ၊ တဘက်က အဓမ္မဟု ငြင်းခုံခြင်း၊ တဘက်က ဝိနယ၊ တဘက်က အဝိနယဟု ငြင်းခုံခြင်း စသည်ဖြင့် တဘက်နှင့် တဘက် ငြင်းခုံခြင်းကို (ငြင်းခုံ၍ မတဲ့ကြဘဲ ကွဲပြားနေခြင်းကို) "ဝိဝါဒါဓိကရဏ်း" ဟု ခေါ်၏။

**အနုဝါဒါဓိကရဏ်း**။ ။ပါရာဇိက၊ သံဃာဒိသေသ် သင့်ခြင်းများကို သီလဝိပတ္တိ (သီလပျက်မှု)ဟု ခေါ်၏။ အောက် အာပတ် ၅ ပုံ သင့်ခြင်းကို အာစာရဝိပတ္တိ (အကျင့်ပျက်မှု) ဟု ခေါ်၏။ ကုလဒူသန မိစ္ဆာဇီဝတို့ဖြင့် အသက်မွေးမှုများကို အာဇီဝဝိပတ္တိ ဟု ခေါ်၏။ အရိဋ္ဌ ရဟန်းကဲ့သို့ အယူလွဲမှုကို ဒိဋ္ဌိဝိပတ္တိဟု ခေါ်၏။ ထို ဝိပတ္တိတမျိုးမျိုးဖြင့် (ငါ့ရှင် ပါရာဇိကကျသည် စသည်ဖြင့်) စွပ်စွဲမှု၊ စောဒနာမှုကို "အနုဝါဒါဓိကရဏ်း"ဟု ခေါ်၏။

**အာပတ္တာ ဓိကရဏ်း**။ ။ဒွေမာတိကာ ပါဠိတော်၌ တိုက်ရိုက်လာသော အာပတ် ၅ ပုံ၊ မာတိကာကိုအကျယ်ပြသော ပဒဘာဇနီခေါ် ဝိဘင်းပါဠိတော်၌ လာသော ထုလ္လစ္စည်းနှင့် ဒုဗ္ဘာသိတ ၂ ပုံ၊ ဤ အာပတ် ၇ ပုံတွင် တပုံပုံသို့ သင့်ရောက်နေခြင်းကို "အာပတ္တာဓိကရဏ်း"ဟု ခေါ်၏။ [ဒုက္ကဋ်အာပတ်မှာ သေခိယ၌ နာမည် မတပ်သော်လည်း တိုက်ရိုက်လာသော အာပတ်ပင် ဖြစ်

**သမထ ၇ ပါး** ဥပ္ပန္နုပ္ပန္နာနံ-ဖြစ်ကုန်ဖြစ်ကုန်သော၊ အဓိကရဏာနံ - အဓိကရုဏ်းတို့၏၊ သမထာယ-ငြိမ်းခြင်းငှာ၊ဝူပသမာယ - ငြိမ်ဝပ်ပိပြားခြင်းငှာ၊ သမ္မုခါဝိနယော - သမ္မုခါဝိနယ သမထကို၊ ဒါတဗ္ဗော - ပေးထိုက်၏၊ သတိဝိနယော - သတိဝိနယ သမထကို၊ ဒါတဗ္ဗော-၏၊ အမူဠ္ဟဝိနယော-အမူဠ္ဟဝိနယ သမထကို၊ ဒါတဗ္ဗော - ၏၊ ပဋိညာယ-ဝန်ခံခြင်းဖြင့်၊ ကာရေတဗ္ဗော-ပြုစေထိုက်၏၊ ဝါ - ဆုံးဖြတ်ထိုက်၏၊ ယေဘုယျသိကာ - ယေဘုယျသိကာ သမထကို၊ (ဒါတဗ္ဗာ -

× × × × ×

သည်။ "အာပတ္တာဓိကရုဏ်း" ဟူသည်မှာ အာပတ် သင့်နေခြင်းသာတည်း။ သင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ ထိုအာပတ်ဖြင့် သူတပါးက စွပ်စွဲခြင်းကိုကား "အနုဝါဒါဓိကရုဏ်း"ဟု ခေါ်သည်။

**ကိစ္စာဓိကရုဏ်း။** ။အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိ ဒုတိယကံ၊ ဉတ္တိ စတုတ္ထကံအားဖြင့် (ဆန္ဒ အဒတွာ ပက္ကမနသိက္ခာပုဒ်၌ပြခဲ့သော) ကံ ၄ ပါးတွင် တပါးပါးကို ပြုကြခြင်းသည် ကိစ္စာ ဓိကရုဏ်း မည်၏။ ဤသို့ အဓိကရုဏ်း ၄ ပါး ရှိသည်။

**အာပတ် မဟုတ်။** ။အဓိကရုဏ်းကို ငြိမ်းစေနိုင်သော "အဓိကရဏ သမထ"ဟူသည် ပြုကျင့်လျှင် အာပတ်သင့်ရသော သိက္ခာပုဒ်များ မဟုတ်ကြသော်လည်း အဓိသီလသိက္ခာဟူသော ပါတိမောက်သီလများ ရဘို့အကြောင်း (ထို သီလများ၏ စင်ကြယ်ကြောင်း) ဖြစ်သောကြောင့် သိက္ခာအမည် ရနိုင်သည်သာ။ ထို့ကြောင့် "ဣမေ ခေါ ပန ဓမ္မာ - ဤသိက္ခာပုဒ်တို့သည်" ဟု ဤအခန်း၌ အနက်ပေးသည်။

**မှတ်ချက်။** ။သိက္ခာယ - အဓိသီလသိက္ခာ၏ + ပဒံ - ရကြောင်းသည်၊ သိက္ခာပဒံ-သိက္ခာပုဒ် မည်၏၊ အဓိကရဏာနိ-အဓိကရုဏ်းတို့ကို၊ သမေန္တိ-ငြိမ်းစေနိုင်ကုန်၏၊ ဣတိ-ကြောင့် ၊ အဓိကရဏသမထာ-တို့မည်၏။ ဤစကားစဉ်အရ ဘိက္ခုပါတိမောက် သိက္ခာပုဒ်များကို ရေတွက်ရာ၌ ပါရာဇိက ၄ ပါးမှ စ၍ ၂၂၇ ပါး ရှိ၏။ အာပတ်ကို ရေတွက်လျှင် ၂၂၀ သာ ရှိသည်ဟု မှတ်ပါ။

**သမထ ၇ ပါး။** ။["သမထာယ ဝူပသမာယ" ၌ "သမထ" အရ အဓိကရုဏ်း ငြိမ်းခြင်းကိုယူ၍ "ဝူပသမ"အရ နောက်ထပ် မပေါ်နိုင်အောင် ပိပြားသွားသော ငြိမ်းခြင်းကို ယူသင့်သည်။ "ဝူပသမေတီတိ - ပဋိပဿမ္ဘေတိ"ဟု အခြားနေရာ၌ ဖွင့်ပုံကို ထောက်ပါ။ "သမ္မုခါဝိနယော ဒါတဗ္ဗော"

ပေးထိုက်၏၊) တဿ ပါပိယသိကာ - တဿ ပါပိယသိကာသမထကို၊ ဒါတဗ္ဗာ – ၏၊ တိဏ ဝတ္ထာရကော – တိဏဝတ္ထာရကာ သမထကို၊ ဒါတဗ္ဗော-၏၊ [ထို့နောက် ဗ္ဗတိပါလျှင် "ဗ္ဗတိ–ဤသို့ ရှုတ်အပ်ကုန်၏" ဟု အနက်ဆိုပါ။]

× × × × ×

စသည်၌ "ဒါတဗ္ဗော" အရ "ပေး" ဟူသည်မှာ "အနက်ပေးသည်၊ အဖြေပေးသည်" ဟူသကဲ့သို့ ဆိုင်ရာ အဓိကရုဏ်း ငြိမ်းဘို့ရာ "ဤသမထကို ပေးထိုက်သည်၊ ဤသမထကို အသုံးပြုထိုက်သည်"ဟု ဆိုလိုသည်။]

**သမ္မုခါဝိနယ။** ။[သမ္မုခါ–မျက်မှောက်၌+ဝိနယ–အဓိကရုဏ်းကို ပယ်ဖျောက်ကြောင်း၊ ငြိမ်းစေကြောင်း တရား။] တဘက်နှင့် တဘက် ငြင်းခုံမှု ဟူသော ဝိဝါဒါဓိကရုဏ်းဖြစ်နေလျှင် ထိုအဓိကရုဏ်းကို ငြိမ်းစေဘို့ရန် သံဃာ စည်းဝေးလျက် ၂ ဘက် ပုဂ္ဂိုလ်များရှေ့မှာ ဝိနည်းတော်နှင့် အညီ ဆုံးဖြတ်၍ ငြိမ်ဝပ်သွားလျှင် ဤဝိနည်းသည် သမ္မုခါဝိနယသမထ မည်၏။

**သမ္မုခ ၄ ပါး။** ။သမ္မုခဟူရာ၌ သံဃ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလဟု သမ္မုခ ၄ ပါးရှိသည်။ ထိုတွင် အဓိကရုဏ်း ငြိမ်းစေဘို့ရန် ဆုံးဖြတ်ရာဝယ် သံဃာ့ မျက်မှောက် ဖြစ်ခြင်းသည် သံဃသမ္မုခတာ မည်၏။ ဓမ္မသဒ္ဒါသည် "အဟုတ် အမှန်"ဟူသော အနက်ကို ဟော၏။ ငြိမ်းစေအပ်သော ဝတ္ထု (အမှု) က လမ်းမှန်ခြင်းသည် ဓမ္မသမ္မုခတာ (ဓမ္မမျက်မှောက်ဖြစ်ခြင်း)မည်၏။ ဘုရားရှင် ဟောတော်မူအပ်သော ဝိနည်းလမ်းကြောင်းအတိုင်း ငြိမ်းစေခြင်းသည် ဝိနယ သမ္မုခတာမည်၏။ ၂ဘက်ပုဂ္ဂိုလ်တို့၏ရှေ့၌ ငြိမ်းစေခြင်းသည် ပုဂ္ဂလသမ္မုခတာ မည်၏။ [သံဃာမစည်းဝေးဘဲ ပဓာနပုဂ္ဂိုလ်များသာစုဝေး၍ ငြိမ်းစေအပ်သော အဓိကရုဏ်း၌ သံဃသမ္မုခတာ မရနိုင်။ ဤ သမ္မုခဝိနယ သမထသည် အခြား အဓိကရုဏ်းများကို ငြိမ်းစေရာ၌လည်း ထိုက်သင့်သလို ပါဝင်နိုင်၏။]

**[ဆောင်]** ဝိဝါဒါဓိ, စရှိ လေးဝ, ဖြစ်ပေါ်ကမှု, သံဃဓမ္မ,ဝိနယနှင့်, ပုဂ္ဂလ ရှေးရှု, ငြိမ်းစေမှု, သမ္မုခဝိနယ ခေါ်။

**သတိဝိနယ။** ။သတိဝေပုလ္လပ္ပတ္တဿ ဒါတဗ္ဗော ဝိနယော သတိဝိန ယော၊ "သတိဝေပုလ္လပ္ပတ္တဿ–သတိ ပြန့်ပြောသူ၏အဖြစ်သို့ ရောက်သော ရဟန္တာအား၊ ဒါတဗ္ဗော – ပေးထိုက်သော၊ ဝိနယော – ဝိနည်းတည်း" ဟု အနက်ဆို။ ရဟန္တာပုဂ္ဂိုလ်မှာ သတိတရား များပြား ပြန့်ပြောလျက် ရှိ၏။ ထို သတိများပြားသော ရဟန္တာအား ပေးထိုက်သော ဝိနည်းသည် သတိဝိနည်း မည်၏။ ချဲ့ဦးအံ့—ရဟန္တာပုဂ္ဂိုလ်ကို တစုံတယောက်က သီလဝိပတ္တိဖြင့် စွပ်စွဲ

လာလျှင် စစ်ဆေးပြီးနောက် အပြစ်ကင်းမှန်း ထင်ရှားသဖြင့် နောင်ခါ မစွပ်စွဲနိုင်ဘို့ရန် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဤသတိဝိနယသမထကို သံဃာက ပေးရသည်။ ထိုသို့ ပေးပြီးနောက် စွပ်စွဲသော်လည်း အထမမြောက်တော့။ ဤသို့ အနုဝါဒါဓိကရုဏ်းတမျိုးကို ငြိမ်းစေသောကြောင့် သတိဝိနယ သမထဟု ခေါ်၏။

[**ဆောင်**] သတိလျှမ်းဖြာ, ရဟန္တာအား, ရမ်းကာတင်လျှင်း, စွပ်စွဲကင်းဘို့, ထင်လင်းပေးရ, သမထ, ဝိနယ သတိခေါ်။

**အမူဠ္ဟဝိနယ**။ ။အမူဠ္ဟဘာဝံ–မတွေဝေသူ၏ အဖြစ်သို့၊ ဥပဂတဿ–ကပ်ရောက်ခိုက်ဖြစ်သော ရဟန်းရှူးအား၊ ဒါတဗ္ဗော–သော၊ ဝိနယော–သည်၊ အမူဠ္ဟဝိနယော–မည်၏။ ချဲ့ဦးအံ့—ရဟန်းတပါးသည် တွေဝေ ရူးသွပ်သဖြင့် မူဠ္ဟ ဖြစ်နေ၏။ ထို မူဠ္ဟဖြစ်နေခိုက်ဝယ် အပြစ်များကို ကျူးလွန်လေရာ သတိရသောအခါ အခြားရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲကြလေသော် ထိုရဟန်းရူးက "တပည့်တော် စိတ်ဖောက်ပြန်နေသဖြင့် ဘာကိုပြုမိမှန်း မသိပါ"ဟု လျှောက်သော်လည်း စွပ်စွဲမြဲ စွပ်စွဲနေအံ့။ ထိုရဟန်းအား ထို စွပ်စွဲမှုများ ငြိမ်းစေဘို့ရာ မတွေဝေသည့်အခါ (မရူးသည့်အခါ)ဝယ် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် အမူဠ္ဟဝိနယကို ပေးရသည်။ ထိုသို့ ပေးပြီးနောက် စိတ်ဖောက်ပြန်၍ ပြုမိသမျှ ကိစ္စ၌ စွပ်စွဲသော်လည်း အထမမြောက်တော့ချေ။ ဤသို့လျှင် အမူဠ္ဟဝိနယသည် အနုဝါဒါဓိကရုဏ်းတမျိုးကို ငြိမ်းစေနိုင်သောကြောင့် သမထအမည် ရလေသည်။

[**ဆောင်**] တွေဝေ မေ့မူး, အမှန်ရူးသဖြင့်, လွန်ကျူးမိလျှင်း, စွပ်စွဲခြင်းကို, လွတ်ကင်းစေ့ငှာ, မတွေဝေခါဝယ်, ကောင်းစွာပေးရ, သမထ, အမူဠ္ဟဝိနယ ခေါ်။

**ပဋိညာယ ကာရေတဗ္ဗ**။ ။ရဟန်းတပါးသည် အာပတ်သင့်၍ အာပတ္တာဓိကရုဏ်း ဖြစ်နေ၏။ ထို အာပတ္တာဓိကရုဏ်းငြိမ်းဘို့ရာ အခြားသော သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တမျိုးမျိုးထံ "အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော=တပည့်တော်သည် ဤမည်သော အာပတ်သို့ ရောက်ပါပြီ"ဟု ဒေသနာပြောရမည်။ ဒေသနာခံသူကလည်း "ပဿသိ တံ အာပတ္တိံ=ထိုအာပတ်ကို သင် ရှုရဲ့လော၊ ကိုယ့်အပြစ်ကို အပြစ်ဟု ရှုရဲ့လား"ဟု ပြန်မေးရသည်။ ထို့နောက် ဒေသနာပြောသူက "အာမ ပဿာမိ=မှန်ပါ, ရှုပါသည်"ဟု ပဋိညာဉ်ပေးလျှင် (ဝန်ခံလျှင်) ဒေသနာခံသူက သူ့ပဋိညာဉ် ဝန်ခံချက်အတိုင်း "အာယတိံ သံဝရေယျာသိ=နောင်ခါ စောင့်စည်းလော့"ဟု ပြောဆို ဆုံးဖြတ်ရသည်။ ဤသို့ ဝန်ခံတိုင်း ပြောဆို ပြုလုပ်သည့်အခါ အာပတ်သင့်နေသော အာပတ္တာဓိကရုဏ်း ငြိမ်းတော့ရကား ဤ"အာယတိံ သံဝရေယျာသိ"ဟူသော စကားသည်ပင် ပဋိညာတကရဏ(ဝန်ခံတိုင်းပြုရသော)သမထတမျိုး ဖြစ်သည်။

**အမှာ**။ ။သံဃာဒိသေသ် အာပတ်၌ကား ပရိဝါသ်စသည်ကို တောင်းခြင်းသည် မိမိမှာ သံဃာဒိသေသ်အာပတ် ရှိကြောင်းကို ဝန်ခံသောကြောင့် ပဋိညာဉ်မည်၏။ သံဃာက ပရိဝါသ်စသည်ကို ပေးခြင်းသည် ဝန်ခံတိုင်းပြုသောကြောင့် ပဋိညာတကရဏ မည်၏။ ပဋိညာတဿ–ဝန်ခံခြင်းအား၊ (အနုရူပံ–လျော်စွာ၊) ကရဏံ–ပြုခြင်း, ဆုံးဖြတ်ခြင်းသည်၊ ပဋိညာတကရဏံ–မည်၏။ ဤပဋိညာတကရဏနှင့် စပ်၍ ဒေသနာခံ၊ ဒေသနာပြော အစဉ်များ၏ အဓိပ္ပာယ်ကို ဘိက္ခုနီအဖွင့် အဆုံးကျမှ ပြမည်။

**[ဆောင်]** အာပတ္တာဓိကရဏ, ဖြစ်ပေါ်ကမူ, အာမ ပဿာမိ, ဝန်ခံဘိသော်, အာယတိ သံဝရေ, ဆုံးဖြတ်ပေ, ခေါ်လေ ပဋိညာတကရဏ။

**ယေဘုယျသိကာ**။ ။ဝိဝါဒါဓိကရုဏ်းဖြစ်၍ သံဃာ ကွဲပြားနေသည့်အခါ သမ္မုခါဝိနယ သမထသက်သက်ဖြင့် ငြိမ်းအေးအောင် မတတ်နိုင်လျှင် သံဃာစည်းဝေး၍ မဲဆန္ဒကိုယူမည့် ရဟန်းတပါးကို သမုတ်ရသည်။ ထို့နောက် ထိုရဟန်းကို ပရိသတ်၌ ဓမ္မဝါဒီမဲဆန္ဒ၊ အဓမ္မဝါဒီမဲဆန္ဒကို ယူစေရမည်။ ထိုအခါ ဓမ္မဝါဒီမဲဆန္ဒက များလျှင် များရာလိုက်၍ ထို ဓမ္မဝါဒီတို့၏ အယူဝါဒအတိုင်း အတည်ပြု ဆုံးဖြတ်ရသည်။ အကယ်၍ အဓမ္မဝါဒီဘက်က များပုံပေါ်နေလျှင် ရက်ရွေ့ဆိုင်း၍ ဓမ္မဝါဒီဘက်သား များအောင် စုဆောင်းပြီးမှ ဓမ္မဝါဒီတို့ အဆိုအတိုင်း အတည်ပြု ဆုံးဖြတ်စေရသည်။ မည်သည့်နည်းနှင့် မဆို ဓမ္မဝါဒီဘက်က အများချည်း ဖြစ်စေရမည် ဟူလို။ ဤသို့လျှင် များရာလိုက်၍ အဓိကရုဏ်းကို ငြိမ်းစေရသောကြောင့် ထို အများအလိုအတိုင်း ပြုခြင်းကို "ယေဘုယျသိကာ သမထ" ဟု ခေါ်သည်။ [ယေဘုယျေန–များသောအားဖြင့်၊ ဝါ–များရာလိုက်၍+ကတ္တဗ္ဗာ–ပြုထိုက်သော အမှုအရာသည်၊ ယေဘုယျသိကာ–မည်၏။ သိကာ၌ သ ကား အာဂုမ်တည်း။ ဝိမတိ၌ တမျိုးကြံလေသေး၏။]

**[ဆောင်]** ဓမ္မဘက်၌, များရာလိုက်၍, ပြုထိုက်အောင်ပြု, ငြိမ်းစေမှု, ယေဘုယျသိခေါ်။

**တဿ ပါပိယသိက**။ ။ရဟန်းတပါးကို ပါရာဇိကဖြင့် ဖြစ်စေ၊ ပါရာဇိက အနီးအပါး၌ဖြစ်သော ထုလ္လစ္စည်း၊ ဒုက္ကဋ်ဖြင့်ဖြစ်စေ စောဒနာလျှင် အဆုံးအဖြတ် မခံလို၍ တောင်ပြော မြောက်ပြော ပြောနေသော် တဿပါပိယသိက ကံကို ပြုလုပ်ကြရ၏။ ထိုကံ၏ သဘောကား အကယ်၍ ပါရာဇိက မကျသေးလျှင် ဆိုင်ရာကျင့်ဝတ်ကိုကျင့်၍ နောက်ထပ် သံဃာ့အထံ၌ ထိုကံကို ငြိမ်းစေလိမ့်မည်။ ပါရာဇိကကျသူ ဖြစ်လျှင်လည်း နောက်ထပ် အဆုံးအဖြတ် ခံဘွယ်မလို။ ထိုကံဖြင့်ပင် ထိုရဟန်းကို နှိမ်နင်းပြီး ဖြစ်၍ လူဝတ်လဲရုံသာ ရှိသည်။ ဤသို့လျှင်

တဿ ပါပိယသိကကံပြုလိုက်က စောဒနာခြင်းဟူသော အနုဝါဒါဓိကရုဏ်းကို ငြိမ်းစေသောကြောင့် ဤ တဿပါပိယသိကကံကိုပင် သမထတမျိုးဟု ဆိုရပေသည်။ [ဝိသေသေန ပါပေါတိ ပါပိယော=အထူး ယုတ်မာသူ၊ တဿ ပါပိယဿ–ထို အထူးယုတ်မာသော ရဟန်းအား၊ ကတ္တဗ္ဗာ–ပြုထိုက်သော အမှုအရာ(ကံ)သည်၊ တဿ ပါပိယသိကာ–မည်၏။ တဿဥ္စ အလုတ္တသမာသ် ကဲ့သို့ အလုတ္တတဒ္ဓိတ်ဟု မှတ်ပါ။ ပထမရိုက် စာအုပ်၌ "အာပတ္တာဓိကရုဏ်းကို ငြိမ်းစေနိုင်သည်"ဟု မှားပါသွားသည်။]

[**ဆောင်**] တဿ ပါပိယ, ပုဂ္ဂလကို, ထို စွပ်စွဲခြင်း, အပြစ်ကင်းတို့, ထင်လင်းပြုရန်, ဝိနည်းကံပင်, မည်တွင် တဿ, ပါပိယ, သိက သမထခေါ်။

**တိဏဝတ္ထာရက**။ ။တိဏေဟိ–မြက်တို့ဖြင့်၊ အဝတ္ထရိယတေ–ဖုံးအုပ်ထားအပ်၏။ ဣတိ–ကြောင့်၊ တိဏဝတ္ထာရော–မည်၏။ ကျင်ကြီး ကျင်ငယ်ရစေ၊ တိဏဝတ္ထာရောဝိယ–မြက်ဖြင့်ဖုံးအုပ်ထားအပ်သော ကျင်ကြီးကျင်ငယ်နှင့် တူ၏။ ဣတိ–ကြောင့်၊ တိဏဝတ္ထာရကော–မည်၏။ ဝိဝါဒါဓိကရုဏ်းရ၏။ ထို အဓိကရုဏ်းကို ငြိမ်းစေနိုင်သော သမထကား အကြောင်း အဓိကရုဏ်၏ အမည်ကို အကျိုး သမထ၌ တင်စားသော ကာရဏူပစာရ အားဖြင့် ရသည်။ [ယောဇနာ၌ ဖလူပစာ ဟူ၏။]

**ချုပ်ဦးအံ့**—သံဃာ ၂ ဘက် ကွဲ၍ ဝိဝါဒါဓိကရုဏ်း ဖြစ်နေရာ၌ ၂ ဘက်လုံးမှာလည်း အာပတ်သင့်လျက် ရှိကြလေသည်။ ထို့နောက် လဇ္ဇီ သဘောသက်ရောက်(စိတ်ကောင်းရ)ကြသဖြင့် ထိုအာပတ်များကို ကုစားစေလိုသောအခါ တဘက်၏အပြစ်ကို အခြားတဘက်က ဖော်ပြနေလျှင် သာ၍ မခံနိုင်ဘွယ်ရာ ရှိသောကြောင့် ဆွလေ နံ့လေဖြစ်သော ကျင်ကြီးကျင်ငယ်ကို မြက်ဖြင့်တခါတည်း ဖုံးအုပ်လိုက်သကဲ့သို့ တိဏဝတ္ထာရက ခေါ်သော ကံ တမျိုးဖြင့် အာပတ်တွေကို ဖုံးလိုက်ရလေသည်။ ထိုကံကြောင့် အင်မတန်ကြီးလေးသော ပါရာဇိက၊ သံဃာဒိသေသ်အာပတ်နှင့် ဂိဟိပဋိသံယုတ္တ (လူနှင့်စပ်သော လူကို ဆဲဆိုမှု) အာပတ်များမှ တပါး အခြား အာပတ်အားလုံးပင် ပြေပျောက်လေတော့၏။ ဤသို့လျှင် တိဏဝတ္ထာရကကံသည် ၂ ဘက်သောအာပတ်နှင့် ဝိဝါဒါဓိကရုဏ်းကို ငြိမ်းစေနိုင်သောကြောင့် သမထတမျိုး ဖြစ်ရလေသည်။ [ဆိုင်ရာကံပြုပုံများကို သမထက္ခန္ဓက ပါဠိတော်မှာ ရှုပါ။]

[**ဆောင်**] ကျင်ငယ် ဘင်ပုတ်, မြက်ဖြင့် အုပ်သို့, ဆိုးယုတ်များဘိ, အာပတ္တိက, ဝိဝါဒကို, မကြွစေရ, သမထ, တိဏဝတ္ထာရကခေါ်။

**နိဂုံးနှင့် ယာဝ တတိယာ နုဿာဝန**

အာယသ္မန္တော - တို့၊ သတ္တ — ကုန်သော၊ အဓိကရဏ သမထာ - အဓိကရဏ သမထ မည်ကုန်သော၊ခမ္မာ-သိက္ခာပုဒ်တို့ကို၊ ဥဒ္ဒိဋ္ဌာ- သရုပ်အားဖြင့် ရွတ်အပ် ပြအပ်ပါကုန်ပြီ၊ တတ္ထ - ထို ခုနစ်ပါးသော အဓိကရဏ သမထတို့၌၊ အာယသ္မန္တေ - တို့ကို၊ ပုစ္ဆာမိ- ၏၊ ကစ္စိ - နည်း၊ (တုမှေ- တို့သည်၊) ပရိသုဒ္ဓါ - အဓိကရုဏ်းနှင့်စပ်၍ အရပ်ရပ် အာပတ် တို့မှ စင်ကြယ်ကြကုန်သည်၊ အတ္ထ- ဖြစ်ပါကုန်၏လော၊ ပေ၊ ဓာရယာမိ- ပါ၏၊ ဣတိ အဓိကရဏသမထ ပြီးပြီ၊

**သတ္တ-ကုန်သော၊ အဓိကရဏသမထာ-တို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။**

× × × × ×

**ကိစ္စာဓိကရုဏ်း။** ။သမထ ၇ ပါးကို ပြခဲ့ရာ၌ ကိစ္စာဓိကရုဏ်းကို မည်သည့်သမထဖြင့် ငြိမ်းစေရမည်ဟု မသိသာသေး။ သို့ဖြစ်၍ စဉ်းစားလိုကြပေ လိမ့်မည်။ ကိစ္စဟူသည် အပလောကန စသော သံဃာ့ကံများပင်တည်း။ ကိစ္စ ကြုံလာသည့်အခါ ဆိုင်ရာပုဂ္ဂိုလ် သံဃာတို့မျက်မှောက်မှာပင် ထိုကိစ္စကို ပြီးစေ ရ၊ ငြိမ်းစေရသောကြောင့် ကိစ္စာဓိကရုဏ်းကို ငြိမ်းစေသော သမထမှာ သမ္မုခါ ဝိနယသမထတပါးသာ ဖြစ်သည်။ ဥပမာ- သိမ်သမုတ်ကိစ္စ (ဉတ္တိဒုတိယကံ) ကြုံလာလျှင် အနည်းဆုံး သံဃာ ၄ ပါး မျက်မှောက်၌ ဉတ်ကမ္မဝါစာ ဖတ်၍ ငြိမ်းစေရသည်။ ဤသို့ စသည်ဖြင့် သိပါ။

**နိဂုံးနှင့် ယာဝ တတိယာ နုဿာဝန။** ။"ကစ္စိတ္ထ ပရိသုဒ္ဓါ" ဝယ် "ပရိသုဒ္ဓါ"အရ ရှေးရှေးအခန်းများကဲ့သို့ ဆိုင်ရာအခန်းတွင် ပါဝင်သော အာပတ် စင်ကြယ်ခြင်းကို မယူရ။ အဓိကရဏ သမထဟူသည်လည်း အာပတ်ကို ပြနေသော စကားမဟုတ်။ ထို့ကြောင့် (အာပတ် ၇ ဖုံဟူသော) အာပတ္တာ ဓိကရုဏ်းမှ စင်ကြယ်ခြင်း၊ ဝိဝါဒါဓိကရုဏ်း စသော ကြွင်း ၃ ပါးနှင့် စပ်၍ သင့်ထိုက်သော အာပတ်တို့မှ စင်ကြယ်ခြင်းကို ရည်ရွယ်၍ "ပရိသုဒ္ဓါ-စင်ကြယ် ကြကုန်သည်+အတ္ထ-ဖြစ်ပါကုန်၏လော"ဟု မေးသည်။

**ဒုက္ကဋ်နှင့်သင့်ချိန် မေးဘွယ်။** ။နိဒါန်းအခန်း၌ "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ" ဖြင့် အာပတ် ၇ ဖုံလုံးကို သိမ်းကျုံးပြီးလျှင် "တတ္ထာ ယသ္မန္တေ ပုစ္ဆာမိ" စသဖြင့် "ထိုအာပတ် ၇ ဖုံလုံးမှ စင်ကြယ်ကြပါ၏လော" ဟု မေးခဲ့ပြီ။ ပါရာဇိက စသော အခန်းများ၏ အဆုံး၌လည်း သူ့အခန်းနှင့် ဆိုင်သော အာပတ်များမှ စင်ကြယ်ကြပါ၏လော ဟု မေးခဲ့ပြီ၊ ဤ အဓိကရဏ သမထ၏ အဆုံး၌လည်း အာပတ် ၇ ဖုံလုံးမှ စင်ကြယ်ကြပါ၏လော ဟု ထပ်၍

မေးပြန်သည်။ ထိုမေးတိုင်းပင် "မိမိ မစင်ကြယ်မှုန်း သိလျက် အာဝီကရဏ မပြုလျှင် သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်လိမ့်မည်"ဟု နိဒါန်း၌ ပြခဲ့ပြီ။ ထိုဒုက္ကဋ်အာပတ်သည် ဘယ်အခါ သင့်မည်နည်း။ နိသဂ္ဂိယ ပါစိတ်အာပတ် ရှိမှန်းသိလျက် ဖုံးထားသူမှာ နိဒါန်းအဆုံး အမေး၌ သင့်မည်လော၊ နိသဂ္ဂိယ အဆုံး အမေး၌ သင့်မည်လော၊ အဓိကရဏ အဆုံး အမေး၌ သင့်မည်လော၊ သို့မဟုတ် ၃ ဌာနလုံးမှာပင် ဒုက္ကဋ် ၃ ချက် သင့်မည်လောဟု မေးဘွယ်ရှိသည်။

**အဖြေကား—**နိဒါန်း၌ အာပတ်များ၏ သရုပ် ထုတ်မပြသေးသဖြင့် မိမိမှာ မည်သည့်အာပတ် ရှိနေသည် ဟု မသိသေးလျှင် နိဒါန်းအဆုံး အမေးတွင် သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ် မသင့်သေး။ သရုပ်ထုတ်မပြသော်လည်း ကျွမ်းကျင်သူဖြစ်၍ မိမိမှာ မည်သည့် အာပတ် ရှိသည်ဟု သိလျှင် နိဒါန်းအဆုံး အမေးတွင် ဒုက္ကဋ်အာပတ် သင့်လေပြီ။ သို့သော် နိဒါန်း၌ မသိသူအတွက်ကား ဆိုင်ရာ သိက္ခာပုဒ်များကို ကြားနာပြီးနောက် ထိုအခန်း အဆုံးဝယ် မေးသည့် အခါ သိလျက် ဆိတ်ဆိတ်နေမှ ဒုက္ကဋ်သင့်သည်။ ဆိုင်ရာ အခန်း အဆုံးတွင် မိမိမှာ အာပတ်သင့်ကြောင်းကို သတိမရသေးလျှင် ထို ဆိုင်ရာ အခန်းအဆုံး မှာလည်း မသင့်သေး၊ အဓိကရဏသမထအဆုံးဝယ် မေးသည့်အခါ အာပတ် သင့်မှန်းသိလျက် ဆိတ်ဆိတ်နေမှ သင့်သည်။ ထို အဓိကရဏသမထ အဆုံး မှာပင် အာပတ်ကို သတိမရသေးက ထိုဒုက္ကဋ်အာပတ် လုံးဝ မသင့်တော့ပြီ။

**ဆက်ဦးအံ့။** ။နိဒါန်းအဆုံးမှာ ဒုက္ကဋ်အာပတ် သင့်ခဲ့ပြီးသူကား ဆိုင်ရာ အခန်းအဆုံးနှင့် အဓိကရဏသမထ အဆုံးတွင် ထပ်မံ သင့်ဘွယ် မလိုတော့ပြီ။ ဘာ့ကြောင့်နည်း။ အာပတ်သင့်မှန်း သိလျက် (ပါတိမောက် ပြသည့်အခါ) ဖုံးထားမှုဝတ္ထုတခုကြောင့် အာပတ် ၂ ခါ ၃ ခါထပ်၍ မသင့်ထိုက်သောကြောင့် ၎င်း၊ ထိုကဲ့သို့ မေးတိုင်း သင့်တမ်းဖြစ်လျှင် အာပတ်သင့်မှန်း သိသူမှာ တခါ ဖြေပြီးနောက် ထပ်ကာ ထပ်ကာ (နိဒါန်းအဆုံး ဖြေပြီးနောက် ဆိုင်ရာအခန်း အဆုံးနှင့် သမထ အဆုံးမှာလည်း) မိမိမှာ အာပတ်ရှိပါသည် ဟု ဖြေရတော့ မလို ဖြစ်သောကြောင့်၎င်း တည်း။ အာပတ် ၂ မျိုး ၃ မျိုး စသည် ဖုံးထားသူ့ အတွက်ကား ပထမအာပတ်ကိုသတိရ၍ ဖုံးမှုဖြင့် နိဒါန်းအဆုံးမှာသင့်ပြီးနောက် ဒုတိယအာပတ်ကို သိလျက် ဖုံးပြန်လျှင် ဖုံးမှုအတွက် ဆိုင်ရာ အခန်း အဆုံးမှာ (နိသဂ္ဂိယ အာပတ်ကို ဖုံးလျှင် နိသဂ္ဂိယ အဆုံးမှာ) ဒုက္ကဋ်တချက် တိုးတက် သင့်ဘွယ်ရှိလေသည်။ ဤကား ဤကျမ်း၏ အယူအဆသာတည်း။ အခြားပညာ ရှိတို့၏ အယူအဆကို တမျိုး ကြားဘူးသေး၏၊ စုံစမ်းကြပါလေ။

**အဓိကရဏ သမထအခန်း ပြီး၏။**

**မဟာနိဂုံး** အာယသ္မန္တော-အရှင်တို့၊ နိဒါနံ-နိဒါန်းကို၊ ဥဒ္ဒိဋ္ဌံ-သရုပ်အားဖြင့် ရွတ်ဆိုအပ်ပါပြီ၊ စတ္တာရော-၄ ပါး ကုန်သော၊ ပါရာဇိကာ-ပါရာဇိက မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ-ကုန်ပြီ၊ (ဤသို့ စသည်ဖြင့် ထိုထို အခန်းအဆုံး၌ အနက် ဆိုခဲ့သည့်အတိုင်း "ဥဒ္ဒိဋ္ဌာ သတ္တ အဓိကရဏသမထာ ဓမ္မာ" တိုင်အောင် အနက်ဆိုပါ။) ဧတ္တကံ - ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည်၊ တဿ ဘဂဝတော-ထို မြတ်စွာဘုရား၏၊ သုတ္တာဂတံ-ပါတိမောက် ပါဠိတော်၌ လာသည်၊ သုတ္တပရိယာပန္နံ - ပါတိမောက်ပါဠိတော်၌ အကျုံးဝင်သည်၊ (ဟုတ္វာ-ဖြစ်၍) အန္ဝဍ္ဎမာသံ-အစဥ်အားဖြင့် လခွဲတိုင်း၊ ဥဒ္ဒေသံ-သရုပ်အားဖြင့် ရွတ်ပြအပ်သည်၏ အဖြစ်သို့၊ အာဂစ္ဆတိ - ရောက်၏၊ တတ္ထ - ထို သိက္ခာပုဒ်အပေါင်း၌၊ သဗ္ဗေဟေဝ - အလုံးစုံတို့သည်ပင်၊

× × × × ×

**မဟာနိဂုံး။** ။ထိုထို အခန်းအဆုံးဝယ် "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ"စသည်ဖြင့် နိဂုံးငယ်များ ရှိခဲ့ပြီးသောကြောင့် ဤနိဂုံးကို "မဟာနိဂုံး၊ နိဂုံးကြီး"ဟု အမည်ပေးလိုက်သည်။ ဤနိဂုံးစကားရပ်၏ အဓိပ္ပာယ်ကို အနက်အတိုင်းပင် သိနိုင်လောက်ပြီ။ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ အကြောင်းကိုလည်း ပါတိမောက် အချီစကားဝယ် "သမဂ္ဂဿ သံဃဿ"၌ ဖွင့်ပြခဲ့ပြီ။

**ဥဒ္ဒေသ ၅ ပါး။** ။လပြည့် လကွယ် ပါတိမောက်ပြရာ၌ ဥဒ္ဒေသ ၅ ပါး ရှိ၏။ မင်းဘေး စသော အန္တရာယ်နှင့် ထေရ်ကြီးကိုယ်တိုင် အကျယ် မရွတ်နိုင်ခြင်း ဟူသော အကြောင်းမရှိလျှင် အစမှ အဆုံးတိုင်အောင် ရွတ်ပြရမည်။ ထိုရွတ်ပြနည်းကို ဝိတ္ထာရုဒ္ဒေသ(အကျယ်ပြနည်း)ဟု ခေါ်၏။ မင်းဘေး၊ မိုးကြီးလေကြီး ကျခြင်း စသော ဘေးအန္တရာယ်ရှိလျှင် နိဒါန်းကုန်အောင် ရွတ်ပြီးနောက် ကျန်သမျှကို သုတေနဒ္ဒါဖြင့် သိမ်းရ၏။ ထို ပါတိမောက် ပြနည်းကို နိဒါနုဒ္ဒေသဟု ခေါ်၏။ပါရာဇိကတိုင်အောင် ရွတ်ပြီးမှ သိမ်းလျှင် ပါရာဇိကုဒ္ဒေသ၊ သံဃာဒိသေသ်တိုင်အောင် ရွတ်ပြီးမှ သိမ်းလျှင် သံဃာဒိသေသုဒ္ဒေသ၊ အနိယတတိုင်အောင် ရွတ်ပြီးမှ သိမ်းလျှင် အနိယတုဒ္ဒေသဟုခေါ်၏။ဤသို့လျှင် ဥဒ္ဒေသ ၅ မျိုး ရှိသည်။

**နိဒါနုဒ္ဒေသော စသည် မပါသင့်ပုံ။** ။ဤ ဥဒ္ဒေသ ၅ မျိုးကို ပိုင်းခြားခြင်းသည် ပါတိမောက် ပြသည့်အခါ ဖြတ်ပိုင်းပုံကိုလိုက်၍ ပိုင်းခြင်း ဖြစ်၏။ ထို့ကြောင့် စာအုပ်များ၌ နိဒါန်းအဆုံးမှာ "နိဒါနုဒ္ဒေသော ပဌမော"မရှိသင့်။

**သမဂ္ဂေဟိ – ကာယသာမဂ္ဂီ အစွမ်းဖြင့် ညီညွတ်ကြကုန်သည်၊ သမ္မောဒ မာနေဟိ – စိတ္တသာမဂ္ဂီ အစွမ်းဖြင့် လွန်စွာ ဝမ်းမြောက်ကြကုန်သည်၊ အဝိဝဒမာနေဟိ–မငြင်းခုံကြကုန်သည်၊ (ဟုတ္ဝာ – ဖြစ်၍၊) သိက္ခိတဗ္ဗံ- ကျင့်ကြံ ကြိုးကုတ် အားထုတ်ရာ၏၊ ဣတိ – ပြီးပြီ။ ["ဝိတ္ထာရုဒ္ဒေသော နိဋ္ဌိတော" ဟု ဣတိ နောက်၌ ရှိသည်ကား မကောင်းလှ။]**

**ဘိက္ခုပါတိမောက္ခံ–ဘိက္ခုပါတိမောက်သည်၊ နိဋ္ဌိတံ–ပြီးပြီ။**

× × × × ×

ထိုနိဒါန်းကုန်ရုံဖြင့် နိဒါနုဒ္ဒေသ မပြီးသေး။ ထို့အတူ ပါရာဇိကအဆုံး စသည် ၌လည်း "ပါရာဇိကုဒ္ဒေသော ဒုတိယော၊ သံဃာဒိသေသုဒ္ဒေသော တတိယော၊ အနိယတုဒ္ဒေသော စတုတ္ထော၊ ဝိတ္ထာရုဒ္ဒေသော ပဉ္စမော" ဟု မရှိသင့်ရုံမက ဟဒ္ဒေပုယ်လျှင် သင့်တော်ရာ တဉဒ္ဒေသကို ရွတ်ပြရမည်ဖြစ်သောကြောင့် ပဌမ၊ ဒုတိယ စသော အစဉ်များလည်း စည်းကမ်းမကျသည်သာ။ အကယ်၍ ထည့် ပိုလျှင် "နိဒါနံ နိဋ္ဌိတံ" စသည်ဖြင့်သာ ထည့်သင့်ပေသည်။

**သုတသဒ္ဒါဖြင့် သိမ်းပုံ။** ပါတိမောက် ပြရာဝယ် နိဒါန်း ဆုံးအောင် ပြပြီးနောက် (ဧဝမေတံ ဓာရယာမိ ဟု ဆိုပြီးနောက်) အန္တရာယ်တခုခု ရှိလျှင် "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ, သုတာခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ, သုတာ တေရသ သံဃာဒိသေသာ ဓမ္မာ, သုတာ ဒွေ အနိယတာ ဓမ္မာ, သုတာတိံသနိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ, သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ, သုတာ စတ္တာရော ပါဋိဒေသနိယာ ဓမ္မာ, သုတာ သေခိယာ ဓမ္မာ, သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ၊ ပေ၊သိက္ခိတဗ္ဗံ"ဟု ရွတ်ဆိုရသည်။ ဤရွတ်နည်းမှာ နိဒါန်းကို သရုပ် ထုတ်ပြသောကြောင့် နိဒါနုဒ္ဒေသမည်၏။ ထို့ကြောင့် "သိက္ခိတဗ္ဗံ" အပြီးတွင် "နိဒါနုဒ္ဒေသော"ဟု ဆိုလိုက ဆိုနိုင်၏၊ မဆိုလည်း အပြစ်မရှိ။ "နိဒါနုဒ္ဒေသော ပဌမော"ဟုကား နောက်ထပ် ဒုတိယ စသည် မရှိသောကြောင့် မဆိုသင့်။

ထို့အတူ ပါရာဇိက အဆုံး (ဧဝမေတံ ဓာရယာမိ ဟု ဆိုပြီးနောက်)၊ "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ, ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ, သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ, သုတာ ဒွေ အနိယတာ ဓမ္မာ"စသည်ဖြင့် "သိက္ခိတဗ္ဗံ"အထိ ဆိုရာ၏။ ဤရွတ်ဆိုနည်းကား ပါရာဇိကုဒ္ဒေသတည်း။ ဤနည်းအတိုင်း သံဃာဒိသေသုဒ္ဒေသ၊ အနိယတုဒ္ဒေသ တို့ကို သိပါ။ သုတသဒ္ဒါဖြင့် မသိမ်းရဘဲ အကျယ် အကုန်ပြခြင်းကို "ဝိတ္ထာ ရုဒ္ဒေသ"ဟု ခေါ်၏။

**နောက်နောက် ဝါကျ၌ ခေါပနာ ယသ္မန္တေဟိ မပါသင့်ပုံ**။ ။ယခု ကာလ သုတ သဒ္ဒါဖြင့် အချို့ သိမ်းကြရာ၌ "သုတာ ခေါ ပနာ ယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ"ဟု ပထမတဝါကျ ဆိုပြီးနောက် "သုတာ ခေါပနာ ယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ" စသည်ဖြင့် နောက်နောက် ဝါကျတို့၌လည်း "ခေါ ပနာ ယသ္မန္တေဟိ"ကို ထည့်ဆိုကြ၏။ ထို ဆိုခြင်းကား ဝါကျသွားနည်း စည်းကမ်း မကျ။ "ခေါ+ပန+အာယသ္မန္တေဟိ"ဟု ၃ ပုဒ်ကို မဆိုထားဘဲ၊ မဟာနိဂုံးဝယ် "ခေါ" ကလေး တလုံးကိုမျှ နောက်နောက် ဝါကျ၌ ထည့်၍မသုံးဘဲ "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ, ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ"စသည်ဖြင့် သုံးနှုန်းထားပုံကို သတိပြုပါ။

**သုတသဒ္ဒါ၏ အဓိပ္ပာယ်**။ ။နိဒါန်းကို အကျယ် ရွတ်ပြီးနောက် ပါရာဇိကအခန်း စသည်ကို သုတသဒ္ဒါဖြင့် သိမ်းယူရာဝယ် "အာယသ္မန္တေဟိ-အရှင်တို့သည်၊ စတ္တာရော-ကုန်သော၊ ပါရာဇိကာ - မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ သုတာ-ကြားအပ်ပါကုန်ပြီ"ဟု ဆိုထားရာ၌ "ဘယ်တုန်းက ကြားအပ်သလဲ၊ ယခုသော် နိဒါန်းကိုသာ ကြားနာရပါသေးတကား" ဟု စောဒနာဘွယ် ရှိ၏။

အဖြေကား-ရှေးရှေးက ကြားဘူးသည်ကို "သုတာ=ကြားအပ်ပါကုန်ပြီ" ဟု မဆိုလိုပါ။ယနေ့မှ ရဟန်းပြုသူဖြစ်လျှင် ရှေးက ကြားပင် မကြားဘူးသေး။ အမှန်မှာ- နိဒါန်းဝယ် "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ"၌ "အာပတ္တိ"အရ ပါရာဇိက စသော အာပတ် ၇ ဖုံလုံးကို သိမ်းကျုံး၍ ယူနိုင်ကြောင်းကို နိဒါန်း၌ ဖွင့်ပြခဲ့ပြီ။ ထို"ယဿ သိယာ အာပတ္တိ"အရ၌ အာပတ် ၇ ဖုံလုံးကို အကျဉ်းရုံး၍ ကြားသိခဲ့ရပြီးကို ရည်ရွယ်၍ "သုတာ ခေါ ပန" စသည်၌ "သုတာ-ကြားအပ်ပါကုန်ပြီ"ဟု ဆိုသည်။

**နိဒါန်းမပြီးခင် သုတဖြင့် မသိမ်းရ**။ ။ထို့ကြောင့် နိဒါန်းအခန်းကို ရွတ်ဆို၍ ပြီးမှသာ ကျန်အခန်းများကို သုတသဒ္ဒါဖြင့် သိမ်းခွင့်ရှိသည်။နိဒါန်း တခန်းမျှ မကုန်သေးလျှင်ကား "သုတာ - ကြားအပ်ပါကုန်ပြီ" ဟူသော စကားနှင့် မလျော်သောကြောင့် အန္တရာယ်ရှိစေကာမူ လုံးလုံးမရွတ်ဘဲ နေတန်လျှင် နေရမည်၊ သုတသဒ္ဒါဖြင့်ကား သိမ်းခွင့်မရှိချေ။

**ဘိက္ခုပါတိမောက် ဘာသာဋီကာ**
**ပြီးပြီ**။

# ဘိက္ခုနီ ပါတိမောက် ဘာသာဋီကာ

**မှာထားချက်။** ။ဤဘိက္ခုနီပါတိမောက်၌ ပုလ္လိင်သဒ္ဒါကို ဣတ္ထိလိင်သဒ္ဒါဖြင့် လဲလှယ်၍ပြခြင်းမှတပါး ဘိက္ခုပါတိမောက်နှင့် လုံးဝစာသွားတူသော သိက္ခာပုဒ်နှင့် နိဂုံးတို့၏အနက်အဓိပ္ပာယ်များကို ရေးသားတော့မည် မဟုတ်ပါ။ လုံးဝမတူသော သိက္ခာပုဒ်များ၌လည်း ကင်္ခါအဋ္ဌကထာ ဖွင့်ပုံလောက်ကိုသာ အနက်အဓိပ္ပာယ် ဖော်ပြ၍ ခပ်သွက်သွက် သွားရပေလတံ့။ သို့ရာတွင် ဆိုင်ရာ အဓိပ္ပာယ်များကား အဘူးသတိချပ်သဖြင့် မလစ်လပ်ဘဲ ရှိပါလိမ့်မည်။ [စာချ ဆရာတို့ကမူ သဒ္ဒါနည်းအရ ပြောင်းလွဲပုံကို မသိလောက်အောင် နားဝေး သေးသော တပည့်တို့အား ဘိက္ခုနှင့်တူသော သိက္ခာပုဒ်များကို အနက်မချဘဲ ပါဠိကိုပင် ကျက်သင့်မှ ကျက်ပါစေ။]

× × × × ×

**အချီနှင့် နိဒါန်း။** ။အချီဂါထာ၌ "ဘိက္ခုနိဂဏနာ စ – ဘိက္ခုနီ အပေါင်းကို ရေတွက်ခြင်းငှင်း"ဟူငင်း၊ "ဩဝါဒေါစ–ဘိက္ခုတို့၏အထံ အဆုံး အမ ခံဘို့ရန် သျှောက်ထားခြင်းငှင်း"ဟူငင်း၊ "ဘိက္ခုနီသံဃဿ – ဘိက္ခုနီ သံဃာ၏"ဟူငင်း အနက်ပေးပါ။ နိဒါန်းအခန်းဝယ် "သုဏာတု မေ အယျေ သံဃော" ဝါကျ၌ "အရှင်မတို့"ဟူငင်း၊ "အရှင်မတို့ကို" ဟူငင်း သင့်လျော် အောင် အနက်ပေးပါ။ ဘိက္ခုပါတိမောက်၌"သရမာနေန ဘိက္ခုနာ အာပန္နေန ဝိသုဒ္ဓါပေက္ခေန"ဟူသော ပုလ္လိင်များကိုလည်း ဤ ဘိက္ခုနီ ပါတိမောက်၌ "သရမာနာယ ဘိက္ခုနိယာ အာပန္နာယ ဝိသုဒ္ဓါပေက္ခာယ"ဟု ဣတ္ထိလိင် ပုဒ်များဖြင့် လဲလှယ်ထားသောကြောင့် အနက်ပေးပုံမှာ မထူးပြီ ဟု မှတ်ပါ။ နောက်နောက် သိက္ခာပုဒ်များ၌လည်း ဤနည်းချည်းတည်း။

# ပါရာဇိက အခန်း

**နိဒါန်း** တတြ - ထို ပါတိမောက်၌၊ အဋ္ဌ - ရှစ်ပါးကုန်သော၊ ပါရာဇိကာ - ပါရာဇိကမည်ကုန်သော၊ -ဣမေ ဓမ္မာ - ဤ အာပတ်တို့သည်၊ ဥဒ္ဒေသံ - သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့၊ အာဂစ္ဆန္တိ - ရောက်ကုန်၏။

**၁၊ ပဌမပါရာဇိက** ယာ ပန ဘိက္ခုနီ - အကြင် ရဟန်းမသည်၊ ဆန္ဒသော - အလိုဆန္ဒ တူမျှသောအားဖြင့်၊ မေထုနံ ဓမ္မံ - မေထုန်အကျင့်ကို၊ ပဋိသေဝေယျ - မှီဝဲအံ့၊ အန္တမသော - အောက်ထစ်ဆုံးအားဖြင့်၊ တိရစ္ဆာနဂတေနာပိ - တိရစ္ဆာန် အထီးနှင့် တကွသော်လည်း၊ ပဋိသေဝေယျ - အံ့၊ (အယံ ဘိက္ခုနီ-ဤ ရဟန်းမသည်၊) ပါရာဇိကာ - သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်၊ ဝါ - ပါရာဇိကကျသူသည်၊ အသံဝါသာ - ဘိက္ခုနီကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိသူသည်၊ ဝါ - ကေကမ္မ ကေုဒ္ဒေသ သမသိက္ခာဟူသော သံဝါသ မရှိသူသည်၊ ဟောတိ - ဖြစ်၏။

× × × × ×

**၁။ ပဌမပါရာဇိက။** ။ဘိက္ခုနီတို့သည် ဘိက္ခုတို့ကဲ့သို့ "ဗုဒ္ဓ ပစ္စက္ခာမိ" စသည်ဖြင့် သိက္ခာချဘွယ် မလို။ ဘိက္ခုပါရာဇိကအဆုံး ၂၄ ပါးသော ပါရာဇိကတို့ကို ပြရာ၌ "လူဝတ်သည့်နှီ"ဟု ပြခဲ့သည့်အတိုင်း လူဝတ်လဲလိုက်လျှင် ဘိက္ခုနီအဖြစ်မှ ကင်းတော့၏။ ထို့ကြောင့် သိက္ခာပုဒ် ပါဠိ၌ "သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျ အနာဝိကတွာ"ဟု သိက္ခာနှင့်ဆိုင်သော ပါဠိများ မထည့်ဘဲ ချန်ထားတော်မူသည်။

**ဆန္ဒသော။** ။ကင်္ခါအဋ္ဌကထာ၌ "ဆန္ဒသော"အရ မေထုန်မှီဝဲလိုသော ရာဂနှင့်စပ်သော ဆန္ဒ ရုစိ ၂ မျိုးကို ဖွင့်၏။ ထိုတွင် ရာဂနှင့်ယှဉ်သော စေတသိက်ကို ဆန္ဒ(ချစ်မှု)၊ ရာဂနှင့်ယှဉ်သော ပီတိကို ရုစိ(ကြိုက်မှု) ဟု ခွဲခြားထားသင့်သည်။ အချုပ်မှာ–မေထုန်မှီဝဲလိုသော ရာဂစိတ်ပင်တည်း။ ထို့ကြောင့် ထို ရာဂစိတ်မရှိလျှင် ဥပ္ပလဝဏ်ထေရီမကို နန္ဒလုလင်က အတင်းဖျက်သကဲ့သို့ ယောကျ်ားက အတင်းကြံရာ၌ အနာပတ္တိ။ [ဒုတိယ၊ တတိယ၊ စတုတ္ထ ပါရာဇိကတို့ကား ဘိက္ခုပါရာဇိကနှင့် လုံးဝတူပြီ။]

၅။ ပဥ္စမပါရာဇိက ယာ ပန ဘိက္ခုနီ - သည်၊ အဝဿုတာ - ကာယ သံသဂ္ဂရာဂဖြင့် စိုစွတ်သည့်၊ (ဟုတွာ - ၍၊) အဝဿုတဿ - ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော၊ ပုရိသပုဂ္ဂလဿ - ယောကျ်ား ပုဂ္ဂိုလ်၏၊ အဓက္ခကံ - ညှပ်ရိုး ၂ ဘက်၏ အောက်၌ရှင်း၊ ဥဗ္ဘဇာဏု မဏ္ဍလံ - ပုဆစ်ဒူးဝန်း ၂ ဘက်၏ အထက်၌ရှင်း၊ အာမသနံ ဝါ - ထိရာ အရပ်, မရွေ့လတ်ဘဲ, သုံးသပ် ဖျစ်ညှစ်ခြင်းကိုရှင်း၊ ပရာမသနံ ဝါ - ထို ၌အရပ်, ပြောင်းရွှေ့လတ်၍, သုံးသပ်ဖျစ်ညှစ်ခြင်းကိုရှင်း၊ ဂဟဏံ ဝါ— ကိုင်ရုံမျှကိုရှင်း၊ ဆုပနံ ဝါ - တို့ရုံမျှကိုရှင်း၊ ပတိပီဠနံ ဝါ - ပွေ့ယူဖျစ်ညှစ် ခြင်းကိုရှင်း၊ သာဒယေယျ - သာယာအံ့၊ အယံပိ ဘိက္ခုနီ - ဤ ရဟန်းမ သည်လည်း၊ ဥဗ္ဘဇာဏုမဏ္ဍလိကာ - ဥဗ္ဘဇာဏုမဏ္ဍလိကာမည်သော၊ ပါရာဇိကာ - သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်၊ အသံဝါသာ - သည်၊ ဟောတိ။

၆။ ဆဋ္ဌ ပါရာဇိက ယာ ပန ဘိက္ခုနီ - သည်၊ ဇာနံ - ပါရာဇိက ကျသူ ဟု သိလျက်၊ ပါရာဇိကံ ဓမ္မံ - ပါရာဇိကအာပတ် သို့၊ အဇ္ဈာပန္နံ - ရောက်နေသော၊ ဘိက္ခုနိံ - ရဟန်းမကို၊ အတ္တနာ -

× × × × ×

**၅။ ပဉ္စမ ပါရာဇိက။** ။ကိုယ်အင်္ဂါချင်း နှီးနှောလို၊ ကိုင်လို၊ ထိလိုသော ရာဂကို "ကာယသံသဂ္ဂရာဂ"ဟု ခေါ်၏။ ထိုရာဂရှိသော ဘိက္ခုနီသည် ညှပ်ရိုး ၂ ဘက်၏အောက်၊ ပုဆစ်ဒူးဝန်း ၂ ဘက်၏ အထက်အရပ်၌ ထိုရာဂမျိုး ရှိသော ယောကျ်ား၏ ကိုင်ခြင်း၊ တို့ခြင်း စသည်ကို သာယာလျှင် ပါရာဇိက ကျ၏။ [ တံတောင်ဆစ် အထက် လက်မောင်းကိုလည်း ဥဗ္ဘဇာဏုမဏ္ဍလ၌ သွင်းယူရသည်။] ထို ပါရာဇိက ကျသူကို "ဥဗ္ဘဇာဏုမဏ္ဍလိကာ"ဟု ခေါ်၏။

**သဒ္ဒါနည်း။** ။ဥဗ္ဘသဒ္ဒါသည် "အထက်"ဟူသော အနက်ဟော နိပါတ် တည်း။ ဇာဏုမဏ္ဍလဿ—ပုဆစ်ဒူးဝန်း၏၊ ဥဗ္ဘ—အထက်သည်၊ ဥဗ္ဘဇာဏု မဏ္ဍလံ—မည်၏။ ဥဗ္ဘဇာဏုမဏ္ဍလေ — ပုဆစ်ဒူးဝန်း ၂ ဘက်၏ အထက်၌၊ သာဒယတိ—ကိုင်ခြင်း ထိခြင်းကို သာယာတတ်၏၊ ဣတိ—ကြောင့်၊ ဥဗ္ဘဇာဏု မဏ္ဍလိကာ—မည်၏။ [အာမသနံ စသည်တို့၏ အဓိပ္ပာယ်ကို အနက်အတိုင်း သိလောက်ပြီ။ "ဖျစ်ညှစ်" ဟူသည် ကိုင်ရုံတွင်မကဘဲ နာနာညှစ်၍ ကိုင်ခြင်း တည်း။ အင်္ဂါများကို ဘိက္ခုကာယသံသဂ္ဂ သိက္ခာပုဒ်အတိုင်း သိပါ။]

ကိုယ်တိုင်လည်း၊ နေဝ ပဋိစောဒေယျ - မစောဒနာအံ့၊ ဂဏဿ— အခြား ဘိက္ခုနီ အပေါင်းအားလည်း၊ န အာရောစေယျ - မပြောအံ့၊ စ - ဆက်ဦးအံ့၊ ယဒါ - အကြင်အခါ၌၊ သာ - ထို ပါရာဇိကကျသော ရဟန်းမသည်၊ ဌိတာဝါ - ဘိက္ခုနီ အသွင်၌ တည်နေသည် မူလည်း၊ အဿ - ဖြစ်ရာ၏၊ စုတာဝါ- စုတေသည်မူလည်း၊ (အဿ- ၏၊) နာသိ တာဝါ - အသွင်ကို ဖျက်ဆီးအပ်သည်မူလည်း၊ (အဿ—၏၊) အဝဿ တာဝါ- တိတ္ထိဘောင်သို့ ပြောင်းရွှေသည်မူလည်း၊ (အဿ- ၏၊) သာ - ထို သူတပါးအပြစ်ကို ဖုံးထားသော ရဟန်းမသည်၊ ပစ္ဆာ - ဖုံးထားပြီး နောက်မှ၊ ဧဝံ-ဤသို့၊ ဝဒေယျ- ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆို သနည်း၊) အယျေ - အရှင်မတို့၊ အဟံ - တပည့်တော်သည်၊ ပုဗ္ဗေဝ — ရှေးတုန်းကပင်၊ ဧတံ ဘိက္ခုနိံ - ဤ ရဟန်းမကို၊ ဝါ - ဤ ရဟန်းမ၏ အကြောင်းကို၊ သာ ဘဂိနီ-ထို ညီမသည်၊ ဧဝ ရူပါစ ဧဝ ရူပါစ- ဤသို့ သဘောလည်းရှိ၊ ဤသို့ သဘောလည်း ရှိ၏၊ ဣတိ- ဤသို့၊ အညာသိံ - သိခဲ့ပါပြီ၊ စခေါ-ထိုသို့ သိပါသော်လည်း၊ အတ္တနာ - ကိုယ်တိုင်လည်း၊ နေဝပဋိစောဒေဿံ- မစောဒနာမိခဲ့၊ ဂဏဿ- အခြား ဘိက္ခုနီအပေါင်း အားလည်း၊ န အာရောစေဿံ - မပြောမိခဲ့၊ ဣတိ - ဤသို့ ပြောဆိုအံ့၊ အယံပိ ဘိက္ခုနီ - သည်လည်း၊ ဝဇ္ဇပဋိစ္ဆာဒိကာ - ဝဇ္ဇပဋိစ္ဆာဒိကာ မည်သော၊ ပါရာဇိကာ အသံဝါသာ ဟောတိ။

× × × × ×

**၆။ ဆဋ္ဌ ပါရာဇိက။** ။[ဝဇ္ဇ - အပြစ်ကို + ပဋိစ္ဆာဒိကာ - ဖုံးထား သူမ။] ဒေါ်ဥတ္တရာနှင့် ဒေါ်မွေ့ ဆိုကြပါစို့။ ဒေါ်ဥတ္တရာ ပါရာဇိက ကျနေ သည်ကို ဒေါ်မွေ့က သိလျက် "ကိုယ်တိုင်လည်း သံဃာ့ရှေ့မှာ မစောဒနာ တော့ဘူး၊ အခြား ရဟန်းမ အပေါင်းအားလည်း ဒေါ်ဥတ္တရာ၏အကြောင်းကို မပြောပြတော့ဘူး" ဟု စိတ်ကို ဆုံးဖြတ်လိုက်လျှင် ထိုခဏ၌ပင် ဒေါ်မွေ့မှာ ဝဇ္ဇပဋိစ္ဆာဒိကာ ပါရာဇိက ကျတော့၏။

**သာ ဌိတာဝါ၊ပေ၊ အဝဿတာဝါ။** ။"သာ"အရ နဂိုက သူ့အပြစ် နှင့်သူ ပါရာဇိကကျသော ဒေါ်ဥတ္တရာတည်း။ ထို ဒေါ်ဥတ္တရာသည် "ဌိတာ— ဘိက္ခုနီအဖြစ်၌ တည်နေသည်မူလည်း ဖြစ်စေ၊ စုတာ - စုတေသည်မူလည်း ဖြစ်စေ၊ နာသိတာ - လူဝတ်လဲသည်မူလည်း ဖြစ်စေ၊ အဝဿတာ - တိတ္ထိ ဘောင်သို့ ပြောင်းသည်မူလည်း ဖြစ်စေ" (ဘာဘဲဖြစ်ဖြစ် ဟူလို။)

**၇။ သတ္တမ ပါရာဇိက** ယာ ပန ဘိက္ခုနီ - သည်၊ သမဂ္ဂေန - ညီညွတ်သော၊ သံဃေန - သံဃာသည်၊ ဓမ္မေန - ဟုတ်မှန်သော ဝတ္ထုဖြင့်၊ ဝိနယေန - စောဒနာသာရဏာ ဝိနည်းဖြင့်၊ သတ္ထုသာသနေန - မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော ဥက္ခေပနီယကမ္မဝါစာဖြင့်၊ ဥက္ခိတ္တံ - နှင်ထုတ်အပ်ပြီးသော၊ အနာဒရံ - ရိုသေ လေးစားခြင်း မရှိသော၊ အပ္ပဋိကာရံ - ကုစားခြင်း မရှိသော၊ အကတသဟာယံ - ကံကြီးကံငယ်ကိစ္စ၌ ပြုအပ်သော သဟာယအဖြစ် မရှိသော၊ တံ ဘိက္ခုံ - ထိုရဟန်းသို့၊ အနုဝတ္တေယျ - လိုက်အံ့၊ သာ ဘိက္ခုနီ - ထိုရဟန်းမသည်၊ ဝါ - ထိုရဟန်းမကို၊ ဘိက္ခုနီဟိ - မြင်ကုန် ကြားကုန်သော ရဟန်းမတို့သည်၊ ဧဝံ - ဤသို့၊ ဝစနီယာ - ပြောဆိုထိုက်သည်၊ အဿ - ဖြစ်၏၊ (ကိံ - အဘယ်သို့ ပြောဆိုထိုက်သနည်း။)

အယျေ - အရှင်မ၊ ဧသော ဘိက္ခု - ဤရဟန်းသည်၊ သမဂ္ဂေန သံဃေန ဓမ္မေန ဝိနယေန သတ္ထုသာသနေန၊ ဥက္ခိတ္တော — နှင်ထုတ်အပ်သော ရဟန်းတည်း၊ အနာဒရော - ရိုသေ လေးစားခြင်း မရှိ၊ အပ္ပဋိကာရော - ကုစားခြင်း မရှိ၊ အကတသဟာယော - ကံကြီးကံငယ်ကိစ္စ၌ ပြုအပ်သော အပေါင်းအဖော်အဖြစ် မရှိ၊ အယျေ - အရှင်မ၊ ဧတံ ဘိက္ခုံ - ဤရဟန်းသို့၊ မာ အနုဝတ္တိ - မလိုက်ပါနှင့်၊ (ဣတိ - ဤသို့ ပြောဆိုထိုက်၏၊)

× × × × ×

**သာပဏ္ဍာ ဧဝံ ဝဒေယျ။** ။ဤ၌ "သာ" အရကား ဒေါ်ဥတ္တရာ၏ အပြစ်ကို ဖုံးထားသူ ဒေါ်ဓမ္မာတည်း။ ထို ဖုံးထားပြီးနောက်မှ "ထို ညီမဟာ (ထို အခဟာ) သည်လို ဖြစ်နေတယ်ဆိုတာ သိခဲ့ပါရဲ့၊ သို့ပေမယ့် ကိုယ်တိုင်လဲ မစောဒနာခဲ့ပါ၊ အခြား ရဟန်းမများအားလဲ မပြောခဲ့ပါ"ဟု မိမိ ဖုံးထားကြောင်းကို ဝန်ခံသောစကား ဖြစ်သည်။ ပါရာဇိကကား ဤသို့ ဝန်ခံသည့် အခါမှ ကျသည် မဟုတ်၊ ဖုံးထားမည်ဟု ဆုံးဖြတ်တုန်းကပင် ကျခဲ့ပြီ။

---

**၇။ သတ္တမ ပါရာဇိက။** ။[ဥက္ခိတ္တ- နှင်ထုတ်အပ်သော ရဟန်းသို့ + အနုဝတ္တိကာ - လိုက်သော ရဟန်းမ။] အာပတ်ကို မရှုခြင်း၊ မကုစားခြင်း၊ မိစ္ဆာအယူကို မစွန့်ခြင်းတို့တွင် တပါးပါးရှိလျှင် နှုတ်ဖြင့် အလွတ်ပြောဆို ဆုံးမ ရမည်။ ထိုသို့ ပြော၍မရသည့်အခါ သံဃာက ထိုရဟန်းကို ဥက္ခေပနီယကမ္မဝါစာဖြင့် နှင်ထုတ်နိုင်သည်။ ထိုသို့ နှင်ထုတ်ရာ၌....

**ဝေဝဇ္ဇ** - ဤသို့လျှင်၊ သာ ဘိက္ခုနီ - သည်၊ ဝါ - ကို၊ ဘိက္ခုနီဟိ - **တို့သည်**၊ ဝုစ္စမာနာ-ပြောဆိုအပ်သော်၊ တထေဝ - ထိုရှေးအတိုင်းသာ လျှင်၊ ပဂ္ဂဏှေယျ-ချီးမြှောက်အံ့၊ သာ ဘိက္ခုနီ ကို၊ **ဘိက္ခုနီဟိ**-**တို့သည်**၊ တဿ-ထို**အယူ**ကို၊ ပဋိနိဿဂ္ဂါယ - စွန့်ဘို့ရာ၊ **ယာဝ တတိယံ** - ၃ ကြိမ် **တိုင်အောင်**၊ **သမနုဘာသိတဗ္ဗာ** - ၏၊ ယာဝ တတိယံ **သမနုဘာသိယ မာနာ**၊ တံ-ထိုအယူကို၊ စေ ပဋိနိဿဇ္ဇေယျ-အကယ်၍စွန့်အံ့၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ၊ အယံပိ ဘိက္ခုနီ - လည်း၊ ဥက္ခိတ္တာ နုဝတ္တိကာ - ဥက္ခိတ္တာနုဝတ္တိကာ မည်သော၊ ပါရာဇိကာ - သည်၊ **အသံ ဝါသာ** - **သည်**၊ ဟောတိ-၏။[မြုပ်ထားအပ်သော အနက်များကို ဘိက္ခု သံဃာဒိသေသ် ဘေဒါနုဝတ္တက သိက္ခာပုဒ်အတိုင်း သိပါ။]

× × × × ×

**ဓမ္မေန ဝိနယေန**။ ။နှင်ထုတ်ထိုက်သော အကြောင်းဝတ္ထု (အာပတ် ရှိခြင်း စသော အကြောင်းက) ဟုတ်မှန်သည်ကို "ဓမ္မ"ဟု ခေါ်သည်။ ထိုသို့ ဝတ္ထုရင်းက မှန်လျှင် အပြစ်တင်သော အားဖြင့် စောဒနာရမည်။ အပြစ်ကို သတိရစေသောအားဖြင့် သာရဏာ (အောက်မေ့) စေရမည်။ ဤ စောဒနာမှု၊ သရဏာမှုကို "ဝိနယ"ဟု ခေါ်သည်။

**သတ္ထုသာသနေန**။ ။ထိုကဲ့သို့ စောဒနာသာရဏာမှုကို ပြုပြီးနောက် ဉတ်ကမ္မဝါစာကို မှန်မှန်ကန်ကန် ရွတ်ဘတ်ခြင်းသည် သတ္ထုသာသန(ဘုရား အဆုံးအမတော်အတိုင်း)ဖြစ်၏။ ထိုသို့ ဓမ္မဝိနယ သတ္ထုသာသနဖြင့် နှင်ထုတ် အပ်သူမှ ဥက္ခိတ္တအစစ် ဖြစ်သည်။

**အနာဒရံ**။ ။ထို ဥက္ခိတ္တကရဟန်းသည် ကံပြုသော သံဃာကိုဎင်း၊ ထို ကံ ပြုရာတွင် ပါဝင်သော ၂ ပါး ၃ ပါး ဂိုဏ်းကိုဎင်း၊ ပုဂ္ဂိုလ် တပါးပါးကိုဎင်း၊ ပြုအပ်သော ကံကိုဎင်း ရိုသေ လေးစားရိုး မှန်လျှင် ထိုကံမှ ကင်းလွတ်အောင် ထုံးစံအတိုင်း ကောင်းစွာကျင့်ရမည်။ (ကျင့်ရပုံကို ကမ္မက္ခန္ဓကမှာ ရှု။) ထိုကဲ့သို့ ကောင်းစွာ မကျင့်လျှင် အနာဒရ (သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်နှင့် ကံကို ဂရုမစိုက် သူ) ဖြစ်၏။

**အပ္ပဋိကာရံ**။ ။ပဋိကာရ (ကုစားခြင်း)ဟူသည် သံဃာ စသည်ကို ရိုသေ လေးစား၍ ကောင်းစွာ ကျင့်လျှင် သံဃာတွင်းသို့ ပြန်၍ ဉတ်ကမ္မဝါစာဖြင့် သွင်းခြင်းတည်း။ ထိုသို့ ဉတ်ကမ္မဝါစာဖြင့် ပြန်၍ မသွင်းရသေးသူကို "အပ္ပဋိ ကာရ"ဟု ခေါ်သည်။

**၈။ အဋ္ဌမ ပါရာဇိက** ယာပန ဘိက္ခုနီ - သည်၊ အဝဿုတာ - ကာယ သံသဂ္ဂရာဂဖြင့် စိုစွတ်သည်၊ (ဟုတွာ - ဖြစ်၍၊) အဝဿုတဿ - ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော၊ ပုရိသပုဂ္ဂလဿ - ယောကျ်ားပုဂ္ဂိုလ်၏၊ ဟတ္ထဂ္ဂဟဏံဝါ - လက်ကို ကိုင်ဆွဲခြင်းကိုလည်း၊ သာဒယေယျ - သာယာအံ့၊ သံဃာဋိကဏ္ဏဂ္ဂဟဏံဝါ - သင်္ကန်းအနားကို ကိုင်ဆွဲခြင်းကိုလည်း၊ သာဒယေယျ - အံ့၊ သန္တိဋ္ဌေယျဝါ - ဟတ္ထပါသ် ၌လည်း တည်နေအံ့၊ သလ္လပေယျဝါ-အတူတကွလည်း စကားပြောအံ့၊ သင်္ကေတံဝါ-ချိန်းချက်ရာ အရပ်သို့လည်း၊ ဂစ္ဆေယျ - သွားအံ့၊ ပုရိသဿ-ယောကျ်ား၏၊ အဗ္ဘာဂမနံဝါ-ရှေးရှုလာခြင်းကိုလည်း၊ သာဒယေယျ-အံ့၊ ဆန္နံဝါ - ဖုံးကွယ်အပ်သော အရပ်သို့လည်း၊ အနုပဝိသေယျ-ဝင်အံ့၊ တေဒတ္ထာယ-ဤ ကာယသံသဂ္ဂ အကျိုးငှာ၊ ဧတဿ အသဒ္ဓမ္မဿ-ဤ ကာယသံသဂ္ဂဟူသော မသူတော်တို့၏ တရားကို၊ ပဋိသေဝ

× × × × ×

**အာကတသဟာယံ။** ။ထိုကဲ့သို့ သံဃာတွင်းသို့ မသွင်းရသေးလျှင် ကံကြီး ကံငယ် ကိစ္စ၌ ထို ဥက္ခိတ္တကရဟန်းနှင့်အတူ မပြုရ၊ အဖော် အဘက် မလုပ်ကြရ ဟူလို။ [“သဟာယဘာဝ”ဟု ဆိုလိုလျက် ဘာဝပုဒ်ကို ချေထားသည်။]

ထိုကဲ့သို့ နှင်ထုတ်မြဲ နှင်ထုတ်အပ်သော ဥက္ခိတ္တကရဟန်းသို့ (သူ၏ အယူ ဝါဒကို ယူသောအားဖြင့်) နောက်လိုက်လုပ်သော ရဟန်းမကို အခြားရဟန်းမ တို့က (ဘေဒါနုဝတ္တကဉ် ပြခဲ့သည့်အတိုင်း)ပြောဆိုဆုံးမရမည်။ ပြောဆိုဆုံးမ၍ မရလျှင် ဉတ်ကမ္မဝါစာဖြင့် သမနုဘာသနကံ (နောက်ထပ် ဆုံးမမှု)ကို ပြုရ မည်။ ထိုသို့ ဆုံးမရာ၌ ကမ္မဝါစာ ၃ ကြိမ် မပြည့်ခင် ထိုအယူကို စွန့်လိုက်မူ ပါရာဇိက မကျသေးပေ၊ တတိယ ကမ္မဝါစာ၏ “သာ ဘာသေယျ”၌ ယျ= အက္ခရာတိုင်အောင် အယူ မစွန့်လွှတ်လျှင် ဥက္ခိတ္တာနုဝတ္တိကာ အမည်ရ၍ ပါရာ ဇိက ကျလေတော့သည်။

---

**၈။ အဋ္ဌမ ပါရာဇိက။** ။“အဋ္ဌဝတ္ထုကာ” ဟူရာ၌ ဝတ္ထုဟူသည်ကား အာပတ်သင့်ခြင်း၏ အကြောင်းတည်း။ ထို ဝတ္ထု ရှစ်မျိုးလုံးကို ကျူးလွန်မှ (ရှစ်မျိုးပြည့်မှ)ပါရာဇိကကျသည်။ ၁ မျိုး၊ ၂ မျိုးမှ စ၍ ၇ မျိုးအထိ ကျူးလွန် ရုံဖြင့်ကား အကြိမ်တရာ ကျူးလွန်သော်လည်း ပါရာဇိက မကျသေး။ ဝတ္ထု ၈ ပါး သရုပ်ကို ၁-ယောကျ်ားက လက်ဆွဲမှုကို သာယာခြင်း၊ ၂-သင်္ကန်း ဆွဲမှုကို သာယာခြင်း စသည်ဖြင့် သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ။ ထိုတွင် ....

နတ္တာယ – မှိုခြင်းအကျိုးငှာ၊ ကာယံဝါ – ကိုယ်ကိုလည်း၊ ဥပသံဟရေယျ – အနီးသို့ ဆောင်အံ့၊ အယံပိ ဘိက္ခုနီ — လည်း၊ အဋ္ဌဝတ္ထုကာ-အဋ္ဌဝတ္ထုကာ မည်သော၊ ပါရာဇိကာ - သည်၊ အသံဝါသာ - သည်၊ ဟောတိ - ဖြစ်၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ ဝါ သဒ္ဒါတို့သည် သမုစ္စည်းအနက်ရှိကြ၏။ ထို့ကြောင့် "မူလည်း"ဟု ဝိကပ် အနက်မပေးရ။ "ဥဒ္ဒိဋ္ဌာ ခေါ အယျာယော" စသော နိဂုံးနှင့် ယာဝတတိယာ နိသာ္ဒနတို့ လည်ပြီ။

× × × × ×

**၁။ ဟတ္ထဂ္ဂဟဏံ။** ။"လက်"ဟူရာ၌ တံတောင်ဆစ်မှ အဖျားဘက်ကို ယူ။ လက်မောင်းကိုင်သဖြင့် သာယာရာ၌ကား ဥဗ္ဘဇာဏုမဏ္ဍလိက ပါရာဇိကဟု ဆိုခဲ့ပြီ။ လက်ကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ ဆိုထားသည်။ ပါရာဇိကခေတ် မဟုတ်သော ပုဆစ်ဒူးဝန်းအောက်၊ ညှပ်ရိုးအထက် လည်ပင်း မျက်နှာကိုင်ခြင်းများကိုလည်း ဟတ္ထဂ္ဂဟဏအရ၌ သွင်းယူရသည်။ [၂–သံဃာဋိကဏ္ဍအရလည်း ဥပလက္ခဏနည်းပင် ဖြစ်၍ သင်္ကန်းအနားသာမက ခါးဝတ် ကေသီသင်္ကန်းကြီး၏ ထိုထို အရပ်ကိုလည်း ယူရသည်။]

**သန္တိဋ္ဌေယျစသည်။** ။၃–ကာယသံသဂ္ဂပြုချင်လာအောင် ယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်တည်နေခြင်း၊ ၄– ထို့အတူ ဟတ္ထပါသ်၌ စကားပြောခြင်း၊ ၅–"မည်သည့်နေရာသို့ လာခဲ့ပါ"ဟု ချိန်းချက်လျှင် ထိုနေရာသို့ သွားခြင်း၊ ၆–အဋ္ဌာဂမန်အရ ယောကျ်ားက ချိန်းချက်ရာသို့ လာလျှင်လည်း သာယာခြင်း၊ ၇–သစ်ပင် ချုံနွယ် အကာအရံရှိရာသို့ (ယောကျ်ား လိုက်လာအောင် ဖြစ်စေ၊ ယောကျ်ားရှိပြီးဖြစ်၍ဖြစ်စေ) ဝင်သွားခြင်း၊ ၈– ကာယသံသဂ္ဂမှုကို ပြုအောင် မိမိကိုယ်ကို ယောကျ်ားဘက်သို့ ညွတ်ပေးခြင်းများတည်း။ [တေဒတ္ထာယကိုပင် "တေသ အသဒ္ဓမ္မသ ပဋိသေဝနတ္ထာယ"ဟု ဖွင့်သည်။]

**ဆက်ဦးအံ့**—ပြခဲ့သော ဟတ္ထဂ္ဂဟဏစသည်ကို သာယာရာ၌ တမျိုးတမျိုးအတွက် တခါကျူးလွန်လျှင် ထုလ္လစ္စည်း တချက်တချက် သင့်၏။ ရှစ်မျိုးပြည့်သည့်အခါ ပါရာဇိက ကျသည်။ "ရှစ်မျိုးကျူးလွန်"ဟူရာ၌ အစဉ်အတိုင်းကျူးလွန်မှုမဟုတ်၊ တခုခြား ကျူးလွန်သည်ဖြစ်စေ၊ ၈ နံပါတ်ကစ၍ ပြောင်းပြန်ကျူးလွန်သည်ဖြစ်စေ ရှစ်မျိုးပြည့်ခြင်းသာ လိုရင်းဖြစ်သည်။

**ဒေသနာကြားရာရောက်-မရောက်။** ။ဤအဋ္ဌဝတ္ထုက ပါရာဇိက၌ ဝတ္ထုရှစ်မျိုးရှိရာ တမျိုးမျိုး ကျူးလွန်မိ၍ ထုလ္လစ္စည်း အာပတ်ကို ဒေသနာကြားရာ၌ အာယတိံ သံဝရ (နောင်ခါ ဤအမှုကို မကျူးလွန်မိအောင် စောင့်စည်းအံ့

ဟူသော)စိတ်ဖြင့် ဒေသနာကြားမှ ဒေသနာကြားရာ ရောက်၍ ထို အာပတ်မှ ထသည်။ ထိုသို့ ဒေသနာကြားပြီးနောက် ကိလေသာအလျောက် ထပ်ကျူးလွန်မိပြန်လျှင်လည်း တကယ့်ကို အာယတိံ သံဝရစိတ်ဖြင့် ဒေသနာ ကြားပြန်လျှင် အာပတ်မှ ထပြန်သည်သာ။.... ထိုသို့ ဒေသနာကြားပြီးဖြစ်လျှင် ထို အာပတ်အတွက် သန့်ရှင်းပြီး ဖြစ်ရကား အခြားဝတ္ထု ၇ မျိုးကို နောက်ထပ်ကျူးလွန်သော်လည်း အဋ္ဌဝတ္ထုက မဖြစ်သေး။ အာယတိံ သံဝရစိတ် မရှိဘဲ ဝတ်ကြေတန်းကြေ ဒေသနာ ကြားလျှင်ကား ဒေသနာကြားရာ မရောက်၊ ထို အာပတ်မှ မထ၊ နောက်ထပ် အခြား ၇ မျိုးကို ကျူးလွန်လျှင် အဋ္ဌဝတ္ထုက ဖြစ်သည်။

**မှတ်ချက်။** ။ဘိက္ခုနီတို့၏ ဤ အဋ္ဌဝတ္ထုက ပါရာဇိကနှင့် ဘိက္ခုတို့၏ ဒုတိယ ပါရာဇိကဝယ် ဆီ စသည်ကို တမတ်တန် မပြည့်အောင် အနည်းငယ်စီ ခွဲ၍ ခိုးရာ၌သာ "နောင် မပြုတော့အံ့" ဟု ဓုရနိက္ခေပ အာယတိံ သံဝရ မရှိလျှင် ဒေသနာကြားသော်လည်း ဒေသနာကြားရာ မရောက် ဟု ပရိဝါ၊အဋ္ဌကထာ (ကေကအဖွင့်)နှင့် သာရတ္ထဋီကာ၊ ဝိမတိဋီကာတို့ ဖွင့်ကြသောကြောင့် အခြား အာပတ်များကို ဒေသနာ ကြားရာ၌ကား အာယတိံ သံဝရစိတ် မရှိသော်လည်း အာပတ်မှ ထနိုင်သည် ဟု ယူကြ၏။ ဥပမာ–လူပျိုနာ စွဲကပ်သူသည် နောင်ခါ မိန်းမပေါ့နှင့် မပျော်ပါးတော့အံ့ ဟူသော စိတ် မရှိသော်လည်း အင်ဂျက်ရှင်းထိုးက မုချ ပျောက်နိုင်သကဲ့သို့ ထို့အတူ ဘုရားရှင်၏ ဒေသနာ ဆေးဖြင့် ကုစားက မုချ အာပတ်မှ လွတ်ရမည်ဟု ဆိုလိုသည်။

ဤစကားသည် သင့်မြတ်ဘွယ် ရှိ၏။ ဘာ့ကြောင့်နည်း။ သံဃာဒိသေသ အာပတ်သင့်၍ ပရိဝါသ် ဆောက်တည်ရာ၌ ပရိဝါသ်တောင်း၍ ဆောက်တည်လျှင် နောင်ခါ ရှောင်ကြဉ်မည်ဟု မကြံသော်လည်း ထိုအာပတ်မှ မုချ ထနိုင်သောကြောင့်တည်း။ "အင်ဂျက်ရှင်းထိုးတိုင်း ပျောက်သည်" ဟု ဆိုသော်လည်း အနာရွတ်တွေ ရစရာမရှိတော့သကဲ့သို့ အာပတ်တွေ များ၍ ဒေသနာ ကြားဖန်များလျှင်လည်း ထိုသူ၏ စိတ်အစဉ်မှာ ရစရာရှိတော့မည် မဟုတ်ချေ။

**နိသဂ္ဂိ မှတ်ချက်။** ။နိသဂ္ဂိယ ပါစိတ်တို့မှာကား "ဒေသနာ မကြားမီ စွန့်ခြင်း ဝိနည်းကံက ရှေးရှိရမည်"ဟု မိန့်တော်မူသောကြောင့် အနာမာသ ငွေ စသည်ကို မစွန့်ဘဲ ဒေသနာ ကြားသော်လည်း အာပတ်မှ မထနိုင်၊ ထိုသို့ အာပတ်မှ မထလျှင် ဥပုသ်ပြုသောအခါ အာပတ်နှင့်တကွ မပြုကောင်းသောကြောင့် ဥပုသ်ပြုတိုင်းလည်း ဒုက္ကဋ်အာပတ် ထပ်၍ထပ်၍ သင့်ဘွယ်ရှိ၊ ထို နိသဂ္ဂိပစ္စည်းကို သုံးစွဲတိုင်းလည်း ဒုက္ကဋ်အာပတ် ထပ်၍ သင့်ဘွယ် ရှိသောကြောင့် ရှေးဆရာများသည် နိသဂ္ဂိမထိုက်အောင် အထူး ရှောင်တော်မူခဲ့ကြပေသည်။

**ပါရာဇိကအဖွင့် ပြီးပြီ။**

# သံဃာဒိသေသ် အခန်း

[နိဒါန်း၌ "သတ္တရသ-တဆယ့်ခုနစ်ပါးကုန်သော"ဟု ဆို၊]

**ပဌမ သံဃာဒိသေသ**

ယာ ပန ဘိက္ခုနီ-သည်၊ ဂဟပတိနာဝါ-အိမ့်ရှင်ယောကျ်ားနှင့် သော်ငင်း၊ ဂဟပတိပုတ္တေန ဝါ-အိမ့်ရှင်ယောကျ်ား၏ **သားနှင့်သော်ငင်း**၊ ဒါသေန ဝါ- ကျွန်နှင့်သော်ငင်း၊ ကမ္မကာရေန ဝါ - **အလုပ်သမားနှင့်သော်ငင်း**၊ **အန္တမသော** - အောက်ထစ်ဆုံးအားဖြင့်၊ သမဏပရိဗ္ဗာဇကေနာပိ-**ရဟန်း** ပရိဗ္ဗိုဇ်နှင့်သော်ငင်း၊ ဥဿယဝါဒိကာ - **ထောင်လွှားဘိတ်**, **မာန်အမျက်ဟုန်ဖြင့်**, ငြင်းခုံသောအား, တရားတွေ့သည်၊ (ဟုတွာ - ၍၊) **ဝိဟရေယျ - နေအံ့၊** အယံ ဘိက္ခုနီ - ဤရဟန်းမသည်၊ ပဌမာပတ္တိကံ-

× × × × ×

**၁။ ပဌမ သံဃာဒိသေသ်။** ။[ ဘဏ္ဍာတိုက်ကို တရားတွေ့မှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်၍ ဤသိက္ခာပုဒ်ကို "ဥဒေါသိတသိက္ခာပုဒ်"ဟု အခြားနေရာ၌ နာမည်တပ်သည်။ ဥဒေါသိတ=ဘဏ္ဍာတိုက်။] ဘိက္ခုနီသည် ဂဟပတိစသူနှင့် တရားစ၍ တွေ့လျှင် ဒုက္ကဋ်၊ တဘက်က ခုခံ စကားပြောလျှင် ဘိက္ခုနီမှာ ထုလ္လစ္စည်း၊ တရား ဆုံးဖြတ်ပြီးလျှင် သံဃာဒိသေသ် သင့်၏။

**ဥဿယဝါဒိကာ။** ။[ဥဿယ=ဥပုဗ္ဗ, သိဓာတ်၊ အ-ပစ္စည်း၊] "ဥဿိတဒ္ဓဇော-စိုက်ထူအပ်သော တံခွန်အလံ ရှိသည်" ဟူသကဲ့သို့ ဥဿယသဒ္ဒါလည်း ထောင်လွှား တက်ကြွသော မာန ကောကို ဟော၏။ "မဟုတ်လျှင် မခံဘူး"ဟူသော မာန-ခက်ထန်သောဒေါသကို "ဥဿယ" ဟု ဆိုလိုသည်။ ဥဿယေန-ထောင်လွှားသော မာနကောဖြင့် + ဝဒတိ (ဝိဝဒတိ)-ငြင်းခုံတတ်၏။ ဣတိ-ထို့ကြောင့်၊ ဥဿယဝါဒိကာ-မည်၏။ မဟုတ်မခံ-ခက်ထန် ထောင်လွှားသော မာနကောဖြင့် ငြင်းခုံခြင်းဟူသည် "တရားတွေ့ခြင်း၊ တရားစွဲခြင်း"ပင်တည်း။ [ ရှေးဆရာတို့ကမူ "ဥဿယဝါဒိကာ-မာန်အမျက်ပွား၍ တရားတွေ့လျက်"ဟု အနက် ဆိုတော်မူကြသည်။]

**ဂဟပတိ။** ။ယခုကာလ၌ "ဂဟပတိ"အရ ပစ္စည်းဥစ္စာ ကြွယ်ဝသူကို ယူ၍ "သူကြွယ်"ဟု အနက်ပြန်လေ့ ရှိ၏။ အမှန်မှာ-တအိမ်လောက်ကို ပိုင်လျှင် "ဂဟပတိ=အိမ့်ရှင်=အိမ်ပိုင်ရှိသူ"ဟု ဆိုရ၏။ ဂဟပတိပုတ္တဖြင့် သား၊ ညီ၊ အစ်ကို စသည်ကို ယူ။ သမဏပရိဗ္ဗာဇက ဟူသည် သိတင်းသုံးဘော် ၅ ဦးမှ တပါး အခြား ရသေ့ ပရိဗ္ဗိုဇ်များတည်း။

# သံဃာဒိသေသ် အခန်း

[နိဒါန်း၌ "သတ္တရသ-တဆယ့်ခုနစ်ပါးကုန်သော"ဟု ဆို၊]

**ပထမ သံဃာဒိသေသ**

ယာ ပန ဘိက္ခုနီ - သည်၊ ဂဟပတိနာ ဝါ-အိမ်ရှင်ယောကျ်ားနှင့် သော်ငင်း၊ ဂဟပတိပုတ္တေန ဝါ-အိမ်ရှင်ယောကျ်ား၏ **သားနှင့်သော်ငင်း**၊ ဒါသေန ဝါ - ကျွန်နှင့်သော်ငင်း၊ ကမ္မကာရေန ဝါ - **အလုပ်သမားနှင့်သော်ငင်း**၊ **အန္တမသော** - အောက်ထစ်ဆုံးအားဖြင့်၊ သမဏပရိဗ္ဗာဇကေနာပိ-**ရဟန်း** ပရိဗ္ဗိုဇ်နှင့်သော်ငင်း၊ ဥဿယဝါဒိကာ - **ထောင်လွှားဘိတုံ့**, **မာန်အမျက်ဟုန်ဖြင့်**, ငြင်းခုံသောအား, တရားတွေ့သည်၊ (ဟုတွာ - ၍၊) **ဝိဟရေယျ - နေအံ့**၊ အယံ ဘိက္ခုနီ - ဤရဟန်းမသည်၊ ပထမာပတ္တိကံ-

× × × × ×

**၁။ ပထမ သံဃာဒိသေသ်။** ။[ ဘဏ္ဍာတိုက်ကို တရားတွေ့မှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်၍ ဤသိက္ခာပုဒ်ကို "ဥဒေါသိတသိက္ခာပုဒ်"ဟု အခြားနေရာ၌ နာမည်တပ်သည်။ ဥဒေါသိတ=ဘဏ္ဍာတိုက်။] ဘိက္ခုနီသည် ဂဟပတိစသူနှင့် တရားစ၍ တွေ့လျှင် ဒုက္ကဋ်၊ တဘက်က ခုခံ စကားပြောလျှင် ဘိက္ခုနီမှာ ထုလ္လစ္စဉ်း၊ တရား ဆုံးဖြတ်ပြီးလျှင် သံဃာဒိသေသ် သင့်၏။

**ဥဿယဝါဒိကာ။** ။ [ဥဿယ=ဥပုဗ္ဗ, သိဓာတ်၊ အ-ပစ္စည်း၊] "ဥဿိတဒ္ဓဇော-စိုက်ထူအပ်သော တံခွန်အလံ ရှိသည်" ဟူသကဲ့သို့ ဥဿယသဒ္ဒါ လည်း ထောင်လွှား တက်ကြွသော မာန ကောကို ဟော၏။ "မဟုတ်လျှင် မခံဘူး"ဟူသော မာန-ခက်ထန်သောဒေါသကို "ဥဿယ" ဟု ဆိုလိုသည်။ ဥဿယေန-ထောင်လွှားသော မာနကောဖြင့် + ဝဒတိ (ဝိဝဒတိ)-ငြင်းခုံတတ်၏။ ဣတိ-ထို့ကြောင့်၊ ဥဿယဝါဒိကာ-မည်၏။ မဟုတ်မခံ-ခက်ထန် ထောင်လွှားသော မာနကောဖြင့် ငြင်းခုံခြင်းဟူသည် "တရားတွေ့ခြင်း၊ တရားစွဲခြင်း"ပင်တည်း။ [ ရှေးဆရာတို့ကမူ "ဥဿယဝါဒိကာ-မာန်အမျက်ပွားး၍ တရားတွေ့လျက်"ဟု အနက် ဆိုတော်မူကြသည်။]

**ဂဟပတိ။** ။ယခုကာလ၌ "ဂဟပတိ"အရ ပစ္စည်းဥစ္စာ ကြွယ်ဝသူကို ယူ၍ "သူကြွယ်"ဟု အနက်ပြန်လေ့ ရှိ၏။ အမှန်မှာ-တအိမ်လောက်ကို ပိုင်လျှင် "ဂဟပတိ=အိမ်ရှင်=အိမ်ပိုင်ရှိသူ"ဟု ဆိုရ၏။ ဂဟပတိပုတ္တဖြင့် သား၊ ညီ၊ အစ်ကို စသည်ကို ယူ။ သမဏပရိဗ္ဗာဇက ဟူသည် သိတင်းသုံးတော် ၅ ဦးမှ တပါး အခြား ရသေ့ ပရိဗ္ဗိုဇ်များတည်း။

**၂။ ဒုတိယ** ယာ ပန ဘိက္ခုနီ - သည်၊ ဇာနံ သတ်ထိုက်**သော** ခိုးသူမဟု သိလျက်၊ ဝဇ္ဈံ - သတ်ထိုက်သော၊ ဝိဒိတံ-**သတ်ထိုက်သူ**ဟူ၍ **ထင်ရှားသော၊ စောရိံ**-ခိုးသူမကို၊ ရာဇာနံဝါ-မင်းကိုသော်၎င်း၊ **သံ**ဃံဝါ - ဘိက္ခုနီသံဃာကို သော်၎င်း၊ ဂဏံဝါ - မလ္လဂဏစသော ဂိုဏ်းကိုသော်၎င်း၊ ပူဂံဝါ - ကုသိုလ်ကောင်းမှုပြုသော အသင်းကိုသော်၎င်း၊ သေဏိံဝါ - နံ့သာကုန်သည် အထည်ကုန်သည် စသူ အပေါင်းကို **သော်၎င်း၊** အနပလောကေတွာ - မပန်ပြောဘဲ၊ ကပ္ပံ - အပ်သော **ခိုးသူမကို၊** အညတြ - ကြဉ်၍၊ ဝုဋ္ဌာပေယျ - ဥပဇ္ဈာယ်လုပ်၍ ဘိက္ခုနီ**ပြုပေး**အံ့၊ အယမ္ပိ ဘိက္ခုနီ - ဤ ရဟန်းမ သည်လည်း၊ ပဌမာပတ္တိကံ **နိဿာရဏီယံ သံ**ဃာဒိသေသံ ဓမ္မံ အာပန္နာ။

× × × × ×

**၂။ ဒုတိယ သံဃာဒိသေသ။** ။ [ စောရိဝုဋ္ဌာပန သိက္ခာပုဒ် ဟုလည်း ခေါ်၏။] ခိုးမှုတစုံတရာကို ကျူးလွန်ထားသဖြင့် သတ်ထိုက်သူမဟု ထင်ရှားသော (ကြော်ငြာထားသော) ခိုးသူမကို "သတ်ထိုက်သူမ"ဟု သိပါလျက် မင်း**စ**သူကို မတိုင်ကြားဘဲ၊ အပ်သော အခြေအနေသို့ ရောက်နေသူလည်း မဟုတ်သေးဘဲ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမှာ သံဃာဒိသေသ် အာပတ် သင့်၏။

**ရာဇာနံဝါ၊ ပေ၊ သေဏိံဝါ။** ။မင်းကိုယ်တိုင် စီမံ အုပ်ချုပ်ရာအရပ်၌ မင်းကို တိုင်ကြားရမည်။ မင်းကိုယ်တိုင် မအုပ်ချုပ်ဘဲ ဂဏ၊ ပူဂ၊ သေဏိတို့ကို အုပ်ချုပ်ဘို့ရန် လွှဲအပ်ထားသော ရွာနိဂုံးတို့၌ ထို ဂဏ၊ ပူဂ၊ သေဏိတို့ကိုပင် တိုင်ကြားရမည်။ ထိုသူတို့ကို လွှဲအပ်ထားသော အရပ် မဟုတ်လျှင်ကား ထိုသူတို့ကို တိုင်ကြားဘွယ်မလို။ မင်း စသော အုပ်ချုပ်သူကို တိုင်ကြားပြီးနောက်လည်း ဘိက္ခုနီသံဃာကို ထပ်မံ၍ ခွင့်ပန်ရဦးမည်။

**ဂဏ, ပူဂ, သေဏိ။** ။ ဤ သဒ္ဒါတို့သည် အပေါင်းအစု အသင်းအပင်းကို ဟောချင်းတူသော်လည်း ဤသိက္ခာပုဒ်၌ "မလ္လဂဏ–ဗိဿဏိုးကို ကိုးကွယ်ဆည်းကပ်သောဂိုဏ်း၊ ဘဂ္ဂိဂဏ–ကုမာရနတ် (ခန္ဓနတ်)ကို ဆည်းကပ်သော ဂိုဏ်း" စသည်ကို "ဂဏ"ဟု၎င်း၊ သာသနာတော်နှင့် သက်ဆိုင်သော ကုသိုလ်တရား ကြိုးစားသော ဆွမ်းလောင်းသင်း၊ ကထိန်သင်းစသော အသင်းအပင်းကို "ပူဂ"ဟု၎င်း၊ နံ့သာကုန်သည် အထည်ကုန်သည်စသော ကုန်သည်အပေါင်းကို "သေဏိ"ဟု၎င်း ယူပါ။

၃။ တတိယ ယာ ပန ဘိက္ခုနီ - သည်၊ ကော - တယောက်တည်း၊ ဂါမန္တရံ ဝါ - အခြား တရွာသို့မူလည်း၊ ဂစ္ဆေယျ— သွားအံ့၊ ကော - တယောက်တည်း၊ ရဒီပါရံ ဝါ မြစ်၏ တဘက်ကမ်းသို့ မူလည်း၊ ဂစ္ဆေယျ - သွားအံ့၊ ကော - တည်း၊ ရတ္တိံ ဝါ - ညဥ့်၌မူလည်း၊ ဝိပ္ပဝသေယျ - အဖော်နှင့် ခွဲနေအံ့၊ ကော - တည်း၊ ဂဏမှာ ဝါ - ဂိုဏ်းမှ မူလည်း၊ ဩဟီယေယျ-ချန်နေရစ်အံ့၊ အယမ္ပိ ဘိက္ခုနီ - ဤ ရဟန်းမ သည်လည်း၊ ပဌမာပတ္တိကံ - သော၊ နိဿာရဏီယံ - သော၊ သံဃာဒိ သေသံ - သော၊ ဓမ္မံ - သို့၊ အာပန္နာ - ရောက်၏။

× × × × ×

**အညတြကပ္ပာ။** ။"ကပ္ပာ"ဟူသည် ဘိက္ခုနီ ပြုလုပ်ပေးရန် "အပ်စပ်" သူဘည်း။ "သတ်ထိုက်သော သူခိုးမ"ဟု ထင်ရှား ကျော်ကြားပြီးနောက် တိတ္ထိတို့အထံမှာ ဖြစ်စေ၊ အခြားသော ဘိက္ခုနီတို့အထံမှာ ဖြစ်စေ ရှေးဦးစွာ ပရိဗ္ဗဇ္ဇမ၊ သာမဏေမ လုပ်ပြီးမှ မိမိအထံသို့ ရောက်လာလျှင် ဘိက္ခုနီ ပြုလုပ် ပေးရန် အပ်စပ်သူ (ကပ္ပာ) မည်၏။ ထိုသူမမျိုးကို ကြဉ်ထား၍ မိမိထံ ပထမ ရောက်လာသူအား ရာဇ စသော အုပ်ချုပ်သူကို မတိုင်ကြားဘဲ ဘိက္ခုနီ ပြုလုပ် မပေးရ ဟူလို။

**၃။ တတိယ သံဃာဒိသေသ။** ။ ["ဂါမန္တရ သိက္ခာပုဒ်၊ နဒီပါရဂမန သိက္ခာပုဒ်၊ ရတ္တိဝိပ္ပဝါသ သိက္ခာပုဒ်၊ ဂဏဩဟီယနသိက္ခာပုဒ်"ဟု အမျိုးမျိုး နာမည်ရသည်။] မိန်းမသားတို့သည် မည်သည့်နေရာ၌ မဆို အဖော်နှင့်သာ နေထိုက်သောကြောင့် ဘိက္ခုနီသည် မိမိနေရာ ရွာမှ အခြား တရွာသို့ဌင်း၊ အခြား တရွာမှ မိမိနေရာ ရွာသို့ဌင်း အဖော်မပါဘဲ သွားလာလျှင် သံဃာဒိ သေသ်အာပတ် သင့်၏။

ထို့အတူ အဖော်မပါဘဲ မြစ်ကမ်းတဘက်သို့ သွားလာလျှင်ဌင်း၊ ညဥ့် အခါ၌ မိမိအိမ်ခန်းတွင်းမှာပင် အဖော်မပါဘဲ (အဖော် ရှိစေကာမူ ၂ တောင့် ထွာကျော် ခွဲ၍) အရုဏ်တက်ချိန်တိုင်အောင် အိပ်လျှင်ဌင်း၊ မြို့ရွာ ပြင်ဘက်၌ အဖော်များနှင့် ခရီးအတူသွားစဉ် (ဒဿနူပစာ သဝနူပစာ လွန်နေအောင်) ထိုအဖော်များမှ ချန်နေရစ်လျှင်ဌင်း အသီးသီး သံဃာဒိသေသ် အာပတ် သင့်သည်။ အခြား သိဘွယ်များကိုကား အဋ္ဌကထာမှာ ရှုပါ။ ["ဂဏမှာ" အရ အဖော်တယောက်ထည်းကိုလည်း "ဂိုဏ်း"ဟု ခေါ်ရသည်။]

၄။ စတုတ္ထ ယာ ပန ဘိက္ခုနီ– သည်၊ သမဂ္ဂေန သံဃေန ဓမ္မေန ဝိနယေန သတ္ထုသာသနေ၊ ဥက္ခိတ္တံ –သော၊ (သတ္တမ ပါရာဇိကအတိုင်း အနက်ဆို။) ဘိက္ခုနိံ –ကို၊ ကာရကသံဃံ - ဥက္ခိတ္တက ကံပြုသော သံဃာကို၊ အနပလောကေတွာ – မပန်ပြောမူ၍၊ ဂဏဿ– ဥက္ခိတ္တကကံပြုသော ဘိက္ခုနီအပေါင်း၏၊ ဆန္ဒံ–ဆန္ဒကို၊ အနညာယ – မသိမူ၍၊ ဩသာရေယျ—ဩသာရဏာကံ ပြုပေးအံ့၊ အယမ္ပိ ဘိက္ခုနီ– သည်လည်း၊ ပဌမာပတ္တိကံ - ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက် ခြင်းရှိသော၊ နိဿာရဏီယံ- သော၊ သံဃာဒိသေသံ- သော၊ ဓမ္မံ — သို့၊ အာပန္နာ– ရောက်၏။

၅။ ပဉ္စမ ယာ ပန ဘိက္ခုနီ-သည်၊ အဝဿုတာ- ဆန္ဒရာဂဖြင့် စိုစွတ် သည်၊ (ဟုတွာ-၍၊) အဝဿုတဿ – ဆန္ဒရာဂဖြင့် စိုစွတ် သော၊ ပုရိသပုဂ္ဂလဿ - ၏၊ ဟတ္ထတော - လက်မှ၊ ခါဒနီယံဝါ ဘောဇနီယံဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျဝါ ဘုဥ္ဇေယျဝါ၊ အယမ္ပိ ဘိက္ခုနီ၊ ပေ၊ ဓမ္မံ အာပန္နာ။

× × × × ×

**၄။ စတုတ္ထ သံဃာဒိသေသ။** ။အာပတ်ကို မရှုခြင်းစသော အပြစ် ကြောင့် တရားနှင့်အညီ သံဃာက ဥက္ခိတ္တကကံ ပြုထားသော (နှင်ထုတ်ထား သော) ဘိက္ခုနီကို ထိုဥက္ခိတ္တကကံပြုခဲ့သော ဘိက္ခုနီသံဃာကို မတိုင်ကြားဘဲ (မတိုင်ကြားရုံတွင် မက) ထို ဥက္ခိတ္တကကံ ပြုခဲ့သော ရဟန်းမ အပေါင်း၏ ဆန္ဒကို (ဩသာရဏာကံ ပြုရာ၌ သဘောတူ–မတူကို) လည်း မသိရဘဲ ဩသာ ရဏာကံ (ဥက္ခိတ္တကကံကို ငြိမ်းစေ၍ သံဃာ့ဘောင်သို့ သွတ်သွင်းသောကံ) ပြုပေးလျှင် ခေါင်းဆောင်လုပ်၍ ပြုပေးသော ဘိက္ခုနီမှာ ဩသာရဏာ ကမ္မ ဝါစာ၏ အဆုံး၌ သံဃာဒိသေသ် အာပတ် သင့်သည်။

**၅။ ပဉ္စမ သံဃာဒိသေသ။** ။ဤ ၅ နံပါတ် သိက္ခာပုဒ်နှင့် နောက်၌ လာမည့် ၆ နံပါတ်တို့၌ "အဝဿုတ" အရ ချစ်ကြိုက်မှု ဆန္ဒရာဂ သာမညကို ယူပါ။ ထိုကဲ့သို့ ရာဂဖြင့် စိုစွတ်နေသော ဘိက္ခုနီသည် ထိုရာဂဖြင့် စိုစွတ်သော ယောကျ်ားရဲ့လက်မှ ခဲဘွယ်ကို ဖြစ်စေ၊ ဘောဇဉ်ကို ဖြစ်စေ မိမိလက်ဖြင့် ခံယူ၍ ခဲစားလျှင် သံဃာဒိသေသ်အာပတ် သင့်၏။

၆။ ဆဋ္ဌ ယာ ပန ဘိက္ခုနီ- သည်၊ ဧဝံ - ဤသို့၊ ဝဒေယျ- တိုက်တွန်း ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆိုသနည်း၊) အယျေ- အရှင်မ၊ ယတော - အကြင့်ကြောင့်၊ တွံ - အရှင်မသည်၊ အနဝဿုတာ - ဆန္ဒရာဂဖြင့် မစိုစွတ်၊ (တတော-ထို့ကြောင့်၊) ဧသော ပုရိသပုဂ္ဂလော- ဤယောကျ်ားပုဂ္ဂိုလ်သည်၊ အဝဿုတော ဝါ - ဆန္ဒရာဂဖြင့် စိုစွတ်သူ မူလည်း ဖြစ်စေ၊ အနဝဿုတော ဝါ - ဆန္ဒရာဂဖြင့် မစိုစွတ်သူမူလည်း ဖြစ်စေ၊ တေ- အရှင်မ၏ (အပေါ်၌)၊ ကိံ ကရိဿတိ - ဘာ တတ်နိုင် လတ္တံ့နည်း၊ အယျေ-အရှင်မ၊ ဣဃ - တိုက်တွန်းပါ၏၊ ဧသော ပုရိသ ပုဂ္ဂလော-သည်၊ တေ-အရှင်မအား၊ ယံ ခါဒနီယံ ဝါ- အကြင် ခဲဘွယ် ကိုသော်၎င်း၊ ယံ ဘောဇနီယံ ဝါ-ကိုသော်၎င်း၊ ဒေတိ-ပေး၏၊ တံ- ထို ခဲဘွယ်ဘောဇဉ်ကို၊ တွံ- အရှင်မသည်၊ သဟတ္ထာ ပဋိဂ္ဂဟေတွာ၊ ခါဒ ဝါ- ခဲလည်း ခဲပါလော၊ ဘုဉ္ဇ ဝါ- စားလည်း စားပါလော၊ ဣတိ- ဤသို့ တိုက်တွန်း ပြောဆိုအံ့၊ အယမ္ပိ ဘိက္ခုနီ၊ပေ၊ ဓမ္မံ အာပန္နာ။

[၇-သဥ္ဆရိတ္တ၊ ဂ- ပထမ ဒုဋ္ဌဒေါသ၊ ၉- ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာ ပုဒ်တို့ ဘိက္ခုသိက္ခာပုဒ်များနှင့် တူပြီ။]

၁၀။ ဒသမ ယာ ပန ဘိက္ခုနီ - သည်၊ ကုပိတာ - စိတ်ဆိုးသည်၊ အနတ္တမနာ-မိမိစိတ် မရှိသည်၊ (ဟုတွာ-၍၊) ဧဝံ-ဤသို့၊ ဝဒေယျ- ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆိုသနည်း၊) ဗုဒ္ဓံ - ဘုရား ကို၊ ပစ္စာစိက္ခာမိ- စွန့်ပါ၏၊ ဓမ္မံ- တရားကို၊ ပေ၊ သံဃံ- သံဃာကို၊ ပေ၊

× × × × ×

**၆။ ဆဋ္ဌ သံဃာဒိသေသ။** ။ဘိက္ခုနီသည် မိမိအား ယောကျ်ားက ပိုးပန်းသည့် သဘောဖြင့် ပေးလှူသည်ကို မခံဘဲ နေ၏။ ထို ဘိက္ခုနီကို အခြား ဘိက္ခုနီတယောက်က မြင်၍ "အရှင်မ၊ ကိုယ်ကမှ ရာဂစိတ် မရှိဘဲနှင့်ဖြင့် သူ့မှာ ရာဂစိတ် ရှိရှိ-မရှိရှိ ဘာတတ်နိုင်မှာလဲ။ သူပေးသမျှ ခဲဘွယ် ဘောဇဉ် ကို ကိုယ့်လက်ဖြင့် ယူ၍ ခဲသာ ခဲပါ၊ စားသာ စားပါ" ဟု ပြောဆိုအံ့။ ထိုကဲ့သို့ တိုက်တွန်းစကား ပြောဆိုမှု၊ တိုက်တွန်းအပ်သော ဘိက္ခုနီ၏ ခံယူမှုတို့ကြောင့် ဒုက္ကဋ်၊ တိုက်တွန်းအပ်သူ စားတိုင်း ထုလ္လစ္စည်း၊ စားပြီးသောအခါ သံဃာ ဒိသေသ် အာပတ် သင့်၏။ [ဤ သိက္ခာပုဒ်လာ အာပတ်များကား တိုက်တွန်း သော ဘိက္ခုနီမှာသင့်သော အာပတ်ချည်းတည်း။]

သိက္ခံ – သိက္ခာကို၊ ပစ္စာစိက္ခာမိ – စွန့်ပါ၏၊ ယာ သမဏိယော – အကြင် ရဟန်းမတို့သည်၊ သကျဓီတရော – သာကီဝင်မင်းသား ဘုရား၏ သမီး ဖြစ်ကြကုန်၏၊ ဣမာဝ – ဤ သကျဓီတု ဆိုသူတို့သည်သာ၊ သမဏိယော ကိန္နု–ရဟန်းမတို့တဲ့လော၊ အညာပိ–သူတို့မှတပါးလည်း ဖြစ်ကုန်သော၊ လဇ္ဇိနိယော – မကောင်းမှုမှ ရှက်တတ်ကုန်သော၊ ကုက္ကုစ္စိကာ – ကုက္ကုစ္စ ရှိကုန်သော၊ သိက္ခာကာမာ – သိက္ခာကို လိုလားကြကုန်သော၊ သမဏိ ယော – ရဟန်းမတို့သည်၊ သန္တိ – ရှိပါကုန်သေး၏၊ အဟံ – ငါသည်၊ တာသံ – ထို ရဟန်းမတို့၏၊ သန္တိကေ – အထံ၌၊ ဗြဟ္မစရိယံ-မြတ်သော အကျင့်ကို၊ စရိဿာမိ – ကျင့်အံ့၊ ဣတိ – ဤသို့ ပြောဆိုအံ့။

သာ ဘိက္ခုနီ-သည်၊ ဝါ-ကို၊ ဘိက္ခုနီဟိ – မြင်ကုန် ကြားကုန်သော ရဟန်းမတို့သည်၊ ဧဝံ – ဤသို့၊ ဝစနီယာ – ပြောဆိုထိုက်သည်၊ အဿ- ဖြစ်၏၊ (ကိံ – အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အယျေ–အရှင်မ၊ ကုပိ တာ အနတ္တမနာ (ဟုတွာ) ဗုဒ္ဓံ ပစ္စာစိက္ခာမိ ဓမ္မံ ပစ္စာစိက္ခာမိ သံဃံ ပစ္စာစိက္ခာမိ၊ ကိန္နုမာဝ သမဏိယော၊ ယာ သမဏိယော သကျ ဓီတရော၊ သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာ ကာမာ, တာသာဟံ သန္တိကေ ဗြဟ္မစရိယံ စရိဿာမီတိ – ဗုဒ္ဓံ ပစ္စာ စိက္ခာမိ၊ ပေ၊ စရိဿာမိ ဟူ၍၊ ဧဝံ – ဤသို့၊ မာ အဝစ-မပြောဆိုပါနှင့်၊ အယျေ – အရှင်မ.... အဘိရမ – မွေ့လျော်ပါလော၊ ဓမ္မော – တရား တော်ကို၊ သွာခါတော – ကောင်းစွာ ဟောတော်မူအပ်ပြီ၊ သမ္မာ— ကောင်းစွာ၊ ဒုက္ခဿ-ဝဋ်ဒုက္ခ၏၊ အန္တကိရိယာယ – အဆုံးကိုပြုခြင်းငှာ၊ ဗြဟ္မစရိယံ – မြတ်သောအကျင့်ကို၊ စရ – ကျင့်ပါလော၊ ဣတိ –ဤသို့

× × × × ×

**၁၀။ ဒသမ သံဃာဒိသေသ**။ ။ဤသိက္ခာပုဒ်၌ ပါဠိရှည်လျားသလောက် အဓိပ္ပာယ် မခက်။ ဘိက္ခုနီတယောက်သည် တကယ် သိက္ခာချလိုသောစိတ်လည်း မရှိ၊ အခြား တိတ္ထိတို့အထံ၌ ပြောင်းရွှေ့၍ တိတ္ထိလုပ်လိုသောစိတ်လည်း မရှိဘဲ စိတ်ဆိုးသည့်အတွက် "ဗုဒ္ဓ ပစ္စာစိက္ခာမိ" စသော သိက္ခာချ စကားများကို ဆိုပြီးလျှင် "သကျဓီတုဆိုသော ဤသူမတို့သာ ရဟန်းမအစစ်တို့တဲ့လား၊ သူတို့ အပြင်လဲ ကုက္ကုစ္စိကာ သိက္ခာကာမာဖြစ်ကြသော ရဟန်းမတို့ ရှိပါသေးတယ်၊ ထိုသူတို့ထံ၌ ဗြဟ္မစရိယကို ကျင့်မည်"ဟု ပြောဆိုအံ့။ ထိုသူ့ကို "သည်လို မပြောပါနှင့်"ဟု တားမြစ်ရမည်၊ ဤသို့ စသည်ဖြင့်(ဘိက္ခုသံဃာဒိသေသ်လာ

ပြောဆိုထိုက်၏၊ ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ၊ တဿ - ထိုအပြောကို၊ ပဋိနိဿဂ္ဂါယ - စွန့်ဘို့ရာ၊ ယာဝတတိယံ သမနုဘာသိတဗ္ဗာ၊ ယာဝတတိယံ စေ သမနုဘာသိယမာနာ၊ ပေ၊ ယာဝတတိယကံ - သုံးကြိမ် တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမအပ်ပြီးသည့်အဆုံး၌ သင့်ရောက်အပ်သော၊ နိဿာရဏီယံ, သံဃာဒိသေသံ, ဓမ္မံ - အာပတ်သို့၊ အာပန္နာ-ရောက်၏။

**၁၁။ ကောဒသမ** ယာ ပန ဘိက္ခုနီ - သည်၊ ကိသ္မိဉ္စိဒေဝ-တစုံတခုသောလျှင် ဖြစ်သော၊ အဓိကရဏေန - အဓိကရုဏ်း၌၊ ပစ္စာကတာ - ရှုံးသည်၊ (ဝါ - ရှုံးခြင်းကြောင့်၊) ကုပိတာ အနတ္တမနာ (ဟုတွာ) ဧဝံ ဝဒေယျ၊ (ကိံ)၊ ဘိက္ခုနိယော - တို့သည်၊ ဆန္ဒဂါမိနိယောစ - ဆန္ဒာ ဂတိသို့လည်း လိုက်ကြကုန်၏၊ ပေ၊ ဘယဂါမိနိယောစ - ဘယာ ဂတိသို့လည်း လိုက်ကြကုန်၏၊ ဣတိ - ဤသို့ ပြောဆိုအံ့၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝံ ဝစနီယာ အဿ၊ (ကိံ)၊ အယျေ - အရှင်မ၊ ကိသ္မိဉ္စိဒေဝ အဓိကရဏေ ပစ္စာကတာ ကုပိတာ အနတ္တမနာ ဟုတွာ-၍၊ ဆန္ဒဂါမိနိယောစ ဘိက္ခုနိယော၊ ပေ၊ ဘယဂါမိနိယော ဘိက္ခုနီ

× × × × ×

ယာဝ တတိယက သိက္ခာပုဒ်များအတိုင်း)စီစဉ်၍မျှ "ဗုဒ္ဓံ ပစ္စာစိက္ခာမိ"စသော အပြောကို မစွန့်လျှင် တတိယ ကမ္မဝါစာ အဆုံး၌ သံဃာဒိသေသ် အာပတ် သင့်၏။

**အမှာ**။ ။ရဟန်းယောကျ်ား ဟူသမျှကို "သကျပုတ္တ" ခေါ်သကဲ့သို့ ရဟန်းမ ဟူသမျှကိုလည်း သာကီဝင်မင်းသမီး ဟုတ်ဟုတ်-မဟုတ်ဟုတ် "သကျဓီတု"ဟု ခေါ်သည်။ [ကုက္ကုစ္စိကာ၌ ကုက္ကုစ္စဟူသည် "အပ်မှ အပ်ပါ့မလား၊ မအပ်ဘဲများ နေမလား"ဟု တွေးတော စဉ်းစားတတ်သော အကြံ၊ အချို့ အရာ၌ ဉာဏ်တည်း။ အကုသိုလ် ကုက္ကုစ္စစေတသိက် မဟုတ်။]

**၁၁။ ကောဒသမ သံဃာဒိသေသ**။ ။ဝိဝါဒါဓိကရုဏ်းစသော အဓိကရုဏ်း ၄ ပါးတွင် တပါးပါး၌ ရှုံးသည့်အတွက် စိတ်ဆိုး၍ "ဘိက္ခုနီတွေ ဆန္ဒာဂတိ လိုက်ကြသည်" စသည်ဖြင့် ပြောဆိုလျှင် မပြောဘို့ရန် တားမြစ်၊ တားမြစ်၍ မရလျှင် ဉတ်ကမ္မဝါစာဖြင့် သမနုဘာသနကံပြု၊ ကံပြုပြီးသည့် တိုင်အောင် ထိုအပြောကို မစွန့်လျှင် သံဃာဒိသေသ်အာပတ် သင့်၏။

ယောတိ-ဆန္ဒဂါမိနိယော၊ ပေ၊ ဘယဂါမိနိယောစ ဘိက္ခုနိယောဟူ၍၊ ဧဝံ-ဤသို့၊ မာ အဝစ-မဆိုပါနှင့်၊ အယျာခေါ-အရှင်မသည်သာ၊ ဆန္ဒာပိ-ချစ်ခြင်းကြောင့်လည်း၊ ဂစ္ဆေယျ—အဂတိသို့လိုက်ရာ၏၊ ဒေါသာပိ-မုန်းခြင်းကြောင့်လည်း၊ ပေ၊ မောဟာပိ – တွေဝေခြင်းကြောင့်လည်း၊ ပေ၊ ဘယာပိ - ကြောက်ခြင်းကြောင့်လည်း၊ ဂစ္ဆေယျ-ရာ၏၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏၊ ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**၁၂။ ဒွါဒသမ** ဘိက္ခုနိယော – ရဟန်းမတို့သည်၊ (ပန+ဧဝ, အနက်သီးခြား မရှိ၊) သံသဋ္ဌာ – လူတို့နှင့် ရောနှောကြကုန်သည်၊ ပါပါစာရာ – ယုတ်မာသောအကျင့် ရှိကြကုန်သည်၊ ပါပသဒ္ဒါ-ယုတ်မာသော ကျော်စောသံ ရှိကြကုန်သည်၊ ပါပသိလောကာ - ယုတ်မာသော အသက်မွေးဝမ်းကျောင်း ရှိကြကုန်သည်၊ ဘိက္ခုနီသံဃဿ—ဘိက္ခုနီသံဃာကို၊ ဝိဟေသိကာ—ညှဥ်းဆဲတတ်ကုန်သည်၊ အညမညိဿာ-တယောက်တယောက်၏၊ ဝဇ္ဇ - အချင်းချင်း၏၊ ဝဇ္ဇပဋိစ္ဆာဒိကာ—အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သည်၊ (ဟုတွာ –ဖြစ်၍၊) ဝိဟရန္တိ - နေကြ

× × × × ×

**၁၂။ ဒွါဒသမ သံဃာဒိသေသ။** ။သာသနာတော်ထမ်း ရဟန်းမတို့က ဒကာ ဒကာမအပေါ် ဆက်ဆံခြင်းမျိုးမဟုတ်ဘဲ လူ့အချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းမျိုးကဲ့သို့ ဆန်ဖွတ်ပေးခြင်း၊ ချက်ပြုတ်ပေးခြင်း၊ နံ့သာကြိတ်ပေးခြင်း၊ပန်းကုံးပေးခြင်း၊ တအိမ်မှ သတင်းစကားကို အခြားအိမ်သို့ ပို့ဆောင်ခြင်း စသည်ဖြင့် ဆက်ဆံ ရောနှောမှုကို "သံသဋ္ဌာ"ဟု ဆိုသည်။

**အာစာရ, သဒ္ဒ, သိလောက။** ။လူများကဲ့သို့ မကောင်းသော ကိုယ်ကျင့်နှုတ်ကျင့်ရှိခြင်းကို "ပါပါစာရ"ဟု ဆိုသည်။ ထိုကဲ့သို့ အကျင့် မကောင်းသည့်အလိုက် မကောင်းသတင်း ထွက်နေခြင်းကို "ပါပသဒ္ဒ"ဟု ဆိုသည်။ အသက်မွေး ချောင်ဘို့ရာ အလံရှူး ဒလံများဖြင့် ကျော်ကြားအောင် လုပ်မှုကို "ပါပသိလောက"ဟု ကြံပါ။ [သိလောကသဒ္ဒါ၏ ဟောရင်းအနက်မှာ ( ယသ ) အကျော်အစောပင်တည်း။]

**ဝိဟေသိကာ ပဋိစ္ဆာဒိကာ။** ။အပြစ်အားလျော်စွာ ထို ဘိက္ခုနီတို့အား သံဃာက နိဂ္ဂဟကံ (နှိပ်မှုကံကို) ပြုမည် ဟု စီစဉ်သောအခါ ထိုကံကို မပြုဖြစ်အောင် (ကံ အထမမြောက်အောင်) တားမြစ်သောအားဖြင့် ဘိက္ခုနီသံဃာကို ညှဥ်းဆဲမှုကို "ဝိဟေသိကာ"ဟု ဆိုသည်။ တယောက်၏ ခုဒ္ဒါနုခုဒ္ဒကအပြစ်ကို

ကုန်အံ့၊ တာ ဘိက္ခုနိယော - ထိုရဟန်းမတို့သည်၊ ဝါ - တို့ကို၊ ဘိက္ခုနီဟိ - မြင်ကုန် ကြားကုန်သောရဟန်းမတို့သည်၊ ဧဝံ-ဤသို့၊ ဝစနီယာ-ပြောဆိုထိုက်ကုန်သည်၊ အသု - ဖြစ်ကုန်၏၊ (ကိံ -အဘယ်သို့ ပြောဆိုထိုက်ကုန်သနည်း၊) ဘဂိနိယော - ညီမတို့သည်၊ ပေ၊ ဝိဟရန္တိ၊ အယျေ-အရှင်မတို့၊ ဝိဝိစ္စထ - လူတို့မှ ကင်းရှင်းကြပါကုန်၊ ဘဂိနီနံ - ညီမတို့၏၊ ဝိဝေကညေဝ - ကင်းရှင်းခြင်းကို သာလျှင်၊ သံဃော - သံဃာသည်၊ ဝဏ္ဏေတိ-ချီးမွမ်းပါ၏၊ ဣတိ-ဤသို့ ပြောဆိုထိုက်ကုန်၏၊ [“ဧဝဉ္စ တာ ဘိက္ခုနိယော”မှ စ၍ အနက်ထင်ပြီ။ “တသနှင့် တံအတွက် ထိုလူတို့နှင့် ရောနှောခြင်းစသော အပြုအမူကို”ဟုရင်း၊ “အာပန္နာ - ရောက်ကုန်၏”ဟုရင်း အနက်ဆိုပါ။]

**၁၃။ တေရသမ** ယာ ပန ဘိက္ခုနီ -သည်၊ ဧဝံ - ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆိုသနည်း၊ ) အယျေ - အရှင်မတို့၊ တုမှေ - အရှင်မတို့သည်၊ သံသဋ္ဌာဝ - လူတို့နှင့် ရောနှောကြကုန်လျက်သာလျှင်၊ ဝိဟရထ - နေကြကုန်လော၊ တုမှေ-တို့သည်၊ နာနာ-လူတို့မှ တသီးတခြားတို့သည်၊ (ဟုတွာ - ဖြစ်၍၊ ) မာ ဝိဟရိတ္ထ - မနေကြကုန်လင့်၊ သံဃေ - သံဃာ၌၊ အညာပိ-အရှင်မတို့မှ တပါးလည်းဖြစ်ကုန်သော၊ ဧဝါစာရာ-ဤသို့ အကျင့်ရှိကုန်သော

× × × × ×

အခြားတယောက်က ဖုံးထားမှုကို “ဝဇ္ဇပဋိစ္ဆာဒိကာ”ဟု ဆိုသည်။ [ ပါရာဇိကကို ဖုံးထားလျှင်ကား ဖုံးသူလည်း ပါရာဇိကပင်။] ဤကဲ့သို့ သံသဋ္ဌ စသော အပြစ်ရှိသည့် ဘိက္ခုနီများကို ထိုကဲ့သို့ မပြုကြဘို့ရန် တားမြစ်ရမည်။တားမြစ်၍ မရလျှင် သမနုဘာသနကံ ပြုရမည်။ ကံ ပြီးဆုံးသည့်တိုင်အောင် ထို အပြုအမူများကို မစွန့်ကြလျှင် သံဃာဒိသေသ်အာပတ် သင့်ကြသည်။

**၁၃။ တေရသမ သံဃာဒိသေသ။** ။ ဤ သိက္ခာပုဒ်လာ ဘိက္ခုနီကား ၁၂ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း သမနုဘာသနကံ ပြုအပ်သော ဘိက္ခုနီတို့ကို အားပေးအားမြှောက် ပြုလုပ်သူတည်း။ သူ၏ အားပေးပုံကား-အရှင်မတို့၊ လူတို့နှင့် ရောနှောလျက်သာ နေမြဲ နေကြပါ။ ဘိက္ခုနီသံဃာမှာ အရှင်မတို့လို လူတို့နှင့် ရောနှောကြ၊ ပါပသဒ္ဒ စသည် ရှိကြသော ဘိက္ခုနီတွေ အများပင် ရှိကြသည်။ ထို ဘိက္ခုနီများကိုတော့ သံဃာက မပြောဆို မတား

**ဧဝံ သဒ္ဒါ** - ဤသို့ ကျော်စောသံရှိကုန်သော၊ **ဧဝံ သိလောကာ** - ဤသို့ **အသက်မွေး** ဝမ်းကျောင်း ရှိကုန်သော၊ ဘိက္ခုနိသံဃာ ဝိဟေသိကာ **အညမညိဿာ** ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဘိက္ခုနိယော - တို့သည်၊ သန္တိ- ရှိကုန်၏၊ တာ-ထိုရဟန်းမတို့ကို၊ သံဃော - သံဃာသည်၊ ကိဉ္စိ - တစုံ တခုကိုမျှ၊ (ဝါ-ဘာကိုမျှ၊) န အာဟ-မပြောဆို၊ တုမှေဝ - အရှင်မ **တို့ကိုသာ**လျှင်၊ သံဃော-သံဃာသည်၊ ဥညာယ - နှိမ့်ချသမှု အသိ **အမှတ်** ပြုခြင်းကြောင့်၎င်း၊ ပရိဘဝေန - လွှမ်းမိုးဘွယ်ဟု မှတ်ထင်ခြင်း **ကြောင့်**၎င်း၊ အက္ခန္တိယာ - သည်းမခံနိုင်ခြင်းကြောင့်၎င်း၊ ဝေဘဿိ **ယာ-အားကောင်းသောစကား** ရှိသူတို့၏ အဖြစ်ကြောင့်၎င်း၊ ဒုဗ္ဗလျာ- **အရှင်မတို့က အားမရှိကုန်သည်၏** အဖြစ်ကြောင့်၎င်း၊ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိ သံဃာ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ, ဝိဝိစ္စထာယျေ ဝိဝေကဉ္ဇေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီတိ - ဘဂိနိယော ခေါ၊ ပေ၊ ဝဏ္ဏေတိဟူ၍၊ ဧဝံ-ဤသို့၊ အာဟ-ပြောဆိုပြီ၊ ဣတိ-ဤသို့ ပြောဆိုအံ့။ [ယာ ပန ဘိက္ခုနီ ဧဝံ ဝဒေယျဟု ပြခဲ့သော ဝဒေယျကိုပြန်၍ အုပ်သည်။ ဝဏ္ဏေတီတိ၌လည်း ဣတိတပုဒ် ကြေသည်ဟု ကြံပါ။]

× × × × ×

မြစ်ဘဲ အရှင်မတို့ကို တားမြစ်ခြင်းမှာ အရှင်မတို့ကို အောက်တန်းစားတွေ၊ ငါတို့ပြုလျှင် ဘာဘတ်နိုင်မှာလဲ၊ လွှမ်းမိုးစရာတွေ ''ဟု မှတ်ထင်ခြင်းကြောင့် ဖြစ်သည်။ အခြားသူတွေ ရောနှောနေသည်ကိုတော့ သည်းညည်းခံနိုင်ပါလျက် အရှင်မတို့ကိုမှ သည်းညည်းမခံနိုင်ခြင်း၊ 'သူတို့စကားက အားကောင်းသည် ဟု အယူရှိ၍ ရှင်မတို့ကို ခြောက်လှန့်ခြင်း၊ ရှင်မတို့က အားနည်းခြင်းကြောင့်သာ ယခုလိုပြောခြင်းကို ခံရသည်ဟု အားပေးအားမြှောက်ပြုသည်။ ထိုသို့ အားပေး အားမြှောက်ပြုသော ဘိက္ခုနီကို မြင်ကုန် ကြားကုန်သော ဘိက္ခုနီတို့က ''ဤသို့ မပြောပါနှင့်''ဟု တား၊ တားမြစ်၍မရလျှင် သမနုဘာသနကံပြု၊ ကံပြုပြီးသည့် တိုင်အောင် ထိုအပြောကို မစွန့်လျှင် သံဃာဒိသေသ်အာပတ် သင့်သည်။

**သ၃၉၉**။ ▪ဥညာယ၌ ဥသည် ဩ၏ ဝိပရိတ်တည်း။ ထိုဩကား ''နီစ= အောက်ကျနောက်ကျ''ဟူသော အနက်ကို ဟော၏။ ဥ=အောက်ကျနောက်ကျ အောက်တန်းစားဟု+ဉာယ=သိခြင်းကြောင့်၊ ပရိဘဝေန၌ ပရိဘဝ ဟူသည် ''လွှမ်းမိုးဘွယ် = လွှမ်းမိုးစရာ''ဟု အထင် ခံရခြင်းတည်း။ ဝေဘဿိယာ၌

သာ ဘိက္ခုနီ ဘိက္ခုနီပဟိ ဧဝံ ဝစနီယာ အဿ၊ (ကိ')အယျေ- အရှင်မ၊ သံသဋ္ဌာဝ အယျေ တုမှေ၊ ပေ၊ သံသဋ္ဌာဝ ဝဏ္ဏောဘိတိ – သံသဋ္ဌာဝ၊ ပေ၊ ဝဏ္ဏောဘိဟူ၍၊ ဧဝံ–ဤသို့၊ မာ အဝစ – မပြောပါလင့်၊ ဣတိ–ဤသို့ ပြောဆိုထိုက်၏၊ ["ဧဝဥ္စ သာ ဘိက္ခုနီ"မှစ၍ အနက်ထင်ပြီ။ "တံ – ထို အပြောကို" ဟု အနက်ပေး။] .... [၁၄-၁၅-၁၆-၁၇ နံပါတ် သိက္ခာပုဒ် တို့မှာ ဘိက္ခုအတိုင်းသာတည်း။]

**နိဂုံးနှင့် အနုဿာဝန**

အယျာယော–တို့၊ ပဌမာပတ္တိကာ – ကုန်သော၊ နဝ – ကိုးပါးသော အာပတ်တို့ဂုဏ်း၊ ယာဝ တတိယကာ- ကုန်သော၊ အဋ္ဌ–ရှစ်ပါးသော အာပတ်တို့ဂုဏ်း၊ (ဣတိ- သို့၊) သတ္တရသ – တဆယ့်ခုနစ်ပါးကုန်သော၊ သံဃာဒိသေသာ – မည်ကုန် သော၊ ဓမ္မာ – တို့ကို၊ ဥဒ္ဒိဋ္ဌာ – ကုန်ပြီ၊ ယေသံ – ယင်း ၁၇ ပါးသော အာပတ်တို့တွင်၊ ဘိက္ခုနီ – သည်၊ အညတရံဝါ အညတရံဝါ – တပါး ပါးသော အာပတ်သို့လည်း၊ အာပဇ္ဇတိ – ရောက်အံ့၊ တာယ ဘိက္ခုနီ ယာ – သည်၊ ဥဘတောသံဃေ – နှစ်ဘက်သော ဘိက္ခုသံဃာ ဘိက္ခုနီ သံဃာ၌၊ ပက္ခမာနတ္တံ – ပက္ခမာနတ်ကို၊ စရိတဗ္ဗံ – ကျင့်ရာ၏၊ ဘိက္ခုနီ ယာ – သည်၊ စိဏ္ဏမာနတ္တာယ – ကျင့်အပ်ပြီးသော မာနတ်ရှိလသော်၊ ယတ္ထ – အကြင်သိမ်၌၊ [ကျန်ပုဒ်များကို ဘိက္ခုအတိုင်း အနက်ပေးပါ။] ခရယာမိ-၏၊ ဣတိ-သံဃာဒိသေသ် အပြီးတည်း။

× × × × ×

ဝိ=အထူးထူး + ဘဿ=စကားရှိသည်၊ ဝိဘဿာနံ – အထူးထူး စကားရှိသူ တို့၏+ဘာဝေါ-အဖြစ်သည်၊ ဝေဘဿိယံ–မည်၏၊ အထူးထူး စကားရှိခြင်း ဟူသည် သံဃာက ပြောပိုင် ဆိုပိုင် ခြောက်လှန့်ပိုင်ခြင်းတည်း။ သံဃာမှာ ထိုသို့ အာဏာရှိသည် ဟု ဆိုလိုပါသည်။ ပါစိတျာဒိယောဇနာ၌ တမျိုးကြံလေ၏။

**နိဂုံးနှင့် ယာဝတတိယာနုဿာဝန**။ ။သံဃာဒိသေသ် ၁၇ ပါးတွင် ဘိက္ခု၊ ဘိက္ခုနီ ၂ မျိုးလုံးတို့နှင့် ဆက်ဆံသော သာဓာရဏ သိက္ခာပုဒ် ၇ ပါး၊ အသာဓာရဏသိက္ခာပုဒ် ၁၀ ပါး ပါသည်။ ဘိက္ခုတို့ သံဃာဒိသေသ် အာပတ် သင့်သောအခါကဲ့သို့ ပရိဝါသ် မနေရ၊ တပက္ခ (၁၅ ညဥ့်) ပတ်လုံး မာနတ် ကိုသာ ကျင့်ရတော့သည်။

**သံဃာဒိသေသ် ပြီးပြီ။**

# နိဿဂ္ဂိယပါစိတ် အခန်း

## (ပတ္တဝဂ်)

[ဣမေ ခေါပန အယျာယော၊ ပေ၊ အာဂစ္ဆန္တိ (အနက် လွယ်ပြီ။)]

**ပထမ နိဿဂ္ဂိယ** ယာ ပန ဘိက္ခုနီ- သည်၊ ပတ္တသန္နိစယံ -သပိတ် သိုမှီးခြင်းကို၊ ကရေယျ- ပြုအံ့၊ တဿာ ဘိက္ခုနိယာ- ထိုရဟန်းမ၏၊ နိဿဂ္ဂိယံ - စွန့်ခြင်း ဝိနည်းကံရှိသော၊ ပါစိတ္တိယံ – ပါစိတ်အာပတ်သည်၊ ဟောတိ– ၏။

ဒုတိယ နိဿဂ္ဂိယ ယာ ပန ဘိက္ခုနီ-သည်၊ အကာလ စီဝရံ-အကာလ သင်္ကန်းကို၊ ကာလ စီဝရန္တိ – ကာလသင်္ကန်း ဟူ၍၊ အဓိဋ္ဌဟိတွာ -ဆောက်တည်၍၊ ဘာဇာပေယျ— ဝေဘန်စေအံ့၊ တဿာ ဘိက္ခုနိယာ, နိဿဂ္ဂိယံ ပါစိတ္တိယံ။

× × × × ×

**ပထမ နိဿဂ္ဂိယ။** ။သပိတ်ကို အဓိဋ္ဌာန်ဝိကပ္ပနာ တခုခု မပြုဘဲထားခြင်းကို "ပတ္တသန္နိစယ = သပိတ် သိုမှီးခြင်း" ဟု ခေါ်သည်။ ဘိက္ခုတို့၌ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ သပိတ်သစ်ကို ၁၀ရက်အထိ ထားနိုင်သော်လည်း ဘိက္ခုနီတို့မှာ တည့်ဉ့်မျှ လွန်၍ မထားရ။ သပိတ်သစ်ကို ရသည့်နေ့မှာပင် (သူတပါးကို မစွန့်လျှင်) အဓိဋ္ဌာန်သော်လည်း တင်၊ ဝိကပ္ပနာသော်လည်း ပြုရမည်။ မပြုလျှင် နိဿဂ္ဂိယပါစိတ်။

**စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်။** ။ရှေးက"နိဿဂ္ဂိယံ– စွန့်ခြင်း ဝိနည်းကံ (ရှေး) ရှိသော၊ ပါစိတ္တိယံ– ပါစိတ်အာပတ်သည်၊ ဟောတိ" ဟု အနက် ပေးကြ၏။ ထိုအတိုင်း မှန်လျှင် "ရှေးဦးစွာ စွန့်ခြင်း ဝိနည်းကံပြုပြီးမှ အာပတ် သင့်ရမည်" ဟု အဓိပ္ပာယ်ရှိသောကြောင့် "ရှေး" ဟူသော စကားကို ဖြုတ်၍ "နိဿဂ္ဂိယံ – စွန့်ခြင်း ဝိနည်းကံရှိသော"ဟု အနက်ပေးရမည်။ ဤ ပါစိတ်သည် ပါစိတ်သက်သက် မဟုတ် (သုဒ္ဓပါစိတ် မဟုတ်)၊ စွန့်ခြင်း ဝိနည်းကံရှိသော (ဒေသနာ မပြောခင် စွန့်ခြင်းဝိနည်းကံကိုပြုရသော) ပါစိတ်၊ နိဿဂ္ဂိယပါစိတ် ဖြစ်သည် ဟူလို။ ကျေးဇူးရှင် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ဝါဒ။

---

**ဒုတိယ နိဿဂ္ဂိယ။** ။[ကာလ — အကာလ အခွဲကို ဘိက္ခု နိဿဂ္ဂိယ တတိယ ကထိန သိက္ခာပုဒ်၌ ပြခဲ့ပြီ။] အကာလ၌ ဖြစ်သော သံဃိကသင်္ကန်းကို (ထိုကျောင်းတိုက်၌ ဝါကျွတ်သူ၊ အခြားမှ ဝါကျွတ်လာသူ) သံဃာအားလုံး

**တတိယနိသဂ္ဂိယ** ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုနိယာ- ရဟန်းမနှင့်၊ သဒ္ဓိံ – တကွ၊ စီဝရံ – သင်္ကန်းကို၊ ပရိဝတ္တေတွာ – လဲလှယ်ပြီး၍၊ သာ – ထိုရဟန်းမသည်၊ ပစ္ဆာ — နောက်၌၊ ဧဝံ-ဤသို့၊ ဝဒေယျ - ပြောဆိုအံ့၊ (ကိံ - အဘယ်သို့ ပြောဆိုသနည်း၊) အယျေ-အရှင်မ၊ ဟန္ဒ-ရော့၊ တုယှံ-သင်၏၊ စီဝရံ-သင်္ကန်းတည်း၊ မေ-၏၊ တေံ စီဝရံ-ဤသင်္ကန်းကို၊ အာဟရ- ယူခဲ့လော၊ အယံ- အကြင် သင်္ကန်းသည်၊ တုယှံ- မူလက သင့်ဟာ ဖြစ်၏၊ တေံ - ဤသင်္ကန်းသည်၊ တုယှမေဝ – ယခုလည်း သင့်ဟာပင်တည်း၊ ယံ - အကြင်သင်္ကန်းသည်၊ မယှံ - မူလက ငါ့ဟာ ဖြစ်၏၊ တေံ– ဤသင်္ကန်းသည်၊ မယှမေဝ- ယခုလည်း ငါ့ဟာ

× × × × ×

ဝေဘန်ရ၏။ ကာလအတွင်း၌ ဖြစ်သော သံဃိက သင်္ကန်းကိုကား ထိုကျောင်းတိုက်၌ ဝါကျွတ်သော သံဃာများသာ ဝေဘန်ရသည်။ ထို့ပြင် သင်္ကန်းကာလအတွင်းမှာပင် သံဃိက မဟုတ်ဘဲ "သုတ္တန်ဆောင်ဂိုဏ်းအား လှူပါ၏" စသည်ဖြင့် ဂိုဏ်းအား လှူလျှင်ငှင်း၊ ပုဂ္ဂိုလ်တပါးပါးအား လှူလျှင်ငှင်း အကာလသင်္ကန်းပင်တည်း။ ဒါယကာ ရည်ရွယ်အပ်သူတို့သာ ရခွင့်ရှိသည်။

ထိုကဲ့သို့ အကာလသင်္ကန်းကို ကာလသင်္ကန်းဟု မှတ်ဓ္ဌာန်၍ ဤကျောင်းတိုက်၌ ပုရိမဝါကျွတ်သော ဘိက္ခုနီသံဃာချည်းသာ ဝေဘန်ယူလျှင် ဤ သိက္ခာပုဒ်အရ ဝေဘန်ခိုင်းသော ဘိက္ခုနီမှာ ထိုရရှိသောသင်္ကန်းသည် နိသဂ္ဂိ ထိုက်၏။ ဝိနည်းထုံးစံအတိုင်း စွန့်ပြီးသည့်အခါ ထိုသင်္ကန်းကို ဒါယကာတို့ မူလ ရည်စူးသောနေရာ၌ ပြန်ပေးရမည်။ ဒါယကာက သမ္မုခီဘူတသံဃာကို ရည်ရွယ်လျှင် မျက်မှောက်ရှိသမျှသော သမ္မုခီဘူတသံဃာက ဝေဘန်၍ ယူ၊ ဂိုဏ်းကို ရည်ရွယ်လျှင် ဂိုဏ်းကို ပြန်ပေး၊ ပုဂ္ဂိုလ်ကို ရည်ရွယ်လျှင် ပုဂ္ဂိုလ်ကို ပြန်ပေးပါ ဟူလို။

**မှတ်ချက်။** ။"သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့် အတွင်း၌ (သင်္ကန်းကာလ ဖြစ်သော်လည်း) သံဃာကို မရည်စူးဘဲ ပုဂ္ဂိုလ်ကိုငှင်း၊ ဂိုဏ်းကိုငှင်း ရည်စူးလှူလျှင် "ကာလစီဝရ = သံဃိကသင်္ကန်း" မဟုတ်ဟု ဆိုသောကြောင့် ယခုကာလ ကထိန်သင်္ကန်း လှူရာ၌ ဆရာတော်ကြီး စသော ပုဂ္ဂိုလ်ကို ရည်မှန်းရိုးမှန်လျှင် "ကာလစီဝရ သံဃိက" မမြောက်၊ သံဃိကမမြောက်လျှင် "ဣဒံ ကထိနစီဝရံ သံဃဿ ဒေမ္မ" ဟူသော ဥတ်နှင့် မထပ်မိရကား ကထိန်အစစ် မဖြစ်နိုင်။ ထိုကဲ့သို့ ကထိန်တုများ အတွက် ကထိန်အာနိသင် မရသဖြင့် သင်္ကန်းများကို အဓိဋ္ဌာန် ဝိကပ္ပနာ သင့်ရာတခုခု ပြုမြဲ ပြုစေသင့်သည်။

ပင်တည်း၊ မေ - ငါ၏၊ တေံ စီဝရံ - ဤသင်္ကန်းကို၊ အာဟရ-ယူခဲ့လော၊ သကံ - မိမိဥစ္စာကို၊ ပစ္စာဟာရ - ပြန်ယူလော၊ ဣတိ-ဤသို့ ပြောဆိုအံ့၊ ဣတိ - ဤသို့ ပြောဆို၍၊ (ဣတိတပုဒ် အကြေကြံ၊) အစ္ဆိန္ဒေယျဝါ - ကိုယ်တိုင်မူလည်း လုယူအံ့၊ အစ္ဆိန္ဒာပေယျဝါ - သူတပါးကို မူလည်း လုယူစေအံ့၊ တဿာ ဘိက္ခုနိယာ - ထိုရဟန်းမ၏၊ ဝါ - သည်၊ တံ-ထို ဝတ္ထုကို၊ နိသဂ္ဂိယံ - စွန့်အပ် စွန့်ထိုက်၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်လည်း၊ ဟောတိ-ဖြစ်၏။ [ဤသို့လည်း တနည်းပေးပါ။]

**စတုတ္ထ** ယာ ပန ဘိက္ခုနီ - သည်၊ အညံ - တပါးသော ထောပတ်စသည်ကို၊ ဝိညာပေတွာ - တောင်းပြီး၍၊ အညံ - တပါးသော ဆီစသည်ကို၊ ဝိညာပေယျ - တောင်းပြန်အံ့၊ တဿာ ဘိက္ခုနိယာ နိသဂ္ဂိယံ ပါစိတ္တိယံ။

× × × × ×

**တတိယ နိသဂ္ဂိယ။** ။[မေတံကို မေ+တေံဟု ပုဒ်ဖြတ်၊] ဘိက္ခုနီသည် အခြားဘိက္ခုနီနှင့် သဘောတူ သင်္ကန်းချင်းလဲပြီးနောက် မိမိသင်္ကန်းကို ပြန်လိုချင်၍ "ရော့ သင့်သင်္ကန်း၊ သင့်ဟာ သင့်ဟာဘဲ၊ ငါ့ဟာလဲ ငါ့ဟာဘဲ၊ ငါ့သင်္ကန်းကို ယူခဲ့၊ သင့် သင်္ကန်းကို ပြန်ယူ"ဟု ပြောဆို၍ လုယူလျှင်၊ သို့မဟုတ် လုယူခိုင်းလျှင် (သကသညာ=ကိုယ့်ဟာအမှတ်ဖြင့် ယူခြင်းကြောင့်) ထို ပြန်ရအပ်သော သင်္ကန်းသည် နိသဂ္ဂိထိုက်၏။ သူပိုင်မှန်းသိလျက် အတင်း ယူလျှင်ကား တန်ဘိုးလိုက်၍ ပါရာဇိကအထိ ဆုံးဖြတ်ခွင့်ရှိသည်။

**စတုတ္ထ နိသဂ္ဂိယ။** ။ဝိညာပေတွာ၌ "မိမိအလိုရှိကြောင်းကို သိစေခြင်း၊ တောင်းခြင်း"ဟု ၂ နက် သင့်၏။ ထို့ကြောင့်"ဝိညာပေတွာတိ ဇာနာပေတွာ" ဟုငြင်း၊ "ဣဒံ နာမ အာဟရာတိ ယာစိတွာဝါ"ဟုငြင်း ၂ နည်း ဖွင့်သည်။

**ဆက်ဦးအံ့။** ။မကျန်းမာသော ဘိက္ခုနီကို ဒါယကာက ဖြစ်စေ၊ ဒါယိကာမကဖြစ်စေ "ဘာ အလိုရှိပါသနည်း"ဟု မေးလာလျှင်ငြင်း၊ မမေးဘဲငြင်း အမှန် လိုနေသောဆေးနှင့် ခါတ်စာများကို တောင်းကောင်း၏။ ထိုသို့ တောင်းရာ၌ ပထမက "ထောပတ်ကို အလိုရှိသည်"ဟု တောင်းပြီးမှ ထောပတ် အလှူလာသောအခါ ၂ မျိုးလုံး ရလိမ့်မည် အထင်နှင့် "ထောပတ်ကို မလိုချင်တော့ဘူး၊ ဆီကို လိုချင်သည်"ဟု တောင်းပြန်လျှင် ဒုတိယတောင်းမှုကြောင့် ဒုက္ကဋ်သင့်၏။ တောင်းအပ်သော ဝတ္ထုလည်း ရလျှင် နိသဂ္ဂိထိုက်သည်။

**ပဥ္စမ** ယာ ပန ဘိက္ခုနီ - သည်၊ အညံ - တပါးသော ဆီ စသည်ကို၊ စေတာပေတွာ - လဲလှယ်စေပြီး၍၊ အညံ - တပါးသော ထောပတ် စသည်ကို၊ စေတာပေယျ - လဲလှယ်စေပြန်အံ့၊ တဿာ ဘိက္ခုနိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**ဆဋ္ဌမ** ယာ ပန ဘိက္ခုနီ - သည်၊ အညဒတ္ထိကေန - အခြား ပစ္စည်းအလို့ငှာ လှူအပ်သော၊ အညုဒ္ဒိသိကေန - အခြားပစ္စည်းကို ညွှန်ပြ၍ လှူအပ်သော၊ သံဃိကေန - သံဃာအား စွန့်လှူအပ်သော၊ ပရိက္ခာရေန - ပရိက္ခရာဖြင့်၊ အညံ - ညွှန်ပြအပ်သော ပစ္စည်းမှ တပါး အခြား ပစ္စည်းကို၊ စေတာပေယျ - လဲလှယ်စေအံ့၊ တဿာ ဘိက္ခုနိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ။

× × × × ×

**ပဉ္စမ နိဿဂ္ဂိယ။** ။မိမိ၏ သက်န်း အစရှိသော ကပ္ပိယဝတ္ထုဖြင့်၊ သို့မဟုတ် မိမိအတွက် ကပ္ပိယထံ အပ်သောနည်းဖြင့် ထားအပ်သောငွေဖြင့် ဆီ စသော အလိုရှိရာ ဝတ္ထုကို တယောက်ယောက်အား အလဲ (အဝယ်) ခိုင်းပြီးနောက် ယူလာသည့်အခါ နောက်တမျိုးကို သဘောသာ ဝယ်လှူလိမ့်မည် အထင်နှင့် "ဆီကို မလိုချင်တော့ဘူး၊ ထောပတ်ကို လိုချင်သည်" ဟု အလဲ (အဝယ်) ခိုင်းပြန်လျှင် မူလ လဲခဲ့သောဆီဖြင့် ထပ်၍ လဲပေးသည်ဖြစ်စေ၊ အခြားဝတ္ထုဖြင့် ဝယ်ပေးသည် ဖြစ်စေ နောက်ထပ် ရလျှင် နိဿဂ္ဂိထိုက်၍ ပါစိတ်အာပတ်။[**အညံ စေတာပေတွာတိ**–အတ္တနော ကပ္ပိယ ဘဏ္ဍေန (မိမိ၏ အပ်သော ဘဏ္ဍာဖြင့်) ဣဒံနာမ အာဟရာတိ အညံ ပရိဝတ္တာပေတွာ၊ ကင်္ခါ။]

**ဆဋ္ဌမ နိဿဂ္ဂိယ။** ။ဒကာ တဦးက ဖြစ်စေ၊ အများ စုပေါင်း၍ ဖြစ်စေ ဘိက္ခုနီသံဃာအား "ဤဆန်ဖြင့် သင်္ကန်း လဲ၍ သုံးဆောင်ကြပါ" စသည်ဖြင့် လျှောက်ပြီးလျှင် အပ်စပ်သော ပရိက္ခရာ တမျိုးမျိုးကို တယောက်ယောက်ထံ အပ်နှံ လှူထားခဲ့အံ့။ ထို ပရိက္ခရာဖြင့် ထိုအလှူရှင်တို့ ညွှန်ပြအပ်သော ပစ္စည်းမှ တပါး အခြားပစ္စည်းကို အလဲခိုင်းမှု (ဥပမာ – သင်္ကန်းကို လဲလှယ်၍ သုံးဆောင်ပါဟု လျှောက်၍ အပ်နှံထားခဲ့သော ဆန်ဖြင့် ဆေးကို အလဲခိုင်းမှု) ခိုင်းခြင်း ပယောဂကြောင့် ဒုက္ကဋ်။ ခိုင်းအပ်သောပစ္စည်း ရလျှင် နိဿဂ္ဂိယပါစိတ် သင့်၏။ ပစ္စည်းကို စွန့်ပြီးလျှင် ဒကာတို့ မူလညွှန်ပြသော ပစ္စည်းကိုသာ ထပ်မံ လဲလှယ်၍ သုံးဆောင်ရမည်။

သတ္တမ ယာ ပန ဘိက္ခုနီ - သည်၊ အညဒတ္ထိကေန - သော၊ အညုဒ္ဒိသိကေန - သော၊ သံဃိကေန - သံဃာအား စွန့်လှူအပ်သည်လည်း ဖြစ်သော၊ သံယာစိကေန - ကိုယ်တိုင် တောင်းအပ်သည်လည်း ဖြစ်သော၊ ပရိက္ခာရေန - ပရိက္ခရာ ၂ မျိုးဖြင့်၊ အညံ - ညွှန်ပြအပ်သော ပစ္စည်းမှတပါး အခြားပစ္စည်းကို၊ စေတာပေယျ - အံ့၊ တဿာ ဘိက္ခုနိယာ - ၏၊ ပေ၊ ပါစိတ္တိယံ။

×          ×          ×          ×          ×

**သတ္တမ နိဿဂ္ဂိယ**။ ။ဤသိက္ခာပုဒ်၌ကား ဒါယကာတို့ အပ်နှံထားသော ပရိက္ခရာ၊ မိမိကိုယ်တိုင် တောင်း၍ရအပ်သော ပရိက္ခရာ၊ ဤ ၂ မျိုးဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတပါး အခြားပစ္စည်းကို အလဲခိုင်းခြင်းသာ ထူး၏။

**အညဒတ္ထိက**။ ။အညဿ-အခြားပစ္စည်း၏ (လဲအပ်သောပစ္စည်းမှတပါး အခြားပစ္စည်း၏)၊ အတ္ထာ-အကျိုးသည်၊ အညဒတ္ထော-မည်၏။ (ဒ-ကား အာဂုံ)၊ အညဒတ္ထာယ-အခြား ပစ္စည်းအကျိုးငှာ၊ ဒိန္နော-စွန့်လှူအပ်သော ပရိက္ခရာသည်၊ အညဒတ္ထိကော-မည်၏။

**အညုဒ္ဒိသိက**။ ။အညံ-လဲစေအပ်သော ပစ္စည်းမှတပါး အခြားပစ္စည်းကို၊ ဥဒ္ဒိသိတွာ-ညွှန်ပြ၍ (မည်သည့်ပစ္စည်းကို လဲစေ၍ သုံးဆောင်ပါ ဟု ပစ္စည်းတခုခုကို တိုက်ရိုက်ညွှန်ပြ၍)၊ ဒိန္နော - လှူအပ်သော ပရိက္ခရာသည်၊ အညုဒ္ဒိသိကော-မည်၏။ [ "အညုဒ္ဒိဿိကေန"ဟု သ ဒွေးဘော်နှင့် ရှိလျှင် "အညံ+ဥဒ္ဒိဿ+ဒိန္နော"ဟု ဝိဂ္ဂဟပြုရသဖြင့် သာ၍ကောင်း၏။]

**သံဃိကေန သံယာစိကေန**။ ။သိက္ခာပုဒ်တပါးတည်း၌ ၂ ပုဒ်ဆိုထားသောကြောင့် သံဃိက ပရိက္ခရာနှင့် သံယာစိက ပရိက္ခရာကို တမျိုးတည်း ဟု ထင်မှတ်ဘွယ်ရှိ၏။ သို့သော် "သံယာစိကေနာတိ သယံ ယာစိတကေနာပိ - ကိုယ်တိုင် တောင်းအပ်သည်လည်း ဖြစ်သော"ဟု သမန္တပါသာဒိကာ အဋ္ဌကထာ အပိသဒ္ဒါနှင့် ဖွင့်သောကြောင့်၎င်း၊ ပါဠိတော်၌ "သယံပိ ယာစိတွာ = ကိုယ်တိုင်လည်း တောင်း၍"ဟု ဖွင့်သောကြောင့်၎င်း၊ ဒါယကာတို့ မူလ လှူအပ်သော သံဃိက ပရိက္ခရာက တမျိုး၊ မိမိဘာသာ တောင်းယူအပ်သော ပရိက္ခရာက တမျိုး၊ ဤ ပရိက္ခရာ ၂ မျိုးဖြင့် လဲစေသည် ဟု မှတ်ပါ။

**ပရိက္ခာရေန**။ ။ရဟန်းတို့အား အပ်သောပစ္စည်းအားလုံးကို "ပရိက္ခာရေန"ဟု ဆိုလိုသည်။ "လှူ"ဟူရာ၌လည်း တိုက်ရိုက်လှူရုံသာမက တယောက်ယောက်အထံ အပ်နှံ၍ တောင်းခံဘို့ ပျောက်ထားလျှင်လည်း "အလှူ"ပင်။

အဋ္ဌမ ယာ ပန ဘိက္ခုနီ – သည်၊ အညာတိကေန – သော၊ အညာတိ သိကေန – သော၊ မဟာဇနိကေန – ရဟန်းမ အများအား စွန့်လှူအပ်သော၊ ပရိက္ခာရေန – ဖြင့်၊ အညံ – ကို၊ စေတာပေယျ – အံ့၊ ပေ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ – သည်၊ အညာတိကေန အညာတိသိကေန၊ မဟာဇနိကေန – ရဟန်းမ အများအား စွန့်လှူအပ်သည် လည်း ဖြစ်သော၊ သံယာစိကေန – ကိုယ်တိုင်တောင်းအပ်သည်လည်း ဖြစ်သော၊ ပရိက္ခာရေန – ပရိက္ခရာ ၂ မျိုးဖြင့်၊ အညံ – ကို၊ စေတာပေယျ- အံ့၊ ပေ၊ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ အညာတိကေန အညာတိသိကေန၊ ပုဂ္ဂလိ ကေန – ပုဂ္ဂိုလ်တပါးအား စွန့်လှူအပ်သည်လည်းဖြစ်သော၊ သံယာစိကေန – ကိုယ်တိုင်တောင်းအပ်သည်လည်းဖြစ်သော၊ ပရိက္ခာရေ န – ပရိက္ခရာ ၂ မျိုးဖြင့်၊ ပေ၊ ပါစိတ္တိယံ။

ပထမော-သော၊ ပတ္တဝဂ္ဂေါ-ပတ္တဝဂ်တည်း။

× × × × ×

**အဋ္ဌမ**။ ။မဟာဇနိကေနဉ္စ မဟာဇနအရ ဘိက္ခုနီအများကို ဆိုလိုသည်။ ဘိက္ခုနီအများ ဟူသည်လည်း သံဃာကုန်မဟုတ်သော သုတ္တန်ဆောင်ဂိုဏ်း စသော ဘိက္ခုနီဂိုဏ်းတည်း။ မဟာဇနဿ–ဘိက္ခုနီဟူသော များစွာသော လူ အပေါင်းအား+ပရိစ္စတ္တော–စွန့်လှူအပ်သော ပရိက္ခရာတည်း။ မဟာဇနိကော- များစွာသော ဘိက္ခုနီအပေါင်းအား စွန့်လှူအပ်သောပရိက္ခရာ။ [သံဃာအား လှူအပ်သည်မဟုတ်ဘဲ သုတ္တန်ဆောင်ဂိုဏ်း စသော ဘိက္ခုနီအများအား လှူ အပ်သော ပရိက္ခရာဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတပါး အခြား ပစ္စည်းကို လဲစေလျှင် ရသောအခါ နိဿဂ္ဂိထိုက်သည်။]

**နဝမ**။ ။ဂိုဏ်းအား လှူအပ်သော ပရိက္ခရာ၊ မိမိကိုယ်တိုင် တောင်းအပ် သော ပရိက္ခရာ၊ဤ ၂ မျိုးဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတပါး တခြားပစ္စည်းကို လဲစေခြင်းတည်း။

**ဒသမ**။ ။သံဃာနှင့် ဂိုဏ်းအား လှူခြင်းမဟုတ်၊ မိမိတပါးတည်းအား လှူအပ်သောပရိက္ခရာ၊ မိမိကိုယ်တိုင် တောင်းအပ်သောပရိက္ခရာ၊ဤ ၂ မျိုးဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတပါး အခြားပစ္စည်းကို လဲစေခြင်းတည်း။

## စီဝရဝဂ်

**ပဌမ** ဂရုပါဝုရဏံ – လေးသော ခြုံထည်ကို၊ စေတာပေန္တိယာ- တောင်းသော၊ ဘိက္ခုနိယာ – သည်၊ စတုက္ကံသ ပရမံ- အလွန်ဆုံး လေးကံသ တန်ဘိုး ရှိသော ခြုံထည်ကို၊ ဝါ – တဆယ့် ခြောက်ကျပ် တန်ဘိုးရှိသော ခြုံထည်ကို၊ စေတာပေတဗ္ဗံ- တောင်းအပ် တောင်းနိုင်၏၊ တတော–ထို တဆယ့်ခြောက်ကျပ်တန်ခြုံထည်ထက်၊ဥတ္တရိ- အလွန်၊ စေ စေတာပေယျ-အကယ်၍ တောင်းအံ့၊ တဿ ဘိက္ခုနိယာ– ၏၊ ဝါ- သည်၊ တံ-ထို ခြုံထည်ကို၊ နိသဂ္ဂိယံ- စွန့်အပ် စွန့်ထိုက်၏၊ ပါ စိတ္တိယံ- ပါစိတ်အာပတ်သည်လည်း၊ ဟောတိ- ဖြစ်၏။

**ဒုတိယ** လဟုပါဝုရဏံ – ပေါ့သော ခြုံထည်ကို၊ စေတာပေန္တိယာ, ဘိက္ခုနိယာ – သည်၊ အဍ္ဎတေယျကံသပရမံ- အလွန်ဆုံး ၂ ကံသခွဲ တန်ဘိုးရှိသော ခြုံထည်ကို၊ ဝါ - အလွန်ဆုံး တဆယ်ဘိုး ရှိသော ခြုံထည်ကို၊ စေတာပေတဗ္ဗံ-၏၊ တတော–ထို ၂ကံသခွဲ တန်ဘိုး ရှိသော ခြုံထည်ထက်၊ ပေ၊ ပါစိတ္တိယံ။

× × × × ×

**ပဌမ၊ ဒုတိယ။** ။ဂရုပါဝုရဏဟူသည် ဆောင်း စသော အေးသော အခါဝယ် ခြုံရန်ဖြစ်သော ခြုံထည်တည်း။ ၄ ကျပ် "တကံသ" ဖြစ်၍ စတုက္ကံသ ဟူသည် ၁၆ ကျပ်တည်း။ ထို့ကြောင့် သီတင်းသုံးတော် ၅ ယောက်လည်း မဟုတ်၊ မူလ ဉာတိပဝါရိတလည်း မဟုတ်ဘဲ တရားနာရခြင်း စသော ဂုဏ် ကြောင့် "အလိုရှိရာ တောင်းပါ"ဟု ယခုမှ လျှောက်သောသူအား ဂရုပါဝုရဏ ကို တောင်းလျှင် အလွန်ဆုံး ၁၆ ကျပ်တန်သာ တောင်းရမည်။ ပူအိုက်သော အခါ ခြုံရန်ဖြစ်သော လဟုပါဝုရဏကို တောင်းလျှင် အလွန်ဆုံး ၁၀ တန်သာ တောင်းရမည်။ ထို့ထက် တန်ဘိုးများလျှင် နိသဂ္ဂိထိုက်သည်။

**အမှာ။** ။ဤမှ နောက်၌ ဤဝဂ်လာ သိက္ခာပုဒ် ၈ ပါး၊ တတိယဝဂ်လာ သိက္ခာပုဒ် ၁၀ ပါးတို့ကား ဘိက္ခုပါတိမောက်နှင့် တူပြီ။ ပါဠိစာအုပ်များ၌ "ပတ္တဝဂ္ဂေါ တတိယော"ဟု တွေ့ရ၏။ ပဌမဝဂ်နှင့် နာမည်ချင်း ထပ်နေသော ကြောင့် တတိယဝဂ် ဟုသာ ဆိုသင့်၏။ "ဥဒ္ဒိဋ္ဌာ ခေါ" စသော နိဂုံးလည်း လွယ်ပြီ။

**နိသဂ္ဂိယပါစိတ် ပြီးပြီ။**

## သုဒ္ဓပါစိတ် အခန်း
## ( လသုနဝဂ် )

[ "ဣမေ ခေါ ပနာယျာယော" စသော နိဒါန်းကား လွယ်ပြီ။
"ဆ သင္ဒိသတာ-တရာ့ခြောက်ဆယ့် ခြောက်ပါး ရှိကုန်သော"ဟု ဆို။]

ပဌမ ယာ ပန ဘိက္ခုနီ -သည်၊ လသုနံ -ကြက်သွန်ဖြူ အစိမ်းကို၊ ခါဒေယျ- ခဲစားအံ့၊ တဿာ ဘိက္ခုနိယာ-ထို ရဟန်းမ၏၊ ပါစိတ္တိယံ- ပါစိတ်အာပတ်သည်၊ ဟောတိ- ဖြစ်၏။

ဒုတိယ ယာ ပန ဘိက္ခုနီ-သည်၊ သမ္ဗာဓေ-ကျဉ်းမြောင်းသော အရပ်၌၊ လောမံ-အမွေးကို၊ သံဟရာပေယျ-ပယ်ရှားစေအံ့၊တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ပဌမ**။ ။["လသုနသိက္ခာပုဒ်"ဟုလည်း နာမည်ရှိ၏။] ကြက်သွန်ဖြူကို ခဲစားရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်။ ဘိက္ခုတို့စားလျှင် ဒုက္ကဋ်။ ရောဂါ ရှိ၍ ခတ်စာသဘောဖြင့်ကား စားကောင်း၏ဟု ခုဒ္ဒကဝတ္ထုခန္ဓကဌ် မိန့်တော်မူသည်။ "ကြက်သွန်ဖြူ" ဟူရာ၌ မဂဓတိုင်း၌ဖြစ်သော အမြွှာင့်များစွာ ပါသော ကြက်သွန်ဖြူမျိုးကို ဆိုလိုသည်။ ၁-မြွှာင့်၊ ၂-၃-မြွှာင့်လောက်မျှ ပါသော ကြက်သွန်ဖြူမျိုးကို မဆိုလို။

**အနာပတ္တိ**။ ။ထို ကြက်သွန်ဖြူမျိုးကိုလည်း ဟင်း၊ လက်သုပ် စသည်၌ ထည့်ခတ်ခြင်း မဟုတ်ဘဲ အစိမ်းသက်သက် စားမှ အာပတ်သင့်သည်။ ဟင်း စသည်၌ ပါမူ အနာပတ္တိ။ "ပလဏ္ဍုက" ခေါ် တမြွှာင့်ထည်း ရှိသော ကြက်သွန်ဝါ၊ "ဘဉ္ဇနက" ခေါ် ၂ မြွှာင့်ရှိသော ကြက်သွန်နီ၊ "ဟရိတက" ခေါ် ၃ မြွှာင့်ရှိသော ကြက်သွန်စိမ်း၊ "စာပ"ခေါ် အမြွှာင့် လုံးဝမရှိသော ကြက်သွန်မြိတ်တို့ကိုကား သူ့ချည်းစားသော်လည်း အနာပတ္တိ။

**ဒုတိယ**။ ။"သမ္ဗာဓေ-ကျဉ်းမြောင်းသောအရပ်" ဟူသည် "ချိုင်း (ဂျိုင်း) ကြား" ခေါ်သော လက်ကတီးကြားနှင့် မုတ္တကရဏ (ကျင်ငယ်စွန့်သော ပေါင်ကြား) အရပ်တည်း။ ထိုအရပ်ရှိ အမွေးအမင်တို့ကို ကတ်ကြေး၊ မွေးညှပ်၊ သင်ဓုန်း စသည်တို့ဖြင့် မဖြတ် မနုတ် မရိတ်ကောင်း၊ ဘိက္ခုနီတို့မှာ ပါစိတ်၊ "ဘိက္ခုတို့မှာ ဒုက္ကဋ်"ဟု စူဠဝဂ္ဂ ခုဒ္ဒကဝတ္ထုခန္ဓကဌ် ပညတ်တော်မူသည်။

**တတိယ** (ဘိက္ခုနီယာ - ရဟန်းမ၏) တလဃာတကေ-ပဿာဝမဂ်အပြင်ကို ပုတ်ခတ်ခြင်းကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ - ဖြစ်၏။

**စတုတ္ထ** (ဘိက္ခုနီယာ-၏၊) ဇတုမဋ္ဌကေ-ပြေပြစ်သော ချိပ်တောင့်ကို ပဿာဝမဂ်သို့ သွင်းခြင်းကြောင့် ပါစိတ္တိယံ။

**ပဉ္စမ** ဉဒကသုဒ္ဓိကံ - ရေဖြင့် စင်ကြယ်အောင်ပုံခြင်းကို၊ အာဒိယမာနာယ - ယူသော၊ ဘိက္ခုနိယာ - သည်၊ ဒွင်္ဂုလပဗ္ဗ ပရမံ—လက် ၂ ချောင်း၏ လက် ၂ ဆစ်အလွန် အတိုင်းအရှည်ရှိသော အရပ်ကို၊ အာဒါတဗ္ဗံ - ယူအပ် ယူနိုင်၏၊ ဝါ - သွင်းအပ် သွင်းနိုင်၏၊ တံ-ထိုလက် ၂ ချောင်း၏ လက် ၂ ဆစ် ပမာဏကို၊ အတိက္ကာမေန္တိယာ—လွန်စေသော ရဟန်းမ၏၊ ပါစိတ္တိယံ။

× × × × ×

**တတိယ**။ ။ရာဂ ထကြွသဖြင့် မိမိ၏ ပဿာဝမဂ်အပြင်ကို တစုံတခုဖြင့် ပုတ်ခတ်လျှင် (အယုတ်သဖြင့် ကြာရွက်၊ ကြာဝတ်ဆံတို့ဖြင့် ပုတ်ခတ်စေကာမူ) ပါစိတ်အာပတ် သင့်၏။ [တလ=အပြင်+ဃာတက=ညှဉ်းပန်း နှိပ်စက်ခြင်း၊ ပုတ်ခတ်ခြင်း။]

**စတုတ္ထ**။ ။ [ ဇတု=ချိပ်+မဋ္ဌက=ချောအောင်ပြုအပ်။ ] ရာဂ ထကြွသောကြောင့် ချောနေအောင်ပြုအပ်သော ချိပ်တောင့်ဖြင့် ပဿာဝမဂ်တွင်းသို့ သွင်းလျှင် ပါစိတ် အာပတ်။ ဝတ္ထုကြောင်း၌ ချိပ်တောင့်သွင်းမှု လာသောကြောင့် "ချိပ်တောင့်"ဟု ဆို၏။ အမှန်မှာ—မည်သည့် အတံမဆို ကြာဝတ်ဆံကလေးကိုပင် သွင်းစေကာမူ ပါစိတ်။

**ပဉ္စမ**။ ။[ဉဒကေန—ရေဖြင့်၊ သုဒ္ဓိယာ—စင်ကြယ်ခြင်းငှာ၊ ဝါ—စင်ကြယ်အောင်၊ ကရဏံ—ပြုခြင်းသည်၊ ဉဒကသုဒ္ဓိကံ—မည်၏။] ရေဖြင့် စင်ကြယ်အောင် ပြုမှုကို ယူခြင်းဟူသည် အင်္ဂါဇာတ်ကို ရေဆေးခြင်းတည်း။ ထို ရေဆေးသော ဘိက္ခုနီသည် လက် ၂ ချောင်းဖြင့် နှိုက်၍ ဆေးရမည်။ ထို လက် ၂ ချောင်းတွင်လည်း တချောင်းလျှင် လက်တဆစ်ကျဖြင့် လက် ၂ ဆစ်သာ နှိုက်ရမည်။ သာယာသည့်အတွက် လက် ၃ ချောင်း သွင်းလျှင်ဒုက်၊ လက် ၂ ချောင်းတွင် တချောင်းချောင်း၏ ဒုတိယမြောက် လက်ဆစ်ကို သွင်းလျှင်ဒုက် ပါစိတ် အာပတ်သင့်သည်။

**ဆဋ္ဌ** ယာ ပန ဘိက္ခုနီ - သည်၊ ဘိက္ခုသ - ရဟန်း၏၊ ဝါ-သည်၊ ဘုဥ္ဇန္တဿ - ဘောဇဉ်ကိုစားစဉ်၊ ပါနီယေန ဝါ - သောက်ဘွယ်တမျိုးမျိုးဖြင့်သော်၎င်း၊ ဝိဓူပနေန ဝါ-ယပ်ဖြင့်သော်၎င်း၊ ဥပတိဋ္ဌေယျ- အနီး၌ တည်နေအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**သတ္တမ** ယာ ပန ဘိက္ခုနီ - သည်၊ အာမကဓညံ - စပါးစိမ်းကို၊ ဝိညတ္တွာ ဝါ - ကိုယ်တိုင်တောင်း၍သော်၎င်း၊ ဝိညာပေတွာ ဝါ - သူတပါးကို တောင်းစေ၍သော်၎င်း၊ ဘဇ္ဇိတွာ ဝါ - ကိုယ်တိုင်လှော်၍သော်၎င်း၊ ဘဇ္ဇာပေတွာ ဝါ - သူတပါးကို လှော်စေ၍သော်၎င်း၊ ကောဋ္ဋေတွာ ဝါ - ကိုယ်တိုင်ထောင်း၍သော်၎င်း၊ ကောဋ္ဋာပေတွာ ဝါ- သူတပါးကို ထောင်းစေ၍သော်၎င်း၊ ပစိတွာ ဝါ - ကိုယ်တိုင်ချက်၍သော်၎င်း၊ ပစာပေတွာ ဝါ - သူတပါးကို ချက်စေ၍သော်၎င်း၊ ဘုဥ္ဇေယျ- စားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ဆဋ္ဌ**။ ။ရဟန်းယောက်ျား၏ ဘောဇဉ် ၅ ပါး တပါးပါးကို စားနေစဉ် ရေဖြစ်စေ၊ ရက်တက်ရည်၊ နွားနို့ရည် စသည်ဖြစ်စေ အရည်သောက်ဘွယ်ဖြင့်သော်၎င်း၊ ယပ်တမျိုးမျိုးဖြင့်သော်၎င်း ထိုရဟန်း၏အနီး၌နေသော ဘိက္ခုနီမှာ ပါစိတ်။ [ဥပတိဋ္ဌေယျ၌ ဥပသဒ္ဒါသည် သမီပ(အနီး) အနက်ရှိ၏ ဟု ဖွင့်၏။ ထို့ကြောင့် ဘိက္ခုဿကို ဥပ၌ စပ်၍ "ရဟန်း၏ အနီး"ဟု မှတ်ပါ။ ကစ္စည်းသမ္ပဒါန်ခန်း၌မူ "ဥပတိဋ္ဌေယျ-ပြုစုလုပ်ကျွေးအံ့"ဟူသော အဓိပ္ပာယ်နက်ကို ယူ၍ "ဘိက္ခုဿ-အား"ဟု သမ္ပဒါန်ပြယုဂ် ထုတ်လေသည်။ "ရဟန်းအား+ပြုစု လုပ်ကျွေးအံ့"ဟူလို။]

**သတ္တမ**။ ။ "အာမကဓညာ = စပါးစိမ်း" ဟူရာ၌ တကယ့်ကို စိမ်းစိုနေသော စပါးကိုသာ ဆိုလိုသည် မဟုတ်၊ ဆန်အဖြစ်သို့ မရောက်သေးသမျှ စပါးမျိုး ၇ ပါးလုံးကို ခြောက်သည်ဖြစ်စေ၊ စိုသည်ဖြစ်စေ စပါးစိမ်းဟု ဆိုလိုသည်။ ထို့ကြောင့် အင်္ဂါကို ပြရာ၌ အာမက ဟုတ်-မဟုတ်ကို မပြဘဲ "စပါးမျိုး ၇ ပါးတွင် တပါးပါးကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ တောင်းခြင်း" ဟု ပြသည်။ ထို စပါးမျိုး ၇ ပါးတွင် တပါးပါးကို တောင်းမှု၊ တောင်းစေမှု၊ စိုနေသော စပါးကို နေမပူသည့်အခါ လှော်မှု၊ လှော်စေမှု၊ ဆန်ဖြစ်အောင် ထောင်းမှု၊ ထောင်းစေမှု၊ ချက်မှု၊ ချက်စေမှုတို့ကြောင့် ဒုက္ကဋ်အာပတ် သင့်၍ စားမှုကြောင့် မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်သည်။

အဋ္ဌမ　ယာ ပန ဘိက္ခုနီ - သည်၊ ဥစ္စာရံ ဝါ - ကျင်ကြီးကိုသော်၎င်း၊ ပဿာဝံ ဝါ - ကျင်ငယ်ကိုသော်၎င်း၊ သင်္ကာရံ ဝါ - အမှိုက်ကို သော်၎င်း၊ ဝိဃာသံ ဝါ - စားကြွင်းကိုသော်၎င်း၊ တိရောကုဋ္ဋေ ဝါ- နံရံ တဘက်၌သော်၎င်း၊ တိရောပါကာရေ ဝါ - တံတိုင်းတဘက်၌သော်၎င်း၊ ဆဍ္ဍေယျ ဝါ - ကိုယ်တိုင်မူလည်း စွန့်ပစ်အံ့ ဆဍ္ဍာပေယျ ဝါ- သူတပါးကို မူလည်း စွန့်ပစ်စေအံ့၊ တဿာ ဘိက္ခုနိယာ-ထိုရဟန်းမ၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ-၏။

×　×　×　×　×

**ဆက်ဦးအံ့**—ပြအပ်ပြီးသော သတ္တမ သိက္ခာပုဒ်၌ "ဧတ္ထစ ဝိညတ္တိစေဝ ဘောဇနဥ္စ ပမာဏံ" ဟု ကခ်ါအဋ္ဌကထာ ဆိုသောကြောင့် တောင်းမှုနှင့် စားမှု ၂ မျိုးသာ ပါစိတ်အာပတ် သင့်ဘို့ရာ လိုရင်းဖြစ်၏။ ထို့ကြောင့် မိမိ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ မတောင်းဘဲ ရပြီးသော စပါးကို လှော်မှုစသည် ပြု၍ စားလျှင်၎င်း၊ သူတပါးတို့ဘာသာ တောင်း၍ရအပ်သောစပါးကို လှော်မှု စသည် ပြု၍ စားလျှင်၎င်း ဒုက္ကဋ်အာပတ်သာ သင့်သည်။[ဤ စပါးစိမ်းများကို ဘိက္ခုတို့မှာ အလှူခံဘို့မဆိုထားဘိ ကိုင်ရုံမျှ မကိုင်ကောင်း၊ ကိုင်လျှင် အနာမသ ဒုက္ကဋ်ဟု ဆိုသည်။]

---

**အဋ္ဌမ။**　။"သင်္ကာရ = အမှိုက်" ဟူရာ၌ သစ်ပင် ချုံနွယ်များပါ ယူ။ "ဝိဃာသ=စားကြွင်း"ဟူရာ၌ စားပြီး၍ကျန်သမျှ လုပ်ဆေးရေ ဒန်ပူများလည်း ပါဝင်သည်။အရိုးနှင့် စားဖတ်တို့မှာ ဆိုဖွယ်ရာမရှိ။ထို ဥစ္စာရ စသည်ကို တိရော ကုဋ္ဋ=အိမ် ကျောင်း နံရံ၏ ဟိုဘက်၊ တိရောပါကာရ=ဝင်းတံတိုင်း၏ ဟိုဘက် သို့ ကျော်၍ ပစ်လိုက်လျှင် လမ်းသွား လမ်းလာတို့၏ ဦးခေါင်းပေါ် စသည်၌ ကျရောက်တတ်သောကြောင့် ထို စွန့်ပစ်မှုကို ကိုယ်တိုင်လည်း မပြုရ၊ ခိုင်းလည်း မခိုင်းရ။ ဘိက္ခုနီတို့ပြုလျှင် ပါစိတ်၊ ဘိက္ခုတို့ ပြုလျှင်ကား ဒုက္ကဋ်တည်း။

**မှတ်ချက်။**　။ဤသိက္ခာပုဒ်လာ "တိရောကုဋ္ဋေ ဝါ"အရ ကျောင်းပေါ်မှ နေ၍ အောက်သို့ မကြည့်ရှုဘဲ အမှိုက်၊ စက္ကူစုတ်များကို မပစ်ချကောင်း ဟု သတိပြု။ လမ်းသွား လမ်းလာ ရှိ-မရှိကို သေချာစွာ ကြည့်ပြီးမှဖြစ်စေ၊ လုံးလုံး အသွားအလာ အသုံးအစွဲ ကင်းသော လမ်း ဖြစ်စေ ထိုလမ်းတို့၏ အနီးရှိ တံတိုင်း နံရံတို့ကို ကျော်၍ စွန့်ပစ်ရာ၌ကား အနာပတ္တိ။

---

နဝမ ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ, ဟရိတေ - စိမ်းစိုသော ကောက်ပဲသီးနှံရှိရာ အရပ်၌၊ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ - သည်၊ နစ္စံ ဝါ - ကခြင်းကို သော်၎င်း၊ ဂီတံ ဝါ - သီဆိုခြင်းကို သော်၎င်း၊ ဝါဒိတံ ဝါ - တီးမှုတ်ခြင်းကို သော်၎င်း၊ ဒဿနာယ-ကြည့်ရှု နားထောင်ခြင်းငှာ၊ ဂစ္ဆေယျ-သွားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ပဌမော-သော၊ လသုနဝဂ္ဂေါ-လသုနဝဂ်တည်း။**

× × × × ×

**နဝမ**။ ။“ဟရိတေ”အရ သေခိယ သိက္ခာပုဒ်ကဲ့သို့ မြက်၊ သစ်ပင်အားလုံးကို မယူရ။ ကောက်ပဲသီးနှံ၊ အုန်းခြံ၊ ငှက်ပျောခြံ စသည် စိုက်ပျိုးထားရာအရပ်ကို ယူပါ။ ထိုအရပ်မျိုး၌ ဥစ္စာရ စသည်ကို စွန့်ပစ်လျှင် ပျက်စီးတတ်သောကြောင့်၎င်း၊ မပျက်စီးသော်လည်း မသန့်ရှင်းသဖြင့် ဥစ္စာရှင်တို့မနှစ်သက်သောကြောင့်၎င်း စွန့်ပစ်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ မပြုရ။ ဘိက္ခုနီတို့ပြုလျှင် ပါစိတ်၊ ဘိက္ခုတို့ပြုလျှင် ဒုက္ကဋ်။ [ဆဍ္ဍေယျ၌ ဒုရင်ကောက် ၂ လုံးဆင့် ဖြင့်လည်း ရှိ၏။ သင့်သည်ချည်းပင်။]

---

**ဒသမ**။ ။ကမှု၊ သီချင်းဆိုမှု၊ တီးမှုတ်မှုကို ကြည့်ရှု နားထောင် သွားရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။ ကမှုဟူရာ၌ ဥဒေါင်းကခြင်း၊ မျောက်ကခြင်း၊ ကလေးသူငယ် ကခြင်းများလည်း ပါဝင်သည်။ သီချင်းဟူရာ၌ တေးသံပေါက်အောင် ရွတ်အပ်သော တရားများလည်း ပါဝင်သည်။ ထို ကမှု စသည်ကို ကိုယ်တိုင်လည်း မပြုကောင်း၊ ခိုင်းလည်း မခိုင်းကောင်း။

**မှတ်ချက်**။ ။“ပွဲလမ်းသဘင်ဖြင့် စေတီတော်ကို၊ ဘုန်းကြီးပျံကို ပူဇော်ပါရစေ”ဟု လျှောက်စေကာမူ “အင်း၊ ကောင်းပြီ”ဟုမျှ ဝန်မခံရ။ ဘိက္ခုနီမှာ ပါစိတ်၊ ဘိက္ခုမှာ ဒုက္ကဋ်။ [စေတိယဿ ဥပဟာရံ (နစ္စ ဂီတဖြင့် ပူဇော်မှုကို) ကရောမာတိ ဝုတ္တေ သာဓူတိ သမ္ပဋိစ္ဆန္တိယာစ ပါစိတ္တိယံ။] ကျောင်းတိုက်တွင်း၌ နေ၍ ကြည့်ရှု နားထောင်ရာ ကိစ္စ တစုံတခုဖြင့် သွားစဉ် မျက်စိရှေ့ရောက်လာ၍ ကြည့်ရှုရာတို့၌ကား ဝိနည်းပြစ် မရှိ။ အဘိဓမ္မာပြစ်မှာ စိတ်သာ ပမာဏတည်း။

---

## ရတ္တန္ဓကာရဝဂ်

ပဌမ ယာ ပန ဘိက္ခုနီ-သည်၊ ရတ္တန္ဓကာရေ-ညဥ့်မှောင်မိုက်ရာ အခါ၌၊ အပ္ပဒီပေ - ဆီမီး စသော အရောင်အလင်း မရှိသော အရပ်၌၊ ပုရိသေန - ယောကျ်ားနှင့်၊ သဒ္ဓိံ - တကွ၊ ဧကေနေကာ- တယောက်ချင်း၊ သန္တိဋ္ဌေယျ ဝါ - အနီး၌မူလည်း တည်နေအံ့၊ သလ္လပေယျ ဝါ - အနီး၌မူလည်း စကားပြောအံ့၊ တဿာ ပါစိတ္တိယံ။

ဒုတိယ ယာ ပန ဘိက္ခုနီ-သည်၊ ပဋိစ္ဆန္နေ - နံရံ စသည်ဖြင့် ဖုံးကွယ် အပ်သော၊ ဩကာသေ - အရပ်၌၊ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ တဿာ ပါစိတ္တိယံ။

တတိယ ယာ ပန ဘိက္ခုနီ - သည်၊ အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ပဌမ။** ။[ရတ္တန္ဓကာရ=ရတ္တိ+အန္ဓကာရ၊] ဘိက္ခုနီသည် ညဥ့်မှောင် မိုက်ရာ အခါဝယ် ဆီမီး၊ ဓာတ်မီးရောင်၊ လရောင်၊ နေရောင်၊ မီးဖိုမှ မီးရောင် တို့တွင် အရောင်တမျိုးမျှ မရှိသောအရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်း ဟတ္ထပါသ်၌ တည်နေလျှင်ရင်း၊ ဟတ္ထပါသ်၌ စကားပြောလျှင်ရင်း ပါစိတ်။

**မှတ်ချက်။** ။ရတ္တန္ဓကာရ အရ နေ့ ဖြစ်သော်လည်း တစုံတခုကြောင့် မှောင်ကျနေလျှင် ရတ္တန္ဓကာရ (ညဥ့်ကဲ့သို့ မှောင်သောအခါ) ပင် ဖြစ်၏။ ထို့ကြောင့် အပ္ပဒီပအရ နေရောင်ကိုပါ ထည့်၍ ဖွင့်ကြသည်။ အပ္ပဒီပ၌"ပဒီပ= ဆီမီး"ကိုလည်း ဥပလက္ခဏ နည်းအားဖြင့် မှတ်၍ပြခြင်း ဖြစ်သောကြောင့် အရောင်အလင်း အားလုံးကိုပါ ယူပါ။

---

**ဒုတိယ၊ တတိယ။** ။ဤသိက္ခာပုဒ် ၂ ပါး၌ ပဋိစ္ဆန္နေ၊ အဇ္ဈောကာသေ ပုဒ်တို့သာ ထူးသည်။ ပဋိစ္ဆန္နေ အရ နံရံ၊ သစ်ပင် စသည် တစုံတခု ကွယ်ကာ နေသော အရပ်ကို ယူ။ အဇ္ဈောကာသကား အမိုး အကာ တစုံတရာမျှမရှိသော လွင်တီးခေါင် လွင်ပြင်အရပ်တည်း။

**ဧကေနေကာ။** ။"တယောက်ချင်း"ဟု အနက်ပေးခြင်းကား အလွယ် ပေးခြင်းတည်း။ "ဧကာ-တယောက်ထည်းသည်၊ (ဟုတွာ-ဖြစ်၍၊) ဧကေန- တယောက်ထည်းသော၊ ပုရိသေန-နှင့်"ဟု ကျနစွာ ပေးနိုင်သည်။"ယောကျ်ား

**စတုတ္ထ** ယာ ပန ဘိက္ခုနီ-သည်၊ ရထိကာယဝါ-ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်း၌သော်၎င်း၊ ဗျူဟေဝါ-ထုတ်ချင်း မပေါက်သော လမ်း၌သော်၎င်း၊ သိင်္ဃာဋကေဝါ-လမ်းဆုံ လမ်းခွ၌ သော်၎င်း၊ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျဝါ၊ သလ္လပေယျ ဝါ၊ နိကဏ္ဏိကံဝါ-နားရင်း၌မူလည်း၊ ဇပ္ပေယျ-ပြောဆိုအံ့၊ ဒုတိယိကံ- အဖော်ဖြစ်သော၊ ဘိက္ခုနိံဝါ-ရဟန်းမကိုမူလည်း၊ ဥယျောဇေယျ - ပြန်လွှတ်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ပဉ္စမ** ယာ ပန ဘိက္ခုနီ - သည်၊ ပုရေဘတ္တံ-နံနက်အခါ၌၊ ဝါ-မွန်း မတည့်မီ၊ ကုလာနိ - အိမ်တို့သို့၊ ဥပသင်္ကမိတွာ - ချဉ်းကပ် ပြီး၍၊ အာသနေ-နေရာထိုင်ပေါ်၌၊ နိသီဒိတွာ-ထိုင်ပြီး၍၊ သာမိကေ-

× × × × ×

ဘဏ်၊ ဘိက္ခုနီဘက် ၂ ဘက်လုံး၌ အဖော်မပါ တယောက်စီသာ ဖြစ်သည်" ဟူလို။ ပုရိသအရလည်း အတူတကွ တည်နေချင်၊ အတူတကွ စကားပြောချင် သော နားလည်သော ယောကျာ်းကို ယူပါ။

---

**စတုတ္ထ**။ ။"ရထိကာ" ဟူသည် မြို့တွင်း ရွာတွင်း၌ အရှေ့ အနောက် ဖြစ်စေ၊ တောင် မြောက် ဖြစ်စေ ထုတ်ချင်းပေါက်သော မြင်းရထား၊ ကား စသည်တို့ သွားလာရာ လမ်းတည်း။ "ဗျူဟ"ကား ထုတ်ချင်း မပေါက်သော (လာခဲ့သောလမ်းကိုပင် ပြန်၍ထွက်ရသော) တဆစ်ချိုး လမ်းအတိုမျိုးတည်း။ "သိင်္ဃာဋက"ကား လမ်းဆုံ လမ်းခွတည်း။ လမ်းအမျိုးမျိုးတွင် မည်သည့် လမ်း၌မဆို ဘိက္ခုနီသည် ယောကျာ်းနှင့် တယောက်ချင်းချင်း ဟတ္ထပါသ်၌ နေမှု၊ ဟတ္ထပါသ်တွင်မကဘဲ နားအနီး ကပ်ပြောမှု၊ ပြောချင်ရာ ပြောရအောင် အဖော် ဘိက္ခုနီကို ပြန်လွှတ်မှု ပါစိတ်အာပတ် သင့်၏။

**နိကဏ္ဏိကံ**။ ။နိကဏ္ဏိကံ၌ နိသဒ္ဒါကို သမီပ (အနီး) အနက်ဟော ယူ၍ "ကဏ္ဏဿ-နား၏၊ သမီပံ-အနီးသည်၊ နိကဏ္ဏံ-မည်၏၊ နိကဏ္ဏမေဝ- နား၏အနီး (နားရင်း)သည်ပင်၊ နိကဏ္ဏိကံ-မည်၏"ဟု ပြုပါ။ ဣကပစ္စည်း အနက်သီးခြားမရှိ ဟူလို။

**ပဉ္စမ**။ ။ဤ သိက္ခာပုဒ်နှင့် ဆဋ္ဌ သိက္ခာပုဒ်လာ ပုရေဘတ္တ၊ ပစ္ဆာဘတ္တ သဒ္ဒါတို့သည် ဘိက္ခု အစေလကဝဂ် စာရိတ္တသိက္ခာပုဒ်၌ လာသော ပုရေဘတ္တ၊ ပစ္ဆာဘတ္တတို့နှင့် မတူတတ်။ ဤ ဘတ္တအရ ဆွမ်းစားရာကာလ ဟူသည် ဆွမ်း

အိမ့်ရှင်တို့ကို၊ အနာပုစ္ဆာ-မပန်ပြောဘဲ၊ ပက္ကမေယျ- ဖဲသွားအံ့၊ တသော ဘိက္ခုနိယာ ပါစိတ္တိယံ။

**ဆဋ္ဌ** ယာ ပန ဘိက္ခုနီ-သည်၊ ပစ္ဆာဘတ္တံ - နေလွဲအခါ၌၊ ကုလာနိ ဥပသင်္ကမိတွာ၊ သာမိကေ - တို့ကို၊ အနာပုစ္ဆာ - မပန်ပြောဘဲ၊ အာသနေ-နေရာထိုင်ပေါ်၌၊ အဘိနိသီဒေယျ ဝါ - ထိုင်မူလည်း ထိုင်အံ့၊ အဘိနိပဇ္ဇေယျ ဝါ - အိပ်မူလည်း အိပ်အံ့၊ တသော ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

စားနိုင်ရာ မွန်းတည့်အခါတည်း။ ပုရေဘတ္တ – မွန်းမတည့်မီ၊ ပစ္ဆာဘတ္တ – မွန်းတည့် ပြီးနောက် (နေလွဲ)၊ ဥပသင်္ကမိတွာ အရ "ချဉ်းကပ်" ဟူသည် သွားခြင်းပင်တည်း။ သိက္ခာပုဒ် ၂ ပါးလုံး၌ပင် "အာသနေ" အရ ထိုင်၍ ဖြစ်လောက်သော ဌာနကို မယူဘဲ ထိုင်ခုံ အခင်းများကို ယူရမည်။

**ဆက်ဦးအံ့။** ။မွန်းမတည့်မီ အတွင်း၌ အိမ်သို့သွားပြီးလျှင် ထိုင်ခုံ အခင်း ပေါ်၌ ထိုင်ပြီးနောက် ပြန်သွားသည့်အခါ အိမ့်ရှင်တို့ကို ခွင့်မပန်လျှင် အခင်း ထိုင်ခုံပျောက်က အစွပ်စွဲ ခံရတတ်သဖြင့် နားလည် ပါးလည်ရှိသော အိမ့်ရှင် တယောက်ယောက်ကို "သွားတော့မည်" ဟု ခွင့်ပန်ပြီးမှ သွားရမည် ဟူလို။ ထို့ကြောင့် ထိုင်ခုံ (အခင်း) က အသံဟာရိမ (ရွှေ့၍ မရ အသေခင်းအပ်သော အခင်း) ဖြစ်မူ မပျောက်နိုင်သောကြောင့် ခွင့်မပန်ဘဲ သွားသော်လည်း အနာ ပတ္တိ ဟု မိန့်တော်မူသည်။

---

**ဆဋ္ဌ။** ။နေလွဲအခါ (မွန်းတည့်ပြီးနောက် နေမဝင်မီ) အိမ်သို့ သွား၍ အိမ့်ရှင်တို့ကို ခွင့်မပန်ဘဲ ထိုင်ခုံ (အခင်း) ပေါ်၌ ထိုင်လျှင် အာပတ်တချက်၊ လျောင်းလျှင် အာပတ်တချက်၊ ၂ မျိုးလုံးပြုလျှင် အာပတ် ၂ ချက် သင့်၏။ နေရာက တင်ပလ္လင်ခွေ၍မျှ မနေလောက်အောင် သေးငယ်မူ ဤသိက္ခာပုဒ်နှင့် ရှေ့သိက္ခာပုဒ် ၂ ရပ်လုံး၌ပင် ဒုက္ကဋ်ဟူ၏။

**မှတ်ချက်။** ။ဤသိက္ခာပုဒ်၌ ဘိက္ခုနီတို့ဘို့ အမြဲခင်းထားအပ်သော (ဓုဝ ပညတ္တ) နေရာဖြစ်မူ ထိုင်ကောင်း လျောင်းကောင်း၏။ သာမိက အရလည်း ရှေးသိက္ခာပုဒ်ကဲ့သို့ နားလည်သူ သာမိကကို မယူရ။ ပေးနိုင်ခွင့်ရှိသူ (ထိုင်ဘို့ အိပ်ဘို့ရန် ခွင့်ပြုနိုင်သူ)ကိုသာ ယူရမည်။

သတ္တမ

ယာ ပန ဘိက္ခုနီ-သည်၊ ဝိကာလေ-အချိန်မဲ့ အခါမဲ့၌၊ ဝါ- နေဝင်သည်မှ နောက်၌၊ ကုလာနိ ဥပသင်္ကမိတွာ သာမိကေ အနာပုစ္ဆာ၊ သေယျံ-အိပ်ရာနေရာ အခင်းကို၊ သန္ထရိတွာ ဝါ - ကိုယ်တိုင် ခင်းပြီး၍သော်၎င်း၊ သန္ထရာပေတွာ ဝါ - သူတပါးကို ခင်းစေပြီး၍သော် ၎င်း၊ အဘိနိသီဒေယျ ဝါ - ထိုင်မူလည်း ထိုင်အံ့၊ အဘိနိပဇ္ဇေယျ ဝါ - အိပ်မူလည်း အိပ်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

အဋ္ဌမ

ယာ ပန ဘိက္ခုနီ-သည်၊ ဒုဂ္ဂဟိတေန- မမှန်မကန် ယူခြင်းဖြင့်၊ ဒူပဓာရိတေန-မမှန်မကန် မှတ်သားခြင်းဖြင့်၊ပရံ-တပါးသော ရဟန်းမကို၊ ဥဇ္ဈာပေယျ- ကဲ့ရဲ့စေအံ့၊ တဿာ ဘိက္ခုနိယာ - ထိုရဟန်းမ ၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

× × × × ×

**သတ္တမ**။ ။ဤသိက္ခာပုဒ်၌ "ဝိကာလ"အရ နေဝင်ပြီးနောက် ညဥ့်အချိန် အခါကို ယူရမည်။ ဘိက္ခု ရတနဝဂ်လာ ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ်၌ ပါသော ဝိကာလနှင့် မတူတတ်ပေ။ နေဝင်သည်မှနောက် အချိန်မဲ့ အခါမဲ့၌ အိမ်သို့သွား၍ အိမ့်ရှင်ကို ခွင့်မပန်ဘဲ အိပ်ရာနေရာ အခင်းများကို ကိုယ်တိုင် ခင်း၍ဖြစ်စေ၊ သူတဲပါးကို ခိုင်း၍ဖြစ်စေ ထိုင်လျှင် အာပတ်တချက်၊ လျောင်း (လှဲ) လျှင် အာပတ်တချက်တည်း။ ဤသိက္ခာပုဒ်၌လည်း (ဆဋ္ဌမ သိက္ခာပုဒ် ကဲ့သို့) အိပ်ရာအခင်းကို ပေးနိုင်၊ ခွင့်ပြုနိုင်သော အိမ့်ရှင်ကိုသာ "သာမိက" အရ ယူရသည်။

**အဋ္ဌမ**။ ။ပြောသူက ချီးမွမ်းစကား ပြောပါလျက် မိမိက အကြားလွဲခြင်း၊ အမှတ်လွဲခြင်းကို "ဒုဂ္ဂဟိတ- ဒူပဓာရိတ" ဟု ခေါ်သည်။ [ဒု-အလွဲအမှား+ ဂဟိတ-စိတ်ဖြင့်ယူခြင်း၊ နာကြားခြင်း၊ ဥပဓာရိတ - စိတ်ဖြင့် မှတ်သားခြင်း။]

**ဥပမာ**—ပြောသူက "မည်သူဟာ ငါ့ကို ကောင်းကောင်းမွန်မွန် ပြုစုဘော် ရသည်၊ သူ့အား သင်္ကန်းပေးဦးမည်"ဟု ပြော၏။ ထိုအပြောနှင့် သက်ဆိုင် သူက "ကောင်းစွာမပြုဘူး၊ သင်္ကန်းမပေးဘူး" ဟု ကြားသည်၊ မှတ်ထားသည် ဟူလို။ ထိုကဲ့သို့ အယူလွဲ အမှတ်လွဲသဖြင့် အခြား (မိမိအထင်လွဲနေသူ) ရဟန်း မကို ကြားကြားသမျှက ကဲ့ရဲ့ကြလေအောင် အတင်းပြောလျှင် ထိုဘိက္ခုနီမှာ အာပတ်သင့်သည်။ ရဟန်းမ လူသာမဏေကို ကဲ့ရဲ့စေလျှင် ဒုက္ကဋ်။

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ အတ္တာနံဝါ-မိမိကိုသော်၎င်း၊ ပရံ ဝါ-သူတပါးကိုသော်၎င်း၊ နိရယေနဝါ - ငရဲဖြင့်သော်၎င်း၊ ဗြဟ္မစရိယေနဝါ - သာသနာတော်ဟူသော ဗြဟ္မစရိယဖြင့် သော်၎င်း၊ အဘိသပေယျ-ကျိန်ဆဲအံ့၊ တဿာ ဘိက္ခုနိယာ—၏၊ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ အတ္တာနံ-မိမိကို၊ ဝဓိတွာ ဝဓိတွာ-ပုတ်ခတ်၍ ပုတ်ခတ်၍၊ ရောဒေယျ-ငိုအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

## [ဒုတိယော-သော၊ ရတ္တန္ဓကာရဝဂ္ဂေါ-တည်း။]

× × × × ×

**နဝမ**။ ။တစုံတခု ဘဏ္ဍာပျောက်သော ရဟန်းမက အခြားတပါးပါးကို "တပည့်တော်ရဲ့ ဥစ္စာများ မမြင်မိပါဘူးလား" စသည်ဖြင့် မေးသည့်အခါ "သူ့ကို ခိုးတယ်ထင်၍ လာမေးတာဘဲ"ဟု အောက်မေ့သဖြင့် "သူများဥစ္စာကို ယူတဲ့ အကောင်မ မှတ်လို့လား။ သူများဟာကို ယူလျှင် နိရယေ ဥပပဇ္ဇာမိ= ငရဲ၌ ကျစေရဲ့"ဟု မိမိကိုယ်ကို ငရဲဖြင့် ကျိန်လျှင်၎င်း၊ ငါ့ကို မဟုတ်ဘဲနှင့် စွပ်စွဲသူလည်း "နိရယေ ဥပပဇ္ဇတု=ငရဲ၌ ဖြစ်ပါစေဟယ်၊ ငရဲကျပါစေဟယ်"ဟု သူတပါးကို ငရဲဖြင့် ကျိန်ဆဲလျှင်၎င်း ပါစိတ်။

**ဗြဟ္မစရိယ**။ ။"ဂိဟိနီ ဟောမိ = လူဖြစ်ရစေရဲ့၊ အဿမဏီ ဟောမိ = ရဟန်းမ မဟုတ်ဘဲ ရှိရစေရဲ့"ဟု မိမိကို ဗြဟ္မစရိယ (သာသနာတော်နှင့် စပ်သော ကျိန်မှု)ဖြင့် ကျိန်လျှင်၎င်း၊ "လူဖြစ်ပါစေဟယ်" စ သည် ဖြင့် သူတပါးကို ဗြဟ္မစရိယဖြင့် ကျိန်ဆဲလျှင်၎င်း၊ ရဟန်းချင်း ကျိန်ဆဲရာ၌ ပါစိတ်၊ လူ သာမဏေကို ကျိန်ဆဲရာ၌ ဒုက္ကဋ်။ နိရယ ဗြဟ္မစရိယ ၂ မျိုးမှ လွတ်သော "ခွေး ဖြစ်ရစေရဲ့၊ သေရစေရဲ့၊ ခွေးဖြစ်ပါစေ၊ သေပါစေ" စသည်ဖြင့် ရဟန်းဖြစ်စေ၊ လူ သာမဏေဖြစ်စေ ကျိန်ဆဲရာ၌ကား ဒုက္ကဋ်ချည်းသာ။

**ဒသမ**။ ။ရန်ဖြစ်သည့်အခါ၌ဖြစ်စေ၊ အခြား အခါ၌ဖြစ်စေ မိမိကိုယ်ကို ထုကာ ရိုက်ကာ(ရင်ကို ထု၍ ထု၍)ငိုလျှင် ပါစိတ်။ ထုရုံသာ ထု၍ မငို၊ ငိုရုံသာ ငို၍ မထုလျှင် ဒုက္ကဋ်။ ဉာတိဗျသန (ဆွေမျိုးပျက်မှု)၊ ရောဂဗျသန (ရောဂါ ဖြစ်မှု)၊ ဘောဂဗျသန (စည်းစိမ်ပျက်မှု)တို့နှင့် တွေ့ရ၍ ငိုရုံသာ ငိုလျှင် (မထု မရိုက်လျှင်) အနာပတ္တိ။

**ရတ္တန္ဓကာရဝဂ် ပြီး၏။**

# နဂ္ဂဝဂ်

[''နဟာနဝဂ်''ဟုလည်း ခေါ်၏။]

ပဌမ ယာ ပန ဘိက္ခုနီ - သည်၊ နဂ္ဂါ - အဝတ် မဆည်း၊ အချည်းနှီး သည်၊ (ဟုတွာ - ဖြစ်၍၊) နှာယေယျ - ရေချိုးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ ဥဒကသာဋိကာ - ရေသနုပ်ကို၊ ကာရယမာနာယ - ပြုစေလို သော၊ ဘိက္ခုနိယာ - ရဟန်းမသည်၊ ပမာဏိကာ-ပမာဏနှင့် ယှဉ်သော ရေသနုပ်ကို၊ ကာရေတဗ္ဗာ — ပြုစေထိုက်၏၊ တတြ - ထို ရေသနုပ်၏၊ ဣဒံ - ဤဆိုအပ်သတ့်ကား၊ ပမာဏံ-တည်း၊ သုဂတဝိဒတ္ထိ ယာ - ဖြင့်၊ ဒီဃသော - အလျားမှ၊ စတဿော ဝိဒတ္ထိယော - ၄ ထွာတို့ ၎င်း၊ တိရိယံ - မှ၊ ဒွေ ဝိဒတ္ထိယော - တို့၎င်း၊ (ဣတိ- ဤကား ပမာဏ တည်း၊) တံ-ထိုပမာဏကို၊ အတိက္ကာမေန္တိယာ-လွန်စေသော ရဟန်းမ ၏၊ ဆေဒနကံ ပါစိတ္တိယံ။

× × × × ×

ပဌမ။ ။ခါးဝတ်ဖြစ်စေ၊ အပေါ်ရုံဖြစ်စေ တခုခုမျှ မပါသူကို ''နဂ္ဂါ''ဟု ခေါ်၏။ အဝတ် ဝတ်သည်ကို ရှေးက (ယခုလည်း အချို့အရပ်၌) ''ဆည်း'' ဟု ခေါ်၏။ ရှက်ဖွယ်အရပ်ကို ဖုံးလွှမ်း၊ ကာကွယ်၊ ဆည်းတားသည် ဟု ဆိုလိုဟန်တူသည်။ ထိုကဲ့သို့ အဝတ် မဆည်းဘဲ အချည်းနှီး ရေချိုးလျှင် ဘိက္ခု နီမှာ ပါစိတ်၊ ဘိက္ခုတို့မှာကား ဒုက္ကဋ်။

**ဖုံးကွယ်ခြင်း သုံးမျိုး။** ။မီး၊ ရေ အပြည့်အစုံထား၍ ရေလည်း ချိုးနိုင်၊ ချွေးလည်း အောင်းနိုင်သော ကျောင်းကုဋ်တမျိုးကို ''ဇန္တာဃရ (ဇရုံးအိမ်)'' ဟု ခေါ်ကြ၏။ ဇန္တာဃရ ပဋိစ္ဆာဒိ (ဇရုံးအိမ်ဖြင့် ဖုံးကွယ်ခြင်း)၊ ဥဒက ပဋိစ္ဆာဒိ (မြစ်၊ ချောင်း၊ ကန် စသည်ဝယ် ဆင်း၍ ချိုးရာ၌ ရေသနုပ် မဝတ် သော်လည်း ရေဖြင့် ဖုံးကွယ်ထားခြင်း)၊ ဝတ္ထပဋိစ္ဆာဒိ (အဝတ် ရေသနုပ်ဖြင့် ဖုံးကွယ်ခြင်း)ဟု ၃ မျိုး ရှိသည်တွင် တမျိုးမျိုးဖြင့် ဖုံးကွယ်၍ ရေချိုးရမည်။ ယခုအခါ လုံခြုံသော ရေချိုးအိမ်များလည်း ဇန္တာဃရနှင့် သဘောတူပင် ဟု ယူကြ၏။

**ဒုတိယ။** ။ဤ ဒုတိယသိက္ခာပုဒ်၌ အဓိပ္ပါယ် မထူး၊ ဘိက္ခု ရတနဝဂ်၌ ဤ သိက္ခာပုဒ်မျိုး များစွာ ပါခဲ့ပြီ။

**တတိယ** ယာ ပန ဘိက္ခုနီ၊ ဘိက္ခုနိယာ - ရဟန်းမ၏၊ စီဝရံ - သင်္ကန်းကို၊ ဝိသိဗ္ဗေတွာဝါ - ကိုယ်တိုင် ဖြေပြီး၍သော်၎င်း၊ ဝိသိဗ္ဗာပေတွာဝါ-သူတပါးကို ဖြေစေပြီး၍သော်၎င်း၊ သာ - ထိုရဟန်းမသည်၊ ပစ္ဆာ - နောက်၌၊ အနန္တရာယိကိနီ - အန္တရာယ်မရှိပါဘဲ၊ စတုပဉ္စာဟာ-၄ ရက် ၅ ရက်ကို၊ အညတြ-ကြဉ်၍၊ နေဝ သိဗ္ဗေယျ ဝါ - ကိုယ်တိုင်မူလည်း ချုပ်မပေးအံ့၊ သိဗ္ဗာပနာယ - ချုပ်စေခြင်းငှာ၊ ဥဿုက္ကံ ဝါ-ကြောင့်ကြကိုမူလည်း၊ န ကရေယျ-မပြုအံ့၊ တဿာ ဘိက္ခုနိယာ - ထိုရဟန်းမ၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ - ၏။

**စတုတ္ထ** ယာ ပန ဘိက္ခုနီ-သည်၊ ပဉ္စာဟိကံ-၅ ရက်ကို၊ ဝါ-၅ ရက်တကြိမ်၊ သင်္ဃာဋိစာရံ - သင်္ကန်းတို့၏ လှည့်လည်ခြင်းကို၊ အတိက္ကာမေယျ - လွန်စေအံ့၊ တဿာ ဘိက္ခုနိယာ - ထို ရဟန်းမ၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ - ၏၊

× × × × ×

**တတိယ။** ။ဘိက္ခုနီသည် အခြားဘိက္ခုနီတဦး၏ အချုပ်မကောင်းသောသင်္ကန်းကို ပြင်၍ချုပ်ဘို့ရန် ကိုယ်တိုင်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ ဖြေပြီးနောက် ချုပ်ခြင်း၌ အန္တရာယ်မရှိပါဘဲ ၅ ရက်အတွင်းဝယ် ကိုယ်တိုင်သော်လည်း ချုပ်မပေးအံ့၊ သို့မဟုတ် ချုပ်ဘို့ရန် ကြောင့်ကြသော်လည်း မစိုက်အံ့၊ ဖြေရာနေ့မှ ၅ ရက်လွန်လျှင် ထို ဖြေပေးသော ရဟန်းမမှာ ပါစိတ်အာပတ် သင့်၏။

---

**စတုတ္ထ။** ။ဘိက္ခုနီသည် မိမိသင်္ကန်းကို မှိုမတက်အောင်၊ အောက်စော်မနံအောင် ၅ ရက်တကြိမ်ကျ ဝတ်ရ၊ ရုံရသည်။ မဝတ် မရုံ (မရုမ်း)လျှင်လည်း နေလှန်းပေးရသည်။ ၅ ရက်ကျော်အောင် ဝတ်လည်းမဝတ်၊ ရုမ်းလည်းမရုမ်း၊ နေသော်လည်း မလှန်းလျှင် ပါစိတ်အာပတ် သင့်၏။

**သင်္ဃာဋိစာရံ။** ။သင်္ဃာဋိအရ သင်္ကန်းကြီးကိုသာ မယူရ။ "သံဃာဋီယတေ-ချုပ်စပ်အပ်၏"ဟူသော ဝိဂြိုဟ်အရ စပ်၍ချုပ်ရသော သင်္ကန်း ၅ ထည်လုံးကို ယူရသည်။ "စာရ" အရ ထို သင်္ကန်းများ၏ လှည့်လည်ခြင်း ဟူသည် သင်္ကန်းတို့ကို တနေရာတည်း၌ မတည်စေဘဲ အခြားနေရာသို့ လှည့်လည်သကဲ့သို့ဖြစ်အောင် လဲလှယ်၍ဝတ်ခြင်း၊ နေလှန်းခြင်းပင်တည်း။သင်္ကန်း ၅ ထည်ကား-တိစီဝရိတ် ၃ ထည်၊ ရေသနုပ်နှင့် ရင်စည်း တဘက်တည်း။

---

ပဥ္စမ ယာ ပန ဘိက္ခုနီ - သည်၊ စီဝရ သင်္ကမနီယံ — ပြောင်းရွှေ့အပ်သော သင်္ကန်းကို၊ ဝါ - ပြန်ပေးအပ်သော သင်္ကန်းကို၊ ဓာရေယျ - ဆောင်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဆဋ္ဌမ ယာ ပန ဘိက္ခုနီ — သည်၊ ဂဏဿ - ဘိက္ခုနီသံဃာ၏၊ စီဝရလာဘံ - သင်္ကန်းလာဘ်ကို၊ အန္တရာယံ- အန္တရာယ်ကို၊ ကရေယျ — ပြုအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ၊ ဓမ္မိကံ - တရားရှိသော၊ စီဝရ ဝိဘင်္ဂံ — သင်္ကန်း ဝေဘန်ခြင်းကို၊ ပဋိဗာဟေယျ — တားမြစ်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ပဉ္စမ**။ ။“သင်္ကမနီယ = ပြောင်းရွှေ့”ဟူသည် ပြန်ပေးရခြင်းတည်း။ ဥစ္စာရှင့်အထံ ခွင့်မပန်ဘဲ (တိတ်တိတ်) ယူဝတ်ပြီးနောက် မိမိအထံ၌ အမြဲမထားဘဲ ပြန်ပေးအပ်သော သင်္ကန်း ဟူလို။ “ထိုသင်္ကန်းကို ဆောင်ခြင်း” ဟူရာ၌ ဥစ္စာရှင်ကို မသိစေဘဲ တိတ်တိတ်ယူ၍ ဝတ်ခြင်းတည်း။ ထို့ကြောင့် ဥစ္စာရှင်ကို ခွင့်မပန်ဘဲ တိတ်တိတ်ယူ၍ ဝတ်သော ဘိက္ခုနီမှာ (မိမိသင်္ကန်း ပျောက်ခြင်း၊ သူခိုး အခိုးခံရခြင်း စသော အကြောင်းလည်း မရှိလျှင်) ပါစိတ်။

**ဆဋ္ဌမ**။ ။“ဂဏဿ”အရ ၂ ပါး ၃ ပါး စသော ဂိုဏ်းကို မယူရ။ ဘိက္ခုနီသံဃာကိုပင် ယူရသည်။ “ဘိက္ခုနီသံဃာအား မည်သည့် ဒါယကာက သင်္ကန်း လှူလိမ့်မည်”ဟု ကြားလျှင် မလှူဖြစ်အောင် အားထုတ်ခြင်းကို “အန္တရာယ် ပြုခြင်း”ဟု ဆိုသည်။ ထိုကဲ့သို့ ဘိက္ခုနီသံဃာ၏ ရထိုက်သော (ရခွင့်ရှိသော) သင်္ကန်းကို အန္တရာယ်ပြုသော ဘိက္ခုနီမှာ ပါစိတ်။ တပါး ၂ ပါး အခြားဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တရာယ်ပြုလျှင်၎င်း၊ သင်္ကန်းမှတပါး အခြားပစ္စည်းများကို အန္တရာယ်ပြုလျှင်၎င်း ဒုက္ကဋ်။ “ယခု မလှူကြသေးနှင့်၊ အဘိုးချိတဲ့အခါကျမှ လှူကြတာပ”ဟု အကျိုး ,အကြောင်း ပြ၍ စိတ်ကောင်းဖြင့် တားထားလျှင် အနာပတ္တိ။

**သတ္တမ**။ ။သင်္ကန်းဝေဘန်မည်ဟု ဘိက္ခုနီသံဃာတို့ ညီညွတ်စွာ စည်းဝေးမိသောအခါ မိမိဆိုင်ရာ ဘိက္ခုနီက အရပ်တပါး သွားခိုက်ကြုံသဖြင့် မဝေဘန်ဖြစ်အောင် ပြောဆိုနှောင့်ယှက်သော ဘိက္ခုနီမှာ ပါစိတ်။ [ဘိက္ခုနီသံဃာတို့ ညီညွတ်စွာ စည်းဝေးမိခြင်းကိုပင် “ဓမ္မိက” ဟု ဆိုလိုသည်။]

အဋ္ဌမ ယာ ပန ဘိက္ခုနီ - သည်၊ အဂါရိကဿဝါ-အိမ်၌နေသူ လူ အားသော်၎င်း၊ ပရိဗ္ဗာဇကဿဝါ — ပရိဗ္ဗိုဇ်ယောကျ်ား အားသော်၎င်း၊ ပရိဗ္ဗာဇိကာယဝါ — ပရိဗ္ဗိုဇ်မအား သော်၎င်း၊ သမဏ စီဝရံ — ကပ္ပဗိန္ဒု ထိုးအပ်ပြီးသော ရဟန်းတို့၏ သင်္ကန်းကို၊ ဒဒေယျ— ပေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ ဒုဗ္ဗလစီဝရပစ္စာသာယ- သင်္ကန်း၌ အားနည်းသော မျှော်လင့်ချက်ဖြင့်၊ စီဝရကာလ သမယံ— သင်္ကန်းကာလ အခါကို၊ အတိက္ကာမေယျ -လွန်စေအံ့၊ တဿာ ဘိက္ခု နိယာ ပါစိတ္တိယံ။

× × × × ×

**အဋ္ဌမ။** ။"သမဏစီဝရ"အရ ဝတ်လောက် ရုံလောက်သော ကပ္ပဗိန္ဒု ထိုးအပ်ပြီး သင်္ကန်းကို ယူပါ။ အဂါရိက အရ "လူ"ဟု ဆိုသော်လည်း မိဘမှ တပါး အခြားလူများကို ယူ။ သီတင်းသုံးဘော် ၅ ဦးနှင့် မယ်တော် ခမည်း တော်မှတပါး လူဝတ်ကြောင်၊ ဖိုးသူတော်၊ သီလရှင်၊ ရသေ့ (ယောကျ်ား၊ မိန်းမ) ပရိဗ္ဗိုဇ် ဟူသမျှအား သမဏစီဝရကိုပေးသော ဘိက္ခုနီမှာ ပါစိတ်။ ဘိက္ခုတို့မှာ ဒုက္ကဋ်။ ကပ္ပဗိန္ဒု မထိုးရသေးလျှင်ကား သမဏစီဝရ အမည် မရ သေး၍ ပေးသင့်သူအား ပေးကောင်း၏။

**မှတ်ချက်။** ။ဤစကားကို ကောက်ချက်ချလျှင် ကပ္ပဗိန္ဒု မထိုးရသေးသော (သင်္ကန်းဟု ခေါ်သော)အဝတ်ကို လူများ ဝတ်ရုံကောင်း၏ ဟု အဓိပ္ပာယ် ရ၏။ သို့ဖြစ်လျှင် ၂ ထပ်သင်္ကန်းကြီးကို သာမဏေတို့ ဝတ်ရာ၌ ဝတ်ကောင်း ကြောင်းကိုကား ဆိုဘွယ်မရှိပြီ။

**နဝမ။** ။[ဒုဗ္ဗလ = အားနည်းသော (မျှော်လင့်ချက် အနည်းငယ်သာ ရှိသော) စီဝရပစ္စာသာ=သင်္ကန်း၌ ရလိမ့်မည်ဟု မျှော်လင့်ချက်။] ဒါယကာ တယောက်ယောက်က ဘိက္ခုနီသံဃာအား " မည်သည့်အခါ သင်္ကန်းလှူပါ မည်"ဟု အသေအချာ လျှောက်ခြင်းမဟုတ်ဘဲ "တပည့်တော် တတ်နိုင်လျှင် သင်္ကန်းလှူပါမည်"ဟု မသေမချာ လျှောက်ထား၏။ ထိုစကားအရ ဘိက္ခုနီ သံဃာတို့ သင်္ကန်းရမည့် မျှော်လင့်ခြင်းကို "ဒုဗ္ဗလပစ္စာသာ"ဟု ခေါ်သည်။

[စီဝရကာလသမယကို ပြခဲ့ပြီ။] ထိုလအတွင်း၌ ရသမျှ သံဃိကသင်္ကန်း သည် တိုက်တွင်း၌ ပုရိမဝါ ကျွတ်သော သံဃာသာ ရထိုက်၏။ ထို့ကြောင့် ပုရိမဝါကျွတ်သောသံဃာများက သံဃိကသင်္ကန်းကိုဝေဘန်မည်ဟု စည်းဝေး

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ဓမ္မိကံ-တရားရှိသော၊ ကထိနုဒ္ဓါရံ- ကထိန်နုတ်ခြင်းကို၊ ပဋိဗာဟေယျ – တားမြစ်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**တတိယော – ၃ ၈ဂ် မြောက်သော၊ နဂ္ဂဝဂ္ဂေါ – တည်း။**

× × × × ×

ကြလျှင် မသေချာသော စိတ်ရပစ္စာသာဖြင့် "နေကြပါဦး၊ နောက်ထပ် သင်္ကန်း ရပါလိမ့်ဦးမည်" ဟု တားမြစ်ထားလျှင် သင်္ကန်းကာလ လွန်သွားက ပုရိမဝါ ကျွတ်သော ရဟန်းများမှာ ရသင့်သော လာဘ်မှာလည်း ဆုတ်ယုတ်တတ်၊ နောက်ထပ် ရဘွယ် သင်္ကန်းကလည်း ရချင်မှ ရမည်ဖြစ်၍ နှောင့်ယှက်ရာရောက် သောကြောင့် ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

---

**ဒသမ**။ ။ကထိန်ခင်းပြီးလျှင် ကထိန့်အာနိသင်ရရာ တပေါင်းလပြည့် အတွင်း၌ ရသမျှသင်္ကန်းကို ပုရိမဝါကျွတ်သော သံဃာသာ ဝေဘန်၍ ယူနိုင်၏။ ပစ္ဆိမဝါကျွတ်သူနှင့် ဝါကျွတ်ပြီးမှ ရောက်လာသော သံဃာများမှာ ထို လပြည့် အတွင်း၌ သံဃိကသင်္ကန်းကို ဝေဘန်၍ ယူခွင့်မရ။ ထိုကဲ့သို့ ဖြစ်နေရာဝယ် ဒါယကာတယောက်ယောက်က "ပုရိမဝါကျွတ်သူ၊ ပစ္ဆိမဝါကျွတ်သူ၊ ဝါကျွတ် ပြီးမှ လာသူ၊ သံဃာအားလုံးအား အကာလသင်္ကန်း လှူဒါန်းလိုပါသည် " ဟု လျှောက်လာလျှင် ခင်းပြီးသော ကထိန်ကို ပြန်၍ ရုပ်သိမ်းသောအားဖြင့် ဉတ်ကမ္မဝါစာဘတ်၍ ကထိန်နုတ်ခွင့် ပြုတော်မူသည်။ ထိုသို့ ကထိန်နုတ်လိုက် သည့်အခါ ကထိန့်အာနိသင် ပျက်ပြယ်လေပြီဖြစ်၍ တိုက်ရှိ သံဃာအားလုံးပင် အညီအမျှ သံဃိကသင်္ကန်းကို ဝေဘန်၍ ယူနိုင်သည်။

**ဆက်ဦးအံ့**——ဤ ကထိန်နုတ်ခွင့် ပြုတော်မူခြင်းမှာ သံဃာအားလုံး ညီတူ ညီမျှ သံဃိကသင်္ကန်းကို ရပါစေတော့ဟု သဘောတော် ထား၍ ခွင့်ပြုတော် မူခြင်း ဖြစ်သော်လည်း ပုရိမဝါကျွတ်သော သံဃာများမှာ အရနည်းနေလျှင် မသင့်လျော်ချေ။ သို့ဖြစ်၍ ကထိန်နုတ်ခြင်းကြောင့် ရရှိမည့်လာဘ်သည် ကထိန့် အာနိသင် လာဘ်အောက် နည်းနေလျှင် "ဓမ္မိက ကထိနုဒ္ဓါရ=တရားနှင့်လျော် သော ကထိန်နုတ်ခြင်း" မဟုတ်။ ကထိန်နုတ်ခြင်းကြောင့် နောက်ထပ် ရရှိမည့် လာဘ်က ကထိန့်အာနိသင် လာဘ်ထက် များသော်၎င်း၊ တန်းတူသော်၎င်း ဖြစ်မှ "ဓမ္မိက ကထိနုဒ္ဓါရ"ဖြစ်သည်။ ထို ဓမ္မိက ကထိနုဒ္ဓါရကို တားမြစ်သော ဘိက္ခုနီသာ ပါစိတ်အာပတ် သင့်သည်။

**နဂ္ဂဝဂ် ပြီး၏။**

---

## တုဝဋ္ဋဝဂ်

**ပဌမ** ယာ ပန ဘိက္ခုနိယော – အကြင် ရဟန်းမတို့သည်၊ ဒွေ – နှစ်ယောက်တို့သည်၊ (ဟုတ္ဝာ-၍၊) ဧကမဉ္စေ- ညောင်စောင်း တခုတည်း၌၊ တုဝဋ္ဋေယျုံ – အိပ်ကုန်အံ့၊ တာသံ ဘိက္ခုနီနံ– ထို ရဟန်းမ တို့၏၊ ပါစိတ္တိယံ • ပါစိတ်အာပတ်သည်၊ ဟောတိ– ဖြစ်၏။

**ဒုတိယ** ယာ ပန ဘိက္ခုနိယော-တို့သည်၊ ဒွေ- တို့သည်၊ ဧကတ္ထရဏ ပါဝုရဏာ–တခုတည်းသော အခင်း အခြုံ ရှိကြကုန်သည်၊ (ဟုတ္ဝာ-၍၊) တုဝဋ္ဋေယျုံ– အိပ်ကုန်အံ့၊ တာသံ ပါစိတ္တိယံ ဟောတိ။

× × × × ×

**ပဌမ**။ ။ညောင်စောင်း (ခဋ္ဌင်) တခုတည်း၌ ၂ ယောက် အတူအိပ်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်အာပတ် သင့်၏။ ဘိက္ခုတို့ကား ဒုက္ကဋ်အာပတ်ဟု ခုဒ္ဒက ဝတ္ထု ခန္ဓက၌ ပညတ်တော်မူသည်။

**ဒုတိယ**။ ။တောသံ–ဤ ဘိက္ခုနီတို့၏၊ ဧကံ–တခုတည်းသော၊ အတ္ထရ ဏဉ္စ –အခင်းသည်၎င်း၊ ပါဝုရဏဉ္စ- အခြုံသည်၎င်း၊ အတ္ထိ- ရှိ၏။ ဤဝိဂြိုဟ် အရ စောင်တထည်ကို တပိုင်းက ခင်း၍ ထို အခင်းပေါ်၌ ၂ ပါးအတူ အိပ်ပြီး လျှင် တပိုင်း ခြုံထားသူတို့ကို "ဧကတ္ထရဏ ပါဝုရဏာ"ဟု ခေါ်သည်။ သင်ဖြူး ကော်ဇောများကို ထိုကဲ့သို့ ခင်း၍ ခြုံရာ၌လည်း ဤနည်းပင်။ ဤသို့ အိပ်ကြရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်ဟု မိန့်တော်မူသည်။

**ဆက်ဦးအံ့—** သိက္ခာပုဒ်ရင်းဝယ် တထည်ထည်းကိုပင် ခင်းလည်း ခင်း၊ ခြုံလည်း ခြုံရာ၌ ပါစိတ်ဟု ပညတ်တော်မူသည်။ တခင်းထည်း၌(မခြုံဘဲ) အတူ အိပ်လျှင်၎င်း၊ အခင်း အသီးအသီး ခင်း၍ အတူခြုံလျှင်၎င်း ဘိက္ခု၊ ဘိက္ခုနီ ၂ မျိုးလုံးမှာပင် ဒုက္ကဋ်ချည်းသာ။ ဤ ဧကတ္ထရဏအရာ၌ အဋ္ဌကထာဝယ် ပြောင်းရွှေ့၍ ရစကောင်းသော စောင်ကြီး၊ ကော်ဇောကြီး၊ ဖျာ သင်ဖြူးကြီး များကို ပြသောကြောင့် ယခုအခါ သင်ဖြူးကြီး၊ ကော်ဇောကြီးပေါ်၌ ကိုယ်စီ ကိုယ်င အခင်းရှိမှ အိပ်ကောင်းသည်ကို သတိပြုပါ။ အခင်း သီးခြား မရှိဘဲ မလွဲ သာ၍ အိပ်ခွင့်ကြုံခဲ့သော် ၂ပါး အလယ်၌ သင်္ကန်းတထည် ဖြစ်စေ၊ တောင်ဝှေး၊ ခါးပန်းကြိုး တမျိုးမျိုးကိုဖြစ်စေ အပိုင်းအခြား ထားပြီးမှ (အလယ်က တန်း၍ ချထားပြီးမှ) အိပ်လျှင် အနာပတ္တိ။ [ခဋ္ဌင်ငယ်တခုဝယ် ၂ ပါး အိပ်ရာ၌ကား ဤကဲ့သို့ အလယ်၌ ခြားထားရုံဖြင့် ပဌမသိက္ခာပုဒ်လာ အာပတ်မှ မလွတ်။]

တတိယ — ယာ ပန ဘိက္ခုနီ-သည်၊ သဉ္စိစ္စ - သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍၊ ဘိက္ခုနိယာ -ရဟန်းမ၏၊ အဖာသုံ - မချမ်းသာမှုကို၊ ကရေယျ အံ့၊ တဿာ ဘိက္ခုနိယာ - ထိုရဟန်းမ၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ- ၏။

× × × × ×

**တတိယ**။ ။သဉ္စိစ္စ၌ သံသဒ္ဒါသည် "တကွ"ဟူသော အနက်ရှိ၏။ "တကွ" ဟူသည်မှာလည်း "သညာနှင့်တကွ" တည်း။ သညာ ဟူသည်လည်း "ဤကဲ့သို့ ပြုလျှင် သူ့ကို မချမ်းသာအောင် ပြုရာရောက်၏" ဟု သိသော သညာတည်း။ ထိုကဲ့သို့ သိလျက် တမင်လာပြုခြင်းကို "သညာနှင့်တကွ စေတနာဖြင့် စေ့ဆော် ခြင်း၊ အားထုတ်ခြင်း"ဟု ဆိုသည်။

**လူတဘက်သားကို စိတ်မချမ်းသာအောင် ပြုပုံကား**။ ။ထိုသူ၏ ရှေ့၌ စင်္ကြံလျှောက်ခြင်း၊ ရပ်နေခြင်း၊ ထိုင်နေခြင်း၊ စာတက်ခြင်း၊ စာချခြင်း၊ မေးခြင်း၊ စာပြန်ခြင်း စသည်များတည်း။ အချုပ်မှာ—တဘက်သား မချမ်းသာအောင် အရွဲ့တိုက်၍ ပြုသမျှ၊ မခန့်လေးစား ပြုသမျှကို "မချမ်းသာအောင် ပြုခြင်း"ဟု ဆိုလိုသည်။ ထိုသို့ ဘိက္ခုနီကို (ဘိက္ခုကိုပါယူ။) မချမ်းသာအောင် ပြုလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့ကား ဒုက္ကဋ်ဖြစ်သင့်၏။ လူ သာမဏေ များကို မချမ်းသာအောင် လုပ်ရာ၌ကား ဒုက္ကဋ်ချည်းသာ။

**ဆက်ဦးအံ့**—အခြားသူကို မချမ်းသာစေလိုသောစိတ် မရှိဘဲ မိမိဘာသာ စာအံခြင်း စသည်တို့ကို ပြုရာ၌လည်း မိမိထက်ကြီးသော ပုဂ္ဂိုလ်များ အထံ (တကျောင်းတည်း ဖြစ်မူ) ခွင့်ပန်ပြီးမှ စာချ၊ စာဘတ်၊ စာအံ၊ တရားဟော၊ မီးထွန်း၊ မီးငြိမ်း၊ တံခါးဖွင့်၊ တံခါးပိတ်မှုများကို ပြုရမည်။ ခွင့် မပန်ဘဲ ပြုလျှင် ဒုက္ကဋ်အာပတ်ဟု ဝတ္တက္ခန္ဓကဌ် ပညတ်တော်မူသည်။ ဤအချက်ကို ရှေးရှေးက ဝိနည်းမိုရ် ဆရာ အဆက်ဆက်တို့ အထူး ဂရုစိုက်တော်မူကြသည်။

**ခွင့်ပန်ပုံ**။ ။"ခွင့်ပန်" ဟူရာ၌ကား ထိုကျောင်းတိုက်သို့ ရောက်စက "စာအံ မီးထွန်းမှု စ၍ ခွင့်ပြုစကောင်းသော ဝတ်များကို ခွင့်ပြုတော်မူကြပါ" ဟု လျှောက်ထားလျှင်လည်း ခွင့်ပန်ပြီး ဖြစ်တော့၏။ တပါးနှင့်တပါး အကျွမ်း ဝင်သည်၊ ကျေနပ်လောက်သည်ဟု သဘောထား၍ ခွင့်မပန်ဘဲ ပြုလျှင်ရင်း၊ တတ်သိနားလည်သော ထေရ်ကြီးဖြစ်၍ ထေရ်ကြီးကိုယ်တိုင်က "ငါတို့အား စာအံ မီးထွန်း စသော ဝတ်များအတွက် အထူးခွင့်ပန်ဘွယ် မလိုပါ၊ ချမ်းသာ သလို ပြုဘာပေါ့"ဟု ခွင့်ပြုထားလျှင်ရင်း စာအံမှုစသော အားလုံးကိစ္စများ၌ ခွင့်မပန်စေကာမူ အနာပတ္တိ။

စတုတ္ထ ယာ ပန ဘိက္ခုနီ-သည် ဒုက္ခိတံ-ဒုက္ခရောက်နေသော၊ သဟဇီဝိနိံ-အတူတကွ အသက်ရှည်လေ့ရှိသော တပည့်မကို၊ ဝါ-ဥပဇ္ဈာယ်ယူ အတူနေ တပည့်မကို၊ နေဝ ဥပဋ္ဌဟေယျ-ကိုယ်တိုင်မူလည်း မလုပ်ကျွေးအံ့၊ ဥပဋ္ဌာပနာယ-လုပ်ကျွေးစေခြင်းငှာ၊ ဥဿုက္ကံ-ကြောင့်ကြကိုမူလည်း၊ န ကရေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

ပဥ္စမ ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုနိယာ-ရဟန်းမအား၊ ဥပဿယံ-ကျောင်းကို၊ ဒတွာ— ပေးပြီး၍၊ ကုပိတာ— စိတ်ဆိုးသည်၊ အနတ္တမနာ-မိမိစိတ် မရှိသည်၊ (ဟုတွာ-၍၊) နိက္ကဍ္ဎေယျဝါ—ကိုယ်တိုင်မူလည်း နှင်ထုတ်အံ့၊ နိက္ကဍ္ဎာပေယျဝါ— သူတပါးကိုမူလည်း နှင်ထုတ်စေအံ့၊ တဿာ ပါစိတ္တိယံ။

ဆဋ္ဌ ယာ ပန ဘိက္ခုနီ ဂဟပတိနာဝါ ဂဟပတိပုတ္တေနဝါ၊ သံသဋ္ဌာ-ရောနှောလျက်၊ ဝိဟရေယျ၊ သာ ဘိက္ခုနီ — ထို ရဟန်းမသည်၊ ဝါ-ကို၊ ဘိက္ခုနီဟိ ဧဝံ ဝစနီယာ အဿ၊ (ကိံ - အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အယျေ-အရှင်မ၊ ဂဟပတိနာပိ - အိမ့်ရှင် ယောကျ်ားနှင့်၎င်း၊ ဂဟပတိပုတ္တေနာပိ — အိမ့်ရှင် ယောကျ်ား၏ သားနှင့်၎င်း၊ သံသဋ္ဌာ — ရောနှောလျက်၊ မာဝိဟရိ - မနေပါနှင့်၊ အယျေ - အရှင်မ၊

× × × × ×

**စတုတ္ထ**။ ။မကျန်းမမာ ဖြစ်နေသူကို “ဒုက္ခိတ” ဟု ဆိုလိုသည်။ သဟဇီဝိနီအရ “အတူတကွ အသက်ရှည်လေ့ရှိသူ” ဟူသည် “သဒ္ဓိဝိဟာရိနီ” ခေါ် ဥပဇ္ဈာယ်ယူနေသော (သူ့ကိုယ်တိုင် ရဟန်းပြုပေးရသော) တပည့်မ အရင်းအချာတည်း။ ထိုတပည့်မရင်း မကျန်းမမာ ဖြစ်နေသည့်အခါ ကိုယ်တိုင်လည်း မလုပ်ကျွေး မပြုစု၊ သူတပါးကို ပြုစုစေဘို့ရန် ကြောင့်ကြလည်း မစိုက်လျှင် ပါစိတ်၊ “အန္တေဝါသိနီ” ခေါ် နိဿယည်းယူ တပည့်၊ စာတက်နေသော တပည့်များကို မပြုစုရာ၌ ဒုက္ကဋ်။

**ပဉ္စမ**။ ။မိမိပိုင် ပုဂ္ဂလိကကျောင်းကို အခြား ရဟန်းမအား ပေးပြီးမှ စိတ်ဆိုး၍ နှင်ထုတ်လျှင်၊ သို့မဟုတ် ဆွဲချခိုင်းလျှင် ကျောင်း၏ တံခါးတို့ကို လွန်အောင် တကြိမ်တည်း ဆွဲထုတ်ရလျှင် ပါစိတ်တချက်၊ အကြိမ်ကြိမ် ဆွဲထုတ်ရလျှင်ကား ပယောဂ များသလောက် ပါစိတ် တိုးပွား၏။ တံခါး မရှိသော ကျောင်းမှ ဆွဲထုတ်ရာ၌ ဒုက္ကဋ်။

ဝိဝိစ္စ-လူတို့မှ ကင်းဆိတ်ပါလော၊ ဘဂိနိယာ - ညီမ၏၊ ဝိဝေကဘေညဝ- ကင်းဆိတ်ခြင်းကိုသာ၊ သံဃော - သံဃာတော်သည်၊ ဝဏ္ဏေတိ - ချီးမွမ်း ပါ၏၊ ဣတိ - ဤသို့ ပြောဆိုထိုက်၏၊ ဧဝဥ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ, တဿ- ထို အပြုအမူကို၊ ပဋိနိဿဂ္ဂါယ ယာဝ တတိယံ သမနုဘာသိတဗ္ဗာ၊ ယာဝ တတိယံ၊ သမနုဘာသိယမာနာ - ပြောဆို ဆုံးမအပ်စဉ်၊ တံ - ထို အပြုအမူကို၊ စေ ပဋိနိဿဇ္ဇေယျ - အကယ်၍ စွန့်အံ့၊ ဣစ္စေတံ - ဤသို့ စွန့်ခြင်း သည်၊ ကုသလံ - ကောင်း၏၊ နောစေ ပဋိနိဿဇ္ဇေယျ၊ တဿာ ဘိက္ခုနိ ယာ ပါစိတ္တိယံ၊

သတ္တမ ယာ ပန ဘိက္ခုနီ- သည်၊ အန္တောရဋ္ဌေ တိုင်းနိုင်ငံအတွင်း၌၊ သာသင်္ကေ သမ္မတေ — ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်သော၊ သပ္ပဋိဘယေ - ဘေးရန်နှင့်တကွ ဖြစ်သော အရပ်၌၊ အသတ္ထိကာ- အဖော် ကုန်သည် မပါဘဲ၊ စာရိကံ - ဒေသစာရီသို့၊ စရေယျ - လှည့်လည်အံ့၊ တဿာ ပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ - သည်၊ တိရောရဋ္ဌေ - အခြား တနိုင်ငံ၌၊ သာသင်္ကေ သမ္မတေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ တဿာ ပါစိတ္တိယံ။

× × × × ×

ဆဋ္ဌ။ ။ဤသိက္ခာပုဒ်၏ အနက်အဓိပ္ပာယ်မှာ သံဃာဒိသေသ် ၁၂ နံပါတ် သိက္ခာပုဒ်ကို နည်းမှီး၍ သိနိုင်လောက်ပြီ။ ဂဟပတိ၏ အနက်ကိုကား သံဃာ ဒိသေသ် ၁ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့ပြီ။

**သတ္တမ၊ အဋ္ဌမ။** ။မိမိနေရာ နိုင်ငံကို အန္တောရဋ္ဌ (နိုင်ငံတွင်း) ဟု ခေါ်၏။ ယခု မြန်မာနိုင်ငံမျိုးတည်း။ မိမိနိုင်ငံမှတပါး အခြားနိုင်ငံကို တိရောရဋ္ဌ (နိုင်ငံ၏ တဘက်၊ အခြား တနိုင်ငံ)ဟု ခေါ်၏။ ယခုအခါ တရုတ်ပြည် စသည် မျိုးတည်း။ နိုင်ငံတွင်း ဖြစ်စေ၊ ပြင်ပနိုင်ငံ ဖြစ်စေ ဘေးအန္တရာယ် မကင်းသည့် နေရာမျိုး၌ အဖော်ဖြစ်သူ ကုန်သည် မပါဘဲ ဒေသစာရီ လှည့်လည်သွားလာ လျှင် (ဘိက္ခုနီအဖော် အများအပြား ပါစေကာမူ) တရွာမှ တရွာသို့ ကူးတိုင်း၊ ယူဇနာဝက်လွန်တိုင်း ပါစိတ်အာပတ်သင့်၏။ တယောက်ထည်း သွားမှုကား ပြခဲ့သော ဂါမန္တရသိက္ခာပုဒ်အရ သံဃာဒိသေသ် အာပတ် သင့်သည်။

နဝမ ယာ ပန ဘိက္ခုနီ-သည်၊ အန္တော ဝဿံ-ဝါတွင်း၌၊ စာရိကံ-ဒေသစာရီကို၊ စရေယျ-လှည့်လည်အံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ဝဿံ-မိုးလပတ်လုံး၊ ဝုတ္ထာ-နေပြီးသည်၊ (သမာနာ-ဖြစ်လတ်သော်၊) အန္တမသော-အောက်ထစ်ဆုံး အားဖြင့်၊ ဆပ္ပဉ္စ ယောဇနာနိပိ - ခြောက်ယူဇ်နာ ငါးယူဇနာတို့ တိုင်တိုင်လည်း၊ စာရိကံ-လှည့်လည်အပ်သော အရပ်သို့၊ န ပက္ကမေယျ-မဖဲသွားအံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-၏။

စတုတ္ထော - လေးဝဂ်မြောက်သော၊ တုဝဋ္ဋဝဂ္ဂေါ -တည်း။

× × × × ×

**နဝမ**။ ။ပုရိမဝါတွင်း ဖြစ်စေ၊ ပစ္ဆိမဝါတွင်း ဖြစ်စေ မသွား မဖြစ်လောက်သော ကိစ္စအထူး မရှိဘဲ အခြားအရပ်သို့ ညဉ့်အိပ် ခရီးသွားလျှင် ဘိက္ခုနီတို့မှာ ပါစိတ်။ ဘိက္ခုတို့မှာ ဒုက္ကဋ်။ သတ္တာဟကရဏီယ ( ၇ ရက်အတွင်း ပြီးအောင် ပြုနိုင်လောက်သော မိဘ၊ ဆရာ ရတနာ ၃ ပါး စသော ကိစ္စ)ရှိလျှင် ဝါပန်၍ သွားကောင်း၏။

**ဝါပန်**။ ။"ဝါပန်"ဟူသည်မှာလည်း ၇ ရက်အတွင်း ပြန်လာမည်ဟု အာဘောဂ(နှလုံးသွင်း) ပြုခြင်းပင်တည်း။ တချို့ကား ဘုရားရှေ့၊ ထေရ်ကြီးရှေ့ စသည်၌ "အန္တော သတ္တာဟေ ပတိ နိဝတ္တိဿာမိ = ၇ ရက် အတွင်း၌ ပြန်လာပါမည်" ဟု ခွင့်ပန်သလို ပန်ကြ၏။ ကျမ်းဂန်မှာ မလာချေ။ သတ္တာဟကရဏီယ အကျယ်ကို ဝဿုပနာယိကခန္ဓကမှာ ရှုပါ။

**ဒသမ**။ ။ဝါကျွတ်သည့်အခါ အနည်းဆုံး ၆ ယူဇနာဖြစ်စေ၊ ၅ ယူဇနာဖြစ်စေ ခရီးထွက်ရမည်။ ခရီးမထွက်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်။ မိမိနေရာမှ ၃ ယူဇနာခရီးကို သွားပြီး၍ အခြားလမ်းဖြင့် မိမိနေရာသို့ ပြန်လာလျှင်လည်း ၆ ယူဇနာပြည့်သည်သာ။ အန္တရာယ်ရှိခြင်း၊ အဖော်မရခြင်းကြောင့် မသွားလျှင် အနာပတ္တိ။

တုဝဋ္ဋဝဂ် ပြီးပြီ။

## စိတ္တာဂါရဝဂ်

ပထမ
ယာ ပန ဘိက္ခုနီ-သည်၊ ရာဇာဂါရံဝါ-မင်း၏ အိမ်တော်ကို သော်၎င်း၊ စိတ္တာဂါရံဝါ-ဆန်းကြယ်သော အိမ်ကိုသော်၎င်း၊ အာရာမံဝါ-အာရာမ်ကိုသော်၎င်း၊ ဥယျာနံဝါ - ဥယျာဉ်ကိုသော်၎င်း၊ ပေါက္ခရဏိံ ဝါ - ရေကန်ကိုသော်၎င်း၊ ဒဿနာယ - ကြည့်ရှုခြင်းငှာ၊ ဂစ္ဆေယျ-သွားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ
ယာ ပန ဘိက္ခုနီ-သည်၊ အာသန္ဒိံ ဝါ-လက်ရှစ်သစ်ထက် လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်ကိုသော်၎င်း၊ ပလ္လင်္ကံ ဝါ-ခြင်္သေ့ သစ်ကျား စသော သားရဲရုပ်ရှိသော ပလ္လင်ကို သော်၎င်း၊ ပရိဘုဉ္ဇေယျ-သုံးစွဲအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ပထမ။** ။ရှင်ဘုရင်၏ မွေ့လျော်ပျော်ပါး ကစားဘို့ရာ သီးခြား ဆောက်လုပ်အပ်သော အိမ်တော်ကို "ရာဇာဂါရ"ဟု ခေါ်၏။ နတ်အိမ်ကို နတ်ကွန်း ခေါ်သကဲ့သို့ ဤ ရာဇာဂါရကိုလည်း "မင်းကွန်း"ဟု ခေါ်သည်။ လူအများ၏ ကစား ပျော်မြူးဘို့ရာ ဆန်းကြယ်စွာ ဆောက်လုပ်အပ်သောအိမ်ကို "စိတ္တာဂါရ"ဟု ခေါ်၏။ [စိတ္တ=ဆန်းကြယ်သော + အာဂါရ=အိမ်။] ရန်ကုန်မြို့၌ ရှိသော ပန်းခြံစသည်ကဲ့သို့ လူအများ၏ ပျော်မွေ့ဘို့ရာ ပြုလုပ်၍ထားအပ်သော အာရာမ်(ခြံ)ကို"အာရာမ"ဟု ခေါ်၏။ မေမြို့ရှိ ပန်းဥယျာဉ်ကဲ့သို့ လူအများ၏ ပျော်မွေ့ဘို့ရာ အသူးပြုလုပ်အပ်သော သစ်သီး ပန်း စသော ဥယျာဉ်ကို"ဥယျာန"ဟု ခေါ်၏။ ရန်ကုန် ကန်တော်ကြီး စသည်ကဲ့သို့ လူအများ ပျော်မွေ့ရာ ဖြစ်သော ကန်ကို "ပေါက္ခရဏီ"ဟု ခေါ်၏။ ထို ၅ မျိုးတွင် တမျိုးမျိုးကို အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်။ မြင်လောက်ရာအရပ်ဝယ် ရပ်တည်၍ ကြည့်ရာ၌ တမျိုးကြည့်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်တချက်၊ ၅ မျိုးလုံး လှည့်ကာ လှည့်ကာကြည့်လျှင် ပါစိတ် ၅ ချက်။ ဘိက္ခုတို့မှာ ဒုက္ကဋ်ချည်းသာ။

---

**ဒုတိယ။** ။ အာသန္ဒိနှင့် ပလ္လင်အသူးကို အနက်အတိုင်း သိသာပြီ။ ၂ မျိုးလုံးပင် ထိုင်၍လည်း ဖြစ်၊ အိပ်၍လည်း ဖြစ်၏။ [ "ပရိယင်္ကေ ရာဇာ သေတိ-ပလ္လင်ပေါ်၌ မင်းသည် အိပ်၏"ဟူရာ၌ကဲ့သို့ ပရိယင်္ကနှင့် ပလ္လင်္ကသား အနက်တူပင်။] ထို အာသန္ဒိ ပလ္လင်တို့ကို သုံးစွဲလျှင် (အိပ်လျှင်၊ ထိုင်လျှင်) ပယောဂတိုင်း (ထိုင်တိုင်း၊ အိပ်တိုင်း) ပါစိတ်အာပတ်။ ဘိက္ခုတို့လည်း မသုံးစွဲ

**တတိယ** ယာ ပန ဘိက္ခုနီ – သည်၊ သုတ္တံ – ချည်ကို၊ ကန္တေယျ-ငင်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**စတုတ္ထ** ယာ ပန ဘိက္ခုနီ –သည်၊ ဂိဟိဝေယျာဝစ္စံ –လူတို့၏အမှုကြီးငယ်ကို၊ ကရေယျ – ပြုအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ပဉ္စမ** ယာ ပန ဘိက္ခုနီ –သည်၊ ဘိက္ခုနိယာ –ရဟန်းမသည်၊ ဝါ-ရဟန်းမက၊ အယျေ – အရှင်မ၊ ဧဟိ – လာပါလော၊ဣမံ အဓိကရဏံ – ဤ အဓိကရုဏ်းကို၊ ဝူပသမေဟိ – ငြိမ်းစေပါလော၊ ဣတိ-ဤသို့၊ ဝုစ္စမာနာ – ပြောဆိုအပ်သော်၊ သာဓူတိ – ကောင်းပြီဟူ၍ ပဋိဿု

× × × × ×

ကောင်း။ အာသန္ဒိကို လက်ရှစ်သစ်ရှိရုံ အခြေဖြတ်၍ ပလ္လင်ကို သားရဲရုပ်များကို ဖျက်၍ကား သုံးစွဲကောင်း၏။ [ခြသေ့ သစ် ကျားကိုပင် သားရဲ (ရဲရင့်သော သားကောင်)ဟု ဆိုသည်။]

**တတိယ။** ။ချည်ကိုငင်ရာ၌ ငင်သည့်အခါ ဝင်ရိုး၌ တပတ်ရလျှင် ပါစိတ်အာပတ် တချက်သင့်၏။ မငင်မီ ရှေ့အတို့၌ ဝါကို ရွေးချယ်သည်မှစ၍ ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်သည်။ [ချည်ငင်သည်ဟုရင်း၊ ချည်ဝင့်သည်ဟုရင်း အမျိုးမျိုး ခေါ်ကြ၏။]

**စတုတ္ထ။** ။လူတို့၏ ဝေယျာဝစ္စဟူသည် ယာဂုကျိုပေးခြင်း၊ မုန့်လုပ်ပေးခြင်း စသည်တို့တည်း။ ထို လူမှုများကို ကူညီ၍ ပြုလုပ်မပေးရ။ မိဘတို့ပင်ဖြစ်စေဦးတော့၊ မိမိကိစ္စ တစုံတခုကို အပြုမခိုင်းဘဲ ထိုမိဘတို့ဘို့ ယာဂုကျိုမှု စသည်ကို မပြုရ။ ဘိက္ခုတို့လည်း မပြုကောင်း။ သို့သော် လှူဒါန်း ပူဇော်မှုအတွက်ဖြစ်မူ ဘိက္ခုနီတို့က ကူညီပြုလုပ်ပေးကောင်း၏။ မိမိ၏ ဝေယျာဝစ္စကို ပြုလုပ်နေသူ့အတွက်လည်း မိမိက ပြန်၍ကူညီ ပြုလုပ်ကောင်း၏။ထို့ကြောင့် အမိအဘတို့ ကျောင်းလာသည့်အခါ သူတို့ကို ဝေယျာဝစ္စပြုသူဖြစ်အောင် ခိုင်းပြီးမှ သူတို့အတွက် ယာဂုကျိုမှု စသည်ကို ပြုလုပ်ကောင်းသည်။

**ပဉ္စမ။** ။ဝိဝါဒါဓိကရုဏ်း စသော အဓိကရုဏ်း ၄ ပါးတွင် တပါးပါး ဖြစ်နေရာ၌ "အရှင်မ....လာပါ၊ ဤအဓိကရုဏ်းကို ငြိမ်းစေပါ (ငြိမ်းအောင် လုပ်ပေးပါ)"ဟု ဘိက္ခုနီ တယောက်ယောက်က ပြောဆို တောင်းပန်သည့် အခါ "ကောင်းပါပြီ၊ ငြိမ်းအောင်လုပ်ပေးပါမည်"ဟု ဝန်ခံပြီးနောက် (ငါက ငြိမ်းစေရလျှင် ငါ့ကို တဘက်ဘက်က ရန်မူလိမ့်မည် စသော) အန္တရာယ်မျိုး မရှိဘဲ ကိုယ်တိုင်လည်း ငြိမ်းအောင် မလုပ်၊ ငြိမ်းအောင် လုပ်ဘို့ရာ (စွမ်းနိုင်

ဏိတွာ - ဝန်ခံပြီး၍၊ သာ - ထိုရဟန်းမသည်၊ ပစ္ဆာ - နောက်၌၊အနန္တရာယိကိနီ - အန္တရာယ်မရှိဘဲ၊ နေ၀ ဝူပသမေယျ - ကိုယ်တိုင်လည်း မငြိမ်းစေအံ့၊ ဝူပသမာယ-ငြိမ်းဘိုရာ၊ ဥဿုက္ကံ-ကြောင့်ကြကိုလည်း၊ န ကရေယျ - မပြုအံ့၊ တဿာ ဘိက္ခုနိယာ - ထို ရဟန်းမ၏ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ - ၏။

ဆ၄ ယာ ပန ဘိက္ခုနီ - သည်၊ အဂါရိကဿ ဝါ-လူဝတ်ကြောင်အား ၁သော်ငြင်း၊ ပရိဗ္ဗာဇကဿ ဝါ - ပရိဗ္ဗိုဇ်ယောကျ်ားအားသော်၎င်း၊ ပရိဗ္ဗာဇိကာယ ဝါ - ပရိဗ္ဗိုဇ်မအားသော်၎င်း၊ သဟတ္ထာ - မိမိလက်ဖြင့်၊ ခါဒနီယံ ဝါ - ခဲဘွယ်ကိုသော်၎င်း၊ ဘောဇနီယံ ဝါ - ဘောဇဉ်ကိုသော်၎င်း၊ ဒဒေယျ - ပေးအံ့၊ တဿာ ဘိက္ခုနိယာ - ထို ရဟန်းမ၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ - ၏။

သတ္တမ ယာ ပန ဘိက္ခုနီ - သည်၊ အာဝသထစီဝရံ - ကျောင်း၌ထားအပ်သော သင်္ကန်းကို၊ ဝါ- ဥတုနီး သင်္ကန်းကို၊ အနိသဇ္ဇိတွာ - မစွန့်လွှတ်ဘဲ၊ ပရိဘုဉ္ဇေယျ - သုံးစွဲအံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

သူကို ရှာဖွေခြင်း စသော) ကြောင့်ကြလည်း မစိုက်လျှင် "ငြိမ်းအောင် မလုပ်တော့ဘူး"ဟု မိမိတာဝန်ကို လျှော့ချလိုက်သည်နှင့် တပြိုင်နက် ပါစိတ်အာပတ်သင့်တော့၏။

ဆဋ္ဌ။ ။လူဝတ်ကြောင် စသူတို့အား မိမိလက်ဖြင့် ခဲဘွယ် ဘောဇဉ်တမျိုးမျိုးကို ပေးလျှင် ပါစိတ်။ ဒန်ပူနှင့် ရေကို ပေးလျှင် ဒုက္ကဋ်။ ကြွင်းသောမှတ်ဘွယ်ကို ဘိက္ခု အစေလကဝဂ် ပထမသိက္ခာပုဒ်အတိုင်း သိပါ။

သတ္တမ။ ။ဘိက္ခုနီတို့ ဥတုလာသည့်အခါ သုံးစွဲဘို့ရန် ကျောင်း၌လှူဒါန်းထားအပ်သော သင်္ကန်းကို "အာဝသထစီဝရ"ဟု ခေါ်၏။ ထိုသင်္ကန်းကို ဥတုလာသည့်အခါ သုံးစွဲ၍ ၄ ရက်မြောက်၌ ဖွပ်လျှော်ပြီးလျှင် အခြား ဥတုလာသူဘိက္ခုနီအားဖြစ်စေ၊ သာမဏေမအားဖြစ်စေ စွန့်ပေးရမည်။ မပေးလျှင် ပါစိတ်။ ဥတုလာသူမရှိသေးလျှင်၎င်း၊ ခိုးသူအန္တရာယ်ကို စိုးရိမ်ရလျှင်၎င်း လက်ဆက်၍ဝတ်ခွင့်ရသေး၏။

အဋ္ဌမ ယာ ပန ဘိက္ခုနီ - သည်၊ အာဝသထံ - တံခါးရွက်တပ်အပ် သောကျောင်းကို၊ အနိသဇ္ဇိတွာ- မစွန့်လွှတ် မအပ်နှံဘဲ၊ စာရိကံ-ဒေသစာရီကို၊ ပက္ကမေယျ- ဖဲသွားအံ့၊ တဿာ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ တိရစ္ဆာနဝိဇ္ဇံ - သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ကန့်လန့် ဖီလာဖြစ်သော အတတ်ကို၊ ပရိယာပုဏေယျ-သင်ယူအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ - သည်၊ တိရစ္ဆာနဝိဇ္ဇံ - ကို၊ ဝါစေယျ - ပို့ချအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ပဉ္စမော - ငါးဝဂ်မြောက်သော၊ စိတ္တာဂါရဝဂ္ဂေါ-တည်း။**

× × × × ×

**အဋ္ဌမ။** ။အနိသဇ္ဇိတွာအရ "စွန့်ပေးခြင်း" ဟူသည် အပိုင်ပေးခဲ့ခြင်း မဟုတ်၊ ကျောင်းကို စောင့်ရှောက်ဘို့ရန် အပ်နှံခြင်းတည်း။ မိမိနေရာ သံဃိက ကျောင်းကို ထိုကဲ့သို့ မအပ်နှံဘဲ တညဥ့်အိပ် ဖြစ်စေ ထွက်သွားလျှင် ပါစိတ် အာပတ် သင့်၏။ဤ "အာဝသထ"အရ တံခါးရွက်တပ်လျက်ပါသော ကျောင်းကိုသာ ယူစေလိုသည်။ တံခါးရွက်မရှိသောကျောင်းမှ ဖဲသွားရာ၌ကား ဒုက္ကဋ်။ ဘိက္ခုတို့လည်း ခရီးသွားခါနီး၌ သိမ်းတန်သမျှကို သိမ်းဆည်း၍ အပ်နှံသင့်သူကို အပ်နှံပြီးမှ ခရီးသွားဘို့ရန် ဝတ္တရားရှိသည်။ [အကျယ်ကို ဝတ္တက္ခန္ဓက ဂမိကဝဂ်မှာ ရှုပါ။]

---

**နဝမ၊ ဒသမ။** ။တိရစ္ဆာနသဒ္ဒါသည် "ဖီလာ = ကန့်လန့်" ဟူသော အနက်ကို ဟော၏။ ဖီလာ ကန့်လန့်ဟူသည်လည်း ပိတ်ဆို့ထားခြင်း၊ တားဆီး ထားခြင်းတည်း။ သုဂတိလမ်း၊ နိဗ္ဗာန်လမ်းများကို ကန့်လန့် ဖီလာ ပြုလျက် တားဆီးတတ်သော (ထိုအတတ်ကို တတ်၍ အသုံးချလျှင် မုချအပါယ်ရောက်ရ မည်ဖြစ်သော) အတတ်များကို "တိရစ္ဆာနဝိဇ္ဇာ"ဟု ခေါ်သည်။ ထို့ကြောင့် အဋ္ဌကထာတို့၌ "ပရူပဃာတကရံ - သူတပါးကို ညှဉ်းပန်းနှိပ်စက်မှု ပြုတတ် သော၊ ဝိဇ္ဇံ- အတတ်ကို"ဟု ဖွင့်သည်။

**တိရစ္ဆာန ဝိဇ္ဇာများ။** ။ဤ သိက္ခာပုဒ်၌လာသော မသင် မချကောင်း သည့် တိရစ္ဆာနဝိဇ္ဇာများကား - ဟတ္ထိသိပ္ပ - ဆင်စီးအတတ်၊ အဿသိပ္ပ- မြင်းစီး အတတ်၊ ရထသိပ္ပ- ရထားစီး အတတ်၊ ဓနုသိပ္ပ- လေးပစ် အတတ်၊ ထရုသိပ္ပ [ထရု သဒ္ဒါသည် သန်လျက် စသော ဓားတို့၏ အရိုးကို ဟော၏။ ထရုသိပ္ပကို နိဿယ၌ "ဓားဆောက်ချွတ်အတတ်" ဟု အနက်ပေး၏။ ရန်သူ

လာသျှင် အလွယ်တကူ အသုံးပြုနိုင်ရန် ဓားအိမ်မှ ဓားရိုးချွတ်နည်းပြ အတတ်ဟု ဆိုလိုဟန်တူသည်။ "ဓားရိုးကိုင်နည်းအတတ်" ဟု ဆိုလျှင်လည်း သင့်မည်ထင်၏။] ဤပြအပ်ခဲ့သော အတတ်များသည် သူတပါးကို သတ်ဖြတ်ညှဉ်းဆဲရာအခါ၊ စစ်တိုက်သည့်အခါ၊ ရန်ဖြစ်သည့်အခါတို့၌ အသုံးပြုအပ်သော အတတ်များတည်း။

**မန္တန်များ။** ။ထို့ပြင်- အာထဗ္ဗနမန္တ၊ အာထဗ္ဗဏဝေဒကျမ်း အဆိုအတိုင်း စီရင်အပ်သော သူတပါးကိုသတ်ကြောင်း မန္တန်၊ ခိလနမန္တ- ရန်သူသေအောင် သစ်သားနှစ် တံသင်း (စို့) ကို မန်းမှုတ်၍ မြေ၌စိုက်ရသော မန္တန်၊ ဝသီကရဏမန္တ-မိမိအလိုသို့ လိုက်ပါအောင် ပြုတတ်သော လက်ဖွဲ့ ပီယဆေးစသည်ကို စီရင်ကြောင်း မန္တန် [ဝသီ – မိမိ အလို အတိုင်း (ချစ်စေလိုလျှင် ချစ်ခင်လာအောင်) ကရဏ- ပြုကြောင်းမန္တန်။] သောသာပနမန္တ – ရန်သူ၏ အသွေးအသား ခြောက်ခန်းသွားအောင် အခြောက်တိုက် သေအောင်ပြုသော မန္တန်။ ဤ ပြခဲ့သော မန္တန်များလည်း သူတပါးကို နှိပ်စက်ကြောင်း၊ မတရားကြံစည်ကြောင်း မန္တန်များဖြစ်၍ တိရစ္ဆာနဝိဇ္ဇာများတည်း။

**အလားတူ အတတ်များ။** ။ဤ ပြအပ်ခဲ့သော အတတ်များအပြင် ဂဒပ္ပယောဂ (ဂဒ=အဆိပ်+ ပယောဂ =ဆေးဖော်စပ်ခြင်း၊ သူတပါးကို အဆိပ်ခတ်၍ သတ်ဘို့ရန် အဆိပ်ဆေး စီရင်နည်း) စသော အတတ်များကို ဤသိက္ခာပုဒ်တို့ဖြင့် တားမြစ်အပ်သော "တိရစ္ဆာနဝိဇ္ဇာ"ဟု မှတ်ပါ။ ဤသို့ သူတပါးကို နှိပ်စက်ကြောင်း အတတ်များကို သင်လည်း မသင်အပ်၊ ချလည်း မချအပ်၊ သင်လျှင် ချသျှင် ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်သင့်၍ ဘိက္ခုတို့မှာ ဒုက္ကဋ်အာပတ် ဟု ခုဒ္ဒကာဝတ္ထုခန္ဓကမှာ မိန့်တော်မူ၏။

**ဆက်ဦးအံ့**—ဤဝိနည်း၌ တားမြစ်အပ်သော တိရစ္ဆာနဝိဇ္ဇာများကို သင်ရုံ ချရုံမျှ မအပ်၊ ဗြဟ္မဇာလသုတ် မဟာသီလခန်း စသည်၌ လာသော သူတပါးကို နှိပ်စက်ကြောင်း မဟုတ်သော တိရစ္ဆာနဝိဇ္ဇာများကား သင်ရုံ ချရုံ တတ်ထားရုံဖြင့် အပြစ်မရှိပါ။ ထို တိရစ္ဆာနဝိဇ္ဇာများကို သင်ယူ တတ်မြောက်ပြီးနောက် လူတို့ကို ကူညီဟောပြောကာ မိစ္ဆာဇီဝအမှုကို ပြုမှသာ ဝိနည်းအပြစ်၊ သုတ္တန်အပြစ် ရှိသည်ဟု မှတ်ပါ။

**ထင်ရှားစေအံ့**—ဗြဟ္မဇာလသုတ် မဟာသီလခန်း စသည်၌ "တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ- တိရစ္ဆာနဝိဇ္ဇာဖြင့် မိစ္ဆာဇီဝမှုကို ပြုကြသည်"ဟု အပြစ်တင်တော်မူသည်။ တတ်ရုံသင်ခြင်း၊ ပို့ချခြင်းကိုကား အပြစ်တင်တော်မမူ။ ထို့ကြောင့် မဟာသီလ၌ နက္ခတ်အတတ်၊ ဆေးအတတ်၊ မန္တန်

အတတ်၊ ဂဏန်းသင်္ချာအတတ်တို့ကို ပြတော်မူသော်လည်း ဝိနည်းဆိုင်ရာဝယ် အာရညကဝတ်၌ နက္ခတ်များကို နားလည်စေရမည်ဟုရင်း၊ ဂိလာနုပဋ္ဌာက (သူနာပြု)ရဟန်းတို့ ဆေးစပ်တတ်ရမည်ဟုရင်း၊ ဤ တိရစ္ဆာန ဝိဇ္ဇာ သိက္ခာ ပုဒ်တို့၏ အနာပတ္တိဝါရ၌ စာရေးအတတ်၊ ဓာရဏာကျမ်း၊ ဘီလူး၊ မြွေများကို တားဆီးကြောင်း မန္တန်များကို သင်လျှင် အနာပတ္တိ ဟုရင်း မိန့်တော်မူသည်။ [ဓာရဏာကျမ်း ဟူသည် ထိုကျမ်း အစီအရင်အတိုင်းပြုလုပ်က အခြားကျမ်းဂန် အတတ်များကို မှတ်သား ဆောင်ရွက်နိုင်သည်ဟု ဆိုသော ကျမ်းတည်း။ ယခု အခါ ပိဋကမော်များနှင့် တူဟန်ရှိသည်။]

**ဂဏန်း**။ ။တစ်တလီ တစ် စသော ဂဏန်းသင်္ချာကိုပင် တချို့က မချ ကောင်း၊ မသင်ကောင်းဟု ယူကြသော်လည်း "နော ဧကနော, နဝ ဒွေး- အသ်ဋ္ဌာ ဒသ"စသော ၉ ကြောင်း လင်္ကာများကိုကား ရှေးရှေး ဝိနည်းမိုရ် ဘုန်းတော်ကြီးများပင် သင်ပြ ပို့ချပေးခဲ့ကြပေသည်။ ဆန်းကျမ်းလာ သင်္ချာ တို့ကိုလည်း အများပင် သင်ယူ ပို့ချနေကြ၏။ ပဋ္ဌာန်းသင်္ချာဝါရ၌ မူလဋီကာ ဆရာသည် သင်္ချာ အရာဝယ် တကယ် တတ်ကျွမ်းတော်မူကြောင်း ထင်ရှား ပေသည်။

**အချို့ဝါဒ**။ ။အချို့ကား ပါဠိဘာသာမှတပါး အခြား ဘာသာ ဟူသမျှကို "တိရစ္ဆာနဝိဇ္ဇာ"ဟု အထင်မှားကြ၏။ သူတို့ ထင်မှားတိုင်း မှန်လျှင် မိမိတို့ မြန်မာဘာသာ (စကား စာပေများ)လည်း ပါဠိဘာသာ မဟုတ်ရကား တိရစ္ဆာနဝိဇ္ဇာတွင် ပါဝင်ရချေတော့မည်။ စင်စစ်ကား—ဤ သိက္ခာပုဒ်လာ တိရစ္ဆာနဝိဇ္ဇာသည် ဘာသာစကား၊ စာပေများမဟုတ်။ မည်သည့်ဘာသာဖြင့် ဆိုဆို(ရေးရေး) ဆင်အတတ် စသည်မှန်လျှင် တိရစ္ဆာနဝိဇ္ဇာချည်း ပင်တည်း။ ထိုသို့ သူတပါးကို နှိပ်စက်ကြောင်းမဟုတ်သော အကျိုးရှိသောအတတ်မှန်လျှင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ဟိန္ဒီ၊သက္ကတ စသည်တို့တွင် မည်သည့်ဘာသာဖြင့် ဆိုဆို၊ မည်သည့်အက္ခရာဖြင့် ရေးရေး သင်ကောင်း၊ချကောင်း၊တတ်ကောင်းသည်သာ။

**ဝမ်းနည်းဘွယ်**။ ။ဂဏန်းသင်္ချာ၊ အင်္ဂလိပ်စာတို့ကို မသင်ကောင်း၊ မချ ကောင်းဟု ရှေးခုလတ် ဆရာအချို့တို့၏ ဝါဒကြောင့် ရဟန်းတော်များ၏ လက်အောက်ဝယ် စာသင်မည့်သူ အလွန် နည်းပါးသွားသည်ကို ယခုခေတ်၌ ပြန်၍ အကြွေးဆပ်နေရသည်မှာ ဝမ်းနည်းဘွယ် ကောင်းလှပါသည်။

**စိတ္တာဂါရဝင် ပြီးပြီ။**

## အာရာမဝဂ်

**ပဌမ** ယာ ပန ဘိက္ခုနီ - သည်၊ ဇာနံ-ရဟန်းရှိ၏ဟု သိလျက်၊ သဘိက္ခုကံ - ရဟန်းရှိသော၊ အာရာမံ - အာရာမ်သို့၊ ဝါ - ကျောင်းတိုက်သို့၊ အနာပုစ္ဆာ - မပန်ပြောဘဲ၊ ပဝိသေယျ - ဝင်အံ့၊ တဿာ ပါစိတ္တိယံ။

**ဒုတိယ** ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုံ-ရဟန်းကို၊ အက္ကောသေယျ ဝါ - ဆဲမှုသည်း ဆဲအံ့၊ ပရိဘာသေယျ ဝါ - ခြိမ်းခြောက်မှုလည်း ခြိမ်းခြောက်အံ့၊ တဿာ ပါစိတ္တိယံ။

**တတိယ** ယာ ပန ဘိက္ခုနီ - သည်၊ စဏ္ဍီကတာ-ဒေါသက ကြမ်းတမ်းအောင် ပြုအပ်သည်၊ ဝါ-စိတ်ဆိုးသည်၊ (ဟုတွာ-ဖြစ်၍၊) ဂဏံ - ဘိက္ခုနီသံဃာကို၊ ပရိဘာသေယျ -ခြိမ်းခြောက်အံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

**ပဌမ။** ။ဘိက္ခုနီသည် ဘိက္ခုရှိမှန်းသိလျက် ဘိက္ခုတို့၏ ကျောင်းတိုက်တွင်းသို့ ခွင့်မပန်ဘဲ ဝင်လျှင် အကာအရံရှိမူ အကာအရံကို လွန်သည့်အခါ၊ အကာမရှိလျှင် ကျောင်းတိုက် ဥပစာ လွန်သည့်အခါ ပါစိတ်။ ခွင့်ပန်ရာ၌ကား ဘိက္ခု၊ သာမဏေ၊ အာရာမ်စောင့် (ကပ္ပိယ) တဦးဦးထံ ခွင့်ပန်နိုင်၏။

**ဒုတိယ။** ။"အက္ကောသေယျ" အရ "ဆဲခြင်း"ဟူသည် သြမသဝါဒ သိက္ခာပုဒ်၌ ပြခဲ့သော ဇာတိ၊ ဂေါတ္တ၊ သိပ္ပ စသော ဆယ်မျိုးတွင် တမျိုးမျိုးကို ထိခိုက်၍ ဆဲခြင်းတည်း။ ပရိဘာသေယျ အရ "ခြိမ်းခြောက်ခြင်း"ဟူသည်ကား တစုံတခု ဘေးရန် အန္တရာယ်ကို ပြ၍ "သတ်မည်၊ ဖြတ်မည်၊ ဘယ်လိုလုပ်မည်" စသည်ဖြင့် ပြောဆိုခြင်းတည်း။ ဤ ခြိမ်းခြောက်မှုကို "ရေရွတ်ခြင်း"ဟုလည်း ခေါ်ကြသည်။ ဘိက္ခုနီသည် ဘိက္ခုကို ဆဲလျှင်၊ သို့မဟုတ် ခြိမ်းခြောက်လျှင် ပါစိတ်အာပတ် သင့်၏။

**တတိယ။** ။[ အစဏ္ဍာပိ - ပင်ကိုယ်က မကြမ်းတမ်းပါသော်လည်း၊ ဒေါသေန - ဒေါသက၊ စဏ္ဍာ - ကြမ်းသူကို၊ ဝါ-ကြမ်းတမ်းသူဖြစ်အောင်၊ ကရိယတေ=ပြုအပ်၏၊ က္ကတိ-ထို့ကြောင့်၊ စဏ္ဍိကတာ-မည်၏။ "ဒေါသက ကြမ်းတမ်းအောင် ပြုအပ်"ဟူသည် ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်းပင်တည်း။] ဘိက္ခုနီသည် စိတ်ဆိုး မာန်ဆိုးနှင့် ဘိက္ခုနီသံဃာကို "သည်ကောင်မတွေ အမိုက်တွေဘဲ၊ ဘာ သိတတ်လို့လဲ" စသည်ဖြင့် ရေရွတ်လျှင် ပါစိတ်အာပတ်။

**စတုတ္ထ** ယာ ပန ဘိက္ခုနီ - သည်၊ နိမန္တိတာ - ဘောဇဉ်ဖြင့် ပင့်ဖိတ် အပ်ပြီးသည်၊ ဟုတွာဝါ - ဖြစ်လျက်သော်၎င်း၊ ပဝါရိတာ - ပယ်မြစ်စေအပ်ပြီးသည်၊ ဝါ - ပဝါရိတ် သင့်ပြီးသည်၊ ဟုတွာဝါ - ဖြစ်လျက်သော်၎င်း၊ ခါဒနီယံဝါ ဘောဇနီယံဝါ ခါဒေယျဝါ ဘုဉ္ဇေယျ ဝါ၊ တဿာ ပါစိတ္တိယံ။

**ပဉ္စမ** ယာ ပန ဘိက္ခုနီ - သည်၊ ကုလမစ္ဆရီ - အမျိုး၌ ဝန်တိုခြင်း ရှိသည်၊ အဿ - ဖြစ်အံ့ တဿာ ပါစိတ္တိယံ။

**ဆဋ္ဌမ** ယာ ပန ဘိက္ခုနီ - သည်၊ အဘိက္ခုကေ - ရဟန်းယောကျ်ား မရှိသော၊ အာဝါသေ - ကျောင်း၌၊ ဝဿံ - မိုးလပတ်လုံး၊ ဝသေယျ - နေအံ့၊ တနည်း၊ ဝဿံ ဝသေယျ - ဝါကပ်အံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

**စတုတ္ထ။** ။နိမန္တိတာအရ "ပင့်ဖိတ်"ဟူသည် ဂဏဘောဇန သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း မအပ်သော ပင့်နည်းဖြင့် ပင့်ဖိတ်ခြင်းတည်း။ ပဝါရိတာအရ "ပဝါရိတ်သင့်ပုံ"ကား ပဝါရိတသိက္ခာပုဒ်အတိုင်းပင်တည်း။ ထိုကဲ့သို့ ပင့်ဖိတ် အပ်သူသည် ထို ပင့်ထားသူ၏ ခဲဘွယ် ဘောဇဉ်ကို မစားသေးဘဲ အခြား ခဲဘွယ် ဘောဇဉ်တို့ကို စားလျှင် ပါစိတ်။ ပဝါရိတ်သင့်သော ဘိက္ခုနီလည်း နောက်ထပ် ခဲဘွယ် ဘောဇဉ်ကိုစားလျှင် ပါစိတ်။ ဤသိက္ခာပုဒ်ကား ဘိက္ခုတို့၏ ပရမ္ပရဘောဇန သိက္ခာပုဒ်နှင့် ပထမ ပဝါရိတသိက္ခာပုဒ် ၂ ရပ်ကို တပေါင်းတည်း ပြုထားသကဲ့သို့ ဖြစ်၏။

**ပဉ္စမ။** ။ကုလမစ္ဆရီအရ စိတ်၌ ဝန်တိုနေရုံမျှဖြင့် အာပတ် မသင့်သေး။ ထိုအမျိုးအိမ်သို့ ဘိက္ခုနီတို့ မသွားချင်အောင် "အမျိုး၏ သဒ္ဓါတရား နည်းပါးကြောင်း၊ ခွေးဆိုးရှိကြောင်း"စသည်ကို ဘိက္ခုနီတို့အား ပြောမှသာ၊ သို့မဟုတ် ထိုအမျိုးက ဘိက္ခုနီတို့အား မလှူချင်အောင် ဘိက္ခုနီတို့၏အပြစ်ကို ထိုအမျိုးထံ ပြောမှသာ ပါစိတ်အာပတ် သင့်သည်။

**ဆဋ္ဌ။** ။ "ရဟန်းယောကျ်ား မရှိသောကျောင်း" ဟူရာ၌ "မိမိတို့ တိုက်ထဲဝယ် ရဟန်းယောကျ်ား မရှိခြင်းကို ဆိုလိုသည်" မဟုတ်၊ မိမိတို့ ကျောင်းမှ တယူဇနာဝက် အတွင်း သွားလာဘို့ရန် ဘေးအန္တရာယ်လည်း ကင်းသော အရပ်ဝယ် ရဟန်းယောကျ်ား မရှိခြင်းကို ဆိုလိုသည်။ထိုအဘိက္ခုက အာဝါသ၌ ဝါကပ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ် သင့်၏။

သတ္တမ — ယာ ပန ဘိက္ခုနီ - သည်၊ ဝဿံ - မိုးလပတ်လုံး၊ ဝုတ္ထာ - နေပြီးသည်၊ တနည်း၊ ဝဿံဝုတ္ထာ - ဝါကျွတ်ပြီးသည်၊ (သမာနာ-သော်၊) ဥဘတောသံဃေ-၂ဘက်သော ဘိက္ခုနီသံဃာ ဘိက္ခုသံဃာ၌၊ တီဟိ-၃ ပါးကုန်သော၊ ဌာနေဟိ - အကြောင်းတို့ဖြင့်၊ ဒိဋ္ဌေန ဝါ- မြင်ခြင်းဖြင့်၎င်း၊ သုတေန ဝါ - ကြားခြင်းဖြင့်၎င်း၊ ပရိသင်္ကာယ ဝါ- ယုံမှားခြင်းဖြင့်၎င်း၊ န ပဝါရေယျ - မဖိတ်အံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

**ထင်ရှားစေအံ့**။ ။ဘိက္ခုနီတို့သည် အဋ္ဌမ၊ နဝမ သိက္ခာပုဒ်တို့၌ ပြလတံ့အတိုင်း ဩဝါဒပေးမည့် ဘိက္ခုတို့အထံ မပြတ်သွား၍ တရားဓမ္မ ဩဝါဒကို ကြားနာဘို့ရန် တာဝန်ရှိသည်။ ဘေးအန္တရာယ်ကင်းသော တယူဇနာဝက် အတွင်း၌ ဘိက္ခုများရှိမှလည်း နေ့ချင်းပြန် သွားနိုင်မည်။ ထို့ကြောင့် ထိုကဲ့သို့ အနီးအပါးဝယ် ဘိက္ခုမရှိသော ကျောင်းတိုက်၌ ဘိက္ခုနီတို့ ဝါကပ်ခြင်းကို တားမြစ်တော်မူရသည်။

---

**သတ္တမ**။ ။"ဝဿံဝုတ္ထာ=ဝဿံဝုဋ္ဌာ"ဟု ပါဠိ ၂ ထွေရှိရာ ယခုစာအုပ်များ၌ ဝုတ္ထာရှိ၍ ရှေးစာပေများ၌ ဝုဋ္ဌာ ဟု အရှိများ၏။ ဌဝမ်းဘဲနှင့်ပါဠိကိုသာ အမှန်ဟုလည်း သက္ကတနှင့် ကစ္စည်းစာသွားအလိုကို ဆရာတို့ ဆုံးဖြတ်တော်မူကြသည်။ "တီဟိ ဌာနေဟိ"အရ ၃ ဌာနဟူသည် ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကာ ပင်တည်း။ ဝါကျွတ်သည့်အခါ ဤ ၃ ချက် (အကြောင်း ၃ ပါး)ဖြင့် ဖိတ်ကြခြင်းကိုပင် "ပဝါရဏာပြုသည်"ဟု ခေါ်သည်။ထို ပဝါရဏာပြုခြင်း၏ လိုရင်းအချက်မှာလည်း "မိမိအပေါ်၌ အပြစ် တစုံတရာကို ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကာဖြစ်လျှင် ပြောပါ၊ဆိုပါ၊ဆုံးမပါ"ဟု ခွင့်ပြုခြင်း၊ မိမိကိုယ်ကို အပ်နှံခြင်း ပင်တည်း။

**ဆက်ဦးအံ့**—ထို ပဝါရဏာပြုမှုကို ဘိက္ခုတို့မှာ ဘိက္ခု အချင်းချင်းသာ ပြုရုံဖြင့် ပြီးသော်လည်း ဘိက္ခုနီတို့မှာ ဘိက္ခုနီသံဃာ့အထံ၌ တကြိမ်၊ ဘိက္ခုသံဃာ့ထံ၌ တကြိမ်၊ ဤသို့အားဖြင့် ၂ ကြိမ် ပဝါရဏာပြုရသည်။ ထို့ကြောင့် "ဥဘတော သံဃေ"ဟု မိန့်တော်မူသည်။

**အမှာ**။ ။လမပြည့်ခင် ၁၄ ရက်နေ့၌ ဘိက္ခုနီသံဃာတို့ စည်းဝေး၍ ပဝါရဏာပြု။ ထို အစည်းအဝေးမှာပင် ဘိက္ခုနီသံဃာ၏ ကိုယ်စား ဘိက္ခုသံဃာ့ထံ ဖိတ်ဘို့ရာ တပါးပါးကို သမ္မုတိပေး။ ထို သမ္မုတိရသော ဘိက္ခုနီက လပြည့်နေ့၌ ဘိက္ခုနီသံဃာအားလုံးကို ခေါ်သွား၍ ဘိက္ခုသံဃာ့ထံ သူတပါးတည်းက အများအတွက် ဖိတ်ရ၏။ အကျယ်ကို အဋ္ဌကထာမှာ ရှုပါ။

**ဘိက္ခုအချင်းချင်း ဖိတ်ပုံ။** ။[ဘိက္ခုနီတို့ ဖိတ်ပုံကို ယခုအခါ အရေးမကြီးတော့သဖြင့် လစ်လျူရှု၍ ဘိက္ခုတို့ဖိတ်ပုံ၊ ပဝါရဏာပြုပုံကိုသာ ပြမည်။ ရှိသမျှ သံဃာများ စည်းဝေးပြီးနောက် ဆိုင်ရာ ပဝါရဏာညွှတ်ထား၍ (ယခုခေတ် ထုံးစံအတိုင်း အမေး အဖြေပါ လုပ်လိုလျှင် လုပ်ပြီး၍)။

"သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ,
ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ, ပဿန္တော ပဋိ
ကရိဿာမိ၊ ဒုတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ၊ ပေ၊ ပဋိကရိဿာမိ၊
တတိယမ္ပိ ဘန္တေ သံဃံ၊ ပေ၊ ပဋိကရိဿာမိ"

ဟု ဆို၍ ဖိတ်ရသည်။ [အချို့လည်း ဒုတိယမ္ပိ၊တတိယမ္ပိကိုမထည့်ဘဲ ၃ ခေါက်ပြည့်ရုံသာ ဆိုကြ၏။ ပါဠိတော်၌ တိုက်ရိုက် ပါသောကြောင့် ထည့်ခြင်းက ကောင်းသည်။]

**အနက်။** ။ဘန္တေ – အရှင်ဘုရားတို့၊ (အဟံ – တပည့်တော်သည်၊) သံဃံ – သံဃာတော်ကို၊ ဒိဋ္ဌေနဝါ–မြင်ခြင်းအားဖြင့်၎င်း၊ သုတေနဝါ-၎င်း၊ ပရိသင်္ကာယဝါ-၎င်း၊ ပဝါရေမိ–ဖိတ်ပါ၏၊ ဝါ–ပြောဆိုဘို့ရန် အပ်နှံခွင့်ပြုပါ၏၊ အာယသ္မန္တော–အရှင်တို့သည်၊ အနုကမ္ပံ – တပည့်တော် အပေါ်၌ သနားခြင်းကို၊ ဥပါဒါယ – စွဲ၍၊ ဝဒန္တု – ပြောဆို ဆုံးမတော်မူပါကုန်၊ ပဿန္တော–အပြစ်ကို မြင်လသော်၊ ပဋိကရိဿာမိ–ကုစားပါမည်။

**ဒိဋ္ဌေနဝါ စသည်၊** ။"ဒိဋ္ဌေနဝါ" စသည်၌ "မြင်ခြင်း" စသည်ကား အဖိတ်ခံရသော ပုဂ္ဂိုလ်တို့က မိမိ တစုံတခု ကျူးလွန်နေသည်ကို ကိုယ်တိုင် မြင်ခြင်း၊ သို့မဟုတ် တဆင့် ကြားသိရခြင်း၊ သို့မဟုတ် နေထိုင်ပုံကို ထောက်၍ ယုံမှားသံသယရှိခြင်းတည်း။ထိုသို့ ဒိဋ္ဌ၊သုတ၊ပရိသင်္ကာရှိလျှင် တပည့်တော်အား သနားသဖြင့် ဆုံးမတော်မူပါ၊ "အမှန်အပြစ်ဘဲ"ဟု မိမိကိုယ်တိုင် မြင်ပါလျှင် ထို အပြစ်ကို ကုစားပါမည် ဟူလို။ သံဃာမပြည့်၍ ၂ ပါး၊ ၃ ပါး၊ ၁ ပါးထံ ဖိတ်ပုံများကို ပဝါရဏာက္ခန္ဓကပါဠိတော် အဋ္ဌကထာတို့မှာ ရှုပါ။

**ဝဒန္တု, ဝဒတု။** ။"ဝဒန္တု မံ အာယသ္မန္တော=ဝဒတု မံ သံဃော" ဟု အဆိုကွဲသေးရာ၌ကား မိမိတို့ဆရာသမားထံ မေးမြန်း လျှောက်ထားကြပါလေ။ မိမိ၏ ဆရာများကား ဤသို့ ဆုံးဖြတ်တော်မူကြသည်။ ဖိတ်တုန်းက "သံဃံ ဘန္တေ ပဝါရေမိ"ဟု သံဃာကို ဖိတ်သော်လည်း အပြစ်ကို ဒိဋ္ဌ၊သုတ၊ပရိသင်္ကာ ဖြစ်၍ ဆုံးမသောအခါ၌မူ သံဃာစည်းဝေး၍ သံဃာက ဆုံးမရသည် မဟုတ်၊ ထို မြင်သော ရဟန်းကသာ ဆုံးမရမည် ဖြစ်သောကြောင့် "ဝဒန္တု မံ အာယသ္မန္တော"ဟုသာ ရွတ်ဆိုသင့်သည်။

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ ဩဝါဒါယဝါ - ဂရုဓမ် ဩဝါဒကို နာယူခြင်းငှာလည်းကောင်း၊ သံဝါသာယဝါ-ဥပုသ်ပဝါရဏာဟူသော သံဝါသအကျိုးငှာလည်းကောင်း၊ န ဂစ္ဆေယျ - မသွားအံ့၊ တဿာ ပါစိတ္တိယံ။

နဝမ အနွဍ္ဍမာသံ-လခွဲတိုင်း၊ ဘိက္ခုနိယာ - ရဟန်းမသည်၊ ဘိက္ခုသံဃတော - ဘိက္ခုသံဃာ့အထံမှ၊ ဥပေါသထ ပုစ္ဆကဉ္စ - ဥပုသ်နေ့ကို မေးခြင်းကိုလည်းကောင်း၊ ဩဝါဒူပသင်္ကမနဉ္စ - ဩဝါဒ ခံယူဘို့ရန် ချဉ်းကပ်ခြင်းကိုလည်းကောင်း၊ ဒွေ ဓမ္မာ - ၂ ပါးကုန်သော တရားတို့ကို၊ ပစ္စာသီသိ တဗ္ဗာ - တောင့်တထိုက်ကုန်၏၊ တံ - ထိုလခွဲကို၊ အတိက္ကာမေန္တိယာ - လွန်စေသော၊ ဘိက္ခုနိယာ - ရဟန်းမ၏၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သည်၊ ဟောတိ-၏။

× × × × ×

**အဋ္ဌမ။** ။ဩဝါဒါယ၌ ဩဝါဒ ဟူသည် ဂရုဓမ် ၈ ပါးဖြင့် ဆုံးမခြင်းတည်း။ ထို ဩဝါဒကို ခံယူဘို့ရန် ဩဝါဒပေးမည့် ဘိက္ခုအထံသို့ မသွားလျှင် ပါစိတ်အာပတ်သင့်၏။ သံဝါသာယ၌ သံဝါသ ဟူသည် "အတူတကွ နေထိုင်ကြောင်း ဖြစ်သော ဥပုသ်ပဝါရဏာ"တည်း။ သို့သော် ဘိက္ခုနီသည် ဘိက္ခုနှင့်အတူ ဥပုသ်မပြုရ၊ မိမိတို့ချည်း ပြုရမည်။ ပဝါရဏာကိုကား ဘိက္ခုတို့အထံမှာလည်း ပြုရသည်။ ထို့ကြောင့် သံဝါသာယအရ "ယခုလာမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီပါလား၊ ပန္နရသီပါလား"ဟု ၁၃ ရက်နေ့က ဘိက္ခု တပါးပါးထံ မေးလျှောက်သွားခြင်းကိုလည်းကောင်း၊ ပဝါရဏာနေ့၌ ဘိက္ခုထံ ပဝါရဏာ ပြုသွားခြင်းကိုလည်းကောင်း ယူပါ။ ထိုကဲ့သို့ မသွားလျှင် ပါစိတ်အာပတ် သင့်သည်။

**နဝမ။** ။ဥပေါသထဿ-ဥပုသ်နေ့ကို၊ ပုစ္ဆာ-မေးခြင်းသည်၊ ဥပေါသထ ပုစ္ဆာ-မည်၏။ သကတ္ထ၌ ကပစ္စည်း သက်ပြီးလျှင် ပုစ္ဆာ၌ အာကို ရဿပြု၍ "ဥပေါသထပုစ္ဆက"ဟု ဖြစ်သည်။ "ဩဝါဒူပသင်္ကမနံ" ဝယ် ဩဝါဒ အရ ဂရုဓမ် အဆုံးအမကို ယူ။ "ဘိက္ခုနီသံဃာသည် အဆုံးအမကို ရလိုကြပါသတဲ့"ဟု ဩဝါဒ ခံဘို့ရန် ခွင့်တောင်းသွားခြင်းကို ဩဝါဒူပသင်္ကမန ဟုခေါ်သည်။ [ဋီကာသစ်ကား တမျိုးဖွင့်လေ၏။] လခွဲတကြိမ်ကျ ဘိက္ခုတို့ထံ၌ "ယခုလာမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီပါလော၊ ပန္နရသီပါလော" ဟု ဥပုသ်နေ့ကို မေးခြင်း၊ ဩဝါဒခံဘို့ရန် ခွင့်တောင်းသွားခြင်းကို မပြုသူသည် လခွဲကို လွန်စေမည်ဖြစ်၏။ ထိုကဲ့သို့ မပြုဘဲ လခွဲ (၁၅ ရက်ကို) လွန်စေသော ဘိက္ခုနီမှာ ပါစိတ်။

**ဒသမ** ယာ ပန ဘိက္ခုနီ – သည်၊ ပသာခေ – ခက်မ၌၊ ဇာတံ- ပေါက်သော၊ ဂဏ္ဍံဝါ – မြင်းဖုကိုသော်ငှင်း၊ ရုဓိတံဝါ – အနာကိုသော်ငှင်း၊ သံဃံဝါ – သံဃာကိုသော်ငှင်း၊ ဂဏံဝါ – ဂိုဏ်းကို သော်ငှင်း၊ အနပလောကေတွာ – မပန်ပြောဘဲ၊ ပုရိသေန-ယောကျ်ား နှင့်၊ သဒ္ဓိံ – အတူတကွ၊ ဧကေနေကာ – တယောက်ချင်း၊ ဘေဒါပေယျ ဝါ- ဖောက်မှုသည်း ဖောက်စေအံ့၊ ဖာလာပေယျဝါ-ခွဲမှုလည်း ခွဲစေအံ့၊ ဓောဝါပေယျဝါ – ဖန်ဆေးမှုလည်း ဖန်ဆေးစေအံ့၊ အာလိမ္ပာပေယျ ဝါ- ဆေးလိမ်းမှုလည်း ဆေးလိမ်းစေအံ့၊ ဗန္ဓာပေယျဝါ – ကြပ်စည်း မှုလည်း ကြပ်စည်းစေအံ့၊ မောစာပေယျဝါ – ဖြေမှုလည်း ဖြေစေအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ဆဋ္ဌော – ခြောက်ဝဂ်မြောက်သော၊ အာရာမဝဂ္ဂေါ – တည်း။**

× × × × ×

**ဒသမ။** ။ပသာခ သဒ္ဒါသည် အခက်ငယ်များ၏ ဖြာ၍ထွက်ရာ အခက်မ ကြီးကို ဟောရင်းတည်း။ ခန္ဓာကိုယ်၏အောက်ပိုင်းအရပ်လည်း ပေါင် ၂ ဘက်၏ ဖြာ၍ထွက်ရာဖြစ်သောကြောင့် ထိုအခက်မနှင့် အလားတူသည်။ ထို့ကြောင့် ပသာခအရ ချက်၏ အောက်ပိုင်းဖြစ်သော ကိုယ်ကို ယူရမည်။ သို့သော် ပေါင် ၂ ဘက်လည်း ဘိက္ခုနီတို့မှာ ယောကျ်ားကို ပြ၍ မသင့်လျော်သောကြောင့် ဒူးဆစ်မှအထက် ပေါင် ၂ ဘက်ကိုပါ ပသာခ၌ အဋ္ဌကထာ သွင်းယူသည်။

ထိုပသာခ၌ ပေါက်သော မြင်းဖုကို၊ သို့မဟုတ် အခြားအနာကို သံဃာကို ဖြစ်စေ၊ ဂိုဏ်းကိုဖြစ်စေ မတိုင်တန်းဘဲ ယောကျ်ားနှင့် တယောက်ချင်းဖောက်မှု၊ ခွဲမှု၊ ဖန်ဆေးမှု၊ ဆေးလိမ်းမှု၊ ကြပ်စည်းမှု၊ ထိုအစည်းကို ဖြေမှု ဤခြောက်ခုကို ပြုစေလျှင် ယောကျ်ားက မတရားကြံမည်စိုးရကား တခုလျှင် အာပတ်တချက်ကျ ပါစိတ်အာပတ် သင့်၏။ တခုကိုပြုစေလျှင် အာပတ်တချက်၊ ၂ ခုကို ပြုစေလျှင် အာပတ် ၂ ချက် စသည် သိပါ။ သံဃာ ဂိုဏ်းကို တိုင်ကြားပြီးမှ ခွဲခြင်းစသည်ကို ပြုစေလျှင် သံဃာ ဂိုဏ်းက အစောင့်အရှောက် ထားနိုင်ခွင့်ရှိ၍ သေးရန် ကင်း သောကြောင့်ငှင်း၊ သံဃာဂိုဏ်းကို မတိုင်ကြားဘဲ အဖော်တယောက်ယောက်ကို အနားထားလျှင်လည်း ဘေးရန် ကင်းသောကြောင့်ငှင်း အနာပတ္တိ။

**အာရာမဝဂ် ပြီးပြီ။**

## ဂဗ္ဘိနီဝဂ်

ပထမ၊ ဒုတိယ ယာ ပန ဘိက္ခုနီ - သည်၊ ဂဗ္ဘိနိံ - ကိုယ်ဝန်ရှိသော မိန်းမကို၊ ဝုဋ္ဌာပေယျ - ပဉ္စင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။ [ဒုတိယ၌ "ပါယန္တိံ - နို့တိုက်ဆဲ မိန်းမကို" ဟု အနက်ပေးပါ။]

တတိယ ယာ ပန ဘိက္ခုနီ - သည်၊ ဒွေ ဝဿာနိ - ၂ နှစ်တို့ပတ်လုံး၊ ဆသု - ခြောက်ပါးကုန်သော၊ ဓမ္မေသု - သိက္ခာပုဒ်တို့၌၊ အသိက္ခိတသိက္ခံ - မကျင့်အပ်သေးသော သိက္ခာရှိသော၊ သိက္ခမာနံ - သိက္ခမာန်ကို၊ ဝုဋ္ဌာပေယျ - အံ့၊ တဿာ ပါစိတ္တိယံ၊

× × × × ×

**ပထမ၊ ဒုတိယ။** ။ဂဗ္ဘိနီဟူသည် ကိုယ်ဝန်ဆောင်မိန်းမတည်း။ ပါယန္တီဟူသည် နို့စို့ကလေးရှိသော (ကလေး မခွာသေးသော) မိခင်၊ သို့မဟုတ် နို့ထိန်းတည်း။ ဥပဇ္ဈာယ်ဆရာမ လုပ်၍ ထို ဂဗ္ဘိနီ၊ ပါယန္တီ မိန်းမ တို့ကို ပဉ္စင်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။ [ဝုဋ္ဌာပေယျပုဒ်၏ သဒ္ဒါနက်မှာ "သာမဏေမ အဖြစ်၊ သိက္ခမာန်အဖြစ်မှ ထမြောက်စေအံ့" ဟု ထွက်သည်။ ထိုသို့ "ထမြောက်စေခြင်း" ဟူသည် ပဉ္စင်းပြုပေးခြင်းတည်း။ ထို့ကြောင့် "ဝုဋ္ဌာပေယျ-ပဉ္စင်းပြုပေးအံ့" ဟူသော အနက်ကို အဓိပ္ပာယ်နက် ဝေါဟာရနက်ဟု မှတ်ပါ။]

---

**တတိယ။** ။ဘိက္ခုနီဖြစ်လိုသော မိန်းမသားသည် အသက် ၆ဝ ရှိစေကာမူ ပဉ္စင်း မဖြစ်မီ ၂ နှစ်လောက် ဘိက္ခုနီသံဃာ့အထံ သိက္ခာသမ္မုတိကို တောင်းရသည်။ ထိုအခါ သံဃာက ဉတ်ကမ္မဝါစာဖြင့် သိက္ခာသမ္မုတိ ပေးပြီးနောက် "ပါဏာတိပါတာ ဝေရမဏိံ ဒွေဝဿာနိ အဝီတိက္ကမ္မ သမာဒါနံ သမာဒိယာမိ" စသည်ဖြင့် သိက္ခာပုဒ် ၆ ပါးလုံးကို ဆောက်တည်စေရသည်။ ထို သိက္ခာပုဒ် ၆ ပါးကို ကျင့်နေသော သာမဏေမကိုပင် "သိက္ခမာန" ဟု ခေါ်၏။ သိက္ခာပုဒ် ၆ ပါးကား ပါဏာတိပါတ၊ အဒိန္နဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ သုရာမေရယ၊ ဝိကာလဘောဇနတို့မှ ရှောင်ကြဉ်ခြင်းတည်း။ [ပါဏာတိပါတာ-မှ၊ ဝေရမဏိံ-ရှောင်ကြဉ်ကြောင်းဖြစ်သော၊ ဒွေ ဝဿာနိ - ၂ နှစ်တို့ပတ်လုံး၊ အဝီတိက္ကမ္မ-မကျူးလွန်မူ၍၊ သမာဒါနံ-ဆောက်တည်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏ ဟု အနက်ဆိုပါ။]

**စတုတ္ထ** ယာ ပန ဘိက္ခုနီ - သည်၊ ဒွေဝဿာနိ-လုံး၊ ဆသု ကုန်သော၊ ဓမ္မေသု-တို့၌၊ သိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော သိက္ခာရှိသော၊ သိက္ခမာနံ-သိက္ခာမာန်ကို၊ သံဃေန-ဘိက္ခုနီသံဃာသည်၊ အသမ္မတံ - မသမုတ်အပ်သေးဘဲ၊ ဝါ - ဝုဋ္ဌာပနသမ္မုတိ မပေးအပ်သေးဘဲ၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

**ပဉ္စမ** ယာ ပန ဘိက္ခုနီ-သည်၊ ဦနဒွါဒသဝဿံ - ယုတ်လျော့သော တဆယ့်နှစ်နှစ်ရှိသော၊ ဝါ-တဆယ့်နှစ်နှစ် မပြည့်သေးသော၊ ဂိဟိဂတံ-ယောကျ်ားတပါး သွားလာအပ်ပြီးသော မိန်းမကို၊ ဝုဋ္ဌာပေယျ - အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**သိက္ခမာန်ခေါ်ပုံ**။ ။သိက္ခမာနဥ္စ မာနပစ္စည်းက ပစ္စုပ္ပန်အနက်ကို ဟောသောကြောင့် "သိက္ခမာန=ကျင့်ဆဲ ကျင့်တုန်းဖြစ်သူ" ဟု ဆိုလိုသည်။ တနည်း– "သိက္ခံ–သိက္ခာကို+မာနေတိ-မြတ်နိုးတတ်၏"အရ သိက္ခာ ၆ ပါးကို မြတ်နိုးသူကို "သိက္ခမာန"ဟု ခေါ်၏။ ထို သိက္ခာ ၆ ပါးကို ၂ နှစ်အတွင်း လုံးဝ မပျက်စေရ။ ပျက်လျှင် ပြန်၍ ဆောက်တည်ရသည်။ ထိုသို့ ၂ နှစ်တိတိ မကျင့်ရသေးသော (ကျင့်၍ မပြီးသေးသော) သာမဏေမကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်အာပတ်သင့်၏။

---

**စတုတ္ထ**။ ။တတိယသိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ကျင့်နေသော သိက္ခမာန်သည် ဘိက္ခုနီဖြစ်လိုလသော် ဘိက္ခုသံဃာ့ထံ "ဝုဋ္ဌာနသမ္မုတိ" တောင်း၍ ဉတ်ကမ္မဝါစာဖြင့် ပေးအပ်သော ဝုဋ္ဌာနသမ္မုတိကို ရပြီးမှ ပဉ္စင်းပြုနိုင်သည်။ [ပဉ္စင်းပြုနိုင်ကြောင်း သမ္မုတိကို "ဝုဋ္ဌာနသမ္မုတိ" ဟုရင်း၊ "ဥပသမ္ပဒါ သမ္မုတိ" ဟုရင်း ခေါ်သည်။] ၂ နှစ်ပတ်လုံး ကျင့်ပြီးသော်လည်း သမ္မုတိ မရသေးသူကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏။ [ဘိက္ခမာန် ၃ မျိုးအပြားကို ကုမာရိဘူတဝဂ်ကျမှ ပြမည်။]

**ပဉ္စမ**။ ။မွေးဖွားသည်မှစ၍ ၁၂ နှစ် မပြည့်သေးသူကို "ဦနဒွါဒသ ဝဿာ"ဟု ခေါ်၏။ ယောကျ်ား တယောက်ယောက်နှင့် မေထုန်မှီဝဲဘူးသူကို "ဂိဟိဂတာ"ဟု ခေါ်၏။ အိန္ဒိယသုံးစံအတိုင်း အသက် ငယ်သော်လည်း အိမ်ထောင်ကျပြီး ဖြစ်တတ်သည်။ထိုသို့ ၁၂ နှစ်မပြည့်သော ဂိဟိဂတာမိန်းမကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။

---

ဆဌ ယာ ပန ဘိက္ခုနီ - သည်၊ ပရိပုဏ္ဏဒွါဒသဝဿံ - ပြည့်သော ၁၂ နှစ်ရှိသော၊ဝါ-၁၂ နှစ် ပြည့်ပြီးသော၊ ဂိဟိဂတံ-ကို၊ဒွေဝဿာနိ-လုံး၊ ဆသု ဓမ္မေသု-တို့၌၊ အသိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော သိက္ခာ မရှိသေးဘဲ၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ၊ ပရိပုဏ္ဏဒွါဒသဝဿံ-သော၊ ဂိဟိဂတံ-သော၊ ဒွေဝဿာနိ ဆသု ဓမ္မေသု၊ သိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော သိက္ခာရှိသော သိက္ခမာန်ကို၊ သံဃေန-သည်၊ အသမ္မတံ-ဘဲ၊ (စတုတ္ထသိက္ခာပုဒ်အတိုင်းဆို။) ဝုဋ္ဌာပေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ သဟဇီဝိနိံ - အတူတကွ အသက်ရှည်လေ့ရှိသော တပည့်မကို၊ ဝါ-သဒ္ဓိဝိဟာရိနီ တပည့်မကို၊ ဝုဋ္ဌာပေတွာ-ပဉ္စင်းပြုပေးပြီး၍၊ ဒွေဝဿာနိ-လုံး၊ နေဝ အနုဂ္ဂဏှေယျ-ကိုယ်တိုင်မူလည်း မချီးမြှောက်အံ့၊ န အနုဂ္ဂဏှာပေယျ - သူတပါးကိုလည်း မချီးမြှောက်စေအံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

**ဆဋ္ဌ။** ။ပဉ္စမ သိက္ခာပုဒ်အတိုင်း ဆိုလျှင် ၁၂ နှစ်ပြည့်သော ဂိဟိဂတာမိန်းမကို ရဟန်းပြုပေးကောင်းသည် ဟု ထင်ရသော်လည်း ဤသိက္ခာပုဒ်အရ ၂ နှစ်တိတိ ၆ ပါးသော သိက္ခာပုဒ်ကို မကျင့်ရသေးလျှင် ၁၂ နှစ် ပြည့်သော်လည်း ရဟန်းပြု၍ မပေးရ။

**သတ္တမ။** ။ဆဋ္ဌ သိက္ခာပုဒ်အတိုင်းဆိုလျှင် ၁၀ နှစ်အရွယ်၌ သိက္ခမာန်အကျင့်ကို ကျင့်၍ ၁၂ နှစ် ပြည့်သောအခါ ဂိဟိဂတာ သိက္ခမာန်ကို ရဟန်းပြုပေးကောင်းသည် ဟု ထင်ရသော်လည်း ဤ သိက္ခာပုဒ်အရ သံဃာ့ထံ ဝုဋ္ဌာနသမ္မုတိကို တောင်း၍ ထိုသမ္မုတိရပြီးသော ဂိဟိဂတာသိက္ခမာန်ကိုသာ ရဟန်းပြုပေးကောင်းသည်။ [ ဤ ပဉ္စမ၊ ဆဋ္ဌ၊ သတ္တမ သိက္ခာပုဒ်၌လာသော မိန်းမများသည် အသက် ၂၀ မပြည့်သေးသော ငယ်ရွယ်သူ ဂိဟိဂတာများတည်း။ ဂိဟိဂတာ မဟုတ်လျှင်ကား အသက် ၂၀ မပြည့်သေးလျှင် ရဟန်းပြုမပေးရ ဟု လာဦးလတ့်။]

**အဋ္ဌမ။** ။ဥပဇ္ဈာယ်ယူသော သာမဏေယောကျ်ားကို "သဒ္ဓိဝိဟာရိက" ဟု ခေါ်သကဲ့သို့ ဥပဇ္ဈာယ်ယူသော သာမဏေမနှင့် သိက္ခမာန်များကို "သဟဇီဝိနီ" ဟုလည်း၊ "သဒ္ဓိဝိဟာရိနီ" ဟုလည်း ခေါ်၏။ ထို သဟဇီဝိနီ တပည့်မကို

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ ဝုဋ္ဌာပိတံ - ထမြောက်စေသော၊ ဝါ - ပဉ္စင်းပြုပေးသော၊ ပဝတ္တိနိံ - ဥပဇ္ဈာယ်ဆရာမသို့၊ ဒွေ ဝဿာနိ - ၂ နှစ်တို့ပတ်လုံး၊ နာနုဗန္ဓေယျ-မလိုက်အံ့၊ ဝါ - မလုပ်ကျွေးအံ့၊ တဿာ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ - သည်၊ သဟဇီဝိနိံ - ကို၊ ဝုဋ္ဌာပေတွာ-၍၊ အန္တမသော - အောက်ထစ်ဆုံးအားဖြင့်၊ ဆပ္ပဉ္စ ယောဇနာနိပိ - ၆ ယူဇနာ, ၅ ယူဇနာဝေးသော အရပ်တို့သို့လည်း၊ နေဝ ဝူပကာသေယျ - ကိုယ်တိုင်မူလည်း ခေါ်မသွားအံ့၊ န ဝူပကာသာပေယျ - သူတပါးကိုမူလည်း ခေါ်မသွားစေအံ့၊ တဿာ ပါစိတ္တိယံ။

**သတ္တမော-သော၊ ဂဗ္ဘိနီဝဂ္ဂေါ-တည်း။**

× × × × ×

ရဟန်းပြုပေးပြီးနောက် စာသင်ပေးခြင်း စသည်ဖြင့် ၂နှစ်ပတ်လုံး မိမိကိုယ်တိုင်လည်း မချီးမြှောက်၊ သူတပါးကို ချီးမြှောက်လိုက်ပါဟုလည်း မတိုက်တွန်းလျှင် ပါစိတ်။

---

**နဝမ**။ ။"အစဉ်လိုက်ခြင်း"ဟူသည် သဒ္ဓိဝိဟာရိနီ တပည့်များ၏ ထုံးစံအတိုင်း မျက်နှာသစ်ရေ ကပ်ခြင်း၊ ဒန်ပူကပ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းတည်း။ ထိုသို့ ဝတ်ကြီးဝတ်ငယ်ပြုကာ ဥပဇ္ဈာယ်ဆရာမနောက်သို့ မကွာ ထက်ကြပ် လိုက်၍ မလုပ်ကျွေးလျှင် တပည့်မမှာ ပါစိတ်အာပတ်။ [သဒ္ဓိ-အတူတကွ+ဝိဟာရိနီ-နေလေ့ရှိသော တပည့်မ။ "သဒ္ဓိံ ဝိဟာရိနီ"ဟု ရှိသင့်လျက် ဝါစာသိလိဋ္ဌဖြစ်အောင် သဒ္ဓိဟု နိဂ္ဂဟိတ်မဲ့ပါဌ်ကို အသုံးပြုကြသည်။]

---

**ဒသမ**။ ။ပဉ္စင်းသစ်မ၏ ရည်းစားနှင့် ခင်ပွန်းဟောင်းများရှိလျှင် အနှောင့်အယှက် ခံရဘွယ်ရှိသောကြောင့် သဒ္ဓိဝိဟာရိနီ တပည့်မကို ရဟန်း ပြုပေးပြီးနောက် အနည်းဆုံး ၆ ယူဇနာ ၅ယူဇနာလောက် ဝေးသော အရပ်တပါးသို့ ကိုယ်တိုင်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ ခေါ်သွားရမည်။ "သူ့ရဲ့ ခင်ပွန်းဟောင်းတို့ မနှောင့်ယှက်နိုင်လောက်သော အရပ်သို့ ရောက်စေရမည်"ဟူလို။ ထိုသို့ မခေါ်လျှင် ပါစိတ်။

ဂဗ္ဘိနီဝဂ် ပြီးပြီ။

---

## ကုမာရိဘူတဝဂ်

**ပဌမ** ယာ ပန ဘိက္ခုနီ - သည်၊ ဦနဝီသတိဝဿံ-ယုတ်လျော့သော အနှစ် နှစ်ဆယ်ရှိသော၊ ဝါ - အသက် ၂၀ မပြည့်သေးသော၊ ကုမာရိဘူတံ-အပျိုစင်ဖြစ်၍ဖြစ်သော သာမဏေမကို၊ ဝုဋ္ဌာပေယျ - အံ့၊ တဿာ ပါစိတ္တိယံ။

**ဒုတိယ** ယာ ပန ဘိက္ခုနီ - သည်၊ ပရိပုဏ္ဏဝီသတိဝဿံ - ပြည့်သော အနှစ် နှစ်ဆယ်ရှိသော၊ ဝါ - အသက် ၂၀ ပြည့်ပြီးသော၊ ကုမာရိဘူတံ - ကို၊ ဒွေ ဝဿာနိ ဆသု ဓမ္မေသု၊ အသိက္ခိတ သိက္ခံ— ကျင့်အပ်ပြီးသော သိက္ခာမရှိဘဲ၊ ဝုဋ္ဌာပေယျ - အံ့၊ တဿာ ပါစိတ္တိယံ။

**တတိယ** ယာ ပန ဘိက္ခုနီ - သည်၊ ပရိပုဏ္ဏဝီသတိဝဿံ ဒွေ ဝဿာနိ ဆသု ဓမ္မေသု၊ သိက္ခိတသိက္ခံ - ကျင့်အပ်ပြီးသော သိက္ခာ ရှိသော၊ ကုမာရိဘူတံ - ကို၊ သံဃေန, အသမ္မတံ-မသမုတ်အပ်သေးဘဲ၊ ဝါ - ဝုဋ္ဌာနသမ္မုတိ မရသေးဘဲ၊ ဝုဋ္ဌာပေယျ၊ တဿာ ပါစိတ္တိယံ။

× × × × ×

**ပဌမ-ဒုတိယ-တတိယ**။ ။ဤသိက္ခာပုဒ် ၃ ပါး၌ မှတ်သားဘွယ်များကို ဂဗ္ဘိနီဝဂ်လာ ၅-၆-၇ သိက္ခာပုဒ်များအတိုင်း သိပါ။ ဂိဟိဂတနှင့် ကုမာရိဘူတသာ ထူးသည်။ ဂိဟိဂတဟူသည် ယောကျ်ား သွားလာအပ်ဘူးသော မိန်းမဖြစ်၍ ဆင်းရဲဒုက္ခတို့ကို အပျိုစင် များထက် ခံနိုင်ရည် ရှိသောကြောင့် ၁၂ နှစ် ပြည့်လျှင် သိက္ခိတသိက္ခာ ရှိ၍ ဝုဋ္ဌာနသမ္မုတိရမှ ဘိက္ခုနီဖြစ်ခွင့်ရ၏။ ကုမာရိဘူတဟူသည် (ယောကျ်ားနှင့် မဆက်ဆံဘူးသော)အပျိုစင်သာမဏေမ တည်း။ ဤ အပျိုစင်များကား ဒုက္ခကို ခံနိုင်ရည် မရှိလှ၊ စိတ်ရောကိုယ်ပါ နုနယ်ကြ၏။ သို့ဖြစ်၍ အသက် ၂၀ ပြည့်မှ ဘိက္ခုနီ ပြုခွင့်ရကြသည်။ [အသက် ၂၀ ပြည့်ပုံ စစ်တမ်း စသည်မှာ သာမဏေယောကျ်ားများနှင့် အတူပင်။]

**ဆက်ဦးအံ့**။ ။"ဂိဟိဂတာ"ခေါ်သော မိန်းကလေးတို့သည် စောစောက လူ့ဘောင်မှာ ဝတ်ကြောင်နှင့်နေ၍ သိက္ခမာန် လုပ်ခါနီးမှ ဖြစ်စေ သိက္ခမာန် မလုပ်ခင် မကြာမီက ဖြစ်စေ သာမဏေအဝတ်ကို ဝတ်သူတည်း။ "ကုမာရိဘူတာ" ခေါ်သော အမျိုးသမီးတို့ကား သိက္ခမာန် မလုပ်မီ ရှေးရှေးကပင် (ငယ်ရွယ်စဉ်ကပင်) စင်စင်ကြယ်ကြယ်နှင့် သာမဏေမ အဝတ်ကို ဝတ်လာခဲ့သူ ငယ်ဖြူများ ဖြစ်ကြသည်။

စတုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ ဦန ဒွါဒသဝဿာ - ယုတ်လျော့သောတဆယ့်နှစ်ဝါရှိသည်၊(ဝါ-တဆယ့်နှစ်ဝါမရသေးသည်၊ ဟုတ္ဂာ - ဖြစ်လျက်၊) ဝုဋ္ဌာပေယျ - ထမြောက်စေအံ့၊ ဝါ - ဥပဇ္ဈာယ်လုပ်၍ ပဉ္စင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။ ၊

ပဉ္စမ ယာ ပန ဘိက္ခုနီ - သည်၊ပရိပုဏ္ဏ ဒွါဒသဝဿာ - ပြည့်သောတဆယ့်နှစ်ဝါရှိသည်၊ဝါ-တဆယ့်နှစ်ဝါရပြီးသည်၊ (သမာနာပိ-ဖြစ်သော်လည်း၊) သံဃေန - သံဃာသည်၊ အသမ္မတာ - မသမုတ်အပ်ဘဲ၊ ဝါ - ဝုဋ္ဌာပနသမ္မုတိ မရဘဲ၊ ဝုဋ္ဌာပေယျ - အံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

**သိက္ခမာန် ၃ မျိုး။** ။မဟာသိက္ခမာန်၊ ဂိဟိဂတာသိက္ခမာန်၊ ကုမာရိဘူတာသိက္ခမာန်ဟု သိက္ခမာန် ၃ မျိုး ရှိ၏။ ထိုတွင် ဂဗ္ဘိနိဝဂ် တတိယ၊စတုတ္ထသိက္ခာပုဒ်တို့၌ လာခဲ့သော သိက္ခမာန်တို့သည် အသက် ၂၀ ကျော်ပြီးသော မဟာသိက္ခမာန်တို့တည်း။ ၎င်းတို့ကို သိက္ခာသမ္မုတိ ပေးသည့်အခါ ဉတ်ကမ္မဝါစာတို့၌ ဂိဟိဂတာဖြစ်ဖြစ်၊ ကုမာရိဘူတာဖြစ်ဖြစ် "သိက္ခမာနာ"ဟုသာ ခေါ်ဝေါ်သုံးစွဲရမည်။ဂိဟိဂတာ ဟုဍင်း၊ ကုမာရိဘူတာဟုဍင်း မသုံးစွဲရ။

၁၀ နှစ်မပြည့်သေးသော ဂိဟိဂတာများကို ဂိဟိဂတာဟုဍင်း၊ သိက္ခမာနာဟုဍင်း ခေါ်ဝေါ်နိုင်သည်။၁၀ နှစ်မှ အနှစ် ၂၀ အတွင်း ဂိဟိဂတာများကိုကား ဂိဟိဂတာသိက္ခမာနာ ဟူသော နာမည်အပြင် "ကုမာရိဘူတာ" ဟုလည်း ခေါ်ဝေါ်လိုက ခေါ်ဝေါ်နိုင်သတဲ့။ ဘာ့ကြောင့်နည်း။ ၁၀ နှစ်မှ အနှစ် ၂၀ အတွင်း အရွယ်သည် ကုမာရိဘူတ သာမဏေမတို့၏ သိက္ခာ ၆ ပါးကို ကျင့်ရာ အရွယ် ဖြစ်သောကြောင့်တည်း။ ကုမာရိဘူတ သာမဏေမတို့မှာ အသက် ၂၀ ပြည့်မှ ဘိက္ခုနီလုပ်နိုင်သောကြောင့် ၁၀ နှစ်မပြည့်မီ သိက္ခာသမ္မုတိမရနိုင်သေး။ သိက္ခာသမ္မုတိ ပေးသည့်အခါဝယ် "ကုမာရိဘူတ"ဟုဍင်း၊ "သိက္ခမာနာ" ဟုဍင်း ခေါ်ဝေါ်နိုင်၏၊ ဂိဟိဂတာဟုကား မခေါ်ဝေါ်နိုင်။

---

**စတုတ္ထ။** ။ဘိက္ခုနီသည် ၁၂ ဝါ မရသေးခင် ဥပဇ္ဈာယ်ဆရာမ လုပ်၍ သိက္ခမာန်ကို ရဟန်းပြုမပေးရ၊ ပြုပေးလျှင် ပါစိတ်။ [ဘိက္ခုတို့မှာ ၁၀ ဝါ မရသေးခင် ဥပဇ္ဈာယ်ဆရာ မလုပ်ရ။]

**ပဉ္စမ။** ။"ဝုဋ္ဌာပန သမ္မုတိ" ဟူသည် ဥပဇ္ဈာယ်ဆရာမ လုပ်၍ ပဉ္စင်းပြုပေးခွင့်ရသော သမ္မုတိတည်း။ ဥပဇ္ဈာယ်ဆရာမ လုပ်မည့် ရဟန်းမသည် ထိုသမ္မုတိကို သံဃာ့ထံ တောင်းရ၏။ ထိုအခါ သံဃာက လဇ္ဇီနီ ဟုတ်-မဟုတ်ကို

ဆဋ္ဌ ယာ ပန ဘိက္ခုနီ - သည်၊ အယျေ - အရှင်မ၊တေ - အရှင်မအား၊ ဝါ - အရှင်မ၏၊ ဝုဋ္ဌာပိတေန - ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းပြုပေးခြင်းဖြင့်၊ အလံ တာဝ - မသင့်လျော်သေးပါ၊ ဣတိ - ဤသို့၊ ဝုစ္စမာနာ- ပြောဆိုအပ်သော်၊ သာဓုတိ-ကောင်းပါပြီ ဟူ၍၊ ပတိဿုဏိတွာ - ဝန်ခံပြီး၍၊ပစ္ဆာ - နောက်၌၊ ခိယျနဓမ္မံ - ရှုတ်ချခြင်းသဘောသို့၊အာပဇ္ဇေယျ- ရောက်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ-သည်၊ သိက္ခမာနံ - သိက္ခမာန်ကို၊ အယျေ- အရှင်မ၊ တွံ -သင်သည်၊ မေ - ငါ့အား၊ စီဝရံ - သင်္ကန်းကို၊ သစေ ဒဿသိ - အကယ်၍ ပေးအံ၊ ဧဝံ - ဤသို့သင်္ကန်းပေးလျှင်၊ အဟံ- ငါသည်၊ တံ - သင့်ကို၊ ဝုဋ္ဌာပေဿာမိ - ပဋ္ဌင်း ပြုပေးအံ့၊ ဣတိ- ဤသို့၊ ဝတွာ - ပြောဆိုပြီး၍၊သာ- ထိုရဟန်းမသည်၊ ပစ္ဆာ-နောက်၌၊အန္တရာယိကိနီ - အန္တရာယ်မရှိပါဘဲ၊ နေဝ ဝုဋ္ဌာပေယျ - ကိုယ်တိုင်လည်း ပဋ္ဌင်းပြုမပေးအံ့၊ ဝုဋ္ဌာပနာယ - ပဋ္ဌင်းပြုပေးခြင်းငှာ၊ ဥဿုက္ကံ - ကြောင့်ကြကို၊ န ကရေယျ-မပြုအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

စိစစ်၍ လဇ္ဇီနီဟုတ်မှ ဥတ်ကမ္မဝါစာဖြင့် သမ္မုတိ ပေးရသည်။ လဇ္ဇီနီ မဟုတ်လျှင် သမ္မုတိမပေးရ၊ ထိုသမ္မုတိ မရသေးလျှင် ၁၂ ဝါပြည့်စေကာမူ ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းပြုမပေးနိုင်။ ဥပဇ္ဈာယ်လုပ်လျှင် ပါစိတ်။

---

**ဆဋ္ဌ။** ။ဥပဇ္ဈာယ်ဆရာမ လုပ်လိုသော ရဟန်းမသည် သံဃာ့ထံ ဝုဋ္ဌာပန သမ္မုတိကို တောင်းသောအခါ သံဃာက သူ၏ လဇ္ဇီနီ မဟုတ်ကြောင်းကို သိ၍ ဝုဋ္ဌာပနသမ္မုတိ မပေးဘဲ "အရှင်မမှာ ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းခံပေးဘို့ မသင့်သေးပါ"ဟု ပြောလေသော် "ကောင်းပါပြီ"ဟု ဝန်ခံပြီးနောက် အခြားသူတို့အား ဝုဋ္ဌာပနသမ္မုတိ ပေးသည်ကို မြင်သည့်အခါ "ငါတော့ အမိုက်မတဲ့လား၊ အလဇ္ဇီနီတဲ့လား၊ ငါ့ကိုတော့ သမ္မုတိမပေးဘူး" စသည်ဖြင့် သံဃာကို ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ်။

**သတ္တမ။** ။သိက္ခမာန်တယောက်ယောက်က ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းပြုပေးပါရန် တောင်းပန်သည့်အခါ ငါ့အား သင်္ကန်းပေးလျှင် ဥပဇ္ဈာယ်လုပ်မည်ဟု ဝန်ခံပြီးနောက် သူတောင်းသည့်အတိုင်း သင်္ကန်းရပါလျက် အန္တရာယ် တစုံတရာ မရှိပါဘဲ ကိုယ်တိုင်လည်း ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုမပေး၊ ဥပဇ္ဈာယ်ဆရာ ရှာပေးသောအားဖြင့် ကြောင့်ကြလည်း မစိုက်သော ဘိက္ခုနီမှာ ပါစိတ်။

**အဋ္ဌမ** ယာ ပန ဘိက္ခုနီ – သည်၊ သိက္ခမာနံ-သိက္ခမာန်ကို၊ အယျေ- အရှင်မ၊ တံ့-သည်၊ မေ-ငါ၏(နောက်သို့)၊ ဒွေ့ ဝဿာနိ- ၂ နှစ်တို့ပတ်လုံး၊ သစေ အနုဗန္ဓိဿသိ-အကယ်၍ လိုက်အံ့၊ ဧဝံ-ဤသို့ လိုက်လျှင်၊ အဟံ တံ ဝုဋ္ဌာပေဿာမိ၊ ဣတိ ဝတွာ သာ ပစ္ဆာ အနန္တရာ ယိကိနီ နေဝ ဝုဋ္ဌာပေယျ, ဝုဋ္ဌာပနာယ ဥဿုက္ကံ န ကရေယျ၊ တဿာ ပါစိတ္တိယံ။

**နဝမ** ယာ ပန ဘိက္ခုနီ-သည်၊ ပုရိသသံသဋ္ဌံ-အသက် ၂၀ ပြည့်ပြီး ယောကျာ်းကြီးတို့နှင့် ရောနှောသော၊ ကုမာရက သံသဋ္ဌံ – အသက် ၂၀ မပြည့်ခင် လုလင်ပျိုတို့နှင့် ရောနှောသော၊ စဏ္ဍိံ – ကြမ်း တမ်းသော၊ သောကာဝါသံ – ယောကျာ်းတို့အတွင်း သောကကို သွင်း တတ်သော၊ (တနည်း)သောကာဝါသံ-သောကဟူသော နေရာရှိသော၊ သိက္ခမာနံ–သိက္ခမာန်ကို၊ ဝုဋ္ဌာပေယျ–အံ့၊ တဿာ ဘိက္ခုနိယာ–၏၊ ပါစိတ္တိယံ–သည်၊ ဟောတိ–၏။

× × × × ×

**အဋ္ဌမ**။ ။သိက္ခမာန် တယောက်ယောက်က "တပည့်တော်ကို ပဉ္စင်း ပြုပေးပါ"ဟု လျှောက်လာသောအခါ "ငါ့နောက်သို့ ၂ နှစ်မျှ ပြုစုလုပ်ကျွေး လျက် လိုက်နေလျှင် ရဟန်းပြုပေးမည်"ဟု ဝန်ခံပြီးနောက် "သူပြောသည့် အတိုင်းပင် လိုက်ပါမည်"ဟု ပဋိညာဉ်ရပါလျက် တစုံတခု အန္တရာယ်လည်း မရှိဘဲ ရဟန်းပြုမပေးလျှင်၊ သို့မဟုတ် ကြောင့်ကြမစိုက်လျှင် ပါစိတ်။

---

**နဝမ**။ ။"ပုရိသ" အရ " အသက် ၂၀ ပြည့်ပြီးသော ယောကျာ်း " ဟုရင်း၊ "ကုမာရက" အရ "အသက် ၂၀ မပြည့်သော လုလင်"ဟုရင်း ဤ သိက္ခာပုဒ်၏ ပဒဘာဇနီဌ် ဖွင့်သည်။ သောကာဝါသံ၏ အနက် ၂ မျိုးကို ကခ်ါမှာ ရှု။ ယောကျာ်း ကြီးငယ်တို့နှင့် ရောနှောနေလေ့ရှိသော၊ ကြမ်းလည်း ကြမ်းတမ်းသော၊ (သူ့ကို မတွေ့ရလျှင် ယောကျာ်းများ ပူဆွေးသောကြောင့်) ယောကျာ်းတို့အတွင်းသို့ သောကကို သွင်းတတ်သော၊ (ယောကျာ်းများကို မတွေ့ရလျှင် သူ့ကိုယ်တိုင်လည်း သောကဖြစ်တတ်သောကြောင့်) သူသည်ပင် သောက၏ တည်နေရာဖြစ်သော သိက္ခမာန်ကို ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေး သော ဘိက္ခုနီမှာ ပါစိတ်။

---

**ဒသမ** ယာ ပန ဘိက္ခုနီ-သည်၊ မာတာပိတူဟိ ဝါ-မိဘရင်းတို့သည် ၎င်း၊ သာမိကေန ဝါ-လင်သည်၎င်း၊ အနနုညာတံ-ခွင့်မပြု အပ်သော၊ သိက္ခမာနံ-ကို၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

**ဧကာဒသမ** ယာ ပန ဘိက္ခုနီ-သည်၊ ပါရိဝါသိကဆန္ဒဒါနေန-သုံးအပ်ပြီးသော ဆန္ဒပေးခြင်းဖြင့်၊ သိက္ခမာနံ-ကို၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

× × × × ×

**ဒသမ**။ ။"မာဘာပိတု" အရ မွေးစားသော မိဘများကို မယူရ၊ အမိရင်း အဘရင်းကို ယူရမည်။ သာမိက ဟူသည် သူ့ကို သိမ်းပိုက်ထားသော လင်တည်း။ ရှင်ပြုပေးလိုလျှင် ထိုသူတို့ထံမှ ခွင့်ပြုချက် ရစေရမည်။ ရဟန်းပြုပေးလိုပြန်လျှင်လည်း ထို့အတူပင် ခွင့်ပြုချက်ရစေရမည်။ ဤသို့လျှင် မိန်းမသားတို့မှာ ဆိုင်ရာကို ၂ ကြိမ်မျှ ခွင့်တောင်းကြရသည်။ ရဟန်းပြုခါနီး၌ ထိုကဲ့သို့ ခွင့်မရဘဲ ရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။

**မှတ်ချက်**။ ။ဘိက္ခုတို့မှာ ရှင်ပြုခါနီး၌ တကြိမ်ခွင့်ရလျှင် ဆက်၍ ရဟန်းပြုပေးနိုင်ပြီ၊ ရဟန်းပြုခါနီး၌ ထပ်မံ၍ ခွင့်တောင်းဘွယ် မလို။ ဘာ့ကြောင့်နည်း။ "န ဘိက္ခဝေ မာတာပိတူဟိ အနနုညာတော ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ, အာပတ္တိ ဒုက္ကဋဿ"ဟု မိန့်တော်မူရာ၌ ရှင်ပြု မပေးဘို့ရန်သာ တားမြစ်တော်မူ၍ ရှင်ပြုပြီးဖြစ်လျှင်ကား ရဟန်းပြုပေးရန် တားမြစ်တော်မမူသောကြောင့်တည်း။ ရှင်ပြုခွင့်ကိုသော်မှ မရသေးသူကို ရဟန်းပြုပေးလျှင်ကား ဒုက္ကဋ်။ သို့သော် ရဟန်းလောင်းမှာ ရဟန်းဖြစ်သည်သာ။

---

**ဧကာဒသမ**။ ။သံဃာအများ ကံပြုဘို့ရန် စည်းဝေးကြသော် ထိုကံပြုမည့် သိမ်အတွင်းရှိ ရဟန်းတပါးကား မလိုက်နိုင်၍ ထိုကံကို သဘောတူကြောင်း ဆန္ဒ ပေးလိုက်သည်။ ဤကား "ဆန္ဒဒါန"အရ ဆန္ဒပေးခြင်းတည်း။ ထိုအခါ "နက္ခတ္တပါဌက" ခေါ် နက္ခတ်ကျမ်းကို ရွတ်ဖတ် လေ့လာသော ရဟန်းက "ယနေ့ နက္ခတ် မကောင်းသေးပါ၊ ဤကံကို မပြုကြသေးနှင့်"ဟု ပြောဆိုသောကြောင့်ဖြစ်စေ၊ အခြား အကြောင်းတခုခုကြောင့် ဖြစ်စေ၊ ထိုကံပြုလိုသော ဆန္ဒကို စွန့်လွှတ်လိုက်ကြ၏။ ထိုအကြိမ်မှာ ထိုကံ မပြုဖြစ်တော့ဟူလို။ ဤသို့ ကံ မပြုဖြစ်သောအခါ မလိုက်နိုင်သောရဟန်း၏ ဆန္ဒပေးမှုလည်း ပါရိဝါသိက ဖြစ်လေတော့သည်။

**ပါရိဝါသိက ဖြစ်ပုံ**။ ။"ပါရိဝါသိကဖြစ်" ဟူသည်ကား ထို ဆန္ဒပေးမှုသည် သုံးအပ်ပြီး ဖြစ်သည်၊ နောက်ထပ် သုံး၍ မရတော့ပြီ၊ ထို ဆန္ဒပေးမှု ကင်းလေပြီ ဟု ဆိုလိုသည်။ ထို့ကြောင့် ဝိမတိဋီကာ၌ "ပါရိဝါသိကေန ဆန္ဒဒါနေနာတိ ဟူသည်ကား ပရိဝုတ္ထေန ဆန္ဒဒါနေန – သုံးအပ်ပြီးသော ဆန္ဒပေးခြင်းဖြင့်၊ ဝိဂတေန ဆန္ဒဒါနေန – ကင်းပြီးသော ဆန္ဒပေးခြင်းဖြင့်" ဟု ဖွင့်သည်။ ဤအဖွင့်အတိုင်း နိဿယ၌ အနက်ပေးလိုက်ပါသည်။

**ရှေးရှေး နိဿယ**။ ။ယခုနိဿယတို့၌ကား "ပါရိဝါသိက ဆန္ဒဒါနေန– သိုးခဲ့ပြီးသော ဆန္ဒပေးခြင်းဖြင့်"ဟု တွေ့ရ၏။ "သိုး" ဆိုသည်မှာ ထမင်းသိုး ဟင်းသိုးကဲ့သို့ "နောက်ထပ် အသုံးပြု၍ မဖြစ်တော့ပြီ" ဟု အဓိပ္ပာယ်မှန် ထွက်သော်လည်း "ပါရိဝါသိက"ဟူသော သဒ္ဒါရင်းက"သိုး"ဟု အနက်ထွက်ဘို့မှာ အလွန် အလှမ်းကွာလေသည်။ ကျမ်းပြုဆရာ၏ မူလ ရေးသားစဉ်က "သုံးခဲ့ပြီးသော"ဟု ရေးသားခဲ့ရာမှ ကာလကြာသဖြင့် အက္ခရာမှား၍ "သိုးခဲ့ပြီးသော"ဟု ဖြစ်လေရော့သလား ဟု ကြံမိတော့သည်။

**ပါဠ်အမျိုးမျိုး**။ ။ပါရိဝါသိက၌ ပရိပုဗ္ဗ ဝသဓာတ် ဏျ ပစ္စည်း၊ဣက အာဂုံ တည်း။ ယကို က ပြု၍ ပါရိဝါသိကဟု ပါဠ်အရှိ များသည်။ တချို့စာ၌ ပါရိဝါသိယဟုလည်း ရှိ၏။ သင့်သည်ချည်းသာ။ ဝသဓာတ်သည် "ဝုသိတံ ဗြဟ္မစရိယံ" စသည်၌ ကျင့်သုံးခြင်းအနက်ကို ဟော၏။ "ပရိဝုတ္ထ ပရိဝါသော" စသည်၌ ပရိ ရှေးရှိသော်လည်း "သုံးခြင်း" အနက်ကိုပင် ဟော၏။ ပါရိဝါသိက၌ ဏျ ပစ္စည်းကြံ၍ "ပရိဝုတ္ထေန" ဟူသော ဋီကာနှင့်အညီ "သုံးအပ်" ဟု ကမ္မသာဓန အနက် ကြံလိုက်ပါသည်။ "သုံး"ဟူသည်မှာလည်း "ပရိဘုဥ္စန" ခေါ်သော "သုံးစွဲခြင်း၊ သုံးဆောင်ခြင်း"မဟုတ်၊ "သုည – သုဉ်းခြင်း၊ ဘာမျှ မရှိခြင်း" မဟုတ်။ ထို ဆန္ဒဒါနဖြင့် နောက်ထပ် ကံတခုခု မပြုနိုင်တော့ခြင်း၊ ထို ဆန္ဒဒါန၏ ကိစ္စ ပြီးစီးခြင်းကိုသာ "သုံးအပ်"ဟု ဆိုလိုပါသည်။

ဤကဲ့သို့ ဆန္ဒဒါနက ပါရိဝါသိကဖြစ်လျှင် ထို ပါရိဝါသိက ဆန္ဒဒါနဖြင့် ကံပြု၍ မဖြစ်။ကံပြုလိုလျှင် ကံပြုရာသို့ မလိုက်နိုင်သောရဟန်း၏ ဆန္ဒကို ထပ်မံ၍ ဆောင်ရသည်။ ထိုသို့ ထပ်မံ၍ မဆောင်ဘဲ ပါရိဝါသိကဆန္ဒဒါနဖြင့် သိက္ခမာန်ကို ရဟန်းပြုပေးလျှင် (ဥပသမ္ပဒကံ ပြုလျှင်) ဥပဇ္ဈာယ် ဆရာမမှာ ပါစိတ် အာပတ် သင့်သည်။ [ဤ သိက္ခာပုဒ်နှင့်စပ်၍ ပါရိဝါသိက ၄ မျိုး အကျယ်ကို အဋ္ဌကထာမှာ ရှုပါ။]

ဒွါဒသမ — ယာ ပန ဘိက္ခုနီ–သည်၊ အနူဝဿံ–နှစ်စဉ်၊ ဝုဋ္ဌာပေယျ– ဥပဇ္ဈာယ်လုပ်၍ ပဥ္စင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ– ထို ရဟန်းမ၏၊ ပါစိတ္တိယံ ဟောတိ။

တေရသမ — ယာ ပန ဘိက္ခုနီ–သည်၊ ဧကဝဿံ– တနှစ်ထည်း၌၊ ဒွေ– သိက္ခမာန် ၂ ယောက်တို့ကို၊ ဝုဋ္ဌာပေယျ– ဥပဇ္ဈာယ်လုပ်၍ ပဥ္စင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ – ထို ရဟန်းမ၏၊ ပါစိတ္တိယံ– ပါစိတ်အာပတ်သည်၊ ဟောတိ– ဖြစ်၏။

**အဋ္ဌမော–ရှစ်ဝဂ်မြောက်သော၊ ကုမာရိဘူတ ဝဂ္ဂေါ– ကုမာရိဘူတဝဂ်တည်း။**

× × × × ×

**ဒွါဒသမ**။ ။ဘိက္ခုနီတို့မှာ ဘိက္ခုတို့လောက် လာဘ်လာဘ မများကြချေ။ သို့ဖြစ်၍ နေထိုင်ရာ "ဥပဿယ"ခေါ် ကျောင်းများလည်း ဘိက္ခုတို့လို လုံလုံလောက်လောက် မရှိကြ။ ဥပဇ္ဈာယ်လုပ်နိုင်လောက်သော ဘိက္ခုနီတိုင်းက တနှစ် တပါးကျ ရဟန်းခံပေးလျှင် ဘိက္ခုနီတွေ များ၍ ကျောင်းနေရာလည်း ကြပ်တည်းဘွယ်ရှိ၏။ ထို့ကြောင့် ဘိက္ခုနီတို့လည်း တနှစ် တပါးကျ ဥပဇ္ဈာယ် လုပ်၍ ရဟန်းပြုပေးလျှင် ပါစိတ်။ [ဥပဿယတိ ဧတ္ထာတိ ဥပဿယော–ကပ်မှီတည်နေရာကျောင်း။]

---

**တေရသမ**။ ။ပထမနှစ် ဥပဇ္ဈာယ်လုပ်ပြီးနောက် ဒုတိယ တနှစ်ခြား၍ တတိယနှစ်၌ သိက္ခမာန် ၂ ပါးကို ရဟန်းပြုပေးပြန်လျှင်လည်း နှစ်စဉ် တပါးကျနှင့် မထူးပြီ။ ထို့ကြောင့် မည်သည့်နှစ်၌ မဆို တနှစ်ထည်း၌ သိက္ခမာန် ၂ ပါးကို ရဟန်းပြုပေးပြန်လျှင် ပါစိတ် ဟု ပညတ်တော်မူရပြန်သည်။ ၂ နှစ်မှ တပါးသာ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးရမည် ဟု အချုပ်မှတ်ပါ။ [ဧကန္တရိကံ–တနှစ်ခြားပြု၍၊ ဧကံ–တပါးကို၊ ဝုဋ္ဌာပေတ္ထိယာ အနာပတ္တိ–ကင်္ခါ။]

**မှတ်ချက်**။ ။"ကုမာရီ" ပုဒ်ရင်းဖြစ်၍ "ကုမာရီဘူတ"ဟု မူလရှိသော်လည်း သမာသ်အလယ်၌ ရဿပြု၍ "ကုမာရိဘူတ"ဟု ဖြစ်ရသည်။

**ကုမာရိဘူတဝဂ် ပြီးပြီ။**

---

## ဆတ္တုပါဟနဝဂ်

**ပထမ** ယာ ပန ဘိက္ခုနီ - သည်၊ အဂိလာနာ - ဂိလာနမဟုတ်ဘဲ၊ ဆတ္တုပါဟနံ - ထီး ဖိနပ်ကို၊ ဓာရေယျ - ဆောင်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**ဒုတိယ** ယာ ပန ဘိက္ခုနီ - သည်၊ အဂိလာနာ - ဂိလာန မဟုတ်ဘဲ၊ ယာနေန-ယာဉ်ဖြင့်၊ ယာယေယျ - သွားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

× × × × ×

**ပထမ**။ ။ဂိလာနမဟုတ်ဘဲ ကျောင်းတိုက်တွင်းနှင့် ကျောင်းတိုက် ဥပစာမှ တပါးသော မြို့တွင်း၊ ရွာတွင်း၊ တောအရပ်အားလုံးမှာပင် ဘိက္ခုနီတို့ ထီး ဖိနပ် ၂ မျိုးလုံးကို ဆောင်လျှင် စ၍ ဆောင်တိုင်း၌ ပါစိတ်အာပတ်သင့်၏။ တမျိုးကိုသာ ဆောင်လျှင် ဒုက္ကဋ်အာပတ် သင့်၏။ "ဆောင်"ဟူသည် ထီးကိုဆောင်းခြင်း၊ ဖိနပ်ကို စီးခြင်းတည်း။ ဘိက္ခုတို့လည်း ထီးအတွက်မှာ ဘိက္ခုနီများကဲ့သို့ မြို့၊ ရွာ၊တော အားလုံးမှာပင် မဆောင်အပ်ဟု ခုဒ္ဒကဝတ္ထုခန္ဓကဥ် မိန့်တော်မူသည်။ ဖိနပ်ကား မြို့ ရွာအတွင်းနှင့် အာဂန္တုဖြစ်ခိုက် အခြား ကျောင်းတိုက်၌သာ မစီးအပ်။ အာဂန္တု မဟုတ်သည့်အခါ၊ တောထဲသို့ သွားသည့်အခါမှာမူ စီးကောင်း၏။

**ထီး ဖိနပ်အပ်သောအချက်။** ။ကိုယ်ပူရောဂါ၊ သည်းခြေပျက်ရောဂါ၊ မျက်စိ အားနည်းသော ရောဂါ စသည်ဖြင့် ထီးမဆောင်းရလျှင် တိုးပွားမည့် ရောဂါမျိုး ရှိလျှင်၎င်း၊ မိုးရွာသည့်အခါ အအေးမိမည်ကို စိုးရိမ်ရခြင်း၊ နေပူလွန်း၍ အပူမိမည်ကို စိုးရိမ်ရခြင်း၊ သင်္ကန်းကို မိုးစိုမည်မှ စောင့်ရှောက်လိုခြင်း စသော လုံလောက်သော အကြောင်း ရှိလျှင်၎င်း ထီးဆောင်းကောင်း၏။ နေပူလွန်းခြင်း၊ အအေးများလွန်းခြင်း၊ သွားရာအရပ်က ရောဂါဘယရှိခြင်း စသော အကြောင်းကြောင့် ကျန်းမာရေးကို ထိခိုက်လောက်လျှင် ဖိနပ်လည်း စီးကောင်း၏။ ထိုသို့ အကြောင်းမလုံလောက်လျှင် ထီး ဖိနပ် ၂ မျိုးလုံးပင် မအပ်။ ထီးအစား ယပ်ကိုသုံး၍ ဖိနပ်မစီးဘဲ သွားနိုင်ခြင်းသာ အပြစ်အကင်းဆုံးဖြစ်သည်။ [ယခုကာလ အချို့ဖိနပ်တို့မှာ နဂိုကပင် မအပ်၊ စမ္မက္ခန္ဓကမှာ ကြည့်ပါ။]

---

**ဒုတိယ**။ ။ယခုကာလ မီးရထား၊ ဓာတ်ရထား၊ မော်တော်ကားများကို လူက လှည့်ပေးရသော်လည်း သွားအောင် တွန်းပေးရ၊ ဆွဲငင်ပေးကြရသည် မဟုတ်၊ ဆိုင်ရာ စက်အား၊ ဓာတ်အားတို့ဖြင့် သွားလာနေရကား လူက ပထမ

**တတိယ** ယာ ပန ဘိက္ခုနိီ - သည်၊ သဗ္ဗကာဠံ - ခါးကြိုးတန်ဆာကို၊ ဓာရေယျ - ဆောင်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**စတုတ္ထ** ယာ ပန ဘိက္ခုနီ - သည်၊ ဣတ္ထာလင်္ကာရံ - မိန်းမတို့၏ တန်ဆာကို၊ ဓာရေယျ - ဆောင်အံ့၊ တဿာ ပါစိတ္တိယံ။

**ပဉ္စမ** ယာ ပန ဘိက္ခုနီ - သည်၊ ဂန္ဓဝဏ္ဏကေန - နံ့သာရည်, အလှရည်ဖြင့်၊ နှာယေယျ - ရေချိုးအံ့၊ တဿာ ပါစိတ္တိယံ။

× × × × ×

သွားရုံနှင့် လမ်းဖြောင့်ရုံသာ ဂရုစိုက်ရသည်။ မည်သည့် နွား၊ မြင်း၊ လူကိုမျှ ပင်ပန်းကြီးစွာ နှိပ်စက်ရာ မရောက်။ ထို့ကြောင့် မီးရထား စသည်ကို ရဟန်းတို့ မစီးကောင်းသော ယာဉ်များ၌ သွင်း၍မယူကြ။ နွား၊မြင်း၊လူအားစိုက်၍ တွန်းရ ဆွဲရသော လှည်း၊ မြင်းရထား၊ လန်ချား၊ ဆိုက်ကားနှင့် ထမ်းစင်များကိုသာ ဤယာနေနအရ ယူကြ၏။ စမ္မက္ခန္ဓက ပါဠိတော်၌ ပညတ်တော်မူလိုရင်းကိုပါ စဉ်းစားကြပါကုန်။ ဤ လှည်း စသော ယာဉ်များဖြင့် ဂိလာနမဟုတ်ဘဲ သွားလာလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။ ဂိလာနဟူသည် မြင်းရထား၊ လှည်း စသည်ကို မစီးရလျှင် ရောဂါတိုးလောက်အောင် မကျန်းမာသူတည်း။

---

**တတိယ။** ။သဗ္ဗကာဠိ ဟူသည် ခါးအတွက် ဆင်မြန်းအပ်သော ခါးတန်ဆာ တမျိုးတည်း။ သို့သော် "ယာကာစိ ကဋူပဂါ=အလုံးစုံသော ခါးတန်ဆာ"ဟု ဆိုသောကြောင့် ယခုအခါ ခါးပတ်များနှင့် အလှပတ်သော (ခါးပန်းကြိုး မဟုတ်သော) ပဝါ ခါးစည်းလည်း ပါဝင်သည်။ ထို အလုံးစုံကို ဘိက္ခုနီတို့သာမက ဘိက္ခုသာမဏေတို့ပါ မအပ်သည်သာ။

**စတုတ္ထ။** ။မိန်းမတို့ ဝတ်ဆင်လေ့ရှိသော ပုတီး၊ လက်ကောက်၊ လက်စွပ်၊ ခြေကျဉ်း စသည်နှင့် လက်ပတ်နာရီတို့ပါ ဣတ္ထာလင်္ကာရ(ဣတ္ထိအလင်္ကာရ)၌ ပါဝင်သည်။ ထို အလုံးစုံကို ဝတ်ဆင်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။

**ပဉ္စမ။** ။"ဂန္ဓ"ဟူသည် အမွှေးအကြိုင် အနံ့တည်း။ ဝဏ္ဏက ဟူသည် အဆင်းလှအောင် ပြုနိုင်သော အလှရည်ဘည်း။ [ဝဏ္ဏကကို နံ့သာပျောင်း (နံ့သာပျစ်)ဟု အနက်ပေးကြသေး၏။ ]ဂန္ဓအမျိုးမျိုးကို ရေ၌ စပ်၍ဖြစ်စေ၊ ဝဏ္ဏက အမျိုးမျိုးကို ရေ၌ စပ်၍ဖြစ်စေ ရေချိုးလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။

**ဆဋ္ဌ** ယာ ပန ဘိက္ခုနီ-သည်၊ ဝါသိတကေန - နံ့သာဖြင့် ထုံအပ်သော၊ ပိညာကေန-နှမ်းမှုန့်ညက်ဖြင့်၊ နှာယေယျ – ရေချိုးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**သတ္တမ** ယာ ပန ဘိက္ခုနီ- သည်၊ ဘိက္ခုနိယာ - ရဟန်းမကို၊ ဥမ္မဒ္ဒါပေယျ ဝါ-ပွတ်တိုက်မှုလည်း ပွတ်တိုက်စေအံ့၊ ပရိမဒ္ဒါပေယျ ဝါ- နှိပ်မှုလည်း နှိပ်စေအံ့၊ တဿာ ပါစိတ္တိယံ။

**အဋ္ဌမ စသည်** အဋ္ဌမ၌ "သိက္ခမာနာယ - သိက္ခမာန်ကို" ဟုဋ္ဌင်း၊ နဝမ၌ "သာမဏေရိယာ - သာမဏေမကို" ဟုဋ္ဌင်း၊ ဒသမ၌ "ဂိဟိနိယာ - လူဝတ်ကြောင် မိန်းမကို" ဟုဋ္ဌင်း ဆိုရုံသာ။ ကျန်အနက်များမှာ ရှေ့အတိုင်းသာတည်း။

× × × × ×

**ဆဋ္ဌ**။ ။ပဌမ သိက္ခာပုဒ်သည် နံ့သာ အလှုရည်တို့ကို ရေ၌ ရောစပ်၍ ချိုးခြင်းမှ တားမြစ်သော သိက္ခာပုဒ်တည်း။ ဤသိက္ခာပုဒ်ကား နံ့သာ ထုံအပ်သော နှမ်းမှုန့်တို့ဖြင့် ကိုယ်ကို ပွတ်တိုက်၍ ရေချိုးခြင်းမှ တားမြစ်သည်။ သိက္ခာပုဒ် ၂ ပါးလုံးပင် မာလာဂန္ဓ ဝိလေပန ဓာရဏ စသော သိက္ခာပုဒ်နှင့် တထပ်ထည်း ကျရကား ဘိက္ခု၊ ဘိက္ခုနီတို့သာမက သာမဏေများလည်း နံ့သာရောသော ရေဖြင့်ဋ္ဌင်း၊ နံ့သာထုံထားသော နှမ်းမှုန့်ညက် ဆပ်ပြာဖြင့်ဋ္ဌင်း ရေမချိုးကောင်း။ [နှမ်းမှုန့်ညက်သည် သွေးကို ကြည်စေတတ်၏။ ထို့ကြောင့် ရှေးက နှမ်းမှုန့်ဖြင့် ကိုယ်ကို ပွတ်တိုက်လေ့ ရှိကြသည်။ နံ့သာ မထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ပွတ်တိုက်ခြင်းကြောင့်ကား အနာပတ္တိ။]

**ဆက်ဦးအံ့**—ယခုခေတ် များစွာသော ဆပ်ပြာမွှေးတို့သည် ဝါသိတက ဆပ်ပြာများ ဖြစ်ကြ၏။ ထိုဆပ်ပြာတို့ကား (မှန်မှန် ပြောရလျှင်) မသုံးအပ်ကြချေ။ အများထက် ထူးခြား၍ ကိုယ်နံ့ဆိုးဝါးသူများ ရှိတတ်၏။ ထိုသူများအတွက်ကား ဤဆပ်ပြာမွှေးများသည် အပ်ပါ၏။ ကိုယ်နံ့ မဆိုးဝါးဘဲလျက် ဆပ်ပြာမွှေးကို သုံးစွဲလို၍ ကိုယ်နံ့ဆိုးဝါးသူ ဖြစ်အောင်လည်း မိမိကိုယ်ကို မကြံဆောင်သင့်။ ထို့ကြောင့် ရောဂါထူးမရှိသူမှာ မျက်နှာသစ်၊ ရေချိုး စသည်တို့၌ အမွှေးနံ့ မထင်ရှားသော ရိုးရိုး ဆပ်ပြာများကိုသာ သုံးစွဲသင့်ပေသည်။

**သတ္တမ စသည်**။ ။ဥမ္မဒ္ဒါပေယျကို "ဥဗ္ဗဋ္ဋာပေယျ – ပွတ်တိုက်စေအံ့" ဟု ဖွင့်၏။ ရေချိုးရာ၌ ချေးပွတ်သကဲ့သို့ နာနာနှိပ်၍ ဟိုနား သည်နား ပွတ်စေခြင်းကို ဆိုလိုဟန်ရှိသည်။ ပရိမဒ္ဒါပေယျကား ဆုပ်စေ နှိပ်စေခြင်း ပင်တည်း။

**ကောဒသမ** ယာ ပန ဘိက္ခုနီ- သည်၊ ဘိက္ခုဿ- **ရဟန်း၏၊** ပုရတော- ရှေ့၌၊ အနာပုစ္ဆာ-မပန်လျှောက်ဘဲ၊ **အာသနေ** - နေရာ၌၊ နိသီဒေယျ-ထိုင်အံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ - **သည်၊** ဟောတိ - ၏။

**ဒွါဒသမ** ယာ ပန ဘိက္ခုနီ-သည်၊ အနောကာသကတံ - မပြုအပ်သော မေးခွင့်ရှိသော၊ ဝါ-မေးခွင့်မပြုသေးသော၊ ဘိက္ခုံ- ရဟန်းကို၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျ- မေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

**တေရသမ** ယာ ပန ဘိက္ခုနီ-သည်၊ အသံကစ္စိကာ - ရင်စည်းတဘက် မပါဘဲ (ရင်လွှမ်းတဘက် မပါဘဲ)၊ ဂါမံ- ရွာသို့၊ ပဝိသေယျ- ဝင်အံ့၊ တဿာ ပါစိတ္တိယံ။

**နဝမော - ၉ ဝဂ်မြောက်သော၊ ဆတ္တုပါဟနဝဂ္ဂေါ- ဆတ္တုပါဟနဝဂ်တည်း။**

× × × × ×

ဘိက္ခုနီသည် ထို ပွတ်နှိပ်ဆုပ်နယ်မှုများကို အခြားဘိက္ခုနီအား 'မခိုင်းကောင်း၊ သိက္ခမာန်၊ သာမဏေမ၊ လူဝတ်ကြောင်မ များကိုလည်း ထိုသို့ မခိုင်းကောင်း၊ ညောင်းမှု၊ ကိုက်ခဲမှု စသည်ဖြင့် ဂိလာနဖြစ်၍ ခိုင်းမှု အနာပတ္တိ။

---

**ကောဒသမ။** ။"ပုရတော" ဟု ဆိုသော်လည်း ရှေ့တည့်တည့်သာ မယူရ။ ဘိက္ခု၏ ပတ်ပတ်လည် ၁၂ တောင် ဥပစာတွင်းကို ယူရသည်။ ထိုဥပစာ အတွင်း အရပ်ဝယ် (မြေပေါ်၌ပင် ထိုင်စေကာမူ) "ထိုင်ပါရစေ ဘုရား" ဟု ဘိက္ခုကို ခွင့်တောင်းပြီးမှ ဘိက္ခုနီတို့ ထိုင်ကောင်းသည်။ ခွင့် မတောင်းဘဲ ထိုင်လျှင် ပါစိတ်။

**ဒွါဒသမ။** ။ဘိက္ခုနီသည် ဘိက္ခုကို ပြဿနာ မေးလိုလျှင် "မည်သည့် ဌာန၌ မေးပါရစေ၊ သုတ္တန်ဘက်က မည်သည့်နေရာကို မေးပါရစေ" စသည်ဖြင့် ခွင့်တောင်းပြီးလျှင် မေးခွင့်ရမှ မေးရမည်။သုတ္တန်ဘက်က ခွင့်တောင်းပြီးနောက် ဝိနည်း၊ အဘိဓမ္မာဘက်က မေးလျှင်ပင် ပါစိတ် အာပတ် သင့်၏။ လုံးလုံး အခွင့် မတောင်းဘဲ မေးလျှင်ကား ဆိုဘွယ်ရာမရှိပြီ။

**တေရသမ။** ။သမန္တတော-ထက်ဝန်းကျင်မှ၊ ပုရိသဒဿနံ - ယောကျ်ားတို့၏ ကြည့်ရှုခြင်းကို၊ ဝတ္တ - ဤအရပ်၌၊ ကတီယတိ - ဖြတ်အပ်၏၊ ဣတိ-

ထို့ကြောင့်၊ သံကစ္စိ–သံကစ္စမည်၏ (ပါစိတျာဒိယောဇနာ)။ ယောက်ျားတို့ မကြည့်နိုင်အောင် ဖြတ်တောက် ဆီးတားအပ်ရာဖြစ်သော ညှပ်ရိုးမှ အောက်ချက်၏ အထက်အရပ်တည်း။ ထိုအရပ်၌ အသုံးချအပ်သော အထည်တမျိုးကို သံကစ္စိကာ ဟု ခေါ်၏။ သံကစ္စိကာကို မဝတ်ဘဲ မြို့၊ ရွာ အတွင်းသို့ ဝင်လျှင် ပါစိတ်အာပတ် သင့်သည်။

**ရင်စည်းတဘက်**။ ။ရှေးနိဿယ၌ သံကစ္စိကာကို "ရင်လွှမ်းတဘက်" ဟု အနက်ဆိုကြ၏။ သို့သော် ဘိက္ခုနီသည် သံကစ္စိကာမပါဘဲ ရွာတွင်းသို့ ဝင်ရာ လေပွေမွှေ၍ အပေါ် သက်န်း လန်သွားသည့်အခါ လူတွေက "သုန္ဒရာ အယျာယ ထနုဒရာ=လှပါပေရဲ့ အရှင်မရဲ့ သားမြတ်နှင့် ဝမ်းဗိုက်ကလေး" ဟု လှောင်ပြောင်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကား ကေသီ အပေါ်က လွှမ်းရသော "ရင်လွှမ်းတဘက်" မဟုတ်တန်ရာ၊ အင်္ကျီကို မဝတ်ကောင်းသောကြောင့် ယခုကာလ ကိုယ်ကြပ် (ဘော်ဒီ) လည်း မဟုတ်နိုင်။ အမှန်မှာ ကေသီအတွင်းဘက် သားမြတ်နှင့် ဝမ်းဗိုက်ကို စည်းထားရသော အဝတ် (ရင်စည်းတဘက်) တမျိုးပင် ဖြစ်တန်ရာသည်။

**ဆတ္တုပါဟနဝဂ် ပြီးပြီ။**

× × × × ×

**မှာထားချက်**။ ။ဤ ဆတ္တုပါဟနဝဂ်မှ နောက်၌ မုသာဝါဒဝဂ်စသော ၇ ဝဂ်တို့မှာ ဘိက္ခုပါတိမောက်နှင့် သိက္ခာပုဒ်အစီအစဉ်ချင်း မတူသော်လည်း ဘိက္ခုပါတိမောက်၌လာသော သာဓာရဏ သိက္ခာပုဒ်များချည်း သာတည်း။ ထို့ကြောင့် ထိုသိက္ခာပုဒ်များ၏ အနက် အဓိပ္ပာယ်ကို အထူးရေးသားဘွယ် မလိုတော့ပြီ။ ဥဒ္ဒိဋ္ဌာ ခေါ စသော နိဂုံးလည်း မထုးပြီ။

**အသာဓာရဏ သိက္ခာပုဒ်ပေါင်း**။ ။ဆ သင်္ဂြိုဟ်သတာ၏ အနက်ကို ပြခဲ့ပြီ။ ဤ သုဒ္ဓပါစိတ်၌ ဘိက္ခုနီတို့အတွက်သာ ဖြစ်သော အသာဓာရဏ သိက္ခာပုဒ် (ဝဂ်ပေါင်း ၉ ဝဂ်တွင် ကုမာရိဘူတဝဂ်နှင့် ဆတ္တုပါဟနဝဂ်၌ ၁၃ ပါးစီရှိ၍ ရှေ့ဝဂ်များ၌ ၁၀ ပါးစီရှိရကား) ၉၆ ပါးရှိ၏။ ကျန် သိက္ခာပုဒ်တို့မှာ ဘိက္ခု၊ ဘိက္ခုနီ ၂ မျိုးလုံးနှင့် ဆက်ဆံသော သာဓာရဏသိက္ခာပုဒ်ချည်း ဖြစ်သည်။

**သုဒ္ဓပါစိတ် ပြီးပြီ။**

## ပါဋိဒေသနီယ အခန်း

[“ဣမေ ခေါ ပန အယျာယော”စသော နိဒါန်း လွယ်ပြီ။]

ပထမ ယာ ပန ဘိက္ခုနီ-သည်၊ အဂိလာနာ-ဂိလာနမဟုတ်ဘဲ၊ သပ္ပိံ—ထောပတ်ကို၊ ဝိညာပေတွာ-တောင်း၍၊ ဘုဉ္ဇေယျ - စားအံ့၊ တာယ ဘိက္ခုနိယာ - ထို ရဟန်းမသည်၊ “အယေျ-အရှင်မ၊ (အဟံ-တပည့်တော်သည်၊) ဂါရယှံ - ကဲ့ရဲ့ထိုက်သော၊ အသပ္ပာယံ - သော၊ ပါဋိဒေသနီယံ - သော၊ ဓမ္မံ - အာပတ်သို့၊ အာပဇ္ဇိံ - ရောက်ပါပြီ၊ တံ-ထို ပါဋိဒေသနီယ အာပတ်ကို၊ ပဋိဒေသေမိ - သီးခြားပြောပါ၏၊ ဝါ - သီးခြား ဒေသနာပြောပါ၏၊ ဣတိ - ဤသို့ဆို၍၊ ပဋိဒေသေတဗ္ဗံ -၏။

ဒုတိယ။ ။ယာ ပန ဘိက္ခုနီ - သည်၊ ပေ၊ တေလံ - ဆီကို၊ ပေ။

တတိယ။ ။ယာ ပန ဘိက္ခုနီ - သည်၊ ပေ၊ မဓုံ — ပျားရည်ကို၊ ပေ။

စတုတ္ထ။ ။ယာ ပန ဘိက္ခုနီ - သည်၊ ပေ၊ ဖာဏိတံ - တင်လဲကို၊ ပေ။

ပဉ္စမ။ ။ယာ ပန ဘိက္ခုနီ၊ ပေ၊ မစ္ဆံ - ငါးဟင်းကို၊ ပေ။

ဆဋ္ဌမ။ ။ယာ ပန ဘိက္ခုနီ၊ ပေ၊ မံသံ - အသားဟင်းကို၊ ပေ။

သတ္တမ။ ။ယာ ပန ဘိက္ခုနီ၊ ပေ၊ ခီရံ - နို့ရည်ကို၊ ပေ။

အဋ္ဌမ။ ။ယာ ပန ဘိက္ခုနီ၊ ပေ၊ ဒဓိံ - နို့ဓမ်းကို၊ ပေ။

ဤသို့ ဆိုရုံသာ၊ ကြွင်းအားလုံး တူပြီ။

× × × × ×

**ပထမ။** ။ပါဋိဒေသနီယ သိက္ခာပုဒ်များ၌ အဓိပ္ပာယ်အထူး မရှိ။ ဘိက္ခု တို့၏ ဘောဇနဝဂ်၌လာသော ပဏီတဘောဇနဝိညတ္တိ သိက္ခာပုဒ်၌ ပြခဲ့သော အဓိပ္ပာယ်ကို နည်းမှီး၍ သိနိုင်လောက်ပြီ။ [သေခိယနှင့် အဓိကရဏသမထတို့၌ အထူးမရှိ။]

### ဘိက္ခုနီပါတိမောက် ဘာသာဋီကာ
### ပြီးပြီ။

# နောက်ဆက်တွဲ မှတ်ဘွယ်များ

**ဥပုသ် ၉ မျိုး။** ။နေ့အားဖြင့် စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ ဟု ၃ မျိုး။ ကာရက (ဥပုသ်ပြု)ပုဂ္ဂိုလ်အားဖြင့် သံဃ၊ ဂဏ၊ ပုဂ္ဂလ ဟု ၃ မျိုး။ ကတ္တဗ္ဗာကာရ (ပြုထိုက်သောအခြင်းအရာ)အားဖြင့် သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန် ဟု ၃ မျိုး။ဤသို့ ဥပုသ် ၉ မျိုးပြားသည်။ ထိုတွင် နေ့အားဖြင့်ပြားသော ၃မျိုးကို "ဥပေါသထော ယာဝတိကာစ ဘိက္ခူ"စသော ဂါထာ၌ ဖွင့်ခဲ့ပြီ။

**သံဃ-သုတ္တုဒ္ဒေသ။** ။၄ ပါးစသော သံဃာတို့ ပြုအပ်သော ဥပုသ်သည် သံဃဥပုသ်မည်၏။ တကျောင်းတည်း၌ သံဃာ ၄ ပါးရှိလျှင် သံဃဥပုသ် ပြုရသည်။ တတိုက်တည်းဝယ် ကျောင်းအများရှိရာ အခြားကျောင်းများက သံဃဥပုသ် မပြုကြ။ သိမ်ထဲသို့ ၂ ပါးတတွဲ သွား၍ ပြုကြသော်လည်း မိမိတို့ ကျောင်းမှာ သံဃာညီညွတ်နေလျှင် မိမိတို့ကျောင်းကမူ သိမ်ထဲသို့ သွား၍ သံဃဥပုသ် ပြုရမည်။ ဤ သံဃဥပုသ်သည်ပင် ပါတိမောက်ကို ရွတ်၍ (ပြ၍) ပြုရသောကြောင့် သုတ္တုဒ္ဒေသ ဥပုသ်လည်း မည်၏။[သုတ္တ = ပါတိမောက်တည်းဟူသော သုတ်ပါဠိတော်ကို+ဥဒ္ဒေသ=ရွတ်ပြရာ ဥပုသ်။]

**အကျဉ်း-အကျယ်။** ။ဤသုတ္တုဒ္ဒေသ သံဃဥပုသ်ပြုရာ၌ ပြလတ့ံသော အန္တရာယ် ၁၀ ပါးတွင် တပါးပါးမျှ မရှိလျှင် ဘိက္ခုပါတိမောက်ကို ဆုံးအောင် ရွတ်သောအားဖြင့် အကျယ် ရွတ်ဆိုရသည်။ အန္တရာယ် တပါးပါး ရှိလျှင်သော်ငင်း၊ ဆုံးအောင်ရသူ မရှိလျှင်သော်ငင်း၊ နိဒါန်းအဆုံးမှ နောက်- ရောက်ရာ အခန်း၌ တန့်ရပ်ပြီးဆုံးစေသောအားဖြင့် အကျဉ်းလည်း ရွတ်နိုင်၏။ ဥဒ္ဒေသ ၅ ရပ်ကို (အခန်း ၅ ပါးကို) ဘိက္ခုပါတိမောက် အဆုံး၌ ပြခဲ့ပြီ။

**အန္တရာယ် ၁၀ ပါး။** ။ပါတိမောက် အကျဉ်းရွတ်နိုင်သော အန္တရာယ်ကား ပါတိမောက်ရွတ်နေစဉ် ၁-မင်းလာခြင်း၊ ၂-ကျောင်း စသည်ကို မီးလောင်ခြင်း၊ ၃-သူခိုး ခိုးခြင်း၊ ၄-မိုးကြီးရွာခြင်း၊ သို့မဟုတ် ရေကြီးခြင်း၊ ၅-လူအများ လွှမ်းမိုးလာခြင်း၊ ၆-ရဟန်းကို ဘီလူးပူးခြင်း၊ ၇-ခြင်္သေ့ သစ်ကျား စသော သားရဲကောင်များ ဝင်လာခြင်း၊ ၈-ရဟန်းကို မြွေကိုက်ခြင်း၊ ၉-အသက်အန္တရာယ် ဖြစ်နိုင်လောက်အောင် ရဟန်းတပါး မကျန်းမမာဖြစ်လာခြင်း၊ သို့မဟုတ် သတ်မည်ဟု ကြံစည်ခြင်း၊ သို့မဟုတ် ပုံ့တော်မူခြင်း၊ ၁၀-ဗြဟ္မစရိယ၏ အန္တရာယ် ဖြစ်လောက်အောင် ( လူထွက်ရလောက်အောင် ) ရဟန်းတပါးကို ဖြစ်စေ၊ ရဟန်းအများကို ဖြစ်စေ ဖမ်းယူကြခြင်းတည်း။

**[ဆောင်]** မင်း-မီး-ခိုးသူ, မိုးရေဟူ, လူနှင့် ဘီလူးဆွယ်။
သားရဲ-မြွေ-အသက်, ထွက်အောင်ဖျက်, ဆယ်ချက် အန္တရာယ်။

**ဂဏ-ပါရိသုဒ္ဓိဥပုသ်။** ။၃ ပါး ဖြစ်စေ၊ ၂ ပါး ဖြစ်စေ ပြုအပ်သော ဥပုသ်သည် "ဂဏဥပုသ်"မည်၏။ "သံဃာ မပြည့်သော ရဟန်းအပေါင်းသည် ပြုအပ်သော ဥပုသ်"ဟူလို။ ဤ ဂဏဥပုသ်ကိုပင် "ပရိသုဒ္ဓေါ အဟံ ဘန္တေ" စသည် ဆို၍ ပြုရသောကြောင့် "ပါရိသုဒ္ဓိဥပုသ်"ဟုလည်း ခေါ်သည်။

**၃ ပါး ပြုပုံ။** ။တံမြက်လှည်းမှု စသော ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို ပြုပြီးသောအခါ တပါးက....

"သုဏန္တု မေ အာယသ္မန္တော, အဇ္ဇုပေါသထော ပန္နရသော,
ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ, မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ
ကရေယျာမ"ဟု

ဥတ်ထားရသည်။ ၁၄ ရက် ဥပုသ်နေ့ဖြစ်လျှင် "အဇ္ဇုပေါသထော စာတုဒ္ဒသော"ဟု ပြင်၍ ဆိုပါ။ [အာယသ္မန္တော – အရှင်တို့၊ မေ – တပည့်တော်၏ (စကားကို)၊ သုဏန္တု–နားစိုက်ကြပါကုန်၊ အဇ္ဇ–ယနေ့ကား၊ ပန္နရသော–၁၅ ရက်မြောက်သော၊ ( စာတုဒ္ဒသော – ၁၄ ရက်မြောက်သော၊ ) ဥပေါသထော–ဥပုသ်နေ့ပါတည်း၊ အာယသ္မန္တာနံ–အရှင်တို့၏၊ (ကမ္မံ–ဥပုသ်ကံသည်၊) ပတ္တကလ္လံ–လျောက်ပတ်သော အခါရှိသည်၊ ယဒိသိယာ – အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ–ဤသို့ဖြစ်လသော်၊) မယံ–တို့သည်၊ အညမညံ–အချင်းချင်း၊ ပါရိသုဒ္ဓိ ဥပေါသထံ-ပါရိသုဒ္ဓိဥပုသ်ကို၊ ကရေယျာမ–ပြုကြပါကုန်စို့။]

**ဥပုသ်ပြုပုံ။** ။ဤသို့ ပါဠိသက်သက်ကို ရွတ်ဆိုခြင်းအားဖြင့် ဥတ်ထားပြီးနောက် သီတင်းကြီးသူက လက်ကန်တော့တင်ကာ ဆောင့်ကြောင့်ထိုင်၍ "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ, ဒုတိယမ္ပိ ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထ, တတိယမ္ပိ ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထ"ဟု ဆို၍ ပါရိသုဒ္ဓိ ပြုရသည်။ ထို့နောက် သီတင်းငယ် ၂ ပါးတွင် တပါးကလည်း ဤနည်းအတိုင်းဆို။ ထို့နောက် တတိယပုဂ္ဂိုလ်ကလည်း ဤနည်းအတိုင်းဆို။ သို့ရာတွင် သီတင်းငယ် ၂ ပါးအတွက်ကား "အာဝုသော"ဟု မခေါ်ဘဲ "ဘန္တေ"ဟု ခေါ်ရသည်။ [မံ ဓာရေထ-ဟု ၃ ကြိမ်အပြီးတွင် ယခုကာလ၌ "သာဓု-သာဓု"ဟု အခြားပုဂ္ဂိုလ်များက ဆိုလေ့ရှိကြသည်။]

**၂ ပါး ပြုပုံ။** ။၂ ပါးတည်းရှိသော ကျောင်းတိုက်၌ ပါရိသုဒ္ဓိဥပုသ် ပြုသည့်အခါ "ဥတ်"ထားဘွယ် မလို။ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စများကို ပြုသင့်သမျှ ပြုပြီးနောက် သီတင်းကြီးက လက်ကန်တော့တင်ကာ ဆောင့်ကြောင့် ထိုင်၍ "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပေ၊ ဓာရေဟိ" ဟု ၃ ခေါက် ဆိုရသည်။ [အာဝုသော–ငါ့ရှင်၊ အဟံ–ငါသည်၊ ပရိသုဒ္ဓေါ–အာပတ်မှ စင်ကြယ်ပါ၏၊

မံ-ငါ့ကို၊ ပရိသုဒ္ဓေါတိ-အာပတ်မှ စင်ကြယ်သူဟူ၍၊ ဓာရေဟိ-မှတ်ပါလော့။ သီတင်းငယ်အတွက် “ဘန္တေ-အရှင်ဘုရား၊ ပေ၊ ဓာရေထ-မှတ်ပါကုန်လော့” ဟု ဆို။ ဤ ဥပုသ်ပြု၌ “ပရိသုဒ္ဓေါ-အာပတ်မှ စင်ကြယ်ပါ၏”ဟု ဝန်ခံသောကြောင့် အာပတ်ရှိလျှင် ဥပုသ်မပြုခင် ဒေသနာပြောကြရသည်။]

**ပါရိသုဒ္ဓိပြုရာ ဌာနများ။** ။၂ ပါး ၃ ပါးရှိသောကျောင်းတိုက်၌ ပါရိသုဒ္ဓိ ဥပုသ်ပြုရသည်သာ မကသေး၊ ပုရိမဝါကပ်သော ပုဂ္ဂိုလ်တို့ ပဝါရဏာ ပြုပြီးလျှင် ထို ပုဂ္ဂိုလ်တို့အထံ၌ ပစ္ဆိမဝါကပ်သူ၊ ဝါကျိုးသူတို့ ပါရိသုဒ္ဓိဥပုသ် ပြုရသည်။ သို့ရာတွင် ပါရိသုဒ္ဓိပြုသူတို့က ပဝါရဏာ ပြုသူတို့နှင့် အညီအမျှ၊ သို့မဟုတ် အနည်းဖြစ်မှ ပါရိသုဒ္ဓိပြုခွင့်ရ၏။ ပဝါရဏာပြုသူတို့ထက် များနေလျှင် မိမိတို့က ဆိုင်ရာဥပုသ်ပြုပြီးမှ ထိုဝါကပ်သူတို့က မိမိတို့ထံ ပဝါရဏာ ပြုရသည်။

ထို့ပြင်——ကျောင်းတိုက်၌ ရှိနှင့်သော ရဟန်းတို့ သံဃဥပုသ်ပြုပြီးမှ ရောက်လာသော ရဟန်းတို့သည် မူလဥပုသ် ပြုနှင့်သော သံဃာထက် မများလျှင် ထို ဥပုသ်ပြုပြီး သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် တွေ့သမျှအထံ၌ ပါရိသုဒ္ဓိဥပုသ် ပြုနိုင်သည်။ ဥပမာ-ရဟန်း ၅ပါးတို့ သံဃာ့ဥပုသ်ပြုပြီးလေရာ နောက်ထပ် ၅ ပါး ၄ ပါး စသော သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့ ရောက်လာလျှင် “ပရိသုဒ္ဓေါ အဟံ ဘန္တေ” စသည် ဆို၍ ပါရိသုဒ္ဓိဥပုသ် ပြုနိုင်သည် ဟူလို။ [နောက်နောက် ပုဂ္ဂိုလ်က များနေလျှင်ကား သံဃဥပုသ်ပင် ထပ်၍ ပြုရသည်။]

**ပုဂ္ဂလ အဓိဋ္ဌာန်ဥပုသ်။** ။တပါးထည်းသာ ရှိသော ကျောင်းတိုက်၌ ဥပုသ်ပြုချိန်ဝယ် တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏများကို ပြုပြီးလျှင် အာဂန္တုများလာချိန် စောင့်၍ (အာဂန္တုများ လာလျှင် ပုဗ္ဗကိစ္စများပါ ပြု၍ ဆိုင်ရာဥပုသ်ကိုပြု၊ အာဂန္တုမလာလျှင်) မိမိမှာ အာပတ်ရှိနေမူ “သဘာဂတူ ပုဂ္ဂိုလ်လာလျှင် ဒေသနာပြောမည်”ဟု အဓိဋ္ဌာန်၍ “ယနေ့ ငါ၏ ပန္နရသီဥပုသ်နေ့တည်း”ဟု စိတ်ထဲ၌ ဓိဋ္ဌာန် (နှလုံးသွင်း) ရသည်။ စာတုဒ္ဒသီ ဖြစ်လျှင်လည်း “ယနေ့ ငါ၏ စာတုဒ္ဒသီဥပုသ်နေ့”ဟု အဓိဋ္ဌာန်ရသည်။ဤအဓိဋ္ဌာန်ဥပုသ်ကိုပင် ပုဂ္ဂိုလ်တပါးတည်း ပြုရသောကြောင့် ပုဂ္ဂလဥပုသ်ဟုလည်း ခေါ်သည်။

**ကန်ါ ဆိုပုံ။** ။ကန်ါ အဋ္ဌကထာကား စိတ်ထဲ၌ ဓိဋ္ဌာန်ရုံ၊ နှလုံးသွင်းရုံကို မပြဘဲ “အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိဝါ ပန္နရသောတိဝါ ဝတွာ အဓိဋ္ဌာမီတိ ဝတ္တဗ္ဗံ”ဟု မိန့်သည်။ ထို ကန်ါအလို “အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ” ဟုငြင်း၊ “အဇ္ဇ မေ ဥပေါသထော ပန္နရသောတိ အဓိဋ္ဌာမိ” ဟုငြင်း နှုတ်ဖြင့် ဆိုရမည်ကဲ့သို့ ဖြစ်သည်။ သို့သော် “အဓိဋ္ဌာန်မှု” ဟူသည် စိတ်ထဲ၌ စွဲမြဲစွာ နှလုံးသွင်းမှုပင် ဖြစ်သောကြောင့် နှုတ်ဖြင့် မဆိုတော့ဘဲ စိတ်၌ ဓိဋ္ဌာန်မှုဖြင့်ပင် အဓိဋ္ဌာန်ဥပုသ်ပြုခြင်းကိစ္စ ပြီးသင့်

ပေးသည်။ ထို့ကြောင့် ဥပေါသထက္ခန္ဓက ပါဠိတော် အဋ္ဌကထာတို့၌ ဝတ္တ-ဝတ္တံ ကြိယာ မပါဘဲ "အဇ္ဇ မေ ဥပေါသထော ပန္နရသော" တိ အဓိဋ္ဌာ တဗ္ဗောဟု မိန့်တော်မူသည်။

**ဒေသနာပြော၊ ဒေသနာခံ။** ။"အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော" စသည်ဖြင့် ပထမပုဂ္ဂိုလ်က ပြောဆိုခြင်းကို "ဒေသနာပြော"ဟု ခေါ်၍ ထိုသို့ ပြောဆိုသည့်အခါ ဒုတိယပုဂ္ဂိုလ်က "သာဓု-သာဓု"စသည်ဖြင့် လက်ခံခြင်းကို "ဒေသနာခံ" ဟု ခေါ်၏။ [ဒေသနာပြောကို "ဒေသနာကြား" ဟုလည်း ခေါ်ကြ၏။ သို့သော်"ဒေသနာ"ဟူသော ပါဠိက "ပြောဆိုခြင်း"အနက်သာ ထွက်၍ နား၌ ကြားသော "ကြားခြင်း" ဟု အနက် မထွက်နိုင်သောကြောင့် "ဒေသနာကြား"ဟူသော အသုံးကို ဆရာတို့ နှစ်သက်တော် မမူကြကုန်။]

**ထိုင်ပုံစသည်။** ။ဒေသနာပြောလိုသူသည် သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်ထံ ပြောနိုင်၏။ သို့သော် ယခုခေတ် ထုံးစံအတိုင်း ပုဂ္ဂိုလ်တပါးထံ ပြောလိုရာ၌ ရှေးဦးစွာ သင်းပိုင်၊ ဧကသီများကို ကောင်းမွန်စွာ ဝတ်၊ လက်ကန်တော့တင်၊ ဆောင့်ကြောင့်ထိုင်၍ ဒေသနာခံသူက ကြီးလျှင် သူ့ကို ရှိခိုး၊ ဒေသနာပြော သူက ကြီးလျှင် ရှိမခိုးဘဲ ဒေသနာခံသူဘက်သို့ လှည့်၍ ရိုသေစွာ ဒေသနာ ပြောရသည်။ [ယခုခေတ်၌ အချို့ သတင်းကြီးသူတို့မှာ သူတို့က ဒေသနာပြော ပါလျက် ဒေသနာခံ သီတင်းငယ်ကို သူတို့ဘက် လက်အုပ်ချီကာ အရိုအသေ ပေးစေသိုကြသေး၏။ အမှန်မှာ ဒေသနာခံသူက ရိုသေဘွယ် မလိုပါ။]

**ရှေးခေတ် ဒေသနာပြောနည်း။** ။ဘုရားရှင် လက်ထက်တော်မှ စ၍ အတော် ရှေးကျသောခေတ်၌ အာပတ် အသင့် နည်းရကား မိမိမှာသင့်သော အာပတ်နာမည်ကို တိုက်ရိုက်ထုတ်ဖော်၍ "အဟံဘန္တေ သုက္ကဝိဿဋ္ဌိ သံဃာဒိ သေသံ အာပဇ္ဇိံ" စသည်ဖြင့် ပြောလေ့ရှိကြ၏။ ယခုခေတ်ကဲ့သို့ "သဗ္ဗာ အာပတ္တိယော"ဟု ရှီးတီးယောင်တောင် မပြောဆိုကြကုန်။ [ထို ရှေးခေတ် ဒေသနာပြောကြပုံကို မဟာဝါ ဥပေါသထက္ခန္ဓက အဋ္ဌကထာမှာ ရှုပါကုန်။]

**ယခုခေတ် ပြောနည်း။** ။ယခုခေတ်ပြောနည်းမှာ မည်သည့် အာပတ် သင့်သည်ဟု မထင်ရှား။ သင့်သော အာပတ်ကို ပြောင်းလွဲ၍ မဆိုတတ်သူတို့ အတွက် ရှေးဆရာတို့ စီစဉ်ပေးခဲ့ရာမှ တစတစ တွင်ကျယ်ကာ အများသုံး ဖြစ်လာဟန်တူသည်။ သို့သော် "သဗ္ဗာ အာပတ္တိယော" ဆိုလျှင် အနည်းငယ် အာပတ်လည်း ပါဝင်သောကြောင့် သင့်သမျှ အာပတ် အနည်းငယ်လည်း ပြေပျောက်နိုင်ရကား ပညာရှိ အများပင် လက်ခံလျက် ရှိသောကြောင့် ယခု ကာလ ဒေသနာပြော အစဉ်ကိုသာ အမိပ္ပာယ်နှင့်တကွ ပြရပေတော့မည်။

(အရကျက်ရန်)

## ၁။ သီတင်းငယ်က သီတင်းကြီးထံ ပြောပုံ

ဒေသနာပြော။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ဒေသနာခံ။ ။သာဓု သာဓု။

ပြော။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ-မူလေ ပတိ ဒေသေမိ။

ခံ။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

ပြော။ ။အာမ ဘန္တေ ပဿာမိ။

ခံ။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

ပြော။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ခံ။ ။သာဓု သာဓု။

× × × × ×

### အနက်နှင့် အဓိပ္ပာယ်

**ဒေသနာပြော**။ ။ဘန္တေ - အရှင်ဘုရား၊ အဟံ - တပည့်တော်သည်၊ သဗ္ဗာ - အလုံးစုံကုန်သော၊ အာပတ္တိယော-သင့်မိသမျှ အာပတ်တို့ကို၊ အာဝိကရောမိ-ထင်စွာပြုပါ၏။ [ဤစကားကား သံဃာဒိသေသ် ဟူသော ဂရုက အာပတ်ကို ထင်စွာပြုသော စကားတည်း။ ဂရုကအာပတ် သင့်လျက် ဖုံးထား လျှင် ဖုံးသမျှ ည၌အရေအတွက်အတိုင်း ပရိဝါသ်နေရ၏။ တည၌ဖုံးလျှင် တချက်ကျ ဒုက္ကဋ်အာပတ်လည်း သင့်သေး၏။ ထို့ကြောင့် ဂရုကအာပတ်ကို ဖုံးထားရာမရောက်အောင် "အာဝိကရောမိ=ဖုံးမထားဘဲ အထင်အရှား ဖော် ပြောပါ၏"ဟု ဆိုလိုသည်။ "အာရောစယာမိ-အာရောစေမိ" ဟု အမျိုးမျိုး ဆိုကြသေး၏။ "ပြော၏"ဟု အနက်ဆို။ ဤဝါကျ၏ အဓိပ္ပာယ်ကို ခုဒ္ဒသိက္ခာ ရှေးနိဿယ၌ တမျိုးဆိုသေး၏။ ရှုလေတော့။]

**ဒေသနာခံ**။ ။သာဓု သာဓု-ကောင်းပြီ ကောင်းပြီ။ [ဤစကားကား အာဝိကရဏပြုသည်ကို လက်ခံသောစကားတည်း။]

## ၂။ သီတင်းကြီးက သီတင်းငယ်ထံ ပြောပုံ

ပြော။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ခံ။ ။သာဓု သာဓု။

ပြော။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုယှ-မူလေ ပဋိဒေသေမိ။

ခံ။ ။ပဿသ ဘန္တေ တာ အာပတ္တိယော။

ပြော။ ။အာမ အာဝုသော ပဿာမိ။

ခံ။ ။အာယတိံ ဘန္တေ သံဝရေယျာထ။

ပြော။ ။သာဓု, သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ခံ။ ။သာဓု သာဓု။

× × × × ×

**ဒေသနာပြော။** ။ဘန္တေ-ဘုရား၊ အဟံ-သည်၊ သမ္ဗဟုလာ-များစွာကုန်သော၊ နာနာဝတ္ထုကာ-အမျိုးမျိုး ဝတ္ထုရှိကုန်သော၊ သဗ္ဗာ-အလုံးစုံကုန်သော၊ အာပတ္တိယော-အာပတ်တို့သို့၊ အာပဇ္ဇိံ-ရောက်ပါပြီ၊ တာ-ထိုအာပတ်တို့ကို၊ တုမှံ-အရှင်ဘုရားတို့၏၊ မူလေ-အထံ၌၊ ပဋိဒေသေမိ-ပြောပြပါ၏။ [ဤစကားကား ထုလ္လစ္စည်းစသော လဟုက အာပတ်များကို ဒေသနာပြောသော စကားတည်း။ နာနာဝတ္ထုကာဟူသည် တမူးတန်ကို ခိုးခြင်းတည်းဟူသော ဝတ္ထုကြောင့် သင့်အပ်သော ထုလ္လစ္စည်း၊ ဘိလူးကို သတ်ခြင်း ဝတ္ထုကြောင့် သင့်အပ်သော ထုလ္လစ္စည်း၊လိမ်ခြင်းဝတ္ထုကြောင့် သင့်အပ်သော ပါစိတ်၊ ညစာ စားခြင်း ဝတ္ထုကြောင့် သင့်အပ်သော ပါစိတ်။ ဤသို့ စသည်ဖြင့် ဝတ္ထုအမျိုးမျိုး ရှိကြသည် ဟူလို။ "သဗ္ဗာ အာပတ္တိယော" ကား ထို ထုလ္လစ္စည်း ပါစိတ် စသော သင့်သမျှ အာပတ်အားလုံးဟု ဆိုလိုသည်။ "တုမှံ+မူလေ"ဟု ဆိုလိုလျက် နိဂ္ဂဟိတ်ချေထားသောကြောင့် "တုမှ + မူလေ"ဟု ရှိရသည်။ ငယ်သူက ကြီးသူကို ရိုသေရာရောက်အောင် "တုမှံ – အရှင်ဘုရားတို့၏" ဟု ဗဟုဝုစ်ဖြင့် အသုံးပြုကြသည်။]

**ဒေသနာခံ။** ။အာဝုသော-ငါ့ရှင်၊ တာ အာပတ္တိယော-ထိုအာပတ်တို့ကို၊ ပဿသိ-ရှု၏လော။ [ထို အာပတ်များကို "ငါ့မှာသင့်နေသော အာပတ်တွေ" ဟု သင် ရှုရဲ့လား ဟု ပဋိညာဉ်တောင်းသော စကား ဖြစ်သည်။ ခုဒ္ဒသိက္ခာ ရှေးနိဿယ၌ "ပဿသိ-မြင်ပေ၏"ဟု ပေး၏။ ဆင်ခြင်ပါ။]

## ၃။ သီတင်းငယ်က ထပ်၍ပြောပုံ

ဤ သီတင်းငယ်က ထပ်မံ၍ ဒေသနာပြောပုံမှာ (၁)နံပါတ် ပြော နည်းတွင် (ပြော) "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ" (ခံ) "သာဓု သာဓု" ဤ (အပြော၊ အခံ)တစုံကိုချန်၍ ကျန်သမျှ ဆိုရုံ သာ၊ ထို့ကြောင့် "အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ"မှ စ၍ (၁)နံပါတ် ပြောနည်း ခံနည်းအတိုင်း ပြောရ ဆိုရမည်။

× × × × ×

**ဒေသနာပြော**။ ။ဘန္တေ – ရား၊ အာမ – မှန်ပါ၊ ပဿာမိ – ရှုပါ၏။ ["ပဿသိ အာဝုသော" ဟု ပဋိညာဉ် တောင်းသည့်အတိုင်း "မှန်ပါ၊ ရှုပါ သည်"ဟု ဝန်ခံသော စကားတည်း။]

**ဒေသနာခံ**။ ။အာဝုသော–ငါ့ရှင်၊ အာယတိံ–နောက်နောင် အခါ၌၊ သံဝရေယျာသိ–စောင့်စည်းလော့။ [နောက်နောင်အခါ အာပတ်မသင့်အောင် စောင့်စည်းပါ ဟူလို။] ဤစကားကား "အာမ ဘန္တေ ပဿာမိ" ဟူသော ပဋိညာဉ်အရ "ပဋိညာယ ကာရေတဗ္ဗော"ဟူသော သမထနှင့်အညီ ဝန်ခံသည့် အတိုင်း ဆုံးဖြတ်သော ပတိညာတကရဏ စကားတည်း။

**ဒေသနာပြော**။ ။ဘန္တေ – ရား၊ သာဓု–ကောင်းပါပြီ၊ သုဋ္ဌု သံဝ ရိဿာမိ–ကောင်းစွာ စောင့်စည်းပါအံ့။ [ဤကား ဆုံးဖြတ် တိုက်တွန်းသည့် အတိုင်း "ကောင်းပါပြီ၊ ကောင်းစွာ စောင့်စည်းပါမည်" ဟု ဝန်ခံသော စကားတည်း။]

**သီတင်းကြီးက ဒေသနာပြောပုံ**။ ။အနက်အဓိပ္ပါယ် မထူးပြီ။ သီတင်း ကြီးသူဖြစ်၍ ငယ်ရွယ်သူကို "အာဝုသော–ငါ့ရှင်"ဟု ခေါ်ခြင်း၊ "တုမှံ" ဟု လေးလေးစားစား ဗဟုဝုစ်စကားကို မသုံးဘဲ "တုယှံ–သင်၏"ဟု ဧကဝုစ် စကားကို သုံးခြင်းသာ ထူးတော့သည်။ "တုယှံ+မူလေ"ဆိုလိုလျက် နိဂ္ဂဟိတ် ချေထားသဖြင့် "တုယှ+မူလေ"ဟု ရှိသည်။ ["တုမှ+မူလေ၊ တုယှ + မူလေ" ပုဒ်တို့ သမာသ် မဟုတ်၊ ဝါကျဟု ပါစိတျာဒိယောဇနာ မိန့်သည်။]

**သီတင်းငယ်က ထပ်၍ပြောပုံ**။ ။သီတင်းကြီးက ပြောပြီးနောက် သီတင်း ငယ်က ထပ်၍ ပြောရာ၌ "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ" ဟူသော ဝါကျ မပါခြင်းမှာ ထိုဝါကျက ဂရုက အာပတ်ကို ထင်စွာ ပြုသော ဝါကျဖြစ်၍ ထို ဂရုကအာပတ်အတွက်မှာ ပထမတကြိမ် ပြောရုံမျှဖြင့် ညာဉ်

မဖုံးလွှမ်းခြင်းကိစ္စ ပြီးသောကြောင့် ဖြစ်သည်။ သို့ဖြစ်လျှင် ဘာ့ကြောင့် "အဟံ ဘန္တေ သမ္ဗဟုလာ"မှ စ၍ ထပ်ရပြန်သနည်းဟု မေးဘွယ်ရှိ၏။ အဖြေကား- သဘာဂအာပတ် ရှိသူချင်း ဒေသနာပြောမိလျှင် ဒုက္ကဋ်အာပတ် ထပ်၍ သင့်သောကြောင့် ထို ဒုက္ကဋ်အာပတ်ကို ပြေပျောက်စေခြင်းငှာ "အဟံ ဘန္တေ သမ္ဗဟုလာ"စသည်ဖြင့် ထပ်ရပြန်သည်။

**ချဲ့ဦးအံ့**—ရဟန်း ၂ ပါး ညစာစားမိ၍ ဝိကာလဘောဇနပါစိတ်အာပတ် သင့်ကြရာ၌ ထိုအာပတ်သည် ညစာစားခြင်း သဘောတူသော ဝတ္ထုကြောင့် သင့်ရကား "သဘာဂအာပတ်"မည်၏။ ထိုကဲ့သို့ သဘာဂအာပတ် ရှိသူချင်း ဒေသနာပြော၊ ဒေသနာခံလျှင် ပြောသူ ခံသူ ၂ ပါးလုံးပင် ဒုက္ကဋ်အာပတ် တချက်စီ ထပ်၍ သင့်ကြ၏။ သို့သော် ထိုဒုက္ကဋ်အာပတ်သည် ပြောခြင်းဝတ္ထုကြောင့် တပါးမှာ သင့်၍ ခံခြင်းဝတ္ထုကြောင့် အခြားတပါးမှာ သင့်ရသည်။ ဝတ္ထုချင်း သဘောမတူကြ၍ သဘာဂအာပတ် မဟုတ်ကြချေ။

ထို့ကြောင့် ပထမဆုံး သီတင်းငယ်က ဒေသနာပြောရာ၌ သဘာဂအာပတ် ရှိသူချင်း ပြောမိသော် ၂ ပါးလုံးမှာ ဒုက္ကဋ်တချက်စီ ထပ်၍သင့်၏။ သီတင်းကြီးက ဒုတိယအကြိမ်ပြောရာ၌ ရှေးက သင့်ပြီးသော အာပတ်များနှင့်တကွ ယခင် ဒုက္ကဋ်အာပတ်ပါ ပြေပျောက်လေပြီ။ သီတင်းငယ်မှာကား ဒုက္ကဋ်အာပတ် တချက် ကျန်သေးသည်။ ထို ဒုက္ကဋ်အာပတ်ကို ပြေပျောက်စေခြင်းငှာ တတိယ ဒေသနာ ပြောရပြန်သည်။

"သဘာဂအာပတ် မရှိဘူး" ဟု သိလျှင်ကား ထို ဒုက္ကဋ်အာပတ်လည်း မသင့်သဖြင့် တတိယအကြိမ် ထပ်၍ဒေသနာ ပြောဘွယ် မလို။ ယခုကာလ၌ကား သဘာဂအာပတ် ရှိရှိ-မရှိရှိ ရိုးရာဖြစ်၍ တတိယအကြိမ် ထပ်လေ့ရှိကြသည်။ ထိုတတိယအကြိမ် ထပ်ရာမှာလည်း "သမ္ဗဟုလာ နာနာဝတ္ထုကာ = များစွာကုန်သော ဝတ္ထု အမျိုးမျိုးကြောင့် သင့်ကုန်သော" ဟု ဆိုထားပြန်၏။ များလည်း မများ၊ ဒုက္ကဋ်တချက်သာ။ ဝတ္ထုအမျိုးမျိုးလည်း မရှိ၊ သဘာဂဝတ္ထု ရှိသူချင်း ဒေသနာပြောမှု ဝတ္ထုတမျိုးသာ ရှိသည်။ သို့ရာတွင် အများဆိုလျှင် တပါးလည်း ပါဝင်၊ ဝတ္ထုအမျိုးမျိုးဆိုလျှင် ဝတ္ထုတမျိုးလည်း ပါဝင်သော ကြောင့် အထူး မပြင်တော့ဘဲ ရိုးရာအတိုင်းသာ လိုက်ကြပေတော့သည်။

**နောက်ဆက်တွဲ မှတ်ဘွယ်များ**
**ပြီးပြီ။**

# ဘာသာဋီကာ နိဂုံး

ရတနာ့ဂုဏ်ရည်၊ အခြေပြုသင်္ဂြိုဟ်၊ အခြေပြုသဒ္ဒါ၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ၊ ကိုယ်ကျင့် အဘိဓမ္မာဟူသော ကျမ်းပေါင်း ခြောက်စောင် အပြင် ပါတိမောက် ဘာသာဋီကာ သတ္တမ ကျမ်းစာကိုလည်း ပါတိမောက်နှင့် ကင်္ခါ အဋ္ဌကထာကို ပို့ချရင်း ရေးသားခဲ့ရာ နှစ်တပတ်လည် အချိန်မှာပင် ကောင်းစွာ ပြီးစီးပြန်ပေပြီ။

**သိဒ္ဓိမိဒ္ဓ ဘော ဘာသာဋီကာ, ဒေသဘာသာယ သန္တတာ၊**
**ဝဏ္ဏနာ ပါတိမောက္ခာနံ, ဥဘိန္နမ္ပိ သု ဒုလ္လဘာ။**

ဥဘိန္နံပိ – ဘိက္ခု ဘိက္ခုနီ, အမည်ပြားတုံ့, ၂ ပါးစုံလည်း ဖြစ်ကုန်သော၊ ပါတိမောက္ခာနံ–ပါတိမောက်ခေါ်, သိက္ခာပုဒ် ပါဠိတော်တို့၏၊ ဝဏ္ဏနာ–အဋ္ဌကထာ အပြင်, တမျိုးထွင်၍, ဆင်ယင် ဖွင့်ပြကြောင်းဖြစ်သော၊ သု ဒုလ္လဘာ–ပညာစိစစ်, တက်တုန်းဖြစ်သည့်, ခေတ်နှင့်တန်အောင်, အမှန် ရခဲလှစွာသော၊ ဒေသဘာသာယ=တိုင်းရင်း မြန်မာ, ကိုယ့်ဘာသာဖြင့်၊ သန္တတာ – တသန့်တသန့်, အကန့်ကန့်လျက်, ခွံ့ခွံ့စီရရီ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ–ဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်၊ သိဒ္ဓိမိဒ္ဓဘော–ဝန်းကျင်ပတ်ကုံး, ကမ္ပတ်ဖုံး၍, နိဂုံးအရောက်, ပြီးမြောက်ပြန်ပြီ တကား။

ဤသို့ ကျမ်းပေါင်း အရပ်ရပ်ကို ထပ်ကာ ထပ်ကာ စီစဉ်နေခြင်းမှာလည်း ကျမ်းစာတွေကို ညွှန်ပြ၍ "ကျမ်းပြုဆရာတော်" ဟူသော ပကာသန စသည်ကို လိုလားခြင်းကြောင့် မဟုတ်ပါ။ သာသနာ့ဝန် ထမ်းရာဝယ် စွမ်းဆောင်နိုင်ရာ ဘက်မှ ဆောင်ရွက်ထိုက်သည်ဟု သဘောရ၍ စိတ်ပန်းကိုယ်ပန်း ထမ်းနေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍....

**ယဒိ အညာ ဥပ္ပဇ္ဇေထ, ဉာတောပိ သုခ သမ္မတာ၊**
**တဿောကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။**

ဉာတောပိ–အများမှီးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤ ဘာသာဋီကာထက်လည်း၊ သုခသမ္မတာ–ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဘွယ် တောင်း, အကောင်း ဟု သမုတ်အပ်သော၊ အညာ – ပါတိမောက်တွင်း, ဉာဏ်ရောင်သွင်းမည့်,သန့်ရှင်းကျစ်လျစ်, ဋီကာသစ်တမျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ–ပညာလိုလား, နောက်နောက်သားတို့, ကြိုးစားရစ်သော်, အကယ်၍ ဖြစ်ပေါ် လာအံ့၊ တဿာ – ထိုသို့ ဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ –

ထွန်းတောက် တင့်ရေး, အခွင့် ပေးခြင်းငှာ၊ အယံ – လပေါင်း မြားမြောက်, လွန်အားဆောက်မှ, ထွန်းတောက်ထွက်လာ, ဤဋီကာသည်၊ အန္တရာယတံ– ရိုးရာမတဲ့, တိုးကာငဲ့၍, ကပ်ဖွဲ့ မနေ, ကွယ်ပျောက်ရစ်ပါစေ သတည်း။

ဤသို့ ကျမ်းစာ အစောင်စောင် ရေးသားနိုင်လောက်သော ဉာဏ်စွမ်းကို အထိုက်အလျောက် ရရှိခြင်းမှာလည်း မိမိ ပဋိဘာန် ပင်ကိုယ်ဉာဏ်ကြောင့် မဟုတ်ပါ။ ငယ်ရွယ်စဉ်ကစ၍ စာပေအရာ ဝါသနာပါမှန်း သိတော်မူကြသော (သဒ္ဒါပြုဟ်ဘာသာဋီကာ နိဂုံးပါ) ဆရာတော်တို့ အဆက်ဆက် ချီးမြှောက်တော်မူကြခြင်းကြောင့်သာ ဖြစ်ပါသည်။ ထို့ကြောင့်....

**သမ္ဗုဇ္ဈယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊**
**ဇယံ ဇယံ ဇယန္တောဝ, သမ္ဗုဒ္ဓ သာသနန္တရေ။**

ယေသံ ထေရာနံ – အထက် ဝေဟင်, နေ အသွင်သို့, မြေပြင် ထင်ရှား, အကြင် ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော – အထူး စောင့်ရှောက်, ချီးမြှောက်အပ်သည်ဖြစ်၍၊ ဇယံ ဇယံ – အောင်သင့် အောင်ရန်, စာတော်ပြန်ဟု, တိုင်းမြန် ထင်ရှား, အောင်ပွဲများကို၊ ဇယန္တောဝ– လာဘ်လည်း မကူ, လူလည်း မပံ့, ခွံခွံ သိုက်မြိုက်, အောင်လံစိုက်လျက်သာလျှင်၊ အဟံ– ငါသည်၊ သမ္ဗုဒ္ဓသာသနန္တရေ – ဗုဒ္ဓမြတ်စွာ, သာသနာကျိုး, တိုးသင့် တိုးအောင်, တမျိုး ဆောင်ရပေ၏၊ တေသံ ထေရာနံ–ကျေးဇူးတော်ရှင်, ဂုဏ်အင် ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ဗုဇ္ဈယာမိ – ကျမ်းစာ ရေးသား, ကောင်းမှုများဖြင့်, လေးစား ကော်ရော်, ပူဇော်ပါ၏။

မိမိ ဆရာတော်များသာ မက, ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို မကွယ် မပျက်အောင် ဆောင်ရွက်တော်မူခဲ့ကြ၊ ယခုလည်း ဆောင်ရွက်တော်မူနေကြပေသော ဆရာတော်များလည်း ရှိကြပေသေး၏။ ထို ဆရာတော်များ၏ ကိုယ်ပန်း စိတ်ပန်းနှင့် ချမ်းသာခွင့် မရကြပုံကို အလုံးစုံလောက်ပင် မြော်မြင်မိပါသည်။ ထို့ကြောင့်...,

**ရဇောဟာရေမှိ ထေရာနံ, သာသနံ ယေသ မာဘတံ၊**
**ပါဒင္ဂုနိစ သဗ္ဗာနိ, သမ္ပဋိစ္ဆာမိ မတ္ထကေ။**

ယေသံ ထေရာနံ–သာသနာ့ဝန်, အားသွန် ကြိုးပမ်း, ထမ်းကြ ပျော်ပျော်, အကြင် ဆရာတော်တို့သည်၊ သာသနံ- ဘခင် ဘုရား, တည်ထောင်ထားသည့်, အများ တွက်တာ, သာသနာတော်ကြီးကို၊ အာဘတံ– ပင်ပန်းသမှု, လျစ်လျူရှု၍, အမှုပါအောင်, ထမ်းဆောင်တော် မူအပ်လေပြီ၊ တေသံ ထေရာနံ – သားကောင်း ပီပီ, ဇာနည် စစ်စစ်, ရှေးခေတ် ခုပေါ်, ထို ဆရာတော်ဘုရား

တို့၏၊ ရဇောဟာရော – ခြေဦးကပ်တွယ်၊ မြူမှုန်ပယ်ဘို့၊ အလွယ် ချိတ်ထား၊ ခြေသုတ်အလားသည်၊ အမှိ – အမှန်စိတ်ထား၊ နှိမ့်သောအားဖြင့်၊ လေးစားလျက်သာ၊ ဖြစ်ရိုးပါတည်း၊ သဗ္ဗာနိ–ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော၊ ပါဒဋ္ဌိနိစ – သာသနာ့ဝန်ဆောင်၊ အခေါင်ထွဋ်မြတ်၊ ခြေရိုးခတ် တို့ကိုလည်း၊ မတ္ထကေ–ဆရာ့တံဆိပ်၊ ခြေစုံနှိပ်သည့်၊ ဦးထိပ်ရတနာ၊ မြတ်အင်္ဂါဖြင့်၊ သမ္ပဋိစ္ဆာမိ–သရဖူအလား၊ စိတ်ဝယ်ထား၍၊ လေးစားတံမူ၊ ခံယူပါသတည်း။

ဤသို့ ကျမ်းစာအရပ်ရပ်ကို အထပ်ထပ် ပြုစုခြင်းကြောင့် မိမိစေတနာအားလျော်စွာ သံသရာစခန်းဝယ် မျှော်မှန်း၍ မဆုံးနိုင်သော အကျိုး အာနိသင်ကို ကေန်ရလိမ့်မည်ဟု ယုံကြည်ပါ၏။ သို့သော် ထိုရအပ်လတံ့သော အကျိုးများတွင် မိမိအတွက် ခံစား စံစားဘို့ အချက်တို့ကား တစက်မျှ မမျှော်တွေးပါ။ “ကိုယ်တည်းတယောက်၊ ဆင်းရဲရောက်၍၊ ကိုယ့်နောက်အများ၊ ချမ်းသာပွားမူ၊ တပါးဖြစ်ထွေ၊ ဆင်းရဲစေတော့”ဟု ရည်ရွယ်ရင်း အတိုင်း သာလျှင် အများ၏ ချမ်းသာရေးကို ဆောင်ရွက်လျက်သာ နိဗ္ဗာန်သို့ မြန်မြန် ထက်ထက် တက်နိုင်ဘို့ရာ....

**အဘိဝနုဍ္ဍတုမေ ပညာ၊ သဒ္ဓါ သတိ သမာဓယော၊**
**ပရက္ကမော လောကဿာဒ–ဗောဇ္ဈတ္တာယ ပရံ ပရံ။**

မေ–ငါ၏၊ ပညာ–ဝဇီရစိန်၊ ကဲ့အရှိန်သို့၊ ထိန်တလက်လက်၊ ထက်မြက်သော ပညာသည်၎င်း၊ သဒ္ဓါ-ယုံကြည်ဘွယ်ရန်၊ ဝတ္ထုမှန်လျှင်၊ ကေန်ဆုံးဖြတ်၊ ယုံကြည်တတ်သော သဒ္ဓါသည်၎င်း၊ သတိသမာဓယော – ကုသိုလ်ဖြစ်မြောက်၊ ကိစ္စရောက်ဘို့၊ တအောက်မေ့မေ့၊ အခလေ့တို့၊ တွေ့တွေ့ကြုံကြုံ၊ မတုန်မလှုပ်သော သမာဓိတို့သည်၎င်း၊ ပရက္ကမော – ကိုယ်နှင့် အသက်၊ မငဲ့ကွက်ဘဲ၊ ဆက်ဆက်ကြိုးကုတ်၊ အားထုတ်နိုင်ကြောင်း၊ လုံ့လကောင်းသည်၎င်း၊ လောကဿာဒဗောဇ္ဈတ္တာယ-လောကီ လူပေါင်း၊ နှစ်မျိုးကြောင်းနှင့်၊ အကောင်းဆုံး ရည်သန်၊ ဗောဓိဉာဏ် အကျိုးငှာ၊ ပရံ ပရံ – တမြင့်ထဲမြင့်၊ ဆင့်ကဲတင့်သည် ဖြစ်၍၊ အဘိဝနုဍ္ဍတု – တက်သစ် လဝန်း၊ နေသစ် ထွန်းသို့၊ ရွှန်း တဝေဝေ၊ တိုးတက်ကြပါစေ သတည်း။

**ပါဠိမောက် ဘာသာဋီကာ**
**ပြီးပြီ။**

# မှတ်သားဖွယ် အက္ခရာစဉ် မာတိကာ

**အက္ခရာစဉ်** **စာမျက်နှာ**

## [ အ ]


အကပ်ပျက်ကြောင်းအင်္ဂါ .... .... ၂၇၅
အကပ်မြောက်အင်္ဂါ .... .... ၂၇၁
အကပ္ပိယဝတ္ထုများ .... .... ၁၅၀
အကာလစီဝရံ .... .... ၁၃၀
အက္ကောသဝတ္ထု ၁၀ ပါး .... .... ၂၀၆
အကြောင်း အကျိုး ဆက်ပုံ .... .... ၂၇
အကြောင်းမရှိဘဲ အကျဉ်းမပြုရ (ပါတိမောက်) .... ၃၀၃
အကြောင်းရှိမှ သောက်ကောင်း (ဖျော်ရည်) .... ၂၆၄
အစ္စေကသင်္ကန်း .... .... ၁၈၆
အစေကလ (ပရိဗ္ဗာဇက) .... .... ၂၇၇
အစောင့်အရှောက် တောင်းနည်း .... .... ၃၈၆
အစ္ဆာဒေသာမိ .... .... ၁၄၁
အဇာနမေဝ (မေဝံ) .... .... ၅၃
အညဝါဒက, ဝိဟေသက .... .... ၂၂၅
အညာတကကို တောင်းခြင်း .... .... ၁၃၆-၇
အန္တမသော .... .... ၃၆
အန္တရဃရေ .... .... ၂၀၀
အတိရိတ္တအင်္ဂါ .... .... ၂၆၁
အတူအိပ်-ပြင်ဆင်ချက် (သဟသေယျ) .... .... ၂၁၃
အဓိကနည်း .... .... ၃၇၆
အဓိဋ္ဌာန်ကျကြောင်း .... .... ၁၂၃
အဓိဋ္ဌာန် ၂ မျိုး .... .... ၁၂၁
အဓိဋ္ဌာန်ဝိကပ္ပနာအတွက် ပမာဏ .... .... ၁၂၀
အဓိမာနာ .... .... ၅၄
အန္တရာယ် ၁၀ ပါး .... .... ၄၆၃
အနာဒရိယ .... .... ၂၈၈
အနိယတပညတ်ရကျိုး .... .... ၁၁၅
အနုပခဇ္ဇ .... .... ၂၃၄

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| အနုပသမ္ဗန္ဓ ၂ မျိုး | .... | .... | ၂၁၁ |
| အနုမတိယာ | .... | .... | ၁၃ |
| အနုလောမ အဖျော် | .... | .... | ၂၆၄ |
| အနုဿာဝန | .... | .... | ၂၇ |
| အနေသန, မိစ္ဆာဇီဝ | .... | .... | ၁၀၈ |
| အန္ဒုမာသံ | .... | .... | ၃၀၇ |
| အပလောကနကံ | .... | .... | ၃၂၃ |
| အပ္ပတိတော | .... | .... | ၇၉ |
| အပ္ပဝ နာမ | .... | .... | ၈၀ |
| အပ်-မအပ် ခိုင်းပုံ | .... | .... | ၁၇၁ |
| အပ်-မအပ် စားခွက်များ | .... | .... | ၁၈၁ |
| အပ်-မအပ် မြေတူးခိုင်းနည်း | .... | .... | ၂၂၃ |
| အပ်-မအပ် လဲနည်း | .... | .... | ၁၇၀ |
| အပြစ်နှင့် အကျိုးရ | .... | .... | ၂၆ |
| အဘိ နိသီဒေယျ | .... | .... | ၂၃၇ |
| အမှိုက်စသည်ပစ်မှု မှတ်ချက် | .... | .... | ၄၁၇ |
| အယူခိုင်းခြင်း၏အပြစ် (ငွေ) | .... | .... | ၁၆၄ |
| အရိဋ္ဌရဟန်း၏ အယူ | .... | .... | ၃၀၇ |
| အလဇ္ဇီ၏ လက္ခဏာ | .... | .... | ၂၂ |
| အလံကမ္မနိယေ | .... | .... | ၁၁၁ |
| အသက် ၂၀ တွက်ပုံ | .... | .... | ၃၀၂ |
| အသားကြီး ၁၀ မျိုး | .... | .... | ၂၂ |
| အာစာရ | .... | .... | ၄၀၃ |
| အာပတ် ၇ ဖုံ | .... | .... | ၂၃ |
| အာပတ်ဖုံးခြင်း၏ အင်္ဂါ | .... | .... | ၁၀၆ |
| အာပတ်သင့်ခြင်း၏ အကြောင်း | .... | .... | ၂၁ |
| အာပတ္တိနိကာယ | .... | .... | ၆၅ |
| အာပတ်စင်ကြယ်ရန် တိုက်တွန်းခြင်း | .... | .... | ၁၈ |
| အာမကဓည | .... | .... | ၄၁၆ |
| အာမိသ | .... | .... | ၂၄၅ |
| အာရာဓနံ့ | .... | .... | ၁၃ |
| အာဝသထပိဏ္ဍ | .... | .... | ၂၅၀ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| အာဟာရပဋိကူလသညာ(?) အာဟာစ္စပါဒကမ္ဗ | .... | .... | ၂၃၈ |
| အာဟာရ(ရထရေကျော်မြူ) | .... | .... | ၂၈၂ |

# [ ဥ ]

| | | | |
|---|---|---|---|
| ဥက္ကာန္ဒိက | .... | .... | ၃၅၅ |
| ဥက္ကောဒ္ဒေယျ | .... | .... | ၃၀၀ |
| ဥဂ္ဂဟိတဒုက္ကဋ် | .... | .... | ၂၈၄ |
| ဥဠာဠိက | .... | .... | ၃၅၃ |
| ဥဠာပနက, ခိယျနက | .... | .... | ၂၂၈ |
| ဥညာယ | .... | .... | ၄၀၅ |
| ဥဒကဒန္တပေါန ကြဉ်ရပုံ | .... | .... | ၂၈၃ |
| ဥဒကေ ဥစ္စာရ | .... | .... | ၃၈၄ |
| ဥဒကေ ဟသမေမ္မ | .... | .... | ၂၀၀ |
| ဥဒ္ဒိသမာနေ | .... | .... | ၃၁၄ |
| ဥဒ္ဒိသိဿာမိဟု ဆိုထိုက်ပုံ | .... | .... | ၁၆ |
| ဥပက္ခဋ္ဌ | .... | .... | ၁၄၀ |
| ဥပနိက္ခိတ္တ ရွှေငွေ | .... | .... | ၁၆၅ |
| ဥပဿုတိ | .... | .... | ၃၂၂ |
| ဥပုသ် ၉ မျိုး, အကျဉ်းအကျယ် | .... | .... | ၄၆၃ |
| ဥဘယတ္ထေနက | .... | .... | ၁၁ |
| ဥယျုတ္တ | .... | .... | ၂၀၃ |
| ဥယျောဓိက(ဗလဂ္ဂ) | .... | .... | ၂၀၅ |
| ဥဿယဝါဒိကာ | .... | .... | ၃၉၅ |
| ဥနပဥ္စဗန္ဓန | .... | .... | ၁၇၀ |

# [ ဧ ]

| | | | |
|---|---|---|---|
| ဧကော၊ ဒွေ၊ တယော ဆိုရပုံ | .... | .... | ၉၁ |
| ဧဝံသံဝဏ္ဍ | .... | .... | ၁၀၅ |
| ဧဟာဝုသော ဂါမံဝါ | .... | .... | ၂၇၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဩ ]** | |
| ဩက္ခိတ္တစက္ခု | ၃၅၂ |
| ဩဂုဏ္ဌိတ | ၃၅၅ |
| ဩတိဏ္ဏော | ၆၀ |
| **[ က ]** | |
| ကထိန်အကျိုး ငါးပါး | ၁၁၇ |
| ကထိန်အာနိသင် ရရာကာလ | ၁၁၇ |
| ကထိန်နုတ်နှင့် အကျိုး | ၁၁၈(၄၂၁)၊ |
| ကထိန် မှတ်ချက် | ၄၀၁ |
| ကပ္ပဗိန္ဒု | ၂၈၃ |
| ကပ္ပိယညွှန်ပုံ | ၁၄၇ |
| ကပ္ပိယ တကျိပ် | ၁၅၁ |
| ကပ္ပိယံ ကရောဟိ | ၂၂၄ |
| ကပ္ပိခြင်း အမျိုးမျိုး | ၂၂၃ |
| ကရဏ္ဍနှင့် ကိစ္စအထူး | ၅ |
| ကလျာဏ ကမျတ် | ၁၄၂ |
| ကာယသံသဂ္ဂ | ၆၁ |
| ကာရယမာနေန | ၇၃ |
| ကာရေတဗ္ဗာ | ၁၁၃ |
| ကာလချင်း တူညီမှုများ | ၁၅ |
| ကာလိကချင်း ရောပုံ | ၂၆၁ |
| ကာလိက ၄ ပါး | ၂၆၃ |
| ကိဉ္စိဒေသံ လေသမတ္တံ | ၁၄ |
| ကုဋ္ဋံ | ၇၂ |
| ကုဋ္ဋဝတ်များ | ၃၇၁ |
| ကုလဒူသကော | ၁၀၆ |
| ကုလဒူသန အပြစ် | ၁၀၁ |
| ကောစ္ဆ | ၂၃၀ |
| ကိုနှင့် သို့ အနက်(ကံပုဒ်) | ၂၄၁ |
| ကြီးသူကို ခွင့်ပန်မှုဆိုင်ရာ | ၄၃၀ |

**အက္ခရာစဉ်** **စာမျက်နှာ**

ကြွက်သွန် ဆိုင်ရာများ .... .... ၄၁၄
ကွမ်းစားအခေါ် ၇ မျိုး .... .... ၁၇၅

[ ခ ]

ခမ္ဘကဘာ .... .... ၃၅၅
ခရှင်တခု၌ အတူမအိပ်ကောင်း .... .... ၄၂၆
ခုဒ္ဒါနုခုဒ္ဒကေပါ် .... .... ၃၁၅
ခေတ်အလိုက်(ငွေနှင့်စပ်၍)ကျင့်ဘွယ် .... .... ၁၆၅
ခိုင်းစေရာ၌ အပ်၊ မအပ် .... .... ၁၇၁
ခေါင်းအုံး ပမာဏ .... .... ၃၃၃

[ ဂ ]

ဂဏ–ပူဂ .... .... ၃၆၇
ဂဏဘောဇဉ် .... .... ၂၅၁
ဂဟပတိ .... ၁၃၇(၃၆၅)
ဂါမနှင့် ဂါမူပစာရ .... .... ၄၀

[ င ]

ငွေဘမတ်(ပါရာဇိက) .... .... ၄၁
ငွေနှင့်စပ်၍ ကျင့်ဘွယ် .... .... ၁၆၅

[ စ ]

စရ, ပိရေ .... .... ၃၁၂
စာရိတ္တသိက္ခာပုဒ်(ကထိန်အာနိသင်) .... .... ၂၀၁
စိတ်ဖြင့် သာယာ၍ အာပတ် .... .... ၁၆၅
စီဝရကာလနှင့် အကာလ .... .... ၁၇၀
စေတာပန္နံ .... .... ၁၄၀
စစ်ဆေး မေးမြန်းပုံ .... .... ၅၂
စွန့်ခြင်း ဝိနည်းကံရှိ .... .... ၄၀၇
စွန့်လျှင် သန္နိမိ မဖြစ် .... .... ၂၆၇
ဒွန့်ရခြင်း၏အကျိုး(ငွေ) .... .... ၁၆၆

**အက္ခရာစဉ်** **စာမျက်နှာ**

[ ဆ ]

ဆန္ဒဂါမိနော .... .... ၁၀၁
ဆန္ဒပါရိသုဒ္ဓိပေးပုံ .... .... ၃
ဆပ်ပြာမွှေးနှင့်စပ်၍ မှတ်ဘွယ် .... .... ၄၅၉
ဆွေမျိုး ဆက်ပုံ .... .... ၁၃၄
ဆွမ်းလုံးကျ ပြန်အကပ်ခံ .... .... ၂၇၃
ဆံပုံနှင့် အာပတ် .... .... ၂၀၇

[ ဇ ]

ဇာတရူပ ရဇတ .... .... ၁၆၄
ဇာနာတိ နော, ဘာသတိ .... .... ၉၂
ဇီဝိတ ၂ မျိုး .... .... ၄၅

[ ည ]

ဉာတိများ .... .... ၁၃၃
ဉတ် .... .... ၁၇

[ တ ]

တန်ဖိုးအလိုက် အာပတ် .... .... ၄၂
တမိုးတရံကျောင်း .... .... ၂၀၂
တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ .... .... ၁၂၁
တိစီဝရိတ် ပမာဏ .... .... ၃၃၇
တိစီဝရေန .... .... ၁၂၇
တိရစ္ဆာန်အရ ယူဘွယ် .... .... ၁၁
တိရစ္ဆာနဝိဇ္ဇာ၌ မှတ်ဘွယ်များ .... .... ၄၃၇
တုဋ္ဌိ မုသာအထူး .... .... ၅၃
တေလံ(မှတ်ချက်) .... .... ၁၈၅
တောရကျောင်း .... .... ၁၉၉
တောင်းမှုနှင့် စပ်၍ မှတ်ချက်များ .... .... ၁၄၈

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| **[ ထ ]** | | | |
| ထင်စွာမပြုလျှင် အာပတ် | .... | .... | ၂၄ |
| ထီး၊ ဖိနပ် အပ်သောအချက် | .... | .... | ၄၅၃ |
| ထေယျသတ္တ | .... | .... | ၇၀၅. |
| **[ ဒ ]** | | | |
| ဒန္တပေါန(ဒန်ပူ) | .... | .... | ၂၃၁ |
| ဒိရတ္တ တိရတ္တံ | .... | .... | ၂၁၁ |
| ဒိဝါသေယျသိက္ခာပုဒ် | .... | .... | ၂၁၅ |
| ဒုက္ကဋ ဒုဗ္ဘာသိတ | .... | .... | ၂၀၃ |
| ဒုဋ္ဌော ဒေါသော | .... | .... | ၃၉ |
| ဒုဒ္ဓေါတပတ္တ(မစင်ကြယ်သော သပိတ်) | .... | .... | ၂၆၃ |
| ဒုဗ္ဗစဇာတိကော | .... | .... | ၉၄ |
| ဒုဗ္ဗဏ္ဏကရဏ | .... | .... | ၂၉၇ |
| ဒုဗ္ဗလျာဝိကမ္မ ၂ မျိုး | .... | .... | ၇၅ |
| ဒုရူပစိဏ္ဏ ဒုက္ကဋ် | .... | .... | ၂၃၄ |
| ဒေသနာကြားရာ ရောက်၊ မရောက် | .... | .... | ၇၉၇ |
| ဒေသနာကြားရာ၌ ထိုင်ပုံ | .... | .... | ၄၆၆ |
| ဒေသနာပြော၊ ဒေသနာခံ | .... | .... | ၄၆၆ |
| ဒေသ–လေသ | .... | .... | ၈၄ |
| **[ ဓ ]** | | | |
| ဓမ္မဒေသနာ သိက္ခာပုဒ် | .... | .... | ၂၁၆ |
| **[ န ]** | | | |
| နဝနီတ | .... | .... | ၁၈၅ |
| နိကမုန မှတ်ချက် | .... | .... | ၂၇၆ |
| နိယမ, အနိယမ | .... | .... | ၃ |
| နိသဂ္ဂိစွန့်ပုံ | .... | .... | ၁၂၄ |
| နိသဂ္ဂိ မထိုက်စေနည်း | .... | .... | ၁၂၉ |
| နိသဂ္ဂိယံ ပါစိတ္တိယံ | .... | .... | ၁၁၉ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| နိဿာရဏီယံ | .... | .... | ၃၉၆ |
| နိသီဒန | .... | .... | ၃၃၄ |
| နီလကဟာပဏာ လုပ်ပုံ | .... | .... | ၄၁ |
| နှုတ်လုံ့ထိုး | .... | .... | ၂၀၆ |

[ ပ ]

| | | | |
|---|---|---|---|
| ပကတတ် | .... | .... | ၇ |
| ပစ္စုဒ္ဒိုရ် | .... | .... | ၁၂၂ |
| ပစ္စုဒ္ဒိုရ်ပြု | .... | .... | ၂၉၆ |
| ပဋိညာယ ကာရေတဗ္ဗံ | .... | .... | ၃၇၈ |
| ပဏီတဘောဇဉ် | .... | .... | ၂၆၉ |
| ပဏ္ဍုက် ၅ မျိုး | .... | .... | ၉ |
| ပတ္တကလ္လ အင်္ဂါ ၄ ပါး | .... | .... | ၆ |
| ပတ္တစတုက္က | .... | .... | ၁၆၈ |
| ပထဝီအမျိုးမျိုး | .... | .... | ၂၂၀ |
| ပထဝီနှင့်စပ်သော အာပတ် | .... | .... | ၂၂၀ |
| ပဒ ၄ မျိုး | .... | .... | ၂၀၉ |
| ပဒသောဓမ္မ | .... | .... | ၂၀၉ |
| ပဗ္ဗာဇနီယကံ | .... | .... | ၁၀၉ |
| ပရမ္ပရဘောဇန | .... | .... | ၂၅၄ |
| ပရိဘာဝေန | .... | .... | ၄၀၅ |
| ပရိမဏ္ဍလ အာလောပ | .... | .... | ၃၆၁ |
| ပရိမဏ္ဍလ နိဝါသန | .... | .... | ၃၄၇ |
| ပရိမဏ္ဍလ ပါရုပန | .... | .... | ၃၄၉ |
| ပရိယာယ်ဖြင့် အပြစ်သင့် | .... | .... | ၄၇ |
| ပရိယေသေယျ | .... | .... | ၄၆ |
| ပလ္လတ္ထိက | .... | .... | ၃၅၆ |
| ပလိဗောဓ | .... | .... | ၁၁၈ |
| ပဝါရဏာပြုပုံ | .... | .... | ၄၄၃ |
| ပဝါရိတော | .... | .... | ၂၅၉ |
| ပဝါရိတ်သင့်တို့ အင်္ဂါ ၅ ပါး | .... | .... | ၂၆၀ |
| ပါတိမောက်ရွတ်မှုကို ဥပုသ်ခေါ် | .... | .... | ၁၇ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| ပါဏာချင်းထူးပုံ | .... | .... | ၂၉၉ |
| ပါတဗျတာ၏ သဒ္ဒတ္ထ | .... | .... | ၂၂၂ |
| ပါတိမောက္ခ သံဝရသီလ | .... | .... | ၇၂ |
| ပါရာဇိက ၂၄ | .... | .... | ၅၆ |
| ပါရာဇိကလောက်သော အငယ်ဆုံး | .... | .... | ၃၆ |
| ပါရာဇိကော | .... | .... | ၇၇ |
| ပါရိသုဒ္ဓိဥပုသ် | .... | .... | ၄၆၄ |
| ပါရိသုဒ္ဓိပြုရာဌာန | .... | .... | ၄၆၅ |
| ပိဋ္ဌိ=ကုဋ္ဌိသမယ ၂ မျိုး | .... | .... | ၁၈၉ |
| ပိဏ္ဍာတ္ထပဋ္ဌက (နိဒါန်း) | .... | .... | ၂၉ |
| ပိဏ္ဍပါတ | .... | .... | ၂၄၉ |
| ပုဂ္ဂလ-အဓိဋ္ဌာန်ဥပုသ် | .... | .... | ၄၆၅ |
| ပူပေဟိ (ပူဝေဟိ) | .... | .... | ၂၅၆ |
| ပွဲသဘင်နှင့် ဘုရားပွဲ | .... | .... | ၄၁၀ |

[ ဖ ]

| | | | |
|---|---|---|---|
| ဖာဏိတံ (မှတ်ချက်) | .... | .... | ၁၀၆ |
| ဖိတ်ပြီးနောက် ပျက်နိုင် (ပဝါရိတ) | .... | .... | ၁၇၀ |
| ဖုံးကွယ်ခြင်း ၃ မျိုး | .... | .... | ၄၂၄ |
| ဖျော်ရည်အကပ်ခံ သတိ | .... | .... | ၂၆၄ |
| ဖြည့်ကျင့်မှုနှင့် မကျူးလွန် | .... | .... | ၇၇ |

[ ဗ ]

| | | | |
|---|---|---|---|
| ဗီဇဂါမ်-ဘူတဂါမ် | .... | .... | ၂၂၂ |

[ ဘ ]

| | | | |
|---|---|---|---|
| ဘိက္ခုနီ ဥပဿယ | .... | .... | ၂၄၅ |
| ဘိက္ခုနောဝါဒကအင်္ဂါ | .... | .... | ၂၄၇ |
| ဘီသာပန | .... | .... | ၂၀၉ |
| ဘုရားရှင်၏ ကရဏာတော် | .... | .... | ၇၄၇ |
| ဘူတဂါမ၌ ဘူတ၏ ဝစနတ္ထ | .... | .... | ၂၂၂ |
| ဘေသဇ္ဇ | .... | .... | ၁၀၄ |
| ဘောဇဉ် ၅ ပါး (ကုမ္မာသ) | .... | .... | ၂၅၀ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|

## [ မ ]


| | | | |
|---|---|---|---|
| မအပ်သော တောင်းနည်း | .... | .... | ၂၅၂ |
| မအပ်သော ဖိတ်နည်း | .... | .... | ၂၅၂ |
| မဂ် ၃ မျိုး | .... | .... | ၃၆ |
| မထစေထိုက်သူ | .... | .... | ၂၃၄ |
| မန္ဒေဟိ | .... | .... | ၂၅၆ |
| မအပ်သောလဲနည်း-အပ်သောလဲနည်း | .... | .... | ၁၇၀ |
| မပြောဘဲ မုသားဖြစ်နိုင်ပုံ | .... | .... | ၂၅ |
| မမေးသော်လည်း ဖြေသင့်ပုံ | .... | .... | ၂၄ |
| မရိုက်–မရွယ်ကောင်း | .... | .... | ၃၂၀ |
| မဟာနာမ သိက္ခာပုဒ် | .... | .... | ၂၀၂ |
| မဟာသမယ | .... | .... | ၂၅၃ |
| မာတုဂါမတို့၏သဘော | .... | .... | ၁၁၄ |
| မာတုဂါမ၏ အဖော်မပါပြစ် | .... | .... | ၃၈၀ |
| မာတုဂါမနှင့်အတူ ခရီးမသွားရ | .... | .... | ၃၀၆ |
| မီးလှုံတို့ မီးမမွှေးရ | .... | .... | ၂၈၀ |
| မုခဒွါရ | .... | .... | ၂၇၂ |
| မုသာဝါဒဒုက္ကဋ် | .... | .... | ၂၅ |
| မုသားအပြစ်များ | .... | .... | ၂၀၅ |
| မေဏ္ဍက သိက္ခာပုဒ် | .... | .... | ၁၅၂ |
| မေထုနုပသံဟိတ | .... | .... | ၆၅ |
| မေထုန် ဓမ္မ | .... | .... | ၃၆ |
| မောဟန | .... | .... | ၃၁၆ |


## [ ယ ]


| | | | |
|---|---|---|---|
| ယခုခေတ် ချင်းသုပ် | .... | .... | ၂၆၅ |
| ယခုခေတ် သင်ပြထား (ကပ္ပိယလုပ်တတ်အောင်) | | .... | ၁၅၃ |
| ယထာသန္ထတ် | .... | .... | ၃၂၅ |
| ယာဝဇီဝိက | .... | .... | ၂၆၅ |
| ယာဝတိဟံ | .... | .... | ၁၀၅ |
| ယာဝဒေဝဠ် ယာဝအနက် | .... | .... | ၃၁၅ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|

## [ ရ ]

| | | | |
|---|---|---|---|
| ရထား လှည်းတို့နှင့်စပ်၍ မှတ်ဘွယ် | .... | .... | ၄၅၇ |
| ရထိကာ, ဗျူဟ, သိင်္ဃာဋက | .... | .... | ၄၂၀ |
| ရဟန်း (ဦးပဉ္စင်း) အခေါ် | .... | .... | ၃၀၄ |
| ရဟန်းကောင်းတို့၏ ပေါင်းရာဌာန | .... | .... | ၃၇ |
| ရဟန်းဖြစ်ရန် အင်ငါးတန် | .... | .... | ၃၀၃ |
| ရဟောပဋိစ္ဆန္နေ၌ ယူရမည့် ရဟ | .... | .... | ၁၁၀ |
| ရာဇဘောဂ (ဘောဂ) | .... | .... | ၁၅၀ |
| ရာဇာဂါရစသည်ကို အကြည့်မသွားကောင်း | | .... | ၄၃၄ |
| ရူပိယ | .... | .... | ၁၆၄ |
| ရွှေငွေဖြင့် လဲလှယ် | .... | .... | ၁၆၇ |
| ရှင်စောတထွာ စသည် | .... | .... | ၇၃ |
| ရှင်ပြုခွင့်ရပြီးဖြစ်လျှင် ရဟန်းပြုခွင့်လည်းရ | | .... | ၄၅၄ |

## [ လ ]

| | | | |
|---|---|---|---|
| လက်ဆေးပြီးမှ စား | .... | .... | ၂၇၄ |
| လာဘ်ကို ညွတ်စေမှု | .... | .... | ၂၀၂ |
| လိင်္ဂတ္ထေနက | .... | .... | ၁၀ |
| လူကိုပင် ရဟန်းပြုပေးကောင်း | .... | .... | ၃၀၄ |
| လူသာမဏေအား ပေးရာ၌ သတိ | .... | .... | ၂၇၄ |
| လဲ အမျိုးအစား | .... | .... | ၃၃၃ |

## [ ဝ ]

| | | | |
|---|---|---|---|
| ဝဇ္ဇနီယ ၂ ကျိပ်တစ် | .... | .... | ၆ |
| ဝဒန္တု, ဝဒတု (ပဝါရဏာ) | .... | .... | ၄၄၃ |
| ဝါရိတ္တ–စာရိတ္တသီလ | .... | .... | ၃၃ |
| ဝိကပ္ပနာ ၂ မျိုး | .... | .... | ၂၈၅ |
| ဝိကာလေ ဂါမပ္ပဝေသန | .... | .... | ၃၃၀ |
| ဝိညာပေယျ | .... | .... | ၁၃၇ |
| ဝိပရိဏာတေန စိတ္တေန | .... | .... | ၆၁ |
| ဝေဏိ | .... | .... | ၆၂ |
| ဝေဘာသိယာ | .... | .... | ၄၀၆ |

**အက္ခရာစဉ်** — **စာမျက်နှာ**


| | |
|---|---|
| ဝေဟာသကုဋ္ဌိ .... .... | ၂၃၉ |
| ဝေါရောပေယျ .... .... | ၄၅ |

[ သ ]

| | |
|---|---|
| သံကစ္စိကာ .... .... | ၄၆၀ |
| သက်န်းထားရာဌာန .... .... | ၁၂၇ |
| သင်္ကန်း ၆ မျိုး .... .... | ၁၂၃ |
| သဒ္ဓရိတ္တံ .... .... | ၆၇ |
| သဒ္ဓိစ္စပါဏာနှင့် သပါဏာက .... .... | ၂၈၈ |
| သဒ္ဓိစ္စပုဒ်အနက် .... .... | ၄၄ |
| သဋ္ဌေတနိကာ .... .... | ၅၈ |
| သန္တရုတ္တရပရမံ .... .... | ၁၃၈ |
| သန္ထတ (အခင်းပြုပုံ) .... .... | ၁၅၃ |
| သတ္တဟာရကံ .... .... | ၄၅ |
| သဒ္ဒ (ပါဠိသဒ္ဒါ) .... .... | ၄၀၃ |
| သန္ဓိမိန္ဒနှင့်စပ်၍ မှတ်ချက် .... .... | ၂၆၉ |
| သပဒါန .... .... | ၃၅၇ |
| သမ္ဘာန မုသာဝါဒ .... .... | ၂၀၅ |
| သပိတ် အဓိဋ္ဌာန်ကျကြောင်း .... .... | ၁၉၆ |
| သပိတ် အဓိဋ္ဌာန်တင်ပုံ .... .... | ၁၉၆ |
| သပိတ်နှင့်စပ်၍ မှတ်ဘွယ် .... .... | ၁၇၀ |
| သပိတ် ဖွဲ့တုပ်ပုံ .... .... | ၁၉၇ |
| သပိတ် ၆ လုံး .... .... | ၁၉၃ |
| သဘာဂ အာပတ် .... .... | ၇ |
| သဘောဇနေ .... .... | ၂၇၀ |
| သမာပေတွာ=သမာဒါပေတွာ .... .... | ၁၃ |
| သဟာဓမ္မိက .... .... | ၃၁၃ |
| သဟာဓမ္မိကံ .... .... | ၈၅ |
| သဟသေယျံ .... .... | ၂၁၁ |
| သဟသေယျ၏ အစိတ္တက .... .... | ၂၁၄ |
| သဟသေယျ ဖြစ်နည်း .... .... | ၂၁၃ |

| **အက္ခရာစဉ်** | **စာမျက်နှာ** |
|---|---|
| သဟာသေယျ ဟင်းလေး .... .... | ၂၁၃ |
| သာမဂ္ဂီ ၂ မျိုး .... .... | ၁၃ |
| သာဓုကာ သုဏောမ မနသိကရောမ .... .... | ၂၀ |
| သာမဏေများ သတိထားဘွယ် .... .... | ၁၀ |
| သာမိဝီ .... .... | ၁၀၈ |
| သာသက် .... .... | ၁၉၈ |
| သိက္ခမာန်ခေါ်ပုံ .... .... | ၄၄၇ |
| သိက္ခာကျကြောင်း အ်ါ .... .... | ၃၄ |
| သိက္ခာပုဒ်နှင့် အာပတ် .... .... | ၃၇ |
| သိက္ခာချနည်း .... .... | ၃၄ |
| သိက္ခာနှင့် သာဇီဝ .... .... | ၃၂ |
| သိဒလာက (ပါပသိလောက) .... .... | ၄၀၃ |
| သီသ ၂ မျိုးနှင့် အရကောက် .... .... | ၃၂ |
| သုက္ကဝိသဋ္ဌိ .... .... | ၅၉ |
| သုဂတစီဝရ မှတ်ချက် .... .... | ၃၃၇ |
| သုဘာဒ် အဓိပ္ပာယ် .... .... | ၃၀၅ |
| သုဘသဒ္ဒါဖြင့် သိ်း .... .... | ၃၀၄ |
| သုဒ္ဓပါစိတ္တိယ .... .... | ၂၀၄ |
| သုပ္ပဋိစ္ဆန္န .... .... | ၃၅၀ |
| သူခိုး သူခိုးဟု အော်လျှင်(သူခိုး ခိုးရာ၌) .... .... | ၃၉၆ |
| သူတပါးအတွက် ဘောင်း၍ မပေးရ .... .... | ၃၆၀ |
| သူတပါးဘို့ ယူသွားခြင်း .... .... | ၂၇၅ |
| သူပေါ်ဒန ဝိညတ္တ် .... .... | ၃၅၉ |
| သေအောင်လုပ်နည်း ၄ မျိုး .... .... | ၄၈ |
| သေခိယဥ္ဈ ဒုက္ကဋ္ဌ .... .... | ၃၄၈ |
| သေခိယဥ္ဈ သချာမမှတ် .... .... | ၃၄၆ |
| သေဏိ .... .... | ၃၉၇ |
| သေနာဗျူဟ (အနီက) .... .... | ၂၀၆ |
| သေနာသန မဥ္ဈ ပီဌ ဘိသိ .... .... | ၂၂၉ |
| သေယျာ (၁၀) မျိုး .... .... | ၂၃၂ |
| သေရည်အရက် ၅ ပါးစီ .... .... | ၂၀၇ |
| သံလာဒိသေသ၏ ဝစနတ္ထ .... .... | ၆၂ |

| အက္ခရာဝဉ် | | | စာမျက်နှာ |
|---|---|---|---|
| သံဃိက ပရိက္ခာရလာဘ် | .... | .... | ၂၀၂ |
| သံဝါသထေနက | .... | .... | ၁၀ |
| သမ္ဗာဓေ လောမသံဟရဏ | .... | .... | ၄၀၄ |
| သင်္ကန်းကို လူများဝတ်ကောင်းနည်း | .... | .... | ၄[illegible]၆ |

[ ဟ ]

| | | | |
|---|---|---|---|
| ဟတ္ထပါသ်ပိုင်းနည်း | .... | .... | ၂၆၀ |

## မဟာဂန္ဓာရုံ ဆရာတော်
## အရှင်ဇနကာဘိဝံသ ၏
# ဝိနည်းဘာသာဋီကာများ

ဆရာတော်သည် ၁၃၀၂ ခုနှစ်က ၁၊ ပါတိမောက်ဘာသာဋီကာကျမ်းကို စတင် ရေးသားပြီးစီးခဲ့သည်ဟု တွေ့ခဲ့ရပါသည်။ ၂၊ ရဟန်းပုံရှင်ကျင့်ဝတ် ၁၃၁၄ ခု၊ ကဆုန်လဆန်း ၅ ရက်။ ၃၊ ဘုရားဥပဒေတော်ကြီး ၁၃၁၉ ခုနှစ်။ ၄၊ ကင်္ခါဘာသာဋီကာ ၁၃၂၁ ခု၊ တန်ဆောင်မုန်းလ။ ၅၊ ပါရာဇိကဏ် ဘာသာဋီကာ ၁၃၂၂ ခု။ ၆၊ ပါစိတ်ဘာသာဋီကာ ၁၃၂၅ ခု၊ နယုန် လဆန်း ၁၄ ရက်။ ၇၊ မဟာဝါဘာသာဋီကာ ၁၃၂၇ ခု၊ သီတင်းကျွတ် လဆန်း ၃ ရက်။ ၈၊ ခုဒ္ဒသိက္ခာဘာသာဋီကာ ၁၃၃၁ ခု။ ၉၊ စူဠဝါ ဘာသာဋီကာ ၁၃၃၄ ခု။ ၁၀၊ ပရိဝါဘာသာဋီကာ ၁၃၃၄ ခု အစရှိသော ဝိနည်းဘာသာဋီကာကျမ်းကြီးများကိုလည်း ကုန်အောင် ပြုစုခဲ့ပါသည်။

ဤမျှ အသက်ရှည်သရွေ့ အနားမရှိ ကျမ်း ပြုတော်မူခဲ့ခြင်းမှာ "လဇ္ဇီ သူတော်ကောင်း" ပီပီသသဖြင့် အသိနှင့် ကိုယ်ကျင့် တွဲ၍ ရဟန်းတော်များ သာသနာတော်ကို စောင့်ရှောက်ရစ်ဘို့ မျှော်လင့် ရည်ရွယ်တော်မူခြင်းမှာ အဓိကပင် ဖြစ်ပါသည်။

ထိုကြောင့် ယနေ့ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သည် အကယ်၍ ဆရာတော်၏ ကျမ်းစာများဖြင့် ကြည်ညို နှစ်သက်၍ ကျေးဇူးသိခွင့် ရခဲ့ပါက ဆရာတော် မျှော်လင့်တော်မူသည့်အတိုင်း သာသနာတော်အား ကျေးဇူး ပြုကြရန် အထူး မေတ္တာရပ်ခံအပ်ပါသည်။

၁။ ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှ အမြစ်တွေ။

၂။ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့် ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှ ကျေးဇူးပေ။

၃။ ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ နေ့စဉ်မပြတ်၊ ကျေးဇူး ဆပ်ဘို့၊ ပရိယတ်နှင့်၊ ပဋိပတ်နှစ်ဖြာ၊ သာသနာကို၊ ကောင်းစွာ ကြိုးကုတ်၊ လွန်အားထုတ်၊ အဟုတ်ကျင့်ကြစေ။

၄။ အကျင့်မဖော်၊ ဂုဏ်တော်မျှော်၍၊ စိတ်ပျော်ကိုယ်ရှင်၊ သာသနာဝင်မူ၊ အစဉ်နောင်လာ၊ သာသနာနှင့်၊ ကိုယ်ပါနိမ့်ကျ၊ နောက်ဘဝ၌၊ ရောက်ရလေမည်၊ တိုင်းမသိ၊ များဘိဒုက္ခတွေ။

[အရှင်ဇနကာဘိဝံသ ဆရာတော်]

မဟာ ဂန္ဓာရုံ ဆရာတော်

# အရှင် ဇနကာဘိဝံသ ၏

# သာသနာကို စောင့်ထိန်းရန် ကျမ်းစာများ။

၁။ ရတနာ့ဂုဏ်ရည်

၂။ ကိုယ်ကျင့် အဘိဓမ္မာ

၃။ အနာဂတ် သာသနာ

၄။ အနာဂတ် သာသနာအတွက် ဗုဒ္ဓဘာသာ သင်ခန်းစာ

၅။ ဘာသာသွေးနှင့် ဘာသာရေး ပြဿနာများ

၆။ ဗုဒ္ဓါနုဿတိ ဘာဝနာကျမ်း ၃-တွဲ

၇။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၈။ ဗုဒ္ဓဝင် အမေး အဖြေ

၉။ ဓမ္မစကြာ တရားတော်

၁၀။ အခြေပြု ပဋ္ဌာန်းတရားတော်

၁၁။ တဘဝ သံသရာ

**(ဆရာတော်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)**

သဒ္ဒါကျမ်း အစုံ

ဝိနည်း ဘာသာဋီကာမှ စ၍ ရှင်ကျင့်ဝတ်အထိ အစုံ၊ အဘိဓမ္မာ ဘာသာဋီကာ အစုံနှင့် အခြေပြု သင်္ဂြိုဟ်၊ သင်္ဂြိုဟ် ဘာသာဋီကာ၊ သုတ္တန် ဘာသာဋီကာ သီလက္ခန် ၄-တွဲ၊ သုတ္တန် ဘာသာဋီကာ၊ မဟာဝါ ဘာသာဋီကာ။

ဆရာတော်၏ ကျမ်းစာများ အလွယ်တကူ ဝယ်ယူ ရရှိနိုင်ရန် အဆက်မပြတ် ရိုက်နှိပ်နေပါပြီ။ ယခု ဝါခေါင်လ ဗုဒ္ဓဘာသာ သင်ခန်းစာနှင့် ရတနာ့ဂုဏ်ရည်မှ စ၍ လစဉ် မှန်မှန် ထုတ်ဝေသွားပါမည်။